www.burmeseclassic.com

အမှတ်(၂၄၇)၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

ဂန္ဓိဂ

မဂ္ဂငင်း

BURMESE CLASSIC .com

Graphic Design
Zay Phyo
09978816439

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဓေဝါထာ ဘုရားရှိခိုး
ပါဠိ-အနုက်

သမ္မုဒ္ဓေ အဋ္ဌိသာ၊ ဒွါဒသာ သဟဿကေ။
ပဥ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အန္တန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌိသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္မုဒ္ဓေစ**-တန်ဆောင်မှာ ဉာဏ်ရောင်ဝါဖြင့် သစ္စာမှုဝ်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်းစက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္မုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင်မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတို့က်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္မုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဓါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုးချီ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဘောက်သိမ်းချီ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သခ္ခိဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-**အာဒရံ**-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတ္ဝာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

၆။ **အောင်သာကျော်**
ကျောင်းကြီးတိုကီ အောင်မြေမှာ တည်သည့် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး

၁၂။ **နန္ဒာမောင်(သံဖြူစရပ်)**
မကွေးနှင့် မင်းဘူးဒေသတစ်ခွင် ဒေသန္တရဘုရားဖူး ရောက်ရှိခဲ့စဉ်က

၂၂။ **ကိုအေးမြင့်(မဟာဝိစ္စာ၊ ရွှေ-သု)**
မင်းပြားမြို့ ကျိန်းတောင်တန်းပေါ်က စကားဝါပွင့် တဝေဝေနဲ့ ဓိဘာဝတ်မြတ်စေတီတော်

၃၈။ **တက္ကသိုလ်မျိုး**
ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်၊ မွေတော် ကိန်းဝပ်ရာ ဘန်ကောက်မြို့က ရွှေတောင်ကုန်းစေတီတော်

၅၄။ **ယောနက-ဘိုးထောင်**
သစ္စာဓိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်စွာဘုရားကြီး

၅၇။ **ဘထ်အရောရှိဟောင်းတစ်ဦး**
ရွှေတိဂုံစေတီကုန်းပေါ်က အံ့ဖွယ်ထူးမြတ် ဆွမ်းကပ်ပွဲတစ်ခု

၆၀။ **တွန်းအားရှင်**
ဝေသာလီဒီမိုကရေစီနှင့် အမွေပါလီ၏ ဘဝပုံရိပ်များ

၆၆။ **အာကာသ(သာစည်)**
ဗုဒ္ဓရှေ့တော်မှောက် အချိန်မီရောက်၍ နောက်ဆုံးကျတ်တမ်းဝင်လူ

၇၂။ **ဓမ္မဟောသက-အရှင်ဩဘာသ**
ဆွမ်းတော်ကပ်နှင့် သဒ္ဓါတရားစီးကြောင်း

၇၆။ **ဓမ္မာစရိယ-ဦးစောဝင်း**
ဒုက္ခဆိုတာ ချစ်စရာတဲ့လား

ဒဂုန္ဒ-ရန်ကုန်၊ ဩရုတ်လမ်းမှ၌ ဟောကြားတော်မူခဲ့သည့်

ဒီဒီး(နိုက္ခန်)စိစဉ်တည်းဖြတ်သည့်

မဂ္ဂဇင်း

အယ်ဒီတာ
ဦးစိန်မျိုးမြင့်
ဆရာဇင်္ခအောင်ဘီန်း(B.Sc)

အယ်ဒီတာ
ဖောင်ဖောင်လတ်

အမှတ်(၂၄၇)၊ ၂၀၁၆ ဖေဖော်ဝါရီလ

၈၁။ **ကျော်ကျော်ဦး(ဒါးဘီး)**
ဥပါဒါန်အစွဲအလမ်းကို တဏှာဖြင့် ချေဖျက်မည်

၈၆။ **ဓမ္မာစရိယ-သန်းထွန်း**
ထင်ရှားကျော်ကြား သာမဏေများ(၆)

၉၂။ **ကိုရွှေမြသန်း(သမိုင်း)**
အဘအောင်မင်းခေါင်၏ ဓာတ်စီးသံ

၉၇။ **ဝမ်းခေါ်ဦး(ကူမဲ)**
လူမိုက်နှင့် ပညာရှိ သမိုင်းကျမ်းဂန်ထဲက သိရသည်

၁၀၂။ **ဝုံရွာ-နေစော**
ဘီလူးစား မခံရသော ကလေးငယ်

၁၀၆။ **ဗျာပုံ-တင်နိုင်ဝင်း**
ပုတီးစိပ်ခြင်းအမျိုးမျိုး ကောင်းကျိုးအထွေထွေ

www.burmeseclassic.com

www.burmeseclassic.com

၁၁၂။ နန္ဒာစိုး(ဆင်ပြူကျွန်း)
စွန့်လွှတ်ခြင်း၏ ဒုတိယစာမျက်နှာ
၁၂၄။ ကောင်းသော်
နားလေး နားထိုင်း နားမကြားသူများ
ဝိပဿနာတရား ရှုမှတ်ခြင်းဖြင့်
ပျောက်ကင်းစေပါသည်
၁၃၀။ ရန်နိုင်
ပုဂံသမိုင်းကို ခြယ်လှယ်စွက်ဖက်နေသူများ
၁၃၄။ သာထက်စော်(မကွေး)
(၂၀၁၆)ခုနှစ်မှာ သင့်ကံကြမ္မာ
၁၄၀။ သာထက်စော်(မကွေး)
နိမိတ်ရှာပြီးမှ ခရီးသွားပါ
၁၄၄။ စိုးယဉ်တွန်း
ငှက်ဆိုးထိုးနိမိတ်
၁၄၆။ ကိုမောင်သန်းဝင်း
ကျောက်မျက်တို့၏ ကမ္ဘီရဆန်သော
လှုပ်ရှက်စွမ်းပကားများ
၁၅၂။ မျိုးကြီး(အမရဋ္ဌာနေ)
နိုင်ငံခြားပြန် ဧီးကွက်
၁၅၄။ ကြည်ဝင်း(ဟင်္သာတ)
အင်္ဂါလမ်းကြောင်း
(သို့မဟုတ်)
တွဲဖက်လမ်းကြောင်း
၁၆၀။ စောယုနန္ဒာ(ဓေရင်ခွင်)
သိကြားမင်းစမ မ,စလေပြီ
၁၆၃။ မင်းနေထွန်း(ကန့်ဘလူ)
ဆင်ခြင်သုတ ရကြပါစေ
၁၆၆။ ဆရာကံထူး(ဓေဒသုတောသီ)
ရာသီဖွားနှင့် ရာသီလက် ထူးခြားချက်
၁၇၁။ ဆရာရန်အောင်ဟိန်း(B.Sc)
ကမ္ဘီရဗရိသတ်မေးရှု ဖြေသည်
၁၇၆။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၇၈။ ဆရာရန်အောင်ဟိန်း(B.Sc)
မြေကိုက်ခံရခြင်းနှင့် ကော်ပီ နက္ခတ်ဗေဒင်အမြင်
၁၈၀။ ဆရာကံထူး(ဓေဒသုတောသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာ ကံကြမ္မာ
၁၈၆။ မင်းမဟော်ညွှန့်
နက္ခတ်ကောစော ရက်မြတ်ကောင်း အချိန်အခါ

www.burmeseclassic.com

www.burmeseclassic.com

၁၉၄။ ပုရောဟိတ် ဆရာဦးမြတ်စံ
ဘုန်းတန်ခိုးတော ကျော်စောသောအင်း

၁၉၉။ ပုရောဟိတ် ဆရာဦးမြတ်စံ
ရတနာရွှေမိုးငွေမိုး ရွာစေသော ကာအလယ်ဝင်အင်း

၂၀၂။ ဂန္ဓီရ-ဆရာလှမျိုး(B.Sc)
ကောင်းကျိုးဝေလျှံ နမောပြန်ဂါထာတော်နှင့်
အင်းအစီအရင်

၂၀၆။ ဗိုလ်တထောင်-ကိုဦး
ဆေးမြင်းခွာဆိုတာ အရွက်မဟုတ်ပါ

၂၁၄။ ဟိန်း(ဘူမိ)
နာစေး အအေးဓါတ်ခြင်း

၂၁၈။ ငွေစိုး(ရွှေကြွန့်မြေ)
အဖေသောင်းပေးတဲ့ ချိုးနှစ်ကောင်

၂၂၂။ သျှင်ရဲထွဋ်(တောင်စွန်း)
ချစ်၍ခေါ်ရာ

၂၂၈။ ဝေယံလင်းခေါင်
မြင်းပျောက်ရာ မိစ္ဆာနှင့်တွေ့

၂၃၂။ မောင်သွေးရင့်
မြွေမင်းသား

၂၄၄။ မျိုးကြီး(အမရဌာနေ)
ခွေးတစ္ဆေ မြွေစုန်း

၂၄၈။ ထွန်းတောက်
အချစ်စစ်၏
အနုတ်တစ်ထောင့်ငါးရာ

၂၆၀။ ဂါဦးနွန်းကို
တစ္ဆေရဲ့အရိပ်

၂၆၆။ ဒါရိုက်တာမျိုးစော်အောင်
ဘိုမလေးနှင့် ယွန်းသေတ္တာဘူး

၂၇၀။ ဆောင်းဝင်းလတ်
တစ်ခါက ရွာရဲ့ ကန်တော်ဦးဝယ်

၂၇၆။ အေးမောင်မောင်ဆန်း
အကျိုးပေးကောင်းသော ဝိပဿနာ

၂၈၂။ ကြည်ဝင်း(ဟသံတ)
သံသပိတ်ကြီးနှင့် ဝိညာဉ်ဖမ်းသူ

၂၈၈။ တောအောင်
မြို့ဝန်နာအလယ်က အန္ဓရာယ်

၂၉၄။ မောင်မြင့်မား(ဗိုလ်ကလေး)
ကြိုခဲ့ဖူးသော ထိုတစ်နေ့

၃၀၀။ မောင်လှယဉ်(မော်လမြိုင်)
ဂန္ဓီရဆရာရိုက်တဲ့ ဖူးစာ

၃၀၈။ ရဲနွယ်မောင်(သုံးဆယ်)
မြင့်မြတ်သော ဘုဘဝမှာ ခံစားနိုင်ပါစေ

၃၁၄။ ထွန်းအောင်ရင်
တစ္ဆေမလေး မလွမ်းပို

၃၁၇။ ထွန်းကျော်လှ
ကြားဖူးနားဝ ပြောရအောင်

၃၂၂။ ရှစ်ခွင်ကျော်(ဖောင်တော်သီ)
ပျောက်ကွယ်သွားသော ဂမုန်းနက်

ထုတ်ဝေသူ – ဦးသန်းဦး(မြို့–၀၀၅၃၆) ၊ ဂန္ဓီရ Logo – မောင်မောင်အောင် ၊ မျက်နှာဖုံး Graphic – ဖေပြိုး
အတွင်းသရုပ်ဖော် – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်၊ ညွှန့်နိုင်လှ၊ အောင်လင်းထွန်း။
အတွင်းသားဖလင် – STARS။ စာအုပ်ချုပ် – အောင်ဝင်း။ စောင်ရေ – ၄၀၀။ တန်ဖိုး – ၂၀၀၀ ကျပ်
မျက်နှာဖုံးပုံနှိပ် – ဦးတိုးဝင်း(မြို့–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် – ဦးကျော်စိုး(မြို့–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အယ်ဒီတာအဖွဲ့ရုံး * အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၅ ၊ ၀၉ ၂၆၀၀ ၈၅ ၈၆၀

www.burmeseclassic.com

www.burmeseclassic.com

သာစာနိုရ်ဘုရားအတော်ဝင်ပုထိုး

•အောင်သာကျော်

ကျောင်းကြီးတိုက်အောင်မြေမှာတည်သည်ဟု မဟာသက္ကမုနိရွှေပွားတော်မြတ်ကြီး

လွန်ခဲ့သည့်အပတ်အတွင်းက ရေးဖော်ရေးဖက်တစ်ဦးဖြစ်သူ ဆရာမြင်းမူ-အေးဆောင်က ကြည့်မြင်တိုင်သို့ အဖော်အဖြစ် လိုက်ခဲ့ပါရန် ခေါ်သဖြင့် စာရေးသူ လိုက်ပါသွားခဲ့မိရပါသည်။

ကြည့်မြင်တိုင်ဘူတာရုံသို့ ရထားဆိုက်သည်နှင့် ရုထားပေါ်မှဆင်းကာ ဘူတာရုံမျက်နှာစာအက်ရှိ ကားလမ်းဆီသွယ်တန်းထားသော သံတံတားအပေါ် တက်လွှားဖြစ်သည်။ တံတားပေါ် လျှောက်နေမိစဉ်မှာပင် ဆရာမြင်းမူ-အေးဆောင်က ကျောင်းကြီးလမ်းသို့ သွားကြမည်ဟုပြောသည်။

သူ၏ မိတ်ဆွေတစ်ဦးဦးအိမ်သို့ သွားလိမ့်မည်ဟု စာရေးသူတွေးထင်ထားနေမိသည်။

ကျောင်းကြီးလမ်းသို့ ရောက်သွားသည်တွင် စာရေးသူ အံ့အားတသင့် ဖြစ်သွားမိရလေတော့သည်။ မိတ်ဆွေ တစ်ဦးဦးအိမ်သို့ သွားခြင်းမဟုတ်ဘဲ ရှေးဟောင်းဆင်းတုတော်မြတ်ကြီးတစ်ဆူ သီတင်းသုံးရာ ကျောင်းကြီးတိုက်ဝင်းဆီသို့ ဦးတည်သွားနေကြောင်း သိလိုက်ရသဖြင့် စိတ်ဝင်တစားဖြစ်သွားမိရသည်။

ဆရာ မြင်းမူ-အေးဆောင်က-

www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းကြီးတိုက်ဝင်းထဲမှာ ရှေးဟောင်းဆင်းတုတော်ကြီးတစ်ဆူ သီတင်းသုံးတယ်။ ရှေးရှေးက လူကြီးသူမတွေ ပြောစကားအရတော့ နဘယံ လာဘံသိဒ္ဓိ ကပ်ကျော်ဆင်းတုတော်လို့ ဆွဲ့အမည်ရတယ်' ဟု ဆိုသည်။

စာရေးသူတို့ ကျောင်းကြီးတိုက်ဝင်းအဝင်သို့ ရောက်သည်နှင့် ခံညားထည်ဝါလွန်းလှသည့် ကျောင်းတော်ကြီးကို မြင်တွေ့လိုက်ရပါသည်။ သတိထားမိရသည်မှာ ဆင်းတုတော်ကြီးမှာ တန်ဆောင်းအပျက်အစီးတစ်ခုအတွင်း သီတင်းသုံးနေတော်မူခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာညောင်းနေခဲ့ပြီဟုပင်။ ယခု မျက်ဝါးထင်ထင် ဖူးမြင်လိုက်ရသည်မှာ နှတ်ခုံနှတ်နှန်းအသွင်လေလား အထင်အရှား မြင်တွေ့လိုက်ရသည့် ကျောင်းတော်ကြီးအတွင်း သီတင်းသုံးတော်မူလျက် ရှိနေခဲ့ခြင်းပင်။

ဆင်းတုတော်မြတ်ကြီးရှေ့တော်သို့ ရောက်သည်နှင့် ထိခြင်းငါးပါး အပြည့်ဖြင့် ဦးချကန်တော့မိဖြစ်ကြသည်။ တန်တော့ပြီးသည်နှင့် ဆရာမြင်းမူ-အေးဆောင် သူ ပြုမူဆောင်ရွက်လေ့ရှိသည့်အတိုင်း အောင်မြင်ခံညားသောအသံဖြင့် မဟာပဋ္ဌာန်းတော်မြတ်ကို ရွတ်ဖတ်ပူဇော်နေတော့သည်။

စာရေးသူလည်း ဆင်းတုတော်မြတ်ကြီးကို အားပါးတရ ကြည်ညိုနေမိရာက ကျောင်းတော်ကြီးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေမိဖြစ်သည်။ ကျောင်းတော်ကြီးဆောင်ဘက်တွင် စေတီတော်မြတ်နှစ်ဆူ တည်ရှိနေသည်ကို မူတွေ့ရသဖြင့် စေတီတော်များတည်ရာဘို့ လျှောက်သွားဖြစ်သည်။ စေတီတော်များတွင် ရေးထိုးထားသည့်စာအရ မြတ်စောညီနောင်စေတီတော်ဟု သိခွင့်ရသည်။ မြတ်စောညီနောင် စေတီတော်မှာ ရှေးရှေးကာလကတည်းက တည်ထားကိုးကွယ်ခဲ့ကြသည့် စေတီတော်ပင် ဖြစ်သည်။ စေတီတော်မြတ်မှာ နှစ်ပေါင်းများစွာ ကြာလာခဲ့သည်တွင် ယိုယွင်းပျက်စီးလာခဲ့ကြာ ဘုရားဒုတ်တို့ စေတီပျက်ဖြစ် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရလေသည်။

သာသနာနှစ်(၂၅၀၅)ခုနှစ်၊ ပြည်အသက်ဂဏန်း(၁၃၂၃)ခုနှစ်၊ သီ

ဆရာကျော်ရဲဝင်းမှာတော်ခဲ့ကြစဉ်

တင်းကျတ်လပြည့်ကျော် (၂)ရက်၊ (၇၉၆၁)ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက် ကြာသပတေးနေ့တွင် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဆရာတော်ဦးပဏ္ဍာစွ အမှူးပြု၍ ကျောင်းထိုင်ဆရာတော်များ ခွင့်ပြုချက်အရ စာတိမ်းပူဇော်ရေးနှင့် ဝေယျာဝစ္စအသင်းကြီးမှ ကြီးမှူး၍ သွောင်ပင်များ ဝါးမျိုးဖျက်ဆီးလျက်ရှိနေသည့် မြတ်စောညီနောင်စေတီတော်

ကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

စေတီတော်နှင့် ကျောင်းတော်ကြီး

ခမ်းနားထည်ဝါလှသည့် ကျောင်းတော်ကြီးအတွင်း သီတင်းသုံးတော်မူလျက် ရှိနေပြီပင်ဖြစ်သည်။ ဘွဲ့တော်မှာ မဟာသကျမုနိရုပ်ပွား တော်မြတ်ကြီးဟု တွင်လျက်ရှိနေပါသည်။

မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီးမှာ ရှေးဟောင်းဆင်းတုတော်ကြီး တစ်ဆူဖြစ်သည်။ ရှေးနှစ်ပေါင်း(၃၀၀)ခန့်ကတည်းက တည်ထားခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လေရာ တင်ပျဉ်ခွေပုံတော်တည်ထားခဲ့သည်ကို ဖူးတွေ့ရသည်။ ဉာဏ်တော်(၂၀)ပေ၊ ကိုယ်နှစ်ဆူကို ထီးတော်သစ်နှင့်တကွ အောက်ခြေ ရင်ပြင်တော်အထိ အသစ်ပြုပြင်မွမ်းမံကာ တည်ထားခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

ထိုအချိန်က နဘယံ လာဘံသိဒ္ဓိ ကပ်ကျော်ဆင်းတုတော်မှာ စေတီတော်အနောက်ဘက်ရှိ တန်ဆောင်းတော်အတွင်း သီတင်းသုံးတော်မူလျက် ရှိနေခဲ့သော်လည်း လူသူအသိနည်းပါးလှသဖြင့် တန်ဆောင်းတော်ကြီးအတွင်း ဖုန်များ၊ ပင့်ကူအိမ်များ တွယ်ကပ်လျက်ရှိနေခဲ့သည်ဟု သိရပါသည်။ ယခုမူ ဆင်းတုတော်ကြီးမှာ နတ်ဘုံနတ်နန်းတမျှ

ကျောင်းတိုက်ကြီး

လုံးတော်(၁၈)ပေ၊ ပလ္လင်တော်အမြင့်(၇)ပေ အမြင့်ရှိသည့် ရှေးမြန်မာ-မွန်တို့၏ အနုပညာလက်ရာမြောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နမူနာယူကာ တည်ထားခဲ့ခြင်း ဖြစ်သည်။

ဆင်းတုတော်မြတ်ကြီးမှာ ကြည့်မြင်တိုင်စာတိုက်၏ မြောက်ဘက်တည့်တည့်တွင် ယခင်ခေတ်ကာလအခေါ် ဘုန်းကြီးဦးကြာပေါ်ကျောင်း (ခေါ်) ပဲနင်းကြီးကျောင်းတွင် တည်ရှိခဲ့သည်။ ယခုအခါတွင်ကား ကျောင်းကြီးတိုက်ဟုသာ လူသိများနေတော့ခြင်း ဖြစ်သည်။ ကျောင်းကြီးတိုက်အတွင်း တည်ရှိနေခဲ့သည့် ရုပ်ပွားတော်မြတ်ကြီးမှာ ကြည့်ရှုထိန်းသိမ်းမည့်သူ မရှိဘဲ သစ်ပင်များ၊ ချုံနွယ်ချုံပုတ်များ ဖုံးလွှမ်းလျက် ထားရှိနေခဲ့သည်။ ထိုသို့ ရှိနေခဲ့သည်ကို ကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော် ဘုရားကြီး ဦးပညိန္ဒိက ပြုပြင်ထိန်းသိမ်းခဲ့သည်။ ဆရာတော်မှာ သက်တော်(၈၃)နှစ်၊ ဝါတော်(၆၃)ဝါ ရှိနေပြီပင် ဖြစ်သည်။

ရုပ်ပွားတော်မြတ်ကြီးနှင့် ဆက်စပ်ပတ်သက်နေသည့် နောက်ခံသမိုင်းကြောင်းကလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ သာယာဝတီမင်း (ကုန်းဘောင်မင်း)

www.burmeseclassic.com

www.burmeseclassic.com

မြတ်စာည်းဘုရားတော်

သည် မြန်မာသက္ကရာဇ်(၁၂၀၀) ပြည့်နှစ်တွင် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ရောက်တော်မူသည်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ရန် ပြင်ဆင်တော့သည်။ မင်းညီမင်းသား၊ မြို့စား၊ စော်ဘွား၊ စစ်သည်ရဲမက်များနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ခဲ့သည်။ ထိုခေတ်ထိုအခါက ကြည့်မြင်တိုင်ကမ်းနားမှ ရွှေတိဂုံစေတီတော်မြတ်ကြီးထံတော်ပါးသို့ သွားရောက်ရန် မလွယ်ကူလှပေ။ လမ်းခရီးတစ်လျှောက် တောအုပ်က အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည့်အပြင် သားရဲတိရစ္ဆာန်များကလည်း လွန်စွာပေါများလွန်းလှသည်။

ထိုသို့ရှိနေသော အခြေအနေကြောင့် ရွှေတိဂုံစေတီတော်မြတ်ကြီးထံတော်ပါးသို့ အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးစွာ သွားလာနိုင်ရေးအတွက် ကြည့်မြင်တိုင်ဆိပ်ကမ်း ရွှေတိဂုံစေတီတော်မြတ်ကြီး သွားရာလမ်းတစ်လျှောက်တွင် လိုဏ်ဂူ၊ တန်ဆောင်း၊ ဘုရား၊ ကျောင်း၊ ရေပ်များကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ပင့်ဆောင်လာခဲ့သည့် ဓာတ်တော်,မွေတော်များကို မြေစိုက်စေတီ၊ မြေပေါက်စေတီများတွင် ဌာပနာသွင်းကာ တည်ထားတော်မူခဲ့သည်။ ထိုသို့ပူဇော်သမ္ဘပြုခဲ့ရာတွင် ဤဗုဒ္ဓရုပ်ပွားတော်သည်လည်း တစ်ဆူအပါအဝင် ဖြစ်သည်။

တည်ထားခဲ့သော စေတီတော်များ၊ ကျောင်း၊ ကန်၊ ရေပ်များ၊ ဆင်းတုတော်များအား ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် ပဲနင်းကြီးဦးကြာပေါ်အား သာယာဝတီကုန်းတော်ရွှေတိမင်းက လှိုင်မြစ်ဝှမ်းမှ အစပြုကာ ငမိုးရိပ်ချောင်းအထိ အိုင်စားပေးသနားတော်မူပြီး တာဝန်ပေးအပ်ထားခဲ့သည်။

ပဲနင်းကြီးဦးကြာပေါ်က ကျောင်းတိုက်ကို လှူဒါန်းကာ ဦးကြာပေါ်ကျောင်း(ပဲနင်းကြီးကျောင်း)ဟု အမည်တွင်နေခဲ့သည်။ (၂-၃-၁၈၆၇)ခုနှစ်၊ (၁၂၂၈)ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၂)ရက် စနေနေ့တွင် ဗြိတိသျှအစိုးရက ဆရာကြီးတိုက်ဟု သတ်မှတ်ကာ ဂရန်မြေကိုပါ အတည်ပြုပေးခဲ့သည်။ ဗြိတိသျှတို့ ဂရန်မချမီ (၁၂၀၇)ခုနှစ်က တည်းက တည်ထားခဲ့သည့် ပဲနင်းကြီးကျောင်းခေါ် ကျောင်းကြီးတိုက်သည် နှစ်ပေါင်းရာချီကျော်ခဲ့ပြီပင် ဖြစ်သည်။

မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဖြစ်တည်လာခဲ့ပုံ နောက်ခံသမိုင်းကြောင်းကို ကြည့်မည်ဆိုပါက ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထားခဲ့သည့် ရုပ်ပွားတော်မြတ်ကြီးတစ်ဆူ ဖြစ်သည်မှာ ထင်ရှားလှပါသည်။ ရုပ်ပွားတော်မြတ်ကြီးထံတော်ပါး ဆုတောင်းအဓိဋ္ဌာန်ပြုသူများ



ကြည့်မြင်တိုင်ဘိုးဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com

လောကီစီးပွား အလျှင်အမြန် တိုးတက်ရရှိကြသည်ဟု ဆိုတောင်းအဓိဋ္ဌာန်ပြုခဲ့ကြဖူးသူများထံမှ သိခွင့်ရခဲ့ပါသည်။ ရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်၍ ရပ်ဝေးမှ ပဋ္ဌာန်းဆက်ရှိကြသူများ အိပ်မက်,မက်လေ့ရှိသည်မှာ ရုပ်ပွားတော်မြတ်ကြီးထံပါး ဆည်းကပ်အဓိဋ္ဌာန်ဝင်နေစဉ် ရုပ်ပွားတော်မြတ်ကြီးဝန်းကျင်သို့ မိုးကောင်းကင်မှ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများ မိုးရွာသကဲ့သို့ တဖွဲဖွဲကျရောက်လာသည်ဟုပင်။

ထိုသို့ထူးခြားမှုရှိနေသည့် ဓမာသကျမုနိရုပ်ပွားတော်မြတ်ကြီးဆိုတော်ပါးတွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကိုးပါးကို မိမိတို့ မနောအာရုံတွင် ထင်ဟပ်ပေါ်လွင်လာသည်အထိ အာရုံထားကာ စိပ်ပုတီးဖြင့် ကိုးရက်တိတိ တစ်ရက်တွင် ကိုးပတ်နှုန်းအရ အဓိဋ္ဌာန်တင်ကာ ကျင့်ကြံပွားများမည်ဆိုပါက မုချအကျိုးထူးများ ရရှိခံစားကြရမည်ပင် ဖြစ်ပါသည်။ အဓိဋ္ဌာန်ဝင်မည်ဆိုပါက မိမိ၏ မွေးနေ့မှစတင်ကာ အဓိဋ္ဌာန်ဝင်ရမည် ဖြစ်ပါသည်။

ပထမဦးစွာ အဓိဋ္ဌာန်ဝင်သည့်နေ့တွင် သစ်သီးကိုးမျိုးဆက်ကပ်ကာ ထိုနေ့အတွက် ကိုးပါးသီလ ဆောက်တည်ထားရန် လိုပါသည်။ ကျန်ရက်များတွင် ငါးပါးသီလဖြင့်ပင် အဓိဋ္ဌာန်ဝင်၍ရပါသည်။ သတိပြုရန်မှာ ကိုးရက်ပြည့်သောနေ့၊ အဓိဋ္ဌာန်၏ နောက်ဆုံးနေ့တွင် ကိုးပါးသီလခံယူကာ အဓိဋ္ဌာန်ဝင်ပြီး အဓိဋ္ဌာန်ထွက်သည်နှင့် အနည်းဆုံး ငွေကိုးကျပ် ပုံသက္ကူစွန့်ပစ်ရပါမည်။

ပိုကောင်းသည်က နှစ်ဆယ့်ခုနစ်ကျပ်၊ လေးဆယ့်ငါးကျပ်၊ ခြောက်ဆယ့်သုံးဆျေပ် စွန့်ပစ်နိုင်ပါက ပိုကောင်းသလို အကောင်းဆုံးမှာ ကိုးဆယ့်ကိုးကျပ် စွန့်ပစ်ခြင်းပင် ဖြစ်သည်။

ထိုအဓိဋ္ဌာန်သည် ရှေးအစဉ်အဆက်က ရရှိခဲ့သည့် နဝင်းအဓိဋ္ဌာန်ပင်ဖြစ်ပြီး ထိုနည်းဖြင့် ရုပ်ပွားတော်မြတ်ကြီးထံတော်ပါး အဓိဋ္ဌာန်ဝင်မီက လောကီ,လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွား တိုးပွားဖြစ်ထွန်းသွားကြသူ များလှကြောင်း သိခွင့်ရခဲ့ပါသဖြင့် အကျိုးထူးများ ရရှိခံစားနိုင်ကြစေရန် ရည်သန်ကာ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ကြီးပွားချမ်းသာနိုင်ကြပါစေ

အောင်သာကျော်

မန္တလေး-နေပြည်တော် ဆရာလုပ်၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

မေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယဉ်ကြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

www.burmeseclassic.com

နန္ဒာမောင်(သံဖြူဧရပ်)

မကွေးနှင့် မင်းဘူးဒေသတစ်ခွင်
ဒေသန္တရတူရိယာများ ရောက်ရှိခဲ့စဉ်က

မကွေးနှင့် မင်းဘူး

မိမိစာရေးသူသည် အောက်မြန်မာနိုင်ငံသား မွန်အမျိုးနွယ်တစ်ဦး ဖြစ်သည့်အလျောက် မြေလတ်ဒေသ မကွေး၊ မင်းဘူးနယ်နှင့် အလှမ်းကွာဝေးသဖြင့် ထိုဒေသသို့ မည်သို့မျှ အလေ့အလာ အလည်အပတ်ရောက်ရှိဖို့ မလွယ်ကူပေ။ မကွေးဆေးတက္ကသိုလ်၌ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေသည့် သမက်ဖြစ်သူက ဖိတ်ခေါ်သဖြင့် မမျှော်လင့်ဘဲ ထိုဒေသသို့ ကံကောင်းစွာ ဘုရား



ယခုမူးပြုလုပ်ထားသော ဒေသန္တရတူရိယာများသည် မလွန်မြောက်ခင်ကတည်းက

www.burmeseclassic.com



မင်းလှဆတ်ဘုရားဂူတံခါး

ဖူးဆည်းပူးလေ့လာခွင့်ရလိုက်သည်။

ပူပြင်းလှသော ဧပြိလအတွင်း (၃)ရက်မျှသော ခရီးစဉ်တစ်ခုလုံးကို လည်း လူ(၇)ဦးခန့် လိုက်ပါစီးနင်းနိုင်သည့် မှန်လုံကားဖြင့် ခရီးစဉ်အစ အဆုံး လိုက်ပါပို့ဆောင်ပေးသဖြင့် အသက်အရွယ်ထောက်လာသော မိမိတို့အဖို့ သက်သောင့်သက်သာရှိလှသည်။ ထိုမျှမဟုတ် မိမိတို့ တည်းခိုရာ နေရာကိုလည်း မင်းဘူးရှိ မန်းသီတာဟိုတယ်၌ စီစဉ်နေရာ ချထားပေးသေးသည်။ ထို့ကြောင့် ဆရာဝန်ကြီးများဖြစ်သော သမက်နှင့် သမီးတို့အား လွန်စွာကျေးဇူးတင်ကြောင်း ရှေးဦးစွာ ပြောလိုပါသည်။

မြေလတ်ဒေသရှိ မကွေးနှင့် မင်းဘူးနယ် ဆိုသည်မှာ မြန်မာနိုင်ငံတွင် သမိုင်းကြောင်းအရလည်းကောင်း၊ လောကီကြောင်းအရလည်းကောင်း အစဉ်အလာကြီးများပြီး ထူးခြားထင်ရှား ဂန္ဓီရဆန်သောနယ်မြေဒေသကြီးတစ်ခု ဖြစ်လေသည်။ မကွေးသည် မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်းတွင်ရှိ၍ မင်းဘူးနှင့်တစ်ဖက်ကမ်းစီးလွယ်ခုတ်တွင် ရှိလေသည်။ ရေလမ်းကြောင်းအရ မကွေးသည် ရန်ကုန်မှ (၃၇၈)မိုင်ဝေး၍ မန္တလေးမှ (၁၁၉)မိုင်အကွာတွင်ရှိသည်။ ကားလမ်းအားဖြင့် ရန်ကုန်မှ မိုင်(၃၃၀) ခန့် ကွာဝေးသည်ဟု သိရလေသည်။

ယခု မိမိတို့ အမှန်တကယ် သွားရောက်ခဲ့သော ခရီးစဉ်အရဆိုလျှင် ရန်ကုန်မှ နေပြည်တော်လမ်းခွဲအထိ (၂၂၀)မိုင်၊ နေပြည်တော်လမ်းခွဲမှ မကွေးအထိ မိုင်(၇၀)၊ မကွေးမှ မင်းဘူးအထိ ဆက်သွားပါက (၁၀)မိုင်ခန့်ရှိရာ အားလုံး ခရီးဝေး(၃၀၀)မျှ ရှိလေသည်။

ယခုအခါ မကွေးသည် တိုင်းဒေသကြီးမြို့တော်ဖြစ်၍ မင်းဘူးမှာ ဒေသအတွင်း ခရိုင်မြို့ကြီး ဖြစ်၏။ မကွေးခရိုင်၏ အကျယ်အဝန်းမှာ (၃၅၂၄)စတုရန်းမိုင်နှင့် ကျေးရွာ ဆိုင်း(၄၂၄)ရွာ ရှိသည်ဟု စွယ်စုံကျမ်း၌ ဖော်ပြထား၏။ မင်းဘူးခရိုင်သည် အကျယ်အဝန်းအားဖြင့် (၃၅၉၄)စတုရန်းမိုင်ရှိပြီး သူကြီးပိုင်နယ် (၃၄၆) ရွာရှိလေသည်။ မကွေးတွင် ဧရာဝတီမြစ်သည် အရေးပါဆုံးမြစ်ဖြစ်၍ လေ၊ သင်္ဘောများ စုန်ဆန်သွားလာ ခုတ်မောင်းနိုင်၏။ ပဒုမ္မာတောင်ခြေမှ အစပြုစီးဆင်းသော ပင်းချောင်း၊ ပဲခူးရိုးမကိုဖြတ်၍ စီးဆင်းသည့် ယင်းချောင်း၊ ထိုချောင်းများအပြင် အောက်ဘက်ခြမ်းတွင် စတုန်ချောင်း၊ ရန့်ပယ်ချောင်းနှင့် တောင်ကူချောင်းများလည်း ရှိသေး၏။ ယင်းချောင်းငယ်များသည် နွေရာသီတွင် ခန်းခြောက်တတ်လေ့ရှိသည့်အပြင် ရေထိန်းနိုင်သည့် အင်းကြီးအိုင်ကြီးဟူ၍ မရှိသဖြင့် ဆန်စပါးကို အဓိကထား စိုက်ပျိုးသော်လည်း ရေမြေဒေသကိုလိုက်၍ ပြောင်း၊ နှမ်း၊ မြေပဲနှင့် အာလူးတို့အပြင် ရေပေါ်ကျွန်းငယ်လေးများပေါ်တွင် ငရုတ်၊ ပြောင်းဖူး၊ မြေပဲ

အတွင်းဆောက်လုပ်ထားတဲ့ ဂူတံခါးပေါက်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆေးရွက်ကြီးအမျိုးမျိုးတို့ကို လည်း စိုက်ပျိုးလုပ်ကိုင်ကြလေသည်။

မင်းဘူးတွင် အဓိကမြစ်ချောင်းတို့မှာ ဧရာဝတီမြစ်၊ မုန်းမြစ်၊ မန်းချောင်း၊ စလင်းချောင်းတို့ ဖြစ်လေ၏။ အထင်ရှားဆုံးမှာ မုန်းမြစ်ဖြစ်ပြီး စလင်းမြို့နယ်ရှိ ဖောင်လင်းအင်းနှင့် ဝက်ထီးကန်အင်းတို့လည်း ထင်ရှားသည်ဖြစ်ရာ ငယ်းမှ သားငါး အမြောက်အမြား ထွက်ရှိလေသည်။ ဆန်ရေစပါးအပြင် နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးနှင့် ဆေးရွက်ကြီးများ စိုက်ပျိုးလုပ်ကိုင်ကြသည်။

စေတုတ္တရာ၊ ငဖဲမြို့နယ်များ၌ သစ်တောကြိုးဝိုင်းများရှိပြီး ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ အင်၊ ရှားစသော အဖိုးတန်သစ်များ ထွက်ရှိသဖြင့် မကွေးဒေသထက် စီးပွားရေးအကွက်အကွင်း ကောင်းလှသည်ဟု ယူဆနိုင်ဖွယ် ဖြစ်လေသည်။

မကွေးဒေသတွင် တန်ခိုးကြီးဘုရားများဟူ၍ မကွေး မြသလွန်၊ တောင်တွင်းကြီးရှိ ရွှေရောင်တော်၊ ရွှေအင်းတော် ဘုရားတို့မှာ ထင်ရှားလေ၏။ ရှေးက ရွှေရောင်တော်၊ ရွှေအင်းတော်ဘုရားတို့သည် နှစ်စဉ် ပွဲတော်ကျင်းပသော်လည်း ယခုအခါ မကွေးမြသလွန် တစ်ဆူတည်းသာ သီတင်းကျွတ်လတွင် ပွဲတော်ကျင်းဝလေ၏။

ထူးခြားချက်တစ်ခုမှာ တောင်တွင်းကြီးနယ်အတွင်းရှိ ဆတ်သွားမြို့အနီးတွင် ဆက်စပ်တည်ရှိသော ဗိသုကိုမြို့ဟောင်း၏ မျှားစွာသော ရုပ်ကြွင်းများသည် ယခုအခါ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်

www.burmeseclassic.com

www.burmeseclassic.com

စာရင်းထဲ သတ်မှတ်ခံစာရင်းဝင်ပြီး ဖြစ်ရာ မြန်မာတစ်မျိုးလုံးအဖို့ ဂုဏ်သူမဆုံးဖွယ် ဖြစ်လေ၏။ ထို့ပြင် သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြန်မာ့သမိုင်းတွင် ထင်ရှားသည့် မင်းလှခံတပ်တစ်ခုလည်းရှိရာ ယင်းဒေသ၏ ထူးခြားလှသော ပြယုဂ်များပင် ဖြစ်လေ၏။

မင်းဘူးသည် ထူးခြားထင်ရှားသော တန်ခိုးကြီးဘုရားတို့ ပေါများလှ၏။ ယင်းတို့မှာ စကုမြို့နယ်ရှိ ရွှေစက်တော်ဘုရား၊ လဲယ်ကိုင်းမြို့အနီး ခုန်းမြစ်ကမ်းရှိ ကျောင်းတော်ရာဘုရား၊ ဆင်ဖြူကျွန်းမြို့ အနောက်ဘက်ရှိ ဖောင်တော်ဦးဘုရားစေတီများ ဖြစ်၏။

နောက်ထူးခြားချက်မှာ မင်းဘူးဦးညြာဘသ သီတင်းသုံးရာ နေရာဌာနဖြစ်သည့်အပြင် ထင်ရှားကျော်ကြားလှသည့် ရွှေစက်တော်ဘုရား၊ စဏ္ဍိန်းတဲစေတီတော်၊ သင်္ကန်းလိပ်ဆောင် ရုပ်ပွားစေတီများနှင့် ဓာတ်တော်ပေါင်းစေတီတို့ ဖြစ်လေသည်။

မင်းဘူး၏ ထူးခြားသော ရာဇာဝတ်သမိုင်း

ရှေးအခါက တစ်အိုးတစ်အိမ်ထောင် ရွှေစုမျိုးစု ရွာငယ်လေးမှ ခရစ်နှစ်(၁၈၈၅)ခုနှစ်လောက်တွင် မင်းဘူးရွာလေးအဖြစ် ရပ်တည်စည်ကားစပြုလာ၏။ ခရစ်နှစ်(၁၈၈၆) ခုနှစ် အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်ချိန်တွင် အချက်အချာကျသော မင်းဘူးကို တိုင်းမင်းကြီး ရုံးစိုက်သဖြင့် မင်းဘူးသည် ရုတ်ချင်းညချင်း ခရိုင်ရုံးစိုက်မြို့ကြီးဖြစ်လာသည်။

မင်းဘူးအမည် ဖြစ်ပေါ်လာပုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



စပ်၍ အဆိုအမိန့်သုံးမျိုး ဖြစ်ပေါ်လျက်ရှိရာ တစ်ခုမှာ မုန်းချောင်း၏ ထိပ်ဖူးဖြစ်သော မုန်းဖူးမှဆင်းသက်၍ မင်းဘူးဖြစ်လာ၏။ ဒုတိယ တစ်မျိုးမှာ မြန်မာသက္ကရာဇ်(၄၇၀)ပြည့်နှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည် ကရဝိက်ဖောင်တော်ဖြင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် စုန်ဆင်းလာရာ မင်းဘူးဆိပ်ကမ်းသို့ ရောက်ရှိစဉ် ရွာဦးစေတီမှ ရောင်တော်ကွန့်မြူးနေသည်ကို မြင်တွေ့ရသဖြင့် မင်းကြီးသည် ဖောင်တော်ဆိုက်ကပ်ပြီး ဓာတ်တော်ရောင်ခြည်တော်အမှတ်ဖြင့် ရှိခိုးပူဇော်လေ၏။ ထိုသို့ မင်းဖူးမြော်သဖြင့် မင်းဖူးမှ မင်းဘူး ဖြစ်လာသည်ဟု ဆို၏။

တတိယအဆိုမှာ မင်းဘူးအထက် (၅)မိုင်ခန့်တွင် မန်းချောင်းသည် ဧရာဝတီမြစ်ထဲသို့ စီးဝင်ပေါင်းဆုံသည်ကို အကြောင်းပြု၍ မန်းချောင်းနှင့် ပူးသဖြင့် မန်းပူးဟုတွင်ကာ ကာလရွေ့လျားလာသည့်အခါ မန်းပူးမှ မင်းပူး၊ ထိုမှ မင်းဘူးဟူ၍ ဖြစ်လာသည်ဟု ဆိုစမှတ်ပြုကြကုန်၏။

မင်းဘူးမှ မကွေးမင်းလုခရီး

ထိုနေ့ ညနေ(၃း၃၀)နာရီလောက်တွင် မင်းဘူးတည်းခိုရာဟိုတယ်မှ မင်းလှသို့ ထွက်ခွာလာရာ လမ်းတစ်လျှောက် နန်းတော်ကုန်း၊ စိုင်ဆပ်၊ ရွာသာလေး၊ ထိန်တော စသည့် ကျေးရွာလေးများကို ဖြတ်သန်းသွားရသည်။ လမ်းဘေးဝဲယာတစ်လျှောက် ကုက္ကို၊ ထနောင်း၊ ဆီးပင်၊ ဆူးပင်များ စိတန်းပေါက်ရောက်နေသဖြင့် မြေလတ်ဒေသ၏ အခိုးအငွေ့ အသက်အတွေ့တို့မှာ အောက်ပြည်နှင့်မတူသော နှစ်သက်ကြည်နူးဖွယ် တစ်မျိုး

www.burmeseclassic.com

ကို ခံစားရရှိစေပါသည်။

ညနေ(၄း၃၀)နာရီခန့်တွင် လွန်မြို့ မြသပိတ်ဘုရားသို့ ရောက်ရှိသည်။ ထင်ရှားလှသည့် စေတီတော်ကို ဧရာဝတီမြစ်ဘက်ကမ်းနှင့် နီးမဝေး တောင်ကုန်းငယ်လေးပေါ် တည်ထားသဖြင့် တစ်မျိုးကြည်ညိုဖွယ်ကောင်းလှသည်။ ဘုရားသို့ အတက်လမ်း ရင်ပြင်ရောက်လုနီးတွင် အလွန်ကြီးမားသော လက်နှစ်ဖက် ခန့်မျှရှိသည့် တရုတ်စကားပင်ကြီး တစ်ပင်ကို ထူးထူးခြားခြား မြင်တွေ့ရသည်မှာ အံ့သြဖွယ်ဖြစ်ရလေ၏။

လွန် မြသပိတ်စေတီတော်

မြသပိတ်စေတီတော်သည် မလွန်မြို့တွင် ထင်ရှားတန်ခိုးကြီးလှပြီး တည်ဆောက်ထားပုံမှာ ဗိသုကာလက်ရာမြောက်လှ၏။ သာသနိကသမိုင်းတွင် ထူးဆန်းအံ့သြဖွယ် ဖြစ်ရပ်များစွာ ပါဝင်ပတ်သက်နေသကဲ့သို့ ဘုရားရှင်လက်ထက်တော်မှ ရှေးခေါင်းအဆက်ဆက်တိုင် မြသပိတ်တော်ကိန်းဝပ်ပူဇော်ရာ သမိုင်းဝင်စေတီတော် တစ်ဆူလည်း ဖြစ်သည်။

ဂေါတမသည် မြတ်ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ဆိုက်ရောက်တော်မူပြီး သည့်နောက် ဝါတော်(၂၀)အရတွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် မဟာပုဏ္ဏမထေရ် ပင့်လျှောက်ချက်အရ ဘုရားရှင်သည် သုနာပရန္တတိုင်း၊ ဒါဏီနဂါမရာသို့ ဆိုက်ရောက်လာပြီး စန္ဒကူးကျောင်းတော်၌ (၇)ရက်တိုင် သီတင်းသုံး ပူဇော်ခဲ့လေ၏။

ထိုအခါ ဘုရားရှင်ထံ သိကြားမင်းက မြသပိတ်တော်ကို ဆက်ကပ်ပူဇော်နိုင်ရာ ဘုရားရှင်တို့ ပြုမြဲမမွေတာ


ဗျာဒုတ်ရာဝတ်စေတီတော်၊ ဇလတိတ်ဝေတီတော်၊ ဗျဂ္ဃသုံးဝတ်စေတီတော်

ငဖြာတော်ရာဝတ်စေတီနှင့် တာဝတ္တဝတ်

ဇရုစဉ်းခုံ(ဇရုစင်ကုန်း)စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ပဌနဂိုရ်ရွာထိပ်က နတ်မျောစေတီ

နဂါးခွဲဘုရားဒေတီ

အတိုင်း မြသပိတ်တော်ကို ဧရာဝတီမြစ်တွင်းသို့ ရေစုန်အတိုင်း မျှောတော်မူလေ၏။ ထိုသို့ မြသပိတ်တော်ကို ရေသို့မျှောတော်မူသော မြစ်ဆိပ်တွင် စေတီတစ်ဆူတည်လေ၏။ ထိုစေတီကို သပိတ်မျှောစေတီဟု ခေါ်ဆိုလေ၏။ ကာလရှေ့လျှောသောအခါ ထိုစေတီကို နတ်သိုက်ကြားများ လာရောက်ဖူးမြော်သည်ကို အကြောင်းပြု၍ နတ်မျှော်စေတီ၊ ထိုမှ နတ်မှော်စေတီဟု တွင်လေ၏။

ထို့ပြင် တဝဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်မကြွမီ ဘီလူးညီနောင်တို့ လျှောက်ထားတောင်းပန်ချက်အရ မြသလွန်တော်ကို ပေးသနားတော်မူပြီး ငါဘုရား ကျိန်းစက်ခဲ့သော ကောလာသဖတောင်ဒေသနှင့် မြသလွန်တည်ရာ ဤနဂုတ္တမဒေသတို့သည် နောင်သောအခါ သာသနာတော်ထွန်းလင်း၍ ထူးခြားစည်ကားသော နဂရမြို့ကြီးများ ဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်တော်ထားလေ၏။

ထိုစဉ်က ဧရာဝတီမြစ်ကြောင်းအတိုင်း မျောလာသည့် မြသပိတ်တော်သည် မလွန်ဟုခေါ်သော အရပ်ဒေသတို့အရောက်တွင် ရှေ့သို့ ဆက်လက်မျောပါခြင်းမရှိဘဲ ရေလယ်တွင် ထီးတည်းရပ်တန့်နေတော်မူလေ၏။

ထိုအခါ မဏ္ဍိမဒေသရှိ သဃ်ဿနဂိုရ်ပြည်ကို အစိုးရသော ဘေရိန္ဒမင်းကြီး၏ အနွယ်တော်ဖြစ်သော ဗဇ္ဇမနဂရ (ခေါ်) ပဌနဂိုရ်မြို့စားမင်းနှင့် သိကြား၊ နတ်၊ ဗြဟ္မာများ စုရုံးရောက်ရှိလာပြီး မြသပိတ်တော်ကို ပဌနဂိုရ်မြို့စားမင်းအား အဓိဋ္ဌာန်ပြုစေလျက် မင်္ဂလာဖောင်တော်များဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ကြီးကျယ် ခမ်းနားစွာ မြစ်လယ်မှ မလွန်ဆိပ်ကမ်းကုန်းတော်သို့ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ကြလေ၏။ ထိုခရီးတော်တည်ရာ ရတနာဇာတိတောင်ကုန်းသို့ ရောက်ရှိသည့်အခါ သိကြားမင်းသည် မြသပိတ်တော်ခေတ္တကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ကို ဖန်ဆင်းတည်ခဲ့တော်ကြီး မြသပိတ်တော်ကို ကောင်းစွာစံပယ်တော်မူစေ၏။ ထိုမှ ဌာပနာသွင်းရန် အောင်နိမိတ်ထင်လာသဖြင့် သိကြားမင်း၏ အခါတော်ပေး လမ်းညွှန်ချက်အရ ပဌနဂိုရိမြို့စားမင်းသည် တောင်ကုန်းအောက်ခြေတွင် ကြီးကျယ်ခမ်းနားစွာသော စကံပါလိုဏ်ဂူကြီးကို တည်ဆောက်လေ၏။

လိုဏ်ဂူကြီး စောက်အနက်အတိုင်းအတာသည် ဧရာတီမြစ်ရေ အကျဆုံးဖြစ်သော တပေါင်းလကွယ်နေ့ ရေမျက်နှာပြင်နှင့် ညီမျှသောနေရာရောက်သည်အထိ ဂူအောက်ခြေ မြေပြင်အား သင့်တင့်လျောက်ပတ်စွာ အညီအညွတ် စီရင်စေ၏။ မြသပိတ်တော်ကို ရတနာခုနစ်ပါး၊ နဝရတ်ကိုးပါးဖြင့် မွမ်းမံစီခြယ်ပြီး ရတနာကလပ်ပေါ်တင်ကာ ညီကားသိုက်မြိုက်စွာ ဌာပနာသွင်းတော်မူလေသည်။ သိကြားမင်းကိုယ်တိုင် မြသပိတ်တော်တည်ရာ ကလပ်အောက်တွင် သဲအမှတ်ဖြင့် မြောက်မြားစွာသော ရတနာများ ကြဲဖြန့်လျှဒါန်းလေ၏။ ထို့အတူ မြို့စားမင်းသည်လည်း မိမိဆက်ဆက်ထားသော အဖိုးတန်လက်ဝတ်ရတနာများ အားလုံးကို ချွတ်၍ လျှဒါန်းလေ၏။ အများပြည်သူများလျှဒါန်းသော ရွှေ ငွေရတနာ ပစ္စည်းများကို ရွှေကြုတိ၊ ငွေကြုတ်များတွင် လုံခြုံစွာ ထည့်သွင်းဌာပနာစေ၏။ အလုံးစုံသော ဌာပနာသွင်းခြင်းကိစ္စ ပြီးဆုံးသောအခါ ဌာပနာတိုက်ကိုပိတ်၍ ရန်သူမျိုးငါးပါးရန်မှ ကင်းဝေးစေရန် လိုဏ်ဂူအား ဝက်ပါခမ်းများ ပတ်ဖွဲ့ပြုလုပ်စေ၏။ မြသပိတ်တော်ကိန်းဝပ်ရာ ဌာပနာတိုက်ကိုလည်း အမှတ်အသားပြု၍ နတ်ဘီလူးများအား တာဝန်ယူစောင့်ရှောက်စေ၏။

ထိုသို့ ဗုဒ္ဓခေတ်မှ ယနေ့ခေတ်ကာလအထိ ကာလရှည်ကြာသည်စွာ တည်ထားကိုးကွယ်ခဲ့သော မြသပိတ်စေတီတော်သည် ယခုဆိုလျှင် နှစ်ပေါင်းနှစ်ထောင်ကျော်မျှ တည်ခဲ့သော ရှေးဟောင်းစေတီတော်မြတ်တစ်ဆူအဖြစ် အထူးလေးစားသည် သွားရောက်ဖူးမြော် ကြည်ညိုသင့်လှပေ၏။

နောက်တစ်ခုမှာ မလွန်မြို့ မလွန်ဟူ၍ အမည်တွင်ရခြင်းမှာ ဘုရားရှင် မြသပိတ်တော်မွှေးချစဉ် မြသပိတ်တော်သည် ရှေ့သို့ဆက်မသွားဘဲ မြစ်လယ်၌ ရပ်တန့်စံပယ်၍

ပင်းစားဘုရိုန်းစာစေတီတြပ်ဝင်မှ သပိတ်တော်ဘုရားသည့် သပိတ်ဖျာစေတီ

မြသပိတ်တော် မလွန်ခဲ့သည့်နေရာကို အကြောင်းပြု၍ မလွန်ဟု သတ်မှတ်ခေါ်ဆိုရာမှ မလွန်မြို့ဖြစ်တည်လာရာ မလွန်မြို့သည် မြသပိတ်စေတီတော်နှင့် ဖွားဖက်တော်မြို့တစ်မြို့ဟု ဆိုနိုင်မည်ဖြစ်ပြီး မြို့နှင့် ဘုရားကို ခွဲခြားမရသဖြင့် မြသပိတ်တော်စေတီကို မြို့နှင့်တွဲ၍ မလွန်မြသပိတ်စေတီတော်ဟူ၍ ထင်ရှားလေ၏။

ဖွားဖက်တော် မလွန်မြို့

သိကြားမင်း လျှဒါန်းသည့် မြသပိတ်တော်တည်ရာ မလွန်မြို့ဟောင်းသည် မကွေးတိုင်း၊ သရက်ခရိုင်၊ မင်းလှမြို့မှ တောင်ဘက် ကားလမ်းအတိုင်း ခြောက်မိုင်ခွဲခန့်အကွာ ရောဝတီမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက်(၁၆၄)ပေ၌ ရှိလေ၏။ ရှေးက မလွန်မြို့ဟောင်းကို ဂူ(၉)ဂူ၊ ကျောင်း(၉)ကျောင်း၊ သိမ်(၉)သိမ်၊ တောင်ကုန်း(၉)ကုန်း၊ ရွာ(၉)ရွာ၊ သူကြီး(၉)ဦး စသည်ဖြင့် ကိုးနဝင်းကြေ တည်ထောင်ခဲ့သည်ဟု လေ့လာသိရှိရသည်။

မလွန်မြို့သည် မြန်မာနိုင်ငံအနှံ့ လူသိထင်ရှားသော မလွန်မြသပိတ်တော် ကိန်းဝပ်ပူဇော်ရာ ထူးခြားလှသော ရှေးဟောင်းသာသနိက နယ်မြေတစ်ခုလည်း ဖြစ်လေ၏။ ထိုသို့ထူးခြားထင်ရှားသော မလွန်မြသပိတ်စေတီတော်အပြင်

www.burmeseclassic.com

www.burmeseclassic.com

အခြားသော ထူးခြားသည့် စေတီ(၅၄)ဆူလည်း ရှိသေးရာ ဒေသအစဉ်အလာကိုလိုက်၍ ဝါတွင်း၊ပါပအလိုက် ဆွမ်းတော်ကြီး တင်လှူရသော ဘုရားစေတီတော်အစုအဖွဲ့ဟူ၍ သတ်မှတ်ထားရာ စေတီလှစေတီမှ အစပြု၍ ဦးတူဘုရား ခေါ် တန်ဆောင်းတွင်း ရုပ်ပွားတော်ဘုရားကြီးများအထိ ဘုရားစေတီတော် (၁၉)ဆူရှိသည်ဟု ဖော်ပြထားသည်။

ဒေသခံလူများ နှစ်စဉ် ဝါဦးကာလ ဝါဆိုလမှစပြီး တပေါင်းလအထိ လစဉ် လဆန်း၊လဆုတ် (၁)ရက်နှင့် လဆန်း၊လဆုတ် (၉)ရက်နေ့ရောက်တိုင်း ဆွမ်းတော်ကြီး တင် ကပ်လှူပူဇော်ပွဲ အမြဲတမ်းကျင်းပပြုလုပ်လေ့ရှိသည်မှာ တစ်ပါးသူတို့ အတုယူဖွယ်ကောင်းလှ၏။

ထို့ပြင် မြသပိတ်စေတီတော်ကို အခြားသောတန်ခိုးကြီး ဘုရားစေတီများက ဝန်းရံထားရှိရာ အရှေ့ဘက် ရွှေမင်းအေးစေတီ၊ အနောက်ဘက် ရွှေတောင်ဦးစေတီ၊ တောင်ဘက် ရွှေဘုန်းသာစေတီ၊ စေတီလှစေတီ၊ မြောက်ဘက် ရွှေဆေးရံစေတီ၊ မဟာဝိဇယာဝီစေတီ၊ အရှေ့တောင်ဘက် ရှင်ပင်သက်ကွဲစေတီ၊ မဟာဗန္ဓုလအရိုးအိုးစေတီ၊ အနောက်တောင်ဘက် အင်းအောင်စေတီ၊ အင်းပျက်စေတီ၊ အနောက်မြောက်ဘက်ရှိ ရွှေစည်းခုံစေတီ၊ ကြောင်လိမ်စေတီ၊ အရှေ့မြောက် ရွှေမုဠောစေတီဟူ၍ စေတီတော်ရှစ်ဆူ ရှိလေသည်။

ကောဏာသက္ကရာဇ်(၈၄၄)ခုနှစ်မှစ၍ ယနေ့ထိ သမိုင်းစဉ်တစ်လျှောက် မလွန်မြို့ဟောင်းနှင့်စပ်၍ ထင်ရှားကျော်ကြားသော မင်းများ၊ သူရဲကောင်းစွမ်းသူကြီးများ၊ စာဆိုပညာရှင်များ များစွာရှိရာ အင်းဝမင်းခေါင်၊ တပင်ရွှေထီး၊ ရာဇာမိရာဇ်၊ သတိုးမင်းခေါင်၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၊ သူရဲကောင်း ဗညားကျွန်းတော၊ မိုးနဲ့ဒါရဏီမင်းသား၊ မကွေရာမင်းသားကြီး၊ စစ်သူကြီး မဟာဗန္ဓုလ၊ စလေ ဦးပုည၊ မလွန်မြို့ဝန် ဦးဘို စသည်တို့ဖြစ်၍ ယင်းပုဂ္ဂိုလ်တို့၏ ပါဝင်ပတ်သက်မှုများ၊ စွမ်းဆောင်ချက်များ၊ အလှူဒါနများ အကျိုးပြုချက်များသည် များပြားလွန်းသဖြင့် ဖော်ပြ၍ ကုန်နိုင်မည် မဟုတ်ပေ။ ယင်းတို့သည် မြသပိတ်စေတီတော်နှင့် မလွန်မြို့တို့၏ ရှေးခေတ် ဟောင်းအောက်မေ့ဖွယ်ရာများသာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

မိမိတို့သည် မလွန်မြသပိတ်စေတီတော်ကို ဖူးမြော်ပြီးသည့်နောက် မင်းလှခံတပ်ဆီသို့ ဆက်လက်ထွက်ခွာလာရာ ညနေ(၅း၃၀)နာရီလောက်တွင် ရောက်ရှိခဲ့သည်။ ရှေးခေတ် မြန်မာတို့၏ စစ်ရေးစစ်ရာ သမိုင်းကြောင်းအရ အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်သော သမိုင်းဝင်ခံတပ်(၂)ခုရှိရာ မင်းလှခံတပ်နှင့် ငွေးချောင်းခံတပ်ဟူ၍ဖြစ်သော်လည်း ယခုခရီးစဉ်နှင့် ဆက်စပ်သည့် မင်းလှခံတပ် အကြောင်းကိုသာ အကျဉ်းမျှ တင်ပြသွားမည် ဖြစ်ပါသည်။

မင်းလှခံတပ်

ထိုစဉ်အခါက အင်္ဂလိပ်တို့၏ အထက်မြန်မာနိုင်ငံ မြန်မာပြည်သိမ်းတိုက်ပွဲတွင် မင်းနေပြည်တော်မှ ထုတ်ဆင့်သည့် အမိန့်တော်ကို မခံမူ၍ အင်္ဂလိပ်တို့အား ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့သော ခံတပ်(၂)ခု ရှိသည့်အနက် မင်းလှခံတပ်သည် မကွေးတိုင်း၊ သရက်ခရိုင်၊ မင်းလှမြို့နယ်အတွင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်၌ တည်ရှိပြီး မင်းဘူးခရိုင်နှင့် နယ်ချဲ့ထိစပ်လျက်ရှိသည်။

ဗမာရေလိုက်ဝု

ခံတပ်သည် ဧရာဝတီမြစ်ကမ်းထိပ်တွင် တည်ရှိ၍ လေးထောင့်စပ်စပ် စတုဂံပုံသဏ္ဌာန် ရှိလေသည်။ ခံတပ်ကို အီတလီစစ်ဘက်ပညာရှင် ကွမ်မိုတို့နှင့် မိုလင်နာရီတို့နှစ်ဦးက ဦးစီး၍ မြန်မာစစ်ဘက်အင်ဂျင်နီယာများနှင့် မြန်မာသက္ကရာဇ်(၁၂၂၅) ခုနှစ်လယ်လောက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ အလွန်ကောင်းမွန်သော အင်္ဂလိတေစပ်နည်းများ အသုံးပြုထုတ်လုပ်ထားသော အုတ်ချပ်များကို အသုံးပြုကာ ထုံထည်ကြီးမားခိုင်ခံ့စွာ

www.burmeseclassic.com

www.burmeseclassic.com

ဖာညည်ဆောက်ခဲ့သည်။ ခံတပ်နှစ်ခုလုံးကို ထိုစဉ်က ဒေါင်းဒင်္ဂါးကျပ်ပြားငွေတော် (၇)သိန်းကျော် ကုန်ကျခဲ့သည်ဟု ဆော်ပြထားလေ၏။

ခံတပ်ကို အထက်အောက် လျှောက်လမ်းများဖြင့် အောက်ဝိုင်းပတ်လည်ဂူကြီးသဖွယ် တည်ဆောက်ထားလေ၏။ ခံတပ်တွင်းမှ အပေါ်လျှောက်လမ်းသို့တက်ရန် တောင်မြောက်အုတ်နံရံကပ်လျက် မျက်နှာချင်းဆိုင် အုတ်လှေကားကြီးနှစ်စင်းစီ ရှိလေ၏။ အပေါ်အောက်စကြိုလျှောက်လမ်းအကျယ်မှာ (၂၁)ပေခွဲရှိပြီး ခံတပ်လျှောက်လမ်းအပေါ်ဘက်ဖြူရိုးအမြင့်မှာ (၄)ပေ (၅)လက်မရှိကာ အပြင်ဘက်မျက်နှာ အုတ်ရိုးနှစ်ထပ်လုံး၏ နံရံထူမှာ (၁၇)ပေ (၃)လက်မ ရှိလေ၏။

ခံတပ်တစ်ခုလုံး အပြင်အလျားသည် (၁၇၃)ပေ (၇) လက်မရှိပြီး အနံမှာ (၁၃၁)ပေ (၄)လက်မရှိ၏။ အတွင်းဘက်အလျားမှာ (၁၀၈)ပေ (၂)လက်မနှင့် အနံမှာ (၈၈)ပေ (၄)လက်မ ရှိလေသည်။ အနောက်မြို့ဘက်ခံတပ်ဝင်ပေါက်ကို ခံတပ်စတြီးပေါ်တက် နှစ်ဖက်အုတ်လှေကားကြီးနှစ်စင်းဖာ မုခ်ဦးခုံးသဖွယ် တည်ဆောက်ထား၏။

ခံတပ်အပေါ် အုတ်ရိုးလျှောက်လမ်းထက်သို့တက်ရန် အုတ်လှေကားငယ်လေးများ အတွင်းဘက်ထောင့်တိုင်းခွရှိပြီး အပေါ်အုတ်ရိုးလျှောက်လမ်းတစ်လျှောက် စစ်သားများ နေရပ်သူရဲခိုကင်း တည်ရာနှင့် အလံတိုင်တစ်ခုစီ ရှိလေ၏။ ခံတပ်ဆောက်လုပ် ပြီးစီးသည့်အခါ ကွန်နောင်မင်းသားနှင့် ပြင်သစ်စစ်ဘက်အရာရှိတို့က ကြိုးကြပ်သင်ကြားပေးထားသော မြန်မာတပ်မတော် တပ်ခွဲများမှ နယ်ခြားစောင့်တင်းတပ်ခွဲအဖြစ် စဝင်တာဝန်ယူ ထမ်းဆောင်ခဲ့သည်။ ခံတပ်အတွင်း အဝေးပစ်အမြောက်များလည်း ထားရှိလေသည်။

၁၂၄၇)ခုနှစ်၊ တန်ဆောင်မုန်းလလောက်တွင် ဗိုလ်ချုပ်ရင်းဒါးဂတ်(စ်) ဦးစီးသော ဗြိတိသျှတို့၏ စစ်သင်္ဘောများ ခဲ့တက်ဝင်ရောက်လာသည့်အခါ အခြားသောခံတပ်များက ပြာပလောက်အောင် ခုခံတိုက်ခိုက်ခြင်း မရှိသော်လည်း ငွေးလှခံတပ်ရှိ ဓာပ်မှူးများဖြစ်သော မြင်းစဉ်ဝန်ဗိုလ်ချုပ်ငွေးကြီး မဟာသမိန်ဗရမ်း(ခ) မင်းလက်ဝါးကြီး၊ ခံတပ်ဦးစီးသော လက်ရွေးစင်ကြီး လှေသင်းဗိုလ်မင်းထင်မင်းလှဲ ရဲခေါင်သူရဲနှိန့်နှင့် ငွေးချောင်းခံတပ်ဦးစီး ပြည်လုံးအံလှေသင်း ဗိုလ်မင်းကျော် သိဒ္ဓိရန်အောင်တို့က အင်္ဂလိပ်တို့အား ခွန်ရှုပ်ခွန်ခွဲ ခုခံတိုက်ခိုက်ခဲ့ကြသည်ဟု မှတ်တမ်းများက



ဓာတ်ပုံ-ဆောစော်

ဆိုလေသည်။ ထိုသို့ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့သဖြင့် အင်္ဂလိပ်တို့ဘက်မှ အကျအဆုံးများခဲ့ပြီး ကျဆုံးခဲ့သော စစ်ဗိုလ်တို့၏ အုတ်ဂူများကို ယနေ့တိုင် မင်းလှခွဲ တွေ့ရှိနိုင်ပေသေးသည်။

အင်္ဂလိပ်တို့မှတ်တမ်းအရ ထိုစဉ်က မင်းလှခံတပ်သည် မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးနေပြီး အသုံးမပြုဟု ထင်မှတ်ထား၏။ အသုံးပြုသည့်တိုင်အောင် ထိုမျှအင်အား ကောင်းလိမ့်မည်ဟုလည်း မထင်ထားခဲ့ပေ။ အင်္ဂလိပ်တို့မှ တကယ်တမ်း မင်းလှခံတပ်ကို သိမ်းပိုက်ပြီးသည့်အခါ ကျောက်အုတ်တို့ဖြင့် ထုထည်ကြီးမားစွာ စနစ်တကျ အခိုင်အမာ တည်ဆောက်ထားသော မင်းလှခံတပ်သည် ခံတပ်များ၏ ဗဟိုအချက်အချာဖြစ်ကြောင်း အံ့သြလုံ့စွာ သိရှိဝန်ခံကြရသည်ဟု ဆိုလေသည်။

နန္ဒာမောင်(သံပြူဇရစ်)

စာကိုးစာရင်း

၁။ ကောင်းမြတ်(ခရာတော)၏
မလွန်မြသပိတ်စေတီ တော်သမိုင်း၊

၂။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၈)၊ စာ-နာ(၄၀၈၊ ၄၀၉၊ ၄၁၀၊ အတွဲ(၉) စာ-နာ (၂၄၀၊ ၂၄၁၊ ၂၄၂)

၃။ မောင်ယဉ်လှိုင်း(ပျဉ်းမမြို့)၏ မြန်မာ့သမိုင်းဝင်ခံတပ်များနှင့် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ။

www.burmeseclassic.com

www.burmeseclassic.com


ကျိုက်ဟတော်ဆိပ်ကမ် ပိဂုံတောင်ကြော်ဝေတော်အော်

မင်းပြားမြို့ ကျိန်းတောင်တန်းပေါ်က စကားဝါမွှင့်တဝေဝေနဲ့ ဇီဂျီအာတိမြူတိဆေတီဇေတာ

ကိုဇေအာမြင့် (မဟာဝိဇ္ဇာ၊ ဇရုန်-သု)

ရေဘေးသင့် ရခိုင်ဒေသသားတွေကို ကူညီလှူဒါန်းဖို့ (၁၂-စ-၁၅)ရက်၊ ပုဒ္ဒဟူးနေ့၊ နံနက်(၁၀)နာရီခွဲမှာ မင်္ဂလာဒုံလေဆိပ်ကနေ ကမ္ဘောဇဝဏ်နဲ့ ချိတ်ဆက်ထားတဲ့ ရတနာပုံလေကြောင်း လေယာဉ်ပျံနဲ့ စစ်တွေမြို့ကို ထွက်ခဲ့ပါတယ်။ လမ်းမှာ သံတွဲလေဆိပ်မှာ ခေတ္တရပ်နားခဲ့ပါသေးတယ်။ စစ်တွေလေဆိပ်ရောက်တော့ (၁၂)နာရီခွဲပါပြီ။ လေယာဉ်မရလို့ မွန်းလွဲပိုင်းလေယာဉ်နဲ့ လိုက်လာမယ့် မန္တလေးက မသီသီဝင်းကိုစောင့်ရင်း နားနေဆောင်မှာ အချိန်ဖြုန်းရပေါ့။

ပြည်နယ်လေဆိပ်ပေမယ့် နားခိုဆောင်မှာ အမှိုက်တွေ ပြန့်ကျဲပြီး ရှုပ်ပွနေရဲ့။ ဆန့်စေ့တွေ၊ မုန့်ထုပ်အခွံတွေ၊ အိတ်ကြွပ်တွေကို နင်းဖြတ်ရင်း တက္ကစီသမားတွေကလည်း ဆွဲလှုတတ် လူခေါ်နေကြရဲ့။ သန့်စင်ခန်းမှာတော့ ခဏတောင် ရပ်လို့မရအောင် အနံ့အသက်တွေက ဆိုးပါ့။

စစ်တွေမြို့ထဲကို ကားနဲ့အလာမှာတော့ မြို့ခံဦးပဉ္စင်းက တည်းခိုခန်းမဝင်ခင် စစ်တွေကမ်းခြေကို လိုက်ပြပါတယ်။ ကမ်းခြေအကွေ့လေးမှာပဲ အိတ်ကြွပ်ရောင်စုံတွေ ဝဲပျံနေတဲ့ အမှိုက်ပုံမကြီးမသေးကို တွေ့လိုက်ရတယ်။ အဲဒါကိုလွန်တော့ ဘွားခနဲပေါ်လာတဲ့ ပင်လယ်ပြင်ကြီးကို ဝမ်းသာအားရ မြင်လိုက်ရပေါ့။ သဲသောင်ပြင်ပြန့်ပြန့်ကျယ်ကျယ်ကြီးဘေးမှာ ကားကို ရပ်နားလိုက်ကြတယ်။ သောင်ပြင်ကို အပြေးတစ်ပိုင်း ဆင်းသွားကြတော့ လူသွားလမ်းနဲ့ သောင်ပြင်တို့ ဆုံစည်းရာ လမ်းတစ်လျှောက်မှာလည်း ရေသန့်ဘူး၊ အချိုရည်ဘူးခွံနဲ့ အမှိုက်တွေ အစုလိုက်အပုံလိုက်ပါ။ အကင်၊ အသုပ် ဒေသအစားအစာ၊ အုန်းစိမ်းနဲ့ အချိုရည်တွေအပြင် ကွမ်းယာ၊ ဆေးလိပ်တွေပါရောင်းတဲ့ တဲထိုး၊ ထီးမိုးဆိုင်လေးတွေကလည်း မှိုလိုပေါက်လို့ပေါ့။

စားသောက်ပြီး စွန့်ပစ်လိုက်သမျှ အမှိုက်တွေကိုတော့ စွေးသည်နဲ့ စားသုံးသူတွေက သောင်ပြင်ပေါ်ကိုပဲ ပက်ခနဲ ပစ်ချတတ်ကြရဲ့။ ပင်လယ်လှိုင်းက အမှိုက်တွေကို လာသိမ်းသွားမယ်ပေါ့။ ဩော်...သဘာဝက္ကပေးတဲ့ အလှကို အပြည့်

အဝခံစားနိုင်အောင် သဘာဝတရားကိုလည်း အလေးထားပြီး စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်သင့်ပါရဲ့။

သဲသောင်ပြင်မှာ ဘောလုံးကန်နေကြသူတွေ၊ ဘော်လီဘောပုတ်နေကြသူတွေလည်း တရုန်းရုန်းပါ။ ပြန့်ပြူးညံ့သက်တဲ့ သဘာဝအားကစားကွင်းတွေပေါ့။ လတ်ဆတ်တဲ့ လေသန့်နဲ့၊ စိမ်းမြတဲ့ ပင်လယ်ရေကို လက်ဆောင်ရထားတဲ့ မြို့ပေပဲ။ ဒီလိုင်းတွေကလည်း တစ်လိမ့်လိမ့်တက်လာလိုက်၊ တစ်အိအိပြန်ကျသွားလိုက်နဲ့ စည်းချက်ကိုမှန်လို့။ အားကစားသမားတွေရဲ့ အားပါးတရ အော်ဟစ်လိုက်သံတွေက ပင်လယ်လှိုင်းသံတွေကြားမှာ ထွင်းဖောက်ထွက်လာရဲ့။ ဟိုခပ်လှမ်းလှမ်း ပင်လယ်ပြင်ထဲမှာတော့ မီးပြတိုက်တစ်ခု လှမ်းတွေ့လိုက်ရတယ်။ နွေအခါတွေမှာဆိုရင် မီးပြတိုက်ရှိတဲ့ ကျွန်းကို စက်လှေနဲ့ သွားရောက်လည်ပတ်နိုင်သတဲ့။ သွား

www.burmeseclassic.com

www.burmeseclassic.com

ကျိန်းဝတောင်ခြေမှ ဥဩ

ကြည့်ချင်လိုက်တာ။

ညနေ အကျနေကို နောက်ခံထားပြီး လှိုင်းလုံးများနဲ့အတူ ဓာတ်ပုံရိုက်ကြတယ်။ မှာထားတဲ့ အုန်းစိမ်းရည်နဲ့ ငါးကင်တွေ ရောက်လာရဲ့။ ငါးကင်နဲ့ဟာ ပင်လယ်လေညှင်းနဲ့အတူ မွေးပျံ့လို့။ သောက်လိုက်ရတဲ့ အုန်းစိမ်းရည်ကလည်း အခြားနေရာတွေမှာထက် ပိုလို့ချို့တဲ့။ လေစိမ်းတွေလည်း တိုက်လာပြီမို့ နေမည်ချင်မှာ View point ကနေ ရွှေဝင်းသာလမ်းတစ်လျှောက် စစ်တွေမြို့ထဲကို ပြန်ဝင်လာတယ်။ ခပ်လှမ်းလှမ်းမှာ ဂန္ဓဝင်မြောက် ဒီသုကာအလှနဲ့ ကိုလိုနီခေတ် နာရီစင်ကို မြင်လိုက်ရစဉ်မှာပဲ ကားကို တည်းခိုခန်းရှေ့မှာ ရပ်လိုက်ကြပါတယ်။ လျှပ်စစ်ပစ္စည်းတွေရောင်းတဲ့ ဒွေကျားတို့က်နဲ့ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်က မာစီဒီးတည်းခိုခန်းမှာ တစ်ညတာနားခိုဖို့ နေရာယူလိုက်တယ်။ ခပ်မတ်မတ် လှေကားတွေကို မောဟိုက်အောင် တက်ခဲ့ပြီး (၅)ထပ်ကို ရောက်သွားကာ တစ်ယောက်အိပ် အိပ်ခန်းလေးထဲ ဝင်ခဲ့တယ်။ အခန်းရဲ့ အမိုးပေါ်မှာ ပန်ကာတစ်လုံးက တဖျတ်ဖျတ်အသံတွေပေးပြီး မှုန်းတွဲစွာ လည်ပတ်နေရဲ့။

တည်းခိုခန်းပြတင်းက ကြည့်လိုက်တဲ့အခါ စစ်တွေနာရီစင်ကို အတိုင်းသား မြင်နေရပေါ့။

ညစာအတွက်တော့ ရောမရောက်တုန်း ရောမလိုကျင့်ဖို့ ရခိုင်မုန့်တီဆိုင် လိုက်ရှာပြီး စားခဲ့ကြတယ်။

ညလယ်မှာတော့ ချွေးတပြိုက်ပြိုက်နဲ့ နိုးလာတယ်။ တစ်လောကလုံးလည်း မှောင်မည်းလို့၊ တစ်မြို့လုံး မီးပျက်သွားပြီလေ။ မီးဖြတ်တာလား၊ အလှည့်ကျ မီးပေးနေတာလား မသိ။ ပြတင်းပေါက်ကို ဆွဲဖွင့်လိုက်တော့ ပင်လယ်ပြင်ကိုဖြတ်ပြီး တိုက်ခတ်လာတဲ့ လေနုအေးလေးတစ်သုတ် ဝင်လာလို့ အအိုက်သက်သာသွားရဲ့။ မှောင်မှောင်မည်းမည်းထဲကပဲ အပြင်ကို လှမ်းကြည့်လိုက်မိတယ်။ သဘာဝဓာတ်ငွေ့ ထွက်တယ်ဆိုတဲ့ ရခိုင်ကမ်းမြောင်ဒေသမှာလည်း မှောင်လို့ပါလား။

မနက်စောစော လမ်းလျှောက်ထွက်ပြီး ဒေသန္တရဟုသုတ ရှာကြတယ်။ သဖြူသီး၊ လှော်စာဆိုင်လေးတွေ၊



စစ်တွေပြိုလဲတာ ကိုလိုနီခေတ်နာရီစင်

www.burmeseclassic.com

www.burmeseclassic.com

ဖိုဝိုဓစတီတော်ဘုန်းကြီး ဆုရှားဘစ်ဆူ

ဖိုဝိုဓစတီတော်ဘုန်းကြီး ဆုရှားဘစ်ဆူ

ကောက်ညှင်းထုပ်သည်တွေ၊ ပင်လယ်ငါးမျိုးစုံနဲ့ နာမည်ကျော် စစ်တွေငါးဈေးကို ရောက်ခဲ့တယ်။ ကမ်းနားမှာ ငါးတွေ ကြမ်းပြင်ပေါ် အပုံလိုက်ချပြီး ဈေးဖြတ်သူက အော်ဟစ်ဈေးခေါ်နေတာ တွေ့ရပေါ့။ ငါးလေလံဆွဲနေပုံဟာ တခြားနေရာမှာ မတွေ့နိုင်အောင် ထူးဆန်းတဲ့မြင်ကွင်း၊ ခြားနားလှတဲ့ အမူအကျင့်ပါပဲ။ စိတ်ဝင်စားစရာကောင်းလှရဲ့။

ကံပြားရပ်က BMG ရေသန့်ထုတ်လုပ်တဲ့ စက်ရုံကို သွားတယ်။ Sweet မုန့်မျိုးစုံလုပ်ငန်းလည်းရှိလို့ ရေဘေးသင့်ဒေသတွေက ကလေးတွေအတွက်ဝေဖို့ မုန့်တွေဝယ်တယ်။ မာစီဒီးတည်းခိုခန်းကို ပြန်ရောက်တော့ ကယ်ဆယ်ကူညီရေးခရီးဆက်ဖို့ ပြင်ဆင်ကြတယ်။ ရေတစ်တန် ကုန်းတစ်တန် သွားရမယ့်ခရီးမို့ ရေမကူးတတ်တဲ့ မသီက အသက်ကယ်အင်္ကျီ လိုချင်နေတယ်။ မကြာမီမှာ ကယ်ဆယ်ရေးကိစ္စတွေ ဆောင်ရွက်ပြီးလို့ ရန်ကုန်ပြန်မယ့် ကိုကျော်သူတို့ နာရေးအဖွဲ့က လူငယ်တွေ တည်းခိုခန်းကို ရောက်လာတယ်။ သူတို့မှာ အသက်ကယ်အင်္ကျီ လိမ္မော်ရောင်တွေတွေ့လို့ ဘယ်မှာဝယ်တာလဲလို့ မေးမြန်းစုံစမ်းကြည့်တယ်။ စကားမဆုံးခင်မှာပဲ ကျွန်တော်တို့ အင်္ကျီတွေ ယူလိုက်ပါလို့ ပေးခဲ့တယ်။ ပရဟိတစိတ်အပြည့်နဲ့ အလုပ်လုပ်နေကြသူတွေမို့ ကူညီဖို့ အသင့်ဖြစ်နေပုံပါပဲ။ ကျေးဇူးတင်ရရဲ့။ အင်း...ကိုယ်ပြန်တော့လည်း သူများကို တစ်ဆင့်ပြန်ပေးခဲ့ရုံပေါ့။

စစ်တွေဆိပ်ကမ်းကနေ ရွှေပြည်တန် လျှပ်ပြေးယာဉ်စီးကာ ရေပြင်ကျယ်ကြီးကိုဖြတ်ပြီး ကုလားတန်မြစ်၊ လေးမြို့မြစ်တွေကို ကျော်ရင်း မင်းပြားမြို့ကို ရေကြောင်းခရီးဆက်လက်နှင်ခဲ့ပါတယ်။ လေအေးပေးစက် တပ်ဆင်ထားပြီး ထိုင်ခုံတွေကလည်း ကောင်းလှလို့ ခရီးသွားရတာ သက်သောင့်သက်သာရှိလှရဲ့။ အင်း...ခုထိတော့ ကယ်ဆယ်ရေးခရီးက သာသာယာယာပါပဲ။ လျှပ်ပြေးယာဉ် ထွက်စမှာတော့ ရုပ်မြင်သံကြားစက်တွေလည်း တပ်ဆင်ပေးထားပြီး ရခိုင်တေးသံရှင်တွေရဲ့ သီချင်းတွေ လွှင့်ပေးတယ်။ သူတို့စကားကို သိပ်နားမလည်ပေမယ့် ဒေသအင္ဂေအသက်ပါလို့ ကြိုက်မိပါတယ်။ ကိုမောင်သိန်းဆိုတဲ့ ရခိုင်အဆိုတော်ရဲ့ သီချင်းတွေကို သတိထားမိရဲ့။ လျှပ်ပြေးယာဉ်ရဲ့ မှန်ပြတင်းတွေမှာ ခန်းဆီးတွေ တပ်ထားပြီး အဲဒါတွေကိုလည်း ယာဉ်အကူက ချထားခိုင်းလို့ ပတ်ဝန်းကျင်အလှအပနဲ့ ရှုခင်းတွေတော့ မကြည့်သာခဲ့ပါဘူး။ ပုဏ္ဏားကျွန်းမြို့မှာ ခဏရပ်နားပြီး မြေပုံမြို့ကိုဖြတ်ကာ မင်းပြားမြို့ဆိပ်ကမ်းကို ရောက်ရှိသွားပါတော့တယ်။ ဆိပ်ကမ်းဆိုပေမယ့် ဘာမှကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com

ဖိုဂိုဝင်တော်အနီးရှိ ဘုရားတစ်ဆူ

စားမား အဆောက်အအုံတွေ မရှိပါဘူး။ ကမ်းပြိုနေတဲ့ လက္ခဏာတွေ အပြည့်ရှိနေတဲ့ ကမ်းပါးမှာ ထိုးရပ်ပြီး သစ်သားပြားကြီးပေါ် လျှောက်စာက်သွားရတာပါ။

ကမ်းပါးပေါ်က လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်စောင့်နေတုန်းဆိုင်ရဲ့ သစ်လုံးတိုင်လေးတွေမှာ ရေကြီးခဲ့တဲ့ ရွှံ့တွေ တင်ကျန်နေသေးတာ တွေ့ရတယ်။ လူတစ်ရပ်မရှိတဲ့ ရှင်ခေါင်းလောက်နေရာထိ ရွှံ့နှစ်တွေ အရစ်လိုက် ကပ်နေဆဲပါ။ ဒီမြစ်ပြင်ကျယ်ကြီးကိုတောင် ရေတွေ တလိမ့်လိမ့်တက်လာပြီး မြို့ထဲကို စီးဝင်ကာ ရေတွေလွှမ်းခဲ့ပေါ့။ ရေမကြီးတဲ့ သာမန်အချိန်တွေမှာဆိုရင် ဒီကုလားတန်မြစ်မှာ ချောင်းဖျားက ကူးလာတဲ့ အညာရေဟာ ရေချိုဖြစ်ပြီး ပင်လယ်ကနေ တက်လာတဲ့ ဒီရေ အဝရေဟာ ရေငန်ဖြစ်ပါသတဲ့။ ရေကြီးစရက်တွေတုန်းကဆိုရင် ကူညီသူ အလှူရှင်တွေဟာ တစ်နေ့ကို သိန်း(၂၀)နဲ့ ရွှေပြည်တန်ယာဉ်ကိုငှားပြီး လှူမယ့်ပစ္စည်းဆွတင်ကာ မြစ်ရိုးတစ်လျှောက် အကူအညီသွားပေးခဲ့ကြတယ်လို့ ဒေသခံတစ်ယောက်က အားရကျေနပ်စွာ ပြောပြပါတယ်။

မင်းပြားမြို့ထဲမှာ တည်းခိုခန်းနေရာလွတ် မရှိတာမို့ ဦးပဉ္စင်းဥဩမ တည်းခိုတဲ့ သုခိတာရုံကျောင်းမှာပဲ ဖြစ်သလို လိုက်တည်းမယ်လို့ မသီသီဝင်းက ဆုံးဖြတ်ချက်ချလိုက်တယ်။ လမ်းတစ်နေရာမှာ ရခိုင်ရိုးရာရထားဆွဲပွဲ လှုံ့ဆော်ရေးကြော်ငြာကို မြင်လိုက်ရတယ်။ မင်းပြားမှာ ရထားဆွဲပွဲကို သုံးနှစ်တစ်ကြိမ် တပို့တွဲလတိုင်းမှာ ကျင်းပပါသတဲ့။

တည်းခိုမယ့် ကျောင်းကို ဆွမ်းခင် ကူညီရေးသွားမယ့် အစီအစဉ်တွေ ဆွဲနိုင်အောင် ရေဘေး အကူအညီတွေကို ကြီးကြပ်တဲ့ ဘုန်းတော်ကြီးတွေနဲ့ ဝင်တွေ့ဖို့ ကျိန်းတောင်ကို တက်တဲ့လမ်းအစ အတက်လမ်းမှခဲ့ဦးဘေးက ဘုန်းကြီးကျောင်းကို သွားခဲ့တယ်။ လမ်းမှာ ကျီးဖြူတောင်မုခဲ့ဦးဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတယ်။ ရေးဟောင်း ကျိန်းသမိုင်းဝင် တောင်(၉၉)တောင်မှာ တစ်လုံးအပါအဝင်ဖြစ်တဲ့ တောင်ပါ။ ဧည့်ဝတ်ပရိယတ္တိစာသင်တိုက် ဆိုတာကိုလည်း ဖြတ်ခဲ့ရပါတယ်။

ကြီးကြပ်ရေးကျောင်းရှေ့မှာ ကားရပ်လိုက်တော့ မိုးချုပ်လုလုအချိန် ရောက်နေပါပြီ။ ခဏနေတာနဲ့ မိုးစုတ်စုတ်

ပင်လယ်ကမ်းပြိုရိုးကြောင့်ဖြစ်ပေါ်လာသော ကမ်းပါးပေါ်ရှိ ကုလားတန်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ချုပ်သွားပါတော့တယ်။ မန္တလေးက သယ်လာတဲ့ ဆန်တွေကတော့ အဝေးပြေးကားကြီးတွေနဲ့ ရောက်နေခဲ့ဖေါ့။ အချိန်အတော်ကြာကြာ ဆွေးနွေးပြီးမှ တည်းခိုတဲ့ သုခိတာရုံကျောင်းကို ရောက်ပါတယ်။ ဝါးကာ၊ သစ်သားတစ်ထပ်ကျောင်းလေးပါ။ မလှမ်းမကမ်းမှာတော့ ဆောက်လက်စ တိုက်ကျောင်းက တိုင်ထူ၊ အမိုး၊ မိုးထားတဲ့ အဆင့်မှာပဲ ရှိနေရဲ့။

ကျောင်းလေးကကျဉ်းတော့ ဘုရားစင်ရှေ့မှာပဲ တန်းစီပြီး အိပ်လိုက်ကြရပါတယ်။ မီးတွေ ငြိမ်းသွားတဲ့အခါ မိုးရွာသလို ရေသံတွေ တစ်ညလုံး ကြားနေရတော့ အပြင်မှာ မိုးတွေ ရွာနေတယ်လို့ပဲ ထင်နေမိတယ်။ မနက်မိုးလင်းမှ ကျောင်းရဲ့ခြေရင်းမှာ သဘာဝရေတံခွန်ကြီးတစ်ခုက ရေတွေ တဝေါဝေါကျနေတယ်ဆိုတာ သိလိုက်ရပါတယ်။

(၁၄-၈-၁၅)(သောကြာနေ့) မနက်မှာတော့ အိပ်ရာနိုးတာနဲ့ ကိုယ်လက်သန့်စင်ပြီး မင်းပြားဈေးကို လမ်းလျှောက်သွားကြတယ်။

လောကမုနိ ပြည်လုံးချမ်းသာဘုရားကြီး

မင်းပြားဈေး မရောက်ခင်မှာ 'လောကမုနိ ပြည်လုံးချမ်းသာဘုရားကြီး' ဆိုတဲ့ ခန့်ညားလှတဲ့ ဆိုင်းဘုတ်မုခ်ဦးကြီးကို တွေ့လိုက်ရတယ်။ မြို့ရော နယ်ပါ ဓမ္မာရုံကြီးလည်းဖြစ်ပါသတဲ့။

ဘုရားကြီးအုတ်ရိုးကို လွန်တာနဲ့ ရေမြောင်းကြီးက လမ်းကို ကန့်လန့်ဖြတ်နေပါတယ်။ ရှုနှစ်ရောင်ညှိညှိညှစ်ညစ် ရေထဲမှာတော့ ကြွပ်ကြွပ်အိတ်တွေအပါအဝင် အမှိုက်သရိုက်မျိုးစုံ လွင့်မျောနေရဲ့။ အမှိုက်တွေက နည်းနည်းပါးပါး မဆိုသလောက် မဟုတ်ဘဲ ထူထပ်များပြားလှပါတယ်။ မြို့လယ်ကောင် အထင်ကရနေရာမှာ ညစ်ပတ်ရွံပ်ပွလွန်းတာမို့ အံ့လည်းသြမိတယ်။ ရေကြီးပြီးစ ဗရုတ်ဗရက်ကာလမို့ ရွံပ်ရွံပ်ပွပွဖြစ်နေတာပဲ ဖြစ်မှာပါလို့လည်း ဖြေတွေးလိုက်ရတယ်။ ဒါပေမဲ့ ဈေးအတွင်း လှည့်လည်လေ့လာတဲ့အခါမှာတော့ ပိုလို့ဆိုးနေပြန်ပါတယ်။ ဈေးက လေ့ဆိပ်မှာတော့ မျှစ်ဖတ်တွေ၊ အမှိုက်တွေက ရေကြီးလို့ချည်း မဟုတ်ပဲ စည်းကမ်းမဲ့နေကြလို့ဆိုတာ ပိုသေချာနေပေါ့။ အမှိုက်တွေကို လွယ်လင့်တကူ ကြံ့ရာနေရာတွေမှာ ပစ်နေကြတာ အမြင်ပဲလေ။

ဈေးဘေးပတ်လည်နဲ့ လမ်းမကြီးပေါ်က ရွှေဆိုင်တွေရဲ့ ရွှေပုံးတွေမှာ ရေကြီးလို့ ရေတက်ရောက်ခဲ့တဲ့ လက်ကျန်ရွှံနှစ်တွေကိုလည်း အရစ်လိုက် မြင်နေရဆဲပါ။ လမ်းကို ရေလွှမ်းပြီး အဲဒီဆိုင်တွေ၊ အိမ်တွေအထိ ရေတက်ခဲ့တာပဲ။

ဈေးထဲမှာ ဒေသထွက်ရာသီစာ မျှစ်စိုပေါက်ကြီးတွေ၊ ကဒတ်ဥတွေ၊ သစ္ပြသီးတွေကတော့ ပေါမှပေါပါ။ ငါးဈေးရုံမှာ ငါး၊ ပုစွန်တွေ အလွန်ဈေးချိုလှတာမို့ ပျော်ပျော်ပါးပါး ဝယ်ကြတယ်။ ငါးရွှေ၊ ငါးပြေမ၊ ငါးခိုက်၊ ငါးသရွေး၊ ငါးဖောင်ရိုးတွေ စုံလို့ပါပဲ။ ငါးဇင်ရိုင်းအကောင်လတ်လတ်တွေ တစ်ပုံကြီးမှ (၁၀၀၀)ကျပ်တည်းမို့ အပုံလိုက် ဝယ်ခဲ့တယ်။



ဈေးကနေ ကျိန်းတောင်ခြေက တည်းခိုရာ ဘုန်းကြီးကျောင်းကို လမ်းလျှောက်ပြန်လာကြတယ်။ မိုးတွေ ရွာလာလို့ ရေတွေ ရွှံနေပေမယ့် လမ်းလျှောက်ရတာ ကြည်နူးစရာပါ။ ဒါပေမဲ့ ဒီမိုးတွေကြောင့်ပဲ ရေတွေ ထပ်ကြီးလာဦးမလားလို့လည်း စိုးရိမ်သွားမိပြန်ရဲ့။ တောင်ခြေနောက်ခံနဲ့ လေးထောင့်စပ်စပ် ကန်အကြီးကြီးတစ်ကန် တွေ့ရတယ်။ ကြက်ခြေနီအသင်းက ပုံပိုးမှုနဲ့ ကန်ထိန်းသိမ်းရေးတွေ လုပ်နေကြောင်း စာရေးထားတာလည်း တွေ့လိုက်သေးရဲ့။ ဘုန်းကြီးကျောင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com

ကျိန်းတောင်ခြေတစ်လျှောက်မှာ ရှိနေတာမို့ ကျောင်းတံတိုင်းတွေမှာ ရေးထိုးထားတဲ့ အလှူရှင်နာမည်တွေကို ဖတ်ရင်း မိုးထဲမှာ ပျော်နေမိတယ်။ ရခိုင်နာမည်အချို့က ထူးဆန်းပြီး အချို့ကတော့ အတော်လေးကို လှလည်း အရမ်းလှတယ်။ ဦးငမဲကြီး၊ ဦးအောင်သာနိုး၊ ဦးခြတ်ထွန်းအောင်၊ ဦးမောင်ရွှေထိုး၊ ဒေါ်မယဉ်လှ၊ ဒေါ်အိမ်စိုးဖြူ၊ ဒေါ်အိမ်မိုးသာ၊ ဒေါ်အေးကြော့သာ၊ ဒေါ်အေးကြော့ညွှန့်၊ ဒေါ်ပန်းမြန်၊ ဒေါ်ကြိုင်နုဖြူ၊ ဒေါ်ကြိုင်ညိုဖြူ၊ ဒေါ်သာမဖြူ၊ ဒေါ်ကြာဇံဖြူ၊ ဒေါ်လှသာဖြူ စသည်,စသည်ဖြင့်ပေါ့။

ကျောင်းရောက်တော့ မသီနဲ့ မဝင်းကြည်တို့က ငါးဆောင်ရိုးကြော်ပြီး ငါးဇင်ရိုင်းဟင်း၊ သပြုသီးနဲ့ ရခိုင်ဟင်းချည်သောက်တွေ ချက်နေကြရဲ့။ ရခိုင်ဟင်းတွေဟာ ဆီပြားနည်းပြီး ကျန်းမာရေးနဲ့ ညီညွတ်လှတာမို့ နဂိုတည်းက ကြိုက်ခဲ့တာပါ။ ကျောင်းဘေးက ရေတံခွန်မှာ မြို့ထဲက လူတွေ အများကြီး ရေလာချိုးနေကြတယ်။ ဘောလုံးကန်ပြီး ပြန်လာရင်း ရေချိုးနေတဲ့ ကလေးတစ်သိုက်ကတော့ အော်တစ်ဆူညံလို့။ အဝတ်လျှော်သူတွေကလည်း ရေပေါပေါနဲ့ လျှော်ဖွတ်နေကြရဲ့။ ထုံးစံအတိုင်း အိတ်ကြပ်တွေ၊ အဝတ်စုတ်တွေ၊ ဂေါင်းခွံ၊ ဘူးခွံတွေကလည်း ပွထနေတာပါပဲ။ အားလုံးကို ရေထဲဆူထွားမှာပဲရယ်လို့ ပစ်စလက်ဆော် စွန့်ပစ်ထားကြတယ်။ ဒီလို ကျော်ခွန်မျိုး ကျိန်းတောင်ရဲ့ အခြားနေရာတွေမှာလည်းရှိပြီး နွေရာသီဆိုတောင် ရေမခန်းဘူးတဲ့။ ငရင်ချဉ်ဆိုတဲ့ နေရာမှာတော့ ရွှံခင်းဖြစ်ပြီး ချစ်သူစုံတွဲတွေပါ လာဆော့ကြလို့ ပိုစည်ကားပါတယ်ဗျ။

ကျောက်တောင်ကြီးရဲ့ ကမ်းပါးယံမှာ ရေတံခွန်က စီးကျနေပြီး ကျောက်နံရံတစ်လျှောက်က ကျောက်တုံးတွေဟာ သဘာဝအတိုင်းမဟုတ်ဘဲ လူတွေ ပြုပြင်ခုတ်ဖြတ်ထားပုံရတယ်။ ကျောက်ထုတ်လုပ်ရေးတွေ လုပ်နေကြတာလို့ အနီးအပါးကျောင်းက ဦးပဉ္စင်းလေးက ပြောပြတယ်။ ဘယ်လိုအစီအမံနဲ့၊ ဘယ်သူ့ခွင့်ပြုချက်နဲ့ ထုတ်လုပ်နေကြတာလဲ မသိ။ သဘာဝအလှတရားတွေ ပျက်စီးမှာကိုတော့ ထည့်တွက်ကြဟန် မရှိပါဘူး။ နှိုင်းယှဉ်ချိန်ဆပြီး သဘာဝကျောက်တောင်တွေ မထိခိုက်ရအောင် တူးဖော်မယ်ဆိုရင်တော့ ကောင်းပါရဲ့။ တစ်နေကုန် မိုးရွာနေလို့



www.burmeseclassic.com

www.burmeseclassic.com

ဝါးကျောင်းလေးမှာဘဲ တွေ့တဲ့စာအုပ်တွေ ကောက်ဖတ်နေလိုက်တယ်။ ဒေသခံ ဦးပဉ္စင်းဥတ္တမက လျှုဒါန်းရမယ့် ရေဘေးသင့်ရွာတွေကို စနည်းနာဖို့ သွားနေလို့ သူပြန်လာမှပဲ မနက်ဖြန် ခရီးဆက်ရမယ့် အစီအစဉ်တွေကို သိမယ်လေ။

(၁၅-၈-၁၅)(စနေနေ့) မနက်စာစားပြီးတာနဲ့ ဦးပဉ္စင်း အစီအစဉ်နဲ့ ကားငှားပြီး လှုဒါန်းဖို့ စတင်ခရီးထွက်ခဲ့တယ်။ မင်းပြားမြို့ကို အထိုင်ထားပြီး မင်းပြားမြို့နယ်က ရေဘေးသင့် ရွာတွေကို ကားတစ်စာန်၊ ဆိုင်ကယ်နောက်တွဲယာဉ် တစ်လှည့်၊ စက်လှေတစ်ဆင့်၊ လှော်လှေတစ်မျိုး၊ ခြေကျင် ခရီးတစ်ထောက်နဲ့ အရောက်သွားပြီး ကူညီကြမှာပါ။ ဒီနေ့ ဥပုသ်နေ့မို့ လမ်းတစ်လျှောက်က ဘုန်းကြီးကျောင်းတွေမှာ ဥပုသ်သည်တွေနဲ့ စည်ကားနေရဲ့။ မင်းပြားက စထွက်ပြီး အကွက်ချတည်ဆောက်ကာ အသိုးသီးနေရာတွေယူထားတဲ့ မြို့သစ်တိုးချဲ့ရပ်ကွက်တွေကိုလွန်တော့ လယ်ကွင်းတွေကို တွေ့ရတယ်။ အဲဒီမှာ ရေဘေးသင့်အိမ်ခြာရုံတွေကို စတင် တွေ့တာပါပဲ။

လမ်းဘေးမှာ သစ်တုံးအတိုအစတွေ အများကြီးတွေ့ ရပေမယ့် အရွက်စိမ်းတွေမပါဘဲ သစ်ကိုင်းသစ်ခက်နဲ့ ပင် စည်တွေချည်း ရှိနေရဲ့။ ရေမျောကမ်းတင်ဆိုတဲ့ စကားကို သတိရမိတယ်။ ရွာအချို့က ကားလမ်းဘေးတွေမှာ အဲဒီ သစ်တုံးတွေကိုပဲ လေဝင်လေထွက်ကောင်းအောင် အပြန် အလှန် စီထပ်ပြီး ပုံထားကြရဲ့။ ထင်းအဖြစ် သုံးနိုင်တာပ လေ။ တချို့ရွာတွေမတော့ ခုချိန်ထိ ပရမ်းပတာ အလဲလဲ အပြိုပြိုရှိနေဆဲပါ။

မိန်းမသားနဲ့ ကလေးငယ်တွေ အပါအဝင် ရွာသား အချို့ကိုလည်း ရေမျောသစ်တိုသစ်စတွေကြားမှာ ရှင်းလင်း ခုတ်ထစ်နေဆဲ တွေ့ခဲ့ရတယ်။ လယ်ကွင်းတွေထဲမှာလည်း ပြိုလဲနေတဲ့ သစ်ပင်တွေက အတုံးအရုံးပါ။ ရွာသူတွေကတော့ တစ်ဖက် နိုင်ငံကလာတဲ့ လည်သိမ်ဒန်ရေအိုးလုံးတွေကို ခါးထစ်ခွင်လို့ ရေသယ်နေကြရဲ့။ အချို့ကတော့ ခေါင်းမှာလည်းရွက်၊ ခါးမှာလည်း တင်လို့ပါ။ ရေကန်အတော်များများကို ရေဆိုးတွေ ဝင်ထားလို့ ပျက်စီးသွားပါပြီ။

ရေဘေးဆင်ခိုတဲ့ မင်းပြားမြို့နယ်အခြင်တွင်း

ရေဘေးသင့်ခဲ့တဲ့ မင်းပြားမြို့နယ်အခြင်တွင်း

ကားလမ်းတစ်လျှောက်က ရွာတွေမှာ တစ်ရွာဝင် တစ်ရွာထွက် လှုခဲ့ကြတယ်။ ဆန်နဲ့ဆီတွေကိုတော့ မနေ့တည်းက ဦးပဉ္စင်းဥတ္တမက ပို့ထားနှင့်ပြီတဲ့။ ဒီနေ့တော့ စစ်တွေက ဝယ်လာတဲ့ ယာယီရေကန်လုပ်ပြီး ရေသန့်မယ့် တာလပတ်အပြာစကြီးတွေပဲ ဝင်ပေးကြရတာပါ။ ဒီခရီးစဉ်မှာ ဦးပဉ္စင်းက ဗုဒ္ဓဘာသာဝင် ရွာတွေရဲ့ ဘုန်းကြီးကျောင်းတွေကိုပဲ အဓိကထား လုံးသွားဖို့ စီစဉ်ထားတာ သတိပြုမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျိန်းတောင်တက်လမ်းတစ်လျှောက်က
သာသနိကအဆောက်အအုံများ



ကျိန်းတောင်တက်လမ်းတစ်လျှောက်က
သာသနိကအဆောက်အအုံများ

ပထမဦးဆုံးလမ်းရဲ့ လက်ယာဘက်က စိန္တာမယကျောင်းတိုက်ရှေ့မှာ ကားရပ်ပြီး လျှောက်ခဲ့တယ်။ ကျောင်းအဝင်လမ်းမှာ ခုထိ ရှိသည်နှင့်တွေ့.ထူထူပျစ်ပျစ် ရှိနေတုန်းပါ။ ကျောင်းအဝင်မုခ်ဦးမှာ ဗျာလ်ရုပ်နှစ်ရုပ်ရုံပြီး အခန့်အညားလုပ်ထားရဲ့။ ဆန်တွေက ပို့ထားပြီးပြီမို့ တာလပတ်ပြာကြီးပဲ ထပ်ပေးခဲ့ရတယ်။ နောက်တစ်ခေါက်ကျောင်းကတော့ ခန္ဓာရောင်ခြည်ပဋိပတ္တိကျောင်းပါ။ သာသနတံခွန်ကျောင်းမှာလည်း ဝင်လှူခဲ့ပါတယ်။ ဘုန်းကြီးကျောင်းအတော်များများက ကျောင်းအောက်ကို လူဝင်ရပ်လို့ရအောင် ခြုံတဲ့ သစ်သားထည်ကျောင်းချည်း ဖြစ်ရှာမှာ ရေတက်လာတဲ့အခါ တစ်ရွာလုံး လာရောက်ခိုနားရာ (Shelter) တွေ အလိုလို ဖြစ်သွားရပါ့။ ကောင်းလေစွ။ ဘုန်းကြီးကျောင်းတွေဟာ ကျေးလက်တောရွာက ကလေးတွေအတွက် ပညာရေးအထောက်အကူပြု စာသင်ကျောင်းရာ (ဘ-က)ကျောင်းတွေ ဖြစ်ခဲ့သလို ခုနေခါများမှာလည်း နားခိုရာတွေ ဖြစ်နေပြန်ပါတယ်။

ရေဘေးအလှူကို ဦးပဉ္စင်းလေးက စီစဉ်ပေးတာမို့ ဘုန်းကြီးကျောင်းတွေမှာပဲ လုပ်ဖြစ်ခဲ့ပါရဲ့။ ကျောင်းရဲ့ဘုရားခန်း ခန်းဆောင်တွေမှာ ကြိုတင်ပို့ထားတဲ့ ဆန်အိတ်တွေ၊ ရေသန့်ဘူးတွေကို အသင့်ထပ်ထားပါတယ်။ ရခိုင်ကျေး

ကျိန်းတောင်တက်လမ်းတစ်လျှောက်က သာသနိကအဆောက်အအုံများ

www.burmeseclassic.com

www.burmeseclassic.com

ဇရပ်ပုံစံ စကားပြောသောင်နဲ့ တာလပတ်ကာယာယီဝရံတာ

လက် ဘုန်းကြီးကျောင်းရဲ့ ပင်မ ခန်းဆောင်က တိုင်တွေမှာ ထူးခြားတဲ့ ပရိဘောဂဒီဇိုင်းတစ်ခု ရှိနေတာလည်း သတိထားမိတယ်။ ကျောင်းတိုင်အရင်းကိုပတ်ပြီး ပြဒါးသုတ်ကြည့်မှန်ရှည်တွေ တပ်ကာ (၆) မြောင့်ပုံ ဗီရိုရှည်တွေ လုပ်ထားတာပါပဲ။ အချို့ကို ရိုးရိုးပဲ ပေါင်ခွေကာ ပေါ်လစ်တင်၊ ဆေးရောင်စုံသုတ်ပြီး လုပ်ထားပေမယ့် တချို့ကျောင်းတွေမှာတော့ မှန်စီရွေချထားရဲ့။ မူလရိုးရိုးတိုင်လုံးကို ပျောက်အောင် အလှအပဆင်ယင်ထားသလိုမို့ လှပခန်ညားသွားသလို ကြည့်မှန်အနေနဲ့လည်း သုံးနိုင်တာပေါ့။

ချင်းမကြီးတစ်ဦး စတင်တည်ခဲ့တယ်ဆိုတဲ့ရွာကိုလည်း ရောက်ခဲ့တယ်။ ရွာဘုန်းကြီးကျောင်း အဝင်မုခ်ဦး တစ်ဖက်စီမှာတော့ အနက်ရောင်သင်တိုင်းဝတ်ပြီး ပလိုင်းကြိုးကို နဖူးမှာ ချိတ်လွယ်ထားတဲ့ ချင်းအမျိုးသမီးပုံနဲ့ နဖူးမှာ သျှောင်ထုံးပြီး ဓားမကြီးထမ်းကာ ခါးတောင်းကျိုက်ထားတဲ့ အမျိုးသားပုံရှိတယ်။ အဲဒီကျောင်းမှာ ယခင်အလှူရှင်တွေ လှူထားတဲ့ တာလပတ်ပြာကြီးကာပြီး လုပ်ထားတဲ့ ရေကန်ကို စတင်တွေ့ဖူးတယ်။ ပါလာတဲ့ ရေသန့်ဆေးတွေ ထပ်လှူခဲ့ပါတယ်။ မကောင်းတဲ့ ရွံ့နှစ်ရေတွေ ဝင်နေတဲ့ သောက်သုံးရေကန်ကို ရေစုတ်စက်နဲ့ စုတ်ထုတ်နေတာလည်း တွေ့ခဲ့ရတယ်။

ဥပုသ်ဇရပ်မှာတော့ ရခိုင်မကြီးတွေ၊ ရခိုင်သားကြီးတွေ ဥပုသ်ဆောင် ဝင်နေကြရဲ့။ ကားလမ်းမပေါ်က်ဘဲ ရွံ့ထူတဲ့ လူသွားလမ်းပဲရှိတဲ့ ဝင်းဖားရွာ၊ နားတင်ရွာတွေဆီကိုတော့ စက်လှေလေးတွေ၊ တက်ကိုင်ပြီး လက်နဲ့လှော်တဲ့ လှေလေးတွေနဲ့ ချောင်းရိုးတစ်လျှောက် သွားလှူကြတယ်။ ရှေးကျတဲ့ ရွာအတော်များများမှာ မြောက်ဦးခေတ်ဘုရား စေတီတွေ တွေ့ခဲ့ရတယ်။ ဦးပဉ္စင်းအစီအစဉ်မို့ သူနဲ့ပတီသက်ရာ ရွာတွေကို ရောက်ခဲ့ကာ တစ်အိမ် ဆန်ရှစ်ပြည်၊ ဆီတစ်ပုံးနှုန်းတွက်ပြီး ပေးလှူနိုင်ခဲ့တယ်။ ကလေးတွေကိုလည်း မုန့်တွေဝေပြီး မန္တလေးက အလှူရှင်တွေ လှူလိုက်တဲ့ တီရှပ်တွေလည်း ဝေနိုင်ခဲ့ပါတယ်။ စစ်တွေက ဝယ်လာတဲ့ ရေသန့်ဘူးတွေလည်း ပေးလှူခဲ့ရတယ်။



ဝင်ပြီးခေတ်ပုံစံကျောင်းရဲ့ ဝရံတာနှစ်ခုကျလွှမ်းထားပုံ

နောက်တစ်ရွာကို ကူးဖို့တော့ ချောင်းရိုးလေးအတိုင်း စက်လှေနဲ့ သွားကြတယ်။ ချောင်းရဲ့ဝဲယာမှာ ကွမ်းသီးခြံ၊ အုန်းခြံတွေ အမြဲတွေ့ကြပါပဲ။ ချောင်းစပ်မှာ မျိုးရာဓလေ့အတိုင်း သစ်ခွဲတဲ့ လွှစင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ဦးပဉ္စင်းဥတ္တမနှင့် ရေသောဆေလျှကားကြီးများ

ဟန်အပြည့်နဲ့ ကြေးဆင်းတုတော်ကြီးတွေ ရှိရဲ့။ ရခိုင်တွေက ဘုရားဆင်းတုတော်ထုလုပ်ရာမှာ စကျင်ကျောက်ကို ထုလုပ်တာထက် ကြေးကို ပိုသုံးပြီး သွန်းယူလေ့ရှိတာ သတိပြုမိတယ်။ ဘုရားခန်းဘေးက ကျက်သရေခန်း ဗီရိုတွေပေါ်မှာ စတ္တူနဲ့ချိုးပြီး အဆင့်ဆင့်လုပ်ထားတဲ့ ပဒေသာပင်တိုင်တွေ၊ ရခိုင်ဓလေ့ ပွဲလမ်းသဘင်သုံး ခေါင်းဆောင်းတွေကို စိတ်ဝင်စားဖွယ် တွေ့လိုက်ရတယ်။ အဝိုင်းပုံ အခွေသုံးခုကို အဆင့်ဆင့် ဆင့်ထားပြီး ထိပ်ဆုံးမှာ ကတော့ပုံအချွန်းလေး တပ်ထားလို့ စေတီငယ်လေးနဲ့တူရဲ့။ ရှမ်းပြည်နယ်က ဘုန်းကြီးကျောင်းတွေမှာလည်း ရှမ်းဓလေ့အတိုင်း ပြုလုပ်ထားတဲ့ ရှင်လောင်းသုံးခေါင်းဆောင်းတွေ တွေ့ခဲ့ဖူးတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်ပေါ့။ ဘုရားခန်း ကျောင်းတိုင်တွေရဲ့ ထိပ်မှာ လက်တစ်ဖက်မြှောက်ကာ နှုတ်ဆက်ရင်း တိုင်ကိုမှီပြီး ခပ်ကိုင်းကိုင်း ရပ်နေတဲ့ ဇော်ဂျီရပ်တွေကိုလည်း သဘောကျမိရဲ့။ တကယ့် ကျေးလက်အနုပညာလက်ရာပါ။ တိုင်းရင်းသားတွေမှာ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ အသီးသီးနဲ့လေ။

မနက်စာကို ရွာတစ်ရွာက ဦးပဉ္စင်းအမျိုးအိမ်မှာ စား လေ့စပ်နေတာတွေလည်း တွေ့ရတယ်။ ချောင်းစပ်မှာ လတာပြင်တွေ၊ လမုပင်၊ သဖြုပင်တွေနဲ့မို့ မြစ်ဝကျွန်းပေါ် ဒေသဝတီတိုင်းက ကိုယ်တို့ရွာ ချောင်းလေးနဲ့ အမှေရဲ့ ကွမ်းသီးခြံကို သွားသတိရမိရဲ့။ ချောင်းကမ်းပါးတစ်လျှောက်မှာ အိမ်သာတွေ အစီအရီနဲ့မို့ ဒါကိုတော့ ပညာပေးဖို့ ကောင်းလှတယ်လို့ ပြောမိတယ်။ မဟုတ်ရင် ချောင်းတစ်လျှောက်မှာ မစင်တွေ စီးမျောပြီး ရောဂါပျံနှံ့မှာပေါ့။

ချဲကျိုကျိုရွှံ့နှစ်တွေ လူးပေနေတဲ့ ရွာလမ်းက လျှောက်တက်သွားပြီး ဘုန်းကြီးကျောင်းကိုဝင်တယ်။ ကျောင်းအဝင် မုခ်ဦးမှာ အင်္ဂတေနဲ့ သရုပ်ဖော်ထားတဲ့ ဆီမီးခွက်ကိုင်ပြီး ရပ်နေတဲ့ ရှေးရခိုင်အဆင်အယင်နဲ့ အရုပ်တွေ၊ ခရုသင်းပုံပါတဲ့ ရခိုင်ဒဂါးအမှတ်သင်္ကေတတွေကိုလည်း ထုလုပ်ထားရဲ့။ ဘုန်းကြီးကျောင်းအဝင်လမ်းမှာ ရွက်လှပန်းမျိုးစုံကိုလည်း စိုက်ပျိုးထားတာ အတော်ဆဆာလှပပါတယ်။ ရှေးသစ်သားဆောင်းကြီးက အရိုင်ဖခံနဲ့ ထည်ထည်ဝါဝါပါ။ အုတ်လှေကားရင်းမှာ ခြေဆေးပြီး ကျောင်းပေါ်တက်ခဲ့ကြတော့ အဲဒီမှာလည်း လှူထားတဲ့ ဆန်အိတ်တွေ အသင့်ရောက်နေလို့ လှူခဲ့ရုံပါပဲ။

ဘုရားဆောင်မှာတော့ ရခိုင်

ဇင်ပြောင်ကြီးကျောင်းတိုက်အဝင်ပေါက်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ရေဘေးသင့် ကျေးရွာများမှာ လူဒုက္ခနှိပ်စက်ခံ

ခဲ့တယ်။ အိမ်အောက်ထပ်မှာ လှေစပ်တဲ့လုပ်ငန်းနဲ့ အိမ်ဆိုင်လေးပါရှိတဲ့ ခြေတံရှည်ရခိုင်အိမ်ပါ။ ရွာလယ် ချောင်းတံတားထိပ်မှာတော့ ယောက်သွားခွဲတွေ အများကြီး ပုံထားတာ တွေ့ရတယ်။ ဒီအခွံတွေကို တစ်ခုခုအသုံးချရင် ရမယ် ထင်ပါရဲ့။ ဥပမာ-ကြိတ်ပြီး ကြက်စာထဲ ထည့်တာမျိုး၊ လက်မှုပစ္စည်းတစ်ခုခု ထုတ်လုပ်တာမျိုးပေါ့။ ခုတော့ အလကားပုံထားလို့ လမ်းလည်း ညစ်ပတ်ပြီး အကျိုးမဲ့ဖြစ်တာပေါ့။

ငပုကွရွာကတော့ ဦးပဉ္စင်းဥတ္တမမယ်တော် နေထိုင်တဲ့ ရွာပါ။ အဲဒီရွာဦးက ယခင်က စီးသင်တိုက်ပါ ရှိခဲ့တယ်ဆိုတဲ့ ဘုန်းကြီးကျောင်းကြီးကို ရောက်ပါတယ်။ မြောက်ဦးခေတ် ဆင်းတုတော်တွေကိုလည်း ကျောင်းရဲ့ သိမ်ထဲမှာ ဖူးတွေ့ခဲ့ရတယ်။ ကျောင်းအဝင်ဆိုင်းဘုတ် တစ်ဖက်တစ်ချက်မှာ ဗျာလ်ရုပ်ကြီးတွေရှိရဲ့။ အဲဒီမုခ်ဦး အင်္ဂတေအုတ်ခုံမှာ ရေးထိုးထားတဲ့ ခပ်ရှင်းရှင်း အလှူကမ္မည်းစာက စိတ်ဝင်စားစရာပါ။ '(၁၃၇၄)ခုနှစ်၊ လူပျို အပျိုနှင့် လူငယ်ရိုးရာ စည်တော်အဖွဲ့မှ လုပ်သည်' တဲ့။

ကျောင်းအတက် လှေကားအုတ်ခုံတိုင်မှာ ရေတက်ထားတဲ့ အရစ်တွေ တွေ့နေရတယ်။ သိမ်အောက စေတီလေးရဲ့ ရင်ပြင်တစ်ခုလုံးမှာတော့ အခုထက်တိုင် တစ်ပေကျော်လောက်ရှိတဲ့ နုံးနဲ့ ရွှံညွန်တွေ ထူထပ်စွာ တင်ကျန်နေဆဲပါ။ သိမ်ထဲမှာ မြောက်ဦးခေတ် ဆင်းတုတော်တွေ ရှိတယ်ဆိုလို့ သွားဖူးတော့ ခြေထောက်တွေက နှံထဲကို ကျွံဝင်သွားလို့ ခက်ခဲစွာ သွားခဲ့ရတယ်။

ကျောင်းပေါ်က ဘုရားခန်းမျက်နှာကြက်ကို သစ်သားပြားကြီးတွေဆက်ပြီး ကနုတ်ပန်းခက်တွေ ထွင်းထုထားတာ လှလိုက်တာ။ ဗုဒ္ဓဝင်ပန်းချီကားကြီးတွေလည်း မျက်နှာကြက်အနားတစ်လျှောက်မှာ ချိတ်ဆွဲထားရဲ့။ ကျောင်းတိုင်တွေကို (၆)ထောင့်မှန်ကပ်ဗီရိုတွေ ပတ်လည်တပ်ထားပြီး မှန်စီရွေချထားလို့ ဝင်းဝါပြောင်လက် ခန့်ညားနေရဲ့။ ဆင်းတုတော်နဲ့ ပန်းပုရုပ်တွေလည်း ဘုရားခန်းမှာ အများကြီးပါ။

ကိုယ့်ကို ရှေးဟောင်းသုတေသနကမှန်းသိတော့ ဘုန်းကြီးက ဗီရိုထဲကဘုရားလေးတွေ ထုတ်ပြပါတယ်။ တစ်ထွာလောက် အမြင့်နဲ့ အုတ်ခွက်ဘုရားလို ခပ်ပြားပြား သွန်းလုပ်ထားတဲ့ ဘုရားလေးဟာ အတော်ရှေးကျမှန်း၊ ပုံသွင်းပြီး သွန်းလုပ်ထားမှန်း သတိထားမိပေမယ့် ခေတ်ကို မခန့်မှန်းနိုင်ခဲ့ပါဘူး။ ကြေးသွန်းဌာပနာစေတီလေးတွေ၊ အလွန်သေး

ရေဘေးသင့် ကျေးရွာများမှာ လူဒုက္ခနှိပ်စက်ခံ

www.burmeseclassic.com

www.burmeseclassic.com

ရေဘေးသင့် ကျေးရွာများမှာ လှုဒါန်းစဉ်

တဲ့ ကျောင်းဆောင်နဲ့ ဆင်းတုလေးတွေ၊ ဂူဘုရားပုံလေးတွေလည်း အများကြီးပါ။ လန်ဒန်က ထုတ်လုပ်တဲ့ ရှေးဟောင်းကြွေရေစစ်အိုးကြီးကိုလည်း ဘုန်းကြီးပြလို့ မြင်ခဲ့ရတယ်။ ကျန်းမာရေးအတွက် ကောင်းတဲ့ ရေသန့်လုပ်တဲ့ သောက်ရေအိုးကြီးပါ။

ရှေးမြောက်ဦးခေတ်ဘုရားတွေ ရှိတဲ့ တန်ဆောင်းထဲမှာ ဆန်တွေပုံပြီး ရွာသားတွေကို လှူခဲ့ကြတယ်။ ဘေလေးတွေကိုလည်း စစ်တွေက ယင်္ကျားတဲ့ မုန့်တွေ အိတ်သွန်ဖာ နောက် ဝေပေးလိုက်တယ်။ ဘုရားတွေ နောက်ကျောနံရံမှာ တစ်ဖက်ကြွထုလုပ်ထားတဲ့ အိန္ဒိယ ဆန်ချိပုံစေတီလေးတွေ အများကြီးတွေ့ရတယ်။ အလှူရှင်တွေကတော့ 'သာသနာတိတ်ကာရီ ငါးကျပ်စု ဒါယိကာမများကောင်းမှု'တဲ့။ ဒီရွာမှာ ဘာသာရေးလုပ်တဲ့ အသင်းအဖွဲ့လေးတွေ အများကြီး ရှိခဲ့ပုံရတယ်။

တန်ဆောင်းနောက်မှာတော့ ရွာချောင်းလေးက ခရီးတွေ စိတ်နှံပေါက်နေတဲ့ ချောင်းကမ်းပါးနှစ်ခုကြားမှာ တစ်ဦးမှဦးမှ စီးဆင်းလို့။ သြော်...ရှေးကြီးစဉ်ကာလမှာတော့ ဒီချောင်းလေးထဲက ရေတွေဟာ နဂါးတစ်ကောင်လို လူးလွန့်ပြီး ကမ်းပေါ် တက်လာခဲ့ပေမပေါ့။ တန်ဆောင်းနဲ့ လှမ်းမတမ်းမှာ ရွာရဲ့ သောက်ရေကန်ရှိပေမယ့် ခုတော့ ရေဆိုးတွေဝင်ပြီး ပျက်စီးသွားပြီတဲ့။ တန်ဆောင်းရှေ့ မြေအပြင်မှာ ရခိုင်မလေးတစ်ဦးက ရေထိထားတဲ့ စပါးတွေကို နေနဲ့ထိတွေ့မှု နှံ့သွားအောင် ခြေနဲ့ယက်ယက်ပြီး လှန်ပေးရင်း နေလှန်နေတယ်။ မျိုးစပါးလား၊ စားဖို့လောင်ထားတဲ့ စပါးလား၊ ဒီတစ်မိုးစာ သူတို့မိသားစုအတွက် ဝမ်းစာကျန်ပါလေစ။ သူကတော့ ပျက်စီးမယ့်အထဲက ရနိုင်သမျှ ပြန်ရအောင် နေပူပူမှာ မမောနိုင်အောင် စပါးလှန်နေရှာရဲ့။

တစ်နေကုန် ရွာစဉ်လျှောက် လှူဒါန်းခဲ့ပြီး နောက်ဆုံးမတော့ စိုက်လက်စ စိမ်းနုနုလယ်ကွင်းတွေကိုဖြတ်ပြီး ရွှံ့ဗွက်တွေ ခြေသလုံးမြုပ်နဲ့ ခြေကျင်ကုန်းကြောင်းလျှောက်ပြီး အဝေးကြီး သွားရောက်ခဲ့ရတဲ့ ကားလမ်းနဲ့ အတော်ဝေးတဲ့ ပြားချောင်းရွာ ဘုန်းကြီးကျောင်းမှာ ခရီးဆုံးပါတယ်။ စပါးပင်တွေ ပြန်စိုက်ထားနိုင်တဲ့ လယ်ကွက်တွေကို တွေ့ရလို့လည်း ရေဘေးသင့်ခဲ့ပေမယ့် ဒီနေရာမှာတော့ သိပ်မဆိုးလှဘူးရယ်လို့ စိတ်သက်သာရာရခဲ့ပါရဲ့။ ဒါပေမဲ့ ရွာတိုင်းမှာ တညီတညာတည်း ပြောတာကတော့ သက်ဆိုင်ရာက ခုထိ ဘာအကူအညီမှ ရောက်မလာသေးဘူးဆိုတာပါပဲ။

ရေဝေဆေးသင့်ခဲ့တဲ့ ဇင်ပြာမြို့နယ်က ကြင်းတွင်း

ကပွဲယကြီးက အသံခဲ့စက်နဲ့ ရွာထဲကိုလှမ်းပြီး လာရောက်လှူဖို့ ရခိုင်သံနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ဘတ်ဝင်ခြေကအုန်းပြောင်းခွဲ

ဖို့ပါပဲ။ မကြာခင်မှာပဲ တစ်ရွာလုံး ပြိုဆင်းလာကြပေါ့။

ဘုန်းကြီးက ကျောင်းဝင်းထဲက အုန်းပင်ကို ချက်ချင်းတက်ခိုင်းပြီး လတ်လတ်ဆတ်ဆတ် အုန်းရည်ချိုချိုနဲ့ ဧည့်ခံလိုက်လို့ အမောပြေပါရဲ့။ အုန်းသီးတက်ခူးပေးတဲ့ လူငယ်လေးကို ဝတ်လာတဲ့ မိုးရေခံကုတ်ကင် ချွတ်ပေးလိုက်မိတယ်။

ရွာထဲက ဖြတ်အပြန်မှာ အုန်းပင်တစ်ပင်လှဲပြီး ခုတ်ဖြတ်နေကြတာတွေ့လို့ မဝင်းကြည်က အုန်းပင်ထိပ်ဖျားက အုန်းဖူးနုနုဖြူဖြူကြီးကို တောင်းလာခဲ့တယ်။ ဆင်စွယ်နှစ်ရောင် အုန်းဖူးကြီးဟာ မျှစ်စို့ပေါက်လို နို့နှစ်ရောင်ရှိပြီး မျှစ်ဟင်း လေးငါးဆိုးချက်စာလောက် ကြီးပါတယ်။ အုန်းဖူးဟာ အုန်းစိမ်းနဲ့မွေးနေပြီး ဒီအတိုင်းလည်း ကိုက်စားလို့ရတယ်။

မင်းပြားကို ပြန်အဝင်မှာတော့ ရာသီဥတုက သာယာနေရဲ့။ မြို့အဝင်နားမှာ ယောဂီဝတ်စုံနဲ့ လူငယ်တွေက ဥပုသ်ပြန်တွေကို အအေးခွက်လေးတွေကမ်းပြီး လိုက်တိုက်ရင်း ကုသိုလ်ယူနေကြတယ်။ ငရင်ချိုင်အပန်းဖြေစခန်းဘေးက ဖြတ်ခဲ့ရပြီး လမ်းတစ်လျှောက်မှာ လူငယ်တွေ ဘောလုံးကန်နေတဲ့ မြေအပြန့်မြက်ခင်းစိမ်းတွေလည်း တွေ့ရတယ်။ ညြော့..ခုတော့လည်း ရေဘေးသင့်တဲ့အရပ်လို့ မပြောတတ်နိုင်အောင်ဘဲ လူတွေ ပုံမှန်သွားလာနေကြပေါ့။ မုန်တိုင်းနောက်က လေပြည်ငြိမ်လေ။

ညစာမှာ ပြားချောင်းရွာက တောင်းခဲ့ကြတဲ့ အုန်းဖူးကို ငပိ၊ ဆားတွေနဲ့ပဲ ချက်ထားတဲ့ ဟင်းတစ်ခွက်ပါတယ်။ တစ်ခါမှ မစားဖူး၊ စားရကောင်းမှန်းလည်း မသိတဲ့ဟင်းပေါ့။ အုန်းနို့နဲ့ ချက်ထားတဲ့ မျှစ်ဟင်းနဲ့ အရသာဆင်ဆင်တူပေမယ့် အုန်းစိမ်းနဲ့လေးသင်းပြီး ပိုလည်းချိုရဲ့။ မသီက သူတို့ရှမ်းပြည်နယ်ဘက်မှာတော့ အုန်းဦးနှောက်လို့ ခေါ်သတဲ့။ ရခိုင်စာတွေ ကောင်းကောင်းစားပြီး မိုးသဲသဲမဲမဲ ရွာသံ၊ရေတံခွန်က ရေစီးသံတွေနဲ့ ကျိန်းတောင်ခြေမှာ အိပ်လိုက်ရလို့ အားအင်တွေ ပြန်ပြည့်ပြီး မောတယ်လို့ မထင်ရပါဘူး။

(၁၆-၈-၂၀၁၅) တနင်္ဂနွေနေ့ နေ့လယ်ဘက်မှာ တည်းခိုရာကျောင်းကနေ ကျိန်းတောင်ခြေကို လမ်းလျှောက်သွားကြတယ်။ သံတွဲတက်ကလည်း ဘုန်းကြီးတွေ၊ တပည့်လူပုဂ္ဂိုလ်တွေ ကားကြီးတွေနဲ့ ရောက်လာပြီး ဆန်လျှဒါန်းကြတာ တွေ့ရတယ်။ နယ်အသီးသီးက ပေပေတူးတူးနဲ့ ရောက်လာကြတဲ့ အလှူရှင်တွေဟာ ရေတံခွန်မှာ ရေသာချိုးကြလို့ ဒီနားတစ်ဝိုက်မှာ စည်ကား

ဝိဇ္ဇါဓရတိတောဘုရားကြီး ရောက်ရှိခြင်း

www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။

ကျိန်းတောင်ခြေ မရောက်ခင်လေးမှာ ဦးပဉ္စင်းရဲ့ ရုပ်နန်းဖော် ဦးပဉ္စင်းတွေ ဦးစီးပြီး ရေသန့်ကိစ္စတွေ ဆောင်ရွက်နေတဲ့ ကျောင်းကို ဝင်ခဲ့ကြသေးတယ်။ ဥာဏကာနဥ္စသင်္ဂဟဖောင်ဒေးရှင်း သံဃာတော်များနဲ့ မင်းပြားမြို့နယ် ကျန်းမာရေးဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုပါ။ ရေဘေးသင့်ပြည်သူများ ရေသန့်ရရှိရေးအတွက် ရေကို ကလိုရင်း အချိုးကျ ဘယ်လိုခတ်ရတာကို စနစ်တကျပြသရင်း လက်တန်းစာစောင်လေးတွေ ရိုက်နှိပ်ပြီး ဝေငှကြသလို ကိုယ်တိုင်လည်း လိုက်ပါလုပ်ဆောင်ပေးနေတဲ့ အဖွဲ့ပေါ့။ ကိုယ်တို့မှာလည်း ရေသန့်ဆေးပုံးတွေ ပါခဲ့လို့ သူတို့ကို လှူလိုက်ကြတယ်။ ဦးပဉ္စင်းတို့က ရွှံ့နှစ်တွေနဲ့ ရေ၊ အရောင်ချွတ်ဆေး(bleaching) ပေါင်ဒါ၊ ကျောက်ချဉ်နဲ့ ကလိုရင်းမှုန့်တွေ ခတ်လိုက်လို့ ပြောင်းလဲကာ သန့်စင်အနည်ကျသွားတဲ့ ရေတွေကို လူတွေမြင်သာအောင် ရေပုလင်းနမူနာလေးတွေနဲ့ အသင့်လုပ်ပြီး အဆင့်ဆင့်ပြထားရဲ့။ ကျောင်းအောက် လှေကားရင်းမှာလည်း တာလပတ်နဲ့ လုပ်ထားတဲ့ ယာယီရေစုန်ထဲ ရေထည့်ပြီး ဆေးခတ်ပြထားတယ်။ ဆေးပုံးတွေလည်း အများအပြားတွေ့ရတယ်။ ဘယ်ကသိုယ်ရှင်တွေ၊ ဘယ်အသင်းအဖွဲ့တွေကများ လှူဒါန်းထားပါလိမ့်။

အဲဒီတောင်ခြေကမှ တောင်ပေါ်ကို ဘုရားဖူးဖို့ ဆိုင်ကယ်တက္ကစီနဲ့ (၅၀၀)ကျပ်စီပေးပြီး တက်ကြတယ်။ တောင်တက်လမ်းတစ်လျှောက် တက်လိုက်တာနဲ့ မြို့ကို အပေါ်စီးကနေ ပိုပိုမြင်လာရတယ်။ ရှုခင်းတွေက စိမ်းမြလှပလွန်းပါရဲ့။

တောင်ကုန်းထိပ်မှာရှိတဲ့ ဘုရားရင်ပြင်ပေါ်ကိုတက်တဲ့ လှေကားဘေးမှာ စက်လက်ဇာအစုံနဲ့ ဗုဒ္ဓခြေတော်ရာ တစ်ဖက်ကို ပူဇော်ထားတယ်။ လှေကားထိပ်မှာတော့ "ကျိန်းတောင် ဖိုဂါဓာတ်စေတီတော်"လို့ ကမ္ဘည်းထိုးထားရဲ့။ ဘုရားရှင်ရဲ့ လျှာရင်းတော်ဓာတ်ကို ဌာပနာထားတယ်လို့ သိရပါတယ်။ စေတီရင်ပြင်အပြည့် ကြွေပြားဖြူကြီးတွေခင်းထားတော့ သန့်ရှင်းပြောင်လက်နေပေမယ့် မိုးရေတွေနဲ့ ရွှံပြီး လမ်းလျှောက်ရ ခက်လိုက်တာ။ ချော်လဲမှာစိုးပြီး နေညီးသတိထားလျှောက်နေရလို့ ဘုရားကို စိတ်အေးလက်အေး မော်ပြီး မဖူးရဲဘူး။ ရင်ပြင်ထောင့်တစ်နေရာမှာတော့ လူလုံးနှစ်ဖက်ခွဲလောက်ရှိတဲ့ ပင်စည်နဲ့ စကားပင်ကြီး တစ်ပင်ဟာ အပွင့်ကားကားကြီးတွေ တဝေဝေနဲ့မို့ လေသင့်တိုင်း ရွှေမြနေပေါ့။

ဖိုဂါဓာတ်စေတီတော်ရှိ ဗုဒ္ဓခြေတော်ရာ

တောင်ထိပ် ရောက်တဲ့အခါ ဘုရား၊ စေတီနဲ့ တန်ဆောင်း၊ ကျောင်းကန်တွေ တွေ့ရသလို မင်းပြားမြို့ တစ်မြို့လုံးကိုသာမက ပတ်ဝန်းကျင်တစ်ခွင်လုံးကိုလည်း ငှက်တစ်ကောင်ရဲ့(bird eye view) နဲ့ စီးမြင်နေရတယ်။ မြို့က အဆောက်အအုံတွေရဲ့ အမိုးနီနီတွေ၊ ရာမောင်မြစ်၊ လေးမြို့မြစ်တွေ၊ လယ်ကွင်းတွေ၊ မြို့ထဲက ရေကန်တွေမှာ အရောင်နှစ်မျိုး ဖြစ်နေတာလည်း အထင်အရှားမြင်ရတယ်။ ရေကြီးတုန်းက ရေဆိုးတွေဝင်ပြီး ပျက်စီးသွားတဲ့ ရေနောက်ကန်တွေနဲ့ မူလသန့်စင်တဲ့ စိမ်းမြမြရေကန်တွေပါ။

<u>ကျိန်းတောင်ထိပ်က ဖိုဂါဓာတ်မြတ်စေတီတော်</u>

ဒီကျိန်းတောင်ထိပ်မှာ တောင်ပေါ်ဘုရားပွဲလည်း နှစ်စဉ် စည်ကားစွာ ကျင်းပပါတယ်။ စေတီတော်က ဥာဏ်တော်သိပ်အမြင့်ကြီးမဟုတ်ဘဲ ခပ်သေးသေးရယ်ပါ။ ခပ်ရိုးရိုး ခပ်ရှင်းရှင်းပဲ တည်ဆောက်ထားပါတယ်။ စက်ဝိုင်းပုံ ပန္နက်ပေါ်မှာ တည်ထားတဲ့ စေတီပေမယ့် အောက်ခံဖိနပ်ခုံကို ရှစ်ထောင့်ချိုးထားပြီး ထောင့်တိုင်းမှာ ကလသာအိုးကြီးတွေ ထားရှိပါတယ်။ စေတီမှာ ဘီလူးပန်းဆွဲတွေမပါဘဲ ရိုးရိုးပန်းခက်ယောင်ယောင်လေးတွေပဲ ပတ်ထားရဲ့။ ပစ္စယာအဆင့်တွေမှာ အရံစေတီငယ်တွေလည်း မပါတဲ့ စေတီကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ထားပါတယ်။ ရင်

www.burmeseclassic.com

www.burmeseclassic.com

ကျိုင်းတောင်ဆိပ်က ဖိုဝါတောင်ကြီးစေတီတော်

နောက်ထပ် တန်ဆောင်းရှည်တစ်ခုထဲမှာတော့ ညာဘက်လက်တော်ကို တံတောင်ကွေးကထောက်ကာ ဦးခေါင်းတော်တင်ထားတဲ့ ညည့်ခံလျောင်းတော်မူ ဆင်းတုကြီး တစ်ဆူ ရှိနေရဲ့။ ဘုရားရှင်ခြေရင်းမှာ မကိုဋ္ဌဆောင်းပြီး ဆံပင်ရှည်ကို ရင်ဘတ်ပေါ်ချကာ ကိုင်ထားတဲ့ နတ်သမီးပုံကို တွေ့ရတယ်။ ထူးဆန်းတာက နတ်သမီးဟာ မကိုဋ္ဌပါတဲ့ဘဲကလွဲလို့ ဒီနေ့ခေတ် အင်္ကျီ၊ လုံချည်တွေနဲ့ပါ။ ဘာအတွေ့နဲ့အတက် အဆင်တန်ဆာမှ မပါပါဘူး။ ပင်မ တန်ဆောင်းထဲမှာတော့ ရှေးကျတဲ့ လက်ရာနဲ့ မကိုဋ္ဌ၊ စလွယ် စတဲ့ မင်းဝတ်အဆင်တန်ဆာတွေနဲ့ ဆင်းတုတော်တွေ တွေ့ရတယ်။ အဲဒီမှာ ဦးပဉ္စင်းလေးတွေက မီးစက်နှိုးကာ အသံချဲ့စက် အကျယ်ကြီးဖွင့်ပြီး တစ်မြို့လုံးကြားအောင် ပဌာန်းတရားတော်ကို အလှည့်ကျ ရွတ်ဖတ်နေကြရဲ့။

ဘုရားကုန်းရဲ့ အခြားတစ်နေရာမှာတော့ ဗျာဒိတ်ပေးမတ်ရပ်ဆင်းတုတော်ကြီးနဲ့ တည်ဆောက်ဆဲ သာသနိက အဆောက်အအုံတွေ တွေ့ရတယ်။ စေတီတော်နဲ့ကပ်လျက် အောက်တစ်ဆင့်မှာ စေတီတော်ရဲ့ ထီးတော်ဟောင်းတွေ ထားတဲ့ ရှေးလက်ရာ သစ်သားဧရပ်အိုကြီးကို သစ်သားတိုင်လုံးကြီးတွေနဲ့ မပျက်မစီး တွေ့လိုက်ရတယ်။ သစ်သားပြားကြီးတွေနဲ့ ခိုင်ခိုင်ခဲ့ခဲ့ ထူထူထဲထဲ နဖူးစည်းကြီးတွေတပ်ပြီး တည်ဆောက်ထားတဲ့ ရှေးခေတ်ဗိသုကာကို မြင်ရလို့ တန်ဖိုးကြီးလှမှန်း သိပေမယ့် အထဲမှာ ဆောက်လုပ်ရေးသမားတွေက ထင်မီးမွေးပြီး မီးခိုးတလူလူနဲ့ ချက်ပြုတ်နေကြတာမို့ မတော်တဆမျှား မီးသင့်ခဲ့ရင်လို့ စိုးရိမ်စိတ် ဝင်မိပေမယ့် သတိမပေးတော့ပါဘူး။

ကျိုင်းတောင်ဆိပ်က ဖိုဝါတောင်ကြီးစေတီတော်

မလှမ်းမကမ်း တောင်ကြောပေါ်

www.burmeseclassic.com

www.burmeseclassic.com

ကျိုင်းတောင်စေတီထိပ်က ထူးခြားတဲ့ ဗုဒ္ဓဝင်ပြန်းစဆောင်

မှာတော့ မြန်မာပြည်တစ်ဝန်း ဘယ်နေရာမှာမှ မရှိနိုင်တဲ့ ထူးခြားသော အဆောင်ရှည်ကြီးတစ်ခုကို မြင်ခဲ့ရပေါ့။ အဆောင်ရဲ့အလယ်ကောင်မှာ အုတ်ခုံရှည် ခပ်မြင့်မြင့်ကြီး လုပ်ထားကာ ပတ်ပတ်လည်ကို လက်ရန်းကာပြီး ဗုဒ္ဓဝင်ဖြစ်စဉ်အစုံ၊ ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ ဆင်းတုရုပ်တု၊ ရုပ်စုံမျိုးစုံကို တစ်ဆက်တည်း ရောထွေးပြထားတာပါ။ အလယ်မှာ နံရံမှီမှီမှိမှဲသာ ခြားထားပြီး အဲဒီနံရံမှာတော့ သက်ဆိုင်ရာ အညွှန်းစာမျိုးစုံ ရေးထိုးထားရဲ့။

ညီတော်မင်းနန်အား နတ်သမီးကိုပြ၍ ချွတ်ခန်း၊ ဘုရားရှင် သင်္ကဿနဂိုရ်ပြည်မှ ဆင်းကြွခန်း၊ တာဝတိံသာနတ်ပြည်တွင် တရားဟောခန်း၊ တောထွက်တော်မူခန်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း စသဖြင့် အစုံပါပဲ။ ဘုရားရှင်ရဲ့ ပုံတော်တွေသာမက သာဝကတွေ၊ နတ်သိကြားတွေ၊ နတ်သမီးတွေ၊ သတ္တဝါတွေ၊ ဘီလူး၊ သရဲတွေလည်း ရောထွေးနေရဲ့။ ရုပ်တုတစ်ခုချင်းမှာ အောက်ခံတင်ခုံလေးတွေနဲ့မို့ အလွယ်တကူလည်း ရွှေ့နိုင်ပါတယ်။

ကျိုန်းတောင်က အဆင်းမှာတော့ ဆိုင်ကယ်မစီးတော့ ဘဲ ခြေကျင်လျှောက်ပြန်ကြတယ်။ ဆောင်ကြောအကွေ့ တိုင်းမှာ ဇရပ်ဆောင်လေးတွေရှိပြီး ဆိုင်ကယ်နဲ့ တက်လာကြတဲ့ လူငယ်တွေ အဲဒီမှာစုပြီး မူးယစ်သောက်စား ကစားနေကြတာလည်း တွေ့ခဲ့ရတယ်။

တောင်တက်လမ်းတစ်လျှောက်မှာ ခရမ်းရောင်ပွင့်ချပ် ပြားပြား ငါးဖတ်နဲ့ ပန်းလေးတွေ ပွင့်နေတာ မြင်ရတယ်။ ဆောင်ခြေ ကားလမ်းဘေးက ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရဲ့ အုတ်တံတိုင်းမှာတော့ မင်းဗာကြီးပုံ၊ ရှင်မြဝါတွေကို ထွင်းထုထားတာ တွေ့ရလို့ စိတ်ဝင်စားမီပေမယ့် ဓာတ်ထားတဲ့ တံခါးကြောင့် မဝင်ခဲ့ရပါဘူး။

ရှေးခေတ်ထဲက ရှိခဲ့တယ်ဆိုတဲ့ မင်းကန်ကြီးကို ဖြတ်သွား အဲဒီကန်ကနေ ဒန်အိုးလုံးတွေ ခါးစောင်းတင်ပြီး ခေါ်နေတဲ့ မိန်းကလေးတွေ တွေ့ရတယ်။ ကန်ကြီးကို ကျော်တော့ မင်းပြားရဲ့ မြို့ဂုတ်ဆောင် အမိုက်ပုံကြီးက ဦးလို့ပါ။ အမိုက်ပုံနဲ့ မလှမ်းမကမ်းမှာတော့ ဦးပဉ္စင်း ဥတ္တမ ငယ်စဉ်က စာသင်ခဲ့တယ်ဆိုတဲ့ ဘုန်းကြီးကျောင်းကို တွေ့ရတယ်။

(၁၇-၈-၂၀၁၅) တနလ်္ဂနေမှာတော့ ဒီရခိုင်ပြည်နယ်ဘက် ခုမှရောက်ဖူးတဲ့ မန္တလေးက မသီကို လှုဒါန်းတဲ့ ကိစ္စအပြီးမှာ မြို့ဟောင်းနဲ့ ကျောက်တော်ကို ဘုရားဖူးပို့ဖို့ မင်းပြားမြို့ကနေ ပြန်ထွက်ခဲ့ပါတယ်။ မနက်(၆)နာရီခွဲမှာ ဂူးထားတဲ့ကားနဲ့ ခရီးဆက်ကြမှာမို့ တည်းခိုရာ ဝါးကျောင်းလေးကို အပြီးတိုင် ခွဲခွာခဲ့ကြတယ်။ လှုဒါန်းဖို့သွားခဲ့တဲ့ လမ်းတွေအတိုင်း ကားကို ပြန်မောင်းခဲ့ရလို့ မြင်ဖူးခဲ့တဲ့ အနီဌာရဲ့တွေကို တစ်ဖန်ပြန်မြင်ရပြန်တယ်။ ရေမျော သစ်ကိုင်း၊ သစ်တုံးတွေ၊ ရွှံညွန်တွေ ဖုံးနေတဲ့ လယ်ကွင်းပြင်တွေ၊ မြစ်ရိုးတစ်လျှောက်မှာ လာတင်နေတဲ့ သင်္ဘောစောင်းစောင်းကြီးတွေ။

ဒီနေ့မှပဲ မိုးကလည်း သည်းလှရဲ့။ ငယ်ငယ်တုန်းက ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဆိုတဲ့ ရန်သူမျိုး ငါးပါးမှာ တချို့ကို ဟုတ်ပါ့မလားလို့ သံသယရှိခဲ့ပေမယ့် ခုတော့ ငါးပါးလုံးနဲ့ ကြုံခဲ့ရပါပြီ။ သည်မိုးမှောင်တုန်း မောင်ပုန်းပါရစေလို့ ဂီတနက်သန်ကိုစောင်္ကြိမ်းလို့ မဆိုခဲ့သလို တိမ်တမန် အိုး အဆွေကို မုန်တိုင်းမိုးသက်တွေနဲ့ မိုးလုံးမည်းမှု မရွာစေချင်ဘဲ ဆည်မြောင်းချောင်းကန် အသင့်အမှန်တိုးရန် တို့များရွှင်လန်း မိုးပုံလဲပန်းကို ချေပေးပါလို့သာ တောင်းပန်နေမိပါရဲ့။

ကိုဇေအေးမြင့်(မဟာဓိဇ္ဈာ၊ ရွှေ-သူ)

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်,မွေတော် ကိန်းဝပ်ရာ

ဘန်ကောက်မြို့က

ရွှေတောင်ကျွန်းစေတီတော်

(Golden Mount ခေါ် Wat Saket)

တက္ကသိုလ်မျိုး

စတုတ္ထအကြိမ် အသည်းဆေးဖျန်းရန်အတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ (၁၀-၈-၂၀၁၅)ရက်နေ့ မွန်းတည့် (၁၂)နာရီ(ဒေသစံတော်ချိန်)တွင် ဘန်ကောက်လေကြောင်းမှ လေယာဉ်ပျံနှင့် ရောက်ရှိခဲ့သည်။ သုဝဏ္ဏဘူမိလေဆိပ်မှ တည်းခိုရမည့် Park Plone Chit အဆောက်အအုံသို့ မွန်းလွဲ(၁)နာရီခွဲ၌ ရောက်ရှိခဲ့သည်။ ထိုနေ့ တစ်ညနေလုံး အခန်း၌ နားနေခဲ့သည်။

နောက်တစ်နေ့ (၁၁-၈-၂၀၁၅)ရက်နေ့တွင် ဆေးရုံမှ ကြိုတင်ညွှန်ကြားထားသည့်အတိုင်း MRI ခေါ် စမ်းသပ်စက်ကြီးနှင့် စမ်းသပ်ရန် နံနက်(၈)နာရီ ဆေးရုံအရောက် သွားရသည်။ MRI စမ်းသပ်မှု Scan ရိုက်မှုတို့ ပြုလုပ်ပြီး (၁၁)နာရီ (၃၀)မိနစ်၌ အသည်းအထူးကု ဆရာဝန်ကြီး Dr. Chankapham နှင့် စတင်ပြဿရသည်။ အသည်းအထူးကု ဆရာဝန်ကြီးရှေ့ရှိ တီဗီမှန်သားပြင်၌ MRI ရိုက်ထားသည့် အသည်းပုံနှင့် အသည်းရှိနေသော အကျိတ်အနေအထားပုံတို့မှာ ပေါ်လွင်နေသည်။ သွေးစစ်ထားသည့် အဖြေစာရွက်များလည်း နာရီပိုင်းအတွင်း အဖြေထွက်နေသည်ကို တွေ့ရသည်။

အသည်းအထူးကု ဆရာဝန်ကြီးက အသည်းရှိ မူလအကျိတ် နှစ်လုံးအနက် နှစ်စီစီရှိ အကျိတ်မှာ တစ်ဒသမ တစ်သို့ သေးငယ်သွားသော်လည်း လေးစီစီရှိ အကျိတ်မှာ မူလအတိုင်း ရှိနေခြင်း၊ ထိုအကျိတ်အနီး၌ အကျိတ်ငယ်လေးများ တွေ့ရခြင်းကြောင့် နောက်ထပ်တစ်ကြိမ် ဆေးဆက်ဖျန်းရန် လိုအပ်၍ ဆေးဖျန်းပေးမည့် ဓာတ်မှန်အထူးကု ဆရာဝန်ကြီးနှင့် မွန်းလွဲ(၁)နာရီ မိနစ်(၃၀)တွင် သွားရောက်ပြသရန် လမ်းညွှန်ခဲ့သည်။

အသည်းအထူးကု ဆရာဝန်ကြီးက သွေးစစ်ချက်အရ အသည်းလုပ်ဆောင်ချက်များ ပုံမှန်ကောင်းကြောင်း၊ ကင်ဆာဖြစ်နိုင်ခြေ မတွေ့ရကြောင်း၊ MRI စက်၏ အဖြေအရ ကျောက်ကပ်မှစ၍ အတွင်းကလီစာများ ကောင်းမွန်ကြောင်း ပြောပြရှင်းလင်းမှုကြောင့် စိတ်အနည်းငယ်ချမ်းသာရသော်လည်း အသည်းအကျိတ်အတွက်ကား စိတ်သောက မအေးအောင် ဖြစ်ရသည်။

မွန်းလွဲ(၁)နာရီ မိနစ်(၃၀)၌ ဆေးဖျန်းကုသမည့် မေ့ဆေးအထူးကု ဆရာဝန်မကြီး Dr. Urchala နှင့် သွားရောက်တွေ့ရသည်။ မြန်မာစကားပြန် ကိုမြင့်နိုင်လည်း ဆရာဝန်မကြီးနှင့် အတူရှိနေသည်။ ဆရာဝန်မကြီးသည် တီဗီမှန်သားပြင်၌ MRI စက်၏ ပုံရိပ်များကို ပြသ၍ ဆေးဆက်ဖျန်းရန် အကြံပြုသည်။ ယခင်ဖျန်းသည့် ဆေးထက် အာနိသင်ထက်သောဆေးကို ဖျန်းပေးမည် ဖြစ်ကြောင်းနှင့် ကုသစရိတ်အနည်းငယ်သာ ပိုနိုင်ကြောင်း ရှင်းပြသည်။ စာရေးသူအနေနှင့် ဝေဒနာ

ရွှေတောင်စေတီတော်ကြီးအား ရင်ပြင်တော်မှ တစ်ဝမ်းလုံး ရှုမြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဆက်ရှိနေ၍ ဘာများတတ်နိုင်ပါ
မည်နည်း။ ဆေးဖျန်းမည့် အစီ
အစဉ်ကို လက်ခံလိုက်ရသည်။

ဆေးဖျန်း ကုသမှုကို (၁၂-
၈-၂၀၁၅)ရက် နောက်တစ်နေ့ မွန်း
လွဲ(၁)နာရီ (၃၀)မိနစ်၌ လုပ်ရန်
ချိန်းဆိုလိုက်သည်။ နံနက်(၁၀)နာရီ
ဆေးရုံတက်နှင့် နံနက်(၉)နာရီမှ
၍ ဘာမှမစားရန် ညွှန်ကြားခဲ့
သည်။

ဤနည်းဖြင့် စာရေးသူ
တတိယအကြိမ် ဆေးဖျန်းကုသမှု
ကို ခံယူပြီး (၁၃-၈-၂၀၁၅)ရက်နေ့ နံနက်(၁၁)နာရီ၌
ဆေးရုံမှ ဆင်းရသည်။ တည်းခိုရာ နေအိမ်ခန်းသို့ပြန်၍
အနားယူနေစဉ် စာရေးသူသည် ဘန်ကောက်မြို့တော်၌
အထင်ကရစေတီ၊ ဘုရား၊ ကျောင်း ဆယ်နေရာဖြစ်သည့်-

(၁) Wat Phra Ka (မြဘုရား)၊
(၂) Wat Po (လျောင်းတော်မူဘုရား)၊
(၃) Wat Arun (အာရုံဦးစေတီ)၊
(၄) Wat Saket (ရွှေတောင်ကုန်းဘုရား Golden Mount)၊
(၅) Wat Traimit (ရွှေဘုရား)၊
(၆) Loha Prasat Temple
(၇) Wat Mahathat
(၈) Wat Suthat
(၉) Wat Benjamabhopit
(၁၀) Wat Prayoon

စသော ဘုရားစေတီများ
သွားရောက်ဖူးမြော်ရန် အစီအစဉ်
ရေးဆွဲနေမိသည်။ ထိုဆုတောင်း
ပြည့်ဘုရား ဆယ်မျိုးအနက် စာရေး
သူသည် မြဘုရား၊ လျောင်းတော်မူ
ဘုရား၊ အာရုံဦးစေတီနှင့် ရွှေဘုရား
တို့ကို ယခင်သုံးကြိမ် လာရောက်
စဉ်ကပင် ဖူးမြော်ခဲ့ပြီးဖြစ်သည်။
ကျန်ခြောက်နေရာသို့ သွားရောက်
ဖူးမြော်ရန် အစီအစဉ်ရေးဆွဲရာ
ဘုရားတစ်ဆူနှင့်တစ်ဆူ အနီးကပ်

ရွှေတောင်စေတီတော်အား အရုဏ်စေတီနှင့်တကွ
တောင်တက်လမ်းနှစ်သွယ်အား အနီးကပ်မြင်တွေ့ရစဉ်

ဆုံး၊ ခရီးအတိုဆုံး သွားရောက်ဖူးမြော်နိုင်မည့် ခရီးစဉ်ကို
ဘန်ကောက်မြို့မြေပုံအား ဘေးဦ အသာဖြန့်၍ လေ့လာရင်း
ဘုရားဖူးခရီးစဉ် ရေးဆွဲနေမိသည်။

ယခုအခေါက် ဘန်ကောက်သို့လာရောက်ရာ စရိတ်
ကြီးသော ထိုင်းအဲဝေးလေကြောင်းဖြင့် မလာဘဲ ဘန်
ကောက်လေကြောင်းလိုင်းဖြင့် အသွားအပြန်လက်မှတ်ကို
စရိတ်အကုန်အကျနည်းရန် တစ်ပတ်ရက်သတ်မှတ်ယူခဲ့ရာ
(၁၇-၈-၂၀၁၅)ရက်နေ့၌ ပြန်ရမည်ဖြစ်၍ ကျန်သုံးရက်
အတွင်း ဘုရားဖူးခရီးစဉ်ကို ရေးဆွဲရသည်။ မနက်ဖြန်
(၁၄-၈-၂၀၁၅)ရက်နေ့ ခရီးစဉ်အဖြစ် တတိယအကြိမ်
ဘန်ကောက်ရောက်စဉ်က Wat Po (လျောင်းတော်မူ)ဘုရား
ကြီးကို အချိန်အတော်ကြာယူ၍ ဖူးမြော်မိ၍ မရောက်ဖြစ်
ခဲ့သော Wat Saket (ခေါ်) Golden Mount စေတီတော်ကို

လူတို့ဝန်တိုးထားသော တောင်ကုန်းထက် သစ်ပင်စေ့ပင်စေ့များအကြားမှ
ဖူးတွေ့ရသော ရွှေတောင်စေတီတော်

www.burmeseclassic.com



ဂျာတောင်ဟစ်ဝတ်ဘုရား
လုံးဓာတ်ပြည့် အနီးကပ်ဖူးမြင်ရစဉ်



ဓာတ်ဓာတ်ရင်ပြင်၊ ကန္ဒကူဇီတိုက်အတွင်း
ဖူးမြော်ရသော ဓာတ်ဓာတ်

ပထမဆုံး ဖူးမြော်ရန် ဆုံးဖြတ်လိုက်သည်။ Wat Saket စေတီတော် အနီးအနားဌ်ရှိသော Wat Mahathat နှင့် Wat Suthat ဘုရားများကို ဆက်လက်ဖူးမြော်ရန် အစီအစဉ်ကို ရေးဆွဲလိုက်သည်။ ကျန်ဘုရားများကိုကား (၁၅-၈-၂၀၁၅)ရက်နေ့၌ ဆက်လက်ဖူးမြော်ရန် ဆုံးဖြတ်လိုက်ပြီး မနက်ဖြန် ဘုရားဖူးထွက်ရန် ပြင်ဆင်စရာများကို ကြိုတင်ပြင်ဆင်ပြီး အိပ်ရာဝင်ခဲ့သည်။

♦ ♦ ♦

ခေတ္တနေထိုင်ရာအခန်းမှ နံနက်(၉)နာရီခန့်တွင် Golden Mount ခေါ် Wat Saket စေတီရှိရာ ထွက်ခွာခဲ့သည်။ Taxi သမားအား မီတာနှင့်ငှားပြီး လာခဲ့ရာ တော်တော်နှင့် မရောက်နိုင်သည်ကို သတိထားမိသည်။ ဘန်ကောက်ကို ယခုအကြိမ်နှင့်ဆိုလျှင် လေးခေါက်မြောက်ဖြစ်၍ သိပ်မစိမ်းလှ။

Taxi မောင်းသည့်သူသည် မြဘုရားအနီးဌ်ရှိသော Golden Mount (Wat Saket) သွားရာ ဘန်ကောက်တရုတ်တန်းဘက်မှ ဖြတ်မောင်းနေသည်ကို သတိထားမိ၍ သမီးချွေးမဖြစ်သူ နန်းအွန်ခမ်းကို-

'သမီး..ဒီအတိုးကြီး Golden Mount ဘုရားကို တည့်တည့်မသွားဘဲ တရုတ်တန်းဘက်က လှည့်မောင်းနေတယ်။ သမီး သတိပေးလိုက်ဦး။ ပိုက်ဆံပိုပေးရတာ အရေးမကြီးဘူး၊ အချိန်မကုန်သင့်ဘဲ ကုန်မှာစိုးလို့'

စာရေးသူစကား ကြားသောအခါ ထိုင်းဘာသာစကား အနည်းငယ်တတ်ကျွမ်းသည့် သမီးချွေးမသည် ထိုင်းဘာသာစကားနှင့် ကားမောင်းသူအား သတိပေးစကား ပြောကြားလိုက်ရာ ကားမောင်းသူကလည်း ထိုင်းဘာသာစကားဖြင့် တုံ့ပြန်စကား ပြန်ပြောလေသည်။

သမီးအနေဖြင့် စာရေးသူအား-

'အဖေ..သူပြောတာက ကားကျပ်လို့ လမ်းပြောင်းမောင်းတာပါတဲ့'

'သူ အကြောင်းပြတာပါ။ မကြာမီရောက်တော့မှာဖြစ်လို့ ထပ်မပြောနဲ့တော့ သမီး။ သူလောဘနဲ့ သူလိမ်နေတာ။ ထပ်မပြောနဲ့တော့ သမီး'

သည်းခံခြင်းသည် ရန်မပွားဟူသောထုံး နှလုံးမူ၍ Taxi မောင်းသမား ခေါ်ဆောင်ရာနောက်သို့ စိတ်လျှော့၍လိုက်ပါလာရင်း Wat Saket စေတီတော်ရှိရာသို့ ရောက်ခဲ့ရသည်။ ဆယ်နာရီထိုးခါနီး၍ နေအတော်ပင်ပူနေသည်။

Wat Saket စေတီတော်သည် ဘန်ကောက်ပြို့တော်၌

www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား ဖြစ်တည်နေသော တောင်ကုန်းမိုမို့အထက်၌ ထည်ထားခြင်းဖြစ်ပြီး စေတီတော်တည်ထားရာ တောင်ကုန်းထိပ်သို့တက်ရန် လှေကားထစ်များဖြင့် တောင်ကုန်းကို ပတ်၍တက်ရသည်။ တောင်ခြေမှ တောင်ကုန်းထိပ်ဆုံးအထိ လှေကားထစ်(၃၀၀)ရှိသည်။ တောင်တက်ရန် လှေကားမှာ အတော်ပင်ကျယ်ပြန့်ပြီး လှေကားထစ်များသည် ခြောက်သက်မခန့်သာ အမြင့်တည်ဆောက်ထား၍ တောင်ကုန်းသို့ တက်ရန်မှာ မပင်ပန်းလှပေ။ လှေကားထစ်များကို စတင်တက်ရောက်ရာမှ စတင်ပြီး တောင်စောင်း၌ ပေါက်နေသော သစ်ပင်ကြီးငယ်များ၏ အရိပ်ကြောင့် ဘုရားဖူးတို့အနေဖြင့် အေးအေးချမ်းချမ်း တောင်တက်နိုင်သည်။

လှေကားအတွင်းဘက်၌လည်း တောင်ကုန်းထိပ်မှ ရေသွင်သွင် စီးကျနေသောကြောင့် ရေတံခွန်ငယ်လေးများ အဖွင့် ဖန်တီးထား၍ စိတ်အေးချမ်းသာယာစွာဖြင့် တောင်တက်နိုင်သည်။ တောင်တက်လှေကားအပေါ်၌ မိုး၍ပေါက်နေသော သစ်ပင်ကြီးများပေါ်မှ သစ်မြစ်များ တွဲလောင်းကျနေသည်မှာလည်း အမြင်ဆန်းလှသည်။ အစပထမ၌ ဆောင်မုတ်ဆိတ်ပင်၏ အမြစ်များလောဟု ထင်မိသည်။ ထိုသစ်မြစ်များကြည့်မှ သစ်ပင်ကြီးများ၏ အကိုင်းအခက်များ၌ ပေါက်နေသော နွယ်ပင်တစ်မျိုးမှ ပေါက်နေသော အမြစ်များဖြစ်ကြောင်း တွေ့ရသည်။

တောင်တက်လှေကား၏ အပြင်ဘက်၌လည်း သစ်ပင်သစ်ပင်များဖြင့် စိမ်းစိမ်းစိုအောင် ဖန်တီးထားသည်။ နွယ်ပင်တစ်မျိုးမှပွင့်သော ပန်းဖြူဖြူလေးတို့ကလည်း တောင်တက်ရန် တည်ဆောက်ထားသော လက်ရန်းအနီး၌ ဖူးပွင့်နေသည်မှာ အမြင်အာရုံအား သာယာစေသည်။ ပန်းပွင့်ဖြူဖြူလေးအလယ်မှ ခရမ်းနုရောင်ပင်ကြီးများထွက်၍ ပွင့်ဖူးနေသည်မှာလည်း တောင်တက်လမ်းကို အလှဆင်ထားသည့်အလား ဖြစ်နေပေသည်။ သဘာဝပေါက်ရောက်နေအောင် ဖန်တီးပြုပြင်ထားသော ရက္ခဗဒစိုက်ပျိုးရေးပညာရှင်တို့အား ချီးကျူးမိသည်။ ထိုင်းနိုင်ငံသည် စိုက်ပျိုးရေးနှင့်ပတ်သက်လျှင် နည်းပညာပိုင်း၌ လွန်စွာတိုးတက်နေသောနိုင်ငံဖြစ်သည်။ အလူးသဖြင့် သစ်ခွပန်းပင်တို့အား မျိုးစပ်၍ ပွင့်သောအရောင်အသွေးဖြင့် ပန်းများပွင့်အောင် ဖန်တီးနိုင်၍ အရှေ့တောင်အာရှနိုင်ငံများအနက် သစ်ခွပန်းပွင့်၊ သစ်ခွပင် စသည်တို့ဖြင့် နိုင်ငံဝင်ငွေတိုးအောင် ဦးဆောင်ဆောင်ရွက်နိုင်သော နိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံလေဆိပ်(သုဝဏ္ဏဘူမိ)၌ ခရီးသွားတို့ အမြင်အာရုံကြည်လင်စေရန် စိုက်ပျိုးထားသည့် သစ်ခွပန်း(ဒန်တိုဗီယာ)ပင်တို့မှ ဝေဝေဆာဆာ ပွင့်နေသော ပန်းပွင့်တို့မှာ အံ့သြစရာကောင်းအောင် များပြားလှပလှသည်။

စာရေးသူတို့ ရောက်ရှိသည့် (၁၀-၈-၂၀၁၅)ရက်၌ ဘန်ကောက်တစ်မြို့လုံးတွင် ထိုင်းဘုရင်မင်းမြတ်၏ မိဖုရားကြီးပုံများကို ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ဆေးရုံမှ လာရောက်ကြိုဆိုသော မော်တော်ယာဉ်ပေါ်ရောက်မှ (၁၂-၈-၂၀၁၅)ရက်နေ့သည် မိဖုရားကြီး၏မွေးနေ့ ဖြစ်ကြောင်းနှင့် ထိုနေ့မတိုင်မီကပင် တစ်မြို့လုံး မိဖုရားကြီးပုံများကို ချိတ်ဆွဲထားသလို အစိုးရရုံးဌာနပိုင် အဆောက်အအုံများ၊ ကုန်တိုက်ကြီးများ၊ ဆေးရုံကြီးများ၊ လမ်းဆုံလမ်းခွကြီးများ၌ မိဖုရားကြီး၏ ဓာတ်ပုံများကို ခမ်းခမ်းနားနား ပြင်ဆင်ချိတ်ဆွဲထားသည်။

စာရေးသူ Wat Saket စေတီတော်သို့ ယနေ့ လာရောက်ခဲ့ရာ ဘုရင်နန်းတော်မြို့ရိုးဘေးရှိ သစ်ပင်များ၏ ပင်စည်၌ ဒန်တိုဗီယာသစ်ခွပင်များကို ဝေဝေဆာဆာ ပွင့်နေသော ပန်းပွင့်များဖြင့် ချိတ်ဆွဲထားသည်မှာ မြင်ရသူတို့အနေဖြင့် ကြည့်၍မဝအောင် စိတ်အာရုံ၊ အမြင်အာရုံ၌ သာယာနေမိသည်။ သစ်ခွပန်းတို့၏ ခရမ်းပြာရောင်အရောင်

ရွှေတောင်စေတီတော်အား သွားရောက်ဖူးမျှော်ရန်ထားသည့် စတီးသပိတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

သည် လမ်းတစ်လျှောက် မြင်ရသူတို့၏စိတ်တွင် စွဲထင်သာယာနေစေသည်။

ယခု Golden Mount (Wat Saket) စေတီတော်တောင် တက်လမ်း၌လည်း ပန်းတိုသည် အသွေးအစုံ ပန်းအရွယ်အစားအစုံ၊ အမျိုးပေါင်းစုံနှင့် ဖူးပွင့်အောင် စိုက်ပျိုးထားသည်မှာ ထိုင်းရက္ခဗေဒပညာရှင်တို့၏ စိုက်ပျိုးရေးပညာအစွမ်းထက်ပုံကို ထုတ်ဖော်ပြသနေသည့်ပမာပင်ဖြစ်သည်။ တောင်တက်လှေကား အောက်ခြေတစ်ခုချက်ရှိ စိမ်းလန်းစိုပြည်လှစွာသော သစ်ပင်၊ ပန်းပင်၊ ပန်းပွင့်များနှင့် တန်ဆာဆင်ထားသလို လှေကားလက်ကိုင်အောက် ကာရံထားသော အုတ်ပေါက်ငယ်လေးများအတွင်းမှ အသံချဲ့စက်စပီကာငယ်လေးများမှလည်း ထိုင်းဘာသာစကားဖြင့် အေးချမ်းတည်ငြိမ်စွာ ဟောပြောနေသော အသံမှာလည်း လှေကားတက်ရာ လမ်းတစ်လျှောက်၌ ကြားနာနေရသည်။ ထိုင်းဘာသာစကားနှင့် ဟောပြောနေ၍ ဘယ်အကြောင်း ပြောမှန်း မသိသော်လည်း နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿဟူသော ပါဠိသံဖြင့် ထိုင်းဘာသာ စကားသံဝဲဝဲနှင့် မကြာခဏရွတ်ဆိုသံ အသံချဲ့စက်စပီကာမှ ကြားရ၍ ဟောပြောသံတို့သည် တရားစကား



ပုခုံးပြတ်စွာဘုရား၏တော်ကိန်းဝပ်တော်မူရာ ကြုတ်တော်

သော်လည်းကောင်း၊ ဘုရားသမိုင်းသော်လည်းကောင်း ဖြစ်နိုင်ပေသည်ဟု တွေးထင်မိသည်။ ထိုအုတ်လက်ကိုင်အပေါက်၌ စပီကာများ တပ်ဆင်ထားသလို မီးဆလိုက်များလည်း တပ်ဆင်ထားရာ ညဘက် တောင်တက်လမ်းတလျှောက်၌ မီးရောင်ထိန်ထိန်လင်းစေရန်နှင့် Wat Saket စေတီတည်ရှိရာ တောင်ကုန်းအား မီးဆလိုက်ထိုး၍ ပူဇော်ရန် ရည်ရွယ်တပ်ဆင်ထားသည်ဟု မှတ်ထင်ရသေးသည်။

ဘုရားဖူးရန်တောင်ခြေရှိ ဝင်ခလက်မှတ်ရုံ၌ တစ်ဦးလျှင် Bak 20 ပေးပြီး လက်မှတ်ဝယ်စဉ် လက်ကမ်းပိုစတာ အခမဲ့ပေးဝေရာ Wat Saket စေတီတော် တည်ထားရာ တောင်ကုန်းအား ညဘက်ရှုခင်းဖြင့် ရိုက်ကူးထားသော ပုံတော်ပါရှိရာ တောင်တော်တစ်ခုလုံးအား မီးဆလိုက်တို့ဖြင့် ပူဇော်ထားရာ ရွှေတောင်ကြီးပမာ လင်းထိန်နေသည်မှာ ဤမီးဆလိုက်ငယ်လေးပေါင်း များစွာကြောင့် ဖြစ်မည်ဟု သတိပြုမိသည်။ Golden Mount စေတီတော်အား တက်ရောက်ဖူးမြော်ရန်အချိန်ကို နံနက်(၉)နာရီမှ ညနေ(၅)နာရီအတွင်း သတ်မှတ်ထားရာ ထိုမီးဆလိုက်များသည် တောင်တက်သူများအတွက် ရည်ရွယ်တပ်ဆင်ထားခြင်း မဟုတ်ဘဲ ဘုရားစေတီတော်နှင့် တောင်ကုန်းတော်အား ညဘက် မီးပူဇော်ရန် တပ်ဆင်ထားခြင်းဖြစ်ကြောင်းကို နားလည်သဘောပေါက်မိသည်။

တောင်တက်လှေကားသည် မတ်စောက်ခြင်းမရှိသလို အထက်၌ ရေးသားခဲ့သည့်အတိုင်း လှေကားထစ်တို့မှာလည်း မြင့်မားခြင်းမရှိ၍ ဘုရားဖူးတို့အနေနှင့် အသက်အရွယ်မရွေး သက်သောင့်သက်သာ လှေကားထစ်(၃၀၀)ကို နားနားနေနေ တက်ရောက်နိုင်သည်။ ဇနီးဖြစ်သူ ဒေါက်တာညွှန့်သွန်းနှင့် စာရေးသူတို့မှာ ဒူးနာဝေဒနာရှိ၍ တောင်ကုန်းအား တက်ရောက်နိုင်ပါ့မလားဟူသော စိုးရိမ်စိတ်ရှိသော်လည်း တည်ဆောက်ထားသော လှေကားပြေပြစ်မှုကြောင့် တောင်တော်ပေါ်အထိ တက်ရောက်နိုင်ခဲ့သည်။ ဘုရားဖူးတို့ မပင်ပန်း တောင်တက်နိုင်ရန်အတွက်လည်း လမ်းခုလတ်၌ နားနေနိုင်ရန် ထိုင်ခုံနှင့် သစ်သားအိမ်ငယ်လေးတစ်လုံးကို ပန်းပင်များအလယ်၌ တည်ဆောက်ပေးထားရာ နားနားနေနေ အနားယူနိုင်သည်။ ထိုနည်းတူ တောင်တက်လမ်းသည် အလွန်ကျယ်ပြန့်စွာ ဖောက်လုပ်ထားပြီး လှေကားထစ်များနှင့် ကြားကွက်လပ် အင်္ဂတေခင်းထားရာ နေရာတို့အား

www.burmeseclassic.com

www.burmeseclassic.com



ရုပ်အင်္ဂါတိုတိုစင်းစင်းတွင်ကျိုးကြောင်းညီညွတ်ဖွယ် ဗုဒ္ဓရုပ်ပွားတော်

အနီရောင်တောက်ပသောဆေးဖြင့် သုတ်လိမ်းထားခြင်းကြောင့် အရိပ်ရသော နေရာတို့၌လည်း ဘုရားဖူးတို့ ထိုင်၍ အနားယူနိုင်ပြန်သည်။

တောင်တက်လမ်းတစ်လျှောက်၌ နိုင်ငံခြားကမ္ဘာလှည့် အိန္ဒိယသား အတော်များများကို တွေ့ရသလို ထိုင်း၊ အိန္ဒိယ၊ ဘရူတိ၊ ဂျပန် စသည့်ဗုဒ္ဓဘာသာဝင် ဘုရားဖူးများကိုလည်း ဆွေ့ရသည်။ မြန်မာလူမျိုးများကိုကား တစ်ဦးတလေသာ ဆွေ့ရသည်။ ဘန်ကောက်ရောက် မြန်မာအမျိုးသားတို့သည် ဆောင်းဘီရှည်ကို ဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးတို့ ကလည်း ဘောင်းဘီတိုရှည်ဝတ်ဆင်ကြ၍လည်းကောင်း၊ ထိုင်းလူမျိုးတို့နှင့် ရုပ်ဆင်းအင်္ဂါတူခြင်းကြောင့် မြန်မာဟု မခြင်ချင်း မသိနိုင်ပေ။ စာရေးသူပင် ဘောင်းဘီရှည်ဆင်ထား၍ တခြားမြန်မာတို့ကလည်း စာရေးသူကို မြန်မာ မှန်း မသိကြ။ မိမိတို့အချင်းချင်း မြန်မာစကားနှင့် ပြောဆို ကြမှ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်စကား ဆိုနိုင်ကြသည်။ ထိုင်းနှင့် မြန်မာလူမျိုးတို့က ရုပ်ရည်အတော်ပင် ဆင်သလို ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှုတို့မှာလည်း ဆင်ကြ၍ ခွဲခြားရန်မှာ ဘာသာစကားသံကြားမှ ခွဲခြား နိုင်ခြင်း ဖြစ်သည်။

တောင်တက်လမ်း၊ လှေကားထစ်များ၏ အတွင်းဘက် တောင်ကမ်းပါးဘေးတွင် ထိုင်းလက်ရာ ကြေးခေါင်းလောင်း များကိုလည်း စီတန်းချိတ်ဆွဲထားရာ ဘုရားဖူးတို့သည် ခေါင်းလောင်း၌ခွဲ့ထားသော ညောင်ရွက်ဆွဲလည်းများကို ကိုင်လှုပ်ကာ ခေါင်းလောင်းတီးကြ၍ တောင်တက်လမ်း တစ်လျှောက်၌ ခေါင်းလောင်းသံတို့သည် တလွင်လွင်နှင့် စိတ်ကြည်နူးဖွယ် နာကြားနေရသည်။ တောင်တက်ရာ လမ်း ခရီးအလယ်၌ မောင်းကြီးတစ်လုံး ချိတ်ဆွဲထားရာ အသင့် တပ်ဆင်ထားသော မောင်းတီးသည့်သစ်သားလုံးဖြင့် မောင်း ကို လွှဲခတ်၍ တီးရာမှ ထွက်ပေါ်လာသော မောင်းသံ တဒူဒူမှာလည်း ခေါင်းလောင်းသံလွင်လွင်တို့ကြား၌ သဒ္ဒါ တရားစိတ်၊ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ကြည်ညိုသောစိတ် တို့အား ပိုမိုထက်သန်ရန် လှုံ့ဆော်ပေးနေသည့် အသံများ ပင် ဖြစ်ပေတော့သည်။

တောင်တက်ရန် ဖောက်လုပ်ထားသော ကျယ်ပြန့် သည့် လှေကား၏ ညာဘက် တောင်ကုန်းဘက်၌လည်း တောင်စောင်တက်သည့် နေရာမှစ၍ ရုပ်တုများဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး ရပ်တည်ပုံတော်များတော်

ရန်ကုန်တိုင်းဒေသကြီး ဒေဝဒတ်ရောဝတ်သော
ပုံတော်များတော်နှင့်ရွာ

ကောင်း၊ ရေတံခွန်ငယ်လေးများဖြင့်လည်း သဘာဝသစ်တောပုံစံ ဖန်တီးစိုက်ပျိုးထားသော သစ်ပင်ဝါးပင်၊ နွယ်ပင်တို့ဖြင့်လည်းကောင်း ဖန်တီးစိုက်ပျိုး ထုတ်လုပ်ထားသည်မှာ တောင်တက်ကြသည့် ဘုရားဖူးတို့အနေဖြင့် လေ့လာစရာ၊ ကြည်ညိုဖူးမြော်စရာများကို ကြည့်ရှုဖူးမြော်ရင်း အနားယူနိုင်ကြသည်။

တောင်ခြေလက်မှတ်ဝယ်ရန် တိုက်ငယ်မှ စတင်တက်ရောက်ရာ ပထမဆုံး တရုတ်ဘိုးတော်အန်းကုန်းရုပ်တုနှင့် မျောက်ရုပ်များကို စတင်တွေ့ရသည်။ ထိုမျောက်ရုပ်များမှာ လွန်သော် ရှင်သိဝလိရဟန္တာမထေရ်မြတ်ကြီး၏ ရုပ်တုတော်ကို ရွှေရောင်ဝင်းလျက် သပ္ပာယ်လှစွာ ဖူးမြော်ရသည်။ ရဟန္တာမထေရ်မြတ်ကြီး၏ နောက်ခံတောတောင်ကျောက်ဆောင်များကြားမှ စိမ်းလန်းကြည်လင်နေသည့် စမ်းရေများသည် ကျောက်တုံးကျောက်ခဲများကြားမှ ရေတံခွန်ပမာ သာယာစွာ မြင်တွေ့ရသည်။

ဆက်၍ လျှောက်လှမ်းသော် ကျောက်တုံးကြီးပေါ်၌ ပုံစံဆန်းလှသော လိပ်တစ်ကောင်အား လင်းတ(လဒ)ငှက်နှစ်ကောင်က နှုတ်သီးဖြင့် ထိုးခွာရန် ချိန်ရွယ်နေဟန်ပုံမှာ အသက်ပါလှသည်။ တောင်တက်လှေကား အတော်အသင့်တက်မိသောအခါ The Golden Mount ဟု ရွှေရောင်စာလုံးကြီးကြီး ထွင်းထုထားသော ကျောက်တုံးပေါ်၌ ရွှေရောင်တောက်ပနေသည့် Wat Saket (Golden Mount) စေတီတော်ပုံစံတူအား လက်ရာမြောက်စွာ ဖူးမြင်ရသည်။

ထိုနေရာမှလွန်သော် သစ်ပင်သစ်ကိုင်း မိုးနေသော နေရာသို့ရောက်ပြီး ထိုကိုင်းနေသော သစ်ပင် ပင်စည်မှ အမြစ်များသည် တောင်တက်လှေကားအား မိုးလျက် တွဲ၍ကျနေသည်မှာ တောတောင်အလယ် ရောက်နေသည့်ပမာ ခံစားရသည်။ သဘာဝလည်းကျလှသော လှပသည့်နေရာဖြစ်၍ ဓာတ်ပုံရိုက်ကြသူ အများအပြားပင် ရှိကြသည်။ ထိုနေရာ၌ပင် ဟိန္နုနုတ်သမီးရုပ်တုကိုလည်း တွေ့ရသည်။

တောင်တက်ခရီး တစ်ဝက်မကျိုးမီ၌ ရွှေရောင်ဝင်းနေသော ရုပ်တုတစ်ခုကို တွေ့ရသည်။ ဆံပင်ရှည်ကို ရှေ့သို့၍ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည့်ဟန်မှာ မြန်မာနိုင်ငံရှိ စေတီဘုရားများ၌ တွေ့ရသော ဝသုန္ဓရနတ်မင်းနှင့် ခပ်ဆင်ဆင်တူသောရုပ်တု၊ ဒါမှမဟုတ် ထိုင်းပုံစံထုလုပ်ထားသော ဝသုန္ဓရနတ်မင်းပုံပင်ဖြစ်မည်ဟု ထင်မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

နံနက်(၁၀)နာရီ နေရောင်သည် အလွန်ပင် ပူပြင်းလှသည်။ ဘန်ကောက်မြို့၏ အပူချိန်သည် ရန်ကုန်မြို့အပူချိန်ထက် အတော်ပင် မြင့်မားလှသည်။ တောင်တက်ခရီးဦး အရိပ်ဖြစ်စေရန် သစ်ပင်ပန်းပင်များကို စင်ပေါ်တင်၍ အရိပ်ရစေသည်မှာလည်း အတော်ပင် အဆင်ပြေလှသည်။ ညာဘက်တောင်တော်ဘက်၌ ကြေးခေါင်းလောင်းကြီးများကိုလည်း တန်းစီချိတ်ဆွဲထားသည်။ ခေါင်းလောင်းသံတို့က ချိုလွင်လှသည်။

တောင်တက်ခရီး တစ်ဝက်ခန့်၌ တောင်တော်ဘက် မြေကွက်လပ်တွင် ဘုရားဖူးတချို့ နားနေနိုင်ရန် သစ်သားအဆောင်ငယ်လေး တစ်ခုကို ဆောက်လုပ်ပေးထားသည်။ လေး၊ငါးယောက်ခန့် အဆောက်အအုံငယ်အတွင်း၌ ဝင်ရောက်အမောဖြေနိုင်သည်။ ဘေးဘီလည်း ပန်းပင်၊ သစ်ပင်ငယ်လေးများကို အလှအပစိုက်ပျိုးထားသည်မှာ ကြည့်၍ ကောင်းလှသည်။ စာရေးသူတို့ဧနီးမောင်နှံ ခေတ္တအနားယူပြီးနောက် တောင်တော်လှေကားထစ်များမှတစ်ဆင့် ဆက်လက်တက်ရောက်ခဲ့ကြသည်။ ကြီးမားလှသော မောင်းကြီးနှင့် မောင်းကြီးအား တီးခတ်ရန် မောင်းထိုးသည့် သစ်သားချောင်းကြီးကို အသင့်ချိတ်ဆွဲထားသည်။ ဧနီးဖြစ်သူက မောင်းကြီးအား အမှတ်တရတီးခတ်ခဲ့သည်။ မောင်းသံမှာ ဆောင်မြင်စွာမြည်ဟည်း၍ ကျယ်လောင်စွာ ထွက်ပေါ်လာသည်မှာ နတ်ပြည်နတ်ရွာကပင် ကြားလောက်ပေတော့သည်။

မောင်းကြီးကို လွန်သောအခါ ရပ်တော်မူဗုဒ္ဓရုပ်ပွားဆီ နှစ်ဆူအလယ်၌ အုတ်ကျောင်းဆောင်နှင့် သီတင်းသုံးတော်မူသော ရုပ်ပွားတော်တစ်ဆူကိုလည်း သပ္ပာယ်လှစွာ ဖူးမြော်ရသည်။ တောင်ထိပ်ရောက်ခါနီးလေ နေပူချိန်က ပြင်းလေနှင့် ကျောက်ပြားကိုပင် အပူအတော်ဟပ်နေ၍ မိုးပေါ်ဘဲတက်ရသော် မလွယ်ကူပေ။ ထိုင်းဗုဒ္ဓဘာသာတို့၏ ထုံးစံတစ်ရပ်မှာ စေတီတော်ရင်ပြင်ပေါ်၌ ဖိနပ်စီးခွင့်ပြုထားခြင်းဖြစ်၍ တောင်တက်လှေကားတစ်လျှောက် ဖိနပ်စီးတက်ရောက်ရခြင်းကြောင့် ခြေထောက်၊ ခြေဖဝါး အပူဒဏ်ခြင်းမရှိဘဲ တောင်ထိပ်အဆုံး တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြတ်စွာဘုရားရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်များအတွင်းသို့ကား ဖိနပ်စီး၍ ဝင်ရောက်ခွင့်မပြုခြင်းကြောင့် တောင်တက်လှေကားအဆုံး၌သော မြတ်စွာဘုရားရုပ်ပွားတော် ဓာတ်တော်များကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်အဝင်၌ ဖိနပ်များချွတ်၍ ဝင်ရောက်ခဲ့သည်။

♦♦♦

Wat Saket (Golden Mount) စေတီတော်တည်ရှိရာ တောင်ထိပ်၌ရှိသော ဂန္ဓကုဋိတိုက်သည် အလွန်ကျယ်ပြန့်လှသည်။ အလယ်၌ ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်ကိန်းဝပ်စံပယ်သော ကြူတ်တော်ရှိပြီး ဂန္ဓကုဋိတိုက်ပတ်လည်၌ ဗုဒ္ဓရုပ်ပွားတော် အဆူဆူအား မုခ်ဦးရာဟန်ပုံစံအမျိုးမျိုးဖြင့် သပ္ပာယ်လှစွာ ဖူးမြော်ရသည်။ ဂန္ဓကုဋိတိုက်အဝင် ဘယ်ဘက်ရှိ ဘုရားစင်ထက်၌ ထိုင်တော်မူရုပ်ပွားတော်မြတ်အား ဘူမိဖဿဟန်ကို ပလ္လင်ထက်၌ ဖူးမြော်ရသည်။ ဘေးတစ်ဖက်တစ်ချက်၌ ကြေးဖြင့် ပြုလုပ်ထားသော အုတ်ကြီးနှစ်လုံးအားလည်းကောင်း၊ မြဘုရားပုံစံတူ ရုပ်ပွားတော်တစ်ဆူအားလည်းကောင်း၊ ကြေးသွန်းရုပ်ပွားတော် အဆူဆူအားလည်းကောင်း ရှေ့ဆုံး၌ ဆရာတော်ကြီးနှစ်ပါးနှင့် တရုတ်အန်းကုန်းဘိုးတော်ပုံအားလည်းကောင်း ဖူးမြော်ရသည်။ ဘယ်ဘက်ဘုရားစင်ထက်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးမြော်ရသည်။

- ဒုတိယဘုရားစင်ထက်၌ နွေ့၊ မိုး၊ ဆောင်း ဝတ်ရုံတော်

ဧရာတောင်ဖစတီစေတီတော် ရင်ပြင်တော်ရင်းရှိ ကြေးနတ်ခွပ်

www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်ပုံ။ ။ ဆောင်း ရုပ်ပွားတော်သုံးဆူနှင့် ရှေးဟောင်းရုပ်ပွားတော်များ

များနှင့် ဘန်ကောက်နန်းတော်အတွင်းရှိ ကမ္ဘာကျော် မြဘုရားပုံစံတူ ရုပ်ပွားတော်မြတ်သုံးဆူအား သပ္ပာယ်လှစွာ ဖူးမြော်ရသည်။ တခြားထိုင်တော်မူရုပ်ပွားတော် လေးဆူခန့်ကိုလည်း ဖူးမြော်ရသည်။ ဘုရားစင်၏လက်ဝဲဘက်၌ ကြေးအုတ်တစ်လုံးကို မှန်စီထားသည်ကိုလည်း ရှေးဟောင်းလက်ရာအဖြစ် လေ့လာနိုင်သည်။

ဓာတ်တော်ကြုတ်စေတီငယ် ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်၏ လက်ယာဘက် အပြင်နံရံ၌ အိန္ဒိယနိုင်ငံ ကုသိနာရုံရှိ ပရိနိဗ္ဗာန်စံတော်မူရာနေရာ၌ တည်ထားသော ပရိနိဗ္ဗာန်စေတီတော်ရှေ့ရှိ ဂန္ဓကုဋိတိုက်အတွင်း၌ တည်ထားသော ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ရုပ်ပွားတော်မြတ်နှင့် ပုံစံတူပရိနိဗ္ဗာန်ရုပ်ပွားတော် တစ်ဆူကိုလည်း သပ္ပာယ်လှစွာ ဖူးမြင်ရသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ရုပ်ပွားတော်မြတ်၏ ပလ္လင်တော်ရှေ့ရှိ ညီတော်အာနန္ဒာ ငိုကြွေးနေပုံ၊ သမားတော်ကြီး ဇီဝကပုံနှင့် ဘုရားရှင်လက်ထက် နောက်ဆုံး ရဟန္တာဖြစ်သွားသည့် ရဟန္တာပုံတို့မှာ ကုသိနာရုံရှိပုံတော်နှင့် တစ်ပုံစံတည်း ထပ်တူညီအောင် ထွင်းထုထားပုံမှာ လက်ရာမြောက်လှသည်။

ဓာတ်တော်ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက် ဘေးပတ်လည်၌လည်း ကြေးပြားရုပ်ကြွ မြတ်ဘုရားပုံစံ ထွင်းထုထားပုံမှာ လွန်စွာလက်ရာမြောက်လှသည်။ Wat Saket (Golden Mount) စေတီတော်တောင်တော်ပုံစံကိုလည်း ဂန္ဓကုဋိတိုက်အတွင်း၌ ဖူးမြော်ရသည်။ ဂန္ဓကုဋိတိုက်၏ လက်ဝဲဘက်နံရံ၌ ဗုဒ္ဓရုပ်ပွားတော်မြတ်များကိုလည်း နဂါးရုံဘုရားပုံ၊ ရပ်တော်မူဗျာဒိတ်ပေးဟန်၊ သပိတ်ပိုက်၍ ဆွမ်းခံကြွတော်မူဟန်၊ ထိုင်တော်မူဟန် မုဒြာအမျိုးမျိုးကိုလည်း ဖူးမြော်ရသည်။ ထိုရုပ်ပွားတော်မြတ်များ၏ နောက်ဘက်နံရံ၌ ကြေးရုပ်ကြွပန်းခက်ပန်းနွယ်များကြား၌ ဗုဒ္ဓရုပ်ပွားတော် အဆူဆူကိုလည်း လက်ရာမြောက်စွာ ဖူးမြော်ရသည်။ ရုပ်တော်မူရုပ်ပွားတော်များကြား၌ ပလ္လင်ထက်မှ ခြေဆင်းထိုင်တော်မူသော ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။ ထိုမုဒြာဟန်ပုံတော်မျိုးကို မြန်မာနိုင်ငံရှိ စေတီတော်တချို့၌ ရှားရှားပါးပါး ဖူးမြော်ခဲ့ဖူးသည်။

ပြဇာတ်ပုံစံတူ ပရိနိဗ္ဗာန်ရုပ်ပွားတော်နှင့် ဗုဒ္ဓရုပ်ပွားတော်ထုလုပ်ထားပုံ ဖူးမြော်ရစဉ်

နံရံကပ်ကျောင်းဆောင်အတွင်း၌ ဦးခေါင်းတော် ငါးလုံးနှင့် ကြေးရုပ်ပွားတော်တစ်ဆူကိုလည်း Wat Saket ဂန္ဓကုဋိတိုက်အတွင်း၌ ဖူးမြော်ရသည်။ ရှေးဟောင်းလက်ရာဖြစ်ပြီး လက်ရာပြောင်မြောက်လှ၍ ဖူးမြော်ရသူအပေါင်းအနေနှင့် ဦးခေါင်းတော်ငါးလုံးနှင့် ဘုရားအထူးထူးဆန်းဆန်း ဖူးမြော်ရခြင်းဘာသာတရားဖြစ်မိရသည်။ မြန်မာနိုင်ငံ၌

www.burmeseclassic.com

www.burmeseclassic.com

ဘုန်ပုံစံ ကြေးသွန်းဘုရားမျိုး ရောင်းဝယ်ကူး၍ ပို၍အဲ့သြမိသည်။ ဂန္ဓကုဋိုရံခ်ဳပ် ထိုင်းဘာသာနှင့် အင်္ဂလိပ်စာတို့ဖြင့် ရေးထိုးချိတ်ဆွဲထားသော ဗုဒ္ဓ၏ အဆုံးအမတရား ဆယ်မှ ထုတ်နုတ်ချက်များသည် ဆင်ခြေရသူတို့အတွက် အသိတရား ပေးချေးစေသည်။

ဂန္ဓကုဋိုတိုက် လက်ဝဲဘက်ခန်း ကြေးရုပ်ကြွများမှာ ဗုဒ္ဓမြတ်စွာဘုရားရှင် နစဉ်ဘဝ၌ ကျင့်သုံးပါရမီဖြည့်ခဲ့ရသော သမင်မင်း၊ ကြက်မင်း၊ ယုန်မင်း၊ မျောက်မင်း စသည့် ဘဝများစွာ ဇာတ်တော်များကို ထွင်းထုသရုပ်ဖော်ထားသည်။ ထိုဇာတ်ကြီးဆယ်ဖွဲ့၊ ငါးရာငါးဆယ်ဘဝ ကျင်လည်ခဲ့ရသော ပုံတော်များကို ပုဂံခေတ် စေတီပုထိုးများ၌လည်းကောင်း၊ ဆေးရေးခဲရုံများ၌လည်းကောင်း၊ စဉ့်ကွင်းများဖြင့်လည်းကောင်း ဖော်ထားသည်ကို ယနေ့တိုင် တွေ့ရသည်။ ဥပမာ-ပုဂံရှိ ဓမ္မရာဇိကစေတီတော်၌ စဉ့်လက်ရာများကို အထင်အရှား တွေ့နိုင်သည်။

ဂန္ဓကုဋိုတိုက်အား တစ်ပတ်လှည့်လည် ပူဇော်ပြီးနောက် ဂန္ဓကုဋိုတိုက်၏ အလယ်ဗဟိုရှိ သီးခြားတည်ဆောက်ထားသည့် ဂန္ဓကုဋိုတိုက်ငယ်အတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားရှင် ဓာတ်တော်,မွေတော်အား ထည့်သွင်းဖူးမြော်ပြီး တည်ထားသော ဓာတ်တော်စေတီငယ်အား ဖူးမြော်ရသည်။ ခြံဝင်းလေးဖက်လေးတန်မှ ဖူးမြော်ကြည်ညိုနိုင်ရန် တည်ထားသည်။ မုခဝေါက်လေးဖက်လေးတန်၌လည်း ဓာတ်တော်စေတီတော်အား ကျောပြု၍ ထိုင်တော်မူရုပ်ပွားတော်မြတ်လေးဆူကို တည်ထားသည်။ ရုပ်ပွားတော်မြတ်လေးဆူမှာ ကြည်ညိုဖွယ်အသွင် ဆောင်နေပေသည်။

ဓာတ်တော်,မွေတော် ကိန်းဝပ်စံပယ်တော်မူရာ ဓာတ်တော်စေတီတော်ငယ်မှာ တရုတ်ပြည်ရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်ကိန်းဝပ်တော်မူရာ ရွှေကြွတ်ပုံစံနှင့် အလားသဏ္ဌာန် တူညီသည်။ စေတီငယ်၏ ကြွတ်တော်ဆက်၌ တည်ထားသော ဘုံကိုးဆင့်မှာလည်း တရုတ်စွယ်တော်တိုက်ပုံစံနှင့် အတော်ပင် ဆင်တူလေသည်။

ဓာတ်တော်စေတီငယ်၌လည်း မုခဝေါက်လေးပေါက်ပုံဖော်ထားပြီး မြတ်စွာဘုရားပုံတော်များကို ထွင်းထုထားကြောင်း တွေ့ရသည်။

စာရေးသူသည် ဂန္ဓကုဋိုတိုက်အတွင်းရှိ ဖူးမြော်စရာရုပ်ပွားတော်အသူဆူနှင့် ထူးခြားစွာလေ့လာမှတ်သားရမည့် အရာများကို ဓာတ်ပုံမှတ်တမ်းရိုက်ယူနေရ၍ ဓာတ်တော်စေတီတော်အား ဦးချကန်တော့နိုင်ခြင်း မရှိခဲ့ဝေ။ ဓာတ်ပုံမှတ်တမ်းရိုက်ယူမှု ပြီးဆုံးပြီးနောက် ဓာတ်တော်စေတီတော်တည်ရာ ဂန္ဓကုဋိုတိုက်ငယ်အတွင်း ဝင်ရောက်ပြီး ငါးပါးသီလခံယူကာ ဦးသုံးကြိမ်ချရင်း အသည်းနှလုံးဖြင့်ပေါ်နေသော အကျိုတ်တည်သောဝေဒနာ အမြန်ဆုံးပျောက်ရန် ဆုတောင်းမိလေသည်။

◆ ◆ ◆

Wat Saket ခေါ် Golden Mount စေတီတော်မြတ်သည် ဤဂန္ဓကုဋိုတိုက်၏အထက်၌ တည်ထားခြင်းဖြစ်ရာ ထိုစေတီတော်မြတ်တည်ထားရာ အထက်အမိုးပေါ်သို့ တက်ရောက်ရမည့် လှေကားငယ်မှတစ်ဆင့် ဇနီးဖြစ်သူ ဒေါက်တာညွန့်ညွန့်ရီနှင့် တက်ရောက်ခဲ့သည်။ အထက်အမိုးပေါ်ရှိ ခိုအိမ်ငယ်ပမာ တည်ဆောက်ထားသော အုတ်တိုက်ငယ်အတွင်းမှ အပြင်သို့ ထွက်လိုက်သောအခါ အဝေးမှဖူးမြင်ရသော Wat Saket ခေါ် Gold Mount စေတီတော်မြတ်ကြီးအား ရွှေရောင်ဝင်းလျက် ဉာဏ်တော်မြင့်မားစွာ သပ္ပာယ်လှစွာ ဖူးမြော်ရလေတော့သည်။

ထိုင်းစေတီပုံစံအတိုင်း တည်ထားခြင်းဖြစ်၍ ထီးတော်မပါသော်လည်း လွန်စွာသပ္ပာယ်လှသည်။ စေတီတော်ရင်ပြင်တော်ပေါ်၌ နေပူရှိန်ကြောင့် အောက်ခံသမဲ့သဲလင်း

www.burmeseclassic.com

အခင်းကျောက်ပြားများသည် အလွန်ပင် ပူပြင်းလှသည်။ ကျောက်ပြားပေါ်မှ လမ်းလျှောက်ရာတွင် ပူလှ၍ ဘေးပတ်လည်ခဲ့ခင်းထားသော ပလတ်စတစ်အခင်းပေါ်သို့ အပူသက်သာရန် တက်ရောက်လိုက်ရာ ကျောက်ပြားထက် ပို၍ပူပြင်းလှခြင်းကြောင့် ကျောက်ပြားပေါ် ပြန်ဆင်း၍ အမြန်လျှောက်ကာ အရိပ်ရှိမည့်နေရာသို့ အမြန်ပြေးရတော့သည်။ စေတီတော်အား ထောင့်စုံဘက်စုံမှ ဓာတ်ပုံမှတ်တမ်း အမြန်ရိုက်ယူရသည်။ စေတီတော်ရင်ပြင်သည် ရိုးရိုးရှင်းရှင်းဖြစ်၍ များများစားစား ဓာတ်ပုံရိုက်စရာ မရှိပေ။ ဘေးလေးထောင့်အုတ်တံတိုင်းအပေါ်၌ အရံစေတီငယ်လေးဆူကိုလည်း ဖူးမြော်ရသည်။

စေတီတော်အနီး၌ စတီးသပိတ်ကြီး တစ်လုံးကိုလည်း ဆက်ကပ်လှူဒါန်းထားသည်ကို တွေ့ရသည်။ ကြေးနက်နှင့် သွန်းလုပ်ထားသော လက်ရာမြောက်လှသော နတ်သမီးရုပ်ဟုထင်ရသော ကြေးနက်ရုပ်တုတစ်ခုကိုလည်း ထူးခြားစွာ တွေ့ရသည်။ ရင်ပြင်တော်ရှိ ထောင့်တစ်ထောင့်အတွင်းရှိ အုတ်တိုက်အတွင်း၌လည်း ကျောက်စီထားသော ရွှေကလပ်အထက်၌ လှပစွာတင်ထားသော မှန်လုံးကြီးနှင့် အတွင်း၌ ပန်းပွင့်များ၊ ရွှေရောင်ပန်းခက်များဖြင့် တန်ဆာ

တောင်တက်လမ်း၌ တွေ့ရသော ဝသုဇြန်နတ်ရုပ်

ဆင်ထားသည်မှာ လှပလှသည်။ ရွှေကလပ်နှင့် ဖန်လုံးတင်ထားရာ ပလ္လင်တော်မှာလည်း ကျောက်ဖြူ၊ ကျောက်နီများဖြင့် ပြုလုပ်ထားခြင်းကို ကြည့်ခြင်းဖြင့် ဖန်လုံးကြီးအတွင်း၌ အလေးအမြတ်ထားရာ ဓာတ်တော်၊ မွေးတော်တစ်ခုခု ဌာပနာထည့်သွင်း ပူဇော်ထားမည်ဟု မှန်းဆမိသည်။ ရွှေကလပ်ပတ်လည်၌လည်း ဗုဒ္ဓရုပ်ပွားတော်ရုပ်တုများ ထွင်းထုခြင်းကြောင့် အထက်၌ရှိနေသော မှန်လုံးကြီးသည် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်၊ မွေးတော်တစ်ခုခု ကိန်းဝပ်စံပယ်တော်မူရာ ဖြစ်မည်ဟူသော ယူဆချက်သည် မလွဲနိုင်ဟု ထင်မှတ်မိသည်။ ထိုင်းစေတီဘုရားများ၌ ကမ္ဘည်းမှတ်တမ်းရေးထိုးမှု မရှိခြင်း၊ ထိုင်းဘာသာနှင့်သာ ရေးထိုးထားခြင်းများကြောင့် နိုင်ငံခြားသား ဘုရားဖူးတို့အတွက် အခက်အခဲရှိခဲ့ကြသည်။ ယခုလည်း မည်သည့်စာတန်းမှ ရေးထိုးထားခြင်းမရှိ၍ စိတ်မှန်းနှင့်သာ တွေးထင်ရခြင်း ဖြစ်သည်။

ဘန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်မှာ လေးရက်ရှိခဲ့ပြီးဖြစ်သော်လည်း မိုးတစ်ခါမှ ရွာသွန်းခြင်းမရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌ကား ဇာစ်နိုင်ငံလုံး ကြေးရေလျှံအောင် မိုးများအဆက်မပြတ်ရွာသွန်း၍ ပြည်သူသန်းချီပြီး ရေဘေးဒုက္ခသည်ဘဝ ရောက်ခဲ့ရသလို လယ်မြေစိုက်ကသိန်းပေါင်းများစွာလည်း ပျက်စီးခဲ့ရသည်။ စာရင်းအရလူလည်း တစ်ရာကျော်. အသက်ဆုံးရှုံးခဲ့ရသည်။ နေအိမ်များစွာ ရေနစ်မြုပ်ခဲ့ပြီး ပျက်စီးခဲ့ရသည်။ ရွာပေါင်းများစွာလည်း ရေလွှမ်းမိုးမှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။

ဘန်ကောက်မြို့၌ မိုးတစ်စက်မှမရွာ၍ အပူရှိန်မြင့်မားလှသည်။ ယခုရောက်ရှိနေသည့် Wat Saket စေတီတော်ရင်ပြင်၌လည်း အပေါ်ပူ အောက်ပူသည့်ဒဏ်ကြောင့် ကြာကြာမနေနိုင်။ စေတီတော်အား ဓာတ်ပုံမှတ်တမ်းရိုက်ယူပြီး နောက် တောင်ထိပ်မှ ဘန်ကောက်မြို့တော်၏ ရှုခင်းအား အရသာခံ၍ မကြည့်နိုင်တော့ဘဲ ဓာတ်ပုံမှတ်တမ်း နှစ်ပုံသုံးပုံခန့်သာ ရိုက်ယူပြီး အောက်ပြန်ဆင်းရန် အဆင်းလှေကားရှိရာသို့ အမြန်ပြေးရသည်။ ထိုအခါမှ အင်္ကျီပိတ်လို့ ရေးထားသော ဖိနပ်စီးနိုင်သည်ဟူသော စာတန်းကို မြင်မိတော့သည်။ မြန်မာ့ယဉ်ကျေးမှုအရ စေတီ၊ ကျောင်း၊ ကန်၊ ဘုရားတို့၌ ဖိနပ်မစီးရဟူသောအသိကြောင့် ဓာတ်တော်တိုက်အထက်၌ တည်ထားသော Wat Suket စေတီရင်ပြင်၌ ဖိနပ်မစီးခဲ့ခြင်းအပေါ် မုဒိတာပွားလျက် ဒိဋ္ဌိကြည်နူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်စေတီတော်အား တက်ရောက်ရာလမ်းရုံ့ပြ
စတွေ့ရသော ရွှေတောင်စေတီ ပုံစံငယ်



တောင်တက်လမ်းပြဲ ရုပ်တွေ့ရသော
ရှင်မဟေရဒေဝီ ဘုရားဝတ်ပြုတော်မူစဉ်
(လမ်းတောင်တစ်ခု၊ ထီးတော်ထပ်ထားသည်)

အဆင်းမုခဝဇုတ်တိုက်မှ အောက်သို့ ပြန်ဆင်းလာသောအခါမှ လှေကားသည် ကျဉ်းလည်းကျဉ်း မတ်လည်းတော်စောက်ကြောင်း သိရတော့သည်။ အောက်သို့ ခြေချော်ကျစေရန် စတီးလက်ရန်းကိုကိုင်ရင်း ဖြည်းဖြည်းချင်းဆင်းခဲ့ရသည်။

♦♦♦

ဂန္ဓကုဋိတိုက်သို့ ရောက်သောအခါမှ ဘန်ကောက်မြို့ကြီးကို ကြည့်နိုင်သလို (၁၉၅၅)ခုနှစ်က ထုတ်ဝေသော သတင်းစာဆရာကြီး ဦးသိမ်းမောင် ရေးသားသည့် ကိုယ်ဆွေယိုးဒယားပူသော စာအုပ်၌ ဖတ်ခဲ့ဖူးသော လွမ်းစရာအတိုအကြောင်းကို အမှတ်ရမိ၍ ထိုစာအုပ်ပါ ရေးသားချက်၌ ပါရှိသည့်-

'ပုခေါ်ထောင်း ရွှေတောင်စေတီ ခြေတော်ရင်းရှိ ဝပ်တစ်ကျောင်းတိုက်အတွင်းမှ ဖြတ်မိ၍ မိတ်ဆွေတစ်ဦးနှင့် သွားကာသွားရာ ပုံစံတူစေတီငယ်နှစ်ဆူ တည်ရှိရာအနီးသို့ ရောက်သွားကြသည်။ ကျွန်ုပ်နှင့် အဖော်လိုက်ပါလာသော မိတ်ဆွေသည် စေတီ(၂)ဆူတွင် ရေးထိုးထားသော စာတန်းကို ရပ်တန့်ဖတ်ရှုကာ ခေါင်းတညိတ်ညိတ်ရှိသည်ကို မြင်သောကြောင့်'

အဓိပ္ပာယ်ကို မေးကြည့်ရာ-

နေသည်ဝင်၍ တစ်ဖန်ပြန်ထွက်မည်။ သို့သော် ဗာလပ်နှင့် ထပ်တင်တို့ကား ဤကမ္ဘာမြေသို့ ပြန်လည်ဝင်ရောက်လာကြမည် မဟုတ်ကြောင်းဟူသော နိဒါန်းစာပိုဒ်ကို သတိရရင်း ထိုထပ်ဗာင်နှင့် ဗာလပ်တို့အား ရည်စူးတည်ထားသော စေတီနှစ်ဆူအား ရှာဖွေရန် စိတ်စောနေမိသည်။

ထို့ကြောင့် တောင်ထိပ် Wat Saket စေတီရင်ပြင်ပေါ်မှ စေတီနှစ်ဆူကို ရှာကြည့်သေးသည်။ ကျောင်းတိုက်တစ်ခုလုံး၌ ကျောင်းတိုက်ကြီးများစွာ တည်ထားသောကြောင့် စေတီငယ်ကိုရှာ မတွေ့ခဲ့ပေ။ ထို့ကြောင့် တောင်ခြေရောက်လျှင် ထပ်မံရှာဖွေမည်ဟု ဆုံးဖြတ်မီသည်။

တောင်ခြေသို့ အဆင်းခရီးက သက်သောင့်သက်သာရှိလှသည်။ တောခြေသို့ မကြာမီရောက်ရှိသည်။ တောင်ခြေရှိ အဆောက်အအုံတစ်ခုအတွင်း၌ ဝင်ရောက်လေ့လာရာ ဆရာတော်ကြီးများ၏ ရုပ်တုများကိုလည်းကောင်း၊ ရွှေရောင်ထိုင်တော်မူရုပ်ပွားတော် နှစ်ဆူအားလည်းကောင်း၊ ရုပ်တော်မူကြွေးဆင်းတုတော် တစ်ဆူတို့အား ဝင်ရောက်ဖူးမြော်ပြီးနောက် Wat Saket ဘုရားဖူးခရီးစဉ်ကို အဆုံးသတ်ခဲ့သည်။

www.burmeseclassic.com

ဝတ္ထုများသည် ဂျက်နာဝတ် ဝေးဂျက်နာနှင့် ဂျာဂရစ်ပွားဆေးမြီးတိတ်အား ဖားမြောက်ရာဝင်

သတင်းစာဆရာကြီး ဦးသိမ်းမောင်၏ကိုယ်တွေ့ ယိုးဒယားစာအုပ်၌ ပါရှိသော လွမ်းစရာလွမ်းစေတီ ဆောင်းပါး၌ ပါရှိသော ရဟန်းတော် ဗာလပ်နှင့် ဘုရင်မိဖုရားငယ် ထပ်တင်တို့အား ရည်စူး၍ တည်ထားသော လွမ်းစေတီနှစ်ဆူအား ရှာဖွေရန် တောင်ခြေရှိ ရိပ်ဟန်းတော်များ၊ လူပုဂ္ဂိုလ်များကို လိုက်လံမေးမြန်းသော်လည်း အင်္ဂလိပ်စကားမတတ်ကြ၍ မေးခရဖြစ်ရသည်။ ကံကောင်းထောက်မစွာနှင့် အင်္ဂလိပ်စကားတတ်သော ရဟန်းတစ်ပါးကိုတွေ့ရာ လွမ်းစေတီနှစ်ဆူ အကြောင်းနှင့် ထပ်တင်နှင့် ဗာလပ် အကြောင်း မေးရာ သူ့မသိကြောင်း ပြန်ဖြေ၍ လွမ်းစေတီလည်း မဖူးမြင်ရဘဲ လက်လျှော့ကာ ပြန်ခဲ့ရသည်။ စာရေးသူတို့အား ထိုအကြောင်းအရာနှင့်ပတ်သက်၍ ရင်နှင့်ဖွယ် ရာဇာတ်လမ်းလေးအား နောက်ခံ၌ ဆက်လက်ရေးသားဖော်ပြပေးပါမည်။

♦ ♦ ♦

စာရေးသူတို့သည် Wat Saket ခေါ် Golden Mount စေတီတော်မှ ထွက်ခွာလာပြီး Wat Suthat စေတီတော်ရှိရာသို့ ထွက်ခွာလာသည်။ Wat Saket နှင့် Wat Suthat စေတီတော်နှစ်ဆူသည် အလွန်ပင်နီးသည်။ Taxi ခ ဘတ် (၅၀)သာပေးရသည်။ ဆယ်မိနစ်ပင် မမောင်းရဘဲ ရောက်ရှိသည်။ စာရေးသူသည် လမ်းခရီး၌ ထုံးစံအတိုင်း Wat Saket ခေါ် Golden Mount စေတီတော်၏ သမိုင်းမှတ်တမ်းအကြောင်း တွေးတောရင်း လိုက်ပါခဲ့ရာ Wat Saket စေတီတော်သည် (…)ခေတ်ဟောင်း သမိုင်းဝင်စေတီတော်တစ်ဆူ မဟုတ်သော်လည်း ထိုင်းနိုင်ငံ၌ ချက္ကရီမင်းဆက်ကို တည်ထောင်အုပ်ချုပ်ခဲ့သည်။ ပထမရာမမင်းကြီး (၁၇၈၂-၁၈၀၉)ခုနှစ်၏ မြေးတော်တူ King Rama III (၁၈၂၄-၁၈၅၁)ခုနှစ် လက်ထက်၌ စတင်တည်ထားသော Chedi (Bell-Shaped Buddhist Pagoda) ခေါင်းလောင်းပုံစံစေတီတော်တစ်ဆူဖြစ်ကြောင်း လေ့လာဖတ်ရှုရသည်။ ထိုစေတီတော်သည် ရာမမင်းကြီးက စတင်တည်ထားခဲ့သော်လည်း စတုတ္ထမြောက်ရာမမင်း(၁၈၅၁-၁၈၆၈)နှင့် ပဉ္စမမြောက် ရာမမင်း(၁၈၆၈-၁၉၁၀)ခုနှစ်တို့က ဆက်လက်ပြုပြင် တည်ထားခဲ့သောကြောင့် ယခုဖူးမြော်နေရသော ပုံစံအနေအထားအတိုင်း သဖွယ်စွာ၊ ကြည်ညိုဖွယ်ရာ မြင်တွေ့နေရခြင်းဖြစ်သည်။

ဤနေရာ၌ Golden Mount ရွှေတောင်တော်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့ပုံကို အကျဉ်းချုံး၍ တင်ပြရသော်-

စာရေးသူ ယခင်ရေးသားခဲ့သော ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ စေတီ၊ ပုထိုး၊ ဘုရားများနှင့် ပတ်သက်သော ဆောင်းပါးများ၌ ရေးသားတင်ပြခဲ့သည့်အတိုင်း အယုဒ္ဓယမြို့တော် ပျက်သုဉ်းပြီးနောက် ဒုံဘုရီမြို့(Thonburi) ကို ဖယတပ်က တည်ထောင်၍ ထီးနန်းတည်ဆောက်ခဲ့သည်။ ထိုဖယတပ်ဘုရင်သည် စိတ်ဖောက်ပြန်ပြီး ထိုင်းပြည်သူတို့အား နှိပ်စက်ညှဉ်းပန်းခဲ့၍ ထိုဘုရင်ကို ဖြုတ်ချပြီး စစ်သူကြီးဖြစ်သူ ချောက်ဗူးရီသည် ထိုင်းနိုင်ငံ၏ ထီးနန်းကို သိမ်းပိုက်ယူခဲ့သည်။ မြို့တော်ကိုလည်း ဒုံဘုရီမှ တစ်ဖက်ကမ်းသို့ပြောင်းကာ ဘန်ကောက်မြို့ (Bangkok) ကို တည်ထောင်ခဲ့သည်။ ယခုလက်ရှိ ထိုင်းနိုင်ငံကို အုပ်စိုးနေသည့် ချက္ကရီမင်းဆက်တို့ တည်ထောင်ခဲ့သည်။ ပထမရာမမင်းအဖြစ် ခံယူခဲ့သည့် မင်း၏ ဘွဲ့အမည်တော်မှာ (Phra Bat Somdet Phra Puttha Yot Fa Chula Lok Maha Rat) ဖြစ်သည်။

ဘန်ကောက်မြို့တော်ကို တည်ထောင်ရာတွင် မြို့ရိုးကို ပထမရာမမင်းနန်းတက်သည့် (၁၇၇၈)ခုနှစ်တွင် လာဆို

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသည် ထိုင်းလက်အောက်ခံ နိုင်ငံဖြစ်နေရာ ထိုနိုင်ငံ၏ မြို့တော် Vientiane မှ ထိုင်းနိုင်ငံသို့ ပြန် ထည့်ပင့်ဆောင်ခဲ့သည်။ အစပထမ ၌ ခုံဘုရင်မြို့၌ ခေတ္တစံမြန်းတော်မူ ပြီးနောက် ဘန်ကောက်မြို့ရှိ ဘုရင့် နန်းတော် (Tha Grand Palace) အတွင်းသို့ (၁၇၈၄)ခုနှစ်၊ မတ်လ (၂၂)ရက်နေ့တွင် ပင့်ဆောင်ကာ ကြီးကျယ်ခမ်းနားသော ပြာသာဒ်၊ ဘုန်းဆောင်းကြီးများဖြင့် ကိန်းဝပ် စံထိုင်တော်မူစေသည်။

ဝန္နဘဂ္ဂတိုက်တွင်ရှိ ပန်းချီဆရာများ၏ ဘုရားပွဲတော်များ

ပထမရာမမင်းကြီးသည် ဘာသာ၊ သာသနာတော်ကို ထွန်းကားကြည်ညိုသော မင်းတစ်ပါးဖြစ်ရာ ဘန်ကောက်မြို့ တော်သစ်ကြီးတွင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရေး အတွက် ထိုင်းနိုင်ငံအနှံ့ရှိသော အထူးသဖြင့် ထိုင်းနိုင်ငံ မြို့တော်ဟောင်း အယုဒ္ဓယရှိ ဘုန်းတော်ကြီးကျောင်း များစာရင်းကို ဘန်ကောက်မြို့တော်သစ်သို့ ပြောင်းရွှေ့ ပြီး ဘုရင်ကိုယ်တော်တိုင် လှူဒါန်းပူဇော်ပြီး သာသနာ တော်ဖွံ့ဖြိုးစေရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ရာနှင့်ချီသော ဘုန်းတော်ကြီးကျောင်းများကို မြေနေရာကျယ်ပြန့်စွာ လှူ ဒါန်း၍ တည်ဆောက်ကိုးကွယ်ခဲ့သလို နိုင်ငံတော်အနှံ့မှ ထည်း ကြည်ညိုဖွယ်ကောင်းပြီး သပ္ပာယ်လှစွာသော ရှေး ဟောင်းဗုဒ္ဓရုပ်ပွားတော်များကိုလည်း ဘန်ကောက်မြို့တော် ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပင့်ဆောင်ပူဇော်စေခဲ့ သည်။ Golden Buddha ရွှေဘုရား ကဲ့သို့သော ရှေးဟောင်းဘုရားဆင်း တူတော်ကြီး အများအပြားပါဝင်ခဲ့ သည်။ အထူးသဖြင့် အယုဒ္ဓယမြို့ ဟောင်းမှ ရုပ်ပွားဆင်းတုတော် အရြောက်အများ ပါဝင်လေသည်။

ပထမရာမမင်းလက်ထက်၌ ဘန်ကောက်မြို့ဝန်းကျင်၊ အထူး သဖြင့် နန်းတော် Grand Palace ဝန်းကျင်၌ ကြီးမားကျယ်ပြန့်သော ဘုန်းတော်ကြီးကျောင်းများ၊ ထင် ရှားကျော်ကြားပြီး ကြည်ညိုဖွယ် ရုပ်ပွားဆင်းတုစေတီတော် အမြောက်အများ ထွန်းကားပေါ် ပေါက်ခဲ့သည်။ စာရေးသူတင်ပြပြီးခဲ့သော ရွှေသာလျောင်း Wat Po လျောင်းတော်မူဘုရား၊ Golden Mount ရွှေတောင် ပေါ်ဘုရား၊ Wat Saket, Wat Suthat, Loha Parat Temple စသည်တို့သည် ထိုင်းဘုရင့်နန်းတော်နှင့် မလှမ်းမကမ်း၌ တည်ရှိသော ဘုရား၊ စေတီ၊ ကျောင်းများပင် ဖြစ်သည်။

♦ ♦ ♦

Golden Mount ရွှေတောင်ပေါ်ဘုရားသည် ပထမ ရာမ မင်းလက်ထက်တော်၌ စတင်တင်ထောင်ခဲ့သော ဝပ် ဆာကတ် (Wat Saket) ကျောင်းတော်ကြီးအတွင်း၌ တည်ရှိသော စေတီတော်ဖြစ်သည်။ ထိုစေတီတော်တည် ရှိရာ ဝပ်ဆာကတ်ကျောင်းတော်ကြီးသည် ဘန်ကောက်မြို့ Boriphat Road လမ်းနှင့် Lan Luang Road လမ်း နှစ်

ရင်ပြင်တော်ဝယ်မှ ဘန်ကောက်မြို့ရှင်းအား နောက်ခံထား၍ တာရာသွန်းနှင့် ထိုးဆေးတိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်စေတီတော်တောင်ခြေရှိ တန်ဆောင်းအတွင်း၌ ရေဝေတောင်ခြေသားဗုဒ္ဓရုပ်ပွားအတော်တစ်ရာအား ရှေးဘုရင်ခို

လမ်း၏ကြားဝ်၌ တည်ရှိသည်။ Loha Prasat ဗိမာန်ကျောင်းကြီးနှင့် လမ်းတစ်ထမ်းသာ ခြားသည်။ ဘန်ကောက်မြို့ရှိ ထင်ရှားသော ဒီမိုကရေစီအထိမ်းအမှတ် ကျောက်တိုင်နှင့်လည်း မဝေးလှပေ။ Golden Mount ဟုပြော၍ ကားငှားသော် ကားသမားတချို့ မသိကြဘဲ Wat Saket ဟုပြော၍ ငှားမှ သိကြသည်။ Phu Khao Thong ဟုလည်း ခေါ်သည်။ ဘုရားဖူးတို့အား နံနက်(၉)နာရီမှ ညနေ(၅)နာရီ အတွင်း ဖူးမြော်နိုင်ရန် ဖွင့်လှစ်ပေးထားသည်။ ဝင်ရောက်ဖူးမြော်ရန် ဝင်ကြေးအလှူငွေ ဘတ်(၂၀) ပေးရသည်။

Golden Mount စေတီတော် တည်ထားရန် တောင်ကုန်းတော်သည် Wat Saket ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ရှိသည်။ ထိုကျောင်းတော်သည် အယုဒ္ဓယခေတ် ကာလကပင် ရှိခဲ့သော ရှေးဟောင်းကျောင်းတော်ကြီးဖြစ်သည်ဟု ဆိုသည်။ စစ်သူကြီး Phraya Chakri ချက္ကရီ ပထမရာမမင်း လက်ထက်၌ ထိုကျောင်းတော်ကြီး၌ ဘာသာရေးအခမ်းအနားများ ကျင်းပလေ့ရှိသည်။ ပုထမမြောက် ရာမမင်း လက်ထက်၌ ထိုကျောင်းတော်ကြီးသည် ကြီးကျယ်ခမ်းနား တိုးတက်ခဲ့သည်။ ဘုရင်မင်းမြတ်၏ ပြုပြင်တည်ဆောက်မှုများဖြင့် အလွန်ခမ်းနားခဲ့ရုံသာမက ကျောင်းတော်ကြီး၏ မူလအမည်မှ Wat Saket အမည်သို့ ပြောင်းလဲခေါ်တွင်စေခဲ့သည်။ ယနေ့ခေါ်တွင်သောအမည် Wat Saket အမည်သည် ပထမရာမမင်းကြီး လက်ထက်မှ စတင်တွင်ခဲ့သည်။

Wat Saket ကျောင်းတော်ကြီးအတွင်း၌ Golden Mount ခေါ် ရွှေစေတီတော်ကြီးကိုကား တတိယမြောက် ရာမမင်း လက်ထက်ရောက်မှ စတင်တည်ထားခဲ့ခြင်းဖြစ်သည်။ Golden Mount စေတီတော်တည်ထားမည့် ကုန်းမြေသည် သဘာဝအနေအထားအရ ယခုကဲ့သို့ မြင့်မားသော ကုန်းမြေမြင့်မြင့်တစ်ခု မဟုတ်ပေ။ တတိယရာမမင်း (၁၈၂၄-၁၈၅၁)လက်ထက်၌ Wat Saket စေတီ Golden Mount ကို စတင်တည်ဆောက်ခဲ့သည်။

စေတီတော်တည်ဆောက်ရာ ကုန်းမြေသည် သဘာဝအရ ဖြစ်တည်နေသော မြေသားမဟုတ်ဘဲ မြေသားထပ်ဖို့ တည်ဆောက်ဖန်တီးထားသော ကုန်းမြေဖြစ်၍ ခေါင်းလောင်းပုံ(Chedi) စေတီတော်၏ အလေးချိန်ကို မခံနိုင်ဘဲ စေတီတည်ဆောက်နေဆဲကာလ၌ပင် ပြိုကျခဲ့သည်။ ဆယ်စုနှစ်အကြာ၌ တောင်ကုန်းရှိ ရွှံ့မြေသားများကို ထိန်းချုပ်ရန် အုတ်တံတိုင်း ကာရံခဲ့သည်။ မြေသားတို့အနေနှင့် ဆောက်လုပ်မည့် အဆောက်အအုံဝန်ကို ထမ်းဆောင်နိုင်အောင် ဖန်တီးခဲ့သည်။ ပေါင်းပင်များ ပေါက်ရောက်စေသည့် သဘာဝတောင်ကုန်းအနေအထား ပြုပြင်တည်ဆောက်ခဲ့သည်။

စတုတ္ထမြောက်ရာမမင်း (၁၈၅၁-၁၈၆၈)ခုနှစ်လက်ထက် ခေါင်းလောင်းပုံ(Chedi) စေတီငယ်ကို စတင်တည်ထားသည်။ စတုတ္ထမြောက်ရာမမင်း၏သား ပဉ္စမမြောက် ရာမမင်း (၁၈၆၈-၁၉၁၀) ချူလာလောင်ကွန် (Chula Long Korn) လက်ထက်၌ အိန္ဒိယရှိ သံတမန် Lord Curzon သီရိလင်္ကာမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွာဘုရား ရှင်၏ သရီရဓာတ်တော်များကို စေတီတော် ဂန္ဓကုဋိတိုက်၌ ဌာပနာထည့်တည် ပူဇော်ထားသည်။

သတင်းစာဆရာကြီး ဦးသိမ်းမောင်၏ အဆိုမှာ ရွှေတောင်စေတီတော်၌ (၁၈၉၈)ခုနှစ်၊ နိပေါနယ်စပ်အနီး အိန္ဒိယပြည်ရှိ ပျက်စီးနေသော ပီပရယွာစေတီတော်မှ တူးဖော်ရရှိသော ဗုဒ္ဓဘုရားရှင်၏ အရိုးဓာတ်တော်ကို ရွှေတောင်စေတီ၌ ဌာပနာသည်ဟု ဆိုထားသည်။ Wat Saket စေတီတော်၏ အခြေခံတောင်နံရံတို့သည် Carrara Marble ကျောက်ဖြူတို့ဖြင့် (၂၀)ရာစုအစောပိုင်း၌ တည်ဆောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကန့်ကုဋိတိုက်နံရံ၌ ဗုဒ္ဓဝင်ရုပ်များ ထွင်းထုထားစဉ် (ဓါတ်ပုံဆယ်ကော်ဝတ္ထုပုံများ)

ဖြစ်သည်။ Wat Saket Temple ကျောင်းတော်ကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ် နိဝင်ဘာလ၌ ကျင်းပလေ့ရှိသည်။ တောင်တော်တစ်ခုလုံးကို မီးပုံးမီးချောင်စုံ ထွန်းညှိထား၍ လွန်စွာလှပသည်ဟု ဆိုရမည်ဖြစ်သည်။ ဘန်ကောက်၌ အလွန်စည်ကားသောနေရာတစ်ရပ်လည်း ဖြစ်သည်။

Golden Mount (သို့မဟုတ်) Wat Saket စေတီတော်ကြီးသည် ကျောင်းလောင်းပုံ (Chedi) စေတီတော်ကြီးဖြစ်ပြီး လုံးတော်ပြည့် ရွှေသားနံနက်ပလ္လင်ထားရာ ဘန်ကောက်မြို့ဝန်းကျင်မှ ရွှေဆောင်းလျက် ဖူးမြော်မြင်တွေ့နေရသော စေတီတော်ကြီးဖြစ်သည်။ စေတီတော်ရင်ပြင်တော်ပေါ်မှလည်း ဘန်ကောက်မြို့ကြီးအား အကာအကွယ်မရှိ ဒီဂရီ(၃၆၀) မြင်ကွင်းကျယ်နှင့် တွေ့မြင်ရသည်။ ရင်ပြင်တော်အနောက်ဘက်မှ ထိုင်းဘုရင်နန်းတော် Grand Palace နှင့် မြဘုရားကျောင်းတော် Temple of Emerald Buddha ကိုလည်းကောင်း၊ Democracy Monumeat ကျောက်တိုင်ကိုလည်းကောင်း၊ အနောက်တောင်အရပ်၌ ဆင္ဒမခြောက်ခေါင်း တည်ဆောက်ထားသော ကျောက်ဖရားမြစ်ကိုလည်းကောင်း တွေ့မြင်ကျော်သည့် တံတားကြီးကိုလည်းကောင်း၊ အရှေ့အရပ်၌ ကိုက်တာမြင့်မြင့်များဖြင့် ဘန်ကောက်မြို့တော်၏ စီးပွားအရေးကွက်ကြီးကိုလည်းကောင်း၊ Loha Prasat ဗိမာန်ကြီးနှင့် ဘန်ကောက်မြို့ရှိ အထင်ကရနေရာ အတော်များများကိုလည်းကောင်း အထက်စီးမှ မြင်တွေ့နေရ၍ Golden Mount စေတီတော်ရင်ပြင်၌ နိုင်ငံခြား ကမ္ဘာလှည့်ခရီးသွားအမြောက်အမြား လာရောက်လေ့လာကြခြင်း ဖြစ်သည်။

Golden Mount စေတီတော်ကြီးသည် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်,မွေတော်များ ကိန်းဝပ်စံပယ်တော်မူစေတီတော်တစ်ဆူဖြစ်၍ ထေရဝါဒဗုဒ္ဓဘာသာ ဒေသအနေနှင့် သွားရောက်ဖူးမြော်သင့်သော စေတီတော်ဆူဝင်ဖြစ်သည်။ သီရိလင်္ကာမှ ပင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်,မွေတော်တို့သည် ဗုဒ္ဓဘာသာဝင်များအနေနှင့် မြတ်စွာဘုရား၏ သက်တော်ထင်ရှားရှိသည့်အလား အာရုံထား၍ ဖူးမြော်ကြည်ညိုကြသော ကုသိုလ်ထူးကို ရရှိသာမက တောင်းသောဆုနှင့်လည်း ပြည့်ဝနိုင်မည်ဖြစ်သည်။ ထို့ကြောင့် Golden Mount Wat Saket စေတီတော်မြတ်ကြီးအား ဘန်ကောက်သို့ ရောက်ရှိပါက မရောက်မနေ သွားရောက်ဖူးမြော်သင့်သော စေတီတော်မြတ်တစ်ဆူဖြစ်ကြောင်း သတင်းကောင်းပေးရင်း စေတီတော်ရင်ပြင်ထက်မှ ဘန်ကောက်မြို့ရှုခင်းကိုကြည့်ရှုရင်း ဗဟုသုတပွားများနိုင်စေရန် တိုက်တွန်းလိုက်ရပေသည်။ ကိုယ်တိုင်မသွားရောက်နိုင်သူများအနေနှင့်လည်း Golden Mount စေတီတော်ကြီးအား ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရသည့်အလား ခံစားကုသိုလ်ယူနိုင်ရန် ဓာတ်ပုံမှတ်တမ်းများနှင့် ဆောင်းပါးကို အပြည့်အစုံ တင်ပြလိုက်ရပေသည်။

တက္ကသိုလ်မျိုး

ကိုးကြမ်း

၁။ The Golden Mount
(Wat Srakesa Rajavaram abavilara)

၂။ The Grand Palace and the Temple of the Emerald Buddha (Attand Book for Guides)
by Associate Professor Dr Pirya Krairiksh

၃။ ကိုယ်တွေ့ယိုးဒယား (၁၉၅၅)၊
ဦးသိမ်းမောင်(သတင်းစာဆရာ)။

၄။ အင်တာနက်မှတ်စုများ။

၅။ ကိုယ်တိုင်သွားရောက်ဖူးမြော်လေ့လာခြင်း။

www.burmeseclassic.com

www.burmeseclassic.com

ယဟန္တက-ဘိုးထောင်

သစ္စာဆိုဋ္ဌာန်မုချိပဟာန် ရုပ်ရှင်တော်မြတ်စွာဘုရားကြီး

သစ္စာဓိဋ္ဌာန်မုနိဟန်ရုပ်ရှင်တော် မြတ်စွာဘုရားကြီးသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ နော ကုန်းကျေးရွာတွင် တည်ရှိပါသည်။ မြတ်စွာဘုရားကြီးသည် အံ့ဖွယ်လက္ခဏာ ဂုဏ်ကိုးဖြာနှင့် သပ္ပာယ်ကြည်ညိုစွာ ဖူးမြော်ခဲ့ရပါသည်။

သစ္စာဓိဋ္ဌာန်မုနိဟန်ရုပ်ရှင်တော် မြတ်စွာဘုရားကြီးမှာ အံ့ဖွယ်လက္ခဏာ ဂုဏ်ကိုးဖြာနှင့် ဖွင့်ဆိုပြရသော်-

(၁) ကိုယ်ရံသက်နိုး မပါရှိခြင်း၊

(၂) သင်းပိုင်သက်နိုးလိပ်ထားသည့် ပုံသဏ္ဌာန်တော် ပါရှိခြင်း၊

(၃) လက်ယာဘက် လက်တော်၏ တံတောင်ဆစ်ကွေးအောက်၌ အထောက်အခံပစ္စည်း တစ်ခုမျှမရှိခြင်း၊

(၄) လက်ဝဲဘက် လက်တော်၏ တံတောင်ဆစ်ကွေးအောက်၌လည်း အထောက်အခံပစ္စည်း တစ်ခုမျှမရှိခြင်း၊

(၅) ဘူမိဖဿမုဒြာပုံဟန်တော်ပြ လက်ယာလက်ချောင်းတော်များအနက် လက်ခလယ်နှင့် ထွက်သူကြွယ်နှစ်ချောင်းသာ အောက်ခြေသင်းပိုင်သက်နိုးတော်နှင့် ထိစပ်နေပြီး ကျန်လက်ချောင်းများ သက်နိုးတော်နှင့် ကင်းလွတ်နေခြင်း၊

(၆) လက်ဝဲလက်ယာ နှစ်ဖက်စလုံးမှာ လက်ဖဝါးတော်များတွင် လက်ချောင်းများမှာ ပူးကပ်၍မနေဘဲ သီးသန့်တစ်ခုစီ ကွဲပြားနေခြင်း၊

(၇) လက်ဝဲဘက်လက်တော်မှာ လက်မောင်းရင်းမှ လက်ဖျားတော်အထိ ကိုယ်တော်၏အခြား မည်သည့်အစိတ်အပိုင်းများနှင့်မျှ ထိစပ်မှုမရှိဘဲ သီးခြားကင်းလွတ်နေခြင်း၊

(၈) လက်ယာဘက် ခြေဖဝါးတော်ကို မဟာပလ္လင်ထိုင်နည်းအရ အပြည့်အဝ ဖော်ထုတ်သွန်းလုပ်ထားသော်လည်း လက်ဝဲဘက် ခြေဖဝါးတော်မှာမူ လက်ယာခြေ သလုံးတော်အောက်၌ ထပ်ထားလျက် ခြေမတော်မှ ခြေဖနောင့်တော်အထိသာ တစ်ခြမ်းအနေအထားဖြင့် သွန်းလုပ်ထားခြင်း၊

(၉) စမ္မခဏ်တော်တွင် ဘွဲ့အမည်တော်ရေးရန် နေရာကွက်လပ် ပါရှိလာသော်လည်း ဘွဲ့တော်ရေးသားထားမှု မရှိခြင်း။

သစ္စာဓိဋ္ဌာန် မုနိဟန်မြတ်စွာဘုရားကြီး ပိဋကတ်အနှစ်ခမ္မကွန်တော်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စတ္တာရိ အရိယ သစ္စာနိ စတ္တာရော သတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓာနာ၊ စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါနိ၊ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သဗ္ဗဥဒ္ဓေဟိ ဘာသိတာ ဧတေန သစ္စဝဇ္ဇေန၊ သဗ္ဗဇယော ဟောတု၊ သဗ္ဗလာဘော ဟောတု၊ သဗ္ဗသုခါ ဟောတု၊ သဗ္ဗ ဒုက္ခော ဝိနဿတု..ဟူ၍ ဂါထာကျူးရင့်ထားပါသည်။

သစ္စာဓိဋ္ဌာန်မုနိဟန်ရုပ်ရှင်တော် မြတ်ဘုရားကြီးသည် အစပထမ မူလသီတင်းသုံးတော်မူခဲ့သော နေရာဌာနမှာ (၁၂၂၆)ခုနှစ်ခန့်တွင် မန္တလေးမြို့နေပြည်တော်မှ ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ထန်းသုံးပင်အလယ်ကျောင်းတိုက်သို့ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ မြတ်စွာဘုရားကြီးကို ပင့်ဆောင်ခဲ့သော ဆရာတော်မှာ ထန်းသုံးပင်အလယ်ကျောင်းစတင်တည်ထောင်တော်မူခဲ့ပါသော ပထမပဓာနနာယက ဆရာတော်ကြီး ဦးသီလစာရ ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဇာတိနှင့် ဂုဏ်ရည်တော်သည် မြန်အောင်မြို့နယ် မကွီးကွင်းရွာဇာတိဖြစ်သည်။ မင်းတုန်းမင်းလက်ထက် မန္တလေးနေပြည်တော်၌ စာပေပရိယတ္တိများ သင်ကြားပို့ချခဲ့ပြီး သီပေါမင်းလက်ထက်၌ အောက်မြန်မာပြည် သာသနာပိုင် ဆရာတော်အဖြစ် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံခဲ့ရပါသည်။

သီတင်းသုံးရာ ဌာနပြောင်းရွှေ့ခဲ့ရခြင်းကိုလည်း တင်ပြလိုပါသည်။ ဆရာတော်ကြီး ဦးသီလစာရ လက်ထက်၌ ထန်းသုံးပင်အလယ်ကျောင်းတော်ကြီးမှာ ဟောင်းနွမ်းဆွေးမြည့်လာသဖြင့် ပြင်ဆင်ဆောက်လုပ်နေချိန်တွင် ဘုရားကြီးအား ကျောင်းရှေ့ရှိ ဦးခွေး၊ ဒေါ်ဇံ၏ တန်ဆောင်းအတွင်းသို့ ပြောင်းရွှေ့ပူဇော်ခဲ့ကြပါသည်။ ဦးခွေး၊ ဒေါ်ဇံတန်ဆောင်း ထပ်မံပြုပြင်မွမ်းမံသဖြင့် ဘုရားကြီးသည် မိုး

www.burmeseclassic.com

www.burmeseclassic.com

အခါတွင် သစ်ပင်ချုံနွယ်များပိတ်ဖုံး၍ နွေအခါတွင် နေပူထဲ၌ နှစ်ပေါင်းများစွာ သီတင်းသုံးပြီးသော် နောက္ခုန်းရွာသို့ ပင့်ဆောင်ချိန်အထိ ကြာမြင့်ခဲ့ပါသည်။

မြတ်စွာဘုရားကြီးသည် ဝိပါကတရားခံ ဓားလောကဓံများနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ (၁၂၈၀)ပြည့်နှစ်လောက်တွင် ထန်းသုံးပင်ကျောင်းတိုက်မှ စိတ်မနှံ့သော ဦးပဉ္စင်းတစ်ပါးက ဘုရားကြီးက သူ့အား ပြုံးပြသည်ဆိုကာ ဘုရားကြီးကို ဓားဖြင့် ခုတ်ခဲ့ပါသောကြောင့် မျက်နှာတော်၊ ကိုယ်ဆံထောနှင့် လက်တော်တို့တွင် ဓားဒဏ်ရာများ ရရှိခဲ့ပါသည်။ မျက်နှာတော်တွင် ဒဏ်ရာ(၁၁)ချက် ရရှိခဲ့ပါသည်။ မြတ်စွာဘုရားကြီးကို နောက္ခုန်းရွာသို့ ပင့်ဆောင်သီတင်းသုံး စေခဲ့ပါသည်။

(၁၃၄၇)ခုနှစ်၊ နတ်တော်လပြည့် သောကြာနေ့တွင် ထန်းသုံးပင်ကျောင်းတိုက်ကြီး ဆရာတော် ဦးစန္ဒာ၊ ထန်းသုံးပင်ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ ဆရာတော်များ၊ ထန်းသုံးပင် မြသိန်းတန်ဘုရားကြီး ဂေါပကအဖွဲ့နှင့် ထန်းသုံးပင်ကျေးရွာ ပြည်သူကောင်စီတို့ ညှိနှိုင်းတိုင်ပင် စီစဉ်ဆောင်ရွက်ပေးရာ၌အရ အောင်မြင်ခဲ့ပါသည်။ နောက္ခုန်းကျေးရွာ ဂေါပကအဖွဲ့၊ နောက္ခုန်းကျေးရွာ ဘာနောနဝကုန်းမြေ သဗ္ဗသုခ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဂန္ဓကုဋီတိုက်ခန်းသို့ ပင့်ဆောင်စံမြန်းပူဇော်ခဲ့ကြသည်။

မြတ်စွာဘုရားကြီး၏ ဥဏ္ဍာတော်နှင့် တိုင်းအတာများကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဓမ္မခဏ္ဍတော်မှ မဏိတော်အထိ (၄) ပေ (၆)လက်မ ရှိပါသည်။ ဓမ္မခဏ္ဍတော်ထက်ဆွတ် မဏိတော်အထိ (၄)ပေ (၁)လက်မ ရှိပါသည်။ ဓမ္မခဏ္ဍတော်အမြင့်မှာ (၅) တောင်မြဖြစ်သည်။ လက်မောင်းတော်များ အဆစ်တွင် (၁)ပေ (၇½)လက်မရှိပြီး ဒူးတော်နှင့်ဇက်အကွာအဝေး (၃)ပေ (၂)လက်မ ရှိပါသည်။ မြတ်စွာဘုရားကြီးကို သစ္စာဓိဋ္ဌာန်ဂုဏ်ဟန် ဘွဲ့တော်သမုတ်နိုင်ခဲ့ပါသည်။

သစ္စာဆို၍ အောင်မြင်မှုအမျိုးမျိုးရရှိခြင်း၊ ဓိဋ္ဌာန်၍ အောင်မြင်မှုအမျိုးမျိုးရရှိခြင်း၊ မုနိဘုရားရှင် ကိုယ်တော်မြတ်ကြီး ဂန္ဓကုဋီတိုက်အတွင်း သီတင်းသုံးနေသော ဟန်ပန်နှင့် တူညီခြင်း၊ မြတ်စွာဘုရား၏ မျက်နှာတော်သည် သေချာစွာ ဖူးတွေ့ပါက မျက်နှာတော်အမျိုးမျိုး ဖူးတွေ့ရခြင်းတို့ကြောင့် သစ္စာဓိဋ္ဌာန် မုနိဟန်ရုပ်ရှင်တော် မြတ်ကြီးဟု ခေါ်ဝေါ်သမုတ်ကြခြင်း ဖြစ်ပါသည်။

ရှေးအတိတ် ဘုရားကြီးသမိုင်းနောက်ကြောင်းမှာ အလွန်စိတ်ဝင်စားဖွယ် ဖြစ်သည်။ သစ္စာဓိဋ္ဌာန် မုနိဟန် မြတ်စွာဘုရားကြီးသည် ပုဂံမင်းလက်ထက်မှ သီပေါမင်းအထိ နန်းစဉ်နန်းဆက် ရှေးမင်းအပေါင်းတို့ နန်းဦးဘုရား

သစ္စာဓိဋ္ဌာန်မုနိဟန် နောက္ခုန်းဘုရားကြီး မြန်အောင်မြို့

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ကိုးကွယ်ခဲ့ကြပါသည်။ ဘုရားကြီးနှင့်တကွ ဆရာတော်ကြီး ဦးသီလာစာရန္ဒင့်ပတ်သက်၍ စာအုပ်စာတမ်းများ၊ ပေးစာ၊ ဓာတ်ပုံမှတ်တမ်းနှင့် အထောက်အထားများရှိပါက နောက္ခန်းရွာ ဂေါပကအဖွဲ့သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

ယခုအခါ သစ္စာဓိဋ္ဌာန် မုနိဟန်ရုပ်ရှင်တော် မြတ်စွာဘုရားကြီးအား လာရောက်ဖူးမြော်ကြည်ညို ပူဇော်လှူဒါန်းကြသော မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များ တစ်နေ့တခြား စည်ကားများပြားလျက်ရှိပါသည်။ သဗ္ဗညုခ မိုးကုတ်ဓမ္မရိပ်သာသည် အလှူးပေ(၆၀)၊ အနံပေ(၃၀)မျှသာရှိ၍ ရွှေကျောင်းတော်ကြီး ကြီးကျယ်ခမ်းနားသော သိန်းတစ်ရာကျော်တန် ပေ(၁၀၀)ပတ်လည် ရွှေဂန္ဓကုဋိတိုက်နှင့်တကွ ဆောက်လုပ်ရန် ရည်ရွယ်လျက် ရှိပါသည်။

မြန်အောင်မြို့နယ် သံဃနာယကအဖွဲ့၊ ဩဝါဒါစရိယ ဆရာတော်များ၊ အနောက်တောင်တိုင်း တိုင်းမှူး၊ အမှတ်(၁)စစ်ဗျူဟာမှူး၊ ဟင်္သာတခရိုင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်အောင်မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂေါပကအဖွဲ့နှင့် မြို့မိမြို့ဖများက သဒ္ဓါတရား ပြည့်ဝစွာ ရွှေဂန္ဓာကုဋိတိုက်ကြီး တည်ဆောက်လျက် ရှိပါသည်။ အောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်တော့မည်ဖြစ်သည်။

(၁၉၉၄)ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက် နံနက်(၉)နာရီ အချိန် သစ္စာဓိဋ္ဌာန်မုနိဟန်ရုပ်ရှင်တော် မြတ်စွာဘုရားကြီးသည် မူလသီတင်းသုံးရာဌာနမှ မြန်အောင်မြို့နယ်အတွင်း ဒေသစာရီ (၉)ရက်ကြွချီခဲ့ပါသည်။ ယခုအခါတွင် မြတ်စွာဘုရားကြီး၏ ဝေယျာဝစ္စ ဘက်စုံပြုပြင်မွမ်းမံမှုသာ အရှည်တည်တံ့၍ သာသနာရောင်တော် နေလိုလလို ထွန်းပြောင်မည် ဖြစ်သည်။ သစ္စာဓိဋ္ဌာန်မုနိဟန်ရုပ်ရှင်တော် မြတ်စွာဘုရားကြီးကို ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် နောက္ခန်းရွာတွင် ဖူးမြော်ကြည်ညိုနိုင်ပါသည်။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ

ယောနက-ဘိုးထောင်

စာကိုး

ဂေါပက ဥက္ကဋ္ဌ၊ ပြည်ကြီးတံခွန် ဦးမောင်ထွန်း၊ ဘုရားသမိုင်း။

ချက်ချင်းသောက်—လက်ငင်းပျောက်

အမှတ်တံဆိပ်

အစာအိမ်လေနှိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားများ၍ မတ်မလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗိုက်ဝင်းပွက်ခြင်း၊ လေနှင့်ဝမ်း မကွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည်စိတ်ချစွာပြင်သုံးနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

ရွှေဂိုဏ်းစေတီကျန်းပေါ်က အုံဖွယ်ထူးမြတ် ဆွမ်းကပ်ပွဲတစ်ခု

ဘက်အရောရှိဟောင်းတစ်ဦး

ရှေးအကျဆုံး အထင်ရှားဆုံး တန်ခိုးကြီးဘုရားကို မူးချင်လျှင် ရွှေတိဂုံကိုဖူးဟု မစိုးရိမ်ဆရာတော်ကြီးက မိန့်ကြားဖူးသည်။

ရွှေတိဂုံစေတီသည် ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကာလ တည်ထားခဲ့သော ဆံတော်ရှင်စေတီကြီး ဖြစ်တော်မူသည်။ ရွှေတိဂုံစေတီရင်ပြင်ရှိ အုံဖွယ်ကိုးဖြာ နေရာများသို့ မနှံလည်ဆရာတော်ဘုရားကြီး ဝတ္တရားလည်ရှိခိုးပူဇော်လေ့ရှိသည်ဟု သိရသည်။

မျက်မှောက်ကာလတွင် ရဟန္တာဟု ကျော်ကြားသော လယ်တီဆရာတော်ဘုရားကြီးသည် ရွှေတိဂုံစေတီရင်ပြင်၌ အုံဖွယ်ထူးမြတ် ဆွမ်းကပ်ပွဲတစ်ခု ပြုလုပ်ခဲ့ဖူးပါသည်။ နှစ်(၉၀)ကျော်ကျော် ကြာခဲ့ပါပြီ။

လယ်တီဆရာတော်ဘုရားကြီး၏ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ ဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီး၏ ပဉ္စမသမ္ဗတ္ထိယနာတင်ရန် ပိဋကတ်တော်များ ပြန်ဆိုရာတွင် အရှင်ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်ကို တာဝန်ယူပြန်ဆိုခဲ့သည်။ ပြည်သူများ နွားသားရောင်းကြဉ်ရန် နွားမေတ္တာစာတို ရေးသားလှုံ့ဆော်ခဲ့သည်။ (၁၂၆၈)ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်ထောင်ကာ လယ်တီဆရာတော်ဘွဲ့ ခံယူခဲ့သည်။

လယ်တီဆရာတော်သည် (၁၂၅၇)ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ကြွရောက်ပြီးအပြန် မြန်မာနိုင်ငံအရပ်ရပ်အသွေးသို့ ကြွရောက်၍ တရားပြခဲ့သည်။ (၁၂၇၇)ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရသည်။ နိုင်ငံရပ်ခြားသို့လည်း ဝိပဿနာတရားပြန့်နှံ့ကျွန်းရေး၊ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ရောက်ရှိရေး ဆောင်ရွက်ခဲ့သည်။ (၁၂၈၃)ခုနှစ်တွင် ရန်ကုန်တွင်သိုလ် အဓိပတိမြန်မာပြည်တုရင်ခံက စာပေပါရဂူ(ဒီလစ်)ဘွဲ့ ဆက်ကပ်လျှောဒါန်းသည်။

ဆရာတော်သည် (၁၂၆၈)ခုနှစ်တွင် ဟင်္သာတနယ်၌ သစ္စာပြု၍ မိုးရွာသွန်းစေခြင်း၊ (၁၂၇၀)ပြည့်နှစ်တွင် အထက်မြန်မာပြည်၌ ကာလဝမ်းရောဂါနှင့် ပလိပ်ရောဂါကပ်ကြီးများ ဆိုက်ရောက်သဖြင့် ရောဂနှစ္ဆရဒီပနီကို ရေးလည်းရေး၊ ကိုယ်တိုင်လည်း ရောဂါကပ်ဘေးကို မနားမနေ ကာကွယ်ပေးခဲ့ခြင်း၊ (၁၂၇၉)ခုနှစ်တွင် ဗုဒ္ဓအား ကျေးဇူးဆပ်သည့်အနေဖြင့် မဟာသရဏဂုဏ်တော်ကြီးကို (၅)လတိတိ မအိပ်မနေ ရွတ်ဖတ်ပူဇော်ခြင်း စသည်ဖြစ်ရပ်များ ပြောစမှတ် ကျန်ရစ်သည်။ ဆရာတော်သည် ဝဋ်ကြွေးဆပ်ရန် စေတီယဂုဏ်ဏဝတ်၊ သံဃာ့ဝတ် နှစ်(၂၀)တိုင် ပြင်းပြင်းထန်ထန် ဆောင်ခဲ့သည်။ ဆွမ်းခံကြွလျှင် သပိတ်သာမက တံမြက်စည်းနှင့် ရေအိုး ပါလေ့ရှိသည်။

တန်ခိုးပြစည်းရုံးသည် မဟုတ်သော်လည်း မကြာခဏ စွာန်ပျံတက်ခြင်း၊ သူတစ်ပါးစိတ်အကြံသိခြင်း၊ မီးမထွန်းဘဲ ညအခါ စာရေးခြင်း၊ အဝေးမှ အရေးကြုံ၍ ပင့်လျှောက်သည့်အခါ ဆရာတော်ကိုယ်တိုင် ကြွရောက်ခြင်း၊ ကျိုက်ထီးရိုးတောင်တက်ခရီးတွင် တောင်ဆင်ရိုင်းကြီးအား မေတ္တာဖြင့် အောင်နိုင်ခြင်း၊ မဟာမြိုင်တောအတွင်း သားရဲတိရစ္ဆာန်များအကြား အာနာပါနကမ္မဋ္ဌာန်းထိုင်ခဲ့ခြင်း စသော မဟိဒ္ဓိတို့ကို တွေ့မြင်သိကြား တပည့်များစွာ ရှိသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဒီပနီကျမ်းပေါင်းမြောက်မြားစွာကို ရေးသားပြုစုခဲ့ပြီး လယ်တီနည်းဟူသော ဝိပဿနာကျင့်စဉ်တော်ကို ထားရစ်ခဲ့သည်။

ဆရာတော်သည် (၁၂၈၅)ခုနှစ်၊ ပထမဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့၊ နေ့(၂)နာရီ (၃၀)မိနစ်တွင် ပျဉ်းမနားမြို့ သူဌေးဦးလန်းတိုက်ကျောင်း၌ စတုကမ္မဇရုပ် ချုပ်ငြိမ်းပြီးတော်မူခဲ့သည်။ ခန္ဓာဝန်ချသည့်အခါ ငလျင်အကြိမ်ကြိမ်လှုပ်၏။ ကျောင်းအနီးမှ သရက်ပင်ခြောက်ကြီး ရုတ်တရက် ရွက်နုထွက်ကာ ပင်လုံးဝေ၏။ ခန္ဓာဟောင်းသည် ပုပ်သိုးခြင်းမရှိပါ။

ဆရာတော်သည် အရွယ်တော်ရလာသည့်အခါ ဘဝတစ်လျှောက် ပြင်းထန်စွာ စာဖတ်,စာရေးခဲ့သောဒဏ်ကြောင့် မျက်စိနှစ်ဖက်လုံး ရောဂါရခဲ့ပါသည်။ မျက်စိရောဂါကို ကုသရန် ရန်ကုန်မြို့ ဗဟန်းသို့ကြွကာ သီတင်းသုံး

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ဆရာတော်ဘုရားထံ အနာဂါမ်ဆရာသက်ကြီးဟု ထင်ရှားခဲ့သည့် အဘသက်အပါအဝင် တပည့်များ လာရောက်ဖူးမြော် ကန်တော့ကြသည်။

"ရွှေတိဂုံဘုရားကြီး ဆွမ်းပန်းများ မလျှရတာ ကြာပြီ။ ဆရာသက် နေနိုင်ရဲ့လား" ဟု မိန့်တော်မူ၏။ ဆရာသက်လည်း ဆွမ်းကပ်ပွဲကို စောင့်ဆိုင်းနေခဲ့သည်။ ဆွမ်းကပ်ပွဲအတွက် စီစဉ်ရသည်မှာ ရက်(၂၀)ခန့် ကြာသည်။

ရှေးဦးစွာ အဝအကျယ် သံတောင်(၉)တောင်ရှိ ကြေးလင်ပန်းကြီးရှိ ထီးကြီးကိုလည်း ပိုးရွက်အဖြူကို ကိုးပိုင်းတပ်၍ ချုပ်လုပ်ကြရ၏။ အားလုံး ပြည့်စုံပြီးစီးသောအခါ ဆွမ်းကပ်လှူရန်အတွက် အသားလွတ်ဟင်းကိုးမျိုးပါ ဆွမ်းကိုးပွဲ၊ အသီးကိုးမျိုး၊ ယိုကိုးမျိုး၊ မုန့်ကိုးမျိုး၊ ပန်းကိုးမျိုးကို စုဆောင်းရ၏။ ကြေးလင်ပန်းကြီးပေါ်တွင် ဆွမ်း၊ မုန့်၊ ယိုများ ကိုးပုံ ပြင်ဆင်ပြီးသည့်အခါ ထီးကိုးဆင့်၌ တစ်ဆင့်လျှင် ပန်းတစ်မျိုးစီနှင့် ပန်းကိုးဆင့် တပ်ဆင်ချိတ်ဆွဲထားရ၏။ အားလုံးပြင်ဆင်ပြီးသည့်အခါ ဆရာတော်အားလျှောက်ထားကြရသည်။ အားလုံး နဝင်းကိုက်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဆရာတော်သည် တပည့်များနှင့် တစ်ခုသော နံနက်လေးနာရီကျော်ခန့်အချိန် ဥဿုဖွယ်ပစ္စည်းများ ယူဆောင်၍ ရွှေတိဂုံစေတီကုန်းတော်ပေါ်သို့ ကြွရောက်သည်။ ရင်ပြင်တော် အပေါ်အမိုးအကာ အတားအဆီးမဲ့သော လဟာပြင်၌ ကြေးလင်ပန်းကြီးကို တပည့်(၁၈)ယောက် အညီဝိုင်း၍ထိုင်လျက် မ၊ကိုင်ထားပေးရ၏။ ကိုးဆင့်ထီးကြီးကိုလည်း လင်ပန်းကြီးပေါ်၌ အထပ်လိုက်ထားရသည်။ ထိုအချိန်သည် နံနက်(၄)နာရီ မိနစ်(၅၀)ခန့် ရှိပြီ။

"တပည့်တို့ ... အင်မတန်လှူရခဲတဲ့ အလှူကြီးကွယ်။ မိမိတို့ ဆောင်ရွက်စီမံရတဲ့ ကုသိုလ်တွေ ဝမ်းမြောက်ကြရမယ်။ ဘုရားရှင်ရဲ့ ကျေးဇူးတော်၊ ဂုဏ်တော်တွေကို စိတ်ထဲမှာ ကြည်ကြည်နူးနူး ရူးစူးစိုက်စိုက်နဲ့ ရွှင်မြူးထက်သန်စွာ အာရုံပြုကြ၊ လင်ပန်းကို ကိုင်ထားရတဲ့ တပည့်များက လည်း ရွရွလေးကိုင်၊ လင်ပန်းက ကြွတက်လာရင် လက်ကို အသာဖော့ဖော့ထားပြီး အလိုက်သင့် ကြွပေးကြရမယ်။ မီးအိမ်ပျံ လွတ်သလိုပေါ့ကွယ်" ဟု မိန့်ဆိုမှာကြားပြီး ဆရာတော်ကိုယ်တိုင် လက်နှစ်ဖက်ဖြင့် လင်ပန်းကိုထိ၍ ဗုဒ္ဓအားမမှိတ်မသုန် အာရုံပြုတော်မူ၏။

ဆောင်ရွက်နေသူများနှင့် ဝိုင်းကြည့်ကြည်ညိုနေသူ အားလုံး မည်သည့်စကားသံမျှ မဆိုကြ။ ငြိမ်သက်နေကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ခေတ္တအကြာ နေအရောင်လည်းတက်အလာတွင် အထပ်လိုက်တင်ထားသော ထီးကြီးမှ ပိုးသားအမြိတ်များ တဖိတ်ဖိတ်လက်ကာ ကြွားရရား လွင့်ပျံလာ၏။ လက်ဝါးပေါ်တွင် တင်ထားသော ကြေးလင်ပန်းကြီးလည်း တရွရွနှင့် ကြွတက်လာသဖြင့် လက်များကို အလိုက်သင့် မြွင့်ပေးကြရ၏။ လင်ပန်းကြီးကို ကိုင်ထားသူများသည် ထိုင်ရာမှထကာ ထိန်းပေးထားရ၏။ တဖြည်းဖြည်း ခြေဖျားကိုထောက်၊ လက်ကို မြှောက်နိုင်သမျှမြှောက်ကာ မ,ခံပေးထားရင်းပင် ကိုးဆင့်ထီးကြီးနှင့် ကိုးတောင်ရှိ ကြေးလင်ပန်းကြီးသည် ချမ်း၊ ပန်းများကို သယ်ဆောင်လျက် ကောင်းကင်ယံသို့ တရွေ့ရွေ့ ပျံတက်သွားလေတော့သည်။

အရုဏ်တက်စ အလင်းရောင်တွင် တလက်လက် ဝေဝေကပ်နေသော ပိုးသားထီးကြီးမှာ ငွေစေတီပမာ ကြည်ညူးရော ဖူး၍မဝ ရှိကြသည်။ အားလုံး အံ့သြထူးဆန်းစွာ ချက်စိတဆုံး လိုက်လံဖူးမြော်ကြသည်။ ကြည့်၍ မမြင်နိုင်သည့်အခါမှ ရွှေတိဂုံရင်ပြင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်ဟု ဆို၏။

ဂေါတမမြတ်စွာဘုရား သာသနာတော်ကြီး၌ ကမ္ဘာမြေအပြင်ဝယ် ပထမဆုံးစေတီတော်ကြီးဖြစ်သော ရွှေတိဂုံစေတီတော်၊ ဤဘဒ္ဒကမ္ပာ၌ ပွင့်လေကြပြီးသော ဘုရားလေးဆူ ဓရိဘောဂမွေတော်,ဓာတ်တော်မြတ်များ ဌာပနာထားသော ရွှေတိဂုံစေတီတော်၊ လောကီ,လောကုတ္တရာ နှစ်ဖြာအောင်မြင်စေရေးအတွက် ရဟန္တာကြီးများ၊ ဆရာတော်ကြီးများ၊ ထွက်ရပ်လမ်း အားထုတ်သော ဝိဇ္ဇာကြီးများပါ လာရောက်အားထုတ် အလုပ်လုပ်ခဲ့ကြသော ရွှေတိဂုံစေတီတော်၊ အရှယ်ပုံစံတွင် မည်မျှတူအောင် တည်နိုင်သည်ဖြစ်စေ ပုံတူသော်လည်း ဂုဏ်မတူနိုင်သော ရွှေတိဂုံစေတီတော်ကြီးကို ရှိသေစွာ ရှိခိုးကန်တော့ပါသည်ဘုရား။

ရဟန္တာဟု ကျော်ကြားသော၊ အကျင့်အကြံ မြင့်မြတ်သော ပုဂ္ဂိုလ်ထူး လယ်တီဆရာတော်ဘုရားကြီးကိုလည်း ရှိသေစွာ ရှိခိုးကန်တော့ပါသည်ဘုရား။

ဘဏ်အရာရှိပေါင်းတစ်ဦး

မှိုင်မဲ့စာအုပ်

* ရွှေတိဂုံစေတီတော်ကြီး နှစ်(၂၆၀၀)ပြည့် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ (စကြာကောင်းစံ)။

နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

နန်းထီးတင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစဉ်တွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်ရှိုင်းခြင်း၊ အားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမဝမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အားအရေ ဝိုမြဲကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ဧ/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ဝ၂၁၃ Y ၀၁၀၁၃၀
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၀၀၁၃ [တဆထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း နန်းထီးတင်အေးဆိုးဆေး - တိုက်(၅)၊ အခန်း(၀၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၂၀၀၉၉၉၇၊ ☎ (၀၁)၂၁၁၈၃၃

ရန်ဇုန် မြည်ခြွန်မြန်ဆေးဆိုးစိုးဆိုင် - ဆိုင်အမှတ်(B-50. 51)၊ ရွှေမြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၄၂၁၀၀၇၇၃၊ ၀၉၄၂၁၁၀၀၂၀

ရွှေဆေး ဦးအမြဲခြွန် မြန်မာဆေးဆိုးစိုးဆိုင် - ဇရပ်ဝယ်ရေး/E ခုံ(သင်္ဘော်)၊ အမှတ်-၉၆(ခြေညီထပ်)၊ ဈေးရိပ် မန္တလေးမြို့ ☎ (၀၂)၃၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီ ဒီဃိကရေစီနှင့် အမ္ဗပါလီ၏ ဘဝပုံရိပ်များ

တွန်းအားရှင်

မြတ်စွာဘုရားလက်ထက်တော်ကာလက မဖျိမဒေသတွင် တိုင်းကြီး(၁၆)တိုင်း ရှိသည်။ ၄င်းတို့အနက် ဝဇ္ဇီတိုင်း၊ မလ္လတိုင်းနှင့် သက္ကတိုင်းတို့သည် သမ္မတအုပ်ချုပ်သည့်တိုင်းတို့တွင် အထင်ရှားဆုံး ဖြစ်သည်။ ဝေသာလီမှာ ဝဇ္ဇီတိုင်း၌ ပါဝင်သည်။ ဝေသာလီတွင် လိစ္ဆဝီမင်းသားတို့ ဦးဆောင်၍ ပြည်သူ့ကိုယ်စားလှယ်များ စုပေါင်းအုပ်ချုပ်သော ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ လူမျိုးအမည် လိစ္ဆဝီ၊ မြို့တော်အမည် ဝေသာလီ၊ တိုင်းအမည်မှာ ဝဇ္ဇီဟူ၍ ထင်ရှားခဲ့လေသည်။

ဝေသာလီသည် ကုသိနာရုံနှင့် ပတ္တနားမြို့အကြားတွင် တည်ရှိပြီး ကုသိနာရုံမှ မိုင်(၁၂၀)အကွာ ပတ္တနားမြို့သို့ မရောက်မီ (၂၆)မိုင်အလိုတွင် ဝေသာလီမြို့ဟောင်း တည်ရှိသည်။ ဝေသာလီမြို့ဟောင်းကို ယခုအခါ ရာကျီဗီဆလ်ကာဂါရိမ့်ဟု ခေါ်ကြသည်။ အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ မူဇာဖာပူရ်ခရိုင်အတွင်း တည်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်ခန့်က လိစ္ဆဝီမင်းတို့ အုပ်စိုးခဲ့သော မင်းနေပြည်တော် ဖြစ်ခဲ့သည်။ မြတ်စွာဘုရား သာသနာတော်၏ သာသနာမှတ်တိုင် စိုက်ထူခဲ့ရာ မြို့တော်မြို့လည်းဖြစ်သည်။ ဘုရားရှင် လက်ထက်အခါ ဝေသာလီပြည်၌ ကပ်ရောဂါဘေး ဆိုက်ရောက်စဉ် ဗုဒ္ဓမြတ်စွာကိုယ်တိုင် ကြွရောက်တော်မူပြီး ရတနာသုတ်တရားတော်ကို ဟောကြားတော်မူခဲ့သည်။ အရှင်အာနန္ဒာအား မြို့ပတ်ပတ်လည် ရွတ်ဆိုစေပြီး ထိုကပ်ဘေးမှ လွတ်မြောက်စေခဲ့သည်။

ထို့ပြင် ဝေသာလီမြို့သည် ဘိက္ခုနီသာသနာ့သမိုင်းတွင် ဘိက္ခုနီအစ ဝေသာလီကဟု ဆိုစကားရှိသည်နှင့်အညီ မြတ်စွာဘုရားရှင်သည် မိထွေးတော် ဂေါတမီ၏ လျှောက်ထားတောင်းပန်ချက်ကို လက်ခံတော်မူပြီး ဘိက္ခုနီသာသနာတော်ကို ခွင့်ပြုခဲ့သည်။ ဗုဒ္ဓမြတ်စွာ (၄၅)ဝါမြောက် နောက်ဆုံးဝါကို ဝေသာလီပြည်အနီး ဝေဠုဝန္တာတွင် ဝါကပ်ဆိုခဲ့သည်။ ဝေသာလီမြို့ဟောင်းမှ (၂)မိုင်ခန့်အကွာအရပ်၌ ဝါဠုကာရုံကျောင်းတော်ကြီးရှိသည်။ သာသနာတော်နှစ်(၁၀၀)ပြည့်တွင် ကာလသောကမင်းလက်ထက်၌ ဝေသာလီပြည် ဝါဠုကာရုံကျောင်းတော်ကြီး၀ယ် ဒုတိယသင်္ဂါယနာတင်ပွဲကြီး ကျင်းပခဲ့သည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဒါနဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် သံဝေဇနီယလေးဌာနနှင့် အဝီဇဟိတလေးဌာနတို့ကို ဖူးမြော်ရန်အတွက် ရန်ကုန်မြို့မှ (၂၀၁၅)ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် စတင်ထွက်ခွာလာခဲ့သည်။ ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ သင်္ကဿနဂိုရ်၊ နယူးဒေလီ၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံရှိ ဗုဒ္ဓအဆွေအနှစ်များကို ဖူးမြော်ကြည်ညိုခဲ့ပြီး (၁၈-၃-၂၀၁၅)ရက်နေ့တွင် ဝေသာလီသို့ ရောက်ရှိခဲ့သည်။

လိစ္ဆဝီမင်းများ ဝေဠုဝန္တာရုံကျောင်းတော်ကြီးသို့ ကြွရောက်သည့် ပထမဆောင်းတော်ရာ

ဝေသာလီတွင် အမ္ဗပါလီမင်းသမီးရေတွင်း၊ မျောက်မင်းရေကန်၊ ပုတ္တလုံပ်ရေကန်၊ အသောကကျောက်စာတိုင်တို့ကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် ဘုရားဖူးခရီးမိတ်ဆွေများသည် အာနန္ဒာစေတီနှင့် လိစ္ဆဝီမင်းများ ဝေစုရှု ဗုဒ္ဓဓာတ်တော်များ ဌာပနာထားသည့် စေတီတော်နေရာများကိုပါ သွားရောက်

www.burmeseclassic.com

www.burmeseclassic.com

ပြောကြသည်။ ဓာတ်တော်တိုက်နေရာတွင် ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့ ဆုတောင်းအမျှဝေခဲ့ကြသည်။

စာရေးသူသည် ဝေသာလီသို့ရောက်ခိုက် အမွှပါလီငြင်းသမီးရေတွင်းကို သွားရောက်ကြည့်ရှုနေစဉ် ဤအေသဝယ် လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်ခန့်က ဖြစ်ပျက်ခဲ့သော ဝေသာလီဒီဗိုကရေစီနှင့် အမွှပါလီ၏ ဘဝဇာတိုပ်များကို တရေးရေးမြင်ယောင် အမှတ်ရလိုက်သည်မှာ ဤသို့ဖြစ်သည်။

အမွှပါလီ၏အဖြစ်က ထူးဆန်းသည်။ သာမန်လူတွေလို မိခင်ဝမ်းတွင်းမှ မွေးဖွားလာသူ မဟုတ်၊ သရက်ဥယျာဉ်တွင် ဥပပတ္တိပဋိသန္ဓေအဖြစ်ဖြင့် လူလောကထဲ ဘွားခန်းကြော်လာသူဖြစ်သည်။ ရုပ်ရည်အလွန်ချောမောလှပသည်။ ချစ်သူခင်သူတွေ အလွန်ပေါသည်။ သူ၏ အတိတ်ပုံရိပ်မှာ စိတ်ဝင်စားစရာ။

အမွှပါလီသည် ဖုဿဘုရားရှင်လက်ထက်တွင် အလှူကြီးများ ပေးလှူခဲ့ပြီးဖြစ်လေရာ ဘဝတိုင်း၌ ရုပ်ဆင်းအင်္ဂါ ချောမောလှပသူ ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့သည်။ သိခီမြတ်စွာဘုရားလက်ထက်တွင် ပုဏ္ဏားမျိုးမှဖွားမြင်ပြီး ရုပ်ဆင်းအင်္ဂါ ချောမောလှပသူ ဖြစ်ခဲ့သည်။ ရဟန္တာထေရီတစ်ပါးအား ပြည့်တန်ဆာ၊ အကျင့်ပျက်၊ သာသနာဖျက်သူဟူ၍ ကြားဆိုပြစ်မှားမိခဲ့သည်။ ထိုအပြစ်ကြောင့် ငရဲသို့လားရပြီး ဒုက္ခကြီးစွာ ခံစားခဲ့ရသည်။ ငရဲမှ လွတ်သောအခါတွင်လည်း ဘဝတစ်သိန်းတိုင်တိုင် ပြည့်တန်ဆာဖြစ်ခဲ့ရသည်။

ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်တွင်ကား လူတို့ဘောင်မှ စွန့်ခွာ၍ သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထိုစဉ်တုန်းက အဓိဝမ်းတွင်း၌ ပဋိသန္ဓေတည်ခြင်းကို ရှုမှုန်းကာ အကယ်၍ သားဝမ်း၌ နောက်ထပ်တစ်ဖန် ပြန်လည်ဖြစ်ရပါလျှင် ဥပပတ္တိပဋိသန္ဓေသူအဖြစ်ဖြင့်သာ ဘွားခန်း ဖြစ်ပေါ်လာရပါလို၏ဟူ၍ ဆုတောင်းခဲ့သည်။ ထိုဆုတောင်းကောင်းကြောင့် သူသည် နတ်ပြည်သို့ လားရောက်ရ၏။

ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ယခင်က ဆုတောင်းခဲ့သည့်အတိုင်း ဝေသာလီမြို့တော်အနီးရှိ သရက်ဥယျာဉ်တစ်ခု၌ ဥပပတ္တိပဋိသန္ဓေအဖြစ်ဖြင့် မွေးဖွားလာခဲ့သည်။ ရုပ်ဆင်းအင်္ဂါ ချောမောလှပသူ ဖြစ်လာသည်။ ဥယျာဉ်စောင့်သည် ထိုသတို့သမီးငယ်ကို မြင်လျှင်မြင်ချင်း သမီးဟူသောချစ်ခြင်းဖြင့် ပွေ့ချီကာ ဝေသာလီမြို့တော်အတွင်းသို့ ခေါ်ယူသွားခဲ့ပြီး ကျွေးမွေးပြုစုထားသည်။ သရက်ပင်မှ ဖွားမြင်လာသဖြင့် အမွှပါလီဟူ၍ အမည်ပေးခဲ့သည်။

အမွှပါလီ အရွယ်ရောက်လတ်သော် ဝေသာလီမြို့တော်တစ်လွှား ပြိုင်စံရှားအောင် ချောမောလှပသူ ဖြစ်လာ၏။ အမွှပါလီ၏ ပြိုင်ဘက်ကင်းအလှ သတင်းသည် ဝေသာလီပြည်မဆုံ တိုင်းနိုင်ငံအနှံ့ထိ ပျံ့နှံ့သွားခဲ့၏။ ရုပ်လှသလောက် သူအသံကလည်း နားဝင်ချိုလှ၏။ ကခုန်တီးမှုတ် သီဆိုခြင်းတို့မှာလည်း ကျွမ်းကျင်လိမ္မာ၏။ သူကို ချစ်ခင်မြတ်နိုးသူများမှာ မရေမတွက်နိုင်လောက်အောင်ပင်။

ဝေသာလီမြို့မှ လိစ္ဆဝီမင်းညီမင်းသားတို့မှာ သူကို ရလိုရငြား သူအနားက တစ်ဖဝါးမျှမခွာကြ။ အမွှပါလီကို ရယူသိမ်းပိုက်ဖို့အတွက် သူနိုင်ငါနိုင် အပြိုင်ကျဲလျဲက်။ သူမ၏ အလှသည်ကား ကာမဂုဏ်အာရုံကို ယစ်မူးတက်ကြွနှံသော လိစ္ဆဝီမင်းသားတို့၏ သည်းခြေကို ကိုင်လှုပ်လာခဲ့သည်။



ခုတိယသင်္ဘဒါသနာတော်ရှာ ဝေသာလီမြို့ကြီးရှေ့ဘုရားကျောင်းတော်ဝင်းရှေ့

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားခရီးသွားများအား ရှင်းပြနေစဉ်ရန်ကုန်ရှိ ဗိသုကာဆွဲများ ဆေးကုသခံနေရ

ထိုအခါ လိစ္ဆဝီမင်းညီမင်းသားတို့၏ မားသွားသည် အမွေပါလီအတွက်ဆိုလျှင် မည်သူ့ကိုမဆို ခုတ်ပိုင်းရန် အသင့် ဖြစ်လာခဲ့သည်။ လိစ္ဆဝီမင်းသားအချင်းချင်းပင် သတ်ဖို့ ဝန်မလေးကြတော့။ အမွေပါလီ၏အလှကို တစ်ဦးတည်း ပိုင်ဆိုင်ရလိုမှုအတွက် လိစ္ဆဝီမင်းသားတို့သည် နေရာအနှံ့ တုတ်တစ်ပြက် မားတစ်ပြက် ဖြစ်လာလေပြီ။ အမွေပါလီက တစ်ယောက်ယောက်ကို မျက်နှာသာပေးလိုက်လျှင်ပင် အခြားသူများက မနာလိုဝန်တို့၍ ခိုက်ရန်ဖြစ်ပွား အချင်းများကာ သွေးထွက်သံယိုထိ ပဋိပက္ခဖြစ်ကြရသည်။ ဤကိစ္စသည် ဝန္ဒီတိုင်း၏ ဂဏာလွတ်တော်သို့ ရိုက်ခတ်လာခဲ့သည်။

ဝေသာလီရှိ လိစ္ဆဝီမင်းသားတို့သည် အပရိဟာနိယ (ကြီးပွားကြောင်းတရား) ခုနစ်ပါးကို လိုက်နာကျင့်သုံးကြသည်။ တိုင်းပြည်စည်းလုံးညီညွတ်မှုရှိသည်။ ဝန္ဒီတိုင်း၏ ဂဏာလွတ်တော်သည် စံပြအုပ်ချုပ်ရေးစနစ်တစ်ခုအဖြစ် ထိခေတ် ထိအခါကပင် နာမည်ထင်ရှားခဲ့သည်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော ရာဇာ၊ ဥပရာဇာ ခေါင်းဆောင်တို့ စုပေါင်းဖွဲ့စည်းထားသည့် လွတ်တော်ကို ဂဏာသန္နိဟု ခေါ်ကြ၏။ လူမျိုးအမည် လိစ္ဆဝီ၊ မြို့တော်အမည် ဝေသာလီ၊ တိုင်းပြည်အမည် ဝဇ္ဇီ၏ အသက်သည် ဂဏာလွတ်တော် ဖြစ်သည်။

ဝေသာလီပြည်၌ လိစ္ဆဝီမင်းများ တရားဆွေးနွေး စည်းဝေးသဘင်ဖြုလုပ်သော ခန်းမကြီးကို သန္နာဃာရဟုခေါ်သည်။ သန္နာဃာရခန်းမထဲ၌ သူတို့အားလုံး တန်းတူဖြစ်သည်။ (၇၇၀၇)ဦးသော လိစ္ဆဝီကိုယ်စားလှယ်များ ပါဝင်သည့် ဂဏာအုပ်ချုပ်ရေးအဖွဲ့သည် ဝန္ဒီတိုင်းကို အုပ်ချုပ်သူများ ဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များသည် တစ်နှစ် တစ်ကြိမ် သန္နိဃာရ၌ဆုံ၍ အစည်းအဝေးပြုလုပ်ကြသည်။ နိုင်ငံရေး၊ လူမှုရေးနှင့်ပတ်သက်၍ စည်းဝေးဆုံးဖြတ်ချက်အတိုင်း တစ်နိုင်ငံလုံးက လိုက်နာကြရသည်။

အမွေပါလီ၏ ပြဿနာကို ဂဏာလွတ်တော်က ဆုံးဖြတ်ချက်ချလိုက်သည်။ အမွေပါလီကို တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်က မပိုင်ဆိုင်စေရ။ အမွေပါလီသည် အများပိုင် ဖြစ်ရမည်။ တိုင်းပြည်၏ အဆင်တန်ဆာသဖွယ် ဖြစ်ရမည်။

ဤသို့ မသတ်မှတ်လျှင် လိစ္ဆဝီမင်းသားများ၏ သွေးစက်များသည် ဝေသာလီမြို့အတွင်း၌ ခြင်းခြင်းနီရဲကြတော့မည်။ ဂဏာလွတ်တော်သည် အားလုံးအကျိုး ရည်မှော်၍ ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို အမွေပါလီ၏ ဘဝထဲသို့ အပ်နှင်းပေးခဲ့ရသည်။ အမွေပါလီမှာ ဝန္ဒီတိုင်း၏ ပြည့်တန်ဆာ။

လိစ္ဆဝီမင်းသားတို့မှာ အမွေပါလီကို အပိုင်ရယူခွင့် မရကြလည်း တစ်ညတာ၊ နှစ်ညတာ စသည်ဖြင့် ပေါင်းသင်းခွင့်ရ၍ ကျေနပ်သင့်သလောက် ကျေနပ်နိုင်ကြသည်။ အမွေပါလီမှာ ဂဏာလွတ်တော်က သူအား ဝန္ဒီတိုင်း၏ ပြည့်တန်ဆာအဖြစ် ဆုံးဖြတ်ချက် အမိန့်ချမှတ်လိုက်ကြောင်း သိရသောအခါ ချုံးချုံးချ၍ ငိုခဲ့ရသည်။ သူဘဝတစ်သက်တာတွင် မိမိချစ်မြတ်နိုးသူကို လက်ထပ်ခွင့်မရခြင်းမှာ သူ့အတွက် လူ့အခွင့်အရေးတစ်ရပ် ဆုံးရှုံးခြင်းပင်။

သို့ရာတွင် နိုင်ငံခေါင်းဆောင်များက အခြားတစ်ဖက်က သက်ညှာထားကြ၏။ အမွေပါလီနှင့် တစ်ညတာ ပေါင်းဖက်လိုလျှင် အသေပြာငါးဆယ်ပေးရန် သတ်မှတ်၍ ပေးကြပေသည်။ ငွေတစ်ကျပ်ဖြင့် မိသားစုတစ်ရက်စားရနိုင်သော အခါတွင် ငွေငါးဆယ်သတ်မှတ်ပေးခြင်းအားဖြင့် အမွေပါလီကို ချီးမြှောက်ထားခြင်း ဖြစ်ပေသည်။ အထက်အမိန့်၊ မိမိခန္ဓာကိုယ်နှင့် ရင်းနှီး၍ အသက်မွေးရသော်လည်း အမွေပါလီသည် ထိုအလုပ်မှရသောငွေကို အကျိုးရှိရှိ အသုံးပြုခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်။

မဂဓတိုင်းအရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ထိုအချိန်က အသက်ရွယ်နုပျိုသေးသူဖြစ်သည်။ သူသည် အမွပါလီ၏ ဂုဏ်သတင်းကို ကြားရသဖြင့် မရလျှင် မနေနိုင်ဖြစ်နေ၏။ မိမိတို့ မဂဓတိုင်းသည် လိစ္ဆဝီတို့၏နိုင်ငံထက် အဆများစွာ ကြီးမားနေသည်။ သို့သော် လိစ္ဆဝီတို့မှာ နိုင်ငံအတိုင်းအတာ သေးငယ်သော်လည်း စည်းလုံးညီညွတ်ကြသူများဖြစ်သည်။ ထိုအကြောင်းများကြောင့် ဗိမ္ဗိသာရသည် မင်း၏ အဆောင်အယောင်ဖြင့် အမွပါလီထံ မသွားဘဲ သဘင်သည်တစ်ဦးကဲ့သို့ ရုပ်ဖျက်ကာ အမွပါလီနှင့် နီးစပ်အောင် ဖန်တီးခဲ့၏။ တိတ်တိတ်ပုန်းထိထိမိမိုးမြားခဲ့သည်အထိရောက်အောင် ကြိုးစားခဲ့၏။ သို့ရာတွင် ဗိမ္ဗိသာရမင်းကြီးသည် အမွပါလီနှင့် မပေါင်းသင်းလိုက်ရပေ။

နေ့စဉ်ဘဝလမ်းခြေတို့တွင်ဘုရား၊ သစ်ပင်ဥယျာဉ်စသော အခြားအတော်နှင့်ရာ အဝေးအဝေးမှစိမ်းရောင်ထိန်ထိန်သာမည်ဖြင့် တရေးဆုကို ဆုရားပုံဝိစိတ်ထုတ်ရ

အမွပါလီကို ဗိမ္ဗိသာရက မဂဓတိုင်း၏ မိဖုရားခေါင်ကြီးအဖြစ် သိမ်းပိုက်ခေါ်ယူသွားလုဆဲဆဲတွင် ဂဏာလွတ်တော်၏အမိန့်က ထွက်ပေါ်လာ၏။ သို့သော် ဗိမ္ဗိသာရ၏ ဆင်ဆွေးသည်ကား ဝေသာလီပြည်တွင် ကျန်ရစ်ခဲ့လေသည်။ အမွပါလီသည် ဗိမ္ဗိသာရနှင့် ရခဲ့သော ရင်ဆွေးကို ချစ်သူ အသွင်းပြောအဖြစ် မွေးဖွားပေးခဲ့လေသည်။ သို့သော် အမွပါလီ၏သားငယ်သည် အရွယ်ရောက်လာသောအခါ ဝိမလကောဏ္ဍညဟူသော ဗုဒ္ဓ၏သားတော် ဖြစ်သွားခဲ့သည်။

မြတ်စွာဘုရားသည် လိစ္ဆဝီမင်းများ၏ ပင့်လျှောက်ချက်အရ ရာဇဂြိုဟ်မြို့မှ ဝေသာလီသို့ ကြွရောက်တော်မူကာ ရာဇနွှယ်ဝန်ပရိတ်တော်ကို ဟောကြားတော်မူ၏။ ရတနာ့ဘဏ်ပရိတ်တော်၏ အာနုဘော်ကြောင့် ဝေသာလီမြို့တော်တွင် ကျရောက်နေသော ကပ်ကြီးသုံးပါးတို့ ကင်းစင်ပျောက်သွားကြသည်။ ထိုအခါမှစ၍ အမွပါလီသည် ဘုရားမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်လာခဲ့သည်။

သာသနာတော်ကြီး၏အရိပ်ကို ခိုလှုံမိသည့်အချိန်မှစ၍ အမွပါလီသည် မိမိကိုယ်ခန္ဓာဖြင့် ရင်နှီး၍ ရလာသော ဘုန်းဥစ္စာတို့ကို အသုံးမပြုတော့ဘဲ သာသနာတော်ကြီး အတွက်သာ အသုံးပြု၏။ ဘုရားအမှူးရှိသော သံဃာတော်များအတွက် ပစ္စည်းလေးပါးတို့ကို ထောက်ပံ့လှူဒါန်းခဲ့၏။ သားဖြစ်သူ ဝိမလကောဏ္ဍညည သာသနာတော်၌ ရဟန်းပြုသောအခါ ပစ္စည်းလေးပါးတို့ဖြင့် လိုအပ်သမျှ ထောက်ပံ့ပေးလှူခဲ့လေသည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ အချိန်ကြာလာခဲ့သည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်း ပရိနိဗ္ဗာန်ပြုရန် တစ်နှစ်နီးပါး လိုသေးအချိန် ဖြစ်သည်။ ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်တကွ ဝေသာလီမြို့တော်သို့ နောက်ဆုံးအနေဖြင့် ကြွရောက်တော်မူခဲ့၏။ ဝေသာလီမြို့အနီးရှိ အမွပါလီ၏ သရက်ဥယျာဉ်၌ ခရီးတစ်ထောက်နားကာ ယာယီသီတင်းသုံးနေတော်မူသည်။

ထိုသတင်းကို ကြားသောအခါ အမွပါလီသည် ရထားဖြင့် နောက်ပါအခြွေအရံတို့နှင့်အတူ မြတ်စွာဘုရားအား ဖူးမြော်ရန် သွားခဲ့သည်။ မြတ်စွာဘုရားသည် အမွပါလီအား ကြောက်သင့်သော ဒုစရိုက်အမှုများကို ကြောက်တတ်ရန် ဟောကြားကာ ပြုသင့်ပြုထိုက်၍ ပြုခဲ့ရသော ကောင်းမှုကုသိုလ်များအတွက်လည်း ဝမ်းမြောက်ရွှင်လန်းစေရန် ဟောကြားတော်မူသည်။

တရားတော်ကို ရိုသေစွာနာယူပြီးလျှင် အမွပါလီသည် "အရှင်ဘုရား...မနက်ဖြန်နံနက် တပည့်တော်မ၏ နေအိမ်သို့ သံဃာတော်များနှင့်တကွ ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား" ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်၏။ ထိုသို့ပင်ဆောင်ပြီးနောက် အမွပါလီသည် အားရရွှင်လန်းစွာဖြင့် ရထားစီးကာ ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

လမ်းခရီးတစ်နေရာသို့ရောက်သော် ဝေသာလီမြို့တော်မှ ထွက်ထွာခဲ့ကြပြီး လိစ္ဆဝီတို့၏ ရထားများနှင့် ဆုံမိကြသည်။ အမွှပါလီသည် သူ၏ရထားကို လမ်းဘေးမှချ၍ ရပ်မပေးဘဲ အရှိန်မပျက် မောင်းလာခဲ့ရာ လိစ္ဆဝီမင်းတို့၏ ရထားနှင့် ဝင်ရိုးစွန်းချင်း တိုက်မိတော့သည်။

ထိုအခါ လိစ္ဆဝီမင်းတို့သည် ဒေါသထွက်ပြီး 'ဟယ်.. အယုတ်မ၊ အဘယ်ကြောင့် ငါတို့ရထားနှင့် တိုက်အောင် မောင်းရပါသနည်း' ဟု ကြိမ်းမောင်းကြ၏။

အမွှပါလီက ရဟန်းအပေါင်းတို့နှင့် မြတ်စွာဘုရားရှင်အား မနက်ဖြန်ခါ ဆွမ်းဘုဉ်းပေးရန် ကျွန်ုပ်ပင့်ဖိတ်ခဲ့သဖြင့် ဝမ်းသာဝိတိဖြစ်ကာ သတိမမူမိသဖြင့် ဤသို့ဖြစ်သွားကြောင်း ရှင်းပြသည်။ လိစ္ဆဝီမင်းသားတို့က ထိုဆွမ်းကို အသပြာတစ်သိန်းဖြင့် ငါတို့အား ပေးပါလော့ဟု တောင်းခံ၏။

အမွှပါလီက တိုင်းခရိုင်နှင့်တကွ ဝေသာလီပြည်ကိုပါ ကျွန်ုပ်အား ပေးစေကာမူ ထိုဆွမ်းကို ကျွန်ုပ် မပေးနိုင်ဟု ပြန်ပြော၏။

ထိုအခါ လိစ္ဆဝီမင်းသားတို့က ငါတို့ကို မိန်းမငယ်က နိုင်သွားလေပြီဟု ပြောကြ၏။ ထို့နောက် လိစ္ဆဝီမင်းသားတို့သည် မြတ်စွာဘုရားရှိရာ အမွှပါလီဥယျာဉ်သို့ ခရီးဆက်ကြသည်။

လိစ္ဆဝီမင်းသားတို့အနက် အချို့သော လိစ္ဆဝီတို့သည် အသားရောင်အည်၊ အဝတ်အည်၊ အဆင်တန်ဆာတို့ဖြင့်လည်းကောင်း၊ အချို့သော လိစ္ဆဝီတို့သည် အသားရောင်အဝါ၊ အဝတ်အဝါ၊ အဆင်တန်ဆာဝါတို့ဖြင့်လည်းကောင်း၊ အချို့သော လိစ္ဆဝီတို့သည် အသားရောင်အနီ၊ အဝတ်အနီ၊ အဆင်တန်ဆာတို့ဖြင့်လည်းကောင်း၊ အချို့သော လိစ္ဆဝီတို့သည် အသားရောင်အဖြူ၊ အဝတ်အဖြူ အဆင်တန်ဆာအဖြူတို့ဖြင့် အလှပြင်၍လာကြ၏။ ပကတိအသားအရောင်ပေါ်မှာ မိမိနှစ်သက်ရာ အလိမ်းအခြယ်တို့ဖြင့် ပြုပြင်လာကြခြင်း ဖြစ်ပေသည်။

ထိုအခါ မြတ်စွာဘုရားက 'ရဟန်းတို့.. တာဝတိံသာနတ်တို့ကို မမြင်ဖူးကြလျှင် လိစ္ဆဝီပရိသတ်ကို ကြည့်ကြကုန်လော့။ လိစ္ဆဝီပရိသတ်ကို ထပ်ကာ၊ ထပ်ကာ ကြည့်ကြကုန်လော့။ လိစ္ဆဝီပရိသတ်ကို တာဝတိံသာနတ်တို့နှင့် ထပ်တူသဘောထားကာ ကြည့်ကြကုန်လော့' ဟု မိန့်တော်မူ၏။

လိစ္ဆဝီမင်းသားတို့သည် ဘုရားရှင်ထံသို့ ရောက်ရှိလျှင် တရားနာကြပြီးနောက် မနက်ဖြန်နံနက်တွင် ဆွမ်းဘုဉ်းပေးကြတော်မူရန် ဘုရားရှင်အား ပင့်လျှောက်ကြ၏။

ထိုအခါ ဘုရားရှင်က 'လိစ္ဆဝီတို့.. အမွှပါလီ၏ ဆွမ်းအလှူခံ ပင့်လျှောက်ခြင်းကို ငါဘုရား လက်ခံလိုက်ပြီ' ဟု မိန့်ကြားလိုက်သည်။

ဤတွင် လိစ္ဆဝီတို့သည် 'အချင်းတို့.. ငါတို့ကို မိန်းမသားတစ်ယောက် အနိုင်ယူပေစ' ဟု ရေရွတ်ပြောဆိုကြသည်။

မဂဓစစ်တပ်ကြီးများအပေါ် အောင်မဲ့လှလှရခဲ့ကြသော လိစ္ဆဝီတို့သည် ယခုတော့ မိန်းမသားတစ်ယောက် ရှေ့မှာ အညံ့ခံလိုက်ရပေပြီ။ ဘဝတစ်လျှောက်လုံး သူတို့ပြုသမျှ နခဲ့ရသော အမွှပါလီသည် ယနေ့ ညနေမှာတော့ သူတို့၏ ရထားဝင်ရိုးစွန်းကို သူ့ရထားဝင်ရိုးစွန်းဖြင့် တိုက်ခဲ့သေးသည်။

အမွှပါလီသည် အိမ်သို့ ပြန်ရောက်သောအခါ ဆွမ်းချက်ရန် ကိစ္စအဝဝကို အစေအပါးများဖြင့် စီစဉ်ရာ နံနက်လင်းသည်နှင့်တပြိုင်နက် ဆွမ်း၊ ခဲဖွယ်ဘောဇဉ်အားလုံး ချက်ပြုတ်ပြင်ဆင် ပြီးစီးသွားခဲ့သည်။

ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့် အတူတကွ အမွှပါလီအိမ်သို့ ကြွလာတော်မူသည်။ အမွှပါလီသည် မြတ်စွာဘုရားနှင့်

www.burmeseclassic.com

www.burmeseclassic.com

ခြင်္ကာခုရားနှစ်ဆူသမိုင်းကျောင်းတော်ကြီးရဲ့ ဥယျာဉ်စေတီတော်ပေါ်တွင် စာရေးသူနှင့် ခုရားမှူးများ ဦးဂျုံမှာဝေးတော်ကြီးကို ကြည့်ရှုသုံးသပ်နေစဉ်

သားတော်များအား ဆွမ်းဆက်သလှူဒါန်းပြီးသောအခါ ဘုရားရှိခိုးတော်မှာပင် ရွှေကရားမှ ရေစင် သွန်းလောင်းလျက် 'အရှင်ဘုရား--တပည့်တော်၏ သရက်ဥယျာဉ်ကို ကျောင်းမြေနေရာအလို့ငှာ လှူဒါန်းပါ၏' ဟု လှူဒါန်းခဲ့သည်။ ထိုသို့ကျောင်းမြေနေရာအဖြစ် လှူဒါန်းပြီးနောက် အမှုပါလီသည် ထိုဥယျာဉ်ထဲ၌ ကျောင်းများ ဆောက်လုပ်စေကာ ဆက်လက်လှူဒါန်းသည်။ ထိုအချိန်တွင် ကျောင်းအကြီးဖြစ်လာသူ အမှုပါလီသည် အသက်အရွယ်ရင့်လာပြီဖြစ်သဖြင့် အိမ်းမစွမ်းဖြစ်လာပြီဖြစ်သည်။ သားတော်ရဟန်း အရှင်ဝိမလကောဏ္ဍညာ၏ တရားတို့ကိုသာ အမြဲမပြတ် နာယူနေပြီဖြစ်သည်။ တရားစကားများကြားနာရာမှ လူဘောင်လောကတွင် မပျော်မွေ့တော့သဖြင့် သာသနာတော်၌ ရဟန်းပြုလေသည်။

ရဟန်းအဖြစ်ကိုရပြီးသော် အမှုပါလီသည် မိမိ၏ ရုပ်ဆင်းအင်္ဂါတို့ ရင့်ရော်ပျက်စီးလာရုပ်များကို ကြည့်ရှုကာ အနိစ္စ စသောလက္ခဏာယာဉ်တင်၍ ဆင်ခြင်သုံးသပ်သည်။ ဤသို့ဆင်ခြင်သုံးသပ်သော ဝိပဿနာအဟုန်ကြောင့် သူသည် မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်။

အရှင်ဝိမလကောဏ္ဍညသည် မိခင်ဖြစ်သူ အမှုပါလီကို တရားရအောင်တိုက်ကျွေး၍ သံသရာအကျဉ်းထောင်အတွင်းမှ ကယ်ထုတ်ခဲ့သည်။ ထိုအချိန်တွင် ဗိမ္ဗိသာရကမူ ဆောကအကျဉ်းထောင်ထဲသို့ အပို့ခံလိုက်ရသည်။ ထောင်တွင်း အကျဉ်းချလိုက်သူမှာ ဝေဒေဟီမိဖုရားနှင့် ရခဲ့သော သားတော်ဦးပြည့်ရှင် အဇာတသတ်မင်းပင် ဖြစ်နေပြန်သည်။

ဂင်္ဂါမြစ်၏ တောင်ဘက်ခြမ်းတွင် မင်းစည်းစိမ်အာဏာကို တပ်မက်ခုံမင်သော သားဖြစ်သူက ဖခင်အရင်းခေါက်ခေါက်ကြီးကို လောကအကျဉ်းထောင်ထဲသို့ သွင်းခဲ့၏။ ဂင်္ဂါမြစ်၏ မြောက်ဘက်ခြမ်းရှိမူ မြတ်စွာဘုရား၏ ဆွေးအဖြင့် ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်ကို တွေ့ရှိသိမြင်ခဲ့ပြီးသော သားဖြစ်သူက မိခင်ကို တရားရအောင်တိုက်ကျွေးလျက် သံသရာဝဋ်ဆင်းရဲမှ ဆွဲထုတ်ကယ်တင်နိုင်ခဲ့၏။ ဗိမ္ဗိသာရနှင့် အမှုပါလီတည်းဟူသော ငယ်ဘဝချစ်သူနှစ်ဦး၏ ကံအကျိုးပေးသတ္တိကား ကွာခြားလှပါဘိ။

အချုပ်အားဖြင့်ဆိုရလျှင် ဗိမ္ဗိသာရသည် သူချစ်သော တစ်ပြည်သူ အမှုပါလီကို ရယူသိမ်းပိုက်၍ မိဖုရားခေါင်ကြီးအဖြစ် သူ့အနားတွင် ထားချင်သည်။ သို့ရာတွင် အမှုပါလီမှာမူ သူချစ်သော တစ်ပြည်သား ဗိမ္ဗိသာရနှင့်တကွ မိဖုရားခေါင်ကြီး ရာထူးကိုပါ စွန့်လွှတ်အနစ်နာခံ၍ တိုင်းပြည်၏ အသက်ဖြစ်သော ဂဏ္ဌလွတ်တော်၏ ဒီမိုကရေစီအဆုံးအဖြတ်ကိုသာ ခံယူခဲ့ရလေသည်။ သို့ရာတွင် နောက်ဆုံးမှာ ရဟန္တာထေရီမအဖြစ်ဖြင့် သံသရာမှလွတ်ငြိမ်းကာ ဘဝတော်သိမ်းလှူအဖြစ် ပုံရိပ်ထင်ကျန်ရစ်ခဲ့ပေတော့သည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဝေသာလီတွင် ဖူးမြော်ကြည်ညိုစရာ၊ လေ့လာစရာများကို ဖူးမြော်လေ့လာပြီး နောက် ပတ္တနားမြို့သို့ ခရီးဆက်ခဲ့ကြသည်။

အတိတ်သမိုင်းကို ပြန်ပြောင်းပြောပြနေသော လွမ်းမောဖွယ်ရာ ဝေသာလီမှာကား တရိပ်ရိပ်ပြေးနေသော မိမိတို့ကား၏နောက်ဝယ် တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့လေပြီ။

နေရစ်ခဲ့တော့ ဝေသာလီ။

တွန်းအားရှင်

ကျမ်းကိုး

* အဝါဒါနံဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသဆရာတော်)။
* မဟာဗုဒ္ဓဝင် (ပဉ္စမတွဲ) (တိပိဋကဓရ မင်းကွန်းဆရာတော်)။
* သုတ်မဟာဓါ ပါဠိတော်မြန်မာပြန်။
* စာရေးသူကိုယ်တိုင် သွားရောက်ဖူးမြော်လေ့လာခြင်း။

www.burmeseclassic.com

www.burmeseclassic.com

အကာသ (သာစည်)

ပုဒ္ဓရွေတော်မှောက် အချိန်မီရောက်၍ နောက်ဆုံးကျေတ်တမ်းဝင်သူ

သုဘဒ္ဒပရိဗိုဇ်နေသော ကျောင်းကလေးသည် ကုသိနာရုံပြည်၏ တစ်ခုသောတောအုပ်အနီးတွင်ရှိ၏။ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းမ၊ ပိတောက် စသည်သစ်ပင်များ ထူပြောပေါက်လျက် ကုန်းပြင်မြင့်ထက်တွင် တစ်ကျောင်းထီးတည်း ဖြစ်၏။ မနီးမကမ်းတွင် တုတ်ခိုင်ဖြောင့်မတ်သော ဝါးရုံပင်တောများလည်းရှိ၏။ တစ်ပင်နှင့်တစ်ပင်၊ တစ်ကိုင်းမှ တစ်ကိုင်းတို့သည် ယှက်သိုင်းလျက်နေလေ၏။

လူတစ်ရပ်ခန့်မြင့်သော ကျောင်းငယ်ကို အင်ကြင်းတိုင် ဝါးဆင့်ဝါးကြမ်းများ ပိုး၍ ဝါးပဝ်များ မိုးကာထား၏။ ကျောင်းရှေ့ရှိ အင်ကြင်းပင်ခွဆုံ၌ ရေအိုးစိုစို ဝါးဆစ်ဘူးခွက်တိုတိုသည် သစ်ရိပ်များ အုပ်မိုးထားသဖြင့် စိုပြည်လျက်ရှိနေ၏။ ရေဘက်ဆင်ခြေလျှောအလွန်တွင် ဇနပုဒ်ရွာအချို့မှ ကုသိနာရုံသို့ ရောက်သော လူသွားလမ်းကလေး ရှိ၏။

ဖြတ်သွားဖြတ်လာ ခရီးသွားများစွာတို့သည် သုဘဒ္ဒ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပေါက် သစ်ရိပ်ကောင်းကောင်းအောက်တွင် ခရီးသည်ဆောက် ဝင်ရောက်နားခိုကြ၏။ ရေအေးအေးတစ်ဝက်သောက် အမောအပန်းပြေလောက်မှ လိုရာခရီး ဆက်ပြီး သွားကြလေ၏။

သုဘဒ္ဒကား ဝက်ဇနပုဒ်ရွာတွင်နေသော မုဆိုးသားအသေမား ဥပကနှင့် စာပါတို့၏သားဖြစ်၏။ ရှေးမဆွက သုဘဒ္ဒ၏ဖခင် ဥပကသည်လည်း မုဆိုးတို့နေထိုင်ရာ ဝက်ဇနပုဒ်ရွာက ကိုးကွယ်သော တက္ကတွန်းရဟန်းတစ်ပါး ဖြစ်ခဲ့၏။

ဝက်ဇနပုဒ်ရွာ မုဆိုးတို့၏ အကြီးအကဲသည် စဏ္ဍာမိ ဖြစ်၍ သူတွင် စာပါဟူသော အရွယ်ရောက်ခါစ သမီးလှ တစ်ယောက်ရှိ၏။ ဥပကပရိဗိုဇ်ကား မုဆိုးသားအဖအိမ်ကို ရောဂါလို ဆွမ်းခံဝင်၏။ ခင်းအပ်သောနေရာတွင်ထိုင်လျက် အင်ကိုယ်စား စာပါလုပ်ကျွေးသော ဆွမ်း၊ ကွမ်း၊ ဘောဇဉ်ကို အလျှဲခံ၏။

တစ်နေ့တွင် စဏ္ဍာမိမုဆိုးသည် ဝေးဈာသောတောကို သွား၍ သားကောင်ရရန်အလို့ငှာ ရိက္ခာလက်နက်များ ထုပ်ပိုးဆင်လျက်ရှိ၏။ ခရီးမသွားမီ သမီးစာပါကို ငါတို့ သားရဟန္တာမြတ်ကို သင့်တင့်လျောက်ပတ်အောင် လောင်းကူးစေလော့။ မမေ့မလျော့စေနှင့်ဟု မှာ၍ အဖော်များနှင့် တကွ သွားလေ၏။

နောက်တစ်နေ့ အချိန်တန်သည်နှင့် ဥပကပရိဗိုဇ် ဆွမ်းဆင်လာ၏။ မုဆိုး၏အိမ်တွင် စာပါတစ်ဦးတည်းသာရှိ၍ အိမ်ဆီတံခြိမ်သက်ကာနေ၏။ ဥပကသည် စာပါကပ်လှူ ထုပ်ကျွေးသော ဆွမ်း၊ ကွမ်း၊ ဘောဇဉ်ကို အလျှဲခံလျက် ဆွေးနွေးခဲ့ဖူးသော ရာဂမီးကား 'အလျှံညီးညီးတောက်လောင်ပြီ'လော၏။ စာပါ၏အပေါ် တိမ်းညွတ်သောစိတ်တို့သည် အနှိုင်ဆီးမရဖြစ်ကာ သူနေသောကျောင်းရှိရာ အမြန်ပြေးလာ၏။

ကျောင်းရောက်လျှင် ဆွမ်းကိုမျှမစားဘဲ စာပါကို ကျောင်းတမ်းတသောစိတ်နှင့် အိပ်ရာထက် ပက်လက်နေ၏။ မုဆိုးကြီး တောကပြန်ရောက်လျှင် သမီးစာပါကို ငါ့ဆရာ ဘုန်းမြတ်ကို ကောင်းစွာလုပ်ကျွေးပါ၏လောဟု မေး၏။ သမီးက ဖခင်.. ဆရာသည် တစ်ခေါက်သော ဆွမ်းခံလာ၍ ကြီးသုတ်ဟု ကျောင်းကို အမြန်ပြန်လေ၏ဟု ပြော၏။ ထိုးလည်း ငါ့ဆရာ အကြောင်းရှိရမည်ဆိုကာ ကျောင်းသို့ အမြန်သွားလေ၏။

မုဆိုးကြီး ကျောင်းရောက်လျှင် အဝတ်မကပ် ပါးစပ်မလည်း စာပါကိုမျှ ငါမရ၊ မုချသေတော့မည်ဟု တဖျစ်ဖျစ် မြည်တမ်းနေသော ဥပကကိုတွေ့၏။ မုဆိုးလည်း သူသမီး စာပါကြောင့် ငါ့ဆရာဖြစ်အင် မမြင်ချင်ဟုဆိုကာ ဥပကကို လူထွက်စေ၍ စာပါနှင့် ထိမ်းမြားပေးလိုက်၏။

ဥပကသည် ယောကျ်ားမ မုဆိုးကြီးနောက် တကောက်ကောက်လိုက်၍ သားကောင်ထမ်းပိုးပေးသော အလုပ်ကို လုပ်၏။ သားကောင်များကို လှီးဖြတ်ခုတ်ထစ်လျက် အသားများကို ဈေးရှိရာသို့သွား၍ ရောင်းချ၏။

ကာလကြာသောအခါ ဥပကနှင့် စာပါတို့တွင် သားတစ်ယောက်ရရှိ၍ သုဘဒ္ဒဟု အမည်မှည့်ခေါ်၏။ စာပါသည် သားတစ်ယောက်ရသည့်တိုင် ဖခင်ပေးစား၍ ယူရသော ဥပကကို မချစ်မနှစ်သက်ပေ။ သုဘဒ္ဒသူငယ် ငိုယိုလျှင် ဥပကကို စောင်းချိတ်၍ ကလေးကို ဆောင့်အောင့်ငြူစူ ဆူပူလေ့ရှိ၏။ ရဟန်းရထွက် ငါ့ကိုမက်၍ လူထွက်လာသည်ဟုလည်း မကြားဝံ့မနာသာ ပြောလာ၏။

ဥပကလည်း စာပါ ဆိုဖန်များသော် သည်းညည်းမခံနိုင်၍ သားတစ်ယောက်နှင့်ကျန်ကာ သင်သာ ဒုက္ခရောက်တော့မည်ဆိုလျက် စွန့်ခွာပစ်ခဲ့၏။ ဥပကတက္ကတွန်း ရဟန်းဘဝတွင် သုံးလူထွတ်တင် ဘုရားရှင်နှင့် တောကြီးမျက်မည်းတစ်နေရာတွင်တွေ့ခဲ့ဖူး၏။ ဘုရားရှင်သည် သာဝတ္ထိပြည်မှမွန် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေသည်ကြား၏။ ဥပကကား သားနှင့်မယားကိုထားလျက် သံသရာလွတ်လမ်း ရဟန်းဝတ်ရန်အတွက် ထွက်ခွာခဲ့လေ၏။

သုဘဒ္ဒငယ်စဉ်အခါက တကျက်ကျက်ရှိသော မိဘနှစ်ပါးကြားတွင် အေးအေးချမ်းချမ်းနေရသည်မရှိခဲ့။ အမိက အဆူအဆော်၊ အဖ၏ ငေါက်ငမ်းခြင်းဖြင့် ကြီးပြင်းခဲ့ရ၏။ ကြာတော့ သုဘဒ္ဒသည် မငြိမ်းချမ်းသော လူအလိုက် အဝန်းကို ငြီးငွေ့လာ၏။ ဆိတ်ငြိမ်အေးချမ်းသော ဘဝတစ်ခုကို တောင့်တလျက် ရဟန်းဝတ်ခဲ့၏။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အကုန် အရဏ်တက်ချိန်တွင် သုံးလောကထွတ်ထားသဗ္ဗညုမြတ်ဘုရား ပွင့်တော်မူ၏။ ကျွတ်ထိုက်သူများအား သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်စေခြင်းငှာ ချေချွတ်ရန် ပွင့်ထွန်းခြင်းဖြစ်၏။ ဘုရားသာသနာ ပေါ်ပေါက်လာသော်လည်း မဂဓရာဇ်တိုင်း၌ ဂိုဏ်းဆရာများဖြစ်သော ပုရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ၊ ပကုဓကစ္စာယန၊

www.burmeseclassic.com

သဘွယ၊ နိဂဏ္ဍဟူ၍ ရှိကြ၏။

ဆန့်ကျင်ဘက် ဂိုဏ်းဆရာတို့သည် ဘုရားမဟုတ်ဘဲ လျက် ဘုရားဟု ဝန်ခံ၍ ပြောဆိုနေ၏။ မသိနားမလည်သူ သတ္တဝါပရိသတ်ကို လှည့်ပတ်သိမ်းသွင်းကာနေချေ၏။ မုဆိုး နားနီးမုဆိုး၊ တံငါနားနီးတံငါဟူသော စကားရှိရာ သုဘဒ္ဒ လည်း ဂိုဏ်းဆရာကြီးများနှင့် လက်ပွန်းတတီးနေခဲ့၏။ ရဟန်းဝတ်သောအခါ တက္ကတွန်းပရိဗိုဇ်တစ်ဦး ဖြစ်ခဲ့လေ ၏။

သုဘဒ္ဒပရိဗိုဇ်သည် မဝေးလှသော ဇနပုဒ်ရွာငယ်သို့ နေ့တိုင်းလျှင် ဆွမ်းခံဝင်၏။ ကုသိနာရုံသို့ သွားရာလမ်းတွင် ရင်ဆိုင်တွေ့ရသော ခရီးသွားတို့သည် ခါတိုင်းထက်လည်း များ၏။ ဖိုသီဖတ်သီရှိကြလျက် အုံးအုံးကျွက်ကျွက် သွား နေကုန်၏။ အချို့ ငိုကြီးချက်မ ယူကျုံးမရဖြစ်နေကြလေ၏။

ဟိုစဉ်က လမ်းသွားလမ်းလာများနှင့် ရင်ဆိုင်တွေ့လျှင် တစ်ခွန်း နှစ်ခွန်းစ စကားပြောဖြစ် နှုတ်ဆက်ဖြစ်သော်၏။ သည်နေ့ မည်သူကမျှလည်း နှုတ်မသန်း၊ တစ်မျိုးတစ်မည် ကြီး ထူးဆန်းနေ၏။ သူကိုမျှ စောင်းကန်း၍ မကြည့်ကြ။ သောသောရုတ်ရုတ်နှင့် ခပ်သုတ်သုတ်သွားနေကြလေကုန် ၏။

သုဘဒ္ဒလည်း စနိုးစနောင့်ဖြစ်လာ၍ နောက်ဆုံးကျပြီး လာနေသူတစ်ဦးကို 'အဆွေ..လူတွေက ခါတိုင်းထက် များလှသည်။ မသာမယာလည်း ရှိကြသည်။ အဘယ်ကိစ္စ ရှိ၍ အဘယ်ကို သွားနေကြသနည်း' ဟု မေး၏။

'ငါ့ရှင် သင်မသိသလော။ လောကတွင် အတုမရှိ အထူးသိတော်မူသော ဂေါတမဘုရားရှင်သည် ကာလ မကြာမီတွင် ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်၍ အဆောတလျင် နောက်ဆုံးဖူးမြင်ဖို့ သွားနေကြသည်' ဟု ဆို၏။

သုဘဒ္ဒပရိဗိုဇ်လည်း 'သြော်..ဂေါတမရဟန်းကြီး တောင် ပရိနိဗ္ဗာန်ပြုတော့မှာ ဆိုပါလား' ဟု အောက်မေ့ လျက် ကမန်းကတန်း ဆွမ်းခံ၍ ကျောင်းသို့ပြန်၏။

လောကလူရွာတွင် ကိလေသာကို အကြွင်းမဲ့ပယ်၍ သစ္စာလေးအင်္ဂကို အမှန်သိသော သယမ္ဘူမြတ်စွာဘုရား တို့သည် တစ်ရံတစ်ခါ ဖြစ်လာခြင်းငှာ အလွန်ရှား၏။ သံ သယရှိသမျှကို ပယ်ရှင်းလင်းရန် မေးထားဦးမှ ဖြစ် မည်ဟု သုဘဒ္ဒ စိတ်ကူးမိလေ၏။

ဘုရားရှင်ပွင့်တော်မူချိန်တွင် ကနဦးကျွတ်တမ်းဝင်သူ မှာ ရှင်ကောဏ္ဍညမထေရ်ဖြစ်၍ နောက်ဆုံးကျွတ်တမ်းဝင် သူက သုဘဒ္ဒပုရိဗိုဇ်ကြီး ဖြစ်၏။ ရှေးအကြောင်းကား ဝိပဿီဘုရားပွင့်တော်မူသောအခါ ကောဏ္ဍညနှင့် သုဘဒ္ဒ သည် မဟာကာလ၊ စူဠကာလဟူ၍ သူကြွယ်ညီနောင် ဖြစ်ခဲ့ဖူး၏။

စူဠကာလညီငယ်သည် တစ်နှစ်လုပ်၍ရသော စပါးကို ဘုရားအမှူးရှိသော သံဃာတော်တို့အား မျိုးဦး၊ မုန့်ဆန်ဦး၊ ရိတ်ဦး၊ ဆုပ်ဦး၊ လှိုင်းဦး၊ နယ်ဦး၊ ချင့်ဦး၊ ရောင်းဦး စားဦးဟူ၍ ကိုးကြိမ်တိုင်လှူ၏။ နောင်ဘုရားသာသနာတွင် လည်း ဦးစွာ တရားရရပါလိုဖြင့်ဟုလည်း ဆုတောင်း၏။ ရှေးက အကြောင်းကြောင့် ဂေါတမဘုရား ပွင့်တော်မူ၍ တရားဓမ္မစက်ကြာဟောသောအခါတွင် ရှေးဦးစွာ တရားရ၍ ကောဏ္ဍညမထေရ် ဖြစ်၏။

မဟာကာလအစ်ကို သူကြွယ်မှာကား နောက်မှအလှူ ပေး၍ တရားအားထုတ်သောကြောင့် နောက်ဆုံးကျမှ ကျွတ် တမ်းဝင်၏။ ဂေါတမဘုရားသာသနာတော်၌ သုဘဒ္ဒပရိဗိုဇ် ရဟန်းဖြစ်လာ၍ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ခါနီးမှ တရား တော်ကို နာရသဖြင့် ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေ၏။

သုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် ဘုရားရှင်ရှိရာသို့ အဆောတလျင်ရောက် ၍လာ၏။ အင်ကြင်းပင် ပင်စည်အကြား မြောက်ဘက်သို့ ဦးခေါင်းထားလျက် လျောင်းစက်တော်မူနေသော ဘုရားရှင် ၏နံဘေးတွင် ရှင်အာနန္ဒာကိုတွေ့၏။ ရတနာသောင်စောင်း ထက် လျောင်းစက်တော်မူလျက်ရှိသော ဘုရားရှင်၏ ခြေ ရင်း၊ ခေါင်းရင်းမှ အင်ကြင်းပင်ပျိုတို့သည် ကိုင်းညွှတ်နေ ကုန်၏။ ကိုယ်တော်မြတ်အား ပူဇော်ခြင်းငှာ ဆင့်ကာ၊ဆင့် ကာပင့်လျက် ကြွေသက်နေလေ၏။

ရဟန်း၊ ရှင်၊ လူ၊ နတ်၊ ဗြဟ္မာဟူသမျှတို့သည် ဘုရား ရှင်အား နောက်ဆုံးပူဇော်ခြင်းဖြင့် အထူးထူးအပြားပြား ပူဇော်လျက်ရှိကုန်၏။ ရတနာသောင်စောင်းအနီးတွင်လည်း လျောင်းတော်မူလျက်ရှိသော ဘုရားရှင်အား ရှင်ဥပဝါဏ မထေရ်ကြီးက ယပ်ခတ်နေလေ၏။

ထိုစဉ် ဘုရားရှင်က 'ရဟန်းဥပဝါဏ..ဖယ်လော့ ရှားလော့' ဟုမိန့်ရာ တစ်ခွန်းတည်းသော စကားဖြင့်ပင် ရှင်ဥပဝါဏာလည်း လျောက်ပတ်ရာသို့ သွား၍နေ၏။

အနီးတွင်ရှိသော ရှင်အာနန္ဒာက ဘုရားရှင်၏ နားတော် အားကပ်၍ 'ရှင်ဥပဝါဏာကို အဘယ်ကြောင့်ပယ်တော်မူပါ သနည်း' ဟု မေးလျှောက်ကြသို့၏။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သားဥပဝါဏာသည် အပြစ်မရှိ။ ရှင်ဥပဝါဏာကား ကြီးလှသည်။ တန်ခိုးအာဘိညာဉ်ကြီးလှသည်။ ဘဝင်ဘက်တွင်ရှိကုန်သော လူ၊ နတ်၊ ဗြဟ္မာ အားလုံးတို့သည် ဥပဝါဏာတန်ခိုးကြောင့် ငါဘုရားကို မမြင်နိုင်။ ကြောင်ခြင်း ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။

ရှင်ဥပဝါဏာကား ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူစဉ်က ဥပဝါဏာအလောင်းသည် သူကြွယ်မျိုးဌဖြစ်၍ ဝိပဿီဘုရား ပရိနိဗ္ဗာန်လားတော်မူသောအခါ လူအများသည် ကျန်ရှစ်သော ဓာတ်တော်, မွေတော်တို့ကို ရွှေဘုရားတိုဖြင့် အပြန့်အစောက် တစ်ယူဇနာရှိသော ရွှေစေတီကို ပြုကြကုန်၏။ နတ်အပေါင်းတို့က်လည်း တစ်ယူဇနာ ပြုကြသဖြင့် ခုနစ်ယူဇနာရှိသော စေတီတော်သည် ဖြစ်လေ၏။

ယန်းနဲ့သာပုဆိုး စသည်တို့နှင့် လူတို့ ပူဇော်ခြင်းပြုသည်ဟု ဥပဝါဏာအလောင်းသူကြွယ်လည်း ရွှေအဆင်းရှိသော အုတ်ဖြင့် ပူဇော်၏။ စေတီစောင့်နတ်လည်း ပုဆိုးကို လှမ်း၍ စေတီတွင် ပူဇော်ပေး၏။ သူကြွယ်လည်း နတ်ကိုမြင်ခြင့် ကြည်လင်သောစိတ် ရှိသည်ဖြစ်၍ ငါလည်း နောက်ဆုံးဘဝတွင် ဤနတ်ကဲ့သို့ ဖြစ်ရစေသော်ဟု ဆုတောင်းခဲ့၏။

ဥပဝါဏာအလောင်းလည်း အသက်အတိုင်းနေ၍ စုတေသော် နတ်ပြည်၌ နတ်အဖြစ်ကို ရ၏။ နတ်ပြည်၊ လူ့ပြည် အဆင့်အတိုင်း ကျင်လည်ပြီးနောက် ကသ္သပဘုရား ထင်ရှားပွင့်တော်မူသောအခါ စေတီစောင့်နတ်သားဖြစ်၏။

ကဿပဘုရား လွန်သောအခါ တာဝတိံသာနတ်ပြည်တွင် နတ်သားဖြစ်၏။ ဂေါတမဘုရားပွင့်တော်မူလျှင် သာသနာတော်ကို ပြုရပ် အမျိုးမြတ်၌ လူလာဖြစ်၏။ အရွယ်ရောက်သော် သာသနာဝင်၍ ရဟန်းပြုလေ၏။

ရှင်ဥပဝါဏ ရဟန်းပြု၍ မကြာမြင့်မီတွင် ရဟန္တာ ဖြစ်၏။ ရှင်ဥပဝါဏာသည် ရှေးကပြုဖူး ကုသိုလ်ထူးကြောင့် ဆင်းအင်္ဂါရုပ် လှပသည်။ ခန္ဓာကိုယ်လည်း ကြီးသည်။ ဘုန်းကံဩဇာပါဒ် လွန်စွာကြီးမားသည်။ ဘုရားရှင်အား ရှင်ဥပဝါဏမထေရ်ကြီး ဖဲကြဉ်သွားမှ အားလုံးထင်သာမြင်သာ ဖူးမြင်ကြရလေသည်။

ရှင်အာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရားရှင်အား အဖ်၊ မှတ်သားအပ်၊ လိုက်နာအပ်သော စကားအထူးထူး ပြောကြားကို လျှောက်ထားလျက်ရှိနေ၏။ သုဘဒ္ဒပရိဗိုဇ်လည်း လူ၊ နတ်၊ ဗြဟ္မာ၊ ရဟန်းပရိသတ်တို့အား ကျော်ဖြတ်တိုးဝှေ့လျက် ရေးကြီးသုတ်ပျာ ဘုရားရှင်ရှိရာသို့ လာနေလေ၏။

သုဘဒ္ဒပရိဗိုဇ်ကြီးလာသည်ကိုမြင်လျှင် ရှင်အာနန္ဒာကိုယ်တော်မြတ်လည်း မြတ်စွာဘုရားအနီးမှ ဖယ်ရှောင်လာ၍ သုဘဒ္ဒကို တွေ့၏။

သုဘဒ္ဒက "ရှင်အာနန္ဒာ..အကျွန်ုပ်သည် ဆရာ့ဆရာဖြစ်ကုန်သော ပရိဗိုဇ်ကြီးတို့ထံမှ ဆုံးမစကား ကြားဖူးပါသည်။ ဤလောကတွင် ကိလေသာရန်ခပင်းကို အကြွင်းမဲ့ ပယ်သတ်၍ သစ္စာလေးပါး တရားမြတ်အား ကောင်းစွာသိတော်မူသော ဘုရားရှင်သည် တစ်ရံတစ်ခါ ဖြစ်လာခြင်းငှာ အလွန်ခဲယဉ်းသည်ဟု ဆိုသည်။ ထိုဘုရားရှင်တို့ထံမှ သံသယရှိသမျှကို ပယ်ဖျောက်စေခြင်းအတွက် ကျေနပ်အောင် မေးမြန်းရာ၏ဟု ကြားဖူးပါသည်။ အရှင်တို့ဆရာ ဂေါတမကို အကျွန်ုပ် အလွန်ကြည်ညိုပါသည်။ ကြည်ညိုသော်လည်း တစ်ရက်၊ တစ်ည၊ တစ်ခဏမျှ မဆည်းကပ်ရသေး။ ယခုည မိုးသောက်ယံတွင် အရှင်ဂေါတမသည် နိဗ္ဗာန်ယူလတ္တံ့ဟုကြား၍ ငါ၏ ယုံမှားခြင်းကို အရှင်ဂေါတမသာ ပယ်ဖျောက်နိုင်ရာသည်။ ကြာလျှင် မတွေ့ရတော့ချေပြီဟုကြံလျက် လျင်မြန်စွာ အကျွန်ုပ်လာရပါသည်။ ရှင်အာနန္ဒာ..ကျွန်ုပ်တောင်းပန်ပါ၏။ မြတ်စွာဘုရား ဂေါတမကို ဖူးမြင်ချင်လှပါသည်။ အခွင့်ပေးတော်မူပါ" ဟု လျှောက်၏။

ရှင်အာနန္ဒာသည် သာသနာတော်မှအပဖြစ်သော တိတ္ထိတို့သည် မိမိတို့၏အယူကိုသာ မြစွာယူကုန်သည်။ ထိုအယူကို ပယ်ရှားအောင် တရားဟောရသော် ဘုရားကိုယ်တော် ပင်ပန်းနေသည့်ကြား ထူး၍သာ ပင်ပန်းခြင်း ဖြစ်တော်မူလိမ့်မည်ဟု အောက်မေ့လျက် "ငါ့ရှင်သုဘဒ္ဒ..အကြောင်းမသင့်အခွင့်မသာတော့ပြီ။ မြတ်စွာဘုရားကို မည်ဉ်းဆဲလိုပါနှင့်။ ကိုယ်တော်မြတ် ပင်ပန်းလှသည်" ဟု ဆို၏။

သုဘဒ္ဒပရိဗိုဇ်လည်း အခွင့်ကို အလိုရှိသောသူသည် သူ ကြည်ညှတ်အောင် ပြုအပ်ပေသည်ဟု နှလုံးထားလျက် ဝပ်တွားဓမ္မစွာ ရှင်အာနန္ဒာကို သုံးကြိမ်တိုင်အောင် တောင်းပန်၏။ ရှင်အာနန္ဒာလည်း အခွင့်မပေးဘဲ အကြိမ်တိုင်း တားမြစ်လေ၏။

သုဘဒ္ဒ၏ တောင်းပန်စကားကို ဘုရားရှင်ကြားတော်မူလျှင် သုဘဒ္ဒပရိဗိုဇ်၏အကျိုးငှာ ဆန္ဒပြင်းစွာသော အား

www.burmeseclassic.com

ထုတ်ခြင်းဖြင့် လာသည်ဖြစ်၍ 'ချစ်သားအာနန္ဒာ..သူ့ကို မတားမြစ်ပါနှင့်။ ငါဘုရားကို ဖူးမြင်ပါစေ။ ပြဿနာအမေး ရှိ၍ မေးလိုသော်လည်း မေးပါစေ'ဟု မိန့်တော်မူ၏။

ဘုရားရှင် မိန့်တော်မူသောအခါ ရှင်အာနန္ဒာလည်း 'ငါ့ရှင်သုဘဒ္ဒ..ကိုယ်တော်မြတ်သည် သင့်အား ခွင့်ပေးတော်မူပြီ။ ဝင်လော့၊ အမြန်ဝင်လော့'ဟု ဆို၏။

သုဘဒ္ဒပရိဗိုလ်လည်း အခွင့်ရသည်နှင့် အားရဝမ်းသာ ဘုရားရှိရာသို့ ချဉ်းကပ်ပြီးသော် ပဋိသန္ဓာရစကားများ ဦးစွာလျှောက်ထား၏။

'ရှင်ဂေါတမ..အကျွန်ုပ်တွင် သံသယတစ်ခု ရှိနေပါသည်။ သီသာအောင် ဖြေပေးတော်မူပါ။ ဤလူ့ရွာတွင် ဂိုဏ်းဆရာဖြစ်၍ ကျော်စောထင်ရှားကုန်သော ပုရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ၊ ပကုဒကစ္စာယန၊ သဉ္စယ၊ နိဂဏ္ဌဟူ၍ ရှိပါ၏။ သူတို့ဝန်ခံသော အလုံးစုံသော တရားတို့ကို သိပါသလော။ မသိဘဲလျက် ဝင့်ဝါနေခြင်းလော'ဟု လျှောက်၏။

ဘုရားရှင်လည်း 'အချင်းသုဘဒ္ဒ..ဤစကားကို ငါဘုရား ဖြေခြင်းငှာ အကြောင်းမသင့် အခွင့်မဟုတ်ပြီ။ ဤစကား ထားဘိလော့။ သင့်အား ငါဘုရား ဟောကြားအံ့။ အကြင်တိတ္ထိတို့သည် ကိလေသာတည်းဟူသော အညစ်အကြေးကင်းသဖြင့် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ဓမ္မကို မရ။ မကျင့်တတ်၍ တိတ္ထိတို့ သာသနာတွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော် အခါခပ်သိမ်း မရအပ်သေး။ မဂ္ဂင်္ဂာန်၊ ဖလင်္ဂာန်မှ တစ်ရံတစ်ခါ မရလာသောကြောင့် ခန္ဓာပျက်ကြွေ သေလွန်ငြားသော်လည်း အမြိုက်တရားကို မရကြကုန်။ ငါဘုရား၏ သာသနာ၌သာ ကိလေသာအညစ်အကြေး ကင်းဝေးစေတတ်သော အင်္ဂဝိကမဂ္ဂပဋိပတ်ကို ရအပ်သည်ဖြစ်သောကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူ၍ ကောင်းစွာရအပ်၏။

အချင်းသုဘဒ္ဒ..ငါဘုရားသည် နိဗ္ဗာန်တရားကို မြင်လို၍ နှစ်ဆယ့်ကိုးနှစ်ကပင် တောသို့ဝင်လျက် သာမညပဋိပ္ပဒါလိပ်တို့ ကျင့်နိုင်ခဲ့လှသော အကျင့်ဖြင့် နေတော်မူခဲ့သည်။ ရဟန်းပြုသည်မှစ၍ ငါးဆယ့်တစ်နှစ်ပတ်လုံး အမြတ်ဆုံးသော နိဗ္ဗာန်ကိုသာ အာရုံပြု၍ ဝိပဿနာတရားကိုသာ အားထုတ်တော်မူသည်။ ဤကာလအတွင်း၌ ငါ၏သာသနာတော်မှလွဲ၍ သန့်ရှင်းစွာအယူရှိသောပုဂ္ဂိုလ်၊ မဂ်ဖိုလ်လမ်းမှန် နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှ ငါမြင်တော်မမူ'ဟူ၍ ဟောတော်မူလေ၏။

သုဘဒ္ဒပရိဗိုဗ်လည်း ဘုရားရှင်၏စကား ကြားနာသော် 'အရှင်ဘုရား..အလွန်ခြားနား ကောင်းမြတ်ပါသည်။ ခရီးမှားသောသူကို ဆောင်ယူ၍ ခရီးလမ်းမှန်ကို ပြသလမ်းညွှန်ပေးသကဲ့သို့ ကျေးဇူးကြီးလှပါသည်။ အကျွန်ုပ်သည် အရှင်ကိုယ်တော်မြတ်အားလည်းကောင်း၊ တရားတော်၊ သံဃာတော်တို့အားလည်းကောင်း လဲလျှောင်းဆည်းကပ်ခြင်းသို့ ရောက်ပါပြီ။ အရှင်ဘုရား သာသနာတော်တွင် အကျွန်ုပ် ရဟန်းပြုလိုပါသည်။ ခွင့်ပြုတော်မူပါ'ဟု လျှောက်ထား၏။

ဘုရားရှင်လည်း 'ငါ့ရှင်သုဘဒ္ဒ..တိတ္ထိဖြစ်ဖူးသော သည် ငါ၏သာသနာသို့ ဝင်လိုမူ လေးလပတ်လုံး ပရိဝါသ နေရသည်။ လေးလလွန်မှ ရဟန်းပြုရချေသည်။ သို့သော်လည်း ငါဘုရားသည် ပုဂ္ဂိုလ်ထူးသော သင့်ကို သိတော်မူသည်'ဟု မိန့်တော်မူ၏။

သုဘဒ္ဒလည်း 'အရှင်ဘုရား..အရှင့်တပည့်သား သာဃာတော်တို့သည် ရဟန်းပြုပါသည် ဖြစ်အံ့၊ အကျွန်ုပ် လေးလကိုမဆိုသေး၊ လေးနှစ်ပတ်လုံးလည်း ပရိဝါသခံပါမည်'ဟု လျှောက်ထား၏။

ဘုရားရှင်လည်း ရှင်အာနန္ဒာကို ခေါ်တော်မူ၍ 'ချစ်သားအာနန္ဒာ..အာသာအလွန်ရှိနေသော သုဘဒ္ဒကို ထားပင် ရဟန်းပြုပေးလော့'ဟု မိန့်တော်မူ၏။

ရှင်အာနန္ဒာလည်း သုဘဒ္ဒကို သင့်ရာသို့ ခေါ်ဆောင်ခဲ့ပင်၊ မုတ်ဆိတ်တို့ကို ပယ်ရိတ်ပြီးလျှင် ညက်နှံးဝတ်စေ၍ သရဏဂုံပေးပြီးမှ ဘုရားရှင်ထံတော်သို့ ခေါ်ဆောင်လာ၏။

ဘုရားရှင်လည်း သုဘဒ္ဒကို ပဋိဉာဉ်စေ၍ ကမ္မဋ္ဌာန်းတရား ပေးစေတော်မူလိုက်၏။ သုဘဒ္ဒလည်း လုံ့လဝီရိယများ အတွင်း၌ပင် စကြဝဠာလျက် ကမ္မဋ္ဌာန်းတရား အားထုတ်၏။ ပဋိသန္ဓိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ရှင်သုဘဒ္ဒကား ဘုရားရှင်ရှေ့မှောက် အချိန်မီသည်ရံကလေးသာရောက်၍ နောက်ဆုံးမှ ကျွတ်တမ်းဝင်ရောက်တကား။

အာကာသ(သာစည်)

ကျမ်းကိုး

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး စီရင်သော ဓိနတ္ထပကာသနီကျမ်း။

www.burmeseclassic.com

www.burmeseclassic.com

ကေသိပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကေသိပန်မြတ်သုခ

အမှတ်တံဆိပ်

အဆီကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၀၃၉၇(၀၃၁၄)



မှတ်ချက်
ဝိန်ဆေး
မဟုတ်ပါ

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူပြိုးနေသော ကိုယ်ခန္ဓာကို
အဆီကျ ကျစ်လစ်လှပ သွားစေရမည်

မြတ်ချမ်းသာဆေးတိုက်
အမှတ်-4/C (A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊
အမေ့မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

မွေးဖေသာက အရှင်ဩဘာသ ဆွမ်းတော်ကပ်နှင့် သဒ္ဓါတရားစီးကြောင်း

ဘုရားကျောင်းဆောင် ပြုလုပ်၍ ကိုးကွယ်ဆည်းကပ်ကြသော် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဆွမ်းတော်အား နေ့စဉ် ဆက်ကပ်လှူဒါန်းလေ့ရှိ၏။ နေ့စဉ် ဆွမ်းဆက်ကပ်လှူဒါန်းလေ့မရှိသော ဘာသာဝင်များလည်း ရှိ၏။ တိုးတက်နေသော ခေတ်ကာလထဲ နေထိုင်ကြရသော လူတို့သည် အချူးများကဲ့သို့ အလုပ်များတတ်၏။ ခေတ်ကာလပြုလုပ်ပေးသော ရေစီးမြောင်းအတိုင်း လူတို့သည် အချိန်နာရီများအား မျှောချတတ်ကြ၏။

ခေတ်ကာလ၏ တိုးတက်မှုများသည် တိုက်တာအဆောက်အအုံ၊ အသုံးအဆောင်ပစ္စည်း စသော ရုပ်ဝတ္ထုများ ဖြစ်၏။ ရုပ်ဝတ္ထုများ အုံးအုံးကျွက်ကျွက် တိုးတက်နေသော ခေတ်ကာလ၌ စိတ်ပိုင်းဆိုင်ရာ ယိုယွင်းပျက်စီးလာတတ်၏။ ဝန်းကျင်၌ မည်မျှမှုများ၊ မတရားမှုများ၊ သူစိမ်းဆန်မှုများ၊ တစ်ကိုယ်ကောင်းဆန်မှုများ၊ ကမ္ဘာ၌ အကြမ်းဖက်မှုများ၊ ရန်ပွဲများ၊ စစ်ပွဲများ စသည်တို့သည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းပျက်စီးမှု၏ ပြဿဂ်များ ဖြစ်၏။ လူတို့သည် ထိုကို ဂရုမစိုက်အားပေ။

တိုးတက်နေသော ရုပ်ဝတ္ထုများကိုသာ ဂရုစိုက်နေတတ်ကြ၏။ တိုးတက်နေသော ခေတ်ကာလနှင့်အညီ ဘဝတိုးတက်မှုရှိအောင် လူတို့သည် လုပ်ရှားရုန်းကန် ကြိုးစားနေကြ၏။ နှစ်ဆယ့်လေးနာရီရှိသော နေ့တစ်ရက်သည် လုပ်နေသော အလုပ်အတွက် မလုံလောက်သကဲ့သို့ ဖြစ်နေ၏။ ပြင်းထန်သော အလုပ်၏ ဖိစီးမှုကြောင့် တချို့သော လူတို့သည် ဘုရားရှင်အား ဆွမ်းမကပ်နိုင် ဖြစ်နေကြ၏။ ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com

သည် အချိန်လေးကို လုပ်ကျွေတော့မရ ဖြစ်တတ်ကြ၏။ ချို့သော လူတို့သည် ဘုရားရှင်အား နေ့စဉ် ဆွမ်းကပ်ကြ၏။ ဆွမ်းကပ်ကြ၏။ သို့သော် အလေးမထားကြပေ။ ဆွမ်းကို ကပ်ရိုးကပ်စဉ်အတိုင်း ဆွမ်းကပ်ကြ၏။ ဆွမ်းတော်ကပ်တို့ ဆိုကြ၏။ ဘုရားရှိခိုးကြ၏။ တချို့သော လူတို့သည် ဘုရားရှင်အား သေချာကျနစွာ ဆွမ်းကပ်ကြ၏။ ဆွမ်းတော်များအား ဆွမ်းကပ်သလိုမျိုး ဆွမ်းတော်ကပ်ကြ၏။ ဆွမ်းတော်ပွဲအား ယပ်လေခတ်ပေးကြ၏။ ဤသို့ဖြင့် ဘာသာဝင်တို့သည် အမျိုးမျိုးရှိကြ၏။

ဆွမ်းတော်ကပ်ခြင်းနှင့် ပတ်သက်၍ ဘာသာဝင်တို့ အချို့ကွဲပြားခြင်း၏ အကြောင်းရင်းကို တွေးကြည့်သည့်အခါ သဒ္ဓါတရားကိုမြင်၏။ သဒ္ဓါတရား ကွာခြားမှုကြောင့် အချို့ကွဲပြားခြင်းဟု သုံးသပ်မိ၏။ သဒ္ဓါဆိုသော စကား၏ အဓိပ္ပာယ်သည် ယုံကြည်ခြင်း၊ ကြည်ညိုခြင်း ဖြစ်၏။ ဘုရားကို ယုံကြည်၏။ တရားကို ယုံကြည်၏။ သံဃာကို ယုံကြည်၏။ ကံကိုယုံကြည်၏။ ကံ၏အကျိုးကို ယုံကြည်၏။ ဤဘုရား စသည်တို့အား ယုံကြည်ခြင်းသည် သဒ္ဓါဖြစ်၏။ ဘုရားကို ကြည်ညိုး၏။ တရားကို ကြည်ညိုး၏။ သံဃာကို ကြည်ညိုး၏။ ဤ ဘုရား၊ တရား၊ သံဃာ ကြည်ညိုခြင်းသည် သဒ္ဓါဖြစ်၏။ ယုံကြည်မှု၊ ကြည်ညိုမှု နည်းပါးသောသူသည် အလေးထားမှု နည်းပါး၏။ ယုံကြည်မှု၊ ကြည်ညိုမှု ထက်သန်သောသူသည် အလေးထားမှု များပါး၏။ သဒ္ဓါတရား နည်းပါးလျှင် နည်းပါးသလောက် လုပ်ရပ်ပေါ် အာရုံစိုက်မှုနည်း၏။ သဒ္ဓါတရား ထက်သန်လျှင် ထက်သန်သလောက် အာရုံစိုက်မှု လေးနက်၏။

သဒ္ဓါတရားသည် စိတ်ကိုကြည်လင်စေတတ်သောစွမ်းရည်ရှိ၏။ သဒ္ဓါတရား ရှိလာသည့်အခါ စိတ်သည် ကြည်လင်လာတတ်၏။ သဒ္ဓါတရားသည် စကြဝတေးမင်း၏ ပတ္တမြားရတနာနှင့် တူ၏။ စကြဝတေးမင်း၏ ပတ္တမြားရတနာသည် ကြည်လင်စေတတ်သော စွမ်းရည်သတ္တိရှိ၏။ နောက်ကျနေသောရေအား ကြည်လင်အောင် ပြုလုပ်သည့် အလွန်ကောင်း၏။ ကျဉ်းမြောင်းသော ရေစီးမြောင်း၌ စီးနေသောရေသည် နည်းပါး၏။ ထိုရေကို မြင်းအကောင်းဆုံးသည် ဖြတ်နင်းသွားကြ၏။ ရေစီးမြောင်းကလေးသည် ရှုပ်ထွေးလာ နောက်ကျကျန်ခဲ့၏။ သုံးစားမရအောင် နောက်ကျကျန်ခဲ့သောရေအား ကြည်လင်အောင် အချိန်များစွာ စောင့်ဆိုင်းရမည်ဖြစ်၏။ ထိုကဲ့သို့ နောက်ကျနေသောရေအား စကြဝတေးမင်း၏ ပတ္တမြားရတနာသည် ကြည်လင်စေနိုင်၏။ ပတ္တမြားရတနာကို ရေထဲသို့ ချလိုက်သည်နှင့် နောက်ကျနေသောရေသည် ကြည်လင်သွား၏။ မြုပ်မှုန်မရှိ၊ အသင့်သောက်သုံးနိုင်၏။

ဤမျှလောက်ထိ ပတ္တမြားရတနာသည် ရေကို ကြည်လင်စေတတ်သည့် စွမ်းရည်ရှိ၏။ သဒ္ဓါတရားသည်လည်း ပတ္တမြားရတနာကဲ့သို့ စိတ်ကို ကြည်လင်စေတတ်သည့် စွမ်းရည်ရှိ၏။ လူတို့၏စိတ်သည် အမြဲတစေ ကြည်လင်မှု မရှိနိုင်ပေ။ အမြဲတစေ နောက်ကျမှုရှိနေသည်ဆိုက ပိုမှန်နိုင်ပါ၏။ အဘယ်ကြောင့်ဆိုလျှင် မွေးဖွားလာကတည်းက လူတို့၏စိတ်တွင် ကိလေသာတရားတို့က အပေါင်းအဖော် အဖြစ် ပါလာ၍ဖြစ်၏။ ကိလေသာတရားသည် စိတ်ကို နောက်ကျစေတတ်၏။ စိတ်သည် နောက်ကျစေတတ်သော ကိလေသာတရားနှင့် နေထိုင်၏။ ရောသည် ရှုံ့ပွက်များနှင့် နေထိုင်သကဲ့သို့ဖြစ်၏။ ရှုံ့ပွက်များနှင့် နေထိုင်သောရေသည် ရှုံ့ပွက်များ ထ,မလာလျှင် ကြည်လင်၏။ မြုပ်မှုန်ကင်း၏။ ကိလေသာတရားနှင့် နေထိုင်သောစိတ်သည် ကိလေသာတရားများ ထ,မလာလျှင် ကြည်လင်၏။ ရှုံ့ပွက်များထ,လာသောအခါ ရောသည် ကြည်လင်ရာမှ နောက်ကျသွားတတ်၏။ ကိလေသာတရားများ ထ,လာသောအခါ စိတ်သည် ကြည်လင်ရာမှ နောက်ကျသွားတတ်၏။

ရှုံ့ပွက်များသည် အလဟဿ ထ,မလာ။ မြင်း၊ နွား၊ ဆင် စသည်တို့ မွေနှောက်မှ ရှုံ့ပွက်များ ထလာတတ်၏။ ကိလေသာတရားသည်လည်း အလဟဿ ထ,မလာ။ အဆင်း၊ အနံ့၊ အကြား၊ အရသာ၊ အတွေ့ထိဟူသော အာရုံတရားများ မွေနှောက်မှ ကိလေသာတရားများ ထ,လာ၏။ နောက်ကျနေသောရေများ ချက်ချင်းကြည်လင်ဖို့အတွက် စကြဝတေးမင်း၏ ပတ္တမြားရတနာကို လိုအပ်၏။ နောက်ကျနေသောစိတ် ချက်ချင်းကြည်လင်ဖို့အတွက် သဒ္ဓါတရားကို လိုအပ်၏။ ထက်သန်သော သဒ္ဓါတရားဖြင့် စိတ်၏ နောက်ကျမှုများကို ဆေးကြောလိုက်လျှင် စိတ်သည် အထူးကြည်လင်၏။ ယုတ်လျော့သော သဒ္ဓါတရားဖြင့် စိတ်၏ နောက်ကျမှုများကို ဆေးကြောသည့်အခါ စိတ်သည် ကြည်လင်မှု အားနည်း၏။ ကိလေသာချေးများ ကပ်ရောက်နေတတ်၏။ သဒ္ဓါတရားဖြင့် စိတ်၏ နောက်ကျမှုကို မဆေးကြောလျှင် စိတ်သည် လုံးဝမကြည်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းကပ်ခြင်း လုပ်ရပ်၌ သဒ္ဓါတရားဖြင့် စိတ်ကို မဆေးကြောလျှင် ဆွမ်းကပ်ဖြစ်လိမ့်မည် မဟုတ်ပေ။ အလုပ်ကို အကြောင်းပြနေမည်သာ ဖြစ်၏။ အလုပ်များသော လူတိုင်းသည် ထမင်းစားချိန်အတွက် အချိန်ယူနိုင်ကြ၏။ လူတို့ ထမင်းစားကြသလို မြတ်စွာဘုရားသည်လည်း ဆွမ်းဘုဉ်းပေး၏။ လူတို့ နေ့စဉ် ထမင်းစားကြလျှင် မြတ်စွာဘုရားအားလည်း နေ့စဉ် ဆွမ်းကပ်ရမည်ဖြစ်၏။ အလုပ်များသည့်ထဲက ထမင်းစားဖို့ အချိန်ယူနိုင်ကြလျှင် မြတ်စွာဘုရားအားလည်း ဆွမ်းကပ်နိုင်ဖို့ အချိန်ယူနိုင်ရမည် ဖြစ်၏။ ဤသည် စိတ်ကို သဒ္ဓါတရားဖြင့် ဆေးကြောခြင်း ဖြစ်၏။ စိတ်ကို သဒ္ဓါတရားဖြင့် မဆေးကြောလျှင် အလုပ်ကို အကြောင်းပြနေမည် ဖြစ်၏။ အလုပ်ကို အကြောင်းပြနေခြင်းသည် ဆွမ်းကပ်ခြင်း၌ ကိလေသာတရား ဖြစ်၏။ စိတ်ကို နောက်ကျနေခြင်း ဖြစ်၏။ မိမိကိုယ်မိမိ အလုပ်များ၍ ဆွမ်းမကပ်နိုင်ဟု ပြောဆိုနေခြင်းသည် မိမိစိတ်ကို မိမိသဒ္ဓါတရားဖြင့် မဆေးကြောဟု ဝန်ခံနေခြင်း ဖြစ်၏။

ဘုရားကို နေ့စဉ် ဆွမ်းကပ်၏။ ဆွမ်းကပ်သည့်အခါ ရှိသေစွာကပ်၏။ ဘုရားရှိခိုး၏။ ပြီးလျှင် ဘုရားကျောင်းဆောင်အား ဂရုမစိုက်၊ အလေးမထူးတော့။ ဘုရားကျောင်းဆောင်သို့ ကြောင်များလည်း တက်ကြ၏။ ဘုရားရှင်အား ကပ်ထားသော ဆွမ်း၊ ဆွမ်းဟင်းများကို စားကြ၏။ ကြွက်များလည်း တက်ကြ၏။ ဆွမ်း၊ ဆွမ်းဟင်းများကို စားကြ၏။ အိမ်မြွှောင်များလည်း တက်ကြ၏။ ဆွမ်း၊ ဆွမ်းဟင်းများကို စားကြ၏။ အခြားသော တိရစ္ဆာန်များလည်း စားသောက်ကြ၏။ ကျောင်းဆောင်အား အလေးမထား၊ ဂရုမပြုကြ၍ ထိုစာ်းသောက်နေသည်ကို စောင့်ရှောက်ရမှန်းကို မသိကြ။ တချို့များဆိုလျှင် ကြောင်စား၊ ကြွက်စား၊ အိမ်မြွှောင်စားတာ ကုသိုလ်တောင် ရသေးတယ်ဟု ပြောတတ်ကြသေး၏။ ဤလူတို့သည် သဒ္ဓါတရားရှိ၍ ဘုရားရှင်အား ဆွမ်းကပ်ကြခြင်း ဖြစ်၏။ ဆွမ်းကပ်ခြင်း၌ အကြောင်းပြချက်ဟု ဆိုအပ်သော စိတ်၏ နောက်ကျခြင်းကို သဒ္ဓါတရားဖြင့် ဆေးကြောလိုက်ခြင်း ဖြစ်၏။

ထိုလူတို့၏ သဒ္ဓါတရားသည် ထက်သန်မှုမရှိ။ ယုတ်လျော့သော သဒ္ဓါတရားသာဖြစ်၏။ ဆွမ်းကပ်ခြင်းသည် ယုတ်လျော့သော သဒ္ဓါတရားဖြင့် ကပ်ခြင်းဖြစ်၏။ ယုတ်လျော့သော သဒ္ဓါတရားဖြင့် စိတ်၏ နောက်ကျခြင်းများကို ဆေးကြောသည်ဖြစ်၍ စိတ်သည် ကြည်လင်မှု သိပ်မဖြစ်။ မြို့မှုန့်များ ပါးပါးလေးကျန်ရှိ၏။ သို့ကြောင့် အမြင်သည် ကြည်လင်မှုမရှိခြင်း ဖြစ်၏။ ဂရုစိုက်မှု၊ အလေးထားမှု နည်းပါးခြင်း ဖြစ်၏။ အမြင်အာရုံ ကြည်လင်မှုမရှိသော အခါ မြင်ကွင်းများသည်လည်း မှုန်ဝါးတတ်၏။ အမြင်အာရုံ ကြည်လင်မှ မြင်ကွင်းများ ကြည်လင်၏။ လူတို့သည် အမြင်အာရုံ ကြည်လင်မှုရှိ၊မရှိကို မစိစစ်တတ်။ စိစစ်မှုအားနည်း၏။ မြင်ကွင်းမှုန်ဝါးသည်ကိုသာ အပြစ်ဆိုတတ်၏။ မြင်ကွင်းအား အပြစ်ဆိုနေခြင်းသည် အမှန်တရားနှင့် ဝေးရန် အကြောင်းရှိ၏။ အမြင်အာရုံအား စိစစ်ခြင်းသည် အမှန်တရားနှင့် နီးစပ်ဖို့ရာ အကြောင်းရှိ၏။ အမြင်အာရုံအား စိစစ်ခြင်းဖြင့် အမှန်တရားကို ရှာဖွေသင့်၏။

ဆွမ်းကပ်ခြင်းနှင့် အမြင်အာရုံအား စိစစ်ကြရမည်ဆိုပါလျှင် ဆွမ်းကပ်ခြင်းသည် မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးရန် ရည်စူးခြင်းဖြစ်၏။ မြတ်စွာဘုရားအား မိမိတို့သည် ရှိသေခြင်း ရှိကြ၏။ လေးစားခြင်း ရှိကြ၏။ မြတ်နိုးခြင်း ရှိကြ၏။ ရှိသေလေးစား မြတ်နိုးခြင်း ရှိကြ၍သာ အဦးဆုံးဆွမ်းကို ဆက်ကပ်ကြခြင်းဖြစ်၏။ အဦးအမြတ်တန်ဖိုးထား ဆက်ကပ်ထားသောဆွမ်းကို ယုတ်နိမ့်အောက်ကျသော တိရစ္ဆာန်များ စားသောက်ခြင်းမှာ သင့်လျော်မည်လော။ ထိုအကြောင်းအရာနှင့်ဆက်စပ်၍ စဉ်းစားကြည့်ရလို၏။ မိမိတို့စားမည့် ထမင်းပန်းကန်သို့ အိမ်မြွှောင်များ ရောက်နေလျှင် မိမိတို့ စားချင်ကြမည်လော။ မိမိတို့ ထမင်းပွဲအား ကြောင်များ တက်စားနေလျှင်၊ ကြွက်များ တက်စားနေလျှင် မိမိတို့ ကြိုက်ပါမည်လော။ စားချင်ကြပါမည်လော့။ ဤသို့ မေးကြည့်လျှင် လူတစ်ရာလုံး ခေါင်းညိတ်ကြလိမ့်မည်မဟုတ်၊ လူတစ်ရာလုံး ခေါင်းခါကြလိမ့်မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အိမ်မြောင်တက်သော ထမင်းပွဲ၊ ကြောင်စားသော ထမင်းပွဲ၊ ကြွက်စားသော ထမင်းပွဲတို့ကို ကျန်းမာရေးအရ သော်လည်းကောင်း၊ ရှုရှာ၍သော်လည်းကောင်း စွန့်ပစ်ကြသည် ဖြစ်၏။ ပန်းကန်ကို ဆေးကြော၍သော်လည်းကောင်း၊ ဆေးကြောဘဲသော်လည်းကောင်း ထမင်းသစ် ခူးစားကြ မှာ ဖြစ်၏။ မိမိတို့သည်ပင် ရှုရှာ၍လည်းကောင်း၊ ကျန်းမာရေးအရလည်းကောင်း မစားသောက်သည့် ပုံစံမျိုးဖြင့် မြတ်နိုးလေးစား စာနာဖိုးထား၍ ကိုးကွယ်ဆည်းကပ်သည့် မြတ်စွာဘုရားအား လုံးလုံးမသင့်လျော်ပေ။ မြတ်စွာဘုရားအား ရိုသေစွာ ဆွမ်းကပ်ရ၏။ ရိုသေစွာ ရှိခိုးရ၏။ ကြောင်၊ ကြွက်၊ အိမ်မြောင် စသည့် တိရစ္ဆာန်များ မလာရအောင် စောင့်ရှောက်ပေးရ၏။ စိတ်ထဲ၌ ဘုရားရှင် ဆွမ်းဘုဉ်းပေးသည်ကို ရည်စူးရ၏။ တတ်နိုင်လျှင် သံဃာတော်များကို ဆွမ်းကပ်သလို ပြုလုပ်ပေးရ၏။ ယပ်လေခတ်ပေးရ၏။ တိုးချဲလောက် မတတ်နိုင်လျှင် မြတ်စွာဘုရားအား ဆွမ်းကပ်ပြီးသည့်အခါ တိရစ္ဆာန်များ မလာရောက်ရအောင် စောင့်ရှောက်ပေးရ၏။

ဆွမ်းကပ်ထားခြင်းကို နာရီပေါင်းများစွာ ထားစရာ မလိုပေ။ နာရီဝက်ခန့်မျှ၊ တစ်နာရီခန့်မျှ ကပ်လျှင် ရ၏။ ဆွမ်းဘုဉ်းပေးသည့်အချိန်လောက် ကပ်ထားလျှင် ရ၏။ ပြီးလျှင် ကပ်ထားသောဆွမ်း၊ ဆွမ်းဟင်းများအား စွန့်ရ၏။ စွန့်သည့်အခါ ဘုရားအား ရှိခိုးရ၏။ ဆွမ်းတော်များ စွန့်မည့် အကြောင်း လျှောက်တင်ရ၏။ ပြီးမှ ဆွမ်းတော်များအား ရိုသေစွာ စွန့်ပယ်ရ၏။

ဤသို့ပြုလုပ်နိုင်အောင်အတွက် မိမိတို့စိတ်သည် ဆွမ်းကပ်ခြင်း၌ ကြည်လင်နေရ၏။ နောက်ကျခြင်း လုံးလုံး မရှိရ။ ပတ္တမြားရတနာကြောင့် အသင့်သောက်သုံးနိုင်သော ရေကြည်ကဲ့သို့ ကြည်လင်နေရ၏။ စိတ်အထူးကြည်လင်အောင်အတွက် ထက်သန်သော သဒ္ဓါတရားကို ဆုပ်ကိုင်ထားကြရမည်ဖြစ်၏။ ယုံကြည်၍ ကိုးကွယ်သော ဘာသာတရားအပေါ် ထက်သန်သော သဒ္ဓါတရား မထားနိုင်ခြင်းသည် လူညံ့ဖြစ်၏။ ထက်သန်သော သဒ္ဓါတရားကို ပိုင်ဆိုင်ပြီး ရိုသေစွာ ဆွမ်းကပ်နိုင်သော ဘာသာဝင်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

မေတ္တာဖြင့်

ဓမ္မဃောသကာ-အရှင်ဣဿာဘာသ

ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘန.ဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ

တိုင်းရင်းဆေးကုဌာန်း

နှလုံး၊ ဓာသည်း၊ ကျီးစပါင်း၊ အာခံစကြာ အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်စံအားကျခြင်း၊ အစကြာနှင့်ပတ်သက်သော ဓရောဂါများ ကုသဖေးပါသည်။

✦ လေဖြတ်ဓရောဂါ ဓဝဒနာရှင်များ အထူးကုသဖေးပါသည် ✦

လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် သဘောလက္ခဏာများ

* ဦးခေါင်းနောက်ဘေးတွင် ခေါင်းတိုတ်ခြင်း
* ပျက်ခွံနှင့် ပျက်စိတ်ကြွတ်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ တိုင်လျှင် ကြောခတ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ရှိရန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနလာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မဂိလာတောင်ညွန့်ဗြိုလ်နယ် (ရဲစခန်းရှေ့)။
ဖုန်း ၀၉ ၇၉၅၁၄၄၅၈၃ ၊ ၀၉ ၃၁၆၅၂ ၇၂၄

www.burmeseclassic.com

www.burmeseclassic.com

ဗြဟ္မစိုးသိန်းဆောင်း ဒဂ္ဂဆိုတာ ချစ်စရာတွဲလား

အမှန်အတွက် ခံစားသူဘက်က ကြည့်ပြီး ဥပမာပုံဆောင်ပြလေ့ရှိတဲ့ ဗုဒ္ဓရဲ့ ဥပမာစကားလေးကို အလျင်ဦးစွာ တင်ပြချင်ပါသည်။ ဘုရားဟောပါဠိတော်ထဲတွင် ပါဝင်နေသည်ကို တွေ့ရှိရ၍ ဗုဒ္ဓရဲ့ ဥပမာစကားလို့ ဆိုလိုက်ပေမယ့် တကယ်တော့ ဗုဒ္ဓဘုရားတော် နာယူမှတ်သားပြီး ကျွန်ုပ်သွားသူရဲ့ ဝန်ခံချက်ပြု ဥပမာစကားပါ။ စာဖတ်သူများ သဘောပေါက် လွယ်ကူစေရန် ဝေဠုဂ္ဂာပုဏ္ဏားကြီး တရားနာပြီးနောက် မြတ်ဘုရားအား သူ့စိတ်ခံစားပုံကို ဝန်ခံပြတဲ့ ဥပမာစကားလေးကို တစ်ခုစီ ရှင်းလင်းတင်ပြပါမည်။

နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ။

နိက္ကုဇ္ဇိတံဝါ-ပြောင်းပြန်ဦးစောက် မှောက်၍ထားအပ်သော အိုးကိုမူလည်း၊ ဥက္ကုဇ္ဇေယျ သေယျထာပိ-ထိုက် အောက်ပြောင်းပြန် လှန်ရာဘီသကဲ့သို့လည်းကောင်းဟု အနက်မြန်မာပြန်ရ၏။

အရှင်ဘုရားဟောပြတဲ့ တရားဓမ္မကို နာကြားခဲ့တဲ့ တပည့်တော်အဖို့ရာ မှောက်ထားတဲ့အိုးကို လှန်လိုက်သလို အပြောကောင်းဖို့ထက် အကောင်းပြောဖို့ လိုသလို စကားလုံးလှဖို့ထက် အနှစ်သာရပြည့်ဝဖို့ လိုပါသည်။ အနှစ်သာရပြည့်ဝဖို့ထက် မူလအနှစ်သာရ ပျက်မကျဖို့က ပိုအရေးကြီးပါသည်။ ထိုမှသာ စာပေဗဟုသုတဖိုးရှိနိုင်၏။ ယင်းစာပေကို ဖတ်ရှုလေ့လာ မှတ်သားသူမှာလည်း စာပေအကျိုးခံစားရပေသည်။

ဤတွင် စာရေးသူတင်ပြလိုရင်းကို မပြောမီ အမှားနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။ အရှင်ဘုရားလို့ အားပါးတရ ခံစားပြပါသည်။ နဂိုက ဆိုလျှင် သူဘဝက မှောက်ထားတဲ့အိုးကဲ့သို့ပင် ဖြစ်သည်ဆို၏။ မှောက်ထားတဲ့အိုးထဲသို့ ရေမဝင်သကဲ့သို့ သူဘဝထဲသို့ ကောင်းကျိုးတရားများ မဝင်နိုင်ခဲ့ဟု ဆိုပါသည်။ ထိုခုလို အရှင်ဘုရား တရားနာလိုက်တော့ တပည့်တော်ဘဝက လှန်ထားတဲ့အိုးကဲ့သို့ပင်။ လှန်ထားတဲ့အိုးထဲ ရေဝင်သကဲ့သို့ တပည့်တော်ဘဝထဲသို့ ကောင်းကျိုးတွေ စိမ့်ဝင်ကျရောက်ပါသည် အရှင်ဘုရားလို့ ခံစားမှုအတိုင်း ဝန်ခံလျှောက်ထားပြပါသည်။

ပဋိစ္စန်ဝါ ဝိဝရေယျ။

ပဋိစ္စန်ဝါ-တိုက်နံရံ မြက်သစ်ရွက် စသည်ဖြင့် ဖုံးလွှမ်းထားအပ်သော အရာဝတ္ထုကိုမူလည်း၊ ဝိဝရေယျ သေ ဖျောက်ထားပြီ-ဖွင့်လှစ်ပြလေဘိသကဲ့သို့လည်းကောင်းဟု ဘာသာပြန်ရ၏။

တရားမနာမီ ရှေးယခင်က တပည့်တော်ရဲ့ စိတ်အစဉ်သည် တစ်ခုခုဖြင့် ဖုံးအုပ်ထားတဲ့ အရာဝတ္ထုကို မမြင်သကဲ့သို့ အမှန်တရားကို အထင်အရှား မသိမြင်နိုင်ခဲ့ပါ အရှင်ဘုရား။ အခုတော့ အရှင်ဘုရားတရားတော် နာကြားပြီးရလို့ တပည့်တော်ဘဝက ဖုံးထားသည်ကို ဖွင့်လှစ်ပြပြီးဘိသကဲ့သို့ အသိမှားဖြင့် ဖုံးဖိထားတဲ့ အမှန်တရားကို ထွေခြင်ရပါပြီ အရှင်ဘုရားလို့ ခံစားမှုကို ဝန်ခံပြပါသည်။ ဖုံးထားတဲ့ အရာကို ပကတိမျက်စိဖြင့် ကြည့်လျှင် ဖုံးဖိထားသည်ကိုမြင်၍ ၄င်းအမြင်ကိုပင် အရှိတရားဟု ထင်၏။

ဖွင့်လှစ်ပြလိုက်သောအခါကား အို..ဒါက ဖုံးဖိထားတာပဲ။ တကယ့်အရှိတရားက ဒါကိုးလို့ သိမြင်သွားပါသည်။ ထို့အတူ မသိခြင်းအဝိဇ္ဇာဖြင့် ဖုံးဖိထားတဲ့တရားကို ဝိဇ္ဇာဆိုဖြင့် ဖွင့်လှစ်ပြတဲ့ခါ ဟာ..ဒါက ဖုံးဖိထားတဲ့ တရားပဲ။ ဒါက တကယ်ရှိတဲ့ အမှန်တရားလို့ သိမြင်သွားပါသည်။

မူဠ္ဍဿဝါ မဂ္ဂံ အာစိက္ခေယျ။

မူဠ္ဍဿဝါ-မျက်စိလည် လမ်းမှားနေသောသူအားမူသည်း၊ မဂ္ဂံ-ဖြောင့်မတ်မှန်ကန်သော လမ်းခရီးကို၊ အာစိက္ခေယျ သေဖျောထပိ-လက်ငင်းဆွဲငြား သည်သို့သွားဟူ ညွှန်ကြားလေရာသကဲ့သို့လည်းကောင်းဟု အနက်မြန်မာပြန်ဆိုနိုင်ပါသည်။

အဓိပ္ပာယ်က မျက်စိလည်ပြီး လမ်းမှားနေသူသည် သိရာခရီးသို့ မရောက်နိုင်။ လိုရာခရီးနှင့် ဝေးသည်ထက် ဝေးသွားတော့၏။ ထို့အတူ တရားမနာမီက တပည့်တော်ဘဝသည် မျက်စိလည်ကာ လမ်းမှားနေရှာသူနှင့် အတူတူပါပဲ အရှင်ဘုရား။ မိမိသွားလိုရာသို့ မရောက်နိုင်တဲ့အပြင် သွားလိုရာနှင့် ဝေးသည်ထက် ဝေးနေခဲ့ပါသည်။ ခုတော့ အရှင်ဘုရား တရားနာရလို့ တပည့်တော် လမ်းမှန်ရောက် သွားပါပြီ။ သွားလိုရာသို့ ရောက်မေတော့မည်။ သွားလိုရာနှင့် နီးသည်ထက် နီးသွားတော့မည်။ အရှင်ဘုရားက လမ်းမှားနေတဲ့ တပည့်တော်ကို လက်ကိုင်ဆွဲပြီး ဒီလမ်းကို သွားပါ ဒီကကြီးရယ်လို့ ညွှန်ကြားပြသလိုက်သလိုပါပဲ။ အရှင်ဘုရားလို့ ဥပမာလှလှလေးဖြင့် ခံစားပြလိုက်ခြင်း ဖြစ်ပါသည်။

အန္ဓကာရေဝါ တေလပဇ္ဇောတံ ဓာရေယျ။

အန္ဓကာရေ-မြင်မကန်း စမ်းခြင်းကို ပြုအပ်သော အဓိက်တိုက်၌၊ တေဖပဇ္ဇောတံဝါ-ဆီမီးတန်ဆောင်ကိုမူလည်း၊ ဓာရေယျ သေဖျောထပိ-ညှိထွန်းပြောင်ပြောင် ဆောင်ပြလေဘိသကဲ့သို့လည်းကောင်းဟု အနက်ပြန်ရ၏။

အဓိပ္ပာယ်က အဓိက်အမှောင်ကြီးစိုးတဲ့နေရာ၌ မျက်စိမကန်းသူပင် စမ်း၍သွားရ၏။ စမ်းတဝါးဝါး လျှောက်လှမ်းနေရ၏။ ထို့ကြောင့် အန္ဓရာယ်ကိုလည်း မသိမြင်နိုင်။ လမ်းမှန်,မမှန်ကိုလည်း မသိမြင်နိုင်ချေ။ ထို့ကြောင့် ကြောက်ရွံ့စိုးရိမ်စိတ် များနေရပြီး တက်ကြွမှုမရှိနိုင်ချေ။ ဤအတူပင် တရားမနာခင်က တပည့်တော်ဘဝမှာ စမ်းတဝါးဝါးနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းများစွာကို ပွေ့ဖက်ကာ လျှောက်လှမ်းနေခဲ့ရ၏။ ဘဝရည်ရွယ်ချက်တွက် စိတ်၏ သွက်လက်တက်ကြွမှုဆိုတာ မရှိခဲ့ပါ အရှင်ဘုရား။ ခုတော့ တရားနာရလို့ ပညာမျက်စိရှိတဲ့ တပည့်တော်တွက် အရှင်ဘုရား ညှိထွန်းပြောင်ပြောင် ဆောင်ပြလာတဲ့ ဓမ္မအလင်းကြောင့် ရှင်းလင်းပြတ်သားစွာ မြင်ရပါပြီ။ ထိုထိုဌာန်၌ စဉ်းစားပြီး စိုးရိမ်နေစရာမလိုတော့ပါ။ ထို့ကြောင့် တပည့်တော်ရဲ့ ဘဝရည်မှန်းချက်များ သွက်လက်တက်ကြွသွားပါပြီ အရှင်ဘုရားလို့ အားပါးတရ ခံစားပြပါသည်။

အဆိုပါ ဥပမာလေးများကို အမြင်မှန်ရသွားတဲ့သူတိုင်း သုံးနှုန်းခဲ့ပါသည်။ အမှားမှ အမှန်သို့ ရောက်သူတို့ရဲ့ ဝန်ခံချက်ပြ ဥပမာစကားများ ဖြစ်ပါသည်။ တကယ်လို့များ မှန်နေတဲ့တရားကို မှားအောင် ဟောပြောရေးသားလို့ မှန်နေရာက မှားသွားရတဲ့သူများဆိုလျှင် အဆိုပါ ဥပမာလေးများကို ပြောင်းပြန်လှန်ပြီး လှန်ထားတဲ့အိုးကို မှောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ဘိသက္ခဲသို့၊ ဖွင့်လှစ်ပြထားတဲ့အရာကို တစ်ခုခုဖြင့် ဖိုးဖိလိုက်သက္ခဲသို့၊ လမ်းမှန်နေတဲ့သူကို မျက်စိလည် လမ်းမှားအောင် တွန်းပို့ပေးဘိသက္ခဲသို့၊ လင်းနေတဲ့ ဆီမီးတန်ဆောင်ကို မှောင်မိုက်သွားအောင် လုပ်လိုက်ဘိသက္ခဲသို့ပါ အရှင်ဘုရားလို့ လျှောက်ထားရပေမည်။

ယနေ့မျက်မှောက်ခေတ်တွင် ထိုသို့ပြောင်းပြန်လျှောက်ထားရလောက်အောင် မမှားသင့်ဘဲ မှားစေတဲ့ ဘာသာရေးစာပေများ၊ ဟောပြောချက်များ ပိုများပြားလာသည်ကို သတိထားမိ၏။ မတတ်လို့၊ မသိလို့မှားတာပဲဆိုပြီး ခွင့်လွှတ်ထားရမည့် အနေအထားလည်း မဟုတ်ပါ။

ဥပမာ-ယဉ်ကျေးလိမ္မာသင်တန်းတက်နေတဲ့ ကလေးလေးကို အပါယ်လေးပါးကို ရေတွက်ပြစမ်းဆိုလို့ ရေတွက်ရာတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ တစ္ဆေလို့ ရေတွက်ပြသည်ဆိုပါစို့။ ဒါ သူ့မသိလို့ လေးပါးပြည့်အောင် တစ္ဆေကိုဖြည့်ထည့်တာပါလို့ နားလည်ခွင့်လွှတ်ရ၏။ ထိုသို့ခွင့်လွှတ်လိုက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို၊ သာသနာကို မထိခိုက် မနစ်နာစေနိုင်ပါ။ သားလေး မှတ်ထားနော်။ တစ္ဆေမဟုတ်ဘူး သိလား၊ အသူရကာယ်တဲ့။ ကဲ..ရပြီလား၊ ပြောကြည့်ပါဦးလို့ ပြောပြလိုက်ရုံနှင့် အားလုံးအတွက် အဆင်ပြေသွားပါသည်။ အလားတူပင် စာမေးပွဲဖြေဆိုတဲ့ ဂျူ၊ ရှင်၊ ရဟန်းတို့ မှားယွင်းလည်း ကိစ္စမရှိပါ။ အမှတ်လျော့သွားရုံကလွဲလို့ သာသနာနှင့် သာသနာကို ကိုးကွယ်သူအတွက် ဆိုးကျိုးမဖြစ်ပါ။ တရားစမ်းဟောတဲ့ ကိုရင်၊ ဦးပဉ္စင်များ တရားဟောရင်း မှားသွားလျှင် အသံမဖမ်းထားပါက ကိစ္စမရှိပါ။ အသံဖမ်းထားပြီး ဖြန့်ချိလျှင် အများနှင့် သက်ဆိုင်သွား၍ အရေးကြီးပါသည်။ အမှားမကင်းနိုင်သေးဘူးဆိုပါက အသံဖမ်းပြီး ဖြန့်ချိခြင်းမလုပ်တာ ကောင်းပါသည်။ စာအုပ်စာပေရေးသားထုတ်ဝေဖြန့်ချိလျှင် အမှားအတွက် တာဝန်ယူနိုင်ရပေမည်။ အခြားလူတစ်ယောက်က ပြောရခက်ပါသည်။ အမှားသည် ရှည်ကြာလေးမြင့်စွာ တည်နေခွင့်ရသွားတော့၏။

ယင်းအမှားကိုပင် စာအုပ်မှာ ပါတာပဲ၊ ဘယ်ဆရာဘယ်ဘုန်းကြီး ရေးထားတာပဲလို့ အခိုင်အမာမှတ်သားစွဲထားသူများအတွက် ဆိုးကျိုးသက်ရောက်စေ၏။ သိတဲ့လူက ပြင်ပေးလည်း အချို့က အမှန်မထင်ချင်ကြတော့ပေ။ ထို့စာအုပ်၊ တိပ်ခွေကို ရေးသားဟောပြောတဲ့ ကာယကံရှင်ကိုယ်တိုင် မှားကြောင်း ဝန်ခံပါမှ ပရိသတ်က လက်ခံတတ်ကြ၏။ ထိုသို့မှားပါကြောင်း ဝန်ခံတဲ့သူကလည်း မရှိသလောက် ရှား၏။ ကိုယ်တိုင်ပင် မှားသည်ကို မသိရှိအမှန်ထင်နေပြီး ဂုဏ်ယူဝံ့ကြွားနေတတ်ကြသေး၏။ တည်ပေးသူကိုပင် တစ်မျိုးထင်ကာ အမုန်းဝင်သွားတတ်ပါသည်။ ထို့ကြောင့် စာရေးသူလည်း ဝါသနာကို ရပ်ခိုင်းပြီး စေတနာကိုပါ သိုသိပ်ထားခဲ့သည်မှာ အတော်ကြာပေပြီ။ အမှားတွေ့လည်း ရှောင်သွားတာ ကောင်းပါတယ်လို့ နှလုံးသွင်းလာတော့၏။ အမှားကို လျစ်လျူရှုနိုင်တဲ့ အလေ့အထပင် အတော်လေး ကျင့်သားရသွားပေပြီ။

သို့သော် သည်တစ်ခါ အင်တာနက်အွန်လိုင်းပေါ်မှာတွေ့တော့ အနုသယကိလေသာပိုး ပြန်ထလာ၏။ ဖေ့(စ်)ဘုတ်ဆိုတာ တစ်ကမ္ဘာလုံးလိုလို သုံးနေကြတာ။ အထူးအားဖြင့် လူငယ်လောကသို့ စိမ့်ဝင်ပျံ့နှံ့သွားတတ်၏။ လူငယ်ဆိုတာ အနာဂတ်လူကြီးတွေပဲလို့ တွေးမိတော့ အရေးတကြီး စဉ်းစားမိပါသည်။ နည်းနည်းတော့ မနှံ့မှဆိုပြီး ကွန်မန့်ပေးလိုက်ပါသည်။

စာပေနယ်မှာလည်း အကွာရာတင်ဦးမှဆိုတဲ့ အတွေးကြောင့် ဆောင်းပါးရေးဖြစ်သွားပါသည်။ မူလစာရေးဆရာက ဒုက္ခကို ချစ်ရာအဖြစ် ရေးသားထားသည်ကို နှစ်သက်မိတဲ့ ဦးပဉ္စင်းလေးတစ်ပါးက အွန်လိုင်းပေါ်မှာ ပြန်လည်မျှဝေတဲ့ ပို့(စ်)လေးပါ။ ခေါင်းစီးကတော့ ဒုက္ခကို ဝင်ခွင့်ပြုလိုက်ပါတဲ့။

စာသားရဲ့ ပထမပိုဒ်ကတော့ သစ္စာလေးပါးကို ဟောကြားတော်မူတဲ့နေရာမှာ ဗုဒ္ဓမြတ်စွာက ဒုက္ခသစ္စာကို ပယ်ဖို့မလို၊ သိဖို့သာ လိုတယ်လို့ ညွှန်ကြားတော်မူခဲ့ပါတယ်။ ဒါကြောင့် ဒုက္ခတွေကို ကိုယ့်စိတ်ထဲ ဝင်ခွင့်မရအောင် ပိတ်ဆို့ထားဖို့ မကြိုးစားပါနဲ့၊ ဝင်ခွင့်ပြုလိုက်ပါဟူ၍ ဖြစ်ပါသည်။

တံခါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိမေ ဘိက္ခဝေ..စတဲ့ ဓမ္မစက္ကပါဠိတော်လာ ဘုရားဟောတရားတော်ကိုကြည့်ပြီး ပရိညေယျ-ပိုင်းခြားသိမြင်အပ်၏ဆိုတဲ့ စကားအရ ဒုက္ခသစ္စာကို သိရမယ်ဆိုတာ မှန်ပါသည်။ ဒုက္ခသစ္စာသည် ပရိညာတဗ္ဗ-သိအပ်တဲ့ တရားပါ။ သို့သော် ယင်းသိမြင်လာတဲ့ ဒုက္ခကို ဘဝထဲ ဝင်ခွင့်ပြုဖို့ရာ မြတ်ဘုရား လုံးဝမဟောပါ။ ဒုက္ခချုပ်ငြိမ်းသွားအောင် ကျင့်ကြံစားဖို့သာ ဟောပြတော်မူပါသည်။ မည်သို့ကျင့်ရမည်နည်း။ ဤအမေးအတွက် အကြောင်းတရားကို ဖယ်ရှားဖို့

www.burmeseclassic.com

www.burmeseclassic.com

ဦးစွာ ညွှန်ကြားပါသည်။ ဒုက္ခရဲ့ အရင်းခံအကြောင်းဆိုတာ သမုဒယပါပဲလို့ မြတ်ဘုရား အတိအလင်း ညွှန်ပြတော်မူပါသည်။ သမုဒယလို့ အနုအရွ ရေးပေးထားတဲ့ နာမည်လေးရဲ့ တရားကိုယ်က တကယ်တော့ စွဲလမ်းဆောင်မက်တတ်တဲ့ တဏှာပါ။ ယင်းတဏှာက စွဲလမ်းမက်မောနေလို့ လိုချင်တာကို မရနှင့်အရ ရွာဖွေနေရခြင်းဟာ ဒုက္ခပါပဲ။ ဒုက္ခသည် အကျိုးတရား၊ သမုဒယသည် အကြောင်းတရား။ အကြောင်းတရား မကင်းပြတ် မချုပ်ငြိမ်းသရွေ့ ဒုက္ခဆိုတဲ့ ဝဲဂယက်မှာ လည်နေဦးမှာ သေချာတယ်။

ထို့ကြောင့် အကြောင်းတရားစင်စစ်ဖြစ်တဲ့ သမုဒယကို ဖြိုခွင်းတာပါ။ တံခေါပနိဒ် ဒုက္ခသမုဒယ် အရိယသစ္စာတရား၌-ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ ထိုသမုဒယကို ပယ်ရှားပယ်ပါလေလို့ ဟောပြော၏။ အကြောင်းတရားကို ကြိုးတင်ပယ်ခိုင်းနေမှတော့ အကျိုးတရားဖြစ်တဲ့ ဒုက္ခသည်း ပယ်ရမည်မှာ ထင်ရှားတော့၏။ သို့သော် ထိုဒုက္ခ ဒုက္ခဟု မသိသေးလျှင် ပယ်ချင်လိမ့်မည်မဟုတ်။ သိမှ ချွတ်မည်။ ထို့ကြောင့် ဒုက္ခဟု သိရေးသည် အဓိကကျ ထို့ကြောင့် ပဓာနနည်းဖြင့် ဒုက္ခကို သိအပ်တဲ့တရား မြတ်ဘုရားသင်ပြခြင်း ဖြစ်ပါသည်။

သိပြီးလျှင် ပယ်ဖို့သာ ဆက်ဟောဓ၏။ ပယ်နည်းမှန်အောင်လို့ အကြောင်းကို ပယ်ခိုင်းခြင်း ဖြစ်ပါသည်။ အကြောင်းဖြစ်တဲ့ သမုဒယကိုသာ ပယ်ရမည်။ အကျိုးဖြစ်တဲ့ ဒုက္ခကို ဘဝထဲဆွဲခေါ်ရမည်ဟု ဗုဒ္ဓဆိုလိုသည်မဟုတ်။ အကြောင်းကိုပယ်လျှင် အကျိုးကိုလည်း ပယ်ပြီးပင်ဖြစ်၏။ ဘဝထဲ၊ စိတ်ထဲသို့ ဝင်ခွင့်ပြုနေစရာ အကြောင်းမရှိ။ အကယ်၍ အကျိုးတရားဖြစ်တဲ့ဒုက္ခကို ဘဝထဲသို့ ခွင့်ပြုထားပါက အကြောင်းတရားဖြစ်တဲ့ သမုဒယသည်း မကင်းသေးရကား သမုဒယကိုလည်း ပယ်ရာရောက်ပေ။ စဉ်းစားပါ။ ဗုဒ္ဓတရားအပေါ် နားလည်မှုလွဲနေပါသည်။

ဒုတိယတစ်ပိုဒ်ကတော့ ဒုက္ခကို နှလုံးသားထဲ ဖြတ်ခွင့်ပြုမှ အတွေ့အကြုံအရ သူ့အကြောင်း ကောင်းကောင်းနားလည်မှာပါ။ သူ့အကြောင်း ကောင်းကောင်းသိရှိလိုက်တာဟာ ကိုယ့်အတွက် တကယ့်မင်္ဂလာပါတဲ့။ သူသည် စိတ်အစဉ်၌ သိမှီးသိမ်းဆည်းထားရမည့်အရာတော်။ ဘဝထဲသို့ ဝင်ခွင့်ပြုရမည့် အရာမဟုတ်ကြောင်း ရှင်းပြခဲ့ပြီမို့ ဤစကားရပ်တွက် အထူးရှင်းပြနေဖွယ် မလိုတော့ပါ။ ဒုက္ခကို သိခွင့်ရလိုက်တာ ကိုယ့်အတွက် တကယ့်မင်္ဂလာပါဆို တဲ့စကားကတော့ အမှန်ပါပဲ။ ငြင်းဆိုစရာမရှိပါ။ သိနေတဲ့ ထိုဒုက္ခကို အကြောင်းတရားနှင့် တကွ အလုံးအရင်းပယ်ဖို့သာ ရှိတော့၏။ နှလုံးသားထဲ ဖြတ်သန်းခွင့်ပေးနေစရာ မလိုတော့ပေ။ ပါးစပ်ပြောဖြင့် သိခြင်းမဟုတ်ဘဲ ဉာဏ်ပညာဖြင့် သိခြင်းမှန်ခဲ့ပါလျှင် သိကတည်းက ဒုက္ခဝင်ခွင့်မရတော့သည်ကို ဉာဏ်၌ ထင်ထင်မြင်အောင် ရှုသင့်၏၊ ရှုပါ။ လောကဥပမာဖြင့် မိမိအား ဒုက္ခပေးမည့်သူကို မိမိဘဝထဲသို့ ဝင်ခွင့်မပေးချင်တော့သကဲ့ဖြစ်ပါသည်။

တတိယတစ်ပိုဒ်က ဒုက္ခဆိုတာ လောက(ပညတ်)အနေနဲ့သာ ကြောက်စရာကောင်းနေတာပါ။ ဓမ္မ(ပရမတ်)အနေနဲ့ဆို သိပ်ချစ်စရာကောင်းပါတယ်တဲ့။ လောကအနေဖြင့် ကြောက်စရာမြင်နေတဲ့ဒုက္ခကို ဓမ္မအနေဖြင့် ချစ်စရာမြင်အောင် ဘုရားဟောထားတဲ့ တရားတော်ဟူ၍ ယနေ့ထိမည်သည့်ပါဠိတော်၌မျှ မတွေ့မိသေးပေ။ ဤအကြောင်းကို စာရေးသူ ကွန်မန့်ပေးတော့ ပို့(စ်)တင်တဲ့ ဦးပဉ္စင်းလေးကလည်း ဟုတ်တယ်၊ ဦးပဉ္စင်းလည်း မတွေ့မိဘူး။ မူလစာရေးဆရာအာဘော်အတိုင်း တင်လိုက်တာပါလို့ ပြန်မန့်ပါသည်။

မှန်၏။ သူပို့(စ်)အဆုံးနားမှာ ဒီစကားစုလေးနှစ်ခုက တော်ဝင်နွယ်ဆရာတော် ရေးသားပြုစုထားတဲ့ အပွဟာဒမ္မပုံပြင်များ စာအုပ်မှ ကောက်နုတ်ပြီး ရေးသားပူဇော်လိုက်တာပါဟု ဝန်ခံထားပါသည်။

ဓမ္မသည် လောကနှင့် မဆန့်ကျင်ပါ။ ဓမ္မသည် လောကအရှိတရားကို အရှိအတိုင်း သိမြင်အောင် ဖော်ပြပေးသော တရားတော်သာ ဖြစ်ပါသည်။ ဓမ္မသည် လောကနှင့် ဆန့်ကျင်နေလျှင် လောကလူတို့ ဓမ္မကို သိမြင်နိုင်ဖွယ်မရှိပေ။ ဓမ္မကို သိမြင်နိုင်ခြင်း မရှိပါက ထိုဓမ္မအား ကျင့်ကြံကြိုးကုတ် အားထုတ်ရန်လည်း မဖြစ်နိုင်ချေ။ သို့ဆိုလျှင် ဓမ္မသည် လောကအတွက် အကျိုးမရှိ ဖြစ်လေရာ၏။ ထိုသို့ကား မဖြစ်သင့်ပေ။ လောကအမြင်ဖြင့် ကြောက်စရာမြင်တဲ့ဒုက္ခဟာ ဓမ္မအနေဖြင့်လည်း ကြောက်စရာပင်။ ကြောက်စရာထင်အောင်၊ ကြောက်စရာဟုသိအောင် မြတ်ဘုရားက ဇာတိပိ ဒုက္ခ၊ ဇရာပိ ဒုက္ခာ စသည်ဖြင့် တန်ခိုးကာ ထုတ်ပြသည် မဟုတ်ပေလော။ အကယ်၍သာ ဓမ္မ

www.burmeseclassic.com

အနေဖြင့် ချစ်စရာဆိုပါက ဇာတိဝိ ဝိယာ၊ ဇရာဝိ ဝိယာ စသည်ဖြင့် မြတ်ဘုရား ဟောကြားဖွယ်ရှိပါသည်။ ထိုသို့ကား မဟောကြားခဲ့ပေ။ ဒုက္ခကို ဒုက္ခဟုပင် ဟောပြ၏။ ဒုက္ခဟူသည် သုခဆိုတဲ့ ချမ်းသာခြင်းသဘောကို အမြစ်အရင်းကပင် တူးဖြိုပစ်တဲ့တရား။ ဒုက္ခဖြစ်သည်နှင့် သုခကင်းပျောက်၏။ ထို့အတူ သုခဖြစ်သည်နှင့် ဒုက္ခကင်းပျောက်ပါသည်။

ဘယ်အခါ ဒုက္ခကင်းပျောက်သနည်း။ နိရောဓသစ္စာခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အခါ ကင်းပျောက်ပါသည်။ ထို့ကြောင့် ဗုဒ္ဓသည် တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗံဟု အတိအလင်းသတ်မှတ်ပြီး သစ္ဆိကာတဗ္ဗ-မျက်မှောက်ပြုအပ်သောတရားလို့ ဟောကြားတော်မူ၏။ ဒုက္ခကင်းပြတ်တဲ့ နိရောဓသစ္စာအား မျက်မှောက်ပြုလိုလျှင် ဘာဝေတဗ္ဗဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို ပွားများရမည်ဟု သင်ညွှန်ပြတော်မူပါသည်။ သိရမည့်တရားက ဒုက္ခသစ္စာ၊ ပယ်ရမှာက သမုဒယသစ္စာ၊ ဆိုက်ရမှာက နိရောဓသစ္စာ၊ ပွားရမှာက မဂ္ဂသစ္စာပါ။ သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးသစ္စာဟောပြရှာ၏။ သိမှီးထားရမည့် သစ္စာတရား၊ ဘဝထဲ၊ စိတ်ထဲ၊ နှလုံးသားထဲ ဝင်ခွင့်ပြုရမည့် သစ္စာတရားဟူ၍ မြတ်ဘုရားဟောကြားခြင်း မရှိပေ။

ယောဂီတစ်ဦးအနေဖြင့် လက်တွေ့အသုံးချကာ ကျင့်ကြံတော့မည်ဆိုပါက ကျင့်စဉ်အားဖြင့်ပြောလျှင် ဦးစွာ ပထမ ဒုက္ခကို သိရမည်။ ယင်းဒုက္ခမှ လွတ်ကင်းဖို့ရာ သမုဒယကြောင်းရင်းကို ပယ်နိုင်ရေးအတွက် မဂ္ဂင်ရှစ်ပါးကို ပွားရပေမည်။ ပွားများလို့ ဉာဏ်အားကောင်းလာလျှင် သမာဓိအရှိန်အဟုန်အလျောက် သမုဒယကို ဖြတ်တောက်နိုင်လိမ့်မည်။ ဖြတ်တောက်နိုင်သည့်အလျောက် နိရောဓအား မျက်မှောက်ပြုနိုင်ပေမည်။ ထို့ကြောင့် သိ၊ ပွား၊ ပယ်၊ ဆိုက်ဟု အစဉ်အတိုင်း ဆိုရပေမည်။ နားလည်အောင် ဟောပြတဲ့အခါ သိ၊ ပယ်၊ ဆိုက်၊ ပွား။ တကယ် တကယ် လက်တွေ့ကျင့်တဲ့အခါ သိ၊ ပွား၊ ပယ်၊ ဆိုက် ဖြစ်ပါသည်။ ထိုမှတစ်ဖန် ချစ်ရာအနှစ် ဒုက္ခသစ္စာဟူ၍ မြတ်ဘုရားမဟောကြားခဲ့ပေ။ အားလုံးအမြင့်မှန်ရကာ ကျင့်ကြံအားထုတ်၍ ဒုက္ခအရင်းပြုတ်နိုင်ကြပါစေဗျာ။

ခင်မင်လေးစားလျက်

ဓမ္မာစရိယ-ဦးဇောဝင်း

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်ဦး (ဒါးဘိုး)

ဥပါဒါန်အစွဲအလမ်းကို တရားဖြင့် ချေမျက်မည်

အာရုံတရားတွေရဲ့အပေါ်မှာ တပ်မက်တွယ်တာမှု သဘောကို တဏှာလို့ ခေါ်ပါတယ်။ တဏှာရဲ့ သဘောသဘာဝ တရားကို ဋီကာဆရာများက ဆားငန်ရေလိုပဲတဲ့။ ဆားငန်ရေဟာ သောက်လေ၊ သောက်လေ အငတ်မပြေလေပါပဲ။ တဏှာရဲ့ သဘော တရားဟာလည်း ဒီအတိုင်းပါပဲ။ အာရုံတရားတွေရဲ့ အပေါ်မှာ တပ်မက်တွယ်တာမှု သဘောတရားဟာ တင်းတိမ်ရောင့်ရဲတယ်၊ ဝတယ်ဆိုတာ မရှိပါဘူး။ အမြဲတမ်း ဆာလောင်နေတာပါပဲ။

ဒီလိုတပ်မက်တွယ်တာမှု သဘောတရားအဆင့်ကနေ အာရုံတရားတွေရဲ့အပေါ်မှာ မခွဲနိုင် မခွာရက်နိုင်လောက်အောင် စွဲစွဲလမ်းလမ်း ဖြစ်သွားခဲ့ပြီဆိုရင်တော့ ဥပါဒါန်ဆိုတဲ့ သဘောတရားအဆင့်ကို ပြောင်းသွားပါပြီ။ အဲသလို ဥပါဒါန်အဆင့်ကို ရောက်ရှိသွားတဲ့ အစွဲ

www.burmeseclassic.com

www.burmeseclassic.com

တရားဟာ အင်မတန်ကြောက်ဖို့ကောင်းပါတယ်။ ဘာလို့လဲ ဆိုတော့ ထိုဥပါဒါန်တရားကို ဋီကာဆရာများက ဘာနဲ့ ဥပမာပေး ပြောကြားထားသလဲဆိုတော့ မြွေက ဖားကို ဖမ်းစားသကဲ့သို့လို့ ဆိုပါတယ်။ မြွေဟာ သူ့ရဲ့အစာဖြစ်တဲ့ ဖားသူငယ်ကို ဖမ်းစားတဲ့အခါမှာ ဖားကိုကိုက်မိပြီဆိုရင်ပဲ တခြားဘယ်အန္တရာယ်ကိုမှ မမူတော့ပါဘူး။ အသက်ကိုသာ အသေခံသွားမယ်၊ အာခံတွင်းထဲမှာ ကိုက်မိနေတဲ့ ဖားကို တော့ ဘယ်နည်းနဲ့မှ မလွတ်တော့ပါဘူး။ ဒါကြောင့် တဏှာနဲ့ ဥပါဒါန်တရားတို့ရဲ့ ထူးခြားမှုကို ဋီကာဆရာများက အခုလို ဖွင့်ဆိုပြထားပါတယ်။

<u>တဏှာနှင့် ဥပါဒါန်အထူး</u>

(၁) (က) အားသေးသော လိုချင်တယ်မက်မှုသည် တဏှာမည်၏။

(ခ) အားကြီးသော လိုချင်တပ်မက်မှုသည် ဥပါဒါန်မည်၏။

(၂) (က) မိမိလက်သို့ မရောက်သေးသော ပစ္စည်းကို ယူခြင်းငှာ မှောင်ထဲ၌ ခိုးသူတို့၏လက်ကို ဆန့်တန်းသကဲ့သို့ မရောက်အပ်သေးသော အာရုံကို တောင့်တခြင်းသည် တဏှာမည်၏။

(ခ) လက်ထဲသို့ ရောက်ပြီးသော ပစ္စည်းကို ခိုးသူများ ကိုင်ထားသကဲ့သို့ ရောက်အပ်ပြီးသော အာရုံကို ယူခြင်းသည် ဥပါဒါန်မည်၏။

(၃) (က) တဏှာသည် အပို့စ္ဆာ=လိုချင်မှု၏ ဆန့်ကျင်ဘက် ဖြစ်၏။

(ခ) ဥပါဒါန်သည် သန္သောသ-တင်းတိမ်ရောင့်ရဲမှု၏ ဆန့်ကျင်ဘက်ဖြစ်၏။

(၄) (က) တဏှာသည် ရာဖွေမှုကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ၏ အကြောင်းရင်း ဖြစ်၏။

(ခ) ဥပါဒါန်သည် စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ၏ အကြောင်းရင်း ဖြစ်၏။

တဏှာနှင့် ဥပါဒါန်တရားတို့သည် ဤသို့ထူးခြား၏။

ဒါဟာ တဏှာနဲ့ ဥပါဒါန်တရားတို့ရဲ့ ထူးခြားမှုပဲ ဖြစ်ပါတယ်။ ဒါကြောင့် အာရုံတရားတွေရဲ့အပေါ်မှာ တပ်မက်တွယ်တာကြတဲ့အခါမှာ တဏှာသဘောတရား အဆင့်ကနေ မခွဲနိုင်မခွာရက်နိုင်လောက်အောင် စွဲစွဲလမ်းလမ်း ဥပါဒါန်အဆင့်အထိကို ရောက်သွားပြီဆိုရင်တော့ အင်မတန်မှ ဖြတ်တောက်ဖို့ရန် ခဲယဉ်းသွားပါပြီ။

မြတ်ဗုဒ္ဓကတော့ တဏှာနဲ့ ဥပါဒါန်တို့ရဲ့ သဘောတရားများကို ပိုင်ပိုင်နိုင်နိုင်သိတဲ့အို့ သတ္တဝါတွေကို ချွေချွတ်တဲ့အခါမှာ တဏှာအဆင့်ဆိုရင် ဘာနဲ့ ချေချွတ်ရမယ်၊ ဥပါဒါန်အဆင့်ဆိုရင် ဘာနဲ့ချေချွတ်ရမယ် ဆိုတာကို သတ္တဝါတွေရဲ့ စရိုက်ကိုလိုက်ပြီး နည်းပရိယာယ်တွေ အမျိုးမျိုးသုံးကာ တရားဓမ္မများကို ဟောကြားဆုံးမတော်မူပါတယ်။

တစ်ခါတုန်းက မြတ်စွာဘုရားရှင်ရဲ့ညီတော် နန္ဒမင်းသားဟာ နှမတော်အရင်းဖြစ်တဲ့ ဇနပဒကလျာဏီနဲ့ မင်္ဂလာဆောင်အခမ်းအနားပွဲကြီး ကျင်းပပါတယ်။ အဲဒီမင်္ဂလာဆောင်အခမ်းအနားနေ့မှာပဲ အစ်ကိုဖြစ်သူ မြတ်စွာဘုရားရှင်က ညီတော် သတို့သား နန္ဒမင်းသားရဲ့ လက်ထဲကို သပိတ်ပေး ထည့်လိုက်ပြီး ကျောင်းတော်ကို ခေါ်သွားပါတယ်။

ကျောင်းရောက်တော့ ဘုရားရှင် နန္ဒမင်းသားကို သင်္ကန်းမဝတ်ချင်ဘူးလားလို့မေးတော့ ညီတော်နန္ဒမင်းသား ကလည်း မဝတ်ချင်ဘူးလို့ မပြောရဲဘူး။ အစ်ကိုဘုရားရှင်ကို ကြောက်တာကိုး။ ဒါနဲ့ ခေါင်းညိတ်လိုက်ရတာနဲ့တစ်ပြိုင်နက် ခေါင်းရိတ်ခံလိုက်ရပြီး သင်္ကန်းဝတ်ပေးလိုက်ပါတယ်။

နန္ဒမင်းသားဟာ ရဟန်းဖြစ်သွားပြီး သာသနာ့ဘောင်မှာ မပျော်မွေ့နိုင်ဘဲ ဖြစ်နေပါတယ်။ ဘာလို့လဲဆိုတော့ နဂိုကတည်းကမှ ရဟန်းပြုတာ စိတ်ပါလို့ပြုရတာမှ မဟုတ်ဘဲကိုး။ အစ်ကိုဘုရားရှင်ကိုကြောက်လို့၊ ပြန်မပြောရဲလို့သာ ခေါင်းညိတ်လိုက်ရတာ၊ စိတ်ကတော့ ဘယ်ကိုအာရုံရောက်နေသလဲဆိုတော့ မင်္ဂလာဆောင်အခမ်းအနားပွဲကြီး ကျင်းပတော့မှာဆိုတော့ သတို့သမီးလေး နှမတော် ဇနပဒကလျာဏီထံ ရောက်နေပါတယ်။ ရောက်တာမှ လိုချင်မှုတဏှာအဆင့်မက်တော့ဘဲ စွဲစွဲလမ်းလမ်း ဥပါဒါန်အဆင့်ထိ ဖြစ်နေပါပြီ။

အဲသလို စွဲစွဲလမ်းလမ်း ဥပါဒါန်အဆင့်ထိ ရောက်ရှိသွားပြီဆိုရင်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတွေကိုဟောပြပြီး ချေချွတ်လို့ မရတော့ပါဘူး။ တရားမတိုးတော့ဘူးတဲ့။ ရောဂါကျွမ်းသွားတဲ့သူဟာ ဆေးမတိုးတော့သလိုပါပဲတဲ့။ ဥပါဒါန်အဆင့် ရောက်ရှိသွားသူများလည်း ဖြစ်ခြင်း၊ ပျက်ခြင်းဆိုတဲ့ ဝိပဿနာတရားများကို တစ်ခါတည်း တန်းဟောလို့မရပါဘူး။ ဒီတော့ ဘာလုပ်ရမလဲဆိုတော့ တဏှာဆိုတဲ့ လိုချင်မှုဘက်ကို တစ်ထစ်ချေလျှော့ချရပါမယ်။ တဏှာအဆင့်ကို ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com

ဆောက်ရှိသွားမှသာ မမြဲခြင်းသဘောတရား၊ ဆင်းရဲခြင်းသဘောတရား ငါပိုင် ငါဆိုင် မဟုတ်သော သဘောတရားများကို ထောက်ပြပြောဆိုပြီး ချေချွတ်မှသာ ရနိုင်ပါသည်။

အခုလည်း ဒီလိုပါပဲ။

နန္ဒမင်းသားဟာ နှမတော် ဇနပဒကလျာဏီရဲ့အပေါ်မှာ တပ်မက်တွယ်တာမှု တဏှာအဆင့်မကတော့ဘဲ စွဲစွဲလမ်း မခွဲနိုင်မခွာရက်နိုင်လောက်အောင် ဥပါဒါန်အဆင့်ကို ရောက်သွားပါပြီ။ ရောဂါကျွမ်းသွားပါပြီ။ အစိုးရအဖွဲ့ဝင်ကိုကြောက်လို့ သက်နိုးဝတ်ထားသော်ငြားသည်ပဲ စိတ်ကတော့ နှမတော်ဇနပဒကလျာဏီထံ ရောက်နေပါတယ်။ တရားမတိုးတော့ပါဘူး။ ဒီတော့ မြတ်စွာဘုရားနှင်ကာ ရောဂါကျွမ်းနေသော နန္ဒမင်းသားကို ဆေးမတိုးတော့လို့ တရားမဟောသေးဘဲ အရင်ဆုံး တဏှာနဲ့ ပြန်လည်ချေချွတ်တော်မူပါတယ်။

ဒီတော့ ဘယ်လိုချေချွတ်တော်မူသလဲဆိုတော့ မြတ်စွာဘုရားရှင်ဟာ ညီတော်နန္ဒမင်းသားကို သက်နိုးဝတ်ပေးပြီး နတ်ပြည်ကို အလည်ခေါ်ဆောင်သွားပါတယ်။ နတ်ပြည်ရောက်တော့ နန္ဒဝန်ဥယျာဉ်ကြီးထဲမှာ အင်မတန်ချောလှပတဲ့ နတ်သမီးများကို နန္ဒမင်းသားဟာ တွေ့မြင်သွားပြီး နတ်သမီးများအပေါ်၌ နှစ်ခြိုက်သဘောကျတဲ့ တဏှာရာဂစိတ် ဝင်လာပါတယ်။

ဒီအချိန်မှာ နန္ဒမင်းသားဟာ နှမတော် ဇနပဒကလျာဏီရဲ့အပေါ်မှာ စွဲစွဲလမ်းလမ်းဖြစ်နေရှာတဲ့ ဥပါဒါန်တရားတော် မရှိတော့ပါဘူး။ မရှိတာမှ ဘယ်လောက်အဆင့်ထိ ရှိသွားသလဲဆိုတော့ စာထဲမှာ ပြထားတာကတော့ တာဝတိံသာနတ်ပြည်ကို မြတ်စွာဘုရား ခေါ်ဆောင်သွားတော့ သိတော်နေရာ တောအုပ်တစ်အုပ်ကို ဖြတ်လျှောက်သွားတဲ့အခါ မီးလောင်ကျွမ်းနေတဲ့ သစ်ငုတ်တိုကြီးအပေါ်မှာ မျောက်အိုမကြီးတစ်ကောင် ထိုင်နေတာကို တွေ့ခဲ့ရတယ်။ နှမတော်ဇနပဒကလျာဏီရဲ့ အလှတရားဟာ အဲဒီလမ်းမှာ တွေ့ခဲ့တဲ့ မျောက်အိုမကြီးအဆင့်သာ ရှိပါတော့တယ်ဆိုပဲ။

နန္ဒမင်းသားရဲ့ နှမတော်ဇနပဒကလျာဏီအပေါ် စွဲစွဲလမ်းဖြစ်နေရှာတဲ့ ဥပါဒါန်တရားကို မြတ်စွာဘုရားရှင်က တဏှာနဲ့ အရင်ဆုံး ချေဖျက်တော်မူလိုက်တာပါ။ နန္ဒမင်းသားဟာ နှမတော်ဇနပဒကလျာဏီထံပေါ်၌ ဥပါဒါန်အစွဲတရား ပြုတ်သွားပါပြီ။

ဒီတော့မှ မြတ်စွာဘုရားရှင်က နန္ဒမင်းသား နတ်သမီးများရဲ့ အချောအလှတရားအပေါ် သက်ဝင်နေတဲ့ တဏှာရာဂစိတ်ကို မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်းအနတ္တဆိုတဲ့ လက္ခဏာရေးတရားများဖြင့် မီးမောင်းထိုးပြကာ ဟောကြားဆုံးမတော်မူလိုက်တော့မှ နန္ဒမင်းသားဟာ ကိလေသာကုန်ခန်း ရဟန္တာဖြစ်တော်မူသွားပါတော့တယ်။

လောကကြီးမှာ ပုထုဇဉ်လူသား မှန်သမျှဟာ လက်ရှိကိုယ့်ပတ်ဝန်းကျင်က ထိတွေ့ခံစားနေရတဲ့ အာရုံတွေကိုပဲ အဟုတ်ထင်မှတ်နေတတ်ကြတာပါ။ လက်ရှိအာရုံတွေကိုပဲ စွဲလမ်းတတ်ကြတာပါ။ မမြင်ဖူး၊ မတွေ့ဖူးသေးတဲ့ အရာတွေကို တွေးကြံခံစားဖူးတဲ့သူက အဘယ်မျှ အဘယ်ရွေ့ကောင်းပါတယ်လို့ ပြောဆိုသော်ငြားလည်းပဲ အပြောအရသာ လက်ခံနိုင်ပေမယ့် တကယ်လက်တွေ့ မတွေးကြံမခံစားဖူးသေးတဲ့အခါ လက်ရှိတွေ့ကြုံပြီးသား၊ ခံစားပြီးသား အာရုံတွေကိုပဲ အဟုတ်ထင်မှတ်ပြီး မလွှတ်နိုင်၊ မဖြတ်တောက်နိုင်လောက်အောင် ဖြစ်နေကြတာပါ။ အာရုံအသစ်ကို တွေ့ကြုံလိုက်ရပြီး ခံစားပြီးသွားပြီဆိုရင်တော့ ဒီအရင် ဖြတ်သန်းလာခဲ့ကြတဲ့ ပတ်ဝန်းကျင်အတွေ့အကြုံ အာရုံဟောင်းတွေကို တူးတူးခါးခါး မုန်းတီးအဖြစ်မြင်တတ်ကြပြန်ပါတယ်။

အခုလည်း ဒီလိုပါပဲ။

ညီတော်နန္ဒမင်းသားဟာ အင်မတန်ချောမောလှပတဲ့ နတ်သမီးများကိုလည်း တွေ့ကရော ပထမက မခွဲနိုင် မခွာရက်နိုင် ဖြစ်နေရှာတဲ့ နှမတော် ဇနပဒကလျာဏီရဲ့ အလှတရားဟာ တောအုပ်ထဲမှာ တွေ့ခဲ့တဲ့ မျောက်အိုမကြီးရဲ့ အလှတရားနဲ့ မထူးခြားပါလို့ တူးတူးခါးခါး အပြစ်မြင်သွားခဲ့ပါပြီ။ ဒီတော့မှ မြတ်စွာဘုရားရှင် တိုက်ကျွေးလိုတဲ့ တရားရေအေး အမြိုက်ဆေးဟာ အနာနဲ့ဆေး တည့်သလို နန္ဒမင်းသားရဲ့ရောဂါ ပျောက်ကင်းသွားတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် စာရှုသူများအနေနဲ့ မိမိကိုယ်၌သော်လည်းကောင်း၊ မိမိရဲ့မိသားစုဝင်သော်လည်းကောင်း၊ မိမိရဲ့သားသမီးသော်လည်းကောင်း စွဲစွဲလမ်းလမ်း ဥပါဒါန်တရားများရှိခဲ့၊ တွေ့ကြုံခဲ့မယ်ဆိုရင် တခြားအာရုံအသစ်တစ်ခုခု ဖန်တီးပေးပြီး ဥပါဒါန်အစွဲတရားများကို ချေဖျက်ကြပါစို့လို့ တိုက်တွန်းရေးသားတင်ပြပေးလိုက်ရပါတယ်။

ကျော်ကျော်ဦး(ခင်းဘီး)

www.burmeseclassic.com

www.burmeseclassic.com



ဝမ္မာစရိယ
သန်းထွန်း
ထင်ရှားကျော်ကြား သာမကများ (၆)

သံကိစ္စသာမဏေ

သာဝတ္ထိမြို့၌ ဝမ်းနည်းဖွယ်ကောင်းသော သတင်းတစ်ပုဒ် ထွက်ပေါ်လာခဲ့သည်။ သတင်းမှာ အမျိုးသမီးတစ်ယောက် သေဆုံးခြင်းဖြစ်သည်။ သေဆုံးသော အမျိုးသမီးသည် လူချမ်းသာမျိုးရိုးက ဆင်းသက်လာသော သူဌေးသမီးဖြစ်သည်။ သေခြင်းတရားသည် လူငယ်ဟူ၍ မငဲ့ညှာ၊ လူလတ်ဟူ၍ မသနား၊ လူကြီးဟူ၍ ချန်မထားတတ်ပေ။ အငယ်၊ အကြီးသည် သေခြင်းတရားနှင့် ပတ်သက်မှုမရှိ။ သေခြင်းတရားနှင့် ပတ်သက်မှုရှိသည်မှာ အချိန်ဖြစ်သည်။ အချိန်တန်လျှင် လူငယ်လည်း သေရသည်။ လူလတ်လည်း သေရသည်။ လူကြီးလည်း သေရသည်။ လူကြီးများ သေခြင်း၌ ဝမ်းနည်းမှုကို ရင်ထုမနာ ငွေ့ရည်မဖွဲ့တတ်ကြပေ။

သေရမည့်သူများဖြစ်၍ သေရသည်ဟု ဖြေသိမ့်နိုင်ကြသော် လူငယ်၊ လူလတ်များ သေခြင်း၌ ဝမ်းနည်းမှုကို ရင်ထုမနာ ငွေ့ရည်ဖွဲ့တတ်ကြသည်။ သာဝတ္ထိမြို့၌ သေသွားသော

www.burmeseclassic.com

သမီးမှာ လူလတ်ပိုင်းအရွယ်သာ ဖြစ်သည်။

မိသားစုများကလည်း ချစ်ကြသည်။ ဆွေမျိုးများက လည်း ချစ်ကြသည်။ သံယောဇဉ်ကြိုးများ စုပုံထားသူဖြစ် သူ့ဌေးသမီးလေး သေသွားသည့်အခါ မိသားစု၊ ဆွေမျိုး တော်သောကသည် အခြင့်ဆုံးအပူရှိန် ဖြစ်သွားသည်။ ကျေးဇူးများဖြင့် ဖုံးဖိထားသော ပါးပြင်တို့တွင် ဝမ်းနည်း မှုများက မကွယ်ပျောက်နိုင်။ မျက်ရည်များ စီးဆင်းရာ လမ်းအစဲ့သည် ရောင်ရမ်းလျက်ရှိနေလေသည်။ မိသားစု၊ သူငှါတို့သည် ဗုဒ္ဓဘာသာဝင်ချည်း ဖြစ်ကြသည်။ သူတို့ အရှင်သာရိပုတ္တရာမထေရ်ကို အဇ်္ဈေးနကိပြု ကိုး ကွယ်ကြသည်။ အရှင်သာရိပုတ္တရာမထေရ် ဟောကြားတော် တရားတော်များကိုလည်း နာကြားမှတ်ထားသူ ဖြစ်သည်။ လောကတစ်ခုလုံး မမြဲသည်ကိုလည်း သိ သည်။ သေချိန်ရောက်လျှင် သေကြရမည်ကိုလည်း သိ သည်။ မသေခင် ပြုလုပ်သင့်သည်များကို သိကြသည်။ သော် ယခု သူ့ဌေးသမီးလေး သေခြင်း၌ သံဝေဂဉာဏ် ပွားနိုင်ကြပေ။

သံဝေဂဉာဏ်ထက် သောကက ဦးစွာဝင်ရောက်ခဲ့ သောကဆွဲငင်ရာသို့ စိတ်အစဉ် လိုက်ပါမိသွားသည့် သတိသည် အလိုလိုပင် ကွယ်ပျောက်နေလေသည်။ ဆင်းသောကို မဆင်ခြင်နိုင်တော့ပေ။ သေချိန်ရောက် သေကြရမည်ကို သတိမထားနိုင်ပေ။ မသေသင့်ဘဲ သေရသည်ဟု စွဲထင်ကြ ယခုသေခြင်းသည် အသက်တစ်ချောင်း သေခြင်း အသက်နှစ်ချောင်း သေခြင်းဖြစ်သည်။

သေသွားသော သူ့ဌေးသမီးတွင် ကိုယ်ဝန်ရှိနေသည်။ ကိုယ်ဝန်သည် တစ်လ၊ နှစ်လသာရှိသော ကိုယ်ဝန်မဟုတ်။ ဆယ်လသို့ ရောက်ရှိနေသော ကိုယ်ဝန်ဖြစ်သည်။ ဒေါနီးနေ့ပြီဖြစ်သော ကိုယ်ဝန်ဖြစ်သည်။ ကိုယ်ဗန္ဓ ကြီးနှင့် သေသွားခြင်းဖြစ်သည်။ သေသွားခြင်းသည် ကိုယ်ဝန်ကြောင့် သေသွားခြင်းမဟုတ်။ အနာတစ်ခုကြောင့် သေသွားခြင်းဖြစ်သည်။ အနာသည် အံ့သြဖွယ်ကောင်း အနာ၏ ဇာတ်ကြောင်းကို သမားတော် ရှာခွင့်မရ အနာဖြစ်လာသည်နှင့် ခဏချင်း သေသွားခြင်း ဖြစ်သည်။

လောကဓံသည် ပြင်းထန်လွန်းသည်ဟု ဆိုရမည်ဖြစ် ရုတ်တရက် သေသွားခြင်းကို သာမန်ပုထုဇဉ် တစ် ယောက်အနေနှင့် ခံနိုင်ဖို့ရာ ခက်သည်။ မထင်မှတ်ဘဲ ကြုံတွေ့လိုက်ရသည့် လောကဓံကိုနိုင်ဖို့ထက် နာကျင်ဖို့က အလေးသာသည်။ အားလုံး နာကျင်ကြေကွဲနေကြသည်။

သေမင်းမနိုင်သောအသက်

ငိုပြနေ၍ သေသွားသောသူသည် ပြန်ရှင်သန်လာရိုး မရှိ။ ဝမ်းနည်းပြနေ၍ သေသွားသောသူသည် ပြန်ရှင်သန် လာရိုးမရှိ။ နောက်ပြန်မလှည့်တတ်သော ခြေလှမ်းမှာ သေ ခြင်းဖြစ်သည်။ သေသွားပြီးဖြစ်သော ရုပ်အလောင်းသည် လည်း နောက်ပြန်မလှည့်တတ်ပေ။ သေရာမှ ပုပ်ဟောင်းလာ မှာဖြစ်သည်။ ပုပ်ဟောင်းလာရာမှ ပြိုပျက်လာမည်ဖြစ်သည်။ ထိုသောအခါ၌ ချစ်သောသူတို့သည် မချစ်နိုင်တော့ပေ။ ချစ်လျက် ခွဲခွာရမည်ဖြစ်သည်။ မပုပ်ပွခင် သင်္ဂြိုဟ်ကြရ မှာ ဖြစ်သည်။ သုသာန်သွားရာ လမ်းတစ်လျှောက်သည် အပူများ ရောယှက်လျက်ဖြစ်သည်။ ငိုသံများ၊ ရှိုက်သံများ က တစ်လမ်းလုံးကို ညှိုးနွမ်းစေသည်။ အချိန်တန်၍ အိမ်ပြန် ကြသည့်အခါ သုသာန်မြေ၌ မီးသင်္ဂြိုဟ်သူများသာ ကျန်ရှိ ခဲ့သည်။ မီးသင်္ဂြိုဟ်သူများသည် ထင်းအစို၊ အခြောက်ကို အချိုးစားညီညီထည့်ပြီး မီးသင်္ဂြိုဟ်ကြသည်။ ခန္ဓာတစ် ကိုယ်လုံး ရှောရှောရှူရှူပင် မီးလောင်ကျွမ်းသည်။ သား အိမ်တစ်ခုသာ ကျန်သည်။ သားအိမ် မီးမလောင်ပေ။

မီးသင်္ဂြိုဟ်သူများသည် အတော်ကြာ စောင့်ကြည့်ကြ သည်။ မီးများ ငြိမ်းခါနီးသည့်တိုင် သားအိမ်သည် မီး မလောင်။ နဂိုအတိုင်းပင် ရှိနေသည်။ မီးသင်္ဂြိုဟ်သူများသည် အခြေနေမဟန်သည့်အခါ တံစူးဝါးတို့ဖြင့် ထိုးဆွကြသည်။ သားအိမ်ကို နှစ်ပေါက်ဖောက်ကာ ထိုးဆွကြသည်။ မီးများ မရှိတော့၍ မီးကျီးစုများဖြင့် ထားရစ်ခဲ့ကြသည်။

မနက်မိုးလင်းသည်နှင့် မီးသင်္ဂြိုဟ်သူတို့သည် မီးကျန် များကို ရှင်းလင်းရန်အတွက် ရောက်လာခဲ့ကြသည်။ မီးပုံ စုကို မြင်သည်နှင့် ထိုသူတို့သည် မှင်တက်သွားလောက် အောင် အံ့သြသွားကြသည်။ မီးပုံစုထက်၌ မွေးကင်းစ ကလေးတစ်ယောက် လျောင်းစက်နေသည်။

ကလေး၏ အသားရောင်များသည် ဝါဝင်းလျက်ရှိ သည်။ ရွှေရောင်အဆင်းနှင့်တူသော အဆင်းဖြစ်သည်။ မီး ပုံစုထက်မှာ လျောင်းစက်နေသော ကလေးသည် ပဒုမ္မာ ကြာတိုက်၌ လျောင်းစက်နေသကဲ့သို့ ငြိမ်သက်လျက်ရှိ သည်။ ငိုယိုနေခြင်း လုံးလုံးမရှိ။ ကလေး၏ မျက်စိထောင့် စွန်းတွင် သွေးစို့လျက် ဒဏ်ရာတစ်ခု ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင့် ဒီကလေး မီးမလောင်တာလဲ။ ငါတို့ လုံလောက်တဲ့ ထင်းတွေနဲ့ အသုံးပြုခဲ့တာ။ ခန္ဓာကိုယ်တစ်ကိုယ်လုံး လောင်ကျွမ်းသွားပေမယ့် ဒီကလေး မီးမလောင်ဘူး၊ မသေဘူး။ ထူးဆန်းလိုက်တာ။ ဘာတွေဖြစ်လာမှာလဲ"

လူတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ ဤစကားကိုသာ ပြောဆိုနေကြသည်။ အမှန်ဆိုလျှင် ကလေးသည် အသက်ရှင်ရန် အကြောင်းမရှိ။ ကိုယ်ဝန်သည်မိခင် သေသည်နှင့် သေရမည် ဖြစ်သည်။ မမွေးဖွားမီ မိခင်သေ၍ ကိုယ်ဝန်အသက်ရှင်သည်က မရှိသလောက် ရှားသည်။ ကိုယ်ဝန် အသက်ရှင်သည်ထားဦး၊ ပြင်းထန်သော မီးတောက်များကြောင့် သေသင့်သည်။ ကလေးငယ် မသေသည်မှာ တကယ်ထူးဆန်းသည်။ အံ့သြစရာဖြစ်သည်။ ကလေးသည် တစ်စုံတစ်ယောက်သောသူက စွန့်ပစ်ထားခဲ့သော ကလေးမဟုတ်။ သေသွားသော အမျိုးသမီး၏ ကိုယ်ဝန်ကလေးဖြစ်သည်။ ဤသို့ကောက်ချက်ပြုနိုင်သည်မှာ ကလေး၏ မျက်စိထောင့်က ဒဏ်ရာဖြစ်သည်။ ထိုဒဏ်ရာသည် မီးသင့်ပြီးသူများ သားအိမ်ကို တံစူးဝါးဖြင့် ထိုးဆွသည့်အခါ ထိခိုက်မိသော ဒဏ်ရာဖြစ်သည်။ လူတို့သည် ကလေးအား ပွေ့ချီ၍ မိသားစုဆီ ယူသွားကြသည်။ မိသားစုဆီ အပ်ကြသည်။ မိသားစုများလည်း အံ့သြမဆုံးဖြစ်ကြသည်။

သံကိစ္စသာမဏေ ရဟန္တာဖြစ်ခြင်း

"ဒီကလေးဟာ တကယ်လို့ အိမ်မှာ နေမယ်ဆိုရင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဆင်းရဲနွမ်းပါးကုန်ကြမယ်။ တကယ်လို့ ရဟန်းပြုရင် ရဟန်းငါးရာ ခြံရံပြီး သွားလာရလိမ့်မယ်"

ထူးဆန်း၍ အံ့သြနေကြသော မိသားစုတို့သည် ကလေးဘာဖြစ်လာမည်ကို သိချင်ကြသည်။ ကလေးငယ်ကိုယူပြီး နိမိတ်ပညာတတ် ကျွမ်းကျင်သူဆီ သွားကြသည်။ ကလေး၏ အနာဂတ်နှင့်ပတ်သက်၍ နိမိတ်ပညာအမြင်ကို မေးကြသည်။ နိမိတ်ပညာရှင်သည် အထက်ပါအတိုင်း နိမိတ်ဖတ်လေသည်။

နိမိတ်ပညာရှင်စကားအရ သံကိစ္စ၏ ဘဝကံတရားသည် လူဘဝ၌ နေထိုင်ရာ အကြောင်းမရှိပေ။ လူဘဝ၌ နေရာသည် မရှိ။ ရဟန်းဘဝ၌သာ ကောင်းမွန်သောနေရာ ရှိနေသည်။ ကလေးသည် လူဘဝ၌ ရှင်သန်နေထိုင်ရန် အတွက် အသက်ရှင်ခဲ့သည်မဟုတ်။ ရဟန်းဘဝ၌ ရှင်သန်နေထိုင်ရန်အတွက်သာ အသက်ရှင်ခဲ့ခြင်းဖြစ်သည်။

မိသားစုများသည် နိမိတ်ပညာရှင်၏ စကားကို [illegible] ကြည်ကြသည်။ နိမိတ်ပညာရှင်သည် လူများ ယုံကြည် [illegible] လောက်အောင်လည်း နိမိတ်ပညာ၌ ကျွမ်းကျင်သူဖြစ်သည်။ နိမိတ်ပညာရှင် ဖတ်ကြားလိုက်သော စကားတိုင်းသည် မှန်ကန်သည်ချည်း များသည်။

မိသားစုများသည် နိမိတ်ပညာရှင်ဆီမှ ကလေး [illegible] ယူလာခဲ့သည်။ ကလေးကို နာမည်ပေးဖို့ နက္ခတ်တာ [illegible] ကြည့်စရာမလို။ နေ့နံသင့်,မသင့် တွေးစရာမလို။ [illegible] ကတည်းက နာမည်ပါလာပြီးသားဖြစ်သည်။ တံစူးဝါး ထိခိုက်ထားသော မျက်စိထောင့်ကဒဏ်ရာသည် နာမည်ဖြစ် နေလေသည်။ မျက်စိထောင့်ကဒဏ်ရာကို အကြောင်းပြု မိသားစုများသည် ကလေးကို သံကိစ္စဟု အမည်မှည့်ကြ [illegible] သည်။ သံကိစ္စသည် ချမ်းသာသောရပ်ဝန်း၌ နေထိုင်ခဲ့ [illegible] သည်။ ချမ်းသာသူတို့ သုံးဆောင်ကြသည့် အသုံးဆောင် ပစ္စည်းများကို သုံးဆောင်ခဲ့ရသည်။ ချမ်းသာသူတို့ စားသောက် ကြသည့် စားသောက်ဖွယ်ရာများကို စားသောက်ခဲ့ရသည်။ ချစ်ခြင်းအားဖြင့် အခွင့်ထူးကိုတော့ မခံစားခဲ့ရပေ။ မိသား [illegible] များ၏ နှလုံးသားထဲ၌ နိမိတ်ပညာရှင်၏ စကားများ [illegible] သံမှိုစွဲနေသည်။ သံကိစ္စကို ချစ်ဖို့ထက် သံကိစ္စ အသက် ခုနစ်နှစ်ပြည့်ဖို့ကို သတိထားနေကြသည်။ သံကိစ္စ အသက် ခုနစ်နှစ်ပြည့်သည် မသိလိုက်လျှင် အားလုံး ဒုက္ခရောက်ကြ [illegible] မည် မဟုတ်ပါလော့။

"ချစ်သား...သည်ကိုယ်ဝန် ရှိနေတဲ့အချိန် သင့်အမေ သေသွားရတယ်။ မီးသင်္ဂြိုဟ်တဲ့အခါ မိခင်ကိုယ်ကောင် မီးလောင်ကျွမ်းပေမယ့် ဆင်း မီးမလောင်ဘူး"

ဤသို့ စသဖြင့် သံကိစ္စကို အတိတ်အကြောင်း [illegible] ခင်းပြသည်။ ထိုအချိန်က သံကိစ္စသည် အသက်ခုနစ်နှစ် ပြည့်ပြီဖြစ်သည်။ အသက်ခုနစ်နှစ်ပြည့်ပြီဖြစ်၍ မိသား [illegible] များက ပြောပြခြင်းဖြစ်သည်။ လူဘဝနှင့်နေလျှင် ဖြစ်လာ [illegible] မည့်အခြေအနေ၊ ရဟန်းဘဝနှင့်နေလျှင် ဖြစ်လာမည့်အခြေ အနေတို့ကို ပြောပြကြသည်။ မိသားစုများအနေဖြင့်လည်း ရဟန်းဘဝနှင့် နေသည်ကို မြင်လိုကြကြောင်း ပြောကြား ကြသည်။ သံကိစ္စသည် ခုနစ်နှစ်အရွယ်သာ ရှိသေးသည်။ သံကိစ္စ၏ စဉ်းစားတွေးခေါ်ဉာဏ်သည်လည်း ခုနစ်နှစ်သာ ရှိသေးသည်။ တွေးခေါ်ဉာဏ် နုနယ်သေးသော်လည်း သံကိစ္စ လူဘဝ၌ မနေချင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

သံကိစ္စသာမဏေနှင့် တစပ္ပဉ္စကမ္မဋ္ဌာန်း

သံကိစ္စသည် ကိုယ့်ဆန္ဒအရလည်းကောင်း၊ မိသားစုများ၏ ဆန္ဒအရလည်းကောင်း ရဟန်းဘဝနှင့်နေဖို့ ဆုံးဖြတ်သည်။ မိသားစုများကို ရဟန်းဝတ်ပေးဖို့ ပြောကြားသည်။ မိသားစုများသည် အလေးမြတ်ထားကိုးကွယ်ကြသည့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ပင့်ဖိတ်ကြသည်။ သံကိစ္စအား သာမဏေပြုပေးဖို့ လျှောက်ထားကြသည်။ အရှင်သာရိပုတ္တရာမထေရ်သည် သံကိစ္စအား တစပ္ပဉ္စကမ္မဋ္ဌာန်းကိုပေးထား ရှင်ပြုပေးတော်မူသည်။ တစပ္ပဉ္စကမ္မဋ္ဌာန်းသည် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ၏အစိတ်အပိုင်း ကမ္မဋ္ဌာန်းဖြစ်သည်။

သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ၌ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ၊ အရေပါးဟူသော ကိုးပါးမျိုးကို တစပ္ပဉ္စကမ္မဋ္ဌာန်းဟု ဆိုသည်။ အရှင်သာရိပုတ္တရာမထေရ်သည် သံကိစ္စအား ဆံချနေစဉ်၌ ဆံပင်၏ အခြင်းသဘောကို ပြောပြ၏။ မွေးညင်း၏ မမြဲခြင်းသဘောကို ပြောပြသည်။ သွား၏ မမြဲခြင်းသဘောကို ပြောပြသည်။ အရေထူ အရေပါး၏ မမြဲခြင်းသဘောကို ပြောပြသည်။ ခန္ဓာကိုယ်၏ ဆင်းရဲခြင်းသဘော၊ အနိုးမရခြင်းသဘောကို ပြောပြသည်။

အရှင်သာရိပုတ္တရာမထေရ် ပြောပြနေသည်တို့ကို သံကိစ္စ အာရုံတစ်ပါး စိတ်မသွားဘဲ နားစိုက်စိုက်ထောင်သည်။ သံကိစ္စစိတ်သည် တည်ငြိမ်လျက်ရှိသည်၌ တစပ္ပဉ္စကမ္မဋ္ဌာန်းသည် သံကိစ္စဉာဏ်အား ထက်မြက်လာအောင် သွေးပေးနေသည်။ ဆံပင်၌ ခက်မာမှု ပထဝီသဘောရှိသည်ကို သံကိစ္စ မြင်လာသည်။ ဆံပင်၌ ဖွဲ့စေးမှု၊ ယိုစီးမှု အာပေါသဘောရှိသည်ကို သံကိစ္စ မြင်လာသည်။ ဆံပင်၌ ပူမှု၊ အေးမှု အာဇော သဘောရှိသည်ကို သံကိစ္စ မြင်လာသည်။ ဆံပင်၌ သောက်ကန်မှု၊ လှုပ်ရှားမှု ဝါယောသဘောရှိသည်ကို သံကိစ္စ မြင်လာသည်။ သံကိစ္စသည် ဆံပင်စသော တစပ္ပဉ္စ ဆံကြိုးလေးပါးကို မြင်လာသည်။ ဆံပင်စသော တစပ္ပဉ္စ၏ အခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အနိုးမရခြင်း သဘောကို သံကိစ္စ မြင်လာသည်။ သိလာသည်။

ထိုသို့ မြင်ခြင်းသည် ဂဏမျက်လုံးဖြင့် မြင်ခြင်းမဟုတ်။ ဉာဏ်မျက်လုံးဖြင့် သိခြင်းဖြစ်သည်။ ထိုသို့သိခြင်းသည် သညာသိ၊ ဝိညာဏ်သိဖြင့် သိခြင်းမဟုတ်။ ပညာသိဖြင့် သိခြင်းဖြစ်သည်။ ဉာဏ်မျက်လုံးဖြင့် မြင်သည်ဖြစ်၍ ပညာသိဖြင့် သိသည်ဖြစ်၍ သံကိစ္စသည် ဆံပင်ရိတ်ပြီးသည်နှင့် ရဟန္တာဖြစ်သွားသည်။ ရဟန္တာသည် သာမန်ရဟန္တာမဟုတ်၊ ပဋိသမ္ဘိဒါလေးပါးကိုရရှိသော ရဟန္တာဖြစ်သည်။ ရဟန္တာတိုင်းသည် ပဋိသမ္ဘိဒါလေးပါးကို မရရှိကြ။ ရဟန္တာတိုင်းသည် ဈာန်အဘိညာဉ် မရရှိကြပေ။ ဈာန်အဘိညာဉ်များ ရရှိသော ရဟန္တာများ ရှိသကဲ့သို့ ဈာန်အဘိညာဉ်များ မရရှိကြသော ရဟန္တာများလည်း ရှိကြပေသည်။ ပဋိသမ္ဘိဒါလေးပါးကိုရရှိသော ရဟန္တာများရှိသကဲ့သို့ ပဋိသမ္ဘိဒါ လေးပါးကို မရကြသော ရဟန္တာများလည်း ရှိကြပေသည်။

သံကိစ္စသည် ပဋိသမ္ဘိဒါလေးပါးကို ရရှိသော ရဟန္တာဖြစ်သည်။ ရဟန္တာဖြစ်သွားသည့်အချိန်၌ သံကိစ္စသည် သာမဏေမဖြစ်သေး၊ သင်္ကန်းမဝတ်ရသေး။ ခေါင်းရိတ်ပြီးခါစပဲ ရှိပါသေးသည်။ ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်တစ်ယောက်သည် သင်္ကန်းမဝတ်၍မရ။ သင်္ကန်းမဝတ်လျှင် ထိုနေ့၌ပင် ပရိနိဗ္ဗာန်ပြုရသည်။ သင်္ကန်းဝတ်မှသာလျှင် လူလောက၌ ရှည်စွာနေရပေသည်။

သံကိစ္စသာမဏေနှင့် ရဟန်းသုံးဆယ်

သာဝတ္ထိပြည်နေသူတို့သည် မြတ်စွာဘုရားထံတော်ပါးမှ တရားစကားကို အမြဲတစေနာကြားလေ့ရှိသည်။ တရားတော်ကို ကြားနာရ၍ သောတာပန် စသောအရိယာပုဂ္ဂိုလ် ဖြစ်သွားသည်လည်းရှိသည်။ သာသနာတော်အား ကြည်ညိုရ၍ ရဟန်းပြုကြသူများလည်းရှိသည်။ သာဝတ္ထိပြည်၌ နေထိုင်သော အပေါင်းအသင်းသူငယ်ချင်း သုံးယောက်တို့သည်လည်း မြတ်စွာဘုရား ဒေသနာတော်ကို နာကြားရ၍ ရဟန်းပြုလာခဲ့ကြသည်။ သာသနာ့ဘောင်တွင်းသို့ ဝင်ရောက်လာကြသော ရဟန်းများသည် ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော လုပ်ငန်းနှစ်မျိုးတွင် တစ်မျိုးမျိုးကို ကျင့်ကြံအားထုတ်ကြရသည်။

သာသနာထဲ ဝင်သစ်စ ရဟန်းများအတွက် လုပ်ငန်းစဉ်နှစ်မျိုးတွင် ကြိုက်သည့်လုပ်ငန်းစဉ်ကို ရွေးချယ်ခွင့်မရှိပေ။ ဥပဇ္ဈာယ်ဆရာများအနီးတွင်နေလျက် ဂန္ထဓုရ၏ အခြေခံသဘောထားများကို သင်ယူရသည်။ ပရိယတ္တိနှင့် စတင်မိတ်ဖွဲ့ကြရသည်။ တပည့်များ ကျင့်ရမည့် ကျင့်ဝတ်များကို သင်ယူကြရသည်။ ရဟန်းများ လိုက်နာရမည့် စည်းကမ်းဝိနည်းကို သင်ယူကြရသည်။ ရဟန်းဘဝနှင့် ငါးနှစ်မျှနေပြီးမှ လုပ်ငန်းနှစ်မျိုးတွင် ကြိုက်သည့်လုပ်ငန်းကို ရွေးခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြုံတွေ့ရမည်ကို မြတ်စွာဘုရား မြင်တော်မူသည်။ ထိုအန္တရာယ်ကို ဖြေရှင်းပေးနိုင်မည့် ပုဂ္ဂိုလ်ကိုလည်း မြတ်စွာဘုရား သိတော်မူသည်။ ထိုအန္တရာယ်ကို ကျော်လွှန်ပြီးသည့်နောက် ရဟန်းများ ရဟန္တာဖြစ်နိုင်သည်ကိုလည်း မြတ်စွာဘုရား သိတော်မူသည်။

'ချစ်သားရဟန်းတို့...သင်တို့ရဲ့ နောင်တော်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာမထေရ်ကို ဖူးမြော်ပြီးမှ သွားကြ'

'ကောင်းပါပြီဘုရား'

ရဟန်းများသည် မြတ်စွာဘုရား စကားတော်ကို နားထောင်၍ အရှင်သာရိပုတ္တရာမထေရ်ဆီ ရောက်လာကြသည်။

တောကျောင်းဆီသို့ သွားကြခြင်း

'ငါ့ရှင်တို့ ဘာအကြောင်းများရှိလို့ ကြွလာကြပါလဲ'

ရဟန်းများသည် အရှင်သာရိပုတ္တရာမထေရ် ရှိရာသို့ ရောက်လာခဲ့ကြသည်။ ရှိသေစွာရှိခိုးပြီး သင့်လျော်သော နေရာ၌ထိုင်ကြသည်။ ရောက်လာသော ရဟန်းများအား အရှင်သာရိပုတ္တရာမထေရ် စကားစလိုက်ခြင်း ဖြစ်သည်။ ရဟန်းသုံးဆယ်တွင် ပါအကြီးဆုံးဖြစ်သော ခေါင်းဆောင် ရဟန်းက ရောက်လာရခြင်း အကြောင်းစုံကို ကြွားလျှောက်လေသည်။

'အရှင်ဘုရား...တပည့်တော်တို့ဟာ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းကို ယူပြီးပါပြီဘုရား။ တပည့်တော်တို့ တောကျောင်းကိုသွားပြီး ရဟန်းတရား အားထုတ်ကြမှာ ဖြစ်ပါတယ်ဘုရား။ မြတ်စွာဘုရားက အရှင်ဘုရားကို ဖူးမြော်ပြီးမှ သွားကြလို့ မိန့်ကြားလိုက်ပါတယ်ဘုရား။ ဒါကြောင့် ဘုရားတပည့်တော်တို့ အရှင်ဘုရားဆီ ရောက်လာခြင်း ဖြစ်ပါတယ်ဘုရား'

အရှင်သာရိပုတ္တရာမထေရ် စဉ်းစားရပါတော့သည်။ တောကျောင်းသို့သွား၍ ရဟန်းတရားအားထုတ်မည့် ရဟန်းများအတွက် လိုအပ်သည်မှာ သင့်လျော်သော ကမ္မဋ္ဌာန်းဖြစ်သည်။ ကမ္မဋ္ဌာန်းရပြီဆိုလျှင် တောကျောင်းသို့ သွားရံသာရှိတော့သည်။ အရှင်သာရိပုတ္တရာမထေရ်အား ဖူးမြော်ခိုင်းသည်မှာ ထူးဆန်းနေသည်။

အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရား ဤသို့ ဖူးမြော်ခိုင်းသည်မှာ အကြောင်းရှိ၍ ဆိုသည်ကို သိသည်။ ထိုအကြောင်းကား အဘယ်ပါနည်း။ အရှင်သာရိပုတ္တရာ

'အရှင်ဘုရား...ဘုရားတပည့်တော်တို့က အသက်ကြီးမှ ရဟန်းပြုကြတာ ဖြစ်ပါတယ်ဘုရား။ ခုရန်စပါးရှိတဲ့ထဲမှာ ဘုရားတပည့်တော်တို့ဟာ ဂန္ဓမုရက္ခိ အားမထုတ်နိုင်တော့ပါဘူးဘုရား။ ဘုရားတပည့်တော်တို့ ဝိပဿနာခုရက္ခိ အားထုတ်ပါမယ်ဘုရား။ ဘုရားတပည့်တော်တို့ကို အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းကို ပေးသနားတော်မူပါဘုရား'

ဤသို့ ဝိပဿနာခုရက္ခိ အားထုတ်ကြသည်မှာ အသက်ကြီးမှ ရဟန်းပြုကြသော ရဟန်းအများစုဖြစ်သည်။ အသက်ကြီးမှ ရဟန်းပြုပြီး ဂန္ဓမုရက္ခိ အားမထုတ်သော ရဟန်းမှာ မရှိသလောက် ရှားသည်။ ဂန္ဓမုရက္ခိ အားထုတ်ရသည်မှာ ပင်ပန်းသည်။ ကျက်ရ၊ မှတ်ရ၍ စိတ်လည်း ပင်ပန်းသည်။ ကိုယ်လည်း ပင်ပန်းသည်။ ဝိပဿနာခုရသာ အသက်ကြီးရဟန်းများအတွက် သင့်လျော်သည်။ ကမ္မဋ္ဌာန်းတရားအား ထုတ်၍ ရဟန္တာဖြစ်သွားကြသည်က အများကြီးဖြစ်သည်။

မြတ်စွာဘုရားသည် ရဟန်းများနှင့် သင့်လျော်ဆည့် ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။

'မြတ်စွာဘုရား... ဘုရားတပည့်တော်တို့ ဇေတဝန်ကျောင်းမှာ မနေတော့ဘဲ တရားအားထုတ်လို့ရမယ့် တောကျောင်းဆီ သွားလိုပါတယ်ဘုရား'

မြတ်စွာဘုရားသည် ရဟန်းများ သွားလိုသည့် အရပ်ဒေသအား မေးတော်မူသည်။ ရဟန်းများ ကြားလျှောက်ကြသည့်အခါ မြတ်စွာဘုရားသည် ရဟန်းများနှင့် သင့်လျော်မှုရှိ၊မရှိ ကြည့်တော်မူသည်။ ရဟန်းများ အန္တရာယ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ထောရ် ဆင်ခြင်တော်မူသည်။ ဆင်ခြင်တော်မူလိုက်သည်နှင့် အကြောင်းကို သိတော်မူလေသည်။ ရဟန်းများ၏ အန္တရာယ်ကို ဖြေရှင်းပေးနိုင်သော ပုဂ္ဂိုလ်သည် အရှင်သာရိပုတ္တရာမထေရ်ထံ၌ ရှိနေသည်။ ထိုပုဂ္ဂိုလ်ကို ထည့်လိုက်ဆိုလျှင် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာမထေရ်အား ချီးမွမ်းခိုင်းလိုက်ခြင်း ဖြစ်သည်။ ရဟန်းများဆီ ကျရောက်သော အန္တရာယ်ကို ဖြေရှင်းပေးနိုင်မည့်ပုဂ္ဂိုလ်မှာ သံကိစ္စသာမဏေ ဖြစ်နေပေသည်။

'ငါရှင်တို့..သင်တို့မှာ သာမဏေရှိလား'

'မရှိပါဘူးဘုရား'

'တကယ်လို့ သာမဏေမရှိဘူးဆိုရင် သံကိစ္စသာမဏေကို ခေါ်သွားကြ'

'အရှင်ဘုရား..တပည့်တော်တို့ သာမဏေကို အလိုမရှိပါ။ တပည့်တော်တို့ သာမဏေကိုမှီပြီး ကြောင့်ကြခြင်း ခံစေပါလိမ့်မယ်ဘုရား။ တောမှာနေတဲ့သူတွေအတွက် သာမဏေကို ခေါ်သွားလို့ ဘာအကျိုးရှိပါမလဲဘုရား'

ရဟန်းများသည် ကျောက်ရိုလာမည့် အန္တရာယ်ကို မသိကြ။ သိမည်ဆိုလျှင် ထိုအရပ်သို့ သွားကြလိမ့်မည်မဟုတ်။ အရှင်သာရိပုတ္တရာမထေရ်လည်း အန္တရာယ်ရှိကြောင်း မပြော။ သာမဏေကို ခေါ်သွားဖို့သာ တိုက်တွန်းသည်။

'ငါရှင်တို့..ဒီသံကိစ္စသာမဏေကိုမှီပြီး သင်တို့အတွက် ကြောင့်ကြခြင်း မဖြစ်နိုင်။ အမှန်မှာ သင်တို့ကိုမှီပြီး သံကိစ္စသာမဏေသာ ကြောင့်ကြခြင်း ဖြစ်လိမ့်မယ်။ သင်တို့ကို တပည့်တော်ဆီ လွှတ်တော်မူလိုက်တဲ့ မြတ်စွာဘုရား ရည်ရွယ်ချက်ကလည်း သံကိစ္စသာမဏေကို ထည့်ပေးလိုက်ဖို့ ဖြစ်တယ်။ ဒီသံကိစ္စသာမဏေကို ခေါ်ပြီးသွားကြ'

ရဟန်းများသည် အရှင်သာရိပုတ္တရာမထေရ် စကားအား မငြင်းပယ်ကြတော့ပေ။ သံကိစ္စသာမဏေကို ခေါ်ယူသွားရန် ဆုံးဖြတ်ကြသည်။ သို့ဖြစ်၍ ရဟန်းသုံးဆယ်နှင့် သံကိစ္စသာမဏေတို့သည် 'ဇေတဝန်ကျောင်းမှ တောကျောင်းသို့ ခရီးထွက်လာခဲ့ကြလေသည်။

ဓမ္မာစရိယ-သန်းထွန်း

ကျမ်းညွှန်း

ဓမ္မပဒအဋ္ဌကထာ၊
သဟဿဝဂ်၊
သံကိစ္စသာမဏေ ဝတ္ထု။

ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝဓိဇာဉ်ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအဓိဋ္ဌာန်ပြုပြီး သာသနာပြုလျက်ရှိသော

ဆရာမကြီးဒေးမိုးမိုး

စိတ်မနှောအာဝဇ္ဇန် အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ ဟိုက်ဝန်း၊ မြေကွက် ရောင်းရန်..ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အကြောင်းအရှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယဉ်ကြာ၊ မာတိရိုက်မာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ ဓေတုနာ ရေးထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင့်။ အားလုံးသော ဒုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၉၅၂ ၅၂၀ ၊ ၀၉ ၄၂၁ ၀၂၁ ၁၆၈

www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေမြသန်း (သမိုင်း) အဘအောင်မင်းခေါင်၏ ဓာတ်စီးသံ

ပုဂ္ဂိုလ်ထူးတစ်ဦးအား အဘအောင်မင်းခေါင် ဓာတ်စီးပြီးပြောသောအသံကို မှတ်တမ်းတင် အသံသွင်းထားသော အခွေအား ခေတ္တခဏနားထောင်ရန် ငှားလိုက်သည်။ ပုဂ္ဂိုလ်ထူးများနှင့်အတူ နီးနီးစပ်စပ် သွားလာဖူးသော ထိုပုဂ္ဂိုလ်၏ ပြောပြချက်များကို ကျွန်ုပ်အား ပြောပြရာ စာရည်မည်စီး၍ မှတ်တမ်းတင်ထားသော အသံကို ကျွန်ုပ်ကူးယူထားသည့် မူရင်းအတိုင်း ဖော်ပြပေးလိုက်သည်ဟု စကားညွှန်းဆိုပြုထားသည့် သစ်တံခါးဆရာတော် ဘန္ဒန္တမဏိဇောတ(ယော)၏ ကလောင်ထိပ်မှ မှတ်ဉာဏ်များစာအုပ်ပါ အဘအောင်မင်းခေါင်၏ ဩဝါဒအချို့တို့အား အဘအောင်မင်းခေါင်၏ ဓာတ်စီးသံအဖြစ် ပြန်လည်ကောက်နုတ် ရေးသားမျှစေလိုက်ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဘအောင်မင်းခေါင်၏ ဓာတ်စီးသံတို့သည်ကား...။

◆◆◆

ကောင်းတဲ့အသိနဲ့ ကျင့်တဲ့အလုပ်သာ မွန်မြတ်တယ်။ မြတ်တာကိုသိရင် ဘုရားကို ယုံကြည်ရမယ်။ ဘုရားကို ယုံကြည်ရင် ဘုရားဟောတဲ့ တရားတော်တွေကိုလည်း ယုံကြည်ရမယ်။ တရားတော်ကို ယုံကြည်ရင် တရားတော်ကို ကျင့်ကြံအားထုတ်နေတဲ့ သံဃာတော်တွေကိုလည်း ယုံကြည်ရမယ်။ ဆည်းကပ်ရမှာပဲ။ မသေခင် စားရမယ်၊ ဝတ်ရမယ်၊ နေရမယ်။ စားဝတ်နေရေးအတွက် ရှာရမှာပဲ။ စားဝတ်နေရေးအတွက် ရှာကြတဲ့နေရာမှာ လောဘ၊ ဒေါသ၊ မောဟတွေ ကပ်ပါနေရင် အပါယ်ကို သွားကြရမယ်။ ဆောင်းတာလည်း အကျိုးပေးတာပဲ။ ဆိုးတာလည်း အကျိုးပေးတာပဲ။ တူသလား၊ မတူဘူး။ ထူးသလား၊ မထူးဘူး။ ကိုယ့်ဟာကိုယ် ရှင်းကြရမှာပဲ။ လောကကြီးရှုပ်တယ်။ ဒါကို မပြုလုပ်နဲ့။ မပြုရင် ဟုတ်တဲ့အလုပ် ရှိလာတယ်။ ပြုရင်တော့ ကျော်မှာပဲ။ တကယ် ကုပ်ကုပ်နဲ့ အဟုတ် ကျင့်ကြံအားထုတ်ပါ။ အဘတို့နဲ့ လက်တွဲပြီး သာသနာပြုနိုင်မယ်။ ပြုတယ်ဆိုတာ ဘယ်သာသနာကို ပြုရမှာလဲ။ သာသနာသုံးရပ်ဖြစ်တဲ့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ။ ဒီသာသနာကြီး သုံးသွယ်ကို ပြုရမှာပဲ။

ပရိယတ္တိ မှန်မှလည်း ပရိပတ္တိ မှန်မယ်။ ပရိပတ္တိ မှန်လည်း ပရိဝေဓ မှန်မယ်။ ဒီတော့ စခန်းဆိုတာ လိုစခန်းရှိရင် လမ်းရှိမှာပဲ။ လမ်းရှိရင် လျှောက်ဖို့ လိုတယ်။ လျှောက်ရင် ပေါက်ဖို့ အရေးကြီးတယ်။ ပေါက်ရောက်ပြီမဟုတ်လား။ ရောက်ရင် ပန်းတိုင်ဝင်ကြ။ ဒီကနေ့ အရေးကြီးတာ ထွက်ရပ်လမ်း၊ ထွက်ရပ်စခန်း ဒီနှစ်ခုတွေ ထွက်ရပ်လမ်း ကျင့်တယ်ဆိုတာ ဘယ်ကနေ ရအောင် ကျင့်တာလဲ။ သံသရာဝဋ်ဒုက္ခ ဆင်းရဲခြင်း သိသိလေးဘုံသို့ မသွားရအောင် ကျင့်ကြံအားထုတ်နိုင်ပြီး လမ်းကိုမသွားခင် သာသနာကို ခိုးမြောက်နိုင်သော ဘုရားပုဂ္ဂိုလ်မြတ် ဖြစ်ရပါလို့၏။ အဲဒါဟာ ဝိနည်းတွေရဲ့ ဆန်ဝန်ကပဲ။

သူတွေကို မ,မယ်ဆိုတဲ့အဓိပ္ပာယ် ပါသလား၊ မပါဘူး။ ဆန်းကလည်း တစ်ယောက်တည်း သွားရမှာလည်း တစ်ယောက်တည်း။ ဘယ်က လာသလဲ။ ဘယ်က လာမှန်း ဘယ်ကိုသွားရမှန်းမသိရင် ကိစ္စပြတ်မလား။ မပြတ်ဘူး။ ဒီတော့ လာတဲ့လမ်းကို သိပါစေ။ လာတဲ့လမ်းအစကို သိရင် သွားရမယ့် လမ်းအဆုံးကိုလည်း သိပါစေ။ ဆုတောင်းတာကတော့ နိဗ္ဗာန်။ ဘာနဲ့ သွားကြမလဲ။ ဒါန၊ သီလ၊ သမထလုပ်ပြီး နတ်ပြည်၊ ဗြဟ္မာပြည် ကျင်လည်နေကြတယ်။ အဲဒီတော့ လောကုတ္တရာပါသလား၊ မပါဘူး။

ဝိပဿနာလုပ်မှ လောကုတ္တရာကို ရောက်မယ်။ ဝိပဿနာကို အားထုတ်ကြရမှာပဲ။ ဒီတော့ ကနေ့ သိဖို့လိုလာပြီ။ သိတာက ဝိဇ္ဇာ။ ဝိဇ္ဇာစရဏမျိုးစေ့ဟာ အရေးကြီးတယ်။ ဝိဇ္ဇာဖြစ်မှလည်း သိနှာ။ ဒီတော့ အဘတို့နဲ့ ပေါင်းရမှာပဲ။ အခုထုတ်ပေးလိုက်တဲ့ ဗုဒ္ဓသစ္စာမဏ္ဍိုင် သာသနာကြီးဟာ အဘဗလသိဒ္ဓိရှင်ရဲ့အလိုတော်ကျလည်းဖြစ်တယ်။

ဒီတော့ ဗုဒ္ဓဟာ ဘာလဲ၊ ဗုဒ္ဓဟာ ဘုရား။ သစ္စာဟာ မဖောက်ပြန်တဲ့လမ်း။ မဏ္ဍိုင်ဟာ မယိုင်မလဲ။ ဗုဒ္ဓရဲ့ အလိုတော်အတိုင်း သစ္စာလမ်းကနေ မယိုင်မလဲ လိုရာစခန်းကို သွားနိုင်ဖို့ အရေးကြီးတယ်။

အနေပျော်တာလား အနေတော်တာလား။ အသေမခေါ်ဘူး။ အရေးကြီးတာက ကံနှစ်ပါးဖြစ်တဲ့ သူရာမေရယနဲ့ ကာမေသုမိစ္ဆာစာရကံ ပါဏာတိပါတကို အသက်ထက်ဆုံး ထိန်းသိမ်းဖို့လိုတယ်။

ပြောတာတွေကို ရွေးနားတော် လေချော်ပြီး မနေနဲ့။ ရွေးနားတော် လေချော်နေရင် အမေခေါ်ရလိမ့်မယ်။ အမေခေါ်နေရင် သေကြဦးမှာပဲ။ ဒီတော့ အဘတို့က အနေတော့်တဲ့လမ်း၊ အရှင်ခေါ်တဲ့လမ်း ထွက်တဲ့နေရာမှာ အဆောင်ဆိုတာ ရှိဖို့လိုတယ်။ အဘတို့က အင်းတစ်ထောင်ကိုင် တန်ဂ်နွေထောင်က ထွက်ခဲ့တာ။ ဆေးနဲ့လည်း ထွက်လို့ရတယ်။ စမနဲ့လည်း ထွက်လို့ရတယ်။ ပုတီးနဲ့လည်းထွက်လို့ရတယ်။ မန္တန်နဲ့လည်း ထွက်လို့ရတယ်။ ဒီတော့ ဘာကိုဆောင်ပြီး ထွက်ကြမှာလဲ။ ကိုယ်နဲ့တော်မယ့် အဆောင်ကို ရွေးဖို့လိုလာပြီ။ လောကမှာ မတန်တာ မရှိဘူး၊ မတော်တာပဲ ရှိတယ်။ တော်ရင် တန်လာကြမှာပဲ။ တန်လာရင် ဒဏ်ခံနိုင်ဖို့ အရေးကြီးတယ်။ အဖိုးတန်မှ အမျိုးမှန်မယ်။ အမျိုးမှန်မှလည်း အဖိုးတန်လာကြမှာပဲ။ တန်ဖိုးမသိရင် တန်ဖိုးရှိပါ့မလား။ တန်ဖိုးမရှိဘူး။ တန်ဖိုးရှိတာကို တန်ဖိုးထားတတ်ရမယ်။ တန်ဖိုးထားတတ်မှလည်း တန်ဖိုးရှိမှာပဲ။ အဘတို့က သိဒ္ဓိ၊ မဟိဒ္ဓိလိုင်း ဆိုတော့ သိဒ္ဓိ၊ မဟိဒ္ဓိ လိုလာပြီ မဟုတ်လား။ မဟိဒ္ဓိဆိုတာ ကြဲဆောင်တာ သိဒ္ဓိဆိုတာကတော့ ပြီးမြောက်တာ။ ကြဲဆောင်လို့ ပြီးမြောက်ရင် မဟိဒ္ဓိ

www.burmeseclassic.com

သိဒ္ဓိရတာပဲ။

မဟိဒ္ဓိ သိဒ္ဓိ ဘယ်မှာရှိလဲ။ ဂုဏ်တော်ကိုးပါးဟာ မဟိဒ္ဓိဓာတ်တွေပဲ။ လောကအဆိုနဲ့ ဆိုလို့ရှိရင် ကိုးနဝင်းလို့ ဆိုကြတယ်။ ကိုးနဝင်း မိုးလင်းမှသိမယ်။ မိုးရော လင်းပြီလား။ မိုးမလင်းသေးဘူး။ မလင်းသေးရင် မိုးလင်းဖို့ စောင့်နေကြရမှာပဲ။

အဘတို့က ဂုဏ်တော်ပုတီး စိပ်ခိုင်းတာ မဟိဒ္ဓိဓာတ်တွေသိပြီး စိပ်ခိုင်းတာပဲ။ မဟိဒ္ဓိလမ်းသိရင် မဟိဒ္ဓိရမှာပဲ။ မဟိဒ္ဓိရှိရင် ပြီးမြောက်တဲ့စခန်းဖြစ်တဲ့ သိဒ္ဓိကို ကူးသွားရမှာပဲ။

မဟိဒ္ဓိရဖို့ရာ တော်မှ မော်ဖြစ်မယ်။ မော်ဖြစ်ရင် မဟိဒ္ဓိရမယ်။ မဟိဒ္ဓိရမှ သိဒ္ဓိရတယ်။ မော်နဲ့ မဟိဒ္ဓိကြားမှာ ကမ္မစိတ်ဆိုတာရှိတယ်။ ကမ္မစိတ်လည်း သိရမှာပဲ။ ဒီတော့ အခုပြောတာကို မသိရင် သိဒ္ဓိကို ဘယ်လိုနည်းနဲ့ ရအောင် ယူကြမလဲ။

လောကမှာ လိုအပ်တာကငွေ၊ လုပ်နေတာက သမထ၊ ရှိရမှာက သစ္စာ။ ပြီးမြောက်မှာက မဟိဒ္ဓိ၊ သိဒ္ဓိ။

ဒီအချက်(၄)ချက်ကို မမေ့နဲ့။ မဟိဒ္ဓိ သိဒ္ဓိဆိုတာ ပေးလို့ မရဘူး။ ကိုယ်ကိုယ်တိုင် ကျင့်မှရတယ်။ အဘတို့က မဟိဒ္ဓိ သိဒ္ဓိပေးတယ်ပဲထားဦး အဘတို့ပေးတဲ့ မဟိဒ္ဓိ သိဒ္ဓိပဲ ရှိတယ်။ မင်းတို့ပိုင်တာ မဟုတ်သေးဘူး။ ထန်းပင် အောက်က ထိုင်ပြီး ထန်းသီးကြွေကျတာကို မစောင့်နဲ့။ ကိုယ်တိုင်တက်ပြီး ထန်းသီးရအောင် ယူကြ။

မော်ဆိုတာ (၂၇)ရက်ပဲ ကျင့်ရတယ်။ သိဒ္ဓိတစ်ခုရချင်ရင် (၂၇)ရက်တည်းနဲ့ပြီးတယ်။ (၄၉)ရက်ကျင့်ရင် မဟိဒ္ဓိဓာတ် အားလုံးပြီးတယ်။ ပထဝီသိဒ္ဓိကျတော့ (၃)ရက်တည်း ကျင့်ရင်ပြီးတယ်။ ကျင့်တယ်ဆိုတာ ဆရာလိုတယ်။ ဆရာမရှိရင် ရူးတဲ့အချိန် သွားကျင့်ရင် ရူးသွားမှာပဲ။ ဒီတော့ အဘတို့လိုက်တဲ့ ဝိဇ္ဇာလမ်းကို သိဖို့လိုလာပြီ။

ဂြိုဟ်ကြီးရှစ်စုံရှိတယ်။ ဘယ်ဂြိုဟ်မှာ ဘာရှိတယ်ဆိုတာမသိရင် ကိုယ့်စိတ်က ဘာရမယ်ဆိုတာ သိပါ့မလား။

တနင်္ဂနွေဟာ နတ်စက်ပဲ၊
တနင်္လာက သာသနာ့စက်၊
အင်္ဂါကျတော့ ရက္ခစိုး ရက္ခစက်။

မော်အတတ်ကို လိုချင်ရင် ရက္ခစိုး ရက္ခစက်နဲ့ ကျင့်ရတယ်။ မော်ဆိုတဲ့ အသံကြားရင် လူတွေက ရွံမုန်းကြတယ်။ ဒီနေရာမှာ အောက်နဲ့အထက်ကို ခွဲသိဖို့လိုတယ်။

အောက်မှာ (၉၉)မော်ရှိတယ်။ အထက်မှာ (၆၄)မော်ရှိတယ်။

အထက်ဆိုတာ ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး သူတို့ကို အားကိုးရတာပဲ။ မော်ရလာရင် ပိုက်ဆံမပေးဘဲ ပစ္စည်းယူလို့ရတယ်။ ပိုက်ဆံမပေးဘဲ ပစ္စည်းယူရင် ကိုယ်တော်စောရသူခိုး ဆိုတာမှတ်။ ဒီတော့ မော်အတတ်ကိုတတ်ရင် ကိုယ်က ထိုင်ရာမထဘဲ လိုချင်တဲ့ပစ္စည်းကို ယူနိုင်တယ်။ ဗုဒ္ဓဟူးမှာ ဘုမ္မိယရှိတယ်။ ဘုမ္မိယဆိုတာ သိုက်စက်။

ဘုမ္မိယထဲရောက်ရင် သိုက်ပညာတတ်တယ်။ သိုက်ပညာဆိုတာ သိုက်တူးဖို့ မဟုတ်ဘူး။ ပညာစခန်းနဲ့ ပတ်သက်လာရင် မိန်းကလေးတွေ အထူးသတိထားရမယ်။ နောက်ကြောင်းမအေးတဲ့စက်။ သိုက်က တိုက်ရိုက်လာရင် သိုက်စက်ထဲ ရောက်တဲ့အခါ အနှောင့်အယှက်ဓာတ်က အမြဲဝင်တယ်။

သိုက်က လာတာမှန်ရင်တော့ သိုက်က ပြန်ခေါ်ကြတာပဲ။ ကိုယ်က သိုက်ပညာတတ်ထားတော့ ကူညီလို့ရတယ်။ ကြာသပတေးဆိုတာ အထွက်စက်လည်း ခေါ်တယ်။ အဖျက်စက်လည်း ခေါ်တယ်။ ထွက်ရပ်ဝင် ထွပ်ရပ်စခန်းကို ကျွင့်ရင် အဲဒီက ထွက်ရတာပဲ။ သောကြာကျတော့ ပညာစခန်းနဲ့ ပတ်သက်လာရင် အပြိုင်အဆိုင်ပေါ်မယ်။ ဆရာအများဆုံးတွေ့ရမယ်။ ဆရာဆိုတာ ဂိုဏ်းဂဏဆရာကို ခေါ်တယ်။ အဲဒီစက်မှာ အကြားအမြင် သင်ပေးလို့လွယ်တယ်။ သင်ပေးလို့လည်း ရတယ်။ ကိုယ်က ဆရာအလိုက် မမှားဖို့ဘဲ လိုတယ်။ ဆရာများတော့ တစ်သံသရာလုံး မှားတတ်တယ်။ ဒါကို မြဲမြံမှတ်ထား။

စနေမှာတော့ ပညာစခန်းနဲ့ ပတ်သက်လာရင် စုန်းတိုက်၊ နတ်တိုက်၊ မော်တိုက်၊ ကဝေတိုက်၊ ဆရာတိုက်၊ ဓော်ဂနီ၊ ဓော်ဂနက် အစရှိတဲ့ ဇနပဒကလ္ယာရီ အတတ်ပညာတွေ သိရတယ်။ အလုပ်စခန်းမှာ စိတ်ကို ထိန်းမှရတယ်။ မထိန်းနိုင်ရင် ရူးကြတာပဲ။ ဒါကြောင့် သမထလုပ်လာရင် ယုံကြည်ချက်ဟာ အရေးကြီးဆုံးပဲ။ ဒီနေရာမှာ ဆရာ့အဆုံးအမကို လက်မလွတ်ဖို့ အရေးကြီးတယ်။ ကျင့်တဲ့နေရာမှာ အဝင်အထွက်ကိုသိရင် မိုးအောင်ကြိုးစား။ ဒါမှ အတွင်းစက် မိတယ်။ အတွင်းစက်မိမှလည်း အဘတို့ဆီ စောင့်ရှောက်လို့ရတယ်။ ကျင့်တဲ့အခါမှာ တစ်ခွင်၊ တစ်ရွာရမှ နက္ခတ်အကြောင်း၊ နတ်အကြောင်း၊ ဆရာအကြောင်း စုန်းအကြောင်း၊ ကဝေအကြောင်း သိလာမယ်။

www.burmeseclassic.com

www.burmeseclassic.com

အဓိပ္ပာယ်စခန်းကိုသိရင် ခန္ဓိပါရမီ အရေးကြီးတယ်။ ကျင့်ကြံအားထုတ်တဲ့ကာလမှာ အိမ်မှာ အနောက်ဓာတ် ခိုင်ခိုင်တတ်တယ်။ ဒါကြောင့် ခန္ဓိပါရမီအရေးကြီးတယ် လို့ အဘတို့က ပြောတာ။

ဂုဏ်တော်ကိုးပါးနဲ့ တစ်နေ့ အပတ်ကြီး(၁၂)ပတ် (၁၀)ရက် တစ်ကဏ္ဍပြီးရင် တစ်ခွင်ရတယ်လို့ ခေါ်တယ်။

သုံးကဏ္ဍပြီးရင် ပီယသိဒ္ဓိ၊

ငါးကဏ္ဍပြီးရင် ဓနသိဒ္ဓိ၊

ခုနစ်ကဏ္ဍပြီးရင် ကာယသိဒ္ဓိ၊

ကိုးကဏ္ဍပြီးရင် သိဒ္ဓိ မဟိဒ္ဓိ လိုရာဆောင်လို့ရပြီ။ သိဒ္ဓိပေါက်ပြီးရင် သစ္စာအရေးကြီးတယ်။ သစ္စာမရှိရင် ကောလုပ်မိတော့ အပါယ်သွားမှာပဲ။

အခုပြောနေတာတွေဟာ ဇနပဒဂန္ဓာရီနဲ့ စူဠဂန္ဓာရီ ဆင့်ပဲ ရှိသေးတယ်။ မဇ္ဈိမဂန္ဓာရီအဆင့်ကို မရောက် သေးဘူး။ ပြီးတော့မှ မဟာဂန္ဓာရီအဆင့်ကိုရောက်တယ်။ မဟာဂန္ဓာရီမှာ အနုအရင့်ရှိသေးတယ်။ နုပြီးရင်တော့ ရင့်ကြမှာပဲ။ နုပြီးရင် မဟာဂန္ဓာရီ အရိယမဂ္ဂ ဝိဇ္ဇာဓိရိ ဆိုတာကို ကူးရတယ်။

အဲဒါမှ လောကကို ဖြတ်လို့ရမယ်။

သိဒ္ဓိ၊ မဟိဒ္ဓိဆောင်ပြီး နာမရူပ ဝိရစ္ဆေဒဉာဏ် မရ ဘူး ဒါကြောင့် မြေလျှိုးမိုးပျံပြီး အပါယ် ဆိုးဆိုးရွားရွားနေတဲ့ ဝိဇ္ဇာတွေ အများကြီး။ ဒါကို ကြုံကြပဲသတိပြု။

နောက်ဆုံးကျတော့ လောကုတ္တရာကို ကူးမှာချည်း ပဲ။ ဒါကြောင့် သိဒ္ဓိ၊ မဟိဒ္ဓိ ဆောင်ပြီး လောကုတ္တရာကို ကူးတဲ့အခါ ဘာကို မဖြတ်နိုင်ရင် သမထသံသရာ ပဲနေကြဦးမှာပဲ။ ဒါကြောင့် အဘက ဆောနဲ့ဓမ္မကို တွဲပြီးကိုင်တာ သတိပြုကြ ပါ။ ဘုသားတွေက ဗဟုသုတရှာတဲ့ အရွယ် ကြီးဆိုတော့ သိစရာ မှတ်စရာ နမူနာယူ စရာတွေကိုတော့ ယူတတ်ဖို့လိုတယ်။

လိမ္မာပါးနပ်မှုဆိုတာ ကိုယ့်အတွက် ဆောင်ပဲ။ အဆောင်ဆိုတာ သီရင် ကိုယ့် အတွက် လူလိမ်မမိအောင် ဆင်ထားဖို့လို တယ်။ လောကမှာ ဓာတ်ကြီးလေးပါးပဲ ရှိ တယ်။ ဓာတ်ကြီးလေးပါးကို ချုပ်လိုက် တော့ အပူနဲ့အအေးပဲ ရှိတယ်။ အပူဆိုတာ ဂဏန်း(၁)လို့ ရေးတယ်။ အအေးဆိုတာ (၂)ဂဏန်းပဲ။

(၁)ရဲ့အမှတ်အသားက နေလို့ဆိုတယ်။ (၂)ရဲ့အမှတ် အသားက လလို့ဆိုတယ်။ အပူနဲ့အအေးက (၁)နဲ့(၂)ဆိုတာ နေနဲ့လ။ နေနဲ့လဆိုတာ ခေါင်းနဲ့ယုန်ပဲ။

ဝိဇ္ဇာဉာဏ်နဲ့ပတ်သက်လို့ ရွှေအကြောင်း ဖယောင်းမှ သိမယ်ဆိုတဲ့ စကားကို ယူလိုက်ပါ။

ဝိဇ္ဇာကျင့်စဉ်ဆိုတာ ဂန္ဓာရီက စတာချည်းပဲ။ ဒါပေမဲ့ ဂန္ဓာရီပညာလောက်နဲ့လည်း ဝိဇ္ဇာမဖြစ်ဘူး။ အဘနဲ့တွေ့ရင် အဘခိုင်းတာလုပ်ရင် ဝိဇ္ဇာဖြစ်မယ်လို့ အာမခံချက်ပါပြီး သားပဲ။ အပြောအဆို လိမ္မာကြပါ။ ဝိဇ္ဇာအသိဉာဏ် မွေးကြ ပါ။ အတိတ်ရယ်၊ နိမိတ်ရယ်၊ တဘောင်ဆိုတာကို မျက် ခြည်မပြတ်စေနဲ့။ မျက်စိလည်း ရှင်ပါစေ။ နားလည်း လျင် ပါစေ။ ချက်ဆို နားခွက်က မီးတောက်ကြ။ ဝိဇ္ဇာနဲ့ပေါင်းရင် ဝိဇ္ဇာပါးဝကြ။ လူနဲ့ပေါင်းရင် လူပါးဝကြ။ ကိုယ်လျှောက် နေတဲ့ လမ်းပေါ် အခြေခံပြီး ဆန်းစစ်တတ်ဖို့လိုတယ်။

ဆန်းသစ်နေသမျှတော့ လမ်းသစ်တွေ့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဒီစကားတစ်ခွန်းကိုတော့ နားထဲ မြဲမြဲမှတ်သားထားကြ။ ဝိဇ္ဇာဆိုတာ လုပ်ကြည့်မှသိမယ်။ လူပြောမယုံ လေကြိုးမစီးကြနဲ့။ ယုံကြည်ရင်လုပ်ကြ။ လေပေါက်ကြီးနဲ့ အမှန်တရား ရှာမယ်ဆိုရင် ရပါ့မလား။

အနေကျပ်မှ အသေချောင်မယ်။
အနေချောင်ရင် အသေကျပ်မယ်။
တော်သူနေ မတော်သူ သေကြမှာပဲ။
ဒါကြောင့် တော်အောင် နေကြပါ။

မြန်မာပြည်ကလူတွေ ဆင်းရဲနေတာ ဝိဇ္ဇာတွေ ဘာလုပ်နေလဲလို့ မေးကြတယ်။ ဝိဇ္ဇာတွေကလည်း ပေးချင်ကြတာပဲ။ လူတွေကလည်း လိုချင်တာပဲ။ လူတွေ လိုချင်နေတာက လောဘ။ ဝိဇ္ဇာတွေ ပေးနေတာက သီလ၊ သမာဓိ။ ယူတတ်မှရမယ်။ ဝိဇ္ဇာတွေရဲ့ အဆောင်ကိုရဖို့ သီလ၊ သမာဓိ ရှိရမယ်။

ဒီကနေ့ လူတွေကို ကြည့်စမ်းပါ။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မီးသုံးမီးလောင်ပြီး မိဘဆွေမျိုးမှန်းမသိအောင် ဖြစ်နေကြတယ်။ အဝိဇ္ဇာတွေ ဖုံးနေကြတော့ ဝိဇ္ဇာတွေ မပေးနိုင် လက်ရှိငွေချနေရတယ်။ လူတွေက အကျင့်စာရိတ္တဖောက်ပြန်နေကြတော့ မိုးလေမမှန် ရာသီနက္ခတ်မမှန်နဲ့ ပေးသမျှ အလွယ်မရကြဘူး။

သီလ၊ သမာဓိ၊ ပညာဆိုတာ ဝိဋ္ဌကတ်သုံးပုံရဲ့ အနှစ်ချုပ်ပဲ။ ဒါပေမဲ့ လူတွေက သီလ၊ သမာဓိ၊ ပညာ မရှိဘဲ ဖြစ်နေကြတယ်။ သားသမီးသံယောဇဉ်တွေက လောဘမီးကို မွေးနေကြတာပဲ။ ဒါကြောင့် ဘုရားက ဟော်တာ။

ငါဘုရားရဲ့ လက်သည်းပေါ်က မြေကြီးနဲ့ မဟာပထဝီမြေပြင်ပေါ်က မြေမှုန့်တွေ ဘယ်အရာက ပိုများသလဲ။ မဟာပထဝီမြေပြင်ပေါ်က မြေမှုန့်တွေထက်တောင်မှ မကောင်းမှုဒုစရိုက်မှာ မွေ့လျော်တဲ့သူတွေက ပိုများတယ်တဲ့။

ဒီတော့ မကောင်းမှုဒုစရိုက်တွေက ရှုန်းထွက်ပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ကြရမှာပဲ။ သိဒ္ဓိ၊ မဟိဒ္ဓိ ကျင့်ကြံအထမြောက်တာကို သမထပေါက်တယ်လို့ ခေါ်တာပဲ။ ဒီနေရာမှာ ဝိဇ္ဇာ၊ စရဏမပါရင် မရဘူး။ ဝိဇ္ဇာအသိနဲ့ စရဏ အကျင့်တို့ပေါင်းမှ ပေါက်မြောက်အောင်မြင့်နိုင်တယ်။ လူလောကမှာ ပြောလေ့ပြောထရှိတာက ဝ,မရှိဘဲ ဝိလုပ်နေကြတယ်။ သမထသမားတွေလည်း အန္တောဓာတ်ကို လိုက်နေကြတယ်။

အန္တောဓာတ်ဆိုတာ တနက်နေနဲ့ စနေ ပေါင်းထားတာပဲ။ တနင်္ဂနွေက(၁)၊ စနေက(၇)၊ ဗျည်းအက္ခရာ(၃၃)လုံးမှာ (၁၇)လုံးမြောက် အက္ခရာက (ထ)ထဆင်ထူး ဖြစ်တယ်။ ထဆင်ထူးဆိုတာ ဝန္ဓစ်လုံးကို ပူးကြတာပဲ။

ထကိုထောင်ရင် ဝိဖြစ်တယ်။

သမထပြီးမြောက်ရင် ထဆင်ထူးကို ရတာပဲ။ သမထက ဝိပဿနာကို တက်လှမ်းမယ်ဆိုရင် ဝိပဿနာအကြောင်း သိဖို့လိုလာပြီ။ ဝိဆိုတာက အထူးထူးအပြားပြား၊ ပဿနာဆိုတာက ပညာ။ ဒါကြောင့် အထူးရတတ်သောပညာဖြင့် သစ္စာလေးပါးကိုသိမှ နိဗ္ဗာန်ကိုရောက်မယ်လို့ မှတ်ထားကြပါ။ ဒါပြီးရင် ဝိပဿနာဘာဝနာကို လုပ်ကြရမှာပဲ။

ဒီနေ့လောကမှာ အဘအောင်မင်းခေါင်ဆိုတာကို မသိတဲ့လူ မရှိသလောက်ပါဘဲ။ ဒါပေမဲ့ ရုပ်အစစ်ကို ဘယ်သူမသိကြပါဘူး။ ခေါင်းလေးခေါင်း ရှိတယ်လို့ ဆိုကြတယ်။ အထက်မှာအောင်၊ လော်ရာမှာခေါင်တဲ့။ ဘိုးဘိုးအောင်ကတော့ ဝိဇ္ဇာလောကမှာ သီလအစစ်ကြယ်ဆုံး ပုဂ္ဂိုလ်ဖြစ်တယ်။

ပုပ္ပားမှာ ပုပ္ပားမင်းခေါင်ဘဝနဲ့ ထင်ရှားရှိစဉ်ကာလကတည်းက ငါရုပ်ကို မမှတ်နဲ့၊ နာမ်ကိုကြည့်ရမှာ။ ရုပ်ကို မသုံး၊ နာမ်ကိုသုံးမည်လို့ အဘအောင်မင်းခေါင် ကြေညာခဲ့ပြီးသားပဲ။ ပါရမီစခန်းမှာ အကျင့်မှန်ရင် ဝိဇ္ဇာတွေ အိမ်ရောက်လာမှာပဲ။ လိုက်ရှာရင် အတုအယောင်ပဲ တွေ့ရမယ်။

ကမ္မဋ္ဌာန်းဘာဝနာ အစစ်အမှန်ပွားများရင် ဝိဇ္ဇာကြီးတွေက စောင့်ရှောက်မှာပဲ။ ဒီနေရာမှာ မြတ်စွာဘုရား သာသနာမှာ တန်ခိုးပြပြီး စည်းရုံးဖို့မလိုဘူး။ ဘုရားရှင်ကိုယ်တော်တိုင်က ပယ်မြစ်တော်မူလို့ (၁၉၇၇)ခုနှစ်ကစပြီး ဝိဇ္ဇာလောကမှာ တန်ခိုးမပြရလို့ တားမြစ်တော်မူခဲ့တယ်။ ဒီတော့ ပုဂ္ဂိုလ်ကို မကြည့်နဲ့၊ အလုပ်ကိုကြည့်။

အကျင့်မှန်ရင် အသိမှန်ပြီး ဝိဇ္ဇာအစစ် တွေ့ကြရမှာပဲ။

စေတနာဆိုတာ ကံပါပဲ။ စေတနာကောင်းရင် ကံကောင်းမယ်။

စေတနာညံ့ရင် ကံညံ့မယ်။ စေတနာများရင် အကျိုးများမယ်။

စေတနာနုည်းရင် အကျိုးနုည်းမယ်။ စေတနာမရှိရင် ကံလည်း ရှိမှာမဟုတ်ဘူး။ ဒါ အသိပါဟူသည့် ဓာတ်စီးသံတို့ ဆင့်ကမ်းစီးစေလိုက်ပါ၏ဟု ဆိုစကားပြုရင်းဖြင့်

ကိုရွှေမြသန်း(သမိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းကွဲဦး (ကုမဲ)
လူမိုက်နှင့် ပညာရှိ
သမိုင်းကျမ်းဝန်ထမ်း သိရသည်

လူဆိုးလူမိုက်ကို
ပေါင်းသင်းခြင်း၊ လူလိမ္မာ
ပညာရှိကို ပေါင်းသင်းခြင်း၊
နှိမ်ချောက်သင့်သူကို ချီးမြှောက်ခြင်း
သော သဘောတရားတို့မှာ လက်သုံးပြုရသော
အရာများ ဖြစ်သည်။ အချို့နိုင်ငံများ၌ အကျင့်စာရိတ္တ
ကောင်းမွန်ရေးကို ရှေးရှုပြီး အရက်သေစာကို ပိတ်ပင်ပြဋ္ဌာန်းချက်
ပြဌာန်းသည်။

လူအများ ကောင်းစားရေး
အတွက် ကောင်းရာကောင်းကြောင်း
အကျိုးများကို မိမိတို့ စိတ်ကူးညာဏ်
ပညာရှိသလောက်
ကြံဆည်အားထုတ်
ကြံဆောင် အမှန်
ကို ကြံစည်
အကောင်အထည်ဆောက်နိုင်သူ
ကို ပညာရှိ ရှိ၏။
ပညာရှိနည်းသူတို့
က အလွဲအမှား
ကြီး အမှန်
အကောင်းထင်၍

ကျွန်ုပ်တို့ မြတ်စွာဘုရား ပွင့်တော်မမူမီ (၁၂)နှစ်
ကတည်းက ဓမ္မဒုဒ်ပဉ်ကျန်းတွင် မဏ္ဍပ်ဓရုပ်ကြီးများ ဆောက်
လုပ်ကြသည်ဟု လူအများ စုဝေးစေ၏။ လူစုံလျှင် အဟောအပြော
ပညာရှိသူတို့က ကောင်းကြောင်းတရားများကို ဟောပြော
ကြသော မင်္ဂလာနှင့်ပတ်သက်သော တရားစကားများ ဖြစ်ပေါ်
ပေါက်သည်။ သို့ရာတွင် မင်္ဂလာဆိုသည်မှာ မည်သည့်အရာမျိုး
ကို ကောင်း မဆုံးဖြတ်နိုင်။ အတပ်မသိနိုင်ရုံမက စုဝေး
ရောက်လာသူများမှာ ဝါဒကိုစွဲ၍ လူသုံးစု ကွဲသွားလေ၏။

(၁) ဒိဋ္ဌမင်္ဂလာဝါဒ

ဒိဋ္ဌမင်္ဂလာဝါဒရှိသူ ခေါင်းဆောင်တစ်ယောက်က
"ကျွန်ုပ် မင်္ဂလာအကြောင်း ကောင်းကောင်းသိသူဖြစ်တယ်။
လောကမှာ မင်္ဂလာဆိုသည်ကား မျက်စိဖြင့် အကောင်း
ကောင်းကောင်းကို မြင်ရခြင်း (ဒိဋ္ဌ)ပင်ဖြစ်တယ်။ နှာက်

www.burmeseclassic.com

www.burmeseclassic.com

စောစော အိပ်ရာထစမှာ လှပတင့်တယ် ငှက်ကလေးများ၊ အလှူအပ တန်ဆာဆင်ထားသော လူငယ်လူရွယ်၊ ရေပြည့်အိုး၊ လတ်ဆတ်သောငါး၊ အာဇာနည်မြင်း၊ ဥသဘန္တလားတို့အပြင် မျက်စိဖြင့် ကြည့်ရှုကောင်းရာ ရူပါအဆင်း အမျိုးမျိုးကို မြင်ရခြင်းက ဒိဋ္ဌမင်္ဂလာဖြစ်ပေတယ်' ပြောလေ၏။

ထိုအပြောကို အချို့သူတို့က နာယူ၍ အချို့သူတို့က မနာယူကြချေ။ ဤသို့ဖြင့် မတူကွဲပြား ငြင်းခုံမှုးကြလေ၏။

(၂) သောတမင်္ဂလာဝါဒ

သောတမင်္ဂလာဝါဒရှိသူ ခေါင်းဆောင်တစ်ယောက်က ဟောပြန်သည်မှာ မျက်စိဖြင့်မြင်ရာကို မင်္ဂလာဟု မသတ်မှတ်သင့်ပါ။ မျက်စိဆိုသည်မှာ ကောင်း,မကောင်း၊ နှစ်သက်ဖွယ်ရှိ,မရှိ အားလုံးကို မြင်တွေ့ရပါတယ်။ နားဖြင့် ကြားရတဲ့ သောတအာရုံအကြားသာ မင်္ဂလာဖြစ်တယ်။ နံနက်စောစော အိပ်ရာထစမှာ မောင်တိုးမှား၊ မောင်ပြည့်စုံ၊ မောင်တင့်တယ် ခေါ်သံမျိုးကြားရရင် နက္ခတ်ကောင်းကြိုတဲ့ နေ့လို့ သတ်မှတ်ရမှာပါ။ ဒီလို အတိတ်၊ နိမိတ်ကောင်းတဲ့ သာယာနာပျော်ဖွယ်ကြားရခြင်းသာ မင်္ဂလာလို့ မှတ်ယူရမှာ ဖြစ်ပါတယ်ဟု ပြောပြန်၏။ ထိုအပြောကို အချို့က လက်ခံ၍ အချို့က သဘောမတူပြန်ဘဲ အယူအဆနှစ်မျိုး ကွဲပြားသွားပြန်၏။

(၃) မုတမင်္ဂလာဝါဒ

မုတမင်္ဂလာဝါဒရှိသူ ခေါင်းဆောင်တစ်ယောက်ကလည်း သင်တို့ရဲ့ ဒိဋ္ဌ၊ သောတ(၂)မျိုးကို မင်္ဂလာလို့ သတ်မှတ်လိုက်ရင် အမှားကြီး ဖြစ်သွားပါလိမ့်မယ်။ မျက်စိနဲ့ နား ဆိုသည်မှာ အဆိုး,အကောင်းကို မြင်ရ၊ ကြားရတာမို့ အဆိုးကိုလည်း မင်္ဂလာ၊ အကောင်းကိုလည်း မင်္ဂလာလို့ ခေါ်တွင်နေရပါ့မယ်။ အမှန်က နှာခေါင်းဖြင့် အနံ့ကောင်းကို ရှုရတာမျိုး၊ လျှာဖြင့် အရသာကောင်းကို စားရတာမျိုး၊ ကိုယ်ဖြင့် အတွေ့ကောင်းကို တွေ့ရတာမျိုးကိုသာ မုတ မင်္ဂလာ ဖြစ်ပေတယ်ဟု ပြောပြန်၏။ ထိုအပြောကိုလည်း ယုံကြည်သူနှင့် မယုံကြည်သူတို့ ကွဲပြီးလျှင် ငြင်းခုံကြပြန်တော့သည်။

ဤသို့ဖြင့် ငါဟာ မှန်တယ် စသည်ဖြင့် ဝါဒစစ်ပွဲ ခင်းကြလေရာ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးရှိ လူတို့မှာ ဝါဒတူရာ စုရုံးကြ၍ မင်္ဂလာဆိုသော အဓိပ္ပာယ်မှန်အောင် စဉ်းစားကြကုန်၏။ လူမစွမ်း နတ်,မ ဆိုစကားကြောင့် လူတို့မှတစ်ဆင့် ကိုယ်စောင့်နတ်တို့လည်း မင်္ဂလာတရားနှင့်ပတ်သက်၍ အငြင်းပွားကြတော့သည်။ ကိုယ်စောင့်နတ်တို့မှတစ်ဆင့် ဘုမ္မစိုးနတ်၊ အာကာသစိုးနတ်၊ စတုမဟာနတ် စသည်ဖြင့် ကူးစက်သွားလေသည်။

ထိုနတ်တို့ အငြင်းပွားရာမှ မင်္ဂလာအမှန်ကို သိနိုင်ရန် သိကြားမင်းထံသို့ နတ်အပေါင်း ရောက်သွားကြသည်။ သိကြားမင်းအား မင်္ဂလာအမှန်ကို ဆုံးဖြတ်ချက်ချပေးရန် တောင်းပန်ကြ၏။

သိကြားမင်းက 'အို..နတ်အပေါင်းတို့၊ မင်္ဂလာစကားမှာ ဘယ်အရပ်မှ ဖြစ်ပေါ်လာပါသနည်း' ဟု မေး၏။

လူပြည်မှစ၍ ဖြစ်ပေါ်လာကြောင်း လျှောက်ထားကြ၏။

'ယခုအခါ မြတ်စွာဘုရား ဘယ်အရပ်မှာ သီတင်းသုံးတော်မူသနည်း' ဟု မေးပြန်သော် လူပြည်၌ပင် သီတင်းသုံးတော်မူကြောင်း လျှောက်ကြပြန်၏။

'သင်တို့ ယနေ့ထက်ထိ ဘုရားရှိရာ သွားရောက်ပြီး မင်္ဂလာအကြောင်း မလျှောက်ကြဘူးလား' ဟု မေးသည်။

'မလျှောက်ကြသေးပါ' ဟု ဖြေကြားသောအခါ 'သင်တို့မှာ မီးရှိနေပါလျက် မီးကို စွန့်လွှတ်၍ ပိုးစုန်းကြူးတို့ မီးဟောက်စေရန် ကြိုးပမ်းသကဲ့သို့ ရှိချေတယ်။ မင်္ဂလာဟူသမျှကို အကြွင်းအကျန်မရှိ ဟောကြားနိုင်သော မြတ်စွာဘုရားကို ကျော်လွန်ပြီး ငါသိကြားထံ လျှောက်မေးမြန်းခြင်းကား သင့်လျော်ပါမည်လော။ နတ်သားတစ်ယောက်တို့ မြတ်စွာဘုရားထံ စေလွှတ်၍ မင်္ဂလာအကြောင်းကို မေးမြန်းကြလေ။ အဖြေမှန်ကို ရလိမ့်မည်' ဟု အမိန့်ရှိလေသည်။

ထိုအမိန့်အတိုင်း နတ်သားတစ်ယောက်ကို စေလွှတ်၍ လျှောက်ထားစေသဖြင့် မြတ်စွာဘုရားကိုယ်တိုင် တစ်လောကလုံး ကြီးပွားချမ်းသာကြစေရန် မင်္ဂလာတရားတော် ဟောကြားတော်မူ၍ မင်္ဂလသုတ်ဟု ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ ချမ်းသာခြင်းကို လိုချင်ကြတုန်းသော နတ်များစွာ၊ လူများစွာတို့အတွက် အသေဝနာဟာလာနံဆိုသည့် လူမိုက်တို့ကို မမှီဝဲ၊ မဆည်းကပ်ခြင်းအကြောင်းနှင့်ပတ်သက်၍ မြန်မာ့ရာဇဝင်သမိုင်းထဲမှ တပင်ရွှေထီးကို ရွေးချယ်တင်ပြပေးချင်ပါသည်။

ငှင်းမင်္ဂလာဝတ္ထုကို မတင်ပြမီ လူမိုက်ဆိုသူ့အကြောင်း ရှင်းလင်းတင်ပြချင်ပါသည်။ ထိုလူမိုက်ဆိုသူ့အကောင်းအဆိုး၊ အကြောင်းအကျိုး နှစ်ရပ်ကို မသိတတ်သူ

www.burmeseclassic.com

အခြေခံအကျင့်ယုတ်များကို ကျင့်ကြံတတ်သူ၊ လောကုတ္တရာလည်း လက်လွတ်၊ လောကီရေးရာတို့၌လည်း အကျိုးစီးပွားမွန်မှုကို မမျှော်မြင်၊ မသိတတ်သူ၊ လူပျက်လူနှမ်းသဏ္ဌာန်များကို ဆိုလိုသည်။ ထိုလူမျိုးတို့ကို အဆိပ်ပြင်းသော မြွေပွေး၊ မြွေဟောက်ကဲ့သို့လည်းကောင်း၊ မစင်ပြည်လူးနေသော လမ်းမကြီးကဲ့သို့လည်းကောင်း ဝေးစွာရှောင်ကြဉ်အပ်ကြောင်း မြတ်စွာဘုရားမှ မိန့်မှာဟောကြားတော်မူလေသည်။

ထိုသို့ မိန့်မှာချက်ကို မလိုက်နာဘဲ လူမိုက်နှင့် ပေါင်းသော မင်းတရားရွှေထီးမှာ သက္ကရာဇ်(၈၉၂)ခုနှစ်၊ နတ်တော်လဆန်း (၅)ရက် ကြာသပတေးနေ့ ညဉ့်တစ်ချက်တီးချိန်တွင် ကေတုမတီတောင်ဂူရွှေနန်းကို သိမ်းပိုက်၍ မင်းအဖြစ်သို့ ရောက်တော်မူသည်။ သက်တော်(၁၅)နှစ်တွင် ဘုရင်ဖြစ်သည်။ ဘုန်း၊ လက်ရုံး၊ အာဏာ၊ ပညာနှင့် ပြည့်စုံတော်မူသော မင်းမြတ်တစ်ပါးဖြစ်ပါလျက် မိစ္ဆာဒိဋ္ဌိဖြစ်သော ပေါ်တူဂီတစ်ယောက်နှင့် ပေါင်းမိသောကြောင့် ဆိုးကျိုးတော်မူရသည်။

ထိုပေါ်တူဂီနှင့် ဆက်မိရပုံကား အိန္ဒိယနိုင်ငံ၊ ဂိုဝါနယ်ကို အစိုးရသော ပေါ်တူဂီမင်း(ဝိစ္စရာဇ)က စုမာတြားကျွန်းကိုတိုက်ရန် တူတစ်ယောက်အား သဘော်(၇)စင်းနှင့် လက်နက်လူအင်အား ပြည့်စုံစွာဖြင့် လွှတ်လိုက်သည်။ မလက္ကာ(မလေး)သို့ရောက်လျှင် စုမာတြားဘုရင်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြ၏။ ပေါ်တူဂီမင်း၏တူလည်း တစ်ချက်၍ လေ့(၁၀)ယောင်း၊ လူ(၃၀၀)ခန့်နှင့် မုတ္တမဆိပ်သို့ ရောက်လာခဲ့သည်။

မုတ္တမစားက ဖမ်းယူ၍ မင်းတရား တပင်ရွှေထီးအား ဆက်သလိုက်သည်။ တစ်နေ့သ၌ မင်းတရားရွှေထီး တောအားထွက်တော်မူရာသို့ ပေါ်တူဂီကုလားကို ခေါ်တော်မူ၍ ခိုးရန်ရသည်။ တောထဲသို့ရောက်လျှင် စက်ဝိုင်းပေါ်တွင် ကားပန်းပွင့်ကိုထား၍ ကုလားကို သေနတ်ပစ်စေသည်။ ဆက်တိုင်းပင် ထိမှန်၏။ ထို့ကြောင့် မင်းတရားက ကုလားကို အလွန်မြတ်နိုးတော်မူ၍ အတွင်းစေ ကိုယ်လုပ်တော်ဆယောက်နှင့် စုံဖက်တော်မူသည်။ ရာထူးလည်း ပေးတော်မူသည်။ ၄င်းပေါ်တူဂီသည် မင်းတရားကြီးအား ပွဲတော်စာကိုလည်း အရသာရှိအောင် ချက်ပြုတ်ဆက်သတတ်သည့်အပြင် စပျစ်ဝိုင်အရက်ကိုလည်း အထူးကောင်းမွန်အောင် စီရင်ဆက်သရသည်။

သောက်လျှင် ချိုမြိန်လှစွာသော စပျစ်ရည်ကြောင့် လည်း ပေါ်တူဂီကို နန်းတွင်းသို့ ခေါ်တော်မူပြီးလျှင် အပါးတော်တွင် နေစေ၍ သဘောရှိ သောက်စားခွင့်ပေးထား၏။ ပေါ်တူဂီလည်း ဘုရင့်အကျိုး လိုလားဟန်နှင့် အရက်ကို ကောင်းလွန်းလှအောင် ပူးရည်ရောချက်ပြီး ထိုအရက်အား မင်းတရားကြီး သောက်တော်မူရလျှင် အယူတော်ဖောက်ပြန်လာ၏။ ဤသူမယားကို ထိုသူသို့၊ ထိုသူမယားကို ဤသူသို့ပေး၍ မအပ်မရာသော အကြောင်းတို့အား စီရင်မိန့်ကြားတော်မူ၏။ မလိုရှိ လျှောက်တင်မူများကို စဉ်းစားတော်မမူ။ ခေါင်၍ ကွပ်မျက်တော်မူလေသည်။

ဤကဲ့သို့ ပြုဖန်များသော် ဘုရင့်နောင်က သုံးသပ်ဝေဖန်ရတော့သည်။ ပြုကျင့်နေမှုများကား ကေရာဇ်မင်းတို့၏ အကျင့်မဟုတ်။ အရက်သောက်ခြင်းကို ပယ်မှသင့်မည်ဟု လျှောက်တင်သည်။ သို့သော် မင်းတရားမှာ သေရည်နှင့်သာ အကျွမ်းဝင်နေပြီဖြစ်၍ အရက်နှင့် မျက်နှာသစ်ရသူတို့ အဆင့်သို့ ရောက်ရှိနေလေပြီ။ ဘုရင့်နောင်လည်း လျှောက်တင်၍ မရသည်နှင့် တိုင်းရေးပြည်ရေးကို မလစ်မလပ်ရအောင် စီရင်တော်မူပြီး အရက်သမား ပေါ်တူဂီကုလားကိုလည်း သဘော်ဘတစ်စင်းနှင့် အရင်းအနှီးငွေပေး၍ သူ၏တိုင်းပြည်သို့ ပြန်ပို့လိုက်ရလေသည်။

သက္ကရာဇ်(၉၁၁)ခုနှစ်တွင် မင်းတရား ရွှေထီးသည် ဇာတာတော်မသန့်ဟု ပညာရှိတို့လျှောက်၍ တိုက်ဆင်တစ်ရာ၊ မြင်းနှစ်ရာ၊ စစ်သည်သူရဲလေးသောင်းနှင့် ဟံသာဝတီမှ ပန်းတနော်တပ်တော်သို့ပြောင်း၍ စံနေတော်မူသည်။ ထိုအခါ ဘုရင့်အပါးတွင် သမိန်စောထွတ်နှင့် သမိန်စောလကွန်းအိမ်တို့ နေ့ညမပြတ် ခစားနေကြရ၏။ ထိုနှစ်ဦးတွင် သမိန်စောထွတ်ကား ဘုရင့်စည်းစိမ်ကို ချိန်ရွယ်နေသူဖြစ်သည်။ သို့သော်လည်း ပရိယာယ်ကောင်းလှသည်နှင့် သမိန်စောထွတ်ကိုပင် အထူးလိုလားတော်မူသောကြောင့် သမိန်စောထွတ်၏ညီ နှစ်ယောက်အားလည်း လက်ဝဲမားမှူး၊ လက်ယာမားမှူး ခန့်ထားတော်မူသည်။

ပန်းတနော်တပ်မှ ရခိုင်တပ်သို့ပြောင်း၍ စံတော်မူစဉ် အရှေ့ဘက်ကသာ(ကျိုက်ကသာ) အရပ်တွင် ဆင်ဖြူတော်ပေါ်သည်ဟု သမိန်စောထွတ် ဇာတ်စားလျှောက်တင်သည်ကို ယုံကြည်တော်မူ၍ ကသာသို့ ကူးပြောင်းစံနေတော်မူပြန်သည်။ သမိန်စောထွတ်၏ အတွင်းဉာဏ်အရ သစ္စာရှိသောစောလကွန်းအိမ်ကိုလည်း ငါ ဆင်ဖြူရတော်မူမည်။ ဖမ်းတော်မူမည်။ မုတ္တမမြို့မှာ ရဲမက်ဗိုလ်ပါ စုရုံးချေဟူ၍ မုတ္တမ

www.burmeseclassic.com

မြို့သို့ စေလွှတ်တော်မူသည်။

စောလက္ခန်းအိန်လည်း ကိုယ်တော်နှင့် ကျွန်တော်ကို မကွာစေနှင့်ဟု ဘုရင့်နောင်တော် မိန့်မှာချက်ပါရှိသည်ဟု အကြိမ်ကြိမ်လျှောက်သော်လည်း ပျက်ချိုန်တန်လျှင် အများကို အမှန်ထင်ဆိုသည့်အတိုင်း သမိန်စောထွတ် ငါ့ထံတွင် ရှိပြီပဲ။ စိုးရိမ်ရန်မလို။ အမိန့်အတိုင်းသွားရမည်ဟု အာဏာထားသဖြင့် မုတ္တမသို့ ထွက်ခွာသွားရလေသည်။

စောလက္ခန်းအိန် အပါးတွင် မရှိချိန်၌ စစ်တောင်းစား သမိန်စောထွတ်သည် ညီတော် လက်ဝဲမောမှူး၊ လက်ယာမောမှူးတို့နှင့် အစောကပင် တိုင်ပင်ထားသဖြင့် သက္ကရာဇ် (၉၁၂)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက် ဗုဒ္ဓဟူးနေ့ည(၃)ချက်တီးကျော်တွင် မင်းတရားတပင်ရွှေထီး စက်တော်ခေါ်နေစဉ် လက်ဝဲမောမှူးကိုယ်တိုင် လုပ်ကြံလေ၏။

ဦးခေါင်းပြတ်၍ သလွန်အောက်သို့ စင်ကျသွားသည်။ မိုးသောက်မှကြည့်သော် အသက်ရှိသူကဲ့သို့ မျက်တောင်တခတ်ခတ်နှင့် ရှိနေသည်။ နေ့တစ်ချက်တီးကျော်မှ မျက်တောင်ခတ် ရပ်စဲသွားကြောင်း ဆိုကြလေ၏။ ဤသို့ဖြင့် မင်းတရားရွှေထီးမှာ အိမ်နိမ့်(၁၅)နှစ်၊ စည်းစိမ်တော်(၂၀)နှစ်သို့အဝင် သက်တော်(၃၅)နှစ်၌ နတ်ပြည်သို့ စံတော်မူခဲ့ချေသည်။ ၄င်းဘုရင်ရွှေထီးသည် သက္ကရာဇ်(၈၇၈)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ သက္ကရာဇ်(၉၁၂)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက်၊ ဗုဒ္ဓဟူးနေ့မှာပင် နတ်ပြည်သို့စံလွန်တော်မူသည်။ ဖွားနေ့၊ ဖွားရက်နှင့် နတ်ပြည်စံရက်တို့ ကိုက်ညီ၍နေသည်။ သက်တော်(၃၅)နှစ်မျှသောအရွယ်မှာ နတ်ပြည်စံတော်မမူသင့်သေးချေ။

ဘုရင်ရွှေထီး စံလွန်တော်မူရသည်မှာ အမျိုးမတူ၊ ဘာသာမတူသော လူမိုက်ကို အတွင်းထား၍ မြှောက်စားတော်မူခဲ့သည်။ ရှေးမြန်မာဘုရင် အစဉ်အဆက်တို့ လိုက်စားရိုးဓမ္မတာမဟုတ်။ ဘုရင်မင်းမြတ်နှင့် မသင့်လျော်သော သေရည်သေရက် သောက်စားမှုအလေ့ကို မှားယွင်းစွာလိုက်ပါတော်မူခြင်းကြောင့်သာ ဖြစ်ရလေသည်။ ဤသို့ဖြင့် သေရည်အရက်ကို လွန်ကျူးစွာ သောက်စားတတ်သော လူမိုက်ကို ပေါင်းသင်းမိခြင်းကြောင့် ငါးတစ်ကောင် ပုပ်နေရာမှ တစ်လျှော်လုံးရှိငါးတွေ ပုပ်သွားရသကဲ့သို့ လူသာမန်တို့ပင် မဆိုထားနှင့် ဘုန်းကံကြီးမားသော ရှင်ဘုရင်ပင် ပျက်စီးခြင်းဘဝ ရောက်ခဲ့ရလေသည်။

ဤမျှလောက် ကြောက်ဖွယ်ရာကောင်းလှပါသော်ကြောင့် အသေဝနာစ ဗာလာန်-လူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၏ဟု ဟောတော်မူရာ၌ ဖြစ်ပေတော့သတည်း။

♦ ♦ ♦

ထို့နောက် လူလိမ္မာပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်းဟူသော ပဏ္ဍိတာနဉ္စ သေဝနာအကြောင်းကိုလည်း စာဖတ်သူများအတွက် တစ်ဆက်တည်း ဖော်ပြပေးချင်ပါသေးသည်။ အကောင်းအဆိုး၊ အကြောင်းအကျိုး နှစ်ရပ်ကို သိတတ်သူ၊ အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံသည်ဖြစ်စေ မပြည့်စုံသည်ဖြစ်စေ သုစရိုက်အကျင့်ကောင်းများကို ကျင့်ကြံအားထုတ်သူ လူတော်လူကောင်း လူအနှစ်ပြည့်များကို လူလိမ္မာပညာရှိဟု ဆိုလိုသည်။

ရေတတ်သူသည် ရေကြည်ရေကောင်းရှိရာသို့ အရောက်သွား၍ ရနိုင်သောနည်းလမ်းဖြင့် အရယူကာ မှီဝဲသုံးဆောင်သကဲ့သို့ လူလိမ္မာပညာရှိတို့ရှိရာသို့ အရောက်သွား၍ ဆည်းကပ်ကြရပါမည်။ ဗဟုသုတအကြားအမြင်နှင့် ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်နှင့် ပေါင်းသင်းရခြင်းသည် ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံနိုင်သောကြောင့် ယူဇနာတစ်ရာ ဝေးတွာသော အရပ်၌ ပညာရှိပုဂ္ဂိုလ် ရှိနေသည်ဟု ကြားရလျှင် ခရီးဝေးသည်ဟု မခိုကပ်သင့်ချေ။ ထိုအရပ်သို့ အရောက်သွားရမည်ဟု ကျမ်းဂန်တို့၌ အဆိုရှိခဲ့ပါသည်။

လူလိမ္မာပညာရှိနှင့် ပေါင်းမိကြသော လှည်းငါးရာကုန်သည်ကြီးတစ်ယောက် အကြောင်းကို တင်ပြပေးပါဦးမည်။

ရှေးအခါ ဗာရာဏသီပြည်၌ လှည်းသားငါးရာအား ဦးစီးကွပ်ကဲကြသော ကုန်သည်ကြီးနှစ်ယောက် ရှိကြသည်။ တစ်ယောက်ကား အမြော်အမြင်ဉာဏ်ပညာရှိသောကြောင့် ပဏ္ဍိတဝါဏိဇ္ဇဟု အမည်တွင်၍ တစ်ယောက်ကား အမြော်အမြင်ဉာဏ်ပညာမရှိသောကြောင့် ဗာလဝါဏိဇ္ဇဟု အမည်တွင်လေသည်။

တစ်နေ့သ၌ ပဏ္ဍိတဝါဏိဇ္ဇ ကုန်သည်ကြီးက မိမိ၏ နောက်လိုက်တပည့်တို့အား ကလိင်္ဂတိုင်းသို့ ကုန်ရောင်းသွားရန် ပြောကြားသည်ကို ဗာလဝါဏိဇ္ဇကုန်သည်ကြီး ကြားသိ၍ မိမိ၏ နောက်လိုက်တို့အား 'တပည့်တို့...သူတို့ မသွားခင် ငါတို့က ဦးအောင်သွားကြရမည်။ ကုန်စည်လှည်းများကိုသာ အသင့်ပြင်ဆင်ထားကြပေတော့' ဟု ဆိုလော

www.burmeseclassic.com

www.burmeseclassic.com

ကြွား အမိန့်ပေးလေ၏။

ထိုအကြောင်းကို ပဏ္ဍိတဝါဏိဇကုန်သည်ကြီး သိရ
တာပည့်တို့...သူတို့လူစု အရင်သွားပါစေ။ လမ်းခရီး
ပြေပြစ်ချောမောပြီး ဖြစ်လိမ့်မည်။ ဟင်းရွက်ဟင်းသီး
များသည်း အခက်နဖြစ်လာလိမ့်မည်။ စခန်းချရာတို့လည်း
နှင်းပြီး ဖြစ်လိမ့်မည်။ စိတ်မဖြစ်ကြနှင့်' ဟု အားပေး
ပြောထားလေ၏။ လူမိုက်နှင့် ပညာရှိတို့၏ ကွာခြား
ပုံသည်း။

သို့ဖြင့် ဗာလဝါဏိဇကုန်သည်လည်း တပည့်လှည်း
တို့နှင့် ကုန်အပြည့်တင်ကာ အရေးတကြီး ထွက်ခွာ
သွားကြ၏။ မကြာမီ ရေမရှိရုံမျှမက ဘီလူးတို့ ကျက်စားရာ
ခရီးသို့ ရောက်သွားကြလေ၏။ ဥဇ္ဈာများသော ဘီ
လူသည် လူအသွင်ဖြင့် ရေအိုင်မှ တက်လာလေဟန်
ဆောင်သော အဝတ်၊ ဆံပင်ရှိလျက် ကြာပင်ကြာရိုးတို့ကို
ဆောက်ကာ ခရီးရင်ဆိုင်လာကြ၍ လှည်းသမားတို့နှင့်
ဆိုင်မိကြသောအခါ -

'အို...လှည်းသမားတို့၊ အဘယ်ကြောင့် လှည်းအလေး
ရေစည်တွေကို တင်လာရပါသလဲ။ မကြာခင် ရေ
ကြီးကို တွေ့ရလိမ့်မယ်။ ရေပေါလှတဲ့စခန်းဖြစ်ကြောင်း
သိကြဘူးလား' ဟု လှည့်စားပြောကြလေ၏။

ဥဇ္ဈာနည်းသော ခေါင်းဆောင်ကြီးက 'တပည့်တို့...
ပြောတဲ့အတိုင်း အမှန်ဖြစ်လိမ့်မယ်။ လှည်းလေးမခံကြ
နဲ့သမျှရေတွေကို သွန်ကြလေ' ဟူ...ဆိုလိုက်သဖြင့်
သူတို့လည်း လုံးဝမစဉ်းစားဘဲ ရေတွေကို သွန်ပစ်
လိုက်တော့၏။

ဘီလူးစကားကို ယုံစားမိကြသော လှည်းသမားတို့မှာ
ဘာမျှမရ၊ ရေဟောင်းလည်း မပါ၍ ချက်ပြုတ်မစား
နိုင်ကြ နွားတွေလည်း ရေငတ်၊ ဤသို့အားပြတ်နေကြ
သော ဘီလူးတစ်သုတ်မှာ ရောက်လာ၍ လှည်းသမားများ
ကို ဖြတ်စားသောက်လိုက်ကြသဖြင့် အရိုးစုများသာ
ကျန်ရစ်တွင် ကြွင်းကျန်ခဲ့လေသည်။ တစ်လတာမျှ
အတွင်း ပဏ္ဍိတဝါဏိဇ ကုန်သည်ကြီးလည်း တပည့်
ခေါင်းရာနှင့် ထွက်ခွာလာခဲ့လေ၏။

ဘီလူးတို့လည်း စားနေကျကြွေကြောင်ပါးအသွင်ဖြင့် ယခင်
ကဲ့သို့ပင်း လှည့်စားပြောဆိုကြပြန်သည်။ သို့သော်
ပဏ္ဍိတဇ ကုန်သည်ကြီးမှာ ဥဇ္ဈာရှိသူ ခေါင်းဆောင်
ဖြစ်သောကြောင့် အရိပ်အခြည်ကိုကြည့်၍ 'တပည့်
တို့...ငါမသိဘဲ ရေကို တစ်ပေါက်မျှ သွန်မပစ်ရ' ဟု အမိန့်
ပေးလေ၏။ ဘီလူးတို့လည်း ရိပ်မိသဖြင့် ရှောင်ဖယ်သွား
ကြလေတော့၏။

တပည့်လှည်းသမားများက 'ဆရာကြီး...အဘယ်ကြောင့်
ရေမသွန်ရန် အမိန့်ပေးရပါသလဲ' ဟု မေးကြသည်။ ထို
အခါ ဆရာကြီးပဏ္ဍိတဝါဏိဇက 'တပည့်တို့...ဒီအကောင်
တွေဟာ လူမဟုတ်ဘူး။ ဘီလူးတွေသာဖြစ်တယ်။ သင်တို့
သတိထားကြည့်ကြစမ်း။ (၁) သူတို့မျက်စိတွေဟာ ဝန်း
ဝိုင်းနေတယ်။ (၂) မျက်တောင်လည်း မခတ်ဘဲနေကြတယ်။
(၃) ဖနောင့်လည်း တိုတယ်။ (၄) ခြေဖျားကိုသာ ထောက်
သွားကြတယ်။ (၅) သွားလာရာမှာ ခြေဖျားကိုသာ ထောက်
သွားလာကြတယ်။ (၆) စကားပြောဆိုရာမှာလည်း အောင့်
သက်သက်အသံရှိတယ်။ (၇) ပြီးတော့ မကြောက်မရွံ့
ရဲရင့်တဲ့မျက်နှာ ရှိနေတာမို့ လူယောင်ဆောင်လာတဲ့ ဘီလူး
တွေမှန်း သိရတယ်။ ဒီသဲကန္တာရတောမျိုးမှာ ရေပေါရိုးထုံးစံ
မရှိ၊ မြေဩဇာမြက်လည်းမပေါက်။ မြေလည်း သွေ့ခြောက်လှ
တယ်။ သစ်ပင်တွေမှာလည်း အရွက်မရှိ။ သူတို့ပြောတိုင်း
သာ ယုံရမယ်ဆိုရင် တစ်နေရာရောက်ရင် ဒုက္ခရောက်ဖွယ်
သာမြင်လို့ ပါလာသမျှ ရေတွေကို တစ်စက်မျှပင် မစွန့်ဖို့
အမိန့်ပေးရတာပဲ' ဟု ဖြေဆိုလိုက်၏။

မကြာမီတွင် ခရီးကို ဆက်လက်သွားခဲ့ရာ တစ်နေရာ
၌ အရိုးစုတို့နှင့် လှည်းဝိုင်းကြီးကို မျက်မြင်ကိုယ်တွေ့
ရင်ဆိုင်လိုက်ကြရလေတော့၏။

ထိုသောအခါမှ 'ဩော်...ငါတို့ခေါင်းဆောင်ကြီး ပြော
တာ မှန်လှပါတကား။ ဘီလူးစားလို့ ခေါင်းဆောင်ရော
နောက်လိုက်ပါ ပျက်စီးကုန်ကြပါပေါ့တကား။ ငါတို့မှာ
ဥဇ္ဈာရှိခေါင်းဆောင် ကျေးဇူးကြောင့် အသက်မသေရုံမျှ
မက လိုသမျှ ကုန်တွေကိုရပြီး ချမ်းသာကြပေတော့မယ်' ဟု
ပြောဆိုကြပြီးလျှင် လိုသမျှ ကုန်တို့ကို လှည်းဟောင်းနှင့်
လှည်းသစ်လဲလှယ်၍ လိုသောခရီးပန်းတိုင်ဆီသို့ ရောက်
ကြပြီးလျှင် ချမ်းသာကြွယ်ဝ ပဏ္ဍိတသေဝနာမင်္ဂလာ ကျေး
ဇူးကို အစွဲးခံစားကြရလေတော့သတည်း။

●ဇာတ်ပရိသတ်များ ဆင်ခြင်တွေးတောနိုင်ကြပါစေ။

ဝမ်းဇော်ဦး(ကူမဲ)

ကျမ်းကိုး

* ဘုရားဟော မင်္ဂလသုတ်။

www.burmeseclassic.com

www.burmeseclassic.com

ဆုပေးဆုယူခလေ့

* ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ။
* ဘေးရန်အန္တရာယ်ခပ်သိမ်း ကင်းဝေးပါစေ။
* ထိမယ့်ခလုတ် ဆုတ်ပါစေ၊ လာမယ့်ဘေး ဝေးပါစေ။
* သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာ လိုရာဆန္ဒ ပြည့်ပါစေ။
* ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းသင်းရပါစေ။
* ရာသက်ပန် ရိုးမြဲကျအောင် အိုးမကွာအိမ်မကွာ နေရပါစေ။
* ညာဘက်က တစ်ဆုပ်ကြဲလို့ ဘယ်ဘက်က တစ်လှည်း ဝင်ပါစေ။

မုဏ္ဍာနေကာ ဘီလူးစားမခံရသော ကလေးငယ်

www.burmeseclassic.com

www.burmeseclassic.com

ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီး လောက်ရပါစေ..စသဖြင့် ဆုပေးလေ့ရှိကြပါသည်။ ဆုခံယူသူကလည်း ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ပြောဆို လေ့ရှိကြသည်။ ခံယူလေ့ရှိကြပေသည်။

ဆုပေးတိုင်းရ သလား၊ ဆုတောင်းတိုင်း ဖြစ်လာ သလား၊ ပေးတဲ့ဆု၊ တောင်းတဲ့ဆုတိုင်းလည်း ရသလား ဖြစ် စဉ်းစားစရာ၊ အဖြေရှာစရာ ရှိလာပါသည်။

ဤဆုပေးဆုယူနှင့်ပတ်သက်၍ မှတ်သားစရာ လိုက် စရာ အကြောင်းအရာပေးထားသော ဖြစ်ရပ်မှန် ဇာတ် လမ်းဆောစ်ပုဒ် တင်ပြချင်ပါသည်။ ဆုပေးခြင်းကိုပင် မခံ ယူ တစ်ယောက်အကြောင်း ဖြစ်ပါသည်။

သားမခံရသောကလေးငယ်

သူငယ်ချင်း ပုဏ္ဏားနှစ်ယောက် ရသေ့ပြုကြသည်။ ဗြဟ္မဏဝါဒအရ (၄၈)နှစ်တိုင်တိုင် ရသေ့ဝတ်ကြပြီး ကိ လေသာတရား ခေါင်းပါးအောင် ကျင့်ရသည့် တပစရဏ အကျင့်ကို ကျင့်ကြသည်။ ဗြဟ္မဏဝါဒ ပုဏ္ဏားတို့သည် ဝေဒဂ္ဂများကို (၄၈)နှစ်အထိ သင်ယူရသည်ဟုဆိုသည်။ သေရုပာန်းပြု၍ နေကြရသည်။ ပြီးမှ လူထွက်ပြီး အိမ် ထောင်ပြုနိုင်သည်ဟု ဆိုပေသည်။ ရှေးက ဗြဟ္မဏဝါဒဖြစ် သည်။

ဤတွင် ရသေ့တစ်ပါးက ရသေ့ဘဝဖြင့် မပျော်ဝိုက် လူထွက်ကာ အိမ်ထောင်ပြု၏။ သားတစ်ယောက် ဖွား မြောက်ပြီးသော အချိန်တွင် မိတ်ဆွေဟောင်းဖြစ်သော သူသည် သူ၏နေအိမ်သို့ ရောက်လာ၏။

ရသေ့လူထွက်သူ၏ မယားနှင့် သားငယ်တို့က ရှင် သေ့ကို ရှိခိုးကန်တော့ကြသည်။ ဤသို့ကန်တော့ကြရာ ရသေ့ရဟန်းသူတော်စင်တို့သည် ချီးမွှောက်သောအား ဆုပေးလေ့ရှိကြသည်။

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ၊
ဇန္တုံတွာ ဝန္ဒနာနာမ၊ ပူဇာသက္ကာရ ဘာဇနံ။

ရာဇာသုံးပါးတို့ကို ကြည်ညိုသောသဒ္ဓါစိတ်ဖြင့် ရှိခိုး ကန်တော့ရသောကြောင့် လာဘ်လာဘပေါများခြင်း၊ ပူဇော် ခံခြင်း စသောအကျိုးတရားများ ရရှိကြစေဟူ၍လည်း ဆောင်း။

အတိဝါဒန သီလိဿ၊ နိစ္စံ ဝုဠ္ဍူပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယုဝဏ္ဏော သုခံ ဗလံ။
(ဓမ္မပဒ ဂါထာ(၁၀၉)

မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်ဝါကြီးများမြင့်မြတ် ကြသော ပုဂ္ဂိုလ်တို့က ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ် ကျေးစွာ အရိုအသေပြုကာ ရှိခိုးပူဇော်လေ့ရှိသူအား အသက် ရှည်ခြင်း၊ ရုပ်အဆင်းလှပခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီး မားခြင်းတည်းဟူသော အကျိုးတရားများ ရရှိပါစေဟူ၍ လည်းကောင်း စာမူအစတွင် ဖော်ပြခဲ့သော ဆုပေးများဖြင့် လည်းကောင်း ဆုတောင်းလေ့ရှိကြပေသည်။

ဤသို့ဆုပေးခြင်းသည်လည်း ဘုရားရှင်တို့၏ အစဉ် အလာဖြစ်ကြောင်း မူလပဏ္ဏာသ အဋ္ဌကထာ စသော စာ ပေကျမ်းဂန်တို့တွင် မိန့်ဆိုထားလေသည်။

◆◆◆

မိသားစုသုံးယောက်တို့က ရှင်ရသေ့ကို ရှိခိုးကန်တော့ ရာတွင် လင်နှင့်မယား နှစ်ဦးသားတို့ကိုသာ-

'ဒိဿာယုကာ ဟောထ-သင်တို့ အသက်ရှည်ကြပါ စေ'ဟု ဆုပေးပြီး သားငယ်လေးကိုလည်း ရှင်ရသေ့အား ရှိခိုးခိုင်းရာ၌ ရသေ့က ဆုမပေးချေ။ ဒါကို လင်မယားမိဘ နှစ်ပါးတို့က မကြိုက်။

'ရှင်ရသေ့..ကျွန်ုပ်တို့ကိုသာ အသက်ရှည်ပါစေ၊ ကျွန်း မာပါစေလို့ ဆုပေးပြီး သားငယ်လေးကိုတော့ ဘာကြောင့် ဆုမပေးသလဲ'ဟု မေးမြန်းကြသည်။ ရှင်ရသေ့က-

'သင်တို့၏ သားငယ်သည် ခုနစ်ရက်အတွင်းမှာ သေ လိမ့်မည်။ သို့အတွက် ငါသည် ဒိဿာယုကော ဟောဟိ-အသက်ရှည်ပါစေဟု ဆုမပေးခြင်းဖြစ်သည်'

'ဒါဖြင့်ရင် သားလေး အသက်မသေအောင်၊ အသက် ရှင်အောင် ဘယ်လိုဆောင်ရွက်ရပါမည်လဲ ရှင်ရသေ့'

'ဒီကိစ္စကို ငါရသေ့ မတတ်နိုင်။ မြတ်စွာဘုရားသာ လျှင် သိနိုင်ပေ၏'

မြတ်ဗုဒ္ဓထံမှောက် ရောက်ကြပြီ

သို့ဖြင့် ပုဏ္ဏားလင်မယားတို့သည် သားငယ်ကိုခေါ် ကာ မြတ်စွာဘုရားထံ သွားကြလေ၏။

မြတ်စွာဘုရားကို ရှိခိုးကန်တော့ကြသောအခါတွင် လည်း ပုဏ္ဏားလင်မယားတို့ကိုသာ-

'ဒိဿာယုကော ဟောတိ၊ ဒိဿာယုကော ဟောတိ-သင် အသက်ရှည်ပါစေ၊ သင် အသက်ရှည်ပါစေ'ဟု အသီး သီးဆုပေးတော်မူ၏။

သားငယ်လေး ရှိခိုးကန်တော့ရာတွင်မူ ဘုရားရှင်က လည်း ဆုပေးတော်မူခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို သိလိုၗ် လျှောက်ထားသောအခါ ရှေးနည်းအတိုင်း မိန့်တော်မူ၏။ ထိုအခါ ပုဏ္ဏားက-

'သားငယ် အသက်မသေအောင် တားဆီးနိုင်ပါသလော' မေးရာ မြတ်စွာဘုရားက တားဆီးနိုင်ရာ၏ဟူ၍ မိန့်တော်မူလိုက်၏။

'ဘယ်လိုတားဆီးဆောင်ရွက်ရမည်ကို မိန့်တော်မူပါဘုရား'

'ပုဏ္ဏား..သင်၏အိမ်ရှေ့မှ မဏ္ဍပ်ဆောက်ပါ။ မဏ္ဍပ်အလယ်မှာ အင်းပျဉ်(စင်မြင့်) ပြုလုပ်ပါ။ စင်မြင့်ပေါ်တွင် သင်တို့၏ သားငယ်ကို တင်ထားပြီး ငါ၏ တပည့်သား ရဟန်းသံဃာများကို ပင့်ဖိတ်ကာ နံဘေးမှ ဝိုင်းရံလျက် ပရိတ်တရားနာယူပါ။ ခုနစ်ရက်ပတ်လုံး ပရိတ်နာပါ'

ဘီလူးစားဘေးမှ ကင်းဝေးလေပြီ

သားဖောဖြင့် တစ်အားမောကာ စိတ်မချမ်းမသာ ဖြစ်နေကြသော ပုဏ္ဏားလင်မယားတို့သည် ဘုရားရှင်မိန့်တော်မူသည့်အတိုင်း စီစဉ်ဆောင်ရွက်ကြသည်။

(၇)ရက်ပတ်လုံး ရဟန်းသံဃာများ ရွတ်ဖွားသော ပရိတ်တရားတော်ကို ရိသေစွာ နာယူကြလေသည်။

(၇)ရက်မြောက်သောနေ့တွင် ဘုရားရှင်ကိုယ်တိုင် ကြွရောက်တော်မူလာ၏။

မြတ်စွာဘုရား ကြွလာသောအခါ စကြဝဠာအတွင်းမှ

နတ်အများ စုဝေးရောက်ရှိလာကြသည်။ ဤအထဲတွင် ကလေးငယ်ကို စားခွင့်ရသောဘီလူးသည် ပါလာ၏။ သူ၏ အမည်ကား အဝရုဒ္ဓကဘီလူးဟူသတည်း။

သူသည် ဝေဿဝဏ်နတ်မင်းကြီး၏ တပည့်ဖြစ်၍ နတ်မင်းကြီးထံ (၁၂)နှစ်ကြာအောင် လုပ်ကျွေးပြီးနောက် နတ်မင်းကြီးက သူ့အား အခွင့်အရေးပေးသောအားဖြင့် အဖြစ် ဤကလေးငယ်ကို စားခွင့်ပေးလိုက်၏။ ဓာန်ခိုးကြွ နတ်များ လာလျှင် တန်ခိုးငယ်နတ်များ မလာနိုင်၊ အနှ သို့ မကပ်နိုင်။ သို့ဖြင့် အဝရုဒ္ဓကနတ်ဘီလူးသည် နောက်(၁၂) ယူဇနာ(၁၄၄-မိုင်ခန့်)အထိ ဖယ်ခွာဆုတ်သွားရသေ သတည်း။

မြတ်ဗုဒ္ဓကိုယ်တော်တိုင် ပရိတ်တရားတော်ကို တ ညလုံး မဟာကရုဏာတော်ဖြင့် ရွတ်ဖွားပေးတော်မူ၏။

အဝရုဒ္ဓကဘီလူးသည် ကလေးကို စားခွင့်မရတော ချေ။ နံနက်မိုးသောက် အလင်းသို့ ရောက်ခဲ့ပေပြီ။

စင်မြင့်ပေါ်မှ ကလေးငယ်ကို ပွေ့ချီလာပြီး မြတ်စွ ဘုရားကို ရိသေစွာ ရှိခိုးကန်တော့စေ၏။ မြတ်စွာဘုရားက ဒီသာယုကော ဟောဟိ-သူငယ် အသက်ရှည်စေသတည်း ဟု ဆုပေးတော်မူလိုက်လေသတည်း။

အာယုဝမုန(မောင်သက်ရှည်)

'ဤကလေးငယ် အသက်မည်မျှရှည်မည်နည်း'

ဟူသော ပရိသတ်၏ အမေးကို မြတ်စွာဘုရားက

'ဤသူငယ်သည် အသက်(၁၂၀)ရှည်စေအံ့။ အာယု ဝမုန(မောင်သက်ရှည်)ဟု ခေါ်တွင်စေသတည်း' ဟူ၍ မိန့် တော်မူ၏။

အာယုဝမုနသတို့သား အရွယ်ရောက်သောအခါ ဘ တင်းသည် မိတ်ဆွေငါးရာအထိ ခြံရံ၏။ မြတ်စွာဘုရားက

* အဘိဝါဒန သိလိသ၊ နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယုဝဏ္ဏော သုခံ ဗလ
* သက်ရှည်ဆင်းလှ ချမ်းသာရ ဗလခွန်အားပါ။

ကန်တော့ရကျိုး ဤလေးမျိုး တန်ဖိုးကြီးလှစွာ။

ဒေသနာတော်ကို ဟောကြားလိုက်သောအခါ အာ ဝမုနအမျိုသားနှင့် သီတင်းသည် သူငယ်ချင်းငါးရာ သောတာပန်ပုဂ္ဂိုလ်တွေ ဖြစ်သွားကြလေသတည်း။

မုံရွာ-ဇနီး

ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝတ္ထု၊ အာယုဝမုနသား ဝတ္ထုကို တန်ဆာဆင်ခြယ်မှုန်း ရေးသားသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

ကြက်လည်ဆံ ဆီးသေး

Vitex-Penduncularis

ဆုံးခွဲနိုင်စေသောရောဂါများ

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ကော်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

ထိုင်းရင်းဆေးဝါးမှတဆင့်အမှတ်

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, mixiimization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 095140389/09420007085

စင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဓနသီဒွီလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၉၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅

www.burmeseclassic.com

www.burmeseclassic.com

ပျာပုံ-တင်နိုင်ဝင်း

ပုတီးစိပ်ခြင်းအမျိုးမျိုး ကောင်းကျိုးအထွေထွေ

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် သမာဓိထူထောင်သည့်အလုပ်တွင် စိပ်ပုတီးကို အသုံးပြုလာခဲ့သည်မှာ ခေတ်အဆက်ဆက်ဖြစ်သည်။ ယခုကာလအထိလည်း ပုတီးစိပ်ခြင်းကို ကုသိုလ်ရေးအတွက် ပြုလုပ်နေကြဆဲ ဖြစ်ပါသည်။ အထူးသဖြင့် သမာဓိကို အခြေပြုသော ဝိဇ္ဇာဂိုဏ်းများအတွက် စိပ်ပုတီးသည် မရှိမဖြစ်ပစ္စည်း ဖြစ်သည်။ စိတ္တဇဝေဒနာရှင်များ၊ စိတ်ချောက်ချားနေသူများအတွက်လည်း စိပ်ပုတီးသည် အထူးကောင်းမွန်သော သုံးမကုန်ဆေးကြီး ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်များကမူ စိပ်ပုတီးစိပ်ရန် ဗုဒ္ဓလမ်းညွှန်မထားဟုဆိုကာ ပုတီးစိပ်ခြင်း လုံးဝမပြုဘဲ အခြားနည်းများဖြင့်သာ သမာဓိထူထောင်ကြလေသည်။ အမှန်တကယ်တွင်လည်း ဗုဒ္ဓဘုရားရှင်လက်ထက်တွင် ရဟန်းသံဃာများသည် ပုတီးစိပ်ခြင်း၊ ဆောင်ထားခြင်းများမရှိခဲ့ကြပါ။ လူပုဂ္ဂိုလ် ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း ပုတီးစိပ်သည်ဟူ၍ ပိဋကတ်ကျမ်းဂန်များတွင် မတွေ့ရပါ။ ထိုသို့ ပုတီးမစိပ်ကြသည်မှာ ယနေ့ခေတ်ကဲ့သို့ ပုတီးကုံးများ ပေါပေါများများမရှိခြင်း၊ ခေတ်မစားသေးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ သာသနာနောက်ပိုင်းတွင်မှ ပုတီးယဉ်ကျေးမှု တစ်စ၊ တစ်စ ထွန်းကားလာခဲ့သည်။

မည်သို့ဆိုစေ ယနေ့ခေတ်တွင်တော့ ပုတီးစိပ်သည့် ဓလေ့သည်ကား ကွယ်ပျောက်မသွားသေးချေ။ ရိုးရာဓလေ့အနေဖြင့် စိပ်နေကြဆဲဖြစ်သည်။ ပုတီးစိပ်နည်းကလည်း အမျိုးစုံလှသည်။ အမျိုးအစားခွဲခြားကြည့်သော် အကြမ်းအားဖြင့် ပုတီးစိပ်နည်း(၇)မျိုး တွေ့ရသည်။

၎င်းတို့မှာ-

(၁) ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ဆည်းကပ်ပူဇော်သောအားဖြင့် စိပ်သော သရဏဂုံပုတီးစိပ်နည်းအမျိုးမျိုး၊

(၂) ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် စသော ဂုဏ်တော်များကို ပွားများသည့်အနေဖြင့် စိပ်သော ဂုဏ်တော်ပုတီးစိပ်နည်းအမျိုးမျိုး၊

(၃) ရှင်သီဝလိ စသော ရဟန္တာပုဂ္ဂိုလ်များကို ပူဇော်သောအားဖြင့် စိပ်သော ရဟန္တာပူဇာ ပုတီးစိပ်နည်းအမျိုးမျိုး၊

(၄) ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ရန် စိပ်သော ထွက်ရပ်ပေါက်ပုတီးစိပ်နည်းအမျိုးမျိုး၊

(၅) အဓိဋ္ဌာန်အောင်မြင်လို၍ စိပ်သော အဓိဋ္ဌာန်ဝင် ပုတီးစိပ်နည်းအမျိုးမျိုး၊

(၆) လာဘ်ခေါဂါထာ၊ မန္တန်တို့ဖြင့် စိပ်ရသော လာဘ်ခေါ ပုတီးစိပ်နည်းအမျိုးမျိုး၊

(၇) ကျန်းမာရေးကောင်းရန်၊ အခက်အခဲများ ကျော်လွှားနိုင်ရန် စသောရည်ရွယ်ချက်အမျိုးမျိုးဖြင့် စိပ်သော ရည်ရွယ်ပုတီးစိပ်နည်းအမျိုးမျိုးဟူ၍ ဖြစ်သည်။

(၁) သရဏဂုံပုတီးစိပ်နည်းဟူသည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရာ၌ ယုံကြည်မှုပိုမိုခိုင်မြဲစေရန် ဘုရားကို ဆည်းကပ်ပါ၏၊ တရားကို ဆည်းကပ်ပါ၏။ သံဃာကို ဆည်းကပ်ပါ၏ဟု အကြိမ်ကြိမ်ရွတ်ဆိုကာ ပုတီးစိပ်ခြင်း ဖြစ်သည်။ ပါဠိလို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟု ရွတ်ဆိုပြီး ပုတီးစိပ်ရ၏။ ထိုသို့ပုတီးစိပ်ခြင်းဖြင့် မိမိသည် ရတနာသုံးပါးအပေါ် ပိုမိုကြည်ညိုလာ၏။ နောက်ဆုံး သမာဓိရလာသောအခါ ယုံကြည်မှုသည် လုံးဝခိုင်ခြံသွားလေသည်။ ဤသည်ကို သရဏဂုံတည်သည်၊ သရဏဂုံမြဲသည်ဟု ခေါ်၏။

သရဏဂုံ တည်မြဲသူအတွက် ရတနာသုံးပါး၏ ဂုဏ်တော်များ မိမိအပေါ် လွှမ်းခြုံလာတတ်၏။ ယုံကြည်မှုခိုင်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းကြောင့် သဒ္ဒါတရားသည် မိမိ၏နှလုံးအိမ်၌ စွမ်းအား ထက်လာတတ်၏။ သဒ္ဒါတရားသည် တရားအားလုံး၏ အခြေပေါက်ဖြစ်သည်။ သဒ္ဒါတရားကောင်းသူအတွက် မိမိ ကိုးကွယ်ရာသို့ ဝင်ထွက်သွားလာရန် အရာရာ တံခါးဖွင့်ပြီးသား ဖြစ်သည်။ လောကီသိဒ္ဓိတန်ခိုးများ ရယူလိုပါသလား။ လော ကုတ္တရာပညာများ ပိုင်ဆိုင်လိုပါသလား။ သဒ္ဒါတရား ခိုင်မြဲ သူအတွက် လမ်းစရပြီးသား ဖြစ်ပါချေပြီ။

ခရီးသွားသူအတွက် လမ်းစရထားလျှင် ပါးစပ်ပါ ချောက် ဆိုသကဲ့သို့ မေးရှု လျှောက်သွားလျှင် မိမိလိုရာ ပြဿနာများသို့ ရောက်ရှိနိုင်ပါသည်။ ထို့အတူ လမ်းစနှင့်တူ သော သဒ္ဒါတရားသာ ခိုင်ခိုင်မြဲမြဲရှိပါစေ။ ကျန်သည့်ကျင့် ဝတ်များကို ဆရာသမားတို့ထံ မေးမြန်းကျင့်ကြံခြင်းဖြင့် ကိုးကွယ်ရာသို့ ပြီးစေနိုင်၏။ ထို့ကြောင့် ပုတီးစိပ်ဖို့ ရည်ရွယ်လျှင် ဤကြည့်သဒ္ဒါတရားကို တိုးပွားစေတတ်သော သရဏဂုံ တီးစိပ်နည်းများထဲမှ တစ်မျိုးမျိုးကို စတင်ယူအပ်၏။ ပုတီးစိပ်က သရဏအစဦးဆုံးယူဟု လင်္ကာဖြင့် မှတ်သားပါ။

(၁) ဂုဏ်တော်ပုတီးစိပ်နည်းဟူသည် ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုး ပါးတို့ကို ချီးကျူးပူဇော်သောအားဖြင့် နှုတ်မှ အရဟံ စသည် ဖြင့် ရွတ်ဆို၍ ပုတီးစိပ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆရာသုံးပါး၏ ဂုဏ်တော်များကို ပါဠိလို ရွတ်ဆို၍ ပုတီး စိပ်ခြင်းဖြစ်သည်။ အချို့လည်း ပါဠိ+ဗန္ဓနက်ဖြင့် ပုတီးစိပ် ကြသည်။ ထိုသို့စိပ်ရာတွင် ဘုရားဂုဏ်တော်ကိုးပါးမျှသာ စိပ်သည်လည်းရှိ၏။ ရတနာသုံးပါးစလုံး၏ ဂုဏ်တော်ပေါင်း (၄)ပါးကို စုံလင်အောင်စိပ်သည်လည်း ရှိ၏။ မိမိတတ် နိုင်သမျှ စိပ်နိုင်ပါသည်။ ထိုသို့စိပ်ခြင်းဖြင့် မိမိသည် ရတနာ သုံးပါး၏ ဂုဏ်တော်များအပေါ် ယုံကြည်သက်ဝင်လာမည်။ သဒ္ဒါတရားတိုးပွားလာမည်။ ထို့အပြင် ဂုဏ်တော်များသည် ကုသိုလ်တည်းက အစွမ်းသိဒ္ဓိများ ရှိနှင့်ပြီးသားဖြစ်၍ ပူဇော်သူ အတွက်လည်း ထိုအစွမ်းသိဒ္ဓိများ ကူးစက်ဖြစ်တည်လာ တတ်သည်။

ဂုဏ်တော်ပုတီးစိပ်နည်းကို နှေစဉ်ပုံမှန်ပြုခြင်းအားဖြင့် သီလကို မကျိုးမပေါက် ခိုင်မြဲစေ၏။ သမာဓိကို ရလွယ် စေ၏။ အာရုံအလင်းပေါက်ခြင်း စသည့် ပဋိဘာဂဓိတ်၊ ဉာဏဓိတ်များ ထင်ရှားတွေ့မြင်နိုင်ခြင်း၊ အခြွင်းမဲ့ကင်းမြှင်း စေခြင်း စသည့်အကျိုးထူးများ ရရှိနိုင်သည်။ စိတ် ချောက်ချားခြင်း၊ တွေဝေ၊ မှင်စာ စသည်တို့ နှောင့်ယှက်ခြင်း၊ စုန်းပယောဂ၊ နတ်ပယောဂ စသည့်အမှောင့်ဓာတ်ဝင်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ စီးပွားရေးမကောင်းခြင်း၊ အတိုက် အခံ ပေါများခြင်း စသည့်အခက်အခဲမျိုးစုံကိုလည်း ဂုဏ် တော်ပုတီး ပုံမှန်စိပ်ခြင်းဖြင့် ကျော်လွှားနိုင်ပါသည်။ ကျော် လွှားနိုင်သည် ဆိုရာ၌လည်း အရာရာအားလုံးကို အလို အလျောက် ကျော်လွှားသွားသည်တော့ မဟုတ်ချေ။ ဂုဏ် တော်အစွမ်း ထိရောက်သော အခက်အခဲများကိုသာ ကျော် လွှားသွားမည် ဖြစ်ပါသည်။ ဂုဏ်တော်အစွမ်း မထိရောက် သော မိမိ၏ ကြမ္မာဆိုးများကိုမူ ကျော်လွှားနိုင်လိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် မိမိ၌ လက်ရှိကြုံတွေ့နေရသော အဆိုး ရွားဆုံးသော ကံကြမ္မာများကို ရွေးထုတ်လျက် ထိုကြမ္မာ ဆိုးများမှ အမြန်ဆုံးလွတ်မြောက်ရန် ဆုတောင်းအမိန့်တော်ပြု၍ ပုတီးစိပ်ရမည်။ ပုတီးစိပ်ခြင်းသည် သမထဘာဝနာ ဖြစ်သောကြောင့် သူချည်းသက်သက် အစွမ်းမထက်နိုင်။ အမိန့်တော်ပါမှ တန်ခိုးစွမ်းပြ၏။ ထို့ကြောင့် မိမိတို့၏ အခက် အခဲများအား ဂုဏ်တော်ထိရောက်စေရန် လွတ်မြောက်စေရန် ဆုတောင်းအမိန့်တော်ပြု၍ ဂုဏ်တော်ပုတီးကို နေ့စဉ်စိပ်ပါ။ ဂုဏ်တော်အစွမ်း၊ အားလုံးလွှမ်း၊ ငြိမ်းချမ်းအောင်လံထူ ဟု လင်္ကာဖြင့် မှတ်သားပါ။

(၃) ရဟန္တာပူဇော ပုတီးစိပ်နည်းဟူသည် မိမိကြည်ညိုသော ဘုရားရှင်လက်ထက်တော်က ရဟန္တာတစ်ဆူဆူကိုဖြစ်စေ၊ သာသနာနောက်ပိုင်းတွင်မှ ကိစ္စပြီးတော်မူကြသော ရဟန္တာ တစ်ဆူဆူကိုဖြစ်စေ လက်ရှိသက်တော်ထင်ရှားရှိနေသော ရဟန္တာဟု သမုတိရသော ရဟန်းတစ်ပါးပါးကိုဖြစ်စေ ဂါထာဖြင့် ရွတ်ဆိုပူဇော်၍ ပုတီးစိပ်ခြင်းဖြစ်သည်။ ထိုသို့ ပုတီးစိပ်ခြင်းဖြင့် မိမိသည် အရိယာသူတော်ကောင်းများ အပေါ် ကြည်ညိုလာတတ်သည်။ ရဟန္တာများသည် အရိ ယာပုဂ္ဂိုလ်များဖြစ်သောကြောင့် ကြည်ညိုသူအတွက် အရိ ယာဓာတ်များ ကူးစက်လာတတ်သည်။ ရဟန္တာတို့၏ သီး ခြားဂုဏ်ထူးများ မိမိထံမှောက် ရောက်ရှိလာတတ်သည်။

ဥပမာ-ဘုရားရှင်လက်ထက်တော်က လာဘ်လာဘ အရာ၌ ဧတဒဂ်ရသော ရှင်သီဝလိ ရဟန္တာမြတ်ကြီးအား ရှင်သီဝလိဂါထာများဖြင့် ရွတ်ဆိုပုတီးစိပ်ပူဇော်ပါက ရှင် သီဝလိရဟန္တာမြတ်ကြီးကဲ့သို့ မိမိ၌ လာဘ်လာဘများ ဥစ္စာ များလာမည်မှာ ဧကန်ဖြစ်သည်။ ထို့အပြင် စာရေးတံမဲ

www.burmeseclassic.com

နှိုက်ရာတွင် စေတဒဂ်ရတော်မူသော ရှင်ကောဏ္ဍာဓေန ရဟန္တာမြတ်ကို ပူဇော်ပုတီးစိပ်ပါက ထိုရဟန္တာမြတ်၏ သီးခြားဂုဏ်ထူးဖြစ်သော မဲနှိုက်တိုင်း ပေါက်ခြင်းမျိုးလည်း မိမိထံသို့ ကူးစက်ရောက်ရှိလာတတ်သည်။ အချို့ပုဂ္ဂိုလ်များ ရှင်ကောဏ္ဍာဓေန ဂါထာရွတ်၍ ထီထိုးရုံမျှဖြင့် ထီဆုကြေးများ ပေါက်ဖူးကြသည်။ ပုတီးပါစိပ်၍ အဓိဋ္ဌာန်လျှင်ကား ဆိုဖွယ်ရာမရှိပြီ။

ထို့ပြင်တစ်ဝ မိမိအနေဖြင့် ဉာဏ်ပညာထက်မြက်၊ အတန်းတက်လိုလျှင် ပညာအရာ၌ စေတဒဂ်ရသော ရှင်သာရိပုတ္တရာ၊ တန်ခိုးစွမ်းအားကြီးလိုလျှင် တန်ခိုးအရာ၌ စေတဒဂ်ရသော ရှင်မောဂ္ဂလာန်၊ ကျန်းမာရေးကောင်းလိုလျှင် အသက်(၁၆၀)တိုင်အောင် နာချေ၊ ချောင်းဆိုးမှု မဖြစ်ဖူးသော ကျန်းမာရေးအရာ၌လည်း စေတဒဂ်ရသော ရှင်ဗာကုလ စသည့်ရဟန္တာအရှင်မြတ်များကို ပူဇော်ပုတီးစိပ်လျှင် ဆိုင်ရာအရီယာတို့၏ သီးခြားဂုဏ်ထူးများ မိမိထံမှောက်ရောက်လာတတ်ပါသည်။ မိမိလိုရာ ဉာဏ်သုံး၍ စိပ်နိုင်ပါသည်။

ရဟန္တာများ၊ ပူဇော်ပွား၊ သီးခြားဂုဏ်ထူးချူပုံ လင်္ကာဖြင့် မှတ်သားပါ။

(၄) ထွက်ရပ်ပေါက်ပုတီးစိပ်နည်းဟူသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဝိဇ္ဇာမိရိမျှားနှင့် အဆက်အသွယ်ပြုနိုင်ရန် ပုတီးစိပ်ခြင်း ဖြစ်သည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့သည် ဈာန်သမာဓိများ၊ ပိုင်ဆိုင်ထားသည့်အပြင် လောကီဝိဇ္ဇာပညာရပ်များလည်း ဓာတ်မြောက်ထားကြ၏သည်။ မိမိတို့သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့ထံမှ လောကီပညာရပ်များကို ရယူချင်သောအခါ အဆိုပါ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဝိဇ္ဇာမိရိမျှားအား ဆက်သွယ်ရန် အားထုတ်ရပါသည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့သည် သီလမရှိသူ လူမိုက်များကို ရှုံ့မုန်းသကဲ့သို့ သမာဓိမရှိသူနှင့်လည်း ဆက်သွယ်ရန် ခဲယဉ်းလှပါသည်။ အချို့သူတော်ကောင်းတို့သည် ဒါန၊ သီလများ မြဲမြံစွာရှိပါသော်လည်း သမာဓိမရှိကြ၍ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့ကိုယ်တိုင်ပင် ဆက်သွယ်မရ ဖြစ်တတ်ပါသည်။ ထို့ကြောင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရ လွယ်ကူအောင် သီလစောင့်ရမါသည်။ အနည်းဆုံး ရှစ်ပါးသီလ စောင့်ရသည်။ စို့နောက် သမာဓိတည်အောင် ပုတီးစိပ်ရ၏။

ပုတီးစိပ်ရာတွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရန်ဖြစ်သောကြောင့် ထွက်ရပ်ပေါက်ပုတီးစိပ်နည်းကို သီးသန့်အသုံးပြုရ၏။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကိုယ်တိုင် ရေးဖွဲ့ခဲ့သော ပါဠိဂါထာ၊ ပုတီးစိပ်နည်းဖြင့်လည်းကောင်း၊ ၄င်း၏ လက်ထောက်တပည့်များက ပေးခဲ့သော ပုတီးစိပ်နည်းများ၊ အခြားပညာရှင်များက ညွှန်ပြသော ပုတီးစိပ်နည်းများဖြင့် စိပ်ရ၏။ သို့မှသာ ဆိုင်ရာ၊ ဆိုင်ရာ အကြောင်းတရားဖြစ်၍ အကျိုးနှင့်ဆီလျော်မည် ဖြစ်သည်။

အချို့ထွက်ရပ်ပေါက် ဂါထာ၊ မန္တန် ပုတီးစိပ်နည်းများသည် ပုတီးစိပ်သူကိုယ်တိုင် ထွက်ရပ်ပေါက်နိုင်သော ပုတီးစိပ်နည်းများလည်း ရှိကြသည်။ ထွက်ရပ်ပေါက်ကျင့်စဉ်တိုင်းလိုလို ပုတီးစိပ်နည်း ပါဝင်နေတတ်သည်။ အဓိကယ် ကြောင့်နည်းဟု ဆန်းစစ်သော် ပုတီးစိပ်ခြင်းသည် အပြစ်ကင်း၍ စျာနဂ်ခေါ် လောကီစျာန်အင်္ဂါများကို လွယ်လွယ်ကူကူရနိုင်၏။ သမာဓိတည်ရန် လွယ်ကူ၏။ ထို့ကြောင့် ထွက်ရပ်ပေါက်ပုတီးစိပ်နည်းများသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဝိဇ္ဇာမိရိမျှားနှင့် ဆက်သွယ်နိုင်သလို မိမိကိုယ်တိုင်လည်း ထွက်ရပ်ပေါက်ရန် ထွက်ရပ်ပေါက်ပုတီးစိပ်နည်းကို အဓိဋ္ဌာန်နှင့်တကွ စိပ်ရပါသည်။

ဝိဇ္ဇာမိရိမြတ် ဆက်သွယ်တတ် ထွက်ရပ်ပုတီးမူဟု အတိုကောက်လင်္ကာဖြင့် မှတ်သားပါ။

(၅) အဓိဋ္ဌာန်ပုတီးစိပ်နည်းဟူသည် မိမိတို့ မလိုချင်သည်များ ရောင်လွှဲရေးနှင့် လိုချင်သည့်အရာများ ရရှိရေးအတွက် စိတ်ကြိုတိုင်း အောင်မြင်စေရန် ဆုတောင်းသစ္စာပြု၍ ပုံမှန်စွဲစွဲမြဲမြဲ ပုတီးစိပ်ခြင်းကို ဆိုလိုသည်။ ထိုသို့စိပ်ခြင်းဖြင့် မိမိတို့၌ အဓိဋ္ဌာန်စွမ်းအားများ ရရှိနိုင်ပါသည်။ အဓိဋ္ဌာန်ဟူသည် သီလ၊ သစ္စာ၊ ဝီရိယနှင့် သမာဓိများ ပေါင်းစပ်ထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကုသိုလ်တစ်ခုကို ဤအတိုင်းအတာအထိလုပ်မည်ဟု စိတ်ထဲ၌ ခိုင်မာစွာဆုံးဖြတ်၍ ဆုံးဖြတ်သည့်အတိုင်း ပြီးဆုံးအောင် ပြုလုပ်ခြင်းဖြစ်သည်။

ဥပမာ-ဂုဏ်တော်နည်းဖြင့် ပုတီးစိပ်ရာတွင် ဂုဏ်တော်တစ်ပါးကို တစ်ပတ်ကျ၊ ကိုးပါးလျှင် ကိုးပတ်နှုန်းဖြင့် ကိုးရက်တိတိ ပုတီးစိပ်မည်ဟု စိတ်ဖြင့် ဆုံးဖြတ်ထားလျှင် နေ့တိုင်း ကိုးပတ်ကျ၊ ကိုးရက်တိတိ ဆုံးဖြတ်ထားသည့်အတိုင်း ပုတီးစိပ်ရပါသည်။ ရိုးရိုးပုတီးစိပ်နည်းနှင့် မတူပါ။ မိမိကိုယ်ကို မဖြစ်မနေ ဝိရိယပြုရန်နှင့် မိမိအပေါ်မိမိကတိသစ္စာတည်ရန် လေ့ကျင့်နေသည်နှင့် တူလှ၏။ သာမန် သမာဓိထူထောင်ခြင်းနှင့်မတူဘဲ စိတ်ကိုပါဉ္စင်္ဂ၌ သမာဓိ

www.burmeseclassic.com

www.burmeseclassic.com

ထောင်ရသောကြောင့် ရလာသော သမာဓိသည် အဓိဋ္ဌာန်
အားနှင့်ပေါင်း၍ အကျိုးအာနိသင် အထူးထက်မြက်၏။
အဓိဋ္ဌာန်သည် ဘုရားရှင်တို့၏ ပါရမီတော်တစ်ပါးဖြစ်
သဖြင့်ဘဝဉာဏ်တော်ရသည်အထိ အထောက်အပံ့ပေး
လောကီတွင်ကား ဆိုဖွယ်ရာပင် မလိုတော့ပေ။ အဓိ
ဋ္ဌာန်အောင်လျှင် စိတ်ဖြင့်ခေါ်ရုံဖြင့် မိမိရှေ့မှောက်သို့ အလို
ရှိသည် ရောက်လာရ၏။ အဓိဋ္ဌာန်ပြု၍ တိုင်တည်
တော် တန်ခိုးကြီးသော နတ်၊ ဗြဟ္မာများ မ,စရန် ရောက်
လာရပေသည်။ ဤသို့ဖြစ်ပါစေသတည်းဟူဆိုတိုင်း အဓိ
ဋ္ဌာန်အားကြောင့် လောကကြီးသည် ဖြစ်ပေးရ၏။ အဓိ
ဋ္ဌာန်အောင်ထားသူသည် မိမိရော သတ္တဝါစေနေယျတို့
အတွက်ပါ ကယ်တင်ပေးနိုင်သူဖြစ်သည်။ ထို့ကြောင့် သူ
တော်ကောင်းအများစုသည် ပုတီးစိပ်ရာတွင် အဓိဋ္ဌာန်ပါဝင်စမြဲ
ဖြစ်သည်။ သို့သော် အဓိဋ္ဌာန်ပုတီးစိပ်နည်းသည် ရက်ရှည်
လများ အားထုတ်ရသဖြင့် သာမန်ဝီရိယမျိုးဖြင့် အောင်
မြင်ရန် ခဲယဉ်းလှ၏။

အဓိဋ္ဌာန်အောင် လောကဘောင် ကယ်စောင့်နိုင်မည့်
သူ လက်ဆေးဖြင့် မှတ်သားပါ။

လာဘ်ခေါ်ပုတီးစိပ်နည်းဟူသည် ရှင်သီဝလိဂါထာ
ကဲ့သို့လာဘ်လာဘတိုးပွားစေသော ဂါထာများဖြင့် ရွတ်ဆို
ပြီး စိပ်ခြင်းဖြစ်သည်။ ဘုရားနှုတ်ခပါဠိတော်ဂါထာများ၊
လာဘ်ခေါ်မန္တန်များ များစွာရှိပါသည်။ မိမိကြိုက်နှစ်သက်
ရာ တစ်မျိုး၊ နှစ်မျိုးလောက်ဖြင့်စိပ်လျှင်လည်းလောက်ပါပြီ။
ပုတီးစိပ်ရာတွင်သာ မတရားလိုချင်သော လောဘအစား
ထားမျှတစွာ ရချင်သောဆန္ဒကို မိမိနှလုံးသားခွံ တည်ထား
ထိုက်သောဆန္ဒကို ပုတီးစိပ်ခြင်းဖြင့် ပွားများအောင်
ပြုရသည်။ ဆန္ဒဟူသည် တကယ်ဖြစ်လာခြင်း၊ အောင်
မြင်ခြင်းတို့၏ သော့ချက်ဖြစ်သည်။ လာဘ်လာဘလိုချင်
သောဆန္ဒ အားကောင်းမှသာလျှင် လာဘ်လာဘတို့သည်
အာန်ဝင်ရောက်လာမည် ဖြစ်သည်။

ထို့အပြင် လာဘ်လာဘကို ရစေနိုင်သော ဂါထာ၊
မန္တန်များကို ရွတ်ဆိုရခြင်းကြောင့်လည်းကောင်း၊ လာဘ်
လာဘဆန္ဒကိုမှီ၍ သမာဓိထူထောင်ခြင်းကြောင့်လည်း
ကောင်း၊ လာဘ်လာဘတို့သည် အခြားခွံ ရပ်တည်မနေနိုင်။
ကိုယ်သို့ ရောက်လာရ၏။ လာဘ်လာဘဟူသည် လူချစ်၊
လူခြစ်ခြင်းကြောင့်လည်း ငှင်းတို့၏ ပေးကမ်း,စမှုဖြင့်
ဆက်သည်လည်းရှိပေရာ လူ၊ နတ်တို့ ချစ်ခင်တတ်သော

ရှင်သီဝလိဂါထာနှင့် အခြားပိယသိဒ္ဓိမန္တန်များကိုလည်း
လာဘ်လာဘအတွက် ပုတီးစိပ်ရာတွင် အသုံးပြုအပ်၏။
သို့မှသာ ပစ္စည်းဥစ္စာ လာဘ်လာဘများ ပိုမိုတိုးပွားရရှိလာ
မည် ဖြစ်သည်။

လာဘ်ခေါ်ပုတီးစိပ်ရာတွင် သူတစ်ပါး မြတ်နိုးပိုင်ဆိုင်
ထားသည်များကို ရယူလိုခြင်း၊ သူတစ်ပါး ကြိုးပမ်းရယူနေ
သောအရာကို မိမိက ကြားဖြတ်ရယူလိုခြင်း၊ သူတစ်ပါးနှင့်
အပြိုင်အဆိုင် လုယူချင်သော လောဘစိတ်များ မထားအပ်
ပေ။ မတရားရယူခြင်းသည် လူမိုက်တို့၏ လမ်းစဉ်ဖြစ်
သည်။ ပုတီးစိပ်ခြင်းသည် သူတော်စင်တို့၏ လမ်းစဉ်ဖြစ်
ပေရာ တရားမျှတစွာ ရယူချင်သောဆန္ဒဖြင့် ကျင့်ကြံအား
ထုတ်ခြင်းသာ လိုက်ဖက်တင့်တယ်ပါသည်။ လာဘ်လာဘ
များ ရရှိလာလျှင်လည်း မိမိတစ်ဦးတည်း မစားသုံးဘဲ
ဆာလောင်ဒုက္ခရောက်နေသူ မှန်သမျှတို့အား ခွဲဝေပေးဖြန့်
ဝေသော စိတ်ကောင်းထားပါမှသာ ပုတီးစိပ်ခြင်း စသော
သူတော်စင်လမ်းစဉ်တို့နှင့် ဆီလျော်၍ ပုတီးစိပ်ကာ လာဘ်
ခေါ်တိုင်း လာဘ်လာဘတို့ မိမိရှေ့မှောက်သို့ ဓကန်ရောက်
လာရပေတော့သည်။

ပုတီးစိပ်ကာ လာဘ်ခေါ်ပါ ဥစ္စာအရယူဟု လက်ဆော
ဖြင့် မှတ်သားပါ။

(၇) ရည်ရွယ်ပုတီးစိပ်နည်းဟူသည် မိမိ၏ အခက်အခဲ
ပြဿနာများ ပယ်ပျောက်စေရန် စိတ်တွင် ရည်မှန်းခြင်းသော်

www.burmeseclassic.com

လည်းကောင်း၊ မိမိရလိုသော အရာများကို ရရှိစေရန် ရည်ရွယ်ချက်ထား၍သော်လည်းကောင်း ပုတီးစိပ်ခြင်းဖြစ်သည်။ ဥပမာ-ကျန်းမာရေးမကောင်း၍ အလုပ်အကိုင်ပျက်ကာ အခက်တွေ့နေလျှင် ထိုအခက်အခဲမှ ကျော်လွှားနိုင်ပါစေဟု စိတ်၌ ရည်မှန်း၍ ပုတီးစိပ်ခြင်းမျိုး၊ စာမေးပွဲအောင်မြင်လိုသော် စာမေးပွဲအောင်ပါစေဟု စိတ်၌ ရည်ရွယ်ချက်ထား၍ ပုတီးစိပ်ခြင်းမျိုးဖြစ်သည်။ ထိုသို့ရည်ရွယ်ရည်မှန်း ပုတီးစိပ်ရာတွင် နေ့ည ဘုရားရှိခိုးအပြီးတွင်လည်းကောင်း၊ အခြားစေတီရုပ်ပွားတော်တစ်ဆူဆူ၏ ရှေ့မှောက်၌လည်းကောင်း ပြုလုပ်အပ်၏။ ဤပုတီးစိပ်နည်းသည် စိတ်က မှန်းရုံသာ မှန်း၍ ပြုလုပ်ရသောကြောင့် ရှေ့၌ ကုသိုလ်ဓာတ်ခံမရှိလျှင် အောင်မြင်ရန် ခဲယဉ်းပါသည်။ သို့သော် ပုတီးမစိပ်ခင် ပန်း၊ ရေချမ်း၊ ဆွမ်းကပ်လှူခြင်း၊ သီလဆောက်တည်ခြင်းများ ပြုလုပ်၍ ၄င်းကုသိုလ်များကို အမှီပြုကာ ရည်မှန်းပုတီးစိပ်လျှင် သမာဓိအနည်းငယ်ဖြင့်ပင် လိုရာကို လွယ်လွယ်နှင့် ပြီးမြောက်အောင်မြင်နိုင်၏။

အချို့ကျောင်းသားမိဘတို့သည် မိမိတို့၏ ရင်သွေးများကို စာမေးပွဲအောင်မြင်ရန်ဟုဆိုကာ စာမေးပွဲနီးခါမှ ငွေကုန်ကြေးကျခံကာ ယတြာချေပေးတတ်ကြ၏။ အချို့ ပိုက်ဆံအဆမတန်ဖြင့် ကန်တော့ပွဲပေးခြင်းမှ နတ်ကနားပေးခြင်းအထိ ပြုလုပ်ပေးကြ၏။ သို့သော် ၄င်းကျောင်းသူကျောင်းသားတို့ ကိုယ်နှိုက်က ရည်ရွယ်ရည်မှန်းစိတ် အားနည်းနေသဖြင့် အောင်မြင်ရန် ခဲယဉ်းတော့၏။ ထို့ကြောင့် ကျောင်းသူကျောင်းသားတို့အနေဖြင့် နှစ်တိုင်း အတန်းတက်နိုင်ရန် စာမေးပွဲအောင်လိုသော ရည်မှန်းစိတ်၊ ရည်ရွယ်စိတ်များကို နှစ်စကတည်းက မွေးမြူထားရပေမည်။ ထိုသို့ရည်မှန်းစိတ်၊ ရည်ရွယ်စိတ်များ မွေးမြူရာတွင် ပုတီးသည် အကောင်းဆုံးမောင်းနှင်အားဖြစ်သည်။ ပုတီးစိပ်ခြင်းသည် စိတ်တည်ငြိမ်၍ စာကျက်ရလွယ်၏။ ဦးနှောက်ကလာပ်စည်း(Brain Cells)များကို ရှင်သန်လန်းဆန်းစေ၍ ဉာဏ်ရည်ဉာဏ်သွေးကို ထက်မြက်စေ၏။

ရည်မှန်းပုတီးစိပ်နည်းသည် လောကီ၊ လောကုတ် ရည်မှန်းချက်ရှိသူတိုင်း အားထားရသော နည်းတစ်နည်းဖြစ်ပေသည်။

အရာရာတွင် ပြေလည်ချင် စိတ်တွင်ရည်မှန်း ပုတီးကူဟု လက်ဖြင့် မှတ်ပါ။

တကယ်တော့ ပုတီးစိပ်ခြင်းသည် အချိန်ကို အသုံးပြုရသော ကျင့်စဉ်မျိုးဖြစ်ပေရာ အလုပ်ချိန်များ၊ စာကျက်ချိန်များကို မထိခိုက်စေရန် အားလပ်ချိန်များ၊ ကျောင်းပိတ်ရက်များတွင် အဓိကထား၍ စိပ်သင့်ပါသည်။ အားလပ်ချိန်များတွင် အပျော်အပါးလိုက်စားမည့်အစား ပုတီးစိပ်နေလျှင် အထူးပင် အကျိုးများမည်ဖြစ်သည်။ ပုတီးစိပ်ခြင်းသည် သမာဓိကို အာရုံယူရသောကြောင့် လောဘ၊ ဒေါသ စသော အကုသိုလ်စိတ်များ မှေးမှိန်စေပြီး ကုသိုလ်စိတ်များ တိုးပွားဖွား ပေါ်ပေါက်လာတတ်သည်။ ထိုကုသိုလ်စိတ်များကြောင့် ဂြိုဟ်ဆိုး၊ ကြမ္မာဆိုးများ မိမိအနီးအပါးမှ အဝေးသို့ လွှင့်ပြေးကုန်ရ၏။

အန္တရာယ်သုံးမျိုးအနက် ကိလေသန္တရာယ်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟကြောင့် တိုက်ခိုက်လုယက် သတ်ဖြတ်နေမှုအန္တရာယ်၊ ကမ္မန္တရာယ်ဟူသော အတိတ်ဘဝတစ်ခုခုတွင် ပစ္စုပ္ပန်ကံကြောင့်ဖြစ်သော အန္တရာယ်တို့ကို ပုတီးစိပ်ခြင်းက နှိမ်နင်းနိုင်၏။ ဝိပါကန္တရာယ်ဟူသည့် ကျိန်းသေအကျိုးပေးမည့် ဝဋ်လည်ခြင်းကိုသာ ပုတီးဖြင့်မနိုင်၊ ဝိပါက်ကြမ္မာကို ဘုရားရှင်တို့၏ တန်ခိုးဖြင့်လည်း မတားမြစ်နိုင်။ သို့သော် ထိုဝိပါက ခေါ် အန္တရာယ်ဆိုးကို နိဗ္ဗာန်က နိုင်၏။ နိဗ္ဗာန်သည် ကိလေသန္တရာယ်၊ ကမ္မန္တရာယ်၊ ဝိပါကန္တရာယ်တည်းဟူသော မဟာအန္တရာယ်ကြီး သုံးမျိုးစလုံးကို နှိမ်နင်းနိုင်၏။

ထို့ကြောင့် မိမိတို့ဗုဒ္ဓဘာသာဝင် သူတော်စင်များအပေါ်ဖြင့် ပုတီးစိပ်ခြင်း၏ အကျိုးတရားဖြစ်သော သမာဓိလောဘဖြင့်သာ အားရတင်းတိမ်မနေဘဲ အန္တရာယ်ကြီးသုံးမျိုးစလုံးမှ လွတ်ကင်းနိုင်ရေးအတွက် နိဗ္ဗာန်ကိုရရန် ကျင့်ကြံအားထုတ်ရပေဦးမည်။ နိဗ္ဗာန်ရရန် မဂ္ဂင်လမ်းစဉ်ကို ကျင့်ရသည်မှာ မဂ္ဂင်လမ်းစဉ်တွင် သမာဓိနှင့် ဝိပဿနာသည် အဓိကလုပ်ငန်းနှစ်ရပ်ဖြစ်သည်။ သမာဓိကို ရှေးဦးစွာ ရအောင်အားထုတ်၍ သမာဓိရမှ ဝိပဿနာဟူသော ခန္ဓာငါးပါးတို့ လက္ခဏာရေး သုံးပါးတင်၍ ရှုရသောအလုပ်ကို ကျင့်ကြံသည်။ ပုတီးစိပ်၍ သမာဓိထူထောင်ထားသူသည် လိုအပ်သေးလျှင် အာနာပါန စသည်ဖြင့် သမာဓိထပ်မံထူထောင်ရမျှဖြင့် ဝိပဿနာတည်းဟူသော အန္တရာယ်သုံးပါးလွတ်ကြောင်း တရားကို အလွယ်တကူ ပွားများအားထုတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပုတီးစိပ်ခြင်းသည် နိဗ္ဗာန်တံခါးတစ်ချပ်ဆိုလျှင် မှားအံ့မထင်ပါချေ။

ဗျာပုံ-ဇင်နိုင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

မြတ်ပန်းပွင့်

ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုးရန် စိတ်ရှည်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေရန် အစာကြေလွယ်ခြင်း
နှစ်ပြုက်စွာအိပ်ပျော်စေရန် ပုံမှန်ကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွရန် ထူးချွန်ထက်မြက်စေခြင်း



မြတ်ပန်းပွင့်

သွေတိုး နလုံးသွေးကြောကျဉ်းသောက်ဆေး

သွေတိုး နလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီပုံခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းခဲ/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
ဗီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းဘစ်လက်ဖြစ်ပါသည်။

ဇော်ဘွား

အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နှာနှာသပ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ၎၀၀လမ်း၊ အလုံတြိုင်းပြည်နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

"ဟေ့ ..အယ်သူလဲကွ။ ငါ့ကို ရှိခိုးပါတယ်လို့ လှမ်းအော်လိုက်တာ"

ဘယ်သူအော်လိုက်မှန်းမသိ၍ ဂန္ဓသူဌေးမင်းလည်း ပြန်အော်မေးလိုက်ရ၏။ သည်တော့ ရာဇမတ်ကွက်များနှင့် ကပ်လျက် ရှေ့ဆုံးတန်းထဲမှ တစ်ယောက်က လက်တစ်ဖက် ထောင်ကာ ဝေ့ယမ်းပြလာ၏။

"ကျွန်တော်မျိုး အော်လိုက်တာပါ သူဌေးမင်းခင်ဗျာ"

"မင်းက ဘယ်သဘောနဲ့ အော်ရတာတုံး။ လူထူထူထဲ ငါ့ကို လာနောက်နေတာလား။ လုံခြုံရေးရဲမက်တွေနဲ့ ဖမ်းချုပ်လိုက်ရမလား။ သူတို့မှ ဖမ်းချုပ်ပြီးရင်တော့ ကျေနပ်လောက်အောင် အသပြာထိုးရင်ထိုး၊ မထိုးရင် တွေ့ကရာ ပုဒ်မမျိုးစုံတပ်ပြီး အမှုကြီးအောင် ချုံကြလိမ့်မယ်နော်။ ဘာမှတ်သလဲ"

လှမ်းအော်လိုက်ခဲ့သူ ပေါ်လာပြီမို့ သူဌေးမင်းက ခြိမ်းခြောက်လိုက်၏။ ဒီလိုလုပ်ချင်လို့ အထူးကြေးနဲ့ ငှားထားရ

www.burmeseclassic.com

www.burmeseclassic.com

ဒလုပ်ပါနဲ့ သူဌေးမင်းခင်ဗျာ။ ကျွန်တော်မျိုးရဲ့သူငယ်
ဘဒီကျေးတော ရွာသားတစ်ယောက်က သူဌေးမင်း
ကို အလွန်တရာစားလိုလှပါတယ်လို့ ပူဆာနေလို့
တ်စာလေးပဲဖြစ်ဖြစ် ပေးကမ်းစွန့်ကြဲတော်မူပါလို့
လို့ပါခင်ဗျာ'
ကိုကားသံကို ကြားကြရသောအခါ သူဌေးနှင့်တကွ
ပရိသတ်များပါ အံ့အားသင့်သွားကြလေသည်။
အကြောင်းမူ ယခင်ယခင်ကျင်းပခဲ့သော စား
တော်ခေါ်ပွဲများတွင် ထိုသို့ တောင်းရမ်းခြင်းမျိုး
မပေါ်ပေါက်ခဲ့ဖူးသောကြောင့် ဖြစ်၏။

ယခုတစ်ကြိမ်တွင်မှ ဤသို့ ခပ်ပြောင်ပြောင် အော်ဟစ်
တောင်းရမ်းသူ ပေါ်လာခဲ့ခြင်းပင်။

'အတော်မိုက်မဲတဲ့သူပဲကွ။ အဲဒီလှမ်းအော်တောင်းတဲ့
သူကို ကြည့်ထားလိုက်စမ်းပါဟော့။ ဘယ်ရပ်ကွက်၊ ဘယ်
အိုင်းထဲကလဲဆိုတာ။ ဒီလို အထူးထမင်းစားပွဲနေမျိုးမပြော
နဲ့၊ ဂန္ဓသူဌေးမင်းက သာမန်နေ့ရက်တွေမှာတောင် သူ့ကို
ကပ်ပါးရပ်ပါးလုပ်နေတဲ့ သူ့အပေါင်းအသင်းတွေကလွဲရင်
ဘယ်သူစိမ်းကိုမှ တစ်ပြားဖိုးပေးတာမဟုတ်ဘူး။ သူဌေးရဲ့
ရက်ရောပုံ သဒ္ဓါတရား ကြီးမားပုံကိုသိလို့ တကယ်တောင်း

ဂန္ဓာစိုး
(ဆင်ဖြူကျွန်း)
နှံလွှတ်ခြင်း၏
ဇာတိယစာမျက်နှာ
(မွေးသပတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

ရမ်း စားသောက်နေကြတဲ့ ဖုန်းတောင်းယာစကာ စန္ဒာလ အစစ်တွေတောင်မှ သူဌေးအိမ်ရှေ့ သွားမရပ်ဘူး။ ခြေညောင်းရုံရယ်၊ နှင်အထုတ်ခံရရုံရယ်ပဲ ဆိုတာသိလို့ ဘယ် သူတောင်းစားကမှတောင် သူဌေးအိမ်ရှေ့ ဖြတ်မလျှောက်တဲ့ ကိစ္စ။ ဒါကို သူက လူထူထူထဲ ထမင်းစားပွဲ ကျင်းပတဲ့နေ့မှ လာအော်နေတယ်။ မျှော်နေ ရလိမ့်မယ်အားကြီးကြီး'

ပရိသတ်များထဲက တစ်ယောက်က အော်ကြီးဟစ် ကျယ် မှတ်ချက်ပေးလိုက်သဖြင့် အနီးနားမှလူများ ဝါးခနဲ ပွဲကျသွားကြ၏။ ထိုခဏမှာပင် ဂန္ဓသူဌေးဆီမှ ခပ်ပြတ်ပြတ် တိုတောင်းစွာ ပြန်အော်လိုက်သောအသံကို ကြားကြရလေသည်။

'အောင်မယ်..လွယ်လိုက်တာ။ ဒီလိုတောင်းတိုင်းသာ ပေးရရင်လား မပေးနိုင်ဘူးဟေ့။ ဒါပဲ'

'ကဲ..ကြည့်၊ အခုပဲ ပြောလို့မဆုံးသေးဘူး။ မပေးနိုင် ဘူးတဲ့။ ငါပြောတဲ့အတိုင်း ကွက်တိပဲ'

စောစောက မှတ်ချက်ချသူက ထပ်ပြောလိုက်ပြန် သဖြင့် နောက်တစ်ကြိမ် ဝါးခနဲပွဲကျသွားကြပြန်လေသည်။ မြို့နေ မိတ်ဆွေက ကျေးတောသားသူငယ်ချင်းကို ဘယ့် နှယ်ရှိစသိုသလို မေးဆတ်ပြလိုက်ကာ-

'ကဲ..ကြားတယ်မဟုတ်လား သူငယ်ချင်း၊ လာပါ ကွာ၊ ပြန်ကြပါစို့။ ဒီကအပြန် စျေးကိုဝင်ပြီး မင်းသဘော ကျ အာရုံရသရွေ့ သားငါး၊အသီးအရွက်တွေ ဝင်ဝယ်မယ် ကွာ။ ဘယ်လောက်ကုန်ကုန် အိမ်ရောမှ ငါကိုယ်တိုင် ချက် ပြုတ်ကြော်လှော်ပြီး ကျွေးမယ်။ ကုန်သရွေ့ အသပြာလည်း ငါပဲ ကျခံမယ်။ ဟုတ်ပြီလား။ ဒီမှာ တို့ကို လူတွေတိုင်းရယ် နေကြပြီကွ၊ ရှက်စရာကြီး။ စားတော်ခေါ်ပွဲကလည်း သူ ထမင်းစားပြီးရင် သိမ်းတော့မှာပဲဟာ။ မြင်ဖူးတယ်ရှိအောင် ကြည့်ပြီးပြီပဲ။ ပြန်ကြပါစို့ကွာ'

မြို့ခံမိတ်ဆွေမှာ ကိုယ်မွေးသည့်မီး ကိုယ်အမြန်ပြန် ငြိမ်းဖို့ ကျေးတောသားသူငယ်ချင်းကို ချော့မော့ရလေတော့ ၏။ သို့ပေမည့် မရတော့။ မီးဟဲ့..မီးဟဲ့ဟု သိရချိန်တွင် ဟိုက ခေါင်တက်စွဲနေပြီ။

'သူဌေးပြောတဲ့စကားလည်း ငါကြားပါရဲ့ကွာ။ ဒါပေ မဲ့ ခွဲမလျှောပါနဲ့ဦး။ ငါကမှတော့ သူဌေးရွှေခွက်ထဲက ထမင်း ကို နည်းနည်းမှ မစားရရင်တော့ သေမှာအမှန်ပဲ သူငယ် ချင်း။ လုပ်ပါကွာ၊ နောက်တစ်ခါလောက် ထပ်ပြောကြည့် ပါဦး'

မြို့နေသူငယ်ချင်းကတော့ အတော်ကြီးကို စိတ်ညစ် သွားပြီဖြစ်သည်။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုသလို ရှေ့နှင့် နောက်တောင် မဟုတ်၊ အနီးနားမှာကပ်ပြီး ပူနေခြင်း ဖြစ်၏။ ဒီအကောင်နဲ့တော့ ဒုက္ခပဲ။ သနားရမလိုလို၊ ထိုး ထိုးရတော့မလိုလို၊ နှစ်သိမ့်မရ ချော့မော့မရ ဖျောင်းဖျ နားမဝင်ဖြစ်နေပြီ။ ကဲကွာ..နောက်တစ်ခါ လာပြန်ခဲ့ သေးပေါ့ဟု သက်ပြင်းချ၍ အားတင်းလိုက်ကာ ရှေးနည်း အတိုင်း ပဏာမာမိ တောသာမိ သုံးကြိမ်ထပ်အော်လိုက် ပြန်လေသည်။ ထိုအသံကြောင့် သူဌေးမင်းမှာ မျိုလက် ထမင်း ဖြောင့်ဖြောင့်မကျတဲ့ လည်ပင်းနှင့်သွားရပြန်သော သည်။

'လာပြန်ပြီ ပဏာမာမိ တောသာမိ၊ ဟော့ကောင်..သာ မနေနဲ့။ မပေးနိုင်ဘူးလို့ ငါပြောပြီးသား'

ဂန္ဓသူဌေး ဒေါပွပွနှင့် လှမ်းအော်သည်။ အဲလို လှမ်း လှမ်း ရှိခိုးမှုကြောင့် ဖိမ်ပျက်လှသည်။

'အရှင်သူဌေးမင်းခင်ဗျာ..ဒီတောသားမှာက အရှင် သူဌေးမင်းစားတော်ခေါ်တဲ့ ထမင်းကလေးကိုမှ မစားရရင် သေရပါတော့မယ်။ ဒါကြောင့် ဇီဝိတဒါနအဖြစ်နဲ့ အရှင် သူဌေးမင်းရဲ့ စားကြွင်းစားကျန် ထမင်းတစ်လုတ်စာမျှ ကြွေတော်မူပါလို့ တောင်းပန်ပါရစေခင်ဗျာ'

'ဟေ့..ထမင်းတစ်လုတ်ဆိုပေမယ့် ငါ့ထမင်းက သေးသေး မဟုတ်ဘူးကွ။ တစ်လုတ်စာပေမယ့် တစ်ရာတာ ချင်လည်းတန်မယ်၊ ငါးရာတန်ချင်လည်းတန်မယ်။ ဒီ တောင်းတိုင်း ပေးကျွေးနေလို့ မဖြစ်ဘူး'

'မှန်ပါတယ် သူဌေးမင်းခင်ဗျာ၊ သို့သော်လည်း တောသားရဲ့အသက်ကို ဂယက်တင်ဖို့ အသနားခံနေတာ သတ္တဝါအသက်တစ်ချောင်း ကယ်တင်ကောင်းပါတာ သူဌေးမင်း သနားလို့ ကယ်တင်ရင် ဒီတောသားရဲ့ အသ ရှင်ဖို့ပါပဲ။ သနားကရုဏာထားတော်မူပါ သူဌေးမင်းခင်ဗျ

ဂန္ဓသူဌေးမင်း မျက်မှောင်ကြုံ၍ စဉ်းစားသည် တော်းဆိုသည့်အတိုင်း ထမင်းပေးဖို့တော့ မဟုတ်၊ ဟု နားပူနားဆာတိုက်သည့် တောသားတွေ ပါးစပ်မိတ်သွ စေမည့် နည်းလမ်းကို စဉ်းစားခြင်းဖြစ်သည်။ လူသူ သတ် အများရှေ့တွင် ထိုသူတွေကို လုံခြုံရေးရဲမက် လက်သို့ ထိုးအပ်လိုက်၍မဖြစ်။ ကိုယ့်စရိတ် ကိုယ်စား က 'အတော်မေတ္တာတရား ခေါင်းပါးတဲ့ သူဌေး' အခြောက်တိုက် နာမည်ပျက်ကာ လူတကာ ကဲ့ရဲ့

www.burmeseclassic.com

ခဲ့နိုင်။ ထို့ကြောင့် ခေါင်းထဲပေါ်လာသည့် မဖြစ်နိုင်သည့် ကိစ္စကိုသာ ပြောချလိုက်ရတော့သည်။

'ကဲ..ကဲ..ငါစားတဲ့ ထမင်းကို မစားရလို့မှ အသက်သေရလိမ့်မယ်ဆိုရင်ဖြင့် အလကားတော့ မပေးနိုင်ဘူး။ အဲဒီလူဟာ ငါ့အိမ်တော်မှာ သုံးနှစ်တိတိ ကျွန်ခံပြီး ငါ့အကုန်စွန့် ဗာဟီရတွေကို တာဝန်ကျေကျေ လုပ်ဆောင်ရမယ်။ ဒီလိုလုပ်ကိုင်လို့ သုံးနှစ်စေ့တဲ့အခါကျရင် အခု ငါစားတဲ့ ထမင်းပွဲမျိုး တစ်ထပ်စာကို ပေးမယ်။ ငါကဲ့သို့ အသုံးစုံသော စည်းစိမ်တွေခံပြီး စားသောက်စေခွင့်ပေးမယ်။ အဲဒါကိုမှ သဘောမတူဘူးဆိုရင်တော့ ငါလည်း ဘာမှ တတ်နိုင်ဘူးဟေ့။ အခုပဲ လှည့်ပြန်ကြပေတော့'

သူဌေးဏ၏ ကမ်းလှမ်းချက်ကို ကြားကြရသောအခါ ဧည့်သည်အများစုကြီးမှာ ရုံ့မဲ့သွားကြလေသည်။ တစ်နေ့ဘာ သူဌေးစည်းစိမ်ကလေးခံပြီး စားရမည့် ထမင်းတစ်ထပ်အတွက် (၃)နှစ်တောင် ကျွန်ခံရမယ်ဆိုတော့ မတန်မရာရှိလှသည်။ မည်သူမျှ လက်မခံနိုင်ကြ။ သို့ရာတွင် အံ့သြဖွယ်ကောင်းသည်က ထိုအစီအစဉ်ကို ကျေးတောသားက ဝမ်းမြောက်လိုလားစွာ လက်ခံနိုင်ခြင်းပင် ဖြစ်တော့၏။

'ကဲ..ကြားရဲ့လား သူငယ်ချင်း၊ ငါတော့ဖြင့် သူ့အစီအစဉ်ကို ကြိုက်တယ်ကွာ။ ဒီပွဲပြီးတာနဲ့ သူဌေးနဲ့ ဝင်တွေ့ပြောပြီး သူ့အိမ်မှာပဲ နေခဲ့တော့မယ်။ ကိုယ့်လူက ကိုယ့်အိမ်ကိုသာ ပြန်ပေတော့'

ကျေးတောသား၏ ဝမ်းမြောက်သိမ်ဖြင့် တက်ကြွရွင်လန်းစွာ ပြောကြားလာသော စကားသံကြောင့် မြို့က မိတ်ဆွေများ မျက်လုံးပြူးသွားရ၏။ သူဌေး၏ထမင်းကို စားခွင့်ကြီးလွန်းမှုကြောင့် ရုတ်တရက်စိတ်ဖောက်ပြန်၍ သဘောင်္ကတမ်းပြောလိုက်ခြင်းပေလောဟု သူလူသူ မျက်ခြည်ကြုတ်၍ ကြည့်ရသေး၏။

'မတော်တာတွေ မပြောစမ်းပါနဲ့ ငါ့လူရာ၊ မဖြစ်နိုင်တဲ့ ထမင်းတစ်ထပ်အတွက် (၃)နှစ်တောင် ကျွန်ခံအလုပ်ခံရမယ်လို့။ အလွန်တောင် ဒါမျိုးကိုလက်ခံမှာမဟုတ်ဘူး'

'သူငယ်ချင်း..ငါက သည်ခြေပျက်စီးလို့ စိတ်ဖောက်ပြောင်း ရွေးရတဲ့အရွေးမျိုး မဟုတ်ပေမယ့် သူဌေးရဲ့ ထမင်းကို ကိုစားရမှ အသက်ရှင်နိုင်တော့မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မိတဲ့အထိ ရသတဏှာကို စွဲလမ်းတပ်မက်တဲ့ လူတွေရဲ့ သားကောင်အရွေးတစ်မျိုး ဖြစ်နေပါပြီကွာ။ ငါ အသက်ရှင်ဖို့အရေး ကြိုးစားခွင့်ပေးပါ'

ကျေးတောသားက သူ့အနေအထားကို သိနေသည့် နှယ် ရှင်းပြလိုက်၏။

'ဟာ..မဖြစ်ပါဘူးကွာ။ ဇနပုဒ်မှာ ကျန်ရစ်ခဲ့တဲ့ မင်းသားမယားတွေကိစ္စကို ဘယ်လိုလုပ်မလဲ။ မင်းမိဘဆွေမျိုးအသိုင်းအဝိုင်းတွေကလည်း ရှိသေးတယ်လေ။ မင်း ဒီလို လုပ်ရင် သူတို့ အရှက်ရကြမှာပေါ့ သူငယ်ချင်းရ'

မြို့က မိတ်ဆွေက ကျေးတောရွာတွင် ကျွန်ရစ်ခဲ့သည့် မိဘဆွေမျိုး၊ သားမယားတို့၏ သံယောဇဉ်ကြိုးဖြင့် ချည်နှောင်ကာ ဆွဲထုတ်ဖို့အကြိုးနှင့် ထပ်မံပြောကြားလိုက်ပြန်သည်။

'မှန်ပါတယ် သူငယ်ချင်း၊ ဒါပေမဲ့ သူတို့ အရှက်ရကြတယ်ဆိုတာက ကာယကံရှင်စစ်စစ်ကြီးဖြစ်တဲ့ ငါ အိပ်နေသလောက်ပဲ ရှိမှာပါကွာ။ ငါ့ထက်များ သူတို့က ပိုရှက်ကြရဦးမှာတဲ့လား။ ပတ်ဝန်းကျင်ကရော နေ့ရှိသမျှ ဒီအကြောင်းကိုပဲ ထိုင်တွေး၊ ထိုင်ပြောနေကြမှာတဲ့လား။ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပါကွာ။ မောရင် ရေသောက်ပြီး ပြောကြပါစေ။ ရက်ကြာလာတော့ ပြောပါဦးခင်ဗျလို့ ထိုင်တောင်းပန်နေရင်တောင် ပြောကြတော့မှာ မဟုတ်ပါဘူး။ အကြောင်းက အဲဒီပတ်ဝန်းကျင်ကြီးဟာ တစ်နေ့တစ်မျိုး ပြောစရာ၊ ကဲ့ရဲ့စရာ အသစ်,အသစ်တွေ နေ့စဉ်ရရှိတိုးပွားနေမှာမို့ပဲ။ ငါ့သားမယားတွေအတွက် မပူပါနဲ့။ ငါ ပြန်ရောက်မလာရင် ငါ့သားမယားဟာ သေချာပေါက် မင်းအိမ်ကို လိုက်လာမှာပဲ။ မင်းက ထပ်လမ်းညွှန်လိုက်ရင် သူဌေးအိမ်ကို ဆက်လိုက်လာလိမ့်မယ်။ အဲဒီတော့မှ အကျိုးအကြောင်းရှင်းပြပြီး ငါ နောက်ဆုံးရောင်းလို့ရခဲ့တဲ့ ထင်းဖိုးအသပြာကလေးတွေရယ်၊ မင်းအိမ်မှာထားခဲ့တဲ့ လှည်းနဲ့နွားရယ်ယူပြီး ပြန်ကြတော့လို့ ပေးလွှတ်လိုက်ရုံပဲ။ (၃)နှစ်ဆိုတာ ဖင်လှည့်ခေါင်းလှည့်နဲ့ ပြည့်သွားမှာပါကွာ။ မကြာပါဘူး၊ ဒီ(၃)နှစ်ကလေးကိုတော့ သည်းခံစောင့်ပါ။ ဆွေမျိုးတစ်တွေနဲ့အတူ ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်နေကြပါလို့ မှာထားလိုက်ဖို့ပါပဲ'

ကျေးတောသားသည် သူဌေး၏အိမ်တွင် (၃)နှစ်ကျွန်ခံရမည့်ကိစ္စကို နောက်မဆုတ်တော့။ သူဌေး၏ တစ်သိန်းတန်ထမင်းကိုစားလိုသော ပြင်းပြထက်သန်သောဆန္ဒဖောက (၃)နှစ်တာ အလုပ်လုပ်ရမည့် ပေးဆပ်မှုကြီးကို မြူတစ်မှုန်စာမျှ သေးငယ်သွားစေနိုင်ဟန်တူ၏။ တဏှာ၏မျက်လှည့်ကား ပဉ္စလက်ဆရာအကျော်အမော်တို့ လက်မှိုင်ချသွားရ

www.burmeseclassic.com

လောက်အောင် ကြောက်မက်ဖွယ် လှည့်စားစွမ်းရည်အပြည့်ရှိသည့် မျက်လှည့်ပါပေတည်း။ ဤသို့ဖြင့် ကျေးတောသား သည် သူဌေး၏ ထမင်းစားတော်ခေါင်ပွဲ အခမ်းအနားကြီး ပြီးဆုံးသွားသည်နှင့် သူဌေး၏အိမ်တော်သို့ ဝင်ရောက်ကာ သူဌေးနှင့်တွေ့ဆုံ၍ (၃)နှစ်တာ အလုပ်လုပ် ကျွန်ခံမည်ဖြစ်ကြောင်း ပြောကြားလေတော့၏။ သူဌေးသည် များစွာအံ့အားသင့်သွားလေ၏။

'ဟော..လက်စသတ်တော့ ငါ့ထမင်းကို စားချင်တယ်ဆိုတာ မင်းကိုး။ ငါကတော့ လူထူထူထဲ ငါ့ကို သက်သက်လာနောက်နေတယ်လို့ ထင်ခဲ့မိတာပဲ အမှန်ပဲ။ ဒါကြောင့် မြန်မြန်မှ နားပူသက်သာရင် ပြီးပါစေဆိုပြီး မဖြစ်နိုင်တာကြီး ရွေးပြောချလိုက်ခဲ့တာပဲ။ အခုတော့ မင်းက တကယ်ကို လိုက်လာပြီး တကယ်ပြောနေတာဆိုတော့ စဉ်းစားရကျပ်ကျပ်ပဲဟေ့'

'မကျပ်ပါနဲ့ သူဌေးမင်း၊ ကျွန်တော်မျိုး အမှန်တကယ်ပြောနေတာပါ။ သူဌေးမင်းရဲ့အိမ်မှာ မြို့အလုပ်၊ တော အလုပ် ကြုံရာကြုံရက်ရာ ခိုင်းစေတာဝန်ပေးပါ။ ကျွန်တော်မျိုး (၃)နှစ်ပြည့်အောင် မပျက်မကွက် တာဝန်ကျေပွန်အောင် လုပ်ဆောင်ပေးပါမယ်။ တခြားအလုပ်သမားတွေလို မသေထမင်းကလေးစားရ၊ အဝတ်အထည်အဟောင်းကလေးတွေ အရက်လုံရုံ ဝတ်ဆင်ရရင် တော်ပါပြီခင်ဗျာ။ ကျောတစ်ခင်းစာအိပ်ဖို့ နေရာကလေး သတ်မှတ်ပေးပါ။ ဒါပါပဲ'

ကျေးတောသားက သို့၏ အနန္တနိုးငယ်မျှသော လိုအပ်ချက်ကလေးများကိုသာ တောင်းဆို၏။ ဒုက္ခပဲ၊ ဒီအကောင်ဟာ ရူးများနေသလားဟု အကဲခတ်တော့လည်း ပုံမှန်အတိုင်း အကောင်းပကတိကြီးဖြစ်နေတော့ သူဌေးမင်း ခေါင်းကုတ်၏။

'အေးလေ..ဒီစကားက အများပရိသတ်ရှေ့မှာ ငါကိုယ်တိုင်ပြောခဲ့တဲ့ စကားဆိုတော့ ငါ့စကားကို ငါတာဝန်ယူသောအားဖြင့် လက်ခံရမှာပေါ့။ ဟေ့ကောင်..သေသေချာချာတော့ ပြန်စဉ်းစားဦးနော်။ မင်း အလုပ်လုပ် ကျွန်ခံရမှာက (၃)လမဟုတ်ဘူး။ (၃)နှစ်၊ (၃)နှစ်။ တော်ကြာလနဲ့ နှစ်နဲ့ လွဲနေဦးမယ်'

'မလွဲပါဘူး သူဌေးမင်း၊ (၃)နှစ်ဆိုတာကို ကျွန်တော်မျိုး သိပါတယ်'

'ကောင်းပြီကွာ၊ အာဂလူပါလားဟေ့။ စိတ်ချလိုက်စမ်း။ မင်း တကယ်စကားတည်ခဲ့ရင် လုပ်ကိုင်နိုင်ခဲ့ရင် ငါ့ဘက်ကလည်း ငါ့စကားအတိုင်း အမှန်ဖြစ်စေရမှာပေါ့ကွာ'

သည်လိုနှင့် နှစ်ဦးနှစ်ဖက်သဘောညီမျှကြကာ သူဌေး၏အိမ်တွင် ကျေးတောသား စတင်အလုပ်လုပ် နေထိုင်လေတော့သည်။ သူဌေးပေးသော ကျောချစရာ တစ်နေရာတွင် အိပ်၊ သူဌေးကျွေးသော သူလိုငါလို ထူးမခြားနား ဆန်းကြမ်းထမင်းနှင့် အသက်ဆက်၍ တောအလုပ်၊ မြို့အလုပ် မခွဲဘဲ လုပ်ကိုင်နေသော ကျေးတောသား၏ သတင်းသည် တစ်ယောက်စကား တစ်ယောက်နားဖြင့် တစ်လကျော်လောက်မှာပင် ဗာရာဏသီတစ်မြို့လုံး သိရှိပျံ့နှံ့လေတော့ရာ. လူအများက ထိုကျေးတောသားကို ဘတ္တဘတိကဟု နာမည်အသစ်တစ်လုံး ဝိုင်းပေးလိုက်ကြလေတော့သည်။ ထမင်းအတွက် ကျွန်ခံသူဟူသော အဓိပ္ပာယ်ပင် ဖြစ်ပါလေတော့သတည်း။

(၄)

'အရှင်ဂန္ဓသူဌေးမင်း..အခုတစ်ပတ် ရောက်ရှိလာမယ့် လပြည့်နေ့မှာဆိုရင် အရှင့်ထံ (၃)နှစ်တိတိ အလုပ်လုပ်လာခဲ့တဲ့ ဘတ္တဘတိကသူဆင်းရဲရဲ့ ကျွန်ခံသောကာလဟာ (၃)နှစ်တိတိသို့ ပြည့်ရောက်ပါပြီ သူဌေးမင်း။ ထို(၃)နှစ်အတွင်းမှာလည်း သူဟာ တစ်စုံတစ်ရာမျှသော အမှုကိစ္စတို့ကိုမှ ပျက်ကွက်ချို့ယွင်းမှုမရှိဘဲ ကျိုးကျိုးနှဲ့နဲ့ တာဝန်ကျေပွန်အောင် လုပ်ဆောင်လာခဲ့တာကို တွေ့ရပါတယ်။ ဒီအကြောင်းကို ကြိုတင်သတင်းပေးပါတယ် သူဌေးမင်း'

ဂန္ဓသူဌေး၏အိမ်တော်မှ စားတော်ကဲကြီးက ပြောကြားလာသောစကားဖြစ်၏။ မှန်သည်။ ဘတ္တဘတိက သူဆင်းရဲ၏ ကျွန်ခံကာလသည် တရွေ့ရွေ့လည်ပတ်နေသော ရာသီစက်ဝန်း သုံးပတ်လည်ခဲ့ပြီ။

'ဟော..ဟုတ်ပေသားပဲ။ အင်း..ဒီလိုဆိုတော့လည်း သူ့ရဲ့ဇွဲ၊လုံ့လအတိုင်း ငါက ပြန်ချီးမြှင့်ပေးရတော့မှာပေါ့လေ။ သူတောင့်တလုတဲ့ ထမင်းတစ်ထပ်အတွက် (၃)နှစ်တိတိ သည်းခံကြိုးစား လုပ်ကိုင်လာနိုင်ခဲ့တဲ့ စိတ်ဓာတ်ကိုတော့ဖြင့် ငါချီးကျူးမိပါရဲ့ကွာ။ တကယ်ကို ရည်မှန်းချက်အတိုင်း မရောက်ရောက်အောင် စွမ်းဆောင်နိုင်မှုအတွက် ဂုဏ်ပြုထိုက်ပါတယ်။ ဒီလိုဆိုတော့ အခုလပြည့်နေ့မှာ ငါ့အတွက်သာမက သူ့အတွက်ပါ လုံလောက်အောင် တိုးချဲ့ချက်ပြုတ်ပြင်ဆင်ကြစေဗျာ။ အဲဒီနေ့မှာ ငါ့ရဲ့ဇနီးသည်တဲ့ စိန္ဓာမဏီသူဌေးကတော်တစ်ယောက်လည်းရင် အိမ်

www.burmeseclassic.com

www.burmeseclassic.com

ဆော်ကရှိသမျှ အမှုလုပ်ဝန်ထမ်းအားလုံး ဘတ္တာဘတိကကို ခစားကြရမယ်။ ငါ့ကို ဆောင်ရွက်ပေးလေ့ရှိသမျှ ကိစ္စ အခမ်းအနား အဆောင်အယောင်ဟူသမျှကိုလည်း သူ့ကို ဆေးကြရမှာပဲ။ ပြီးတော့ (၃)နှစ်တိုင်တိုင် အလုပ်လုပ် ကျွန်ခံ ဘဝခဲ့တဲ့ ဘတ္တာဘတိက သူဆင်းရဲဟာ (၃)နှစ်စေ့မြောက်လို့ တစ်သိန်းတန် စားတော်ခေါ်ပွဲကြီး ကျင်းပခွင့်ရရှိပြီဆိုတဲ့ အကြောင်း မြို့တော်အနှံ့ စည်မောင်းများထိုး လှည့်လည် ကြော်ငြာကြစေဗျာ'

သူဌေးထံမှ ခွင့်ပြုချက်ရသည်နှင့် စားတော်ကဲကြီးနှင့် အိမ်တော်ဝန်တို့သည် လပြည့်နေ့ အထူးထမင်းစားတော်ခေါ် ပွဲအခမ်းအနားအတွက် ပြဖွယ်ကိစ္စမှန်သမျှကို စီစဉ်ဆောင် ရွက်ကြလေတော့သည်။ စည်မောင်းထိုး၍ လှည့်လည်ကြော် ငြာသံ ကြားကြရသောအခါ မြို့သူမြို့သားတို့သည် (၃)နှစ် တာကြာ ကျွန်ခံခဲ့သော ဘတ္တာဘတိက၏ စားတော်ခေါ်ပွဲကို ကြည့်ရှုကြရန် စိတ်အားထက်သန်စွာ စောင့်မျှော်ကြကုန်၏။ သားပစ် မယားပစ်နှင့် (၃)နှစ်တိုင်တိုင် ခွဲ၊ လုံ့လဖြင့် ကြိုးစားခဲ့သော ကျေးဇော်သားတစ်ဦး၏ အောင်ပွဲခံမည့်ပွဲ ဖြစ်နေသဖြင့် အထူးအားပေးကြမည်ဖြစ်သည်။ သည်လိုနှင့် အနှံတကယ် လပြည့်နေ့သို့ ရောက်ရှိလာသောအခါတွင် အခမ်းအနားကျင်းပရာ မဏ္ဍပ်ကြီးသာမက တစ်ကွင်းလုံး ရီသတ်အပြည့်ဖြင့် အခါတိုင်း လပြည့်နေ့များထက် ပိုမို ညီကားပြည့်သိပ်နေတော့သည်။ မဏ္ဍပ်အတွင်း၌ရှိ စင်မြင့် အခမ်းအနားမှာမူ ဂန္ဓသူဌေးမင်း စားတော်ခေါ်သည့် ပုံစံ အတိုင်း သိုက်မြိုက်တင့်တယ်စွာ ပြင်ဆင်ထားရှိ၏။

အချိန်ကျလာသောအခါ စားတော်သည် ဘတ္တာဘတိက ကို အဖိုးတစ်သိန်းထိုက်သော ဖန်ရေချိုးအိမ်အတွင်းရှိ တစ် သိန်းတန် ဖန်ရေချိုးခုံပေါ်တွင် နေစေ၍ (၁၆)လုံးသောနံ့သာ ဆင်အိုးတို့ဖြင့် ရေချိုးသန့်စင်စေသည်။ ပြီးလျှင် ဂန္ဓသူဌေး မင်း ဝတ်စားဆင်ယင်သော ပိုးဖဲတန်ဆာ အဝတ်ပုဆိုးတို့ကို သာစွာ ဆင်ယင်ဝတ်စားပေးကြ၏။ ဘတ္တာဘတိကမှာမူ အဖိုးတစ်သိန်းထိုက်သော ခြသေ့ခံ လေသာပြတင်းကိုဖွင့်၍ သူဌေးမင်းထိုင်နေကျ တစ်သိန်းတန် ဖန်ပလ္လင်ကြီးပေါ်ထိုင် ကာ ပျိုကညာအများတို့၏ ယပ်လေခတ်ခြင်း၊ သလုံးသား၊ ဆွဲဝါးတို့ကို ဆုပ်နယ်ပြုစုခြင်း စသောဖျော်ဖြေမှုတို့ကို သူဌေးမင်းကဲ့သို့ စည်းစိမ်ခံစား၍နေလေသည်။

ထိုအချိန်တွင် စားတော်ကဲကြီးနှင့်အဖွဲ့သည် ဘတ္တာ ဘတိကအတွက် ထမင်းပွဲကြီးကို စတင်ပြင်ဆင်ကြလေပြီ။

ဂန္ဓသူဌေးအား ဆောင်ရွက်ပေးသကဲ့သို့ ထပ်တူပင်ဖြစ် သည်။ တစ်သိန်းထိုက်သော ထမင်းစားမဏ္ဍပ်ကြီးအတွင်းမှ တစ်သိန်းတန်သော စားပွဲပေါ်၌ နံ့သာရေနှင့် ဆေးကြော ထားသော ရွှေပန်းကန်၊ ရွှေခွက်၊ ရွှေဇွန်းတို့ကို အစီအရီတင် ကာ မွေးကြွေင့်လှစွာသော ဟင်းလျာများကိုထည့်၏။ ယင်း သို့ ပြင်ဆင်နေကြစဉ်အတွင်း စောင့်စား၍ မပျင်းရိရလေ အောင် ဘတ္တာဘတိကအနီးတွင် လှပသော နာမည်ကျော် ကချေသည် အပျိုစင်ကလေးများက သီဆိုကပြ ဖျော်ဖြေ ပေးနေကြလျက်ရှိသည်။ လာရောက်ကြည့်ရှုကြသော ပရိ သတ်အများကား အားကျခြင်း၊ မိမိတို့ မစွမ်းဆောင်နိုင် သည်ကို စွမ်းဆောင်ကာ ဤသို့ သူဌေးနှင့် အလားတူ စည်းစိမ်ခံ၍ အဖိုးတန်ထမင်းကို စားသုံးတော့မည်ဖြစ်သော ကြောင့် နှစ်သက်ကျေနပ် မုဒိတာပွားခြင်းတို့ဖြင့် သော သောညံအောင် သြဘာလက်ခုပ်များတီးလျက် အားပေးနေ ကြလေ၏။

ထိုအခိုက်အတန့်သော အချိန်ကာလမှာပင် ဂန္ဓမာဒန တောင်တော်တွင် နိရောဓသမာပတ် ဝင်စားနေခဲ့သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးသည် ခုနစ်ရက်စေ့မြောက်၍ နိရောဓသုမာပတ်မှ ထတော်မူလေသည်။ ဘတ္တာဘတိက၏ ရှေးအတိတ်ကုသိုလ်ကံကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ နိရောဓသမာပတ်မှ ထတော်မူချိန်နှင့် ဘတ္တာဘတိက၏ မွန် မြတ်သော ထမင်းဘောဇဉ်ကို စားသုံးရန်ပြင်ဆင်နေချိန် တို့မှာ တစ်ချိန်တည်း၊ တစ်ထပ်တည်း တိုက်ဆိုင်နေ၏။ ပစ္စေကဗုဒ္ဓါအရှင်သည် ယနေ့ဘယ်အရပ်ကိုကြွ၍ မည်သူ့ကို ချီးမြှောက်ရအံ့နည်းဟု ဉာဏ်တော်အလင်းရောင်ဖြင့် ကြည့်ရှုသော် ဗာရာဏသီပြည်ကြီး၌ သုံးနှစ်တိုင် ကျွန်ခံ၍ ရအပ်သော တစ်ထပ်စာထမင်းကို စားသောက်

www.burmeseclassic.com

www.burmeseclassic.com

မည်ပြုနေသော သူဆင်းရဲဘတ္တာဘတိကကို မြင်တော်မူလေ၏။ တစ်ဖန် အကြောင်း၏ ပြည့်စုံမှုရှိပါအံ့လောဟု ကြည့်ရှုပြန်သော်၊ ပြည့်စုံမှုရှိသည့်အဖြစ်ကို မြင်တော်မူသည်နှင့် သင်္ကန်းကိုရုံ၊ သပိတ်တော်ကိုပိုက်ပြီးလျှင် ကောင်းကင်ယံသို့ ပျံတက်တော်မူကာ ဈာန်ယာဉ်စီး၍ ဗာရာဏသီပြည်သို့ ဦးတည်ကြွချီတော်မူလေသည်။ ထို့နောက် နံ့သာရေစင်တို့ဖြင့် လက်ဆေးပြီးကာ ထမင်းစားပွဲသို့ ဝင်ထိုင်တော့မည့် စားလုဆဲဆဲ ဘတ္တာဘတိက၏ရှေ့သို့ ပရိသတ်များအထက်မှ ဘွားခနဲ ဆိုက်ရောက်ဆင်းသက်လာကာ ဆွမ်းရပ်တော်မူလေတော့၏။

ဘတ္တာဘတိကသည် စားပွဲတွင် ဝင်မထိုင်ရသေးဘဲ စားပွဲရှေ့တွင် မတ်တတ်ရပ်လျက်မှ မိမိ၏ရှေ့ မနီးမဝေးတွင် ဆွမ်းရပ်တော်မူလာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို အံ့အားသင့်စွာ ငေးမျှော်ကြည့်နေမိလေသည်။ စောစောတုန်းက သောသောအုပ်အုပ် ဆူညံနေခဲ့သော ပရိသတ်ကြီးလည်း ရုတ်တရက် မိမိတို့မျက်စိရှေ့တွင် ပေါ်ပေါက်လာခဲ့သော ဖြစ်စဉ်ကြောင့် ကိုယ်စီကိုယ်ငင် ဆွံ့အသွားကြကာ ငြိမ်ဆိတ်သွားကြလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အချိန်ကိုက် အလျှံခဲကြွရောက်လာခြင်းပေတကား။ ဘတ္တာဘတိက ဘာလုပ်မည်လဲ၊ မည်သို့ဆုံးဖြတ်ဖြေရှင်းမည်လဲ။ ယခု စားလုဆဲဆဲထမင်းသည် ဘတ္တာဘတိကအတွက် မည်မျှတန်ဖိုးကြီးကြီး ပေးဆပ်ရယူထားရသည်ကို ပရိသတ်အားလုံးက ပင် သိရှိကြပြီးဖြစ်၏။ သုံးနှစ်တိတိ ကျွန်ခံရန်းပြီးမှရခဲ့သော တစ်ထပ်တည်းသောထမင်း။ နောက်တစ်ကြိမ်စားဖို့ ထပ်မရ။ ထပ်စားချင်လျှင် နောက်ထပ်(၃)နှစ် ကျွန်သက်တမ်းတိုးသွားနိုင်သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ဘက်ကတော့ ရှင်းသည်။ အလှူရှင်က လောင်းလှူလျှင် ခံယူသွားမည်။ ငြင်းပယ်လျှင် ပြန်လှည့်ကြွသွားမည်။ သည်နှစ်လမ်းပဲရှိ၏။ ကဲ..သည်နှစ်လမ်းအတွက် အပေါင်း (သို့မဟုတ်) အနုတ် အဖြေသည် ဘတ္တာဘတိက၏ ဆုံးဖြတ်ဆောင်ရွက်ချက်အပေါ်မှာ လုံးဝ ရပ်တည်နေသည်။ ပေါင်းမလား၊ နုတ်မလား ပရိသတ်အားလုံး ရင်ခုန်လာကြ၏။ (၃)နှစ်တာ ပင်ပန်းဆင်းရဲမှုများနှင့် လဲလှယ်၍ သူကိုယ်ပိုင်အဖြစ် ရှားပါးစွာရရှိခဲ့သော ထမင်းစားပွဲရှေ့တွင် ကျောက်ရုပ်ကြီးတစ်ရုပ် ချထားသလို တွေတွေကြီး ရပ်တန့်ငြိမ်သက်နေတာကိုက ရင်တထိတ်ထိတ် စိတ်ဝင်စားစရာကောင်းနေသည်။

ဘတ္တာဘတိကသည် အမျိုးအမြင်တွင်သာ ငြိမ်သက်နေသော ရုပ်တုသဖွယ် ရှိနေသော်လည်း သူကိုယ်တိုင်၏ ရင်ထဲတွင်မူကား မုန်တိုင်းတစ်ခု ဝင်မွေ့နေသည့်နယ် ဗြောင်းဆန်အောင် လှုပ်ရှားနေ၏။ တွေ့ကြုံပြဿနာပေါ့ကွာ။ ဒီလောက် အဖိုးတန်လှတဲ့ထမင်းပွဲ။ အားရပါးရကြိုးကို အရသာခံစည်းစိမ်ခံပြီး ဝဝကြီးစားလိုက်ရသေးသပေါ့ဟူသော လောဘတဏှာနှင့် ဘာလို့စားနေတော့မလဲကွာ။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးကို ခုလို တိုက်တိုက်ဆိုင်ဆိုင် ကိုယ့်ရှေ့ အလှူခံလာရောက်နေတုန်း လှူချလိုက်စမ်းပါ။ တစ်ဘဝစာကို ကြည့်မနေနဲ့၊ သံသရာအတွက်ကို ကြည့်စမ်းပါဟူသော ဒါနစေတနာသဒ္ဓါတရားတို့၏ သူနိုင်ကိုယ်နိုင် ရင်ဆိုင်တိုက်ပွဲကြီးက အပြင်းအထန် ဆင်နွှဲဖြစ်ပေါ်နေသည်ကို ဘယ်သူမှမသိ။ ထိုအခိုက်တွင် ဘတ္တာဘတိက၏ အခြားသော စိတ်ကလေးတစ်ခုကလည်း ကိုယ့်လူ..အချိန်သိပ်မရဘူး။ မြန်မြန်ဆုံးဖြတ်၊ တော်တော်ကြာနေ မွန်းလွဲသွားရင် မင်းအတွက်ရော ပစ္စေကဗုဒ္ဓါအရှင်မြတ်အတွက်ရော နှစ်ဦးလုံးအတွက် အကျိုးမဲ့ဖြစ်တော့မယ်။ အီးလေးဆွဲမနေနဲ့၊ ချိန်ခွင်ညွှာက အလယ်ခေါင်တန်းနေလို့ မဖြစ်ဘူး။ တစ်ဖက်ဖက်ကို ပြတ်ပြတ်သားသား ဖိချလိုက်ဟု သတိပေးတိုက်တွန်းနေ၏။ ထိုအခါ ဘတ္တာဘတိက မိမိ၏ လုတ်တလော ဘဝအနေအထားကို အရင်းတိုင်း ပြန်လည်ဆင်ခြင်မိလေသည်။

'ညော်..ငါ့မှာ ရှေးဘဝတွေ အဆက်ဆက်တုန်းက ပေးကမ်းလှူဒါန်းခြင်းဒါနနည်းခဲ့လို့ ဒီဘဝမှာ ဆင်းရဲခဲ့ရတယ်။ ထမင်းတစ်ထပ်စာအတွက် သူတစ်ပါးဆီမှာ (၃) နှစ်တောင် ကျွန်ခံရတဲ့ အဖြစ်မျိုးနဲ့ တိုးရတယ်။ ဒီတစ်ထပ်စာထမင်းကို ငါ့ဝမ်းထဲ သွင်းလိုက်ရင် သူက တစ်နေ့ တစ်ညကလေးလောက်ပဲ ဝမ်းတွင်းမှာအေးမြပြီး ဆာလောင်မွတ်သိပ်ခြင်းဘေးကို စောင့်ရှောက်တားဆီးကာကွယ်နိုင်မယ်။ အရှင်ပစ္စေကဗုဒ္ဓါကို သဒ္ဓါရက်ရောစွာ လှူဒါန်းလိုက်မယ်ဆိုရင်တော့ နောက်နောင်ဖြစ်လေရာဘဝများစွာမှာ ချမ်းချမ်းသာသာ စောင့်ရှောက်မှာ အမှန်ပဲ။ ဒီတော့ ရသကိုတပ်မက်တဲ့ လောဘတဏှာကို နိုင်အောင်ဖြတ်ပြီး အရှင်မြတ်ကိုပဲ လှူဒါန်းလိုက်ပါတော့မယ်လေ'

ဆင်ခြင်မှု၏အဆုံးတွင် ပြတ်သားသော ဆုံးဖြတ်ချက်ကို ချလိုက်သည်နှင့် ဘတ္တာဘတိကသည် ထမင်းတည့်ထားသော စားတော်ရွေပန်းကန်ကြီးကို လက်လွှဲယူဆောင်

www.burmeseclassic.com

ဘာ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ရှေ့သို့ တည်ငြိမ်စွာ လှမ်းသွားသောကြောင့်။ ပြီးလျှင် ရွှေပန်းကန်ကို ယနေ့အဖို့ သူတို့ ခစားနေကြရသောသူများထဲမှ တစ်ယောက်လက်သို့ ပြဲပေးကာ ခေတ္တကိုင်ထားစေ၍ ပစ္စေကအရှင်မြတ်ကို ထိခြင်းငါးပါးဖြင့် ရိုသေစွာရှိခိုးကန်တော့လေသည်။ ထို့နောက် ဘေးတော်ရွှေပန်းကန်ကို လက်ဝဲလက်ဖြင့်ကိုင်ကာ လက်ယာလက်ဖြင့် အရှင်မြတ်၏ သပိတ်တော်ထဲသို့ ဆွမ်း၊ ဟော ဆွမ်းများကို လောင်းလှူလေသည်။ ရွှေပန်းကန်ထဲမှဆွမ်းများ တစ်ဝက်ကျသွားသောအခါ ကျန်တစ်ဝက်ကို ဒကာ စားသုံးဖို့ ချန်ပါဦးဆိုသောသဘောဖြင့် အရှင်မြတ်က သပိတ်တော်ကို အဖုံးအုပ်တော်မူ၏။ ထိုအခါ ဘတ္တာဘတိက သူဆင်းရဲက လျှောက်ထား၏။

'အရှင်ဘုရား...တစ်ဦးစာကို နှစ်ဦးမျှဝေပိုင်းခြားခြင်းငှာ သူ့မဝ ငါ့မမျှဖြင့် အကျိုးမရှိပါ။ တပည့်တော်ရဲ့ ဘုန်းဘဝကို ငဲ့ညှာထောက်ထားခြင်းမပြုဘဲ သံသရာတစ်လျှောက်များမှာ ခရီးပေါက်အောင်သာ ချီးမြှောက်တော်မူပါဘုရား။ တပည့်တော်အတွက် အကြွင်းအကျန်မထားဘဲ ငါဆိုင်ခွင့်ရသမျှ အပြည့်အဝကို လှူဒါန်းခွင့်ပေးတော်မူပါ အရှင်မြတ်ဘုရား'

ထို့နောက် ဘတ္တာဘတိကသည် မိမိအတွက် ဆုလာဘ်သဖွယ်ရရှိခဲ့သော မွန်မြတ်သည့်ဆွမ်းဘောဇဉ်များနှင့် ဆွမ်းဟင်းလျှာများပါမကျန် ယနေ့အဖို့ မိမိကို ဝိုင်းဝန်းခစားနေကြရသော ဂန္ဓသူဌေး၏ အစေအပါးအမှုထမ်း အကျိုးဆောင်များကို သယ်ယူစေ၍ သပိတ်တော်နှင့် ပြည့်လျှံသည်အထိ ချက်ရောစွာ လောင်းလှူလိုက်လေတော့၏။ ထိုအချိန်တွင် သူ၏ရင်ထဲ၌ နှမြောတွန့်တိုခြင်း အလျှင်းမရှိ။ ကြီးစွာသော ဝမ်းမြောက်ခြင်း သဒ္ဓါပီတိအဟုန်ဖြင့်သာ ရင်တလှပ်လှပ် ဖြစ်ခုန်ကြည်နူးလျက် တစ်ကိုယ်လုံး တုန်ယင်နေလေသည်။ ငါသည် ဤထမင်းဟင်းများကို မစားရလည်း ကိစ္စမရှိ၊ ညစာတွင်မှ နေ့စဉ် စားနေကျ ဆန်ကြမ်းထမင်းနှင့် ဟင်းရည်ဟင်းတို့ကိုသာစားလျက် ဝမ်းမီးကိုငြိမ်းလျှင်လည်း ပြီးသည်သာဟု နလုံးသွင်းထားပြီး ဖြစ်လေသည်။ ထိုသို့ အကုန်အစင် အမွှန်အမြတ် ဆွမ်းဘောဇဉ်ဟင်းလျှာတို့ကို လှူဒါန်းပြီးသောအခါတွင်မှ ဘတ္တာဘတိကသည် 'အရှင် ပစ္စေကဗုဒ္ဓါကို ကြည်ညိုစွာ ဦးချရှိခိုးလျက် ဆုမွန်တောင်းလေသည်။

'အရှင်မြတ်ဘုရား...ယခု အရှင်မြတ်အား လှူဒါန်းသော ဆွမ်းဘောဇဉ်ဟင်းလျှာ တစ်ထပ်စာကို ရရှိဖို့အတွက် တပည့်တော်သည် ဂန္ဓသူဌေး၏ထံတွင် (၃)နှစ်တာ ဆင်းရဲပင်ပန်းစွာ ကျွန်ခံအလုပ်လုပ်ခဲ့ရပါတယ်။ ဤမွန်မြတ်သော ဆွမ်းကို ဓမ္မီယလဒ္ဓ-စင်ကြယ်စွာရရှိခဲ့တဲ့ လှူဖွယ်အဖြစ် အရှင်မြတ်အား သဒ္ဓါရက်ရောစွာ လောင်းလှူပါတယ်။ ထိုကုသိုလ်အကျိုးကြောင့် တပည့်တော်သည် ယနေ့မှစ နိဗ္ဗာန်သို့တိုင်အောင် ဘဝများစွာကျင်လည်ရာ၌ သုခ,စိတ္တ နှစ်ပါးနှင့် ပြည့်စုံပြီးလျှင် အရှင်ဘုရားတို့ သိမြင်တော်မူအပ်သော တရားတို့ကို လွယ်ကူစွာသိမြင်ရပါလို၏ အရှင်ဘုရား'

ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါသည် ကျွဲထိုး ပတ္တိတုယ်၊ ခိပ္ပ မေဝ သမိဇ္ဈတု၊ သဗ္ဗေ ပုရေစ္ဆ သင်္ကိပ္ပာ၊ စန္ဒော ပန္နရသော ယထာ ဟူသည့် ဆုပေးဂါထာကို မြွက်ကြားရွတ်ဆို၍ ဆုပေးလေသည်။ အလိုရှိအပ် တောင့်တအပ်သော လောကုတ်,လောကီ နှစ်လိမ်သောအကျိုးတို့သည် လျင်မြန်လွယ်ကူစွာ ပြည့်စုံသည်ဖြစ်စေဟု ဆိုလိုခြင်းပင်ဖြစ်သည်။ အရှင်မြတ်သည် ထိုသို့ဆုပေးပြီးလျှင် ဤနေရာမှ ပရိသတ်အများသည် ငါဂန္ဓမာဒနတောင်သို့ ရောက်သည့်တိုင်အောင် အတားအဆီးမရှိ ပကတိကြည်လင်စွာ မြင်နိုင်ကြစေကုန်သတည်းဟု အဓိဋ္ဌာန်ပြုလျက် ကောင်းကင်သို့ ပျံတက်ကာ စာန်ယာဉ်ခရီးဖြင့် ဂန္ဓမာဒနတောင်ယံဆီသို့ ပြန်လည်ကြွချီတော်မူလေသည်။

ထမင်းစားတော်ခေါ်ရာ မဏ္ဍပ်ကွင်းမှ ပရိသတ်အများလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဖူးမြော်လျက် ကျန်ရစ်ခဲ့ကြ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ရောက်တော်မူသောအခါ ဘတ္တာဘတိက လှူဒါန်းလိုက်သော တစ်ထပ်စာမျှသောဆွမ်းကို ပစ္စေကဗုဒ္ဓါငါးရာတို့အား တစ်ပါးစာ, တစ်ပါးစာ ထပ်မံခွဲဝေလှူဒါန်း၏။ သို့သော် မူလသပိတ်တော်ထဲမှ ဆွမ်း၊ ဟောဇဉ်တို့မှာ လျော့ပါးကုန်ခန်းသွားသည်မရှိဘဲ တစ်ပါးစာ ကျန်မြဲကျန်နေသည်သာဖြစ်၏။ ထိုသို့လျှင် ဂန္ဓမာဒနတောင်ယံတွင် ပစ္စေကဗုဒ္ဓါအပါး(၅၀၀)တို့ ထိုဆွမ်း,ဟောဇဉ်ကို ခွဲဝေမျှတ ဘုဉ်းပေးတော်မူကြသည်ကို အလှူခံကြွရောက်ခဲ့သော အရှင်မြတ်၏ အဓိဋ္ဌာန်အစွမ်းကြောင့် ဘတ္တာဘတိကနှင့်တကွ များစွာသော လူသူပရိသတ်အပေါင်းတို့ ကောင်းမွန်ကြည်လင်စွာ တွေ့မြင်ကြရလေသည်။ ဆွမ်းအလှူသည် တစ်ပါးစာသာမကတော့ဘဲ တိုး

www.burmeseclassic.com

www.burmeseclassic.com

ပွားထူးချွန် မွန်မြတ်ခဲ့လေပြီ။

ထိုအခါ ပရိသတ်တို့သည် သောင်းသောင်းဖြဖြ အားရဝမ်းသာ ရွှင်လန်းစွာဖူးမြော်ကန်တော့ကြလျက် ကောင်းချီးတစ်ထောင်ကို ဟစ်ကြွေးပူဇော်ကြလေ၏။ ဆွမ်းအလှူဒါယကာ ဘတ္တာဘတိကအဖို့မူ ပြောစရာမရှိတော့။ မိမိ၏အလှူတော်အတွက် အထပ်ထပ်အခါခါ ရွှင်လန်းသဒ္ဓါတိုးပွားလျက် ရှိခိုးသော လက်နှစ်ဖက်ကိုပင် ဦးခေါင်းအထက်မှ ပြန်မချနိုင်တော့ဘဲ အနှိုင်းအတုမရှိသော်ပီတိကို ခံစားနေရလေတော့သည်။ လူသူပရိသတ်အများတို့၏ ကောင်းချီးတစ်ထောင်ပြုသော တစ်ခဲနက် ကြွေးကြော်သံကြီးသည်လည်း ကောင်းကင်ယံမှ မိုးကြိုးများထစ်ချုန်းသည့်နှယ် အရပ်လေးမျက်နှာသို့ ဖုံးလွှမ်းသွားလေတော့သည်။

(၅)

"ဟ..ဘယ့်နယ်ဖြစ်ကြတာတုံး။ လူသူပရိသတ်တွေရဲ့ သောသောညံတဲ့အသံတွေ တယ်ဆူပါကလားကွ။ အဲဒါ ဘယ်ကထွက်လာနေတဲ့ အသံတွေလဲ။ ထူးထူးခြားခြား"

ဂန္ဓသူဌေးသည် သူ၏ အိမ်တော်အမှုထမ်း တစ်ဦးကို မေးလိုက်၏။

"အဲဒါ ဘတ္တာဘတိက ထမင်းစားတော်ခေါ်ပွဲ ကျင်းပနေတဲ့ မဏ္ဍပ်ကွင်းဆီက ထွက်လာတဲ့အသံတွေပါ အရှင်"

ထိုအခါ ဂန္ဓသူဌေးသည် သူ၏ထုံးစံအတိုင်း တလွဲတချော်အတွေးကို ရလေသည်။

"ဩော်..ဒီလိုလား။ သိပါဘိကြောင်၊ ဇကန္ဓတော့ ဟိုအကောင် သူဆင်းရဲ ဘတ္တာဘတိကရဲ့လက်ချက်ပဲ ဖြစ်မှာပါ။ ဒီကောင်က ဒီထမင်းကလေးတစ်ထပ် စားရဖို့ အရေး (၃)နှစ်တောင် ကျွန်ခံခဲ့တဲ့ အကောင်ဆိုတော့ ဒီကနေ့

ငါက ငါလို သူဌေးစည်းစိမ်ခံစားဖို့နဲ့ ထမင်းစားဖို့ အခွင့်အရေးပေးလိုက်တာနဲ့ မိုးမခြင်လေမမြင်ဖြစ်ပြီး အကုန်ခွကုန်တာပဲဖြစ်မယ်။ ရေမိုးချိုးတာကအစ စားတာသောက်တာအဆုံး ငါလို ဟန်ရရ တင့်တင့်တယ်တယ် ခမ်းခမ်းနားနား မလုပ်တတ် မစားတတ်ဘဲ အိုးနင်းခွက်နင်းနဲ့ လူရယ်စရာတွေ ဖြစ်ကုန်ပြီနဲ့တူတယ်။ ဒီတောသားနဲ့တော့ ခက်ပါသေးရဲ့။ ကဲ..ငါထင်သလို ဟုတ်,မဟုတ်သိရအောင် မဏ္ဍပ်ကွင်းက ပရိသတ်ဆီကို သွားကြည့်ချည်စမ်းကွာ။ ဒီအသံတွေဟာ ဒီကောင့်ကို လူတွေ ဝိုင်းရယ်နေကြတဲ့ အသံတွေပဲ ဖြစ်ရမယ်"

အိမ်တော်အမှုထမ်းလည်း သူဌေး၏ အမိန့်အတိုင်း ဘတ္တာဘတိက ထမင်းစားတော်ခေါ်ပွဲကျင်းပရာ မဏ္ဍပ်ကွင်းဆီသို့ သွားရောက်ကြည့်ရှုပြီး အခြေအနေကို လေ့လာမေးမြန်း၍ ပြန်လာလေသည်။

"ဘယ်လိုလဲဟေ့။ ငါထင်တဲ့အတိုင်းပဲမဟုတ်လား"

ဂန္ဓသူဌေးက ဆီးကြိုမေးသည်။ ထိုအခါ အိမ်တော်အမှုထမ်း သူစုံစမ်းသိရှိခဲ့သမျှကို ပြန်လည်ပြောကြား၏။ သူထင်ထားသလိုမဟုတ်၊ သူကြားနေရသော မိုးထစ်ချုန်းသံတမျှ ကျယ်လောင်လှသော လူထုကြီး၏အသံသည် ဘတ္တာဘတိက၏ ပြောမယုံ ကြိုးဖူးမှ လက်ခံနိုင်လောက်သည့် ကြီးကျယ်သောအလှူဒါနအတွက် ဝမ်းမြောက်စွာ ကောင်းချီးသြဘာပေးနေကြသော အသံများပါတကားဟု သိရှိလိုက်ရသောအခါ ဂန္ဓသူဌေးသည် ပါးစပ်အဟောင်းသားဖြစ်သွား၏။ အံ့သြတုန်လှုပ်သွား၏။ (၃)နှစ်တာ ကျွန်ခံခဲ့အလုပ်လုပ်ခဲ့သမျှအတွက် ရရှိလိုက်သည့် အကျိုးဆုလာဘ်တို့ကို တစ်ချီတည်းနှင့် တစ်စမကျန် စွန့်လွှတ်လှူဒါန်းပစ်လိုက်ခြင်းဟူသော ဒါနသတ္တိ၊ စေတနာပြယုဂ်နှင့် သဒ္ဓါတရားအတိုင်းအဆတို့ကား ကြက်သီးထချင်စဖွယ် ဖြစ်တော့သည်ဟု လက်ဖျားခါသွား၏။

"အလိုလေးဗျာ..အတော်အံ့သြစရာကောင်းတဲ့ အဖြစ်ပါလား။ ဘတ္တာဘတိကဟာ တကယ့်ကို ပြုနိုင်ခဲတဲ့ အလှူဒါနမှုကို ပြုနိုင်ခဲ့တဲ့ ကျေးတောသားပါလား။ ချီးမွှမ်းလောက်ပါပေတယ်။ သူ့ရဲ့ စေတနာသဒ္ဓါတရားဟာ အများကြည်ညိုလေးစားလောက်ပါပေတယ်"

ဂန္ဓသူဌေးသည် အောင့်အည်းမနေနိုင်တော့ဘဲ စင်္ကြောက်အံ့သြပီတိနှင့်အတူ နှုတ်မှ ထုတ်ဖော်ချီးကျူးမိလေတော့သည်။ တစ်ဆက်တည်းပင် အိမ်တော်အမှုထမ်းအား

www.burmeseclassic.com

www.burmeseclassic.com

ဘာတိကကို အမြန်ခေါ်ယူခဲ့ရန် ထပ်မံစေလွှတ်လိုက်၏။ မကြာမီပင် အိမ်တော်သို့ ဘတ္တဘတိက ရောက်ရှိ၏။ ဂန္ဓသူဌေးက မေး၏။

"အမောင်ဘတ္တဘတိက..ဒီကနေ့အဖို့ အမောင်နဲ့ပတ်သက်ပြီး ကြားရတဲ့ သဘင်းများဟာ မှန်ပါသလား။ သင့်ကျော်ရရှိတဲ့ ထမင်းဘောဇဉ်တွေကို လျှုဒါန်းပစ်လိုက်ချင်ဆိုတဲ့ သတင်းလေ"

"အရှင်ကြားတဲ့အတိုင်း အမှန်ဖြစ်ပါတယ် အရှင်"

ထိုအခါ ဂန္ဓသူဌေးသည် ဘတ္တဘတိကု၏ အလှူကို အားအားကျစိတ်ဝင်မိ၏။ ငါ့မှာ ဒီလိုစိတ်ကူးမျိုးမပေါ်ဘဲ ကျော်စီးသုံးဖြုန်းပစ်ဖို့ စိတ်ကူးတွေချည်း ပေါ်နေတာကိုက ဘုတ်သေးဘူးဟု ကိုယ့်ကိုယ်ကိုယ် နှပ်ပစ်ချင်လာ၏။

ထိုအခါ ဘတ္တဘတိကအတွက် ကုန်ကျသော ထမင်းဆွေတစ်ထောင်ကိုထုတ်၍ ပေးအပ်လိုက်ရင်း သူဌေးလှိုက်လဲစွာတောင်းဆိုသည်မှာ သူ့အား အမျှပေးဝေခြင်း ဖြစ်၏။ ထိုသို့အမျှပေးဝေလိုက်လျှင် မိမိ၏ကုသိုလ်တို့ လျော့သွားမည်လောဟု ချီတုံချတုံ ဖြစ်နေစဉ်မှာပင် အကြောင်းကိုသိသော အရှင်ပစ္စေကဗုဒ္ဓါက သူ၏ဆွမ်းဘတ္တဘုတိကကို အမျှပေးဝေခြင်းသည် ကုသိုလ်လျော့ရန်မဟုတ်၊ ကုသိုလ်တိုးပွားကြောင်းသာဖြစ်သည်ဟု ဘုတ်တော်ဖြင့် သတိပေးလိုက်လေသဖြင့် ဘတ္တဘတိကလည်း ဝမ်းမြောက်စွာ အမျှပေးဝေလေသည်။ ဂန္ဓသူဌေးမင်းသည် ဝမ်းမြောက်စွာ သာဓုခေါ်ကြိမ်ခေါ်၏။

တစ်ဆက်တည်းပင် ငါသည်ကား များပြားသော ဥစ္စာအိမ်တို့ ရှိပါလျက်နှင့် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို တစ်နံတစ်ခုမျှသောပစ္စည်းဖြင့် ချီးမြှောက်ပေးကမ်း လျှုဒါန်းခြင်း မရှိသေးပါကလားဟူသော အတွေးဖြင့် မိမိကိုယ်အား ငယ်လာမိ၏။ ဘတ္တဘတိက၏ ဆွမ်းအလှူသည် ဘုရားနှင့် ပေးကမ်းလှူဒါန်းခြင်းအမှုနှင့်ပတ်သက်၍ သူဌေးအတွက် ရှေ့ဆောင်လမ်းပြ သွန်သင်ချက်သဖွယ် ဖြစ်သွား၏။ ဟုတ်တယ်၊ ငါလည်း ပေးကမ်းလှူဒါန်းမှုမျိုး ပြုထိုက်တယ်။ ပြုနိုင်တယ်ဟူသောစိတ်ထားသို့ ပြောင်းသွားစေ၏။ ပေးကမ်းလှူဒါန်းတာချင်းတူလျှင် ဘတ္တဘတိကလို ရိုးသားဖြောင့်မတ်သူ၊ ဇွဲ၊လုံ့လရှိသူ၊ သဒ္ဓါတရားကြီးသူ၊ စိတ်ထားဖြူစင်သူ၊ စေတနာထက်သန်သူမျိုးကို ဆွမ်းလှူဒါန်းခြင်းက ပိုအကျိုးရှိပေမည်ဟုလည်း စဉ်းစားမိလာ၏။

ဂန္ဓသူဌေးသည် နှမြော်တွန့်တို စေးနဲ့တုန်းက ထမင်းတစ်လုတ်စာ စားကြွင်းစားကျန်ကလေးအတွက်ပင် ခဲယဉ်းခဲ့သူဖြစ်သော်လည်း သဒ္ဓါစိတ်ထားသို့ ပြောင်းလဲသွားသောအခါတွင်လည်း အံ့သြလောက်အောင် ရက်ရောသူအဖြစ်သို့ မျက်လှည့်ပြုလိုက်သည့်နှယ် ပြောင်းလဲသွားလေသည်။ သူဗီဇောဉ်ကိုက သူမှ လုပ်ချလိုက်ပြီဆိုလျှင် တလွဲပစ်ရန် မှုပ်မွသွားမှ စားလို့ဝင် အိပ်လို့မျော်တတ်သူဖြစ်လေရာ ဘတ္တဘတိကနှင့်ပတ်သက်၍ သဒ္ဓါစိတ်ဝင်လာသောအခါတွင်လည်း "မည်သူမျှ တွေးထင်မျှော်လင့်မထားခဲ့မိလောက်အောင် အချိန်ကြီး ကိုင်ဖွပစ်လိုက်ပြန်လေသည်။

"အမောင်ဘတ္တဘတိက..ယနေ့ သင်ပြုခဲ့တဲ့ အလှူဒါနအတွက် သင့်ကို ငါ ဂုဏ်ပြုချီးမြှောက်လိုတယ်။ သင့်ကိုလည်း ငါ့ရဲ့ညီဖွားတော်စပ်ဦးလို ချစ်ခင်သတ်မှတ်ရုံမှာ မြတ်သောစိတ်ထားရှိသူတစ်ဦးအဖြစ် လေးစားမိတာ အမှန်ပဲ။ ဒါကြောင့် သင့်ကို ငါ့ညီတော်တစ်ဦးအဖြစ် အသိအမှတ်ပြုပြီး ငါပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာ၊ ရတနာရွှေ၊ ငွေ၊ ဆန်ရေစပါး၊ ကွဲ၊ နွား၊ ဆင်၊ မြင်း၊ အခြွေအရံအသင်းအပင်းမှစ၍ တစ်ဝက်ခွဲပေးပြီး ချီးမြှောက်လိုက်တယ်ဗျာ"

"ကျားသားမိုးကြိုးဗျာ။ မနက်ဖြန်ကစပြီး အနောက်အရပ်က နေပြန်ထွက်တော့မယ် ထင်ပါရဲ့။ တို့သူဌေး စိတ်ဖောက်သွားပြီလား မသိဘူး"ဟု အထင်ရောက်လိုက်သော အိမ်တော်ဝန်ထမ်းသည် ဂန္ဓသူဌေးမင်းကို မျက်လုံးပြူးကြီးတွေနှင့် အလန့်တကြား လှမ်းကြည့်လိုက်မိလေသည်။ ဘတ္တဘတိကကိုယ်တိုင်လည်း အံ့အားသင့်ရလွန်းသဖြင့် မည်သည့်စကားမှ တွေ့ပြန်မပြောနိုင်ဘဲ ဂန္ဓသူဌေးကိုသာ ငေးငေးကြီးကြည့်လျက် ဖွတ်မှေ့ပဒတ်မှေ့ မတ်တတ်မှေ့သွားလေသည်။

"ဘာလဲကွ၊ မင်းတို့က ငါပြောတာကို မယုံကြလို့လား"

ဂန္ဓသူဌေးက ခပ်ဆတ်ဆတ် မေးလိုက်တော့မှ နှစ်ယောက်လုံး လန့်သွားကာ ဖျတ်ခနဲ သတိပြန်ဝင်လာကြလေသည်။

"ယုံနိုင်စရာမှမရှိဘဲ အရှင်ရဲ့။ အဲ..အဲ"

အိမ်တော်ဝန်ထမ်းက လွတ်ခနဲ ပြောလိုက်မိပြီးကာမှ တစ်ဝက်တစ်ပျက်နှင့် စကားသံရပ်သွား၏။ အရှင်သူဌေးများ စိတ်ဆိုးသွားပြီလားဟု ကမန်းကတန်း ခိုးကြည့်ရသေး၏။ သူဌေး စိတ်ဆိုးခဲ့သော် ဝန်ထမ်းထမင်းအိုးနှပ်စရာ မီးကျီးခဲရဲရဲ ရှာမတွေ့လိုက်ဘဲ ပြာပုံဆိုက်သွားမှာစိုးရသော

www.burmeseclassic.com

ကြောင့်ဖြစ်သည်။

သို့သော် ဂန္ဓသူဌေးသည် အမျက်တော် မရှသည့်အပြင် ရွှေသဘောတော်ကျသွားသည့်အလား တဟားဟားရယ်ချလိုက်လေသည်။ သူဌေးရယ်တာ မြင်ရတော့မှ အိမ်တော်ဝန်ထမ်းခမျာ သက်ပြင်းပူကြီး ကြိတ်၍ချလိုက်ရလေသည်။

"အေး..ကြိုက်တယ်၊ ကြိုက်တယ်။ အဲလို ယုံနိုင်စရာ မရှိဘူးဆိုတာမျိုးမှ ကြိုက်တယ်။ ဘယ်သူမှ မထင်တဲ့အပေါက်က ထွက်ပြပြီး အဝိုင်းထဲ လေးထောင့်ရိုက်သွင်းလိုက်ရတာမျိုးမှ ငါက ကြိုက်တာကွ။ ငါဖြပြီဆို ပလူပျံသွားမှ ဂန္ဓတို့က ဆီးမှန့်,ဝမ်းမှန့်ရှိတာ။ ကိုင်း..ပြောနေတာကြာသေး၍။ အဲဒီအကြောင်းကို တစ်မြို့လုံးစည်မောင်းထိုးပြီး လှည့်ကြော်ငြာစမ်းကွာ။ ဂန္ဓသူဌေး၏ စည်းစိမ်တစ်ဝက်ကို ဘတ္တာဘတိကရဲ့လက်သို့ ဂုဏ်ပြုလွှဲပြောင်း ချီးမြှောက်လိုက်ပြီဆိုတဲ့အကြောင်း ခါတိုင်း မြို့ကိုပတ်နေကျ ကြော်ငြာအဖွဲ့ကို အခု သတင်းပို့လိုက်စမ်း"

ဤသို့ဖြင့် ထိုနေ့မှာပင် မြို့သူမြို့သားအများစုတို့အဖို့ အံ့သြဝမ်းမြောက်ကြရမည့် ဘတ္တာဘတိကာ၏ မင်္ဂလာသတင်းကို ကြားသိကြရလေတော့သည်။ ဘတ္တာဘတိကာ၏ ဆွမ်းအလှူမှာ အင်္ဂါလေးလီနှင့် စုံညီပြည့်ဝလေသောကြောင့် ယခုမျက်မှောက်ဘဝမှာပင် ဒိဋ္ဌမွန်အကျိုးပေးကို ခံစားရခြင်း ဖြစ်လေ၏။

အင်္ဂါလေးလီဆိုသည်မှာ သမ္ဗဒါ(ပြည့်စုံခြင်းလေးမျိုး)ကို ဆိုလိုခြင်းဖြစ်သည်။ ဝတ္ထုသမ္ဗဒါ၊ ပစ္စယသမ္ဗဒါ၊ စေတနာသမ္ဗဒါနှင့် ဂုဏာတိရေကသမ္ဗဒါဟူသော လေးပါးတို့ဖြစ်ကြ၏။ ၎င်းတို့မှာ-

(၁) ဝတ္ထုသမ္ဗဒါ(ဝတ္ထု၏ပြည့်စုံခြင်း)-အလှူခံပုဂ္ဂိုလ်သည် ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ (သို့မဟုတ်) အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ရခြင်း၊

(၂) ပစ္စယသမ္ဗဒါ(ပစ္စည်း၏ပြည့်စုံခြင်း)-တရားနှင့်လျော်ညီစွာ ရရှိသော စင်ကြယ်သော လှူဖွယ်ပစ္စည်း ဖြစ်ရခြင်း၊

(၃) စေတနာသမ္ဗဒါန(စေတနာ၏ပြည့်စုံခြင်း)-မလှူမီ ပစ္စေတနာ၊ လှူနေဆဲ မုဉ္စေတနာ၊ လှူပြီး ပရစေတနာ အစရှိ သုံးတန်သောစေတနာဖြစ်ပေါ်ရာ အခါကာလတို့၌ သောမနဿ သဟဂဟ ဉာဏသမ္ပယုတ္တ ဘာဝေါဆိုသည့် အတိုင်း ဝမ်းမြောက်ဝမ်းသာ အလင်းရောင်ဉာဏ်နှင့်ယှဉ်သော စေတနာများဖြင့် ပြည့်စုံခြင်း၊

(၄) ဂုဏာတိရေကသမ္ဗဒါ(ဂုဏ်၏အလွန်အားဖြင့် ပြည့်စုံခြင်း)-အလှူခံပုဂ္ဂိုလ်ဖြစ်သော ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်မှ ထတော်မူဆဲအခါလည်း ဖြစ်ရခြင်း စသည်တို့ ဖြစ်ကြ၏။

ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံညီညွတ်မှသာလျှင် ဒိဋ္ဌမွန်လက်ငင်းအကျိုးကို ပေးစေနိုင်ခြင်းဖြစ်၏။ ယခု ဘတ္တာဘတိကာ၏အလှူသည် ထိုအင်္ဂါလေးပါးနှင့် ညီညွတ်နေသောကြောင့် အလှူပြုသောနေ့မှာပင် ဂန္ဓသူဌေးက သူ၏ဥစ္စာပစ္စည်းတို့ ထက်ဝက်ခွဲဝေပေးသောအကျိုးကို ခံစားရခြင်း ဖြစ်လေတော့သည်။

ထိုသတင်းသည် မြို့တော်တစ်ခွင်လုံး ဟိုးဟိုးဒီးဒီးသွားသောအခါ ဗာရာဏသီပြည့်ရှင်မင်းကြီးလည်း ဘတ္တာဘတိကကို ရွှေနန်းတော်သို့ခေါ်ယူ၍ တစ်ထောင်သောဥစ္စာကိုပေးကာ အလှူ၏ကောင်းမှုအဖို့ဘဂဝကို အမျှပေးဝေလျက် သာခဲခေါ်တော်မူ၏။ ထို့အပြင် မင်းကြီးသည် ပြန်ခဲ့စွာသောအမှုကို ပြုခဲ့ပေသည်ဟု များစွာနှစ်သက်ဝမ်းမြောက်တော်မူသောကြောင့် များစွာသော ဥစ္စာဘဏ္ဍာတို့ကိုပေးအပ်ကာ ဘတ္တာဘတိကာသူဌေးဟူသော ဘွဲ့တံဆိပ်ကိုပေးနှိပ်၍ သူဌေးဆောင်းထီးနှင့်တကွ အဆောင်အယောင်တို့ကို ဂုဏ်ပြုအပ်နှင်းတော်မူပြန်၏။ ဗာရာဏသီတစ်မြို့တော်လုံးရှိ ပြည်သူအများလည်း ဘတ္တာဘတိကအတွက် များစွာဝမ်းမြောက်ကြလေသည်။

သူဌေးဘွဲ့ရရှိပြီးသော အချိန်တွင်မှ ဘတ္တာဘတိကာလည်း ကျေးလက်ဇနပုဒ်တွင် ကျန်ရစ်ခဲ့သော ဇနီး၊ သားသမီး မိသားစုတို့ကိုခေါ်ယူကာ အတူတကွ ဓောင့်ရှောက်နေထိုင်ရင်း တစ်သက်တာလုံး အေးချမ်းပျော်ရွှင်သောဘဝနှင့် များစွာသော အလှူဒါနအမှုတို့ကို ဆက်လက်ပြုလုပ်၏။ (၃)နှစ်ကျွန်ခံ၍ ထူးခြားစွာရရှိခဲ့သော တစ်ထပ်စာဆွဲဘောခွေကို ပြတ်ပြတ်သားသား စွန့်လွှတ်လှူဒါန်းခဲ့ခြင်းအကျိုးသည် ထိုဘဝတွင်ပင် လက်တွေ့လက်ငင်း ခံစားသည်မဟုတ်ဘဲ ထိုဘဝမှ စုတေပြီးသောအခါတွင်လည်း ဂေါတမမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူမည့် အချိန်ကာလ အထိ အပါယ်လေးပါးသို့ မကျရောက်ဘဲ နတ်ပြည်၌သာလျှင် နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားမွေ့လျော်နိုင်ပါလေသတည်း။

နန္ဒာဝိုး(ဆင်ပြကျွန်)

ကျမ်းကိုး * သာသနာ့အလင်းရောင်ဒေသနာ
(ဓမ္မကထိက အရှင်ပညာဒီပ)။

www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုဆေးဘုရင်၊ မြင့်မိုရ်ရှင်၊ အောင်မြင်ခြင်းသာရ။

မြင့်မိုရ်

ဆီးချိုသွေးချိုကျဆေး

ဆီးချိုရောဂါကြောင့် - ဆီးဝေနာများ၊ အစာ

သွေးတိုးနှုန်းပုံမှန်မရှိခြင်း၊ အကြောတောက်ခြင်း

တိုယ်အလေးချိန်ကျခြင်း၊ ရေဝေခြင်း၊ အား

များကိုထိရောက်လျင်မြန်စွာသက်သာစေပါသည်

သစ်မင်းတစ်ထောင် စွမ်းအားဆေတင်

အကြောတစ်ထောင်ပွင့်တဲ့ဆေး

သစ်မင်းတစ်ထောင်

အမှတ်တံဆိပ်

အကြောပြေလိမ်းဆေး



ကျဆေးလိမ်းပေးခြင်းဖြင့် အကြောရောဂါအမျိုးမျိုး

လေးဖက်နာရောဂါ၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများ

လျင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်

ဆင်ရင်း - မြင့်မိုရ်ဟိန်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး (

ဖုန်း ၁၃၂ / ၁၈၂၂ အလှူငှေအောင်မြေသာညွှန်ဗိမာန်၊ တဖူတိုင်းရင်း

ဆေးဝါးမှတ်ပုံတင်အမှတ် - ဝ၂၁၃ Y ၀၁၀၂၁၈ လိုင်စင်အမှတ် - ၀၇/၂၀၁၀တသ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် ထေရဝါဒသာသနာ ထွန်းကားလာသည်
ဘာသာရေး၊ သာသနာရေး အထူးတိုးတက်ထွန်းကားလာ
ကြောင်း တွေ့ရပါသည်။ ဘာသာ၊ သာသနာအတွ
သိန်းပေါင်းများစွာ လှုံ့ကြသော အလှူရှင်ပေါင်းများ
ပေါ်ထွက်လာခဲ့သည်။ ဘာသာရေးနှင့်ပတ်သက်၍ ဝိ
သနာတရားစခန်းများမှာလည်း မြို့ရွာအနှံ့များ
ရှိနေကြပါသည်။ တရားစခန်း တစ်ခုနှင့်တစ်ခု ကွဲပြ
မူရှိသော်လည်း နိဗ္ဗာန်ရောက်ကြောင်းအတွက် ကြိုးစား
ကြသည့် ရည်ရွယ်ချက်မှာ တစ်ခုတည်းသာဖြစ်သည်။

နားလေး၊ နားထိုင်း၊ နားမကြားသူမျာ
ဝိပဿနာတရားရှုမှတ်ခြင်းဖြင့်
ပျောက်ကင်းစေပါသည်
ကောင်းသော်

တရားစခန်းသို့ လာရောက်ကြသူများတွင်လည်း ရည်ရွယ်ချက်ကိုယ်
ရှိကြ ပါသည်။ အသက်ကြီးပြီး အားလပ်နေ၍ လာရောက်သူရှိသလို လစ
ဘဝ နေမဝင်မီ တရားရသွားချင်သူများလည်း ပါဝင်ပါသည်။ နောက်တစ်
မှာ မိမိခံစားနေရသော ရောဂါဝေဒနာမှ သက်သာပျောက်ကင်းရေးအတွ
လာရောက်သူများလည်း ရှိပါသည်။

ဝိပဿနာအလုပ်သည် မြတ်ဗုဒ္ဓ၏ အကျင့်မြတ်ဖြစ်၍ ရော
ပျောက်ကင်းစေနိုင်ပါသည်။ မဟာစည်ဆရာတော်တရားကြီး ရှိ
အခါက ရောဂါဝေဒနာရှိသူများကို သူ၏ တရားစခန်း
လာရောက်ရန် ဖိတ်ခေါ်ခဲ့ဖူးပါသည်။ လာရော
တရားကျင့်ကြံအားထုတ်ခြင်းဖြင့် ရောဂါ
ဒနာများ သက်သာပျောက်ကင်းမှုများ
ပါသည်။ အနာဂါမိဆရာ ဆရာသ
ကြီး၏ နည်းနာအတိုင်း တရားစခန်းဖွင့်
သော ဆရာကြီးဦးဘခင်ထံ လာရော
တရားအားထုတ်သူများတွင် ရောဂါဝေဒ
များ ပျောက်ကင်းခဲ့ကြောင်း သိရသည်
ဦးဂိုအင်ကာသည် ဆရာကြီးဦးဘခင်၏ထံတွင် ၁
ရောက် တရားအားထုတ်ရာမှ ရောဂါဝေဒနာ
ထူးဆန်းစွာ ပျောက်ကင်းခဲ့သဖြင့် ရာသက်ပန် တ
အလုပ်ကို လုပ်ခဲ့ပြီး နိုင်ငံတကာလှည့်လည်ပြီး တရားရိပ်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်။ သူကိုယ်တိုင် တရားကျင့်ကြံခြင်းဖြင့် ဩနာများ ပျောက်ကင်းပုံကို ရောက်ရာဒေသတွင် ဟော ပြောခဲ့ပါသည်။

ထိုအခါမှာလည်း တရားစခန်းသို့ လာရောက်သူများ ရောဂါဝေဒနာများ ပျောက်ကင်းလို့၍ လာရောက်သူ များလည်း ပါတတ်ပါသည်။ ဝိပဿနာကျင့်ကြံခြင်းဖြင့် အားနေရသောရောဂါများ ပျောက်ကင်းကြောင်း ကြားဖူးခဲ့ သော်လည်း ကိုယ်တွေ့မရှိခဲ့သော စာရေးသူအတွက် ကိုယ် တွေ့ကြုံလိုက်ရသဖြင့် ဝိပဿနာ၏ အစွမ်းသတ္တိကို သိ ခဲ့ရပါသည်။

စာရေးသူတို့ ဓမ္မမိတ်ဆွေတစ်စုသည် တရားစခန်းသို့ သွားခဲ့သည်မှာ မဝင်နိုင်၊ တရားစခန်းတွင် ညအိပ်ရမည်ကိုလည်း အဆင်မပြေသဖြင့် ကောင်းမွန်သော တရားစခန်းများရှိသော် လည်း မဝင်နိုင်ခဲ့ကြပါ။ တရားပြုရာတွင် စိတ်ရှည်သော ဆရာတော်တစ်ပါးနှင့်တွေ့ပြီး သူ၏ကျောင်းတွင် နေ့လယ် တရားရှုမှတ်ခွင့် ရခဲ့ကြသည်။ မွန်းလွဲ(၁)နာရီတွင် တရားစတင်မှတ်၍ တစ်နာရီပြည့်တိုင်း (၁၅)မိနစ်နားကာ (၆)ချီထိုင်၍ (၆)နာရီတွင် တရားသိမ်းလေ့ရှိပါသည်။

စာရေးသူတို့ တရားစထိုင်သည်နှင့် ဆရာတော်က ဆင်ခြင်ချက်များ ညွှန်ကြားပြောလေ့ရှိပါသည်။ ခြောက်လ ခန့် တရားထိုင်မိသည်နှင့် တရားသဘော်ကို အနည်းငယ် သဘောက်သိလာပါသည်။

တစ်နေ့ တရားစခန်းသို့ ဆရာတော်၏အသိ အသက် ငါးဆယ်ခန့်ရှိ ဦးကျော်ဇောဆိုသူ ရောက်ရှိလာပါသည်။ ဦးကျော်ဇောမှာ နားလေးသဖြင့် အကျယ်ကြီးအော်ပြောမှ ကြားရသူဖြစ်သည်။ ကျောင်းသို့ရောက်၍ ဆရာတော်နှင့် တွေ့သည်နှင့် ဦးကျော်ဇောက လျှောက်ထားပါသည်။

"တပည့်တော် အသက်ကြီးမှ နားလေးသွားပါတယ် ဘုရား။ နားပြန်ကောင်းချင်လို့ ဆရာတော့်ဆီမှာ တရားမှတ် ခဲ့ လာခဲ့တာပါ"

"တရားမှတ်ရင် နားပြန်ကောင်းမယ်လို့ ဘယ်သူက ပြောသလဲ"

"မြို့ဦးကျောင်းဆရာတော် ဦးလာဘက သူ လုံးဝနှား ကြားတာ ဆရာတော်ဆီမှာ သုံးလ တရားလာမှတ်ဘာနဲ့ နားပြန်ကောင်းသွားလို့ သူပဲ ဆရာတော်ထံ လွှတ်လိုက်လို့ လာခဲ့တာပါ"

"နားက တော်တော်ဆိုးသလား"

"တစ်စ၊တစ်စ ဆိုးလာပါတယ်ဘုရား။ ဒီအတိုင်းနေ ရင် နောက်လလောက်ဆို လုံးဝကြားရမယ် မထင်ဘူး။ အခု ဆရာတော်အသံကို မျှင်မျှင်လေးပဲကြားရတယ်။ အချို့ စကားလုံးတွေကိုတော့ ပါးစပ်လှုပ်တာကြည့်ပြီး မှန်းဆ ကြည့်ရတာပါပဲ"

"ဝိပဿနာတရားကို ကြိုးစားအားထုတ်ရင် နားပြန် ကောင်းနိုင်ပါတယ်။ ဘုန်းကြီး တော်ကူးဆရာတော်ကြီးထံ မှာ (၃)နှစ်တရားအားထုတ်ရင်း အနီးကပ်ပြုစုခဲ့ဖူးတယ်။ တရားရှုမှတ်လို့ ရောဂါမျိုးစုံ ပျောက်တာတွေကိုလည်း မြင် တွေ့ခဲ့ဖူးတယ်။ တရားရှုမှတ်လို့ ရောဂါမျိုးစုံပျောက်တာ တွေကိုလည်း မြင်တွေ့ခဲ့ရတယ်။ ဘုန်းကြီးဆီ ရောက်လာတဲ့ ဝေဒနာသည်တွေ မနည်းတော့ဘူး။ ပျောက်ကြပါတယ်။ ဒကာက ဝိပဿနာမှတ်ယူသလား"

"သင်္ကြန်ရက်က မဟာစည်သာသနာ့ရိပ်သာ ဟိတေသီ မှာ တရားစခန်း ဝင်ခဲ့ဖူးပါတယ်"

"ဒါဆို ပိန်တယ်၊ ဖောင်းတယ်ကို အချိန်ပြည့်မှတ်နိုင် မှာပေါ့"

"တပည့်တော်က ဝတော့ ကြာကြာမထိုင်နိုင်လို့ မကြာ မကြာ နေရာပြောင်းထိုင်ရပါတယ်ဘုရား"

"နေရာပြောင်းတော့ တရားအတက်နှေးတယ်။ ရောဂါ ပျောက်ချင်ရင်တော့ မရွေ့မပြောင်းဘဲ အချိန်ကြာကြာ ထိုင် နိုင်မှဖြစ်မယ်"

"တပည့်တော်ကြိုးစားပါ့မယ်ဘုရား"

"ကြိုးစားမှ ရောဂါပျောက်မှာ။ တော်ကူးဆရာတော် ဘုရားကြီးက ဝေဒနာရှင်တွေကို တစ်ကြိမ်ထိုင်ရင် (၆)နာ ရီက (၁၀)နာရီအထိ ထိုင်စေတာ၊ လောလောဆယ်တော့ ဒီက ဒကာကြီးတွေနဲ့ သုံးရက်လောက် ထိုင်ကြည့်ပါ။ သုံးရက်ကျော်မှ သင်ခန်းစာစကြတာပေါ့"

ကျွန်ုပ်တို့မှာလည်း နားဝေဒနာရှင်တစ်ဦး ကုသနေ ခြင်းကို ကိုယ်တွေ့မြင်ရတော့မည်ဖြစ်၍ ဝမ်းသာနေပါ သည်။

ဦးကျော်ဇောမှာ နောက်နေ့မှစ၍ ကျွန်ုပ်တို့နှင့်အတူ တရားမှတ်၍ ညနေ တရားသိမ်းမှ အတူပြန်ကြသည်။

ဦးကျော်ဇောမှာ သဘောကောင်းပြီး ကျွန်ုပ်တို့ အား လုံးကိုလည်း လေးစားသူဖြစ်ပါသည်။ ကိုယ်ခန္ဓာဝမြိုးသဖြင့် ပင်ပန်းပုံရသော်လည်း ဝေဒနာပျောက်ချင်စောဖြင့် ကြိုး စားပြီး တရားမှတ်ပါသည်။ သူ တရားမှတ်၍ သုံးရက်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် ဆရာတော်က မိန့်ကြားပါသည်။

'နားရောဂါဝေဒနာအတွက် ဒီကနေ့ စမယ်။ တစ်ချိန်မှာ တစ်နာရီထိုင်ကြည့်ခဲ့ပြီးပြီ။ ဒီနေ့ကစပြီး တစ်ချိန်ကို နှစ်နာရီထိုင်ရမယ်။ (၂)နာရီပြည့်မှ တစ်ကြိမ်နားတာပေါ့'

'ဖြစ်ပါ့မလားဘုရား။ တပည့်တော် ခံနိုင်ပါ့မလား'

'မကြောက်ပါနဲ့။ (၂)နာရီထိုင်လို့ အသက်မသေနိုင်ပါဘူး။ ခြေထောက်တွေလည်း မကိုင်းနိုင်ဘူး။ တုတ်နဲ့ရိုက်တာလောက်လည်း မနာဘူး။ ရောဂါပျောက်ချင်ရင် ကြိုးစားရမယ်။ ဒကာတစ်ယောက်တည်း ဘုရားခန်းမှာ ထိုင်ပါ။ ဘုန်းကြီး လာကြည့်ပေးမှာပါ'

ဦးကျော်ဇောသည် ဘုရားခန်းတွင် တစ်ဦးတည်း တရား ထိုင်ပါသည်။ တစ်နာရီထိုင်ကျင့်ကို သုံးရက်ကျင့်ထားပြီး ဖြစ်၍ တစ်နာရီအထိ ကျော်လွှားနိုင်ခဲ့ပါသည်။ တစ်နာရီ ကျော်သည်နှင့် လှုပ်လှုပ်ရွရွ ဖြစ်လာပါတော့သည်။

ဆရာတော်သည် ဦးကျော်ဇောထံ လျှောက်သွားပြီး ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။

'ဒကာ..နေရတာ တော်တော်ခက်နေသလား'

'သိပ်ခက်ပါတယ်ဘုရား။ တပည့်တော်ရဲ့ တင်ပါးနှစ်ဖက်ဟာ မီးခဲပေါ် ထိုင်ရသလို ပူပြင်းနေပါတယ်။ ခဏနားပါရစေဘုရား'

'ပူတယ်ဆိုတာ တရားတွေ့တာပဲ။ ဒါ ကောင်းတဲ့လက္ခဏာ။ ပူတဲ့နေရာကို အာရုံစိုက်ပြီး ပူတယ်,ပူတယ်လို့ မှတ်နေပါ။ လေးရက်လောက်နဲ့ တရားကိုတွေ့တာ ကုသိုလ်ထူးတာပဲ။ မယျက်စေနဲ့၊ ဆက်ရှုမှတ်နေပါ။ ဘာမှလည်း မကြောက်နဲ့။ ဘုန်းကြီး အောမှာရှိနေတယ်'

ဦးကျော်ဇောသည် ဆရာတော်၏အမိန့်ကို မလွန်ဆန်နိုင်၍ ဆက်၍ကြိုးစားရပြန်သည်။ ဝေဒနာခံစားနေရသော်လည်း လုံးဝမလှုပ်မိအောင် သတိကပ်နေရပုံသည် တစ်ကိုယ်လုံး ချွေးများ စီးကျရွှဲနစ်နေပါသည်။ နာရီဝက်ခန့် အကြာတွင် ဆရာတော်က မေးပြန်သည်။

'ဒကာကြီး..ပူနေသေးသလား'

'မပူတော့ပါဘူးဘုရား'

'အဲဒါ ပြောတာပေါ့။ စောစောက ပူတယ်ဆိုပြီး ရပ်လိုက်ရင် မှားပြီပေါ့။ ပူတယ်ဆိုတာ တကယ်ရှိတာမှမဟုတ်တာ။ တရားသဘောအရ ပူတာပဲ၊ ကြောက်စရာမရှိပါဘူး။ အခြားဝေဒနာ ခံစားရသေးသလား'

'တပည့်တော်ရဲ့ တင်ပါးနှစ်ဖက်ဟာ ကြမ်းပြင်နဲ့ ကပ်နေပါပြီဘုရား။ ခဏခွာခွင့်ပြုပါ'

'ဒကာရဲ့ တင်ပါးနှစ်ဖက်ဟာ ဘာမှမဖြစ်ဘူး။ မြတ်စွာဘုရားကအစ ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့ဟာလည်း ဒီအဆင့်ကို ကျော်လွှားခဲ့ရတာချည်းပါပဲ။ ဒီနေရာမှာ လက်လျှော့လိုက်ရင် ပန်းတိုင်နဲ့ လွဲနိုင်တယ်။ ဆက်ရှုပါ။ နားချင်လာရင် နားချင်တယ်,နားချင်တယ်လို့ မှတ်ပြီး ရှုပါ။ ဝေဒနာပေါ်လာရင် ဝမ်းသာရမှာပါ။ ဘယ်လောက်ဆိုးတဲ့ ဝေဒနာဖြစ်ဖြစ် နောက်ပြီး ပျောက်သွားတာပဲမဟုတ်လား'

ဆရာတော်၏ အားပေးမှုကြောင့် ဦးကျော်ဇော ကြိုးစားရပြန်သည်။ ဆရာတော်က သူအလိုရှိသည့် (၂)နာရီကို အပြည့်ရအောင် ယူလိုက်ပါသည်။ (၂)နာရီပြည့်မှ အနားပေးလိုက်သည်။

'ဘယ်လိုလဲ ဒကာ၊ ပူတာ ရှိသေးသလား'

'မရှိတော့ပါဘုရား'

'တင်ပါးနှစ်ဖက်ရော ဘာဖြစ်သွားသေးသလဲ'

'ဘာမှမဖြစ်ပါဘူး။ ကောင်းသွားပါပြီဘုရား'

'ဒါဖြင့် ဘာဝေဒနာတွေ ကျန်နေသေးသလဲ'

'တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ကိုက်ခဲနေပါတယ်ဘုရား'

'ဘာမှအားမငယ်နဲ့။ တရားမှတ်လို့ သေတဲ့လူ မရှိဘူး။ တရားမှတ်တဲ့လူတိုင်း ဒီအဖြစ်မျိုး ကြုံတွေ့ရစမြဲပါ။ ဒကာ ကံကောင်းတာက တရားတွေ့တာမြန်တယ်။ တရားကို မြင်ရတာ ကံကောင်းတယ်။ ကဲ..ကြိုးစားပြီး မှတ်လိုက်တော့။ နောက်နှစ်နာရီအတွက် ဘုန်းကြီး ပြောစရာ မလိုတော့ပါဘူး။ နာရင် နာတယ်,နာတယ်သာ မှတ်ပါ။ ကိုက်ရင် ကိုက်တယ်မှတ်။ တော်ချင်ပြီဆိုရင်လည်း တော်ချင်ပြီလို့ မှတ်ရင်း,မှတ်ရင်း အချိန်ပြည့်သွားမှာပါ။ နောက် တစ်ခု အကြီးပေးချင်တာက ထိုင်မှတ်တာ မတတ်နိုင်ရင် မတ်တတ်ရပ်ပြီး မှတ်ပါ။ မရပ်နိုင်ရင် လမ်းလျှောက်ရင်း မှတ်လို့လည်းရတာပဲ။ ဘယ်လိုမှ မမှတ်နိုင်လောက်အောင် ခံစားရပြီဆိုရင် အသက်သာဆုံး နည်းလမ်းဖြစ်တဲ့ ငါးလျှောင်းခြင်းနည်းနဲ့ မှတ်နိုင်တယ်။ ဘယ်နည်းကိုပဲသုံးသုံး တကယ်မှတ်နေဖို့ အရေးကြီးတယ်။

ကျေးဇူးရှင် တော်ကူးဆရာတော်ကြီးဟာ ကျရိုးပုတ် တစ်ခုတည်းကို (၁၂)နာရီပေါက်အောင် မှတ်နိုင်ရှိတယ်။ ညဦးပိုင်းကစပြီး မတ်တတ်ရပ်တဲ့ ကျရိုးပုတ် တရားမှတ်ရင်း နောက်နေ့မိုးလင်းတဲ့အထိ မလှုပ်မရပ်နေ

www.burmeseclassic.com

www.burmeseclassic.com

အိုင်း ရွှမှတ်သွားတယ်။ ရေမသောက်ဘူး၊ ဆီးမသွားဘူး၊ ထွေးမထွေးဘူး၊ ယားယံရင်တောင် မကုတ်ဘူး။ မလှုပ်ရှားဘဲ သစ်သားတုံးလို မတ်မတ်တရားမှတ်နေတတ်တယ်။ အနာပျောက်ချင်တဲ့လူများဟာ အဲဒီနည်းကို ယူသင့်တာပေါ့'

ဦးကျော်ဇောသည် ဆရာတော်၏ ဩဝါဒစကားကြောင့် အားတက်ပြီး ကြိုးစားဆောင်ရွက်နေပါသည်။ တရားကို အာရုံစူးစိုက်သဖြင့် အခက်အခဲရှိရုံမရဘဲ ချမြဲပြည့်ချိန်တွင် အောင်မြင်ခဲ့ပါသည်။ ညနေ တရားသိမ်းသည်နှင့် ကျွန်ုပ်တို့နှင့်အတူ ပြန်ခဲ့ပါသည်။

ဦးကျော်ဇောသည် ဝီရိယကြီးစွာဖြင့် ကြိုးစားခဲ့ရာ ဆရာတော်မြောက်နေ့ကို အောင်မြင်ခဲ့ပါသည်။ ထိုညနေတွင် ဆရာတော်က အမိန့်ရှိပါသည်။

'ဒကာ..တရားထိုင်ရတာ..အဆင်ပြေတယ် မဟုတ်လား'

'ပြေပါတယ်ဘုရား။ တပည့်တော် အချိန်ပြည့်ထိုင်လို့ရပါပြီ'

'အဆင်ပြေရင် အချိန်တိုးတော့မယ်။ မွန်းလွဲ(၁)နာရီ ထိုးမှတ်မယ်။ ညနေ(၆)နာရီမှာရပ်မယ်။ ယခင်ရက်တွေ မှတ်ခဲ့တဲ့ အချိန်ပါပဲ။ အခု အချိန်ပြောင်းတာက နာရီတိတိ တစ်ဆက်တည်း မှတ်ရမယ့် ကိစ္စပါ'

'ကြိုးစားပါ့မယ်ဘုရား'

နောက်နေ့မှစ၍ ဦးကျော်ဇောသည် ဘုရားခန်းတွင် မွန်းလွဲ(၁)နာရီမှစ၍ ခြောက်နာရီအထိ တစ်ဦးတည်း တရားထိုင်ရသည်။ ညနေတွင် ကျွန်ုပ်တို့နှင့် အတူပြီး၍ အတူအတူ ပြန်ကြရသည်။

ဦးကျော်ဇော၏ ကြိုးစားမှုသည် အတုယူစရာ၊ အားကျစရာ ကောင်းပါသည်။ ဦးကျော်ဇောမှာ ညည်းညူခြင်းမရှိဘဲ ဆရာတော်ခိုင်းသည့်အတိုင်း တိကျစွာ လိုက်နာသူဖြစ်သည်။

ဆယ်ရက်ခန့် တရားမှတ်ပြီးနောက် ဆရာတော်က ဆင့်တိုးရန် စီစဉ်ပြန်သည်။

'ဒကာ..လက်ရှိတရားမှတ်ခြင်းအလုပ်ကို နှစ်ဆတိုးအောင်'

'ဘယ်လိုတိုးမှာလဲဘုရား'

'မနက်ပိုင်းတစ်ချိန်၊ နေ့လယ်တစ်ချိန် တစ်နေ့နှစ်ကြိမ် တရားမှတ်စေချင်တယ်။ မနက်ပိုင်းအတွက် မနက်(၇)နာရီက (၁၂)နာရီအထိတစ်ကြိမ်၊ နေ့လယ်က ယခင်အတိုင်း တစ်နာရီက (၆)နာရီအထိတစ်ကြိမ် တရားရှမှတ်ရမယ်'

'ရပါတယ်။ တပည့်တော် ကြိုးစားပါ့မယ်ဘုရား'

'တော်ကူးဆရာတော်ဘုရားကြီးဟာ တစ်နေ့(၂၄)နာရီ မရပ်မနား တရားမှတ်နိုင်တယ်။ အသက်ကိုးဆယ်ကျော်အထိ တရားမှတ်ချိန်ကို လုံးဝမလျှော့ဘူး။ ဘယ်လောက် အတုယူအားကျဖို့ကောင်းသလဲ။ ဝေဒနာရှိသူတွေအတွက် ကြာကြာတရားမှတ်ဖို့ လိုအပ်တယ်'

နောက်နေ့မှစ၍ ဦးကျော်ဇောသည် ကျောင်းသို့ မနက်စောစော ရောက်ရှိလာပြီး မနက်ပိုင်းတစ်ချိန် တရားမှတ်ပါသည်။ မနက်ပိုင်း တရားပြီးချိန်တွင် ဆရာတော်က နေ့လယ်စာ ကျွေးပါသည်။ ကျွန်ုပ်တို့ ရောက်သွားသောအခါ ဦးကျော်ဇောမှာ နေ့လယ်ပိုင်းအတွက် တရားမှတ်ရန် အသင့်ဖြစ်နေကြောင်း တွေ့ရသည်။

နေ့လယ်ပိုင်းတွင် ကျွန်ုပ်တို့က အပြင်ခန်းတွင် တရားရှမှတ်ကြသလို ဦးကျော်ဇောက ဘုရားခန်းတွင် တစ်ဦးတည်း တရားရှမှတ်ပါသည်။ ယခုအခါ ဦးကျော်ဇောမှာ နာတယ်၊ ကျင်တယ်ဟု ပြောသံမကြားရအောင် တည်ငြိမ်နေပြီဖြစ်သည်။ မနက်ပိုင်း(၅)နာရီ၊ ညနေပိုင်း(၅)နာရီ တစ်နေ့(၁၀)နာရီကို သက်သောင့်သက်သာ ရှမှတ်နိုင်ပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့မှာ တရားရှမှတ်လာခဲ့သည်မှာ (၆)လကျော်ကြာခဲ့ပြီဖြစ်သော်လည်း တရားချိန်၏ နောက်ဆုံးအချိန်တွင် နာကျင်မှုကို ကြိတ်မှိတ်ကြိုးစားနေရဆဲပင် ဖြစ်ပါသည်။ ဦးကျော်ဇောမှာ ထိုသို့မဟုတ်၊ တရားမှတ်ရသည်ကို ချစ်ဦးသူနှင့် တွေ့ရသည့်အလား လိုလိုလားလား တရားမှတ်ယူနိုင်သူ ဖြစ်ပါသည်။ ဦးကျော်ဇောသည် တရားမှတ်၍ ပင်ပန်းသည်ဟု လုံးဝမထင်ပါ။ တရားထိုင်တော့မည်ဟု နေရာယူလိုက်သည်နှင့် ပေါ့ပါးလန်းဆန်း၍ တက်ကြွနေလေ့ရှိပါသည်။

တစ်ပတ်ခန့် တရားရှမှတ်ပြီးသောအခါ ဦးကျော်ဇောက ဆရာတော်ကို လျှောက်ထားနေပါသည်။

'ထူးခြားမှုရှိလာပြီဘုရား'

'ဘာထူးခြားသလဲ'

'တပည့်တော် ညအိပ်စဉ် နားနှစ်ဖက်က စီဆိုပြီး အသံရှည် ထွက်ပေါ်နေပါတယ်ဘုရား'

'အသံက တိုးတိုးလား၊ ကျယ်ကျယ်လား'

www.burmeseclassic.com

'တိုးတိုးနဲ့ သုံးကြိမ်လောက် ဖြစ်ပါတယ်ဘုရား'

'အေး..ဒါ ပထမအောင်မြင်မှုပဲ။ ဆက်ကြိုးစားပါ။ အောင်မြင်တော့မှာပါ'

ဦးကျော်ဇောက အားတက်ပြီး တရားဆက်မှတ်နေပါသည်။ ဦးကျော်ဇောမှာ ကျွန်ုပ်တို့နောက်မှ ရောက်လာသော်လည်း ဖွဲ့၊ လုံ့လနှင့် ကြိုးစားမှုမှာ ကျွန်ုပ်တို့ထက် သာလွန်ကြောင်း ဝန်ခံရပါသည်။ ကျွန်ုပ်တို့ ဦးကျော်ဇော ကွယ်ရာတွင် ချီးကျူးနေသလို ဆရာတော်ကလည်း ကျေနပ်နေပုံရပါသည်။

နောက်တစ်ပတ်ခန့်အကြာတွင် ဦးကျော်ဇောက သူ၏ တိုးတက်မှုကို ဆရာတော်ထံ တင်ပြလျှောက်ထားပြန်သည်။

'တပည့်တော် လမ်းလျှောက်ရင်း ခြေထောက်ချလိုက်တိုင်း နားထဲက ဒုတ်ဒုတ်လို့ မြည်နေပါတယ်ဘုရား'

'အသံက ကျယ်သလား'

'သိပ်တော့မကျယ်ပါဘူး။ လိုဏ်ခေါင်းသံလို ကြားရပါတယ်'

'ဒါ..ဒုတိယအောင်မြင်မှုပဲ။ လမ်းလျှောက်ရင်း ဒုတ်ဒုတ်မြည်ရင် ဒုတ်ဒုတ်သံ ကြားရတယ်လို့ မှတ်ပေါ့။ လမ်းလျှောက်ရင်း ဝိပဿနာရှုလို့ရတာပဲ။ ဆက်ကြိုးစားပါ။ မကြာခင် ပွင့်တော့မှာပါ'

ဆရာတော်၏ စကားကြောင့် ဦးကျော်ဇော ကျေနပ်သွားပုံရသည်။ တရားကိုလည်း ပိုမိုယုံကြည်နေပုံရပါသည်။ တရားရိပ်သာသို့လာရာတွင် ဝီရိယကောင်းပြီး ပိုမိုတက်ကြွနေပါသည်။ ဦးကျော်ဇောကိုကြည့်၍ မကြာခင် သူရည်မှန်းချက် ပြည့်လိမ့်မည်ဟု အားလုံးက ခန့်မှန်းနေကြပါသည်။ ဦးကျော်ဇောမှာ ဆရာတော်၏ အားပေးမှု၊ သူ၏ ကိုယ်တွေ့ ထူးခြားမှုများကြောင့် တရားကို မလွတ်တမ်း ကြိုးစားမှတ်နေပါသည်။ ယခုအခါ အချိန်တိုး၍ မှတ်ရန် ပြောပါက မဆိုင်းမတွ တိုးမည့် အခြေအနေတွင် ရှိနေပါသည်။

မနက်ပိုင်း တရားချိန်ပြီးခါနီး (၁၅) မိနစ်အလိုတွင် နားနှစ်ဖက်မှာ ဝူးဝူးဟူသော အသံများကို ဆက်တိုက်ကြားလာရပါသည်။ သူသည် တရားရပ်လိုက်ပြီး ဆရာတော်ထံ ထူးခြားမှုကို လျှောက်တင်လိုက်ပါသည်။

'ဆရာတော်ဘုရား နားနှစ်ဖက်က ဝူး..ဝူးဆိုတဲ့ လေတိုးသံကို အဆက်မပြတ် ကြားနေရဖါတယ်ဘုရား'

'ကောင်းလေစွကွယ်။ ကဲ..နေ့လယ်စာ စားလိုက်တော့။ ဒကာရဲ့ဝေဒနာ ဒီနေ့ပျောက်တော့မှာပါ။ နားထဲပွင့်တော့မယ်လို့ အချက်ပေးနေတာ။ နေ့လယ် တရားမှာလို့ အဲဒီအသံကြားရင်..ကြားတယ်၊ကြားတယ် မှတ်ပေါ့'

မွန်းလွဲ(၁)နာရီတွင် တရားစခန်း ပြန်လည်စတင်သည်။ ဦးကျော်ဇောမှာ ဝေဒနာပျောက်တော့မည်ကို ကြားသိသည့် တရားကို မလွတ်အောင် ဂရုစိုက်နေပါသည်။ ညနေ(၅) နာရီ ပြည့်သည့်အခါ နေရာမှ ပထမထလာသူမှာ ဦးကျော်ဇော ဖြစ်သည်။ ဆရာတော်ဆီသွား၍ ဦးသုံးကြိမ်ချ ထားတော့လိုက်ပါသည်။

'တပည့်တော်ရဲ့ နားနှစ်ဖက် လုံးဝပြန်ကောင်းသွားပါပြီဘုရား'

ကြားရသူအားလုံး ဝမ်းသာမဆုံးအောင် ရှိကြပါသည်။ ဆရာတော်က ဆက်၍အားပေးပါသည်။

'ဒကာ ဆက်ကြိုးစားပါ။ ဒကာ ဖြစ်ပျက်ခြင်းဖို့ မေ့တော့ဘူး'

'တပည့်တော် ရာသက်ပန် တရားမှတ်သွားဖို့ ဆုံးဖြတ်လိုက်ပါပြီဘုရား။ တပည့်တော်ရဲ့နားနှစ်ဖက် နဂိုအတိုင်း ပြန်ကောင်းစေတဲ့ တရားဆေးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဆက်ကြိုးစားသွားမှာပါ'

ဝိပဿနာတရား ရှုမှတ်ခြင်းဖြင့် နားလေးဝေဒနာ လုံးဝပျောက်ကင်းသွားသည်ကို ကိုယ်တွေ့ကြုံလိုက်ရသည့် ဆရာတော်က ဝိပဿနာတရားကို နည်းမှန်လမ်းမှန် ညွှန်ပြနိုင်သလို ဝေဒနာရှင် ဦးကျော်ဇောကလည်း သူ့ နားလေးဝေဒနာ ပျောက်ကင်းအောင် ယုံယုံကြည်ကြည် ကြိုးစားဆောင်ရွက်သဖြင့် သူ၏ နားလေးဝေဒနာ အား တကယ် ပျောက်ကင်းသွားခဲ့ပါသည်။

နားလေးရောဂါဝေဒနာကြောင့် လူကြားထဲသွား မဝံ့မရဲဖြစ်နေသော ဦးကျော်ဇော၊ သူများ စကားပြော အသံမျှင်မျှင်ကလေး ကြားနိုင်သဖြင့် အားငယ်နေသော ဦးကျော်ဇော၊ သည်ဘဝတွင် အကြားဓာတ် ပြန်မရနိုင်တော့ဟု စိတ်ပျက်အားငယ်နေသော ဦးကျော်ဇောမှာ ဝိပဿ

www.burmeseclassic.com

www.burmeseclassic.com

ရှေးရှုခြင်းဖြင့် ဝေဒနာလုံးဝပျောက်ကင်းပြီး ပင်ကို အကြားအာတ်ကို ပြန်လည်ရလိုက်ခြင်းဖြစ်၍ လူဖြစ်ကျိုး ပေါ်ပြီဟု ပြောနိုင်ခဲ့ပါပြီ။ ဆရာတော် အမိန့်ရှိသည်မှာလည်း ထားသားစရာ ကောင်းပါသည်။

"ဗုဒ္ဓပေးတဲ့ဆေးကိုစားလို့ မှားတယ်ဆိုတာ မရှိပါဘူး။ သည်ဆေးကိုစားရင် ရောဂါပျောက်မှာ ဧကန်ဖြစ်တယ်။ ဒါဆေးမဲ့ ဝိပဿနာရှုမှတ်ရာမှာ တစ်နေ့တစ်နာရီလောက် ထိုင်ရုံနဲ့တော့ ချက်ချင်းမပျောက်နိုင်ဘူး။ ပျောက်တော့ ပျောက်မယ်။ လပေါင်းများစွာ ကျင့်ကြံမှ ပျောက်မှာပေါ့။ သည်ဒကာက သူရောဂါကို မြန်မြန်ပျောက်ချင်တော့ ကြိုးစားမှုရှိတယ်။ သူရဲ့ကြိုးစားမှုကိုကြည့်ပြီး တစ်နေ့ ဆယ်နာရီ ထိုင်ခိုင်းခဲ့တာ။ သူက ဘုန်းကြီးခိုင်းတဲ့အတိုင်း တိတိကျကျလုပ်နိုင်တော့ ရောဂါမြန်မြန်ပျောက်တာပေါ့။ ပုံမှန် တစ်နေ့ သုံးနာရီလောက် ထိုင်ရင်လည်း ပျောက်တော့ ပျောက်မယ်။ (၆) လ၊ (၇)လလောက်တော့ ကြာနိုင်တာ ပေါ့။ ဒီဒကာအတွက် ဝမ်းသာစရာကောင်းတာက နားပြန် ကောင်းရုံသာမက သူဟာ ဖြစ်ပျက်သဘောကို မြင်တော့ မှာပါ။ ဆက်ကြိုးစားလိုက်ရင် ဖြစ်ပျက်မြင်တော့မှာပါ"

ဦးကျော်ဇော၏ အောင်မြင်မှုအတွက် ကျွန်ုပ်တို့အားလုံး ဝမ်းသာကြရပါသည်။ အထူးသဖြင့် နားလေးနားထိုင်း နားမကြားသူများကိုတွေ့ပါက အကြံကောင်းပေးနိုင်ပါပြီ။ ဆရာတော်ဆီ လာနိုင်မှ မဟုတ်ပါ။ တရားစခန်းသို့ဝင်မှ မဟုတ်ပါ။ မိမိအိမ်တွင် တစ်ဦးတည်း တရားမှတ်၍လည်း ရနိုင်ပါသည်။ ဦးကျော်ဇောကဲ့သို့ အချိန်ကြာကြာဖြင့် ပြင်းထန်ထန် တရားရှုပါက ရောဂါမြန်မြန်ပျောက်မည် ဖြစ်ပါသည်။ မိမိနိုင်သမျှ အချိန်အတိုင်းအတာအတိုင်း ကြိုးစားပါကလည်း ချက်ချင်းမဟုတ်သည့်တိုင် အနေးနှင့်အမြန် ရောဂါပျောက်ကင်းမည် ဖြစ်ပါသည်။ ဘုရားဆေးဖြစ်၍ ဆေးစားသူတိုင်း ဧကန်ပျောက်ကင်းမည် ဖြစ်ပါသည်။

ဝိပဿနာတရား ရှုမှတ်ခြင်းသည် ရောဂါဝေဒနာများကို ပျောက်ကင်းစေသည်သာမက နိဗ္ဗာန်သို့ရောက်နိုင်သော အကျင့်မြတ်ဖြစ်၍ ဝေဒနာရှိသူတိုင်း ပုံမှန် တရားရှုမှတ်သင့်ကြောင်း တင်ပြလိုက်ရပါသည်။

နားဝေဒနာရှင်တိုင်း ဝိပဿနာရှုမှတ်ခြင်းဖြင့် အောင်မြင်မှုရကြပါစေကြောင်း မေတ္တာပို့လိုက်ပါသည်။

ကောင်းသော်

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ ဩဒ္ဓိရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အင်္ဂနိုလွတ်စျေးဧရိယာ၊ တာဝန်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁ ၊ ၀၉ ၅၁၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အဝိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထိပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)... စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယကြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com

ပညာရှိတို့မိန့်မှာစကားကို ကိုးကားလိုက်သည်။ သမိုင်းရာဇဝင်ကို ကမ္ဘည်းကျောက်စာတို့မှလည်းကောင်း၊ ရှေးခေတ်ဘုရင်များ၏ အမိန့်တော်ပြန်တမ်း စချင်းမော်ကွန်းများမှသော်လည်းကောင်း၊ သာဒင်သည်တို့ ကပြသော ဇာတ်လမ်းဇာတ်ကွက်များမှသော်လည်းကောင်း၊ သက်ကြီးစကား သက်ငယ်ကြား ပါးစပ်ရာဇဝင်များမှသော်လည်းကောင်း ထောက်ထားရရှိသည်ဟု ဆိုကြသည်။

ကမ္ဘည်းကျောက်စာများက တိတိကျကျ လိုရင်းတိုရှင်းဖော်ပြသည့်အခါ ဖွယ်ဖွယ်ရာရာ။ သို့သော် ဇာတ်ရည်ကမလည်ချင်။ အမိန့်ပြန်တမ်း စချင်းမော်ကွန်းများမှလာသော သမိုင်းသည် အကြွားအချီး အမြောက်များဖြင့် ဘုရင့်အလိုတော်ကျ။ ဇာတ်ရာဇဝင်သည် အလွမ်းအဆွေးများဖြင့် ဇာတ်နာအောင် ဖန်တီးတတ်ကြသည်က သာဒင်သည်တို့၏ အလိုဆန္ဒ။ ပါးစပ်ရာဇဝင်သည်လည်း အပိုအကား တို့ဖြင့် တန်ဆာဆင်လေ့ရှိကြသည်က ပြောသူစိတ်တိုင်းကျ။

♦♦♦

ဝေဿလီတွင် သူတော်စင် သဃ်မိတ္တာရဟန်းမ နို့ကိုယူသော ဥသျစ်ပင်မှ အိုးလုံးအရွယ်ခန့် ကြီးမားသောအသီး သီးသည်။ ထိုအသီးမှ သတို့သမီးကို မွေးသည်။ ထိုကလေးကို ဝေဿလီမင်းကြီးက ရှစ်ရပဘာဝတီဟု အမည်ပေးသည်။ ထိုသတို့သမီးက ပဉ္စကလျာဏီမင်းသမီးကို မွေးသည်။ ပဉ္စကလျာဏီမင်းသမီးကို အနော်ရထာမင်းအတွက် တောင်းယူသည်။ ရာဇာတမန်က မင်းသမီးကို ဆောင်ကြွင်းလာသည်။

လမ်းခရီးတွင် ရာဇာတမန်နှင့် ပဉ္စကလျာဏီ ဖောက်ပြန်သည်ဟု အချို့ကဆိုသည်။ ကျန်စစ်သားနှင့် ခင်ဦးသည်လည်း လမ်းတွင် ဖောက်ပြန်သည်။ ရာဇာတမန်နှင့် ကျန်စစ်သားက ဘရိုးဘိုးတူ ဖြစ်လေသလား၊ အနော်ရထာဘုရင်အား ရာဇာတမန်က ယိုဆယ်လျှောက်ထားသည်၊ ထို့ကြောင့် ပဉ္စကလျာဏီကို ပရိမ္မအရပ်သို့ ပို့ထားသည်ဟု အချို့က ဆိုသည်။ ထိုစဉ် အနော်ရထာမင်း၏ သန္ဓေသားပါသွားသည်ဟု ဆိုသူဆိုသည်။

ရန်နိုင်ပုဂံသမိုင်းကို ခြေယုန်ခွက်ဖက်နေသူများ

www.burmeseclassic.com

www.burmeseclassic.com

ကျန်စစ်သားကို ပဋ္ဌကလျာဏီမင်းသမီးက မွေးသည်ဆိုကာ ကျန်စစ်သားသည် ရာဇတမန်၏သား (သို့မဟုတ်) အနော်ရထာမင်း၏သား မည်သို့ဖြစ်နိုင်သနည်းဟု အတွေးပေးထွေးသည်။ ကျန်စစ်သား၏ ဖခင်သည် မည်သူနည်းဟူသော မေးခွန်းက ပဋ္ဌကလျာဏီမင်းသမီးပင်လျှင် ဖြေရခက်ခဲ၏။

♦ ♦ ♦

ခြေကြီးငလျင်ပြင်းစွာလှုပ်သည်။ မင်းလောင်းပေါ်သည့် နိမိတ်ဟု ပညာရှိများက ဖတ်လျှောက်ကြသည်။ ဆန်းစည်းစိမ်ကို လုယူမည်စိုးရိမ်သဖြင့် ကိုယ်ဝန်ဆောင် (၁၀၀)၊ နို့စို့အရွယ် သူငယ်(၆၀၀)၊ ကလေးငယ်အရွယ် (၉၀၀) စုစုပေါင်း လူသား(၁၈၀၀၀)ကို အဆင့်ဆင့် အသုဘရွယ်အစားစားတို့အား သတ်စေသည်ဟူသောအဆိုက ထင်ထိုက်လှုပ်ရှားဖွယ် ဒဏ္ဍာရီဆန်ဆန်။

မြန်မာရာဇဝင်သမိုင်းတွင် နာမည်ကြီးသည့် လူစွမ်းကောင်း ဘုရင်များကို နဂါးလုလင်တန်ခိုးရှင်က စောင့်ရှောက်သည်ဟု တင်စားလေ့ရှိကြသည်။ ဥပမာ-ပျူစောထီးနှင့် ကျန်စစ်သားမင်း။ ကျန်စစ်သားကို အနော်ရထာမင်း ထိုစက်လံသတ်ဖြတ်ရာတွင် နဂါးလုလင်က ကာကွယ်ပေးခဲ့သော့ ဆိုမှတ်ယုံကြည်ကြသည်။

♦ ♦ ♦

ကျန်စစ်သား၏ အမည်များကို လေ့လာကြည့်ကြပါစို့။ ထိုသို့လူသား(၁၈၀၀၀)ကျော်ကို လိုက်လံသတ်ဖြတ်ရာတွင် ကျန်ရစ်သည်ကို အကြောင်းပြု၍ ကျန်ရစ်သားဟု အမည်ခေါ်ဝေါ်သည်။

ကြန်အင်လက္ခဏာနှင့် ပြည့်စုံသဖြင့် အချို့က ကြန်းသားဟုလည်း ရေးသားကြသည်။ ပရိမ္မအရပ်တွင် နေကြောင့် ပရိမ္မစစ်သားဟုလည်း ဆိုကြသည်။ ရေတိုက်ရာတွင် ကရားလံသည်ကို အကြောင်းပြု၍ ကရားလံစစ်သားဟုလည်း ခေါ်ကြသည်။

ကရားလံရသည့် အကြောင်းရင်းကို ရှင်းပြရမည်။ ကျန်စစ်သား ရဟန်းပြုစဉ် အနော်ရထာမင်းက ဆွမ်းလုပ်ကျွေးသည်။ သံဃာတစ်ဦးချင်းအား ကရားဖြင့် ရေတိုက်ကျွေးရာ ကျန်စစ်သား၏နှုတ်မှ အာဏာစက်ရောင် ပြောင်လက်လက်ကို မင်းကြီးတွေ့လိုက်ရသည့်အခါ ကိုင်းသောလက်ကို အလန့်တကြားရုပ်လိုက်သည့်အတွက် လန်သွားသည်။ အာဏာစက်ရောင်ဆိုသည်မှာ ဘုရင်ဖြစ်မည့်သူတို့၏ နိမိတ်လက္ခဏာ။ ထိုအခင်းဖြစ်အပ်ကို အစွဲပြု၍ ကရားလံစစ်သားဟု အမည်ဖြစ်ပေါ်လာသည်။

ကျန်စစ်သားအမည်ကို အနော်ရထာမင်းကြီးကိုယ်တိုင် ပေးအပ်သည်ဟု မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် တွေ့ရသည်။

ထီးလှိုင်ရှာသူကြီး၏ အရှင်ဖြစ်သည်ကို အစွဲပြု၍ ထီးလှိုင်ရှင်ဟုလည်း အခေါ်ရှိသည်။ လှည်းထောက်ဘုရားကျောက်စာ၌ မင်းကြီးနော်ရထာ၏ သားချစ်တစ်မှူလည်းဖြစ်ထသော၊ ထီးလှိုင်အရှင် ကရားလံစစ်သား၏ ခြေးချစ်တစ်မှူလည်းဖြစ်ထသော ရွှေဥတကာ မင်းအိုချမ်းသာ သက်တော်ရှည်သည်ဟု အလောင်းစည်သူမင်းကြီးက ရေးထိုးခဲ့သည်။ ထိုကျောက်စာအရ ကျန်စစ်သားသည် အနော်ရထာမင်း၏သားအဖြစ် မှတ်ယူစရာ။ ကရားလံစစ်သား၊ ထီးလှိုင်အရှင် စသည့်အသုံးအနှုန်းများက ထိုကျောက်စာတွင် သိသာမြင်သာ။

♦ ♦ ♦

ယခုတင်ပြမည့် ကျန်စစ်သားမင်းကြီးအကြောင်း ဖြစ်ရပ်နှင့်ပတ်သက်၍ စဉ်းစားချင့်ချိန်စရာ မြောက်မြားစွာ။

အနော်ရထာမင်းက အမတ်ရာဇတမန်ကို ကညာရှာရန် တာဝန်ပေးသည်။ အမတ်က ဝေသာလီပြည်သို့ရောက်သည်။ မည်သည့်ဝေသာလီ ဖြစ်နိုင်မည်နည်း။ ရခိုင်ပြည်နယ်တွင်လည်း ဝေသာလီရှိသည်။ အိန္ဒိယနိုင်ငံတွင်လည်း ဝေသာလီရှိသည်။ အိန္ဒိယနိုင်ငံမှ ဝေသာလီပြည်ဖြစ်ခဲ့သော် ပဋ္ဌကလျာဏီမင်းသမီးသည် မြန်မာလူမျိုး ရခိုင်သူ မွန်အပျိုစင် မဖြစ်နိုင်။ အိန္ဒိယနွယ်ဖွား နိုင်ငံခြားသူမင်းသမီး ဖြစ်နိုင်ခြေ။ ထိုအခါ ကျန်စစ်သားမင်းသည်ပင်လျှင် ကပြားအရောအနှော ဖြစ်လိမ့်မည်ထင်။

ရခိုင်ပြည်နယ်ရှိ ဝေသာလီပြည်ဖြစ်ခဲ့သော် ပဋ္ဌကလျာဏီမင်းသမီးသည် မြန်မာတိုင်းရင်းသားနွယ်ဖွား ဖြစ်နိုင်သည်။ ထိုအခါ ကျန်စစ်သားမင်းသည် မြန်မာစစ်စစ် ဖြစ်ပါလိမ့်မည်။

သည်အချက်ကလည်း စိတ်မသက်သာဖွယ်။ အိန္ဒိယသည် ထိုစဉ်ကတည်းက အင်အားကြီးနိုင်ငံ။ အိန္ဒိယနိုင်ငံ ဝေသာလီဘုရင်က မြန်မာဘုရင်အတွက် သမီးကညာဆက်လိမ့်မည်မဟုတ် စဉ်းစားမိသည်။ ရခိုင်ရှိ ဝေသာလီပြည်ဖြစ်နိုင်ခြေက ခပ်များများ။ သို့သော် ပဋ္ဌကရား ကုလားနွယ်က အလောင်းစည်သူမင်းကြီးထံ သမီးကညာ ဆက်သဖူး

www.burmeseclassic.com

www.burmeseclassic.com

ပြန်ရာ အိန္ဒိယနိုင်ငံ၊ ဝေဿာလီပြည်လည်း ဖြစ်နိုင်ပြန်သည်။ ကိုင်း..မည်သို့စဉ်းစားကြမည်နည်း။

♦ ♦ ♦

မြန်မာရာဇဝင်တွင် သမင်မက ဗေဒါရီလူမင်းသမီးကို မွေးသည်။ ဝါးတောထဲမှ ရသဖြင့် ဝေဠုဝတီမင်းသမီးက ပုဂံရာဇဝင်တွင် ထင်ရှားသည်။ ရခိုင်ရာဇဝင်တွင် ဆင်မက ဣယု အမည်ရှိသော လူသားယောကျ်ားကလေးကို မွေးသည်။ ထားဝယ်ရာဇဝင်တွင် ငါးခုံးမက ရှင်ဇော၊ ရှင်ဇံ အမည်ရှိသော လူမောင်နှမနှစ်ယောက်ကို မွေးသည်။

ရှင်ဥပဂုတ်မထေရ်၏မိခင်မှာ ငါးဝမ်းတွင်းမှရသော မစ္ဆဒေဝီအမည်ရှိ အမျိုးသမီးဖြစ်သည်။ မွန်ရာဇဝင်တွင် ရွှေဖရုံပွင့်ကြီးက ကဝီးဇော်အမည်ရှိ ရွှေဖရုံမယ်ကိုမွေးသည်။ အဆိုပါ စိတ်ဝင်စားစရာ ဖြစ်ရပ်ဆန်းများကလည်း မြန်မာ့သမိုင်းတွင် ပါဝင်နွယ်ယှက်လာသည်။ ထို့ကြောင့် ကျန်စစ်သားမင်း၏အဘွားက ဥသျှစ်သီးတွင် သန္ဓေတည်၍ မွေးဖွားသည်ဟု ဆိုကြသည်မှာ အထူးအဆန်းမဟုတ်။

♦ ♦ ♦

အနော်ရထာမင်းကြီးနှင့် ကျန်စစ်သား သားအဖတော်စပ်သလားဟူသောအတွေး။ သမိုင်းထင်ရှားသည်က အနော်ရထာမင်း၏သားသည် စောလူးမင်းသား။ အနော်ရထာနှင့် ကျန်စစ်သား သားအဖတော်စပ်လျှင် ဥသာပဲခူးသူ ခင်ဦး၏ ပြဿနာသည် ပေါ်လာစရာအကြောင်းမရှိ။ ကျန်စစ်သားက လည်း ခင်ဦးနှင့် ဖောက်လွဲဖောက်ပြန် ပြုလိမ့်မည်မဟုတ်။ ထို့အတူ သားဖော်အား ငဲ့ညှာသောအားဖြင့် ခင်ဦးပြဿနာ အပေါ် အနော်ရထာမင်းက လုံ့ဖြင့် ထိုးသတ်လိုသည်အထိ အလွန်အမင်း စိတ်ဆိုးဖွယ် မဖြစ်နိုင်။

အနော်ရထာမင်း၏နောက် စောလူးဘုရင်လက်ထက် ကျန်စစ်သားသည် ခင်ဦးနှင့် အပြောအဟော အဆက်အသွယ်ရှိသည်ဆိုကာ ဒဂယို့ပို့လွှတ်စေခဲ့ဖူးသည်တစ်ချက်။ စောလူးမင်းအား ငရမန်ကန်းလက်မှ ကျန်စစ်သား ကယ်တင်ခိုးယူစဉ် ကျန်စစ်သား ငါကိုခိုးသည်ဟု အော်ဟစ်အကူအညီတောင်းခဲ့သည်တစ်ချက်။ အချက်နှစ်ချက်ကို ထောက်ရှုခြင်းအားဖြင့် စောလူးဘုရင်နှင့် ကျန်စစ်သား တွစ်နည်းနည်း ညီအစ်ကိုတော်စပ်သည်ဟု သိခဲ့ကြပုံပေါ်။ ညီအစ်ကို မှန်းသိခဲ့ကြပါက ဤသို့ဖြစ်ရန် အကြောင်းမရှိ။

ယခုအခါတွင် စောလူးမင်း၏ ကျောက်စာတစ်ခု ရှာရှာပါးပါး ပေါ်လာသည်ဟု ကြားရသည်။ အဆိုပါကျောက်စာအသုံးအနှုန်းတွင် မင်းကျန်စစ်သား အကြောင်းဆက်လာသည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းစွဲ ယုံကြည်အားထားပုံပေါ်သည်။ ကျန်စစ်သား ငါကိုခိုးသည်ဟူသော အော်ဟစ်အကူအညီတောင်းမည့်ပုံဟန်မပေါ်။ မလိုလား မနာလိုပုံရကြားဖူးနားဝသမိုင်းဗဟုသုတသည် ပြောင်းပြန်အဆိုဖြစ်ပေါ်လာသည်။ မည်သည့်အချက်က ပိုမိုမှန်ကန်သည်ဟု မဆိုနိုင်။

♦ ♦ ♦

အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ။ သမားဟူးရားများကို ယုံကြည်လွန်သူ ဖြစ်ခြင်းက ယုံနိုင်ဖွယ်မရှိ။ လူသား(၁၈၀၀၀)ကို မည်သူမဆို လိုက်လံသတ်ဖြတ်နေသည် ဆိုသည့်ဖြစ်စဉ်က ယုတ္တိမရှိထိုပြင် ရွှေဖျဉ်းညီနောင်ကို ကျန်စစ်သားသတ်သည်ဟု ဆိုခြင်းမှာလည်း ဖြစ်နိုင်ပါ့မလား။ ကျန်စစ်သားဆိုသူသမိုင်းဝင် ထင်ရှားကျော်ကြားသည့် မင်းကောင်းမင်းမြတ်တစ်ပါး။ သည်အလုပ်မျိုး လုပ်ပါ့မလား။ သည်ဖြစ်ရပ်များက ဇာတ်သမား သဘင်သည်တို့၏ လုပ်ဇာတ်၊ ထိုးထွင်ဇာတ်ဟုသာ မှတ်ယူရမည်။

ထိုခေတ်က သမားဟူးရားပုဏ္ဏား ပုရောဟိတ်ပညာရှင်ဆိုသူတို့က မည်သည့်လူမျိုး မည်သည့်အနွယ်ဖွားများနည်း သမိုင်းဖြစ်စဉ်များက မှန်ကန်သည်ဆိုပါက သမားဟူးရား ပုရောဟိတ်ပညာရှင်တို့ ပုဂံတွင် နည်းမျိုးစုံခြယ်လှယ်သည်က သိသာမြင်သာ သေချာသည်က ပုဂံခေတ်ကတည်းက မြန်မာနိုင်ငံတွင် ခြေရှုပ်နေကြသည့် နိုင်ငံခြားသားများ။

သို့သော် သမီးတော် ရွှေအိမ်သည်နှင့် ပဋိဏ္ဍရားသားကိစ္စတွင် သဘောထားက မပြတ်သား။ မှူးမတ်များကြောလျှင် ကုလားပြည်ဖြစ်တော့မည်ဟူသော အမြော်အမြင်ကြီးမားသည့် ပညာရှိစကားကြောင့် ဆင်ခြင်ထိန်းသိမ်းခဲ့ပုံ။ မှူးမတ်များက မတားဆီးလျှင် သမီးတော်အား ပဋိဏ္ဍရားနှင့် ပေးစားမည်လား မဆိုနိုင်။ ထိုစကားက ပုဂံခေတ်တွင် နိုင်ငံခြားသားများစွာ ရောက်ရှိနေသည့်အချက်ကို မောင်းထိုးပြနေသလို။

ကရားလံစစ်သားဟူသော အသုံးအနှုန်းကို ကြားဖူးသည်။ ပုဂံခေတ်က ကရားနှင့်အတူ လိုတာအိုးများကိုလည်း တွေ့ဖူးရသည်ဟု ကြားဖူးသည်။ လိုတာအိုးဆိုသည်မှာ တိုင်းတစ်ပါးသားအသုံးအဆောင်။ တစ်ကိုယ်ရေ သန့်

www.burmeseclassic.com

www.burmeseclassic.com

အားလုံးစီစဉ် အသုံးချသည့်ပစ္စည်း။ ပုဂံခေတ်တွင် လိုတာအိုး အသုံးများနေသည့် အချက်ကလည်း နိုင်ငံခြားသားများစွာ ရောက်ရှိနေသည့်အချက်ကို ထောက်ထောက်ခံခံ။

မြန်မာ့သမိုင်းတွင် ကုလားကျမင်း တရုတ်ပြေးမင်း အမည်များက တိုင်းတစ်ပါးသားအား အရှုံးပေးလိုက်ခြင်းသရုပ်။ အဝနိုင်မင်းဟုသာ ကြားဖူးသည်။ နိုင်ငံခြားသားများကို နိုင်သောမင်းဟု မတွေ့ဖူး။ သမိန်ဗရမ်း သူရဲကောင်းများသမိုင်းတွင် ပေါ်လာဖူးသည်။ သို့သော် သမိုင်းပြာရှင်များက အမှန်တကယ် သမိန်ဗရမ်း မရှိနိုင်ဟု ဆောတ်ပြကန့်ကွက်တွေးတောကြသည်။ တရုတ်ကို နိုင်ချင်သဖြင့် စိတ်ကူးပုံဖော်သော ပုံပြင်များဟုသာ ယူဆရကြောင်းလို။

ထိုခေတ်က နတ်ဖြစ်သော စာရင်းတွင်ပင် ဝက်သားသော ကပြားနတ်များက ပါဝင်စွက်ဖက်လာသည်အထိ ရှုပ်ထွေးထွေး။ သူတို့၏အဖေနှင့် ဦးလေး ဗျတ္တာ၊ ဗျတ်ဝိသည်လည်း မြန်မာနိုင်ငံသို့ ရေကြောင်းမှ ဝင်လာသူများ။ သူတို့ နတ်ဖြစ်,မဖြစ်က မထင်ရှား။ သို့သော် ဗျတ္တာမန်းဆက်သော ယနေ့ထက်တိုင် မြန်မာ့ယဉ်ကျေးမှုနယ်မြေတွင် နေရာယူထားသည်မှာ အထင်အရှား။

ကျန်စစ်သား ထွက်ပြေးတိမ်းရှောင်စဉ် နိုင်ငံခြားသား ခုနစ်ယောက်ကို လိုက်လံလုပ်ကြံစေသည်ဟု မှန်နန်းမဟာရာဇဝင်တော်ကြီးတွင်ဆိုသည်။ ထိုပြင် ဗျတ္တာကို သူရဲကောင်းအဖြစ် သမိုင်းတင်ထားသည်။ ထိုဖြစ်စဉ်များအရ ပုဂံခေတ်တွင် နိုင်ငံခြားသားများကို တိုက်ခိုက်ရေးဝန်ထမ်းများအဖြစ် ခန့်ထားဆောင်ရွက်နေလေပြီဟု တွေးတောစရာ။

နရသူမင်းကို နိုင်ငံခြားသားရှစ်ဦးက ပုဏ္ဏားသဏ္ဌာန်ဟန်ဆောင်၍ လုပ်ကြံသည်ဟုဆိုသည်။ ထိုခေတ်က ပုဂံတွင် နိုင်ငံခြားသားများ အဝင်အထွက် လွတ်လွတ်လပ်လပ် အထိန်းအကွပ်မရှိ စည်းမဲ့ကမ်းမဲ့ ဖြစ်ခဲ့သည်ဟု ဆိုရမလို။

ရန်နိုင်

အောက်ပါစာများကို ဖတ်ရှုကိုးကားပါသည်။

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး။
၂။ ပါးစပ်ရာဇဝင် (မော်ဘီ-ဆရာသိန်း)။
၃။ ပုဂံခေတ်ယဉ်ကျေးမှု
(ဦးသိမ်းမောင်၊ သတင်းစာဆရာ)။

ဆရာကြီးဦးဇော်ထွန်း

[ဓါတ်ကြာပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို သည်းစားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၀၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈

www.burmeseclassic.com

www.burmeseclassic.com

သာထက်တော်(မကွေး)

(၂၀၁၆)ခုနှစ်မှာ သင့်ကံကြမ္မာ

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင် ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးနှင့် ၄င်း၏သမီးဖြစ်သူ မသန်းလှဆိုသူတို့ ရောက်လာလေသည်။ သူတို့သားအမိနှစ်ယောက်၏ ခေါင်းပေါ်တွင် မတော် ထန်းခေါက်တောင်းကြီးများ ရွက်ထားသည်ကို တွေ့မြင်ရသည်။

ဒေါ်ထားထားတို့မိသားစုအကြောင်း အနည်းငယ် ပြောပြပါရစေ။ ဒေါ်ထားထားတို့ မိသားစုတွင် ဦးတင်လှ(ဒေါ်ထားထားခင်ပွန်း)နှင့် သမီး မသန်းလှ၊ သား မောင်ကျော်ကျော်ဦး၊ မောင်ဇော်ဝင်းတို့ဟူ၍ သားအမိ၊သားအဖ ငါးယောက်ရှိကြသည်။ သားနှစ်ယောက်က ကျောင်းသားများဖြစ်ကြပြီး ဖခင်ဦးတင်လှက တောင်သူလုပ်ကိုင်၏။ သမီးဖြစ်သူ မသန်းလှကမူ ဒေါ်ထားထား စျေးရောင်းထွက်ချိန်တွင် အိမ်ဗာဟီရလုပ်ကိုင်ရသူ ဖြစ်ပေသည်။

ထို့ကြောင့် ဒေါ်ထားထားသည် နေ့စဉ်လိုလို ရာသီအလိုက်ပေါ်သော ခရမ်းချဉ်သီး၊ ငရုတ်၊ သခွား၊ ဘူး၊ ဖရုံသီးများကို လှည့်လည်ရောင်းချခြင်း၊ အညာဒေသထွက် ကုန်များဖြစ်သည့် ထန်းလျက်၊ သနပ်ခါး၊ ပဲကြီးလှော်၊ ပဲခြမ်းကြော်တို့ကို လှည့်လည်ရောင်းချခြင်း၊ တစ်ခါတစ်ရံ အောင်ဘာလေထီရောင်းချခြင်း၊ ကျောက်စရစ်ခဲကျုံးခြင်းတို့ကို လုပ်ကိုင်လေ့ရှိပေသည်။ သူမသည် စျေးရောင်းချ၍ ပြီးစီးသွားပါက ကျွန်တော့်ဗေဒင်ဟောခန်းသို့ ယခုကဲ့သို့ ရောက်ရှိလာပြီး ဗေဒင်ပညာရပ်များကို သင်ကြားလေ့ရှိ၏။ ထိုသို့သင်ကြားရင်းကပင် လက်ရှိ သူမ တွေ့ကြုံနေရသည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အခက်အခဲမှန်သမျှ အတွက် အကြံဉာဏ်တောင်းခံခြင်း၊ ယတြာမေးမြန်းခြင်းတို့လည်း ရှိသေး၏။

ထိုသို့သော ဒေါ်ထားထားသည် ကျွန်တော့်ဆီ ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုတ်စကားဖြင့် အစပျိုးလေ့ရှိသည်။

'ဟ..ဒီနေ့တော့ ထူးထူးဆန်းဆန်းပါလား ဒေါ်ထားထားရေ၊ အရင်နေ့တွေတုန်းကလို တစ်ယောက်တည်းမဟုတ် ဘဲ သားအမိနှစ်ယောက်စလုံး ထန်းခေါက်တောင်းကြီးတွေ ကိုယ်စီရွက်လို့ပါလားဗျ။ လောဘတွေ စွတ်မကြီးစမ်းပါနဲ့ဗျာ'

'တို့ဆရာရေ..လောဘမကြီးလို့ မဖြစ်တော့ဘူးတော့ အရင့်အရင်တုန်းက ကျုပ်တစ်ယောက်တည်း မိသားစု ထမင်းစားဖို့ ရှာဖွေရတာ၊ စျေးလည်ရောင်းရတာ ထမင်း နပ်မှန်ခဲ့ပေမယ့် ဒီနှစ်တော့ မဖြစ်တော့ဘူး'

'ဘာကြောင့်လဲဗျ။ ပြောပါဦး'

'တို့ဆရာရေ..တခြားဟုတ်ရိုးလား။ ပြီးခဲ့တဲ့ (၂၀၁၅) ခုနှစ်၊ ဇူလိုင်လ တတိယသီတင်းပတ်ထဲက ကြုံတွေ့ခဲ့ရတဲ့ ငတ်မိုးကြောင့်ပေါ့တော်'

'ဗျာ..ဘယ်လို၊ ဘာ..ငတ်မိုး ဟုတ်လား။ ဘာလဲ ငတ်မိုးဆိုတာ'

'တကတည်း တို့ဆရာရေ၊ သိပ်ပိန်းလွန်းတာပဲ (၂၀၁၅)ခုနှစ်၊ ဇူလိုင်လထဲမှာလေ ကျုပ်တို့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနဲ့ တစ်နိုင်ငံလုံးလုံး မိုးကြီးတွေ အဆက်မပြတ် အသန်ရွာသွန်းခဲ့တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်လေ၊ ဆိုင်ကလုန်းမုန်တိုင်းနဲ့အတူ ပါလာတဲ့ မိုးက သီတင်းသုံးပတ်လောက် သဲကြီးမဲကြီးရွာသွန်းခဲ့တဲ့ ကျူပ်တောင်မှ ဟောခန်းပိတ်ထားရတယ်။ ဒါနဲ့ ငတ်မိုးဆိုတာက'

'ဟော..လုပ်လာပြန်ပြီ။ ဒါမျိုးကို ခေါ်တာပေါ့။ ON ဆိုလို၊ NO လိုလိုဆိုတာ'

'ဘာလဲဗျာ၊ ဘာတွေလဲဗျာ။ ကျူပ်ကို ခင်ဗျား ရူးအောင် လာလုပ်နေတာလား။ ငတ်မိုးပြောလိုက်၊ ON ပြောသလိုက်၊ NO ပြောလိုက်နဲ့'

'ဆောရီးပဲတော်။ ကျူပ်တို့ဆရာ နားလည်အောင် ရှင်းပြပါမယ်။ ဒီလို..ဒီလို..မိုးတွေ အကြာကြီးရွာနေတော့ ကျူပ်တို့ အားလုံးရော ဆရာရော ဘာမှလုပ်လို့မရတော့ ဘူးလေ။ ဒီတော့ ဝင်ငွေမရှိ၊ ဝင်ငွေမရှိတော့ ထမင်းစားဖို့ အတက်ကြို၊ အခက်ကြုံတော့ ကျူပ်ယောကျ်ား ကိုတင်လှက ဒီနေ့က ငတ်မိုးပါကွာဆိုပြီး ရွာထဲ လှည့်ပြောရာကနေ စလည်တွင် သွားတယ်ဆိုပါတော့။ ဟုတ်တယ်တော့၊ တစ်ခြင်းလုံးတော့ မပြောတတ်ဘူး။ ကျူပ်တို့ ရွာနီးချုပ်စပ်က သူတွေတော့ ထောပတ်ပဲပြုတ်စားလိုစား၊ ဆန်ပြုတ်,ပြုတ်သောက်လိုသောက်နဲ့ တော်တော်ကသီလင်တာ ဖြစ်သွားခဲ့ကြ ဆာယ်။ ဟို ON လိုလို၊ NO လိုလိုဆိုတာက ဆရာစဉ်းစားကြည့်စမ်းပါ။ ON ကို ပြောင်းပြန်ကြည့်ရင် NO ဖြစ်သလို NO ကို နောက်ပြန်ကြည့်ရင်ရော ON မဖြစ်ဘူးလား။ ဒါကြောင့် တို့ဆရာကို ကျူပ်က ON လိုလို၊ NO လိုလိုလို့ ပြောတာပေါ့။ ဒီအတွေးအခေါ်က ကျူပ်မူပိုင်နော်။ ဟဲ..ဟဲ..ဟဲ'

'တော်တော်လာတဲ့ ဇာတ်ထားထားပါလား။ နောက်ထပ် ခင်ဗျားမူပိုင်အတွေးအခေါ်လေးတွေရှိရင် ပြောပြစမ်းပါဦး'

'ရှိပါသကောတော်။ ကြုံတဲ့အခါ ပြောပြရသေးတာပေါ့။ အခုတော့ စောစောကပြောခဲ့တဲ့ (၂၀၁၅)ခုနှစ်ဂယက်ကြောင့် ကျူပ်တို့မိသားစုရဲ့ စိုက်ပျိုးသီးနှံတွေ အကုန်လုံး ဆုံးရှုံးနစ်နာခဲ့ပြီး အကြွေးတွေ တာဝတီသာဝင်ဆောင့်ကုန်ပြီ။ ဒါကြောင့် (၂၀၁၆)ခုနှစ်မှာကော ကျူပ်တို့မိသားစု စီးပွားရေးအခြေအနေ ကောင်းမလား၊ ဆိုးမလား သိချင်တဲ့ တွက်ချက်ပေးပါဦး တို့ဆရာရေ'

'ခင်ဗျားတို့မိသားစုတင်မဟုတ်ဘူး၊ တစ်ကမ္ဘာလုံးက သူတွေ အားလုံးအတွက်ပါ ဟောပေးလိုက်မယ်'

'အမယ်လေးလေး..တို့ဆရာက တစ်ကမ္ဘာလုံးစာ တောင် ဗေဒင်ဟောပေးဦးမတဲ့။ တော်ရန်ကောတော်'

'ကျွန်တော် တော်တာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် တို့ အဘဆရာကြီး တော်ခဲ့တာကို ကျွန်တော်တို့က ကြိုးစားသင်ယူပြီး နို့သက်ခံစို့ခဲ့တာပါ။ ကဲ..ခင်ဗျား အင်္ဂလိပ်မွေးဖွားသက္ကရာဇ်ပြော'

'ပေါက်ပေါက်ရှာရှာ တို့ဆရာရေ၊ ကျူပ်တို့ရွာတစ်ရွာလုံး ကျူပ်နဲ့ အသက်ကြီးသူရော ရွယ်တူတွေပါ ရွာဦးဘုန်းတော်ကြီး ဦးကုသလ၊ မိုးကောင်းကျောင်းဆရာတော် ဦးအာသဖ၊ ဦးခန္တီတို့ဆီမှာပဲ ဘုန်းကြီးစာ သင်ခဲ့တာလေ။ ဘယ်က ဘယ်လိုလုပ်' အင်္ဂလိပ်မွေးဖွားသက္ကရာဇ် သိမှာတုံး'

'ခင်ဗျားနှယ်ဗျာ..ဒီလောက်တိုးတက်မှုရှိတဲ့ ခေတ်ကြီးထဲမှာ လူဖြစ်လာပြီး နှစ်တစ်ရာပြက္ခဒိန်ဆော့ဝဲ(လ်)လေးလောက်တော့ ဖုန်းထဲ ထည့်ထားဖို့ကောင်းတာပေါ့။ နောက်ပြီး ကိုယ်က ဗေဒင်ပညာနဲ့ (၇)နေ့သားသမီးတွေကို ကူညီမယ့်သူလေ။ ကဲပါ၊ ထားပါတော့။ သမီး မသန်းလှကတော့ သမီးရဲ့ အင်္ဂလိပ်မွေးဖွားသက္ကရာဇ် သိတယ်မဟုတ်လား'

'သမီးသိပါတယ် ဆရာ၊ ဒီဇင်ဘာလ (၈)ရက်ပါ ဆရာ'

'ကောင်းပြီ။ ပထမဆုံး အခုရောက်ဆဲ(၂၀၁၆)ခုနှစ်ကို တစ်လုံးတည်းရအောင် ပေါင်းရမယ်။ ပေါင်းရက်နိုးက (၉)ရတယ်။ ဒီတော့ သမီးရဲ့ မွေးသက္ကရာဇ်နဲ့ တွက်ကြည့်လိုက်ရအောင်။

(၈)ရက် ဒီဇင်ဘာလ(၁၂-လပိုင်း) မွေးဖွားသူ=၈+၁၂+၉=၂၉=၂+၉=၁၁=၂ ရတယ်။ အဲဒီ(၂)ရဲ့ အဟောကို ဟောဒီဆရာ အသင့်လုပ်ထားတဲ့ မိတ္တူစာရွက်တွေ ယူသွားပြီး တွက်ကြည့်ပေတော့၊ ဟောကြည့်ပေတော့'

'တို့ဆရာရေ..ကျူပ်မသိလို့ တစ်ခုလောက် မေးစမ်းပါရစေ။ မွေးရက်၊ မွေးလ၊ မူသေထည့်ပေါင်းရမယ့်ကိန်း(၉)ပေါ့နော်။ ပေါင်းလို့ရလာမယ့် ကိန်းဂဏန်းကို တစ်လုံးတည်းရအောင် ထပ်ပေါင်း၊ ပြီးရင် ဂဏန်းအလိုက် ဟောကိန်းရှာဖတ်။ ဒါပဲမဟုတ်လား'

'ဟုတ်ပါတယ် ဒေါ်ထားထားရေ၊ ဟော..ဟိုမှာ ဗေဒင်မေးမယ့်သူတွေ ရောက်လာကုန်ကြပြီ။ ရော့..ဒီမှာ (၁)ဂဏန်းကနေ (၉)ဂဏန်းအထိ ဟောကိန်းတွေ ကွန်ပျူတာ အသင့်စာစီထားတာတွေ ယူသွား။ ဟုတ်ပြီလား'

'ကျေးဇူးအထူးတင်ပါတယ် တို့ဆရာရေ၊ ပြန်ခွင့်ပြုပါဦး'

www.burmeseclassic.com

ဒေါ်ထားထားတို့ သားအမိနှစ်ယောက်သည် ကျွန်တော်ပေးလိုက်သော ဟောကိန်းစာရွက်များကို ယူဆောင်ရင်း ထွက်ခွာသွားလေပြီတကား။

ကျွန်တော်ပေးလိုက်သော ဟောကိန်းများကို ဂဏ္ဍီရစာဖတ်ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပေသည်။

ပေါင်းခြင်း(၁)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် မမျှော်လင့်ဘဲ အပြောင်းအရွှေ့ကြုံရမည်။ သင် မရောက်ဖူးသေးသည့် အရပ်ဒေသကို သွားရောက်ရခြင်း၊ မိတ်ဆွေအပေါင်းအသင်းဟောင်း၊ အိမ်သူအိမ်သားများနှင့် ရှင်းကွဲဖြစ်စေ ခွဲခွာရခြင်း၊ သင် ပြောင်းလိုသည်ဖြစ်စေ၊ မပြောင်းလိုသည်ဖြစ်စေ အပြောင်းအရွှေ့ကိစ္စများ ကြုံရခြင်း၊ အိုးအိမ်အလုပ် ပြောင်းရွှေ့ရတတ်ပြီး ကုန်လွန်ခဲ့သောနှစ်က ဖြစ်ရပ်များကို ပြန်လည်ဆန်းစစ်မိနေတတ်ခြင်း၊ ကောင်းဆိုးနှစ်တန်အလိုက် အကျိုးများခံစားရတတ်ခြင်းတို့ ကြုံပါမည်။

အထူးအကြံပြုလိုသည်မှာ ပထမဆုံးခြေလှမ်းကို သွက်လက်စွာလှမ်းပါ။ တွန့်ဆုတ်စွာနှင့် မလုပ်ပါနှင့်။ တွေဝေခြင်းကို ရှောင်ရှားပါ။ စည်းကမ်းတကျလုပ်ကိုင်ပါ။ ယုံကြည်ချက်ဖြင့် စိတ်တန်ခိုးကို မြှင့်တင်ပေးပါ။ မှန်သည်ဟု ယူဆပါက တို့ဆိုင်းမနေပါနှင့်။ အကြံအစည်အသစ်၊ အလုပ်အကိုင်အသစ်များ အောင်မြင်ပါမည်။ ယုံကြည်ချက်ဖြင့် လုပ်ငန်းစတင်ပါက ကောင်းကျိုးများ ရရှိပါမည်။ မေတ္တာတရားနှင့် သည်းခံစိတ်ကို မွေးမြူထားပေးပါ။ သော ဘဂဝါ ဣတိပိ အရဟံ ဂုဏ်တော်ဖြင့် ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၂)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် ဘဝအသစ်တစ်ခု ဖန်တီးနိုင်ခွင့်ကြုံဆုံရမည်။ စပ်တူလုပ်ငန်းနှင့် အကျိုးဖြစ်ထွန်းခြင်း၊ စိတ်ညစ်စရာ၊ စိတ်ရှုပ်ထွေးစရာများကို ကျော်လွှားအောင်မြင်နိုင်ခြင်းတို့ ကြုံရမည်။ ထို့ပြင် ထင်မှတ်မထားသည့် အပြောင်းအလဲများလည်း ကြုံဆုံရပါမည်။

အထူးအကြံပြုလိုသည်မှာ မည်သည့်ကိစ္စမဆို အလောတကြီး မဖြေရှင်းသင့်ပါ။ ယခင်အတိတ်ကာလများက ရင်းနှီးခဲ့သော မိတ်ဆွေအပေါင်းအသင်းများထဲက အကျိုးပြုသူနှင့် အကျိုးမဲ့စေသူကို ခွဲခြားစိစစ်နိုင်ပါစေ။ လက်ရှိဆက်ဆံနေရသောသူများကို စိတ်ချယုံကြည်မှုပေးပါ။ ကောင်းမွန်သော အပြောင်းအလဲများအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် စိတ်ဓာတ်ခိုင်မာသူ ဖြစ်ပါစေ။ မြွောက်တိုင်းလည်း မမြောက်၊ ခြောက်တိုင်းလည်း မကြောက်တတ်သည့်စိတ်ဓာတ်မွေးမြူထားပါ။ စိတ်ဓာတ်မကျပါစေနှင့်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ထားပါ။ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်သန်နိုင်ပါစေ။ စာနာတရား လွန်ကဲခြင်း၊ တစ်ပါးသူကို အတုခိုးခြင်းတို့ ရှောင်ကြဉ်ထားပါ။ စိတ်ဓာတ်ခိုင်မာသူ ဖြစ်ပါစေ။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ဖြင့် ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၃)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် အလုပ်အကိုင်သစ် ပေါ်ပေါက်လာတတ်သလို လုပ်ငန်းခွဲများလည်း လုပ်ကိုင်ခွင့်ကြုံရတတ်သည်။ ငွေကြေးအစုလိုက်အပုံလိုက် ဝင်လာသော်ငြားလည်း ပြန်ထွက်သွားတတ်သည်။ ထို့ကြောင့် ဘဏ်တွင် စုဆောင်းထားရှိခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ဝယ်ယူစုဆောင်းခြင်းတို့ ပြုလုပ်သင့်သည်။ ကံကြမ္မာအခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာမည်။ မိတ်ဆွေအပေါင်းအသင်းများ၏ ကူညီပံ့ပိုးပေးသော စေတနာတရားကို တန်ဖိုးထားပါ။ တစ်ယောက်တည်း အားငယ်နေရမည့် အချိန်ကာလ မဟုတ်ပါ။ မိတ်ဟောင်းမိတ်သစ်များကို ရင်းနှီးပွင့်လင်းဆက်ဆံခြင်းဖြင့် အကူအညီကောင်းများ ရရှိလာပါမည်။ လူတိုင်းနှင့် အဆင်ပြေစွာ ပေါင်းသင်းဆက်ဆံခြင်း၊ ကိုယ်ပိုင်ထိုးထွင်းဉာဏ်ဖြင့် ကြံစည်လုပ်ကိုင်ခြင်း၊ စိတ်ပျော်ရွှင်ကြည်နူးအောင် နေထိုင်ခြင်းများ မပြတ်လုပ်ပေးပါ။ ဖြတ်ခနဲပေါ် ဆတ်ခနဲလုပ်ရမည့် အချိန်ကာလဖြစ်သည်။

အထူးအကြံပြုလိုသည်မှာ စိတ်ပျော်ရွှင်အောင် နေထိုင်တတ်ပါစေ။ အပျော်မကျူးမိပါစေနှင့်။ စိတ်ညစ်မခံလိုသည်။ လူအများရှေ့တွင် သိက္ခာကျစေမည့် လုပ်ရပ်များ ရှောင်ကြဉ်ပေးပါ။ ဘာသာရေးကိစ္စ၊ ကုသိုလ်ကိစ္စများ ပြုလုပ်ပေးပါ။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်ကို ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၄)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် ထူးခြားသော အဖြစ်အပျက်မှတ်တိုင် စိုက်ထူနိုင်လိမ့်မည်။ ဘဝမှာ သင်ကြိုးစားထားသော အသီးအပွင့်များ လက်ဝယ်ပိုင်ပိုင် ရရှိပေတော့မည်။ ကုန်လွန်ခဲ့သော (၄)နှစ်ခန့်ကတည်းက အဆင်မပြေခြင်းကိစ္စတို့သည် ယခုနှစ်တွင်မတော့ လွင့်ပါးကွယ်ပျောက်သွား

www.burmeseclassic.com

www.burmeseclassic.com

ပေးမိမည်။ ကံကောင်းခြင်းတို့ သင့်ထံ ရောက်လာပါပြီ။ ဘဗျာ၊ လက်ဘ၊ ရှပ်ရှင်၊ ဂီတ ကိစ္စရပ်တို့တွင် အောင်မြင်မှုခြင်း၊ ထူးချွန်စွာ အောင်မြင်ကျော်ကြားခြင်းတို့ ဖြစ်ပေါ်မည်။ စီးပွားရေးတွင်မူ ငွေကြေးဥစ္စာကို လွယ်ကူစွာ ရရှိလာဘဲ အပတ်တကုတ် ကြီးစားရုန်းကန်ရှာဖွေမှသာ ရရှိမည်သည်။ ကြီးစားရှာဖွေသမျှလည်း အဖတ်တင်ရရှိလိမ့်မည်။ သင့်အနေနှင့် မိမိလက်ရှိအလုပ်ကိုသာ စွဲမြဲစွာလုပ်ကိုင်သင့်သော အချိန်ကာလဖြစ်သဖြင့် အခြားမည်သည့် အလုပ်ကိုမျှ မပြောင်းလဲသင့်မေ။ သင် ကြုံစည်တွေးတောသော အလုပ်အကိုင်သစ်များကို မေ့ပစ်လိုက်ပါ။

အထူးအကြံပြုလိုသည်မှာ သင့်အလုပ်အပေါ် တာဝန်ကျေပွန်ပြီး စာရင်းဇယားမှန်ကန်အောင် ဂရုစိုက်ပါ။ တွေးတောနေခြင်းထက် လက်တွေ့အလုပ်ကိုသာ အလေးထားပါ။ ငွေးကြားတိကျစွာ လုပ်ကိုင်တတ်ပါစေ။ ဘာသာရေးကိစ္စ၊ ကုသိုလ်ရေးကိစ္စများ၏ ရောင်ပြန်ဟပ်မှုကို ပြည့်ဝစွာ ရရှိလိမ့်မည်။ ထို့ကြောင့် သော ဘဂဝါ ဣတိပိ သုဂတော ဣတိတော်ကို ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၅)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် လူအများနှင့် ထိတွေ့ဆက်ဆံရသည့်အလုပ်များ၌ အောင်မြင်ကျော်ကြားတတ်ပေသည်။ ထင်ပေါ်၍ စင်တော်က ကောက်ယူပေလိမ့်မည်။ ကံထူးခြင်း၊ စုတ်ရော လာဘ်ပါ အားကြိုးခြင်းတို့ ကြုံမည်။ သင်ချော်လင့်မထားသော အာဏာပိုင်အမြဲ့အစည်းများနှင့် ဆက်ဆံရလိမ့်မည်။ သင်၏ အတိတ်ဘဝက ကြီးမားမှု ပေါ်လွင်ထင်ရှားလာမည်။ အရာရာကို အလောတကြီး မဆုံးဖြတ်မိပါစေနှင့်။ အတွေ့အကြုံနှင့်အတူ သတ်တွေ့ပါ လုပ်ကိုင်ခွင့် ရရှိလာမည်။ ငွေကြေးအပေးအယူကိစ္စများကို သတိထားလုပ်ကိုင်ပါ။ ထို့ပြင် စာချုပ်စာတမ်းများ၊ လက်မှတ်ရေးထိုးခြင်း ကိစ္စများတွင် အထူးဂရုစိုက်သင့်သည်။ ဖြစ်ပေါ်လာသည့် အခက်အခဲတိုင်းအတွက်လည်း ကြံ့ကြံ့ခံနိုင်အောင် ကြိုတင်ပြင်ဆင်ထားသင့်ပေ၏။ စိတ်မချမ်းမြေ့စရာ၊ စိတ်ညစ်စရာများ တွေ့ကြုံတတ်သဖြင့် စိတ်တည်ငြိမ်ဖို့ လေ့ကျင့်ထားပါ။ အလုပ်၊ အရာထိုင်ခင်း၊ အိမ်၊ ဆိုင်ခန်းကိစ္စများ အပြောင်းအရွှေ့ ကြုံတတ်သည်။ ပြည်တွင်း၊ ပြည်ပခရီး၊ ဘုရားဖူးခရီး၊ အလှူးကိစ္စ၊ အမှုအခင်းပြဿနာများ ကြုံရတတ်သည်။ ချီးနှိုးခင်မင်သော မိတ်ဆွေအပေါင်းအသင်းများနှင့် စိတ်ဝမ်းကွဲမည်။ လူငယ်လူရွယ်များအနေဖြင့် ချစ်သူ၏ အထင်အမြင်လွဲမှားခြင်း၊ ကွဲကွာ၊ခွဲခွာရခြင်းတို့ ကြုံတွေ့ရဖွယ်ရှိသည်။

အထူးအကြံပြုလိုသည်မှာ အလုပ်အကိုင်၊ နေအိမ်အဆောက်အအုံ ပြောင်းရွှေ့ခြင်း ကိစ္စတို့တွင် သင်တစ်ဦးတည်း စိတ်ဆန္ဒဖြင့် မလုပ်ကိုင်သင့်သောကာလဖြစ်သည်။ ထို့ကြောင့် အများနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှ သဘောတူညီမှု ရယူပါ။ သော ဘဂဝါ ဣတိပိ လောကဝိဒူ ဂုဏ်တော်ကို ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၆)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် ကျန်းမာရေးအထူးညှဉ်တတ်သည်။ ဂရုစိုက်ပါ။ နေအိမ်အဆောက်အအုံနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရလိမ့်မည်။ မိသားစုအိမ်တွင်းရေးကိစ္စများ အပြောင်းအလဲကြုံလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စများ သဘောထားတိုက်ဆိုင်မှုနည်းပါးပြီး ကွာရှင်းပြတ်စဲ ဖျက်သိမ်းခြင်းများ တွေ့ကြုံရလိမ့်မည်။

အထူးအကြံပြုလိုသည်မှာ တစ်ပါးသူ၏ အားနည်းချက်ကို ဝေဖန်ပြစ်တင်ထောက်ပြခြင်း ရှောင်ကြဉ်ပါ။ သင့်နှင့် တိုက်ရိုက်မပတ်သက်သည့် ကိစ္စရပ်များ၌ ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စများတွင် သစ္စာရှိသူ ဖြစ်ပါစေ။ တတ်နိုင်သမျှ တရားဖြင့် နလုံးသွင်းဆင်ခြင်နေထိုင်ပါ။ မွေးနေ့ရောက်တိုင်း ကောင်းမှုတစ်ခု ပြုလုပ်ပေးပါ။ သော ဘဂဝါ ဣတိပိ

www.burmeseclassic.com

www.burmeseclassic.com

အနုတ္တရောပုရိသ ဓမ္မသရတိ ဂုဏ်တော်ကို ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၇)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် ဘဝအတွက် အရေးပါသော ခြေလှမ်းသစ်များ လျှောက်လှမ်းရတော့မည်။ အခွင့်အရေးကောင်းများလည်း ပေါ်ပေါက်လာတော့မည်။ ကုန်လွန်လေပြီးသော အတိတ်ကာလ(၄)နှစ်ခန့်ဆီက ပြဿနာဟောင်းများ ပြန်လည်ခေါင်းမော့လာတတ်သည်ကို ဂရုပြုပါ။ သင့်လုပ်ဆောင်သမျှကို အဟန့်အတားလုပ်ခြင်း ခံရတတ်၏။ ပြင်ပသို့ ထွက်ခွာသွားလိုစိတ် ကင်းမဲ့ကာ မိမိနေထိုင်ရာကိုပဲ ခင်တွယ်စွာဖြင့် ရပ်တည်လို၏။ အများနှင့် ပူးပေါင်းရောနှောလုပ်ကိုင် ဆောင်ရွက်ရာ၌ အထစ်အငေါ့ ကြုံတွေ့ရတတ်ပေသည်။ စီးပွားရေးတိုးချဲ့ရန် မသင့်သေးပေ။ အမွေအနှစ်ကောင်းများ ရရှိတတ်ခြင်း၊ ထီဆုကြိုးပေါက်ခြင်း၊ မျှော်လင့်မထားသော ငွေကြေးပစ္စည်းဥစ္စာ စီးပွားရတနာများ တိုးတက်ခြင်း၊ လက်ဆောင်ကောင်းများ ရရှိခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေးအစုလိုက်အပုံလိုက် ဝင်ကိန်းရှိခြင်း၊ ယှဉ်ပြိုင်ရသည့်ကိစ္စရပ်များတွင် အောင်မြင်ခြင်းတို့ ကြုံရတတ်သည်။

အထူးအကြံပြုလိုသည်မှာ မိမိနှစ်သက်ရာ အားကစား၊ ကဗျာ၊ စာပေ၊ ဂီတ၊ အနုပညာ စသည့်ကိစ္စရပ်တို့တွင် စိတ်ကို နှစ်မြှုပ်ထားပါ။ အတိတ်ကာလက စိတ်မချမ်းမြေ့စရာ ဖြစ်ရပ်များအတွက် စိတ်ညစ်မနေသင့်ပေ။ သတ္တဝါအားလုံးကို သည်းခံခွင့်လွှတ်ကာ မေတ္တာပို့ပေးခြင်းဖြင့် အနိုင်ယူပါ။ မိမိတို့ဆိုင်ရာ ဘာသာရေးအဆုံးအမ၊ ကျင့်ဝတ်လေ့ထုံးတမ်းများကို လိုက်နာပေးပါ။ အောင်မြင်မှုရပါမည်။ သော ဘဂဝါ ကြတိပိ သတ္တာဒေဝမနုဿာနံ ဂုဏ်တော်ကို ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၈)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် စည်းစိမ်ဥစ္စာ၊ ရွှေ၊ ငွေရတနာ လုပ်ငန်းကြီးကိစ္စရပ်များနှင့် အလားတူ ကိစ္စရပ်များကဲ့သို့ အကျိုးဝင်သော ကိစ္စရပ်များ ကြုံတွေ့ရပေမည်။ တစ်သက်တာဘဝလမ်းခရီးတစ်လျှောက် ယခုကာလအသက်အိုင်းအခြား၌ ထူးခြားပြောင်မြောက်သည့် မှတ်တိုင်သစ်တစ်ခုစိုက်ထူခွင့်ရတော့မည်။ ကုန်လွန်ခဲ့သောနှစ်များဆီက မပြီးမပြတ် လက်စမသတ်နိုင်ခဲ့သည့် လုပ်ငန်းကိုင်ငန်းတို့ကို အပြီးသတ်နိုင်ပေတော့မည်။ အချိန်ကို တန်ဖိုးရှိစွာ အသုံးချခြင်း၊ ခွဲ၊ လုံ့လ၊ ဝီရိယ အစွမ်းကုန်ထုတ်သုံးခြင်းတို့ကြောင့် အောင်မြင်မှုရရှိပေလိမ့်မည်။ ပြည်တွင်း၊ ပြည်ပရေးရာကိစ္စရပ်များ၊ မိသားစုရေးရာ၊ ပြင်ပရေးရာ၊ ပေါင်းသင်းဆက်ဆံရေးတို့တွင် ဟန်ချက်ညီစေရန် ထိန်းသိမ်းပေးပါ။ အချစ်ရေးကိစ္စ၊ ကာမဂုဏ်ကိစ္စတို့တွင် လူသိမခံနိုင်သော ကိစ္စရပ်များ ကြုံတွေ့ရတတ်ပေသည်။ အချစ်စစ် အချစ်မှန်ကို စနစ်တကျ ရွေးချယ်ပေမည်။ အထူးအကြံပြုလိုသည်မှာ မာန်မာနထောင်ခြင်း၊ အတ္တကြီးခြင်းများ ဂရုပြုပါ။ သည်းခံခွင့်လွှတ်တတ်ပါစေ။ ဘာသာရေး စွဲမြဲစွာ လုပ်ကိုင်ထားပါ။ သော ဘဂဝါ ကြတိပိ ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီးမကြာခဏ စိပ်ပေးပါ။

ပေါင်းခြင်း(၉)ဂဏန်းရသူ

သင်သည် ဒီနှစ်ထဲတွင် လက်ရှိဆောင်ရွက်နေသည့် အလုပ်ကိစ္စများ ရပ်နားရန် အကြောင်းဖန်လာတတ်သည်။ အဆုံးသတ်ခြင်း၊ အပြီးသတ်ခြင်းတို့သည် ဤကာလ၏ ပြယုဂ်များဖြစ်သည်။ ကြိုတင်ရည်မှန်းထားချက်များရှိပါက အမြန်ဆုံးထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရပ်နားလိုက်ပါ။ စည်းကမ်းတကျ မှန်ကန်စွာအနားယူလိုက်ပါ။ အခက်အခဲ အကျပ်အတည်းများကို ခွဲ၊ လုံ့လ၊ ဝီရိယ ကြီးစွာဖြင့် ကြိုးစားဖြတ်ကျော်ပါ။ တိုးချဲ့စရာလုပ်ငန်းများ မပေါ်ပေါက်လာတတ်သည်။

အထူးအကြံပြုလိုသည်မှာ တရားစခန်းဝင်ခြင်း၊ ဂေါ်ဂီ၊ သီလရှင်၊ သူတော်စင်၊ ရသေ့၊ ရဟန်း စသည့်အလုပ်ကြောင်းကိစ္စရပ်များ ပြုလုပ်ဆောင်ရွက်ပေးပါ။ ငွေကြေးရေးခွန်အားကို အလဟဿဖြုန်းတီးမပစ်ပါနှင့်။ အများတကာနှင့် ဆက်ဆံပြောဆိုရာ၌ အကင်းပါးပါစေ။ ငွေကြေးအလှူအယူ အချေးအငှားကိစ္စ သတိပြုလုပ်ဆောင်ပါ။ အရာတိုင်းကို အလယ်အလတ် လမ်းစဉ်အတိုင်း ကျင့်ကြံသိက္ခာကြီးမားသော ရဟန်းတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ သင် ကြည်ညိုလေးစားသည့် ဆရာသမားတို့၊ ပုဂ္ဂိုလ်များ၏ ဆုံးမသွန်သင်ဩဝါဒကို အမြဲနာခံပေးတတ်စွမ်းသမျှ ဒါနဝတ္ထုအစုစုတို့ကိုလည်း လှူဒါန်းပေးထိုအခါ ကောင်းကျိုးချမ်းသာ ပြည့်စုံလာပါလိမ့်မည်။ သော ဘဂဝါ ကြတိပိ ဘဂဝါ ဂုဏ်တော်ဖြင့် ပုတီးမကြာခဏ စိပ်ပေးပါ။

ဓမ္မော ဟဝေ ရက္ခတိ
သာထက်ဇော(မဇ

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/ ၂၁၀၈၊ တာဝေလေး (တို့)-၁၃၀၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စတဲ့

မုံရွာ ဆရာမိုး ရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြေးမြွန်ပြန်ကုမ္ပဏီ(စက်မှုဇုန်)၁၃၀/၁၀၀၄

"ကိုကော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ သူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခြင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုကော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာဘာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့ မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းသဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောတိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြစ်ခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံဆိုးခြင်း၊ ချေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံတမယ် တိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားခေနိုင်ပါတယ်"

"ကိုကော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ ဖွယ်စုံရာတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်များတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်ဗို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ကျန်တဲ့ပြီး မန္တလေးမြို့နှင့် မုံရွာမြို့ ဗော်လီဘောမြို့ပြီး မြန်မာ့ဆေးဖိုးပုံခြင်းရိုးရာလိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသိရှိခြင်းရှိခဲ့ပေးနေပါပြီး

ပင်ပန်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း
ဘီ-ရွာ/၃၅၆၊ မေမာဝိလမ်းမကြီး၊ ပြောက်ဥတ္တလာပပြိုနယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၀၀၆၃၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၆၄၅ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

နိမိတ်ရှာပြီးမှ ခရီးသွားပါ (၂)

သာထက်ဇော်(မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။ သူမသည် တောသူတောင်သား မိဘနှစ်ပါးမှ မွေးဖွားလာခဲ့သူပီပီ ဖြူစင်ရိုးသားမှု ရှိ၏။ စကားပြောလျှင် ပွင့်လင်းစွာ ပြောဆိုတတ်သည်။ လိမ်ညာလှည့်ဖြားတတ်ခြင်း မရှိပေ။ သူမသည် မိသားစုငါးယောက်တာဝန်ကို တစ်ဦးတည်း ဒိုင်ခံဖြေရှင်းပြီး ရုန်းကန်လှုပ်ရှားနေသူလည်းဖြစ်သည်။

ဒေါ်ထားထား၏ခင်ပွန်း ဦးတင်လှသည် ၄၄းမိဘများက ပေးထားသည့် ယာကွက်(၄)ကွက်ကို သားနှစ်ယောက်၊ သမီးတစ်ယောက်တို့နှင့် ဦးစီးလုပ်ကိုင်သည်။ ရံဖန်ရံခါ နွားအရောင်းအဝယ်(နွားပွဲစား) အလုပ်လည်း လုပ်ကိုင်တတ်၏။ ဦးတင်လှသည် ယာ(၄)ကွက်ကို ဖိဖိစီးစီး လုပ်ကိုင်သော်ငြား မိုးလေဝသ မမှန်ကန်သောကြောင့် သီးနှံထွက်ရှိမှု နည်းပါးခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့ချေ။ ထို့ကြောင့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ရလေတော့သည်။

ထိုအခါ အိမ်ရှင်မကောင်းပီသသော ဒေါ်ထားထားသည် ရာသီအလိုက် ငရုတ်၊ ဘူး၊ ခရမ်းချဉ်၊ သခွား၊ ဖရဲသီးတို့ကို ရောင်းချကာ မိသားစုတာဝန်ကို ဖြေရှင်းရလေတော့၏။ ထို့အပြင် အညာဒေသထွက် ပဲကြော်၊ ပဲလှော်၊ ထန်းလျက်၊ သနပ်ခါးတို့ကိုလည်း အောက်ပြည်အောက်ရွာ ရုန်းကုန်နှင့် ဝါးခယ်မမြို့များသို့ သွားရောက်ရောင်းချသေးသည်။

ထိုသို့ ဈေးရောင်းချ၍ ခေတ္တခဏ အနားယူချိန်များတွင် ကျွန်တော့်ဗေဒင်ဟောခန်းကို ယခုလို ရောက်လာပြီး ဗေဒင်ပညာရပ်များ လေ့လာဆည်းပူးလေ့ရှိသည်။ ထို့ပြင် သူမ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကိစ္စအဝဝအတွက်လည်း ကျွန်တော့်ကို မိသားစုသဖွယ် ပွင့်လင်းစွာ တိုင်ပင်ခြင်း၊ အကြံဉာဏ်တောင်းခံခြင်း၊ ယတြာမေးမြန်းခြင်းများ ရှိလေ၏။

ထိုသို့သော ဒေါ်ထားထားသည် ကျွန်တော့်ဆီ ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုတ်စကားဖြင့် အစပျိုးလေ့ရှိသည်။

'တို့ဆရာရေ..ပြီးခဲ့တဲ့လတုန်းက ဆရာနဲ့ကျုပ် အလုပ်ကိစ္စနဲ့ ခရီးထွက်မယ်ဆိုရင် သတိပြုဆင်ခြင်ရမည့် နိမိတ်ဆိုး(၆၃)ချက်အကြောင်း သင်ခဲ့ကြတယ်နော်'

'ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်တုံး'

'ဘာရယ်တော့ မဟုတ်ဘူးပေါ့ တို့ဆရာရေ။ ကျုပ်ဆရာဆီက အိမ်အပြန်လမ်းမှာ တွေးမိတယ်တော့။ နိမိတ်ဆိုးဟောကိန်းဆိုတာရှိရင် နိမိတ်ကောင်းဟောကိန်းဆိုတာလည်း ရှိလိမ့်မယ်လို့။ အဲဒါ ရှိရင် ကျုပ်ကို ဒီတစ်ခေါက် ပြောပြပေးပါလား၊ သင်ပေးပါလား တို့ဆရာ'

'ခင်ဗျားအတွေးအခေါ် အတော်လေး တိုးတက်လာပါလား။ သင်ပေးပါ့မယ်ဗျာ။ နိမိတ်ကောင်းတင် မဟုတ်ဘူး၊ နိမိတ်ဆိုးရော နိမိတ်ကောင်းပါ ရောနှောနေတဲ့ ကျွန်နေသေးတဲ့ နိမိတ်တွေပါ ပြောပြပေးမယ်။ ရေးမှတ်ဖို့သာ လက်သွေးထားပေတော့။ ဒီတစ်ခါ ရေးမှတ်ဖို့က အရင်အပတ်ကထက် ပိုများတယ်'

'အမယ်လေး တို့ဆရာရေ..ဒါနဲ့များ အရင်တစ်ခေါက်က တစ်ခါတည်း ပြောပြပေးလိုက်ပါတော့လား။ တစ်တည်း'

'ဒီလိုပြောလို့ မရဘူးလေ။ ခင်ဗျားကို ကျွန်တော် နိမိတ်ဆိုးတွေအကြောင်း ပြောပြတာ မိုးချုပ်သွားပြီ။ ကျွန်တော့် ဗေဒင်ဟောခန်းလည်း ပိတ်ချိန်ရောက်ပြီ။ ဒီတော့ နားလိုက်ရတာပေါ့။ ကဲ..ကဲ..မှတ်စုစာအုပ်ထုတ်၊ နံပါတ်ထိုး။ လိုက်ရေးပေတော့'

နိမိတ်ဆိုး၊ နိမိတ်ကောင်း ဟောကိန်း

(၁) ခရီးမသွားမီ အိမ်ကအထွက် အမြင့်ကနေ ကြောင်ခုန်ချတာမြင်ရင် မိမိဆောင်ရွက်တဲ့ကိစ္စအတွက် သိက္ခာကျဆင်းမယ်။

(၂) အိမ်ကအဆင်း သားသမီးငိုယိုသံကြားရရင် အန္တရာယ်ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

(၁) အိမ်ကိုပြန်လာစဉ် ကလေးငိုယိုသံကြားရရင် မိမိထက်ငယ်သူ နေမကောင်းဖြစ်မယ်။

(၂) နေအိမ်အတွင်းကို အရူးမ ပြေးဝင်လာခဲ့ရင် ဒုက္ခရောက်နေသူ လာမယ်။ လာရင် နေမကောင်းလည်း ဖြစ်ပါသည်။

(၃) အရူးမက စွပ်စွဲပြောဆိုလာရင် နောက်မိန်းမရမယ်။

(၄) အရူးမက လက်ခုပ်တီးခေါ်ရင် အထက်လူကြီးရဲ့ အရေးပေးခြင်း ခံရမယ်။

(၅) အရူးမက ပြုံးပြရင် မိန်းမရမယ်။ ရတဲ့မိန်းမက အရာရှိ ဖြစ်မယ်။

(၆) အရူးမက မဖွယ်မရာလုပ်ပြရင် ထီပေါက်မယ်။ အဖိုးတန်ရတနာ ကောက်ရမယ်။

(၇) အရူးက ဆဲဆိုကြိမ်းမောင်းရင် လာဘ်ငွေအတောင်းခံပြီးမှ အမှုရှုံးမယ်။

(၈) အရူးက ခဲနှင့်ပေါက်ရင် မင်းဖြစ်မင်းဒဏ်သင့်မယ်။

(၉) အရူးတစ်ယောက် မိမိနောက် အော်ဟစ်ပြေးလွှားလိုက်လာရင် မကြာခင် သူဌေးဖြစ်မယ်။ ရာထူးတိုးမယ်။

(၁၀) အရူးတစ်ယောက် ရွှံက်ကြီးတငင် ငိုယိုနေတာမြင်ရင် အခက်လာသတင်း ကြားရလိမ့်မယ်။

(၁၁) အရူးခုန်ပေါက်နေတာမြင်ရင် အကောင်းဆုံး ဝမ်းသာစရာအဖြစ်မျိုးနဲ့ ကြုံမယ်။

(၁၂) ခရီးမသွားခင် နေအိမ်ကအထွက် ခွေးညည်းညူသံကြားရင် သွားတဲ့ခရီးမှာ နေမကောင်းဆွနဲ့ ဆုံမယ်။ ကားဆောက်နိုင်တယ်။

(၁၃) ခရီးသွားနေတုန်း မိန်းမအချင်းချင်း ရန်ဖြစ်တာကို မြင်ရင် သွားရတဲ့ကိစ္စ မအောင်မြင်ဖြစ်တတ်တယ်။

(၁၄) ခရီးသွားနေတုန်း အပျိုတစ်ယောက်ရဲ့ သီချင်းဆိုသံကြားရရင် မိမိချစ်သူနဲ့ တွေ့လိမ့်မယ်။ နောက်ပြီး ချစ်သူရဲ့ အကဆောင်ပေးခြင်းလည်း ခံရလိမ့်မယ်။

(၁၅) ခရီးသွားနေတုန်း ခလုတ်သုံးကြိမ်တိုက်ရင် နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ သူငယ်ချင်းနဲ့ တွေ့ရလိမ့်မယ်။

(၁၆) ခရီးသွားနေတုန်း ခွေးချေးပုံ တက်နင်းမိခဲ့ရင် ငွေကြေးကိစ္စ အောင်မြင်မယ်။

(၁၇) ခရီးသွားနေတုန်း တံတွေးသီးရင် မိတ်ဆွေက အစားအောင်း ကျွေးလိမ့်မယ်။

(၁၈) ခရီးသွားနေတုန်း ခြေမသန်တဲ့ နွားကိုတွေ့ရင် အိမ်ထောင်ချင်ရင် အိမ်ရောင်းထွက်မယ်။

(၁၉) ခရီးသွားနေတုန်း ဆဲရေးတိုင်းထွာသံ ကြားရရင် အထက်လူကြီးရဲ့ ကြိမ်းမောင်းခြင်း ခံရလိမ့်မယ်။

(၂၀) အိပ်မျော်နေတုန်း ဝမ်းဗိုက်ပေါ် အိမ်မြွေတက်ချလာခဲ့ရင် ခွဲစိတ်ခြင်း ခံရလိမ့်မယ်။ ဗိုက်နာရောဂါဖြစ်မယ်။

(၂၁) လဲလျောင်းနေတုန်း ဆူပေးသံကြားခဲ့ရရင် အလှူကြီး လှူရမယ်။

(၂၂) မိမိလျှာမိမိ ပြန်ကိုက်မိခဲ့ရင် ကိုယ့်ရဲ့မကောင်းကြောင်းကို နောက်ကွယ်မှာ ပြောဆိုခြင်းခံရမယ်။

(၂၃) လှေကားထစ်က ချော်ကျခဲ့ရင် ရန်ဖြစ်ပြီးနောက် အိမ်က ခေတ္တခရာဆင်းရမယ်။

(၂၄) မိမိရွှေက နီးမောင်နှံနှစ်ယောက် စကားများကြရင်း လမ်းလျှောက်သွားနေတာ မြင်ရရင် ရန်သူ ချောင်းမြောင်း လုပ်ကြံလိမ့်မယ်။

(၂၅) မိမိနောက်က နီးမောင်နှံနှစ်ယောက် စကားများပြီး လိုက်လာတာကို မြင်ရရင် မိမိ အိမ်မှာမရှိခိုက် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်နေလိမ့်မယ်။

(၂၆) အကြွေးသွားတောင်းစဉ် သစ်ကိုင်းကျိုးတာ မြင်ရင် အကြွေးဆုံးလိမ့်မယ်။

(၂၇) မိမိအိမ်နောက်ဘက်မှာ သစ်ကိုင်းကျိုးကျတာ မြင်ရင် ရန်အောင်မြင်လိမ့်မယ်။

(၂၈) မိမိအိမ်ပေါ်ကို အုန်းသီးကြွေကျခဲ့ရင် အဝတ်အထည်လက်ဆောင်ရလိမ့်မယ်။

(၂၉) မိမိနံဘေးမှာ ကျီးကန်းချေးပါချတာ မြင်ခဲ့ရင် မမျှော်လင့်ဘဲ လာဘ်ရွှင်မယ်။

(၃၂) ခရီးသွားနေတုန်း လူအချင်းချင်း တိုက်မိရင် စီးပွားရေးမှာ အပြိုင်အဆိုင် ပေါ်လာလိမ့်မယ်။

(၃၃) မိမိဆီကို ကလေးငယ်တစ်ယောက် ပြေးလာတာ မြင်ခဲ့ရင် ရပ်ဝေးဒေသက ငယ်ရွယ်တဲ့ ဆွေမျိုးသားချင်း ရောက်လာလိမ့်မယ်။

(၃၄) မိမိရွှေမှာ ကလေးတွေ သတ်ပုတ်နေတာမြင်ရင် မိမိသားသမီးအချင်းချင်း စကားများကြလိမ့်မယ်။ သွေးထွက်သံယိုဖြစ်တဲ့အထိ ခိုက်ရန်ဒေါသကြီးလိမ့်မယ်။

(၃၅) မိမိဦးခေါင်းပေါ်မှာ စွန်ငှက်ပျံဝဲနေတာ မြင်ရရင် ရွှေမှာ ဘေးအန္တရာယ် ကျရောက်လိမ့်မယ်။ ဒီခရီးကို ဆက်မသွားသင့်ပါဘူး။

(၃၆) မြွေအရေခွံလဲနေတာကို မြင်ခဲ့ရင် မိမိဘဝ တိုးတက်ပြောင်းလဲမှု ကြုံရတော့မယ်။

www.burmeseclassic.com

(၃၇)မြေအရေခွံအခြောက်ကို မြင်ခဲ့ရင် အိမ်ပျက်စီးမယ်။ ဖျက်ပြီး ပြောင်းရမယ်။

(၃၈)မြေတစ်ကောင် မိမိရှေ့တည့်တည့်ကနေ ဖြတ်ပြေးလာတာ မြင်ခဲ့ရင် ရပ်ဝေးက ကူညီမယ့်သူ ရောက်လာလိမ့်မယ်။

(၃၉)အိုးခွက်ပန်းကန်အချင်းချင်း ထိခတ်သံတွေကြားရင် စီးပွားရေးကျပ်တည်းလိမ့်မယ်။ အိမ်ထောင်ကွဲကွာလိမ့်မယ်။

(၄၀)ငရုတ်သီးထောင်းသံ ကြားခဲ့ရင် အရွယ်အရင်းတစ်ခုမှာ မိမိက ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးရလိမ့်မယ်။

(၄၁)မိမိရှေ့မှာ စက်ဘီးလဲကျတာ မြင်ခဲ့ရင် လုပ်ကိုင်နေတဲ့ စက်မှုလုပ်ငန်း ပျက်စီးဆုံးရှုံးမှု ကြုံလိမ့်မယ်။

(၄၂)အရွယ်မ ကခုန်ပြီး လျှောက်သွားနေတာ တွေ့မြင်ခဲ့ရရင် မကြာမီ ရည်မှန်းချက်ပြည့်ဝလာလိမ့်မယ်။

(၄၃)မိမိနောက်ကနေ ဘုန်းတော်ကြီးတစ်ပါး ကြွလာတာကို ဖူးမြင်ခဲ့ရင် ကမ္ဘည်းထိုး ဒါနပြုလုပ်ရလိမ့်မယ်။

'ကဲ..ဒါကတော့ နိမိတ်ဆိုး နိမိတ်ကောင်း ဟောကိန်းတွေပဲ။ အခု နောက်ထပ်ဆက်ရေးရမှာက နိမိတ်ကောင်းတွေပဲ။ ဒီလိုနိမိတ်ကောင်းတွေ တွေ့ကြုံရပြီဆိုရင်တော့ ခင်ဗျား ကံကောင်းပြီသာ မှတ်ပေရော့ဗျို့။ ကဲ..ဆက်ရေးကြရအောင်'

နိမိတ်ကောင်းများ

(၁) ခရီးသွားနေတုန်း လမ်းခရီးမှာ ရေတွေ ဒလဟောကျနေတဲ့ ရေဘုံဘိုင်ကို တွေ့မြင်ခဲ့ရင်။

(၂) ခရီးသွားနေတုန်း ယောကျ်ားဆို ဘယ်ဘက်၊ အမျိုးသမီးဆို ညာဘက်မျက်လုံး လှုပ်ခဲ့ရင်။

(၃) ခရီးသွားနေတုန်း ခရသင်းအသံ၊ ပရိသတ်အသံ၊ ကြေးစည်သံ၊ မောင်းတီးသံ၊ အမျှဝေနေတဲ့အသံ၊ သာဓုခေါ်နေတဲ့ အသံတွေ ကြားခဲ့ရင်။

(၄) ခရီးသွားနေတုန်း တစ်ပါးသူကိုပေးမယ့် လက်ဆောင်ပစ္စည်း လက်ထဲကနေ ပြုတ်မကျခဲ့ရင်။

(၅) ခရီးသွားနေတုန်း ဆေးရုံကား၊ နာရေးကား ဖြတ်မောင်းသွားတာ တွေ့မြင်ခဲ့ရင်။

(၆) ခရီးသွားနေတုန်း လောင်းကစားလုပ်တဲ့ အိမ်ရှေ့ကနေ ဖြတ်မလျှောက်မိခဲ့ရင်။

(၇) ခရီးသွားနေတုန်း မိမိရှေ့က မြွေဖြတ်သွားတာ မြင်ခဲ့ရင်။

(၈) ခရီးသွားနေတုန်း ဆင်၊ မြင်း၊ နွား စတဲ့သတ္တဝါတွေ မြူးမြူးကြွကြွ သွားလာလှုပ်ရှားနေတာ မြင်ခဲ့ရင်။

(၉) ခရီးသွားနေတုန်း ထူးထူးခြားခြား တိရစ္ဆာန်တွေ့ တွေ့မြင်ခဲ့ရရင်။

(၁၀)ခရီးသွားနေစဉ် ပျားအုံတွေ့မြင်ခဲ့ရရင်။

(၁၁)ခရီးသွားနေတုန်း မိမိရှေ့ကလူဟာ ငုတ်တုတ်ထိုင်နေရင်း ပျော်ရွှင်နေခဲ့ရင်။

(၁၂)ခရီးသွားနေတုန်း ငါးတစ်ကောင်ကောင်ကို ထွေ့ လွှားပြီး သွားခဲ့မိရင်။

(၁၃)ခရီးသွားနေတုန်း ရပ်နေတဲ့ ကားက ဗြုန်းခနဲ ထွက် သွားတာ မြင်ခဲ့ရရင်။ နွားတို့၊ မြင်းတို့၊ လေ့တို့၊ လှည်းတို့ ရုတ်ခြည်းဆိုသလို ထွက်သွားတာ မြင်ခဲ့ရင်။

(၁၄)ခရီးသွားနေတုန်း အားပါးတရ ဘုရားရှိခိုးနေတဲ့အသံ ကြေးစည်ထုသံ၊ မောင်းတီးသံတွေ ကြားခဲ့ရရင်။

(၁၅)ခရီးသွားနေတုန်း မိမိအနီးအပါးက ကထိန်လှူလည်သွားတာ မြင်ခဲ့ရရင်၊ အိုးစည်၊ ဒိုးပတ်၊ လင်းကွင်းတွေ နဲ့ ပျော်ပျော်ပါးပါး သီချင်းသီဆိုတီးမှုတ် ထွက်သွားတာ မြင်ခဲ့ရင်။

(၁၆)ခရီးသွားနေတုန်း မိမိနားကနေ လှပချောမောတဲ့ မိန်းကလေးတစ်ဦး ထီး၊ တံခွန်၊ ကုက္ကားတွေ ဝယ်ပြီး ပြန်လာတာ တွေ့မြင်ခဲ့ရင်။

(၁၇)ခရီးသွားနေတုန်း ရပ်ရှင်ရုံထဲကနေ လူတွေ ပျော်ပျော်ပါးပါး ထွက်လာတာ မြင်ခဲ့ရရင်။

(၁၈)ခရီးသွားနေတုန်း သူတော်စင်တစ်ယောက်ယောက်က အလှူခံတာကို မိမိက ကြည်နူးရွှင်ပျစွာ လှူဒါန်းခဲ့ရင်။

(၁၉)ခရီးသွားနေတုန်း သူတောင်းစားအချင်းချင်း ရန်ဖြစ်တာမျိုး အခြေမဲ့ အနေမဲ့တဲ့သူအချင်းချင်း ရန်ဖြစ်တာမျိုး မတွေ့မြင်ခဲ့ဘူးဆိုရင်။

(၂၀)ခရီးသွားနေတုန်း တိရစ္ဆာန်အစားအစာ စားသောက်နေတာ မြင်ခဲ့ရရင်။

(၂၁)ခရီးသွားနေတုန်း နာရေးတွေ့မြင်ရပေမယ့် လူကြီးမျက်ရည်ကျပြီး ငိုယိုတာ မမြင်တွေ့ခဲ့ရရင်။

(၂၂)ခရီးသွားခါနီး အိမ်ရှင်မက ငါးဝယ်လို့ပဲဖြစ်ဖြစ်၊ တံငါတစ်ယောက်က ငါးလက်ဆောင်ပေးလို့ပဲဖြစ်ဖြစ် အဲဒီငါးကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ငါးရောက်လာခဲ့မယ်ဆိုရင်။

(၂၃)ခရီးသွားနေတုန်း မင်္ဂလာရှိတဲ့အသံ၊ ကျက်သရေရှိတဲ့ အသံတွေချည်း ကြားခဲ့ရမယ်ဆိုရင်။

(၂၄)ခရီးသွားနေတုန်း အနီးအပါးက လူအချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com

(၁၀) ကျောက်မျက်ရတနာတွေ အကြောင်းကို ရွှန်းရွှန်းဝေ အောင် ပြောဆိုနေကြသံ ကြားခဲ့ရရင်။

(၁၁) ခရီးသွားနေတုန်း တစ်ဦးတစ်ယောက် ရေခပ်သောက် သော မြင်ခဲ့ရရင်။

(၁၂) ခရီးသွားနေတုန်း တစ်ဦးတစ်ယောက်က သောက်ရေ အိုးထဲမှာ ရေဖြည့်ပေးနေတာ တွေ့မြင်ခဲ့ရရင်။

(၁၃) ခရီးသွားနေတုန်း ကြည်လင်အေးမြတဲ့ စမ်းချောင်းကို တွေ့မြင်ခဲ့ရရင်။

(၁၄) ခရီးသွားခါနီး အိမ်ကကလေးတွေ ဘုရားရှိခိုးနေတာ တွေ့မြင်ခဲ့ရရင်။

(၁၅) မျှော်လင့်မထားဘဲ ရွှေ၊ ငွေ၊ ရတနာပစ္စည်းကို တွေ့ မြင်ခဲ့ရရင်။

(၁၆) ခရီးသွားနေတုန်း လမ်းမှာ နာမည်ကျော်ကြား ထင် ရှားတဲ့ ရဟန်းသံဃာတွေကို ဖူးမြင်ခွင့်ရခဲ့ရင်။

(၁၇) ခရီးသွားနေတုန်း နာမည်ဂုဏ်သတင်းကြီးတဲ့ သူတော် ကောင်းပုဂ္ဂိုလ်ကို တွေ့မြင်ခဲ့ရရင်။

(၁၈) ခရီးသွားနေတုန်း အောင်ပြဲ၊ ဆန္ဒပြည့်ပြီလို့ အသံတွေ ကြားမယ်၊ (သို့မဟုတ်) ဆိုင်းဘုတ်နဲ့ စာသားတွေကို မြင် ရဆိုရင်။

(၁၉) ခရီးသွားနေတုန်း ကလေးတွေ ပျော်ပျော်ပါးပါး ကစားနေကြတာ မြင်ရင်။

(၂၀) ခရီးသွားနေတုန်း မိမိရှေ့၊ မိမိနောက်ကနေ မင်္ဂလာ နိမိတ်ဖြစ်တဲ့ သိချင်းသီဆိုတာမျိုး၊ သီချင်းဖွင့်တာမျိုးတွေ ကြားခဲ့ ရရင်။

(၂၁) ခရီးသွားနေတုန်း အလှူမင်္ဂလာဆောင်ကို မိသားစု အပြီးက် သွားလာတာ မြင်တွေ့ခဲ့ရရင်။

(၂၂) ခရီးသွားနေတုန်း ကားက အနှောင့်အယှက်မရှိဘဲ ခရီးကို အချိန်တိကျစွာ ရောက်သွားခဲ့ရင်။

(၂၃) ခရီးသွားခါနီး ကားငှားရလွယ်ကူမယ်၊ လိုရာခရီးကို အလွယ်တကူ အဆင်ပြေပြေ ရောက်သွားခဲ့ရင်။

(၂၄) ခရီးသွားခါနီး မိန်းမဖြစ်သူ အိမ်မှာရန်ဖြစ်ပြီး မကျန် ခဲ့ဘူးဆိုရင်။

(၂၅) ခရီးသွားခါနီး အိမ်ကကလေးတွေ ပျော်ရွှင်စွာနဲ့ မုန့် စားခဲ့ကြို့ မှာနေခဲ့ရင်။

(၂၆) ခရီးသွားခါနီး အိမ်က ရေဒီယို (သို့မဟုတ်) ကက် ဆက် (သို့မဟုတ်) တီဗီမှာ ဘာသာရေးတေးသီချင်းတွေ ကြားခဲ့ရရင်။

(၂၁) ခရီးသွားခါနီး မိမိရှေ့ကလူတွေ ကားတစ်စီးပေါ်မှာ ပျော်ပျော်ရွှင်ရွှင် ဟားလားဝါးလားအော်သွားတာ ကြုံခဲ့ရရင်။

(၂၂) ခရီးသွားနေတုန်း ရှင်ပြုပွဲမင်္ဂလာ(ရှင်လောင်းလှည့် လည်တာ)၊ မင်္ဂလာဆောင်ဧည့်ခံပွဲ ကျင်းပနေတာမျိုးတွေ မြင်ခဲ့ရရင်။

(၂၃) မိမိသွားတဲ့နေရာကို မရောက်ခင် လမ်းမှာ ရဟန်း သံဃာတော်တွေကို ဆွမ်းကပ်နေတာ၊ ဆွမ်းလောင်းလှူနေ တာတို့၊ ဘုရားကျောင်းဆောင် ပဉ္စင်ဆောင်သွားတာတို့၊ ယာဉ် ရထားနဲ့ ဘုရားပင့်သွားတာတို့ တွေ့မြင်ခဲ့ရရင်။

(၂၄) ရွှေ၊ ငွေ လက်ဝတ်လက်စား ပြည့်စုံစွာ ဝတ်ဆင်ထား တဲ့ လူတစ်ယောက်က မိမိရှေ့မှာ စိတ်ချမ်းမြေ့စွာနဲ့ မျှော် လင့်ချက်ရှိတဲ့ စကားတွေ ပြောနေခဲ့ရင်။

(၂၅) နိမိတ်ကောင်းမွန်တဲ့ အဓိပ္ပာယ်ရှိတဲ့ လမ်းနာမည်၊ ခြံ နာမည်၊ ဆိုင်နာမည်တွေကို ထပ်ခါတလဲလဲ တွေ့မြင်နေခဲ့ တယ်ဆိုရင် (ဥပမာ-သုခရိပ်မြို့၊ အောင်မေတ္တာလမ်း၊ ရွှေ အိုးကြီးစတိုး၊ တန်ခိုးရှင်ထီဆိုင်..စသည်)။

'ကဲ..ဒီအချက်(၅)ချက်ကတော့ နိမိတ်ကောင်းတွေ ပေါ့ဗျာ။ ကိုယ့်အတွက် အရေးကြီးတော့လည်း အသုံးပြုလို့ ရသလို အများစကာအတွက်လည်း ကိုယ်က ဆရာတစ်ဆူ အနေနဲ့ နည်းမှန်လမ်းမှန် ညွှန်ပြဟောဆိုနိုင်တာပေါ့ ဒေါ် ထားထားရေ၊ ဒီတော့ နိမိတ်နဲ့ပတ်သက်ပြီး ဟောပြောခြင်း အလုပ်လည်း ရပ်နားလိုက်ပြီပေါ့။ ဂိုးချင် ဂိုးပေတော့၊ ဒိုးချင်ရာလည်း ဒိုးပေတော့'

'ဟုတ်ကဲ့ပါ တို့ဆရာရေ၊ ကျေးဇူးလည်း အရမ်းတင် ပါတယ်။ ဒါကြောင့်မို့ ကျွပ် ဝါးခယ်မမြို့က ဆွေမျိုးတွေ ဆီ အလည်သွားရင်း ကျွပ်ဘကြီး ဦးမြမောင်၊ ဦးဖိုးထက်၊ ဦးဖိုးချွန် သားသမီး၊ မြေး၊ မြစ်တစ်စုက လက်ဆောင်ပေး လိုက်တဲ့ ကောက်ညှင်းဆန်ရှယ်မွေးနဲ့ ငါးရံခြောက်ပြား ရှယ်၊ ပုစွန်ခြောက်ရှယ်တွေကို တို့ဆရာစားဖို့ ကျေးဇူးဆပ် ပါတယ်တော်'

'ကဲဗျာ..ရှယ်တွေနဲ့ ကျေးဇူးဆပ်လာတဲ့ ဒေါ်ထား ထားတစ်ယောက် ဒီနေ့ချိန်ခါကစပြီး ဘဝခရီးတစ်လျှောက် လုံး အစစအရာရာ ပြီးပြည့်စုံတဲ့ ရှယ်တကာ့ရှယ်ကြီးဖြစ် ကာ ကြီးပွားတိုးတက်ပါစေသတည်း'

'ပေးတဲ့ဆုနဲ့ ပြည့်ဝပါစေ တို့ဆရာရေ'

ခမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ

သာဝက်ဇော်(မကွေး)

www.burmeseclassic.com

www.burmeseclassic.com

ငှက်ဆိုးထိုးနိမိတ်

စိုးယဉ်ထွန်း

အမွေးအတောင် အရောင်အဆင်း အရွယ်က လှပပြီး အမွေးဖြူဖြူတွင် အညိုရောင်၊ အဝါရောင် အမွေးများ ရောနှောနေလည်း အလှပိုသည်။ အသံကတော့ ဆိုးဝါးလှသည်။ လှပသည့် အမွေးအတောင်များကြားတွင် ကျာကုန်းမှာ အဖြူရောင်အမွေးများနှင့်အတူ ထူးခြားသည်မှာ အညိုရောင်အမွေးများက လေးထောင့်ရှည်မျောမျောဖြစ်၍ ခေါင်းတလားပုံနှင့် တူသည်ပင်။ အတောင်ဖျားနှင့် လည်ပင်းတစ်ဝိုက်တွင် အဝါရောင်အမွေးများရှိပြီး မျက်လုံးမှာ ညဆိုလျှင် အရည်ရွှမ်းလဲ့၍ ဝိုင်းဆက်နေသည်။ အော်သံနှင့် မလိုက်ဖက်အောင် လှပသောငှက်မျိုး ဖြစ်သည်။ နွေတိုင်းမှာ ကောက်၍နေသည်။

ထိုငှက်ကို တခြားအမည်ခေါ်ပုံမှာ လင်ကောင်ပိုးဟု ခေါ်သည်။ ဒါလည်း သေချာရေရာမှု မရှိပါ။ အမည်ပိုင်ရှားသောငှက်ဖြစ်သည်။ ငှက်ဆိုးဟူ၍သာ အသိများ ကျော်ကြားသည်။ ငှက်ဆိုး၏ အော်မြည်သံကိုကြားလျှင် ဖျားနာခြင်းနှင့် မကောင်းသောဘေးအန္တရာယ်တစ်ခုခု ကျရောက်တတ်သည်ဟု မြန်မာလူမျိုးတို့က လက်ခံယုံကြည်ထားသည်။ ဝို၍သိသာဆိုးဝါးသည်မှာ ကောင်းကင်မှ ငှက်ဆိုးအော်မြည်၍ မြေပြင်(အိမ်ရှေ့၊ အိမ်အောက်)မှဖြစ်စေ၊ လမ်းပေါ်မှဖြစ်စေ ခွေးကပါ အူလိုက်လျှင် ထိုအနီးအနားမှာ တစ်ဦးတစ်ယောက် သေဆုံးခြင်း၊ မီးလောင်ခြင်း၊ ဝိညာဉ်သရဲတို့မှ ခြောက်လှန့်ခြင်းကို ကြုံရသည်။

သခိုင်းမြေပေါ်တွင် ခွေးများအူ၍ ကောင်းကင်မှ ငှက်ဆိုးအော်မြည်လျှင် ထိုသခိုင်းသို့ လူသေများ အသုဘပို့မိုခဲ့ရသည်ဟု ဆရာသခင်နှင့် လူကြီးသူမများက ပြောခဲ့ဖူးသည်။

ယံ အဝမဂ်လဋ္ဌ သကုဏသဿစာမနာပေါဟူ၍လည်း ပြောဆိုမှာကြားခဲ့ကြသည်။ အဓိပ္ပာယ်မှာ-

ယံ အဝမဂ်လဋ္ဌ-အကြားအမြင်ဆိုးဝါးစွာသော၊ သကုဏသ-ယုတ်မာညံ့ဖျင်း မကောင်းသောငှက်မျိုး၏၊ စာမနာပေါ-နှစ်သက်ရွှင်ပြုံး ကိုယ်စိတ်နှလုံးကို မပွားစေတတ်ပြီး ဒေါမနသကိုသာဖြစ်စေတတ်သော ဟစ်ကြွေးခြင်းရှိခြင်းကြောင့် ငှက်ဆိုးမည်၏ဟု ပုဗ္ဗဏ္ဏသုတ်တွင် ပြဆိုထားသည်။

ယုတ်မာသောငှက်၏ အော်မြည်ခြင်းသည် စိတ်နှလုံး ရွှင်ပြုံးခြင်းမရှိပါဘဲ စိုးရွံ့ထိတ်လန့်ဖွယ်ပင် ဖြစ်စေသည်ဟု ကျမ်းဂန်များ၏ အဆိုအရရော ငှက်ဆိုးထိုးခြင်း၊ အော်မြည်ခြင်းသည် နိမိတ်မကောင်းဟူသော လူတို့၏ အယူအဆသည် မှန်သည်ဟုပင် ပြောနိုင်ပါသည်။

ထိုငှက်ဆိုးအော်မြည်သည်နှင့်ပတ်သက်၍ ရှေးဆရာကြီးတချို့က နိမိတ်ကောက်အဟောထားရှိခဲ့သည်။ ထိုမှာ-

အရှေ့ကသာ ငှက်မြည်လာ ဥစ္စာပျက်စီးချေ၏။

ရှေ့တောင်ရန်ခိုက် အော်မြည်လိုက်က တောင်ဦးသေ၊

အနောက်တောင်အရပ် ခိုးသူဝင်လတ်၍၊

နောက်မြည်မိန်းမ အံ့ရမလောက် မထောက်ဖောက်ပြား မြောက်ထား၍၊

မြောက်အရပ် လာတ်ရပြီး ရှေ့မြောက်က ရာဇဝူလေ..ဟု ဖြစ်သည်။

ထိုနိမိတ်ကို အဓိပ္ပာယ်ဆိုရလျှင်-

အရှေ့အရပ်မှ ငှက်ဆိုးအော်မြည်ထိုးပါက စီးပွားဥစ္စာပျက်စီးတတ်၏။ အရှေ့တောင်အရပ်မှ ငှက်ဆိုးအော်မြည်ထိုးပါက ခိုက်ရန်ဖြစ်ပွားတတ်၏။ အနောက်တောင်အရပ်မှ ငှက်ဆိုးအော်မြည်ထိုးပါက သူခိုးအခိုးခံရတတ်၏။ အနောက်ဘက်မှ ငှက်ဆိုးအော်မြည်ထိုးပါက မိန်းမရတတ်၏။ အနောက်မြောက်အရပ်မှ ငှက်ဆိုးအော်မြည်ထိုးပါက သာသာယာယာရှိ၏။ လာဘ်ရမည်။ အရှေ့မြောက်ဘက်မှ ငှက်ဆိုးအော်မြည်ထိုးပါက မင်း၏ပူဇော်ခြင်း ခံရမည်ဟု နိမိတ်ပြဆိုသည်။

(ဂ)နွေအလိုက် ငှက်ဆိုးအော်မြည်ထိုးခြင်းကို အကြော်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားနှင့် အကျိုးတရားကိုပြဆိုပုံမှာ-

(၁) တနင်္ဂနွေနေ့ ငှက်ဆိုးအော်မြည်ထိုးခဲ့ပါလျှင် အကြီးအကဲ၏ ချီးမြှောက်ကြည့်ခြင်း ခံရမည်။

(၂) တနင်္လာနေ့ ငှက်ဆိုးအော်မြည်ထိုးခဲ့ပါလျှင် စီးပွားရေးလုပ်ငန်း ပျက်စီးတတ်သည်။

(၃) အင်္ဂါနေ့ ငှက်ဆိုးအော်မြည်ထိုးခဲ့ပါလျှင် ခိုက်ရန်ဖြစ်ပွားတတ်သည်။

(၄) ဗုဒ္ဓဟူးနေ့ ငှက်ဆိုးအော်မြည်ထိုးခဲ့ပါလျှင် လူသေကျေ ပျက်စီးတတ်သည်။

(၅) ကြာသပတေးနေ့ ငှက်ဆိုးအော်မြည်ထိုးခဲ့ပါလျှင် မိန်းမရတတ်၏။ မိန်းမလည်း သဆုံးတတ်၏။

(၆) သောကြာနေ့ ငှက်ဆိုးအော်မြည်ထိုးခဲ့ပါလျှင် လာဘ်ရတတ်၏။ စီးပွားရေး အဆင်ပြေတတ်သည်။

(၇) စနေနေ့ ငှက်ဆိုးအော်မြည်ထိုးခဲ့ပါလျှင် သူခိုး,ခိုးခံရတတ်၏..ဟူ၍ ကြားသိခဲ့ရပါသည်။

နေအိမ်ခေါင်မိုးတည့်တည့်တွင် ငှက်ဆိုးအော်မြည်ထိုးလျှင် ရက်ပိုင်းအတွင်း သားအန္တရာယ်ကျရောက်မည်မှာ မလွဲသွေ ဖြစ်တတ်သည်။

ထိုရန်ဘေးအပေါင်းတို့မှ ကင်းဝေးရန် ရွတ်ဆိုကာ ဘာကွယ်ရမည့် ဂါထာမှာ-

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစာမနာပေါ သကုဏသဿဒ္ဒေါ၊
ပါပဂ္ဃော ဒုဿုပိနံ အကန္တံ
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု၊
ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစာမနာပေါ သကုဏသဿဒ္ဒေါ၊
ပါပဂ္ဃော ဒုဿုပိနံ အကန္တံ
ဓမ္မာနုဘာဝေန ဝိနာသမေန္တု၊
ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစာမနာပေါ သကုဏသဿဒ္ဒေါ၊
ပါပဂ္ဃော ဒုဿုပိနံ အကန္တံ
သံဃာနုဘာဝေန ဝိနာသမေန္တု..ဟူသော ဂါထာ ဖြစ်ပါသည်။

ဂါထာ၏ အနက်အဓိပ္ပာယ်မှာ-

မကောင်းသောနိမိတ်၊ မကောင်းသောအမင်္ဂလာ၊ မနှစ်သက်ဖွယ်ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများနှင့် မနှစ်သက်ဖွယ်သော အိပ်မက်ဆိုးတို့သည် မြတ်စွာဘုရား၊ တရားတော်၊ သံဃာတော်တို့၏ တန်ခိုးအာနုဘော်ကြောင့် ကင်းပျောက်ခြင်းသို့ ရောက်ကြပါစေသတည်း..ဟူ၍ ဖြစ်ပေသည်။

အထက်ပါဂါထာကို နေ့စဉ်- ရွတ်ဖတ်ပွားများပါက ငှက်ဆိုးအော်မြည်ထိုး၍ ဘေးအန္တရာယ်ရောက်မည့်ဘေးမှ ကင်းဝေးနိုင်ပါသည်။

စိုးပယ်ဥဇ္ဈန်း

www.burmeseclassic.com

ကျောက်မျက်ရတနာများ

ကိုဇော်သန့်ဝင်း

စာရေးသူသည် ရွှေဈေးကွက် ရှိရာတို့တွင် တာဝန်တစ်ရပ်အနေဖြင့် ရွှေဈေးကွက်သတင်းများ ရယူခဲ့ဖူးသည်။ ရွှေဈေးကွက်တို့တွင် ကျင်လည်လှုပ်ရှားနေရင်းက ရွှေနှင့် ဆက်စပ်နေသော ကျောက်မျက်လုပ်ငန်းများကိုပါ လေ့လာမိလျက်သား ဖြစ်သွားသည်။

ကျောက်မျက်ဈေးကွက်သည် ထူးခြားဖြစ်စဉ်များနှင့် ပြည့်လွှမ်းလို့နေလေရာ ပို၍စိတ်ဝင်တစား ရှိလာခဲ့၏။ သို့ဖြင့် ကျောက်မျက်နှင့်ဆိုင်ရာ အကြောင်းခြင်းရာများကို စေ့စေ့လေ့လာမိခဲ့သည်။

မိမိသိလိုသမျှနှင့် သိသင့်သည်များကို ကျောက်မျက်လုပ်ငန်း ကျွမ်းကျင်နားလည်သူတို့မှ တခုတ်တရ ရှင်းပြသည်။ ကျောက်မျက်တစ်ပွင့်၏ ဓာတုဖွဲ့စည်းပုံ၊ မာဆင့်၊ အလင်းယိုင်ကိန်း၊ သိပ်သည်းဆ အရောင်အဆင်း၊ ထွက်ရာဒေသ စသည်တို့အပြင် ဂန္ဓီရဆန်မှုများ။

စာရေးသူသည် ကျောက်မျက်ပညာရှင်တို့၏ ပြောဆိုရှင်းပြချက်များကို မှတ်တန် မှတ်ရသည်ထက် ဖတ်တန် ဖတ်ရသည်။ ဖတ်ရသည်ဟူသည် သူတို့ညွှန်ပြသော ကျောက်မျက်နှင့် ပတ်သက်သည့် စာအုပ်စာပေများပင် ဖြစ်သည်။

စာရေးသူအနေဖြင့် ကျောက်မျက်ပညာရှင်တို့၏ ပြောဆိုရှင်းပြချက်များ၊ ကာလအတန်ကြာ တေးမှတ် ရေးမှတ်ထားချက်များ၊ ဖတ်မှတ်ထားချက်များအနက် ပို၍စိတ်ဝင်တစားရှိခဲ့သည်မှာ ထူးထွေသည့် အံ့ရာသော်ဟု ဆိုရမည့် ကျောက်မျက်တို့၏ လျှို့ဝှက်ချက်များ၊ စွမ်းပကားများ၊ ဂန္ဓီရဆန် နေမှုများပါတည်း။

ကမ္ဘာအရပ်ရပ်ရှိ လူမျိုးအသီးသီးတွင် အင်း၊ အိုင်၊ လက်ဖွဲ့၊ အဆောင် စတာတွေကို သမိုင်းနှင့် ချိတ်ပြီး ယုံကြည်စွဲလမ်းခဲ့ကြပါ၏။ လူတို့၏ မွေးနေ့၊ မွေးရက်၊ မွေးလနှင့် ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန် အရောင်တွေ၊ ရုပ်ပစ္စည်းတွေ၊ လက်ဝတ်ရတနာတွေ၊ ကျောက်မျက်ရတနာတွေ ရှိကြောင်း စာအုပ်စာပေ၊ ကျမ်းစာပေစာတွေ အထင်အရှားရှိနေခဲ့သည် မဟုတ်ပါလော။

သို့ဆိုလျှင် ကျောက်မျက်ရတနာတွေကို ဝယ်ချင်၊ ဝတ်ချင်သည် ဆိုပါအံ့။ မိမိနှင့် ဘာကျောက် ဘာအရောင် တည့်၏၊ မတည့်၏။ စီးပွားဖြစ်၏။ အန္တရာယ်ကင်း၏၊ မကင်း၏ကို့တော့ဖြင့် သိထား သင့်သည်ဟု ထုင်မြင်ယူဆမိပါသည်။

အဆောင်ကျောက်မျက်ရတနာဟူသည်

ကျောက်မျက်နှင့် ရတနာဟူသော ဝေါဟာရနှစ်ခုကို ဆက်စပ်တွဲဟပ်ပေးလိုက်သည်က လွန်စွာ သဘာဝကျလှသည်။ အမှန်တကယ်လည်း ကျောက်မျက်ဆိုသည်ကား တန်ဖိုးကြီးလှသော ရတနာများပင် ဖြစ်သည်။

ကျောက်မျက်ရတနာတွေမှာလည်း သူ့အဆင်းနှင့် အလင်းနှင့် ရှိသလို သူ့အာနိသင်နှင့်သူ ရှိသည်။ ယင်းကို စာရေးသူတို့ မြန်မာနိုင်ငံတစ်ခုတည်းပင်မဟုတ်၊ ကမ္ဘာလူမျိုးအသီးသီးကပင် လက်ခံ ယုံကြည်ကြပါသည်။ အနောက်နိုင်ငံတွေ ဆိုပါလျှင် ဘယ်လမှာ ဘယ်ကျောက် ဆောင်ထားရမည် ဟူသော အစွဲအလမ်း ရှိသည်။

မွေးလအလိုက် အဆောင်ကျောက်မျက်ရတနာ

* ဇန်နဝါရီလမွေး အဆောင်ကျောက်မှာ ဥဒေါင်းကျောက်။
* ဖေဖော်ဝါရီလမွေး အဆောင်ကျောက်မှာ ခရမ်းစွဲဟု ခေါ်သည့် သလင်းစွဲကျောက်။
* မတ်လမွေး အဆောင်ကျောက်မှာ အက္ကာမရင်း (Aquamarine) ဟု ခေါ်သော မြပြာကျောက်။
* ဧပြီလမွေး အဆောင်ကျောက်မှာ စိန်။
* မေလမွေး အဆောင်ကျောက်မှာ မြ။
* ဇွန်လမွေး အဆောင်ကျောက်မှာ ပုလဲ။

www.burmeseclassic.com

www.burmeseclassic.com

- ဂူလိုင်လမွေး အဆောင်ကျောက်မှာ ပတ္တမြား။
- ညြဂုတ်လမွေး အဆောင်ကျောက်မှာ ပြောင်ခေါင်းစိမ်း။
- စက်တင်ဘာလမွေး အဆောင်ကျောက်မှာ နီလာ။
- အောက်တိုဘာလမွေး အဆောင်ကျောက်မှာ အိုပယ် (Opal) ဟု ခေါ်သော ရောင်ရှင်ကျောက်။
- နိုဝင်ဘာလမွေး အဆောင်ကျောက်မှာ တိုပက် (Topaz) ဟု ခေါ်သော ဥဿဖယား။
- ဒီဇင်ဘာလမွေး အဆောင်ကျောက်မှာ လာ့ပစ် လာဇူလီ (Lapis-Lazuli) ဟုခေါ်သော ပါလဒုတ္တာ သည်တို့ ဖြစ်သည်။

အဆောင်ကျောက်များကိုရတနာတို့၏ စွမ်းပကား

ဥဒေါင်းကျောက်

ဥဒေါင်းကျောက်သည် ရတနာစုဆောင်းသူတို့အကြားတွင် ထင်ရှားသောကျောက်များက် ဖြစ်သည်။ ဥဒေါင်း ကျောက်သည် ဖျားနာမှုကို ပျောက်ကင်းစေခြင်း၊ အောင်မြင်တိုးတက်မှုတို့ကို ရရှိစေသည်။ ထို့အပြင် ဥဒေါင်းကျောက်သည် ဝတ်ဆင်သူတို့အား ညအခါ၌ အခြားသူတို့ မမြင်နိုင်သော အရာတို့ မြင်နိုင်ရန် လမ်းပြပေးသည်ဟုလည်း ဆိုကြသည်။

ဥဒေါင်းသည် ဝတ်ဆင်သူအား ထမင်းလုံးတစ္ဆေခြောက်ခြင်း၊ ဘီလူးစီးခြင်းတို့မှ ကာကွယ်ပြီး ဥဒေါင်းကို အိပ်မက်,မက်ခြင်းသည်ပင် ငြိမ်းချမ်းမှုအတွက် အရိပ်အယောင်ဖြစ်ကာ ဖြေရှင်းရန် ခဲခဲသော စိတ်ရှုပ်ထွေးစရာ ပြဿနာအားလုံး မကြာမီ ဖြေရှင်းနိုင်တော့မည်ဆိုသည့် လက္ခဏာ တစ်ရပ်လည်း ဖြစ်သည်ဟု ယုံကြည်ကြသည်။

ဥဒေါင်းကျောက်၏ အရောင်အဆင်းမှာ ဆီးရောင်၊ အနီရောင်၊ အညို၊ အဝါ၊ အစိမ်းဟူ၍ရှိပြီး ရတနာဝါရိလဖွားတို့၏ အဆောင်ကျောက်ကောင်း ဖြစ်သည်။

ရတနာစွဲ (ခေါ်) သလင်းစွဲကျောက်

ရတနာစွဲကျောက်နှင့်ပတ်သက်၍ ယုံကြည်မှုအမျိုးမျိုး ရှိသည်။ ရတနာစွဲကို ဆောင်သူသည် အလုပ်သေစာ သောက်စားခြင်းကို နှစ်သက်ခြင်း မဖြစ်နိုင်ဟု ဆိုကြသည်။

ထို့ပြင် ရတနာစွဲကို ဝတ်ဆင်သူကိုသည် ကိုယ်ထင်ရာစိုင်းနေခြင်း၊ အချစ်ရောဂါကြောင့် စိတ် ဆာနေရခြင်း စသည်တို့ကို ထိန်းချုပ်နိုင်စွမ်းရှိသည် ဟူ၏။

ရတနာစွဲသည် အသားအရေကို ကောင်းမွန်စေခြင်း၊ ထိပ်ပြောင်ခြင်း၊ ဆံပင်ကျွတ်ခြင်းများကို ကာကွယ်နိုင်သည်။ ရာစုများစွာကပင် ရတနာစွဲသည် လွတ်မြောက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း ပြုသူဖြစ်သည်။ လိမ္မာလည်လှည့်ဖြားခံရခြင်း၊ သစ္စာဖောက်ခံရခြင်းတို့မှ လွတ်မြောက်နိုင်စေသည်ဟု ယုံကြည်ကြသည်။ ခေတ်ကာလအဆက်ဆက် ယုံကြည်လက်ခံခဲ့ကြောင်း လေ့လာသိရှိရသည်။

ရတနာစွဲ (ခေါ်) သလင်းစွဲကျောက်၏ အရောင်အဆင်း မှာ ရတနာရောင်၊ ဗေဒါရောင်တို့ဖြစ်ပြီး ရတနာဝါရိလဖွားတို့အတွက် အဆောင်ကျောက် ဖြစ်ပေသည်။

မြပြာကျောက်

မြန်မာတို့က မြပြာကျောက်ဟု အနွဲ့တွဲသည်ဟု ခေါ်ဝေါ်ကြသော်ငြား အနောက်တိုင်းသားတို့က အက္ခာမရင်းကျောက် (Aquamarine) ဟု အသိအမှတ်ပြုထားသည်။

ရှေးအခါက အက္ခာမရင်း(မြပြာ)သည် သင်္ဘောသားတို့အတွက်၊ သို့တည်းမဟုတ် အပျော်ဖြစ်စေ၊ အပူပ်ကိစ္စဖြင့်ဖြစ်စေ ပင်လယ်ခရီးကို မကြာခဏသွားလာနေရသူများအတွက် ကိုယ်ပိုင်ကျောက် (အဆောင်ကျောက်)လို ဖြစ်လာခဲ့သည်။

အက္ခာမရင်း(မြပြာ)တစ်ပွင့်ကို ပိုင်ဆိုင်ထားခြင်းသည်ပင်လျှင် မကောင်းဆိုးဝါးများအပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



ဩဇာလွှမ်းမိုးနိုင်ပြီး ယင်းကျောက်တစ်ပွင့်အား ပါးစပ်တွင် ငုံထားပါက မည်သည့်မေးခွန်းမျိုးကိုမဆို အမှန်နှင့် နီးစပ်အောင် ဖြေဆိုနိုင်သည်ဟုလည်း ဆိုကြသည်။

အကွာမရင်း(မြပြာ)သည် ဝတ်ဆင်သူတို့အား ရဲရင့်ခြင်းကို ဖြစ်ပေါ်စေပြီး ဆန္ဒစွမ်းအားများကို ပိုမို၍တိုးတက်စေသည်ဟု ဆိုသည်။ အကွာမရင်း(မြပြာ)အား အိမ်၌ ထားရှိခြင်းသည်ပင် ပျော်ရွှင်ဖွယ်ကောင်းသော အိမ်ထောင်ရေးသုခကို တည်ဆောက်နိုင်ရန် အထောက်အကူဖြစ်သည်ဟုလည်း ယုံကြည်ကြသည်ဟူ၏။

ကောင်းကင်ပြာရောင်ဖျော့ဖျော့မှ ပင်လယ်ပြာရောင်ရင့်ရင့်အထိရှိသော အကွာမရင်း(မြပြာ)အပေါ် ယုံကြည်စွဲလမ်းလာသော အယူအဆများနှင့်အတူ နှစ်သက်မြတ်နိုး တန်ဖိုးထားလာမှုက ရှေးနှစ်ထောင်ပေါင်းများစွာကပင် ဖြစ်ပေသည်။ မတ်လဖွားတို့အတွက် ကောင်းသောအဆောင်ကျောက် ဖြစ်ပေသည်။

စိန်ကျောက်

စိန်ကို မခွဲနိုင်မနိုင်သောအရာ၊ သို့တည်းမဟုတ် မည်သည့်အရာကမျှ မနိုင်နိုင်သော အရာဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

စိန်သည် အဆိပ်အတောက်ကို ပြေစေသည်။ စုန်းပယောဂကို နိုင်သည်။ ရန်ကိုငြိမ်းစေ၍ မွေးသွပ်ခြင်းကို ကုစားနိုင်သည်။ ဘယ်လက်မောင်း၌ ဝတ်ဆင်လျှင် ရန်သူကို နိုင်ပြီး သားရဲများကို ယဉ်ပါးစေကာ အိမ်မက်ဆိုးများကို ကုစားနိုင်သည်။ စိန်ကိုဝတ်ဆင်သူတို့သည် စစ်ပွဲများတွင် ရဲရင့်သတ္တိရှိကြသည်ဟု မှတ်တမ်းပြုထားရှိသည်။



ထို့ပြင် စိန်သည် သွားများကို ကြံ့ခိုင်စေသည်။ မိုးကြိုးပစ်ခြင်းမှ ကာကွယ်နိုင်သည်ဟု ယူဆခဲ့ကြသည်။

စိန်သည် ခိုက်ရန်ဖြစ်ပွားမှုကို တားဆီးရာ ကျောက်တစ်ပွင့်အဖြစ်လည်းကောင်း၊ ဇနီးနှင့် ခင်ပွန်းတို့ကြား သဘ်မြတ်မှုကို ဖြစ်ပေါ်စေရာကျောက်အဖြစ်လည်းကောင်း ယုံကြည်ကြသည်လည်း ဆိုပါသည်။

စိန်၏ အရောင်အဆင်းမှာ အရောင်မဲ့၊ အဝါဖျော့၊ အဝါ၊ အညို၊ ပန်းရောင်၊ အနီ၊ အပြာ အစိမ်း ဟူ၍ဖြစ်၏။ ပြီလဖွားတို့အတွက် အဆောင်ကျောက် ဖြစ်သည်။



မြကျောက်

မြကျောက်သည် မေလဖွားတို့အတွက် ဝတ်ဆင်ရန် ရတနာတစ်ပါးဖြစ်သည်။ မြအား ဆင်မြန်းသူသည် အတိတ်နိမိတ်ကောင်းခြင်း၊ ဒုစရိုက်အပေါင်းကို အောင်မြင်ခြင်း၊ ကောင်းခြင်းမင်္ဂလာ ပြည့်စုံခြင်း စသည်တို့ဖြင့် ယုံကြည်ကြသည်။

လှပသည့် မြတစ်ပွင့်ကို ဆောင်ထားမည်ဆိုလျှင် မှတ်ဉာဏ်ကို တိုးစေပြီး စကားပြောကောင်းသူတစ်ယောက် ဖြစ်လာစေသည်။ ရှေးဖြစ်ကို ဟောနိုင်ပြီး အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းသည်ဟုလည်း ဆိုခဲ့ကြသည်။



မြသည် (၅)ဂဏန်းဖြစ်သလို မေလသည်လည်း (၅)ဂဏန်းဖြစ်သည်။ ထို့အတူ (၅)ရက် (၁၄)ရက်၊ (၂၃)ရက် မွေးဖွားသူတို့မှာလည်း (၅)ဂဏန်းသာ ဖြစ်နေသည်။ မြသည် မေလဖွားတို့အတွက်သာမကဘဲ (၅)ဂဏန်း ပိုင်ဆိုင်သူတို့သည်လည်း မြကို ဝတ်ဆင်နိုင်ပေသည်။

မြကျောက်၏ အရောင်အဆင်းမှာ မြစိမ်းရောင်ပင် ဖြစ်ပါသည်။

ပုလဲ

အမှန်အားဖြင့် ပုလဲသည် ကျောက်မျက်ဟု မခေါ်ဆိုနိုင်ချေ။ ၄င်းသည် သက်ရှိအော်ဂဲနစ်များမှ ဖြစ်ပေါ်လာသော ပစ္စည်းတစ်ခုသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ၄င်းသည် ရွှေလျားသွားသော သမိုင်းကြောင်းတစ်လျှောက်မှာပင် ကျောက်မျက်ရတနာများကြီး လူသားတို့ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသော ရတနာတစ်ပါး ဖြစ်လာခဲ့သည်။

ပုလဲသည် သန့်စင်ခြင်း၊ စင်ကြယ်ခြင်း၊ အပြစ်ကင်းစင်ခြင်း၏ ပြယုဂ်ဖြစ်သည်။ အပျိုစင်အမျိုးတို့အဖို့ ပုလဲကို ဝတ်ဆင်ခြင်းဖြင့် ဒိုင်ယာနာနတ်သမီး၏ ကြည့်ရှုစောင့်ရှောက်ခြင်းကို ခံရသည်ဟု ယုံကြည်ခဲ့ကြသည်။

စိတ်တိုခြင်း၊ ဒေါသကြီးခြင်းတို့ကို ကုသရန်အလို့ငှာ ပုလဲကို အမှုန့်ကြိတ်ပြီး နွားနို့ လတ်ဆတ်ဆတ်ဖြင့် ရော၍ သောက်ကြသည်။

ပုလဲ၏ အရောင်အမျိုးမျိုးကိုလိုက်ပြီး အာနိသင်အမျိုးမျိုးကို ဖြစ်ပေါ်စေသည်ဟုလည်း ဆိုကြသည်။ ရွှေရောင် ပုလဲသည် အသက်ရှည်ကျန်းမာခြင်းကို ဖြစ်ပေါ်စေသည်။

အနက်ရောင်ပုလဲသည် အတွေးအခေါ် ရင့်သန်မှုကို အထောက်အကူပြုသည်။ ပန်းရောင်ပုလဲသည် ချစ်ခင်မှုကို မြှောလှုပ်စေသည်။ အနီရောင်ပုလဲသည် ကျန်းမာသန်စွမ်းမှုကို ဖြစ်စေသည်။ ခဲသားရောင်ပုလဲသည် စဉ်းစားဉာဏ်ကို ရင့်သန်စေသည်။

ပုလဲသည် ယောကျ်ားတို့အား ကျန်းမာသန်စွမ်းစေပြီး ယောကျ်ားဝီသစေသည်ဟုလည်း ဆိုသည်။ ပုလဲသည် ဇွန်လဖွားတို့အတွက် အဆောင်ကောင်းဖြစ်၍ ပျော်ရွှင်ဖွယ်ကောင်းသော မှင်္ဂလာဆောင်တစ်ရက်လည်း ဖြစ်ပေသည်။ ပုလဲ၏ အရောင်အဆင်းမှာ နို့နှစ်ရောင်၊ ငွေရောင်၊ ပန်းနုရောင်၊ ရွှေရောင်၊ အနက်ရောင်၊ မီးခိုရောင်တို့ ဖြစ်ကြသည်။

ပတ္တမြား

ရှေးလူတို့က ပတ္တမြားသည် ပျော်ရွှင်ခြင်းနှင့် ကံကောင်းခြင်းတို့ကို သယ်ဆောင်လာသောကျောက်ဟု ဆိုကြသည်။ အကောင်းဆုံးပတ္တမြားကို ပိုင်ဆိုင်ထားသူတို့အတွက် ပိုင်ဆိုင်သူတို့အား ကံဆိုးခြင်းအကျိုးမျိုးမှ ကာကွယ်ပေးသည်ဟု ယုံကြည်ထားကြသည်။

ပတ္တမြားသည် ပိုင်ဆိုင်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရုံမျှမက ပတ်ဝန်းကျင်နှင့် ဆိုက်လျော်ညီထွေဖြစ်ကာ လူအများ၏ ချစ်ခင်လေးစားမှုကို ခံရသည်ဟုလည်း ဆိုသည်။

ဘယ်ဘက်လက်တွင် ပတ္တမြားလက်စွပ်ဝတ်ရတနာတစ်ခုခုကို ဝတ်ဆင်ထားပါက ၄င်း၏ ကာကွယ်သော အစွမ်းသတ္တိကို ပိုမိုထိရောက်စေသည်ဟု ယုံကြည်ကြသည်။

ရှေးကာလ မြန်မာတို့က ပတ္တမြားအား အဆောင်လက်ဖွဲ့အဖြစ် ဝတ်ဆင်သူသည် အနာရောဂါအကျိုးမျိုး ကင်းစေသည်။ အသားထဲထည့်၍ မြှုပ်ထားပါက အသားနှင့် တစ်ပြေးတည်းဖြစ်ကာ ဘုတ်၊ ဓား ပြီးစေသည် ဟူ၏။

ပတ္တမြားကို ဇူလိုင်လဖွားတို့အတွက် အဆောင်ကျောက်ကောင်းအဖြစ် ယုံကြည်စွာ ဝတ်ဆင်လေ့ရှိကြပေပြီ။

ပြောင်ခေါင်းစိမ်း

ပြောင်ခေါင်းစိမ်းသည် မကောင်းဆိုးဝါး အားလုံးကို နှိမ်နင်းရာ၌ တန်ခိုးထက်သော အဆောင်ကျောက်ဖွဲ့အဖြစ် ယူဆကြသည်။ ပြောင်ခါးစိမ်းအား ရွှေနှင့်ဆင်ပြီးဝတ်ပါက ဝတ်ဆင်သူအား ညအခါ၌ ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ပေး၏။ သာမန်ထက် ထူးခြားထက်မြက်သော တန်ခိုးအာနိသင်ကို ပေးသည်ဟုလည်း ဆို၏။

ရှေးအခါက ပြောင်ခေါင်းစိမ်းကို ဆေးဝါးအဖြစ်လည်း အသုံးပြုကြသည်။ ပြောင်ခေါင်းစိမ်းအား သွတ်ကောင်းစေအရွယ် ပြုလုပ်ပြီး ဆေးဝါးအဖြစ် သောက်သုံးပါက အရိုးနှင့်ပတ်သက်သော ရောဂါများကို ပျောက်ကင်းသည် ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com

ပြောင်ခေါင်းစိမ်း၏ အရောင်အဆင်းမှာ ဝါစိမ်းရောင်ဖြစ်၍ သြဂုတ်လဖွားတို့အတွက် အဆောင်ကောင်းဖြစ်သည်။

နီလာ

နီလာကို ကျောက်မျက်ရတနာတို့၏ ဝိညာဉ်အဖြစ် တင်စားကြသည်။

နီလာအား ဝတ်ဆင်သူသည် မနာလိုခြင်း၊ ဝန်တိုခြင်း၊ မာန်မာနထားခြင်းမှ ကင်းစေပြီး ဘာသာတရားကို သက်ဝင်ယုံကြည်စေသည်ဟု ဆိုကြသည်။ နီလာသည် လက်ငင်းရင်ဆိုင်နေရသော လိမ်လည်လှည့်ဖြားခံရခြင်းတို့မှ ကင်းဝေးကျောက်စေသည်။

နီလာသည် ဝိညာဉ်များအပေါ် စိုးမိုးနိုင်သည့်စွမ်းအားကို ပိုင်ဆိုင်စေပြီး ကောက်ကျစ်မှုတို့ကို ကာကွယ်နိုင်ခြင်း၊ ရန်သူများနှင့် မိတ်ဆွေဖြစ်နိုင်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခံရခြင်းတို့မှ ကာကွယ်ပေးခြင်း စသည့်အစွမ်းကိုပါ ပိုင်ဆိုင်သည်ဟု ဆိုကြသည်။

နီလာသည် ရှေးဟောင်းခရစ်ယာန်ဘုန်းတော်ကြီးများနှင့် မှော်ဆရာများက အခြားသော ကျောက်များထက် ပို၍လေးစားတန်ဖိုးထားရာကျောက်ဟု ဆို၏။

အကြောင်းရင်းသည်ကား နီလာသည် ဝိညာဉ်တို့၏ စကားများကို အဓိပ္ပာယ်ဖွင့်ပေးနိုင်ခြင်း ရှေးဖြစ်ကို ဟောကြားရန်အတွက် အကူအညီပေးနိုင်ခြင်းကြောင့်ဟု ယုံကြည်ကြ၍ ဖြစ်သည်ဟူ၏။

နီလာသည် အဆိပ်အတောက်ကိုပြေစေပြီး အမှုန့်ပြုလုပ်၍ သိပ်ပေးပါက သွေးထွက်ခြင်းကို ရပ်တန့်စေသည်ဟု ဆိုသည်။ ထို့ပြင် နီလာအား ရေအေးအေးတွင်နှစ်ပြီး မျက်လုံးပေါ်သို့ ဖိကပ်ပေးပါက မျက်စိနှင့်ပတ်သက်သော ရောဂါဝေဒနာများကို ပျောက်ကင်းသက်သာစေသည်ဟု ယူဆသည်များလည်း ရှိသည်။

အဆုံးစွန် နီလာအား ရောင်းချလိုက်သည့်တိုင် ၄င်းတွင်ရှိသော တန်ခိုးဩဇာသည် မူလပိုင်ရှင်ထံကိုပါ ဆက်လက်အကျိုးသက်ရောက်စေသည် ဟူ၏။

မာန်မာနကင်းစင်သော နီလာ၊ ဘာသာတရားအပေါ် ယုံကြည်သက်ဝင်စေသော နီလာ၊ အလွမ်းလှသော နီလာ၊ ချစ်သူစုံတွဲတို့ တစ်ဦးနှင့်တစ်ဦး လက်တွဲဖို့ ကတိအမှတ်ပြုရာနီလာ ဖြစ်သော်ငြားလည်း နီလာသည် ရွှေနောက်ကျစ်စဉ်းလဲသူ၊ စိတ်ထားညံ့သူတို့ ဝတ်ဆင်ပါက မတော်ပနိုင်ဟု ဆိုသဖြင့် နီလာဝတ်ဆင်ပြီး စိတ်ထားကောင်းဖို့တော့ လိုပါသည်။

နီလာကို စက်တင်ဘာလဖွားတို့၏ အခေတင်ကျောက်အဖြစ် သတ်မှတ်ကြသည်။ အရောင်အဆင်းမှာ အရောင်မဲ့၊ အဖြူ၊ အဝါ၊ အပြာ၊ ခရမ်း၊ လိမ္မော်၊ အစိမ်း၊ ပန်းရောင်တို့ ဖြစ်ကြသည်။

အိုပယ် (Opal) သို့မဟုတ် ရောင်ရှင်ကျောက်

အိုပယ်သည် လူယဉ်ကျေးမှု ရေစီးကြောင်းစာစီလျှောက် သုံးစွဲလာသည့် ရတနာပစ္စည်းဖြစ်သည်။ ၄င်းသည် ဂန္ဓဝင်ကျောက်တစ်ပွင့်ဖြစ်ပြီး လူသား၏အချစ်နှင့် ကြင်နာမှုကို ရရှိခဲ့သောကျောက်ဖြစ်သည်။

အိုပယ်ကို ဝတ်ဆင်ရခြင်းပင်လျှင် ရောင်စုံဥယျာဉ်ကြီး တစ်ခုထဲသို့ ဖြတ်လျှောက်ရသည်နှင့်တူသည်ဟု ဆိုကြပြီး အိုပယ်သည် ကောင်းကင်ဘုံမှ အရောင်အားလုံးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ကျောက်ဟုလည်း ဆိုကြသည်။

အိုပယ်သည် အောက်တိုဘာလဖွားသူတို့အတွက် ဝတ်ဆင်ဖို့ရာ အဆောင်ကျောက်တစ်ပွင့်ဖြစ်ပြီး အောက်တိုဘာလ နေ့ရက်များ၏ လှပသောအရောင်များဖြင့် ပေါင်းစပ်ထားရာ ကျောက်တစ်ပွင့်ဖြစ်သည်။

အိုပယ်သည် ကံကောင်းစေသောကျောက်ဖြစ်ကြောင်း၊ အန္တရာယ်ရန်အသွယ်သွယ်တို့ ကင်းဝေး

www.burmeseclassic.com

www.burmeseclassic.com

သောကျောက်ဖြစ်ကြောင်း ဆိုကြသည်။

အိုပယ်သည် ဝတ်ဆင်သူတို့ ဆန္ဒရှိသည့်အခါ မမြင်နိုင်သော စွမ်းအင်ကို ပေးသည်ဟုဆိုသည်။ ထို့ပြင် အိုပယ်သည် လူ၏မျက်လုံးအား နှစ်သက်မှုကိုပေးသည် ဟူ၏။

အိုပယ်၏ အရောင်အသွေးမှာ အရောင်အားလုံး စုပေါင်းထားပြီး ရောင်ပြေးများပါသည့် အဖြူ၊ မီးခိုး၊ အစိမ်း၊ အနက်၊ အဝါ၊ လိမ္မော်၊ နီညိုရောင်တို့ ပါဝင်သည်။

ပုတ်(Topaz) ခေါ် ဥဿဖရား

မြန်မာတို့က တိုပက်(Topaz) ကို ဥဿဖရားဟူ၍ လည်းကောင်း၊ **ထပ်တစ်ရာဟူ၍လည်းကောင်း** ခေါ်ကြသည်။

တိုပက်သည် ၄င်း၏ တောက်ပသန့်စင်သော ပွင့်အားကြောင့် ထူးခြားသောကျောက်တစ်ပွင့် ဖြစ်နေသည်။ ၄င်းသည် တောက်ပသော အဖြူရောင်၊ တောက်ပသော အဝါရောင်၊ တောက်ပသော အပြာရောင်နှင့် တောက်ပသော အညိုရောင်၊ ပန်းရောင်၊ အစိမ်းရောင်များကို ပိုင်ဆိုင်ထားသည်။

တိုပက်သည် အရေးကြီးလာပါက ဝတ်ဆင်သူအား အခြားသူများက မမြင်နိုင်ရန် ဖျောက်ပေးသည်ဟုဆိုသည်။ ဝတ်ဆင်သူအား တစ်စုံတစ်ယောက်က အဆိပ်ခတ်သည့်အခါ အဆိပ်ခတ်ထားသော အစားများအား အရောင်ပြောင်းအောင် ပြုလုပ်သတိပေးခြင်းဖြင့် ကာကွယ်သည်ဟု ယူဆကြသည်။

ထို့ပြင် တိုပက်သည် စကားမပြောနိုင်သော ရောဂါရှိသူ အမျိုးသမီးများကို စကားပြောအောင် ကုသရာ၌ သူမတူအောင် ထူးခြားသည် ဟူ၏။

တိုပက် တစ်ပွင့်သည် နိဝင်ဘာလဖွားတို့အတွက် အဆောင်ကောင်းကျောက်မျက် ဖြစ်သည်။

လာပစ်လာဇူလီ(Lapis-Lazuli) (သို့မဟုတ်) ပါလဒုဇ္ဇာ

လာ့ပစ်လာဇူလီ(Lapis-Lazuli) ကို မြန်မာတို့က ပါလဒုဇ္ဇာဟု ခေါ်သည်။

ရှေးဟောင်းအီဂျစ်တို့သည် လာ့ပစ်အား ချေးပိုးထိုးပုံများ ပြုလုပ်ကာ အဆောင်လက်ဖွဲ့အဖြစ် ပြုလုပ်ခဲ့ကြသည်။ လာ့ပစ်သည် ဆုတောင်းဝတ်ပြုသူများအတွက် အထွတ်အမြတ်ထားရာကျောက် ဖြစ်ခဲ့သည်။

လာ့ပစ်သည် ဒီဇင်ဘာလဖွားတို့အတွက် အဆောင်ကျောက်ဖြစ်ပြီး လုပ်ငန်းကိစ္စများ ပြီးမြောက်အောင်မြင်ခြင်းနှင့် ကံကောင်းခြင်းတို့ ဖြစ်ပေါ်လာစေသောကျောက်အဖြစ် ယုံကြည်ခဲ့ကြသည်။

လာ့ပစ် တစ်ပွင့်ကိုကြည့်ပြီး နက်ရှိုင်းသော စကြဝဠာကို ခံစားနိုင်သည်ဖြစ်ရာ လာ့ပစ်ကို ဝတ်ဆင်ခြင်းသည်ပင် စကြဝဠာအသေးစားကို ကိုယ်နှင့်အတူ ဆောင်ထားခြင်းနှင့် တူလှပေ၏။

လာ့ပစ်လာဇူလီ (သို့မဟုတ်) ပါလဒုဇ္ဇာ၏ အရောင်အသွေးမှာ မည်းနယ်ပြာရောင်အဆင်း ဖြစ်သည်။

အထက်ဖော်ပြပါ မွေးလအလိုက် အဆောင်ကျောက်များအနက် အိုပယ်(Opal) ခေါ် ရောင်ရှင်ကျောက်တစ်မျိုးမှလွဲ၍ ကျန်ကျောက်မျက်များမှာ စာရေးသူတို့ တိုင်းပြည်မှ ထွက်ရှိပါသည်။

ပညာရှင်တို့အဆိုအရ ကျောက်မျက်ရတနာတို့၏ စွမ်းပကားသည် အံ့ဖွယ်ဖြစ်သည်။ ဂန္ဓီရဆန် ဘေသည်။ ထူးခြားသည်မှာ ကျောက်မျက်ရတနာအစစ်ကို မဆောင်ထားနိုင်သော်ငြားလည်း ကျောက်မျက်ရတနာတို့၏ ရုပ်ပုံ၊ ဓာတ်ပုံ တစ်နည်းအားဖြင့် ရတနာပန်းချီကားတွေကို ဆောင်ထားလျှင်သော်လည်းကောင်း၊ ညဉ့်ခန်းမတွင် တရိတသေ တခမ်းတနား ချိတ်ဆွဲထားမည်ဆိုလျှင်လည်းကောင်း ကြယ်စီတ်နှစ်ပါး ချမ်းသာပြီး လိုအပ်ဆန္ဒတွေ ပြည့်မည်။ ကြံစည်သမျှတွေ အောင်မြင်ပြီးမြောက်နိုင်ခွင့် ရှိသည်ဟူ၏။ ဤသို့ဆိုလျှင်…။

ကိုဇော်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



မိုးကြား(ဆေးရုံတက်)
နိုင်ငံခြားပြန်
ဂိုးကွက်

နှစ်အတန်ကြာခဲ့ပါပြီ။ (၁၉၉၆)ခုနှစ် နှစ်ဆန်းပိုင်းက ဖြစ်၍ နှစ်ပေါင်းဆယ့်ကိုးနှစ် အနှစ်၊ နှစ်ဆယ်ခန့် ရှိပေပြီ။ ကျွန်ုပ် အမှတ်တရပစ္စည်းလေးများ စုပြီးတင်ထားသည့် ဗီရိုဏ်၏ အပေါ်ဆုံးထပ်ရှိ ရွှေရောင်ယွန်းထည်ဖီးကွက်ရပ်မောင်နှံမှာ ဆေးအချို့ပင် ကွာစပြုလို့နေပြီး ဦးခေါင်းပိုင်းကို အဖုံးသဖွယ် ဖြုတ်၍ရသဖြင့် ကိုယ်ထည်ပိုင်း အတွင်းသို့ ပစ္စည်းအတိုအထွာလေးများ ထည့်ထား၍ရ၏။

အနီဖီးကွက်ရပ်မောင်နှံကို ကျွန်ုပ် တရုတ်နိုင်ငံ၊ စီတာချမ်ပြည်နယ်၌ ဆင်မြူလေတာဆိုင်ရာ ပညာရပ်များ သွားရောက်သင်ယူစဉ် အမှတ်တရအနေဖြင့် ပြန်လည်သယ်ယူ သိမ်းဆည်းထားခြင်း ဖြစ်သည်။

ထိုစဉ်က ကျွန်ုပ်သည် အဖွဲ့ခေါင်းဆောင်အနေဖြင့် သွားရခြင်းဖြစ်၍ အတူလိုက်ပါမည့် လုပ်ဖော်ကိုင်ဖက်များနှင့် တိုင်ပင်ကာ သင်ကြားမှုကာလအတွင်း ဆုံတွေ့ရမည့် ဆရာသမား၊ မိတ်ဆွေပေါင်းဖော်များအတွက် ကိန္နရီ ကိန္နရာ၊ မြန်မာ့ရုပ်သေး၊ လှည်းယဉ် စသော မြန်မာ့ယဉ်ကျေးမှုကို ဆက်စပ်ပုံဖော်ထားသည့် ရွှေချည်ထိုးကားချပ်အချို့နှင့် ကျောက်စိမ်းအကာဖြင့် ပြုလုပ်ထားသည့် လက်မှုပစ္စည်းလေးများအပြင် ပုဂံယွန်းထည်၊ စောင်းကောက်ပုံစံငယ်များနှင့် ဖီးကွက်ရပ်မောင်နှံစုံငါးတွဲ သယ်ယူလို့သွားခဲ့လေသည်။

သင်ကြားမှုမှာ သီအိုရီနှင့် လက်တွေ့ဆောင်ရွက်ရမှုကို တစ်ဆက်တည်း သင်ကြားရပြီး ထူးခြားသည်မှာ ပညာရှင်နည်းပြဆရာက အင်္ဂလိပ်ဘာသာစကားကို လုံးဝပြောခြင်းမပြုဘဲ ၄င်းတို့နိုင်ငံသုံး ဘာသာစကားဖြင့်သာ White Board တွင် ရေးသားပြီး အားရပါးရ သင်ကြားလေသည်။ တစ်ဖက်ခြမ်းတွင် အင်တာပရက်တာဟုခေါ်သော စကားပြန်ဆရာက အင်္ဂလိပ်ဘာသာဖြင့် တစ်ချိန်လုံး ပြန်လည်ရှင်းလင်းပြလေ၏။ ကျွန်ုပ်တို့ Note down ရေးမှတ်ထားမှုများကို ညဘက်တွင်မှ အင်္ဂလိပ်လို ရေးသားထားသော ပြဋ္ဌာန်းစာအုပ်များနှင့် ပြန်လည်ပေါင်းစပ်ယူရလေသည်။ လက်တွေ့သင်ခန်းစာများကိုလည်း အလားတူပင် စကားပြန်ဖြင့် တဆင့်ခံပြီး သင်ကြားရလေ၏။

သို့ဖြစ်ပေရာ စကားပြန်ဆရာမှာ ကျွန်ုပ်တို့ သင်ကြားမှုတွင် များစွာအရေးပါသူတစ်ဦး ဖြစ်သကဲ့သို့ အကြီးအကျယ်များနှင့် တွေ့ဆုံရသည့် ဧည့်ခံပွဲ၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင်လည်း နှုတ်ခွန်းဆက်စကားများနှင့် အာလာသလွှာပ ပြောဆိုကြရာတွင်လည်း စေတနာပါပါဖြင့် ဝေဆာဆာလေး ဘာသာပြန်ပေးမည်ဆိုလျှင် ရင်းနှီးချစ်ကြည်မှု ပိုမို၍ရနိုင်မည်ဖြစ်ရာ ကျွန်ုပ်တို့အဖို့ အလေးအနက်ထားရမည့်သူတစ်ဦး ဖြစ်ပါ၏။

အဆိုပါ စကားပြန်ဆရာကြီးမှာ အသက်ခြောက်ဆယ်ပြည့်လုနီးဖြစ်ပြီး ၄င်း၏နာမည်အပြည့်အစုံကို မှတ်မိတော့

www.burmeseclassic.com

www.burmeseclassic.com

လည်း မစ္ဆာတာလျှို့ဟု ကျွန်ုပ်တို့ အလွယ်ခေါ်ကြ
ကို မှတ်မိလို့နေသည်။ ဆရာကြီးသည် နိုင်ငံပေါင်းများ
သို့ သွားရောက်တာဝန်ထမ်းဆောင်ဖူးသူ တစ်ဦးဖြစ်ပြီး
သာသာကို လွန်စွာစိတ်ဝင်စားသူတစ်ဦးလည်း ဖြစ်၏။
၏ မူဝါဒကန့်သတ်ချက်များအရ တာဝန်မှ အနား
အနာ ကိုးကွယ်ခွင့်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ
အရွယ်၊ အတွေ့အကြုံနှင့် ခံယူချက်များအရ နူးညံ့
ပြီး မေတ္တာတရားကြီးမားသူ၊ စာနာတတ်သူ၊ လူဘဝ
လွန်စွာ နားလည်သူတစ်ယောက် ဖြစ်ပါ၏။

ကျွန်ုပ်တို့အဖွဲ့နှင့်လည်း ရောက်ရှိသည့် ညနေခင်းမှာ
ညစာအတူစားကြရင်း များစွာရင်းနှီးသွားခဲ့ကြလေ
သည်။

ထိုညက ကျွန်ုပ်တို့ တည်းခိုဆောင်သို့ လိုက်ပါပို့ဆောင်
ခဲ့သည် ကျွန်ုပ်၏ အိပ်ခန်းဆီသို့ မစ္ဆာတာလျှို့အား ခေတ္တမျှ
ရောက်ပါရန် ဖိတ်ခေါ်လိုက်၏။

ကျွန်ုပ်၏ အိပ်ခန်းဆီသို့ ရောက်သောအခါ -

"မစ္ဆာတာလျှို့.. ကြိုက်တာယူပါ။ မြန်မာပြည်က ယူ
သွားတဲ့ အမှတ်တရပစ္စည်းလေးတွေပါ" ဟုဆိုပြီး ကျွန်ုပ်တို့
ဆောင်လာသော ပဲစ္စည်းလေးများကို ဖွင့်၍ပြလိုက်ရာ
မစ္ဆာတာလျှို့၏ မျက်လုံးများသည် ယွန်းထည်ဇီးကွက်ရုပ်
ဆောင်နှံများဆီ အရောက်တွင် ပြုံးကျယ်သော မျက်ဝန်း
များဖြင့် နောက်သို့ဆုတ်၍သွားလေ၏။ ထို့နောက် -

"အိုး.. ဒီငှက်ရုပ်တွေ ယူလာတာလား။ ဘယ်သူ့ကိုမှ
မပြနဲ့။ သွားလည်း မပေးနဲ့။ မြန်မြန်လွှင့်ပစ်လိုက်။ ညဉ့်
ထဲတွေတွေ့ရင် ဖျားတတ်တယ်။ အခန့်မသင့်ရင် သေ
တတ်တယ်။ ဒီငှက်ရုပ်ကို လက်ဆောင်ရရင် အရမ်းစိတ်
ဆောင်းဖြစ်လိမ့်မယ်" ဟု ထိတ်လန့်စွာဖြင့် ပြောလေ၏။

ကျွန်ုပ်လည်း များစွာအံ့သြသွားပြီး ဇီးကွက်ရုပ်မောင်နှံ
တွေကို ချက်ချင်းသိမ်းလိုက်ကာ မြန်မာပြည်မှာတော့
ဒီလောက်ဟု အများက နှစ်သက်ကြသဖြင့် သည်နိုင်ငံ
ကလည်း နှစ်သက်မည်ထင်၍ ယူလာခဲ့ခြင်းဖြစ်ကြောင်း
ရှင်းပြသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောရာ "မတူ
ဘူး လုံးလုံးမတူဘူး။ လွှင့်ပစ်လိုက်" ဟူ၍သာ တွင်တွင်
ကြီးပြီး ကျွန်ုပ်ပြသော အခြားပစ္စည်းများမှ စောင်းကောက်
ခြင်းတစ်ခုအား လက်ခံရယူသွားလေ၏။

အချိန်ကာလ တစ်လခွဲခန့် ရှိသောအခါ တန်ဖိုးနိမ့်
သောနိုင်ငံမှ လေသူရဲအချို့ အမောင်းသင်အတွက် ရောက်
လာကြလေ၏။ ကျွန်ုပ်တို့နှင့် ရိပ်သာတစ်ခုတည်း နေထိုင်
ကြပြီး စနေနေ့တိုင်း မြို့တွင်းစျေး၊ ပလာဇာများ၊ အပန်း
ဖြေဥယျာဉ်များ အနီးပတ်ဝန်းကျင်ရှိ ယဉ်ကျေးမှုနယ်မြေ
များသို့ အလှည့်ကျပို့ဆောင်ပေးရာတွင်လည်း ကားတစ်စီး
တည်း အတူစီး၊ အတူသွားနှင့် တဖြည်းဖြည်း ရင်းနှီးခင်မင်
လာခဲ့ကြ၏။

ကျွန်ုပ်ထံရှိ ရွှေရောင်ယွန်းဇီးကွက်ရုပ်များကို လွှင့်ပစ်
ရမှာလည်းနှမြော၊ တစ်စုံတစ်ယောက်က လွှင့်ပစ်ထားသည်
ကို တွေ့သွားပြီး ငှင်းတို့ အယူအဆအရ ဥပဒ်ရောက်မှာ
လည်း စိုးရိမ်၍ သိမ်းထားရာ အဆိုပါ တန်ဖိုးနိမ့်ယားနိုင်ငံ
မှ မိတ်ဆွေများကို အမှတ်တရအနေဖြင့် ပေးလိုက်လျှင်
ကောင်းမည် စဉ်းစားမိလေ၏။

သို့ဖြင့် စနေတစ်ရက် ရွှေပင်းမုံအပြန်တွင် အတူ
ထိုင်စီးလာသော တန်ဖိုးနိမ့်ယားမိတ်ဆွေတစ်ဦးကို ကျွန်ုပ်
အခန်းသို့ ခေါ်ခဲ့လေ၏။ ထို့နောက် ယွန်းထည်ဇီးကွက်ရုပ်
ကလေးများအား ထုတ်ယူပြသပြီး မြန်မာနိုင်ငံရဲ့ အမှတ်တရ
ပစ္စည်းအနေဖြင့် ပေးလိုက်ကြောင်း ပြောလိုက်လေ၏။

ငှင်းသည် ဇီးကွက်ရုပ်ကလေးများကို သေချာစွာကိုင်
တွယ်၍ကြည့်လေ၏။

ကျွန်ုပ်မှ လာဘ်ကောင်ငှက်ရုပ်လေးများဖြစ်ကြောင်း
ရှင်းပြလိုက်ရာ -

'OWL Magic Bird' ဟုဆိုကာ ခပ်မြန်မြန်ပြန်ချပြီး
ခေါင်းတခါခါ လက်တခါခါနှင့် Sorry ပေါင်းများစွာဖြင့်
ပြန်ပေးလေတော့၏။ အံ့သြဖွယ်ပါတကား။ မိမိနိုင်ငံမှ
အိမ်တိုင်းလိုလိုတွင် သဘောကျနှစ်ခြိုက်စွာဖြင့် ဧည့်ခန်း၊
ဘုရားခန်းတို့တွင် အမြတ်တနိုးထားရှိကြသည့် ရွှေရောင်
ဇီးကွက်ရုပ်ကလေးများမှာ အချို့သော နိုင်ငံများ၏ အယူ
အဆ၊ ယုံကြည်မှုများအရ မူဆန့်ကျင်စွာ ကွဲပြားလျက်ရှိ
သည်ကို ကိုယ်တွေ့ကြုံခဲ့ရလေ၏။

ကျွန်ုပ်တို့ သင်ကြားသင်ယူမှုပြီးဆုံး၍ အမိမြေသို့ပြန်
ရန် ပြင်ဆင်ကြသောအခါ ကျွန်ုပ်နှင့် အတူပါလာသည့်
လုပ်ဖော်ကိုင်ဖက်များကို အဆိုပါဇီးကွက်ရုပ်တစ်စုံစီ ခွဲပေး
လိုက်ပြီး ကျွန်ုပ်လည်း နိုင်ငံခြားပြန်ဇီးကွက်အဖြစ် အမှတ်
တရများထဲမှ အမှတ်တရအနေနှင့် မြန်မာနိုင်ငံသို့ ပြန်လည်
ယူဆောင်လာခဲ့ပါကြောင်း ဗဟုသုတအလို့ငှာ တင်ပြလိုက်
ပါသည်။

မျိုးကြီး(အာမခံကြာဇန)

www.burmeseclassic.com

www.burmeseclassic.com

ကြည်ဝင်း(မော်လ

အင်္ဂါလမ်းကြောင်း
(သို့မဟုတ်)
တွဲဖက်လမ်းကြောင်း

(၁)

အင်္ဂါလမ်းကြောင်း (သို့မဟုတ်) တွဲဖက်လမ်းကြောင်းကို အသက်လမ်းကြောင်းနှင့်ယှဉ်၍ အတွင်းဘက်တွင် တွေ့ရမည်ဖြစ်သည်။ အင်္ဂါလမ်းကြောင်းသည် အောက်အင်္ဂါ ဂြိုဟ်ခုံမှ အစပျိုးပြီး အသက်လမ်းကြောင်းနှင့် မျဉ်းပြိုင်ယှဉ်၍ လက်ကောက်ဝတ်သို့တိုင်အောင် ဖြတ်သွားလေသည်။ ၄င်းလမ်းကြောင်းအား အသက်လမ်းကြောင်းနှင့် ကပ်နေသော ဩဇာလမ်းကြောင်းငယ်များနှင့် မှားယွင်းတတ်ပေသည်။

အင်္ဂါလမ်းကြောင်း၏ အာနိသင်မှာ အသက်လမ်းကြောင်း၏ အင်အားကို ဖြည့်စွက်ပေးတတ်သည့် သဘောတရားများ ရှိပေသည်။ အသက်လမ်းကြောင်း ချို့ယွင်းသည့် နေရာတွင် ဖာထေးနေတတ်ကြသဖြင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်လာရချိန်တွင် မသေမပျောက်စေရန် ကာကွယ်နိုင်သည့် သဘောတရားများ ရှိကြပေသည်။ သို့အတွက်လည်း ဤလမ်းကြောင်းအား တွဲဖက်လမ်းကြောင်းဟု ခေါ်နိုင်ပေသည်။

အင်္ဂါလမ်းကြောင်း (သို့မဟုတ်) တွဲဖက်လမ်းကြောင်းရှည်များကို တွေ့ရသကဲ့သို့ လမ်းကြောင်းတိုကလေးများကိုလည်း တွေ့ရမြဲလေသည်။

အင်္ဂါလမ်းကြောင်းသည် တစ်နည်းအားဖြင့် အတွင်းအသက်လမ်းကြောင်းဖြစ်၏။ ၄င်းလမ်းကြောင်းကို အသက်လမ်းကြောင်းနှစ်ထပ်အနေဖြင့် သရုပ်ပြပုံတွင် တွေ့မြင်နိုင်ပေသည်။ မှတ်သားရန်မှာ ထိုလမ်းကြောင်းကို အသက်လမ်းကြောင်းမှ ထွက်လာသော အခြေအရံလမ်းကြောင်းများနှင့် မမှားစေရန် သတိထားရမည် ဖြစ်၏။

အင်္ဂါသည် ဒဏ္ဍာရီများနှင့် စပ်ဆိုင်သော ပညာရပ်တွင် စစ်ဘုရင်ဖြစ်သည်နှင့်အမျှ ဤအင်္ဂါလမ်းကြောင်းသည် အသက်ရှင်ခြင်း၊ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ ထိုးကြိတ်ရန် လိုသည့်စိတ် ရှိခြင်းတို့ကို ညွှန်ပြနေလေ၏။ ထို့ကြောင့် တိုက်ရေးခိုက်ရေးနှင့် အသက်စွန့်ပြီး အမှုထမ်းဆောင်ရမည့်နေရာ၌ သူမတူအောင် အစွမ်းထက်မြက်သည့် ပုဂ္ဂိုလ်ကျော်များ၏ လက်ဝါးပြင်၌ ဤအမှတ်အသားသည် မလွဲမသွေ ပါရှိရသည်သာ ဖြစ်၏။

ကမ္ဘာကျော်စစ်ဘုရင် နပိုလီယံသည် လက္ခဏာပညာရပ်၌ စိတ်ပါဝင်စားသည်ဖြစ်ရာ သူ အောင်ပွဲခံခဲ့သော အီတလီပြည်တိုက်ပွဲနှင့် အီဂျစ်ပြည်တိုက်ပွဲတို့တွင် သူနှင့်အတူ လိုက်ပါခဲ့သော လက္ခဏာပညာရှင် အကျော်အမော ဗရင်ဂျီကျောင်းထိုင်ဆရာတော် ဖောင်ကွင်းဖီးလီးနှင့် လက္ခဏာပညာရပ်အကြောင်းများကို မကြာခဏ ဆွေးနွေးခဲ့ကြလေသည်။

ဘုန်းတော်ကြီးသည် ထိုစဉ်အခါက တပ်ကြပ်ကလေးရာထူးသာရှိသေးသည့် နပိုလီယံ၏ လက်များကို စစ်ဆေးခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိကြောင်းနှင့် ၄င်း၏ လက်ဝါးပြင်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ကာ ထားခဲ့လေသည်။

ကျွန်ုပ်တွေ့ဖူးမြင်ဖူးတဲ့ လက်တွေထဲမှာ သူ့ရဲ့လက်ဟာ ကျယ်လည်းကျယ်တယ်။ လေးထောင့်လည်းကျတယ်။ ဒီလက်မျိုးဟာ ဘာမဆို ဆောင်ရွက်နိုင်စွမ်းရှိတယ်။ လက်တွေ့ကျကျ လုပ်ဆောင်တတ်တဲ့ လူတစ်ယောက်ရဲ့လက်လည်း ဖြစ်တယ်။ ဒါကြောင့်လည်း သူဟာ မွေးရာပါ တိုက်ခိုက်ရေးသမားတစ်ယောက် ဖြစ်ရတာပေါ့။ ကျွန်ုပ်က သူ့ရဲ့အတွင်း အသက်လမ်းကြောင်းကို သတိထားကြည့်တာနဲ့ နပိုလီယံကို ဒီလမ်းကြောင်းရဲ့ အကျိုးအာနိသင်ကို ပြောပြဖူးတယ်။

ဒါတင်ဘယ်ကမလဲ၊ အဲဒီလမ်းကြောင်း ရပ်တည်ရာပုံကို ဆင်ခြင်သုံးသပ်ပြီးတော့ သူ့ကို ဒီသင်္ကေတပါတဲ့ အင်္ဂါ စစ်ဘုရင်ရဲ့ သားတော်ဟာ ကမ္ဘာကို အောင်နိုင်ရုံတင်မကဘူး၊ ကျန်းမာရေးရော အသက်ပါ ဒေါင်ဒေါင်ညံ အောင် ကောင်းရမယ်လို့ ဟောလိုက်တယ်။

ဒီတော့ သူက သဘောကျသွားပြီး လေးကြောက

www.burmeseclassic.com

www.burmeseclassic.com

အားကောင်းရဲ့လားလို့ ပြန်မေးတယ်။ သူဆိုလိုတဲ့အဓိပ္ပာယ်ကို သဘောပေါက်မိတာနဲ့ သောကြာဂြိုဟ်ခုံကို ဖိသပ်စစ်ဆေးပြီး အရမ်းကိုကောင်းတယ်လို့ ပြောတော့ သူ အားရပါးရ ရယ်တော့တာပါပဲ။

ဒုတ်ချက် - *သောကြာဂြိုဟ်ခုံသည် လူတစ်ဦးတစ်ယောက်၏ အိမ်ထောင်ရေး၊ ဆွေမျိုးရေးတို့နှင့် စပ်ဆိုင်ပေသည်။ အချို့ကမူ ကာမဂုဏ်အာရုံနှင့် စပ်ဆိုင်သည်ဟု ရှုဆတ်ကြပါသည်။*

ဤသိပ္ပံနည်းကျသော လက္ခဏာဗေဒရပ်သည် မည်ရွေ့မည်မျှ ရှေးကျသည်ကို အတိအကျပြောဆိုနိုင်ခြင်း မရှိသော်လည်း အရစ်(စ်)တိုတယ်တို့၏ ခေတ်အခါက ပညာရှင်များသည်ပင်လျှင် ဤဗေဒရပ်အား မကြာခဏ အမှီပြုရသည်ဟု အရစ်(စ်)တိုတယ်ကိုယ်တိုင် မှတ်တမ်းတင်ခဲ့၏။

သူအနေနှင့် အသက်လမ်းကြောင်းအတွင်းရှိ အတွင်းအသက်လမ်းကြောင်းကို အသက်ရှည်ရေးအတွက် အထူးအားပေးသည့် အမှတ်အသားဟု မှတ်ချက်ချခဲ့သည့်အခြင်း သူတို့ခေတ်က စစ်ဗိုလ်ချုပ်အရှိန်၏ သက္ခဏာကို သုံးသပ်ခဲ့ဖူးပေသည်။

အကယ်၍ ဤလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် အလွန်နီးကပ်စွာ ရပ်တည်နေပါမူ ထိုပုဂ္ဂိုလ်သည် အခြေအောင် စကားပြောဆိုရခြင်း၊ ရန်ဖြစ်ခြင်းတို့ကို မကြာခဏ တွေ့ကြုံရင်ဆိုင် ဖြေရှင်းရတတ်၏။ တရားရုံးများသို့ တက်၍ အမှုများနှင့် ရင်ဆိုင်ဖြေရှင်းရသည်ကို အထူး နှစ်ခြိုက်တတ်၏။ ဤသဘောသဘာဝများ မှန်ကန်ကြောင်းကို ကျွန်ုပ်၌ အထောက်အထား သာဓကမြောက်များစွာ ရှိပါ၏။

တစ်ခါက လူကောင်သေး၍ ထက်မြက်စုံရသည့် လူတစ်ယောက်သည် ကျွန်ုပ်ဆီသို့လာ၍ လက္ခဏာစစ်ဆေးမေးမြန်းသည်။

ထိုသူ၏ လက်ဝါးပြင်၌ အထက်ဖော်ပြပါ သင်္ကေတသည် ထင်ရှားစွာ ရပ်တည်နေကြောင်းကို တွေ့ရှိရ၏။ ဤမျှထင်ရှားသော လမ်းကြောင်းမျိုး တစ်ခါဖူးမျှ ကျွန်ုပ် မတွေ့ဖူးသေးသည်ကိုလည်း သတိထားမိလိုက်၏။ ကျွန်ုပ်သည် ထိုသူနှင့်သက်ဆိုင်သည့် အချက်အလက် အနည်းငယ်ကို မောလိုက်ရာ မှန်ကန်ကြောင်း ဝန်ခံလေသည်။

ထို့ကြောင့် ကျွန်ုပ်က ဆက်လက်၍-

"ခင်ဗျားကိုယ်တိုင် တရားဥပဒေကို လုပ်ငန်းအရ



အင်္ဂါလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် နီးကပ်စွာ ရပ်တည်နေသည့်အပြင် အင်္ဂါလမ်းကြောင်းမှ အတက်လမ်းကြောင်းသည် အိမ်ထောင်ရေးလမ်းကြောင်းအား ဖြတ်နေပါမူ လက္ခဏာရှင်၏ သစ္စာမဲ့မှုကြောင့် သာယာသောအိမ်ထောင်ရေး ပျက်စီးပြိုကွဲသွားတတ်သည်။ အကယ်၍ အိမ်ထောင်ရေးလမ်းကြောင်း၏ အများဝိုင်းတွင် ခက်ရင်းခွပုံသဏ္ဌာန် ဖြစ်နေပါမူ အထက်ပါ ဖြစ်ရပ်အား ပိုမိုရှိ သေချာစေပါသည်။

www.burmeseclassic.com

မတတ်ကျွမ်းဘူး။ သို့သော် တရားရုံးတွေကိုသွားပြီး ဝတ်လုံတော်ရတွေ၊ ရှေ့နေတွေနဲ့ ရောနှောနေရတာကို စိတ်ဝင်စားရမယ်'

သူသည် ကျွန်ုပ်ဟောလိုက်သည့် ဤအချက်ကိုလည်း မှန်ကန်ကြောင်း ဝန်ခံပြီး ၄င်းနှင့်ပတ်သက်၍ သူအကြောင်းကို ဘာများဟောပြောစရာရှိသေးသနည်းဟု မေးမြန်းပြန်သဖြင့် ကျွန်ုပ်သည် သူ၏ လက်ဝါးပြင်ကို တစ်ဖန်စစ်ဆေးကြည့်ရှုပြီးနောက်-

'ပြောစရာရှိသေးတယ်။ ခင်ဗျားဟာ သောကများပြီး အသည်းကွဲလောက်အောင် ခင်ဗျားနဲ့ အနီးစပ်ဆုံး လူတစ်ယောက်နဲ့ တရားတပေါင် ဖြစ်ရလိမ့်မယ်။ ခင်ဗျားနဲ့ အနီးစပ်ဆုံးဆိုတော့ ခင်ဗျားဇနီးဖြစ်မယ်လို့ ကျွန်ုပ်ထင်တယ်။ ခင်ဗျားဟာ အမှုရုပ်သိမ်းပစ်ဖို့ သတိပေးမှုတွေ၊ အခွင့်အရေးတွေ မကြာခဏကြုံရပေမယ့် ဂရုမစိုက်ဘဲ ဆက်ပြီးတရားရင်ဆိုင်ရလိမ့်မယ်။ အဲဒီလိုတရားရင်ဆိုင်မှုကြောင့်ပဲ နောက်ဆုံး ခင်ဗျားဘဝရလဒ်ဟာ ပျက်စီးသွားရမယ်။ မွဲသွားရမယ်'

သူသည် ကျွန်ုပ်၏ ဟောကိန်းကြောင့် အားရပါးရ ရယ်ချလိုက်၏။

ပြီးမှ သူ၏ ရင်ဘတ်ကိုပုတ်ပြရင်း ဆောင့်ကြွားကြွားလေသံဖြင့်-

'ကောင်းပါပြီ ကိုင်ရှိ၊ လူတစ်ယောက်ရဲ့ အကြောင်းကို ကြိုတင်ဟောပြောနိုင်တဲ့ ခင်ဗျားရဲ့ပညာကိုတော့ ကျွန်တော့်အနေနဲ့ လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော်စိတ်ထင်တော့ ကျွန်တော့်ကို နိုင်မယ့်လူ ဒီကမ္ဘာပေါ်မှာ ရှိလိမ့်မယ် မထင်ဘူး ဆရာရေ'

ထို့နောက် သူသည် ဇနီးသည် ရပိုင်ခွင့်ရှိသော အမွေပစ္စည်းများ ရရှိရေးအတွက် ယောက်ဖဖြစ်သူကို တရားစွဲဆိုထားကြောင်း ပြောပြလေ၏။

ကျွန်ုပ်ကလည်း သူ၏ဇနီးသည် သဘောတူ၊မတူ သိလိုသဖြင့်-

'ဒီလိုတရားဥပဒေအရ တရားစွဲဆိုတာကို ခင်ဗျားဇနီးကရော ခွင့်ပြုသလား'ဟု မေးမြန်းလိုက်၏။

'ခွင့်မပြုပါဘူး၊ လုံးဝခွင့်မပြုပါဘူး။ ဒါပေမဲ့ 'ကျွန်တော့်ဇနီးဟာ စီးပွားရေးဦးနှောက် မရှိတဲ့အပြင် စိတ်ဓာတ်လည်း သိပ်ပျော့တယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် စိတ်မပူပါဘူး။ ဘာကြောင့်လဲဆိုတော့ သူပိုင်သမျှ ကျွန်တော်လည်း ဆိုင်တာပဲမဟုတ်လား။ ဒါကြောင့် ရပိုင်ခွင့်မဆုံးရှုံးစေရအောင် တရားစွဲရတာပေါ့'

ယခု ကျွန်ုပ် ကောက်နုတ်ချက်ချထားသော ဟောကိန်း၏ ပဏာမသည် အစပျိုးလာပြီ ဖြစ်ပေ၏။ ထင်ယောကျ်ားဖြစ်သူသည် ခေါင်းမာသော တိုက်ခိုက်ရေးသမားဖြစ်ပြီး ဘယ်သူသေသေ ငတေမာပြီးရော ဆိုသကဲ့သို့ သူလုပ်သမျှ အောင်မြင်ရမည်ဟု တစ်ဖွတ်ထိုး လုပ်တတ်၏။ ဇနီးဖြစ်သူမှာ အဆိပ်မရှိသော သတ္တဝါဖြစ်၍ စိတ်ဓာတ်အင်အား နူးညံ့ပျော့ပျောင်းသည်နှင့်အညီ လင်ကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ သဘောထားနေသူ ဖြစ်ပေ၏။

ထို့ကြောင့်လည်း ထိုသူအား မည်သို့မျှ ပြောရှုမဖြစ်နိုင်တော့သည့် အဆုံးဌာ-

'ခင်ဗျားဇနီးကတော့ စံပါပဲ။ ခင်ဗျားလုပ်သမျှ ခေါင်းညိတ်မယ့် အမျိုးသမီးပဲ ထင်ပါရဲ့'

'အိုး..သိပ်ဟုတ်တာပေါ့။ ကျွန်တော့်ဇနီးကတော့ အများခေါ်နေကြတဲ့ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မာလင်း တော်လေးဝင်တဲ့ စံပြဇနီးမယားဆိုတာမျိုးပေါ့။ ဟား..ဟား..ဟား..အဲဒီလို စံပြဇနီးမယားဖြစ်အောင်လည်း ကျွန်တော်က ပုံသွင်းထားတာကလား။ ဟား..ဟား..ဟား'

ထိုသူ၏ ပြောကြားချက်များကို ကြားခဲ့ရပြီးနောက် မိန်းမသားများကို ပန်းကလေးများသဖွယ် တင်စား၍ ကျွန်ုပ်၏ ရင်တွင်းဝယ် ဖြစ်ပေါ်လာခဲ့သော ခံစားချက်များအတိုင်း အောက်ပါစကားလုံးများကို သီကုံးခဲ့မိပါ၏။

* အချို့သော ပန်းကလေးများကို ပိုမို၍ ချို့မြိန်လာစေသဖြင့် ထုရိုက်ခြေမွပေးကြ၏။
* အချို့မှာလည်း ခြေဖဝါးအောက်တွင် ကြွေမွသွားကြ၏။
* အချို့ကိုမူ ခေတ္တပန်ဆင်ပြီး လွှင့်ပစ်ကြ၏။
* အချို့သော ပန်းကလေးများသည် အသုဘအခမ်းအနားများကို ခမ်းနားစေပြီး အချို့မှာ မင်္ဂလာဆောင် သဘင်သမီးတို့ကို တင့်တယ်စေ၏။
* ကျွန်ုပ်သည် ဘဝ၌ အကြွေကွဲဆုံးသော မျက်နှာတို့ မြင်တွေ့ခဲ့ရဖူးပါ၏။
* ယင်းသို့ ကြွေမွပျက်သုဉ်းရခြင်း တူသော်လည်း ပန်းကလေးများသည် ပန်း၏သဘာဝ ချစ်ချင်စဖွယ် အလှသာဆုံး တင့်တယ်မှုကို သရုပ်ဆောင်နေသည်သာ ဖြစ်ပေတော့သည် ဖြစ်ချေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

ဤအတိုင်းလည်း မှန်ကန်နေသည် မဟုတ်ပါလော။ ထိုနှစ်ကြမ်းတမ်းသောသူများ၏ ခြေဖဝါးအောက်ဝယ် နှလုံးသူတို့သည် ကြွေမွပျက်ပြုန်းကြရစမြဲပင် မဟုတ်ပါသား။ သို့သော် မည်သို့ပင် ကြွေမွပျက်ပြုန်းသွားကြစေကာမူ ၄င်းတို့၏ သင်းပျံ့မွှေးကြိုင်သော ရနံ့တို့ဖြင့်သာ ကမ္ဘာကြီးမည် ဖြစ်ပေသည်။

သို့နှင့် ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်၏ ပြဿနာကို ကံတရား၏ လက်တွင်းသို့ ဆုံးဖြတ်ချက်ချရန် လွှဲအပ်လိုက်လေတော့၏။

(၂)နှစ်မျှအကြာတွင် ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်ထံသို့ ပြန်လည်ရောက်ရှိလာခဲ့လေ၏။ ဤတစ်ကြိမ်မှာမူ ထိုသူ၏ မျက်နှာမှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်၏။

တက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း၊ လျှောကျ နောက်ဆုံး ရှိချေ၏ဟူသော သံဝေဂလက်ံကဲ့သို့များ ဖြစ်နေချေသလောဟု ကျွန်ုပ်စဉ်းစားမိ၏။

သူသည် စကားကို ပလွင့်ပင် မခံတော့ဘဲ-

'ကိုင်ရိ..ဒီတစ်ခေါက် ကျွန်တော်ဟာ ဖွတ်ကျွဲခွဲစိတ်ခြင်း ရောက်လာပေမယ့် လူကတော့ ပညာပိုပြီးတတ်လာပါတယ် ဆရာ'

'သြော်..ခင်ဗျား ဒုက္ခနဲ့ ရင်ဆိုင်ခဲ့ရပြီပေါ့'

'ဟုတ်ပါတယ် ဆရာ။ ကျွန်တော် အခု မွဲသွားပါပြီ'

အလျှည်းညီး တောက်လောင်ခဲ့ဖူးသောမီးမှ မီးပွားကလေး ကျန်နေသည့်ပမာ မာန်အဟုန် မကုန်သေးသော ထိုပုဂ္ဂိုလ်သည် မချိပြုံးကလေးဖြင့်-

'ဒါဟာ မရောင်ရာ ဆေးလူး ဆိုသလို ကျွန်တော်ရဲ့ ခါင်းမာမှုကြောင့် ဖြစ်ခဲ့ရတာပါ။ တကယ်လို့သာ ဆရာ ကြိုတင်သတိပေးတာကို နားထောင်ခဲ့မိရင် ဒီကနေ့ ကျွန်တော်ဟာ ချမ်းသာကြွယ်ဝပြီး အပျော်ဆုံးလူတစ်ယောက် ဖြစ်နေပြီပေါ့ ဆရာရယ်'

'နောင်တဆိုတာမျိုးဟာ ကိုယ်လုပ်တာတွေ များလာတဲ့ မရှုနိုင်မကယ်နိုင် ဖြစ်တဲ့အခါကျမှ ပေါ်ပေါက်လာတတ်ရစမြဲပါ မိတ်ဆွေကြီး'

'ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော့်ခံစားချက်တွေကို ရင်ထဲမှာ မထားချင်လို့ ဆရာ့ဆီလာပြီး ရင်ဖွင့်တာပါဗ်'

'ပြောသာ ပြောပါလေ။ ကျွန်ုပ်အနေနဲ့ လူတစ်ယောက်ရဲ့ ဘဝအတွေ့အကြုံကို စုံစုံစေ့စေ့ အသေးစိတ် သိထားရတော့ ပိုပြီးကောင်းတာပေါ့'

'ဆရာနဲ့ တွေ့ပြီးတဲ့နောက်ပိုင်း ကျွန်တော့်ဝတ်လုံကြီးက ကျွန်တော့်ယောကျ်ားဖကို တရားစွဲရင် အမှုမှာ သက်သေမခိုင်လုံလို့ နိုင်မှာမဟုတ်ဘူးဆိုတဲ့အကြောင်းကို ရှင်းပြပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ စိတ်ရူးစိတ်မိုက်တွေ ဝင်နေလေတော့ မနိုင်ဘူးပြောတဲ့ ဝတ်လုံကို ဖြုတ်ပစ်ပြီး ဝတ်လုံအသစ် ထပ်ရှာပါတယ်။ ကျွန်တော့်ဇနီးက အခုလို တရားစွဲရင် တစ်မျိုးလုံးတစ်ဆွေလုံးက သူ့ကို ဝိုင်းပယ်ကြမှာမို့ ကျွန်တော့်ကို တရားမစွဲဘဲ ရပ်တန်းကရပ်ဖို့ အနူးအညွတ် တောင်းပန်ရှာပါတယ်။ ဘယ်လိုပဲ တောင်းပန်၊ တောင်းပန် ကျွန်တော်ကလည်း မလျှော့ဘူး။ နောက်ဆုံးကျတော့ ကျွန်တော်ပဲ တရားရုံးတာပါပဲ ဆရာရယ်။ တရားရုံးတယ်ဆိုရင်ပဲ တရားစရိတ်တွေကို ကျွန်တော်က ပေးရတော့မယ်။ စရိတ်က ကြောက်စရာ လန့်စရာ သိပ်များနေလေတော့ မထူးတော့ အဆုံးအဖြတ်ခံဝင်ဖို့ ဆုံးဖြတ်ချက်ချလိုက်ရပါတယ်'

ထိုသူသည် တံတွေးကို တစ်ချက်မျိုချလိုက်ပြီးနောက်-

'နောက်ထပ်ငှားတဲ့ ဝတ်လုံကြီးကလည်း ဒီအမှုဟာ ဘယ်နည်းနဲ့မှ နိုင်မှာမဟုတ်ဘူးလို့ ကျွန်တော့်ကို ဟုတ်တိုင်းမှန်ရာ ပြောပြပါတယ်။ ဒါပေမဲ့ ဆရာရယ်၊ ကျွန်တော်ဟာ ဘာကြောင့်များ စိတ်ရူးပေါက်နေတယ်ဆိုတာကို မသိတော့ပါဘူး။ သြော်..ဒါဟာ ဆရာရှင်းပြခဲ့တဲ့ ကျွန်တော့်လက်ထဲက လမ်းကြောင်းကြောင့်များလားဆိုတာ မသိတော့ပါဘူး ဆရာရယ်။ ကျွန်တော်ဟာ ဘယ်လောက်တောင် မိုက်မဲခဲ့သလဲဆိုရင် ကျွန်တော့်လုပ်ငန်းတစ်ခုလုံးကို ရောင်းပစ်ပြီး ရတဲ့ငွေနဲ့ အယူခံဝင်တော့တာပါပဲ'

'အယူခံလည်း ရှုံးတာပဲမဟုတ်လား'

'ဟုတ်တယ် ဆရာရေ၊ မရှုမလှကို ရှုံးတာပါပဲ။ ဒီအချိန်ကစပြီး ကျွန်တော့်မှာ လူလုံးမလှဖြစ်ဖို့ အစပျိုးတော့တာပါပဲ'

'ဒီတော့ မိတ်ဆွေကြီးအနေနဲ့ ရပ်တန်းက ရပ်ဖို့ကောင်းတာပေါ့နော်'

'ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဆက်လို့သာ ကြိုးစားနေမယ့် လူတစ်ယောက် မဟုတ်လား။ ဒါကြောင့် ဝတ်လုံကို တရားလွှတ်တော်ချုပ်တင်ဖို့ တိုင်ပင်တော့တာပါပဲ။ ဒါပေမဲ့ ဝတ်လုံက သူ့သိက္ခာ အထိခိုက်မခံနိုင်တော့ဘူးဆိုပြီး ကျွန်တော့်အမှုကို ငြင်းပယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

[illegible] ကျွန်တော်လည်း စိတ်ဆိုးဆိုးနဲ့ အမှတ်ကို ပြန်တောင်းခဲ့ပြီး ဝတ်လုံကို ကျိန်ဆဲခဲ့တာပေါ့ ဆရာရယ်"

ထိုသူက ဆက်လက်၍-

"နောက်ထပ်ဝတ်လုံတစ်ယောက်ကို ထပ်ရှာပြီး တရားလွှတ်တော်ချုပ်ကို အယူခံဝင်လိုက်တယ်။ ဒီတစ်ခါ ငှားလိုက်တဲ့ ဝတ်လုံက ပိုတောင်ဆိုးသေးတယ်။ အယူခံလည်း ရှုံးရသေးတယ်။ စရိတ်စကတွေ မတရားတင်ထားလိုက်တာ ဆရာရယ်။ ကျွန်တော့်မှာ ကြွေးတွေနဲ့ ပိနေတော့တယ် ဆိုပါတော့။ ကျွန်တော် ဒေဝါလီခံဖို့ ရုံးကို လျှောက်လွှာတင်တဲ့နေ့မှာပဲ. ကျွန်တော့်ဇနီးသည်ဟာ သေဆုံးသွားပါတယ်။ ထူးဆန်းတာက အဲဒီအချိန်ကျတော့မှပဲ ကျွန်တော့် ဇနီးသည်ရဲ့တန်ဖိုးနဲ့ သူရဲ့စိတ်သဘောထားပြည့်ဝပုံကို သိရတော့တာပါပဲ ဆရာရယ်"

ထို့နောက်တွင်ကား ကျွန်ုပ်၏ ဧည့်သည်တော်ကြီးသည် သူ၏မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေလေတော့၏။

ဤကဲ့သို့သော ဇာတ်လမ်းများမှာ ကျွန်ုပ်၏ရှေ့မှောက်မှ ဖြတ်သန်းသွားကြသော လူဘဝဇာတ်ခုံအလယ်တွင် ကပြအသုံးတော်ခံသွားကြသည့် တကယ့်အဖြစ်အပျက်များသာ ဖြစ်ပေသည်။

ငုတ်မိသဲတိုင် ပြုလုပ်တတ်သော စိတ်ဓာတ်သည် ဆုံးဖြတ်တတ်ခြင်း၊ ပညာသတိရှိခြင်းတို့နှင့် တွဲဖက်နေပါက အကောင်းဆုံးဟု ဆိုရပေမည်။ သို့သော် ဤအမျိုးအစားများနှင့် ကင်းကွာနေပါမူ ထိုစိတ်ထားသည် ပျက်စီးရာပျက်စီးကြောင်းသို့ရောက်အောင် သွေးဆောင်ပေလိမ့်မည် ဖြစ်၏။

ကျွန်ုပ်၏ ဧည့်သည်တော်ကြီးမှာ ဒုက္ခရောက်ခဲ့ရပြီးသည့် နောက်ပိုင်း၌ အစစအရာရာ သတိ၊ ဝီရိယဖြင့် နှိုင်းချိန်ကြိုးစား လုပ်ကိုင်ခဲ့ရာ ပြန်လည်၍ ကြီးပွားချမ်းသာလာသည်ကို တွေ့ရသဖြင့် ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာစွာ မှတ်တမ်းတင်မိတော့၏။

ကြည်ဝင်း(ဟသ်တ)

ကျမ်းကိုး

(၁) Cheiro's Life, Love and Marriage.

(၂) ဗိုလ်ညွှန့်မောင် သိပ္ပံလက္ခဏာစွယ်စုံကျမ်း။

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟာသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂန္ဓိရပညာပါရမီရှင်

ငွေကြေးပြဿနာ၊ ခေါင်းစားကျန်း၊ ပဲခူး ဒေးဒွန်ပါ၊ သန့်လျှင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အပြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ဦးထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင့် အာမခံ၍ ဆောင်ရွက်သည်။

ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ ည(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နိုလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန့်လျှင်၊ နဲ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၉၉

www.burmeseclassic.com

www.burmeseclassic.com

စောယုနန္ဒာ(မေရင်ခွင်)

သိကြားစမ ၄,စရပြဿ

သိကြားမင်းဆိုသည့် ပုဂ္ဂိုလ်ထူးသည် စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များနှင့် အလွန်အကျွမ်းဝင်သော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါသည်။

ငယ်ရွယ်စဉ် ကလေးဘဝက အမေပြောပြသော အိပ်ရာဝင်ပုံပြင်များတွင် သိကြားမင်းနှင့် ပတ်သက်သည့် ပုံပြင်များကို အလွန်နှစ်သက်စွာ နားထောင်ခဲ့ဖူးပါသည်။ အများကောင်းကျိုးအတွက် ပရဟိတလုပ်ငန်းများကို လုပ်ဆောင်သူအဖြစ်လည်းကောင်း၊ ဗန္ဓုကဓလာ မြေကျောက်ဖျာတင်းသောအခါ လူပြည်၌ မကောင်းမှုပြုသူများကြောင့် မကောင်းသူပယ် ကောင်းသူကယ်သော ပုဂ္ဂိုလ်ကြီးအဖြစ်လည်းကောင်း၊ မိုးတွင်းကာလ မိုးခြိမ်းလျှင် သိကြားနှင့် အသူရာ စစ်ခင်းသည်ဟုလည်းကောင်း အမေပြောပြခဲ့သော ငယ်စဉ်ကာလ အိပ်ရာဝင်ပုံပြင်များထဲမှ ပုဂ္ဂိုလ်ထူးကြီးကို လွန်စွာနှစ်သက်၍ ယုံကြည်အားကိုးစိတ်များ ဖြစ်ပေါ်ခဲ့ရပါသည်။

အရွယ်ရောက်လာသောအခါ သိကြားမင်းသည် တကယ်ရှိသလားဟု တွေးတောကြည့်မိပါသဲ့။ ဘုရားပုထိုးများသို့ ရောက်သောအခါတွင်လည်း ဘုရားပရိဝုဏ်တွင် ဘိုးတော်သိကြားမင်း၏ ရုပ်တုတော်များကို ဖူးတွေ့ရလေသည်။

ရွှေတိဂုံဘုရား စနေထောင့်ရှိ ရခိုင်တန်ဆောင်းအနီးတွင် ဘိုးတော်သိကြားမင်းပုံကို ရွှေတိဂုံဘိုးဘိုးကြီးပုံတော်နှင့် အတူ စိတ်နလုံးချမ်းမြေ့ဖွယ်ရာ ဖူးတွေ့ရပါသည်။ ဗုဒ္ဓဝင် ဇာတ်နိပါတ်တော်တို့တွင်လည်း သိကြားမင်းနှင့်ပတ်သက်သော အကြောင်းအရာများကို များစွာတွေ့ရှိခဲ့ရသည်။

ဗုဒ္ဓဘာသာဝင်များ အလှူအတန်းပြုရာတွင်လည်းကောင်း၊ တရားတော်များ ရွတ်ဖွဲ့ပူဇော်ကြရာတွင်လည်းကောင်း၊ ဘုရားတည် ကျောင်းဆောက်သော အမှုများတွင်လည်းကောင်း သိကြားမင်းနှင့်တကွ နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့အား ဝိုင်းဝန်းကူညီစောင့်ရှောက်ကြပါရန် တိုင်တည်ကြသည်ကိုလည်း ကြားဖူးကြပါသည်။

ဤကဲ့သို့ တန်ခိုးကြီးမားသော ပုဂ္ဂိုလ်ထူးကြီးအား စာရေးသူသည် ယုံကြည်ခြင်း၊ အားကိုးခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် ကောင်းမှုပြုလုပ်၍ အမျှဝေရာတွင် သိကြားမင်းကြီးအား အမြဲမပြတ် အမျှပေးဝေခြင်းဖြင့် စာရေးသူ၏ စိတ်နလုံးတွင် သိကြားမင်း အမြဲရှိနေခဲ့သည်။

ဗေဒင်ပညာကို ဝါသနာပါသော စာရေးသူ ဗေဒင်ပညာကို သင်ကြားခွင့်ရရန် စတင်ကြိုးစားစဉ်ကဖြစ်သည်။ ဗေဒင်သင်တန်းဖွင့်လှစ်သောအခါတွင်လည်း လုပ်ငန်းများ မအားလပ်သည့်ကြားမှ အချိန်ယူ၍ တက်ရောက်သင်ကြားပါသည်။ သင်တန်းတွင် မိတ်ဆွေသစ်များစွာကို တွေ့ဆုံခဲ့ရသည်။ ယခုမှ စတင်၍ သင်ကြားသူများ၊ အတန်အသင့် တတ်မြောက်ပြီးသူများ၊ ဟောပြောမှုစတင်နေသောသူများနှင့် မိတ်ဆွေဖြစ်ကြပါသည်။ ဆရာများ၏ သင်ကြားမှုများကို မှတ်သားနာယူရုံမျှမက စာရေးသူထက် ပညာအရာသာသူများကိုလည်း ဆရာတင် သင်ကြားရပါသည်။

ထိုအချိန်က စာရေးသူနှင့် ခင်မင်သော အစ်မတစ်ယောက် ရှိလေသည်။ ထိုအစ်မသည် ဗေဒင်ပညာတွင် စာရေးသူထက် ပိုမိုနားလည် တတ်ကျွမ်းသဖြင့် ဆရာတင်ကာ ဆွေးနွေးပညာယူရပါသည်။ ထိုအစ်မ သင်ကြားပေးခဲ့သော သောကြာသတ်ရောက်အကြောင်းတွင် သိကြားစမတိုင်အကြောင်းကို ကောင်းစွာမှတ်မိခဲ့ပါသည်။

ယခုအချိန်တွင် စာရေးသူသည် ဗေဒင်ပညာဖြင့် ဟောပြောမှုကို ပြုလုပ်သည်မှာ နှစ်အတန်ငယ်ကြာခဲ့ပြီ ဖြစ်ပါသည်။ တစ်နေ့တွင် ခင်မင်ရင်းနှီးရှိသော မိတ်ဆွေတစ်ယောက်သည် စာရေးသူထံ လာရောက်ဗေဒင်မေးပါသည်။ မေးသည့်အကြောင်းအရာမှာ စီးပွားရေးဖြစ်လေသည်။

စာရေးသူက စီးပွားရေးနှင့်ပတ်သက်၍ ဟောပြောပေးပြီး လုပ်ဆောင်ရမည့် ယဘုာများကိုလည်း ပြောပြပေးလိုက်ပါသည်။ သို့သော် မိတ်ဆွေမှာ မပြန်သေးဘဲ ရှိနေသည်။ စာရေးသူက ဘာများသိချင်သေးသလဲဟု မေးသောအခါ

www.burmeseclassic.com

www.burmeseclassic.com

သီချင်းဆုံးမှာ ဘယ်တော့ကားဝယ်နိုင်မလဲဟု ဆိုပါသည်။ စာရေးသူ တွက်ချက်ကြည့်သောအခါ သောကြာသောကြာရောက်တွင် ရှိနေသည်ကို တွေ့ရပါသည်။

၁
၄
၃
၂
၂
၁
၇
၆

မိတ်ဆွေ၏အခြေအနေမှာ ကားဝယ်နိုင်သည့် အခြေအနေတွင် မရှိပါ။ သို့သော် သူသည် ကားအလွန်စိုးရိမ်သည်။ ကားဝယ်နိုင်အောင် လုပ်ပေးပါဟုသာ ဆုတောင်းပြောနေလေသည်။ စာရေးသူ စဉ်းစားရပြီ။ မည်သည့်ယတြာပေးရလျှင် အကောင်းဆုံးဖြစ်နည်းဟု တွေးကြည့်သော် ပေးသင့်သည့် ယတြာကို စဉ်းစားမိလေသည်။ သောကြာသက်တော် ရှိနေသူအား သိကြားစမ ထွန်းခိုင်းရန်ပင် ဖြစ်သည်။

ထို့ကြောင့် စာရေးသူက ယတြာတစ်ခု ပေးသည်။ သို့သော် သေသေချာချာ စိတ်ရှည်လက်ရှည် လုပ်ရလိမ့်မည်။ သဒ္ဒါတရားထက်သန်ရှိပေါ်တွင် အာရုံစူး၍ အကျိုးပေးလိမ့်မည်။ စိတ်ရှည်လက်ရှည် လုပ်နိုင်မည် လားဟုမေးရာ လုပ်နိုင်ပါသည်ဟု ဖြေသည်။ ကောင်းပါပြီ။ ဤသို့ဆိုလျှင် ထိုယတြာ ပြောပြလိုက်ပါသည်။

ကြာသပတေးနေ့ (သို့မဟုတ်) တနင်္ဂနွေနေ့ အာဇာစော (၅း၀၀)နာရီခန့်တွင် သိကြားမင်း ကန်တော့ပွဲ ပြင်ရပါမည်။ သိကြားမင်းကန်တော့ပွဲ ဌာပနာသီးဖီးကြမ်း မှည့်မှည့်ဖျော်ဖျော် (၁၀) ခွက်ကို အခွံနှာ၍ ပန်းကန်ပြားတစ်ချပ်တွင် စီ၍ထည့်ပြီး ထပ်၍ထည့်လျှင်လည်း ရပါသည်။ ထိုဌာပနာများကို သကြားဖြင့် လုံအောင် ဖုံးပါ။ ထို့နောက် ပုံတွင်ပြထားသော သိကြားမင်းစမအင်းဖယောင်းတိုင်တွင် ပတ်ပါ။ ထိုဖယောင်းတိုင် သကြားဖုံးထားသော ဌာပနာသီး၏ အလယ်တွင် စိုက်ထူပါ။ ထို့နောက် သောက်တော်ရေ တစ်ခွက်နှင့် အတူ ဌာပနာပွဲအား သိကြားမင်းထံ ကပ်လှူ၍ စမတိုင်ကို မီးထွန်းကပ်လှူပါ။ ပြီးလျှင် အောက်ပါ ဘိုးသိကြားဂါထာကို ရွတ်ဆို၍ ပူဇော်ပါ။

ဥံ..အရဟံ အာသောဘာဝ
ဝိဇ္ဇာစရဏသမ္ပန္နံ
မဟန္တံဝိသာရဒတံ
သြောင်း..ကုဒ္ဓိဝိဒံ ဒိဗ္ဗသောတံ
ပရိစိတ္တ ဝိဇာနနံ
ပုဗ္ဗေနိဝါသာနုဿတိ
ဒိဗ္ဗစက္ခုတိ ပဋိဟာ
အာသဝက္ခယာ ဝယံဟောတု။



www.burmeseclassic.com

www.burmeseclassic.com

ဤသည်ကား သိကြားစမထွန်းညှိပူဇော်နည်းပင် ဖြစ်ပါသည်။

စာရေးသူက စမထွန်းနည်းကို ပြောကြားပြီးသော် မည်မျှကြာအောင် ပြုလုပ်ရမည် ဆိုသည်ကိုတော့ မပြောလိုပါ။ မိမိ၏ လုံ့လ,ဝီရိယနှင့် ယုံကြည်မှုသဒ္ဓါတရားထက်သန်မှုတို့ အပေါ်မူတည်၍ အောင်မြင်မှုရနိုင်ပါသည်ဟုသာ ပြောပြလိုက်ပါသည်။

မိတ်ဆွေလည်း အားတက်သရောဖြင့် ယုံယုံကြည်ကြည် လုပ်ဆောင်ပါမည်ဟုပြော၍ ပြန်သွားလေသည်။

လူလောကသဘာဝအရ မိုးသောက်မှ နေဝင်သည် အထိ သွားလာလှုပ်ရှားကြရင်း ရက်မှ လသို့ ကူးပြောင်းခဲ့ကြသည်။

နေ့တစ်နေ့၏ နံနက်ပိုင်းတွင် စာရေးသူ၏ အိမ်ရှေ့သို့ ကားတစ်စီး လာရပ်သည်။ စာရေးသူ ကြည့်မိသည့်အခိုက်တွင် ကားမောင်းသူမှာ စာရေးသူ၏မိတ်ဆွေ ဖြစ်နေသည်။ ကားပေါ်မှ အားရဝမ်းသာနှင့် ဆင်းလာပြီး စာရေးသူ၏ အိမ်ပေါ်သို့ ပြေးတက်လာကာ "ဆရာမရေ..ကျွန်တော့်ကို သိကြားမင်း မ,စပြီ၊ သိကြားစမ တန်ခိုးပြပြီ" ဟု ပြောပါသည်။

မိတ်ဆွေ၏နောက်တွင် သူ၏ဇနီးသည်က လက်ဆွဲအိတ်များဆွဲလျက် ပြုံးပြုံးရွှင်ရွှင်နှင့် တက်လာပါသည်။ မိတ်ဆွေဇနီးမောင်နှံကို မြင်ရသည့်အခိုက်တွင် စာရေးသူပါ အပျော်များ ကူးစက်သွားပါ၏သည်။

အိမ်ပေါ်သို့ရောက်ပြီးနောက် အကြောင်းစုံကို ပြောပြရာတွင် စမတိုင်ကို တနင်္ဂနွေနေ့ နံနက်(၅)နာရီအချိန်တွင် စာရေးသူပြောပြသကဲ့သို့ ဘိုးသိကြားပွဲပြင်၍ စမတိုင်ထွန်းညှိခြင်းကို ကိုးလခန့် ကြာမြင့်သည်အထိ လုပ်ဆောင်ခဲ့ကြောင်း၊ ထိုသို့လုပ်ဆောင်နေစဉ်အတွင်း တစ်နေ့သ်၌ သူနှင့် ခင်မင်သော ငယ်သူငယ်ချင်းနှင့် မြို့ထဲ၌ တွေ့ဆုံမိလေသည်။

ထိုသူသည် ကားများ ဝယ်ရောင်းလုပ်ခြင်း၊ ကားစလစ်များ ဝယ်ခြင်းကို ပြုလုပ်သူဖြစ်သည်။ ယခုအခါတွင် ကားအရောင်းပြခန်း ဖွင့်လှစ်ခွင့်ရရှိပြီး၍ ဖွင့်လှစ်ရန် ပြင်ဆင်နေသူ ဖြစ်သည်။

ကားအလွန်လိုချင်နေသော မိတ်ဆွေက သူ၏ သူငယ်ချင်းဖြစ်သူအား ရင်တွင်းမှ စကားများကို ဖွင့်ပြောမိလေသည်။ မည်မျှအပြောကောင်းသည်မသိ ငယ်သူငယ်ချင်းဖြစ်သူ ကြွေကျသွားတော့သည်။ မိတ်ဆွေအား သူ၌ရှိသော 2C..... ကားလတ်တစ်စီးအား ပေါက်ဈေးဖြင့် ရောင်းမည်ဟု ပြောပါသည်။ ထိုကားဈေး တန်ဖိုးတစ်ဝက်ကို ချေး၍ ကျန်ငွေအား လစဉ် အရစ်ကျဆပ်နိုင်သမျှ ဆပ်ပါမည်ဟု ပြောလေသည်။

မိတ်ဆွေ၏ ပျော်ရွှင်မှုကား ပြောမပြတတ်အောင်ပင် ဖြစ်သည်။

အိမ်သို့ပြန်၍ ဇနီးသည်နှင့်တိုင်ပင်ကာ ကားဖိုးချေးကြိုးစားကြသည်။ ဇနီးသည်က ဌာနတစ်ခုမှ လခစားဝန်ထမ်းတစ်ဦး ဖြစ်သည်။ မိတ်ဆွေက ကိုယ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်သည်။ စုဆောင်းထားသောငွေနှင့် ရွှေတိုရွှေစလေးများ ရောင်းချပြီး ကားဖိုးကို နိုင်ရန် တွက်ကြသည်။ ကားဖိုးကို (၇၅)ရာခိုင်နှုန်းပေးချေနိုင်ကြလေသည်။ ကျန်ငွေအား လစဉ် ပေးချေရန် သဘောတူကြသည်။

ငယ်သူငယ်ချင်းဖြစ်သူက ကားစာအုပ်၊ ကားသော့နှင့်တကွ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းကိုပါ ပေးအပ်လိုက်လေသည်။ အလွန်လိုချင်သော မော်တော်ကား ရရှိသွားပါလေသည်။ မည်သို့ပင်ဖြစ်စေ ထိုမိတ်ဆွေသည် အမှန်တကယ် ကားပိုင်ရှင် ဖြစ်သွားပါတော့သည်။

မိတ်ဆွေတို့ ဇနီးမောင်နှံသည် ပါလာသည့် လက်ဆွဲအိတ်များကို စာရေးသူ၏ရှေ့ချ၍ ဆရာမကို ကျေးဇူးတင်လိုပါ။ ပါးစပ်နှင့် ကျေးဇူးတင်၍ မသင့်လျော်သဖြင့် အစာတရအဖြစ် ယူလာသောလက်ဆောင်ကို လက်ခံပါဟုဆိုလေသည်။

စာရေးသူ ဝမ်းသာပီတိဖြစ်ရပါသည်။ မိမိတို့ကျွမ်းသောပညာဖြင့် တစ်ပါးသူ၏ စိတ်ချမ်းသာမှုကို ဖြစ်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိပါသည်။ နောင်တွင်လည်း ခုနစ်ရက်သားသမီးများ၏ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်သူ ဖြစ်ပါစေဟု ဆုတောင်းပါသည်။

ဘိုးသိကြားမ,၍ တိုးပွားကြပါစေဟုလည်း မေတ္တာထား၍ ရေးသားလိုက်ရပါသည်။

(၇)ရက်သားသမီးများ ကျက်သရေတိုး၍ ရောက်ကင်းရှင်းကြပါစေ။

မေတ္တာရှိ

စောယုနန္ဒာ(ခေမ့်ရင်ခွင်)

www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြေဆင်သုတ ရကြပါစေ

မင်းဇနပထွန်း(ကန့်ဘလူ)

"ကလေးနာမည် ရွေးချင်လို့ပါ"

စားပွဲရှေ့ ဝင်ထိုင်ထိုင်ချင်း အမျိုးသမီးကြီးက ပြောပါတယ်။ သူ့ကို ကြည့်လိုက်တော့လည်း အသက်(၅၀)ကျော် (၆၀)နီးပါး မြေးအတွက်ပဲ ဖြစ်လိမ့်မယ်လို့ ယူဆပြီး-

"ကလေးရဲ့ မွေးသက္ကရာဇ်၊ အချိန်၊ နာရီနဲ့ အဖေ၊ အမေ နာမည်လေး တစ်ဆိတ်ကျေးဇူးပြုပါ"လို့ ကျွန်တော် မေးရတော့တာပေါ့။

ဒီတော့ သူနဲ့အတူပါလာတဲ့ အသက်(၂၅)ဝန်းကျင်ခန့် သူငယ်က-

"အဖေနာမည်က ဦးရန်အောင်စိုးပါ။ အမေနာမည်က ခေါဉမ္မာပါ။ မွေးဖွားသက္ကရာဇ်ကတော့ (၁၃၇၆)ခုနှစ်၊ ဖြူလိလဆန်း (၁၀)ရက် အင်္ဂါနေ့၊ မနက်(၁၀)နာရီဝန်းကျင်ပါ။ ယောကျ်ားလေး"လို့ အစီအစဉ်တကျ ပြောပြလာပါတယ်။ အာဂကောင်လေးပါပဲ။

သူကလေးများ ဖြစ်နေလေမလားလို့လည်း စိတ်ထဲက စဉ်းစားနေမိတုန်း-

"ကျွန်တော့်တူလေးပါ။ မမက ဆရာကြီးဆီမှာ ဗေဒင် သင်ယူးတယ်လို့ ပြောပါတယ်။ ဟို...လက်ထပ်ရက် ရွေးတာတဲ့။ ခု အဲဒါ..."

"သြော်...အေး...အေး၊ အေး...အေး၊ ဆရာ သဘောပေါက်ပြီ။ ဒါကြောင့် နည်းမှန်လမ်းမှန် အစီအစဉ်တကျ သုစ်ကိုင်ဆောင်ရွက်တာကိုး။ မင်းအစ်မက ခေါဉမ္မာပေါ့"

"ဟုတ်ကဲ့ဗျ။ မမကပြောတယ်၊ ဆရာကြီးက ကလေးကို ရက်(၁၀၀)ပြည့်နေ့မှာ အမည်ပေးတာ အကောင်းဆုံးဆိုလို့ အခု ရက်(၁၀၀)ပြည့်ဖို့ (၇)ရက်လောက်ပဲ လိုတော့တာမို့ မမက ဆရာကြီးဆီ လွှတ်တာပါ။ ပြီးတော့ မမနဲ့ခစ်ကို(သူယောက်ဖ)က သူတို့ အစမ်းမှည့်ထားတဲ့နာမည်ဆောင်း,မကောင်း မေးခဲ့ဖို့လည်း မှာလိုက်ပါတယ်။ အဲဒီနာမည် ကောင်းနေတယ်ဆိုရင်လည်း ဆရာကြီးဆီက ဒီအတိုင်းကောင်းတဲ့နာမည်ကို ရချင်ပါသေးတယ်တဲ့"

လူငယ်က သွက်လက်ချက်ချာစွာ ပြောပြနေပေမယ့် သူ့အစ်မ ခေါဉမ္မာဆိုတာကို ကျွန်တော့်အတွေးမှာ မပေါ်လာသေးပါ။

လူပေါင်းများစွာကို လေ့လာဆည်းပူးထားတဲ့ ဗေဒင်ပညာနဲ့ အကြံပေးလမ်းညွှန်မှု ပေးခဲ့သည်ကလည်း ကြာလာတော့ တစ်ခါတစ်ရံ ဗေဒင်မေးပရိသတ်ရဲ့ နာမည်၊ ပုံပန်းသဏ္ဌာန်တို့ကို ရုတ်တရက် မမှတ်မိတတ်တော့ပါ။ ပြန်မပေါ်တတ်တော့ပါ။

"မင်းမမတို့ ပေးထားတဲ့ နာမည်က ဘယ်သူတဲ့လဲ"

"မောင်စိုးသက်နိုင်တဲ့ ဆရာကြီး"

လူငယ်ရဲ့စကားကြောင့် ကျွန်တော်ပြုံးလိုက်မိပါတယ်။ ဒီကနေ့ ဗေဒင်ဝါသနာရှင် အများစုဟာ သူတို့နည်း သူတို့ဟန်နဲ့ နာမည်ပေးနေတတ်ကြတာ များလာပါပြီ။ ဗေဒင်အသိပညာပေး မဂ္ဂဇင်းဆောင်းပါးတွေရဲ့ ကျေးဇူးပဲလို့လည်း ဆိုနိုင်ပါတယ်။ ဒါပေမဲ့ စည်းကမ်းတကျ နည်းလမ်းတကျ မဖြစ်တဲ့ နာမည်တွေလည်း တွေ့တွေ့နေရပါတယ်။ ခုလည်း တွေ့ရပြန်ပါပြီ။ ဒါကြောင့် ကျွန်တော် ပြုံးလိုက်မိတာပါ။

ကြည့်လေ၊ အင်္ဂါနေ့ဖွား ကလေးတစ်ယောက်ကို မွေးနံ့အင်္ဂါ အရင်းလုံး (စိုး)ထားပြီး အင်္ဂါဝိဇ္ဇာနေနံ့တိုင်ရဲ့ ပဌပွတ် နဝင်းဖြစ်တဲ့ စနေအဖျားလုံး (နိုင်)လို့ အစမ်းနာမည်ပေးထားတာ မှားတယ်လို့ ပြောလို့မရဘူးပေါ့။ ဘာကြောင့်လဲဆိုတော့ အစမွေးနံ့ အရင်းခံ အုပ်ခံပဌပွတ်၊ ထိုနာမည်များမှည့်ချိန်ထား ကြီးပွားမှုမန်မချုတ်လို့ ပညာရှင်ကြီးတွေက နည်းဥပဒေ ထုတ်ပေးသွားကြတာကိုး၊ ရှိထားကြတာကိုး။ ဒီတော့ မှားတယ်လို့ ဘယ်ပြောလို့ရမလဲ။

ဒါပေမဲ့-

ဒါပေမဲ့ ပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်တိုင်းမှာ မြှုပ်ကွက်လို့ခေါ်တဲ့ တိမ်မြုပ်နေတဲ့ အခြားပညာရပ်ဓာတ်မျိုးဟာ ရှိနေတတ်စမြဲပါ။ အဲဒါကို မသိရှိ မလေ့လာဘဲ တစ်မည်သို့၊

www.burmeseclassic.com

နှစ်မည်သိနဲ့ လက်တည့်စမ်းရင် တကယ်အထိနာတတ်ကြပါတယ်။



(နေနံတိုင်)

ခုလည်း ကြည့်လေ။ ဦးရန်အောင်စိုးရဲ့သားလေး အဖေနာမည်(စိုး)ကို ဂုဏ်ပြုရင်း မောင်စိုးသက်နိုင်လို့ နာမည်အစမ်းပေးထားသတဲ့။ အင်္ဂဝိဇ္ဇာမွေးနံတိုင် တစ်ခုတည်း ကြည့်ပြီး၊ သိပြီး မှည့်ကြည့်လိုက်ကြဟန်တူပါတယ်။ ဒါပေမဲ့ မူလမဟာဘုတ်နဲ့ နာမက္ခရတိုင်တွေမှာတော့ ဓောက်ထိဓောက်ထိုး အနိဋ္ဌတွေ ပျိုးထောင်ထားမိကြတယ်လေ။



မူလမဟာဘုတ်
(၁၃၇၆)ခုနှစ်



နာမက္ခရတိုင်

မဟာဘုတ်အိမ်မှာ အထွန်းအိမ် အင်္ဂါ(စိုး)ကနေပြီး မရဏအိမ် စနေ(နိုင်)ကို ဓောက်ထိုးဆင်းသွားတဲ့ စိုးသက်နိုင်ဖြစ်နေတယ်။ ဓောက်ထိုး မရဏဆိုမှတော့ ဒီနာမည် ဘယ်လိုလုပ်ပြီး ကောင်းလာနိုင်စရာ ရှိတော့မလဲ။ ကြီးပွားတိုးတက်ချမ်းသာဖို့ဆိုတာ မျှော်မှန်းလို့မရတဲ့နာမည် ဖြစ်နေပြီ။ အရာရာမှာ ဟုတ်မလိုလို၊ ကောင်းမလိုလို၊ ဖြစ်မှလိုလိုနဲ့ နောက်ဆုံး အဖျားရှူးသွားတတ်တဲ့ နာမည်မျိုးပဲ။ ဘဝမှာ ဓောက်ထိဓောက်ထိုးပေါ့။

နာမက္ခရတိုင်ကို ကြည့်လိုက်ပြန်တော့လည်း တိုင်ထိပ် အင်္ဂါက လက်ဝဲအမှတ်(၂) စနေဆီကို ဓောက်ထိုးပဲ ဆင်းသွားတဲ့နာမည် ဖြစ်နေတယ်။ ဘယ်မှာကောင်းတော့မလဲ။ နာမည်အဖျားလုံး လက်ဝဲဘက်ရှိသူတွေဟာ လောကကို ပျော်ညည့်စွာရင်ဆိုင်ဖြတ်သန်းပြီး ပင်ပန်းရတတ်တဲ့လူမျိုးတွေ ဖြစ်တတ်တယ်။ ဒီတော့ ဒီအမည် စိုးသက်နိုင် လုံးဝမမှည့်သင့်ဘူး။ အနိဋ္ဌဆိုးကျိုးတွေကို စတင်ပျိုးထောင်ပေးလိုက်တဲ့နာမည် ဖြစ်နေတယ်။

အနိဋ္ဌဆိုးကျိုးတွေကို စတင်ပျိုးထောင်ပေးလိုက်တဲ့ နာမည်ဆိုတော့ အနာဂတ်မှာ ဒီထက်ဆိုးတဲ့ကိစ္စ၊ ပြဿနာတွေ ပေါ်လာစေနိုင်တာပေါ့။ ရောက်သက်နှစ် တစ်နှစ်နှစ်မှာ နာမည်အရင်းလုံး၊ အဖျားလုံးတွေဟာ နိစ်နဲ့ ပြလည်မိနေမယ်။ အခြားအဆိုးက် တစ်ခုခု ကြုံနိုင်တဲ့ အလှုပ်အရှားလည်း ရှိလာမယ်ဆိုရင်တော့ သွားပြီပေါ့။ ကျွမ်းထိုးမှောက်ခုံ။





တလောကပဲ ဆယ်တန်းကျောင်းသား မောင်မြတ်မင်းကျော်ဆိုတဲ့ကလေး ပုဂံကို ဘုရားဖူးလိုက်သွားရင်း လမ်းမှာ ကားမှောက်ပြီး ခါးရိုးမျက်သွားရတယ်။ ခုထိ ခါးက စောင်းတောင်းတောင်းပဲ ရှိသေးတယ်။ ပြန်ပြီး ကောင်းမလာသေးဘူး။

ဖြစ်ပုံက သူတို့ရဲ့ စခန်းသွင်းဘော်ဒါကျူရှင်က ကျောင်းသားကျောင်းသူတွေကို ပုဂံလေ့လာရေးခရီး ပို့တယ်လေ။ မောင်မြတ်မင်းကျော်လည်း လိုက်ပါသွားတာပေါ့။ လမ်းမှာ ကားတစ်စီးနဲ့တစ်စီး အပြိုင်ကျော်အတက် မောင်မြတ်မင်းကျော်တို့ ကားက လမ်းဘေးထိုးကျသွားတယ်။ ဖြစ်ချင်တော့ အဲဒီအချိန်မှာမှ မောင်မြတ်မင်းကျော်က ကားအတက်ပေါက်ထိုင်ခုံမှာ စီးခဲ့တာဆိုတော့ ကားထယမ်းခါပြီး လမ်းဘေးထိုးကျတော့ မောင်မြတ်မင်းကျော်လည်း ကားအပြင်ဘက်ကို ဒိုင်ဗင်ထိုးကျသွားသလို ဖြစ်ရပေါ့။

အခြားကလေးအချို့ ပွန်းပဲ့ထိခိုက်ရုံဖြစ်ပေမဲ့ မော

www.burmeseclassic.com

မြတ်မင်းကျော်ကတော့ ခါးက စောင်းသွားတယ်။ ခါးမျက်သွားတယ်။ ကားပေါ်မှာပါလာတဲ့ ဒဏ်ကျေလိမ်းဆေးလိမ်းပြီး ခရီးဆက် ခရီးတစ်လျှောက်လုံး ခါးစောင်းစောင်းနဲ့ လိုက်ပါလာခဲ့ရတယ်။ ခုထိ မပျောက်သေးဘူးလေ။

အဲဒီမှာ မောင်မြတ်မင်းကျော်ဆိုတဲ့ ကလေးက ကြာသပတေးသား။ အစမွေးနံ အရင်းခံ အုပ်ရန် ပဉ္စပွတ်နဲ့ ညှိထားတဲ့နာမည်။ အိန္ဒဆိုးကျိုးတွေကို အစပျိုးဖိတ်ခေါ်လာခဲ့တဲ့ နာမည်ပေါ့။ ကျန်တဲ့နှစ်တွေ,နှစ်တွေမှာ ဘာမှဖြစ်ခဲ့ပေမယ့် နာမည်အရင်းလုံးနဲ့ အဖျားလုံး (နိစ်) (ပြ) စီတဲ့ အသက်(၁၇)နှစ်အရွယ်မှာ ပုဂံဆိုတဲ့ ဆိုးကျိုးဖြစ်ဖို့ ခရီးကို သွားလိုက်မိလေတော့ ကားမောက်ပြီး ခါးချွတ်သွားလေရော။ ကိုက်ဆိုင်မှုပါလို့ဆိုမလား ဖြစ်သွားတာတော့ အမှန်ကနံပဲပေါ့။ ဒါ လက်တွေ့ပဲ။

မောင်မြတ်မင်းကျော်လို နာမည်အသင့်အတင့် ကောင်း



မူလမဟာဘုတ်

ဆေးလိမ်းရတိုင်



မွေးနံတိုင်



(သက်ရောက်ကာလ နိစ်ပြကြိုးများဖိပုံ)

မွန်မှန်ကန်နေသူ တစ်ယောက်အဖို့ မွေးနံအင်္ဂါတိုင်မှာ အစမွေးနံ အရင်းခံ အုပ်ရန်ပဉ္စပွတ် မှည့်ခေါ်ထားမိတာနဲ့ နှစ်တစ်နှစ်မှာ နာမည်အရင်းလုံး အဖျားလုံး လှုပ်ရှားသွားလာတဲ့အရပ်ဒေသ ပုဂံ၊ ကြုံတွေ့ရတဲ့ အဖြစ်အပျက်၊ ကားမောက်၊ ခံစားရတဲ့ဝေဒနာ(ခါးမျက်)တွေဟာ အားလုံး နိစ်+ပြကြိုး မိသွားလေတော့ အနှဉ်ဆိုးကျိုးတွေ ဖြစ်သွားလေတော့-

အခု ဦးရန်အောင်စိုး၊ ခေါ်ဥမ္ဘာတို့ အစမ်းပေးထားတဲ့ မောင်စိုးသက်နိုင်လို မဟာဘုတ်မှာလည်း ဓောက်ထိုးအင်္ဂါ၊ နာမက္ခရတိုင်မှာလည်း ဓောက်ထိုးအင်္ဂါ ဖြစ်နေတဲ့အပြင် မွေးနံအင်္ဂါတိုင်မှာလည်း အစမွေးနံ အရင်းခံ အုပ်ရန်ပဉ္စပွတ်နည်းနဲ့ နာမည်မှည့်ခေါ်ထားလေတော့ အဲဒီနာမည် မမှည့်သင့်၊ မမှည့်ထိုက်၊ မမှည့်အပ်တဲ့ နာမည်မျိုး ဖြစ်တယ်လို့ ကောက်ချက်ဆွဲ ပြောပြရတော့တာပေါ့။ နာမည်အသစ်ရွေးပေးပြီး ဥဏ်ပူဇော်ခကြေး ရလိုလို့ မဟုတ်ကြောင်းလည်း ပြောပြရတော့တာပေါ့။ သူတို့ကလည်း ခေါင်းညိတ်လက်ခံကြပါတယ်။

တကယ်တော့ ဆရာကြီးပေးမယ့် နာမည်ကိုသာ အဓိကထားပြီး ရချင်တာပါ ဆရာကြီး။ သူတို့ အစမ်းပေးကြည့်တဲ့ နာမည်ကလည်း သူ့အဖေနာမည်ထဲက (စိုး)ဆိုတဲ့ စာလုံးလေး ပါချင်တာပေါ့။ ဆရာကြီး ကောင်းသလို၊ သင့်သလိုသာ နာမည်ရွေးပေးစေချင်ပါတယ်လို့ တစ်ချိန်လုံးလုံး ကျွန်တော်ရှင်းပြသမျှ ခေါင်းတညိတ်ညိတ် နားထောင်နေတဲ့ အမျိုးသမီးကြီးက ပြောဆိုလာလေတော့ ကျွန်တော် ပျော်သွားပါတယ်။

ဘာကြောင့်လဲဆိုတော့ မင်းကောင်းတာပယ် ကောင်းရာရှယ်မှသာ ဒီကလေးရဲ့အနာဂတ် လှပတဲ့ဘဝကို ပိုင်ဆိုင်ခွင့် ရသွားစေမှာမို့ပါ။

ဗေဒင်ဝါသနာရှင်အများစုဟာ တစ်မည်သိ၊ နှစ်မည်သိနဲ့ စမ်းသပ်နာမည် မှည့်ခေါ်ချင်ကြတာ ခမ္မတာပါပဲ။ အချို့နည်းဗျူဟာတွေက မကျွမ်းကျင်ရင် အန္တရာယ်ဖြစ်တတ်တယ်ဆိုတာ မီးမောင်းထိုးပြချင်တဲ့ဆန္ဒနဲ့ ဒီဆောင်းပါးကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

ဗေဒင်ဝါသနာရှင် အပေါင်းတို့ ဆင်ခြင်နိုင်တဲ့သုတရကြပါစေလို့ စောဒနာပြုလိုက်ရပါတယ်ခင်ဗျား။

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်

မင်းဇနပတ္ထန်း(ကန့်ဘလူ)

www.burmeseclassic.com

www.burmeseclassic.com

ကာသိဖွားနှင့် ရာသီလက် ထူးခြားချက်

ဆရာကံထူး(ဝေဒသုတောသီ)

ဂန္ဓီရုပရိသတ်ထဲမှ ဗေဒင်ဝါသနာရှင်များ မကြာခဏ မေးလေ့ရှိတဲ့ ဗေဒင်ဝေါဟာရလေး နှစ်ခုရှိပါသည်။ ရာသီဖွားနှင့် ရာသီလက်ပါ။

'ဆရာ..သမီး တစ်ခုလောက် မေးချင်လို့ပါ ဆရာ'လို့ ခွင့်တောင်းစကား နိဒါန်းခံထားပြီး 'ရာသီဖွားနှင့် ရာသီလက်က အတူတူပါလား ဆရာ'လို့ မေးလာသူတွေ ရှိသလို 'မတူပါလား ဆရာ'လို့ မေးလာသူတွေလည်း ရှိပါသည်။

ရာသီဖွားနှင့် ရာသီလက်မှာ ရာသီဆိုတဲ့ စကားလုံးက နှစ်ခုလုံးမှာ အတူတူ ပါဝင်နေတဲ့အတွက် တူညီပါသည်။ ထို့ကြောင့် ယင်းတူညီမှုကို အဓိကစွဲကိုင်ပြီး အတူတူပါလား ဆရာလို့ မေးကြခြင်း ဖြစ်ပါသည်။ တစ်ခုက ဖွား၊ ကျန်တစ်ခုက လက်ပေမို့ ဖွားနှင့် လက်ကတော့ မတူညီပါ။

ထို့ကြောင့် ယင်းမတူညီမှုကို အဓိကစွဲကိုင်ပြီး မတူပါလား ဆရာလို့ အချို့က မေးကြပါသည်။

ဖွားနှင့် လက်ဆိုတဲ့ နောက်စကားနှစ်လုံး မတူကွဲပြားနေ၍ မတူညီသည်ကား ထင်ရှားပါ၏။ ထို့ကြောင့် မေးလာသူတိုင်းကို မတူညီပါဘူးလို့ ဖြေလိုက်ပါသည်။ မတူညီတာ ထင်ရှားနေပါလျက် အတူတူပါလားလို့ မေးခြင်းသည် မတူကွဲပြားတာကို မသိလို့မေးခြင်း မဖြစ်နိုင်။ တစ်ခုခုနှင့် နှိုင်းယှဉ်စဉ်းစားစရာရှိနေလို့ မေးလာခြင်းသာဖြစ်မည်ဟု စာရေးသူ သဘောပေါက်မိ၏။ မတူပါလားဆရာလို့ မေးလာသူတို့လည်း ထိုနည်းလည်းကောင်းပင် အခြားတစ်ခုခုနှင့် နှိုင်းယှဉ်လို၍ မေးခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် 'ရာသီဖွားဆိုတာက သမီးရယ်..တနင်္ဂနွေဂြိုဟ် ရပ်တည်တဲ့ ရက်ကာလနဲ့ သတ်မှတ်ထားတာပါ။ ဥပမာ-ကုမ်ရာသီ တပို့တွဲလို့ ဆိုကြတဲ့အတိုင်း တပို့တွဲလ ရာသီကို ကုမ်ရာသီလို့ခေါ်တယ်။ အင်္ဂလိပ်ရက်နှင့် ပြောရင် ဖေဖော်ဝါရီလ (၁၃)ရက်ကနေ မတ်လ(၁၂)ရက်အတွင်းပါ။ အဲဒီကာလအတွင်းမှာ မွေးဖွားလာသူတွေကို ကုမ်ရာသီဖွားလို့ ဗေဒင်ပညာက သတ်မှတ်ပါတယ်။ ရာသီလက် ဆိုတာကတော့ တနင်္ဂနွေဂြိုဟ် တစ်လုံးတည်းကြည့်ပြီး သတ်မှတ်တာ မဟုတ်ဘူး။ မွေးချိန် မွေးဒေသရဲ့ ဆိုင်ရာ လောင်ဂျီတွန်းလတ္တီတွဒ်တွေနှင့် အတိအကျ ထွက်ထုတ်ထားတဲ့ ဘဝသက်တမ်းပါ။ မတူပါဘူး'လို့ ရှင်းပြလိုက်ပါသည်။

သို့သော် ဤအကြောင်းကို ဆောင်းပါးရေးသားပြီး တင်ပြဖို့ရန် မလိုအပ်ဟုပင် ကိုယ်ဘာသာဆုံးဖြတ်မိ၍ မရေးဖြစ်ခဲ့ပါ။ သူ မသိတာကို သိချင်လို့ မေးတာပဲ။ သူသိအောင် ရှင်းပြလိုက်ရင် တာ

www.burmeseclassic.com

www.burmeseclassic.com

ကျေပြီဟု သဘောပိုက်ထားလိုက်ပါသည်။ သို့သော် တော်ကြာ နောက်တစ်ယောက်၊ တော်ကြာ နောက်တစ်ယောက် ဆိုရလောက်အောင် ခဏ၊ခဏ မေးလာကြ၍ ဒါလေးက သူတို့အတွက်၊ အခက်အခဲတစ်ခု၊ ပြဿနာတစ်ရပ်လိုများ ဖြစ်နေလေသလားလို့ အနည်းငယ် စဉ်းစားမိပါသည်။ သို့သော် စာမရေးဖြစ်ခဲ့ပါ။ သူတို့လည်း မရှင်းလို့ မေးတာဘဲ၊ ရှင်းပြလိုက်ရင် တာဝန်ကျေသွားပြီပေါ့။ တူမှ မတူတာကို ကျန်တဲ့လူတွေတော့ နားလည်ကြမှာပါလို့ ဖြည်သွေးကာ လျစ်လျူရှုလိုက်ပါသည်။

သို့သော် နောက်တစ်ခါ အခြားတစ်ယောက်က မေးလာပြန်၏။ သူက စာရေးသူထံ ဗေဒင်မေးဖူးပါသည်။ စာရေးသူရဲ့ ဟောစာတမ်းပါ ကုမ်လဂ်၊ မေထုန်စန်းဆိုတဲ့ အဟောကိုဖတ်ပြီး ယခင် သူဝယ်ဖတ်တဲ့ ဗေဒင်စာအုပ်ပါ အဟောနှင့် တိုက်ကြည့်ဟန်တူပါသည်။ တိုက်ကြည့်တော့ သံသယဝင်လာဟန်တူ၏။ သံသယကို ရှင်းထုတ်ရန် အားနာပါးနာ ဖုန်းဆက်ပါသည်။

'ဟဲလို..ပြော သမီး' လို့ စာရေးသူ ဖုန်းလက်ခံလိုက်သည်နှင့် 'ဆရာ..သမီး အရင်ဝယ်ဖတ်တဲ့ စာအုပ်မှာ သိပ်ရာသီဖွားလို့ ရေးထားတာ တွေ့ပါတယ် ဆရာ။ အခု ဆရာပြောတော့ ကုမ်လဂ်ဖြစ်နေပါတယ်။ သမီးက (၁၂-၉-၁၉၇၁)ရက်နေ့ဖွားဆိုတော့ သိပ်ရာသီဖွားများ ဖြစ်နေလားလို့ပါ ဆရာ။ စိတ်မရှိပါနဲ့နော် ဆရာ။ သမီး တကယ် မရှင်းလို့ပါ' ဆိုပြီး အသေအချာကို မေးပါသည်။

'ဩော်..ဟုတ်ပြီ၊ ဟုတ်ပြီ။ သမီးပြောတာ ဆရာ သဘောပေါက်ပြီ။ ကိုးလပိုင်း (၁၂)ရက်နေ့မှာမွေးလို့ သိပ်ရာသီဖွားထဲမှာ ပါတယ်။ ဒါပေမဲ့ ဆရာဟောတော့ ကုမ်လဂ်ဖြစ်နေတယ်။ မတူတဲ့အတွက် မွေးရက်ကလည်း မှန်နေတော့ ဆရာပဲ မှားနေသလားလို့ မေးချင်တာ မဟုတ်လား' လို့ အာဘော်မိအောင် စာရေးသူက ပြန်မေးလိုက်သည်။

'ဟုတ်ကဲ့ပါ ဆရာ၊ သမီး အမှန်သိချင်လို့ပါ ဆရာ' လို့လည်း အားတုံ့အားနာဆိုပါသည်။

'သမီးက ရာသီဖွားအနေနဲ့ဆို သိပ်ရာသီဖွားပဲ။ ရာသီလဂ်အနေနဲ့ကတော့ ကုမ်လဂ်ပါပဲ။ ညနေ(၅)နာရီမှာ မွေးတာကိုး။ သာကေတရဲ့ လတ္တိတ္တဒ်(၁၆)ဒီဂရီ (၄၇)၊ လောင်ဂျီတ္တဒ် (၉၆)ဒီဂရီ (၁၄)အရ ဇာတာဖွဲ့ရင် ကုမ်လဂ်ပါပဲ။ ဆရာလည်း မမှားဘူး။ သမီးဝယ်ဖတ်တဲ့ စာအုပ်လည်း မမှားဘူး။ နှစ်ယောက်လုံး မှန်ပါတယ်' လို့ ရှင်းပြလိုက်ပါသည်။

ထိုသို့ရှင်းပြသည်ကိုပင် လွဲနေသည်ထင်၍ သူ့အထင်ကို လက်တွေ့ပြလိုဟန်တူ၏။

'ဆရာ..ခဏနော်' ဟုဆိုကာ သူဝယ်ထားတဲ့ ရာသီဖွားအဟောရဲ့ အဓိကကျတဲ့ ရက်၊ လ ဖော်ပြချက်ကို ဓာတ်ပုံရိုက်ယူပြီး ဘိုင်ဘာကနေ လှမ်းပို့ပါသည်။ ဟောဒီမှာကြည့်ဆိုတဲ့ သဘောပါ။

ပုံကို ဖွင့်ကြည့်လိုက်သောအခါ Leo (သိပ်ရာသီ) ဇူလိုင်လ (၂၃)ရက်မှ သြဂုတ်လ (၂၃)ရက်ကြားလို့ ရေးထားသည်ကို တွေ့ရ၏။ စာရေးသူလည်း ဟယ်..လို့ အာမေဋိတ်ထွက်သွားပါသည်။

ဒါဆို သမီးက (၁၂-၉-၁၉၇၁)ရက်နေ့မွေးဆိုတော့ သူ့အပြောအရပြောရင် 'သမီး သိပ်ရာသီဖွားမှမဟုတ်တာ။ မှားနေပြီပေါ့။ အခု အဲဒီဆရာ ပြောထားတဲ့ရက်က ဇူလိုင်လ (၂၃)ရက်နဲ့ သြဂုတ်လ (၂၃)ရက်ကြားလေ။ စက်တင်ဘာလမှ မရောက်သေးတာ။ သမီးက စက်တင်ဘာလ (၁၂)ရက်နေ့ဖွားပဲ။ အဲဒီ ဆရာအလို သမီးက ကန်ရာသီဖွားထဲဝင်သွားမှာပေါ့။ ဘာလို့ သမီးက သိပ်ရာသီဖွားစာအုပ်ဝယ်ဖတ်တာလဲ' လို့ ပြောရင်း မေးကြည့်လိုက်ပါသည်။

သည်တော့မှ 'ဒီလိုပါ ဆရာ..ဆရာ့လိုပဲ နက္ခတ္တဗေဒနဲ့ ဆရာတစ်ဦးဆီမှာ သမီး ဗေဒင်မေးဖူးပါတယ် ဆရာ။ အဲဒီဆရာက သိပ်ရာသီဖွားလို့ ပြောဖူးတာနဲ့ စာအုပ် ဝယ်တဲ့အခါ အဲဒီသိပ်ရာသီလောက်ပဲ ကြည့်ပြီး ဝယ်ခဲ့တာပါ ဆရာ။ မှားနေတာပေါ့ ဆရာနော်' လို့ လေသံနည်းနည်း လျှော့ပြီး ပြောပါသည်။

စာရေးသူစိတ်ထဲ အတော်လေး မသက်မသာဖြစ်သွား၏။ ဒုက္ခပါပဲလို့တောင် ပါးစပ်က ညည်းတွားသံထွက်သွားပါသည်။

'သမီးမွေးလ၊ မွေးရက်အရ သိပ်ရာသီဖွားမို့ မမှားပါဘူး။ ဒါ ဆရာတစ်ယောက်တည်း အယူအဆနဲ့ ပြောတာ မဟုတ်ဘူးနော်။ မြန်မာနိုင်ငံဗေဒသုတေသနအဖွဲ့က သတ်မှတ်ထားတဲ့ နေ့ရက်တွေပါ။ ဘယ်သံဒိဋ္ဌကိုပဲကြည့်ကြည့်၊ တနင်္ဂနွေဂြိုဟ်ဟာ သြဂုတ်လ (၁၇)ရက်ကနေ စက်တင်ဘာလ(၁၆)ရက်အတွင်း တစ်လတာကာလမှာ သိပ်ရာသီမှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ မြန်မာတင်မက အိန္ဒိယသုံးတဲ့ ကေဝီသံဒိဋ္ဌမှာလည်း ဒီအတိုင်းပဲ ပြထားပါတယ်။

www.burmeseclassic.com

သမီး ယုံကြည်အောင် ဆရာပြမယ်' ဆိုပြီး မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ ဥက္ကဋ္ဌ ဆရာဦးခင်အောင်ဗိုလ်(B.Sc. Dip-Ed) ရေးသားတဲ့ နက္ခတ်ဗေဒင် ဟောလိုလျှင်ဆိုတဲ့ စာအုပ် စာ(၁၂၆)ကို မဲတပုံရိုက်ပြီး ဘိုင်ဘာကနေ ပို့လိုက်ပါသည်။

သိဟ်ရာသီဖွား ဩဂုတ်လ (၁၇)ရက်နေ့မှ စက်တင်ဘာလ (၁၆)ရက်အတွင်း မွေးဖွားသူများလို့ ဖော်ပြထား၏။ ဒီတစ်ခါကတော့ သူဘုက်က အာမေဠိတ်သံ ထွက်လာပါသည်။ ဩော်..တဲ့။

'တစ်ဆရာနဲ့ တစ်ဆရာ မတူတာ ဘာဖြစ်လို့လဲ ဆရာ' ဟု ဆက်လက်မေးပါသည်။ မှန်တာပြောရလျှင် ဤမေးခွန်းက အဖြေရခက်ပါသည်။

ဆရာတစ်ဦးအား ဝေဖန်ပုတ်ခတ်ရာရောက်မှာ စိုးရိမ်ပါသည်။ လွဲတာကတော့ အတော့်ကိုလွဲနေပါသည်။ တစ်လနီးပါး ကွာဟနေ၏။ သို့သော် မှားနေတာ သမီးလို့ စာရေးသူ မပြောခဲ့ပါ။ မှားနေတဲ့ ဆရာတစ်ဆူဘက် ဦးမတည်ဘဲ မှန်နေတဲ့ ဆရာအဆူဆူဘက် ဦးတည်ရန် ဆုံးဖြတ်လိုက်၏။

ထိုဆုံးဖြတ်ချက်အရ 'သမီးရယ်..အခြား,အခြားသော ဆရာ့ဆရာကြီးတွေရော သံဒိဋ္ဌစာအုပ်တွေပါ တညီတညွတ်တည်း ပြဆိုထားတာဆိုတော့ အမှန်များစွဲ့ အများမှန်ကိုပဲ အမှန်လို့ အတည်ပြုရမှာပေါ့နော်' လို့ အေးအေးလေး ပြောလိုက်ပါသည်။

သူယုံကြည်နေတဲ့ ဆရာအပေါ် အထင်မသေးရလေအောင် ကြံဆောင်ပြီး 'ဒါကတော့ သမီးရယ်..အဲဒီဆရာမသိ၊ မတတ်လို့ မဟုတ်လောက်ပါဘူး။ စာအုပ်ထုတ်တဲ့ အခါ ကိုယ်တိုင် ပရူဖတ်မိတာလည်း ဖြစ်နိုင်ပါတယ်' လို့ ပြောပြလိုက်ပါသည်။

ဗေဒင်ဝါသနာရှင်တစ်ဦးအနေဖြင့် ဗေဒင်ဆရာနှင့် ဗေဒင်ပညာအပေါ် အထင်သေးမသွားစေရန် ထိန်းပြောလိုက်ခြင်းသာ ဖြစ်ပါသည်။ တကယ်တော့ စာရေးသူကိုယ်တိုင်လည်း ရင်ထဲက ဘဝင်မကျချင်ပါ။ ထွင်ချင်စာလား၊ အထင်ကြီးအောင် တမင်တကာ လွဲထားတာလား လက်ရှိထွက်နေတဲ့ သံဒိဋ္ဌစာအုပ်တွေနှင့်မတူတဲ့ အခြားသံဒိဋ္ဌများ ရှိနေသလား။ မြန်မာတင်မက ကမ္ဘာမှာပင် တူညီနေတဲ့ တနင်္ဂနွေဂြိုဟ်ပြောင်းရက်က သူ့ကျမှ ဘာလို့မတူရတာလဲ။ စီးပွားရေးဆန်ဆန်တွေးပြီး စာအုပ်ထုတ်ဖြစ်ရုံပဲ အဓိကထားခဲ့သလား။

ဗေဒင်ပညာနှင့် ဗေဒင်ဝါသနာရှင်များကို လျစ်လျူရှုချင်တာလား။ ဆင်သွားရင် လမ်းဖြစ်တယ်လို့များ နှုတ်သွင်းထားလေသလား။ သွားသင့်တဲ့လမ်း၊ မသွားသင့်တဲ့လမ်းဆိုတာ ခွဲခြားသိဖို့တော့ လိုတာပေါ့။ အထင်ကြီးအောင် တမင်တကာ လွဲထားတာလား။ လက်ရှိအများသုံး သံဒိဋ္ဌနှင့် မတူတဲ့ အခြားသံဒိဋ္ဌတစ်မျိုး သူမှာ ရှိနေလို့လား။ မြန်မာတင်မက ကမ္ဘာကပင် သိနေတဲ့ တနင်္ဂနွေဂြိုဟ်ပြောင်းရက်က သူ့ကျမှ ဘာလို့မတူရတာလဲ။ စီးပွားရေးဆန်ကာ စာအုပ်ထွက်ဖို့လောက်ပဲ အဓိကထားပြီး ဗေဒင်ပညာနှင့် ဗေဒင်ဝါသနာရှင်များကို လျစ်လျူရှုချင်တာလား စသည်ဖြင့် မေးခွန်းပေါင်းများစွာ မကျေမနပ် ထုတ်နေမိပါသည်။ နောက်တော့မှ သူတစ်ပါးအများကို မကျေမနပ်ပြောနေသည်ထက် အမှန်ကို ဝါသနာရှင်များ သိခွင့်ရအောင် တင်ပြသည်ကပဲ ပိုသဘာဝကျပြီး အဓိပ္ပာယ်လည်း ပိုရှိမှာပါလို့ တွေးမိပါသည်။ ထို့ကြောင့် ဤဆောင်းပါး ရေးဖြစ်သွားပါသည်။

ရာသီဖွားများကို အများသတ်မှတ်ထားတဲ့အတိုင်း တင်ပြရလျှင်-

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း မွေးဖွားသူများကို မိဿရာသီဖွားဟု ခေါ်ပါသည်။

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း မွေးဖွားသူများကတော့ ပြိဿရာသီဖွားပါ။

ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း မွေးဖွားသူများကိုတော့ မေထုန်ရာသီဖွားဟု ခေါ်ပါသည်။

ဇူလိုင်လ (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း မွေးဖွားသူများက ကရကဋ္ဌရာသီဖွားပါ။

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း မွေးဖွားသူများကိုတော့ သိဟ်ရာသီဖွားဟု သတ်မှတ်ပါသည်။

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း မွေးဖွားသူများကို ကန်ရာသီဖွားဟုခေါ်ပြီး အောက်တိုဘာလ (၁၇)ရက်နေ့မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း မွေးဖွားသူများကိုတော့ တူရာသီဖွားဟု ခေါ်ပါသည်။

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၄)ရက်အတွင်း မွေးဖွားသူများကို ဗြိစ္ဆာရာသီဖွားဟု သတ်မှတ်ပြီး ဒီဇင်ဘာလ (၁၅)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း မွေးဖွားသူများကို ဓနုရာသီဖွားဟု သတ်မှတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း မွေးဖွားသူများကို မကာရရာသီဖွားဟုခေါ်ပြီး ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၂)ရက်အတွင်း မွေးဖွားသူများကိုတော့ ကုမ်ရာသီဖွားဟုခေါ်ပါသည်။ တစ်ခါတစ်ရံတော်လ (၁၃)ရက်နေ့အထိ တနင်္ဂနွေကြိုဟ် ကုမ်ရာသီ၌ ရှိတည်ပါသည်။

ထို့ကြောင့် ထိုသို့ မတ်လ (၁၃)ရက်ထိ တနင်္ဂနွေကြိုဟ် ကုမ်ရာသီ၌ ရှပ်တည်သောအခါ မတ်လ (၁၄)ရက်မှ ပြီလ (၁၂)ရက်အတွင်း မွေးဖွားသူများကို မိန်ရာသီဖွားဟု ခေါ်ပါသည်။ အကယ်၍ တနင်္ဂနွေကြိုဟ်သည် ကုမ်ရာသီတွင် မတ်လ (၁၂)ရက်ထိသာ နေပါမူကား မတ်လ (၁၃)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း မွေးဖွားသူများကို မိန်ရာသီဖွားဟု ခေါ်ပါသည်။

မိမိတို့ မွေးဖွားလာသည့် နေ့ရက်ကိုကြည့်ပြီး ဘယ်သီဖွားဟု သိပါလေ။

တနင်္ဂနွေကြိုဟ်၏ တစ်ရာသီ၌ တစ်လတာ နေထိုင်ပြီး အခြားတစ်ရာသီသို့ ကူးပြောင်းသွားခြင်းအပေါ် မူတည်ပြီး ရာသီများကို သတ်မှတ်၏။ ထိုရာသီသတ်မှတ်ရက်အတွင်း မွေးလာ၍ ဆိုင်ရာရာသီအလိုက် မိဿရာသီဖွား စသည်ဖြင့် သတ်မှတ်ခေါ်ဝေါ်ပါသည်။ ရုပ်ခန္ဓာဖွဲ့စည်းပုံအနေအထား၊ စရိုက်လက္ခဏာများ၊ ဖြစ်တတ်တဲ့ ရောဂါဝေဒနာများ အကျိုးပေးနိုင်တဲ့ အလုပ်အကိုင်များ မြောပြောရာတွင် အထောက်အကူရှိပါသည်။ သို့သော် ရာသီလဂ်ဖြင့် အတိအကျဟောသည်လောက် မှန်ကန်မှု မရှိနိုင်ပါ။ အားကိုးအားထားပြု၍ မရနိုင်ပေ။

ရာသီလဂ်ဆိုတာကတော့ ဓာတုရှင်တစ်ဦးစီရဲ့ မွေးချိန်၊ လ၊ ရက်၊ အချိန်၊ နာရီ၊ မွေးဒေသတို့ဖြင့် အတိအကျတွက်ထုတ်ထားသော ဘဝပုံရိပ် ဖြစ်ပါသည်။

ယခု ဤဂြိုဟ်ရမဂ္ဂဇင်း၌ လစဉ်ဖော်ပြနေတဲ့ တစ်လစာဟောစာတမ်းကို ရာသီလဂ်ဖြင့် သုံးသပ်ဝေဖန် ဟောကြားထားခြင်း ဖြစ်ပါသည်။ တနင်္ဂနွေ၊ တနင်္လာ စတဲ့ ဂြိုဟ်များတည်ရှိပုံကို ထည့်သွင်းစဉ်းစားနိုင်ခြင်းမရှိ ရာခိုင်နှုန်းဖြင့်ပြောလျှင် လေးဆယ်ရာခိုင်နှုန်းလောက်ပဲ တိကျနိုင်ပါသည်။ တနင်္ဂနွေကြိုဟ် ရပ်တည်ပုံကိုကြည့်ဖို့ သတ်မှတ်တဲ့ ရာသီဖွားအဟောထက် ပိုမှန်နိုင်ပါသည်။ အဲဒီအကြောင့်ဆိုသော် ရာသီလဂ်အမှန်ကို ကောဇာကြိုဟ် အနေဖြင့် စီစစ်ဟောပြောထားသောကြောင့် ဖြစ်ပါသည်။

လဂ်ဆိုသည်မှာ ဘဝပင်ဖြစ်၍ လဂ်အပေါ် စီးနင်းတဲ့ ကောဇာဂြိုဟ်တို့၏ အနေအထားအားလျော်စွာ ဘဝမှာ ကောင်းကျိုးဆိုးပြစ်များ ခံစားရ၏။ ပါပဂြိုဟ်များ စီးနင်းထားလျှင် ဆိုးကျိုးများ ဖြစ်ပေါ်စေ၏။ ဥပမာ-ယခုကာလ၌ ကောဇာစနေဂြိုဟ်သည် ဗြိဿာရာသီ၌ ရပ်တည်လျက်ရှိ၏။ ဗြိဿာလဂ်အား ကောဇာစနေ စီးနင်းထားသည်ဟု ဆိုလိုပါသည်။ ထို့ကြောင့် ဗြိဿာလဂ် ဓာတုရှင်များ နေရာဒေသ၊ အလုပ်အကိုင်များ အပြောင်းအလဲ ဖြစ်သွားတတ်ပေသည်။ ကျန်းမာရေး အညံ့ကြုံတတ်၏။ အက်ဆီးဒင့်ဖြစ်တတ်ပါသည်။ ဘဝရည်ရွယ်ချက်များ အကောင်အထည်မဖော်နိုင်ဘဲ မှိုင်တွေနေရတတ်၏။ လဂ်ပေါ် စီးထားသည် ဆိုကတည်းက ထိုစနေဂြိုဟ်သည် ပထနီ အိမ်ထောင်ရေးဘာဝအား (၇)တန့်လှမ်းမြင်ထားတော့၏။ ထို့ကြောင့် ဗြိဿာလဂ် ဓာတုရှင်များ အိမ်ထောင်ရေးပြဿနာများ ဖြစ်ရတတ်၏။ ဖရိုဖရဲ ကွဲသွားနိုင်ပါသည်။ အများနှင့် ပူးပေါင်းလုပ်ဆောင်ရတဲ့ ဖက်စပ်လုပ်ငန်းများ ပြဿနာ၊ အမှုအခင်း ဖြစ်တတ်ပါသည်။ ပြဿလဂ် ဓာတုရှင်လည်း ထို့အတူပင် ဖြစ်ပါသည်။

ထို့အပြင် စနေသည် (၃)တန့်အထူးမြင်ရာ ဗြိဿာလဂ်မှထောက်လျှင် (၃)တန့်မြောက် မကာရရာသီအား လှမ်းမြင်ထား၏။ ထို့ကြောင့် ဗြိဿာလဂ်ဓာတုရှင်အနေဖြင့် ခွဲ၊ လှဲ့လ၊ ဝိရိယတွေ လျော့ရဲပြီး အလုပ်တွင် စိတ်မဝင်စားဖြစ်နေတတ်၏။ အမြင်ခံရတဲ့ မကာရလဂ် ဓာတုရှင်မှာလည်း ကျန်းမာရေးညံ့နေတတ်ပြီး ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အကောင်အထည်မဖော်နိုင်ဘဲ ရှိနေမည်။

ထို့အပြင် ဗြိဿာလဂ်မှထောက်လျှင် (၇)တန့်မြောက် ပြိဿရာသီသည် မကာရလဂ်မှထောက်လျှင် (၅)တန့်ဖြစ်၍ ငွေကြေး၊ ပညာရေး၊ အချစ်ရေးကိစ္စများ ကြုံတွေ့လာလျှင် မကာရလဂ် ဓာတုရှင်အနေဖြင့် အဆင်ပြေလိမ့်မည်မဟုတ်ပေ။ ကောဇာစနေ ရပ်တည်ရာ ဗြိဿာရာသီသည် ကုမ်လဂ်မှ ထောက်လျှင် (၁၀)တန့်ကမ္မဘာဝမို့ ကုမ်လဂ်ဓာတုရှင်များ အလုပ်အကိုင်အဆင်မပြေနိုင်။

မိန်လဂ်ကထောက်လျှင် (၉)တန့်ကျ၍ မိန်လဂ် ဓာတုရှင်များ ဂုဏ်သိက္ခာကျဆင်းရဖွယ်ရှိ၏။ ကျန်ရှိနေတဲ့ အခြားလဂ်များလည်း သူ့အတန့်ဘာဝအားလျော်စွာ ဆိုးကျိုးများ ဖြစ်ပေါ်ခံစားရတတ်ပေသည်။ ထိုစနေသည် (၁၀)တန့်

www.burmeseclassic.com

www.burmeseclassic.com

အထူးမြင်၍ သိဟ်လဂ်အား (၁၀)တန့်လှမ်းမြင်ပြန်၏။

ယင်းသိဟ်လဂ်သည် ဓနုလဂ်ကထောက်လျှင် (၉)တန့်၊ မကာရလဂ်ကထောက်လျှင် (၈)တန့်၊ ကုမ်လဂ်ကထောက်လျှင် (၇)တန့်၊ မိန်လဂ်ကထောက်လျှင် (၆)တန့်၊ မိဿလဂ်ကထောက်လျှင် (၅)တန့် စသည်ဖြင့် ရာသီလဂ် (၁၂)ခုလုံးနှင့် ဆက်နွယ်လျက်ရှိ၏။

ထို့ကြောင့် လဂ်အလိုက်၊ အတန့်အလိုက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ကြောင်း ဟောနိုင်၏။ မှန်လည်း မှန်နိုင်၏။ အကြောင်းမှာ ရာသီလဂ်ကို အတိအကျသိထား၍ ဖြစ်ပါသည်။ အခြားသော အင်္ဂါ၊ ရာဟု ဆိုတဲ့ ပါပဂြိုဟ်များ ရပ်တည်ရာအလိုက် ရာသီလဂ် (၁၂)ခုလုံးကို ဟောနိုင်ပါသည်။

ကြာသပတေးဂြိုဟ် သိဟ်ရာသီ၌ ရပ်တည်၍ သိဟ်လဂ်သမားများ ရည်ရွယ်ချက်အောင်မြင်မည်။ ကျန်းမာရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ ယင်းသိဟ်ရာသီသည် ဓနုရာသီကထောက်လျှင် (၉)တန့်ဖြစ်၍ ဓနုလဂ်သမားများ ရာထူးဂုဏ်သိန် တိုးတက်မည်။ မိဿကထောက်လျှင် (၅) တန့်မှ မိဿလဂ်ဇာတာရှင်များ အချစ်ရေး၊ ငွေကြေး၊ ပညာရေးအဆင်ပြေမည် စသည်..စသည်ဖြင့် ကောင်းထူ
များကိုလည်း သိနိုင်၊ ဟောနိုင်၏။ အကယ်၍ ရာသီလဂ်
သိမထားပါမူကား ရာသီဖွားသိရုံဖြင့် ထိုသို့မသိနိုင်၊ မ
နိုင်ချေ။ ဟောတိုင်းလည်း ရာနှုန်းပြည့် မမှန်ပေ။

ရာသီလဂ်ကို သိထားမှ ထိုသို့သိနိုင်၊ ဟောနိုင်သ
ဟောတိုင်းလည်း ရာနှုန်းပြည့်နီးပါး မှန်ကန်ပါသည်။ အ
အတွက် ခြုံဟောထားရာ၌ပင် ရာသီလဂ်အဟောသည်
အနည်းဆုံး သုံးဆယ်ရာခိုင်နှုန်း မှန်ကန်ပါသည်။ ရာသီဖွ
အဟောကား သုံးဆယ်ရာခိုင်နှုန်း မှန်နိုင်ဖို့ရာ မလွယ်
ချေ။ ထို့ကြောင့် ရာသီဖွားအဟောထက် ရာသီလဂ်အဟော
က ပိုမှန်သည်။ ထို့ကြောင့် ရာသီလဂ်ကို အတိအကျ
ထားသင့်၏။ မွေးချိန်မသိ၍ ရာသီလဂ် အတိအကျမသိပါ
ရာသီဖွားအဟောကို အားကိုးသင့်၏။ ရာသီဖွားအဟော
သည် အမှန်နည်း၏။ ရာသီလဂ်အဟောသည် အမှန်များ
ဤသို့ထူးခြားပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ။

ခင်မင်လေးစားလျ

ဆရာကံထူး(ဇဝဒသုတာသ

ဗမာ့ရာဇာနာမ ဒေါက်တာခင်မျိုးစိုး

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြွန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်

အဓန်း(၄)၊ အနောက်ဆက်မုခ်၊ ဖြေဆေးနှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့ ဝင္ဒ ၅၁၀၇၅၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရွှေဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်
ရက်ချိန်းယူ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အဓန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဝင္ဒ ၅၁၀ ၁၀၇၃၉

www.burmeseclassic.com

www.burmeseclassic.com

ကဗျာရေးဆရာသတ်မေးရှိ

ဆရာရန်အောင်ဟိန်း ပြေသည့်

ကမ္ဘာ့ရမဂ္ဂင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ကမ္ဘာ့ရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ကမ္ဘာ့ရမဂ္ဂဇင်း

အမှတ်-၁၀၂(က)(မြေညီထပ်)၊ ၃၃ လမ်း(အထက်)၊ တောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

- မေးသူ၏အမည် _____
- မွေးနေ့ (နှစ်၊ လ၊ ရက်) _____
- မွေးဖွားရာ မြို့/ရွာ _____
- အချိန်နာရီ (နေ့/ည) _____

မေးခွန်းများ

(၁) _____

(၂) _____

(၃) _____

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရပဂိုသတ်မေးချက်
အကျိုးအကြောင်းတရား
ပြဿနာများ

ဦးအောင်သိုက်
(၉-၉-၁၉၅၆၊ နံနက် ၉း၀၀ နာရီ၊ မုဒုမြို့၊ လော့ခမုံရွာ)



၁။ *(၂၀၀၄)ခုနှစ်မှ ဆောက်၍ မပြီးနိုင်သေးသောအိမ် ပြီးမည့်ကာလ။*

(၉၊ ၁၂)တန်သခင်အဖြစ် (၁၂)တန်ဘာဝ၌ ရပ်တည်နေသော ၄ဟူး ထူလဒသာတွင် အိမ်စဆောက်ခဲ့သည်။ (၂၀၀၉)ခုနှစ်တွင် (၉)တန်ရပ် (၁၊ ၈)သခင် ဖြကြာကို ကိုယ်စားပြုသော ကိတ်ထူလဒသာ စားဝင်ကာ (၁၁-၃-၂၀၁၆)ထိ စားဝင်ပေမည်။ ယင်းကာလထိ အိမ်မပြီးနိုင်သေးပါ။ (၁၁-၃-၂၀၁၆)ကျော်လွှင် ဖြကြာထူလဒသာ စားဝင်ပေမည်။ (၁၊ ၈)သခင် (၉)တန်ရပ် (၄၊ ၅)သခင်အဖြစ် (၁)တန်ရပ်သော စနေနက္ခတ်သည် ဖြကြာထူလတွင် (၁၁)တန်ရပ် (၁၁)တန်သခင် ၁နွေဘုတ္တိဒသာကာလဖြစ်သော (၂၀၁၉-၂၀၂၀)ခုနှစ်ရောက်မှသာ အိမ်ဆောက်၍ ပြီးနိုင်ပေမည်။

၂။ *၄ဟူး၊ ၅ဆေး၊ ၁နွေထဲမှ အကျိုးပေးမည့် သမီး။*

ဇာတာအရ နွေသမီးဖြင့် မဟောပါ။ သမီးအားလုံး အကျိုးပေးနိုင်ပေသည်။ တတိယသမီး ပိုအားကိုးရမည်။

၃။ *ထီရောင်း၍ အကျိုးပေး/မပေး။*

(၁၀)တန်သခင် ၂လ်ာဂြိုဟ် လင်္ဂနှင့်ပူး၍ လင်္ဂသခင် (၁၀)တန်သန္ဓိနှင့် ပူးနေ၏။ (၃၊ ၆)တန်သခင်များ မဆက်သွယ်သောကြောင့် ထီရောင်း၍ အကျိုးမပေးနိုင်ပါ။ (၃၊ ၆)တန်သခင် (၁၁)တန်ရပ်၍ ထီတော့ ပေါက်တတ်ပါသည်။

မောင်ခန့်ထက်ကျော်
(၁၇-၁၂-၁၉၉၄၊ နံနက် ၁၁း၅၅ နာရီ၊ လားရှိုးမြို့)

၁။ *ပညာရေး ဆုံးခန်းတိုင်၍ အင်ဂျင်နီယာဖြစ်မည်လား။*

(၄)တန့်သခင် ဖြကြာသည် (၈)တန့်ဘာဝတွင် ရပ်တည်သော (၃၊ ၈)တန့်သခင်ဖြစ်သည်။ ဖြကြာသည် (၇)တန့်သခင်အဖြစ် (၉)တန့်၌ ရပ်တည်သော ၁နွေဂြိုဟ်ပိုင်



ဘုတ္တိနက္ခတ်ကို စီးထား၏။ အတော်ကြိုးစားက ပညာရေး ပြီးမည်။ ထစ်ငေါ့၊ နောင့်နေးမှုများ ကြုံစရာရှိနေသည်။ ကြိုးစားက ပညာရေး ပြီးမြောက်မည်။

၂။ *နိုင်ငံခြားတိုင်းပြည်ထိ ရောက်/မရောက်။*

(၁၂)တန်သခင် စနေ လင်္ဂသခင်လည်း ဖြစ်၍ လင်္ဂနှင့် ပူးကာ ဘာဝ၌ (၁၂)တန့်သို့ ဆင်း၍ ရပ်တည်၏။ (၃၊ ၁၀)တန့်သခင်အဖြစ် (၆)တန့်(သိဟ်ရာသီ)၌ ရပ်တည်သော အင်္ဂါဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေ၏။ နိုင်ငံခြားသို့ ရောက်ဖို့ ရှိပါ၏။

၃။ နိုင်ငံဝန်ထမ်း ဖြစ်မည်လား။

(၁၀)တန့်သခင် အင်္ဂါဂြိုဟ် သိဟ်ရာသီ ဘာဝစက် (၆)တန့်၌ ရပ်တည်ပေရာ နိုင်ငံဝန်ထမ်းဖြစ်ဖို့ ရှိနေပါသည်။

ဒေါ်ခင်ဝေဇင်
(၄-၂-၁၉၆၀၊ နံနက် ၅း၀၀ နာရီ၊ မုတ္တမမြို့)

၁။ *ထီရောင်း၍ အကျိုးပေးမည်လား။*

(၁၀)တန့်သခင် ဖြကြာ လင်္ဂနှင့်ပူး၍ (၅၊ ၁၂)တန့်

www.burmeseclassic.com

www.burmeseclassic.com



သခင် အင်္ဂါကြိုဟ်၊ (၂၊ ၃)သခင် စနေကြိုဟ်၊ (၁၊ ၄)တန့်သခင် ၅တေးကြိုဟ်တို့နှင့် ပူးယှဉ်နေ၏။ ထိရောင်း၍ အသင့်အတင့် အကျိုးပေးပါမည်။ (၁၁)တန့်သခင် ဗကြာသည် (၆၊ ၁၁)တန့်သခင်ဖြစ်၍ လင်္ကာနှင့် ပူး၍ ရပ်တည်ရကား ထီထိုးလျှင်လည်း ပေါက်နိုင်ပါသည်။

၂။ *ချေးမိငွေများ ဆုံးရှုံးခဲ့သော် ပြန်ဆပ်နိုင်မည့်ကာလ။*

(၁၇-၄-၂၀၁၄)မှ (၁၇-၄-၂၀၁၇)ထိ ရာဟုထူလ၊ ဗကြာဘုတ္တိဒသာ စားဝင်သည်။ ရာဟုသည် ဘာဝစက်၌ (၉)တန့်တွင် ရပ်တည်ပြီး (၂)တန့်ရပ် ၁နေ့ပိုင် နက္ခတ်ကို စီးထား၏။ ဘုတ္တိဒသာသခင် ဗကြာသည် (၆၊ ၁၁)တန့်သခင်အဖြစ် လင်္ကာနှင့်ပူးကာ ဘာဝစက်၌ (၁၂)တန့်ဘာဝတွင် ရပ်တည်၏။ (၂၀၁၆)ခုနှစ်၊ ဩဂုတ်လနှောက်ပိုင်း (၁၀)တန့်ဘာဝ (ကန်ရာသီ)သို့ ၅တေးကြိုဟ် ကောဇာ ပြောင်းပြီး (၂၊ ၆)တန့်ဘာဝများကို (၅၊ ၉)တန့် အထူးမြင်များ ကြုံရချိန်တွင် တစ်နှစ်အတွင်း ပြဿနာများ ဆပ်နိုင်ပေသည်။

၃။ *မြေ (သို့မဟုတ်) အိမ် ဝင်ကိန်း ရှိပါသလား။*

မြေ/အိမ် တစ်ခုခု ဝင်ကိန်းရှိပါသည်။ (၃)နှစ်အတွင်း ဝင်ဖို့ရှိသည်။

မင်းမိုး

(၂၂-၁၀-၁၉၆၈၊ နေ့ ၁၂း၀၀ နာရီ၊ ရန်ကုန်မြို့)

၁။ *တင်ရှိနေသော ကြွေးမြီများ ပြန်ဆပ်နိုင်မည့်ကာလ။*

(၂၀-၄-၂၀၁၇)ထိ စနေထူလဒသာ၊ ၅တေးဘုတ္တိဒသာ စားဝင်နေပါသည်။ စနေသည် (၂၊ ၃)တန့်သခင်အဖြစ် (၃)တန့်ဘာဝ၌ ရပ်တည်ကာ (၆)တန့်၊ (၉)တန့်သခင် ၄ပူး၊ လင်္ကာနှင့် (၄)တန့်သခင် ၅တေးကြိုဟ်များနှင့် အပြန်အလှန် အမြင်ကြုံထား၏။ ယင်းကာလမကျော်မီ ကြွေးမြီများ ပြန်ဆပ်နိုင်ပါမည်။

၂။ *အိုးသစ်အိမ်သစ် ဆောက်နိုင်မည့် အသက်ပိုင်း။*



(၇၊ ၁၀)တန့်သခင်အဖြစ် (၁၀)တန့်၌ ရပ်တည်သော ၄ပူးထူလဒသာသည် (၂၀-၄-၂၀၁၇)နောက်ပိုင်း စားဝင်ပေမည်။ ၄ပူးသည် (၁၊ ၄)တန့်သခင် ၅တေးနှင့် ပူးယှဉ်ရပ်တည်ထားသည်။ ၄ပူးထူလ၊ ၄ပူးဘုတ္တိဒသာသည် (၁၈-၉-၂၀၁၉)ထိအတွင်း စားဝင်မည်ဖြစ်ရာ ယင်းကာလအတွင်း အိမ်သစ် ဆောက်နိုင်ပေမည်။

၃။ *နိုင်ငံခြားက ပါပါသလား။*

(၁၂)တန့်သခင် ဒင်္ဂါ (၉)တန့်ဘာဝမှ (၁၂)တန့်ဘာဝကို (၄)တန့်အထူးမြင့်ထားသည်။ အင်္ဂါသည် (၅)တန့်သခင် ကြိုဟ်လည်း ဖြစ်၏။ သား၊ သမီးနှင့် ဆက်စပ်ပတ်သက်၍ နိုင်ငံခြားခရီးပေါ်ဖို့ ရှိနေပါသည်။

မောင်ငြိမ်းချမ်းထက်

(၂၉-၅-၁၉၉၄၊ နေ့ ၁၂း၃၀ နာရီ၊ ရန်ကုန်မြို့)



၁။ *နိုင်ငံခြားတွင် အလုပ် လုပ်ရပါမည်လား။*

(၁၀)တန့်သခင် ဗကြာကြိုဟ် (၁၁)တန့်ဘာဝတွင် (၂၊ ၁၁)တန့်သခင် ၄ပူးနှင့် ပူးယှဉ်ရပ်တည်နေ၏။ ဗကြာသည် (၃)တန့်ရပ် ရာဟုပိုင်နက္ခတ်ကို စီးထားသည်။ ဗကြာကိုယ်တိုင်လည်း (၃)တန့်သခင်ကြိုဟ် ဖြစ်၏။ နိုင်ငံခြားသို့ အလုပ်သွားလုပ်ရမည့်ကံ ပါသည်။ (၉)တန့်ရပ် ရာဟုထူလဒသာ (၆၊ ၇)သခင်အဖြစ် (၆)တန့်၌ ရပ်တည်ကာ ရာဟုပိုင်နက္ခတ်ကို စီးထားသော စနေဘုတ္တိဒသာကာလ

www.burmeseclassic.com

ဖြစ်သည့် (၂၁-၁၂-၂၀၁၆)မှ (၂၇-၁၀-၂၀၁၉)အတွင်း နိုင်ငံခြားသို့ အလုပ်သွားလုပ်ရကိန်း ရှိနေပါသည်။

၂။ *အိမ်ထောင်ရေး ကာလ၊ ပုံသဏ္ဌာန်။*

(၇)တန်သခင် စနေ (၇)တန်သန္ဓိနှင့် အလွန်နီးကပ်စွာ ပူးယှဉ်ရပ်တည်နေ၍ ဘဝတွင် အိမ်ထောင်ကျလိမ့်မည်။ အိမ်ထောင်ကျ နောက်ကျတတ်၏။ (၁၁)တန်ဘာဝတွင် ရပ်တည်သော (၃၊ ၁၀)တန်သခင် ဗြဟ္မာအား ကိုယ်စားပြုထားသော ရာဟုထူလတွင် (၂၊ ၁၁)တန်သခင် ၄ဟူး၏ ဘုတ္တိဒသာ (၂၀၁၉)ခုနှစ်မှ (၂၀၂၂)ခုနှစ်အတွင်း အိမ်ထောင်ကျပေမည်။

၃။ *ဘဝအဆင့်အတန်း။*

လင်္ဂသခင် ၁နွေ (၁၀)တန်ရပ်ခြင်း၊ (၁၀)တန်သခင် ဗြဟ္မာ (၁၁)တန်ရပ်ခြင်းကြောင့် ဘဝအဆင့် မြင့်မားစွာ နေရဖို့ရှိသည်။

မရည်မွန်အောင်



(၂၁-၁၀-၁၉၈၁၊ နံနက် ၇း၀၀ နာရီ၊ မုဒုံမြို့)

၁။ *အင်္ဂါသမီးနှစ်ယောက် အကျိုးပေးမည်လား။*

(၅)တန်သခင် စနေ (၁၂)တန်တွင် (၉၊ ၁၂)တန်သခင် ၄ဟူးဂြိုဟ်၊ (၃၊ ၆)တန်သခင် ၅တေးဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၍ သားသမီးအကျိုးပေးက အလတ်စားတွင် ရှိပါသည်။ အထိုက်အလျောက် အားကိုးရမည်။ (၇)တန်သခင် အင်္ဂါ (၁၁)တန်တွင် ရပ်၍ ဒုတိယသမီး အထူး အကျိုးပေးမည်။

၂။ *အကျိုးပေးမည့် စီးပွားရေးလုပ်ငန်း။*

(၁၀)တန်သခင် ၂လ်ာဂြိုဟ် (၁၀)တန် ရေရှာဒီတွင် ပင် ရှုပ်တည်၍ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ ရေသန့်၊ အချိုရည် စသည့် ရေ၊ အရည်နှင့် ပတ်သက်သော လုပ်ငန်းမျိုးထဲမှ အကျိုးပေးပါမည်။

၃။ *ဘဝတွင် နေထိုင်ရမည့် အဆင့်အတန်း။*

လင်္ဂသခင် ဗြဟ္မာဂြိုဟ် (၂)တန်ဘာဝတွင် ရပ်တည်ခြင်း၊ (၁၀)တန်သခင် ၂လ်ာဂြိုဟ် (၁၀)တန်တွင်ပင် ရပ်တည်ခြင်းကြောင့် ဘဝအဆင့် မနိမ့်လှပါ။ ဘဝက် မြင့်မားစွာ နေရဖို့ရှိသည်။ ယခု မနေရသေးက နောင် နေရလိမ့်မည်။ ရာဟုထူလ (၁၀-တန်)၊ စနေဘုတ္တိဒသာ (၁၂၊ ၄၊ ၅၊ ၁၁၊ ၂)တွင် ဘဝအခြေ တိုးတက်မည်။ (၂၀၂၁)ခုနှစ်မှ (၂၀၂၄)ခုနှစ်အတွင်း ဖြစ်မည်။

M.K.T

(၇-၁၀-၁၉၈၂၊ နံနက် ၅း၀၀ နာရီ၊ မုဒုံမြို့)



၁။ *အိုဇာတာ ကောင်းပါမည်လား။*

လင်္ဂသခင်ဂြိုဟ် ၄ဟူးဖြစ်ပြီး လင်္ဂဘာဝတွင် ကသစ်မူကာ (၂၊ ၉)တန်သခင် ဗြဟ္မာ (၁၂)တန်သခင် ၁နွေတို့နှင့် ပူးယှဉ်ရပ်တည်နေ၏။ (၂)တန်(ခန)ဘာဝတွင် စနေဂြိုဟ် ဥစ်မူကာ (၄၊ ၇)တန်သခင် ၅တေးဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေ၏။ (၂၀၃၃)ခုနှစ် နောက်ပိုင်းတွင် စနေထူလဒသာသည် (၂၀၅၂)ခုနှစ်ထိ စားဝင်ပါမည်။ စနေသည် (၅၊ ၆)သခင်အဖြစ် (၂)တန်တွင် ဥစ်မူကာ ၅တေးနှင့် ပူးယှဉ်ရပ်တည်၍ အိုဇာတာကောင်းပါမည်။

၂။ *သက်တမ်းစေ့ နေရက် ပါ/မပါနှင့် ကျန်းမာရေး။*

(၁၉၉၇)ခုနှစ်မှ (၂၀၁၇)ခုနှစ်အထိ ရာဟူထူလဒသာ စားဝင်၏။ ရာဟုသည် (၁၀)တန်တွင် ရပ်တည်၍ (၁၊ ၁၀)တန်သခင် (၁)တန်ရပ် ၄ဟူးအား ကိုယ်စားပြုထားသည်။ (၆)တန်သခင် စနေ ပါဝင်ပတ်သက်ခြင်း မရှိပါ။ ကျန်းမာရေး အလွန်ညံ့စရာ မရှိပါ။ သက်တမ်းစေ့လည်း နေရပေမည်။

၃။ *အထက်တန်းကျကျ နေရဖို့ ရှိပါသလား။*

လင်္ဂသခင် ၄ဟူး (၁၀)တန်သခင်လည်းဖြစ်ကာ လင်္ဂ

www.burmeseclassic.com

ဘာဝတွင် ရပ်တည်သည်။ ယင်းကို (၂၊ ၉)တန့်သခင် ဖြတ်၊ (၁၂)တန့်သခင် ၁နွေတို့ ပူးယှဉ်ရပ်တည်၏။ လူ့သတ်တန်းစားထက် သာလွန်သော ဘဝအဆင့်မျိုးတွင် နေရပါလိမ့်မည်။

မခင်ကံသာ

(၇-၅-၂၀၀၀၊ ဂုး၂၅ နာရီ၊ ရန်ကုန်မြို့)



၁။ *(၂၀၁၆)ခုနှစ် စာမေးပွဲတွင် ဂုဏ်ထူးပါနိုင်သလား။*

(၁၃-၂-၂၀၁၆)မှ (၉-၄-၂၀၁၆)ထိ အင်္ဂါထူလ၊ နေဘုတ္တိ၊ ၄ဟူးအန္တရဒသာ စားဝင်သည်။ အင်္ဂါသည် (၇၊ ၁၂)တန့်သခင်အဖြစ် လင်္ဂဘဝတွင် (၃)တန့်သခင် ဗုဒ္ဓဟူးနှင့် ပူးယှဉ်ရပ်တည်၏။ ဘုတ္တိဒသာသခင် စနေသည် (၉၊ ၁၀)တန့်သခင်အဖြစ် (၁၂)တန့်တွင် ၅တေး၊ ၁နွေ၊ ဟူး၊ ဖြာ ဂြိုဟ်များနှင့် ပူးယှဉ်ရပ်တည်၏။ အန္တရသာသခင် ၄ဟူး (၁၂)တန့်ဘာဝတွင်ပင် အထက်ပါ ဂြိုဟ်ပူးအတိုင်း ရပ်တည်၏။ စာမေးပွဲအောင်မည်။ ဂုဏ်ထူး ရတော့သော်လည်း မှန်းသလောက် မထွက်တတ်ပါ။

၂။ *မိသားစု စီးပွားရေးအခြေအနေ။*

(၉-၁၂-၂၀၁၅)မှ (၁၈-၁-၂၀၁၇)ထိ အင်္ဂါထူလ၊ နေဘုတ္တိဒသာ စားဝင်သည်။ အင်္ဂါသည် (၁၊ ၇)တန့်သခင်အဖြစ် လင်္ဂဘဝတွင် (၃)တန့်သခင် ၂လာနှင့် ပူးယှဉ်ရပ်တည်၏။ ဘုတ္တိဒသာသခင် စနေသည် (၉၊ ၁၀)တန့်သခင်ဖြစ်၍ (၁၂)တန့်တွင် ရပ်တည်၏။ လတ်တလော မိသားစုစီးပွားရေး အခြေအနေ အနည်းငယ် အကျပ်တွေ့နေတတ်၏။

၃။ *စာမေးပွဲတွင် အနောင့်အယှက် ရှိ/မရှိ။*

စာမေးပွဲကာလ ပါဝင်ပတ်သက်သော ဂြိုဟ်များတွင် (၇၊ ၈၊ ၁၂)တန့်ဘာဝများ ပါဝင်ပတ်သက်နေ၍ အနောင့်အယှက်အမျိုးမျိုး ကြုံရတတ်သည်။ သတိပြုပါ။

မဆုသန့်စင်

(၂၆-၁၂-၂၀၀၀၊ ညနေ ၃း၀၇ နာရီ၊ ရန်ကုန်မြို့)



၁။ *ပညာရေး ဆုံးခန်းတိုင်ပါမည်လား။*

(၄)တန့်သခင် ၁နွေဂြိုဟ် (၈)တန့်ဘာဝတွင် (၃)တန့်သခင် ၂လာဂြိုဟ်၊ (၂၊ ၅)တန့်သခင် ၄ဟူးဂြိုဟ်၊ ကိတ်ဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၏။ အချစ်ရေးကဲ့ဝင်နှောင့်၍ ပညာရေး မဖြောင့်တင်ခြင်း သတိပြုရမည်။

၂။ *၄င်းအင်္ဂါသမီးအတွက် စိတ်အေးရမည့်ကာလ။*

(၈)တန့်ဘာဝတွင် ၁နွေ၊ ၂လာ၊ ၄ဟူး၊ ကိတ်ဂြိုဟ် (၄)လုံး ပူးတွဲရပ်တည်ထားသည်။ (၂၀၁၉)ခုနှစ်၊ နိဝင်ဘာလထိ (၅)တန့်သခင် (၉)တန့်ရပ် ၁နွေထူလဒသာ စားဝင်သည်။ ၁နွေသည် (၈)တန့်ရပ် ကိတ်နက္ခတ်ကိုပင် စီးနေ၏။ ယင်းကာလကား စိတ်ပူပန်ရမှု များစေ၏။ (၂၂-၁၁-၂၀၁၉)အလွန် ၂လာထူလဒသာ (၂၀၂၉)ခုနှစ်ထိ စားဝင်မည်။ ၂လာသည် (၄)တန့်သခင်အဖြစ် (၈)တန့်တွင် ရပ်တည်သည်။ ယင်းက (၁၀)တန့်ရပ် (၁၊ ၆)သခင် ဖြောပိုင်နက္ခတ်ကို စီးထားသည်။ ယင်းကာလတွင် စာတာရှင်အတွက် စိတ်အတန်အေးရမည်။

၃။ *ငယ်ရွယ်စဉ် အိမ်ထောင်ကျကိန်း ရှိပါသလား။*

(၂၀၁၉)ခုနှစ်၊ နိဝင်ဘာလထိ စားဝင်သော ၁နွေထူလဒသာ မကျော်မီ အိမ်ထောင်ကျနိုင်ကိန်း အားကောင်းနေပါသည်။

ဆရာရန်ဇော်ဟိန်း(B.Sc)
(ခရစ်ရှင်းမူတီးပဒ္ဓတိ ရေဆောင်နက္ခတ်ပညာရှင်)
အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်)၊
(စင်ထရယ်ဟိုတယ်အနီး) ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၁၉ ၇၉၅ ၄၂၀ ၁၉၄

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၆)ခုနှစ်၊ ဖေဖော်ဝါရီလအဒဂြိုဟ်

ရန်သိန်ဒဏ်ကျန်နယ်ပယ်များပေါ်

လက်ရှိနိုင်ငံရေးအကျိုးသက်ရောက်မှုများ

(၂၀၁၆)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ဂနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်များကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းအချိန်ပိုင်းများအတွင်း လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ဖွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။ အထူးသဖြင့် မဟာဝေဇွမန္တန်တော်ကြီးကို ရွတ်ဖွားပူဇော်သင့်ပါသည်။

အထူးမှာ (၈-၂-၂၀၁၆) ညနေ(၅း၄၉း၃၇)နာရီမှ (၉-၂-၂၀၁၆) ညနေ(၄း၀၂း၅၃)နာရီအတွင်း၌ စန်း (ခေါ်) တနလာဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လင်္ဂဖြတ်ကျော်ခြင်းအတွက် (၉-၂-၂၀၁၆) နံနက်(၆း၂၉း၃၂)နာရီမှ (၇း၁၅း၃၃) နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၉-၂-၂၀၁၆) မွန်းလွဲ(၁၂း၀၉း၁၂)နာရီမှ (၁း၀၀း၅၁)နာရီအတွင်းတို့တွင် လာဘ,ဓနဆိုင်ရာများ လုပ်ဆောင်ပါက အကျိုးထူးများ ကောင်းမှုခံစားပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၆)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

ရောင်းချမှုနှုန်းထားများ

ထွက်ခွာချိန်	စုဝင်ချိန်	ရက်
၁၃း၃၁	၀၆း၀၁	၁
၀၀း၄၄	၀၆း၁၀	၂
၀၀း၅၇	၀၆း၁၉	၃
၀၁း၁၀	၀၆း၂၈	၄
၀၁း၂၃	၀၆း၃၇	၅
၀၁း၃၆	၀၆း၄၆	၆
၀၁း၄၉	၀၆း၅၅	၇
၀၂း၀၂	၀၇း၀၄	၈
၀၂း၁၅	၀၇း၁၃	၉
၀၂း၂၈	၀၇း၂၂	၁၀
၀၂း၄၁	၀၇း၃၁	၁၁
၀၃း၀၄	၀၇း၄၀	၁၂
၀၃း၂၇	၀၇း၄၉	၁၃
၀၃း၅၀	၀၈း၀၈	၁၄
၀၄း၁၃	၀၈း၁၈	၁၅
၀၄း၃၆	၀၈း၂၇	၁၆
၀၅း၀၀	၀၈း၃၇	၁၇
၀၅း၂၄	၀၈း၄၇	၁၈
၀၅း၄၉	၀၈း၅၇	၁၉
၀၆း၁၅	၀၉း၀၇	၂၀
၀၆း၄၀	၀၉း၁၇	၂၁
၀၇း၀၅	၀၉း၂၇	၂၂
၀၇း၃၀	၀၉း၃၇	၂၃
၀၇း၅၅	၀၉း၄၇	၂၄
၀၈း၂၀	၀၉း၅၇	၂၅
၀၈း၄၅	၁၀း၀၇	၂၆
၀၉း၁၀	၁၀း၁၇	၂၇
၀၉း၃၅	၁၀း၂၇	၂၈

(၂၀၁၆)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

ရောင်းချမှုနှုန်းထားများ

ထွက်ခွာချိန်	စုဝင်ချိန်	ရက်
၁၄း၃၁	၁၆း၀၁	၁
၁၄း၅၄	၁၆း၀၉	၂
၁၅း၁၇	၁၆း၁၇	၃
၁၅း၄၀	၁၆း၂၆	၄
၁၆း၀၃	၁၆း၃၅	၅
၁၆း၂၆	၁၆း၄၄	၆
၁၆း၄၉	၁၆း၅၃	၇
၁၇း၁၂	၁၇း၀၂	၈
၁၇း၃၅	၁၇း၁၁	၉
၁၇း၅၈	၁၇း၂၀	၁၀
၁၈း၂၁	၁၇း၂၉	၁၁
၁၈း၄၄	၁၇း၃၉	၁၂
၁၉း၀၇	၁၇း၄၈	၁၃
၁၉း၃၀	၁၇း၅၈	၁၄
၁၉း၅၃	၁၈း၀၇	၁၅
၂၀း၁၆	၁၈း၁၇	၁၆
၂၀း၃၉	၁၈း၂၇	၁၇
၂၁း၀၂	၁၈း၃၇	၁၈
၂၁း၂၅	၁၈း၄၇	၁၉
၂၁း၄၈	၁၈း၅၇	၂၀
၂၂း၁၁	၁၉း၀၇	၂၁
၂၂း၃၄	၁၉း၁၇	၂၂
၂၂း၅၇	၁၉း၂၇	၂၃
၂၃း၂၀	၁၉း၃၇	၂၄
၂၃း၄၃	၁၉း၄၇	၂၅
၀၀း၀၆	၁၉း၅၇	၂၆
၀၀း၂၉	၂၀း၀၇	၂၇
၀၀း၅၂	၂၀း၁၇	၂၈

www.burmeseclassic.com

www.burmeseclassic.com

မြွေကိုက်ခံရခြင်းနှင့်

ကေ.ပီ နာဂ်ာဇုန်းဒေဗင်ဒါမြင်

ဆရာရန်ဘောင်ဟိန်း

ဆရာကြီး ဦးသိန်းဖေ၏ ဝေဒဟေတုကျမ်းတွင် မြွေကိုက်ခံရသူ၏ ဇာတာကို ရှင်းပြခဲ့သည်ကို လွန်ခဲ့သော နှစ်(၃၀)ကျော်က ဖတ်ရှုခဲ့ဖူးသည်။ (၁၉၈၂)ခုနှစ်တွင် ခရစ်ရှုနားမူတီးပဒ္ဓတိ(ကေ.ပီ) စနစ်ကို စတင်လေ့လာခဲ့ ရသည်။

မြွေကိုက်ခံရသော်သူ၏ ဇာတာကို ကေ.ပီ စနစ်ဖြင့် မည်သို့ရှုမြင်သုံးသပ်ရမည်ကို အ ရှာခဲ့သည်။ တိတိပပ မတွေ့ခဲ့ဖူးပါ။ မှန်းဆသိရှိရုံလောက်သာ ရှိခဲ့သည်။

Snake Bite

Sun Rise: 07:15:31 AM Sun Set: 05:42:08 PM Dasa Day:365.25 D
Nithya Yo: Shubha Hora: Saturn Karana: Vanij

VII 27:23:55 Sa 13:15:49 VI 00:39:04	Ra 00:09:14 VIII 26:04:43	Mo 00:50:03 IX 26:40:05	X 28:30:54
Ma 07:45:44 Fo 01:56:16 V 00:28:57	Name: Snake Bite Gender: Male Date: Thursday, 11/Jan/1968 Time: 12:38:00 SD: 07:34:22 Lat: 28:39:00 N Lon: 77:13:00 E Place: NEW DELHI, DELHI, India		
Me 04:09:49	Ayanamsa: 23° 19' 14" Star: Krittika, Pada 2 Star Lord: Sun Rasi: Taurus Rasi Lord: Venu Lagna: Virgo Lagna Lord: Mer Tithi: Shukla Paksha, Ekadasi Bal. Dasa: Sun 4 Y, 1 M, 15 D		XI 00:28:57 Ju[R] 11:54:48 Ur[R] 29:28:26
IV 28:30:54 Su 28:17:43	III 26:48:05 Ve 17:19:32 Ne 02:35:12	II 26:04:43 Ke 00:09:14	XII 00:39:04 Ur[R] 05:52:40 I 27:23:55

Dasa Summary

Bhukti	From	Bhukti	From	Bhukti	From
Sun Dasa		**Moon Dasa**		**Mars Dasa**	
26-Feb-1964	26-Feb-1972	26-Feb-1982	26-Feb-1992	26-Feb-1982	26-Feb-1989
Sun	26-Feb-1964	Moon	26-Feb-1972	Mars	26-Feb-1982
Moon	14-Jun-1966	Mars	26-Dec-1972	Rahu	23-Jun-1982
Mars	14-Dec-1966	Rahu	26-Jul-1973	Jupiter	11-Aug-1983
Rahu	30-Apr-1967	Jupiter	26-Jan-1975	Saturn	17-Jul-1984
Jupiter	14-Mar-1968	Saturn	26-May-1976	Mercury	27-Aug-1985
Saturn	02-Jan-1969	Mercury	27-Dec-1977	Ketu	24-Aug-1986
Mercury	14-Dec-1969	Ketu	27-May-1979	Venus	21-Jan-1987
Ketu	20-Oct-1970	Venus	27-Dec-1979	Sun	21-Mar-1988
Venus	26-Feb-1971	Sun	26-Aug-1981	Moon	27-Jul-1988
Rahu Dasa		**Jupiter Dasa**		**Saturn Dasa**	
26-Feb-1989	26-Feb-2007	26-Feb-2007	26-Feb-2023	26-Feb-2023	26-Feb-2042
Rahu	26-Feb-1989	Jupiter	26-Feb-2007	Saturn	26-Feb-2023
Jupiter	08-Nov-1991	Saturn	14-Apr-2009	Mercury	01-Mar-2026
Saturn	01-Apr-1994	Mercury	26-Oct-2011	Ketu	09-Nov-2028
Mercury	06-Feb-1997	Ketu	11-Feb-2014	Venus	19-Dec-2031
Ketu	28-Aug-1999	Venus	08-Jan-2015	Sun	18-Feb-2033
Venus	11-Sep-2000	Sun	08-Sep-2017	Moon	31-Jan-2034
Sun	12-Sep-2003	Moon	26-Jun-2018	Mars	31-Aug-2035
Moon	06-Aug-2004	Mars	26-Oct-2019	Rahu	09-Oct-2038
Mars	07-Feb-2006	Rahu	02-Oct-2020	Jupiter	16-Aug-2039
Mercury Dasa		**Ketu Dasa**		**Venus Dasa**	
26-Feb-2042	26-Feb-2059	26-Feb-2059	26-Feb-2066	26-Feb-2066	26-Feb-2086
Mercury	26-Feb-2042	Ketu	26-Feb-2059	Venus	26-Feb-2066
Ketu	23-Jul-2044	Venus	23-Jul-2059	Sun	26-Jun-2069
Venus	20-Jul-2045	Sun	22-Sep-2060	Moon	26-Jun-2070
Sun	20-May-2048	Moon	28-Jan-2061	Mars	26-Feb-2072
Moon	26-Mar-2049	Mars	28-Aug-2061	Rahu	26-Apr-2073
Mars	26-Aug-2050	Rahu	25-Jan-2062	Jupiter	25-Apr-2076
Rahu	23-Aug-2051	Jupiter	13-Feb-2063	Saturn	26-Dec-2078
Jupiter	13-Mar-2054	Saturn	19-Jan-2064	Mercury	26-Feb-2082
Saturn	17-Jun-2056	Mercury	27-Feb-2065	Ketu	26-Dec-2084

Cuspal Positions

Cusp	Star(Pada)	Sgl	Su	Sbl	Bal	Sad
1	Chitra(2)	Me	Ma	Ju	Mo	Ra
2	Visakha(2)	Ve	Ju	Ke	Ma	Sa
3	Jyeshta(4)	Ma	Me	Ju	Mo	Ke
4	U.Ashada(1)	Ju	Su	Ma	Ra	Ju
5	Dhanishta(3)	Sa	Ma	Me	Ve	Mo
6	P.Bhadra(4)	Ju	Ju	Ma	Ra	Sa
7	Revati(4)	Ju	Me	Ju	Mo	Ra
8	Bharani(4)	Ma	Ve	Ke	Su	Ju
9	Mrigasira(2)	Ve	Ma	Ju	Mo	Ke
10	Punarvasu(3)	Me	Ju	Ve	Mo	Ra
11	Magha(1)	Su	Ke	Ke	Ju	Me
12	U.Phalguni(2	Me	Su	Ra	Ve	Ra

Planetary Positions

Planet	Star(Pada)	Sgl	Su	Sbl	Bal	Sad
Su	P.Ashada(4)	Ju	Ve	Ke	Ra	Ve
Mo	Krittika(2)	Ve	Su	Ra	Ve	Ke
Ma	Satabhisha[*]	Sa	Ra	Ra	Me	Ju
Me	U.Ashada(3)	Sa	Su	Sa	Su	Sa
Ju[R]	Magha(4)	Su	Ke	Me	Ve	Mo
Ve	Jyeshta(1)	Ma	Me	Me	Ve	Ma
Sa	U.Bhadra(3)	Ju	Sa	Ra	Ju	Sa
Ra	Aswini(1)	Ma	Ke	Ke	Ve	Me
Ke	Chitra(3)	Ve	Ma	Me	Me	Ra
Ur[R]	U.Phalguni(3	Me	Su	Me	Su	Ke
Ne	Visakha(4)	Ma	Ju	Ra	Ke	Sa
Pl[R]	U.Phalguni(1	Su	Su	Ra	Ra	Su
Fo	Dhanishta(3)	Sa	Ma	Ke	Ve	Ve

Significators - Planets View

Planet	(A)	(B)	(C)	(D)
Su	2	4 2, 9	11	
Mo+	4	8 11		
Ma	7	5	3, 8	
Me	4	4 11	1, 10, 12	
Ju+	1	11	4, 6, 7	
Ve	4	3 1, 10, 12	2, 9	
Sa	6	6 5	5	
Ra	1	7		
Ke	5	1 3, 8		
Ur	4	12 11		
Ne	11	2 4, 9, 7		
Pl	4	12 11		
Fo	5	5 3, 8		

Rahu acts as agent for: Ma, Ur.
Ketu acts as agent for: Ve

(A) - Planets in Occupant's stars
(B) - Occupant of house
(C) - Planets in Owner's stars
(D) - House Owner

+ These planets do not have any planets in their stars

(၂၀၀၈)ခုနှစ်၊ ဇူလိုင်လထုတ် ကေ.ပီ အီးဇင်း (K.P Ezine) တွင် အို.ဗီ.အင်ဒန် မူတီး(O.V.N Murthy) ၏ 'မြွေကိုက်ခံရခြင်း ကေ.ပီ ဆန်းစစ်ချက်' (Snake Bite-K.P Analysis) ဆောင်းပါးကို ဖတ်ရှု၍ ကေ.ပီ သုတေသနာရှင်များအတွက် ဆီလျော်အောင် ဘာသာပြန်ဆို - ဖော်ပြပေးလိုက်သည်။

နမူနာပြ ဇာတာမှာ (၁၁-၁-၁၉၆၈) (၀၀း၃၈)နာရီတွင် နယူးဒေလီ (၂၉° မြောက်၊ ၇၇° ၁၃' အရှေ့)တွင် မွေးဖွားခဲ့သည်။

ဇာတာမှာ အောက်ပါအတိုင်း ပြုပါသည်။

ဖြစ်ရပ်

အထက်ပါ ဇာတာရှင်သည် ဟိုတယ်ဒရာဘတ်မြို့၊ ဘီဂမ်ပက်လေဆိပ်အနီး ညနေပိုင်းတွင် လမ်းဘေးမှ မြက်မူးပေါ် လမ်းလျှောက်သွားနေစဉ် (၁၉၉၃) ခုနှစ်၊ နိုဝင်ဘာလက မြွေဟာက်ကိုက်ခြင်း ခံခဲ့ရသည်။ သူမကို မိတ်ဆွေများက သူ အမျိုးသမီးမှ အပိုလိုဆေးရုံသို့ ပို့ပေးခဲ့၍ အသက်ချမ်းသာရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းစစ်ချက်

အထက်ပါ ဇာတာတွင် ဇာတာရှင်၏ လဂ်ဘာဝ သန္ဓေဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၅တေး ဖြစ်သည်။ ၅တေးဂြိုဟ်သည် (၄၊ ၆၊ ၇) (ဘာဓက)သခင်ဂြိုဟ်ဖြစ်၍ (၇)တန့် (ဘာဓက)ဘာဝတွင် ရာဟုဂြိုဟ် ရပ်တည်ထားသည်။ ၅တေးဂြိုဟ်သည် (၁၁)တန့်ရပ် ကိတ်ဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။ သို့အတွက် သက်တမ်းကို ဆိုနိုင်ပါ၏။

ဤနေရာ၌ ဘာဓကဘာဝ (၇)တန့်သည် ယင်း၏အားကို ဖျက်ဆီးမည့် (၆)တန့်ဘာဝအတွက်သည်း ပတ်သက်အကျိုးဆောင်နေခဲ့သည်။ ၅တေးဂြိုဟ်သည် (၁၁)တန့်ဘာဝတွင် ရပ်တည်သော ကိတ်ဂြိုဟ်ပိုင် နက္ခတ်ကို စီးထားပြီး (၁)တန့်နှင့် (၁၁)တန့်တို့ ဆက်စပ်နေမှုက သက်တမ်းအတွက် စိတ်ချရစေ၏။

ကေ.ပီ စည်းမျဉ်း (ကေ.ဟာရီဟာရမ်၏ ကေ.ပီ ဘာဝ သန္ဓေဘုတ္တိနက္ခတ် သခင်ဂြိုဟ်များနှင့် ဆင်းတို့၏ အရေးပါမှု စာအုပ်၊ စာမျက်နှာ-၂၉)အရ "(၆)တန့်ဘာဝ သန္ဓေဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် အရိပ်ဂြိုဟ်တို့ မကောင်းသော လွှမ်းမိုးမှုကို ခံရပါက မြွေကိုက် ခံရစေတတ်သည်" ဟု ဆိုထားသည်။

အထက်ပါ ဇာတာတွင် (၆)တန့်ဘာဝ သန္ဓေဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် အင်္ဂါဂြိုဟ်ဖြစ်ပြီး ကိုပိုင်နက္ခတ်နှင့် ဘုတ္တိနက္ခတ်တို့ကို စီးထားသည်။ အင်္ဂါသည် (၅)တန့် ဘာဝတွင် ရပ်တည်ကာ (၁၁)တန့်တွင် ရပ်တည်သော ၅တေးဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေသည်။ ရာဟုသည် (၇)တန့် ဘာဓကဘာဝတွင် ရပ်တည်သော်လည်း (၁၁)တန့်ရပ် ၅တေးအား ကိုယ်စားပြုကာ ယင်းရပ်တည်သော ဆီသခင်ဂြိုဟ် အင်္ဂါမှာ (၅)တန့်ဘာဝတွင် ရပ်တည် နေသည်ကို တွေ့ရပါမည်။ ၅တေးဂြိုဟ်ပိုင် နက္ခတ်ပေါ် စီးထားသောဂြိုဟ် မရှိပါ၊ဟု ဆိုနိုင်ပါသည်။

၅တေးသည် ဘာဓကသဘောဆောင်သော ရာဟုပိုင် နက္ခတ်ကို စီးထားသော်လည်း (၁၁၊ ၅)တန့် ဘာဝများအတွက် အကျိုးဆောင်၍ အသက်မတိုစေနိုင်သော သဘာဝကြောင့် ကုသနိုင်ကာ အသက်ဘေးမှ လွတ်ခဲ့ရသည်။

အဆက်အလ

(၂၅-၈-၁၉၉၉)မှ (၁၁-၉-၂၀၀၀)အထိ ရာဟု ထူလ၊ ကိတ် ဘုတ္တိဒသာ စားဝင်သည်။ ရာဟုသည် ကိတ်ဂြိုဟ်ပိုင် နက္ခတ်နှင့် ဘုတ္တိနက္ခတ်တို့ကို စီးထားသည်။ ကိတ်ဂြိုဟ်မှာ (၁)တန့် ဘာဝတွင် ရပ်တည်နေသည်။ ရာဟုသည် ဘာဓကဘာဝအတွက် အကျိုးဆောင်သော်လည်း တစ်ခြိုင်တည်းမှာပင် ယခင်က ရှင်းပြသကဲ့သို့ အသက်ကို လုံခြုံစိတ်ချရစေသော (၅၊ ၁၁)တန့် ဘာဝများအတွက်ပါ အကျိုးဆောင်ထားပါသည်။

ဘုတ္တိဒသာသခင်ဂြိုဟ် ကိတ်သည် (၅၊ ၃၊ ၈)တန့် ဘာဝများအတွက် အကျိုးဆောင်သော အင်္ဂါပိုင် နက္ခတ်ကို စီးထားသည်။ ကိတ်သည် ၄ဟူးပိုင် ဘုတ္တိနက္ခတ်ကို စီးထား၍ ၄ဟူးသည် (၁၁)တန့်သခင်အဖြစ် (၁)တန့်ဘာဝ၌ ရပ်တည်သော ၁နွေပိုင်နက္ခတ်ကို စီးထားသည်။

မြွေဟောက်ကိုက်ခံရခြင်းတွင် အသက်ဘေး နီးသော်လည်း (၅၊ ၃၊ ၈၊ ၁၁)တန့် ဘာဝများ ဆက်စပ်အကျိုးဆောင်သော ဒသာဖြစ်၍ အသက်ဘေးမှ လွတ်ခဲ့ရပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၆]ခုနှစ်၊ နက္ခတ်ပေးဒင်းဟာဇာတ်း

နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် - ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကခံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာ ကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင် မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက်ရှိုင်းတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြီးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားများ ဖြစ်နေတတ်ပါသည်။ ဆရာ ချစ်တဲ့ ဂန္ဓီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန့် ထပ်တူကျနိုင် စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်း ပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍာပါ ဇယားများကို ကမ္ဘာမဒီရီယံမျှင်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ ့ ၃၂ ′)၊ မြောက်လတ္တီတွဒ်(၁၆ ့ ၂၁ ′)ကို အခြေခံကာ လ၊အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက် ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂန္ဓီရချစ်သူများအနေ ဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဧရိယ(၁၄)ရက်မှ ဝေဂေါဝါရိုလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

ဝေဂေါဝါရိုလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ဗြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရကဋ်
၁၆း၁၀ - ၁၈း၁၀	သိဟ်
၁၈း၁၀ - ၂၀း၁၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၀း၄၄ - ၀း၄၄	မိသ
၀း၄၄ - ၀၉း၄၄	ဗြိသ
၀၉း၄၄ - ၁၁း၄၄	မေထုန်
၁၁း၄၄ - ၁၃း၄၄	ကရကဋ်
၁၃း၄၄ - ၁၅း၄၄	သိဟ်
၁၅း၄၄ - ၁၇း၄၄	ကန်
၁၇း၄၄ - ၁၉း၄၄	တူ
၁၉း၄၄ - ၂၁း၄၄	ဗြိစ္ဆာ
၂၁း၄၄ - ၂၃း၄၄	ဓနု
၂၃း၄၄ - ၀း၄၄	မကာရ
၀း၄၄ - ၀၃း၄၄	ကုမ်
၀၃း၄၄ - ၀၅း၄၄	မိန်

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း

မွေးချိန်	လက်
၇း၂၅ - ၇း၂၅	ပြဿ
၇း၂၅ - ၉း၂၅	မေထုန်
၉း၂၅ - ၁၁း၂၅	ကရကဋ်
၁၁း၂၅ - ၁၃း၂၅	သိဟ်
၁၃း၂၅ - ၁၅း၂၅	ကန်
၁၅း၂၅ - ၁၇း၂၅	တူ
၁၇း၂၅ - ၁၉း၂၅	ဗြိစ္ဆာ
၁၉း၂၅ - ၂၁း၂၅	ဓနု
၂၁း၂၅ - ၂၃း၂၅	မကာရ
၂၃း၂၅ - ၂၅း၂၅	ကုမ်
၂၅း၂၅ - ၁း၂၅	မိန်
၁း၂၅ - ၃း၂၅	မိဿ
၃း၂၅ - ၇း၂၅	ပြဿ

ဇွန်လ (၂၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၅း၂၀ - ၇း၂၀	မေထုန်
၇း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သိဟ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၇း၂၀	ဗြိစ္ဆာ
၁၇း၂၀ - ၁၉း၂၀	ဓနု
၁၉း၂၀ - ၂၁း၂၀	မကာရ
၂၁း၂၀ - ၂၃း၂၀	ကုမ်
၂၃း၂၀ - ၂၅း၂၀	မိန်
၂၅း၂၀ - ၁း၂၀	မိဿ
၁း၂၀ - ၃း၂၀	ပြဿ

ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၅း၁၀ - ၇း၁၀	ကရကဋ်
၇း၁၀ - ၉း၁၀	သိဟ်
၉း၁၀ - ၁၁း၁၀	ကန်
၁၁း၁၀ - ၁၃း၁၀	တူ
၁၃း၁၀ - ၁၅း၁၀	ဗြိစ္ဆာ
၁၅း၁၀ - ၁၇း၁၀	ဓနု
၁၇း၁၀ - ၁၉း၁၀	မကာရ
၁၉း၁၀ - ၂၁း၁၀	ကုမ်
၂၁း၁၀ - ၂၃း၁၀	မိန်
၂၃း၁၀ - ၂၅း၁၀	မိဿ
၂၅း၁၀ - ၁း၁၀	မိဿ
၁း၁၀ - ၃း၁၀	ပြဿ
၃း၁၀ - ၅း၁၀	မေထုန်

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၅း၄၀ - ၇း၄၀	သိဟ်
၇း၄၀ - ၉း၄၀	ကန်
၉း၄၀ - ၁၁း၄၀	တူ
၁၁း၄၀ - ၁၃း၄၀	ဗြိစ္ဆာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၇း၄၀	မကာရ
၁၇း၄၀ - ၁၉း၄၀	ကုမ်
၁၉း၄၀ - ၂၁း၄၀	မိန်
၂၁း၄၀ - ၂၃း၄၀	မိဿ
၂၃း၄၀ - ၁း၄၀	ပြဿ
၁း၄၀ - ၃း၄၀	မေထုန်
၃း၄၀ - ၅း၄၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၅း၅၀ - ၇း၅၀	ကန်
၇း၅၀ - ၉း၅၀	တူ
၉း၅၀ - ၁၁း၅၀	ဗြိစ္ဆာ
၁၁း၅၀ - ၁၃း၅၀	ဓနု
၁၃း၅၀ - ၁၅း၅၀	မကာရ
၁၅း၅၀ - ၁၇း၅၀	ကုမ်
၁၇း၅၀ - ၁၉း၅၀	မိန်
၁၉း၅၀ - ၂၁း၅၀	မိဿ
၂၁း၅၀ - ၂၃း၅၀	ပြဿ
၂၃း၅၀ - ၂၅း၅၀	မေထုန်
၂၅း၅၀ - ၁း၅၀	ကရကဋ်
၁း၅၀ - ၃း၅၀	သိဟ်
၃း၅၀ - ၅း၅၀	ကန်

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၅း၅၅ - ၇း၅၅	တူ
၇း၅၅ - ၉း၅၅	ဗြိစ္ဆာ
၉း၅၅ - ၁၁း၅၅	ဓနု
၁၁း၅၅ - ၁၃း၅၅	မကာရ
၁၃း၅၅ - ၁၅း၅၅	ကုမ်
၁၅း၅၅ - ၁၇း၅၅	မိန်
၁၇း၅၅ - ၁၉း၅၅	မိဿ
၁၉း၅၅ - ၂၁း၅၅	ပြဿ
၂၁း၅၅ - ၂၃း၅၅	မေထုန်
၂၃း၅၅ - ၁း၅၅	ကရကဋ်
၁း၅၅ - ၃း၅၅	သိဟ်
၃း၅၅ - ၅း၅၅	ကန်

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိဿ
၁၈း၅၅ - ၂၀း၅၅	ပြဿ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂း၅၅	သိဟ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၆း၅၅	တူ

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း

မွေးချိန်	လက်
၆း၅၅ - ၈း၅၅	ဓနု
၈း၅၅ - ၁၀း၅၅	မကာရ
၁၀း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၄း၅၅	မိန်
၁၄း၅၅ - ၁၆း၅၅	မိဿ
၁၆း၅၅ - ၁၈း၅၅	ပြဿ
၁၈း၅၅ - ၂၀း၅၅	မေထုန်
၂၀း၅၅ - ၂၂း၅၅	ကရကဋ်
၂၂း၅၅ - ၂၄း၅၅	သိဟ်
၂၄း၅၅ - ၂း၅၅	ကန်
၂း၅၅ - ၄း၅၅	တူ
၄း၅၅ - ၆း၅၅	ဗြိစ္ဆာ

(၂၀၁၆)ခုနှစ်၊ ဖေဖော်ဝါရီလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

မိဿလဂ် (Aries)

တွင်းထွက်ပစ္စည်း၊ ဓာတ်သတ္တုတူးဖော်ရေး ဖက်စပ်လုပ်ငန်းရှင်များ တတိယပတ်ကုန်ထိ အကျိုးအမြတ် ဖြစ်ထွန်းနိုင်၍ အရင်းအနှီး တိုးမြှင့်လုပ်ကိုင်ပါ။ (၂၁) ရက်နေ့က စပြီး လကုန်ထိ တစ်ပတ်အတွင်းမှာ ပုံမှန်သာမန်မပျက် လုပ်ဆောင်ပါ။ မိဿလဂ် ဓာတ်ရာရှင်များ လကုန်ခါနီးတွင် ဗျာနာတတ်၏။ အပူမအောင်းရအောင် အဝတ်ပါးပါးများ ဝတ်ဆင်ကာ ရေများများသောက်ပေးပါ။ ပညာသင် လူငယ်များ ပညာရေး အဆင်ပြေကောင်းမွန်မည်။ သို့သော် ဆင်ကောင်ကြိုး အမြီးကျမှတစ် ဆိုသကဲ့သို့ ဖြေခါနီးမှ အနှောင့်အယှက်ဝင်တတ်၍ ခရီးဝေးမှလာသော မိတ်ဆွေများကို အတတ်နိုင်ဆုံး ရှောင်ပါလေ။ အိမ်းထောင်ရှင်များ ခိုက်ရန်ဖြစ်တတ်၍ အစားအသောက်နှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး စကားမပြောမိအောင် သတိပြုရ၍ ရှောင်ပါလေ။ မှား ပွင်းသော အချစ်တစ်ခုအတွက် အမှားလုပ်ရန် တာစူနေ တတ်၏။ သားသမီးအရေး တွေးတောပူပန်နေရတတ်၏။ အကြီးအကဲနှင့် ဆက်ဆံယဉ်သော လုပ်ငန်းတစ်ခု လုပ်ဆောင် ဖြစ်သွားမည်။ သရုပ်ဆောင် အနုပညာရှင်များနှင့် အလှကုန် ရောင်းဝယ်သူများ တစ်လလုံး စနိုးထနေမည်။ (၁၄၊ ၁၅) ရက်များနှင့် (၂၂၊ ၂၃)ရက်များကို အားကိုးအားထားပြု ပါလေ။

ယတြာ

ဆီးယိုနှင့် ထန်းလျက်ခဲ အနေတော်ထည့်ပြီး အိမ်ရှိ ဘုရားကို ဆွမ်းကပ်ပါ။ အညဲ့အဆိုးများ ကင်းစင်ပြီး ကောင်းကျိုးချမ်းသာများ ခံစားရလိမ့်မည်။

ပြိဿလဂ် (Taurus)

အတိုက်အခံ၊ အနောင့်အယှက် တွေ့မည်။ သို့သော် (၁၃)ရက်နေ့နောက်ပိုင်း အောင်မြင်စွာ ကျော်လွှားနိုင်လိမ့်မည်။ အချစ် ရေးမှာ ကံခေနေတတ်၏။ အိမ်ထောင် ရှင်များ အထူးသတိထားရမည့် ကာလပါ။ စကားဟောင်း ကို ပြန်ဖော်မိပါက ကွာရှင်းပြတ်စဲသွားတတ်၏။ အလုပ် အကိုင် ရှာဖွေသူများ ကိုယ့်ထက် ကြီးသူရဲ့ ကူညီမှ,စမှု ကြောင့် အဆင်ပြေသွားမည်။ စာပေပညာရှင်များ၊ အဆို တော်များ၊ ရေသန့်လုပ်ငန်းရှင်များ အခက်အခဲတွေ့ပြီးမှ အောင်မြင်မည်။ နေအိမ်၊ နေရာဒေသ ပြောင်းရွှေ့ရတတ် ၏။ လက်ရှိနေအိမ်မှ အရှေ့မြောက်ဘက်သို့ ပြောင်းရတတ် ၏။ ကောင်းသောပြောင်းလဲခြင်းပါ။ ပြိဿလဂ် ဇာတာရှင် များ ယခုလတွင် အချစ်ရေး၊ အိမ်ထောင်ရေး ဦးစားမပေး သင့်၊ အလုပ်အကိုင်ကိုသာ ဦးစားပေး လုပ်ဆောင်ပါ။ အများနှင့်ပတ်သက်တဲ့ လုပ်ငန်းတွင် ဦးဆောင်ဦးရွက်ပြုမိ ပါက ရှင်းမရတဲ့ ပြဿနာများနှင့် ရင်ဆိုင်ရတတ်၏။ မိမိ ဘဝရဲ့ အိမ်ကကျတဲ့ ကိစ္စများကို (၇၊ ၈)နှင့် (၂၅၊ ၂၆)ရက် များတွင် စဖောင်လုပ်ဆောင်ပါ။ ဘာသာရေးဝန်ထမ်းဖြစ် ပါက စည်းရုံးမှုကြောင့် ပြစ်ဒဏ်ကျခံရတတ်၏။ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့သားများကို အတတ်နိုင်ဆုံး ရှောင်ပါလေ။

ယတြာ

ဆီထမင်း သုံးရာဖိုး (၃)ထုပ်ဝယ်ပြီး ဆွမ်းခံကိုယ် တော် တစ်ပါးပါးအား လောင်းလှူလိုက်ပါ။ အန္တရာယ် ကင်း ဘေးရှင်းသွားပါလိမ့်မည်။

မေထုန်လဂ် (Gemini)

အလုပ်အကိုင် အဆင်မပြေနိုင်ပါ။ [illegible] လုံလ ကျဆင်းပြီး မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်၏။ ဆေးပညာဖြင့် အသက် မွေးသူများ၊ သင်တန်းပညာတစ်ခု တတ် ရောက်သင်ယူရလိမ့်မည်။ စစ်သည်တော်များ၊ လက်နက် ကိုင် တပ်ဖွဲ့များ ရင်တမမ နေရတတ်၏။ အမှားလုပ် အောင် တွန်းပို့ပေးသူနှင့် ကြုံရလိမ့်မည်။ အိမ်ထောင်ပြု ရည်ရွယ်ထားသူများ (၈)ရက်အတွင်း အဆင်ပြေသွားတတ် ၏။ သို့သော် မည်သည့်ကိစ္စမဆို အတိုက်အခံကို သတ် ထားပါလေ။ အလုပ်အကိုင် အဆင်ပြေသော်လည်း [illegible] မကောင်းသလို ခံစားနေရတတ်၏။ အချစ်ကို ကစား တစ်ခုလို သဘောထားတတ်သူများ မမျှော်လင့်ဘဲ ပြန်ခံ အိမ်ထောင်ကျသွားတတ်၏။ မုဆားမပါ လက်ဟမ ဆိုရိုးစကား ရှိသော်လည်း ယခုလတွင် သင့်အတွက် မုဆားမဖက်တဲ့ သစ္စာစကားကသာ အကျိုးပေးပါလိမ့်မည် သင်ကိုယ်တိုင် ငါ ရသင့်သည်ဟု ထင်မှတ်နေသည်များ မရဘဲ ရှိနေတတ်၏။ ထို့အတွက် စိတ်ပျက်မနေပါနှင့် လုပ်သင့်သည်ကိုသာ ပုံမှန်လေး လုပ်ဆောင်သွားပါ။ ရ ပါလိမ့်မည်။ ဆိတ်နို့သောက်ခြင်း၊ ဆိတ်သားဟင်း စား ရှောင်ပါ။ (၁၈၊ ၁၉)နှင့် (၂၇၊ ၂၈)ရက်များကို ဆောင် **ယတြာ**

ရွှေကို ရေစိမ်ထားပြီး ထိုရေဖြင့် အိမ်ရှိ ဘုရား မျက်နှာသစ်ပေးပါ။ ထူးခြားစွာ ဝင်ငွေကောင်းလာပေ မည်။

ကရကဋ်လဂ် (Cancer)

တတိယပတ်အတွင်း လက်ဆော် တစ်ခု လက်ခံရရှိလိမ့်မည်။ ပညာ ငွေကြေး၊ သားရေးသမီးရေးကြော အပူသောကဆိုက်နေရတတ်၏။ ယ ရပ်တန့်ထားတဲ့အလုပ် ပြန်လုပ်ဖြစ်လိမ့်မည်။ ရပ် ကူညီသူတစ်ယောက် ပေါ်လာမည်။ အင်္ဂါ၊ စနေ သား များကို ရှောင်ဖြစ်အောင် ရှောင်ပါလေ။ အဖေကျန်း ဂရစိုက်ပေးပါ။ နေအိမ်ကိစ္စ စကားပြောစရာ ရှိလာ (၂၁)ရက်နေ့နောက်ပိုင်း ပြောပါ။ သို့မဟုတ်ပါက ပြဿ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်၏။ ဗုဒ္ဓဟူးသားသမီးများနှင့် ဖက်စပ်လုပ်ကိုင်ခြင်း ရှောင်ပါ။ စာပေပညာရှင်များ၊ မျက်လုံးအသုံးပြုရသူများ၊ ကျောင်းသူကျောင်းသားများ ညာဘက်မျက်စိကို အထူးဂရုစိုက်ပါ။ သစ်သီးပွဲရုံလုပ်ငန်းရှင်များ ငွေကြေးအတွက် ပူလောင်ရတတ်၏။ အနီရောင်ကျောက် တစ်မျိုးမျိုး ဝင်လာတတ်၏။ (၁၄)ရက်နေ့ကျော်မှ ဝင်လာလျှင် သတ်မခံသင့်ပါ။ လက်ခံမိပါက နှမ်းဆီလိမ်းပေးပြီး ဘုရားကျောင်းတွင် တင်ထားလိုက်ပါ။ (၇၊ ၈)နှင့် (၂၀၊ ၂၁) ရက်များကို ကံကောင်းနေ့အဖြစ် ဆောင်ပါလေ။

ယတြာ

ဝါဂွမ်းလိပ်(၉)လိပ်ဝယ်ပြီး သင့်တော်ရာမှာ လှူဒါန်းသင့်ပါ။ ကလေးကေဟာဆို ပိုကောင်း၏။ မကောင်းကံများ ပပျောက်သွားလိမ့်မည်။

သိဟ်လ် (Leo)

ကျန်းမာရေး ညံ့နေတတ်၏။ ဘဝနှင့် ယှဉ်ပြီး အပြောင်းအလဲတစ်ခု ဖြစ်လာတတ်၏။ ရည်ရွယ်ချက် အောင်မြင်ရန် ကိုယ်ကျင့်တရားကို မြှင့်တင်ပေးပါ။ ပူပို့လူလွတ်များ မှားယွင်းစွာ အိမ်ထောင်ကျတတ်ပါသည်။ အကောင်အခဲကြားက လုပ်ဆောင်ရသော ဖက်စပ်လုပ်ငန်းမှ အကျိုးရှိတဲ့ အကျိုးအမြတ် ရလိမ့်မည်။ မိခင်ကျန်းမာရေးကို ဂရုစိုက်ပေးပါ။ ပညာဖြင့် အသက်မွေးသူများ အထူးအဆင်ပြေနေမည်။ ဥပဒေနှင့် မကင်းတဲ့အလုပ် မလုပ်မိပါစေနှင့်။ ချွေးအနောင် ခံရတတ်ပါသည်။ မိမိနေအိမ်တွင် စစ်အသုံးဆောင်ပစ္စည်းတစ်ခု ရှိနေပါက စွန့်ပစ်လိုက်ပါ။ မစွန့်ပစ်ဘူး အကြင်နာသံယောဇဉ်မဲ့တဲ့ လုပ်ရပ်မျိုးကို သင်ကိုယ်တိုင် လုပ်မိလာလိမ့်မည်။ စိန်၊ ရွှေ၊ ငွေ ရတနာအရောင်းအဝယ်များ ဝင်ငွေကောင်းမည်။ မလိုအပ်ဘဲ စကားများများပြောနှင့်။ စကားပြောများလျှင် ရစရာရှိသည်များ မရဘဲ ဆုံးနှုံးကြွန်ကြာနေမည်။ စိတ်ကူးထားတဲ့ ဘဝစီမံကိန်း (၅၊ ၆)ရက်များတွင် စတင်ပါ။ (၁၂)ရက်အတွင်း ဆောင်ပြေသွားလိမ့်မည်။ အထူးရောင်ရမှာက (၂၂၊ ၂၃၊ ၂၄)ရက်ပါ။

ယတြာ

အုန်းထမင်းဆွမ်း ကပ်လှူပြီး အုန်းသီးရည်တိုက်ပါ။ ဆောင်မြင့်မှုများ သင့်လက်ထဲ ရောက်လာလိမ့်မည်။

ကန်လ် (Virgo)

နှိုင်ငံရပ်ခြား၊ နယ်စပ်ဒေသများသို့ သွားရောက်လုပ်ကိုင်ရန် စီစဉ်သူများ လတ်တလော အဆင်မပြေနိုင်ပါ။ (၂၃၊ ၂၄) ရက်လကုန်ခါနီးမှ အဆင်ပြေသွားမည်။ နေအိမ်တွင် ရှေးဟောင်းဘုရား၊ ရှေးဟောင်းပစ္စည်း ရှိနေပါက ရာဟုထောင့်အရပ်သို့ ဂျစ်ပတ်လောက် ပြောင်းရွှေ့ထားလိုက်ပါ။ စာပေ၊ မန်ချီ၊ ပန်းပု၊ ရုပ်လုံးရုပ်ကြွဆိုင်ရာ ပညာရှင်များ ထင်မှတ်ထားသည်ထက် ပိုအောင်မြင်မည်။ ဂုဏ်သိက္ခာရှိရှိ နေထိုင်ပါက ဤလတွင် သင် ချစ်သူတွေ့လိမ့်မည်။ စစ်မှန်သော ချစ်သူပါ။ ငရဲကလာ ပြာပူမကြောက်ဆိုသကဲ့သို့ မည်သည့်ဒုက္ခမျိုးကိုမဆို ရင်ဆိုင်ဝံ့လျှင် အများနှင့်မတူတဲ့ အောင်မြင်မှု ရလာတတ်၏။ ရေလမ်းခရီး သွားပါက အဆုတ်နှင့်ပတ်သက်တဲ့ ဝေဒနာတစ်မျိုးမျိုး ဖြစ်ပေါ်ခံစားရတတ်၍ ယခုလတွင် အတတ်နိုင်ဆုံး မသွားဘဲ ရှောင်ပါ။ အိမ်ထောင်ဖက်နှင့်စပ်ပြီး စိတ်မကောင်းဖြစ်ရတတ်၏။ အမွေးနုံသာ ရောင်းဝယ်သူများ အလုပ်အကိုင်၊ အရောင်းအဝယ် အလွန်အဆင်ပြေမည်။ စာသင်သားရဟန်းသံဃာများ ပညာရေးရည်မှန်းချက် အောင်မြင်ရန် မလွယ်ပါ။ အောင်မြင်ခါနီး ပျက်စီးတတ်ပါသည်။ မည်သည့် လုပ်ငန်းရှင်မဆို လုပ်ငန်းစတင်မည်ဆိုပါက (၁၈၊ ၁၉)ရက် တစ်ရက်ရက်ကို ရွေးပါ။

ယတြာ

မွေးနေ့တွင် ခို့ဂတ်လေးများကို ပြောင်းဆန်(ပြောင်းဖူးစေ့) ကျွေးပါလေ။ ပြောင်းဆန်မဟုတ်တဲ့ အခြားအစာအာဟာရများ မကျွေးပါနှင့်။ ပြောင်းဖူးစေ့သာ ကျွေးပါ။ ခုနစ်ရက်အတွင်း ကံကောင်းခြင်းများ ကြုံရလိမ့်မည်။

တူလ် (Libra)

သွေး၊ လေကြောင့် မဖြေသာတဲ့ ဝေဒနာခံစားရတတ်၏။ အသိုးအရွက် များများစားပေးပါ။ သစ်လုပ်ငန်းရှင်များ ဇွဲ၊ လုံ့လ၊ ဝီရိယ ကောင်းနေတတ်၏။ အိမ်၊ ခြံ၊ မြေ ပွဲစားများ ဝင်ငွေကောင်းနေမည်။ ကတိပေးပြီးမှ နောက်တွန့်နေ၍ ဂုဏ်သိက္ခာ ကျဆင်းရတတ်၏။ အိတ်ပေါက်နှင့် ဖားကောက်ဆလို သင့်ဝင်ငွေလည်း စုဆောင်းရခက်နေမည်။ မထင်မှတ်ဘဲ ဒဏ်ရာရလျှင် အတိတ်မေ့သလို

www.burmeseclassic.com

မေမြော်သွားတတ်၍ စက်တပ်ယာဉ်များ ကိုယ်တိုင်မောင်းနှင်ခြင်း ရှောင်သင့်၏။ ကုမ္ပဏီထူထောင်လိုသူများ၊ အိမ်ထောင်ပြုလိုသူများ အဆင်ပြေချောမွေ့နေမည်။ ဓာတ်ငွေ့၊ လောင်စာဆီ၊ စက်ဆီ ရောင်းဝယ်သူများ မနှားချင်လောက်အောင် အရောင်းသွက်နေမည်။ ပဲကုန်သည်များ၊ ပဲတောင်သူများ လာဘ်လာဘဝင်ငွေ ကောင်းမည်။ အိမ်၊ ခြံ၊ မြေဝယ်သူများ စာချုပ်အတု အလိမ်အညာမိတတ်၍ အသေအချာ စဉ်းစားပြီးမှ ဝယ်ပါ။ ရာဟုဂြိုဟ်၏ လုပ်ဆောင်ချက်ကြောင့် အတုကိုပင် အစစ်ထင်နေမိတတ်ပါသည်။ ဆောင်သင့်သည့် နေ့ရက်များကတော့ (၁၊ ၂)နှင့် (၂၇၊ ၂၈၊ ၂၉)ရက်များပါ။

ယတြာ

မွေးနေ့တွင် အိမ်ရှိ ဘုရားကို ဒိန်ဆန် ဆွမ်းကပ်ပါ။ ညနေဘက်တွင် အပေါင်းအသင်းထဲက သောကြာသားသမီး တစ်ဦးဦးအား ဒိန်ဆန် ကျွေးမွေးလိုက်ပါ။ လိုအင်ဆန္ဒများ ပြည့်ဝလာလိမ့်မည်။

ဗြိစ္ဆာလဂ် (Scorpio)

အရာရာမှာ ငါ တကားကားလုပ်တဲ့ အကျင့်ကို အတတ်နိုင်ဆုံး လျှော့ထားပါ။ ရန်သူနှင့် တူသော မိတ်ဆွေရဲ့ ကောက်ကျစ်စဉ်းလဲမှုကို ခံရတတ်၏။ ကျန်းမာရေးလည်း ညံ့နေတတ်ပါသည်။ နေရာဒေသ၊ အလုပ်အကိုင် အပြောင်းအလဲ လုပ်ချင်စိတ် ပေါ်နေတတ်၏။ ပြောင်းလိုက်ပါ။ စိတ်ထဲ သက်သာရာရသွားပြီး အခြားတစ်ခုတွင် အဆင်ပြေနေလိမ့်မည်။ သတိထားရမှာက အိမ်ထောင်ရေးပါ။ အိမ်ထောင်ဖက်အား လျစ်လျူရှုတဲ့သဘောမပြုမိပါစေနှင့်။ စားသောက်ဆိုင်များ၊ အစားအစာ ထုတ်လုပ်ဖြန့်ချိ ရောင်းချသူများ၊ ဆေးစတိုးများ ခိုက်ရန်စကား အနည်းငယ် ပြောရတတ်သည်ကလွဲလို့ အရာရာကောင်းပါသည်။ ဂီတစာဆို၊ အဆိုတော်နှင့် စာပေအနုပညာရှင်များ အလုပ်မှန်ပြီး ငွေရွှင်နေမည်။ မေတ္တာဖြင့် စေတနာဝန် ထမ်းတဲ့သူများ စေတနာအမှားတွေနှင့် ကြုံတွေ့ရတတ်၏။ သို့သော် မတုန်လှုပ်ပါနှင့်။ ပို့မှန်သာ လုပ်ဆောင်ပါ။ (၁၃၊ ၁၄)ရက် နောက်ပိုင်းတွင် အလိုလို အဖြေပေါ်ပြီး အလိုလို အဆင်ပြေသွားလိမ့်မည်။ (၃၊ ၄)နှင့် (၁၆၊ ၁၇)ရက်များကို ဆောင်ပါ။

ယတြာ

ဆီးညွှန့်နှင့် ဒန်းပန်းကို ရောစည်းပြီး မွေးနေ့တွင် မိမိမွေးနံ့ထောင့် ဂြိုဟ်တိုင်ဘုရား၌ လှူပါ။ ပြီးလျှင် ဆန်လက်တစ်ဆုပ်ခန့်ကို နန္ဒင်းနှင့်နယ်ပြီး မိမိအိမ်ထဲကို အသေအချာ ပက်ဖျန်းပါ။ သောကင်းရန်ကွာ ချမ်းသာလိမ့်မည်။

ဓနုလဂ် (Sagittarius)

ကျန်းမာရေး မသိမသာ ညံ့နေမည်။ အထူးအားဖြင့် ဦးခေါင်းပိုင်းနှင့်ပတ်သက်တဲ့ဝေဒနာခံစားရတတ်၏။ တကယ်ရည်ရွယ်ထားတဲ့အရာ ဤလအတွင်း မဖြစ်နိုင်သေးပါ။ ဘာပဲပြောပြော၊ ဘယ်လိုပဲ ဆင်ခြေပေး သင်ကိုယ်တိုင်က အကြင်နာသံယောဇဉ် နည်းပါးမည်။ ထို့ကြောင့် တစ်ဖက်သား၏ အကြင်နာသံယောဇဉ် အပေါ်မှာလည်း စိတ်တိုင်းမကျ ဖြစ်နေရတတ်၏။ တစ်စုံတစ်ယောက်မှ မျှော်လင့်မထားတဲ့ ကိစ္စကြောင့် ဂုဏ်သိက္ခာကျဆင်းခြင်း အရှက်ရခြင်းများ ကြုံတွေ့ရတတ်၏။ အထူးသတိထားပါ။ ပင်ကိုအလုပ်ကို မလုပ်ချင်တော့သလို ဖြစ်နေတတ်၏။ လုံလုံလဲလဲ ကျဆင်းနေတတ်ပါသည်။ တကယ်လို့ နေအိမ်ပြောင်းချင်တယ်ဆိုရင် ပြောင်းသာ ပြောင်းလိုက်ပါ။ လူငယ်များ ရွယ်များ အကြင်နာသံယောဇဉ်ကို အခြေခံပြီး မမျှော်လင့်ဘဲ နိုင်ငံခြားရောက်သွားတတ်ပါသည်။ ရောက်သွားပါက အဆင်ပြေသွားမည်။ ဖေဖော်ဝါရီလ (၂၀)ရက်အတွင်း မေးပွဲဖြေဆိုရမည့် ကျောင်းသားလူငယ်များ အသေးအဖွဲလို့ ထင်မှတ်ရတဲ့ အမှားအယွင်းလေးကြောင့် ကြီးမားဆုံးရှုံးမှု ကြုံရတတ်၏။ အရာရာ သတိထားပါလေ။ (၅၊ ၆)နှင့် (၁၈၊ ၁၉)ရက်များကို ကံကောင်းနေ့အဖြစ် ဆောပါ။

ယတြာ

ကြက်ဥပူတင်း(၃)ခု ဝယ်ပြီး အိမ်ရှိ ဘုရားကို ဆွမ်းကပ်ပါ။ ပြန်စွန့်တဲ့အခါ ကြာသပတေးသားသမီး တဦးအား ပေးစားပြီး ကိုယ်တိုင်လည်း စားပါလေ။ အရာအဆင်တပြေ ဖြစ်သွားပေလိမ့်မည်။

မကာရလဂ် (Capricon)

အတွေးလွန်၍ အိပ်မပျော် စားမဝင် ဖြစ်နေတတ်ဖူးသလို နာသလို မအီမသာတွေ့လာပြီး ဆေးရုံ၊ ဆေးရောက်ရတတ်၏။ သို့သော် ဝင်ငွေလာဘ်လာဘကော

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမြဲ ကောင်းနေမှာပါ။ အချစ်ရေး ဖန်တီးသူများ အဆင်တပြေ အောင်မြင်မည်။ အိမ်ထောင်ရှင်များလည်း အိမ်ထောင်ရေးမှာ သာယာတတ်၏။ လဆန်းအစာ အဆင်မပြေသလို ပြေသလို ဖြစ်နေပြီး ဒုတိယ စာပြီး စီးပွားရေး၊ အလုပ်အကိုင်၊ ဂုဏ်သိက္ခာ၊ အိမ်ချမ်းသာ အစစအရာရာ အဆင်ပြေသွားမည်။ ကိုယ့် အလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်သည်ကလွဲလို့ အနှောက်အခဲ မရှိပါ။ ဆန်ကုန်သည်များ၊ ဆေးကုမ္ပဏီ ထုတ်လုပ်ငန်း ဝန်ထမ်းများ သိသိသာသာ အကျိုး ရတတ် ရရှိလိမ့်မည်။ အထည်ချုပ်လုပ်ငန်းရှင်များ၊ စက် ချုပ်တဲ့ ဆရာ၊ဆရာမများ၊ အထည်အလိပ် ကုန်သည်ကြီး အထူးဝင်ငွေကောင်းမည်။ ဒီဇိုင်းဟောင်းကို အသစ် လုပ်တဲ့ ဒီဇိုင်းပညာရှင်များ နာမည်ကောင်းရပြီး မျက် စိန်း လှမည်။ အတိုက်အခံတွေ ပါက ဘဝရဲ့ လှေကား အဆင့်များဟုသာ မှတ်ပါ။ အဟန့်အတားဟု မထင်မှတ်ပါ (၁၆၊ ၁၇)နှင့် (၂၅၊ ၂၆)ရက်များကို ကံကောင်းရက် အဖြစ် ယုံကြည်ပါ။

အကြံ

စေဒနာရှင် တစ်ဦးအား လိုအပ်တဲ့ဆေးဝါး ကူညီလှူ ဒါန်းလိုက်ပါ။ ထင်ထားသည်ထက် ပိုအောင်မြင်လိမ့်မည်။

ကုံလုံ (Aquarius)

ငယ်သူကြောင့် စိတ်သောက ရောက်နေရတတ်၏။ အဖေ (သို့မဟုတ်) အစ်ကို ကြီးအား စနေ၊ တဂိုနေ့နေ့ တစ်နေ့နေ့မှာ အုန်းရည်တိုက်လိုက်ပါ။ ဖြစ်ချင်တဲ့ အရာကို ဖွင့်ပြောပြလိုက်သည်နှင့် အုန်းရည်က အောင်ရေး သွားလိမ့်မည်။ အိမ်ထောင်ရှင်များ အမှားမလုပ်မိအောင် ဆူးသတိပြုပါ။ ကုမ္ပဏီဖက်စပ်လုပ်ငန်းများတွင် ဝန်ထမ်း ဆရာ တာဝန်ယူရပါက မှန်လျက် မှားရတတ်၏။ ယို ယိုယဲ့ ထုတ်လုပ်ဖြန့်ချိသူများ၊ သောက်ရေနှင့် အဖျော်ယမ ကာ လုပ်ငန်းရှင်များ၊ ပါးစပ်ဖြင့် အလုပ်လုပ်သူများ၊ စာ ဆရာ၊ ဗေဒင်ဆရာများ အထူးဝင်ငွေကောင်းနေမည်။ ဆောက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ အနာခံ အသာစံရမည့် ကာလပါ။ ရေလမ်းခရီးသွားလျှင် ဆူးဆင်ခြင်ပါ။ လေပြင်းမုန်တိုင်းနှင့် ကြုံရပြီး ဒုက္ခ ရောက်တတ်၏။ မြေရောင်းချင်းသူများ ယခုလတွင် မရောင်း သင့်ပါ။ မူးယစ်ဆေးဝါး၊ အရက်သေစာ အလွန်အကျွံ သောက်သုံးသူများ မီးသားစုတွင် ရှိနေပါက ခေတ္တခေတ ဒုက္ခဘဝတ်ပေးထားလိုက်ပါ။ (၂၀၊ ၂၁)ရက်များကို ရှောင် ကြဉ်ပါလေ။ မရှောင်လျှင် အမှောင်ဆိုတဲ့ အမှားထဲ နစ်ဝင် သွားတတ်ပါသည်။

ယတြာ

မွေးနေ့တိုင်း ရတနာသုံးပါး ဦးထိပ်ထားပြီး ဆီမီး ပူဇော်ပါ။ ယင်းစေတနာက သင့်ဘဝကံကြမ္မာဆိုးများကို ဖယ်ရှားပေးပါလိမ့်မည်။

မိန်လက် (Pisces)

ဆန့်ကျင်ဘက် အတိုက်အခံများတဲ့ ကာလပါ။ လေနာရောဂါ အပြင်းအထန် ဖြစ်လာတတ်၍ လေစာများ ရှောင်ပါ။ စကားများများများ မပြောပါနှင့်။ အလုပ် အကိုင် အဆင်ပြေလိုက် မပြေလိုက် ဖြစ်နေမည်။ ဂုဏ် သိက္ခာဖြင့် ရင်းနှီးလုပ်ကိုင်ရသူများကတော့ ခပ်အေးအေး နှင့် ဝင်ငွေကောင်းနေမည်။ အကြောင်းမသိသေးတဲ့ အပေါင်း အသင်းများကြောင့် ပြဿနာဖြစ်ရတတ်၍ မိတ်သစ်များကို အရောတဝင် မနေမိပါစေနှင့်။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ် မိပါက ဖွတ်မရ ဓားမဆုံး ဖြစ်တတ်၏။ အထူးသတိထား ပါလေ။ ကျန်းမာရေးမကောင်းတဲ့ မိအို,ဖအိုများ ရှိပါက ခရီးဝေး မသွားပါနှင့်။ (၁၂၊ ၁၃)ရက်ခန့်တွင် သင့် စိတ် ကူးစိတ်သန်းကောင်းတစ်ခု တွေးမိပေလိမ့်မည်။ ယင်း အတွေးကို (၂၀၊ ၂၁)ရက်များတွင် စတင်အကောင်အထည် ဖော်လိုက်ပါ။ လုံးဝအဆင်ပြေပြီး မုချကောင်းကျိုးခံစားရ လိမ့်မည်။ ဗေဒင်အပါအဝင် စာပေအနုပညာရှင်များ နိုင်ငံ ခြားအဆက်အသွယ်ရပြီး ဘဝတောက်ပြောင်သွားတတ်၏။ (၁၈၊ ၁၉)နှင့် (၂၇၊ ၂၈)ရက်များကို ရှောင်ပါလေ။

ယတြာ

ဒီပင်္ကပရာမြတ်စွာဘုရားအား ရည်ရွယ်၍ ဆီမီး(၉)တိုင် ပူဇော်ကာ မေတ္တာသုတ်ကို (၉)ခေါက် ရွတ်ပါလေ။ ဘဝ ရည်မှန်းချက်များ အောင်မြင်လိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဆရာကံထူး(ဝေဒသုတောသီ)

www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်ဇာတာ ရာဂျာပြုတ်ကောင်းအချိန်အခါ

မင်းမဟော်ဉာဏ်

(၂၀၁၆)ခုနှစ်၊ ဗေဖော်ဝါရီလအတွက် ဝေးကွက်ခန့်မှန်းချက်

သိတ်ရာသီ၌ ၅တေးပြိုဟ်နှင့် ရာဟုပြိုဟ်တို့ ပူးတွဲရှိနေသဖြင့် ကောက်ပဲစပါးများ ကြီးပွားစည်ပင်၍ ချင်းစိမ်းရွာများမည်။ ဗယ်ယူသိုလျောင်ထားသူများ (၄)လမြောက်တွင် ဈေးနှုန်းတက်လိမ့်မည်။ တူရာသီ၌ အင်္ဂါပြိုဟ်ရှိသဖြင့် ဆန်စပါးနှင့် ပဲအမျိုးမျိုး၊ ဝါဂွမ်းတို့ ရွာ၍ ဈေးကစားလိမ့်မည်။ ဓနုရာသီ၌ ၄ဟူးပြိုဟ်နှင့် သောကြာပြိုဟ် ရှိသဖြင့် သားသမင်၊ မြင်း၊ ဆင် သတ္တဝါတို့ ပျက်စီး၍ တိုင်းသူပြည်သားများ မင်းဒဏ်သင့်တတ်၏။ မကာရရာသီ၌ ၁နေ့ပြိုဟ် ရှိသဖြင့် နှမ်းဆီ၊ ထောပတ်၊ စက်ဆီ၊ စားဆီများ ဈေးကစား၍ ရွာပါးအုံး။

၁-၂-၂၀၁၆ (တနလ်ာနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၈)ရက်

မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရဟန်း ခံ၊ ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျောက်မျက်ရတနာ သွေးရန်၊ အလှကုန်ပစ္စည်းများ ဈေးကွက်သို့ ဖြန့်ချိရန်၊ ထွန်ယက်ရန်၊ ပျိုးနှတ်၊ ကောက်စိုက်ရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာဥ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားရန်၊ ဇည့်ခံပွဲများ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ စာရေးကိရိယာ ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော့ နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ အတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်စိုးခေါင်၊ မခိုင်နေခြည်... ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် အုန်းညွှန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အနောက်အရပ်ဖြစ်သည်။ အဝါရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။

၂-၂-၂၀၁၆ (အင်္ဂါနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၉)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေ... ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရာမှာ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်... ကျောက်မျက်ရတနာ ရောင်းဝယ်၊ဝတ်... ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ အဝတ်အထည်... ရက်လုပ်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ပျိုးနှတ်၊ကောက်... စိုက်ရန်၊ မျိုးစေ့ကြဲပက်ရန်၊ အိမ်ဆောက်ပစ္စည်းများ ဝယ်... ယူရန်၊ စာရေးကိရိယာဆိုင် ဖွင့်ရန်၊ ဆေးဝါးကုသမှု ခံ... ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်တို့အတွက် ကောင်း... သည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်... ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)... အတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေး... နာမည်ပေးလိုပါက မောင်ဇွဲဝေယံ၊ မဆုကလျာ...ဟု ... နိုင်သည်။ အဆောင်ပန်းအဖြစ် ဓနုညွှန့်ကို ဆောင်နိုင်... လာဘ်ပွင့်ရာ အရပ်မှာ အရှေ့တောင်အရပ် ဖြစ်သည်... အဖြူရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်... များကို လုပ်ကိုင်နိုင်ပါသည်။

၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)
(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၁၀)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယ... ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ ခရီး... တူမွေးစီ ထူထောင်ရန်၊ ဘုရားတည်... သိပ္ပံနှင့်ဝိဇ္ဇာဆိုင်ရာ ပညာရပ်များ သင်... ရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ အမည်ကင်ပွန်း တပ်...

www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တုံ တူးဖော်ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း ဆောက်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ အနုပညာ အဆို၊ အက၊ သရုပ်ဆောင်လုပ်ငန်း ဆောင်ရွက်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပဆောင်ရွက်၊ဆံသရဏ်၊ စပါးရိတ်သိမ်း ကျီသွင်းရန်၊ မြေသန့် ကျင်းပရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ကုန်ပစ္စည်း ဝယ်လှောင်ရုံတို့အတွက် ကောင်းသည်။ ယနေ့မွေးဖွား ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော (၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို မောင်ဟိန်းသစ်လှိုင်၊ မသန္တာလွင်...ဟု ပေးနိုင်ပါသည်။ အဆောင်ပန်းအဖြစ် ဒန်းပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့အရပ် ဖြစ်သည်။ အဖြူရောင်ကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ လုပ်ဆောင်ရွက်နိုင်သည်။

၂-၂-၂၀၁၆ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၁၂)ရက်



အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တုံ တူးဖော်ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း ဆောက်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ အနုပညာ အဆို၊ အက၊ သရုပ်ဆောင်လုပ်ငန်း ဆောင်ရွက်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပဆောင်ရွက်၊ဆံသရဏ်၊ စပါးရိတ်သိမ်း ကျီသွင်းရန်၊ မြေသန့် ကျင်းပရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ကုန်ပစ္စည်း ဝယ်လှောင်ရုံတို့အတွက် ကောင်းသည်။ ယနေ့မွေးဖွား ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော (၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို မောင်ဟိန်းသစ်လှိုင်၊ မသန္တာလွင်...ဟု ပေးနိုင်ပါသည်။ အဆောင်ပန်းအဖြစ် ဒန်းပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့အရပ် ဖြစ်သည်။ အဖြူရောင်ကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ လုပ်ဆောင်ရွက်နိုင်သည်။

၃-၂-၂၀၁၆ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၁၃)ရက်

ဓာတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကြာ၊မြေ ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ သိပ္ပံနှင့်ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ဥယျာဉ်ခြံထွက် သီးနှံများ ဆွတ်ခူးရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ စပါးရိတ်သိမ်းရန်၊ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်၊ စာပေလုပ်ငန်းများ စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေဝင်းလှိုင်၊ မနေနီလွင်...ဟု ပေးနိုင်ပါသည်။ အဆောင်ပန်းအဖြစ် သရဖီပန်းကို ဆောင်သွားနိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အနောက်တောင်အရပ် ဖြစ်သည်။ ဖက်ဖူးရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။

၇-၂-၂၀၁၆ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ ပြာသိုလဆုတ် (၁၄)ရက်



အဘိဓိနကွတ် ရရှိသဖြင့် ယနေ့ အဓိဋ္ဌာန်ဝင်ရန်၊ ကန်တော့ပွဲတင်ရန်၊ သမထဘာဝနာ ပွားများရန်၊ ဂါထာ၊မန္တန် ရွတ်ဆိုရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဘုရားတည်၍ ထီးတော်တင်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ရန်၊ အဆောက်အအုံအတွက် ကျင်းတူး၊အုတ်မြစ်ချရန်၊ တိုင်ထူရန်၊ ခေါင်းဘုတ်တင်ရန်၊ ဧည့်ခံပွဲ ကျင်းပရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အချစ်ရေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဓရဏီဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ဇင်ခန့်၊ မအေးဆုငြိမ်း...ဟု ပေးနိုင်ပါသည်။ အဆောင်ပန်းအဖြစ် ကံကော်ညွန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့မြောက် အရပ် ဖြစ်သည်။ ယတြာအရောင်အဖြစ် အပြာနုရောင်ကို ဝတ်ဆင်နိုင်သည်။

၁၀-၂-၂၀၁၆ (တနင်္လာနေ့)

(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com

တည်၍ ထီးတော်တင်ရန်၊ အဆောက်အအုံ အုတ်မြစ်,အုတ်စီရန်၊ အိမ်သစ်တက်ရန်၊ သီးနှံဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ ပညာစသင်ရန်၊ ကျွန်းမာရေးအတွက် ဆေးကုသမှု ခံယူရန်၊ အိမ်ပြောင်းရွှေ့ရန်၊ ငွေကြေးအပ်နှံရန်၊ မိတ်ဆွေသစ် ဖွဲ့ဆိုရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကံလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လင်းလက်၊ မဝါဝင်း...ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် သပြေကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ တောင်အရပ် ဖြစ်သည်။ ယတြာအရောင်အဖြစ် လိမ္မော်ရောင်ကို ဝတ်ဆင်နိုင်သည်။

၁၂-၂-၂၀၁၆ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၄)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ စေ့စပ်ကြောင်းလမ်းရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ,တိုင်ထူရန်၊ ဆေးခန်းဖွင့်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဂီတအနုပညာ ဖျော်ဖြေပွဲ ကျင်းပရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်၊ ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ရန်၊ ပန်းချီ,ပန်းပုပြပွဲ စတင်ဖွင့်လှစ်ရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းသစ်လူ၊ မသိမ့်သိမ့်ဝေ...ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ဒန်းညွန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့အရပ် ဖြစ်သည်။ ယတြာအရောင်အဖြစ် အဖြူရောင်အင်္ကျီကို ဝတ်ဆင်နိုင်ပါသည်။

၁၄-၂-၂၀၁၆ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား

တည်ရန်၊ အနေကဓာတင်ရန်၊ ကြော်ငြာ ဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ ဗျူတီပါလာ လုပ်ငန်းများ ဆောင်ရွက်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ လယ်ယာ ဥယျာဉ်သီးနှံများ ရိတ်သိမ်းရန်၊ ကုန်အရောင်းအဝယ် ပြုရန်၊ အိမ်,ခြံ,မြေနှင့် ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်စိုးသော်၊ မအေးဆုခင်...ဟု ပေးနိုင်ပါသည်။ အဆောင်ပန်းအဖြစ် သပြေပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အနောက်အရပ် ဖြစ်သည်။ ယတြာအရောင်အဖြစ် ခရမ်းရောင်အင်္ကျီကို ဝတ်ဆင်နိုင်ပါသည်။

၁၅-၂-၂၀၁၆ (တနလ်ာနေ့)

(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်

ကြံစည်သမျှ ပြီးမြောက်သောယုဂ် သဖြင့် ယနေ့ ကျောက်မျက်ရတနာ ဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်,အိုင်,အိုး တူးဖော်ရန်၊ ကျွဲ,နွားတိရစ္ဆာန် ရောင်းဝယ်ရန်၊ အားဆေး လုပ်ငန်း စတင်ရန်၊ ကုန်ပစ္စည်း ရောင်းဝယ်သိုလှောင် အိမ်ဆောက်ပစ္စည်း ဝယ်ယူရန်၊ စာပေကျမ်းဂန် ရေး ပြုစုရန်၊ စပါးရိတ်သိမ်းရန်၊ သစ်ပင်စိုက်ပျိုးရန်၊ အလုပ် လျှောက်ရန်၊ ကုမ္ပဏီထူထောင်ရန်တို့အတွက် ကောင်းသည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ထက် မခိုင်နွယ်ဇင်...ဟု ပေးနိုင်ပါသည်။ အဆောင်ပန်းအဖြစ် ဒန်းပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့ အရပ် ဖြစ်သည်။ ယတြာအရောင်အဖြစ် အဖြူရောင်ကို ဝတ်ဆင်နိုင်ပါသည်။

၁၆-၂-၂၀၁၆ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက်

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် စေ့စပ်,လက်ထပ် မင်္ဂလာပွဲ ကျင်းပရန်၊ ထီးတော်တင် ဘုရားအနေကဓာတင်ရန်၊ အဆောက်အအုံ အုတ်မြစ်

www.burmeseclassic.com

www.burmeseclassic.com

တိုင်ထူရန်၊ ကလေးနာမည်ပေးရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ ငွေကြေး ချေးငှားအပ်နှံရန်၊ လုပ်ငန်းကိစ္စများ တွေ့ဆုံဆွေးနွေးရန်၊ ဆက်သွယ်ရေးပစ္စည်း ရောင်းဝယ်ရန်၊ အချစ်ရေးရာကိစ္စ ဆောင်ရွက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ခြံယက်စိုက်မျိုးရန်၊ သီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ယောကျ်ားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းလှိုင်၊ မဆွေးလွှာ...ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ဇလပ်ပန်းကို ဆောင်သွားနိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့တောင်ရပ် ဖြစ်သည်။ ရွှေအိုရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၁၈-၂-၂၀၁၆ (ကြာသပတေးနေ့)
(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၁၀)ရက်

အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားထီးတော်တင်ရန်၊ သာသနာ့အလံလွှင့်ထူရန်၊ နတ်ကွန်းတည်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်နှင့် ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အဆောက်အအုံအတွက် အုတ်ထူ၊ အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ ခေါင်တက်လှေကားထောင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ဆီးဆွတ်ခူးရန်၊ အထက်လူကြီးထံ အစီရင်ခံစာတင်ရန်၊ ဆေးကြောင်းခရီးသွားရန်၊ ခွဲစိတ်ကုသမှု ခံယူရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်သူဆွေ၊ မမြတ်သစ်စိုး...ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် သီးညွှန့်ပန်းကို ဆောင်သွားနိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ မြောက်အရပ် ဖြစ်သည်။ ပန်းနုရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၁၉-၂-၂၀၁၆ (သောကြာနေ့)
(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အိမ်တက်မင်္ဂလာပွဲ ကျင်းပရန်၊ ရဟန်းခံ၊ ရှင်ပြုရန်၊ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသနှင့် အလှပြင်ရန်၊ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရန်၊ ရေတွင်း၊ ရေကန်၊ အဝိစိတွင်း တူးဖော်ရန်၊ စေ့စပ်၊ လက်ထပ်ရန်၊ ဘုရားပင့်ဆောင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ ပရဟိတလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းသစ်လှိုင်၊ မသန္တာလှိုင်...ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ဒန်းပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့အရပ် ဖြစ်သည်။ အပြာရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၂၀-၂-၂၀၁၆ (စနေနေ့)
(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံ၊ ရှင်ပြုရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊ အုတ်စီရန်၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူ၊ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ လွှတ်တင်ရသော လုပ်ငန်းမျိုးစုံ လုပ်ကိုင်ရန်၊ လယ်ယာဥယျာဉ် အသီးများ ဆွတ်ခူးရိတ်သိမ်းရန်၊ စေ့စပ်၊ လက်ထပ် မင်္ဂလာပွဲ ကျင်းပရန်၊ အဓိဋ္ဌာန်ဝင်၍ ဂါထာ၊ မန္တန် သိဒ္ဓိတင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ အစုရှယ်ယာဝင်ရန်၊ အချစ်ရေးရာစကား ပြောရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေထက်လင်း၊ မနီဝေလှိုင်...ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ကဲ့ကော်ပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အနောက်တောင်အရပ် ဖြစ်သည်။ ဖက်ဖူးရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၂-၂-၂၀၁၆ (တနလာနေ့)
(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်



ဥစ္စာကုန်ခန်းသောယုဂ် ရသော်လည်း ယနေ့ အားကစားပြိုင်ပွဲ ကျင်းပရန်၊ ကုန်ပစ္စည်းများ ဝယ်ယူသိုလှောင်ရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းရန်၊ အလှကုန်ပစ္စည်းများ ဖြန့်ချိရန်၊ စာချုပ်လက်မှတ်ထိုးရန်၊ တရားစီရင်ခြင်းကိစ္စ ဆောင်ရွက်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ဘာသာရေးနှင့် ပရဟိတ လူမှုရေးကိစ္စအဝဝ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည် ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ဆွေခိုင်၊ မကေခိုင်ဆွေ..ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ဇွန်ပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အနောက်အရပ် ဖြစ်သည်။ နံ့သာရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)
(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆုတ် (၁)ရက်



အဆောက်အအုံစည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ စူးစမ်းရှာဖွေရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဘုရားအနေကဇာတင်ရန်၊ ဂါထာ,မန္တန် သီဒိုတင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး,အုတ်မြစ်ချ,တိုင်ထူရန်၊ ရှင်ပြု,နားသန့်ရှင်း စေ့စပ်,လက်ထပ် မင်္ဂလာပွဲ ကျင်းပရန်၊ မေတ္တာရေးရာ စကားပြောရန်၊ လယ်ယာသီးနှံ စပါးရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းကျော်လှိုင်၊ မဝေလင်းလက်..ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် သပြေပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ တောင်အရပ် ဖြစ်သည်။ လိမ္မော်ရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၂၅-၂-၂၀၁၆ (ကြာသပတေးနေ့)
(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆုတ် (၂)ရက်

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုပွဲနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အမည်ကင်ပွန်းတပ်ခြင်း,ဆံရိတ်,ဆံသပြုရန်၊ မြေသန့်မင်္ဂလာ လုပ်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ မိတ်ဆွေသစ်နှင့်ဆုံရန်၊ ကုမ္ပဏီထူထောင်ရန်၊ လုပ်ငန်းကိစ္စ စာချုပ်လက်မှတ်ထိုးရန်၊ အောင်ဘာလေထီထိုးရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ်လျှောက်ထားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မိုးကျော်၊ မမြင့်ခိုင်..ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် သီးညွှန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ မြောက်အရပ် ဖြစ်သည်။ အဝါရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၂၆-၂-၂၀၁၆ (သောကြာနေ့)
(၁၃၇၇)ခုနှစ်၊ တပို့တွဲလဆုတ် (၃)ရက်

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ခြင်း,လက်ထပ်ပွဲနှင့် ရဟန်းခံ,ရှင်ပြုပွဲ ကျင်းပရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ လက်ထပ်ရတနာ ဝတ်ဆင်ရန်၊ ဗျူတီပါလာ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုကီရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးထွက်ရန်၊ မိတ်ဆွေခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာ စကားပြောရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းကျော်စိုး၊ မသီတာဆွေ..ဟူသော နံသင့်အမည်များ ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ဒန်းပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အရှေ့အရပ် ဖြစ်သည်။ အနီရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂-၂-၂၀၁၆ (စနေနေ့)

(ဆဒ္ဒ)ခုနှစ်၊ တပို့တွဲလဆုတ် (၄)ရက်

တိထီရက်မြတ်ယုဂ်ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဓာတင်ရန်၊ ရှင်ပြု,နှားသနှင့် လက်ထပ်ပွဲ ကျင်းပရန်၊ ဆံရိတ်,ဆံသရန်၊လက်ဝတ်ရတနာ ရောင်းဝယ်,ဝတ်ဆင်အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,မြေနှင့် ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာ ဓိတ်ဆုံစည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ကြာရေးရာစကားပြောရန်၊ အောင်ဘာလေထီ ထိုးရန်တို့ မသင့်တော် ကောင်းသည်။ ဤကာလေးကို နာမည်ပေးလိုပါက ဆောင်ထွန်းနိုင်ကျော်၊ မထက်ထက်ခိုင်,ဟူသော နံသင့်သည်များ ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် အုန်းညွှန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အနောက်အရပ် ဖြစ်သည်။ မိုးပြာရောင်အင်္ကျီကို ဝတ်ဆင်၍ အကြီးသော လုပ်ငန်းများ လုပ်ဆောင်နိုင်သည်။

၂-၂-၂၀၁၆ (တနလာနေ့)

(ဆဒ္ဒ)ခုနှစ်၊ တပို့တွဲလဆုတ် (၅)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်

မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု ရှာဖွေတူးဖော်ရန်၊ ရေတွင်း, ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်၊ စာပေကျမ်းကန် ရေးသားပြုစုရန်၊ ဂီဓာ၊ အနုပညာ၊ သရုပ်ဆောင်လုပ်ငန်း စတင်ရန်၊ အဝတ်အထည် ယက်လုပ်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်စိုးကျော်၊ မကေခိုင်လွင်,ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ဇွန်ပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာ အရပ်မှာ အနောက်အရပ် ဖြစ်သည်။ အဖြူရောင်အင်္ကျီကို ဝတ်ဆင်၍ အရေးကြီးသော လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

ဒေဒ-တဝသီ

မင်းမဟော်ညွှန့်

ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

အပူတည်ဆီဖိုဝ်

ကွမ်းရွက်ဆီလိမ်းဆေး (အဆေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ်ပုံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ ပျက်ကြောကိုက်တို့ကို အတိုက်အခဲပျောက်စေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ဒဏ်ရာခြွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကိုတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ပြန်ချိရောင်း- ကိုဝင်းပြင့်+မဘေဘီ ၁၅လမ်းနဲ့၆၈လမ်းနှာလမ်းထောင့်၊ ရန်ကုန်ပြို့၊ ဖုန်း-၂၂၆၂၂၂

ဝန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလိုင်အိမ်ရာ၊ ဒွေ့သံလွင်၊ ဟုမ်းလမ်းရုပ်ကွက်၊ ဝမ်းခြောင်ပြုန်ယ၊ ဖုန်း-၀၁၀၉၆၆၉၉

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတန်ခိုးတေဇ ကျော်ဇောဆေပါဒုံးငါး

ပုရောဟိတ် ဆရာဦးမြတ်

ဝါဆိုမိုးက အငြိုးကြီးလေရောထင့် ညကတည်းက မနားတမ်း မမောမပန်းဘဲ ရွာနေသောမိုးမှာ မနက်အရဏ်ကျင်းသည်အထိ မစဲသေးပါ။ အဖေနှင့် အမေက ထုံးစံအတိုင်း ဝါဆိုလပြည့်နေ့ရောက်လျှင် နယ်ခလေ့အရ မုန့်တစ်ခုခုလုပ်၍ ဘုန်းကြီးကျောင်းများသို့ လှူဒါန်းစမြဲပါ။ ယခုလည်း ညကတည်းက မုန့်ဖက်ထုပ်များကို ပေါင်းအိုးထည့်၍ ပေါင်းနေပါသည်။ ရပ်ကွက်ထဲမှ ဘုန်းကြီးကျောင်းများသို့ မုန့်ဖတ်ထုပ်များ သွားရောက်လှူဒါန်းရန် ဖြစ်ပါသည်။ အိမ်နီးနားချင်းကိုလည်း အိမ်ပေါက်စေ့ ဝေငှကြပါသည်။

စာရေးသူကလည်း ဝါဆိုလပြည့်နေ့မတိုင်ခင် တစ်ရက်ကပင် ကျောင်းပိတ်သဖြင့် ဝါဆိုပန်းခူး ထွက်ခဲ့ပါသည်။ ကန်တော်ကြီးဝန်းကျင်နှင့် ခြံစည်းရိုးတွင်ပေါက်ပြီး ပွင့်နေသော ထားဝယ်မွှေး၊ သပြေ၊ ဇလပ်ပန်း အစရှိသော တောပန်းကလေးများခူးကာ အရှင်သံဃရကျောင်းသို့သွားပြီး ဘုရားပန်းအိုးများတွင် ထိုးလှူပြီး ဖြစ်ပါသည်။ ပန်းထိမ်ငိုပန်း၊ သစ္စာပန်းတို့ကို ပိုက်ဆံတတ်နိုင်သူများက ဝယ်ယူကာ ကျောင်းသို့ လာလှူသောအခါ စာရေးသူတို့ လူငယ်တစ်သိုက်က ပန်းအိုးများတွင် ထိုးလှူပေးခြင်း၊ ညကတည်းက ပို့ထားသော ဆွမ်းတော်ကြီးပွဲများကို စနစ်တကျသိမ်းဆည်းပြီး အရဏ်တက်တွင် လှူနိုင်ရန် ပြင်ဆင်ပေးခဲ့ရပါသည်။

မနက်အရဏ်တက်မီ မုန့်ဖက်ထုပ်များကို တောင်းတွင်ထည့်ကာ စက်ဘီးဖြင့် ရပ်ကွက်တွင်းရှိ ဘုန်းကြီးကျောင်းများသို့ မုန့်ဖက်ထုပ်များ ဆွမ်းတော်ကြီးပွဲအတွက် သွားလှူခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် ဖခင်ကြီးအား ခွင့်ပန်ကာ သင်္ကန်းကျွန်း ဇဝနရှိ အရှင်သံဃရှိရာ သရက်တောဦးညိုခြံကျောင်းသို့ မုန့်ဖက်ထုပ်များထည့်ကာ ဒုန်းစိုင်းနင်း၍ ထွက်ခွာခဲ့ပါတော့သည်။ ညက စီစဉ်ထားသော ဆွမ်းတော်ကြီးပွဲများကို ကျောင်းရှိ ကပ္ပိယကြီးများနှင့်အတူ အိမ်မှ လှူရန် ယူဆောင်လာသော မုန့်ဖက်ထုပ်ပါထည့်၍ ဆွမ်းတော်ပွဲ ပြင်လိုက်ပါသည်။

မနက်ပိုင်းတွင် ကျောင်း၌ အလှူဒါနပြုသူ၊ ဥပုသ်သီတင်းသီလ စောင့်သူများဖြင့် ပြည့်နေပါသည်။ နေ့လယ်ရောက်တော့ မနက်ပိုင်းက အစောကြီးထ၍ ပင်ပန်းနေကြသော ဥပုသ်သည်များ လူငယ်တစ်သိုက်တို့မှာ ခဏမျှအပန်းဖြေအနားယူကြပါသဲ့။ မွန်းလွဲပိုင်းတွင် တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း ပြုကြပါသည်။ စာရေးသူတို့ လူငယ်တစ်သိုက်ကတော့ ဥပုသ်သည်များအတွက် ဆီးဖျော်ရည်များကို ဒန်အိုးကြီးများတွင်ထည့်၍ ဖျော်ကြပါသည်။ ဖန်ခွက်များတွင်ထည့်ကာ ဥပုသ်သည်များအား လိုက်၍ ဆီးဖျော်ရည်ဒါနပြုကြသည်။ မောင်းထောင်ချိုင့်များတွင် ထည့်၍လည်း အထည်တည်ထားကာ ထပ်မံသုံးဆောင်နိုင်ရန် စီစဉ်ပေးထားခဲ့သည်။

ညနေပိုင်းရောက်တော့ ဥပုသ်သည်များ ကိုယ်စီ၊ ကိုယ်စီ မိမိတို့အိမ်ကို ပြန်သွားကြပါသည်။ ညဦးပိုင်းရောက်တော့ ဆရာတော်က ဘုရားခန်းသို့ခေါ်၍ အင်းအစီအရင်တရားအကြောင်း အဆေးစိတ် သင်ပေးပါသည်။

ထိုအင်းအမည်မှာ ဘုန်းတေဇကျော်အင်းဟု အမည်ရပါသည်။ အင်းစီရင်သောအခါ ဆောင်ရွက်ရမည့် ဝတ်ကျေနှင့် အင်း၏အကျိုးအသွားကိုပါ တစ်ခါတည်း ရှင်းပြသည်။ အင်းဖယောင်းတိုင်ကို ထွန်းညှိပူဇော်ခြင်းဖြင့် လက်တွေ့အကျိုးအမြတ် ခံစားရရှိသွားသောသူနှင့် သူ၏မိသားအကြောင်းကိုပါ တစ်ပါတည်း ပြောပြပါသည်။

အင်းစီရင်နည်းနှင့် အင်းဖယောင်းတိုင် ပြုလုပ်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ နံနက်စောစောထ၍ ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးသောအခါ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ရပါသည်။

၂။ ကြိုတင်ဝယ်ယူထားသော အုန်း၊ ငှက်ပျောပွဲများမှ စားပွဲတစ်ခုပေါ်တင်၍ ပွဲပြင်ရပါသည်။ အင်းစီရင်သည့် ဘုရားစင်ရှေ့တွင် ပြင်ဆင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်တွင် ဝိတ်ဖြူကို စားပွဲခင်းပြရပါသည်။ ထို့နောက်မှ ဝိတ်နီကို မှန်ကူကွက်(Diamond) ကန့်လန့်ခင်းရပါသည်။

ည(၁၂)နာရီ သန်းခေါင်ကျော်ကတည်းက ဆန်တစ်ပြည်ချက်ကို ကြိုတင်ချက်ထားရပါသည်။ ယခုအခါ Rice Cooker ဖြင့်ချက်လျှင် နံနက်(၄)နာရီလောက်ထ၊ ခလုတ်ဖွင့်လျှင် ကျက်ပါသည်။

နံနက်စောစောတွင် ထန်းလျက်မပါသော သကြားဖြင့်လုပ်သော မုန့်ကြာခွက်(၅)ခု၊ ထန်းလျက်ဖြင့်လုပ်သော ကြာခွက်(၅)ခုကို ကြော်ထားရပါသည်။ ပိုသောမုန့်များကို ဖယ်ထားပါ။ ပွဲပြီးလျှင် တပည့်များ စားသုံးနိုင်ပါသည်။ ဝိတ်ဖြူ(၅)ခု၊ မုန့်နီ(၅)ခု ဖြစ်ပါသည်။

ဘုရားစင်ရှေ့တွင် ဝိတ်ဖြူ၊ ဝိတ်နီခင်းထားသော စားပွဲခြေ ဘုရားပွဲ(၁)ပွဲ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်ပွဲ၊ အာကာသစိုး(၁)ပွဲ၊ ဘုမ္မစိုးနတ်အတွက်(၁)ပွဲ၊ ဥဒက(ရေနတ်သား)အတွက်(၁)ပွဲ စုစုပေါင်း ကန်တော့ပွဲ(၅)ပွဲ ပြင်ဆင်ရပါမည်။ ဆွမ်းပွဲ(၅)ပွဲ၊ မုန့်ဖြူ(၅)ပွဲ၊ မုန့်နီ(၅)ပွဲ ပြင်ရပါသည်။

အောင်သပြေပန်း၊ နံ့သာတိုင်၊ အလင်းတိုင်၊ သောက်ရေ(၅)ခွက် ကပ်လှူရပါမည်။

မီးမီးရေးဆွဲမည့် ရွှေပြား၊ ငွေပြား၊ ဓာတုသံပြား၊ မိုင်းဝိုင်စက္ကူ၊ ခဲတံ၊ ကညစ်၊ ပျားဖယောင်း၊ မီးဇာတိုးတို့ကို ထန်းတစ်ခုတွင်ထည့်ကာ ကန်တော့ပွဲများရှေ့တွင် ချထားရပါမည်။

ဆရာဖြစ်သူက (၉)ပါးသီလခံယူပြီးသကာလ သူ့တပည့်သူတော်မြတ်အပေါင်း၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်အပေါင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အပေါင်းတို့အား ဆုတောင်းတော်၍ ယခုစီရင်မည့်အင်းအတွက် သိဒ္ဓိများ ပေးသနားတော်မူကြောင်း ဆုတောင်းခံရပါမည်။

ဝါရမိတ္တူ၊ ရက်ကြမ်း၊ ပြဿဒါး အစရှိသော မကောင်းကံများ မဖြစ်စေရန် ကြိုတင်ရှောင်ကျဉ်ရပါမည်။

အထက်ပါ(၁၀)ချက်နှင့် ညီညွတ်သောအခါ ပထမအင်း စီရင်လေ။ အင်းစီရင်ပြီးသောအခါ ရွှေပြား၊ ငွေပြား၊ ပြားဆိုပါက ၄င်းအင်းပြားပေါ်တွင် ဆီမီးခွက်တင်၍ ဆီ(၃)ကျပ်သားဖြင့် အပ်ချည်မျှင်(၉)မျှင်ကို မီးထွန်းပူဇော်အရပ်နှင့်အမျှတိုင်း၍ ကျီးခြေပြု၍ ထွန်းရပါသည်။

အကယ်၍ မိုင်းကိုင်စက္ကူတွင် အင်းချပါက ဖယောင်းတိုင်တွင် ပတ်ရပါမည်။ ပတ်ပြီးသောအခါ ရွှေချရပါမည်။ ဉာဏ်ပူဇော်ခဖြင့်သာ ဆောင်ရွက်ရပါမည်။ အလကားမလုပ်ရ။ အာစရိယဝါဒ ဖြစ်ပါသည်။ ထို့နောက်မှ အောက်ပါ ဂါထာတို့ဖြင့် အင်းကို သိဒ္ဓိတင်ရပါသည်။

၁။ ဥံ..တုဒ္ဓေဟိ တုဒ္ဓေဟိ မမ
တုဒ္ဓေဟိ ဝိယေဟိ မမဝိယေဟိ သိန္ဓေဟ်၊
ရာဇစိတ္တံ ဝိယံမိုင်း၊ ဒေဝစိတ္တံ ဝိယံမိုင်း၊
ဣတ္ထိပုရိသ စိတ္တံ ဝိယံမိုင်း။
(၁၀၈)ခေါက်ရွတ်ပါ။

၂။ ဥံ..ဗုဒ္ဓေါလောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗပါဏိနံ၊
ဥံ..ဓမ္မော လောကေ သမုပ္ပန္နော
သုခါယ သဗ္ဗပါဏိနံ၊
ဥံ..သံဃောလောကေ သမုပ္ပန္နော
ပုညာယ သဗ္ဗပါဏိနံ။
(၁၀၈)ခေါက်ရွတ်ပါ။

၃။ ဥံ..ဇေ အစိန္တယာ ဗုဒ္ဓါ ဗုဒ္ဓဂုဏာ
အစိန္တိယေ ပဿန္နာနံ ဝိပါကော ဟောတု၊
ဇေ အစိန္တယာ ဓမ္မာ ဓမ္မဂုဏာ
အစိန္တိယေ ပဿန္နာ နံ ဝိပါကော ဟောတု။
ဇေ အစိန္တယာ သံဃာ သံဃဂုဏာ
အစိန္တိယေ ပဿန္နာနံ ဝိပါကော ဟောတု။
(၁၀၈)ခေါက်ရွတ်ပါ။

၄။ ဥံ..ပထဝီ ဇလ သုန္ဒရီ
သဗ္ဗညုဇောဓိ မဏ္ဍလံ
အသခ္ခေယျံ မာရသေနံ
ဇေယျောဇေယျတု မင်္ဂလံ။
(၁၀၈)ခေါက်ရွတ်ပါ။

ထို့နောက် ဆွမ်းတော်(၅)ပွဲကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အလယ်(၅)ပုံ,ပုံ၍ သင်ပုတ်စင်တွင် စွန့်ရပါမည်။ ထိုအခါ အင်းအစီအရင်ဆောင်ရွက်ခြင်း ပြီးဆုံးပါသည်။

အင်းမီးထွန်းစီရင်ခြင်းအင်းကိုဆောင်ခြင်း

အမှန်တကယ်တော့ ဘုန်းတေဇအင်းမှာ မီးထွန်းအင်းဖြစ်ပါသည်။ မီးထွန်းသောသူအနေဖြင့် တစ်ခါသာ ပွဲနှုန်းရပြီး သဗ္ဗကိစ္စအဝဝ ပြီးမြောက်အောင်မြင်ပါသည်။ မီးထွန်း

www.burmeseclassic.com



စီရင်မည့်သူသည် ဂြိုဟ်စီးဂြိုဟ်နင်း၊ ဂြိုဟ်ထွက်ဂြိုဟ်ဝင်ညှဉ်ခြင်း၊ နက္ခတ်တြင်းနဝင်း၊ စန်းပြတ်၊ လွန်းပြတ်၊ မကောင်းသောဒဿာစားခြင်း၊ မကောင်းသော အတိတ်နိမိတ် အိပ်မက်များ မြင်မက်လျှင် ဤအင်းဖယောင်းတိုင်ကို တေဇအရပ်တွင် မီးထွန်းပူဇော်သင့်ပါသည်။

အလားတူ အိမ်ရှိ ဘုရားစင်တွင် မိမိ၏ တေဇအရပ်၌ ထားရှိပြီး ကိုးကွယ်ပူဇော်နိုင်ပါသည်။ တေဇအရပ် ရွေးနည်းကို အောက်ပါအတိုင်း ရှာဖွေသိရှိနိုင်ပါသည်။ (၇)နေ့သားသမီးသာရှိ၍ (၇)နေ့သားသမီးအပြင် ဗုဒ္ဓဟူးမွန်းလွဲရာဟုကိုလည်း ဗုဒ္ဓဟူးသားဟု မှတ်ယူပါ။ အရပ်ရှစ်မျက်နှာရှိ၍ ထောင့်(၈)ထောင့် ရာဟုထောင့်ဟု ဖော်ပြထားခြင်းဖြစ်ပါသည်။

နေ့အလိုက် တေဇအရပ်ရွေးချယ်ပုံ

*ပရိဝါရ	အာယု	နဂရ
သီရိ	တနင်္ဂနွေ	ဘုမ္မိ
ဌာန	(တေဇ)	ဂဟပတိ

တနင်္ဂနွေသားသမီး၏ တေဇအရပ် ကြာသပတေး

www.burmeseclassic.com

www.burmeseclassic.com

သီရိ	* ပရိဝါရ	အာယု
ဌာန	တနလ်ာ	နဂရ
(တေဇ)	ဂဟပတိ	ဘုမ္မိ

တနလ်ာသားသမီး၏ တေဇအရပ် ရာဟုထောင့်

အာယု	နဂရ	ဘုမ္မိ
* ပရိဝါရ	ကြာသပတေး	ဂဟပတိ
သီရိ	ဌာန	(တေဇ)

သောကြာသားသမီး၏ တေဇအရပ် စနေထောင့်

ဌာန	သီရိ	* ပရိဝါရ
(တေဇ)	အင်္ဂါ	အာယု
ဂဟပတိ	ဘုမ္မိ	နဂရ

အင်္ဂါသားသမီး၏ တေဇအရပ် သောကြာထောင့်

ဂဟပတိ	(တေဇ)	ဌာန
ဘုမ္မိ	ဗုဒ္ဓဟူး	သီရိ
နဂရ	အာယု	* ပရိဝါရ

စနေသားသမီး၏ တေဇအရပ် တနလ်ာထောင့်

(တေဇ)	ဌာန	သီရိ
ဂဟပတိ	ဗုဒ္ဓဟူး	* ပရိဝါရ
ဘုမ္မိ	နဂရ	အာယု

ဗုဒ္ဓဟူးသားသမီး၏ တေဇအရပ် တနင်္ဂနွေထောင့်

ဘုမ္မိ	ဂဟပတိ	(တေဇ)
နဂရ	ကြာသပတေး	ဌာန
အာယု	* ပရိဝါရ	သီရိ

ကြာသပတေးသားသမီး၏ တေဇအရပ် အင်္ဂါထောင့်

တနင်္ဂနွေ အရှေ့မြောက် ထောင့်	တနလ်ာ အရှေ့ထောင့်	အင်္ဂါ အရှေ့တောင် ထောင့်
သောကြာ မြောက်ထောင့်		ဗုဒ္ဓဟူး တောင်ထောင့်
ရာဟု အနောက် မြောက်ထောင့်	ကြာသပတေး အနောက်ထောင့်	စနေ အနောက် တောင်ထောင့်

အရပ်(၈)မျက်နှာရွေးနည်း

ဥပမာ-တနင်္ဂနွေသားဆိုကြပါစို့။ တနင်္ဂနွေသား၏ တေဇအရပ်သည် ကြာသပတေးထောင့်(အနောက်အရပ်) ဖြစ်ပါသည်။ ဘုရားစင်တွင် ပူဇော်ပါက အနောက်အရပ်၌ လည်းကောင်း၊ တန်ခိုးကြီးဘုရား၌ ပူဇော်ပါက ကြာသ

www.burmeseclassic.com

www.burmeseclassic.com

ပတေးထောင့်၌လည်းကောင်း အောင်သပြေပန်း၊ မွေးနံ့ပန်း၊ တေဇနံ့ထောင့်ပန်း ကြာသပတေးဖြစ်၍ မေမြို့၊ ပျဉ်းမ၊ နံ့သာတိုင်၊ သောက်တော်ရေ စသည် ကပ်လှူပူဇော်ပါ။

ပူဇော်သောအခါ ကျွန်ုပ် တနင်္ဂနွေသား ကိုအောင်မြင့် ဥပမာမှ ဤဘုန်းတေဇကျော် အင်းဖယောင်းတိုင်ကို ပူဇော်ရသော အကျိုးအားကြောင့် ကျွန်ုပ်ကို မြင်မြင်ချင်း နှံ့ချိုတိုက်ကျွေးရသော သားရင်းချာပမာ ချစ်ခင်သံယောဇဉ် တွယ်ပြီး ဝမ်း၌လွယ်သော သားလှရတနာကဲ့သို့ ချစ်ခင်မြတ်နိုးပါစေဟု ဆုတောင်းမေတ္တာပို့လေ။

ထို့နောက် တေဇအရပ်တွင်ရှိသော ရာဇမုနိဘုရားအား မျက်လုံးတော်ကို ရွေချပါ။ ရွေချစဉ် မြင်မြင်သမျှသော ပုဂ္ဂိုလ်အပေါင်းတို့က ကျွန်ုပ်အား ချစ်ခင်မြတ်နိုးကြပါစေဟု ဆုတောင်းပါ။ မျက်နှာတော်အား ရွေချပါ။ ရွေချနေစဉ် သမ္မာဒေဝနတ်ကောင်းနတ်မြတ်ကဲ့သို့ ပူဇော်ချင်းကပ်ပါစေဟု ဆုတောင်းပါ။

နှုတ်ခမ်း၊ ခံတွင်းတော်ကို ရွေချလျှင် မိမိအသံကြားပါက ကရဝိက်ငှက်၏ အသံကဲ့သို့ထင်၍ မြတ်နိုးချစ်ခင်ပါစေဟု ဆုတောင်းပါ။ တေဇအရပ်တွင် ရာဇမုနိ မရှိပါကလည်း အဆင်ပြေသော ဘုရားကို ရွေချပူဇော်ပါ။

ဝမ်းကြာပိုက်၊ ရင်ဘတ်တော်တွင် ရွေချပါက မိမိအား ဝမ်း၌လွယ်သော သားရင်းပမာ ချစ်ခင်ပါစေဟု ဆုတောင်းပါ။

ထို့နောက် တနင်္ဂနွေသား ကိုအောင်မြင့်သည် ယခုပြုသော ကုသိုလ်ဒါနကြောင့် မကောင်းမှုများပျောက် ကောင်းမှုများရောက်ပြီး အကြံအစည်များ အောင်မြင်၍ ဘုန်းတန်ခိုးတေဇများ ကျော်ကြားပါစေဟု ဆုတောင်းရပါမည်။

ဆရာတော်၏ တပည့်ဖြစ်သူသည် ထိုစဉ်က လုပ်သားကောလိပ်တွင် ညကျောင်းတက်ပြီး နေ့ဘက်၌ အောင်တန်းစာရေးအဖြစ် ဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်ရာမှ ဌာနတစ်ခု၏ အကြီးအကဲအဖြစ်သို့ ရာထူးတိုးတက်ခံစားသွားရကြောင်း မျက်မြင်တွေ့ရှိခဲ့ရပါသည်။

ယုံကြည်စွာဖြင့် မိမိအကျိုး၊ မိသားစုအကျိုး၊ အသားသာ,သာသနာအကျိုးကို စီရင်ဆောင်ရွက်နိုင်ကြပါစေ။

မေတ္တာရည်

ပုရောဟိတ် ဆရာဦးမြတ်

ဖုန်း - ၀၉ ၅၁၇ ၆၆

ပုရောဟိတ် ဆရာဦးမြတ်စံ ၏
အသုံးချ ဂမ္ဘီရဝေဒ စာအုပ် ထွက်ပါပြီ

လစဉ်ထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော လက်ရွေးစင်ဆောင်းပါးများ
စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။
ဂမ္ဘီရပညာရပ် လိုက်စားသူများ၊ ဘဝတွင် တွေ့ကြုံနေရသော
အခက်အခဲများကို ဤစာအုပ်မှ ကူညီဖြေရှင်းပေးနိုင်ပါသည်။

စာအုပ်မှာယူလိုပါက ပင်ရင်းပြန့်ချိရေး

ဆရာဦးအောင်သန်း၊ ပြည့်ဝဖျော်ရွှင် စာပေတိုက်၊ သုမင်္ဂလဗုံနှိပ်တိုက်၊
၀၉ ၄၅၀၀၆၂၄၂၅

www.burmeseclassic.com

www.burmeseclassic.com

ရတနာရွှေဂိုးငွေဂိုး ရွာစေသော
ကဗျာ အလယ်ဝင်အာင်း

ပုရောဟိတ် ဆရာဦးမြတ်စံ

(၁) ဇားမဲ့ဝိဇ္ဇာဆရာတော်၊
(၂) ရွှင်မထီးဆရာတော်၊
(၃) ယက္ကန်းစင်တောင်ဆရာတော်၊
(၄) ကျော်အောင်စံထားဆရာတော်၊
(၅) မဟာမြိုင်ဆရာတော် အစရှိသော ထွက်ရပ်ပေါက်ဆရာတော်ကြီးများ၏ အကျင့်သီလ၊ စရဏပညာတို့ကို စာရေးသူမှ ပထမဦးစွာ လက်အုပ်ချီမိုး ရှိခိုးအပ်ပါသည်။ ဉာဉ်နှင့် သက်တော်ကို အသေးစိတ်မသိသဖြင့် အစီအစဉ်အတိုင်း မဖော်ပြနိုင်သည်ကို နားလည်ခွင့်လွှတ်စေလိုပါသည်။

လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်လျက်ရှိသော ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာတန်ကို ကျရာကတ္တာမှ စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိကြသော သာသနာ့အာဇာနည် ရဟန်းဆရာတော်ကြီးများဘဝလည်း တစ်ဖန် လက်အုပ်ချီမိုးကန်တော့ပါသည်။

တစ်နေ့ ကျွန်ုပ်တစ်ခု၏ ဗုဒ္ဓနိုင်ငံတော်အကြောင်း ရေးသားထားရာ မူရင်းစာအုပ်ကို စာရေးသူက ဝယ်ယူဖတ်ရှုပြီး စင်တင်စာအုပ်အဖြစ် မှတ်ပုံတင်စီစဉ်ရင်းသွင်း၍ ကိုယ်ဦးစီးကြည့်တိုက်တွင် စနစ်တကျသိမ်းဆည်းထားပါသည်။

(၁၆-၇-၂၀၁၅)ရက်နေ့ထုတ် စံတော်ချိန်ဂျာနယ်တွင် သတ္ထုသိဟဓမ္မာစရိယ အရှင်သံဝရာဘိဝံသ ရေးသားပူဇော်သော ဗုဒ္ဓနိုင်ငံတော်ကို အနှစ်ချုပ်အရ ရေးသားပူဇော်သူ၏ အရှင်ဝိစိတ္တသာရ(သာသနာ့တက္ကသိုလ်)ဖြစ်ပါသည်။

ဆရာတော်၏ ဆောင်းပါးတွင် စာချစာသင်လုပ်နေတဲ့ ဆရာတော် စာသင်သားရဟန်းသာမဏေတွေကို စိတ်ဆင်စားမှုနည်းပါးပြီး ချုံနုံပါတ်ပေးတဲ့ဘုန်းကြီး၊ ဗေဒင်ဟောခိုင်းပေးတဲ့ဘုန်းကြီး၊ ယတြာချေပေး ဓာတ်ရိုက်ဓာတ်ဆင်းပေးတဲ့ ဘုန်းကြီးတွေဆီမှာ ကြက်ပျံမကျ စည်ကားတာလည်း သာသနာရေးနဲ့ပတ်သက်လို့ မေးခွန်းထုတ်ရာ ဖြစ်နေတယ်ဟု ဖော်ပြပါရှိသည်။

ယခုမျက်မှောက်ကာလတွင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ၊ သာသနာ့တက္ကသိုလ်ပါမောက္ခ ဆရာတော် အရှင်ဒေါက်တာနန္ဒာမာလာဘိဝံသ သည်လည်းကောင်း၊ ပဲခူး ဆယ်မိုင်ကုန်းမှ ဆရာတော် ဒေါက်တာပညာဝရာဘိဝံသသည်လည်းကောင်း ပဋိယတ္တိစာပေနှင့်ပတ်သက်၍ ထိုက်တန်စွာရရှိထားသော Doctor of Philosophy (Ph.D) ဒေါက်တာပညာရှင်ကြီးများဖြစ်ကြပါသည်။ အခြားသော စာရေးသူ မသိသေးသည့် ဒေါက်တာဘွဲ့ရ ရဟန်းဆရာတော်ကြီးများလည်း ရှိပါသေးသည်။ လွန်စွာကြည်ညိုဖွယ်ကောင်းပြီး လောကီပရဟိတအကျိုးအမြင် လောကုတ္တရာအကျိုးကို ဆောင်ရွက်နေကြသော သာသနာ့အာဇာနည်များ ဖြစ်ကြပေသည်။

သို့သော် ဗုဒ္ဓစာပေနှင့် မသက်ဆိုင်ဘဲ လောကီအင်းကျမ်းတစ်ခုကို ဘာသာပြန်၍ စာတမ်းအသွင်ပြုကာ ဒေါက်တာဘွဲ့ယူထားသော ရဟန်းတစ်ပါးကို စာရေးသူ တွေ့ဖူးပါသည်။ ပယောဂကု၊ ဓာတ်ရိုက်ဓာတ်ဆင်ပြု၊ အိမ်မြှောင်ကိုဖမ်း၍ မိမိသွားစေလိုသော နေရာဒေသ၊ တိုင်းနိုင်ငံသို့ ၄င်း၏ ဖုတ်သွင်းပညာဖြင့် စေလွှတ်နိုင်ကြောင်း ပြောစကားအရ သိရပါသည်။ လက်တွေ့မမြင်ခဲ့ရပါ။ အလားတူ အခြားသော တိရစ္ဆာန်များသာမက လူသေကောင်ကိုပင် ထထိုင်နိုင်အောင် ပြုလုပ်နိုင်ကြောင်း ပြောပြပါသည်။

အဓိကမှာ စာရေးသူ၏မိတ်ဆွေ မန္တလေးသား စာအုပ်ထုတ်ဝေသူအား ၄င်း၏ အင်းကျမ်းကို ထုတ်ဝေရန် နားပူနားဆာ လုပ်နေခြင်းပင် ဖြစ်ပါသည်။ ၄င်း၏ စာအုပ်မှာ မန္တလေးတွင်ရှိသော ကမ္ဘာ့အကြီးဆုံးစာအုပ်ဟု ထင်ရှားသော ဝိဋ္ဌကတ်သုံးပုံကျောက်စာများတည်ရာ ကုသိုလ်တော်ဘုရားထက်ပင် ထူလောက်ကြောင်း မစားရဝခမန်း အာပေါင်အာရင်းသန်သန်ဖြင့် မိန့်နေပါသည်။

အ၊အလယ် သေအင်းကို မြင်ဖူး၊ ကြားဖူးသူများရှိကြမည်မထင်ကြောင်း ပြောသောအခါ စာရေးသူမှ ၄င်း အင်းကျမ်းစာအုပ်ကို ထုတ်ပြလိုက်သောအခါ မှင်တက်မိ၍ ကြက်သေ၊ သေသွားတော့ပါသည်။ စာရေးဆရာတစ်ဦး၏ ဝတ္ထုတွင် အ၊အလယ်သေအင်း ရေးသားနိုင်သူအား ခုချမည်ဟု သိရပါသည်။ လူတော်တော်များများ ထိုအင်းကို

www.burmeseclassic.com

www.burmeseclassic.com

ရေးဆွဲ၍ ပေးပို့ဖူးကြောင်း သိရပါသည်။

ယခုရဟန်း ရရှိသော ဒေါက်တာဘွဲ့မှာ အမေရိကန်၊ အင်္ဂလန်၊ အင်ဒိုနီးရှား၊ အာဖရိက၊ အိန္ဒိယ (အ)နှင့်စသော နိုင်ငံတစ်ခုမှရသောဘွဲ့ဟု သိရှိရပါသည်။ အမေရိကန်၊ အင်္ဂလန်နိုင်ငံမှ ဒေါက်တာဘွဲ့မဟုတ်တာတော့ သေချာပါသည်။ တက္ကသိုလ်(University)။ ကောလိပ်(College)။ သက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်(Institute)တို့မှ ပေးအပ်သောဘွဲ့ မဟုတ်ပါ။ တက္ကသိုလ်တစ်ခုတွင် Chancelor of Universities တက္ကသိုလ်များ၏ အဓိပတိရှိရပါသည်။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ ရှိပါသည်။ Registerမော်ကွန်းထိန်းလည်း ရှိရပါသည်။ အဖွဲ့အစည်းတစ်ခု ထူထောင်ကာ တက္ကသိုလ်မဟုတ်သော အဖွဲ့မှပေးသော ဒေါက်တာဘွဲ့ဆိုလျှင် မှားမည်မထင်ပါ။

ဝင်းဧော်(သစ်တော)၊ ဆန်တစ်ပြည် ငွေတစ်မတ် စာအုပ်တွင် ထားဝယ်လို၊ မြိတ်လို၊ ကြေးပြား၊ ကတ်တို့ ပေးလျှင် ရနိုင်ကြောင်း သိရပါသည်။ ထို့နောက်မှ ကြေးပြား၊ ကတ် ဆိုသည်မှာ ဒေသန္တရစကားအရ ပိုက်ဆံဟု သိရပါသည်။ သိန်းဆယ်ဂဏန်းထက်တော့မလျော့ကြောင်း သိရပါသည်။ ထိုရဟန်းမှာ ရန်ကုန်မြို့တွင်လည်၍ ပယောဂကု ဓာတ်ရိက်ဓောတ်ဆင်ပြုနေကြောင်း သိရပါသည်။ မန္တလေး၊ မေမြို့တစ်ဝိုက်တွင်လည်း သွားလာလေ့ရှိပါသည်။

ထိုအကြောင်းကို စာရေးသူက အင်းပညာသင်ကြားပေးသော ဆရာကြီးအား ပြောပြသောအခါ ဆရာကြီးမှ ဒီအ,အလယ်သေအင်းမှာ ဗားမဲ့အင်းကျမ်းတွင် ဖော်ပြထားကြောင်း ပထမဦးစွာ ရှင်းပြပါသည်။

ထိုအင်းမှာ အ,အက္ခရာ တစ်မျိုးတည်းသာ အလယ်တွင် သေပြီး က,အက္ခရာလေးလုံး အလယ်တွင်ဝင်သော က,အလယ်ဝင်အင်းအကြောင်း ရှင်းပြပါသည်။ ထိုအခါ ကျမှ လွန်ခဲ့သော(၁၅)နှစ်ခန့်က အကြောင်းအရာများ ပြန်လည်ပေါ်လာပါသည်။

(၃-၂-၁၉၃၀)ရက်နေ့တွင် မွေးဖွားသော စာရေးသူ၏ ဆရာကြီးမွေးနေ့ကို ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ စာရေးသူမှ ဦးဆောင်၍ ဆရာကြီး၏ တပည့်များပါ စည်းရုံးကာ အာစရိယပူဇော်ပွဲကလေးတစ်ခု ဖြစ်သွားပါသည်။

စာရေးသူကပင် ဆရာကြီးရယ်..ဆရာကြီးရဲ့မွေးနေ့ အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် အစွမ်းထက်သော ဂါထာတစ်ခု သင်ပေးပါရန် မေတ္တာရပ်ခံလိုက်ပါသည်။

ထိုအခါ ဆရာကြီးမှ ဆရာသင်ပေးတဲ့ ဂါထာတိုင်းဟာ အာစရိယပူဇော်ပွဲမှမဟုတ်၊ အစွမ်းထက်တဲ့ဂါထာချည်းဖြစ်ကြောင်း ရှင်းပြပါသည်။

ဆရာကြီးမှ ပြောပြောဆိုဆို ပြည်မြို့ ရတနာမောင်အောင်တောရ ရွှေဗျိုင်းနားဆရာတော် ဦးဝိဇ္ဇာဗလကိုယ်တိုင် ဆရာကြီးအား သင်ကြားပေးခဲ့ကြောင်း ပြောပြသည်။

၁။ ဥဒ္ဓံ..(က) တောရံ (ကံ) (ကာ) ရေ (ကာ) (ကတ္တု) (က)ရေ (က)တိုင်း (က)တစ်ပိုင်း (ကိုင်း)(က) (ဏ္ဍ) လေ (ကူ)လေ သွားဟုံဟုံ။

၂။ ဥဒ္ဓံ..(ကကြီး) (က) (က) ရောန္တော (က) (က)လိုင်း (က) (က)ရလိုင်းပဲ။ (ကိ)ပဲ၊ (ကု) (ကင်း) နင်း (ကေ) ဟိန်း၊ (ကင်း) လဲ (ကော်) (ကောက်) လဲ(ကဲ) (ကု) လဲ၊ (ကု) လဲ (ကွင်း) ဆရာ (ကွင်း)။

၃။ ဥဒ္ဓံ..(က) တောရေ (ကူ) (ကာ) ရေ (ကိန်) (ကာ) (ကာကက်ကုကိုင်) (က)လလိုင် (က)ပြိုး၊ (က) (က)လျာပဲသြောင်းဘဒ္ဒဘဒ္ဒ ဒူရေသွာဟ။

၄။ ဥဒ္ဓံ..(ကကာ) ရော (က) ရုဏာ ဥေ ယျော ဏ္ဍ ဏာသီလမာနသော ကတ္တာန ပါရမီဗုဒ္ဓေါ ကရောတ် သမ္မဟိ တတ္ထံ။

ဆရာကြီးသင်ပေးစဉ်က (...)ကွင်းထဲတွင် (ဏ) စ၍ (အ)အထိထည့်၍ ရွတ်ရကြောင်း သိရပါသည်။ ထို့ကြောင့် အသေးစိတ်မသိရသော်လည်း ပြည်မြို့ မင်္ဂလာဥယျာဉ်ဟိုတယ်တွင် တည်းခိုပြီး ဝေပုလ္လရာမကျောင်းတိုက်ဆရာတော်အား ဖူးမြော်ခြင်း၊ ကျမ်းစာအုပ်များ အလှူခံခြင်း ပြုပြီးသောအခါ ဆရာတော်ဦးဝိဇ္ဇာဗလအားလည်း သွားရောက်ဖူးမြော်ပါသည်။ ဆရာတော်ကြီးမှ စာရေးသူ ထံ ရင်းကိစ္စကို ကြိုတင်သိနေပါသည်။ အဆက်ပါ ဂါထာလေးပုဒ်ကို အလွတ်ရွတ်ပြခိုင်းပါသည်။

စာရေးသူလည်း အထစ်အငေါ့မရှိ ရွတ်ပြသောအခါ ဆရာတော်ကြီးမှ ဒါဆိုရင် (က)လေးလုံး အလယ်ဝင်အင်း အကြောင်း သင်ပေးရတာပေါ့ဟု မိန့်ပါသည်။

ထို့နောက်မှ သိရသည်မှာ ဗားမဲ့ဝိဇ္ဇာဆရာတော်ကြီး အင်းပညာဟု သိရပါသည်။ ကလေးလုံးကို လက်ဝဲယာ တစ်လုံးချင်း စီရင်ရကြောင်း သိရပါသည်။ (က)အတွက်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှေးဂေမိုး ရွာစေသော က,အလယ်ဝင်အင်း

ရ	ဓ	မ	မ	ဓ	ရ
ဘ	ခ	လ	လ	ခ	ဘ
ဝ	ယ	ဗ	ဗ	ယ	ဝ
ဒ	ဝ	နှ	နှ	ဝ	ဒ

၌	ဗ	ထ	သ	ဂ	ဓ	ဂ	ဂ	ဓ	ဂ	သ	ထ	ဗ	၌
တ	ဟ	၌	ဈ	ခ	ဘ	ခ	ခ	ဘ	ခ	ဈ	၌	ဟ	တ
ဦ	ည	ဏ	ဍ	ဆ	ယ	ဏ	ဏ	ဃ	ဆ	ဍ	ဏ	ည	ဦ
ဦ	ည	ဏ	ဍ	ဆ	ယ	ဏ	ဏ	ဃ	ဆ	ဍ	ဏ	ည	ဦ
တ	ဟ	၌	ဈ	ခ	ဘ	ခ	ခ	ဘ	ခ	ဈ	၌	ဟ	တ
၌	ဗ	ထ	သ	ဂ	ဓ	ဂ	ဂ	ဓ	ဂ	သ	ထ	ဗ	၌

ဒ	ဝ	နှ	နှ	ဝ	ဒ
ဝ	ယ	ဗ	ဗ	ယ	ဝ
ဘ	ခ	လ	လ	ခ	ဘ
ရ	ဓ	မ	မ	ဓ	ရ

ဆေးသွင်းလျှင် (က)နှင့်စသောဂါထာ ရွတ်ရပြီး (ခ)ရောင်းလျှင် (...)ကွင်းထဲတွင် (ခ)အက္ခရာ ထည့်သွင်းရွတ်ဆိုရကြောင်း သင်ပြပါသည်။

ပထမဦးစွာ အင်းဆံမရေးသွင်းမီ ဥံ..နမောဗုဒ္ဓါယ သိဒ္ဓိကို ရွတ်ပြီးမှသာ အင်းဆံဂါထာကို ရွတ်ရကြောင်း သိရပါသည်။ ထိုအင်းစီရင်သောအခါ ဘုရားပွဲတစ်ပွဲကို အနည်းဆီးတစ်လုံး၊ ငှက်ပျောငါးဖီး၊ တံခွန်၊ ကုက္ကားတို့ဖြင့် ကန်တော့ပွဲတစ်ပွဲ တင်မြှောက်ပူဇော်ရပါသည်။ အလားတူ ဆေးကြီးလေးပါးအား ရည်မှန်း၍ အုန်းတစ်လုံး၊ ငှက်ပျော(၄)ဖီးဖြင့် ကန်တော့ပွဲတစ်ပွဲ တင်မြှောက်ပူဇော်ရပါသည်။ ထိုသို့တင်မြှောက်ပူဇော်ပြီးမှသာ အင်းကိုစီရင်ရကြောင်း သိရပါသည်။

အင်းအကျိုးအသွားမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်လေးပါးသိဒ္ဓိရရှိပြီး ဆယ်ပါးသော သိဒ္ဓိအကျိုးကို ရရှိပါသည်။ လောကီတွင် စီးပွားလာဘ်လာဘရတနာ ရွှေမိုး ငွေမိုးများ အတိုင်းမသိ ရွာသွန်းဖြိုးစေကြောင်း ဆရာတော်၏ မိန့်မှာချက်အရ သိရပါသည်။

မေတ္တာရည်ခံ

ပုရောဟိတ် ဆရာဦးမြင့်စံ

ဖုန်း - ၀၉ ၅၁၄၂ ၆၆၄၆

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးဝေလျှံ နေမျာပြန်ဂါထာတော်နှင့်
အင်းအာစီအာရင်

ကဿိရ-ဆရောလှမျိုး(B.Sc)

ကျွန်ုပ်စာရေးသူသည် လွန်ခဲ့သော(၁၈)နှစ်ခန့်မှစ၍ လောကီပညာများကို လေ့လာလိုက်စားခဲ့ပါသည်။ (၁၉၉၇) ခုနှစ်တွင် ဆရာရန်ကြီးအောင် (ဆန်းကျမ်းလက္ခဏာ အတတ်) ပညာရှင်ထံမှာ ဆန်းကျမ်းပညာကို စတင်လေ့လာသင်ယူပါသည်။ အဟောပညာ သင်ကြားပေးပို့သော ဆရာကြီးမှ အင်းပညာအခြေခံ သင်ပေးသည်။

ဆရာကြီး သင်ပေး သော အင်းပညာမှာ ဗုဒ္ဓဖြစ်စဉ် အဘိယာဇာတာကအင်း ဖြစ်သည်။ လက်တွေ့ဟောပြောမှုများ ဆောင်ရွက်သောအခါ ဓာတ်ရိုက်ဓာတ်ဆင်ယဉ်ကြာများကို ဆက်လက်လေ့လာရပါသည်။ ထို့နောက် ယဉ်ကြာနှင့် ဂါထာတွဲ ဆောင်ရွက်နည်းကို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံ ချဉ်းကပ်လေ့လာရသည်။ တစ်ဖန် ယဉ်ကြာနှင့် အဆင်မပြေပါက အင်း၊ စမ ကူရသည်ဟု ဖွင့်ဆိုကြသည်။ ထို့ကြောင့် အင်း၊ စမ ပညာလည်း လေ့လာရပြန်သည်။ မည်သည့်ဂါထာ၊ အင်း၊ စမပညာမဆို ဆောင်ရွက်ပါက နမောတဿ သုံးကြိမ်ရွတ် ဆိုရသည်။ ငါးပါးသီလ၊ ရှစ်ပါးသီလ ခံယူသောအခါတွင်လည်း နမောတဿ ရွတ်ဆိုရသည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿတွင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်သုံးပါး ပါဝင်နေပါသည်။ နမောတဿနှင့် ပတ်သက်၍ မှတ်သားနာကြားရသည်မှာ အခါတစ်ပါးတွင် ဗုဒ္ဓမြတ်စွာသည် နဘဝင်အောက်တွင် စံတော်မူနေစဉ် တတာဂီရိ အမည်ရှိသော နတ်မင်းကြီးသည် ဘုရားရှင်အား ရိုသေစွာ ရှိခိုးဦးတိုက် လျက် ကြည်ညိုသဒ္ဓါတရားကို စိတ်တွင် မထိန်းနိုင်ဘဲ နှုတ်မှ နမော့ဟု ရွတ်ဆိုရှိခိုးခဲ့သည်။

ထိုအချိန်တွင် အနီးတွင်ရှိသော အသူရိန်နတ်မင်းကြီးသည်လည်း ဘုရားရှင်အား ကြည်ညိုလွန်းသဖြင့် တဿဟု နှုတ်ဖြင့် ထုတ်ဖော်၍ ရှိခိုးပူဇော်ခဲ့ပြန်သည်။ ထို့နောက်တွင် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးဖြစ်သော ကုဝေရ၊ ဓတရဋ္ဌ၊ ဝိရုဠက၊ ဝိရုပက္ခတို့ကလည်း ကြည်ညိုသဒ္ဓါဖြင့် များစွာဖြင့် ဘ၊ ဂ၊ ဝ၊ တောဟူ၍ တစ်ဦးချင်း၊ တစ်ဦးစီ တစ်လုံးစီ နှုတ်မှ ထုတ်ဖော်၍ ရှိခိုးပူဇော်ကြပြန်သည်။ ထိုအခါ သိကြားမင်းကလည်း မြတ်စွာဘုရားရှင်အား အလွန်ကြည်ညိုသောစိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ အရဟတော ဟူ၍ ထုတ်ဖော်ရှိခိုး ပူဇော်ခဲ့ပြန်သည်။

ထိုကဲ့သို့ နတ်ဒေဝါတို့သည် မြတ်စွာဘုရား၏ တန်တော်ကို နာယူအပြီး ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် အသီးသီး နှုတ်မှ ဖွင့်ဟရွတ်ဆိုခဲ့သည်တို့မှာ အစဉ်လိုက်အရ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဖြစ်ပေါ်လာလေသည်။

ယနေ့ခေတ် ဘုရားရှိခိုးစာအုပ်၊ ဂါထာမန္တန်စာအုပ် တရားစာအုပ် အသီးသီးတွင် ပဏာမဘုရားရှိခိုးအဖြစ် နမောစာသာကို ဦးတင်ပြီးမှ ရေးသားပူဇော်ကြပါသည်။ သို့သော်လည်း အနက်နှင့်တကွ ရေးသားပူဇော်ထားခြင်း မတွေ့ပေ။ ရေးခေတ်စာအုပ်များ၊ ရွေးဆရာတော်ဘုရားကြီးများသည် အနက်နှင့်တကွ အောက်ပါအတိုင်း ပူဇော်ရှိခိုးခဲ့ကြရေးသားဖော်ပြ ပူဇော်ကြပါသည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော-လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝန္ဒနာစင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ပေထော်သမ္မာသမ္မုဒ္ဓဿ-ဥယျာဉ်တရား ငါးပါးတို့ကို ဆရာတော်သဃန္ဓာဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာဘာကောင်းမွန်မှန်ကန်စွာ သိတော်မူပေထသော၊ တဿ ဘဂဝတော-ဣဿရိယ ဓမ္မယသသီရိ ကာမပယတ္တမည်သော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊ နမော-ဒူး၊ လက်၊ နဖူး ထိငါးဦးဖြင့် ကြည်ညိုသဒ္ဓါ ရှိသေစွာဖြင့် ရှိခိုးကန်တော့ပါ၏ဘုရား။

အချို့ဆရာတော်ကြီးများ နမောတဿကိုပင် တစ်လုံးချ ပုတီးတစ်ပတ်စိပ်ကြသည်။ ဆရာကြီးမင်းသ

www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဘဂဝတော တစ်တွဲစီကို ရွေရောင်၊ ငွေရောင်၊ ကြွေးရောင်၊ အစိမ်းရောင်၊ အဝါရောင် စသည့်အရောင် မျိုးဖြင့် မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ် အာရုံပြုရည်စူးကာ အရောင်ခြယ်ပူဇော်ခိုင်းသည်။

စာရေးသူ လောကီပညာ လိုက်စားစဉ် ပုဇွန်တောင်သမ္မ ဆရာကြီးတစ်ဦးက နမောပြန်ဂါထာကို ပေးဖူးသည်။

နမောတဿမှစ၍ (၇)လုံးမြောက်ရောက၊ ပြန်ချပြီး ဆိုခိုင်းခြင်း ဖြစ်သည်။ ထိုနမောပြန်ဂါထာ လေးကြောင်းကို ဖယောင်းတိုင်တွင်ရေး၍ ဆီမီးပူဇော်ခိုင်းသည်။ အောင်း၊ ဆေးဖယောင်းတိုင်အဖြစ် အသုံးပြုနိုင်သည်ဟု ဆိုသည်။ မှတ်စုစာအုပ်အဟောင်းတွင် ပြန်လည်ရှာတွေ့ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

♦ ♦ ♦

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ဝမ္မာ တရဒ္ဒ ဂဿမော အမ္ဘုဘတော
နတောသဿဟဿ၊
(တမ်၊ မာ၊ တ၊ ရဒ်၊ ဓ၊ ဂ၊ သ၊ မော၊ အမ်၊ ဗု၊ ဘ၊ နှ၊ တော၊ သ၊ သ၊ ဟ၊ သ)
သတော တမ္မဟ ဂနမ္မာ အသဒ္ဓတော ဝမော
သရာသ၊
(သတော၊ တမ်၊ ဗု၊ ဟ၊ ဂ၊ နမ်၊ မာ၊ အ၊ သဒ်၊ ဓ၊ ဝ၊ မော၊ သ၊ ရ၊ ဘ၊ သ)
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမောတဿကို (နှ)မှစ၍ ခုနစ်လုံးရေ၍ ကောက်ခြင်း ဖြစ်သည်။

နမောတဿ တစ်ကြောင်းတည်းကို ဖယောင်းတိုင်ပေါ်ပြီး ငါးပိုင်း၊ ပိုင်းကာ ပုတီးစိပ်သောနည်းဖြစ်သည်။ ဆည်သည့်အပိုင်းရောက်လျှင် လိုရာဆန္ဒအတိုင်းဖြစ်စေ ရန် အဓိဋ္ဌာန်ပြု၍လည်း စီရင်၍ရသည်။ တစ်ပိုင်းပြီးလျှင် ဖယောင်းတိုင် ငြိမ်းထားရသည်။ နမောတဿ ဂါထာတစ်ကြောင်းဆုံး ပုတီး(၃)ပတ် (၅)ရက်စိပ်ပူဇော် ဆုတောင်းရသောနည်း ဖြစ်သည်။ ရှင်အရဟံမထေရ်မြတ်သည် ဤနမောတဿ ဂါထာတော်အား ထိုက်သူစံသောဖြင့် နမောပြန်(နမောလည်ပြန်)အဖြစ် ဆောင်ရွက်၍ (၇)နေ့သားသမီးတို့အား အကျိုးဖြစ်ထွန်းအောင် ညွှန်ပြပေးခဲ့သည်။

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးသည် ထွက်ရပ်ပေါက်ဝိဇ္ဇာပုံနှင့် နမောပြန်ဂါထာကို ချီးမြှင့်ပေးလေ့ရှိသည်။ နမောသိဒ္ဓိမန္တန်တော်ကြီးဟု အမည်ပေးထားသည်။ တစ်နေ့ (၇)ခေါက်၊ (၇)ကြိမ်၊ (၄၉)ခေါက် ရွတ်ဆိုခိုင်းသည်။

နမောပြန်ဂါထာလေးကြောင်း ပုတီးတစ်လုံးချ တစ်နေ့ ပုတီးတစ်ပတ်စိပ်ပါက အတိုက်အခံရန်ဟူသမျှ ကင်းဝေးစေသည်။ သူတစ်ပါး မကောင်းမကြံစည်နိုင်။ အခက်အခဲဟူသမျှ ပြေလည်စေသည်။ အကြွေးငွေ ပြန်ရစေသည်။ စီးပွားဖျက်နေပါက စီးပွားရေး ပြန်ကောင်းစေသည်။ အလုပ်အကိုင်၊ ရာထူး တိုးတက်စေသည်။ သူခိုး၊ ဓားပြဘေးမှ ကင်းဝေး၊ လမ်းခရီးတွင် ခလုတ်မထိ ဆူးမငြိ ဖြစ်စေသည် စသောအကျိုးကျေးဇူးများစွာ ရရှိစေပါသည်။ အခက်အခဲရှိပါက ဖယောင်းတိုင်ကြီး တစ်တိုင်တွင် အောက်ခြေမှစ၍ နမောပြန်ဂါထာလေးကြောင်း ရေးရမည်။ တစ်နေ့(၄၉)ခေါက် ရွတ်ဆိုရမည်။ လေးရက် ဖယောင်းတိုင်(၄)တိုင် ပူဇော်ပြီးပါက အဆင်ပြေစေသည်ဟု ဆိုပါသည်။

နမောပြန်ဂါထာကို မိမိအိတ်ထဲမှာ အမြဲဆောင်ထားသင့်သည်ဟု မိန့်ဆိုပါသည်။ သီရိမင်္ဂလာဆရာတော်ကြီးသည် စာပေပရိယတ္တိ သင်ကြားပို့ချပြီးပါက သင်ပုန်းကြီးတွင် နမောပြန်ဂါထာ ရေးသားပြီး ရှင်သာမဏေများအား ရွတ်ဆိုစေသည်။ ဆရာတော်ကိုယ်တိုင်လည်း နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ဆိုသည်။ ရွှေအောင်ရေးဆရာတော်မှ နမောတသ ဂါထာပြန်ဖြင့် ထွက်လမ်းအထိ ရောက်စေကြောင်း မိန့်ဆိုပြီး (၇)လုံးကောက် နမောပြန်ဂါထာကို တစ်ပုဒ်ဆုံး ပုတီး တစ်လုံးချဖြင့် တစ်နေ့ ပုတီး(၉)ပတ် (၉)ရက်၊ (၁၈)ပတ် (၁၈)ရက်၊ (၂၇)ပတ် (၂၇)ရက် စသည်ဖြင့် တိုး၍စိပ်ခိုင်းသည်။

ကျွန်ုပ်စာရေးသူသည် နမောပြန်ဂါထာ အကျိုးကျေးဇူးကို လက်ငင်းချက်ချင်း ခံစားရပါသည်။ အိမ်ဂရန့်ကိစ္စ အခက်အခဲကြုံနေရာ နမောပြန်အင်း စီရင်ပြီး ဖယောင်းတိုင်ထွန်းပူဇော် ပုတီးစိပ်ရာ (၇)ရက်ပြည့်ပြီးသောအခါ အဆင်ပြေ အောင်မြင်သွားပါသည်။ ထို့ကြောင့် စာဖတ် ပရိသတ်များအတွက် အင်းစီရင်နည်းကို ရေးသားဖော်ပြပေးလိုက်ပါသည်။ နမောပြန်ဂါထာအင်းကို နမောသိဒ္ဓိခရုပတ် အင်းတော်ကြီးဟူ၍လည်း ခေါ်ဆိုပါသည်။

ဝ	မွာ	တ	ရ	ဒွ	ဂ	သ	မော	၉
ဝ	အ	ရ	ဟ	တော	သ	မွာ	၈	၀၀၉
ဝ	၁၈	သ	မွ	ဒွ	ဿ	၉	၈၈	၉
၈	၈	၈				၈၈	၀	၈၈
၈	၀၀	၈				၈၀	၀၀၉	၉
၈၈	၉	၈				၉၉	၈	၁
၀	၈	၈	၈၈	ဟ	၈၈	၈	၀၀၉	၈
၉၀	၈၉	၈၈၁	ဝ	၀၀၁	၉	၈၈	၈၈	၉၉
၈	၀၀၁	ဝ	ပ	၉၈	၈၈	၀၈	၈၈၁	၈

နမောတသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ဝမ္မာတရဒ္ဓဂသမော အမ္မုဘာတော နတော သဿဟဿ၊ သတော တမ္မုဟ ဂနမ္မာ အဿဒ္ဓတော ဝမော သရဘာဿ၊ နမောတသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၉×၉=၈၁)ကွက်အင်းဖြစ်သည်။ အလယ်(၉)ကွက်မှာ မိမိလိုရာဆန္ဒ အင်းချပြီး ရေးထည့်၊ အပေါ်မှထပ်ကပ်၊ ညီညာစွာ ပြုလုပ်ပြီးမှ အလယ်ကွက်နေရာတွင် ဖယောင်းတိုင်ထွန်းကာ နမောပြန်ဂါထာ ရွတ်ဆိုရမည်။

ထိုအင်းတော်ကို ကြေးပြား၊ ကြေးလင်ပန်းတွင် ချ စီရင်နိုင်သလို စက္ကူတွင်ရေးဆွဲ၊ မိတ္တူကူးပြီး ဆောင်ရွ နိုင်ပါသည်။ မိတ္တူကူးပါက ပလတ်စတစ်လောင်းရပါမည် အလယ်(၉)ကွက် အထူးအရေးကြီးပါသည်။ ထိုအကွ တွင် မိမိလိုရာအင်းကို ရေးဆွဲပြီး ကပ်ရပါမည်။ တစ်နည် အားဖြင့် ထိုကိုးကွက်သည် အရှင်ထားရပါမည်။ အင်း ကို လက်ဖြင့် ဖော်ပြထားသည်။

လိုရာကိုစေတလို့ မြတ်ဗုဒ္ဓဘုန်းတော်ကိုသာ ထိုးလိုက်ပါ။

အင်းသတ္တကွက် ရောက်၍လာလျှင်-
ကိုးရက်ဂုဏ်တော်ဆင့်အုံး
စတုကွက်လေးသစ္စာ
ကမ်းကုန်အောင် နုတ်လိုက်ပါဦး။

ဥပမာ-
အကြွေးငွေပြန်ရစေ

၁ ၂ ၂ ၅ ၈ ၃ = ၂၁
+ ၆ ဘုန်းတော်(၆)ပါး
၂၇
+ ၆
၃၃
+ ၆
၃၉
+ ၆
၄၅
+ ၆
၅၁
+ ၆
၅၇
+ ၉ ဂုဏ်တော်(၉)ပါး
၆၆
- ၃၉
၂၇ သတ္တဗီဇကျော်
(၂၇ ရမှ မှန်သည်)

ထိုကိုးကွက်အင်းကို နမောပြန်အင်းပေါ်မှာ ကပ် ရပါမည်။ ထို့နောက် အလယ်တည့်တည့်မှ ဆီမီးခွက်

www.burmeseclassic.com

www.burmeseclassic.com

၂၁	(၃၉)	၅၇
၅၁	၂၇	၂၇
၃၃	(၆၆)	၄၅

ယောင်းတိုင်တစ်တိုင် ပူဇော်ပြီး နမောပြန်ဂါထာ (၄၉) ခါတ် (၇)ရက်ရွတ်ဆိုရမည်။ တစ်နေ့ (၄၉)ခေါက်ရွတ်ဆိုပြီး လိုရာဆန္ဒ(ရေးထားတာ)ကို ဆုတောင်းပါ။ မိုင်းကိုင်ဘက်မှာ တိုက်ရိုက်အင်းရေးဆွဲ အင်းချပြီး ဖယောင်းတိုင်တစ် ပူဇော်နိုင်ပါသည်။ ရေးဆရာကြီးတို့သည် ကြေးလင်းပြား အင်းချပြီး အလယ်ကွက်မှာ (၉)ကွက်အင်းကို ကြွေဖြင့်ချပြီး ဆီမီးထွန်းပူဇော်သည်။ နေ့စဉ် အင်းချရန် မလိုတော့ပေ။ ကြေးပြားဖြစ်စေ၊ စက္ကူကို ပလတ်စတစ် ဖြင့်ထားချသည်ဖြစ်စေ အောက်မှာ ကြေးလင်ပန်းခံပြီး ပူ ဇော်ရပါမည်။

မိမိလိုရာဆန္ဒကို ကိန်းဂဏန်းရေးပြီး ပေါင်း(၆)ကြိမ် ပေါင်းပြီး (၉)တစ်ကြိမ် ပေါင်းပါ။ အလယ်(စတုကွက်လေး သစ္စာ) အပေါ်အောက်နှတ်ပါက (၂၇)ရမှ မှန်ပါသည်။ မိမိကိုယ်တိုင် ရေးဆွဲရပါမည်။ နမောပြန်ဂါထာအင်းကြွေးကို မိတ္တူကူး ပလတ်စတစ်လောင်း အသုံးပြုနိုင်သည်။ ဤနည်းကတော့ စာရေးသူ (၇)ရက်ဆောင်ရွက်ပြီး အဆင်ပြေသောနည်း ဖြစ်ပါသည်။

အကြောင်းကိစ္စ တစ်စုံတစ်ရာမရှိလည်း နေ့စဉ် ပုံမှန် (၄၉)ခေါက်ရွတ်ဆိုပါက အခက်အခဲဟူသမျှ အဆင်ပြေ၊ အတိုက်အခံ ရန်ဟူသမျှ ကင်းဝေးမည်မှာ သေချာပါသည်။ မိမိဉာဏ်ရှိသလို အသုံးချနိုင်ပါသည်။

ဖယောင်းတိုင်ကြီးတွင်ရေးပြီး အနည်းဆုံး(၄)တိုင်၊ အများဆုံး(၇)တိုင်ပူဇော် ဂါထာရွတ်ဆို ဆုတောင်းမှုလည်း ပြုနိုင်သည်။ ထူးခြားချက်မှာ အကျိုးပေးသော နမောသိဒ္ဓိဂါထာ တော်ကြီးဖြစ်၍ ယုံကြည်စွာ ဆောင်ရွက်ကြပါဟု တိုက် တွန်းလိုက်ရပါတော့သည်။

ဂန္ဓိရ-ဆရာလှမျိုး(B.Sc)

(ယောမြို) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းဇအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရေးခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်ဆွေးမြေ့ချိန် - နေ့စဉ် (တနင်္လာနေ့မှအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၈၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊
ဒဂုံပြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉ ၇၃၁ ၇၂၉၀

www.burmeseclassic.com

ဦးလတဝေါင်-ကို

ဆေးမြင်းခွာဆိုတာ အရွက်မဟုတ်ပါ

(၂၅-၈-၂၀၁၅)ရက်နေ့ ကြေးမုံသတင်းစာမှာ မျိုးတင့်(ညောင်လေးပင်)ရဲ့ အရွက်မဟုတ်တဲ့ အစွမ်းသိဒ္ဓိဝင် ဆေးမြင်းခွာအကြောင်း- ရေးသားထားတဲ့စာအုပ် ထွက်ရှိကြောင်း ဖတ်လိုက်ရပါသည်။

စာရေးသူ လွန်စွာဝမ်းသာသွား၏။ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသကဲ့သို့ မထင်မှတ်ဘဲ ဆေးမြင်းခွာ အကြောင်း သိလိုက်ရ၍ စာရေးသူ ပျော်ရွှင်မှုမှာ ဖော်ပြ၍ ရမည်မထင်ပါ။

လွန်ခဲ့သော ပထမဝါဆိုလပြည့်နေ့က ငါးသိုင်းချောင်းမြို့နယ် နဂါးရစ်တောင် ဓမ္မပါလကျောင်းတော်သို့ ရောက်ရှိစဉ် ကျောင်းဝင်းအတွင်း သစ်မြစ်သစ်ဥများ ရောင်းချနေသော ဈေးတန်းတစ်လျှောက် လိုက်လံကြည့်နေရာမှ အမှတ်မထင် မြင်လိုက်ရသည့် သစ်ဥကို မြင်တွေ့မိရာ

ဆေးမြင်းခွာဆုံနှင့် ဓလေ့မြင်းခွာပင်ဝပ်ကဲ့

ဘာသစ်ဥလဲဟု ဈေးရောင်းသူကို မေးမိသည်။ ဆေးမြင်းခွာဟုခေါ်ကြောင်း၊ မြင်းတစ်ကောင်ရဲ့ ခွာပုံသဏ္ဌာန်နှင့် လွန်စွာတူပြီး အလွန်အသုံးဝင်သော ဆေးဖက်ဝင် ဥစာတစ်မျိုး ဖြစ်ကြောင်း ရှင်းပြပါသည်။

စာရေးသူမှာ ဆေးမြင်းခွာဟုဆိုလျှင် ဈေးဥ မြင်တွေ့နေရသည့် တို့စား၊ သုပ်စား၍ရသည့် မြေဥ့ တွားသွားပေါက်နေသော အပင်ဟု ထင်ခဲ့သည်။ စာရေးသူကဲ့သို့ပင် ဂမ္ဘီရပရိသတ် များစွာသည်လည်း ဆေးမြင်းခွာဟု ဆိုလိုက်လျှင် အရွက်ပါသော မြင်းခွာရွက်ကိုသာ မြင်မိကြပါလိမ့်မည်။

ဈေးရောင်းသူက ဆိုလေ၏။ ဆေးမြင်းခွာကို အရွက်ပြု၍ ငရုတ်ကောင်းမှုန့်နှင့် ရောစပ်ကာ ပျားရည်နှင့် ပေါက အသက်ရှည်၍ ရောဂါများကင်းကြောင်း၊ မျက်ကြည်လင်ပြီး အခြားရောဂါများလည်း ပျောက်ကင်းကြောင်း လူကြီးသူမများပြော၍ သိရသည်ဟု ဆို၏။ စာရေးသူက ၄င်းဆေးမြင်းခွာဥတက် အနည်းငယ်နှင့် အရေပေါက်တစ်ပင်ကို ဝယ်ယူခဲ့လေသည်။

မည်သို့အသုံးချရမှန်းမသိ တတ်သိနားလည်သူတို့ မေးမြန်းရန် အကြံရှိ၏။ တိုင်းရင်းဆေးဆရာများထံ နာခံရန် စဉ်းစားထား၏။

ဆေးမြင်းခွာနှင့်ပတ်သက်၍ ထွက်ရှိလာသော စာအုပ်ကို သွားရောက်ဝယ်ယူကာ ဂမ္ဘီရမဂ္ဂဇင်း ထုတ်ဝေသူ တာဝန်ခံအယ်ဒီတာ ကိုဒီဒီးကို ဤအကြောင်း ပြောပြသည်။

ဆေးမြင်းခွာနှင့်ပတ်သက်၍ ဂမ္ဘီရပရိသတ်များ သုတေသနတိုးပွားစေရန် စာရေးသူအား ဆောင်းပါးတစ်ပုဒ် သားပေးရန်နှင့် ဂမ္ဘီရမဂ္ဂဇင်းတွင် ထည့်သွင်းအသုံးပြုခွင့် ဖြစ်ကြောင်း စိတ်အားထက်သန်စွာဖြင့် ပြောလေ၏။

စာရေးသူမှာ တိုင်းရင်းဆေးဆရာတစ်ယောက် မဟုတ်ပါ။ တိုင်းရင်းဆေးအကြောင်း နားလည်သည့်သူလည်း မဟုတ်ပါ။ သို့သော် ဂမ္ဘီရပရိသတ်ကို ဆေးမြင်းခွာ အ

www.burmeseclassic.com

www.burmeseclassic.com

ငင်ပုံနှင့် ရောဂါမျိုးစုံ ပျောက်ကင်းနိုင်သော ကုသပုံ၊ အသုံးပြုပုံကို သေချာလေ့လာစမ်းသပ်၍ ရေးသားတင်ပြထားသည့် မျိုးတင့်(ညောင်လေးပင်)ရဲ့ အရွက်မဟုတ်တဲ့ အစွမ်းဆက်သိခွင့်ဝင် ဆေးမြင်းခွာအကြောင်း မိတ်ဆက်ရင်း စေါင်းသူငယ်တာအဖြစ် ရေးသားတင်ပြလိုက်ပါသည်။

ဆေးမြင်းခွာအကြောင်း စတင်ကြားသိခဲ့ခြင်း

စာရေးသူ၏ ယောကျ္ဖမကြီးမှာ ကျောက်ကပ်ရောဂါဖြင့် မော်လမြိုင်ဆေးရုံကြီးတွင် တက်ရောက်နေရစဉ်။ ရောဂါကျွမ်းနေပြီဖြစ်၍ ၄င်း၏ လက်မောင်းလုံးမှာ အရွယ်ရောက်ပြီးသား ယောကျ်ားတစ်ယောက်၏ ပေါင်လုံးမျှ ရှိ၏။ ခန္ဓာကိုယ်ကြီးမှာလည်း ရေတို့ဖြင့် ပြည့်ဝနေ၏။ ဤကြောင့် ဆရာဝန်က တင်ပါးတွင် အပေါက်တစ်ပေါက် ဖောက်ပေးထား၏။

တစ်ခါထိုင်နေလျှင် ထွေးခံအကြီးတစ်လုံးပြည့်အောင် ဆုတို့ ထွက်လာ၏။ မကြာပါ၊ ဆရာဝန်က မိသားစုအား ခေါ်ယူတွေ့ဆုံပြီး လူနာမှာ အခြေအနေမကောင်းကြောင်း၊ အများဆုံး ခုနစ်ရက်မျှသာ ခံတော့မည်ဖြစ်၍ အိမ်သို့ ပြန်သယ်ယူလိုက ပြန်သယ်သွားနိုင်ကြောင်း ပြောသဖြင့် မိမိ၏ မိသားစုအားလုံး တိုင်ပင်ပြီးနောက် မိခင်ကြီးအား အိမ်သို့ ပြန်ခေါ်ခဲ့လေ၏။

ယောကျ်ဖဖြစ်သူမှာ အပေါင်းအသင်းဆုံ၏။ မိခင်ဖြစ်သူ၏ အကြောင်းကို သူငယ်ချင်းများအား ပြောပြသောအခါ မော်လမြိုင်မြို့၊ လှိုပ်ရပ်ကွက် ရွှေပြည်အေးတွင် ညီဆိုသူ ရှိကြောင်း၊ သူမ၏ ရုပ်ခန္ဓာအတွင်းသို့ ဖိုးခွားဆိုသော ပုဂ္ဂိုလ်မှ နာမ်ဝင်စား၍ ကုသမှုခံယူပါက ပျောက်ကင်းနိုင်ကြောင်း အကြံပေးသဖြင့် ယောကျ်ဖဖြစ်သူက သူငယ်ချင်းများနှင့်အတူ သွားရောက်လေသည်။

ဖိုးခွားဆိုသော ပုဂ္ဂိုလ်မှာ နာမ်သာရှိ၍ ခန္ဓာမရှိပါ။ သာမည ဆရာတော်ကြီးက ခေါ်ယူစောင့်ရှောက်ထားပြီး အကြောင်းရှိက ထိုပုဂ္ဂိုလ်အား ပင့်လျှောက်လျှင် ကြွရောက်တော်မူပြီး ကုညီမှုများ ပေးတတ်လေ၏။ မော်လမြိုင်မြို့နှင့် အနီးကျေးရပ်ခွာ နေထိုင်ကြသူတို့ ဖိုးခွားအကြောင်း ကြားသိကြတုန်း၏။

ဖိုးခွားဝင်ရောက် နာမ်ဝင်ကိန်းတော်သော မည်သို့ဆိုသို့ပင် ပိန်ပိန်သွယ်သွယ် အသားညိုသူ ဖြစ်သည်။ မေးရိုးမှာ ချွန်၍ ဘာသာတရားကိုင်းရှိုင်းကာ အထူးသဖြင့် သာမည ဆရာတော်ကြီးအား အထူးသက်ဝင်ယုံကြည် ကိုးကွယ်သူ ဖြစ်လေသည်။

သူငယ်ချင်းများနှင့်အတူ သွားရောက်ပြီး မည်ကဲ့သို့ ရောက်သောအခါ အကျိုးအကြောင်းပြောပြ၍ ဖိုးခွားအား ပင့်လေလျှင် ကြွရောက်လာသောအခါ မိခင်ကြီးအကြောင်း ပြောပြလေ၏။ ထိုအခါ ဖိုးခွားက ဆေးမြင်းခွာရအောင်ရှာ၍ တိုက်ကျွေးလျှင် ရောဂါပျောက်ကင်းမည်ဖြစ်ကြောင်း ပြောသဖြင့် ပြန်လာကြပြီး ဆေးမြင်းခွာရှာကြရာ မတွေ့ဘဲ ရှိနေလေ၏။ နောက်ဆုံးတွင် ပရဆေးဆိုင်တစ်ဆိုင်မှ တစ်ခွက်စာ ဆေးမြင်းခွာရွက်တစ်ရွက်ရရှိ၍ သုံးခွက်တစ်ခွက်တင် ကျိုပြီး တိုက်ကျွေးလေ၏။

ထပ်မံတိုက်စရာ မရှိတော့၍ ဖိုးခွားထံ ဒုတိယအကြိမ် သွားရောက်ရာတွင် စာရေးသူပါ လိုက်ပါသွားခဲ့သည်။ ဖိုးခွားကိုပင့်၍ ကြွလာလေလျှင် ထူးခြားစွာ မည်မှာ အသားညိုညို၊ မေးရိုးသွယ်သွယ်မှပြောင်း၍ အသားနီစပ်စပ်ဖြစ်လာပြီး မေးရိုးကြီးမှာ ကားကားကြီးဖြစ်လာသည်ကို စာရေးသူ သတိထားမိလေ၏။ အသံမှာ ကရင်သံ ဝဲဝဲသဲသဲကြီးဖြစ်ကာ ကွမ်းယာကို တစ်ယာပြီးတစ်ယာ စားလေ၏။ ပြီးလျှင် ဆေးမြင်းခွာရှာမရက တရုတ်စကားအနီပွင့်ကို ရသမျှရှာပြီး လက်တစ်ဆုပ်စာခန့် ရေမှာပြုတ်၍ သုံးခွက်



အရွက်နုများအား အနီးကပ်မြင်ရသော ဆေးမြင်းခွာ

www.burmeseclassic.com

www.burmeseclassic.com

တစ်ခွက်တင် ရလေလျှင် အရွက်ကို ငါးပိရည် တို့စရာ အဖြစ်လည်းကောင်း၊ သုပ်၍လည်းကောင်း စားစေပြီး ကျန်ရှိ သတ္တုရည်ကို ဝအောင်သောက်ပါဟု မှာလေ၏။

စာရေးသူတို့ တရုတ်စကားမန်း အနီပွင့်ကို တစ်မြို့လုံးအနှံ့ ရှာဖွေကြပြီး ဖိုးခွားညွှန်ကြားသည့်အတိုင်း တိုက်ကျွေးခဲ့ရာ လူမမာမှာ လေးနှစ်ကြာသည်အထိ အသက်ရှင်နေထိုင်ခွင့် ရခဲ့လေသည်။ ဆေးမြင်းခွာသာ ရှာဖွေတွေ့ရှိ၍ တိုက်ကျွေးနိုင်ခဲ့မည်ဆိုပါက သည့်ထက်မက အသက်ရှည်နေထိုင်နိုင်ခဲ့မည်ဟု စာရေးသူ ယုံကြည်မိသည်။

ဈေးသည်ပြောသော ဆေးမြင်းခွာ

နဂါးရစ်တောင် ဓမ္မပါလကျောင်းတော်ဝင်းအတွင်း ဈေးဆိုင်တန်း၌ ရောင်းချနေသော ဆေးမြင်းခွာကို ဝယ်ယူ၍ မည်သို့အသုံးဝင်ကြောင်း မေးမြန်းစပ်စုကြည့်မိသည်။

ဆေးမြင်းခွာမှန်ကို ငရုတ်ကောင်းမှုန့်နှင့် သမအောင်ဖွေ၍ ပျားရည်ဖြင့် စားပါက အသက်ရှည်ကြောင်း၊ ရောဂါအနာများလည်း ပျောက်ကင်းကြောင်း၊ မျက်စိအမြင် ကြည်လင်လာပြီး ဦးခေါင်းဆံပင်ဖြူများပင် ပြန်၍နက်ကြောင်း ပြောပြလေ၏။ လူကြီးမိဘများ ပြောသည်ကို ကြားဖူးကြောင်း၊ မည်သို့အချိုးအစားဖြင့် ထည့်၍ သုံးရမည်ကိုမူ မသိကြောင်း ပြော၏။

စာရေးသူ အကြံအိုက်သွားသည်။ သို့သော် မခက်ပါ၊ တတ်ကျွမ်းနားလည်သူကို မေးမြန်းစုံစမ်းလျှင် သိနိုင်သည်ဟု ယုံကြည်လေ၏။

ထို့ပြင် ဆေးရောင်းသူကို ဆေးမြင်းခွာဥတက်များအား တစ်ဆင့်ယူပြီး ရောင်းသလား၊ ကိုယ်တိုင်တူးယူခဲ့တာလားဟု မေးမြန်းကြည့်ရာ ခင်ပွန်းဖြစ်သူက ကိုယ်တိုင်သွားရောက်တူးဖော်၍ ရခဲ့ကြောင်း ပြောပြလေ၏။

စာရေးသူက ဆေးမြင်းခွာဥတက်များအား ကိုယ်တိုင်သွားရောက်တူးယူခဲ့သူနှင့် စကားလက်ဆုံကြခဲ့လေသည်။

ဆေးမြင်းခွာပင်များမှာ တောင်ကမ်းပါး၊ ချောက်ကြီးများအတွင်းရှိ လျှိုထဲတွင် သဘာဝအတိုင်း ပေါက်လျက်ရှိသည်။ တစ်အုံလျှင် ငါးပင်၊ ခြောက်ပင်ခန့်ပေါက်၍ လူတစ်ရပ်ကျော် အရှည်ရှိသည်။ လေးငါးဆယ်နှစ်ခန့်ရှိသော ဆေးမြင်းခွာပင်ကို တူးဖော်လိုက်သည့်အခါ ဥတက်များ အဝင် အမြစ်နှင့် မြေကြီးများမှာ ရောနေပြီး တစ်အုံလျှင် လူတစ်ပွေ့မျှ ကြီးမားကာ လုနှစ်ယောက် မ,ယူမှရသည်ဟု ဆိုလေ၏။

ထိုအုံမှ ဥတက်များကို ခွာယူရလေ၏။ ခဲနိုပင်ခြေရင်း

ဆေးမြင်းခွာအုံအား အနီးကပ် တွေ့မြင်ရစဉ်

တစ်ရာခန့်ခြင်း၌ ပို့ဆောင်သော ဆေးမြင်းခွာ

www.burmeseclassic.com

www.burmeseclassic.com

ရှိသော ဓနိအုံနှင့် ပုံသဏ္ဌာန်ဆင်သည်ဟု ပြော၏။

မွေပါလကျောင်းဝင်း အနောက်ဘက်ရှိ တောင်ခြေလျှိုကြီးအတွင်း၌ ပေါက်နေသည်ဟုဆိုသဖြင့် စာရေးအပင်များကို ဓာတ်ပုံရိုက်လို၍ ခေါ်သွားပါရန် ပြောထိုသူက လျှိုအတွင်း၌ သားကောင်များရှိကြောင်း၊ သဖြင့် တောဝက်ကို ကြောက်ရကြောင်း၊ ထို့ပြင် ရာယ်အလွန်များသော နယ်မြေဖြစ်၍ မလိုက်ရန် တားလေသည်။ ယခုအခါ ရေကြီးနေသဖြင့် အပင်များမှာ မြုပ်နေပြီး သွားလာရခက်ခဲကြောင်း ရှင်းပြပါသည်။

ဆော်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် ဆေးမြင်းခွာ

နိဂုံးတော်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဒေါက်တာဒဿန္တကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)ကြီးသည် (၈၃)နှစ်ပြည့်မြောက် ဝိဇာတမွေးနေ့မင်္ဂလာပွဲတွင် ဆုံးတရားခွေကို လျှဒါန်းခဲ့ရာ၌ ၄င်းပဋ္ဌာန်းတရားခွေထဲ ဆေးမြင်းခွာဆေးအကြောင်း ထည့်သွင်းဟောကြားသည်။

ဆေးမြင်းခွာသည် အရွယ်တင်နဖူးစေလျက် ဆံဖြူကို ပြန်၍နက်စေသည်ဟု ဟောခဲ့၏။ အသက်(၁၆၀)ရှည်ကြောင်း ဟောကြားခဲ့သဖြင့် တပည့်ဒါယကာ,ဒါယိကာမများ ဆေးမြင်းခွာအကြောင်း စိတ်ဝင်စားခဲ့ရသည်ဟု ဆိုရပါသည်။

မြင်းခွာဆိုတာ အရွက်မဟုတ်ပါ

ဆေးမြင်းခွာဟုဆိုလျှင် အားလုံးက ဈေးတွင် ရောင်းသော မြင်းခွာရွက်ပင်များကို မြင်မိကြပါလိမ့်မည်။ ခွာရွက်သည် ဆေးဖက်ဝင်သည်မှာ မှန်၏။ သို့သော် မြင်းခွာကဲ့သို့ (၉၆)ပါးသောရောဂါကို မပျောက်သော်လည်း ရောဂါမျိုးစုံ ပျောက်သည့် စားဆေး၊ လိမ်းဆေး၊ သောက်ဆေးများလောက် သတ္တိထူးမရှိသည်မှာ အမှန်ပင်ဖြစ်၏။ ဆေးမြင်းခွာသည် အရွက်မဟုတ်ပါ။ ဥတက်များသာသည်။ အုံနှင့် ပေါက်လေ့ရှိပြီး ထိုအုံတွင် အမြစ်မြေအောက်နှင့်အတူ ဥတက်များအဖြစ် မြင်တွေ့ရသည်။ ဥတက်ကြွပ်ဆတ်၍ ခွာရလွယ်ကူလေ၏။ အေးသောဓာတ်ဖိုစွတ်သော ဂဝံကျောက်မြေများကို နှစ်သက်ပါသည်။ ဥတက်များမှာ မြင်းတစ်ကောင်၏ ခြေထောက်ခွာနှင့် ပုံစံတည်းတူ၏။ အပေါ်ဘက်တွင် မည်းညိုရောင်ရှိ၍ ပြောက်များ ပါရှိ၏။ အောက်ခြေဖဝါးဘက်တွင် နူးညံ့ညီရောင်သမ်းကာနေ၏။ အရွယ်အစားအကြီး,အသေး

ဆေးမြင်းခွာဥတက်အား အနီးကပ်တွေ့ရစဉ်

အမျိုးမျိုးရှိ၏။ အပင်မှာလည်း အကြီး,အသေး နှစ်မျိုးရှိလေသည်။

ထိုဥတက်အစိုများကို အခြောက်လှန်းပြီး အမှုန့်ပြုကာ ပျားရည်ဖြင့်တော့၍ နေ့စဉ် မှန်မှန်စားသုံးလျှင် အသက်ရှည်၍ အနာမဲ့ကြောင်း တိုင်းရင်းဆေးသမားတော်ကြီးများက ညွှန်းဆိုထားသည်။ ဆေးမြင်းခွာသည် အအေးဓာတ်ရှိပြီး လူတိုင်းနှင့် သင့်လျော်သည့် ဆေးဖက်ဝင်ဖြစ်ကြောင်း လေ့လာသိရှိရလေသည်။

လိမ်း၊ အုံ၊ သောက်၍ ပျောက်သည့်ရောဂါများ

ဆေးမြင်းခွာဥတက်အစိုကိုထောင်း၍ အရိုး၊ အကြောဖြစ်သည့်နေရာတွင်အုံ၍ စည်းပေးခြင်းဖြင့် အရိုးကျိုးခြင်းကို ဆက်စေ၏။ အရိုးအက်ခြင်းကို သက်သာစေ၏။ ဥတက်အခြောက်ကိုသွေး၍ လိမ်းပေးခြင်းဖြင့် ယားနာ၊ နူနာ၊ အသားမာများကို သက်သာပျောက်ကင်းစေ၏။ ဥတက်အမှုန့်ကို မှန်မှန်စားသုံးခြင်းဖြင့် အသက်ရှည်၍ အမောအပန်းခံနိုင်ပြီး စိတ်ကို တက်ကြွလန်းဆန်းစေသည်။ ရောဂါအနာမျိုးစုံ သက်သာပျောက်ကင်းကြောင်း ကိုယ်တိုင်လေ့လာပြီး စမ်းသပ်အောင်မြင်ထားသည့် ဆရာမျိုးတင့်(ရေစင်လေးပင်)က ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ဆေးမြင်းခွာဥတက်အား ဝဝါးဘတ်မှ ခြွင်ရဝဥ်

ဆေးမြင်းခွာကို အသုံးပြုခြင်းကြောင့် ပျောက်ကင်းနိုင်သည့် ရောဂါဝေဒနာများမှာ အသက်ရှည်နာပျိုခြင်း၊ မောပန်းမှုဒဏ်ခံနိုင်ခြင်း၊ ဦးနှောက်ကြည်လင်၍ ဆံဖြူများ ပြန်၍နက်လာခြင်း၊ မျက်စိအမြင်ကြည်လင်လာခြင်း၊ ၄ က်ဖျားနှင့် အဖျားရောဂါများ ပျောက်ကင်းခြင်း၊ ကျီးပေါင်းရောဂါ၊ အကြောအားနည်းရောဂါ၊ လေဖြတ် လေသင်တုန်းရောဂါ၊ နူနာ၊ ယားနာ၊ အကြောတက်ရောဂါ၊ အဆိပ်ရှိသတ္တဝါ အကိုက်ခံရခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ လေးဖက်နာရောဂါ၊ အရိုးကျိုး၊ အကြောထုံးခြင်း၊ အဖုအကျိတ်၊ သက်တံနှင့် မှင်ရောဂါ၊ လည်ပင်းကြီး လည်ပင်းရောင်ရောဂါ၊ ဆီးကျဲဆီးအောင့်ရောဂါ၊ ကြွက်တက်ရောဂါ၊ ခြေဖနောင့် အတက်ထွက်ရောဂါ စသည်ဖြင့် ရောဂါများစွာကို သက်သာပျောက်ကင်းစေပါသည်။

ဆေးဖော်စပ်ပုံ၊ အသုံးပြုပုံ အသေးစိတ်လေ့လာလိုပါက မျိုးတင့်(ညောင်လေးပင်) ရေးသားသည့် အရွက်မဟုတ်တဲ့ အစွမ်းထက်သိဒ္ဓိဝင် ဆေးမြင်းခွာ စာအုပ်ကို ဝယ်ယူပြီး လေ့လာအသုံးပြုနိုင်ပါသည်။

နန်းဒေဝီစာပေတိုက်မှ ထုတ်ဝေ၍ အမှတ်(၂၀၀) (ပထမထပ်)၊ (၃၆)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-(၀၁)၃၅၃၀၂၅ နှင့် (၀၁)၃၉၁၆၃၃

ဆေးမြင်းခွာဥတက်များ

တို့ထံ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

တန်ဆေးလွန်ဘေး မဖြစ်ရလေအောင်

အစွမ်းအာနိသင်ကြီးမားသည့် ဆေးမြင်းခွာကို သုံးရာတွင် လိုတာထက်ပို၍ မသုံးစွဲမိစေရန် အရေးကြီးသည်။ သမားတော်ကြီးများကလည်း ညွှန်ကြားထားသည်

နေ့စဉ် အာဟာရအဖြစ် စားသုံးနေသော ထမင်းလျှင် လိုတာထက်ပိုမို၍ စားသုံးမိသည့်အခါ စားပိုးနှင့် ခံစားရလေ၏။

အစွမ်းထက်သည့်ဆေးများ၌ အဆိပ်ရှိ၏။ ဥပမာ မြွေဆိပ်ဖြေဆေး ပြုလုပ်ရာတွင် မြွေ၏အဆိပ်မှ ထုတ်ယူသော ဆေးပြုလုပ်၏။ ထို့ကြောင့် ရှေးသမားတော်ကြီးများက ၏။ ဆေးကောင်းလျှင် သန်းခေါင်းဟု ပြောစမှတ်ပြုကြ

မည်သည့်ဆေးဝါးဖြစ်စေ ဉာဏ်နှင့်ယှဉ်ကာ ချဉ်းစားသောက်ရမည်သာ ဖြစ်လေသည်။

ဆေးမြင်းခွာသည် အအေးဓာတ်ပါသောဆေးဖြစ်လူတို့၏ဝမ်း၌ အပူတို့ရှိကြ၏။ အပူနှင့် အအေးတည့်သည့်အခါ မတည့်လျှင် ဝေဒနာကြီကြရပေမည်။

လက်တွေ့စမ်းသပ်ထားသည့် ပုဂ္ဂိုလ်များ စကားအရ ဆေးမြင်းခွာကို သုံးစွဲရာတွင် လောဘတကြီး မသောက်ရန် တားမြစ်ထားသည်။ ဆေးသောက်ရာ အနည်းငယ်လွန်ကျွံသွားပါက ကိုယ်မှာ ရှိန်းတိန်းဖိန်းဖြစ်လာပြီး ခေါင်းမူးလာသည် ဆို၏။ အချို့မှာ အဖူးများထွက်လာသည်ဟု ဆို၏။ ကြောက်စရာမဟုတ်လည်း သတိနှင့်ယှဉ်ကာ သောက်သုံးရန်သာ ဖြစ်

အစွမ်းထက်မြက်သည့် နိုင်ငံခြားအားဆေးများ

www.burmeseclassic.com

www.burmeseclassic.com

ဆေးမြင်းစွာဥတက်အား အဓိပါဘက်မှ မြင်ရစဉ်

တော့သည်။

သမီးတော်သည် မင်းသားအား ဥပါယ်တံမျဉ်ဖြင့် နန်းတော်အတွင်း ဖိတ်ကြားကာ စားသောက်ဖွယ် အစုံအလင်ဖြင့် ဧည့်ခံလေ၏။ ထို အစားအသောက်တို့၌ အဆိပ်ခတ် ထားလေ၏။

မင်းသားသည် စားတော်အုပ်ကို ဖွင့်၍ စားသောက်သည်နှင့် အဆိပ် ထည့်ထားမှန်း သိလေသည်။ မိမိ အတွက် ပို၍အဆင်ပြေသွားကာ စားသောက်ရာ၌ အာသာပြေလေ ၏။ နောက်ထပ်တစ်ဖန် ထပ်၍ပင် တောင်းပန်လေတော့သည်။ အဆိပ်နှင့် ဟဉ်ပါးပြီးဖြစ်သော မင်းစန္ဒဂုတ်မှာ ဝေဒနာမဖြစ်ဘဲ စား၍ပင် အာသာပြေလေ ၏။

အသင့်စောင့်နေကြသော မင်းလုလင်တို့မှာ မည်သို့မျှ မတတ်နိုင်ကြတော့ဘဲ နောက်ဆုံးတွင် မင်းသမီးကို သိမ်း ပိုက်ကာ မင်းစန္ဒဂုတ် အမည်ဖြင့် မင်းပြုလေ၏။

အသက်လေးရယ်တဲ့ရှည်စေလို

မြန်မာမှုနယ်ပယ်တွင် ဆင်စီးမြင်းရဲ ဆိုသည့်စကားကို လူတိုင်း သုံးကြ၏။ မိမိ၏သားသမီးများကို ကောင်းစားစေ လိုသည်။ ချမ်းသာစေလိုသည်။ ဆင်စီး၍ မြင်းရဲစေချင်ကြ သည်။

ရှေးမြန်မာသမားတော်ကြီးများကမူ ဆေးဝါးများကို ဖော်စပ်ရာ၌ ပါဝင်သည့် ဆေးအရည်များကို ကဗျာလင်္ကာ



ဆေးမြင်းလွာဥတက်ဘုရွယ်စုံအား တွေ့မြင်ရစဉ်

တစ်နေ့သောအခါ စန္ဒဂုတ်မင်းသားသည် နေပြည်တော်သို့ ရောက်ရှိသွားလေ၏။ ဘုရင်သည် ဓား၊ လှံ၊ မြား အရာ၌ ကျွမ်းကျင်လိမ္မာသော မင်းစန္ဒဂုတ်ကို သိနိုင်။ သို့ဖြင့် သမီးကညာဖြင့် မျှား၍ မင်းသားငယ်ကို မိုးခတ်ထားသော စားဖွယ်ကျွေး၍ ဖမ်းဆီးရန် ကြံလေ

www.burmeseclassic.com

www.burmeseclassic.com

တို့ဖြင့် မှတ်တမ်းတင်၍ ဆေးကျမ်းများ၌ ဖော်ပြထားလေ၏။

အသက်ရှည်ဆေးဖော်စပ်ရာတွင် ဆင်စီးမြင်းရံ၊ ဗုံတီး၊ နဲမှုတ်၊ ပန်းပန်ဟု စပ်ဆိုထား၏။ ဆင်တံုးမန္တယ်၊ ဆေးမြင်းခွာ၊ ဘုမ္မရာဇာနှင့် အုန်းနဲ့ရိုးများကို ဆတူအမှုန့်ပြု၍ ဟူးရည်ဖြင့်တေပြီး စားသုံးပါက အသက်ရှည်၍ အနာမဲ့ကြောင်း ရွှေကျင်မြို့ တိုင်းရင်းဆေးဆရာ ဦးအောင်မိုးဟန်ရဲ့ စကားလေးကိုလည်း ဗဟုသုတဖြစ်ဖွယ် ထည့်သွင်းဖော်ပြအပ်ပါသည်။

♦ ♦ ♦

ဂမ္ဘီရစာဖတ်ပရိသတ်များအတွက် အသိမှား အမှတ်မှား နေကြရသော ဆေးမြင်းခွာဆိုသည်မှာ အရွက်မဟုတ်ဘဲ ဥတက်သာလျှင်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

ဆေးဖက်ဝင်လှသည့် ဥတက်များကို ကျိုက်ထီးရိုးနယ် မြေလျှိုများတွင်လည်းကောင်း၊ ဒေးဒွန်ပါတောင်ကြော်တစ်လျှောက်တွင်လည်းကောင်း၊ ရွှေကျင် မဒေါက်နယ်မြေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်စောင်းများ အကြားတွင်လည်းကောင်း၊ ငါးသိုင်းချောင်းအနောက်ဘက် ရခိုင်ရိုးမတောင်ကြောရှိ လျှိုများ၌လည်းကောင်း၊ သဘာဝအလျောက် ပေါက်ရောက်လျက် ရှိပါသည်။ ဒေသများ၌ ဆေးမြင်းခွာဥတက်များကို ဝယ်ယူရရှိနိုင်ဟု သိရပါသည်။

စာရေးသူသည် မိမိခြံဝင်းအတွင်း၌ ဆေးမြင်းခွာတစ်ပင်ကို စမ်းသပ်စိုက်ပျိုးထားပါသည်။ ဗဟုသုတအားဖြင့် ဆေးမြင်းခွာပင်ကို မြင်ဖူးလိုကြသော ရန်ကုန်မြို့ စာဖတ်ပရိသတ်များ စာရေးသူထံ ဆက်သွယ်၍ လာရောက်လေ့လာ ကြည့်ရှုနိုင်ကြပါသည်။

ဆေးမြင်းခွာသည် အရွက်မဟုတ်ဘဲ ဥတက်ကြောင်း သက်သေပြလိုရှိ၍ စိုက်ပျိုးထားခြင်းသာ ဖြစ်သည်။ ဆက်သွယ်လိုပါက ဖုန်း-၀၉ ၇၉၅ ၈၃၈ ၇၅၀ ဖြစ်ပါသည်။

စာဖတ်သူအပေါင်း ဗဟုသုတကြွယ်ဝ၍ ကျန်းမာပြည့်စုံပြီး အသက်ရှည်အနာမဲ့ကြောင်း တောင်းဆိုလျက်...။

ခုနစ်နှေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးပါစေ။

ဖိုလ်တာထောင်-တို

ဆရာကြီးရာဇာဇော်ဝင်း (LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲဇေသာပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမဟုတ် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ တူးဖြင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲမွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယုတ္တိများဖြင့် OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသံတမန်သားသမီး လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန် ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာထူးချွန်မှု ရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာထံရောက်သမျှ သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်ရက် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ မှတ်ပုံတင် ဆက်လိုက်ပါ။

တိုက်-၃၅(မြေညီထပ်)၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဝိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

www.burmeseclassic.com

www.burmeseclassic.com

နလုံးသုခ သွေးသန့်အားတိုးဆေး

နလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နလုံးစူးအောင့်ခြင်း၊ နလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နလုံးနေ့ာက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

ဖြန့်ချိရေး
ဆော်လမြိုင်ပြန့်ချိရေး - ဖဒ၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ၀၅၇-၂၁၈၃၆

အကြောသုခ ဒဏ်ကြွေလိမ်းဆေး



အကြောသုခ(ဒဏ်ကြွေလိမ်းဆေးအဆီ)
0203 Y 4340

0203 Y 4340

အကြောသုခ(ဒဏ်ကြွေလိမ်းဆေးဒရေ)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောဖာင်၊ အကြောညှပ်၊ အကြောထုံခြင်း၊ ဒဏ်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

ဖြန့်ချိရေး
ဆော်လမြိုင်ပြန့်ချိရေး - ဖဒ၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

www.burmeseclassic.com



ဟိန်း(ဘူဒီ)

နာစေး အအေးမိခြင်း

(ရောဂါပိုးဝင်ခြင်းကို တိုက်ဖျက်ပေးသော စားစရာများ)

အအေးမိ နာစေးခြင်းကို လုံးဝရောင်ရှားနိုင်မည့် နည်းလမ်းတစ်ရပ်မှာ ရှာ့ေ၊ ရဟန်းကဲ့သို့ တစ်ဦးတည်း ကေစာကျင့်သုံးရန်သာ ရှိပေသည်။ နာစေးနေသော လုပ်ဖော်ကိုင်ဖက်များနှင့် ဝေးကွာစွာနေခြင်း၊ နာရည်ယိုနေသော ကလေးငယ်များနှင့် ဝေးကွာစွာနေခြင်း၊ လမ်းပေါ်တွင် အအေးမိ ချောင်းဆိုးနေသူများနှင့် ကင်းအောင်နေခြင်းမျိုး လုပ်ဆောင်ရမည်။

သို့သော် အအေးမိ နာစေးခြင်းအတွက် အကောင်းဆုံး မဟာဗျူဟာမှာ ကိုယ်ခန္ဓာခုခံအား မြင့်တက်စေမည့် စားစရာများကို အတတ်နိုင်ဆုံး ရှာဖွေစားသောက်ရန် ဖြစ်ပါသည်။ ယင်းအတွက် ရွေးချယ်စရာ များစွာရှိပါသည်။ သုတေသနပြုလုပ်ခြင်းဖြင့် အချို့သော စားစရာများကို နေ့စဉ် စားသုံးပေးခြင်းအားဖြင့် ကိုယ်တွင်းသို့ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်ခြင်းကို ရပ်တန့်သွားအောင်ပင် အထောက်အကူပြုပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။ မိမိသက်သောင့်သက်သာ စားနိုင်မည့် စားစရာများကို ရွေးချယ်စားသုံးခြင်းဖြင့် ထိရောက်သော အကျိုးဆက်ကို ခံစားရနိုင်ပေသည်။

ကိုယ်ခံအားအတွက် စားသုံးခြင်း

အအေးမိ နာစေးခြင်းမှာ သင့်ကိုယ်တွင်းစနစ်ဆီသို့ ဗိုင်းရပ်စ်ပိုး အနည်းငယ်မျှ ကူးစက်ဝင်ရောက်ခြင်းကြောင့် ဖြစ်ရပေသည်။ ယင်းတို့က ချက်ချင်း ပွားများသွားစေနိုင်ပေသည်။ သင်၏ ကိုယ်တွင်းခုခံအားစနစ်က ယင်းဗိုင်းရပ်စ်များကို စောစီးစွာ ရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်ပါက ယင်းတို့သည် အဆများစွာ ပွားများကာ သင့်အနေနှင့် နေမကောင်း ထိုင်မသာ ဖြစ်ခြင်းကို စတင်ခံစားလာရတတ်ပေသည်။

ယင်းသေးငယ်လှသော ရောဂါပိုးများ၏ ကူးစက်ဝင်ရောက်ခြင်းကို ရပ်တန့်ပစ်စေနိုင်သော နည်းလမ်းတစ်ခုမှာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးပေးရန် ဖြစ်သည်။ ယင်းစားစရာများထဲတွင် ကိုယ်တွင်းခုခံအားစနစ်ကို အားကောင်းစေမည့် များစွာသော ဓာတ်ပေါင်းများ ပါဝင်နေပေသည်။ သို့အတွက် သင့်ကို နေထိုင်မကောင်းဖြစ်စေမည့် ဗိုင်းရပ်စ်ပိုးများကို နေထိုင်မကောင်းခြင်း မခံစားရမီ ဖျက်ဆီးသုတ်သင်ပေးမည် ဖြစ်ပါသည်။ သုတေသနပြုမှုများက ဖော်ပြနေသည်မှာ များစွာသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များတွင် ဂလူတာသီရုန်း(glutathione) ဟု ခေါ်သော ဓာတ်ပေါင်း ပါဝင်နေကြောင်း တွေ့ရသည် ဆို၏။ ယင်းဂလူတာသီရုန်းဓာတ်ပေါင်းသည် ကိုယ်တွင်းခုခံအားစနစ်ကို နှိုးဆွပေးကာ ဓာတ်ခရီဖေ့ချ်(macrophages) များကို များပြားလွန်းစွာ ထုတ်လွှတ်ပေးစေပါသည်။ မက်ခရီဖေ့ချ်များသည် အထူးသဖြင့် ဗိုင်းရပ်စ်များကို ထိန်းချုပ်မှတ်သားကာ ဖျက်ဆီးပစ်နိုင်ပါသည်။ ထောပတ်သီး၊ ဖရဲသီး၊ ကညွတ်၊ ဂရိတ်ဖရုသီးများတွင် ဂလူတာသီရုန်းဓာတ် ကြွယ်ဝလှပေသည်။ လိမ္မော်သီး၊ ခရမ်းချဉ်သီး၊ အာလူး၊ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီအစိမ်းရောင်(brocoli)၊ သခွားမွေးသီး၊ စထရော်ဘယ်ရီသီးနှင့် မက်မွန်သီးများတွင်လည်း ဂလူတာသီရုန်းဓာတ် ကြွယ်စွာ ပါဝင်ပေသည်။

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များတွင် ပါဝင်သော အခြားဓာတ်တစ်ခုမှာ ဗီတာမင်(စီ)ဖြစ်သည်။ ဆရာများစွာများကပင် ဗီတာမင်(စီ)သည် အအေးမိရောဂါကို ကာကွယ်ပေးနိုင်ကြောင်း နှစ်ပေါင်းများစွာကတည်းက ယုံကြည်အသုံးပြုခဲ့ကြသည်။ သင် နေထိုင်မကောင်းဟု ခံစားရပါက ဗီတာမင်(စီ)ကို ထည့်သွင်းမှီဝဲပေးခြင်းဖြင့် အအေးမိခြင်းကို သက်သာစေပြီး လျင်မြန်စွာ ကောင်းမွန်လာနိုင်ကြောင်း သက်သေများစွာ ရှိထားပြီး ဖြစ်ပါသည်။

ဗီတာမင်(စီ)သည် ကိုယ်တွင်းခုခံအားစနစ်ကို အထူး အတားဖြစ်စေမည့် ဟစ်တာမင်ဓာတ်(histamine) ကို နိမ့်ကျလျော့ပါးသွားစေနိုင်၍ နာစေး အအေးမိခြင်းကို သက်သာပျောက်ကင်းပေါ့ပါးသွားစေနိုင်ကြောင်း ဆိုပေးရာရောက်ပါသည်။ ထို့ပြင် ဗီတာမင်(စီ)သည် ဝင်ခြင်းကို တိုက်ခိုက်ခုခံပေးသဖြင့် သွေးကြောဆဲလ်များ

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း အားကောင်းစေပုံ ပေါ်ပါသည်။

(၁၉၇၁)ခုနှစ်မှ စတင်ပုံနှိပ်ခဲ့သော သိပ္ပံနည်းကျ သုတေသန (၂၁)ခုအရ ဖင်လန်နိုင်ငံ၊ ဟယ်လင်စင်ကီ တက္ကသိုလ်မှ သုတေသီများသည် တစ်နေ့တာအတွက် ဗီတာမင်(စီ) (၁၀၀၀)မီလီဂရမ် အသုံးပြုစေခြင်းဖြင့် အအေးခြင်း လက္ခဏာများကို လျော့ကျသွားစေနိုင်ပြီး ရောဂါခံစားရမှုကာလကို (၂၃)ရာခိုင်နှုန်းခန့် လျော့ကျသွားစေနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်ဟု သိရပါသည်။

သင့်အနေနှင့် လိမ္မော်သီးများ၊ အစိမ်းရောင်ပန်းဂေါ်ဖီများနှင့် အခြားဗီတာမင်(စီ) ကြွယ်ဝသော စားစရာများကို စားသုံးပေးခြင်း ပြုရမေမည်။ အရှေ့ပိုင်း လန် ဘင်းရှိ မစ်ရှိဂန်တက္ကသိုလ်မှ လူသားအဟာရဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ(Ph.D) က ပဲ့ဉ်းသီးဟင်းရွက်၊ သစ်သီးဝလံအချို့များ သောက်သုံးပေးခြင်းမှာ အကောင်းဆုံး နည်းလမ်းဖြစ်သည်ဟု ဆိုခဲ့ပါသည်။ လိမ္မော်ရည် (၆)အောင်စ တွင် ဗီတာမင်(စီ) (၆၁)မီလီဂရမ် ပါဝင်၍ အကောင်းဆုံး ဖြစ်ပေသည်။ ကရန်ဘယ်ရီ(cranberry) နှင့် ဂရိတ်ဖရုတ်သီးတွင်လည်း ဗီတာမင်(စီ) ကြွယ်ဝလှပေသည်။

ကျန်းမာရေး သစ်ဥ

ကြက်သွန်ဖြူကဲ့သို့ မြေတွင်း ဥများသည် ရောဂါပိုး ဝင်ခြင်းများစွာကို ကုသပေးနိုင်ကြောင်း သိမှိုင်းကြောင်း ရှိခဲ့ပါသည်။ ယခုအခါတွင် ယင်းတို့သည် အအေးမိ နာစေးခြင်းကို ကာကွယ်ဟန့်တားပေးနိုင်စွမ်းရှိကြောင်း အထောက်အထားများ မြင့်တက်လာနေချေပြီ။

ကြက်သွန်ဖြူတွင် တက်ကြွအားကောင်းသော ဓာတ်ပေါင်းများစွာ ဒါဇင်နှင့်ချီ၍ ပါဝင်ပေသည်။ ယင်းတို့ထဲမှ နှစ်ခုမှာ အယ်လီစင်(allicin) နှင့် အယ်လီယန်(allian) တို့ ဖြစ်သည်။ ယင်းတို့က ရောဂါပိုးများကို တိုက်ရိုက် ချေမှုန်းပစ်နိုင်စွမ်း ရှိကြပေသည်။ ထို့ပြင် ကြက်သွန်ဖြူသည် ကိုယ်ခံအားစနစ်ကို နှိုးဆွပေး၍ သဘာဝပိုးသတ်ဆဲလ်များကို ထုတ်လွှတ်ပေးစေပုံရပေသည်။ ယင်းသို့ဖြင့် ရောဂါပိုးများကို ပိုမိုချေမှုန်းပစ်စေနိုင်ပါသည်။

ကြက်သွန်ဖြူ၏ ကျောင်းကျိုးကို ခံစားရစေရန် နေ့စဉ် တစ်ဥ ပုံမှန်စားသုံးပေးသင့်ကြောင်း ကယ်လီဖိုးနီးယား ပြည်နယ်၊ ဆန်ရာဖဲလ်ရှိ ကာကွယ်ရေးဆေးပညာဌာနမှ ဒါရိုက်တာ အယ်လ်ဆန်ဟတ်စ်(M.D) က ဆိုခဲ့ပါသည်။

သူသည် 'အာဟာရများနှင့် ကျန်းမာစွာနေထိုင်ခြင်း' (Staying Health with Nutritions) စာအုပ်ကို ရေးသားခဲ့သူ ဖြစ်သည်။

ကြက်သွန်ဖြူ၏အရသာ ကောင်းအောင် မပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်က များပြားစွာ စားသုံးရန် မဖြစ်နိုင်ပါချေ။ မိုက်ခရို ဝေဖ်အတွင်း ကင်ခြင်း (ဝါ) ဖုတ်ခြင်းဖြင့် ရန့်ပြင်းမှုနှင့် အရသာပျော့သွားတတ်သော်လည်း အချို့ မီးလောင်သွားကာ ချိုမြသော အရသာကို ဖြစ်စေနိုင်ကြောင်း လော့အိန်ဂျယ်လိစ်၊ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ဆေးပညာပါမောက္ခ အာဝင်ဒီးမန့်(M.D) က ဆိုခဲ့ပါသည်။ ပျော့ပျောင်းသွားသော ကြက်သွန်နီဖြူတွင်လည်း အင်အားကောင်းပုံရကြောင်း ဒေါက်တာဒီးမန့်က ဆိုခဲ့ပါသည်။

အပူဓာတ်နှင့် အထောက်အကူရခြင်း

သုတေသနပြုမှုများအရ အအေးမိ နာစေးခြင်းအတွက် ရိုးရာကုထုံးနှစ်ခု ရှိပါသည်။ လက်ဖက်ရည်ပူပူတစ်ခွက်နှင့် ကြက်စွတ်ပြုတ်တစ်ခွက်တို့ ဖြစ်ပါသည်။ ယင်းတို့နှစ်မျိုးမှာ အိမ်တွင်းကုထုံးများထဲတွင် အားကောင်းလှပုံပေါ်ပါသည်။ ဂရုတ်သီးနှင့် အခြားအစပ်အရသာရှိသော စားစရာများသည်လည်း နာစေးပိတ်ဆို့ခြင်းကို သက်သာစေကာ ကိုယ်တွင်းခုခံအားကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။

ဥပမာ-လက်ဖက်ရည်တွင် သီယိုဖိုင်လင်း (theophylline) ဓာတ် ပါဝင်ခြင်းက နာစေးပိတ်ဆို့ခြင်းကို တိုက်ဖျက်ပွင့်လင်းစေနိုင်ကြောင်း ဒေါက်တာစတီဗင် အာရ်-မော့စတိုး(M.D) က ဆိုခဲ့ပါသည်။ ဒေါက်တာမော့စတိုးသည် ဒန်ဗာရှိ အဆုတ်အအေးမိခြင်းနှင့် အအေးမိ နာစေးခြင်း ကာကွယ်ရေး၊ အမေရိကန် သေစ္ဆေရာစစ်အဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်ပေသည်။ လက်ဖက်ရည်တွင် ကွာစီတင် (quercetin) ဓာတ်လည်း ပါဝင်ပေရာ ယင်းဓာတ်က ဗိုင်းရပ်စ်များ ဆတိုးပွားများခြင်းကို ကာကွယ်တားဆီးပေးရာတွင် အထောက်အကူပြုပေးပါသည်။

ကြက်စွတ်ပြုတ်သည် အခြားထိရောက်သော ကုထုံးဖြစ်ကြောင်း သမိုင်းကြောင်း ရှိခဲ့ပါသည်။ ကြက်စွတ်ပြုတ်တစ်ခွက်သည် နာခေါင်းတွင်း နာစေးပိတ်ဆို့ခြင်းနှင့် အခြားသော အအေးမိ နာစေးလက္ခဏာများကို သက်သာလျော့ပါးသွားစေနိုင်ပေသည်။ ဓာတ်ခွဲခန်းတွင်း စမ်းသပ်လေ့လာချက်များအရ အိုမာဟာရှိ နီဗရာစကာတက္ကသိုလ် ဆေးပညာစင်တာက ကြက်သားစွတ်ပြုတ်သည် လေပြွန်အတွင်း ပိတ်ဆို့ရောင်ရမ်းခြင်းကို ဖြစ်စေနိုင်သော သွေးဖြူဥများကို တားဆီးပေးနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့သော် စည်သွတ်ကြက်စွတ်ပြုတ်တွင် ယင်းအစွမ်း



မရှိဘဲ လတ်လတ်ဆတ်ဆတ် အိမ်တွင် ပြုလုပ်သော စွတ်ပြုတ်တွင်သာ ယင်းအစွမ်းရှိကြောင်း ဒေါက်တာမော့စတိုးက ဆိုခဲ့ပါသည်။ သို့အတွက် အိမ်လုပ် ကြက်စွတ်ပြုတ်ကိုသာ အသုံးပြုရန် အရေးကြီးသော အချက်အဖြစ် ဆော်ပြအပ်ပါသည်။

နာရည်ယို၊ နာစေး၊ အအေးမိခြင်း ကြုံရပါက အသက်ရှူရခက်လာတတ်ပါသည်။ ထိုသို့ခံစားရပါက ဂရုတ်သီးတောင့် ကိုက်စားပေးသင့်ပါသည်။ ဂရုတ်သီးတွင် ပါဝင်သော ကက်ပ်စိုင်စင်(capsaicin) ဓာတ်သည် အအေးမိ နာစေးပျောက်ဆေးများနှင့် အလားတူပြီး အသက်ရှူလွယ်ကူသွားစေရန် အထောက်အကူပြုပေးမည်ဖြစ်ကြောင်း ဒေါက်တာဒီးမန့်က ဆိုခဲ့ပါသည်။

ဂရုတ်သီးစိမ်းကို မစားလိုပါက ဂရုတ်သီးအနီရောင် အမှုန့် လက်ဖက်စားဖွန်း၏ လေးပုံ တစ်ပုံခန့်ကို ရေတစ်ခွက်ဖြင့် ရောမွေကာ သောက်ပေးနိုင်ကြောင်း ဒေါက်တာဟတ်စ်က ဆိုခဲ့ပါသည်။ ယင်းမှာ မူစပ်လွန်းပြီး ခေါ်မသာဖြစ်စေတတ်သော်လည်း အလွန်ထိရောက်မှုရှိသည်ဟု ဒေါက်တာဟတ်စ်က ဆိုခဲ့ပါသတည်း။

ဟိန်း(ဘူ)

ကျမ်းကိုး

The Doctors Book of Food Remedies by Seth Yeager and the Editiots of Prevension.

www.burmeseclassic.com

www.burmeseclassic.com

'အောင်မြင့်ဦးရေ..ဟေး..အောင်မြင့်ဦး'

ကင်ပွန်းမြောင်းပေါင်များကို ရေလောင်းနေသော အောင်မြင့်ဦးတစ်ယောက် ခြံဝိုင်းရှေ့မှ သူ၏ အမည်ကို တကြော်ကြော်ခေါ်သံ ကြားလိုက်ရသောကြောင့် ရေထမ်းပုံးကို ချကာ အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

'ဗျို့..ကိုတင်ဇော်၊ လာလေဗျာ'

အောင်မြင့်ဦး၏ လှမ်းခေါ်မှုကြောင့် ကိုတင်ဇော်တစ်ယောက် ခြံဝိုင်းအတွင်းသို့ ဝင်လာသည်။ ကိုတင်ဇော်၏ ဝဘက်ပခုံးတွင် လေသေနတ်တစ်လက် လွယ်လာသည်။ ကောင်းကွိုင်ဦးထုပ်ကို ဆောင်းကာ အနက်ရောင် စပို့ရှပ်အင်္ကျီကို ဂျင်းဘောင်းဘီဖြင့် တွဲဖက်၍ ဝတ်ဆင်လာပြီး ပါးစပ်တွင်းကား ကွမ်းတစ်ဖြုန်ဖြုန်ဝါးလာသည်။

'လေသေနတ် လွယ်လာပုံထောက်ရင်တော့ ဇကန္ဓ ငှက် ပစ်ထွက်မလို့လား'

'မင်းပြောတာ အမှန်ပဲ ဟကောင်ရေ၊ အဲဒါ မင်း အဖော်ဝင်ခေါ်တာ။ နောက်မှ ရေလောင်းကွာ။ အရေ လိုက်ခဲ့တော့'

ကိုတင်ဇော်က ထောက်ကြန့်မြို့ပေါ်တွင် နေထိုင် ကက်ဆက်၊ တီဗီမှအစ လျှပ်စစ်ပစ္စည်းမျိုးစုံကို ပြုပြင် ဖြစ်သည်။ သူဝါသနာအရ တစ်လလျှင် အနည်းဆုံး

ဘဝငယ်းဝေးတဲ့ ချိုးနှစ်ကောင်

ဇင်လိုး

www.burmeseclassic.com

www.burmeseclassic.com

နှစ်ကြိမ်ခန့် ငှက်ပစ်ထွက်လေ့ရှိစမြဲ။ ကိုတင့်ဇော်ပစ်ထွက်တိုင်း ရဲစုကြီးရွာတွင် နေထိုင်သော သူငယ်ချင်း အောင်မြင့်ဦးကို အမြဲဝင်ခေါ်လေ့ရှိသည်။ ထိုကဲ့သို့အခါတိုင်း အောင်မြင့်ဦးကလည်း မငြင်း။ သို့သော်၊ အောင်မြင့်ဦးက ကိုတင့်ဇော်နှင့်တွဲ၍ ငှက်ပစ်သော ထွက်လေးခွကိုပင် ကောင်းကောင်းမပစ်တတ်။ ထို့ကြောင့် သက်သက်ဆိုလျှင်မမှား။

သို့ဖြင့် အောင်မြင့်ဦးတစ်ယောက် သူ၏ ကင်ပွန်းခင်းအဖွားရေလောင်းသမားများနှင့် ထားခဲ့ကာ ကိုတင့်ဇော်သို့ လိုက်ခဲ့လေတော့၏။ အချိန်ကလည်း နေပင်လည်ပြီ ဖြစ်၏။

♦ ♦ ♦

ဆောက်ကြန့်မြို့ ပတ်ဝန်းကျင်ရှိ ရွာနီးချုပ်စပ်သည်များ၌ ငှက်ပစ်ရာနေရာများဖြစ်သည်။ သည်တစ်ခါတွင်ဇော် ငှက်ပစ်ရန် ရွေးချယ်လိုက်သည့် နေရာက ကိုတင်ရာသုသာန်။

သည်သုသာန်က မှော်ဘီမြို့အပိုင်ထဲတွင်ရှိပြီး တောင်ရွာသားများ အသုံးပြုသော သုသာန်ဖြစ်သောကြောင့် ကိုတင်ရာသုသာန်ဟု သည်ဘုံထားသည်။ ရဲစုကြီးရွာတောင်ပိုတရာသုသာန်ကိုသွားလျှင် (၂)နာရီခန့် ကြာမည်ဖြစ်သည်။ တောင်ပိုတရာသုသာန်သို့ရောက်ရန် ဆူပုတ်ကုန်းဖြတ်၊ လယ်ကွင်းများကိုကျော်၊ ထိန်စွန်းခရောင်းကိုဖြတ်ပါက ရွာပြင် ကွင်းလယ်ထီးတံည်းတွင် ရှိနေသည့် ကိုတင်ရာသုသာန်သို့ ရောက်ရှိမည်ဖြစ်သည်။

"ကိုတင့်ဇော်..ခင်ဗျားရွေးတဲ့နေရာ ငှက်အကျနှာပါ့။ နီးနီးနားနားနေရာတွေမှာပဲ လှည့်ပစ်ရအောင်ဗျာ" အောင်မြင့်ဦးက ကိုတင့်ဇော်၏ ထူးခြားစွာ နေရာရွေးကို စူးစမ်းကြည့်လိုက်သည်။

"တစ်နေ့က တောင်ပိုတရာသားတွေ ငါဆီမှာ တိုဗီလာပြီး သတင်းပေးသွားတယ်။ သူတို့ရွာ သုသာန်ဝိုင်းမှာ ကျီးစုံ ညအိပ်တန်းလည်းတက်တယ်။ အောင်းလည်းအောင်းတယ်လို့လည်း ပြောတယ်။ ချိုး၊ ဘုတ်တွေနဲ့ ဗျိုင်းကနောက် သူတို့တောင်မသိတဲ့ ငှက်တွေရှိတယ်ဆိုပဲ။ ငါလည်း ဒါလည်း အဲဒီဘက် မရောက်ဖူးဘူးဆိုတော့ စူးတယ်ရှိအောင် သဘောလည်း ပါပါတယ်"

"ဪ..ဒါဆိုရင်လည်း သွားတာပေါ့ဗျာ။ ဒါပေမဲ့ ကိုင်းမှာ ငှက်သွားပစ်ရမယ်ဆိုတော့ နည်းနည်းတော့ ကျောချမ်းသလိုပဲဗျ"

သို့ဖြင့် အောင်မြင့်ဦးတို့နှစ်ယောက် စကားတပြောပြော လျှောက်လှမ်းခဲ့ရင်းဖြင့် နေကျချိန်ရောက်သောအခါ တောင်ပိုတရာသုသာန်ဝိုင်းသို့ ခြေချမိလေတော့၏။

♦ ♦ ♦

တောင်ပိုတရာသုသာန်ကို မြင့်မားဝေစည်လှသော သစ်ပင်ကြီးများက အုပ်မိုးထားသည်။ သုသာန်၏အစပ်၌ ခနော်နီခနော်နဲ့ လှေကားထစ်သုံးဆင့်တက် ဇရပ်လေးတစ်လုံးကို ညောင်စိုးပင်ကြီး ခပ်အုံ့အုံ့အောက်တွင် တွေ့ရသည်။ လယ်ကွင်းပြင်ကို အရှိန်ဖြင့် ဖြတ်သန်းတိုက်ခတ်လာသော လေကြမ်းတို့ကြောင့် သုသာန်အတွင်း၌ရှိသော သစ်ပင်တို့၏ သစ်ရွက်သစ်ခက်အချင်းချင်း တိုးလွှေ့သံများသည် ဘဝေါဝေါ တဖျောဖျော မြည်နေသည်။ သုသာန်အတွင်း၌ကား အုတ်ဂူအပျက်များ၊ မြေပုံမို့မို့များက ချုံနွယ်ဆူးနွယ်နှင့် ပိတ်ပေါင်းမြက်ပင်များကြားတွင် ငြိမ်သက်စွာရှိနေသည်။

အသင့်ပါလာသည့် ကွမ်းယာထုပ်ကို ထုတ်၍ တစ်ယောက်တစ်ယာစီဝါး၊ နောက် ကိုတင့်ဇော်က လေသေနတ်အတွင်းသို့ ကျည်သွင်း၍ ပစ်ကွက်ရှာတော့၏။

မှန်သည်။ တောင်ပိုတရာသုသာန်က အနိမ့်ထဲက အမြင့်၊ အပူထဲက အအေး၊ အဝါထဲက အစိမ်း၊ အခြောက်ထဲက အစိုဟု တင်စားလောက်သည့် ကွင်းထီးတည်းအတွင်းမှာတောအုပ်ငယ်လေးတစ်ခုအသွင်ဆောင်နေ၏။ ကုက္ကို၊ ပျဉ်းမ၊ လက်ပံ၊ ကညင်၊ အင် စသောအပင်စောက် သစ်မာပင်ကြီးများရှိရုံမျှမက မြစ်ပျဉ်းများ တွဲလောင်းကျနေသည့် ပညောင်ပင်အိုကြီးများ၊ ဝါးရုံတောကြီးများ၏ အရှိန်အဝါကြောင့် ကျေးငှက်များနှင့် တိရစ္ဆာန်ငယ်လေးများ ခိုအောင်းရာနေရာတစ်ခုဖြစ်နေ၏။ တကယ်လည်း ကျေးငှက်များ၏ တွန်ကျူးသံက တောမြိုင်တစ်ခုအလယ်တွင် ရောက်နေသည့်အလား။ ငှက်တော်ပြာ၊ ငှက်ခါး၊ ငှက်ပြာစိတ်၊ ဘုတ်၊ ဆက်ရက်နှင့် ချိုးလည်ပြောက်၊ ချိုးလင်းပြာ၊ ချိုးစိမ်း စသောငှက်များက ပင်ငယ်အသီးသီး၏ထက်တွင် ခိုနားမြူးထူးနေလျက် ရှိနေသည်။

"အောင်မြင့်ဦးရေ..ငှက်တွေကတော့ အမျိုးအစားစုံပဲဟေ့။ ဒီတစ်ခါတော့ လာရကျိုးနပ်သွားပြီ"

"ဟုတ်ပါ့ဗျာ။ ငှက်တွေကလည်း ရဲတင်းလိုက်တာ၊ လူသံကြားနေတာတောင်မှ အနေအစား မပျက်ဘူး။ ကဲ..မြန်မြန်ပစ်စမ်းဗျာ"

www.burmeseclassic.com

ပြောပြောဆိုဆိုဖြင့် လက်ပံပုပ်အဖျားတွင် နားနေသော ချိုးလည်ပြောက်ကြီးတစ်ကောင်ကို ချိန်ရွယ်၍ ကိုတင့်ဇော် ဦးစွာ ပစ်ချလိုက်သည်။

'ဖန်း..ဖလပ်..ဖလစ်..ဖလပ်'

ချိုးလည်ပြောက်ကြီး ဦးလည်၍ အောက်သို့ပြုတ်ကျ လာသည်။ ချိုးကြီးကျသည့်နေရာမှန်းကာ အောင်မြင့်ဦး သွားကောက်သည်။ သို့သော် မတွေ့။ ချိုးကျရာနေရာတွင် မြေပုံမို့မို့များနှင့် ချုံပုတ်ငယ်လေးများသာရှိ၍ အမြင်ရှင်း လှသည်။

'ဗျို့..ကိုတင့်ဇော်၊ ရှာလို့ မတွေ့ဘူးဗျ'

'မတွေ့ရင်လည်း ရှာမနေနဲ့တော့ကွာ။ အဲဒီအနားမှာပဲ နေ နောက်တစ်ကောင် ထပ်ပစ်မယ်'

ချိုးတစ်ကောင် ထပ်ကျလာပြန်သည်။ ချိုးကျသည့် နေရာတွင် အောင်မြင့်ဦး ထပ်မံရှာရပြန်သည်။ သည်တစ် ခါလည်း ရှာမတွေ့။ လေသေနတ်သံကြောင့် လက်ပံပင် ဖျားတွင် နားနေကျ ငှက်အပေါင်းတို့လည်း ပြေးကုန်ကြ ပြီ ဖြစ်၏။

'အောင်မြင့်ဦးရေ..ရှာမနေနဲ့တော့။ နေရာပြောင်းပစ် ရအောင်။ ဒီမှာက ထင်တာထက် ငှက်တွေက ပေါနေတယ် ဟေ့'

သို့ဖြင့် ကိုတင့်ဇော်နှင့် အောင်မြင့်ဦး သုသာန်အတွင်း လှည့်လည်၍ ငှက်များကို စိတ်ကြိုက်ပစ်ခတ်လေတော့၏။ သို့သော် လေသေနတ်ကျည်သင့်၍ ကျလာသော ငှက်များ ကား မြေပြင်အောက်သို့ ရောက်သည်နှင့် ထူးခြားစွာ ရှာ၍ မတွေ့အောင် ပျောက်ချက်သားကောင်းနေသည်။ သုသာန် တစ်ခုလုံးလည်း ခြေရာချင်း ထပ်နေချေပြီ။ သို့သော် ငှက် ကား တစ်ကောင်မှ မရသေး။ ငှက်များ နားခိုရာသို့ လိုက်ရ ခြင်းဖြင့် သုသာန်ဧရိယာအနှီးသို့ ပြန်ရောက်လာသည်။ ဧရိပ် ပေါ်တက်သည့် လှေကားထစ်ပေါ်တွင် အာိုးအိုတစ်ဦးကို သူတို့နှစ်ယောက် တွေ့လိုက်သည်။ အာိုးအိုပုံစံက အမော ဖြေနေသည့်ဟန်။ ပါလာသည့် လွယ်အိတ်ထဲမှ ရေဘူးကို ယူကာ ကိုတင့်ဇော်တို့နှစ်ယောက် တစ်ယောက်တစ်ငုံ သောက်၍ အမောဖြေလိုက်သည်။ ပြီးနောက် ကွမ်းတစ် ယာစီ ထပ်မံဝါးလိုက်သည်။

'ဟေ့ကောင် အောင်မြင့်ဦး..အဘကိုလည်း ရေသောက် မလားလို့ မေးလိုက်ပါဦး'

'ရေမသောက်တော့ပါဘူးကွယ်။ ကွမ်းယာအပိုပါ သေးရင်တော့ အဘကို တစ်ယာလောက် ကျွေးပါကွာ'

ကိုတင့်ဇော်၏ စကားကို အာိုးအိုက သို့နှယ် အဖြေပေးသောကြောင့် လွယ်အိတ်ထဲသို့ ပြန်ထည့်သော ကွမ်းယာကို ပြန်ထုတ်၍ အာိုးအိုထံသို့ အော ဦး ကမ်းပေးလိုက်သည်။

အာိုးအိုက အောင်မြင့်ဦး ကမ်းပေးလိုက်သည့် ယာကို ပါးစောင်ထဲ ထည့်၍-

'နို့..မောင်ရင်တို့နှစ်ယောက် ကြည့်ရတာ ဝတ် ပစ်တာ ထင်တယ်။ ဘာငှက်တွေ ရသလဲကွယ့်'

'ဟုတ်တယ် အဘရေ၊ ငှက်လာပစ်တာပါ။ ငှက်မြူးတယ် သတင်းကြားလို့ တကယ်လည်း မြူး အဘရေ။ ဒါပေမဲ့ ငှက်တွေကို အထိအမိများပေမယ့် ပြင်ရောက်ရင် မျက်လှည့်ပြနေသလို ပျောက်ပျောက် အဘကိုပြဖို့ ငှက်တစ်ကောင်မှ မရှိဘူးဖြစ်နေတယ်'

ကိုတင့်ဇော်၏အဖြေကြောင့် အာိုးအိုက မျက် ကြုတ်၍ ခဲ့အားသင့်သွားသည်။

'နို့..မောင်တို့က ဘယ်ကလဲကွယ့်'

'ထောက်ကြန့်ကပါ အဘ'

'သြော်..ဒါကြောင့်ကိုး'

အာိုးအိုက အဖြေမှန်ကို သိသွားသည့်အလား တဆတ်ဆတ်ညိတ်၍-

'ဒီလိုရှိတယ် မောင်ရင်တို့ရဲ့..မောင်တို့ ငှက် တိုင်း ထိပေမယ့် ကောက်လို့မရတာ အကြောင်းမယ့် ဘူးကွယ့်။ သူနေရာကိုလာရင် သူပိုင်ရှင်ဆီက တော မောင်တို့လိုချင်တဲ့ ဟင်းစားရမှာပေါ့။ နို့မို့ဆိုရင် ကွယ်'

အာိုးအို၏ စကားကြောင့် အောင်မြင့်ဦးနှင့် ကို ဇော်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် တူကြည့်လိုက်ကြသည်။ မှန်သည်။ အာိုးအို၏ စ သူတို့ ဉာဏ်မမီ။

'ဘယ်သူ့ဆီက ခွင့်တောင်းရမှာလဲ အဘရဲ့'

'ဘယ်သူရှိရမလဲ။ အဖေသောင်းဆီမှာ ခွင့် ရမှာပေါ့။ ဒါ အဖေသောင်းရဲ့ နေရာပဲလေ။ အဖေ ခွင့်မပြုရင် မောင်တို့ လူပန်း ကျည်ကုန်ပြီး မိုးချုပ်တာ ငှက်ရမှာ မဟုတ်ဘူး'

အာိုးအိုက ကွမ်းတံတွေးကို ဗျစ်ခနဲထွေး ဇော်၏အမေးကို ပြန်ရှင်းပြသည်။ သို့သော် အာိုးအို

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း သူတို့နှစ်ယောက်ကတော့ နားဝေတိမ်တောင်နေသေး။

'အဖေသောင်းဆိုတာ ဘယ်သူလဲ အဘ။ အဘတို့ရွာ ရောတာလား။ သူ့ကို သွားခွင့်တောင်းမှရမှာပေါ့။ ဒီလို သောလား အဘ'

ကိုတင့်ဇော်၏ အမေးကြောင့် အဘိုးအိုက စိတ်ညစ်သွားဟန်ဖြင့် သူ၏ ခေါင်းပြောင်ကြီးကို တဖျင်းဖျင်းကုတ်လျက်-

'ဒီ လူမလွန်မသား နှစ်ယောက်ကတော့ ကြောင်တောင်နဲ့၊ ခက်တော့တာပဲ။ ဒီသုသာန်ရဲ့ သက်တမ်းက နှစ်ပေါင်း(၁၅၀)ကျော်ရှိပြီကွ။ ဒီသုသာန်ကို ပထမဦးဆုံး ခြေချသွင်းတာ ဦးသောင်းဆိုတဲ့ မြေပိုင်လယ်ပိုင်ရှင်ကြီးပဲ။ ဒါတွေက တို့များ အဖေ၊ အမေတွေ ပြောပြခဲ့လို့ သိရတာ။ အခုတော့ ဦးသောင်းကို သုသာန်စောင့် အဖေသောင်းအဖြစ် တို့ဒီနားမှာရှိတဲ့ ရွာနီးချုပ်စပ်ကသူတွေ အားလုံး လက်ခံထားတယ်။ ဒါကြောင့် ဒီသုသာန်ဟာ အဖေသောင်းနယ်မြေလို့ ပြောတာပေါ့။ ကဲ..ကဲ..မောင်တို့ကို ပြောရတာနဲ့ တို့များ အိမ်ပြန်နောက်ကျတော့မယ်။ သွားဦးမယ်'

အဘိုးအိုက သူစကားကို အဆုံးသတ်လိုက်ပြီး ကွမ်းတစ်ယာကို ပြုပြုပါးကာ တောင်ပို့တရာရွာဘက်သို့ ဆက်လက် လျှောက်လှမ်းသွားလေတော့သတည်း။

♦ ♦ ♦

'ကိုတင့်ဇော်.. ဇရပ်ခေါင်းရင်းက အုတ်ဂူကြီးကို ကြည့်လိုက်စမ်း'

အောင်မြင့်ဦး ညွှန်ပြသည့်နေရာကို ကိုတင့်ဇော် လှမ်း၍ မျက်စိကစားလိုက်သည်။ ဇရောမအုတ်ဂူကြီး၊ ထုထည်ကောင်းကောင်းဖြင့် ဆောက်လုပ်ထားသော်လည်း ကာလ ဆွေးရှေး တိုက်စားမှုကြောင့် ပြိုလဲစပြုနေချေပြီ။ သို့သော် အုတ်ဂူရှင်၏ အမည်က ဖတ်ရှုလို့ရအောင် ထင်ရှားစွာရှိနေသေး။

'ဦးသောင်း၊ အသက်(၆၂)နှစ် ဆိုပါလား။ အောင်မြင့်ဦးရေ၊ ကဲ..အောင်မြင့်ဦးရေ၊ သူ့အရပ်နဲ့ သူ့ဇာတ်ပေါ့ကွာ။ ငါတို့ ကွမ်းယာတစ်ယာပေးစမ်း။ အချိန်မလင့်ခင် ကွမ်းတစ်ယာကို အကြောင်းပြုပြီး အိမ်ကို ဟင်းစားပါအောင် ဖိတ်ရမယ်'

အောင်မြင့်ဦး လှမ်းပေးလိုက်သည့် ကွမ်းတစ်ယာကို ယူ၍ ဦးသောင်းအုတ်ဂူအနီးသို့ ကိုတင့်ဇော် ချဉ်းကပ်လိုက်ပြီးနောက် ပါးစပ်မှ တတွတ်တွတ်ရွတ်ကာ ကွမ်းယာလေးကို အုတ်ဂူပေါ်သို့ တင်ထားလိုက်သည်။ အချိန်ကလည်း နေဝင်ရန် တာစူနေပြီဖြစ်၏။ သူတို့နှစ်ယောက် သုသာန်အတွင်းဝိုင်းသို့ ပြန်ဝင်လိုက်ပြန်သည်။ ကညင်ပင်များတွင် ထူးခြားစွာနားနေသော ချိုးသိမ်းကြီးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့် ကိုတင့်ဇော်တစ်ယောက် အောင်မြင့်ဦးကို အချက်ပြလိုက်သည်။ ပြီးနောက် လေသေနတ်ကျည်ကို ထည့်ကာ ပစ်ချလိုက်သည်။

'ဖန်း..ဂီး..ဖလပ်..ဖလပ်'

ချိုးသိမ်းကြီး ကညင်ပင်အောက်ရှိ အုတ်ဂူအများကြားသို့ ထိုးကျလာသည်။ အောင်မြင့်ဦး အုတ်ဂူအပြို အပျက်များကြားမှ အပြေးအလွှားသွား၍ ချိုးသိမ်းကြီးကို ရှာလိုက်သည်။ တွေ့ပါသည်၊ ရင်အုံတွင် နီညိုရောင်အစင်းအကွေးများရှိနေသော ကြီးမားလှသည့် ချိုးသိမ်းကြီးပင်။ တစ်ဆက်တည်းဆိုသလိုပင် ထိုကညင်ပင်ထက်မှ ချိုးလည်ပြောက် တစ်ကောင်ကိုပါ ထပ်ရလိုက်သည်။

'ကိုတင့်ဇော်ရေ..ရတုန်းလေး ပစ်ထားဗျ'

အောင်မြင့်ဦးက အားရဝမ်းသာဖြင့် ကိုတင့်ဇော်ကို အသံလှမ်းပြုသည်။

'အောင်မြင့်ဦးရေ.. ပြန်ကြမယ်ဗျော့၊ ဆက်ပစ်လို့ ရမှာမဟုတ်တော့ဘူး။ ငါ အဖေသောင်းဆီက ဟင်းစား(၂)ကောင်ပဲ တောင်းထားတာ။ ကဲ..လစ်ကြစို့'

ကိုတင့်ဇော်၏စကားကို အောင်မြင့်ဦး ထပ်တွန့်မတက် ဝံ့တော့။ မှန်သည်၊ အောင်မြင့်ဦး ချက်ချင်းသဘောပေါက်လိုက်သောကြောင့် ချိုးနှစ်ကောင်ကိုဆွဲကာ သုသာန်အပြင်သို့ ထွက်လိုက်ကြပြီး အပြန်လမ်းကို ဦးတည်လိုက်ကြသည်။ တသုန်သုန်ဖြူးနေသော လေရူးကြောင့် သုသာန်ကုန်းအတွင်းရှိ သစ်ပင်ကြီးငယ်တို့၏ တရှဲရှဲအသံပေးကာ ယိမ်းထိုးလှုပ်ရှားနေသည့်သဏ္ဌာန်မှာ မကောင်းဆိုးဝါးများ နှုတ်ဆက်နေသကဲ့သို့ ရှိနေ၏။

မည်သို့ဆိုစေ ကိုတင့်ဇော်နှင့် အောင်မြင့်ဦးတို့ နှစ်ယောက်ကတော့ သဘာဝလွန်ဆန်းကြယ်မှု ဖြစ်ရပ်တစ်ခုကို အဖေသောင်းပေးသည့် ချိုးနှစ်ကောင်က သက်သေပြလိုက်ပြီ မဟုတ်ပါလား။

သဒီသံ ပါတံ ဧကော
ငွေစိုး(ရွှေကြာနှံမြေ)

www.burmeseclassic.com

အျင်ရဲဇွဲ (ေတာင္ပုန္း)
ခ်စ္ရ်ဒါဂ်ာ

'ကိုင်း..ဒီက
ညီလေးက ပရိသတ်ကြီး
ကို ကိုယ့်နာမည်ကို မိတ်ဆက်
ပေးလိုက်ပါဦးကွယ်'

လူရွှင်တော်-ကိုတက်တူက ကိုယ့်နာမည်ကို ကိုယ်တိုင် မိတ်ဆက်ပေးဖို့ ပြောလိုက်သည်။

'ကျွန်တော့်နာမည်ကတော့ ကိုင်း..ရွာစားရေ'

ဆိုင်းဆရာက သန်းထွန်းလေး၏ မမေ့သောအညာသီချင်းကို အစပျိုးလိုက်သည်နှင့်-

'လက်ပံပွင့်တွေ လေအတိုက် ကြွေလိုက်တဲ့အခါ×××

တဝဲဝဲလွင့်လို့နေပြီတစ်ခါ××× ခြော်
ချစ်စရာ...ချစ်စရာ' သီချင်း
ဤမှာပင် ရုတ်တရက် ရပ်လိုက်
သည်။

'ဟေ့ကောင်..မင်းနာမည်ကို မိတ်ဆက်ခိုင်းတာ
ချင်းဆိုခိုင်းတာ မဟုတ်ဘူး'

ကိုတက်တူက သတင်းစာလိပ်နှင့် တင်ပါးကို တ
ဖတ်ရိုက်ရင်း ပြောလိုက်သဖြင့်-

'ဟုတ်ကဲ့ပါ၊ ကျွန်တော့်နာမည်ကို မိတ်ဆက်
တော့မယ်' ဟု အစချီကာ စောစောက သီချင်းကိုပင်
ဆိုပြီး ချစ်စရာ..ချစ်စရာတွင် ရပ်လိုက်ပြန်သည်။

'ဒီကောင် ပရိသတ်ကို စော်ကားပြန်ပြီ။ နာ
မိတ်ဆက်ခိုင်းတာ ဘာဖြစ်လို့ သီချင်းဆိုရတုန်း

www.burmeseclassic.com

www.burmeseclassic.com

ည်ဘူးလား'

'ဟုတ်ကဲ့ပါခင်ဗျာ။ ကျွန်တော်ကလည်း နာမည်ကို ခိုးခြင်းလေးနဲ့ မိတ်ဆက်ပေးတာပါခင်ဗျာ။ သီချင်းစာသား ထဲမှာ ကျွန်တော့်နာမည်ပါတယ်လေ'

'ဒါဖြင့် အယ်ဒီတာမှာ မင်းနာမည် ပါတာတုံး'

'ကျွန်တော့်နာမည်က ချစ်စရာလေ။ လူရွှင်တော် ချစ်ရောပါ့'

'သိဘူးလေ။ ငါက လက်ပံပွင့် မှတ်လို့'

ကိုတက်တူ စကားကြောင့် ချစ်စရာ သူ၏ကိုယ်ကို ကိုယ်ပွေ့ကဲ့သို့ လေထဲမှဝဲ၍ လှည့်ပြုလိုက်သဖြင့် ပရိသတ် ဝါးဝါးပွဲကျသွားသည်။ ပရိသတ်ကို ကျောပေးထိုင်နေ သော ခေါင်းဆောင်မင်းသမီး ယုဝတီဆီသည် ထိုင်ရာမှထလာ ခဲ့သောမစ်တောင်ကို တဖျတ်ဖျတ်ခတ်လိုက်ရင်း လူရွှင် တော်များ အလယ်တွင် ဝင်ရပ်လိုက်သည်။

'တော်ကြပါ အစ်ကိုတို့ရယ်၊ ရွှေပွဲလာချစ်ပရိသတ် တွေကို ယုဝတီက ဟောဒီသီချင်းလေးနဲ့ ကျေးဇူးဆပ်ပါရ စေရှင်'

အဆိုကောင်း အငိုကောင်း အကကောင်းသော ယု ဝတီ၏ ဖျော်ဖြေမှုအနုပညာ၏ ဖမ်းစားမှုအာရုံတွင် ပရိသတ် တို့ နစ်မြောသွားကြသည်။ ယုဝတီ၏ ကကြိုးအဆုံး ဆိုင်း ဘက်တွင် ရွှေပွဲလာပရိသတ်တို့၏ လက်ခုတ်အားပေးသံများ၊ ဟစ်အော်ကြိုက်မှုတ်သံများက ဆူညံသွားသည်။

ယုဝတီသည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဇွဲကလာ ကျေးတီဖြစ်သည်။ ဇွဲကလာရွာသည် မင်းသမီးထွက်သော ရွာဖြစ်သည်။ ရွာမှ အပျိုချောများသည် အရွယ်ရောက်လျှင် ရွာပြောက်ရိုက်ကြသည်။ နီးငံ့ကျော် အလင်္ကာကျော်စွာ ရွာနီးတင်မောင်၏နှီး၊ အကယ်ဒမီများရှင် မင်းသားကြီး ဦးဝင်း၊ ဦးဝင်းဗိုလ်၊ ဦးဆန်းဝင်း၊ ဦးဝင်းမောင်၊ ဦးချမ်း တို့၏မိခင်၊ မင်းသားကျော်ကျော်ဗို၊ ဇာဝင်မောင်ဆန်းဝင်း အစရှိသော ခေါသိန်းညွှန့်သည် ဇွဲကလာရွာသူ ဖြစ်သည်။

ယုဝတီ၏မိခင်သည် တစ်ချိန်က နာမည်ကြီး အငြိမ့် မင်းသမီးကြီး ယုဝတီသန်း ဖြစ်သည်။ ကလေးဘဝကပင် ဇာတ်ကရာနောက် တကောက်ကောက်လိုက်ရင်း ပင်ပန်းခဲ့ရသည်။ ယိမ်းသမများ အကဆိုလျှင် သူ ပါဝင်ကသဖြင့် အခြေခံကျကျ ကတတ်လာ မိခင်က သင်ကြားပေးခဲ့သဖြင့် ကောင်းစွာသီဆိုကပြ တတ်လာသည်။ မိခင်က ယုဝတီအငြိမ့်ကို ထောင်သဖြင့် မိခင်၏ ညွှန်ကြားပြသမှုအောက်တွင် ခုနစ်နှစ်သားသမီး အရွယ်ကတည်းကပင် အငြိမ့်မင်းသမီးအဖြစ် အငြိမ့်လိုက် ကာ ရခဲ့လေသည်။

ဒီနှစ်တော့ ဇာတ်ဆရာ၊ လူရွှင်တော်ကြီး ဦးတိမ်ခိုက ညကြေးကောင်းကောင်းပေးပြီး ခေါသဖြင့် ဦးတိမ်ခို တည် ထောင်သည့် ရွှေမြို့ငှက်လင်းလင်း၊ မင်းခင်းဇာတ်သာဘအဖွဲ့ တွင် ခေါင်းဆောင်မင်းသမီးအဖြစ် လိုက်ကာ ရသည်။ ယခု ညဉ့် ကပြနေသော ပွဲချိန်သည် ဒီနှစ် ပွဲကရာသီ၏ နောက်ဆုံး အချိန်ဖြစ်သည်။ မိုးဦးကျတော့မည်ဖြစ်၍ မကြာမီ မိုးရွာ တော့မည်။ မိုးမရွာသေးခင်တော့ တစ်ချီကောင်း၊ နှစ်ချီ ကောင်း ကရဦးမည်။ မိုးရွာလျှင်တော့ ဇာတ်ခေါင်းခွဲကြ တာ ထုံးစံ။ အနောက်တောင်ဆီမှ တိမ်ညိုတွေက လေနဲ့အတူ တစ်သုတ်ပြီးတစ်သုတ် တက်လာသော်လည်း မိုးမရွာနိုင် သေး။

♦ ♦ ♦

'ဟောဒီမှာ မင်းသမီး အမောပြေစားဖို့'

နောက်တစ်ခန်းအတွက် အဝတ်စားလဲပြီး နားနေစဉ် လူရွှင်တော်ချစ်စရာနဲ့အတူ လိမ္မော်သီး၊ စပျစ်သီးထုပ်များ ပိုက်ကာ ဘောင်းဘီရှည်နှင့် အင်္ကျီပွပွကြီးကို အချိုးမကျ ကိုးရိုးကားရား ဝတ်ဆင်ကာ တောဟန်လည်း မပျောက်၊ မြို့ဟန်လည်း မပေါက်သော ပုံမကျပန်းမကျ လူတစ်ဦး လိုက်ပါလာသည်။

'ဩော်.. ဟုတ်..ဟုတ် ကိုလှ၊ အဲ.. ကိုလှလှနီ၊ အဟင်း..ထိုင်ပါဦး'

သူတို့လို အနုပညာရှင်တွေအဖို့ ချစ်သူခင်သူ မိတ်ဆက် ချင်သူ ပေါတာကြောင့် ဒါမျိုးတွေ မဆန်းတော့။ ယခုလည်း ကိုလှလှနီဆိုသည့် အူကြောင်ကြားသည် လူရွှင်တော် ချစ် စရာကို ရင်းနှီးအောင် ပေါင်းသင်းပြီး မိတ်ဆက်ခဲ့သူဖြစ် သည်။ မနေ့က သူတို့ စရောက်ကတည်းက လာမိတ်ဆက် ခဲ့သည်။ ထိုသူသည် တောသူဌေးသား ဖြစ်ပုံရသည်။

အငြိမ့်ခန်း ဖြီးပြီးချင်း ဂုစ်ခေါက်ရောက်လာကာ 'ယုဝတီရဲ့ အနုပညာကို ဂုဏ်ပြုပါရစေ' ဆိုပြီး ပတ္တမြား လက်စွပ်တစ်ကွင်း လက်ဆောင်ပေးခဲ့သည်။ ထိုလက်စွပ် အစွမ်းကြောင့် ယုဝတီအဖို့ ဧည့်ဝတ်ကျေအောင် အလိုက် သင့် ဆက်ဆံပေးဖို့ တာဝန်ရှိလာလေသည်။

'ဒီနေ့ ရွာကလူတွေ အတော်များများ ပွဲလာကြည့်ကြ တယ်။ ကျွန်တော်ကတော့ ကြိုက်လွန်းလို့ ယုဝတီအို့ ရွာကို

www.burmeseclassic.com

အပိုင်ခေါ်သွားချင်နေပြီဗျာ'

အနုပညာရှင်ဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် ကိုယ်မပိုင်တဲ့ဘဝမို့ သူလည်း ငါကိုချစ်တဲ့ ပရိသတ်ပဲလေလို့ နှလုံးသွင်းပြီး ပြုံးပြုံးကြီး နေပြလိုက်သည်။

'နင်ကလည်းဟယ်၊ မအားရတဲ့အထဲ ယောက်ဖကို ရွေကြိုလုပ်ခဲ့ရတယ်လို့'

လှလှနီ ပြန်သွားမှ ယုဝတီက ချစ်စရာကို မျက်စောင်းခဲရင်း ပြောလိုက်သည်။

'ကိုလှလှနီက ပိုက်ဆံဝါလား၊ တောသူဌေးသားဟ။ စိတ်ကူးမလွဲနဲ့နော်'

'တော်စမ်းပါ။ နာမည်ကြီးကိုက ဘိုမဆန်လိုက်တာ'

'သူအဖေက ဦးကြွက်နီတဲ့။ အဖေ့နာမည်ပါအောင် သူကို မောင်လှနီလို့ နာမည်ပေးတာ။ ဘိုဆန်အောင်ဆိုပြီး လှလှနီလို့ ပြန်ပြောင်းခဲ့တာတဲ့ဟ'

'ဆန်လိုက်တဲ့ဘို။ ပုံစံက အသားမည်းရတဲ့အထဲ ဂင်တိုတို ပုကွကွနဲ့။ မျက်နှာမှာလည်း မိတ်ကပ်တွေ လိမ်းထားတာ ပြာနှမ်းနေတာပဲ။ ထောင့်ကို မကျိုးပါဘူးဟယ်'

'ပြောရက်လိုက်တာဟယ်။ ပတ္တမြားလက်စွပ်ကြီးမျက်နှာကို ထောက်ပါဦး ယုဝတီရယ်'

'အို...ပေါတောတောနဲ့ မကြိုက်ပေါင်'

ထိုစဉ် ဇာတ်စင်မန်နေဂျာ ဒါရိုက်တာကိုသစ္စာ ရောက်လာသည်။

'မင်းသမီးအခန်း ရောက်တော့်မယ်။ တောသူမလေး ဆံတောက်ဖားဖား။ အဲ...ဟုတ်ပြီ။ ဒိုင်ယာလော့်တွေ မှတ်မိတယ်နော်။ ရပြီ၊ သွားတော့'

သူ ဇာတ်စင်ပေါ်တက်ပြီး ကားလိပ်ကြားတွင် အသင့်ရပ်နေလိုက်သည်။ စင်ရှေ့တွင် လူကြမ်းမိုးသီးသည် သေနတ်ကို လက်တစ်ဖက်နှင့် ထောင်လျက်ကိုင်ကာ ခြေကို ကားချ ရပ်နေသည်။ ရှေ့တွင် အဘိုးကြီးတစ်ဦးက ခွေးထောက်လျက် ထိုင်နေသည်။

'ဘယ်မှာလဲ အဘိုးကြီး၊ ကျုပ်တို့ကို ဆက်ကြေးဘာကြောင့်မပေးတာလဲ'

'မပေးနိုင်လို့ပါ'

'ဘာဗျ၊ ခင်ဗျားက အာခံတာလား'

'မဟုတ်ပါဘူး ဗိုလ်ကြီးရယ်။ ပေးစရာမရှိလို့ပါ'

'ဟော့ကောင်တွေ...တဲထဲမှာ ဘာရှိလဲ သွားရှာကြစမ်း'

တပည့်နှစ်ယောက်က ယုဝတီကို ကားကြားထဲမှ ဆွဲထုတ်ကာ မိုးသီးရှေ့ကို တွန်းပို့လိုက်သည်။

မိုးသီး၏ အဆီပြန်နေသော မျက်နှာကြီးက ယူ... မျက်နှာနားသို့ တိုးကပ်လာရင်း မေးစေ့ကို ကိုင်လိုက်... 'ထွီ...လူယုတ်မာကြီး'

ယုဝတီက မိုးသီးမျက်နှာကို ရွံရှာစွာ တံတွေး... လှမ်းထွေးလိုက်သည်။ မိုးသီးသည် မျက်နှာကို လက်... ပွတ်လိုက်ရင်း ကောက်ကျစ်စွာ ပြုံးလိုက်သည်။

'ဟဲ...ဟဲ...ဟဲ...ဟဲ...မင်းကလေးက မခေါပါ... ငါက ဒါမျိုးလေးမှ မယားလုပ်ချင်တာကွ။ ဟော့ကောင်... ကောင်မလေးကို ခေါ်သွားကြ။ ဒီမှာ အဘိုးကြီး...ခင်... ကျုပ်ယောကျ်ားမ ဖြစ်သွားပြီ။ ဆက်ကြေးပေးစရာမလို... ဘူး'

မိုးသီး၏ တပည့်များက ယုဝတီကို အတင်းဆွဲ... သွားကြသည်။

'အဘရေ...သမီးကို ကယ်ပါဦး အဘရယ်'

'ခွေးကောင်တွေ...ငါ့သမီးကို အခုလွတ်'

အဘိုးကြီးက ယုဝတီကို ထအဆွဲတွင် မိုးသီးက... ကြီးရတ်ဘတ်ကို တွန်းလွှတ်လိုက်သဖြင့် အဘိုးကြီး... လက်လန်သွားသည်။

'ကိုင်း...ဒီအဘိုးကြီး သေမှအေးမယ်။ သေစမ်း...'

မိုးသီးက အဘိုးကြီးအား လက်ထဲမှ သေနတ်... ထိုးချိန်ကာ ပစ်ထည့်လိုက်သည်။

'ဂျိမ်း...ဒိန်း...ဒလိန်း...ဒိုင်း'

မိုးသီး၏သေနတ်မှ မီးအပွင့် အဘိုးကြီးရင်ဘတ်... လက်နှင့်အုပ်ပြီး လဲအကျ တစ်ချိန်တည်း ကောင်း... လင်းခနဲ လျှပ်စီးလက်ပြီး မိုးကြိုးပစ်ချသံကြီးက ထိတ်... ဖွယ် ပေါ်ထွက်လာသည်။ ပွဲကြည့်ပရိသတ်များ အ... တလန့်နှင့် ခေါင်းကို လက်နှင့်အုပ်ကာ မြေတွင် ဝပ်... သလို မိုးသီးလည်း သေနတ်ကို ပစ်ချကာ စင်ပေါ်မှ... ချပြီး မြေတွင် ဝပ်နေလိုက်သည်။ မရွေးမနှောင်း... လေပြင်းနှင့်အတူ မိုးရောလေပါ သဲသဲမဲမဲကြီး ရွာ... သဖြင့် ပွဲကြည့်သူများ ပြေးလွှားကုန်သည်။ ဇာတ်စင်... လုံး ရွှဲရွဲစိုကာ လေပြင်းကြောင့် ပြိုလဲကျသွားသည်။ ... အကာများ လေနှင့်အတူ လွင့်ကုန်သည်။ မိုးသည် တ... ကျော်ခန့် သဲသဲမဲမဲရွာချလိုက်သဖြင့် ထိုည ပွဲပျက်... သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းတော့ ဖရိုဖရဲ ပြုံလဲနေသော ဓာတ်ရုံကြီးမှာ အမိုးအကာလေးတွေ ဖြစ်သလိုမိုးပြီး ဓာတ်အဖွဲ့သားတွေ နေရသည်။ ဒီလိုဒုက္ခများက ဖြစ်လေဖြစ်ထရှိတတ်တာ ဒို့ သူတို့အတွက် မဆန်းတော့။ ပွဲဆက်မကရတော့သဖြင့် အခြားတစ်ပြို့သို့ပြောင်းရန် ပွဲကန်ထရိုက်နှင့် မန်နေဂျာတို့ ဆွေးနွေးရန် ပြို့တက်သွားကြသည်။ မင်းသားလင်းလင်းနှင့် ငြိမ်းပါ ပါသွားသည်။ သူတို့ ရောက်နေသောနေရာမှ ပြို့ကို လယ်ကွင်းများကိုဖြတ်ပြီး ဆယ်မိုင်နီးပါး လမ်း သွားရသေးသည်။ ညက မိုးတွေရွာသဖြင့် လမ်းတွေ ပျစ်နေသည်။ သုံး,လေးရက် နေဆက်ပူမှ ကားတွေ လာ ဖို့ရမည်ဟု သိရသည်။

'ဒီညနေတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စားကြပေါ့။ မနက်ဖြန်လည်း အချိန်ပိုပြန်မလာဘူး။ ဆန်ဝယ်ဖို့နဲ့ ဈေး နီးလည်း ဝိုက်ဆံမပေးသွားဘူး'

ထမင်းချက် ဦးပွကြီးက ကြေညာလိုက်သဖြင့် အား လုံး ရင်မောသွားသည်။ ဒီညနေ ထမင်းဝတ်ဖို့ သေချာပြီဖို့ ရွာထဲမှာ ငှက်ပျောသီးများ၊ မုန့်များ၊ ပြောင်းဖူးပြုတ်များ ဝယ်ထားကာ အဆာပြေစားကြရသည်။ ထမင်းလို အာ အာသာမပြေကြ။ မိုးစိုးစိုးချုပ်၍ လပင်ထွက်လာပြီ။ ဆုဝတီသည် ဆာလောင်မွတ်သိပ်သည့်ဝေဒနာ သက်သာလို သတ်သာငြား လက်ထောက်မင်းသမီး စကားဝါနှင့်အတူ စာတ်ရုံအနီးရှိ ကုက္ကိုပင်မြစ်ဆုံတွင်ထိုင်ရင်း စကားပြော နေကြသည်။

'ဆာလိုက်တာကွာ။ ဟေ့..အဲဒီမှာ နင်တို့နှစ်ယောက် ဘာတွေကြိတ်စားနေကြတာလဲ။ ငါ့ကိုလည်း ကျွေးဦးဟ'

လူရွှင်တော် ချစ်စရာက ပြောရင်း သူတို့အနီးသို့ သွားက် လာသည်။

'အရေးတည်း ဆာတဲ့အကြောင်း လာပြောနေသေး တယ်။ တို့လည်း နင့်လိုပဲပေါ့ဟဲ့'

'အေးကွာ..ခုနေများ ကိုလှလှနီကြီး တစ်ခုခု လာ ကျွေးရင် ကောင်းမှာပဲ'

'အမယ်လေးဟဲ့..အရေးထဲ ယောက်ဖကို တမ်းတနေ သေးတယ်။ စေတနာရှိရင် လာမှာပေါ့'

ထိုစဉ် လှည်းတစ်စီး သူတို့အနီးတွင် လာရပ်သဖြင့် အားလုံး လှည့်ကြည့်လိုက်သည်။

'ဟာ..ကိုလှလှ၊ အဲ..ကိုလှလှနီကြီး၊ တိုက်ဆိုင်လိုက် တာဗျာ။ အခုပဲ ခင်ဗျားအကြောင်းပြောရင်း တ,နေကြတာ။ လုပ်ပါဦးဗျာ၊ ကျုပ်တို့ ထမင်းငတ်နေပြီဗျ'

လှည်းပေါ်တွင် သူနဲ့အတူ အမျိုးသမီးနှစ်ဦးလည်း ပါလာသည်။

'သိတယ်လေ၊ ဒါကြောင့် အခု လာခေါ်တာပေါ့။ ရွာက ဘုရားမှာ ဆီမီးတစ်ထောင်ပူဇော်ပွဲ ရှိတယ်ဗျ။ ဟို က မြင်နေရတာ ကျွန်တော်တို့ရွာပဲလေ။ သွားကြရအောင်'

ခုမှ သတိထားမိသည်။ ရွှေခပ်လှမ်းလှမ်းတွင် တောင် ကုန်းမို့မို့လေး၌ မီးရောင်ထိန်ညီးလျက် ရွှေစေတီလေးတစ် ဆူကို လှမ်းမြင်နေရသည်။ ဆိုင်းသံ ဗုံသံများပင် ခပ်သဲ့သဲ့ ကြားနေရသည်။

'ဆိုင်းသံတွေက ရွာသားတွေ တီးတာဗျ။ ဒီည ရွာမှာ ရွာက ကာလသားတွေ ဆိုကြ ကကြမှာလေ။ ဆဲ..လှည်း ပေါ် မြန်မြန်တက်။ သိပ်မစေးပါဘူး'

လှည်းပေါ်ကနေ ပတ်ဝန်းကျင်ကို လရောင်ဖြင့် ထင် ထင်ရှားရှား မြင်နေရသည်။

'ယုဝတီရယ်..ခင်ဗျားကို ကျုပ်က အတော်စွဲလမ်းမိ ပြီခင်ဗျ။ ခင်ဗျားတို့သုံးယောက် ကျုပ်တို့ရွာသားတွေ ကတဲ့ ပွဲမှာ ဖျော်ဖြေပေးရင် ကောင်းမယ်။ ကူညီမယ်မဟုတ်လား'

'ကူညီချင်ပါတယ် ကိုလှလှနီရယ်။ ဒါပေမဲ့ ကျွန်မတို့ အနုပညာရှင်တွေမှာ စောင့်ထိန်းအပ်တဲ့ စည်းကမ်းတွေ ရှိပါသေးတယ်။ စာချုပ်ပါ စည်းကမ်းတွေကို လိုက်နာရ ပါတယ်။ ကိုယ့်သဘောနဲ့ကိုယ် တခြားမှာ ကခွင့်မရှိဘူး။ ဓာတ်ပိုင်ရှင်က ခွင့်ပြုဖို့ လိုပါသေးတယ်။ ပြီးတော့ ကျွန်မ အမေလေ။ သူတို့ခွင့်ပြုရင် ပရိသတ်အတွက် ပေးဆပ်ဖို့ ကျွန်မ အသင့်ပါပဲရှင်'

ယုဝတီ၏ မိခင်သည် လေလော့ရင်း တက်ကျိုးခဲ့ရ သည်။ နာမည်ကြီးတဲ့အတွက် သူတစ်ပါး ပြုစားခြင်း ခံခဲ့ရ သည်။ အငြိမ့်ကရင်း ခေါင်းမူး၊ ခေါင်းကိုက်၊ ဗိုက်အောင့် ဝေဒနာတွေ၊ ခြေ,လက်တွေ လှုပ်မရအောင် နာကျင်ကိုက်ခဲ တဲ့ ဝေဒနာတွေ ခံစားရသည်။ တဖြည်းဖြည်း ပိန်ချုံးချည့်နဲ့ ကာ ရုပ်ပျက်ဆင်းပျက် ဖြစ်လာသောကြောင့် ဆေးရုံမကြာ ခဏတက်ရသဖြင့် ဓာတ်မကနိုင်တော့။ နေလေးကောင်း လာလို့ ပွဲကဖို့ စာချုပ်ချုပ်သည်နှင့် အဖျက်အမောင့်ပယောဂ စွေ့က အမျိုးမျိုးဝင်လာသည်။ ဆေးဝါးကုသတဲ့စရိတ်တွေ ထောင်းသဖြင့် စီးပွားရေးကျဆင်းကာ လင်မယားကွဲကြရ သည်။ နောက်ဆုံး မြန်မာတိုင်းရင်းဆေးဆရာကြီးတင်ဦး က ကုသပေးသဖြင့် ကျန်းမာရေးကောင်းလာသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

နာမည်ပျက်ကြောင့် ဇာတ်သဘင်လောကသို့ ဝင်ရှုမရတော့ချေ။

'အနုပညာရှင်ဆိုတာ စည်းထိန်းရတယ်။ သတိလည်း ထားရမယ်။ ကိုယ့်ကိုချစ်တဲ့သူတွေကလည်း ပညာနဲ့ ပြုစားတတ်သလို မုန်းသူတွေကလည်း ပညာနဲ့ ပြုစားတတ်တယ်။ နာမည်ကြီးလာရင် သတိထား။ ရတနာသုံးပါးကို မမေ့နဲ့'

အမေက သူ့ကို အမြဲဆုံးမလေ့ရှိသည်။

'ရွှေ့...သမီး၊ ဟောဒီလက်ဖွဲ့အဆောင်လေးကို ကိုယ်နဲ့မကွာ အမြဲဆောင်ထား။ သမီးကို အန္တရာယ်ကျရောက်တော့မယ်ဆိုရင် သူက သတိပေးလိမ့်မယ်'

အမေက သူ့ကို ရပ်ရွာတွင်ပြုလုပ်သည့် အပျော်အပါး ပွဲလမ်းသဘင်များ၌ နေရာတကာ ကခွင့်မပြု၊ အမေခွင့်ပြုမှ ကခွင့်ရှိသည်။ အမေသည် သူ့ကို အကပညာ သင်ပေးရင်း ယုဝတီအငြိမ့်ကိုထောင်သည်။ ထိုအငြိမ့်၌ (၇)နှစ်သမီး အရွယ်ကတည်းက သူ ခေါင်းဆောင်မင်းသမီးဖြစ်သည်။ ရွယ်တူကလေးများကို ပညာသင်ပေးပြီး လူရွှင်တော်များနှင့် ကပြကြသည့် သူတို့အငြိမ့်ကို ပတ်ဝန်းကျင်ရွာများက အားပေးကြသဖြင့် ထိုဒေသတွင် ယုဝတီဟုဆိုလျှင် မသိသူမရှိ။

'ကျွန်မတို့လည်း ဥက မိုးဖျက်လို့ ပွဲပျက်ခဲ့ရတာကို စိတ်မကောင်းပါဘူး'

'ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့လေ။ မိုးသီးက ယုဝတီကိုဆွဲတာ ကြည့်မရလို့ မိုးကြိုးပစ်ပါစေကွာလို့ ဆုတောင်းလိုက်တာ ကျွန်တော့်ဆုတောင်း ပြည့်သွားတယ်။ ပွဲပျက်ရတာထက် ယုဝတီ လူဆိုးတွေလက်က လွတ်သွားတဲ့ မိုးကိုပဲ ကျေးဇူးတင်ရမယ်'

'ဟား...ဟား...ဟား...ဟား...ဒါဆို ပွဲပျက်အောင်လုပ်တာ ခင်ဗျားပေါ့'

ချစ်စရာ သဘောကျစွာ ရယ်မောရင်း ပြောလိုက်သည်။

'ကဲပါလေ၊ ဒီည ရွာကဆိုင်းနဲ့ သီချင်းတစ်ပုဒ်စီတော့ ဆိုပေးရမယ်။ ကျွန်တော်ကတော့ ယုဝတီနဲ့ သီချင်းတွဲဆို ရရင် သေပျော်ပါပြီဗျာ'

အသားက မည်းပြာပြာနိုင်ရတဲ့အထဲ အသံက ကွဲအက်အက် ရှုတ်တန့်မို့ မီးရောင်အောက်တွင် သူနဲ့ သီချင်းတွဲဆို ရမယ့်အရေးတွေးပြီး ယုဝတီ မသိမသာ နှာခေါင်းရှုံ့မိလေသည်။

တောင်ကုန်းလေးအနီး ပွဲစျေးတန်းတွင် စျေးသည်များဖြင့် စည်ကားနေသည်။ ခပ်လှမ်းလှမ်းတွင် ဇာတ်စင်ကို ဆောက်ထားသည်။ ဆိုင်းဝိုင်းမှ ဆိုင်းသံက ပွဲခင်းတွင် ပဲ့လွင့်နေသည်။ လှလှနိုက ပွဲခင်းအနီးရှိ အဲဆောက်အုံကို သူတို့ကို ခေါ်သွားသည်။

'ကဲဟော့...ညည်းသည်တွေအတွက် ထမင်းပွဲဖြင့်ထားလိုက်။ ငါ အခုလာခဲ့မယ်'

အိမ်ထဲမှ မိန်းကလေးများကို လှမ်းပြောပြီး ခေတ်ဆိုင်း လှလှနိ ထွက်သွားသည်။ ထမင်းဝိုင်းကိုလှမ်းကြည့်ထားအံ့သား၊ ကြက်သား၊ ဝက်သား အစုံအလင် ပြင်ဆင်ထားသည်ကို တွေ့ရသည်။

'ဟင်းတွေကလည်း ကောင်းလိုက်တာကွာ။ တွင်းလိုက်ရရင် ဗိုက်ကားသွားမှာ'

ချစ်စရာက ထမင်းဝိုင်းကိုကြည့်ရင်း ရိုးတိုးရွတ်ဖြစ်နေသည်။ ယုဝတီကတော့ မည်သို့ဖြစ်သည်မသိ၊ အိမ်ထဲတင် လိုက်သည်နှင့် မခံမရပ်နိုင်အောင် ယားယံလာသည်။ ခန္ဓာကိုယ်တစ်ခုလုံး ပူလိုက် အေးလိုက်နှင့် ရှိန်းတိန်းဖိန်းတိန်းကြီး ဖြစ်နေသည်။ အတွေ့အကြုံအရ သွေးရိုးသားရိုးမဟုတ်မှန်း သူ သိလိုက်သည်။

'ဟဲ့...ချစ်စရာ၊ ကျွန်မပျက် နေစမ်းပါ။ ဒါတွေ တစ်ခုမှ စားဖို့စိတ်မကူးနဲ့။ လာ...တို့ပြန်ကြမယ်' ဟု တိုးတိုးပြောပြီး လက်ကုတ်လိုက်သည်။

'ညောင်...ညီမလေးတို့ရေ၊ အစ်မတို့ ဘုရားပေါ်တက်ပြီး အရင်ဘုရားဖူးဦးမယ်။ ပြန်လာမှ စားတော့မယ်ကွယ်'

အဆောက်အအုံတွင်းမှ ထွက်လာကြပြီး ဘုရားပေါ်မတက်တော့ဘဲ လယ်ကွင်းတွေကိုဖြတ်ပြီး ဇာတ်ခုံဘက်ထွက်မှန်း၍လျှောက်လာကြသည်။ ချစ်စရာနှင့် စကားဝါတို့လည်း အူကြောင်ကြောင်နှင့် လိုက်လာကြသည်။

အလာတုန်းက ဝေးသည်ဟု ထင်ရသော်လည်း အပြန်တွင် သိပ်မလျှောက်ရတော့ဘဲ မကြာခင် ဇာတ်ရုံသို့ ရောက်လာကြပေသည်။

♦ ♦ ♦

'ဟဲ့...နင်တို့သုံးယောက် ဘယ်လျှောက်သွားနေကြတာလဲ'

ဇာတ်ရုံထဲတွင် ဇာတ်အဖွဲ့သားများ ဆူညံနေသည်။ ရွာသားအချို့နှင့် သံဃာတော်များပါ ရောက်နေကြသည်။

'လူတွေ စုံလှချည်လား ဦးပွကြီးရဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ထမင်းစားနေကြတာလေ။ နင်တို့ပဲ ကျန်တော့တာ။ သွားစားကြ'

'မန်နေကျာ ပြန်ရောက်လာလို့လား'

'မဟုတ်ပါဘူး။ ရွာက ဆရာတော်ကြီးက စာတ်အဖွဲ့သားတွေ ဒုက္ခရောက်နေကြတာကိုသိလို့ ရွာသားတွေနဲ့ တိုင်ပင်ပြီး ထမင်းဟင်းတွေ လာပို့တာကွယ့်'

သီးစုံပဲဟင်းနှင့် ငါးခြောက်ထောင်းကြော်၊ ငါးပိရည်၊ ဘဲဥရောတို့နှင့် စားရသည်မှာ ထမင်းမြိန်လှသည်။ ဆာလောင်နေချိန်လားမသိ၊ တော်ရုံနှင့် မတင်းတိမ်ကြ။

'ဝအောင်သာစား ဒကာမလေး ယုဝတီ၊ မနက်ဖြန်ညီး လာပို့ဦးမှာ။ မန်နေကျာတွေ မပြန်လာခင်း ဘုန်းကြီးဆီ လာလှူပါဦးမယ်'

ကိုယ့်အမျိုးသားအချင်းချင်း ဒုက္ခရောက်နေချိန်မှာ ဦးဆောင်များကဲ့သို့ ဝိုင်းဝန်းကူညီကြသော ရွာသားများနှင့် ဆရာတော်၊ သံဃာတော်တို့၏ ကျေးဇူးကိုတော့ ယုဝတီ ဘယ်သက်မှေ့နိုင်မည် မဟုတ်ချေ။

နောက်တစ်နေ့ နံနက်စောစော မန်နေကျာနှင့် ပွဲကနို ဆိုက် ပြန်ရောက်လာသည်။ လမ်းကောင်းပြီဖြစ်၍ မနက်ဖြန် ကားများ ရောက်လာမည်။ ကျိုက္ကော်ပိန္နဲတောထွင် ဘရုမည်ဖြစ်ကြောင်းပြောကာ စာတ်အဖွဲ့သားများကို အသုံးဆွေများ ချပေးသည်။ ထို့ကြောင့် ဆရာတော်အား ပူဆော်ကန်တော့ရန် ကျောင်းသို့ အားလုံးသွားကြသည်။

'ဘုန်းကြီးတို့က ကိုယ့်အမျိုးသားဆွေချင်းချင်း ဒုက္ခရောက်နေသူကို ဘယ်သူကိုမှ လက်ပိုက်မကြည့်နိုင်ပါဘူး။ ဘုရားရှင်ရဲ့ သြဝါဒမှာလည်း သတ္တဝါတွေကို စေတနာ၊ ကရုဏာထားပြီး ကြည့်ရှုစောင့်ရှောက်ဖို့ ဟောထားတယ်။ ဒါနဲ့ ဒကာမလေးယုဝတီတို့ မနေ့က ဘယ်ကို သွားလို့ နောက်ကျနေရတာလဲကွယ့်'

ဆရာတော်အား ယုဝတီက မနေ့က အဖြစ်ကို ပြန် ပြောပြလိုက်သည်။

'အဲဒီနေရာဟာ အနော်ရထာမင်းလက်ထက်က ဥဿာ ကျွန်းကို ဂျမ်းစစ်သည်တွေ လာတိုက်တော့ စခန်းချခဲ့တဲ့ နေရာပဲ။ ဂျမ်းစစ်သည်ဆိုတာ သီဝဟိန္ဒူနတ်ကိုးကွယ်တဲ့ အယ်ဒီယားနိုင်ငံသားတွေပဲ။ ယိုးဒယားမြောက်ပိုင်း ယွန်း ပြည်တွေဖြစ်လို့ ယွန်းလို့လည်းခေါ်ကြတယ်။ ကျွန်စစ်သား ကြီးထုတ်လို့ ထွက်ပြေးတော့ လူတွေ ရွာတည်ကြတယ်။ ယွန်းတွေနေခဲ့လို့ ယွန်းတလင်းကုန်းလို့ခေါ်တယ်။ ဒါပေမဲ့ သူတို့က ဘယ်လိုအစီအမံတွေ လုပ်ခဲ့လဲ မသိဘူး။ ရွာတည်လိုက်တာနဲ့ ရောဂါဘယတွေထူပြီး သေကြတာကြောင့် ရွာမကြာခဏပျက်ပြီး လူမနေတာ ကြာဖြီ။ အဲဒီမှာ ကျတ် တစ္ဆေတွေပဲရှိလို့ အခု ကျတ်ကုန်းလို့ ခေါ်ကြတယ်။ ဒကာမ လေးတို့မြင်ခဲ့တဲ့ ရွှေစေတီလည်း မရှိဘူး။ ရွာလည်း မရှိ ဘူး။ စာတ်ရုံကနေပြီး မယုံရင် လှမ်းကြည့်လိုက်၊ ကွင်း ပြောင်ပြောင်ထဲက ကုန်းမို့မို့လေးနဲ့ စေတီပျက်လေးပဲရှိ တယ်။ ဒီလိုပဲ လှည့်စားပြီး သူတို့လိုချင်တဲ့သူကို ခေါ်တတ် ကြတယ်'

စာတ်ရုံရောက်တော့ ဆရာတော် မိန့်ကြားတဲ့အတိုင်း ကုန်းကမူလေးနှင့် စေတီပျက်သာ ရှိသည်ကို တွေ့ရသည်။ တကယ်တော့ သူတို့ရောက်ခဲ့သည်မှာ ကျတ်တစ္ဆေတို့ရွာဖြစ် ပြီး လှလှနီသည် ကျတ်တစ္ဆေတစ်ကောင်သာ ဖြစ်လေသည်။

ထိုညက ဆရာတော်နှင့်တကွ ရွာသားတို့၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ဗလာပွဲကပြ၍ ဖျော်ဖြေကာ ကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်ရေးအတွက် အလှူခံရာ အလှူငွေအတော်လေးရခဲ့သည်။ ထိုငွေများနှင့်အတူ ကိုလှ လှနီ ပေးသော ပတ္တမြားလက်စွပ်လေးကိုပါ ယုဝတီ ထည့် လှူလိုက်သည်။

နောက်တစ်နေ့ နံနက်စောစော အလှူငွေများကို ပေး အပ်ပြီး အားလုံး ကားပေါ်တက်ကြသည်။ ဆရာတော်နှင့် ရွာသားများကို နှုတ်ဆက်ခဲ့သည်။ မကြာခင် G.M.C ဟီးနိုး ကားကြီးများက စာတ်အဖွဲ့သားများကို တင်ဆောင်ကာ တလိမ့်လိမ့် စတင်ထွက်ခွာကြလေပြီ။

ယုဝတီသည် ကားခေါင်းခန်းမှနေ၍ နောက်ကို လက် ပြန်နှုတ်ဆက်လိုက်သည်။ ဖုန်လုံးကြီးများကြားမှ ဆရာတော် နှင့်တကွ လက်ပြန်နှုတ်ဆက်နေကြသော ရွာသားများသည် နောက်တွင် ကျန်ခဲ့လေပြီ။ ခပ်ဝေးဝေးတွင် မှုန်ဝါးဝါးမြင် ရသော ကုန်းမို့မို့နှင့် ဘုရားစေတီပျက်ကလေးကို မြင်လိုက် ရတော့ လှလှနီကို သတိရသွားသည်။

'သူက ငါ့ကို မုန်းလို့ခေါ်တာ မဟုတ်ဘူး။ ချစ်လို့ခေါ် တာပါလေ' ဟူတွေးရင်း လက်မောင်းတွင် အမြဲချည်နှောင် ထားသော အမေပေးထားသည့် အဆောင်လက်ဖွဲ့ကြိုးလေး ကို ယောင်ယမ်းကာ အမှတ်မထင် ပွတ်သပ်လိုက်မိသည်။

မော်တော်ကားသံသည် ချစ်၍ခေါ်ရာအရပ်နှင့် ဆန့်ကျင် ဘက်ဆီသို့ ဦးတည်လျက်...။

သျှင်ရဲထွဋ်(ဇင်္ဂဗောဓိ)

www.burmeseclassic.com

www.burmeseclassic.com

ဝေယံလင်းဆိုင်
မြင်းမျောက်ကျား
မိစ္ဆာနှင့်တွေ့

'အဖေ--ညီကြီးကို ခုထိ ရှာမတွေ့သေးဘူးဗျ'

ဦးမြင့် ကိုင်းတောကပြန်လာ၍ အိမ်ရောက်သည်နှင့် သားဖြစ်သူ ဖိုးတင်က ဆီးပြော၏။

အချိန်မှာ ညနေခြောက်နာရီနီးပြီ။ သို့သော် ဆွေနောင်းလ ဖြစ်သဖြင့် နေလုံးနီက သစ်ကိုင်းများတေ၊ မေးတင် ခါစသာ ရှိသေး၏။

'သား ညီကြီးကို သွားလွှတ်တုန်းက ဘယ်မှာလွှတ်ထားခဲ့လို့လဲ'

'ယာယောင်းနားမှာ လွှတ်ထားခဲ့တာ အဖေ။ ယာယောင်းနားတစ်ဝိုက်မှာတော့ ကျွန်တော် လိုက်ရှာတာ နှံ့နေပြီ'

'ညီကြီးက ဝေးဝေး လံလံ မသွားတတ်ပါဘူး သားရယ်။ နေရှိသေးတာပဲ၊ အတော်ကြာ ပြန်လာပါလိမ့်မယ်'

ထမင်းချက် နေရာက လှမ်းပြော နေသော သူ့မိန်းမ ဒေါ်အေးသင်ကို ဦးမြင့်က တစ်ချက် လှမ်းကြည့်လိုက်၏။ သူသဘောမှာ ဒီမိန်းမ ဘာမှအလူအငင် မရှိတတ်ဘူး။ ပြီး သူသားကို အပြစ်တင်မှာစိုး၍ ရွေ့ထ ကာဆီး၊ ကာဆီး ပြောနေသည်ဟု ဦးမြင့်က မကျေမနပ် ဖြစ်သွားသည်။ သို့သော် ဘာမှတော့ မပြောလိုက်။

www.burmeseclassic.com

www.burmeseclassic.com

ညီကြီးဆိုသည်မှာ သူတို့အိမ်က လှည်းဆွဲမြင်းကြီး ဖြစ်သည်။ သူတို့မှာ ယာထွက်၊ ကိုင်းထွက် တောကုန်များကို ဤမြင်းအားကိုးနှင့်ပင် ရေစကြိုမြို့ကို သွားပို့ရသည်။ ရေစကြိုမြို့နှင့် သူတို့ သားပုန်းရွာမှာ လေးမိုင်၊ ငါးမိုင်သာ ဝေး၏။

သူတို့ သားပုန်းရွာမှာ အရှေ့ရွာ၊ အနောက်ရွာဟု ရွာ နှစ်ရွာရှိသည်။ သူတို့ရွာကို သားပုန်းရွာဟု ခေါ်ကြခြင်းမှာ သမိုင်းရှိ၏။

ကျန်စစ်သားမင်း ကိုယ်ဝန်ရှိကတည်းက အနော်ရထာ မင်းသည် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့၏ အဟောနှင့် သူ့နေရာ ကို လုယူမည့် မင်းလောင်းအား ကိုယ်ဝန်ဆောင်နေသည် ဆိုသဖြင့် ကိုယ်ဝန်သည်တွေကို လိုက်သတ်သည်။ သို့သော် မိုးလုမည့် မင်းလောင်းက လွတ်သွားပြီး လသားအရွယ် ရောက်နေပြန်ပြီး ဆိုသောအခါ လသားအရွယ်တွေကို လိုက် သတ်ပြန်သည်။

ထို့ကြောင့် ကျန်စစ်သားတို့ သားအဖိမသည် သူတို့ရွာ မှာ လာပုန်းနေကြသည် ဆို၏။ ထိုစဉ်က ရွာမဖြစ်သေး၊ တောကြီးသာ ရှိသေး၏။ နောက် သမဏီကြာရွာ ဖြစ်သော အခါ ယခု သားပုန်းရွာဟု သက်ကြီးစကား သက်ငယ် ကြားနှင့် တွင်လာလေသည်။

◆ ◆ ◆

ဦးမြင့်တို့ သားဖနှစ်ယောက် ညနေစာ ထမင်းစားပြီး ခြံရှေ့ထွက်လာကြ၏။ ပထမ မနက်ကမှ သူသား ဘုတ် သားခဲ့သည်ဆိုသော ယာဟောင်း၊ ကိုင်းဟောင်းထဲ သား အဖနှစ်ယောက် "ညိုရေ..ညို..ညိုရော..ရော" ဟု အော်ခေါ်၍ ရှာကြသည်။

ညိုမည်သောမြင်းမှာ အလွန်လိမ္မာ၏။ ငယ်မွေးခြင်း ဆိုတော့ပီပီ ဦးမြင့်တို့မိသားစု သုံးယောက်စလုံး၏ အသံ ကိုလည်း ကောင်းစွာမှတ်မိသည်။ သူတို့မိသားစု သုံး ယောက်ထဲက မည်သူမဆို သူနာမည်ကို အော်ခေါ်လိုက် ရုံ ကြားရာအရပ်က ပြေးချလာတတ်သော မြင်းလိမ္မာ ဖြစ်သည်။

ယခုမနက်က လွတ်ကျောင်းထားခဲ့သော ယာဟောင်း တောတွင် သားဖနှစ်ယောက် တကြော်ကြော်အော်ခေါ်၍ ရှာကြ၏။ အချိန်သာ မိုးချုပ်ခါနီးရောက်သွားသည်၊ ညို၏ အရိပ်အယောင်ကိုကား မမြင်ရ။ သူတို့သားအဖမှာ ညိုကို အော်ခေါ်၍ လည်ချောင်းသာ ခြောက်လာကြ သည်။

ထို့ကြောင့် သူတို့ယာဟောင်းမှသည် အရှေ့၊ အနောက် ရွာနှစ်ရွာကြားရှိ တောဘက်ကိုလည်း သွားစားတတ်သဖြင့် သားဖနှစ်ယောက် အရှေ့ရွာနှင့် အနောက်ရွာကြားရှိ တော ပြန်းတောဘက် လျှောက်ရှာကြသည်။

တောပြန်းတောဟု ယခုခေါ်ကြသော်လည်း ယခင်က မူ ထိုနေရာ၌ ရွာရှိခဲ့သည်။ ကျောင်း၊ ကန်၊ စေတီ၊ ဘုရား များလည်း ရှိသည်။ ယခုထိပင် စေတီပျက်၊ ဧရပ်ပျက်များ လည်း ရှိနေသေးသည်။ တောကိုရှင်း၍ တောပြန်းသွားတော့ မှ ရွာတည်၍ ကျောင်းဆောက်၊ ဘုရားတည် စသည့် ကောင်းမှုကုသိုလ်များကို ရွေးရွေးက ဦးမြင့်တို့၏ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များက လုပ်ခဲ့ကြသော ကုသိုလ်တော်များ ပင်။

သို့သော် သမိုင်းဆိုသည်မှာ တစ်သမတ်တည်း တည်ရှိ နေသည်မဟုတ်။ သမိုင်းဘီးသည် နှစ်ပရိဿေဒကိုလိုက်၍ တစ်ပတ်၊ နှစ်ပတ် ပြောင်းလဲတတ်သည်သာ။ ထို့ကြောင့် လည်း တောပြန်းတောမှာ ယခုအခါ ရွာပျက်၊ ကျောင်း ပျက်၊ ဧရပ်ပျက်၊ စေတီအပြိုအပျက်တွေနှင့် တစ်ဖန် တော ဖြစ်နေပြန်သည်။

"ဒီသားအဖတွေ မိုးချုပ်နေဝင် ဘာရှာကြပါလိမ့်"

ကံမတော၊ ဇီးတောဘက်မှ ပြန်လာသော ဦးတင်ထွန်း က ဦးမြင့်တို့ သားအဖနှင့် တောပြန်းတောစကလမ်းမှာ ဆုံနေသဖြင့် မေး၏။

"အိမ်က ညိုကြီး ခုထိ အိမ်ပိုင်းထဲလည်းမဝင်၊ ယာ ဟောင်းဘက်မှာလည်း မတွေ့လို့ လိုက်ရှာနေကြတာဗျို့"

"ဟုတ်လား"

"ဟုတ်ပါ့"

ဦးတင်ထွန်းမှာ ဇီးတောသူ သူချွေးမဆီ သွားလည် သည်။ သူသားကမူ အရောင်းအဝယ်နှင့် စုန်လိုက်ဆန်လိုက် သွားနေသူဖြစ်သဖြင့် အိမ်မှာ သူချွေးမနှင့် မြေးလေးကို စိတ်မချသဖြင့် သံယောဇဉ်ကြီးသော ဦးတင်ထွန်းကား ဤ သို့ပင် သွားနေပြန်နေ လုပ်နေသူပင်။

ဦးတင်ထွန်းက သားပုန်းအရှေ့ရွာဘက် ထွက်သွား သောအခါ ဦးမြင့်တို့ သားအဖမှာလည်း အိမ်က မြင်းညို ကြီးကိုရှာရန် တောပြန်းတောထဲ ဝင်လာကြ၏။

အချိန်မှာ မှောင်ရီဖျိုးဖျရှိနှင့်ပြီ။

မြင်းညိုကြီးကို ဦးမြင့်တို့ သားအဖနှစ်ယောက် တော

www.burmeseclassic.com

www.burmeseclassic.com

ပြုန်းတောထဲတွင် တကြော်ကြော်အော်ဟစ်ခေါ်၍ လိုက်ရှာကြ၏။

ထိုသို့လိုက်ရှာနေကြရင်း သူသားဖိုးတင်က သူအဖေ မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး-

'အဖေ..ကျွန်တော့်နှာခေါင်းထဲ နနွင်းစော်နဲ့ နံသလိုပဲဗျ။ အဖေ မနံဘူးလား' ဟု မေး၏။

'ငါ့နှာခေါင်းထဲတော့ ဘာအနံ့မှ မရပါလားကွာ' မြင်းဇောကပ်နေသော ဦးမြင့်က ပေါ့ပေါ့ပါပ ပြော၏။

သူသားစကားကိုလည်း ကောင်းစွာအလေးမထားမိ။ ကျောင်းပျက်အုတ်ခဲလား၊ စေတီပျက်လား မသိ။ အုတ်ပုံမြင့်မြင့်တစ်ခုဆီပေါ်တက်ပြီး ဟိုဟိုသည်သည် ဝန်းကျင်ဘယ်ညာကိုကြည့်၏။ ညိုကြီးကိုလည်း အော်ခေါ်နေ၏။

ညို၏ အရိပ်အရောင်ကိုကား ဘယ်မှာမှ မမြင်ရသေး။ ထိုအချိန်မှာ သူ တက်ကြည့်နေသော အုတ်ပုံ၏ တောင်ဘက်ရှိ ချုံထဲက ကလေးတစ်ယောက် ငိုနေသံလိုလို အသံတစ်ခုကို သဲ့သဲ့ကြားရသည်။

'ဘယ့်နယ်..ဘယ့်နယ်၊ ဒီတောထဲ ဘယ်ကလေး လာငိုနေပါလိမ့်။ ငိုနေတဲ့ ကလေးအသံကလည်း မပီမသန့်။ လသားအရွယ် ပေါက်စနလေး ငိုသံလိုလို၊ ဒီအချိန်ကြီး ထင်းခွေ၊ ရေခပ်၊ ဟင်းရွက်ခူးလာကြတဲ့ မိန်းမများကလည်း ကလေးလေး ပေါက်စနကိုတော့ ဒီတောထဲ ခေါ်မလာကောင်းပါဘူး။ ဘယ်လိုပါလိမ့်' ဟု ဦးမြင့် နားစွင့်လိုက်သည်။

ထိုအချိန်မှာ သူသားဖိုးတင်က မြင်းညိုကြီးကို အသံပေး အော်ခေါ်နေ၏။

ဦးမြင့် အုတ်ပုံပေါ်က ဆင်းလိုက်သည်။ ကလေးငိုနေသံသဲ့သဲ့ကိုတော့ သူတို့ လက်ရှိနေရာ၏ တောင်ဘက်က ကြားနေရသည်။

ထိုအချိန်မှာပင် သူသား ဖိုးတင်က-

'အဖေ..ညိုကြီး နှာမူတ်သံကို ကြားမိလိုက်သလိုပဲ' ဟု ဆို၏။

'မင်း ဘယ်ဘက်က ကြားလဲ'

'ဟိုဘက်ကလေးက အဖေ။ နားထောင်ကြည့်ပါဦး။ ကျွန်တော်တော့ ညို နှာမူတ်သံ ထင်တာပဲ'

သူသားက မြင်းညိုကြီးနှာမူတ်သံလို ကြားသည်ဆိုသောဘက် သူသား လက်ညှိုးထိုးပြသောဘက်မှ သူကြားနေရသည်ကတော့ ကလေးငိုသံလိုလိုသာ။

သူသားဖိုးတင်၏စကားကြောင့် ဦးမြင့်ပင် ဇေဝေဖြစ်သွား၏။ သူပဲ နားကြားမှားလို့လားဟု တစ်ချက် နား ထပ်စွင့်လိုက်ပြန်၏။

သူနားထဲမှာတော့ ကလေးငိုသံမှ ကလေးလေးပေါက် စနတစ်ယောက် အာခေါင်ခြစ်၍ ငိုနေသံသာ။

ထိုအချိန်မှာ သူသားဖိုးတင်က ညိုကြီး နှာမူတ်သံ ကြားသည်ဆိုသော တောဘက်ကို ထွက်သွားသဖြင့် ဦးမြင့်မှာလည်း သူသားဖိုးတင်နောက် လိုက်လာရ၏။ ကလေး ငိုသံကတော့ သူနားထဲ ကြားနေရတုန်းပင်။

'ဟင်..သား၊ မင်း ညိုကြီး နှာမူတ်သံကြားလို့လာကွ။ ငါနားထဲတော့ ကလေးလေးတစ်ယောက် ငိုနေသံလိုလို ကြားနေရလို့'

'ကြံကြဖန်ဖန် အဖေကလည်း ဒီတောထဲ ဘယ်က ကလေးလေးက လာငိုမလဲ။ ဟင်း..ဟုတ်တယ် အဖေ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ်နားထဲလည်း ကလေးငိုသံ တစ်ယောက် ငိုနေသံကို ကြားလာရပါလားဗျ'

အစကမူ သူတို့မြင်း ညိုကြီး နှာမူတ်သံလိုလို ကြား သည်ဆိုသော သူသားကပါ ယခု ကလေးငိုသံလိုလို ကြား လာရသည်ဆိုသောအခါ ဦးမြင့်မှာ အံ့အားသင့်သွားပြန်၏။ ဤတောထဲ ဘယ်က ကလေးလေး လာငိုနေပါလိမ့်။ ငိုသော ကလေးကလည်း လသားအရွယ်ပေါက်စနလေး နေသံ။

အကယ်၍ မိဘတွေက မျှစ်ချိုး၊ မွှိရှာ၊ ဟင်းရွက် ထင်းခွေရာကိုခေါ်လာ၍ လူချင်းကွဲသွားကာ ငိုနေရသော ကလည်း လေးငါးခြောက်နှစ်သားကလေး ငိုသံမဟုတ် ဦးမြင့်မှာ ဘယ်လိုယူဆရမှန်းမသိ ဖြစ်သွား၏။

ထို့ကြောင့် သူသားဖိုးတင်၏ ခြေလှမ်းကို အမီလိုက်ပြီး အနားရောက်လာသောအခါ-

'ဟုတ်လား၊ ကလေးလေး ငိုနေသံလား။ သားနား ကြားနေတုန်းပဲလား'

'ဟုတ်တယ် အဖေ၊ ကလေးငိုနေသံက နီးလာလို့ မသိ ပိုကောင်ကျယ်လာသလိုပဲ။ ကလေးငိုသံမှ ကလေး ငိုသံပါပဲ။ ဒီကလေးလေးကို ဘယ်သူများ တောပြုန်းထဲ လာပစ်ထားပါလိမ့်။ လာ..လာ..အဖေ၊ မြန်မြန် ကြည့်ကြရအောင်'

ဦးမြင့်က ဘာမှပြန်မပြောတော့။

ကြံကြီးစည်ရာ သူတို့အရပ် သူတို့နယ်တွင် တစ်

www.burmeseclassic.com

www.burmeseclassic.com

ကြားဖူး၊ မကြုံဖူးဘဲ မိမိကလေးကို တောထဲ လာပစ်ထား သော မိဘဆိုသူများကိုပင် မမြင်ဖူးခဲ့ဘဲ ဒေါသထွက်မိသွား ထိုကြောင့်လည်း သူသားဖိုးဖောင်၏ရှေ့သို့ သူခြေလှမ်း အလိုလိုရောက်သွားသည်။ ကလေးလေးငို နေသံက သည်း နီးလာလေ ပိုကျယ်လာလေပင်။

တောပြုန်းတောမှာ သစ်ကြီးဝါးကြီးမရှိဘဲ ဖုန်းဆိုး သာသာဖြစ်သဖြင့် မြောင်ရိုးဖျဉ် လူလုံးကွဲလောက် အောင် အပေါ်းရောင်တော့ တောထဲ၌ ရှိနေသေး၏။

"ဟင်း"

ရှေ့ကသွားနေသော ဦးမြင့်၏ခြေလှမ်းက ချက်ချင်း ဆုံရပ်သွားပြီး ပါးစပ်ထဲကလည်း ဟင်းခနဲ အာမေဋိတ် ထွက်သွား၏။

သူသား ဖိုးတင်ကမူ-

"ဟင်း ဒီအချိန်ကြီး တောထဲလာလို့ ကလေးနို့တိုက် ရတာ ဘယ်သူလဲဗျ" ဟု အော်မေးလိုက်၏။

သူတို့သားအဖ မြင်နေရသည်က တဲပျက်တစ်ခု၏ ရှေ့ဖျားတွင် ဆံပင်ကို ဖားလျားချ၍ သူတို့ကို ကျောခိုင်း ကလေးလေးကို နို့တိုက်ရင်း သီချင်းဆို၍ ချော့သိပ် နေသော မိန်းမတစ်ယောက်။

ဖိုးတင် လှမ်းခေးလိုက်သော အချိန်မှာပင် ငိုနေသော ကလေးရော၊ နို့တိုက်နေသော မိန်းမရော၊ တဲပျက်ရော ချက်ချင်းပျောက်သွားသည်။

ထိုအခါမှ သားဖနှစ်ယောက်မှာ တစ်ယောက်လက် တစ်ယောက်ဆွဲကာ "ဟာ ဟူသော အသံဩဘာသံနှင့်အတူ တောပြုန်းတောထဲက ရွာဘက် ပြေးလာကြသည်။

သူတို့နှစ်ယောက် တောပြုန်းတောထဲက ပြေးလာ၍ အိမ်ကို ရောက်လာကြသောအခါ ဒေါ်အေးသင်းသည် မြင်း ညိုကြီးကို အစာကျွေးနေရာက-

"ရှင်တို့သားအဖကို ဘယ်နှမ မကြောဘူးလား၊ သားကြီး ဘယ်ရောက်နေတာလဲ၊ အိမ်ပြန်လာပါလိမ့်မယ်လို့ ဟု လှမ်း ပြောလိုက်သည်။

တောပြုန်းတောထဲက အမောတကော ပြေးလာကြရ သော သားဖနှစ်ယောက်ကမူ ဒေါ်အေးသင်းအား မည်သည့် စကားကိုမျှ ပြန်မပြောနိုင်ကြတော့ဘဲ အမောဆိုက်ကာ ပေသာသာ၊ တောသာ ဖြစ်နေကြလေသည်။

ဇေယျလင်းခေါင်

ရွှေမြင်ဝံ®

(အမှတ်တံဆိပ်)

ကျီးပေါင်းလိမ်းဆေး

သုံးစွဲနိုင်သောရောဂါများ

ထည်ပင်းကျီးပေါင်း၊ ပခုံးဆစ်ကျီးပေါင်း၊ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်ကျီးပေါင်းဝေဒနာခြင်းနှင့် အဆစ်လွဲ၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ အုံးလွဲခြင်းဝေဒနာများ၊ အရိုးအက်နာ၊ ရောင်ရမ်းခြင်း နာနာ၊ ခါးနာ၊ ဂက်ကြောထိုးခြင်းနှင့် ထုံကျင်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

(ဂုဏ်ရွက်) ။ ။ အညောင်းတိုင်သူများ၊ တရားတိုင်သူများနှင့် အားကစားသမားများအတွက် အကြောပြေ ခတ်ကြေလိမ်းဆေး အပြစ်လည်း အသုံးပြုနိုင်ပါသည်။

"အမှန်ကနဲသိုးရွေးချယ်ပါ"

တိုင်းရင်းဆေးဝါးမတည်ဝတ်တင်အမှတ် - TMR 010304 (0216)

ကုတ်လပ်ခွင့်လိုင်စင်အမှတ် - ၀၂/ဘဝဂ(ထ)ဆေလ/တို (၁၀၀၅)

ပြည်ထောင်စုကုန်သည်များ

တိုရုဏ္ဏနှံ့အာဆီ၊ အရုဏ်နှင့်

ဌင်းတို့နှင့်ဆက်စပ်သောပစ္စည်းများ

(လုံးဝ) မပါဝင်ကြောင်း အာမခံပါသည်။

ဆေးလက်ကားရရှိနိုင်သည့်ဆေးဆိုင်ကြီးများ

တီလွန်း(သိမ်ကြီးရေး)၊ အာရောဂျ (၂၄လမ်းထိပ်၊ သိမ်ကြီးရေး)၊ ဆန်းဦးအောင်ဆေးဆိုင် (သိမ်ကြီးရေး)၊ မစ်လာရွေ့ သုဒ္ဓမ္မသာဆေးဆိုင်၊ ဝင်းသားဆေးဆိုင်၊ အာရောဂျဆေးဆိုင်၊ ကျော်ဝေးရွှင်ဆေးဆိုင်၊ ကိုသက်နိုင်ဆေးဆိုင် နှင့် ပြည်တော်သာဆေးဆိုင် (ဗိုလ်ချုပ်ရေးဆေး) တို့တွင် ဆယ်လ္လာရရှိနိုင်ပါသည်။

ဆက်သွယ်ရန် - 09 49 255 92

www.burmeseclassic.com

www.burmeseclassic.com

မောင်သွေးရင့်
ဇာတ်မြွမင်းဘဝ

(ယခင်လမုအဆက်)

အခန်း(၅)

မှန်တိုင်းထန်ထန်

တပ်မှူးဟောင်း ဦးဝဏ္ဏသည် သားငယ် စောရန်အောင် လေးအား သိုင်းပညာကို ရေကုန်ရေခန်း သင်ပေးလေရာ အတော်ပင် ပေါက်မြောက်နေပြီ ဖြစ်လေ၏။ ဆယ့်နှစ်နှစ် သားအရွယ် ရှိနေပြီဖြစ်သော သားလေး၏ ဓားရေး၊ တုတ်ရေး၊ လက်ရေး ထက်မြက်မှုတို့ကိုကြည့်ကာ ကျေနပ်အားရ လျက် ရှိလေ၏။

ဦးဝဏ္ဏသည် မိမိအမွေကို သားအား လက်ဆင့်ကမ်း လျက် နယ်ချဲ့တို့ကို တော်လှန်တိုက်ခိုက်စေရန် ကြိုရွယ်ထား ခဲ့လေ၏။ တပည့်ဖြစ်သူ ဖိုးမော်ငံအား သားငယ်ကို စောင့် ရှောက်ရန် အပ်နှံထားခဲ့လေ၏။

တစ်နေ့တွင် ကံကြမ္မာသည် ဆိုင်းမပါ ဘုံမဆင့်နှင့် ငှင်းတို့မိသားစုထံသို့ တိုးဝင်လာခဲ့လေ၏။

ဖြစ်ရပုံကား-

ကျောက်တော်မြို့ရွေးသို့ သားကို လက်ဆွဲ၍ ရော ထွက်ခဲ့သော မယ်တင်အား မင်းမူထမ်းဟောင်းတစ်ယော အမှတ်မထင် တွေ့မြင်သွားပြီး လိုက်လံချောင်းမြောင်း ၏။ ထိုသူမှာ မျက်နှာပြူအလိုတော်ရိ မောင်မောင်တူး ဖြစ်လေ၏။

မောင်မောင်တူတ်သည် တပ်မှူးလေး ဝဏ္ဏတူး တပ်မှူးလေးတစ်ဦးဖြစ်ပြီး မယ်တင်အား ကြိုတ်ပိုးဆ ဖြစ်လေ၏။ မယ်တင်က တပ်မှူးလေးဝဏ္ဏနှင့် လက် သွားသောအခါ မကျေမချမ်းဖြစ်ကာ တက်တခေါက် ရှိခဲ့သူ ဖြစ်လေ၏။

မောင်မောင်တူတ်သည် နယ်ချဲ့မျက်နှာပြူတို့အ ရာ၍ နယ်ချဲ့လက်အောက်ခံ မင်းမူထမ်းရာ ပုလိပ်အ ရာဝေတ်အုပ်ရာထူးကို ရထားလေ၏။ တစ်နှင့် နယ်ချဲ့အလိုတော်ရိ သတင်းပေးလည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကော်မြေသို့ တာဝန်ကျရောက်ရှိရသည်မှ မကြာလှသေး။ သခင် မယ်တင်ကို အမှတ်မထင် တွေ့မြင်သွားလေ ရာမှစ၍ မယ်တင်တို့နေရာကို သိရှိသွား လေ၏။ ထိုသတင်းကို အထက်အရာရှိများထံ ကြိုးချဲ့ အစီရင်ခံပြီး တပ်မှူးဟောင်း သခင်တို့အား ဖမ်းဆီးရန် စိုင်းပြင်းလေ သော်၏။

ဘာမှမသိရှာသော မယ်တင် သည် ဈေးဝယ်ခြမ်းကာ သားကို ကော်ဆွဲ၍ လှည်းလေးဖြင့် ရွာသို့ ပြန်ခဲ့လေ၏။ ရွာပြန်ရောက်သော် ခင်ဗျားများ၍ ချက်ပြုတ်နေလေ၏။

ဦးဝဏ္ဏနှင့် စောရန်အောင်တို့ သည် ဓားသိုင်းလေ့ကျင့်လျက် ရှိကြ လေ၏။

ထိုအချိန်ဝယ် မြင်းကိုယ်စီ စီး၍ သူတို့ရှိရာသို့ ဦးတည်လာနေကြသော ရာဇဝတ်အုပ် မောင်မောင်တုတ်နှင့် စစ်ပုလိပ် ဦးသည် အနောက်ရိုးမတောင်တန်းကြီးနှင့် မျှဉ်းပြိုင် တန်းလျက် ဒုန်းစိုင်းလာနေကြပြီ ဖြစ်လေ၏။

သားအဖနှစ်ယောက်မှာ ဘာမှမသိရှာသေးဘဲ ဆိုင်းကစားရင်း ပျော်ရွှင်ရယ်မောလျက် ရှိကြလေ၏။ အင်းဟင်း ချက်ပြုတ်နေသော မယ်တင်မှာလည်း သားအဖနှစ်ဦးကို ကြည့်ရင်း ဝိတိတွေ့ ဆနေလေ၏။

ထိုအခိုက် ဦးဝဏ္ဏ၏တပည့် ဖြစ်သော်သည် သူတို့ဆီသို့ အပြေးဝင်လာလျက်-

"တပ်မှူးလေး..ရန်သူတွေ ရောနေကြပြီ။ တော်ရာ ရှောင်တော် ရာ"ဟု အော်တကော ပြောလေ၏။

ဦးဝဏ္ဏလည်း ဆတ်ဆိုဖြစ်သွားပြီး သားငယ်အား မိခင်ထံသို့ တွန်းပို့လိုက် လေ၏။ တပည့် ဖိုးမောင်အားလည်း အမိန့် ပေးလေ၏။

"ဖိုးမောင်..မင်း မယ်တင်တို့သားအမိကိုခေါ်ပြီး ထွက်အောင်ရှောင်။ ဒီကောင်တွေကို ငါ ရင်ဆိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"တပ်မှူးလေး တစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား။ ကျွန်တော်မျိုးသာ နေရစ် ခဲ့ပါ့မယ်။ တပ်မှူးလေးသာ မိသားစုကိုခေါ်ပြီး ရှောင်သွားပါ"

"တော်...ဖိုးမောင်၊ မြန်မာ့သမိုင်းရာဇဝင်မှာ မြေခွေးကို ကြောက်လို့ ရှောင်သွားတဲ့ ခြင်္သေ့ဆိုတာ မရှိစေကောင်းဘူး။ မင်းသာ မယ်ဆင်တို့ကိုခေါ် လွှတ်အောင်ရှောင်။ ဒါ ငါ့ အမိန့်ပဲ"

တပ်မှူးလေးဝဏ္ဏာ၏ ပြင်းထန်သော အမိန့်ကြောင့် ဖိုးမောင် တွန့်သွားသည်။ စားတို့ ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မယ်တင်တို့ သားအမိအား သတိပေးသည်။

"လာ...လာ...တပ်မှူးကတော် ရန်သူတွေ နီးလာပြီ"

"ဟင့်အင်း၊ ကိုဝဏ္ဏကို စိတ်မချဘူး။ ငါနဲ့ သားနဲ့ ရှောင်သွားမယ်။ မင်း...မင်းရဲ့တပ်မှူးနဲ့ အတူနေခဲ့ပါ"

မယ်တင်စကားကြောင့် ဖိုးမောင် ဘာလုပ်ရမည်မသိ ဖြစ်နေ၏။ ထိုအချိန်မှာပင် ရန်သူတို့သည် ပိုနီးကပ်စွာ တိုးဝင်လာကြပြီဖြစ်သဖြင့် မယ်တင်လည်း သားငယ်ကို လက်ဆွဲကာ တောစပ်ဆီသို့ ပြေးလေတော့၏။

ဖိုးမောင်လည်း စားကိုကိုင်စွဲကာ တပ်မှူးလေးဝဏ္ဏ၏ နောက်ကျောခွံ ကျောချင်းကပ်၍ အသင့်ပြင်ထားလေတော့၏။

ရာဇဝတ်အုပ် မောင်မောင်တုတ်သည် သူ့ပုလိပ်အဖွဲ့နှင့် အတူ ဦးဝဏ္ဏနှင့် ဖိုးမောင်တို့ကို ဝိုင်းထားလိုက်ကြလေ၏။

"ဟား...ဟား...တပ်မှူးလေးလား။ သူရဲကောင်းကြီး ပါလား။ မင်းရဲ့လက်ထဲက စားက ငါ့လက်က သေနတ်ကို အနဲတိုနိုင်မှာမို့လို့လား။ မင်း အေးအေးဆေးဆေး လက်နက်ချ အဖမ်းခံလိုက်ဗျ။ အင်္ဂလိပ်အစိုးရမင်းထဲမှာ မင်းမှုထမ်း မယ်ဆို ငါလို ရာထူးကြီးကြီးရဖို့ ငါ ထောက်ခံပေးပြီးမှာပေါ့ကွာ။ ဘယ်နယ်လဲ"

"ထွီ...အမျိုးယုတ်၊ သစ္စာဖောက်လောက်ကောင် မင်းပဲ ဘို့(...)စုပ်ဟေ့၊ ငါ မစုပ်ဘူး။ ထွီ..."

တပ်မှူးလေးဝဏ္ဏက ရိုက်နှက်ထားခြင့်ပြောရင်း တံတွေးဖြင့် လှမ်းတွေးလေရာ မောင်ဟုတ် ဒေါသထွက်သွားလေ၏။

လက်ထဲမှ ခြောက်လှန့်ပြုခြင်း ပစ်ရန် မောင်းကို တင်မည်အလုပ် "အား" ဟူသော အသံနှင့်အတူ မောင်မောင်တုတ်၏ လက်မောင်းတွင် စားမြှောင်တစ်ချောင်း စိုက်ဝင်လျက် လက်ထဲမှ သေနတ်လည်း လွတ်ကျသွားလေတော့၏။

ကြောင်ကြည့်နေကြသော သူ၏ ပုလိပ်များအား ဦးဝဏ္ဏ ဖိုးမောင်တို့က ဝင်ရောက်ဆိုးခုတ် တိုက်ခိုက်ကြလေ

သူတို့နှစ်ဦး၏ လက်ချက်ဖြင့် ပုလိပ်သုံးလေးယောက် ကျဆုံးခဲ့သော်လည်း ကျန်စစ်ပုလိပ်တို့၏ သေနတ်ကြေ နှစ်ဦးစလုံး ဒဏ်ရာရလေတော့သည်။

"ဟား...ဟား...ဖားတုလို့ ခရုခုန် အိုက်ပျက်ရှာ တော့မပေါ့ ဝဏ္ဏရာ။ ဘာမှမပူပါနဲ့။ မင်းကို ဒဏ်ရာ မထားခဲ့ပါဘူး။ မင်းကို နှတ်ပြည်ပို့ပြီး မင်းနေးကို စောင့်ရောက်လိုက်ပါမယ်။ ဟေ့...တောထဲဝင်ပြေးတဲ့ အမိန့်ယောက်ျားကြီး လိုက်ကြစမ်း။ အရှင်လိုချင် ဟေ့ ဟု အမိန့်ပေးလေရာ ပုလိပ်နှစ်ဦးလည်း အ ကာ တောထဲ ပြေးဝင်ဖို့ ခြေလှမ်းကြလေ၏။

သစ်ပင်ကွယ်မှ ချောင်းကြည့်နေသော မယ်တ သားအမိမှာ ကြောက်ကြောက်နှင့် ထွက်ပြေးရန် လေ၏။ ချက်ချင်း မပြေးနိုင်သေးဘဲ ဦးဝဏ္ဏထံ လှမ်း မိလေရာ မောင်မောင်တုတ်သည် ခြောက်လှုံးပြူးသေနတ် ဦးဝဏ္ဏနှင့် ဖိုးမောင်တို့အား ပစ်သတ်လိုက်သည့် အော် မြင်ကွင်းကို မြင်လိုက်ကြရလေတော့၏။

ပုလိပ်နှစ်ဦးမှာလည်း သားအမိနှစ်ဦးထံ နီးကပ် ဖြစ်လေရာ ရုတ်ခြည်းထပြေးကြရလေတော့၏။ ရိပ်ခ သွားသော ပုလိပ်များက အတင်းတောတိုးလိုက်လေရာ ရင်းနှင့် သားအမိနှစ်ဦး လူချင်း ကွဲသွားကြရပြန် ပုလိပ်နှစ်ဦးသည် ပုန်းနေသည့် မယ်တင်အား သွားပြီး တစ်ဦးက စောရန်အောင်လေးအား ဆက် ရှာဖွေလေ၏။

နောက်က ပုလိပ်လိုက်လာသဖြင့် စောရန်အော သည် ပြေးလွှားရလေရာ တောနက်ထဲ ရောက်မှန်း ရောက်ရှိသွားလေ၏။ ဖခင်၏ အဖြစ်ဆိုးကို ယူကျုံး ၍မှ မဆုံးသေး မိခင်မှာလည်း ဘယ်ဆီရောက်၍ သ နေသည်ကို မသိရရှာဘဲ ရှိလေ၏။

ကြီးတုပ်ဖမ်းဆီးခေါ်ဆောင်ခံရသော မယ်တ လည်း ချစ်လင်၏ အဖြစ်ဆိုးကို ကြည့်ကာ ယူကျုံ ချုံးပွဲချ ငိုလေတော့၏။

ရာဇဝတ်အုပ် မောင်မောင်တုတ်က-

"ငိုမနေနဲ့ မယ်တင်ရယ်။ ဝဏ္ဏမရှိတော့ပေမယ့် ရှိပါသေးတယ်"

ဟု အနားကပ်ကာ မျက်နှာပြောင်တိုက် သ

www.burmeseclassic.com

www.burmeseclassic.com

ပါး ပြောလေရာ မယ်တင်က-

"ထို"ခနဲ တံတွေးဖြင့် လှမ်းထွေးလိုက်လေ၏။

မျက်နှာမှ တံတွေးစက်များကိုသုတ်ရင်း မောင်မောင်ကို-

"ဟင်း..ဟင်း..မယ်တင်၊ မင်းဟာ ငါ့လက်ခုပ်ထဲက ရေငါကွ။ ငါ သွန်ချင်သွန်မယ်၊ သောက်ချင်သောက်မယ်။ ဟဲ့..မင်းကိုတော့ မသွန်ရက်ပါဘူး။ သောက်သုံးမှာ ဟား..ဟား..ဟား"ဟု ပြောဆိုရယ်မောနေလေ၏။ မယ်တင်မှာကား အံတကြိတ်ကြိတ် ရှိနေလေတော့၏။

♦♦♦

စောနက်ထဲ ပြေးလာရသော စောရန်အောင်လေးသည် အနှန်းလှသဖြင့် ကောင်းစွာမလှုပ်ရှားနိုင်သလိုဖြစ် နေလေ၏။ နောက်မှလိုက်လာသည့်အသံကို နားစွင့်ရာ မကြားသဖြင့် ကျောက်တုံးကြီးတစ်တုံးမှာမှီကာ နားနေမိလေ၏။ ရေတစ်လှသဖြင့် ရေရှိလိုရှိငြား ဘေးဘီဝဲယာသို့ ကြည့်ရာ ကျောက်ဂူဝကြီးကို တွေ့ရပြီး ရှေ့နားတွင် ကျောက်ကြီးတစ်ချပ် တွေ့ရလေ၏။

စောရန်အောင်လည်း ထိုကျောက်ဖျာကြီးဆီသို့ တရွေ့ရွေ့ အားယူတိုးကပ်သွားလေ၏။ အနားရောက်လေသော ကျောက်ဖျာပေါ် ကုတ်တက်၍ ဝမ်းလျားမှောက်လျက် အောဖြေရင်း မှေးခနဲ အိပ်ပျော်သွားလေတော့၏။

ထိုစဉ် နောက်မှလိုက်လာသော ပုလိပ်သည် တောချုံအတွင်းကွယ်မှအထွက် ကျောက်ဖျာပေါ်မှ စောရန်အောင်အား မြင်လေသော် သေနတ်ဖြင့် ထိုးချိန်လိုက်လေ၏။ စောရန်အောင်လေးမှာ ဘာမှမသိဘဲ မောမောနှင့် အိပ်ပျော်နေဆဲ ရှိချေ၏။

ပုလိပ်သည် စောရန်အောင်လေး ငြိမ်သက်နေသဖြင့် သေနတ်ဖြင့် မပစ်သေးဘဲ တရွေ့ရွေ့ တိုးကပ်လာလေ၏။ ပစ်မှတ်အကြိမ်မှာ လက်ရဖမ်း၍ ကြိုးတုပ်ခေါ်ဆောင်သွားရန် ရည်ရွယ်လေ၏။ ထိုအကြံဖြင့် သေနတ်ကိုလွယ်ကာ မားကိုထုတ်ကြိုးခွေကိုကိုင်ရင်း တရွေ့ရွေ့ ချဉ်းကပ်နေလေ၏။

"ဂျွီး"

ရုတ်တရက် နှာမှုတ်သံကြောင့် ပုလိပ်သား လန့်သွား ကြည့်လိုက်ရာ ဧရာမငန်းမြွေကြီးတစ်ကောင်က သူ့ရှေ့ ခေါင်ဆို့ကာ ပါးပျဉ်းထောင်လျက် ရှိလေ၏။ ပုလိပ်သား မျက်လုံးပြူးလျက် သေနတ်ကို ဖြုတ်ယူရန် လှုပ်ရှားသည်နှင့် ငန်းမြွေကြီးက ပေါက်ချလိုက်လေတော့၏။

"အား..."

ပုလိပ်သားခမျာ အားခနဲအော်၍ လဲကျသွားပြီး တုတ်တုတ်မျှ မလှုပ်နိုင်တော့ပေ။ ပုလိပ်သား လဲကျသွားမှ မြွေကြီးက ကျောက်ဖျာထက်ရှိ စောရန်အောင်ကို လှမ်းကြည့်လေ၏။ ထို့နောက် တရွေ့ရွေ့ဖြင့် ကျောက်ဖျာပေါ်သို့ တက်လေ၏။ ကျောက်ဖျာထက်ဝယ် နောက်လျက်သားရှိနေသော စောရန်အောင် ဘေးၭ ခွေနေလေတော့၏။

စောရန်အောင်သည် ထိုအဖြစ်များကို ဘာမှမသိဘဲ အိပ်ပျော်သွားရာ တစ်နာရီခန့် ကြာသွားလေ၏။

သတိရ၍ မျက်လုံးအသာဖွင့်ကြည့်သော် သူ့ဘေးမှာ ခွေနေသော မြွေကြီးကို တွေ့လိုက်ရသဖြင့် "အစ်မ"ဟု တိုးတိုးခေါ်လိုက်မိလေ၏။ မြွေကြီးက အခွေပေါ် ဧေးတင်ထားသည့် ခေါင်းလေးကိုတွန့်ကာ လျှာထုတ်ပြလေ၏။

စောရန်အောင်လေးက မြွေကြီးခေါင်းကို ပွတ်သပ်၍-

"အစ်မနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ အစ်မရယ်။ အားတွေလည်း ရှိလိုက်တာ။ တကယ်ကို ခွန်အားတွေ တိုးလာသလိုပါပဲ"ဟု တဖွဖွပြောလေ၏။

ပြောမယ့်သာ ပြောရသော်လည်း ရေတစ်လွန်းလှသဖြင့် အာခေါင်များခြောက်ကာ စကားသံက ဗလုံးဗထွေး ဖြစ်နေလေ၏။

မြွေကြီးက စောရန်အောင်အား တစ်ချက်ကြည့်ကာ ကျောက်ဖျာထက်မှ လျှောဆင်းသွားလေ၏။ ကျောက်ဂူအတွင်းသို့ သွားနေရာမှ စောရန်အောင်ကို တစ်ချက်လှည့်ကြည့်ပြီး စောင့်နေလေရာ စောရန်အောင်လည်း အသာဆင်းလိုက်သွားလေတော့၏။

မြွေကြီးဝင်သွားရာ ကျောက်ဂူသည် အလင်းရောင်နည်းလျက် မှောင်ဝါဖြစ်နေလေ၏။ မြွေကြီးသည် လှည့်ကြည့်,လှည့်ကြည့်နှင့် ဝင်သွားရာမှ တစ်နေရာ၌ရပ်နေကာ စောရန်အောင်အား စောင့်ကြည့်နေ၏။ 'မှောင်ဝါဝါဝူထဲ မြွေကြီးမျက်လုံးနှစ်စုံက 'ဗင်းလက်စူးရှလျက် ရှိချေ၏။

စောရန်အောင်က မြွေကြီးနား ကပ်သွားရာ မြွေကြီး ဘေးရှိ ကျောက်ခွက်ထဲတွင် ရေအပြည့် တွေ့ရသဖြင့် အားရပါးရ လက်ခုပ်ဖြင့် ယူကာ သောက်မိလိုက်လေ၏။ ထို ကျောက်ခွက်ထဲသို့ အပေါ်ကျောက်ဂူဆီမှ ရေစက်များ တစ်စက်ချင်း ကျလျက်ရှိလေ၏။

စောရန်အောင်သည် ထိုရေကို သောက်ပြီးသည့်နောက် အိပ်ချင်သလိုဖြစ်လာရာ ဂူပြင် ပြန်ထွက်လျက် တောကျွဲ

www.burmeseclassic.com

ပေါ် အိပ်ချလိုက်လေတော့၏။ ထပ်မံအိပ်ပျော်သွားရာ အတော်ကြာမှ နိုးလေ၏။

ထူးလေစွ။ နိုးလာသော စောရန်အောင်သည် တစ်ကိုယ်လုံး ပေါ့ပါးလျက် အားအင်များ ပြည့်ဝနေသလို ခံစားရလေ၏။ တကယ်လည်း အားအင်များ ပြည့်ဖြိုးနေလေ၏။

စင်စစ် စောရန်အောင် ရေငတ်ငတ်နှင့် သောက်ခဲ့မိသော ကျောက်ခွက်ထဲမှ ရေများမှာ ကျောက်သွေးများသာ ဖြစ်လေ၏။ ကျောက်သွေးရှိရာကိုသိသော မြွေကြီးက ခေါ်ယူပြီး ပြသကာ သောက်စေခဲ့ခြင်းပင်။ ထိုကျောက်သွေး၏ အာနိသင်ကား အသက်ရှည်၍ အားအင်များကို အထူးတိုးပွားစေလေ၏။

သို့သော် သူသောက်ခဲ့သော ရေများမှာ ကျောက်သွေးများဖြစ်မှန်း စောရန်အောင် မသိခဲ့ပါချေ။

အခန်း(၆)

သံယောဇဉ်လွန်ပွဲ

သစ်ပင်ချုံနွယ်ပိတ်ပေါင်း ထူထပ်လှစွာသော တောကြီးမျက်မည်းထဲဝယ် ကျေးငှက်သံများက ညံစာလျက် ရှိလေ၏။ တောမှိရသေ့ကြီး ဦးဒီဗွသည် ကျောက်တောင်နံရံမှ သဘာဝဝိုလေးဝယ် တင်ပျဉ်ဖွဲ့ခွေထိုင်လျက် မျက်စိစုံမှိတ်ကာ တရားရှုမှတ်လျက် ရှိလေ၏။

ရသေ့ကြီး၏ အမြင်အာရုံထဲဝယ် မောင်နှမနှစ်ယောက်သည် လက်ဆွဲကာ ပြေးလာလျက် အမောတကောလျှောက်ထားသည်ကို မြင်နေကြားနေမိလေ၏။

'ဘရသေဘုရား...တပည့်တော်မရဲ့မောင်လေးကို အပ်နှံခဲ့ပါရစေ။ ကြည့်ရှုစောင့်ရှောက်တော်မူပါဘုရား' ဟူ၍ လျှောက်ထားပြီး ဆယ့်နှစ်နှစ်အရွယ် ယောကျ်ားလေး တစ်ဦးအား ထားရစ်ကာ ထွက်သွားလေတော့၏။

ထွက်သွားသော ဒကာမလေးမှာ သွားရင်း ငန်းမြွေကြီး ဖြစ်သွားလေ၏။ ကောင်လေးကမူ မင်းသားလေးတစ်ပါးနှယ် မင်းသားလေးလို အဝတ်အစားများဖြင့် ကျွန်ခဲ့လေ၏။

မတ်တတ်ရပ်ကာ ရှိခိုးဦးတင်နေသော ကောင်လေးကို ရသေ့ကြီးက သေချာကြည့်ရာ ကြည့်နေရင်းပင် မင်းသားလေး၏ရင်ဘတ်မှ ပန်းနုရောင်ပိုးအင်္ကျီလေးသည် ကွဲသွားပြီး ရင်ညွန့်မှ အမှတ်တစ်ခုကို မြင်လိုက်ရလေ၏။ ထိုအမှတ်မှာ ပါးပျဉ်းထောင်နေသော မြွေရုပ်လေးပင် ဖြစ်သတည်း။

ရသေ့ကြီးဦးဒီဗွသည် တရားထိုင်နေရင်း ပေါ်လာသော ထိုအမြင်အာရုံများကို ဖျောက်ပစ်ပြီး တရားကိုသာ အာရုံစိုက် ရှုမှတ်နေမိလေတော့၏။ အတန်ကြာအောင် တ ရှုမှတ်နေပြီး ဖြုတ်ဆို မျက်လုံးဖွင့်ကြည့်လိုက်ချိန်မှာ ရသေ့ကြီးဦးဒီဗွရှေ့မှာ ဆယ့်နှစ်နှစ်အရွယ် စောရန်အောလေးနှင့်တကွ ငန်းမြွေကြီးကို တွေ့လိုက်ရလေတော့၏

ရသေ့ကြီးလည်း သက်မ,ကိုချ ခေါင်းကိုညိတ်စောရန်အောင်လေးအား ခေါ်လိုက်လေ၏။

'ဇာ..လာ..ငါ့မြေး၊ ဘာမှမကြောက်နဲ့။ ဘရှိတယ်'ဟု ခေါ်သဖြင့် စောရန်အောင်လေးသည် ရသေ့ထံပါးသို့ ကပ်သွားလေတော့၏။

ငန်းမြွေကြီးကမူ အခွေပေါ် ခေါင်းတင်လျက် မသုန် ကြည့်နေလေ၏။

ရသေ့ကြီးက မြွေကြီးကို ကြည့်ကာ-

'အင်း..ဒကာမလေးရဲ့ သံယောဇဉ်ကလည်း ကြီးလှပါပေတယ်။ ဒီသံယောဇဉ် ရစ်နှောင်မှုတွေကြောင့် ပူဆွေးသောက ဗျာပါဒတွေ ဖြစ်နေကြရတာပေါ့။ ကိုင်ဒီကလေးအတွက် စိတ်ချလက်ချသာ ထားခဲ့ပေတော့ ဘရသေ့ စောင့်ရှောက်ထားလိုက်ပါ့မယ်'ဟု ပြောလေ မြွေကြီးသည် အခွေပေါ်မေးတင်ကာ ဦးခေါင်းမော့၍ ထောင်နေဘိသကဲ့သို့ ရှိလေ၏။

'ကဲ..လာ..လူလေး၊ ဝူတွင်း သွားစို့။ အထဲမှာ သီးဝလံတွေ ရှိလေရဲ့။ စားရအောင် ဝင်စို့'ဟု ခေါ်သော်လည်း စောရန်အောင်လေး မဝင်,မလိုက်နိုင်ဘဲ မြွေကို တွေကြည့်လျက် ရှိလေ၏။ မြွေကြီးကလည်း စောအောင်လေးကို တွေကြည့်နေဘိသကဲ့သို့သာ ရှိချေ၏။

ရသေ့ကြီးက ခေါင်းတဆတ်ဆတ် ညိတ်ရင်း-

'ဒကာမလေး..နောက်ဆံမတင်းနေပါနဲ့။ ကိုယ့်ကိုယ်သွားပါ။ ဒီကလေးအတွက် စိတ်ချသွားပါ'ဟု ဆိုသော် မြွေကြီးသည် အခွေကို မဖြေချင်သလို ဖြေလျက် ထွက်ခွာသွားရန် ပြင်လေတော့၏။

တရွေ့ရွေ့ ထွက်ခွာသွားသော မြွေကြီးအား မသုန်ကြည့်ရင်း စောရန်အောင်လေးက ကြေကြေပြုံ ခေါ်လိုက်လေ၏။

'မမ'

ကြေကွဲစိုနှင့်သော ခေါ်သံကြောင့် မြွေကြီးက ရပ် ကာ ခေါင်းလှည့်လာလေ၏။ ရသေ့ကြီးက-

'ဒကာမလေး...ကိုယ့်ခရီး ကိုယ်သွားပါ။ ကျွန် စေ၊ ချမ်းသာပါစေ၊ ဘေးရန်ကင်းရှင်းပါစေ'ဟု မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ဆူတောင်းပေးလေသော် မြွေကြီးက ကိုယ့်ခရီးကိုယ် ဆက်သက်ထွက်ခွာသွားလေ၏။

ရသေ့ကြီးက စောရန်အောင်လေးကို လက်ဆွဲ၍ ဂူထဲသို့ခေါ်သွင်းရာ စောရန်အောင်က ရုတ်တရက် လက်ကိုဖြုတ်လာ မြွေကြီးနောက်သို့ ပြေးလိုက်သွားလေ၏။

မြွေကြီးနားသို့ စောရန်အောင် ရောက်လေသော် မြွေကြီးက နောက်လှည့်၍ ပါးပျဉ်းထောင်ကာ မာန်ဖီခြောက်ခြိမ်းလိုက်လေ၏။

မြွေကြီး၏ အပြုအမူကိုကြည့်ကာ စောရန်အောင်လေး လက်ထိုးပေးရင်း-

"မမပေါက်လို့ သေရမယ်ဆို မောင်လေး သေရဲပါတယ်။ ပေါက်လိုက်ပါ မမရယ်" ဟု သနားစဖွယ် ငိုပြောသော်လည်း မြွေကြီးသည် ချက်ချင်းပင် ခေါင်းထိုးကျ၍ တွန်းလိုက်ကာ စောရန်အောင်လေး၏ ခြေဖမိုးပေါ် ခေါင်းတင်ပြီးလေ၏။ စောရန်အောင်လေး၏ မျက်လုံးအိမ်မှ မျက်ရည်ပေါက်များက မြွေကြီး၏ ဦးခေါင်းပေါ်သို့ ကျလေရာ မြွေကြီးသည် ဦးခေါင်းမော့လျက် စောရန်အောင်၏ကိုယ်ကို ဝိုင်းပတ်၍ တက်နေလေတော့၏။

မြွေကြီး၏ဦးခေါင်းသည် စောရန်အောင်၏ ကုပ်ပိုးမှနေ၍ ပါးပြင်ဆီသို့သွား၍ ပွတ်သပ်လေရာ မျက်ရည်သုတ်ပေးနေသည်နှင်း သိသာလှပေ၏။

ရသေ့ကြီးလည်း ထိုမြင်ကွင်းကို့ကြည့်ကာ စိတ်ထောင်းသော်လည်း-

"လူလေး..မင်းအစ်မ ဖြောင့်ဖြောင့်သွားပါစေ။ ငိုမနေနဲ့တော့။ လူကလေး ရှေ့ရေးအတွက် ဘရသွေ့စီစဉ်ပေးပါ့မယ်။ ကဲ..ကဲ..စောနန်းဝေ၊ သင်သွားရမယ့် ခရီးကိုသာ ဆက်သွားပါတော့ကွယ်" ဟု ပြောလေရာ မြွေကြီးလည်း ခေါင်းပေါ်မှ လျှောဆင်းလေတော့၏။

ထို့နောက် တစ်ချက်မျှလှည့် မကြည့်ဘဲ ချုံများကြားသို့ ပြေးဝင်သွားလေတော့၏။

စောရန်အောင်လေးမှာမူ မတ်တတ်ရပ်၍ ငူငူကြီးသာ ကြည့်နေလေတော့သတည်း။

အခန်း(၇)

လူယုတ်မာမောင်မောင်တုတ်

"ဟား..ဟား..ဟား..လူယုတ်မာ မောင်မောင်တုတ် ကိုသားကိုလိုချင် သူ့လင်ဓားနဲ့ခုတ်၊ မဟုတ်တာ မလုပ်နဲ့၊ မြွေကြီးကိုက်လိမ့်မယ်။ ဟား...ဟား...ဟား" ဟူသော ရယ်မောသံနှင့် အော်သံကြီးကြောင့် ရာဇဝတ်အုပ် မောင်မောင်တုတ်မှာ မျက်စိမျက်နှာပျက်ကာ အံတကြိတ်ကြိတ် ရှိလေ၏။

အချုပ်ခန်းအတွင်းမှာရှိနေသော မယ်တင်ကား ဆံပင်များ ဖားလျားကျလျက် မျက်လုံးကြီးများပြူးကာ မောင်မောင်တုတ်အား စားတော့ဝါးတော့မလိုကြည့်လျက် ဆက်လက်အော်ပြန်လေ၏။

"လူယုတ်မာ မောင်မောင်တုတ်၊ မဟုတ်တာ မလုပ်နဲ့။ မြွေကြီးကိုက်လိမ့်မယ်။ အီး..ဟီး..ဟီး..ငါ့သားလေး ရှာပေး။ ငါ့သား မြွေမင်းသားလေးကို ရှာပေးကြပါ။ ဟီး..ဟီး"

အော်လည်းအော် ငိုလည်းငိုနေသော မယ်တင်ကိုကြည့်ကာ မောင်မောင်တုတ်နှင့်တကွ ပုလိပ်သားများမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြလေ၏။

တကယ်တော့ မယ်တင်ခမျာ သွေးပျက်ကာ ရူးသွပ်သွားရှာပြီ ဖြစ်လေ၏။ မောင်မောင်တုတ်လည်း မယ်တင်ကို အံတကြိတ်ကြိတ်ကြည့်ရင်း ကြံရာမရသည့်အဆုံး ပုလိပ်တစ်ယောက်အား တိုးတိုးကပ်အမိန့်ပေးလိုက်လေ၏။

မယ်တင် ရူးနေပြီဖြစ်သဖြင့် မောင်မောင်တုတ်လည်း မည်သို့မျှ မကြံတတ်တော့ဘဲ လွတ်ပစ်လိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေ၏။

မောင်မောင်တုတ်၏ အမိန့်အရ ပုလိပ်နှစ်ဦးက မယ်တင်အား အချုပ်မှထုတ်ကာ လမ်းဆီသို့ တွန်းထိုး

www.burmeseclassic.com

www.burmeseclassic.com

ပို့လိုက်လေ၏။

'ကျောင်း..ကျောင်း' ဟုလည်း ဂေါရာပုလိပ်က အော်လေ၏။

မယ်တင်က ပုလိပ်သားကိုကြည့်ကာ-

'ကျောင်းမယ်..ကျောင်းမယ်..ငါ ကျောင်းမယ်။ နင်တို့ကို မြွေကြီးကိုက်လိမ့်မယ်။ သတိထား။ ဟား..ဟားမ ဟား' ဟု အော်ဟစ်ကခုန်ကာ လမ်းဆီသို့ ထွက်သွားလေတော့၏။

လမ်းမကြီးပေါ်ရောက်သော် ဟိုဟိုဒီဒီကြည့်လျက်-

'ကျုပ်သားလေး..ကျုပ်သား မြွေမင်းသားလေးကို မတွေ့မိကြဘူးလားရှင်' ဟု သနားစဖွယ် မြည်တမ်းရင်း တွေ့ရာလူကို မေးမြန်းနေလေတော့၏။

လမ်းလယ်ခေါင်တွင် ဟိုမေးသည်မေး ရှိနေသော မယ်တင်အား လူအများက သနားသဖြင့် ဖေးမ,ပြောဆို ချော့မော့ကြလေ၏။ အစားအသောက်များ ပေးကမ်းကြလေ၏။

'တော်က..ဒါ လူယုတ်မာ ရာဇဝတ်အုပ် အမျိုးယုတ် မောင်မောင်တုတ်ကြောင့် ဖြစ်ရတာ' ဟူ၍လည်း ရင်ထုမနာ ပြောဆိုကြလေ၏။

ထိုအကြောင်းများအား မောင်မောင်တုတ်၏တပည့် လူမိုက်မြွေကြီးက တိုးတိုးကပ်ပြောလေရာ မောင်မောင်တုတ် က မြွေကြီးအား လက်ကုတ်လျက် မျက်ရိပ်ပြလိုက်လေ၏။ အဓိပ္ပာယ်မှာ သုတ်သင်ရှင်းလင်းပစ်ရန် ဖြစ်လေ၏။

ဘာမှ မသိရှာသော မယ်တင်ကတော့ လမ်းပေါ် လျှောက်သွားရင်း-

'ရူယုတ်မာ မောင်မောင်တုတ်၊ မဟုတ်တာ မလုပ်နဲ့။ မြွေကြီး ကိုက်လိမ့်မယ်' ဟူ၍လည်းကောင်း၊

'ကျွန်မသား မြွေမင်းသားလေးပါရှင်။ တွေ့ရင် ပြောကြပါ။ ဟီး..ဟီး' ဟူ၍လည်းကောင်း ပြောလိုက်ငိုလိုက် ရှိနေလေတော့၏။

မယ်တင် သွားရာနောက်သို့ တကောက်ကောက်လိုက် ကြည့်နေသူကား လူမိုက်မြွေကြီးပင် ဖြစ်တော့၏။ ညနေ အတော်လေးမိုးချုပ်လေသော် မယ်တင်သည် သုသာန်ဇရပ် ကြီးတစ်ဆောင်ပေါ်တက်လျက် ထမင်းထုပ်ကို ဖြေစားနေ လေ၏။

သစ်ပင်တစ်ပင်အောက်မှ ချောင်းနေသော မြွေကြီးက ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အချိန်ကို စောင့်လျက်ရှိလေ၏။ သူ့အကြံမှာ မယ်တင် အိပ်မှ ဓားဖြင့် ဝင်ထိုးသတ်ရန်ပင် ဖြစ်လေ၏။

လမိုက်ရက်မို့ ညက မှောင်မည်းလျက်ရှိလေရာ မြွေကြီး က ဓားကိုဆုပ်ကိုင်ရင်း ဇရပ်ဆီသို့ ခြေဖွတက်သွားလေ၏။ ညမှောင်မှောင်ထဲဝယ် မြွေကြီးသည် စမ်းတဝါးဝါးနှင့်ထင် မယ်တင် အိပ်နေရာနားသို့ ခြေသံမကြားရအောင် တိုးတိ သွားလေ၏။

'အား'

'ဂိုး'

ကျယ်လောင်လှသော အော်သံကြီးနှင့်အတူ ငှက်သံ ထိုးသံကြီးက သုသာန်တစ်ပြင်လုံး ညံသွားလေ၏။ ထို့နောက် ဇရပ်ပေါ်မှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများ ကြားလိုက်ပြီး ပြ လည်ငြိမ်သက်သွားလေ၏။

♦ ♦ ♦

မနက်မိုးလင်း၍ မျက်နှာသစ်နေသော မောင်မော တုတ်ထံသို့ ပုလိပ်သားတစ်ဦး ရေးကြီးသုတ်ပျာ ရောက်လာ ပြီး ဆလံပေးကာ အစီရင်ခံလေ၏။

'ရက်ဆား၊ မြွေကြီးအလောင်း သုသာန်ဇရပ်ပေါ် တွေ့ရတယ်လို့ သတင်းလာပို့သွားပါတယ်'

'ဘာ'

မောင်မောင်တုတ်ခမျာ ပါးစပ်အဟောင်းသား ပြ သွားရလေတော့၏။ ချက်ချင်းပင် အဝတ်အစားလဲ ပုလိပ်သားကိုခေါ်လျက် အော်စတင်ကားလေးဖြင့် သုသာ ဇရပ်ဆီသို့ မောင်းသွားလေတော့၏။

ဇရပ်ပေါ်ဝယ် ပုလိပ်တစ်စု မြွေကြီး၏ အလောင်းကို မှာ အလုပ်ရှုပ်နေကြလေ၏။ မောင်မောင်တုတ် လာသည်ကို မြင်သော် ကြိုဆိုပြီး သတင်းပို့ကြလေ၏။

'မြွေကြီး သေနေတာ တွေ့တဲ့သူက သတင်းလာ သိရပါတယ်။ စစ်ဆေးကြည့်တော့ ခြေထောက်မှာ ကော နေတဲ့ မြွေစွယ်ရာ တွေ့ရပါတယ်။ အလောင်းကလည် တစ်ကိုယ်လုံး ပြာနှမ်းနေပါတယ်'

'ဘာ'

မောင်မောင်တုတ်ခမျာ ဘာဟုဆိုရင်း ပါးစပ်အဟောင် သား ဖြစ်နေရလေတော့၏။ မျက်လုံးကြီးပြူးလျက် ဇရပ်နံရံတွင်ရေးထားသည့် စာတချို့ကိုမြင်သဖြင့် ပိုပြီး လန့်သွားလေ၏။

'မဟုတ်တာ မလုပ်နဲ့၊ မြွေကြီး ကိုက်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သတည်း။

မောင်မောင်တုတ်လည်း စိတ်ဆိုးမာန်ဆိုးဖြင့် သုသာန်အနှံ့ မယ်တင်အား ရှာစေရာ ခြေရာမျှပင် မတွေ့ရတော့ချေ။

'တောက်'

မောင်မောင်တုတ်သည် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ ရောပြွမ်းကာ တောက်ခေါက်လျက် ဇရပ်ပေါ်မှ ပြန်ဆင်းသွားပြီး ကားပေါ်တက် ဂူးခနဲမောင်းထွက်သွားလေတော့၏။

ထိုအချိန်မှစ၍ မယ်တင်ကိုလည်း လုံးဝရှာမတွေ့ရတော့ပါချေ။

ထိုမြို့လေးဦးမှူ မဟုတ်တာ မလုပ်နဲ့ မြေကြီးကိုက်လိမ့်ယောင်ဟူသော တဘောင်လိုလို စာလိုလို စကားအား ကလေးငွေးမှစ၍ လူရွယ်၊ လူကြီး မကျန်အောင် ပြောဆိုနေကြသတော့သတည်း။

အခန်း(၈)

သူနှစ်ယောက်နှင့် မြွေတစ်ကောင်

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်း နယ်မြို့လေးတစ်မြို့သို့ ထူးဆန်းသောလူသုံးယောက် ရောက်လာကြလေ၏။ တစ်ဦးကား ယောဂီရောဝတ်စုံဝတ်ထားကာ မုတ်ဆိတ်မွေး ဖြူရှည်ရှည်ကြီးနှင့် ခေါင်းပေါင်းဝယ် ဆံပင်ဖြူဖြူကို ထုံးတင်ထားလေ၏။ တောင်ဝှေးကို ကိုင်ထားပြီး လွယ်အိတ်ကြီးနှင့် ဖြစ်လေရာ ရသေ့လိုလို ဆာဒူးကြီးလိုလို ဖြစ်လေ၏။ အသက်အားဖြင့် ရှစ်ဆယ်ကိုးဆယ်ခန့်ရှိပြီး ဖြူဖြူသွယ်သွယ် ကိုယ်ခန္ဓာအချိုးအစား ရှိနေလေ၏။

ထိုပုဂ္ဂိုလ်ကြီး၏နောက်ဝယ် မည်းမည်းကြုတ်ကြုတ် လေကောင်းကောင်းနှင့် အသက်လေးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ဦးက မြွေပခြုပ်ကြီးထမ်းကာ လိုက်ပါလျက်ရှိလေ၏။

ထိုလူကြီး၏ဘေးမှာမူ သူတို့နှင့် လွန်စွာဆန့်ကျင်သော အသက်နှစ်ဆယ်ကျော် အစိတ်ခန့်သာ ရှိသေးသည့် ဖြူဖြူသွယ်သွယ် နှာတံကောင်းကောင်း လူငယ်လေးတစ်ဦး လိုက်ပါလျက်ရှိလေ၏။ လူငယ်လေးဆိုသော်လည်း ပါးမြိုင်းမွေးဖြူဖြူ၊ မုတ်ဆိတ်မွေးရှည်ရှည်နှင့် ဆာဒူးကြီးကဲ့သို့ပင် ဆံပင်ကို ထုံး၍ ခေါင်းထိပ်မှာ ထားလေ၏။ အဝတ်အစားမှာမူ သာမန်လူတစ်ဦးလိုသာ ဝတ်စားထားသဖြင့် သူ့အသွင်မှာ ထူးသည်း ပို၍ထူးခြားနေလေတော့၏။

ထိုသူသုံးယောက်တို့ မြို့လေး၏အလယ် ဈေးအနီး၌ရှိသော ထမင်းဆိုင်လေးတစ်ဆိုင်သို့ ဝင်ရောက်ကာ ထမင်းစားသောက်ကြလေ၏။

'ကိုင်း...အဘတာဝန်တော့ ကျေပါပြီ။ လူလေးကို ဗလကြီးက စောင့်ရှောက်သွားပါလိမ့်မယ်။ ဘယ်လိုမှ တားမရတဲ့ လူလေးရဲ့ ဖြစ်စေချင်တဲ့ဆန္ဒကို အဘ မတားတော့ပါဘူး။ လူလေးရဲ့ဆန္ဒတွေ ပြည့်တဲ့နောက် အဘဆီကို အကူးရောရိပ်ခိုဖို့ ပြန်လာပါလို့ပဲ မှာခဲ့ချင်ပါတယ်။ ဘာပဲလုပ်လုပ်၊ တယ်ပဲသွားသွား၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုတော့ မမေ့နဲ့ လူလေး'

'စိတ်ချပါ အဘ၊ အဘကို သား ကန်တော့ပါတယ်'ဟု ဆိုကာ လူရွယ်လေးက ထိုင်ကန်တော့၏။

ဗလကြီးကလည်း ထိုင်ကန်တော့ကာ-

'စိတ်ချပါ ဘရသေ့။ ဒီကလေးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သွားပါမယ်'ဟု ကတိပြုနေလေ၏။

ရသေ့ကြီးလည်း ခေါင်းညိတ်လျက် ဆုများပေးပြီး ထမင်းဆိုင်လေးထဲမှ တစ်ဦးတည်း ပြန်ထွက်သွားလေတော့၏။

ဗလကြီးနှင့် လူရွယ်လေးတို့မှာ ရသေ့ကြီး ပြန်ကွယ်သွားရာဆီသို့ လှမ်းမျှော်ကြည့်နေကြရင်း သက်ပြင်းအသီးသီး ချကြလေတော့၏။

ထိုရသေ့ကြီးကား ရသေ့ကြီးဦးဒီဗွဖြစ်သလို လူရွယ်လေးကား မြွေမင်းသားလေး စောရန်အောင်လေးပင် ဖြစ်လေ၏။ မည်းမည်းကြုတ်ကြုတ် လူဗလကြီးကား ဦးဗလဟူ၍ခေါ်ကာ မြွေဆရာ၊ သိုင်းဆရာကြီးတစ်ဦး ဖြစ်လေ၏။ ရသေ့ကြီးဦးဒီဗွ၏ တပည့်ရင်းလည်း ဖြစ်လေ၏။

စောနန်းဝေက မောင်လေးစောရန်အောင်အား ရသေ့ဆီ အပ်ခဲ့ပြီးနောက် ရသေ့ကြီးက တပည့်ဗလထံ သွားရောက်၍ စောရန်အောင်ကို အပ်နှံခဲ့လေ၏။ မြွေပညာ၊ သိုင်းပညာတို့ကိုလည်း သင်ကြားပေးစေခဲ့လေ၏။ စောရန်အောင်လေးသည် နဂိုက မြွေဝင်စားဖြစ်သည့်အားလျော်စွာ မြွေများကို ချစ်ခင်လေ၏။ မြွေများကလည်း သူ့ကို ချစ်ခင်မှု ပြသကြလေ၏။

အသက်ဆယ့်နှစ်နှစ်သားခန့်က ဦးဗလထံ ရောက်ခဲ့သော စောရန်အောင်သည် ဆယ်နှစ်ခန့် ဦးဗလထံတွင် အတူနေထိုင်ခဲ့ပြီး အသက်နှစ်ဆယ်ကျော်တွင် သွေးကလဲစား စကားကို ဆိုလေ၏။

'ဦးဗလ ကျွန်တော့်မျက်လုံးထဲမှာ အဖေ့ကိုသတ်ဖို့ မောင်မောင်တုတ်ဆိုတဲ့မျက်နှာကြီး ပေါ်ပေါ်နေတယ်။ သူ့ကို

www.burmeseclassic.com

ကလဲ့စားချေဖို့ အချိန်ကျပြီ ထင်တယ်'

ဟု ပြောလေရာ ဦးဗလက-

'အိမ်း.. ဒီကိစ္စကို ငါတော့ မဆုံးဖြတ်ဝံ့ပေဘူး။ ဘရသေ့ဆီ လျှောက်ထားမှ ဖြစ်လိမ့်မယ်' ဟု ဆိုကာ တောတွင်းရှိ ဘရသေ့ထံသို့ သွားရောက်၍ အကျိုးအကြောင်း လျှောက်ထားကြလေ၏။

ဘရသေ့က ခွင့်မပြုလိုသော်လည်း တားမရသဖြင့် ဥပေက္ခာပြုနေလိုက်လေတော့၏။ သူတော်စင်တစ်ပါးအနေဖြင့် ကလဲ့စားချေခြင်းကို ခွင့်ပြုရန် မသင့်၍ ဘာမှမပြောတော့ဘဲ ဆိတ်ဆိတ်နေလိုက်ခြင်း ဖြစ်လေ၏။

တောတွင်းမှ အပြန်ခရီးတွင် ရသေ့ကြီးက ချဉ်ဆားသိမ်းရန် လိုက်လာခဲ့ခြင်းဖြစ်ပြီး အထက်ဖော်ပြပါအတိုင်း ထမင်းဆိုင်မှ လှည့်ပြန်သွားခြင်း ဖြစ်ပေ၏။

သူတို့၏ခရီးတွင် ထူးထူးခြားခြားပါလာသော ပခုံးပ်ကြီးအတွင်းဝယ် ငန်းမြွေကြီးတစ်ကောင် ရှိလေ၏။ ထိုငန်းမြွေကြီးကား စောနန်းဝေပင် ဖြစ်တော့၏။

စောရန်အောင်တို့ ခရီးထွက်အံ့ဆဲဆဲ ညတစ်ညတွင် စောရန်အောင် အိပ်မက်,မက်လေ၏။

ထိုအိပ်မက်ထဲတွင် အစ်မစောနန်းဝေက-

'မောင်လေးသွားမယ့်ခရီးဟာ ကြမ်းတမ်းပြီး အန္တရာယ်များလှပါတယ်။ ခရီးက ဘယ်ကစပြီး ဘယ်မှာဆုံးမယ် မရေရာတော့ စရိတ်လိုပါလိမ့်မယ်။ လမ်းခရီးမှာ မောင်လေးတို့ မမကို မြွေအလမ္ဘာယ်ပြပြီး စရိတ်ရှာကြပါ။ မမ လူတွေသဘောကျအောင် ကပြပါ့မယ်' ဟူ၍ ပြောလေ၏။

တကယ်လည်း သူတို့ ခရီးထွက်အံ့ဆဲဆဲတွင် သွားမည့်လမ်း၌ ခွေခွေကြီး လာခွေနေလေ၏။ သို့နှင့် ငန်းမြွေကြီးပါ ပခုံးပ်ထဲထည့်၍ ယူဆောင်လာရခြင်း ဖြစ်လေတော့၏။

ထမင်းဆိုင်လေးဝယ် ကျန်ခဲ့သော ဦးဗလကြီးနှင့် စောရန်အောင်တို့ကိုကြည့်၍ ဆိုင်ရှင်အဘွားကြီးက စပ်စုလေ၏-

'ဆရာကြီးတို့က မြွေဆရာတွေလား'

'ဟုတ်ပါ့၊ မြွေလမ္ဘာယ်ဆရာတွေ ဆိုပါတော့'

'ပခုံးပ်ထဲကဟာ ဘာမြွေလဲ'

'ငန်းမြွေလေ၊ အဆိပ်ပြင်းတယ်'

'အဆိပ်ထုတ်မထားဘူးလား'

'ဟင့်အင်း၊ မယုံရင် အကိုက်ခံကြည့်လေ'

ဦးဗလကြီးစကားကြောင့် ဆိုင်ရှင်အဒေါ်ကြီး တွန့်သွား၏။ သို့သော် ဆက်၍ လျှာရှည်နေသေး၏။

'ရှင်တို့မြွေကို ကြည့်ထားဦးနော်။ တော်ကြာ ထွေလာမှ ပြဿနာဖြစ်နေဦးမယ်'

'မဖြစ်ပါဘူးဗျာ။ ကျွန်ုပ်တို့မြွေက လိမ္မာပြီးသားလေ။ ထွက်ဆိုမှ ထွက်တာဗျ'

'ဟုတ်လား၊ ဒါဆိုရင်လည်း ထွက်ခိုင်းပါဦး။ ကြည့်အောင်'

ထမင်းဆိုင်ရှင် အဒေါ်ကြီးက တောင်းဆိုသဖြင့် ဦးဗလက စောရန်အောင်ကို မျက်ရိပ်ပြလိုက်၏။

စောရန်အောင်က ပခုံးပ်ကိုကြည့်ကာ-

'မမရေ..ထွက်ခဲ့ပါဦး' ဟု ဦးစွာ စိတ်ထဲကပြောပြီး အသံထွက် ခေါ်လိုက်လေ၏။

မြွေများသည် နားမပါသဖြင့် အသံမကြားသော်လည်း စိတ်ဖြင့် သိနိုင်လေ၏။ စောရန်အောင်ကခေါ်သဖြင့် ပခုံးထဲမှငန်းမြွေကြီး ခေါင်းထောင်ထလာလေ၏။ ပါးပျဉ်းခြင်းခွက်ကာ မလွှဲမယွင်ရှိလေ၏။

ဆိုင်ရှင် အဒေါ်ကြီးက မျက်လုံးပြူးကာ-

'အမယ်လေး..ကြောက်စရာကြီး၊ ပြန်သွင်းထားလိုက်ပါတော့'

ဟု ပြောလေရာ စောရန်အောင်က-

'မမရေ..ပြန်ဝင်နေပါဦးဗျာ' ဟု ပြောလိုက်ရာ မြွေပါးပျဉ်းချကာ ပြန်ဝင်သွားလေ၏။

ဦးဗလနှင့် စောရန်အောင်တို့သည် ထမင်းဆိုင်စတည်းချလျက် ညနေပိုင်းတွင် မြွေအလမ္ဘာယ် ပြသကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးစွာ ပခြုပ်ကြီးကိုချ၍ တုတ်ဖြင့်ခြစ် စည်းဝိုင်းတား မြွေကြီးအား ထုတ်ယူပြီး စောရန်အောင်၏ကိုယ်ကို ထိတ်ထားစေ၏။ ဦးဗလကြီးက ပလွေတိုတစ်ချောင်းဖြင့် ရှင်း စောရန်အောင်ရှေ့မှ ယိမ်းနွဲ့ပြလေရာ မြွေကြီးက စောရန်အောင် ပခုံးထက်မှ ပါးပျဉ်းထောင်ကာ ယိမ်းနွဲ့နေ၏။

ထူးဆန်းသော ကြက်သီးထဖွယ်ဖြစ်သော မြင်ကွင်းကြောင့် လူများ ဝိုင်းလာကြလေ၏။ ဗလကြီးကလည်း သွေးတုတ်လိုက်၊ အာပေါင်အာရင်းသန်သန်ဖြင့် ပြောလိုက်လေ၏။

'ဒီမြွေကြီးဟာ သာမန်မြွေ မဟုတ်ပါဘူး။ သာသနာတော်ရဲ့ မြွေကြီးပါ။ မြွေကြီးဟာ စောနန်းဝေလို့ ခေါ်ပြီး ရန်ပတ်ထားတဲ့ လူငယ်လေးက သူမောင်ငယ် မြွေမင်း စောရန်အောင် ဖြစ်ပါတယ်။ ကဲ..စောနန်းဝေရေ၊ ကောင်လေးကိုချစ်ရင် နမ်းပြလိုက်ပါဦး'

ဟု ဗလကြီးက ပြောလေသော် စောရန်အောင်က ရှက်စိတ်ထဲမှ-

'မမရေ..နမ်းပြပါဦးဗျ'ဟု ပြောလိုက်သည်ဖြစ်ရကား မြွေကြီးက စောရန်အောင်၏ပါးပြင်ကို အသာတို့၍ နမ်းလေ၏။

ဗလကြီးက 'ဟုတ်ပါပြီ စောနန်းဝေရေ၊ ဘယ်ပါးပြီး ပါးလေး ပြောင်းနမ်းလိုက်ပါဦး'ဟု ဆိုလေရာ စောရန်အောင်က စိတ်ထဲမှ လိုက်ပြောရလေ၏။

မြွေကြီးကလည်း ညာဘက်ပါးကို ပြောင်းနမ်းပြလေသဖြင့် မြွေကြီးက စောရန်အောင်ကိုယ်ပေါ်မှ လျှောဆင်းကာ စည်းဝိုင်းအတွင်းမှ ပြန့်ကျဲနေသော ငွေဖများကို တံမြက်စည်းလှည်းသလို ခေါင်းဖြင့်တိုက်၊ အပြီးဖြင့်တိုက်၍ ဝိုင်းလယ်သို့ စုစည်းပေးလေ၏။

'ဖြောင်း..ဖြောင်း..ဖြောင်း'

ဝရီသတ်၏ လက်ခုပ်သံများ ညံသွား၏။ စည်းဝိုင်းပတ်ပတ်လည်းသို့လည်း ငွေအကြွေစများ ပစ်ချပေးကြလေ၏။

ဗလကြီးက ပြကွက်ပြောင်း၍-

'ကဲ..စောနန်းဝေရေ၊ မောင်လေး နေပူလို့ ထီးမိုးပေးပါဦး'ဟု ပြောပြန်လေရာ စောရန်အောင်က စိတ်ဖြင့်သဖြင့် မြွေကြီးက သူခေါင်းပေါ် ပါးပျဉ်းမိုးပြလေ၏။

ဝရီသတ်လည်း များစွာသဘောကျပြီး ငွေအကြွေများ ထည့်ကြပြန်လေ၏။

ဝိုင်းထဲ၌ ငွေများ အတော်ရနေသောအခေါ် ဗလကြီး-

'ကဲ..ဝိုင်းထဲကငွေတွေ ဆင်းသိမ်းလိုက်ပါဦး'ဟု ပြော

ပရိသတ်လည်း သဘောအကျကြီးကျကြလျက် ငွေများ ထပ်မံပစ်ပေးကြပြန်ရာ ဗလကြီးကလည်း ဟောက်သိမ်းမခံတသဲသဲ ရှိလေတော့သတည်း။

အခန်း(၉)

ကျိန်စာလေလား၊ တဘောင်လား

(ဤနေရာတွင် သုသာန်ဇရပ်ကြီးမှ လူဖိုက်ကြီးခြင်းသီး၏ လုပ်ကြံခံရမှုဘေးမှ လွတ်ခဲ့ပြီး ဆယ်နှစ်ဆယ်မိုး လျှောက်သွားခဲ့သော မမျှော်တင်၏အကြောင်းကို ဖော်ပြရန်လိုမည်ဖြစ်၍ ဖော်ပြပေးလိုက်ပါသည်။ စာရေးသူ)

သုသာန်ဇရပ်ကြီးပေါ်ဝယ် မှောင်မှောင်မည်းမည်းထဲ အိပ်နေသည့် မယ်တင်အား လုပ်ကြံရန်ကပ်လာသည့် လူဖိုက်ကြီးမြသီးမှ ရုတ်တရက် မြွေတစ်ကောင်ကိုက်ခဲမှုကို ခံလိုက်ရပြီး လဲပြိုသေဆုံးခဲ့ရလေ၏။

မယ်တင်မှာမူ လဲပြိုသံကြောင့် လန့်နိုးသော်လည်း မှောင်မည်းနေသဖြင့် ဘာမှမမြင်ရပြီဖြစ်ရကား ထဘီခြုံလျက် ကွေးကွေးလေးသာ ဆက်အိပ်နေလေတော့၏။

မနက်လင်းအားကြီးတွင် နိုးလေရာ တောင့်တောင့်ကြီး သေသော မြသီးအလောင်းကို မြင်သဖြင့် 'အယုတ်တမာ တစ်ကောင်တော့ ကြွပြီ'ဟု မြည်တမ်းရင်း 'မဟုတ်တာ မလုပ်နဲ့၊ မြွေကြီး ကိုက်လိမ့်မယ်'ဟု ဆက်လက်ရေရွတ်ကာ ထပြန်ဖို့ ပြင်လေ၏။

မပြန်ခင် ပါးစပ်မှ 'မဟုတ်တာ မလုပ်နဲ့၊ မြွေကြီး ကိုက်လိမ့်မယ်'ဟု အကြိမ်ကြိမ် ရေရွတ်ရင်း အနားမှ မီးသွေးခဲကို ကောက်ယူကာ ဇရပ်နံရံ၌လည်း စာတစ်ကြောင်းကို ရေးခြစ်သွားခဲ့လေ၏။

မယ်တင် ရေးသွားသော စာသည်ကား-

'မဟုတ်တာ မလုပ်နဲ့၊ မြွေကြီး ကိုက်လိမ့်မယ်'ဟူသော စာတန်းပင်တည်း။

ထို့နောက် မယ်တင်သည် ဇရပ်ပေါ်မှ ဆင်းလျက် ခြေဦးတည့်ရာသွားရင်း အသင့်တွေ့ရသောကားပေါ် တက်ထိုင်လိုက်သွားလေရာ တောမြို့လေးတစ်မြို့သို့ ရောက်သွားလေတော့၏။

ထိုမြို့လေးတွင်လည်း ဒေါ်မယ်တင်သည် မဟုတ်တာ

www.burmeseclassic.com

မလုပ်နဲ့ မြွေကြီးကိုက်လိမ့်မယ်ဟုလည်း ရွတ်ရင်း-

'ကျွန်မသားလေး မြွေမင်းသားလေးကိုများ မတွေ့မိကြဘူးလားရှင်' ဟု သနားစဖွယ် မေးမြန်းလှည့်လည်ရှာဖွေနေလေ၏။

တိုက်ဆိုင်သည်ဟု ဆိုရမည်လားမသိ၊ မယ်တင်သည် ထိုမြို့လေးသို့ရောက်ပြီး နှစ်ရက်ခန့်တွင် လယ်ရှင် ချစ်တီး တစ်ဦးသည် လယ်ကူလီ၏ သမီးပျိုလေးအား ကြွေးဖြင့် သိမ်း၍ ဖျက်ဆီးရန် ကြံစည်ခိုက် မြွေကိုက်ခံရပြီး သေလေရာ မြို့သူမြို့သားများမှာ အံ့သြကြရလေ၏။

'ဒါ ဟိုအရူးမကြီးရဲ့ အတိတ်တဘောင်ပဲ' ဟူ၍လည်း ကောင်း၊ 'အရူးမကြီးလား၊ ကဝေမကြီးများလားပဲ။ ဘာပဲဖြစ်ဖြစ် မဟုတ်တာ လုပ်တဲ့သူတွေ ကျိန်စာတိုက်တာပဲ ကောင်းတယ်' ဟူ၍လည်းကောင်း အသီးသီး ဝေဖန်ပြောဆို နေကြလေ၏။

'ဟား..ဟား..ဟား..လူယုတ်မာ မောင်မောင်တုတ်၊ မဟုတ်တာ မလုပ်နဲ့၊ မြွေကြီး ကိုက်လိမ့်မယ်'

အရူးမ မယ်တင်သည် ဤနည်းဖြင့် အရပ်တကာလှည့်လည်သွားလာရင်း ဤစကားများကို ထပ်တလဲလဲ ဆိုရုံတင်မက တွေ့ရာနံရံတွင် စာပါ ရေးသွားလေ့ရှိရာ သူပြောသည် ရေးသည်အတိုင်း ဖြစ်နေတတ်လေတော့၏။

'အရူးစကား မှန်တယ်ဟ၊ အရူးက တစ်မူးသာသွားဦး မဟုတ်တာလုပ်တဲ့ကောင်တွေ သေဟ' ဟူ၍လည်း ပြောစမှတ် ဖြစ်နေကြရလေတော့၏။

ထိုခေတ်အခါက မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အလယ်ပိုင်း ဒေသတချို့တွင် အရူးမယ်တင် ပြောဆိုရေရွတ်ခဲ့ ရှိသည့် 'မဟုတ်တာ မလုပ်နဲ့၊ မြွေကြီး ကိုက်လိမ့်မယ်' စသော စကားမှာ တဘောင်လိုလို၊ ကျိန်စာလိုလိုနှင့် ပြောလျက် ရှိကြလေတော့၏။

နေရာဒေသအတော်များများ၏ ဘုရားစောင်းတန်းများ ဇရပ်များမှာလည်း မဟုတ်တာ မလုပ်နဲ့ မြွေကြီး ကိုက်လိမ့်မယ်ဟူသော စာတန်းများကို တွေ့ကြရမည် ဖြစ်လေ၏။

မယ်တင်သည် ဤနည်းအားဖြင့် ဆယ်နှစ်ဆယ်ခြေသလုံးအိမ်တိုင် လှည့်ပတ်သွားလာ၍ သားတော်ရှာလျက် ရှိလေတော့သတည်း။

(ဆက်)

မောင်သွေး

မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ဆွမကျွေး အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရွသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခွ၊ ဝဲနှင်းခွ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမှုံများစေရ၊ ကုထုံးမများစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ။

အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

မကုသခင် လာရောက်ဆွေးနွေးပါ။

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉

www.burmeseclassic.com

www.burmeseclassic.com

သဒ္ဓမ္မဂရုန္ဒယ်ဝင် မော်ကွန်းတင်နှင့် ပတ်သက်မြားရတု ဂုဏ်ပူဇော တိုက်တွန်းနှိုးဆော်လွှာ

ရရှိုင်ပြည်နယ်၊ စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဒုတိယမြောက် ပုသိမ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)၏ သက်တော်(၈၀)ပြည့် ပတ်သက်မြားရတု ဂုဏ်ပူဇော အထိမ်းအမှတ် မဂ္ဂဇင်းနှင့်

သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်ကြီး၏ သဒ္ဓမ္မဂရုန္ဒယ်ဝင် မော်ကွန်းတင် စာအုပ်များကို သမိုင်းမှတ်တိုင် တစ်ခုအဖြစ် ထုတ်ဝေကြမည် ဖြစ်ပါ၍ သဒ္ဓမ္မဂရုန္ဒယ်ဖွား ရဟန်းသံဃာတော်များနှင့် တပည့်ဒကာ၊ဒကာမများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

၁။ ဘဒ္ဒန္တပဏ္ဍိတ
သာသနဟိတပရိယတ္တိစာသင်တိုက်
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၂၅၁၀၄၅၅၅၈၇

၂။ သုံးဆယ်ဆရာတော်
သုံးဆယ်ကျောင်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၄၈၀၂၄၃၃၇

၃။ ဦးဝဏ္ဏိတ
မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၇၃၀၄၅၁၀၉

မှတ်ချက် - အလှူငွေများကိုလည်း အထက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မျိုးကြိုး ခွေးတစ္ကောင္ ငါ့စုန်း

(အမရဌာနေ)

(တစ်)

နေညိုညို ညီအစ်ကိုမသိတသိ။

အောင်မြတ် ဘုရားရင်ပြင်ပေါ်ကနေ စောင်းတန်းတစ်လျှောက် လှေကားထစ်များအတိုင်း အပြေးတစ်ပိုင်းနှင့် ခပ်သွက်သွက်ဆင်းလို့လာခဲ့လိုက်သည်။ စောင်းတန်းနံဘေး တစ်ဖက်တစ်ချက်စီကို ကန့်ထားတဲ့ စိမ်းဖန့်ဖန့် ကျောက်နဂါးရုပ်ကြိုးများ၏ ကိုယ်လုံးကြီးတွေက အကွက်ကွက်နှင့် အရောင်တလက်လက် ထနေပြီး ဘုရားရင်ပြင်ထက်ရှိ အမြီးပိုင်းမှ တဖြည်းဖြည်း ဆင်းလာလေလေ ကိုယ်လုံးကြီးက ပိုပိုလို့ ကြီးရှာ၏။

စောင်းတန်းအောက်ဘက်ဆုံး တောင်ခြေရှိ စက်ပိုင်ခြမ်းပုံ ဖိနပ်ခုံကို ခြေချမိတော့ နဂါးကြီးနှစ်ကောင် ပါးစပ်ကြီးတွေထောင်ကာ ကျန်ရစ်သည်။ ရာသီဥတုက မွန်မိုင်နေ၏။ လေမတိုက်၊ နေရောင်မမြင်ရ မှုန်ဝါးဝါးအလင်းရောင်အောက်တွင် အောင်မြတ်ကို အသင့်စောင့်ကြိုလို့သည်က သူရဲ့အရပ်တမျှ ထွားကျိုင်းလှသည့် ခွေးနက်ကြီး

ချွန်မြရှည်လျားသော သွားစွယ်များ ဖြူဖွေးသောသွားများနှင့် အနက်နရောင်သန်းနေသည့် သွားဖုံးကြီးနှစ်ခု ဖြဟလို့ ထွာဆိုင်ခန့်ရှိ နီတွာတွာနှင့် တန်းလန်းကျနေသော လျှာကြီးက တလှုပ်လှုပ်တယမ်းယမ်း။ နားရွက်တစ်ခုလည်း တင်းတင်းထောင်လျက် နီရဲစူးတောက်သော မျက်လုံးများက သူ့ကို စူးရဲစွာ စိုက်ကြည့်လို့နေ၏။ တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

နက်ပြောင်နေသော အမွေးကြမ်းများ၊ တစ်စုံတစ်ယောက်၏ လက်ချက်ကြောင့်ပေလော၊ ပင်ကိုမူလအတိုင်း လော်မသိ ဘုလုံးသဖွယ် အမြီးငုတ်တိုက တလှုပ်လှုပ်။ အောင်မြတ် ဆတ်ခနဲတုန်လှုပ်သွားသည်။ ကြက်သီးမွေးညင်းများက အချောင်းချောင်းထလို့လာ၏။

အောင်မြတ် အုတိဖိနပ်ခုံမှ လွှားခနဲ တစ်ချက်ခုန်လိုက်သည်။ ခွေးနက်ကြီးကလည်း ထက်ကြပ်မကွာ လှစ်ခနဲ ပြေးလိုက်၏။ အောင်မြတ် မလှုပ်ရဲတော့။ ခွေးနက်ကြီးကသည်း တဟဲဟဲအသံပြုကာ မလှုပ်မယှက်ရပ်လျက် သူ့ကို စိုက်စွာ ကြည့်လို့နေမြဲ။ အောင်မြတ်ရင်ဘတ်ထဲ တဒိန်းဒိန်း ဖြစ်လို့နေပေပြီ။ အားကိုးရလိုရငြား ဘေးဘယ်ညာ ကြည့်ကြည့်ပေမဲ့ နည်းနည်းလေးသော်မှပင် လှုပ်ရှားမှုကို မတွေ့ရ။

'ငါ ဘာလုပ်ရမလဲ'

အောင်မြတ် သူ့ကိုယ်သူ စိတ်ထဲမှာ အကြိမ်ကြိမ် မေးခွန်းထုတ်လို့နေမိသည်။ နဖူးပြင်တွင် ချွေးသီးချွေးပေါက်ဆို့နစ်၍လာ၏။ နောက်ဆုံး ဆုံးဖြတ်ချက်နှင့်အတူ အောင်မြတ် ခြေအစုံကို လှစ်ခနဲလှုပ်ရှားလိုက်သည်။ ရပ်ရောမှ တစ်ဟုန်ထိုး ပြေးကာထွက်၏။ မနားတမ်း ဆက်တိုက်ဆက်ကာပြေး၏။ မရိုး၊ အုန်းနဲ့၊ သဖန်း၊ ရေချမ်းယား၊ ကြာအောင်း စသည့် လမ်းဘေးဝဲယာမှ အပင်ငယ် အပင်ပုတွေ ရိပ်ခနဲ့,ရိပ်ခနဲ့ နောက်မှာကျန်ရစ်ခဲ့သည်။ တဟဲဟဲ ခွေးနက်ကြီးရဲ့ အသံကလည်း နောက်ဘက်က ကပ်လို့လာ၏။ စိတ်ထင်လို့ပေလောဟု အောင်မြတ် ငဲ့စောင်းကာ ကြည့်လိုက်သည်။ ဘုရား..ဘုရား၊ သူ့ရဲ့နောက်က ကပ်လျက် တကယ်လိုက်လာခြင်းပါပေတကား။

အောင်မြတ်ခြေအစုံကို လေအဟုန်သို့ တိုး၍မြှင့်လိုက်သည်။ ရင်ဘတ်ကြီးက ဖားဖိုကြီးထိုးသလို နိမ့်ချည်,မြင့်ချည်ဖြင့် အသက်ရှူသံက ပို၍,ပို၍ ပြင်းလို့လာ၏။ အောင်မြတ် မောလွန်းလှပြီဖြစ်ငြား မရပ်ရဲ။ ခွေးနက်ကြီး၏ရန်မှ လွတ်ရလေအောင် သူခြေထောက်တွေရဲ့ အမြန်နှုန်းကို ထပ်ထပ်၍ တင်လိုက်၏။ သို့သော် ခွေးနက်ကြီး၏ စာဟဲဟဲသံတွေက ယခင်အတိုင်းပင် နောက်နားမှာ ကပ်လျက်

ဟော..အောင်မြတ် ရုတ်တရက် မလှမ်းမကမ်းတွင် တွေ့လိုက်ရသည်က ကွပ်ပျစ်တစ်ခု။ ပြီးတော့ အောက်ခြမ်းကို ပါးပါးလှပ်ကာ အပေါက်ဖောက်ထားသည့် ဝါးပိုးဝါး ခေါင်းအုံးလေး။ အောင်မြတ် ဝမ်းသာအားရ ဝါးကွပ်ပျစ်ပေါ် လွှားခနဲခုန်တက်ကာ လှိမ့်ပစ်လိုက်သည်။ ခွေးနက်ကြီးကား ဝိုးခနဲ အောင်မြတ်ရဲ့အပေါ်မှ ခုန်ကျော်လို့သွား၏။

ရုတ်တရက် ဝဲဘက်လက်မောင်းဆီက ကျင်ခနဲဖြစ်သွားကာ ကျောကုန်းက မျက်တက်တက်နှင့် အောင့်လို့သွား၏။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ မည်းမည်းမှောင်လို့။ ပခုက္ကူချည်စောင်ပါးလေးက သူ့ရဲ့ခန္ဓာကိုယ်ကို ရစ်ပတ်လို့နေပြီး လူက အိပ်ရာခုတင်ဘေး အောက်ဘက် သစ်သားကြမ်းခင်းပေါ် ရောက်လို့နေသည်။ အိပ်မက်..အိပ်မက်ပဲ။ အောင်မြတ် လူးလဲကာ ထလိုက်သည်။

မလှမ်းမကမ်းရှိ ပြတင်းပေါက်ဆီတွင် ခန်းဆီးစပြာပြာလေးက တဖျတ်ဖျတ်လှုပ်ခတ်လို့နေကာ လေတဖြူးဖြူး တိုးဝင်လို့နေ၏။ ညဉ့်ဦးပိုင်းက ပြတင်းပေါက်မပိတ်ခဲ့မိတာကို သတိရမိသည်။

သူကိုဒုက္ခပေးနေသည့် သည်အိပ်မက်က ယခုအကြိမ်နှင့်ဆိုလျှင် သုံးကြိမ်တိုင်ခဲ့ပေပြီ။

(နှစ်)

'အဲဒါပဲ အဘွားရဲ့၊ သားသုံးခါရှိပြီ မက်တာ'

'ဟဲ့..မယ်တင်၊ မယ်တင်'

အဘွားဖြစ်သူ ဒေါ်ဖွားဆင့် သောက်လက်စ ပြောင်းဖူးဖက်လိပ်ကို ဒေါင်းမြီးဖြန့်စဉ် ဆေးလိပ်ခွက်အတွင်း ပြာချေရင်း လှမ်းကာအော်သည်။

'လာမယ်..လာမယ်၊ အစ်မ ဒီမှာတန်းလန်းမို့'

မီးဖိုခန်းဆီက ဝေ့ထွက်လာသည့် ဝက်သားဟင်းလေးအိုးရဲ့ တဖျစ်ဖျစ်မြည်သံ၊ မွှေးကြိုင်လှသည့် အိုးကပ်၊ ချိုးကပ်နံ့နှင့်အတူ အမေ့အသံက ရောထွေးပြီးထွက်လာသည်။ အောင်မြတ် ဂလုခနဲ တံတွေးကို မျိုချလိုက်ရ၏။

အဘွားက ပြောင်းဖူးဖက်လိပ်ကို ရဲခနဲနေအောင် ဆက်ကာ,ဆက်ကာဖွာရင်း ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားလို့နေသည်။ ခဏကြာမှ အမေ မီးဖိုခန်းတွင်းကနေ ဘီးဆံပတ်ဆံပင်ကို ပြင်ထုံးရင်း ဖတ်သီ,ဖတ်သီနှင့် ထွက်လာပြီး မြေးအဘွားနှစ်ယောက် ဘေးကွပ်ပျစ်ပေါ် ဝင်ပြီးထိုင်သည်။

'ကဲ..ပြော၊ ထမင်းစားကြတော့မလို့လား။ ဘူးသီးဟင်းခါးအိုး ခဏစောင့်ဦး။ တစ်အောင့်ပဲ'

'မဟုတ်ပါဘူးအေ၊ ဒီမှာ ကိုယ့်သားသမီး ဘာဖြစ်လို့

www.burmeseclassic.com

ဖြစ်မှန်းမသိနဲ့'

'ဘာဖြစ်လို့လဲ အစ်မရဲ့။

သား ဘာဖြစ်ပြန်ပြီလဲ'

အမေ ပြူးတူးပြဲတဲ့နှင့် အောင်မြတ်နဖူးကိုစမ်းသည်။

'ဒီမှာ ခွေးတစ္ဆေ၊ မြွေစုန်းတဲ့ မိန်းမရဲ့။ ညည်းသား တစ္ဆေညှိုးနေတာ။ အိပ်မက်က သုံးခါတောင် ရှိမင့်ပေါ့' ဆိုကာ အောင်မြတ်ရဲ့ အိပ်မက်ဖြစ်စဉ်ကို အဘွားက စိမ့်ပြေနပြေ ဖောက်သည်ချသည်။

'အဲဒါ တစ္ဆေညှိုး၊ စုန်းညှိုးရင် မြွေမက်သတော့'

'အဲတော်..ဘယ်လိုလုပ်မတုံး။ နေပါဦး'

မီးဖိုချောင်က ဟင်းခါးအိုးရဲ့ တပွက်ပွက် အသံကြောင့် မီးဖိုထဲ ခဏပြန်ဝင်လိုက်သွားပြီး ပြန်ထွက်လာကာ-

'ကဲ..ပြောပါဦး၊ ကျုပ်သားကို'

အမေ အောင်မြတ်ခေါင်းကို ပွတ်သပ်ရင်း ဝင်ထိုင်ပြန်သည်။ အဘွားက ပြောင်းဖူးဖက်လိပ်ကို ဝါးဆစ်ဘူးလေးထဲ ထိုးထည့်ပြီး ဆေးလိပ်ခွက် နောက်အံထဲထည့်ရင်း-

'ခေါစာပစ်ပေးလိုက်ပေါ့အေ'

'ဘယ်လိုပစ်ရမှာတုံး။ ကျုပ်မှ မသိတာ။ ပြောဦးပေါ့'

'ဘာမှ ဗဟုသုတမရှိဘူး။ အဲဒီဟင်းလေးချက် နှစ်တုံး၊သုံးတုံး အနှစ်ကလေးနဲ့ ဘူးခါးလေး၊ ငရုတ်ဖာလချောင်းလေး၊ ပဲနပ်လေး နည်းနည်းစီထည့်ပြီး ထမင်းတစ်ပန်းကန်စာလောက် နယ်ဖတ်ပြီး ငှက်ပျောဖက်ထဲထည့်၊ ကလေးကစားတဲ့ ရွာထိပ်က ညောင်မုတ်ဆိတ်နားသွားပြီး ဒီတနှဂ်နွေသားလေးကို ချစ်လို့ပဲဖြစ်ဖြစ်၊ အပြစ်လုပ်မိလို့ပဲဖြစ်ဖြစ် အိပ်မက်ပေးပေးနေလို့ လာပြီး ရွာချတာပါ။ ကလေးက ကြောက်တတ်လန့်တတ်လို့ပါ။ နောင် အိပ်မက်များ မပေးပါနဲ့တော့လို့ပြော၊ အကောင်တကောင်ကောင်ပူးပြီး လာစားလိမ့်မပေါ့။ စောင့်မနေနဲ့၊ ပြန်လာခဲ့လိုက်။ အချိန်ကောင်းပဲ'

'အစ်မကလည်း နေဝင်နေပြီတော့။ ကျုပ် မသွားရဲဘူး။ တော်ကြာ နေပါဦး၊ သူ့အဖေ သွားခေါ်လိုက်ဦးမယ်'

အမေ ကွပ်ပျစ်ပေါ်ကထတော့-

'ညည်းအကောင်က သေခါနီးမှ ပြန်လာမှာ။ ဟိုး မိပြုန်း အရည်မျိုလို့ကောင်းတုံး။ သွားခေါ်၊ ညည်းပဲ လုပ်လွတ်လိုက်လိမ့်ပေါ့။ ကဲ..လုပ်..လုပ်၊ ကျုပ်ပဲ လိုက်ပေးမယ်။ တကတည်း..ကိုယ့်သားသမီးကိစ္စ ကိုယ့်ဟာ ကိုယ် လုပ်ကြရမှာကို'

အဘွား ဗျစ်တောက်,ဗျစ်တောက်နှင့် ကွပ်ပျစ်ပေါ်ကဆင်းကာ ကွင်းထိုးခုံဖိနပ်ကို စွပ်သည်။

'ဘွားဘွား..သားလည်း လိုက်မယ်'

'မလိုက်ခဲ့နဲ့လေ။ မိုးချုပ်နေပြီ'

'အိုး..လိုက်မှာပဲ'

အောင်မြတ် အဘွားရဲ့ သရက်ထည်ပွင့်ရိုက်လုံချည်ကို အတင်းဆွဲကပ်ထားလိုက်သည်။

'ကဲ..ကဲ..လိုက် လိုက်၊ ငြိမ်ငြိမ်လေးလိုက်ရမှာနော် အိမ်ဝင်းထဲ ပြန်ရောက်တဲ့အထိ ဘာစကားမှ ဝင်မရှည်ရဘူး'

'ဟုတ်'

'ကတိနော်'

'ဟုတ်ကဲ့ပါ'

(သုံး)

မြေးအဘွားသုံးယောက် ထမင်းထုပ်တစ်ထုပ်၊ ဘူးခြောက်ရေတစ်ဘူးနဲ့ ရွာထိပ်ညောင်မုတ်ဆိတ်ကိုရောက်ကြ ရွာထဲကထွက်နေတဲ့ မီးခိုးနဲ့ မြူတွေက ရွာကို ရစ်သိုင်း အလင်းရောင်က မှုန်မှုန်သာရှိတော့သည်။ နေစွယ်အတု ပန်းဆီရောင်ပြေးနေ၏။ ညောင်မုတ်ဆိတ်ကို ကျော်လွန်ကြည့်လိုက်တော့ စိမ်းစိုလို့နေသည်။ မြေပဲခင်းတွေ တစ်မျှော်တစ်ခေါ်။

အမေက ညောင်မုတ်ဆိတ်ရဲ့ လူတစ်ထိုင်သာသာ မြစ်ပါးပျဉ်းဘေး ကြွေကျနေသည့် ညောင်ရွက်ဝါနှင့် မြေနှလေးတွေပေါ် ဝက်သားဟင်းလေးချက်နှင့် အမည်စုံထည်ကာ နယ်ဖတ်လာသော ထမင်းထုပ်ကို ဖြန့်ကာချသည်။ ငှက်ပျောဖက်အစွန်းမှာ ရေထည့်လာသည့် ဘူးခါးရေကို ထောင်ထားပေးလိုက်သည်။

သုံးယောက်သား နောက်ဆုတ်လိုက်ကြပြီး အမေ

www.burmeseclassic.com

www.burmeseclassic.com

အဘွားကို လှမ်းကာကြည့်သည်။

'အမေ..ပြောလေ၊ ကျုပ် မပြောတတ်ဘူးတော့'

အဘွားက ဟင်းဆိုပြီး အမေ့ကို တစ်ချက်မျက်စောင်းသည်။

'ဒီသားလေး တနှင်္ဂနွေသားလေးအပေါ် ချစ်လို့ပဲဖြစ်ပြီ..'

အဘွားရဲ့စကားသံက မဆုံးသေး၊ ခွေးမည်းကလေး တစ်ကောင် ညောင်မုတ်ဆိတ်နောက်ဘက်က ထွက်လို့လာသည်။ ငှက်ပျောဖက်ပေါ်က နယ်ဖတ်ထားတဲ့ ထမင်းနဲ့ဟင်းတွေကို လှည့်ပတ်နမ်းလို့နေ၏။ အောင်မြတ် အိပ်မက်ထဲက ခွေးနက်ကြီးနဲ့ တစ်ပုံစံတည်း။ မည်းပြောင်ပြီး လျှာလေးတန်းလန်း၊တန်းလန်းနဲ့ အကောင်အရွယ်အစားပဲ ကွာသည်။ ခဏက လူကြီးထွာဆိုင်သာသာရယ်။ အမြီးငုတ်တို ဘုလုံးလေးကလည်း တလှုပ်လှုပ်ခါယမ်းလို့။

အဘွားက ဘာစကားမှ မပြောရတူး မှာထား၍သာ အောင်မြတ် ငေးကြည့်နေရင်းက ကြက်သီးဖြန်းဖြန်းထလာသည်။

အဘွားကလည်း လျှာရှည်လိုက်တာ မပြီးနိုင်တော့။

နောက်တစ်ခါ အိပ်မက်တွေဘာတွေ မပေးပါနဲ့တော့။ ရွာချပါတယ်။ စားပါ၊ သောက်ပါ'

အဘွားစကားဆုံးတော့ သုံးသောက်သား ခပ်သုတ်သုတ် လှည့်ပြန်ခဲ့လိုက်ကြသည်။ အိမ်ဝင်းထဲ ဝင်မိတော့ အောင်မြတ် မနေနိုင်တော့။

အဘွားလက်ကို လှုပ်ယမ်းလိုက်ပြီး-

'အဘွား..ခွေးနက်ကလေးက ထမင်းတွေကုန်အောင် စားနိုင်ပါ့မလား မသိဘူးနော်' လို့ဆိုတော့ အဘွားနဲ့ အမေက အောင်မြတ်ကို မျက်လုံးပြူးကြီးတွေနဲ့ ဝိုင်းပြီးကြည့်သည်။

အမေက-

'တောက်တီးတောက်တဲ့ ဒီကောင်လေး၊ ဘယ်က ခွေးနက်ကို ပြောနေတာတုံး'

'ဘွားဘွားစကားတွေ ပြောနေတုန်း လာတဲ့ ခွေးနက်လေးလေ အမေရဲ့။ သားအိပ်မက်ထဲကအတိုင်းပဲ၊ သေးသေးလေးလေ' ဆိုတော့ အဘွားနဲ့အမေ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ခေါင်းတွေခါလို့..။

မျိုးကြီး(အမရဋ္ဌာန)

မုတ်ပုံတင်ပြီ၊

အမှတ်တံဆိပ်

အမဲဆေး

ဆီးချို၊ သွေးချို သောက်ဆေး

ပင်ရင်း အမှတ် (၃၁)၊ (၀၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မဂ်လာတောင်ညွှန်ကြားရေး၊
ရန်ကုန်တိုင်းဒေသကြီး။

သုံးစွဲရန် ဓာတ်ပေးဟာဂာ
နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၃ - ၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

အပြုံးပြုံးအနယ်နယ်ရှိသော
ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

ဆိုင်းဘုတ်ဒီဇိုင်း၊ ပုံနှိပ်လုပ်ငန်းများ- ၂၂ ၂၀၃၃ (၂၀ လိုင်း)
ဆိုင်းဘုတ်ဒီဇိုင်း- TMR ၀၁၀၀၇၆၊ (၁၀၁၄)

www.burmeseclassic.com

www.burmeseclassic.com

မြင့်မောက်သော ကျောက်တောင်ကြီးများ၊ သစ်တော ကြီးများဖြင့် အုံ့ဆိုင်းနေသည်။ တောနက်၍ ကျေးငှက်ရဂို မျောက်ကလေးများ၊ တောဝက်၊ ချေ၊ ဆတ်၊ တောင်ဆိတ် စသော တောရိုင်းတိရစ္ဆာန်များ၏ ပျော်စံရာဖြစ်သည်။

ဤနေရာသည် အရှေ့ရိုးမကြီး၏ တောင်စွယ်တောင် တန်းများနှင့်ဆက်သည်။ သံတောင်နယ်၏ အိမ်ခြေသုံးဆယ် မျှသာရှိသော ပြိုးချောင်းအမည်ရှိ ရွာကလေးမှ အရှေ့ မြောက်ဘက် တောနက်တစ်နေရာလည်း ဖြစ်သည်။ လူသူ အရောက်အပေါက် နည်းသောကြောင့် တောရဲသားကောင် များလည်း ပေါသည်။

ပြိုးချောင်းရွာသား မုဆိုး ကိုလူအသည် ဒူးလေးတစ် လက်ဖြင့် အမဲပစ်ရန် ထွက်လာခဲ့သည်။ လူနှင့်နီးသော ရွာနား၊ လယ်နားတွင် တောချေ၊ တောဝက်နှင့် သားသမင်များ ပေါသော်လည်း တောင်ဆိတ်ကို ရလိုပါမူ ဤနေရာဝန်းကျင်၊ ကျောက်တောင် များသို့သာ လာရသည်။

တောင်ဆိတ်က ကျောက်တောင်များမှာ သာ ပျော်သည်။ ချေ၊ ဆတ်၊ တောဝက်များ ထက်လည်း တန်ဖိုးမြင့်သည်။ အသား စွေးကောင်းရသလို လျှာ၊ ခွာနှင့် ဦးချို စသည်များ မှာလည်း ဆေးဖက်ဝင်၍ လူကြိုက်များသည်။

ရွာနှင့်နီးသော လယ်တော၊ ယာတော ပတ်ဝန်းကျင်၌ တောလည်၍ အမဲမရလျှင် လက်ချည်း ပြန်ရသည်။ သည်တောနက် ကျောက်တောင်များ၌ တောလည်၍ အမဲမရလျှင် အနည်းဆုံး သစ်ဥသစ်ဖု၊ သစ်ခွပန်းများသော်လည်း ရသည်။ အချည်းအနှီးမပြန်ရ။ အနည်းဆုံး ဆီဖိုး၊ ဆန်ဖိုးသော်လည်း ကာမိ သည်။

'ဟင်'

ကိုလူအသည် တောင်ဆိတ် တွေ့လိုတွေ့ငြား ကျောက်ကမ်း ပါးယံကိုလိုက်ကြည့်ရင်း ဖြိုဖြို ဖွေးဖွေး အချွန်အတက်များကို အမှတ်မထင် မြင်လိုက်ရ၍ အံ့သြသွားသည်။ ကျောက်စိုင်ကျောက်သားနှင့် မတူဘဲ တစ်မူထူးသည်။

ထို့ကြောင့် ကိုလူအ အနားသို့ သွားကြည့်ရာ ထိုဖြူ ဖွေးဖွေး အချွန်များ၏ အနီးအနားတွင် အဝိုင်းပြားလေး အတော်များများကိုလည်း တွေ့ရပြန်သည်။ ကိုရွေအ အဝိုင်း ပြားလေးများကို ကောက်ကြည့်သည်။ ဘာမှန်းတော့သေ သို့သော် ကလေးကစား ရန်အတွက် (၁၀)ပြားမျှအိတ်ထဲ ကောက်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်ကောင်
အချစ်စစ်၏
အနုတ်တစ်ထောင်ငါးရာ

ထို့နောက် တောင်ဆိတ် တွေ့လိုတွေ့ငြား လိုက်ရှာသည်ဟု တစ်ကောင်မျှ မတွေ့ရသဖြင့် သည်နေ့ လပ်ကီးတောင်းပါလားဟု စိတ်ပျက်ပျက်နှင့်တွေးပြီး ရရာ ဟင်းရွက်ကိုခူးကာ အိမ်ပြန်လာခဲ့သည်။

အိမ်သို့ရောက်သည်နှင့် တစ်ကိုယ်လုံး အဖုအပိမ့်ထွက်သားယံလာ၏။ ထို့ကြောင့် ကိုလူအသည် မိန်းမဖြစ်သူ မကြည်းတန်အား ဟင်းရွက်များထည့်လာသော လွယ်အိတ်ကလေးကို လှမ်းပေးလိုက်ပြီး ကုတ်ခြစ်၍နေလေ၏။

မကြည်းတန်လည်း ဟင်းရွက်များကို ဆွဲထုတ်နေရင်း ဖျတ်ခနဲ ပုစ်ချကာ-

"ဟင်...ကိုလူအ၊ ရှင် ခွေးလေးယားချေကိုများ ကိုက်လာသလား မသိဘူး။ ရှင့်လွယ်အိတ်က အရမ်းယားလာပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟုပြောပြီး မကြည်းတန်သည် တစ်ကိုယ်လုံး ကုတ်ဖဲ့နေရ ပြန်လေသည်။

ဒို့နောက် သူတို့၏ တစ်ဦးတည်းသော သားလေး သည် ရွာထဲတွင် ဆော့ကစားနေရာမှ ရောက်လာပြီး သူ့ အဖေတောထဲမှ သစ်သီးခူးလာသည်ဟု အထင်ဖြင့် မိဘ များ တားချိန်မရမီပင် လွယ်အိတ်ထဲသို့ လက်နှိုက်လေရာ 'အောင်မယ်လေး...ယားတယ်ဗျ' ဟု အော်ပြီး လန့်လန့်ဖြင့် လွယ်အိတ်ကို လွှင့်ပစ်လိုက်၏။

ထို့နောက် သားမိသားဖ သုံးယောက် မနေနိုင် မထိုင် နိုင်ဖြစ်ကာ တစ်ကိုယ်လုံးကို ကုတ်ဖဲ့နေကြလေသည်။

ထိုအခိုက်တွင် သူတို့အိမ်ရှေ့မှ ဖြတ်သွားသော စည် သည်တစ်ယောက် မတ်တတ်ရပ်ပြီး ကိုလူအတို့ သားမိ သားဖသုံးယောက် ယားယံကုတ်ဖဲ့နေကြသည်ကိုကြည့် ကာ အထူးအဆန်းဖြစ်နေ၏။ ထို့နောက် ထိုစည်သည်ကပင် သားလေးပစ်ထားသော လွယ်အိတ်ကို တုတ်ဖြင့် ထိုးကော် ယူလိုက်ရာ တချွင်ချွင်ဖြင့် အိုင်းပြားကလေးများ ထွက်ကျ လာလေသည်။

ထို့ကြောင့် ထိုစည်သည်ကြီးလည်း အထူးအဆန်းဖြစ် သွားဟန်ရှိသည်။ အိုင်းပြားလေးများကို တုတ်ဖြင့်ထိုးကော် မှောက်လှန်ပြီး အသေအချာ ကြည့်နေလေသည်။

ထို့နောက်-

'ဟ...ဒါတွေ ငွေယားဆိုတာမျိုးပဲကွ။ ဘယ်က ရလာ တုံး' ဟု မေးသည်။

'ဟိုအရှေ့မြောက်ဘက် ကျောက်တောင်ခြေကဗျ။ ကျွန်တော် ကလေးကစားဖို့ ကောက်လာတာပါ' ဟု ကိုလူအ,က ကုတ်ခြစ်ရင်း ပြော၏။

'အို...အို...ဒါ ငွေယားတွေကွ။ အဲဒီမှာ တော်တော် များသလား'

'များလား,နည်းလားတော့ မသိဘူးဗျ။ ကျောက် ခေါင်းထဲက အန်ကျပြီး ပုံနေတာတွေ့လို့ ကျွန်တော် ဒီ လောက်ပဲ ကောက်လာတာ'

ကိုလူအမှာ တောသားအရိုင်းလေးဖြစ်၍ ဘာမျှမသိ ရှာသော်လည်း ခရီးသွား စည်သည်ကြီးသည်ကား အဝိုင်း ပြားလေးများကို ငွေယားဟု သိသွားပြီးနောက် အသေအချာ စူးစမ်းပြီး ကြည့်နေလေသည်။ တုတ်နှင့်လည်း တဒေါက် ဒေါက်ဖြင့် ခေါက်ကြည့်သည်။

'မင်း ဒါတွေကို ယူမထားနဲ့။ သူ့နေရာ ပြန်ပို့လိုက်။ မပို့ရင်တော့ မင်းတို့မိသားစု ယားလို့ သေလိမ့်မယ်' ဟု ပြောထားခဲ့ပြီး ထိုလူကြီး ထွက်သွားလေသည်။

♦ ♦ ♦

ရွာအုပ်ကြီး နိုင်းဝဏ္ဏနှင့် ရွာကတော်ကြီး နန်းပပက် ဆီးကြို့နေကြ၏။ ကိုလူအ အိမ်ပေါ်ရောက်သွားသည်နှင့် ကုလားထိုင်တစ်လုံးကို ညွှန်ပြပြီး ထန်းလျက်ခဲ၊ ရေနွေး ကြမ်းများဖြင့် စည်ခံကြသည်။

'ရွာအုပ်ကြီးက ကျွန်တော့်ကို ခေါ်တယ်ဆိုလို့' ဟု ကိုလူအ,က ပြော၏။

'အေး...လူအ၊ မင်း တောထဲက ငွေယားတွေ ကောက် လာတယ်ကြားလို့။ အဲဒါ တကယ်များ ဟုတ်လား' ဟု ရွာအုပ်ကြီးက မေး၏။

'ဟုတ်ပါတယ်၊ အရှေ့မြောက်ဘက် ကျောက်တောင် မှာ တောင်ဆိတ်အရှာသွားရင်း တွေ့လို့ ကောက်လာမိတာ ပါ။ အခုတော့ ယားလို့ ပြန်ပို့လိုက်ပါပြီ'

'ငွေယားတွေက တော်တော်များသလား လူအ' ဟု ရွာကတော်ကြီး နန်းပပက ဝင်မေး၏။

'ဟုတ်ကဲ့၊ ကျွန်တော်က ငွေယားလား ဘာလား သေ ပါဘူး။ အိုင်းပြားလေးတွေတွေ့လို့ ကလေးကစားရအောင် ဆိုပြီး ဆယ်ပြားလောက် ကောက်လာတာပါ။ အိမ်ရောက် လို့ ယားမှ ငွေယားဆိုတာသိပြီး ပြန်ပို့လိုက်တာပါ'

'နင် ကောက်လာတာကို မေးတာမဟုတ်ဘူး။ ထဲမှာ တော်တော်များသလားလို့ မေးတာ'

'အဲဒါတော့ ကျွန်တော်လည်း အတိအကျ မပြော တတ်ပါဘူး။ ကျောက်ခေါင်းထဲက အန်ကျတာတော့ ပုံနေ ပဲ။ ဒါ့အပြင် ကျောက်ခေါင်းထဲမှာလည်း အများအပြား ရှိလေမလားလို့ ခန့်မှန်းရပါတယ်'

ထို့နောက် ရွာအုပ်ကြီးက ပြော၏။

'မင်းကို ခေါ်မေးတာက အခြားမဟုတ်ဘူးကွာ။ အဲဒီငွေယားတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိချင် ရယ်၊ ပြီးတော့ ငွေယားတွေက ဒုက္ခပေးမှာကို စိုးရိမ် ရယ်ကြောင့်ပါ'

'ဟုတ်ကဲ့၊ ပြောခဲ့တဲ့အတိုင်း ငွေယားတွေက အရှေ့မြောက်ဘက် ကျောက်တောင်ခြေမှာပါ။ အခု ကျွန်တော် ပြန်ပို့လိုက်ပါပြီ'

'အေးလေ...အခုတော့ မင်းပြောပြလို့ ငါ အားလုံး ပါပြီ။ ဒါပေမဲ့ ငွေယားဆိုတာက အန္တရာယ်များ

www.burmeseclassic.com

www.burmeseclassic.com

ကြားဖူးတယ်ကွယ်။ ဒါကြောင့် မင်းအပါအဝင် ရွာသူ ရွာသားတွေအားလုံးပဲ အဲဒီငွေယားတွေ ရှိတဲ့နေရာကို ရှောင်သင့်တယ်ကွယ်။ ရှောင်ကြဉ်ပါလို့လည်း ပြောထားရမယ်။ အန္တရာယ်ကိုသိရင် ကြိုတင်ရှောင်ကြဉ်တာက အကောင်းဆုံးပဲ မဟုတ်လား'

'ဟုတ်ကဲ့၊ ရွာအုပ်ကြီးက အဲဒီတောကို မသွားနဲ့ဆိုရင် ကျွန်တော် မသွားဘဲ နေပါ့မယ်'

'ငါက မင်းတို့ကို အဲဒီတောသို့ လုံးဝမသွားရဘူးလို့ ဆိုလိုတာ မဟုတ်ဘူးကွယ်။ အဲလိုသာ တားမြစ်လိုက်ရင် ရွာထဲက ဟင်းရွာ ကျေးရွာ သွားကြမယ့်လူတွေ နောက်ပြီး မင်းတို့လို အမဲလိုက်မုဆိုးတွေအဖို့ ပိတ်ပင်နှောင့်ယှက်သလို ဖြစ်သွားမှာပေါ့။ ဒါကြောင့် လုံးဝ အဲဒီအရှေ့မြောက်ဘက် ကျောက်တောင်ကို မသွားရဘူးလို့ တားမြစ်တာမျိုး မဟုတ်ဘဲ ငွေယားရှိတဲ့နေရာနဲ့ အနီးအနားကိုသာ မသွားကြပါနဲ့ လို့သာ ပြောလိုတာပါ'

'ဟုတ်ကဲ့၊ ရွာအုပ်ကြီးရဲ့ အမိန့်အတိုင်း ကျွန်တော်တုံးဝ ငွေယားရှိတဲ့နေရာကို မသွားဘဲ နေပါ့မယ်။ ရွာသူ ရွာသားတွေကိုလည်း ကျွန်တော်သတိပေးထားလိုက်ပါ့မယ်'

'အေးကွယ့်..အန္တရာယ်ကိုသိရင် ကြိုတင်ရှောင်ကြဉ်တာက အကောင်းဆုံးပဲမဟုတ်လား။ ပညာတတ်တဲ့ ဆရာဆွေက ငွေယားကို မယားအောင် ငွေယဉ်ဖြစ်အောင် ပြုပုံပြီး သုံးစွဲလို့ရတယ်လို့တောင် ကြားဖူးပေမယ့် မင်းတို့ ငါတို့လို ဘာမှမတတ်တဲ့လူတွေတော့ ယူးအောင်ယံအောင် နေတတ်ပေးတတ်သတဲ့။ ဒီတော့ ဘာမှမတတ်တဲ့ မင်းတို့ ငါတို့က ရှောင်ကြဉ်ကြရမယ်လေ။ မင်းလည်း ရှောင်ကြဉ်ပါ။ ရွာသားတွေကိုလည်း ရှောင်ကြဉ်ကြဖို့ကို ပြောပြထား။ ငါသည်း ဥပုသ်နေ့ကျရင် ထပ်ပြောပါဦးမယ်'

♦ ♦ ♦

အရောဏ်တက်လင်းခါနီးအချိန်တွင် ဖြစ်၏။

'ညီမလေးနန်းပပ'

'ရှင်'

ရွာကတော်ကြီး နန်းပပ အိမ်ရှေ့က ခေါ်သံကြားရ၍ ထွက်ပြီး လှမ်းကြည့်လိုက်၏။ အိမ်ရှေ့တွင် ထီးနန်းဆန်စွာ ဆင်ဆင်ပြီး ရပ်နေကြသော မင်းသမီးနှစ်ယောက်တို့အား တွေ့လိုက်ရသည်။

ထို့ကြောင့် ရွာကတော်ကြီး အံ့သြသွားသည်။ ဇာတ်ဆောင်းကိုလည်း မကြားရပါဘဲလျက် ဘယ်ဇာတ်အဖွဲ့က များ ဘယ်လိုအရေးအကြောင်းကြောင့် ရောက်လာကြပါလိမ့်ဟုလည်း တွေးလိုက်မိသည်။ သို့သော် မိမိမှာ ရွာကတော်ကြီးဖြစ်နေ၍ ရောက်လာသောဧည့်သည်ကို လှိုက်လဲပျူငှာစွာ ဆီးကြိုနှုတ်ဆက်ပြီး ဧည့်ဝတ်ပြုရန် တာဝန်ရှိသည်ဟူတွေးကာ ရွာကတော်ကြီး အိမ်ပေါ်မှ ဆင်းကြိုရန် ဟန်ပြင်၏။

'ညီမလေး..နေပါ၊ ဒီလောပါနဲ့။ မမတို့ ပြောစရာရှိတာကို ဒီကပဲ ပြောပါ့မယ်'

'ရပါတယ်။ ဒီလိုဆိုရင် အိမ်ပေါ်ကိုသော်လည်း ကြွကြပါလေ။ နို့..မမတို့က ဘယ်ဇာတ်အဖွဲ့ကပါလဲ'

'ဘယ်ကလာ ဇာတ်က ဟုတ်ရမှာလဲ။ မမတို့ညီအစ်မက ဒီကနေ သုံးမိုင်လောက်ဝေးတဲ့ ငွေယားတောင်(အရှေ့မြောက်ဘက်ကျောက်တောင်)ကပါ။ ညီမလေးနန်းပပဆီမှာ အကူအညီတောင်းချင်လို့ လာကြတာလေ။ မမရဲ့နာမည်က ယမင်းခင်ခင်လို့ ခေါ်ပါတယ်။ ဒီညီမလေးရဲ့ နာမည်က ယမင်းပပလို့ ခေါ်ပါတယ်'

ယမင်းပပလေးက ချစ်စရာ။ ရွာကတော်ကြီးကို တစ်ချက်မျှကြည့်ပြီး လက်ကလေးနှစ်ဖက်ကိုဆုပ်နယ်ကာ တစ်နေရာကိုသာ စိုက်ကြည့်နေသည်။ ရုပ်ကလေးလည်း အလွန်ချောသည်။

အစ်မကြီးဖြစ်သူက ဆက်ပြောသည်။

'မမရဲ့ညီမ ယမင်းပပလေးက အရမ်းစကားနည်းတယ်ကွယ်။ မမတို့မှာ မောင်နှမသုံးယောက် ရှိကြတယ်။ အငယ်ဆုံး ယမင်းမောင်မောင်လေးက အိမ်စောင့်ကျန်ခဲ့တယ်လေ။ အခု ဒီညီမလေး ယမင်းပပက ညီမတို့နဲ့ အတူနေချင်လို့ပါတဲ့ကွယ်။ ဒါကြောင့် ညီမကသာ လက်ခံမယ်ဆိုရင် သမီးလေးအဖြစ်နဲ့ နေမှာတဲ့'

ရွာကတော်ကြီးက ယမင်းပပလေးကို အသေချာကြည့်မိပြန်သည်။ ယမင်းပပမှာ ဘာကယ့်ချစ်စရာလေးပင်။ ထို့ကြောင့် ချစ်မိသလို အင်မတန် တည်ငြိမ်အေးဆေးသူလေးဖြစ်ပြီး မိမိတို့အိမ်မှာ နေလိုသည်ဟုလည်း ဆိုသောကြောင့် ကရုဏာလည်းသက်မိသည်။ ရွာကတော်တို့ လင်မယားမှာလည်း သားသမီးရင်သွေး မထွန်းကားကြသဖြင့် ယမင်းပပလေးအား လက်ခံလိုက်လေသည်။

♦ ♦ ♦

အရောဏ်တက်ပြီ။ ဟိုမှသည်မှ လင်းကြက်တွန်သံများကိုလည်း ကြားနေရပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရွာကတော်ကြီး ဖျတ်ခနဲ လန့်နိုးသွား၏။ ဘေးဘီကို ကြည့်၏။ အပြင်မှာ အလင်းရောင်သမ်းနေသော်လည်း အိမ်ထဲတွင်ကား အမှောင်ကျနေဆဲပင်။ ယမင်းခင်ခင်ဆိုသည့် မင်းသမီးနှင့်တူသော အမျိုးသမီးကိုလည်း မတွေ့ရတော့။

'ဦးစိုင်း..ဦးစိုင်း'

သူယောကျ်ားကို လှုပ်နှိုးလိုက်၏။ ထို့ကြောင့် ရွာအုပ်ကြီး နိုးသွားသည်။

'ဘာတုန်းဟ၊ မိုးတောင် မလင်းသေးဘူး'

ရွာအုပ်ကြီးက လက်နှင့် မျက်စိကိုပွတ်ရင်း ပြော၏။

'ခုတင်က ကျုပ် အိပ်မက်မြင်တာကို ပြောပြမလို့'

'အိပ်မက်၊ ဘာအိပ်မက်တုံး'

'ခုတင်ကလေ ကျုပ်အိပ်မက်ထဲမှာ ငွေယားတောင် အရှေ့မြောက်ဘက် ကျောက်တောင်က ညီအစ်မနှစ်ဖော် ရောက်လာကြပြီး သူတို့နှစ်ယောက်ထဲက ညီမငယ် ယမင်းပပလေးကို အပ်သွားလို့ ကျုပ် လက်ခံလိုက်တယ်တော့။ ယမင်းပပ လေးက အရမ်းချောပြီး ချစ်စရာကောင်းတာပဲ။ တည်လည်း တည်တယ်။ ဒါကြောင့် ကျုပ်တို့မှာ ကလေးရတော့မယ်လို့ ထင်တယ်'

ရွာအုပ်ကြီးက အသံထွက်အောင် တစ်ချက်ရယ်ပြီး ထထိုင်ကာ မျက်နှာသစ်ရန် အခန်းထဲမှ ထွက်သွားသည်။ ရွာကတော်ကြီးလည်း ထထိုင်ပြီး ဆံပင်ကိုဖြေထုံးကာ ရွာအုပ်ကြီးနောက်မှ တန်းလိုက်သွား၏။

'ဟဲ့..အရူး၊ နေဦး။ ငါပြောမယ်'

ရွာအုပ်ကြီးရ ပ်နေ၏။

'တို့မှာ ကလေးရတော့မယ် ထင်တယ်။ အိပ်မက်အရ ရော ဆိုရင်ပေါ့'

ရွာအုပ်ကြီးက ထပ်ပြုံးလိုက်ပြီး-

'အိပ်မက်အရကတော့ ဟုတ်ပါပြီ။ ရော..ဆိုတာက အိပ်မက်အပြင် ကလေးရနိုင်တဲ့ နောက်အကြောင်း တစ်ခုလည်း ကျန်နေသေးတယ်ဆိုတဲ့ သဘောများ..'

'ငါ တယ်..ဒီအရူးကတစ်မျိုး။ အကောင်းပြောတာ။ ဒီတော့ တို့ကိုယ်ဝန်ဆောင်စဉ် ကာလတစ်လျှောက် ငါးပါးသီလလေး လုံခြုံအောင် စောင့်ကြမှ ဖြစ်မယ်'

ရွာအုပ်ကြီးက ဘာမျှမပြောဘဲ သွားတိုက်ရန် ဆေးထဲ လက်နှိုက်နေ၏။

'ကြားရဲ့လား'

'ကြားပါတယ်'

'ကြားရင်ပြီးရော။ ဒီနေ့ကစလို့ လုံးဝခေါင်မသောက်ရဘူး။ အခြားသီလတွေလည်း လုံအောင်စောင့်'ဟု ပြော၏။ ရွာကတော်ကြီး အနည်းငယ်ကော့ကာ သူ့ဗိုက်ကလေးကို ပွတ်သပ်ကြည့်နေလေ၏။

ထို့နောက် ရက်မှလ၊ နှစ်လ၊ သုံးလ ရှိလာသောအခါ ရွာကတော်၏ ဗိုက်သည်လည်း မြင်သာထင်သာ ရှိလာလေ၏။ ထိုအခါ ရွာသူရွာသားများကလည်း ပြောကြဆိုကြလေ၏။

'အခုတော့ တို့ရွာအုပ်ကြီးနဲ့ ရွာကတော်ကြီးတို့ ဗိုက်ရှိ ရှူး,ရှူးနေကြတယ်။ နောက်တော့ ကလေးရှူး ရှူးကြဦးမှ မြင်နေသေး'

ထို့နောက် ကိုးလပြည့်သွားသောအခါ ဖွံ့ထွားပြီး သည့် သမီးလေးတစ်ယောက်ကို မွေးဖွားကြ၏။ သမီးမှာ အချောအလှလေးလည်း ဖြစ်၏။ ထို့ကြောင့် ရွာသူမှာ လက်ဝယ်မကျ ချစ်မဝအောင် ဖြစ်နေကြလေသည်။ ကလေးငတ်သော မိနှင့်ဘမှာ ပြောစရာပင် မရှိတော့။

ကလေးကြောင့်ပေလား၊မသိ၊ စီးပွားရေးလည်း တက်ခြည်းတက်လာ၏။ လယ်ယာကိုင်းကျွန်းလုပ်ငန်း လုပ်ရာ ရောင်းဝယ်ဖောက်ကား အစစအဆင်ပြေလာလေသည်။

သမီးလေးကိုလည်း အိပ်မက်ထဲကအတိုင်း သိုက်လာသည်ဟု သိထားကြ၍ မူလနာမည်အတိုင်းပင် ယမင်းပပဟု အမည်နာမ ပေးထားကြ၏။ သို့သော် ခက်သည်က ယမင်းပပလေးသည် စကားပြောချိန်ကျသော်လည်း တစ်ခွန်းမျှ မပြောဘဲနေသည်။ ဤသည်နှင့်ပတ်သက်၍ မိဘများမှာ စိတ်မကောင်းဖြစ်ကြရသည်။

ရွာသူရွာသားများကလည်း ယမင်းပပလေးကို သိ

www.burmeseclassic.com

www.burmeseclassic.com

လောသူလေးဟု ယုံကြည်နေကြသည်။ အဆိုးဆုံးမှာ ကိုလူအပင် ဖြစ်၏။ ကိုလူအက ငွေယားတောင်သိုက်ကို ဆယ်တိုက်တိုးထားဖူး၍ အခြားလူများထက်လည်း ပိုသိ၏။ ငွေယားတောင်သိုက်နန်းတွင် မောင်နမသုံးယောက်ရှိပြီး အလှည့်ကျ လူလာဖြစ်ကြသည်ဟုလည်း ကိုလူအ ကြားဖူးသည်။

ယခု ရွာအုပ်ကြီးနှင့် ရွာကတော်ကြီးတို့မှာ အရွယ်လွန်ကိုယ်ဝန်ရပြီး မွေးဖွားလာသော သမီးလေးမှာလည်း သူတော်အောင် ချောလှပြီး စကားတစ်လုံးတစ်ပါဒမျှ မပြောသဖြင့် သိုက်မှလာသည်မှတစ်ပါး အခြားမရှိဟု ဆွဲစပ်ကာ ယုံကြည်နေလေသည်။ သို့သော် ရွာအုပ်ကြီး၏ သမီးလေးဖြစ်၍ နှုတ်ဟ၍ကား ဆိုရဲခြင်း မရှိပေ။

ယမင်းပပလေး အရွယ်ရောက်လာသောအခါ တစ်ရွာသူသားနေ စိုင်းသီဟနှင့် မေတ္တာမျှကြသည်ကို ရွာကတော်ကြီးသိလေ၏။ ထိုအချိန်မှစ၍ သမီးချောယမင်းပပလေး မကြာခဏ မျက်ရည်ကျနေသည်ကိုလည်း တွေ့ရတတ်သည်။ တစ်ခါတလေ ငိုရှိုက်၍လည်းနေသည်။

ယမင်းပပလေး မျက်ရည်ကျခြင်း၊ ငိုရှိုက်နေရခြင်းမှာ သိုက်နန်းမှအစ်မကြီး ယမင်းခင်ခင် လာရောက်ပြီး ယမင်းပပလေးအား သမီးရည်းစားသာ ဖြစ်ခွင့်ရှိသည်။ လင်ယူသားစွန့်ခွင့်မရှိဟု ပြောဆိုသတိပေးနေသောကြောင့် ဖြစ်၏။

သူတို့မောင်နမ သုံးယောက်တို့မှာ အရိမေတ္တေယျဘုရားသိုက်ကိုသာ စောင့်ရှောက်နေကြ၍ သိုက်ထဲမှ တစ်ဦးတစ်ယောက်သည် လူပြည်၌ အိမ်ထောင်ဂရာဝါသကျပြီး သားသမီးများ မွေးဖွား ရှင်ပြုကာ အမျှဝေသောကြောင့် သာမုခေါ်ရလျှင်လည်း ကျတ်လွတ်ဖွယ် မရှိပေ။ အရိအတ္တေယျဘုရားရှင် ပွင့်တော်မူမှ ကျတ်လွတ်ကြရမည်ဖြစ်သည်။ ထိုအခါ တရားတော်ကို နာကြားရ၍ မဂ်ရဖိုလ်ရဉာဏ်များလည်း ဖြစ်သွားနိုင်သည်။

ထိုသို့သဘောရှိသောကြောင့် သိုက်ချုပ်ကြီးက ယမင်းခင်ခင်တို့ မောင်နမသုံးယောက်တို့သည် သိုက်စောင့်အဖြစ်ဖြင့် ကာလကြာရှည်လာ၍ ငြီးငွေ့ကြမည်စိုးသောကြောင့် ယင်းတို့မောင်နမ သုံးယောက်တို့အား အလှည့်ကျ အခိုက်အတန့်မျှ လူပြည်သို့သွားလိုက သွား၍ လူဖြစ်ခွင့်ရှိသည်။ အိမ်ထောင်ဂရာဝါသ ကျခွင့်မရှိဟု တစ်ချက်လွတ်အမိန့်ထုတ် ထားလေသည်။ ယခုအချိန်၌ အလှည့်ရ၍ ရွာအုပ်ကြီး စိုင်းဝဏ္ဏ၏အိမ်မှာ လူလာဖြစ်နေသော ယမင်းပပလေး၏ အသက်သည်လည်း (၁၈)နှစ်ရှိနေလေပြီ။

ထို့ကြောင့် စိုင်းသီဟနှင့် ယမင်းပပလေးတို့မှာ နှစ်ယောက်ချင်း တွေ့ဆုံခွင့်ရကြတိုင်း ယမင်းပပလေးက စကားမပြော၍ ချစ်သောင်ခင်သော၊ ကြင်နာသော အပြုအမူလေးများဖြင့် ကျေနပ်အောင်ပင် ကြည်နူးခွင့် မနိုင်ကြဘဲ မျက်ရည်ဖြင့်သာ လမ်းခွဲပြီး လှည့်ပြန်ကြရလေသည်။

ယမင်းပပလေးက စကားမပြောသောကြောင့် စိုင်းသီဟအဖို့ သာ၍ပင် သနားပြီး အကြင်နာပိုရပြန်သည်။ ယမင်းပပလေး၏မျက်နှာတွင် ကျေနပ်လျှင် အပြုံး၊ မကျေနပ် သဘောမကျလျှင် အမဲ့။ ထိုမျှသာ စိုင်းသီဟ မြင်ခွင့်ရသည်။ ထို့ကြောင့် စိုင်းသီဟ၏ နှလုံးကို သာ၍ပင် ကြေပြုန်းစေလေသည်။

ရံခါ ချစ်သူနှစ်ဦးတို့ ကြည်နူးတာ၊သ ကျေနပ်စွာသော အပြုအမူလေးများ ရှိနေကြချိန်တွင် အနီးအနားက သိုက်စောင့်အစ်မကြီး ယမင်းခင်ခင် ပေါ်လာတတ်ပြန်သည်။ ထိုအခါ ချစ်သူနှစ်ဦး ကြည်နူးခွင့်ကို လုံးဝမရကြတော့ပေ။

အစ်မကြီးက ချစ်သူရည်းစား ထားခွင့်သာရှိသည်။ အိမ်ထောင်ပြုခွင့်၊ သားမွေးဖွားခွင့်ကို လုံးဝမရကြောင်းကို ပြောသည်၊ သတိပေးသည်၊ တားမြစ်သည်၊ ခြိမ်းခြောက်သည်။ ညီမငယ်ကို ချစ်သော်လည်း ညီမငယ်၏ အချစ်ရေးကိုမူ ခွင့်ပြုနိုင်ခြင်းမရှိကြောင်း အတန်တန်ပြောသည်။

အစ်မကြီးပြောသော စကားများကို စိုင်းသီဟ ကြားခွင့်မရသလို အစ်မကြီး၏ ရုပ်သွင်ကိုလည်း မြင်ခွင့်မရပေ။ ယမင်းပပ၏မျက်နှာ၌ ရှိက်နေသောအငို့နှင့် ကျနေသော မျက်ရည်မျှကိုသာ မြင်ရ၏။

ရံခါ နှစ်ဦးသား ကြည်နူးတာ၊သ တွေ့ဆုံနေကြရာ၌ အစ်မကြီးရောက်လာပြီး ကွယ်လိုက်သောကြောင့် ယမင်းပပလေးကိုပင် မြင်ခွင့်မရတော့။ ထိုအခါ စိုင်းသီဟမှာ ယမင်းပပလေးအား လိုက်ရှာ၍မရသည့်အဆုံး ဝမ်းနည်းပက်လက်ဖြင့်ပင် ပြန်ရ၏။

ထိုနည်းအတူ အစ်မကြီးက ယမင်းပပထက် တန်ခိုးသာသောကြောင့် အစ်မကြီး ကွယ်လိုက်လျှင် ယမင်းပပကလည်း စိုင်းသီဟကို မြင်ခွင့်မရရှိတတ်ပြန်ပေ။ ထို့နောက် အစ်မကြီးက သူ၏အကွယ် တန်ခိုးကို ရုပ်သိမ်းလိုက်သောအခါ စိုင်းသီဟကို ရှာမရသောကြောင့် ယမင်းပပလည်း ငိုယိုပြန်ခဲ့ရသည့်အခါမျိုး ဈာ၊ဈာပင်။

ထို့ကြောင့် စိုင်းသီဟနှင့် ယမင်းပပလေးတို့မှာ ချစ်ခရီး

www.burmeseclassic.com

www.burmeseclassic.com

သည် ကြမ်းတမ်းစွာ၏။ ဓားတောင်ကိုကျော်ပြီး မီးပင်လယ်ကြီးကို အလျားကူးနေရသည်နှင့်ပင် တူနေလေ၏။ နသော နှလုံးသားလေးအစုံကို တုတ်နှင့်ဆွသည်နှင့်လည်း မခြားပေ။

ကံကိုရေးသော ကံရေးဆရာတို့သည် သူနှစ်ဦးတို့အား အနိုင်ကျင့်လွန်းသည်။

◆ ◆ ◆

အနည်းငယ်နက်သော တောတန်းတစ်နေရာတွင် ဖြစ်၏။ လူသူလည်း ကင်းဆိတ်၏။ တစ်နေရာ၌ လူတစ်စုသည် တစ်စုံတစ်ယောက်အား ကြိုးဖြင့်တုပ်ပြီး မေးစစ်နေကြလေ၏။

'ဟေး..ငအ၊ မင်းတွေ့ထားတဲ့ ငွေယားတွေ ဘယ်နေရာမှာဆိုတာ တိတိကျကျပြောစမ်း။ လိမ်ဖို့တော့ မကြံနဲ့နော်။ ဒီမှာ ဓားတွေ့တယ်မဟုတ်လား' ဟု လက်ကိုင်တုတ်ကို မြှောက်ပြ၏။

ထို့ကြောင့် ကိုလူအ မျက်လုံးပြူးသွားရ၏။

အခြားလူကြီး သုံး,လေးယောက်တို့လည်း ကိုလူအအား ရက်စက်မည်မျက်နှာထားဖြင့် စိုက်ကြည့်နေကြသည်။ သည်လူကြီးက ငွေယားအကြောင်းကိုသာ မေးနေသဖြင့် ငှင်းတို့မှာ သိုက်ဆရာများ ဖြစ်ဟန်တူ၏။

ထိုသို့အကဲခတ်မိလိုက်ပြီးနောက်-

'ဆရာကြီးတို့ရာ..ကျွန်တော့်ကိုတော့ မနှိပ်စက်ကြပါနဲ့ဗျာ။ ကျွန်တော် ဆရာကြီးတို့ပြောတဲ့ ငွေယားကို မသိပါဘူး။ ယုံပါဗျာ' ဟု ကိုလူအက ကြောက်ကြောက်ဖြင့် အသနားခံ၏။

'ဘာကွ၊ မင်း ငွေယားရှိတာကို မသိဘူး၊ ဟုတ်လား။ မသေချင်စမ်းပါနဲ့ ငအရာ။ လွန်ခဲ့တဲ့(၁၈)နှစ်လောက်က မင်းတို့မိသားစု ယားယံကုတ်ဖဲ့နေကြတုန်း ငါကိုယ်တိုင် ငွေယားတွေကို တုတ်နဲ့ကော်ပြီး ကြည့်ခဲ့သေးတယ်လေ'

ကိုလူအ အနည်းငယ်တွေသွား၏။ ထို့နောက် ထိုအချိန်က အရှေ့မြောက်ဘက် ကျောက်တောင်ခြေ ငွေယားတောင်မှ ငွေယားပြားတစ်ဆယ်ခန့်ကို ကလေးဆော့ကစားရန် ကောက်လာခဲ့မိ၍ တစ်အိမ်လုံး ယားယံခဲ့ဖူးသည့် အတိုက်အကြောင်းကို အမှတ်ရလာ၏။ ထို့နောက် ထိုလူကြီး၏ မျက်နှာကိုလည်း မရဲတရဲကြည့်၏။

'ကိုင်း..မင်း ငြင်းချင်သေးလား။ ငြင်းလို့ရော ရမယ်လို့ ထင်သလား။ ဒီတော့ မင်းအသေခံမလား၊ ငြင်းမလား။ ဒီနှစ်လမ်းမှာ ကြိုက်တဲ့လမ်းကိုသာ ရွေးပေတော့' ဟု ပြော ပြီး ထိုလူကြီးသည် လက်တပြင်ပြင် တုတ်တဆတ်ဆတ် မတ်တတ်ရပ်လာလေသည်။

'ဟ..ဟ..ကြောက်ပါတယ်ဗျ၊ မလုပ်ပါနဲ့ဗျ။ ကျွန်တော် ကျွန်တော် ပြော..ပြောပါ့မယ်ခင်ဗျ' ဟု ကိုလူအက မျက်နှာငယ်လေးနှင့် အော်ပြော၏။

ထိုလူကြီးက တစ်ချက်ပြုံးလိုက်ပြီး-

'အေး..ဒီလိုပဲ ဖြစ်ရမှာပေါ့ကွ။ ဟင်'

'ဟုတ်ကဲ့၊ ဒီလိုပါခင်ဗျ။ ကျွန်တော်တို့ ရွာသူကြီး အဲဒီငွေယားအကြောင်းကို ဘယ်သူမှမပြောရဘူး။ အ ရာယ်များတယ်ဆိုလို့သာ ကျွန်တော် မပြောရဲဖြစ်နေတာ ခင်ဗျ'

ထိုလူကြီး ကျောက်တုံးမှာ ပြန်ထိုင်လိုက်ပြီး-

'ငွေယား အန္တရာယ်များတယ်ဆိုတာက ဘာမှ မတတ်တဲ့ နလပိန်းတုံးတွေကွ။ တို့က နလပိန်းတုံး မဟုတ်ဘူး။ သိုက်ဆရာတွေကွ၊ သိရဲ့လားဟင်။ ဒီ မင်းကို ပြောမယ်။ အဲဒီငွေယားတွေကို ငွေယဉ်ဖြစ် ဒီက သိုက်ဆရာကြီး ဦးအဂ္ဂနဲ့ အပေါင်းပါများက စွမ်း ကြတယ်ကွ။ ငွေယားတွေဟာ မင်းတွေ့ခဲ့တာတင်မ ကျောက်ဂူထဲမှာလည်း အများကြီး ရှိဦးမယ်။ အဲဒီ အားလုံးကိုသာ ငွေယဉ်ဖြစ်သွားအောင် လုပ်လိုက်ရင် ကမ္ဘာမှာ တို့ထက်ချမ်းသာမယ့်လူ မရှိတော့ဘူး၊ သိရဲ့လား တို့သိုက်ဆရာတွေကလည်း အဲဒီငွေယားအားလုံးကို ငွေ တွေ ဖြစ်လာအောင် လုပ်နိုင်တယ်။ ဒီတော့ တို့သိုက် တွေသာ အဲဒီငွေသားလုံးကို ပိုင်ဆိုင်သွားကြရင် ငွေယားသိုက်ကို ညွှန်းဆိုပြောပြတဲ့ မင်းကိုရော မပေးဘဲထားမလား။ အနည်းဆုံး တစ်ပိုင်တစ်နိုင် တစ် တစ်ပိုးဆိုသလို ပေးမှာပေါ့ ငအရ။ ဟင်..' ဟု ပြော ထိုလူ လက်ကိုင်တုတ်ကြီးနှင့် သိုက်ဆရာက ကိုလူ မျက်နှာကို စိုက်ကြည့်နေ၏။

ကိုလူအ စဉ်းစားနေ၏။ ငွေယားသိုက်ကို လိုက်ပြ အနည်းဆုံး ငွေတစ်ထမ်းတစ်ဗိုး ရမည်ဟူသည်ကို ပြန်လှန်သုံးသပ်ကြည့်၏။ ငွေတစ်ထမ်းတစ်ပိုးသာ တစ်သက်ပတ်လုံး မုဆိုးလုပ်လိုက် တောထဲက သစ်ဖု၊ ပန်းထုပ်၊ ပန်းဖုတ်ကလေးများကို ရှာဖွေ ပြီး မဝရေစာ စားသောက်နေရသောဘဝမှ ကျ လည်း တွေး၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကိုလူအ ပြုံး၏။

"ဟင်..ငအေ၊ ဘယ်လိုသဘောရသလဲကွ။ မင်းအသား အုံခဲပြီး သေမလား၊ ငွေသားသူဌေးအဖြစ်ကိုပဲ ခံယူမလား ပြောလေကွာ"

"ခဲရာကြီးက ကျွန်တော့်ကို ငွေသားတစ်ထမ်း ပေးမယ်ဆိုတာ တကယ်လားဟင်"

"ဟာ..ငအရာ၊ တို့က သိုက်ဆရာတွေပါကွာ။ မဟုတ် ဘာတော့ ပြောမလား။ သိုက်ဆရာဆိုတာ ကတိတည်ရ တယ်လေ။ ကတိမတည်ဘဲ သိုက်လိုက်လို့ ရမလားကွ။ ကတိမတည်ဘဲ သိုက်လိုက်ရင် အားလုံး ငါးပါးမှောက် ကုန်ကြတော့မှပေါ့ကွ"

"ဟုတ်..ဟုတ်၊ ဒါဆိုရင် ကျွန်တော် ပြောပါ့မယ်။ ကျွန်တော်တို့ရွာကနေ အရှေ့မြောက်ဘက် အရှေ့ရိုးမတောင် ဘက် ကျောက်တောင်ကြီးမှာလေ"

"အဲဒီနေရာကို မင်းကိုယ်တိုင် လိုက်ပြပေးနိုင်တယ် မဟုတ်လား"

"ဟုတ်..ဟုတ်၊ ပြနိုင်ပါတယ်။ အဲဒီနေရာက ကျွန် တော် မုဆိုးလုပ်ရင်း ရောက်နေကျပါ"

"အေး..အဲဒီလိုပဲ ဖြစ်ရမှာပေါ့ ငအရဲ့။ ဟင်..မင်း သည်း ငွေယားသူဌေး ဖြစ်ပြီပေါ့ကွ။ ဟုတ်လား"

"ဟုတ်..ဟုတ်"

လွယ်အိတ်ကြီး ဘေးချပြီး ကွမ်းတမြုံမြုံဖြင့် ထိုင် ကြည့်နေသော သိုက်ဆရာခေါင်းဆောင်ကြီး ဖြစ်ဟန်တူ သည့် လူကြီးက ကိုလူအကို မေးမြန်းစိစစ် ပြောဆိုနေသည့် ပုံကြီးအား မျက်ရိပ်ပြပြီး ခေါ်၏။ ထို့နောက် သူ့လက်မှာ ဆိုင်ထားသော ပေရွက်ကြီးကို ထောက်ပြပြီး ပြောသည်။

"ဒီငွေယားသိုက်ကြီးရဲ့ အဓိကသိုက်စောင့်ဟာ အစ်မ ကြီး ယမင်းခင်ခင်၊ အစ်မလတ် ယမင်းမပ၊ မောင်ငယ် ယမင်းမောင်မောင်ဆိုပြီး သုံးယောက်ဖြစ်နေတယ်။ အခု သိုက်နန်းထဲမှာ အစ်မကြီးယမင်းခင်ခင်နှင့် မောင်ငယ် ယမင်းမောင်မောင်တို့ နှစ်ယောက်သာ ရှိနေကြပြီး ဒုတိယ မြောက်ဖြစ်တဲ့ အစ်မလတ် ယမင်းပပက ရှမ်းပြည်ရောင်းရွာ မှာ လူဝင်စားသိုက်မှလာသူ ဖြစ်နေတယ်လို့ ဆိုထားတယ်။ ဒီတော့ ခင်ဗျားလူကို သူတို့ ရှမ်းပြည်ရောင်းရွာက ယမင်းပပ ကို သိသလားလို့ မေးလိုက်ပါဦး"

"ဟုတ်ကဲ့။ ကျွန်တော့်တာဝန်ထားပါ။ အခုပဲ ကျွန် တော် မေးကြည့်လိုက်ပါ့မယ်" ဟုပြောပြီး ထိုလူကြီး ကိုလူအ ၏ အနားသို့ ရောက်လာပြန်သည်။

"ဟေး..ငအ၊ မင်းတို့ရွာထဲမှာ ယမင်းပပဆိုတဲ့ကောင် မလေးတစ်ယောက် ရှိတာကို သိသလား"

"ဟုတ်..ဟုတ်၊ သိပါတယ်ခင်ဗျ။ ရွာအုပ်ကြီးရဲ့ သမီး ပါ။ ရွာအုပ်ကြီး ဦးစိုင်းဝဏ္ဏနဲ့ ရွာကတော်ကြီး ဒေါ်နန်းပပ တို့ရဲ့ တစ်ဦးတည်းသော သမီးချောလေးဗျ။ အခု အသက် (၁၈)နှစ်လောက် ရှိနေပါပြီ။ ဒါပေမဲ့ ယမင်းပပလေးက စကားမပြောတတ်ဘူးဗျ။ ရုပ်ကလေးတော့ အရမ်းချောတာ ပဲ။ ချောဆို တစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်ပြီး အကုသိုလ်တက်လောက်အောင်ကို ချောတာဗျ"

"ဟုတ်ပြီ ဟုဆိုကာ ထိုလူကြီးသည် သိုက်ဆရာကြီး ဆီသို့ ပြန်သွားပြန်လေသည်။

ထို့နောက် ကိုလူအပြောသည့်အတိုင်း သူတို့ရွာထဲမှာ လူဝင်စား ယမင်းပပဟူ၍ရှိသည့် အကြောင်းကို ပြောပြ လိုက်သည်။

"ဟုတ်ပြီ၊ ဒါဆိုရင် လို့ရင်းအားလုံး ပြည့်စုံပါပြီ။ ဒါပေမဲ့ တို့လုပ်ရမှာက လက္ခဏာသုံးတော့ နောက်(၇)ရက် တောင် လိုသေးတယ်။ လူပ်ရှားဖို့ အချိန်တွေလည်း အများ ကြီးရပါသေးတယ်"

♦ ♦ ♦

နံနက်အရုဏ်တက်ပြီ။ ဆရာတော်ကြီး ကျက်သရေ ခန်းမထွက်၍ စကြိလမ်းတွင် ရပ်၏။ ထို့နောက် ကပ္ပိယ

www.burmeseclassic.com

www.burmeseclassic.com

ဦးသူတော်အား မေးသည်။

'ဟေး...သူတော်၊ အရဏ်တက်ပြီ။ ဆွမ်းအုပ်လည်း မရောက်ပါလား။ သည်နေ့ ဘယ်သူ့ဆွမ်းလှည့်တုံး'

'မှန်လှပါ။ ရွာအုပ်မောင်စိုင်းဝက္ကာတို့ အလှည့်ပါဘုရား'

'ဟော...ဒါဆိုရင် နောက်မကျစဖူး ထူးထူးခြားခြား ဆွမ်းအုပ်ပို့ နောက်ကျနေပါလား။ နေထိုင်များမကောင်းကြလား။ သူတော် သွားကြို့ချေဦးလေ'

'မှန်လှပါ။ တပည့်တော် အခုပဲ သွားကြို့လိုက်ပါ့မယ် ဘုရား'

ဦးသူတော် တောင်ဝှေးကိုဆွဲပြီး ခပ်သွက်သွက်ပင် ထွက်လာခဲ့လေ၏။ ထိုအချိန်၌ အရှေ့ဘက်ကောင်းကင်တွင် ရောင်ဖြူသမ်းနေလေပြီ။ ရွာကြက်များလည်း အဆက်မပြတ်တွန်နေကြပြီ။ ရွာသားအချို့တို့သည် နိုးထနေကြပြီ။

ဦးသူတော် သူကြီးအိမ်ရှေ့ကိုရောက်လျှင် ခြံဝကရုပ်ပြီးကြည့်၏။ အိမ်တံခါးခပ်ဟဟလေး ပွင့်နေသည်ကို မြင်ရသော်လည်း အိမ်သူအိမ်သားများကိုမူ တစ်ယောက်မျှ မတွေ့ရပေ။ အသံမျှပင် မကြားရ။ ထို့ကြောင့် တစ်စုံတစ်ခု ထူးဆန်းနေပြီလားဟုထင်ပြီး ဦးသူတော်သည် ခြေကို ဖော့ဖော့နင်းပြီး အိမ်ပေါ်သို့ တက်ကြည့်လေ၏။ သို့မှ ရွာအုပ်ကြီးနှင့် ရွာကထော်ကြီးတို့အား ကြိုးတုပ်ပြီး ပါးစပ်ထဲ အဝတ်စဖြင့် ပိတ်ဆို့ထားသည်ကို တွေ့ရလေသည်။

ထို့ကြောင့် ဦးသူတော်လည်း ခေါင်းကြီးသွားပြီး ချက်ချင်းပင် ရွာအုပ်ကြီးနှင့် ရွာကတော်ကြီးတို့၏ကိုယ်မှာ တုပ်နှောင်ထားသော ကြိုးများကိုဖြုတ်ဖြေပြီး အကျီုးအကြောင်းကို မေးမြန်းရလေသည်။

'ကိုင်း...မင်းတို့လင်မယား ဘယ်လိုများဖြစ်ကြတာလဲ ငါ့ကို ပြောကြစမ်းပါဦး'

'မှန်လှပါ ဦးသူတော်၊ ညက လူဆိုးငါးယောက် ရောက်လာကြပြီး တပည့်တော်တို့ လင်မယားကိုရော သမီးလေး နန်းပပကိုပါ ကြိုးတွေနဲ့ ဖမ်းတုပ်ကြပါတယ်။ ပြီးတော့ တပည့်တော်တို့ လင်မယားကို ဒီအတိုင်း ကြိုးတုပ်ထားခဲ့ပြီး သမီးလေး နန်းပပကိုတော့ ဆွဲခေါ်သွားကြပါတယ်။ ဒါကြောင့် ကူညီပါဦး ဦးသူတော်။ ရွာသူရွာသားတွေကိုလည်း လိုက်ပြောပေးပါဦး' ဟု ရွာအုပ်ကြီးက မျက်စိမျက်နှာပျက်ပျက်နှင့် ပြော၏။

ရွာကတော်ကြီးမှာမူ သမီးသောကကြောင့် ဆောက်တည်ရာမရဖြစ်ပြီး ငိုညည်းရှာသာ နေလေသည်။

ဦးသူတော်လည်း ချက်ချင်း အိမ်ပေါ်မှ ပြေးဆင်းပြီး တွေ့သမျှ မြင်သမျှ လူအားလုံးကို လိုက်ပြောလေ၏။ ထို့နောက် ထမင်းစောစောချက်ပြုတ်ကြသည့် တောလုပ်သားများ၏အထံမှ ဆွမ်းအဖြစ် အလျှူခံကာ ကျောင်းတော်သို့ သုတ်သုတ်ပြန်လေသည်။

ရွာသူရွာသားများမှာလည်း ညက ဘာမျှမသိလိုက်ကြဘဲ ယခု ဦးသူတော်ပြောပြမှ ရွာအုပ်ကြီးတို့ မိသားစု၏ အဖြစ်ဆိုးကြီးကို သိကြရလေသည်။ တစ်သက်တစ်ခါ သူတို့ရွာ၌ မဖြစ်စဖူး အဖြစ်ထူးကြီးနှင့် ကြုံလိုက်ကြရခေါင်းနားပန်းကြီးပြီး မျက်လုံးများလည်း ပြူးသွားကြသည်။ ထို့နောက် ချက်ချင်းပင် လူစုပြီး လူဆိုးများ ဖမ်းဆီးခေါ်သွားသော နန်းပပလေးအား လိုက်ရှာဖွေကြသည်။

နွေရာသီဖြစ်သောကြောင့် ခြေရာမထင်၍ အရှာရခက်သည်။ လူဆိုးများသည် နန်းပပလေးအား မည်သည့်မြို့တောတောင်အရပ်သို့ ဖမ်းဆီးခေါ်သွားလောက်သည်ဟူ၍ပင် မခန့်မှန်းနိုင်ကြပေ။ ထို့ကြောင့် ထင်ရာအရပ်များသာ လိုသလို လူစုကိုခွဲ၍၊ ဖြန့်၍ လိုက်ရှာကြလေသည်။

မနက်စောစောမှ နေ့လယ်၊ ညနေ၊ မိုးချုပ် မနားတမ်း လိုက်ရှာကြသည်။ တချို့က တောင်ဝူ၊ သံတောင် စသော မြို့များဘက်ကို သတင်းထောက်ရင်း လိုက်ရှာကြသည်။ တချို့ကမူ နှီးစပ်ရာရွာများကို လိုက်လံစုံစမ်းကြသည်။ နောက်ထင်သောတောတောင်များကိုလည်း အပြေးအလွှား ရှာဖွေကြသည်။

သို့သော် မိုးသောချုပ်သွားလေသည်။ နန်းပပလေး ရှာဖွေ၍ မတွေ့ကြရသလို သတင်းအစနကိုမျှပင် မကြားကြရပေ။ မိဘများမှာ သမီးလေးနန်းပပအတွက် နိုးသောက ပူပန်ခြင်းကို မထိန်းနိုင်ကြသည့်အဆုံး မျက်ရည်နှင့်မျက်ခွက် ဆိုဘိသို့ ဖြစ်နေကြလေသည်။ စိုင်းသီဟရာဇာသူ့ချစ်သူ နန်းပပလေးအတွက် ရင်တစ်ခုလုံး လောင်ခြစ်နေလေ၏။ ဆွေမျိုးနှင့် ရွာသူရွာသားများမှာလည်း တပြင်ပြင်၊ တောက်တခေါက်ခေါက်၊ တုတ်တဆောင့်ဆောင့်နှင့်

နောက်နေ့မှာလည်း လမ်းကြောင်းမြင်သည်နှင့် လူစုပြီး မြို့ဘက်၊ ရွာဘက်များကို သွားသူတဲ့ သွားကြသော်လည်း တောတောင်အနှံ့ လိုက်ရှာသူများကလည်း ရှာဖွေကြသည်။ လယ်တဲနှင့် ဥယျာဉ်တဲများကိုမူ မေးမြန်းခဲ့ကြသော်နှင့်ပင် မကျေနပ်နိုင် စိတ်မချနိုင်ကြသေးဘဲ ကိုယ်တိုင်ထွ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး ရာဖွေကြသည်အထိပင် ကြိုးစားကြလေသည်။

သည်နေ့တွင်လည်း ထိုနည်းလည်းကောင်း နန်းပမ းကို ရာဖွေ၍ မတွေ့ကြရသလို သတင်းမျှကိုပင် မကြား ကြရပေ။ ထို့ကြောင့် မိုးချုပ်လေသဖြင့် သတင်းထောက်ပြီး ကြီးစားရာဖွေခြင်းကို ရပ်ဆိုင်းလိုက်ရပြန်သည်။

ထို့နောက် တစ်ရက်ပြီး တစ်ရက်ဆက်ကာ ရာဖွေကြ သော်လည်း ယမင်းပပလေးကို တွေ့ရှိခြင်း မရှိလေတော့။ ယမင်းပပလေး၏ ကံကြမ္မာကိုလည်း နားလည်နိုင်စွမ်း မရှိ ကြတော့။

♦ ♦ ♦

ယမင်းပပလေး ပျောက်ဆုံးသွားသော (၇)ရက်မြောက် နေ့လယ်တွင် ဖြစ်၏။

ကိုလူအသည် ခေါင်းငိုက်စိုက်ချလျက် ကျောင်းတော် ဦး တက်လာ၏။ ဆရာတော်အား ဦးချရှိခိုးပြီးနောက် ကို အ တစ်အောင့်ကြာအောင် တွေနေမိသည်။ လာရင်းကိစ္စ ကို ဆရာတော်အား အဘယ်သို့ လျှောက်ထားရမည်မှန်း ထားရှာမရ ဖြစ်နေမိသည်။

ထို့ကြောင့် ဆရာတော်က စ၍ မေးလေသည်။

'ဟဲ့...ငအေ၊ ဘာတုန်း။ အလာထူးသလိုနဲ့ မင်းမျက်နှာ သည်း မကောင်းပါလား။ အကြောင်းများ ရှိသလား'

'တင်ပါ့။ အကြောင်းတော့ ရှိပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော် ဘယ်လိုလျှောက်ထားရမှန်းမသိ ဖြစ်နေမိပါ တယ်'

'ဒီလိုဆိုရင် မင်းအကြောင်းကို စဉ်းစားပြီးမှလျှောက်။ အခု ရွာထဲမှာ သူကြီးမောင်စိုင်းဝတ္ထာရဲ့ သမီးလေးကို လူဆိုး ဆွဲ ဖမ်းသွားကြတယ်ဆိုတာ အခြေအနေဘယ်လိုရှိတုံး။ ခုမှ ကြားလို့ မရကြဘူးလား။ ရက်တွေတောင် အတော်လေး ကြာလာပြီပဲ'

'တပည့်တော်လည်း အဲဒီအကြောင်းကိုပဲ လျှောက်ချင် နေတာပါဘုရား'

'ဟေ...လျှောက်ထားစမ်းပါဦး။ ဘယ်လိုအကြောင်း များလဲ'

'တပည့်တော် ယမင်းပပလေး ဖမ်းသွားကြတဲ့လူတွေ ကို သိပါတယ်ဘုရား။ အခု သူတို့ ဘယ်အနားလောက်မှာ ရှိနေကြလိမ့်မယ် ဆိုတာကိုလည်း အတိအကျနီးပါးလောက် သောင် ခန့်မှန်းလို့ ရနေပါတယ်။ ယမင်းပပလေးအပေါ်မှာ ဘာရက်ထက်တစ်ရက် အသားနာပိုလာမိတာကြောင့် ပြော လည်း အရမ်းပဲ ပြောပြချင်လာပါတယ်။ ဒါပေမဲ့ အစက တည်းက သူမိဘတွေနဲ့ ရွာသူရွာသားတွေကို ဒီအကြောင်း မပြောရဲတာကတော့ တပည့်တော်ရဲ့ အသက်အန္တရာယ်ကို စိုးရိမ်နေရလို့ပါဘုရား'

'ဟော...ဘယ့်နယ်ကြောင့် အသက်အန္တရာယ်ကို စိုး ရိမ်ရပြန်တာတုံး။ ဘယ်လိုအကြောင်းများ ရှိနေလို့လဲ'

'ဒါပေမဲ့ ဘုရား...ဘာပဲဖြစ်ဖြစ် သူတို့ သိုက်ဆရာ များက တပည့်တော်ကို အန္တရာယ်ပေးလို့ ဘဝပဲပျက်ပျက်၊ အသက်ပဲသေသေ ယမင်းပပလေးအကြောင်းကို မပြောပြ ရရင် မနေနိုင်လောက်တဲ့အထိ ဖြစ်လာမိတာကြောင့် ဆရာ တော့်ဆီပဲ လာခဲ့တာပါဘုရား'

'ဩော်...အေး...အေး...ဒါဆိုရင် ပြောစမ်း'

'အမှန်က ယမင်းပပလေးကို ဖမ်းသွားကြတဲ့လူတွေ ဟာ လူဆိုးအစစ်ရယ်လို့တောင် မဆိုလောက်ဘဲ သိုက် ဆရာတွေသာ ဖြစ်ပါတယ်ဘုရား'

'ဟော...ဘယ်က သိုက်ဆရာတွေတုံး။ ဒါဆိုရင် မောင်စိုင်းဝတ္ထာရဲ့သမီးကို သိုက်စာများ ကျွေးလိုက်ကြပြီ လား'

ဤတွင် ကိုလူအ စဉ်းစားရ၏။ ကိုလူအကိုယ်တိုင် သိုက်ဆရာများနှင့် တွေ့ဆုံဖူးကြောင်း၊ သိုက်ဆရာများ သူ့ ကို ဖမ်းတုပ်ခြိမ်းခြောက်ပြီး ဒဏ္ဍာပ်ကိုင်မေးမြန်း၍ ယမင်း ပပလေးအား ဖမ်းခေါ်ယူနိုင်သည်အထိ ပြောပြခဲ့ဖူးကြောင်း များကို၊ ဆရာတော်အား လျှောက်ထားလိုက်၍ အဆင်ပြေ မည်ဟု မထင်ပေ။

သည်အကြောင်းကိုသာ ရွာအုပ်ကြီးနှင့် ရွာသားများ သိသွားကြလျှင် ယခု ယမင်းပပလေး ဖမ်းဆီးခေါ်ဆောင် ခံရသည်နှင့်ပတ်သက်ပြီး ကိုလူအလည်း အမှုပတ်လာနိုင် သည်။ ထို့ကြောင့် သိုက်ဆရာများ၏အကြောင်းကို သိ သာရုံမျှသာ ပြောပြပြီး အချိန်မီ ယမင်းပပလေးအား ကယ် တင်နိုင်ရေးကိုသာ ပြောဆိုလျှောက်ထားရပေတော့မည်။

'မှန်လှပါ၊ ယမင်းပပလေးကို သိုက်စာကျွေး၊ မကျွေး တော့ မလျှောက်တတ်ဘူးဘုရား။ တကယ်လို့ ကျွေးမယ်ဆို ရင်လည်း ဒီလကွယ် ညနက်ပိုင်းလောက်မှပဲ ဖြစ်နိုင်ဖွယ် ရှိပါတယ်'

'ဟ...ဒါဆိုရင် အခုပဲ နေစောင်းနေပြီ။ တော်ကြာ မိုးချုပ်တော့မယ်။ အဲဒီသိုက်ဆရာတွေက ဘယ်မှာလဲ'

ဤတွင် ကိုလူအ စဉ်းစားရပြန်သည်။ သိုက်ဆရာများ

www.burmeseclassic.com

အကြောင်းကို ဘွင်းဘွင်းကြီးလျှောက်ထားလိုက်လျှင် တိကျစွာ သိလှချည်လား၊ ဘယ်လိုဆက်စပ်ပြီး သိသလဲဟု မေးလျှင် အပြောရခက်ပေဦးမည်။ သိုက်ဆရာများ မိမိနှင့် ပတ်သက်ခဲ့ဖူးသည့် အကြောင်းသည်လည်း မေးမြောရင်းဖြင့် ပေါ်ကောင်းပေါ်လာနိုင်သည်။ ထို့ကြောင့် ကိုယ့်လည်ပင်း ကြိုးကွင်းစွပ်သလိုလည်း ဖြစ်သွားနိုင်သည်။ ထိုသို့သဘောရှိ၍ အဆင်ပြေအောင်သာ ကြည့်လျှောက်ရပေတော့မည်။

'တပည့်တော် တောင်ဆိတ် အရှာသွားရင်း အရှေ့မြောက် ကျောက်တောင်ခြေက ငွေယားသိုက်နားမှာ ယမင်းပပလေးကို ဖမ်းချုပ်ထားကြတဲ့ သိုက်ဆရာများအား အဝေးက မြင်ခဲ့ရလို့ အခုလို ဆရာတော်လာလျှောက်ထားတဲ့ အကြောင်းပဲ ဆရာတော်က ရွာအုပ်ကြီးနဲ့ ရွာသူရွာသားတွေကို ပြောပြပေးစေချင်ပါတယ်'

'အဲလို ပြောဆိုလည်း ပြောပေးပါ့မယ်။ အဓိက,က ဟိုကလေးမ ယမင်းပပလေး အသက်ရှင်ရေးပဲ မဟုတ်လား။ ကိုင်း..ကိုင်း..သူတော်၊ အရှေးပေါ် အုံးမောင်းကို ခေါ်လိုက်စမ်း'

တောကျောင်းများ၌ ထားရှိကြသည့် အုံးမောင်း၏ အဓိကလိုရင်းမှာ နေပူမရှောင် မိုးရွာမရှောင် လုပ်ငန်းခွင်ဝင်နေကြသော တောသူတောင်သား လယ်သမား၊ ယာသမားများ အဝေးကကြားလောက်သည်အထိ နာရီအချက်ပေးသံကို မှန်မှန်တီးခတ်ပေးခြင်းပင် ဖြစ်၏။

သို့သော် အရှေးပေါ် အချက်ပေးတီးခတ်လျှင်မူ နာရီတီးခတ်သကဲ့သို့ မဟုတ်တော့ပေ။ သံရှည်ဆွဲပြီး ငါးမိနစ်၊ ဆယ်မိနစ်အထိ အချက်ပေါင်းများစွာ တီးခတ်ပေးရလေသည်။

ယခုလည်း ဦးသူတော်က အရှေးပေါ် အုံးမောင်းကို အဆက်မပြတ် တီးခတ်လိုက်၍ ယမင်းပပလေး ပျောက်ဆုံးသွားစဉ်ကပင် တစ်ရွာလုံးကို တပ်လှန့်ထားသလို ဖြစ်နေကြသောကြောင့် ချက်ချင်းပင် ရွာသူရွာသားများ တုတ်၊ မား၊ လက်နက်ကိုယ်စီဖြင့် ကျောင်းတော်သို့ ရောက်လာကြလေသည်။

ဆရာတော်ကလည်း ခပ်မဆိုင်းပင် ပြောလိုက်သည်။

'ကိုင်း..ရွာသူရွာသားတို့၊ မောင်စိုင်းဝဏ္ဏရဲ့သမီးလေး သတင်းကိုတော့ ရထားပြီ။ ဒီက ငအ၊ သူ့ဝါသနာအလျောက် အမဲလိုက်သွားရင်း အရှေ့မြောက် ကျောင်တောင်ခြေက ငွေယားတွင်းနားမှာ လူတစ်စုက မောင်စိုင်းဝဏ္ဏရဲ့သမီးလေး ကြိုးတုပ်ထားတာကို တွေ့ခဲ့တယ်လို့ ဆိုတယ်။ ဒီစကားကို ထောက်ကြည့်ခြင်းအားဖြင့် အဲဒီလူတွေဟာ နှယ်နှယ်ရရမဟုတ်ဘဲ သိုက်ဆရာတွေ ဖြစ်ဖို့များတယ်။ ဒါကြောင့် ငွေယားတောင်သိုက်ကို လိုက်ကြလိမ့်မယ်လို့ ထင်ရတယ်။ ဒီနေ့ကလည်း လကွယ်နေ့ဖြစ်နေလို့ အများအားဖြင့် သိုက်ဆရာတွေ သိုက်ဖွင့်ကြတာဟာလည်း လကွယ်ညလို့ ကြားဖူးတယ်။ အခုပဲ တော်ကြာ မိုးချုပ်တော့မယ်။ ဒီတော့ ရွာသားတွေဟာ အချိန်မီ ကလေးမကို သွားကယ်လိုက်ကြတော့'

ဆရာတော်၏ စကားအဆုံးမှာပင် ရွာသူရွာသားများလည်း တုတ်၊ မား၊ လက်နက်ကိုယ်စီဖြင့် ငွေယားတောင်ဘက်သို့ ချီတက်သွားကြလေသည်။ ငွေယားတောင်သည် ရွာမှ အဖြောင့်သုံးမိုင်ကျော်မျှသာရှိသော်လည်း တောလေတို့သဘော အတက်အဆင်း၊ အကွေ့အကောက်များပြီး လမ်းကြမ်းသောကြောင့် မုဆိုးခြေထောက်ဖြင့်ပင် အတော်လေး လှမ်းယူရသည်။

ယခုမူ ရွာသားများ တောင်ခြေသို့ ရောက်သည်နှင့် မိုးချုပ်သွား၍ ပိုပြီးပင် ခရီးနောင့်နေးရလေသည်။ လူစုနှင့်သာ သိုက်ဆရာများကို ဝိုင်းဖမ်းရန် ကြံစည်လာကြသောကြောင့် မီးတုတ်လည်း မသုံးရဲကြပေ။

မီးရောင်ကိုမြင်လျှင် ရွာသားများ၏အကြံအစည် ပျက်သွားနိုင်သည်။ ယမင်းပပလေးသည်လည်း ဓားစာခံမှသည် အသက်အန္တရာယ်ထိ ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ဇသုံးဟူ၍ တိတိကျကျမရှိဘဲ ချောက်ကြိုမြောင်ကြားများအတိုင်းသာ ခက်ခက်ခဲခဲ သွားနေကြရလေသည်။

www.burmeseclassic.com

ညကိုးနာရီအချိန်တွင် ရွာသားများ ငွေယားသိုက်၏ အနီးအနားကို ချဉ်းကပ်မိကြ၏။ သို့သော်လည်း အခြေအနေအရပ်ရပ်ကိုကြည့်ပြီးသာ သိုက်ဆရာများအား လက်ရဲဆိုးကြမည်ဖြစ်၍ ဒေါသအလျောက် အရမ်းကာရော်ဆုပ်ရဲကြပေ။

လူစုကိုဖြန့်ပြီး ဖြည်းဖြည်းချင်း ဝိုင်းကြ၏။ သိုက်ဆရာများ ထွန်းညှိထားကြသော ကညင်ဆီမီးအလင်းရောင်ဖြင့် သိုက်ဆရာများ၊ သိုက်ပွဲများနှင့် သိုက်တဲ၏ရှေ့တွင် ကြိုတုပ်ထားသော ယမင်းပပလေးကိုလည်း ပြတ်ပြတ်သားသားပင် မြင်နေကြရသည်။

ထိုအခိုက်မှာပင် တဒုန်းဒုန်း တဒိုင်းဒိုင်း ကြောက်မက်ဖွယ်ရာ အသံကြီးမြည်ဟိန်းလျက် ကျောက်ဂူသိုက်နန်းကြီး ပြိုသွားလေသည်။ ကျောက်ဂူကြီး၏အထဲတွင် ငွေရောင်ဆွတ်ဆွတ်ဖြူနေသော အရာဝတ္ထုများကိုလည်း မြင်နေရသည်။ သို့သော်လည်း ကျောက်ဂူသိုက်နန်းကြီးနှင့် အနီးအနားမှလူများ မည်သည့်အရာဝတ္ထုများဟူ၍ မကွဲပြားကြချေ။

ထို့နောက် သိုက်ဆရာကြီးက အမိန့်ပေးပြီး ကျောက်ဂူသိုက်နန်းကြီးထဲသို့ တပည့်နှစ်ယောက်တို့အား ဝင်ခိုင်းလေ၏။ တပည့်နှစ်ယောက်တို့ သိုက်နန်းကျောက်ဂူကြီးထဲသို့ ဆုတ်သွားကြသည်နှင့်တစ်ပြိုင်နက် ကျောက်ဂူသိုက်နန်းအဝါးဝကြီးသည် တဒုန်းဒုန်း တဒိုင်းဒိုင်း အသံကြီးမြည်ဟိန်းသွက် ပြန်ပိတ်သွားလေသည်။

ထို့ကြောင့် အပြင်တွင် ကျန်နေခဲ့သော သိုက်ဆရာများ ဆတ်လုံးပြူးပြီး တအံ့တသြဖြစ်နေကြလေသည်။ ဤသည်ကို အခွင့်ကောင်းယူပြီး ရွာသားများလည်း ချက်ချင်းပင် ဆင်းကို ဖောက်ဖျက်ကာ ညာသံပေးပြီး ပြေးဝင်ကြလေသည်။

ရွာသားများမှာ သိုက်ဆရာများကို ဂရုမစိုက်နိုင်ကြသေးဘဲ ယမင်းပပလေးဆီကိုသာ ဝိုင်းအုံသွားကြ၏။ ထို့နောက် ကိုယ်မှာ တုပ်နှောင်ခံထားရသောကြိုးများကို ဖြေဆေးကြသည်။ ဒဏ်ရာများရှိ၊မရှိ စစ်ဆေးကြည့်ကြသည်။

"အောင်မယ်လေး..ကူကြပါ၊ ကယ်ကြပါ။ ယားတယ်၊ ယားတယ်"ဟု ကျယ်လောင်စွာဖြင့် သိုက်ဆရာများက အော်ဟစ်လာကြ၍ ကြည့်လိုက်ကြရာ သူတို့၏ တစ်ကိုယ်လုံးတွင် အဖုအပိမ့်များပေါက်ပြီး မြေပြင်တွင် လူးလှိမ့်နေကြသည်ကိုသာ တွေ့ကြရသည်။

ထို့ကြောင့် ရွာသားများလည်း အထူးအဆန်းဖြစ်ပြီး ပြူးကြည့်နေမိကြ၏။ လျင်မြန်စွာပင် အဖုအပိမ့်များ ကြီးလာပြီး ရောင်ကိုင်းလာလေ၏။ ထို့ကြောင့် သိုက်ဆရာများမှာ လူနှင့်မတူဘဲ ဖားခုံညင်းကြီးများသဖွယ် ဖြစ်လာကြလေသည်။ ထို့ကြောင့် အော်သံသည်ပင် မထွက်နိုင်တော့ဘဲ ပိုမိုရောင်ကိုင်းလာပြီး တစ်ယောက်ပြီးတစ်ယောက် ပေါက်ကွဲကာ လေမှာ လွင့်ပျောက်သွားကြလေသည်။

ထို့ကြောင့် ရွာသားများလည်း လန့်ဖျပ်သွားကြ၏။ နားမလည်နိုင်ဖြစ်ပြီးလည်း ငေးနေမိကြ၏။ သိုက်ဆရာများကိုမူ အစအနမျှပင် မမြင်ရတော့ပေ။

စာကြွင်း

သိုက်ဆရာများ ဖမ်းသွားသည်မှ ယခု ရွာသားများ ကယ်တင်ကြသည့်အချိန်ထိ ယမင်းပပလေးအား မေးမြန်းကြည့်ကြ၏။ ထုရိက်နှိပ်စက်ကြသလား၊ ထိပါးစော်ကားကြသလား စသည်ဖြင့်..။

ထိုအခါ ယမင်းပပကလေးက လက်ညှိုးလေးများဖြင့် ဝေ့ဝိုက်ပြီး အမူအရာဖြင့် ပြောပြသည်မှာ-

ကြိုးတုပ်ခံရသည်မှတစ်ပါး သိုက်နန်းက အစ်မကြီး ယမင်းခင်ခင်နှင့် မောင်လေးယမင်းမောင်မောင်တို့က ကာကွယ်ထားကြ၍ ထုရိက်ထိပါးစော်ကားခြင်း အလျှင်းမရှိပါကြောင်း စသည်ဖြင့်..။

နောက်(၁၅)ရက်မြောက် လပြည့်ညတွင် ရှမ်းပြိုးချောင်းရွာ၏ ကောင်းကင်ယံမှ သာယာနာပျော်ဖွယ် စောင်းညှင်းပတ်သာ တူရိယာဖြင့် သီဆိုတီးမှုတ်၍ ရွာ၏ တောင်ဘက်သို့ ရွေ့လျားသွားသော အသံတစ်သံကို ကြားလိုက်ကြရ၏။ ထိုအချိန်မှစ၍ တစ်ကြိမ်တစ်ခါမျှ ငွေယားတောင်မှ သိုက်အကြောင်းကိုလည်း မကြားကြရတော့ပေ။

ယမင်းပပလေးမှာလည်း ထိုရှမ်းပြိုးချောင်းရွာမှာပင် သိုက်စည်းကမ်းအတိုင်း အိမ်ထောင်မပြုဘဲ စိုင်းသီဟနှင့် ချစ်သူဘဝဖြင့် နေထိုင်သွားခဲ့ပြီး အသက်(၃၀)အရွယ်တွင် သိုက်နန်းသို့ ပြန်သွားလေသည်။

ထွန်းဇေတာက်

(ကျေးဇူးရှင် ဖခင်ကြီး ဦးထိန်သည် သည်အကြောင်းကို စာရေးသူ ငယ်စဉ်က အိပ်ရာဝင် ပုံပြင်အဖြစ် အကြိမ်ကြိမ် ပြောပြခဲ့ဖူးသည်။ စာရေးသူ၏ဇာတိ တောင်ငူမြို့နယ်၊ ဒိုးဆောင်ရွာနှင့် ရှမ်းပြိုးချောင်းရွာကလေးမှာ ခရီးကာအားဖြင့် ဆယ်မိုင်ခန့်သာ ဝေးသည်။)

www.burmeseclassic.com

www.burmeseclassic.com

တန်ဆေးရဲ့ အရိပ်

ဂျဉ်းမွန်းကြီး

ဟုတ်ကဲ့..ခင်ဗျားရေးနေကျထုံးစံ စကားလုံးအတိုင်း ပြောရရင်တော့ တကယ့်ဖြစ်ရပ်မှန်ပေါ့ဗျာ။ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရတာပါ။ အင်း..ကိုယ်တွေ့တော့ ကိုယ်တွေ့ပဲ၊ ဒါပေမဲ့ တချို့လူတွေပြောသလိုမျိုး ကိုယ်တွေ့ကြီးဖူးမှပဲ ယုံပါတော့တယ်ဆိုတာ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com

အတွက်တော့ မဟုတ်ဘူး။ ကျွန်တော်က ခုထက်ထိ ကျွန်အဖြစ်အပျက်အပေါ် ကျွန်တော် သံသယဖြစ်နေတုံး။

ကျွန်တော် မျက်စိမှားခဲ့တာလား၊ ကျွန်တော် အမော ကျွန်နေလို့ပဲ မျက်စိတွေ ဝေဝါးခဲ့တာလား။ ဒါပေသိ ဒီလို ထင်ရအောင်ကလည်း အဲဒီဟာကို ကျွန်တော်တစ်ယောက်တည်း မြင်ခဲ့ရတာ မဟုတ်ဘူး။ ကျွန်တော်နဲ့အတူ ရှိခဲ့တဲ့ သူငယ်ချင်းတွေအားလုံး အဲဒါကိုမြင်ပြီး ကြောက်သွန်တကြား ထွက်ပြေး သွားကြတာလည်း ကျွန်တော့်ရှေ့ ကောင်ပဲလေ။ ဩဩ..ကျွန်တော်လား၊ ကျွန်တော်က ကြောက်ချေးလည်းမသိ၊ ပြေးရမှာလည်း သတိမရဘဲ အဲဒီဟာကြီးဘို ကြောင်ပြီး ရပ်ကြည့်နေခဲ့မိတယ်။

ကဲပါ..ခင်ဗျား စိတ်ဝင်စားသွားပြီမဟုတ်လား။ မပြောဘဲ ထားခဲ့ရင်လည်း ကျွန်တော်အလွန်ဖြစ်မှာစိုးလို့ ပြောပြပါမယ်။ နို့ပေမယ် ယုံတာ,မယုံတာ ခင်ဗျားကိစ္စ။ ကျွန်တော်ကတော့ ကိုယ်တိုင်သာ ကြုံခဲ့တယ်၊ အဲဒီဟာကို ခုထက်ထိ နားမလည်နိုင်သေးဘူး။

ကားမထွက်သေးလို့ ကျွန်တော်တို့ ဒီနားမှာ ဆက်ထိုင်နေရမယ့်အတူတူ ကျွန်တော် ဒီအဖြစ်အပျက်အကြောင်း ခင်ဗျားကို အစအဆုံးပြောပြမယ်။ ကျွန်တော့်ဘဝရဲ့ မမေ့နိုင်တဲ့ ထူးထူးဆန်းဆန်း ဖြစ်ရပ်တွေထဲက တစ်ခုပေါ့ဗျာ။

♦ ♦ ♦

မိုးတွေ ဖွေခနဲ၊ စီခနဲ၊ ဝုန်းခနဲ၊ ဗြုန်းခနဲ ရွာချင်တိုင်း ရွာနေသည့် မိုးရာသီကို ကုန်လွန်သွားပြီးသည့်နောက် ကျွန်တော်တို့ ကလေးတစ်သိုက် အပျော်ကြီး ပျော်သွားခဲ့ရ၏။ အဲဒီလိုအကြောင့်နည်းဟု မေးလာလျှင်မူ ထိုမိုးတွေ ရွာချင်ကိုင်း ရွာနေခြင်းကြောင့် ကျွန်တော်တို့ကို မိုးမိကာ အအေးမိသည်၊ အအေးပတ်မည် စိုးရိမ်၍ မိဘတွေက မိုးရာသီ၌ အပြင်ထွက် ကစားခွင့်ကို ပိတ်ပင်ထားခဲ့သည်။ ယခုများတော့ မိုးလေကင်းလွတ်၍ သီတင်းကျွတ်ခဲ့ပြီ။ အပြင်ထွက် ကစားခွင့် ရခဲ့ပါပြီ။

မနက်မိုးသောက်လို့ အလင်းမရောက်တရောက်အချိန် ဆောက်ရုံရှိသေး စစ်တပ်ဝင်း၏ ထိပ်ဆုံးတွင်နေသော အောင်ဘဦးဆောင်လျက် တစ်အိမ်တက် တစ်အိမ်ဆင်းကာ ဘူးကျော်၊ အေးကို၊ ချက်ကြီး၊ သော်မိုး၊ ဖြိုးမောင် အစရှိသည့် ကျွန်တော်တို့ ဘော်ဒါမှန်သမျှကို လိုက်လံနှိုးဆော်ခေါ်ယူပြီး လူစုံတက်စုံဖြင့် ဝင်းထဲမှ မြေကွက်လပ်ကျယ်ကြီးဆီသို့ ချီတက်ခဲ့ကြသည်။ ထိုမြေကွက်လပ်ကျယ်ကြီးက ကျွန်တော်တို့ ကလေးတစ်သိုက်၏ ဆော့ကစားမြူးထူးရာ ဘုံဗိမာန်ဒေသ။

မြေကွက်လပ် ကျွန်တော်တို့အခေါ် ကစားကွင်းသို့ ရောက်သည်နှင့် ကျွန်တော်တို့ တတ်ကျွမ်းသိနားလည်သည့် ကစားနည်းမှန်သမျှကို ကစားကြရုံသာမက တစ်ခါတစ်ရံ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ အသစ်အဆန်းတီထွင်ထားသည့် ကစားနည်းများကိုလည်း ပျော်ပျော်ရွှင်ရွှင်ကြီး ကစားကြသည်။ ကစားကွင်းဆိုလို့ နိုင်ငံတကာကစားကွင်းကြီးများကဲ့သို့ မြို့တော်ကြီးများ၌ တွေ့မြင်ရသော ကစားကွင်းများကဲ့သို့ ထူးထွေဆန်းပြား စီးနင်းကစားစရာ စက်ယန္တရားတွေမရှိ။ ပကတိမြေပြောင်တွင် သစ်ပင်တို့ စီတန်းပေါက်ရောက်လျက် နေပြောက်တို့ ဟိုတစ်ကွက် သည်တစ်ကွက် ထိုးနေသော မြေတလင်းကြီးသာ။

မိုးလေကင်းလွတ်သွားသော ဆောင်းဦးကာလဖြစ်သော်ငြားလည်း ရာသီဥတုက အေးထက်စာလျှင် အပူဘက်သို့ ပိုကဲသည်ဟု ဆိုရပေမည်။ နေ့လယ်ခင်းဆိုလျှင် နေကလည်း ကျဲကျဲတောက်၊ လေကလည်း ငြိမ်ချက်ကောင်းဆိုတော့ ကစားရသော ကျွန်တော်တို့ ကလေးတစ်အုပ်မှာလည်း ချွေးတွေရွဲစိုကာ မောဟိုက်သောကြောင့် မကြာခဏဆိုသလို အရိပ်ကောင်းကောင်း သစ်ပင်ရိပ်တွင် ထိုင်ကာ အပန်းဖြေနားနေလေ့ရှိကြသည်။

မမောရှိလေမလား၊ ကစားတဲ့နည်းတွေကိုလည်းကြည့်ဦး။ စိန်ပြေးလိုက်တမ်း၊ စစ်တိုက်တမ်း၊ သစ်ပင်(တိုင်)ဦးတမ်း၊ ဘောလုံးကန်တမ်း အစရှိသော ကစားနည်းပေါင်းစုံကို ကစားရုံမက တစ်ခါတစ်ရံ အခြားကစားနည်းများရိုးအီသွားလျှင် မိန်းကလေးများ၏ ကစားနည်းဖြစ်သော ကြိုးခုန်တမ်း၊ ကုလားမစည်းနင်းတမ်း၊ ရုပ်ရှင်ဝှက်တမ်းများပါမကျန် ကစားနည်းပေါင်း မြောက်မြားစွာကို ကစားတတ်ကြသော ကျွန်တော်တို့အုပ်စုဖြစ်၏။

[ဤအဖြစ်အပျက်သည် လွန်ခဲ့သောအနှစ်(၂၀)ခန့်က အကြောင်းအရာ ဖြစ်ပါသည်။ စာရေးသူ]

ကျွန်တော်တို့အုပ်စုဟုဆို၍ ကျွန်တော်တို့ အဖွဲ့ဝင်များကို မိတ်ဆက်ရသော် သူငယ်ချင်းစုစုပေါင်း (၉)ယောက်ရှိသည်။ စောစောက ကျွန်တော်ပြောခဲ့သော အောင်ပုအပါအဝင် လှကျော်၊ အေးကို၊ ချက်ကြီး၊ သော်မိုး၊ ဖြိုးမောင်၊ သာအေး၊ ကောင်းကျော်နှင့် ကျွန်တော်ဟူ၍ တပ်ဝင်း၏ အော့ကြောလန် မျောက်လောင်းကိုးကောင်။ လိုထဲတွင်

www.burmeseclassic.com

အောင်ပုက ဆယ့်နှစ်နှစ်ဖြစ်ပြီး ကျန်လူအားလုံးကတော့ ဆယ်နှစ်သာ ရှိကြသေး၏။ ကျွန်တော်တို့အားလုံး ညီကြသည်မှာ ကစားရမည်ဆိုလျှင် ထမင်းမေ့ဟင်းမေ့။ တစ်ခါတစ်ရံ နေ့လယ်စာ ပြန်မစား၍ အိမ်က မိသားစုဝင်များက အတင်းလိုက်ခေါ်ရသည်အထိ။

ဤမျှလောက်အထိ ကစားမက်ခဲ့သည့် ကျွန်တော်တို့အုပ်စု အဖြစ်အပျက်လေးတစ်ခုကြောင့် ထိုမြေတလင်းပြင်ဘက်သို့ ခြေဦးမလှည့်ရဲအောင် ရှိခဲ့ရသည်။ ကျွန်တော်က အယုံအကြည် အယူအဆ ပြင်းထန်သူတစ်ယောက်မဟုတ်၍ ထိုကိစ္စအပေါ်၌ ထိုမျှလောက် ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိခဲ့ပေမယ့် ကျန်(၈)ယောက်လုံး၏ နှလုံးအိမ်တွင်တော့ ပြီးရယ်ကစားချင်စိတ်ပင် ကုန်ခန်းသွားလောက်သည်အထိ ချောက်ချားသွားကြလေသလား မပြောတတ်။ မြေတလင်းသို့ သွားကစားရန် စကားပင် စမရတော့ချေ။

ထိုအဖြစ်အပျက်လေးကို ပြန်ပြောင်းပြောရလျှင် သာမန် ညနေခင်းလေးတစ်ခု အကြောင်းကနေ နိဒါန်းချီရပါလိမ့်မည်။

ထိုနေ့ကလည်း ကျွန်တော်တို့အားလုံး ထုံးစံအတိုင်း ဒိုးပစ်တမ်း ကစားနေရာမှ ပျင်းရိလာကြသဖြင့် အခြားကစားနည်း ပြောင်းဆော့ကြရန် စဉ်းစားပြီးနောက် အောင်ပု၏ အကြံအတိုင်းပင် တိုင်ဦးတမ်း ပြောင်းကစားကြ၏။ ထိုတလင်းပတ်လည်တွင် သစ်ပင်ကြီး (၉)ပင်၊ (၁၀)ပင် ရှိသော်ငြားလည်း ထိုနေ့က ကျွန်တော် ပေရည်ကာ တစ်ဖက်တန်းလျားပျက်တွေ့နားအထိ တိုင်သွားဦးမိသည်။ တန်းလျားပျက်များက မြေတလင်းပြင်နှင့် တစ်ဆက်တည်းဖြစ်ပေမယ့် ကြားခံ့ တစ်ခေါ်သာသာခန့် ခြားသည်။ တိုင်ဦးတမ်းကစားနည်း၏သဘောက ခွေးရူးကို အလယ်မှာထားပြီး ကစားဖော်များက သစ်ပင်တစ်ပင်နှင့်တစ်ပင် ချိန်းလဲပြေးဆော့ရမည် ဖြစ်သည်။

ပြောရလျှင် ကျွန်တော်တို့တစ်တွေအားလုံး မြေတလင်းပြင်တွင်သာ ကစားနေကျဖြစ်သဖြင့် တန်းလျားပျက်ဘက်သို့ တစ်ကြိမ်တစ်ခါမျှ မလာရောက်ခဲ့ဖူးပေ။ တန်းလျားပျက်သည် တလင်းပြင်နှင့် တစ်ဆက်တည်းမှာ တည်ရှိနေခြင်းဖြစ်ပေမယ့် ကျွန်တော်တို့ သွားလာဆော့ကစားရန် မဝံ့ခဲ့။ အဘယ်ကြောင့်ဆိုသော် ထိုတန်းလျားပျက်သည် ယခင်က စစ်သားမိသားစုသုံးစု နေထိုင်ခဲ့သော တန်းလျားတစ်ခုဖြစ်ပြီး ရဲဘော်များ ကျဆုံးသွား၍ မိသားစုဝင်များခမျာ ဝမ်းနည်းကြေကွဲစွာဖြင့် ပြောင်းရွှေ့သွားခဲ့ကြရာ ထိုနောက်ပိုင်း လူမနေတော့ဘဲ သည်အတိုင်းပစ်ထားသောကြောင့် ပျက်စီးယိုယွင်းကာ တန်းလျားပျက် ဖြစ်သွားခဲ့ရခြင်းဖြစ်သည်ဟု ကြားဖူး၏။ လူသေဖူးသည်ဟု ကြားဖူးထား၍ ထိုတန်းလျားပျက်ဘက်သို့ လာရောက်ဆော့ကစားရန်အတွက် ကျွန်တော့်သူငယ်ချင်းများက ကြောက်ရွံ့နေကြခြင်း ဖြစ်လေသည်။

ကျွန်တော်ဦးထားသည့်တိုင်(သစ်ပင်)မှာ တန်းလျားပျက် ရှေ့တည့်တည့်ရှိ သရက်ပင်ကြီးဖြစ်ပြီး သက်တမ်းရင့် အပင်ကြီးတစ်ပင်လည်းဖြစ်သည်။ တန်းလျားများ မဆောက်ခင်ကတည်းက ရှိနေခြင်းဖြစ်သည်ဟု ကြားဖူးသည်။ သို့သော် အပင်က သိမ်ကြီးထွားခြင်းမရှိဘဲ သက်ကြီးပုလေးပမာ ပင်ပျိုငယ်တစ်ပင်အရွယ်သာရှိသည်။ အရစ်ရှည်သူ ကျွန်တော်က ထိုသက်ရှည်ရပုံ သရက်ပင်လေး၏ ပင်စည်ကို ထိကိုင်ထားသည်။ ကျွန်တော်နှင့် ခုပ်လှမ်းလှမ်းတွင် အောင်ပု ရှိနေပြီး မျက်စောင်းထိုး မန်ကျည်းပင်မှာတော့ ဖြိုးမောင် ရှိနေ၏။ ခွေးရူးလုပ်သူ ချက်ကြီးမှာ ကျွန်တော်တို့ သုံးယောက်စီ ပြေးလာတော့မလို မနီးမဝေး တလင်းပြင်မှာရှိနေသော ဟိုငါးယောက်ကိုပဲ အမိလုရတော့မလိုဖြစ်ကာ ယောင်တောင်ပေါင်တောင် လုပ်နေရသည်။

ကစားပွဲက ကောင်းလာပြီ။ ခွေးရူးချက်ကြီးက တစ်ဖက်သို့လှည့်ကာ သော်မိုးတို့ဘက် အာရုံရောက်နေခိုက် ကျွန်တော်က အောင်ပုကို တိုင်ချင်းလဲရန် မျက်ရိပ်ပြဖို့ လှမ်းကြည့်လိုက်စဉ် အောင်ပု၏ အကြည့်များက ကျွန်တော့်ဆီမှာ ရှိမနေဘဲ ကျွန်တော့်ခြေရင်းနှင့် မလှမ်းမကမ်းရှိ မြေပြင်ပြောင်ပြောင်ကိုသာ သဲသဲမဲမဲ စိုက်ကြည့်နေသည်။ ကြည့်နေပုံက သာမန်ကာလျှံကာ မဟုတ်ဘဲ တကယ့်ကို စိတ်ဝင်တစား။ အောင်ပု၏ အမူအရာကို အကဲခတ်မိသည်မှာ တစ်စုံတစ်ယောက်ကို ထိတ်လန့်နေသလို မျက်လုံးအိမ်တွေ ပြူးကျယ်ဝိုင်းစက်ကာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ရွတ်..ရွတ်..အောင်ပု..အောင်ပု"

ကျွန်တော်က အသံတိုးတိုးဖြင့် လှမ်းခေါ်လိုက်ရာ အောင်ပုခမျာ တစ်ယောက်ယောက်က ရေအေးနှင့် လှမ်းပက်လိုက်သကဲ့သို့ တုန်ခနဲဖြစ်သွားပြီး ကျွန်တော့်ကို အထိတ်တလန့်မော့ကြည့်သည်။ ကျွန်တော်က သူ့ကို အကဲခတ်မှုအား တော့၊ တိုင်ချင်းလဲရန် လက်ဟန်ခြေဟန် ပြင်ဆင်မိရာ အောင်ပုမှာ မည်သို့သဘောပေါက်သွားသည်မသိ အလိုက်

www.burmeseclassic.com

ကန်းဆိုးမသိစွာ အသံပြုကြီးနှင့် အော်ဟစ်လျက် အသည်းအသန် ငြင်းဆန်တော့၏။

'ဟင့်အင်း၊ ငါ..ငါမလာဘူး။ အဲဒီအပင်ကို ငါ မလာဘူး'

အောင်ပုက ထိုသို့အော်လိုက်၍ ချက်ကြီးမှာ ကျွန်တော် သစ်ပင်တိုင်ချင်း လဲချင်နေမှန်း ရိပ်မိသွားကာ ကျွန်တော်တို့ဘက်သို့ လျှောက်လာသည်။ မျက်နှာကလည်း သူဌေးသတင်းရသော ရဲအိုက်တင်နှင့်။ သို့သော် လှမ်းလက်စ ခြေလှမ်းများက လမ်းခုလတ်မှာပဲ ရပ်တန့်သွားသည်။ ဘာကို တွေ့လိုက်၍လဲသည်း မပြောတတ်၊ ကျွန်တော့်ခြေရင်းက မြေပြင်ကို အသည်းအသန်စိုက်ကြည့်လိုက် နံဘေးဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်နှင့် ယောကယက်ခတ်သွားသည်။

ခဏကြာမှ-

'ဟာ..ကောင်းမြတ်၊ မင်း..မင်းဦးထားတဲ့ သစ်ပင်ရဲ့ အရိပ်ကိုကြည့်..ကြည့်လိုက်စမ်း'

ထိုသို့အသံပြာပြာကြီးနှင့် ကတုန်ကယင် ရေရွတ်လိုက်သဖြင့် ကျွန်တော်အပါအဝင် ကျန်သူငယ်ချင်းအားလုံး ကျွန်တော်ဦးထားရာ သစ်ပင်၏အရိပ်ကို ဝိုင်းကြည့်လိုက်ကြသည်။

ညနေခင်းဖြစ်သဖြင့် သစ်ပင်၏ အရိပ်သည် အရှေ့ဘက်သို့ ရှည်မျောမျောကျလျက်ရှိ၏။ သစ်ပင်များက တစ်ပင်နှင့်တစ်ပင် ခပ်လှမ်းလှမ်းဖြစ်သဖြင့် အပင်ကိုယ်စီ အရိပ်ကိုယ်စီ ပိုင်ဆိုင်လျက်ရှိ၏။ ချက်ကြီးပြောသည့်အတိုင်း ကြည့်လိုက်မိသည့်အခါမှာတော့ ကျွန်တော် တိုင်ဦးထားသော သစ်ပင်၏အရိပ်သည် လူပ်ယိမ်းနေပြီး အပင်ကို လေခပ်ပြင်းပြင်း တိုက်နေသော ပုံသဏ္ဌာန်ကို ဆောင်နေသည်။ တကယ်တမ်းကျ လေတိုက်ခြင်းမရှိသလို အပင်ကိုယ်ထည်ကလည်း လူပ်ယမ်းခြင်းမရှိ။ ဘယ်လိုဖြစ်တာပါလိမ့်။

သစ်ပင်၏အရိပ်ကိုကြည့်ပြီး ကျွန်တော် အံ့အားသင့်သွားသည်။ မျက်စိမှားသလားဟူသော အတွေးဖြင့် မျက်လုံးများကို ခပ်ကြမ်းကြမ်းပွတ်သပ်လိုက်ပြီး အရိပ်ကို ပြန်ကြည့်သည်။ မမှားပါ၊ စောစောပုံအတိုင်း လူပ်ယမ်းနေသည်။ အပြင်က ပင်စည်နှင့် အကိုင်းအရွက်များက မူအနည်းငယ်ပင် လူပ်ခါခြင်းမရှိဘဲ အရိပ်ချည်းသက်သက် ယိမ်းနွဲ့နေခြင်းဖြစ်သည်။ နံဘေးက သစ်ပင်များကို ဝေ့ဝဲကြည့်လိုက်တော့လည်း တစ်စုံတစ်ရာ လူပ်ရှားခြင်းမရှိ။ မည်သို့ဖြစ်ရသနည်း။ နားမလည်နိုင်တော့၍ ကျွန်တော် မှင်တက်သွားခဲ့ရပြီ။

ထိုစဉ် 'အမယ်လေး..သရဲ..သရဲခြောက်တယ်။ သစ်ပင်သရဲ၊ သစ်ပင်သရဲ' ဟူ၍ တပ်လှန့်သကဲ့သို့ အော်လိုက်သူမှာ ကျွန်တော်နှင့် မျက်စောင်းထိုးတွင်ရှိနေသော ဖြိုးမောင် ဖြစ်သည်။

ဖြိုးမောင်မှာ အားလုံးတွင် အသည်းအငယ်ဆုံး၊ အကြောက်တတ်ဆုံး တစ်ယောက်ဖြစ်၍ ထိုအဖြစ်အပျက်ကို မြင်လိုက်ရသည့်အခါ ဟန်ပင်မဆောင်တော့ဘဲ ထိုသို့အော်ဟစ်လျက် ကျားလိုက်ခံရသော ခြေလှမ်းမျိုးဖြင့် သူအိမ်ရှိရာဘက်ဆီသို့ ဦးတည်ကာ တစ်ဟုန်ထိုး ပြေးထွက်သွားသည်။ ဖြိုးမောင်က ထိုသို့အော်လိုက်သဖြင့် ချက်ကြီးနှင့် အောင်ပုမှာ နဂိုကတည်းက အကြောက်ကြီး ကြောက်နေသူတွေဝိုဝိ အသံတိတ်လျက် တင်ပါးနှင့်ဖဝါး တစ်သားတည်းထိအောင် ပြေးထွက်သွားကြသလို မြေတလင်းပြင်မှာ တိုင်ဦးထားသော ကျွန်သူငယ်ချင်း ငါးယောက်မှာလည်း ဘာမှန်းညာမှန်း အသေအချာမမြင်ရပေမယ့် အားလုံး ပြေးကြပြီဖြစ်တာကြောင့် သူတို့တွေလည်း ရောယောင်ကာ ထွက်ပြေးကြလေ၏။ နောက်ဆုံးတစ္ဆေသစ်ပင်ဟု ယိုးစွပ်ခြင်းခံရသော သရက်ပင်အောက်မှာ ကျွန်တော်တစ်ယောက် တည်းသာ ကျန်ရစ်ခဲ့တော့သည်။

အားလုံး ပြေးထွက်သွားကြသော်လည်း ကျွန်တော့် ရင်ထဲ၌ ကြောက်ရွံ့ထိတ်လန့်စိတ်ထက် စူးစမ်းလေ့လာလိုစိတ်သာ ပိုကဲနေသဖြင့် ထွက်ပြေးရကောင်းမှန်းလည်းမသိ။ သစ်ပင်ရင်းမှနေ ခပ်ဝေးဝေးသို့သွားကာ အရိပ်လှုပ်နေဆဲ မြေပြင်တစ်လျှောက်သို့ လိုက်ကြည့်မိသည်။ သစ်ပင်၏ အရိပ်ကမူ အသာအယာလှုပ်ယမ်းနေဆဲ။ ကြမ်းကြမ်းတမ်းတမ်း ပရမ်းပတာ လှုပ်ခါနေခြင်းမျိုးမဟုတ်ဘဲ ငြိမ့်ငြိမ့်ညောင်းညောင်း ယိမ်းနွဲ့နေခြင်းမျိုး။ အပင်မလှုပ်ပါဘဲ အရိပ်ချည်းသက်သက် လှုပ်ရှားနေခြင်းဖြစ်သောကြောင့် မြေပြင်ကတစ်စုံတစ်ရာများ လှုပ်နေလေသလားဟုတွေးကာ မြေကြီးတစ်လျှောက်ကို လက်နှင့် ပွတ်သပ်စမ်းကြည့်သည်။ သို့သော် မဟုတ်ပြန်။ မြေပြင်သည် ချောမွေ့ညီညာနေသည်။ ယိမ်းနွဲ့စရာ အကြောင်းမရှိသလို အဖုအထစ်များ မညီညာခြင်းများလည်း မတွေ့ရ။

ဒါဆို ဘာသဘောလဲ။ နားမလည်နိုင်အောင်ပါပဲ။ မျက်လှည့်ပြနေသကဲ့သို့ သူအလိုလို တလှုပ်လှုပ်ဖြစ်

www.burmeseclassic.com

နေသည့် သစ်ပင်၏အရိပ်ကို ငေးစိုက်ကြည့်ရင်း ကျွန်တော် အဖြေရှာရခက်နေခိုက် တစ်စုံတစ်ရာကို တွေ့လိုက်ရသည်။ မြေကြီးထဲမှ ထိုးထိုးထောင်ထောင် ထွက်နေသော ပလတ် စတစ်စတစ်ခု။ မြေပြင်ထဲ တစ်ဝက်တစ်ပျက် တိုးဝင်ငုပ်လျှိုးနေသည့် ကြွပ်ကြွပ်အိတ်စကို တွေ့မိ၍ ကျွန်တော် အသည်းအသန် ဆွဲယူထုတ်လိုက်သည်။ ထိုအရာဟာ သဲလွန်စဖြစ်ကောင်းဖြစ်နိုင်သည်ပဲကိုး။

'ဟင်..ဓာတ်ပုံတစ်ပုံပါလား'

ဟုတ်ပါသည်။ ကျွန်တော့်လက်ထဲတွင် ပါလာသည်က ကြွပ်ကြွပ်အိတ်နှင့် အသေအချာအထပ်ထပ် ထုပ်ပိုးထားသော ဓာတ်ပုံငယ်တစ်ပုံ။ မြေကြီးအောက်၌ ငုပ်လျှိုးနေခဲ့သည်မှာ ကြာမြင့်ခဲ့ပုံရ၍ ကြွပ်ကြွပ်အိတ်ပင် အတော်စုတ်ပြတ်နွမ်းဖတ်နေပြီ။

သို့သော်လည်း အတွင်းမှ ဓာတ်ပုံလေးကတော့ ဆေးသားကောင်းသောကြောင့်ပေလား မသိပါ။ ကြည်ကြည်လင်လင် မြင်တွေ့နိုင်သေးသည်။ စစ်အဝတ်အစားနှင့် လူတစ်ယောက်က ကလေးငယ်ကို ချီမြှောက်ထားပြီး နံဘေးတွင် အမျိုးသမီးတစ်ယောက်ရပ်လျက် ပြုံးရယ်ပျော်ရွှင်စွာ ရိုက်ယူထားသော မိသားစုဓာတ်ပုံငယ်လေး။ ထိုဓာတ်ပုံလေးကို မြင်လိုက်ရတော့ ကျွန်တော့်ရင်ထဲ နွေးခနဲခံစားမိလိုက်ရသည်။ ထိုအချိန်တွင် တိုက်ဆိုင်၍ပဲလား မပြောတတ်။ ထူးဆန်းစွာပင် လူပ်ယိမ်းနေသော သစ်ပင်၏ အရိပ်သည်လည်း လူပ်ခါခြင်း မရှိတော့ဘဲ ငြိမ်သက်သွားခဲ့ပြီ။ ကျွန်တော်လည်း နားလည်ရခက်သည့် ထိုအခြင်းအရာကို ဆက်စပ်တွေးဆ၍ မရတော့သဖြင့် ဓာတ်ပုံလေးကို ဆုပ်ကိုင်လျက် နေအိမ်သို့ ပုံမှန်ခြေလှမ်းများနှင့် ပြန်လာခဲ့လိုက်သည်။

♦♦♦

အိမ်ရောက်တော့ ကျွန်တော့်အဖေကို ဓာတ်ပုံထဲမှ မိသားစုအကြောင်းကို မေးမြန်းကြည့်ရာ အဖေက ဓာတ်ပုံကို အသေအချာကြည့်ပြီး-

'ဩော်..ဒါ မောင်အောင်တို့မိသားစုဓာတ်ပုံပဲ။ မောင်အောင်ကိုတော့ သား မှတ်မိမှာမဟုတ်ဘူး။ သိပ်တော်တဲ့ စစ်သားလေးကွာ။ ဒါပေမဲ့ တိုက်ပွဲမှာ ကျသွားခဲ့တယ်။ သူ တိုက်ပွဲကျသွားတော့ သူ့မိန်းမလည်း သူ့မိဘတွေရှိတဲ့ ရွာကို ထွက်သွားတယ်။ ကြာခဲ့ပြီဆိုပေမယ့် အဖေ့စိတ်ထဲတော့ မနေ့တစ်နေ့ကလိုပါပဲ။ တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်ကြီးကြတဲ့ မိသားစုလေးကို ခုထက်ထိ မျက်စိထဲ မြင်ယောင်မိတုန်းပဲ။ ဒါနဲ့ နေပါဦး၊ သူတို့ ဘယ်လိုလုပ် ဒီပုံကို ရလာတာလဲ'

အဖေ့မေးခွန်းကြောင့် ကျွန်တော်လည်း အဖြစ်အပျက်အားလုံးကို အစအဆုံးပြောပြလိုက်သည်။ ပြန်ပြောပြရာ၌ ကျွန်တော့်၏ ထင်မြင်ယူဆချက်များကို ထည့်သွင်းပြောဆိုခြင်းမရှိဘဲ အရှိကိုအရှိအတိုင်း ခပ်တိုတိုပြောပြခဲ့၏။

ဇာတ်လမ်းဆုံးတော့ အဖေက နှစ်ခြိုက်သဘောကျဟန်ဖြင့် ကျွန်တော့်ကို အသေအချာကြည့်ပြီး-

'တော်တယ် ငါ့သား။ အဖေကလည်း ငါ့သားကို ဒီလိုမျိုး ရဲရင့်စေချင်တာ။ အခုလို သား မကြောက်ဘဲ စူးစမ်းလေ့လာတာကို အဖေ သိပ်သဘောကျတယ်။ ဒီတိုက်ရတဲ့ ဖေဖေတို့အတွက်ကတော့ လက်နက်ကိုင်ထားသလူလူချင်းပဲ သတိထားရမယ်။ ဘာကိုမှ ကြောက်ရွံ့ထိတ်လန့်စရာ မလိုဘူး။ သရဲတစ္ဆေဆိုတာ ကိုယ် ကံမြင့်နေသရွေ့ ကိုယ့်ကို ဘာမှလုပ်မရဘူး။ ကံမြင့်အောင် ဘာသာတရားကို ကိုင်းရှိုင်းရမယ်။ လူကြီးမိဘအပေါ် သိတတ်ရှိသေရမယ်။ သိလား သား'

'ဟုတ်ကဲ့ ဖေဖေ'

'အင်း..ကြည့်ရတာ မောင်အောင်တစ်ယောက် မကျွတ်မလွတ်ဘဝနဲ့ သရက်ပင်မှာ ကပ်ငြိနေတုန်း ထင်ပါရဲ့။ ဒါမျိုးတွေက မရှိမဟုတ်ဘူး သားရေ၊ တကယ်ရှိတယ်။ အဖေတို့က အတွေ့အကြုံတွေလည်း စုံလှပြီ။ ဘယ်အရာမဆို မထူးဆန်းတော့ဘူး။ ညော်..မောင်အောင်..မောင်အောင်-အမိန့်ပြန်ရဲ့သားနဲ့ ဒီကောင်လေး ဘာကိုများ စွဲလမ်းသလဲမသိ။ မဖြစ်ပါဘူးလေ၊ ဘုန်းကြီးတွေ ပင့်ဖိတ်ပြီး အလှူရေစက်ချ အမျှအတန်းပေးဝေရမှာပါ။ သူလည်း ကျွတ်လွတ်ချင်ရှာလို့သာ အခုလို သားတို့ကို အရိပ်အယောင်ပြပြီး အကူအညီတောင်းတာ ဖြစ်ပါလိမ့်မယ်။ အင်း..သံယောဇဉ်တွေပေါ့၊ သံယောဇဉ်တွေ'

အဖေက ကျွန်တော့်ကိုပြောသလိုလို တစ်ကိုယ်တည်း ရေရွတ်သလိုလိုနှင့် ထိုစကားတွေကို ဆိုလိုက်ရင်း ဓာတ်ပုံကို တစ်ကြော့ပြန်ကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေလေ၏။

♦♦♦

'ဒါဆို ကိုအောင်ဆိုတဲ့ စစ်သားက ကျွတ်လွတ်ချင်စွာနဲ့ အမျှအတန်းရအောင် အစ်ကို့ကို အရိပ်အယောင်ပြခဲ့တာလို့ အစ်ကိုထင်လား။ အစ်ကို့ရဲ့ ယူဆချက်ကိုလည်း ထူ

www.burmeseclassic.com

www.burmeseclassic.com

ဆော် သိချင်တယ်'

စာရေးသူ၏ အမေးစကားကို ကြားသည့်အခါ ကိုကောင်းမြတ်၏မျက်နှာ၌ နားလည်ရခက်သည့် အပြုံးတစ်ခု ပေါ်လာသည်။ ခနဲ့တဲ့တဲ့ ပြုံးလိုက်သော အပြုံးမျိုး။ ဘာကိုများ လှောင်ရယ်ချင်နေသလဲဆိုတာ သဘောပေါက်နောက်ပါဘိနဲ့ယ်။

'ဘယ်လိုပြောရမလဲ။ အမှန်ပြောရရင် ကျွန်တော့် စိတ်ထဲမှာ ဒီအဖြစ်အပျက်တွေကို တိုက်ဆိုင်မှုသက်သက်၊ သဘာဝတရားရဲ့ လှည့်ကွက်ဆိုတာလောက်ပဲ တွေးမိတယ်။ ခင်ဗျားစဉ်းစားကြည့်ဗျာ။ သစ်ပင်ရဲ့အရိပ် လူပ်တယ်ဆိုတာ အလည်း နေကြောင့်၊ တိမ်ကြောင့်၊ လေထုကြောင့်၊ မြေကြီးကြောင့်၊ အို..တစ်ခုခုကြောင့်ဖြစ်နိုင်တာပဲ။ ယုတ်စွအဆုံး ကျွန်တော်တို့ ကလေးအားလုံး ဝိုကိုကလည်းဆာ၊ အာကလည်း မောနေတော့ ပင်ပန်းပြီး ထင်ယောင်ထင်မြင်ယောင်ကြတာလည်း ဖြစ်နိုင်တာပဲ။ နောက်ပြီး ခင်ဗျားစိတ်ဆိုတာ အဆန်းသားမဟုတ်လား။ လူတစ်ယောက်က ဟယ်..ဟိုမှာ တိမ်တွေရွေ့နေတယ်။ အသံတွေကြားရတယ် စသည်ဖြင့် ပြောလိုက်ရင် ကြားတဲ့သူတွေကလည်း ဟုတ်,မဟုတ် မသေချာဘဲ နားယောင်ပြီး စိတ်ဝင်စားဟုတ်သယောင် ထင်မြင်ကုန်ကြရော။

ကျွန်တော့်အဖြစ်အပျက်ကို ကျွန်တော်ကတော့ အဲဒီလို ထင်တယ်။ ဓာတ်ပုံကလည်း ဦးအောင်ရဲ့မိသားစု ရွှေ့ပြောင်းတုန်းက ကျကျန်ခဲ့တဲ့ပုံနေမှာပေါ့။ ဒါကလည်း တိုက်ဆိုင်တာပဲနေမှာပါ။ ဒါပေမဲ့ ကျွန်တော့်အဖေကတော့ ဦးအောင် မကျွတ်လွတ်သေးလို့ အရိပ်အယောင်ပြတယ်လို့ ယူဆပြီး ဘုန်းကြီးပင့် ဆွမ်းကပ်အမျှဝေလိုက်တယ်။ ဒါသည်း ကောင်းတာပါပဲ။ ကုသိုလ်ရတာပေါ့။ ကျွန်တော့် သူငယ်ချင်းတွေကတော့ ကြီးကောင့်ကြီးမား အရွယ် ခုချိန်ဆို မြေတလင်းဘက်ကို ခြေဦးမလှည့်ရဲကြသေးဘူး။ အစ်ဆေအရိပ်ကို မြင်ကတည်းက ကြောက်လန့်သွားကြတာဖြစ်လေ။ ဟော..ကားစက်နှိုးလို့ရသွားပြီ။ စကားကောင်းနေတာနဲ့ အချိန်ကုန်လို့ကုန်မှန်း မသိဘူး။ ကားပျက်လို့ ခြင်နေတာ နှစ်နာရီလောက် ရှိတော့မယ်။ ဒီပုံအတိုင်းဆိုရင် ကျွန်တော်တို့ ဟိုကို အရောက်နောက်ကျတော့မှာပဲဗျာ။ အဲ..ကားပေါ် တက်ကြရအောင်'

ကိုကောင်းမြတ်က စကားကို အနားသတ်ပြီး ရှေ့မှ ဦးဆောင်လျက် ထွက်သွားလေသဖြင့် စာရေးသူလည်း နောက်ကနေ ခပ်ဖြည်းဖြည်းလိုက်ပါလာလိုက်သည်။

ကိုကောင်းမြတ်က စာရေးသူတို့ရုံးသို့ မကြာမီကမှ ပြောင်းလာသော ဝန်ထမ်းတစ်ဦးဖြစ်ပြီး စကားအလွန်နည်းသောကြောင့် အပေါင်းအသင်းလည်း မရှိပေ။ ယခုလည်း အလုပ်ကိစ္စဖြင့် နှစ်ဦးတည်း ခရီးထွက်လာခဲ့ရစဉ် စီးနင်းလိုက်ပါလာသော လိုင်းကားသည် လမ်းခုလတ်၌ စက်ချွတ်ယွင်းသွားခဲ့သည်။

ကားပြုပြင်နေသည့်အခိုက် စာရေးသူက ရောက်တတ်ရာရာများကို မေးမြန်းမိသည့်အခါ ကိုကောင်းမြတ်က သူငယ်ဘဝက ထူးဆန်းအံ့ဖွယ်အဖြစ် အပျက်တစ်ခုကို ပြန်ပြောင်းပြောပြခဲ့၏။ မူလဇာတိကိုက စကားနည်းပြီး အိပ်တွေ့မဆိုတတ်ခြင်း၊ အလုပ်ခွင်၌ တည်တည်ကြည်ကြည် နေထိုင်တတ်ခြင်း၊ ပညာတတ်ပြီး ရာထူးအဆင့်အတန်းရှိခြင်းတို့ကြောင့် ထိုသူလည်း မဟုတ်သည့် ကိစ္စကို အဟုတ်လုပ်၍ ပြောမည့်သူ မဖြစ်နိုင်ပါ။ သို့အတွက် သူပြောပြသော အကြောင်းအရာကို စာရေးသူ လက်ခံယုံကြည်လိုက်သည်။ လက်ခံရုံသာမက ထိုအကြောင်းနှင့်ပတ်သက်ပြီး ဖြစ်နိုင်ခြေရှိသည်များကိုလည်း စဉ်းစားချင့်ချိန်မိသည်။

စာရေးသူ၏ အယူအဆကတော့ ကိုကောင်းမြတ် ထင်မြင်သကဲ့သို့မဟုတ်။ ကိုကောင်းမြတ်လို စိတ်တည်ငြိမ်ပြီး စိတ်ဓာတ်ကြံ့ခိုင်သူတစ်ယောက်ဟာ တစ်ပါးသူ၏စကားကို အလွယ်တကူ ယုံကြည်လိမ့်မည်မဟုတ်ပေ။ ယခုပင် ကြည့်ပါဦး။ မိမိကိုယ်တိုင် ကြုံတွေ့ခဲ့သည့် အဖြစ်အပျက်ကိုပင် လက်ခံချင်မှ လက်ခံတတ်သည့်လူမျိုး။ ထိုသို့သော သူသည် သူတစ်ပါး ပြောစကားကို အလွယ်တကူ နားမယောင်တတ်။

သို့ဖြစ်၍ ထိုဖြစ်ရပ်နှင့်ပတ်သက်ပြီး စာရေးသူ၏ လက်ခံရာကတော့ ကျွတ်လွတ်ချင်သော ပရလောကသားတစ်ဦးက သူ ထိုအပင်ကြီးတွင်ရှိနေကြောင်း ကိုကောင်းမြတ်ကို အရိပ်အယောင်ပြလိုက်ခြင်းသာ ဖြစ်မည်ဟူ၍။

ကားပေါ် မတက်မီ၌ သစ်ပင်တန်းလေးတွေဆီသို့ စာရေးသူ တစ်ချက်ငေးကြည့်မိပြန်သည်။ သစ်ပင်တို့၏ အရိပ်များသည် လေအတိုက်တွင် ပင်ပျိုငယ်များနှင့်အပြိုင် ယိမ်းနွဲ့လှုပ်ယမ်းလျက် မြူးပျော်ကခုန်နေကြသည်ကို သဘာဝကျဖွယ် တွေ့မြင်လိုက်ရပါတော့သည်။

စေတနာရှေ့ထားလျက်

ဂျဉ်းနွန်းကို

www.burmeseclassic.com

www.burmeseclassic.com

ဘိုးမလေးနှင့် ယွန်းသေတ္တာဘူး

ညတိုင်းမဟုတ်သော်လည်း ရက်ခြားဆိုသလို ကျွန်တော် အိပ်မက်,မက်သည်။ ထိုအိပ်မက်မှာ မပြောင်းလဲသော မက်နေကျ အိပ်မက်အတိုင်း ဖြစ်လေသည်။

လှပသော ခွေးမလေးတစ်ကောင်ကို အစဉ်အဆက် မက်လာရာ သည်ကနေ့ပါဆိုလျှင် တစ်လတိတိ ဖြစ်၏။

ခွေးမလေးကိုမက်သော အိပ်မက်သည် မဆန်းကြယ်သော်လည်း တစ်လတိတိမက်သော အိပ်မက်ကား ဆန်းသည်ဟု ကျွန်တော် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအိပ်မက်ကို ကျွန်တော် ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး။

ပြောပြလျှင်လည်း ယုံသည်,မယုံသည် အပထား၊ ပေါင်းအသင်း မိတ်ဆွေများနှင့် ကျွန်တော်၏ ဆွေရင်းသားချင်း ညီအစ်ကိုမောင်နှမများက-

'ဒီကောင် ရူးနေပြီ။ တစ်လတိတိ မက်တဲ့ မင်းရဲ့အိပ်မက်က စိတ်စွဲလမ်းလို့ မက်တာ။ မင်းက ခွေးချစ်တဲ့ကောင်ပဲ။ ဒါများ အဆန်းတကြယ်လုပ်လို့'ဟု ပြောပြီး ကျွန်တော့်ကို ပြောင်ကြလှောင်ကြ ဟားကြလိမ့်မည်မှာ သေချာ၏။

ထို့ကြောင့် အိပ်မက်အကြောင်းကို ကျွန်တော် ဘယ်သူ့ကိုမှ မပြောခဲ့ခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့သော ထိုအိပ်မက်သည် ထိုတစ်လလွန်မြောက်၍ ရက်အနည်းငယ် အစွန်းတွင် ခွေးမလေးတစ်ကောင် ကျွန်တော်၏ ခြံဝင်းထဲသို့ အန်..အန်..အန် ဟောင်၍ ပြေးဝင်လာသည်ကို တွေ့လိုက်ရသလို ထိုခွေးမလေး၏ နောက်ကလည်း ခွေးသုံးကောင်လောက်က ဝုတ်..ဝုတ်..ဝုတ်ဟောင်ရင်း လိုက်ခဲ့ရန် ပြေးလိုက်လာနေကြလေ၏။

ကျွန်တော်သည် နောက်က ဟောင်ပြီးလိုက်လာကြသော ခွေးများကို အုတ်နီခဲဖြင့် လှမ်းပစ်ပေါက်ပြီး 'ဟဲ့..ဟဲ့..ခွေး၊ သွား..သွား'ဟု ပါးစပ်ကလည်း အော်ဟောက်၍ မောင်းထုတ်ပစ်လေ၏။

၄င်းအနောက်က လိုက်ခဲ့ကြသော ခွေးများသည် ကျွန်တော့်ကို ကြောက်လန့်၍ ပြန်ထွက်ပြေးကြလေ၏။

ခွေးမလေးမှာ ကြောက်လွန်း၍ အမြီးလေးကုပ်ကာ ကျန်ရစ်နေလေ၏။ ကျွန်တော် ခွေးမလေးကို သေသေချာချာ ကြည့်လိုက်သောအခါ ကျွန်တော် အတော်ပင်အံ့သြသွားလေတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုခွေးမလေး ကျွန်တော် မကြာခဏမက်နေခဲ့သော အိပ်မက်ထဲက ခွေးပေါင်းအနက်ကျားနှင့် ခွေးဖြူမလေး ဖြစ်နေသောကြောင့်ပင်။ တစ်ပုံစံတည်း၊ တစ်ရောင်တည်း၊ တစ်သွေးတည်း။

♦ ♦ ♦

ခွေးမလေးမှာ ကျွန်တော့်ကိုကြည့်လျက် တအန့်အန့် အသံပြု၏။ ခွေးမလေး၏ မျက်လုံးအစုံတို့မှာလည်း ကြည်လည်လျက် သနားစဖွယ် အကူအညီတောင်းနေသကဲ့သို့ ထင်ရလေ၏။

'ဘိုမလေး..ဘာဖြစ်လို့လဲ'

ဘိုခွေးကလေးနှင့်တူပြီး နာအနက်ကျားလေးနဲ့မို့ ကျွန်တော်လည်း အလွယ်တကူပင် အခေါ်ရလွယ်အောင် ဘိုမလေးဟု ပါးစပ်ထဲတွေ့ရာ ခေါ်လိုက်မိလေ၏။

ခွေးမလေးသည် နောက်သို့လှည့်၍ သူ၏မေးဖြင့် တင်ပါးဆုံကို ထိုးပြနေသောကြောင့် ကျွန်တော် ကြည့်လိုက်မိလေသည်။ သွေးစိုနေသော ဒဏ်ရာအချို့ကို တွေ့လိုက်ရလေ၏။

ဟာ..ဘိုမလေးမှာ ဒဏ်ရာတွေနဲ့ပါလား။

စောစောက ကျွန်တော် မောင်းထုတ်၍ ထွက်ပြေးသွားကြသော ခွေးများက ကိုက်ခဲ၍ရခဲ့သော ဒဏ်ရာဒဏ်ချက်ဟု ကျွန်တော် သဘောပေါက်လိုက်၏။

ထိုဘိုမလေးမှာလည်း လူကဲ့သို့ စကားမပြောတတ်သော်လည်း ကျွန်တော် သိအောင်၊ နားလည်အောင် မေးဖြင့်၊ နှုတ်သီးဖြင့် သူ၏ဒဏ်ရာများကို ထိုးပြတတ်သောကြောင့် ကျွန်တော် အံ့သြမိရလေ၏။

'တော်တော်နာမှာပဲနော် ဘိုမလေး'

'ကန်..ကန်..ကန်'

ကျွန်တော်၏မေးခွန်းကို ပြောဆိုနေသကဲ့သို့ နာတယ်, နာတယ်ဟု ပြောပြနေသကဲ့သို့ တကန်ကန်ဖြင့် အသံပြန်ပြုလေ၏။

ဩော်..ဩော်..နာတယ်..နာတယ်။

'အေး..အေး..ဆေးထည့်ပေးမယ်။ ဆေးထည့်ပေးမယ်'ဟု ကျွန်တော်က ပြန်၍ပြောလိုက်သောအခါ ခွေးမလေးသည် အသံပြန်မပြုဘဲ ငြိမ်၍သွားလေတော့၏။

ကျွန်တော် နောက်ဆုံးသိလိုက်သည်က ထိုခွေးမလေးသည် ကျွန်တော့်အိပ်မက်ထဲက ခွေးမလေးအစစ်ဟုပင် ဖြစ်လေတော့သတည်း။

♦ ♦ ♦

ဘိုမလေး အိမ်သို့ ရောက်လာခဲ့သောကြောင့် ထိုခွေးမလေးကို ကျွန်တော် မွေးမြူကာ ကျွေးမွေးစောင့်ရှောက်ခဲ့လေ၏။ ဘိုမလေးနှင့်ပတ်သက်၍ အိမ်ကလူတွေကတော့ ဘာဘာညာညာ ပြောဆိုကန့်ကွက်ခြင်း မရှိခဲ့သော်လည်း ဘိုမလေးကိုတော့ သိပ်ချစ်ပုံမရချေ။

ဘိုမလေးကလည်း ကျွန်တော်ကလွဲပြီး အိမ်က အိမ်သားတွေနှင့်လည်း ဘာသိဘာသာ နေတတ်သောကြောင့် ခင်ခင်မင်မင် တရင်းတနှီး မနေခဲ့ပေ၊ မရောခဲ့ပေ။ ဘာသို

www.burmeseclassic.com

ဘာသာပင် နေလေ၏။

ကျွန်တော် ရုပ်ရှင်ရိုက်သွားလျှင် ဘိုမလေးကို ခေါ်သွားတတ်၏။ အိမ်မှာ စိတ်မချ၍ မထားခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အိမ်ကလူတွေက ဘိုမလေးကို စိတ်မဝင်စားသောကြောင့် ထမင်းမကျွေးဘဲထားလျှင် ဘိုမလေး ထမင်းငတ်မှာစိုးသောကြောင့် ဖြစ်လေသည်။

ပထမတော့ ရုပ်ရှင်အဖွဲ့သားတို့သည် ဘိုမလေးကိုက်မှာ ကြောက်ရွံ့၍ အနားမကပ်ဝံ့၊ ရှောင်ကြသည်။ ကျွန်တော်ကလည်း ဘိုမလေးကို ဘယ်သူ့ကိုမှ မကိုက်ရဘူးနော်ဟု မှာထား၊ ပြောထားသောကြောင့် ဘိုမလေး ဘယ်သူ့ကိုမှ ရန်မရှာ၊ ဘယ်သူ့ကိုမှ မဟောင်ခဲ့၊ မကိုက်ခဲ့ပေ။ နောက်ပိုင်းကျတော့ ဘိုမလေး ကျွန်တော့်ရုပ်ရှင်အဖွဲ့သားတို့နှင့် ခင်မင်ခဲ့ကြလေ၏။

♦ ♦ ♦

တစ်ညမှာတော့ ဘိုမလေးနှင့်ပတ်သက်ပြီး အိပ်မက်တစ်ခု မက်ပြန်လေ၏။ ထိုအိပ်မက်မှာ တကယ်ထူးဆန်းသောအိပ်မက် ဖြစ်လေသည်။

ဘိုမလေးမှာ ဘဝဟောင်းက ကျွန်တော် အင်မတန်ချစ်ရသော ကျွန်တော်၏ အငယ်ဆုံးညီမလေး ဖြူမ ဖြစ်နေသောကြောင့် ထူးဆန်းသောအိပ်မက်ဟု ပြောခြင်းဖြစ်လေ၏။ လွန်ခဲ့သော(၅)နှစ်ခန့်က ညီမလေးဖြူမသည် နှလုံးသွေးကြောကျဉ်းရောဂါဖြင့် အပြင်းအထန်နာမကျန်းဖြစ်ပြီး ကျွန်တော့်လက်ပေါ်တွင်ပင် သေဆုံးခဲ့လေ၏။

ညီမလေးဖြူမ မသေခင် အသည်းအသန်ဖြစ်နေချိန်၌ 'ကိုကို..ဖြူမ ကိုကို့ဆီ ပြန်လာခဲ့မယ်။ ဖြူမကို စောင့်နေပါနော်' ဟုပြောပြီး ဆုံးပါးသွားခဲ့ခြင်း ဖြစ်လေသည်။

အိပ်မက်က ထူးဆန်းသည်ကတော့ အမှန်ပင်။ ယုံရခက် မယုံရခက် ဖြစ်ရတာလည်း အမှန်ပင်။

မနက်မိုးလင်းတော့ ဘိုမလေးသည် ကျွန်တော့်ဆီပြေးလာကာ ပွတ်သီးပွတ်သပ်ဖြင့် ခြေအစုံကို ခေါင်းဖြင့်တွေ့၍ နှာသီးဖြင့်ပွတ်သပ်၍ ကန်..ကန်..ကန်ဖြင့် အသံပြုလေ၏။

ကျွန်တော် ဘိုမလေးကိုကြည့်၍ 'ဘိုမလေး..ဘာလို ချင်လို့လဲ' ဟု မေးလိုက်ရာ ဘိုမလေးသည် ကျွန်တော့်ရှေ့က ပြေးထွက်သွားပြီး ခြံတွင်းနံဘေး တောင်ဘက်ခြမ်းက ပိတောက်ပင်အောက်၌ ရပ်လိုက်သောကြောင့် ကျွန်တော်လည်း စိုးရိမ်တကြီးဖြင့် မြွေများတွေ့၍ ရပ်လိုက်သည်ထင်ကာ ဘိုမလေး၏အနား၌ ရပ်လိုက်လေ၏။

'ဘာတွေ့လို့လဲ ဘိုမလေး' ဟု ကျွန်တော်က မေးလိုက်ရာ ဘိုမလေးက ကန်..ကန်..ကန်ဟု အသံပေးအော်၍ ပိတောက်ပင်ခြေရင်းကမြေကို လက်နှစ်ဖက်ဖြင့် တူးဆွင်းလေ၏။

ကျွန်တော်လည်း ဘိုမလေး၏ ပြုမူချက်မှာ ထူးဆန်းသောကြောင့် ပိတောက်ပင်ခြေရင်းကမြေကို လက်ဖြင့် တူးယက်၍ဖော်လိုက်ရာ ယွန်းသေတ္တာငယ်လေးကို တွေ့လိုက်ရသဖြင့် ကျွန်တော့်ရင်မှာ မဖော်ပြနိုင်လောက်အောင် တုန်လှုပ်ချောက်ချား အံ့သြသွားရလေတော့၏။ ကျွန်တော့်မျက်လုံးအစုံမှာလည်း မျက်ရည်များဝဲကျလျက် ရှိနေတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုယွန်းအုပ်ကလေးမှာ ကွယ်လွန်သွားရှာပြီဖြစ်သော ကျွန်တော်၏ ချစ်လှစွာသော ညီမအထွေး ဖြူမ၏ ယွန်းသေတ္တာငယ်လေး ဖြစ်နေသောကြောင့်တည်း။

♦ ♦ ♦

ကျွန်တော်သည် ၄င်းယွန်းသေတ္တာငယ်အကြောင်းနှင့် ပတ်သက်ပြီး အိမ်သားများကို အသိမပေးဘဲ လျှို့ဝှက်စွာ ထိန်းသိမ်းထားခဲ့ရာ ရက်အတန်ပင် ကြာခဲ့လေ၏။

ကျွန်တော်၏ ဘိုမလေးသည်လည်း ထိုရက်အတွင်း ကောက်ကာငင်ကာ နာမကျန်းဖြစ်လာခဲ့လေ၏။ အစားအသောက်များ ပျက်ခဲ့သောကြောင့် သိသာထင်ရှားစွာ ဘိုမလေး ပိန်သွားသည်ကိုမြင်ရ၍ ကျွန်တော် စိတ်မကောင်းဖြစ်ရလေ၏။

တိရစ္ဆာန်ဆေးကုဆရာဝန်ထံပြ၍ ကုသခဲ့သော်လည်း သိသာထင်ရှားစွာ ကောင်းလာခြင်း မရှိခဲ့ပေ။

တစ်နေ့ ကျွန်တော်သည် ရုပ်ရှင်ရိုက်ကူးရေးကိစ္စအရေးပေါ်လာသောကြောင့် အိမ်ကလူကြီးတွေကို မှာကြား၍ ခရီးထွက်ခဲ့ရလေ၏။

ဘိုမလေးကို ပုံမှန် ထမင်းကျွေးဖို့၊ ဆေးကုသပေးဖို့ သေသေချာချာမှာခဲ့ခြင်း ဖြစ်လေသည်။ ဘိုမလေး ရှေ့မကောင်း၍ ရုပ်ရှင်ရိုက်ကွင်းသို့ ကျွန်တော် ခေါ်မသွားခြင်း ဖြစ်လေသည်။

ကျွန်တော်သည် ရုပ်ရှင်ရိုက်နေဆဲမှာပင် ဘိုမလေးက်သတိရရနေသဖြင့် ရုပ်ရှင်ရိုက်ကွင်း၌ မကြာခဏ အော်အယင်းများ ဖြစ်ခဲ့ရလေသည်။

'ဆရာ့ကြည့်ရတာ နောက်ဆံတင်းနေသလိုပဲ။ ခဏတစ်ဖြုတ် ဘရိတ်လုပ်ပြီး နားလိုက်ပါလား ဆရာ' ဟု ကင်

www.burmeseclassic.com

www.burmeseclassic.com

ရောမင်း ချီထွေးက ဆို၍ ကျွန်တော် ရိုက်ကွင်းခဏနား ထား အနားယူလိုက်ဖြစ်၏။

ကျွန်တော် ခေတ္တနားပြီး ဘိုမလေး၏ ကျန်းမာရေး အခြေအနေကိုတွေး၍ စိတ်ထဲမကောင်းဖြစ်နေမိလေသည်။

ထိုစဉ်မှာပင် အိမ်က ဖုန်းလာ၍ နားထောင်လိုက်ရာ ဘိုမလေး အသည်းအသန်ဖြစ်နေကြောင်း၊ ထုမင်းကျွေး လည်း မစားကြောင်း၊ ဆေးဝါးကုသသော်လည်း အကြောင်း ထူးကြောင်း၊ ရောဂါပိုသည်းလာသဖြင့် အိမ်အပြန်ပြန်လာ ခဲ့လို့ ကျွန်တော့်အား ဖုန်းဖြင့် အကြောင်းကြားလိုက်ခြင်း ဖြစ်လေသည်။

ဘိုမလေးသတင်းကို ကြားကြားချင်း ကျွန်တော့်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရလေတော့၏။ ခွေးမလေး ဘိုမလေး အသည်းအသန်ဖြစ်နေသည်ဆို၍ ကျွန်တော်သည် ချက်ချင်းပင် ရုပ်ရှင်ထုတ်လုပ်ရေး ဦးညွှန့်လွင်အား ခွင့် တောင်း၍ ရုပ်ရှင်ရိုက်ကူးခြင်းကို ရပ်လိုက်ပြီး ရန်ကုန်သို့ ပြန်လာခဲ့လေတော့၏။

♦ ♦ ♦

ကျွန်တော် ရန်ကုန်သို့ပြန်ရောက်တော့ ဘိုမလေးမှာ ကျွန်တော် မမှတ်မိနိုင်လောက်အောင်ကို သိသိသာသာ ပိန် ခြောသွားသည်ကို တွေ့လိုက်ရလေ၏။

'သား..မင်းခွေးမလေးက တစ်ညလုံးကွယ် အော် သည်းနေတာ။ အိပ်လို့လဲသည်း မရဘူး။ ထမင်းကျွေးတော့ သည်း မစားဘူး။ အခု မင်းရောက်လာတော့မှပဲ အော်လည်း အော်တော့ဘူး။ ညည်းလည်း မညည်းတော့ဘူး။ မင်းကျွေး တဲ့ ထမင်းကျတော့ စားတယ်။ အဲ့သြစရာပဲ သားရယ်' ဟု မေမေပြောစကားကို ကျွန်တော် ဘယ်လိုပြန်ပြောရမလဲ မသိစားမိသည်။

သည်တွင် မေမေကပင်-

'မင်းခွေးမလေးကတော့ လူဝင်စားများ ဖြစ်နေမလား သိဘူး။ မင်းအပေါ်လည်း တော်တော်သိတတ်တဲ့ခွေးပဲ။ ခဲ့ရော..အံ့ရော၊ မမေဖြင့် ဒီလိုခွေးမလေးမျိုး တစ်ခါမှ မြင်ဖူးဘူး။ သူ့ကိုကြည့်ပြီး အမေတောင် သနားလွန်းလို့ ငိုရည်တောင်ကျတယ် သားရယ်' ဟု မေမေက ပြော ပြ၍ ခွေးမလေးဘိုမလေးက အမေ့ကို လှမ်းကြည့်ပြီး ကန်..ကန်..ကန်ဟု အော်နေသည်။

ကျွန်တော်ကတော့ ဘိုမလေး၏ တကန့်ကန့်ဖြင့် အသံ ကြောင်းအပေါ် ကောင်းစွာနားလည်မိသော်လည်း မေမေက

တော့ နားလည်မည်မထင်ပါ။

'မေမေ့သမီး ဖြူမလေး ဝင်စားတဲ့ ခွေးမလေးပဲ မေမေ။ မေမေ့ကို ကန်..ကန်..ကန် ခေါ်နေတာက မေမေ့ကို သမီးဖြူမပါလို့ ပြောနေပြီး မေမေ့ကို နှုတ်ဆက်နေတာပါ' ဟု ကျွန်တော်ပြောလိုက်ချင်သော်လည်း 'ဟော့..မောင်မျိုး၊ ငါတို့အမျိုးထဲမှာ ခွေးဖြစ်တာမရှိဘူး။ ခွေးဝင်စားတာလည်း မရှိဘူး။ ငါတို့အမျိုး သိက္ခာကျတယ်' တု မမေမြုပြန်ပြောမှာ စိုး၍ ကျွန်တော် ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်ရှိသာ နေလိုက်လေတော့၏။

(၁၃-၂-၂၀၀၉)ရက်နေ့ ညနေ(၃)နာရီ (၁၅)မိနစ် အချိန်တွင် ဘိုမလေး အသည်းအသန်ဖြစ်ပြီး ကျွန်တော်ပေါင် ပေါ်မှာပင် လက်ကလေးနှစ်ဖက်တင်၍ သေဆုံးသွားခဲ့လေ၏။ ညီမလေးဖြူမတုန်းကလည်း ကျွန်တော်၏ လက်ပေါ် မှာပင် အသက်ဆုံးရှုံးခဲ့ရလေ၏။

ထိုနှစ်ကား (၁၃-၂-၂၀၀၆)ရက်နေ့ ဖြစ်လေသည်။ ညီမလေးဖြူမ ဆုံးခဲ့သည့် (၁၃-၂-၂၀၀၆)ရက်နေ့နှင့် ခွေး မလေးဘိုမ သေဆုံးသည့် (၁၃-၂-၂၀၀၉)ရက်နေ့တို့သည် (၃)နှစ်တာမျှ ကာလအားဖြင့် ကြာခဲ့၊ ခြားခဲ့လေသတည်း။

ပိတောက်ပင်ခြေရင်းက ရရှိခဲ့သော ယွန်းသေတ္တာဘူး လေးမှာ ညီမလေးဖြူမ မွေးနေ့တုန်းက ကျွန်တော်ကိုယ်တိုင် ဝယ်ပြီး ညီမလေးအတွက် မှတ်မှတ်ရရအဖြစ် လက်ဆောင် ပေးခဲ့သော ယွန်းသေတ္တာဘူးလေးပင် ဖြစ်ပါတော့သည်း

ဒါရိုက်တာမျိုးဇေယျအောင်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဝင်းလတ်
တစ်ခါက ရွာရဲ့ကန်တော်ဦးဝယ်

မြန်မာနိုင်ငံအထက်ပိုင်း တောင်ပေါ်ဒေသမှ ဆရာတော်တစ်ပါးသည် မြေပြန့်ဒေသပိုင်းဆီသို့ ကြွရောက်လာခဲ့ပြီး စာသင်ကျောင်းတိုက်ကြီးတစ်တိုက် တည်ဆောက်ရန် ရည်ရွယ်ခဲ့၏။ ဆရာတော်နှင့်အတူ ဘုန်းကြီးကျောင်းသားလေး တစ်ယောက်သာ အဖော်အဖြစ် လိုက်ပါလာခဲ့သည်။ ဘုန်းကြီးကျောင်းသားလေးဆိုသော်လည်း (၁၉၆၆)ခုနှစ်တွင် တန်းမြင့်ကျောင်းထွက် (ခေါ်) ဟိုက်စကူးဖိုင်နယ်(လ်) အောင်ထားသော ကျောင်းသားလူရွယ်လေးဖြစ်၏။

ဆရာတော်က ဝတ္ထုဌေ မကိုင်ဆောင်ပါ။ ကျောင်းသားလေး၏ ခရီးဆောင်အိတ်ထဲမှာသာ ဌေအနည်းငယ်ပါလာခဲ့၏။ ခရီးလမ်းတစ်လျှောက်လုံးအတွက် ဆွမ်း,ကွမ်းကိစ္စ စရိတ်စကအားလုံးကို ကျောင်းသားလေးကပင် တာဝန်ယူ ဆောင်ရွက်လာခဲ့သည်။

များမကြာမီတွင် မြို့ငယ်လေးတစ်မြို့၏ မြို့စွန်မြို့ပြင်ပိုင်း ရောက်လာခဲ့ကြကာ မြေကွက်တစ်ကွက်တွင် ယာယီတဲကလေးတစ်တဲ တွေ့သဖြင့် ဝင်ရောက်ခိုနားလိုက်ကြသည်။ ကျောင်းသားလေးက အနီးအနားပတ်ဝန်းကျင်သို့ လှည့်လည်စုံစံ စုနည်းနာကြည့်လိုက်သည်။ ကံအားလျော်စွာပင် အဆိုပါ ယာယီတဲကလေးရှိရာ မြေကွက်ကို ရောင်းချမည့် မိသားစုတစ်စုနှင့် တွေ့ခွင့်ရခဲ့၏။ မိသားစုမှာ လုပ်ငန်းတစ်ခုအတွက် ရင်းနှီးမြှုပ်နှံရန်အတွက် ငွေလိုအပ်နေပြီး သူတို့မှာ အပိုအလျှံရှိနေသော အဆိုပါမြေကွက်ကို ရောင်းချရန် ဆန္ဒရှိနေကြကြောင်းလည်း သိလိုက်ရသည်။

ထို့ကြောင့် ခရီးရောက်မဆိုက်မှာပင် ကျောင်းသားလေးက ထိုက်သင့်သော အဖိုးအခငွေကို ပေးချေကာ ရုပ်ရှာမှ အသိသက်သေ လူကြီးနှစ်ယောက် ရှေ့မှောက်တွင် မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်လိုက်သည်။ ကျန်ရှိ



www.burmeseclassic.com

www.burmeseclassic.com

နေသေးသည့်ဥဖြင့် ယာယီတဲကလေးတွင် နေထိုင်စဉ် ဘာလအတွင်း မရှိမဖြစ်လိုအပ်မည့် အသုံးအဆောင်ပစ္စည်းတချို့ကို ဝယ်ယူသည်။ နောက်ရက်မှစ၍ ဆရာတော်က အနီးအနားပတ်ဝန်းကျင်သို့ ဆွမ်းခံကြွသည်။ ကျောင်းသားလေးကလည်း ယာယီတဲကလေးကို မွမ်းမံနိုင်သရွေ့ မွမ်းမံထား သပ်သပ်ခပ်ခပ်လေးဖြစ်အောင် ပြုပြင်တည်ဆောက်သည်။

ဆရာတော်သည် ဆွမ်းခံကြွခဲ့သမျှ အနီးပတ်ဝန်းကျင် ဘစ်ဝိုက်မှ မြို့ခံရွာခံတွေက ဆရာတော်အား စကားပြော အကဲခတ်ကြရာ ဆရာတော် စကားပြောတာ ရှမ်းသံဝဲသည်ဟု ဆိုကြပြီး အလွယ်တကူပင် ရှမ်းဘုန်းကြီးဟု ခေါ်ခဲ့ကြသည်။

ကျောင်းသားလေးကလည်း အလုပ်နှင့်လက် မပြတ်သေး။ မြေကွက်မှာ အတော်ပင် ကျယ်ဝန်းသော မြေကွက်ဖြစ်ပြီး ခြံစည်းရိုးကို ခိုင်ခံ့အောင် ခတ်ရသေးသည်။ မြေကွက်ပတ်လည်တွင် နဂိုရှိရင်းစွဲ အရိပ်ရသစ်ပင်တချို့ ရှိနေသော်ရာ နွေကာလဖြစ်သော်လည်း သိပ်ပြီးပူလောင်ပြင်းပြခြင်း မရှိလှပေ။ သောက်ရေသုံးရေအတွက်တော့ အနည်းငယ်လှမ်းသော ရေကန်ကြီးသို့သွားကာ ကျောင်းသားလေးတို့ယ်တိုင် ထမ်းရလေသည်။ ဆရာတော်ရော ကျောင်းသားလေးပါ တက်ညီလက်ညီပင် မြေကွက်ထဲတွင် စားပင်၊ အိပ်ပင်လေးတွေ စတင်စိုက်ပျိုးကြသည်။ ရေလောင်းပေါင်းသင်ကြသည်။

တစ်ရက်တွင် မထင်မှတ်ဘဲ ည့်သည်နှစ်ယောက်က ခြံဝေါက်ဝသို့ ရောက်လာကြကာ ဆရာတော်အား ဝပ်တွားကန်တော့ကြသည်။ ည့်သည်နှစ်ဦး၏ ပုံသဏ္ဌာန်မှာ အမျိုးသားရော အမျိုးသမီးပါ အသက်ကြီးပိုင်းများဖြစ်ကြပြီး ဘုရားဖူးခရီးမှ ကြည်လင်သန့်စင်ကြ၏။

"တပည့်တော်တို့က ရပ်ဝေးက၊နေပြီး ခရီးသွားရင်း အရှင်ဘုရားနဲ့ ဒီတဲလေးကိုမြင်လို့ ဝင်ပြီး ခဏနားကြတာ ဘုရား" ဟု အမျိုးသားကြီးက လျှောက်တင်သည်။

အမျိုးသမီးကြီးက သောက်ရေတောင်းသဖြင့် ကျောင်းသားလေးက ရေအိုးထဲမှ ရေတစ်ခွက်ကို တရိတသေ ခပ်လိုက်သည်။ အမျိုးသားကြီးကို ရေခွက်ဦးစွာ လှမ်းပေးသော်လည်း အမျိုးသမီးကြီးက "အရင်ဦးဆုံး သောက်ကြည့်ဦး ကြည့်ရတာ ကန်ရေထင်ပါရဲ့" ဟု ပြောလိုက်သည်။ အမျိုးသားကြီးက ခွက်ထဲမှရေကို တစ်ဝက်သောက်ပြီးမှ ကျန်တစ်ဝက်ကို အမျိုးသမီးကြီးသောက်ရန် ပေးလိုက်သည်။

"ဟုတ်တယ်။ ရေက ကြည်လည်းကြည်ပြီး ချိုလည်း ချိုပါတယ်။ ကြည့်ရတာ ဟောဟိုဘုရားလေးနားက ရေကန်ကြီးထဲကရေ ထင်ပါရဲ့"

ဟု အမျိုးသားကြီးကပြောတော့ ကျောင်းသားလေးက ခေါင်းညိတ်ပြရင်း-

"ဟုတ်ကဲ့ပါခင်ဗျ။ ကျွန်တော်ကိုယ်တိုင် သုံးရေ၊ သောက်ရေအတွက် အဲဒီရေကန်ကြီးမှာ သွားထမ်းထားတဲ့ ရေပါ" ဟု ပြောပြလိုက်သည်။

"နေ့စဉ်နဲ့အမျှဆိုတော့ ကျောင်းသခင်မအတွက် ရေသွားပြီး ထမ်းရတာ ဝေးလှပါတယ်ကွယ်"

ဟု အမျိုးသမီးကြီးကပြောကာ ဆရာတော်အား ဦးသုံးကြိမ်ချ ဝပ်တွားကန်တော့ရင်း-

"တပည့်တော်မတို့ ခရီးဆက်လိုက်ကြပါဦးမယ် ဘုရား" ဟု လျှောက်တင်သည်။

♦ ♦ ♦

နောက်တစ်နေ့မနက်ပိုင်း ထုံးစံအတိုင်း အနားပတ်ဝန်းကျင်သို့ ဆရာတော် ဆွမ်းခံကြွသွားခိုက် ယာယီတဲကလေးမှာ ထင်းခွဲနေသော ကျောင်းသားလေးရှိရာသို့ လူ(၅)ယောက် ဝင်လာကြသည်။ မကြာမီ နောက်ထပ်လူ(၃)ယောက်ပါ ဝင်လာတော့ စုစုပေါင်း (၈)ယောက်ဖြစ်သွားသည်။

ပထမဝင်လာသည့် လူ(၅)ယောက်ထဲက တစ်ယောက်က-

"ညီလေးရေ၊ အစ်ကိုတို့က လက်သမားအလုပ်လုပ်ဖို့ ညီလေးတို့ဆီ ဝင်လာတာပါ" ဟု ပြောသဖြင့် ကျောင်းသားလေးက အံ့အားသင့်သွားသည်။

ခဏကျာဟု အာမေဋိတ်သံ ထွက်သွားသည်။ လက်သမားဆရာကပင် ဆက်၍ပြောပြတော့ ပို၍အံ့အားသင့်မိပြန်သည်။

"မနေ့က ဦးလေးကြီးတစ်ယောက်နဲ့ အခေါ်ကြီးတစ်ယောက်တို့ ရွာထဲဝင်လာပြီး ဒီရွာမှာ လက်သမားဆရာတွေ ရှိလား။ ရေတွင်းတူး၊ ရေတွင်းခဲယဉ်သမီးတွေရှိလားဆိုပြီး စုံစမ်းမေးမြန်းကြတယ်။ ရွာထဲက တစ်ယောက်က လိုက်ပြီးပို့ပေးတာနဲ့ အစ်ကိုတို့နဲ့ ဆက်မိသွားတာပေါ့။ သူတို့က အစ်ကိုတို့လုပ်ရမယ့် အလုပ်တွေနဲ့ လိုအပ်မယ့် ပစ္စည်းများခဲ့

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ဖို့ ပိုက်ဆံရော အစ်ကိုတို့ လက်သမားခ ကျသင့်ငွေ တွေပါ တစ်ခါတည်း ရှင်းပေးသွားကြတယ်။ ဟောဒီ(၃) ယောက်ကတော့ ညီလေးတို့ မြေကွက်ထဲမှာ ရေတွင်းတူး ပေးကြမယ့် လူတွေပဲ။ သူတို့လည်း တွင်းတူးခတွေ ရပြီး သွားကြပြီ။ အဲဒါ ညီလေးတို့ကို လာပြောပြတာပါ။ ဆရာ တော်ဆွမ်းခံပြန်ကြွလာရင်လည်း အကျိုးအကြောင်းလျှောက် တင်ထားလိုက်ပါ။ မကြာခင်မှာ အစ်ကိုတို့ ပြန်လာခဲ့မယ်။ လိုအပ်တဲ့ သစ်တွေ၊ သွပ်တွေကအစ လိုအပ်တာမှန်သမျှ ဝယ်ပြီး လှည်းနဲ့ တင်လာခဲ့ကြမယ်။ ပစ္စည်းတချို့ကို မြို့မှာ သွားပြီး တင်ရမှာဆိုတော့ နေ့ခင်းလောက်တော့ ပြန်ရောက် မယ်'

ဟု ပြောသဖြင့် ကျောင်းသားလေးက-

'အစ်ကိုတို့က ဘာတွေဆောက်ကြမှာလဲခင်ဗျ' ဟု မေး ကြည့်သည်။

'ဦးလေးကြီးနဲ့ အဒေါ်ကြီးက အလုပ်အပ်သွားတာက ဟောဒီနေရာမှာ။ ဆရာတော် သီတင်းသုံးဖို့ ကျောင်းရယ်၊ စာသင်သား ဦးပဉ္စင်း၊ ကိုရင်လေးတွေအတွက် ကျောင်း ဆောင်တစ်ဆောင်ရယ်၊ ဆွမ်းစားကျောင်းဆောင်ရယ် ကောင်းကောင်းမွန်မွန် လုံလုံခြုံခြုံဆောက်ပေးဖို့ မှာသွား ကြတယ်လေ။ ညီလေးတို့ကျောင်းမှာ ရေကောင်းရေသန့် သုံးနိုင်ဖို့လည်း ဟောဒီလူတွေက ရေတွင်းတူးပေးကြလိမ့် မယ်' ဟု ပြောပြသည်။

'အဲဒီဦးလေးကြီးနဲ့ အဒေါ်ကြီးကတော့ အစ်ကိုတို့ ကျောင်းဆောက်ပြီး၊ ရေတွင်းတူးပြီးတဲ့ အချိန်လောက်ကျမှ ရက်ကိုမှန်းပြီး ရေစက်ချအလှူလုပ်ဖို့ တစ်ခေါက်ပြန်လာကြ မယ်လို့လည်း မြောသွားကြတယ်' ဟု လက်သမားခေါင်း ဆောင်ကပင် ကျောင်းသားလေးကို ပြောပြပါသည်။

♦ ♦ ♦

ကျောင်းဆောင်တွေ၊ စာသင်သား ကိုယ်တော်တွေနဲ့ စည်စည်ဝေဝေဖြစ်နေပြီဖြစ်သည့် ကျောင်းပရိဝုဏ်၏ ရေ စက်ချအလှူတော်မင်္ဂလာနေ့တွင် မနက်စောစောကြီးက တည်းက ထူးခြားမှုတွေက စတင်ခဲ့သည်။ ရပ်ရွာဒေသနှင့် ဆက်နွှယ်နေသော မြစ်ရေပြင်ဆီမှ မော်တော်ဘုတ်တစ်စင်း ခုတ်မောင်းလာသံကို ကြားလိုက်ကြရပြီး နာရီဝက်သာသာ ခန့်တွင် ဘုန်းတော်ကြီးကျောင်းဝင်းထဲသို့ ရုပ်ဆင်းရုပကာ ကြည့်စင်သန့်ပြန့်လှသည့် အမျိုးသမီးငယ်လေး နှစ်ယောက် နှင့် လူငယ်လေး တစ်ယောက်တို့ ရောက်လာကြသည်။

'အဖေနဲ့ အမေတို့က လှုပ်ငန်းကိစ္စတွေနဲ့ မအားလပ် ကြလို့ အလှူရေစက်ချဖို့ တပည့်တော်တို့ သားသမီး သုံး ယောက်ကိုပဲ သူတို့ကိုယ်စား လွှတ်လိုက်ပါတယ်။ ဆော် တော်ပေါ်မှာ ဆန်၊ ဆီ၊ ပဲမျိုးစုံနဲ့ အာလူးအိတ်တွေ၊ ပစ္စည်း ပစ္စယမျိုးစုံ ပါလာပါတယ်။ အလှူမှာ ဝိုင်းကူလုပ်ကြမယ့် ရွာသားတွေ ကျေးဇူးပြုပြီး ဝိုင်းသယ်ပေးကြပါဦး' ဟု ရှုယ်လေးက ဆရာတော်အား လျှောက်တင်သည်။

ရွာသူရွာသားတချို့ကလည်း ပျော်ပျော်ပါးပါးပင် သွား ၍သယ်ကြသည်။

'ဒါနဲ့ နေပါဦးကွယ်။ ကျောင်းဆောက်တာရော ရေ တွင်းတူးတဲ့ကိစ္စရော ပြီးတာ တော်တော်လေးကြာပါပြီ။ ဘုန်းဘုန်းကလည်း ကိုယ့်ရပ်ရွာကိုပြန်ပြီး စာသင်သားတွေ သွားပြန်ခေါ်ရသေးတယ်လေ။ ဒကာကြီးနဲ့ ဒကာမကြီးတို့ ကိုလည်း ဘုန်းဘုန်းက ဘယ်လိုဆက်သွယ်ရမှန်းလည်း မသိတော့ ကျောင်းရေစက်ချဖို့ရက်လည်း ဘယ်လိုစီမံရမှန်း မသိခဲ့ဘူးလေ'

ဟု ဆရာတော်က မိန့်ရာ ရောက်လာသူ သုံးဦးထဲမှ အမျိုးသမီးလေး တစ်ဦးက-

'ဒီနေ့ဒီရက်ဟာ နေ့ကောင်းရက်သာ အခါတော်ကျ ဆိုတာ အဖေကြီးနဲ့ အမေကြီးတို့က သိနေကြလို့ ဒီနေ့ ဖြင့်. အလှူလုပ်ဖြစ်မယ်ဆိုတဲ့အကြောင်း မနေ့က လူတ ယောက်ကိုလွှတ်ပြီး ဘုန်းဘုန်းတို့ကို ကြိုတင်လျှောက်ထား ဖို့ လွှတ်လိုက်တာ ရောက်လာပါရဲ့ မဟုတ်လားဘုရား' လျှောက်ထားသည်။

'အေးကွယ်၊ ခရီးရောက်မဆိုက်ဘဲ အလှူကိစ္စလျှော် တင်စရာရှိတာ လျှောက်တင်ပြီး အဲဒီလူ ပြန်သွားလေ့ ဒါကြောင့်လည်း အလှူမှာ ဝိုင်းဝန်းကြဖို့ ရွာထဲကလူတွေ မနေ့ ညကတည်းက ကြိုတင်ပြီး အသိပေးထားလို့ ဒီနေ့ အရုဏ်တက်ကတည်းက သူတို့ ရောက်နေကြတာလေ' ဆရာတော်က မိန့်သည်။

မကြာမီမှာပင် မြစ်ဆိပ်မှ သယ်လာသော လှူ ပစ္စည်းများ ရောက်လာသည်။ ကျောင်းဝင်းထဲတွင် ကြီးများဖြင့် တပျော်တပါး ချက်ပြုတ်ရန် ပြင်ဆင်ကြသည့် ရွာသူရွာသားများ အံ့အားသင့်ကြရသည်က ကျွေးမွေး ထမင်းနှင့် ဟင်းလျာများကို အလှူရှင်မိန်းကလေး နှစ် တို့ကိုယ်တိုင် ဝင်ရောက်ဦးစီးကာ ချက်ပြုတ်နေကြ ကြောင့်ပင် ဖြစ်သည်။ ဟင်းရနံ့များမှာလည်း ကူးတူး

www.burmeseclassic.com

www.burmeseclassic.com

ခြား မွေးကြိုင်နေပြန်သည်။

'ဒီနေ့လျှုမယ့် အလှူကတော့ သက်သတ်လွတ်ထမင်းဟင်းအလှူပါဘုရား' ဟုလည်း အလှူရှင်သုံးဦးဆီက အသံကြားလိုက်ကြရသည်။

ပဲမျိုးစုံနှင့် အာလူး၊ ဟင်းသီးဟင်းရွက်များကို အမည်နံအောင် သက်သတ်လွတ်ဟင်းလျာအဖြစ် စီမံချက်ပြုတ်နေကြခြင်း ဖြစ်သည်။ ပိုပြီးထူးခြားပြန်သည်ကတော့ အလှူရှင်သုံးဦးမှာ ပါလာခဲ့သော ဗောဓိညောင်ပင်ပျိုလေးပင်ဖြစ်သည်။

'ဆရာတော်ရဲ့ကျောင်း မြောက်ဘက်ထောင့်မှာ စိုက်ပြီးခဲ့ဖို့ တပည့်တော်တို့ သယ်ဆောင်လာခဲ့တာပါဘုရား' ဟု ဆိုကာ ဗောဓိညောင်ပင်ပျိုကလေးအတွက် ကိုယ်တိုင်ကိုယ်ကျ မြေတူးဆွကြသည်။ ပြီးတော့မှ သူတို့ ဝတ်ဆင်လာသော လက်ဝတ်ရတနာများဖြင့် ရွှေရည်ငွေရည် သွန်းထောင်းကာ စိုက်ပျိုးကြသည်။

ဆရာတော်နှင့်တကွ စာသင်သား ရဟန်းများအားသက်သတ်လွတ်ဟင်းများဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ရွာသူရွာသားများကိုလည်း အလျှံပယ် တည်ခင်းကျွေးမွေးပြီး ရေစက်ချ အမျှအတန်းများ ပေးဝေကြသည်။ အလှူကြီးပြီးပြီးချင်းပင် ဆရာတော်အား ဝပ်တွားကန်တော့သည်။ အားလုံးကို နွှတ်ဆက်သည်။ မြစ်ဆိပ်ကမ်းနားသို့သွား၍ ဦးလုံးငှားလာသော မော်တော်ဖြင့် ပြန်ရန်ပြင်ဆင်ကြသည်။

ထိုစဉ်မှာပင် ကျောင်းဝင်းပြင်ပ လမ်းမပေါ်၌ လင်းဆေးနှစ်ယောက် ရိုက်ပုတ်ဆွဲရမ်း ခိုက်ရန်ဖြစ်ပွားနေကြသည်ကို လှမ်းမြင်လိုက်ကြရသည်။

အလှူရှင် သုံးဦးထဲမှ လူရွယ်လေးက အနားသို့ တိုးသွားကာ ဖျန်ဖြေရင်း 'ရန်မဖြစ်ကြပါနဲ့ခင်ဗျာ' ဟု တားဆီးသည်။ မိန်းမဖြစ်သူက သူ့ခင်ပွန်းကို အပြစ်ပုံချသည်။

'ဒီနှစ် မိုးကျရင် နေလို့ရတော့မှာ မဟုတ်တဲ့ အိမ်ဆေးကို ပြင်ဆောက်ဖို့ဆိုပြီး ခြစ်ခြစ်ကုတ်ကုတ်စုထားတဲ့ ငွေတစ်ဆယ်လေးကိုယူပြီး ဖျောက်ပစ်ခဲ့တယ်လေ။ မြို့တက်ပြီး ဘယ်သွားဝယ်တာ ဘယ်မှာကျွေကျော်ခဲ့မှန်း မသိဘူးလို့ ကျွန်မကို လိမ်ပြောတယ်။ ဒင်းအကြောင်း မသိတာမှတ်လို့ သူ့အပေါင်းအသင်းတွေနဲ့ ကစားဝိုင်းမှာ ကုန်ခဲ့တာဆိုတာမှတ်လို့။ လူလိမ်လူညာ၊ အုတ်ကြားမြက်ပေါက်၊ လေကဝ' ဟု ပြောပြောပြီး ငိုနေသည်။

'ဟေ့...မင်းတို့လင်မယား ရန်ဖြစ်ရင် ဝေးဝေးမှာသွားဖြစ်ကြ။ ဒီမှာ သူများတကာတွေ မင်္ဂလာယူပြီး အလှူလာလုပ်နေကြတာ' ဟု ရွာသားတစ်ယောက်က ဝင်ပြီးဟန့်တားသည်။

'မင်းနဲ့ ဘာဆိုင်လို့လဲ' ဟု ယောကျ်ားဖြစ်သူက ဒေါသနှင့် လှမ်းပြောရာမှ ရန်ပွဲဆက်တော့မလိုဖြစ်နေရာ အလှူရှင် လူရွယ်လေးက ကြားထဲမှ တားဆီးရင်း-

'ကဲပါဗျာ...ကျွန်တော်တို့ မောင်နှမတစ်တွေကပဲ အစ်ကိုတို့၊ အစ်မတို့မိသားစု အဆင်ပြေသွားအောင် စီစဉ်ပေးခဲ့ကြပါတော့မယ်။ ကဲ...ပြောပါဦးဗျာ။ အခု ပြဿနာတက်နေတဲ့ငွေက ဘယ်လောက်မို့လဲဗျာ' ဟု မေးလိုက်ရာ ဘေးမှထိုင်ကြည့်နေသူအားလုံး၏ မျက်နှာများ အံ့သြရိပ်သန်းသွားတော့သည်။

ငိုယိုနေသော မိန်းမက ငွေပမာဏကို ပြောလိုက်သည့် အခါ ဘေးမှ နားထောင်နေသော အလှူရှင် မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်က 'ကျွန်မတို့မှာ ပါလာတဲ့ ဝတ္ထုငွေကတော့ အလှူမှာ သံဃာတော်တွေအတွက် အားလုံး ရေစက်ချလှူလိုက်ပြီးပြီဆိုတော့ ဟောဒီပစ္စည်းလေးကိုပဲ ရောင်းချပြီး သုံးစွဲမယ်ဆိုရင် ရှင်တို့အိမ် ပြင်ဆောက်ဖို့ လောက်ငတဲ့အပြင် ပိုတောင်ပိုလိမ့်ဦးမယ်လို့ ထင်ပါရဲ့ရှင်' ဟု ဆိုကာ လက်မှာ ဝတ်ထားသော လက်စွပ်တစ်ကွင်းကို ချက်ချင်းချွတ်ပေးလိုက်တော့ အားလုံး ပိုပြီးအံ့သြသွားကြသည်။

ပြဿနာဖြစ်နေသော လင်မယား နှစ်ယောက်လည်း ငြိမ်သွားကြ၏။ အလှူရှင် မောင်နှမသုံးယောက်ထဲမှ ကျွန်မိန်းကလေးတစ်ယောက်၏ စကားက ပို၍အံ့သြလောက်ဖွယ်ရာပါပေ။

'ကျွန်မတို့က ဒီနေရာကို တော်တော်နဲ့တော့ ပြန်ပြီးလာဖြစ်ကြဦးမှာ မဟုတ်သေးဘူးရှင့်။ တကယ်လို့များ ရှင်တို့မှာ ငွေကြေးတွေ ပြန်ပြီးပြေလည်လာတဲ့ တစ်နေ့ကျ ကျွန်မတို့ အခုလို ကူညီခဲ့တာကို ပြန်ပြီး တစ်လှည့်တုံ့ပြန်ချင်တယ်ဆိုရင်တော့ ကျွန်မတို့က လာယူနိုင်ကြဦးမှာ မဟုတ်သေးဘူး။ ဒီတော့ ကျွန်မတို့ကပဲ ပြောခဲ့ပါတော့မယ်။ ရှင်တို့ အဆင်ပြေတဲ့ တစ်နေ့ကျရင် အဲဒီငွေကြေးကို ကျွန်မတို့ကို ပြန်ပြီးပေးမယ့်အစား ငွေကြေးအားလုံးကို ဟောဒီက ဆရာတော်ရဲ့ ပရိယတ္တိစာသင်တိုက်အတွက် လိုအပ်မယ်လို့ထင်တဲ့ တစ်ခုခုအတွက် လှူဒါန်းပေးလိုက်ကြပါနော်' ဟု မှာရစ်ခဲ့ကာ သုံးယောက်သား ပြန်သွားကြ

www.burmeseclassic.com

ပါတော့သည်။

♦ ♦ ♦

ရန်ဖြစ်ခဲ့ကြ၊ အပြန်အလှန် အပြစ်တင်စကားတွေ ဒေါသတကြီး ပြောခဲ့ဆိုခဲ့ကြသမျှ လင်မယားနှစ်ယောက်နှင့် သားလေးသမီးလေး နှစ်ယောက်တို့အပြင် မယားဘက်က မောင်လေးတစ်ယောက်အတွက် နေစရာ အိမ်သစ်ကလေးက လောဘ၊ ဒေါသ၊ မောဟမီးလျှံတွေကို ငြိမ်းအေးစေနိုင်ခဲ့ပြီ။ အိမ်သစ်ကလေး ဆောက်ပြီးကတည်းက သူတို့၏ မိရိုးဖလာ လယ်ယာလုပ်ငန်းလေးကလည်း ပို၍ အဆင်ပြေလာသလိုပင်။ မိသားစုအဆင်ပြေခြင်း၊ မပြေခြင်းကို ပတ်ဝန်းကျင်ကထက် ပိုပြီးတိတိပပသိကြသည်ကတော့ သူတို့မိသားစုကိုယ်တိုင်ပင် ဖြစ်သည်။ သို့ပါသော်လည်း သူတို့အားလုံး သိသိပိပိကာ အများအမြင်မှာ ငွေရေးကြေးရေး အဆင်မပြေကြသေးသည့် ပုံမျိုးဖြင့် လေသံလွင့်ထားခဲ့ကြသည်။ အနေအထိုင်သိသိပိပိကြသည်။ လူကြားသူကြား တွင် အမျိုးမျိုး ညည်းညူပြကြသည်။ ဤသို့ တိုးတိတ်သိသိပိ ညည်းညူနေသည့်ကြားကပင် မထင်မှတ်ဘဲ သိန်းဂဏန်းပမာဏမျှ ထီဆုကြီး ပေါက်လိုက်ကြပြန်သည်။ တစ်ရွာလုံး ဘယ်သူကိုမှ အသိမပေး။ လေသံတောင် သဲ့သဲ့မျှ မဟ။ လက်ထဲမှာ ပိုက်ဆံလေး ပိုပိုလျှံလျှံ ရှိလာကြပြီဆိုတော့ အချင်းချင်း တိုးတိုးတိတ်တိတ် တိုင်ပင်ကြသည်။ အကြံအစည်လေးတွေ ရှိလာကြသည်။ မှယားဖြစ်သူက ပိုပြီးကြဆတတ်သေးသည်။ ရန်ကုန်ကို မြို့ကြီးပြကြီးအထိ ခြေဆန့်ချင်လာသည်။

ရန်ကုန်မှာ သူတို့သားချင်း အရင်းအချာတွေထဲက အဒေါ်တစ်ယောက်နှင့် ဆက်သွယ်ပြီး စီးပွားရေးတစ်ခု



ဖောက်ချလုပ်ကိုင်ကြဖို့ တိုင်ပင်သည်။ အဒေါ်အထည်ဆိုင်တွင် ငွေရင်းတစ်စက်ထည့်ကာ အရောင်းအဝယ်လောကဝင်ဖို့ ခြေလှမ်းပြင်သည်။ ရွာမှ အိမ်နှင့်လုပ်ငန်းကို မောလေးဖြစ်သူအား လွှဲထားခဲ့သည်။ ရန်ကုန်မှ အဒေါ် လှမ်းခေါ်လို့ သွားကြရတာပါ။ ဒီမှာလည်း သိပ်အဆင်မပြေလို့ဟု ရွာမှ လေသံလွင့်ထားခဲ့ပြီး မိသားစုက ရွာကို ခွာခဲ့ကြသည်။

♦ ♦ ♦

ရန်ကုန်ရောက်တော့ အဒေါ်အိမ် (၂)ခန်းတွဲမှာ ခေါ်ခြေရင်းဘက်အခန်းမှာ နေခဲ့ကြသည်။ အဒေါ်က အထည်ဆိုင်လေးရှိသော်ငြား တကယ့်လုပ်ငန်းက တစ်ဖက်နိုင်ငံမှ မှောင်ခိုပစ္စည်းများကို သယ်ပို့သည့် ပစ္စည်းကယ်ရီသမားများနှင့် ဆက်စပ်သည့်လုပ်ငန်း ဖြစ်နေသည်။ အထည်အလိပ်၊ စားသောက်ကုန်မျိုးစုံ ပါဝင်သည့် ကယ်ရီလုပ်ငန်း ဖြစ်သည်။ လုပ်ငန်းထဲ ငွေရင်းမျှ တည်ထည့်ထားသလို ကိုယ်တိုင်ကိုယ်ကျ ဒေါနတောင်တန်းကြီးကို ဖြတ်သန်းကာ ပစ္စည်းသယ်နိုင်ပါက ပိုပြီးအမြတ်ငွေရသည့်လုပ်ငန်းမျိုး သူတို့လည်း ဒီမှောင်ခိုလောကထဲ ရောက်သွားခဲ့ကြသည်။

အချိန်ကာလက (၁၉၆၈)ခုနှစ်၏ နှစ်ဦးပိုင်းကာလ၊ တစ်ညမှာတော့ အလယ်တန်းကျောင်းသူဘဝပင် ရောက်နေပြီဖြစ်သော သမီးလေးက အိပ်မက်မြင်မက်ပြီး လန့်နိုးသည်။ လန့်ပြီးအော်သဖြင့် မိဘနှစ်ပါးပါ ထိတ်ထိတ်ပျာပျာဖြစ်ကာ နိုးကုန်ကြသည်။

'အိပ်မက်ထဲမှာ ဘိုးဘိုးကြီး၊ ဘွားဘွားကြီး နှစ်ယောက်ရယ်၊ အစ်ကို၊ အစ်မ သုံးယောက်ရယ်က သမီးတို့အခန်းတံခါးကို လာခေါက်ကြတယ်။ သမီးက တံခါးဖွင့်ပေးတော့ အိမ်ဝမှာ ရပ်နေကြတယ်။ အစ်မတစ်ယောက်က သမီးကိုပြောတယ်။ ကလေးရဲ့ အဖေနဲ့ အမေကို ပြောလိုက်ပါတဲ့။ အစ်မတို့ရဲ့ အကြွေးကို ပြန်မဆပ်ပါနဲ့။ လူတော့လှူလိုက်ပါလို့ ပြောလိုက်ပါတဲ့။ သမီး ရုပ်ကြည့်မှန်တုန်းမှာ သူတို့အားလုံး ဂျတ်တရက် ပျောက်သွားကြတယ်' ဟု ကလေးက ချွေးတွေစိုရွှဲပြီး ငုတ်တုတ်ကြီး ထထိုင်ရင်း ပြောပြသည်။

'ကဲပါ..စိတ်ထဲ ဘာမှမထားနဲ့။ အိပ်မက်ဆိုတာ ဒီလိုပဲ မက်ချင်တာ လျှောက်မက်တတ်တာပဲ။ ကဲ..ကဲ..အေးအေးလေးသောက်ပြီး ပြန်အိပ်လိုက်။ မနက် ကျောင်းတက်ရဦးမှာလေ' ဟု အဖေဖြစ်သူကပြောကာ ဘေးမှအရေး

www.burmeseclassic.com

www.burmeseclassic.com

ကြီးသလိုဖြင့် သူတို့လည်း ပြန်အိပ်သွားကြသည်။

♦ ♦ ♦

သမီးလေး အိပ်မက်မြင်မက်သည့်ကိစ္စကို လင်မယားနှစ်ယောက်လုံးက စိတ်မဝင်စားကြ၊ အယုံအကြည်လည်း မရှိကြ။ ရွာမှာတုန်းက လူကြီးတွေ ပြောသံဆိုသံတွေကြားခဲ့ဖူး ဒီကလေးက မတော်တဆ တစ်စွန်းတစ်စ စိတ်စွဲသမ်းပြီး အိပ်မက်,မက်တာ ထင်ပါရဲ့ဟုသာ ယူဆခဲ့ကြသည်။

တစ်ရက်မှာတော့ အခေါ်ဖြစ်သူထံ ကလေးတွေကို အပ်နှံထားခဲ့ကာ သူတို့လင်မယားနှစ်ယောက်ကတော့ လုပ်ဖော်ကိုင်ဖက် ပစ္စည်းကယ်ရီသမားများနှင့်အတူ မော်လမြိုင်ဘက်သို့ အရောင်းအဝယ်ကိစ္စနှင့် ခရီးထွက်ခဲ့သည်။

အဲသည်အခေါက် သူတို့တစ်တွေ၏ မှောင်ခိုပစ္စည်းဆယ်ယူရေးလမ်းကြောင်းက ဟိုအရင်အခေါက်များတုန်းကနှင့်မတူ၊ မော်လမြိုင်မြို့မှတစ်ဆင့် ရေမြို့ဘက်အထိ ခရီးဆက်ဖို့ ရှိလာသည်။ ရထားခရီးစဉ်ဖြစ်သည်။ ရထားဆေးမှာလည်း လူက အပြည့်။ ကွမ်တိုးရွာဘက်သွားမည့် ခရီးသည်တွေကလည်း အထုပ်အပိုးတွေနှင့် အပြည့်အကျပ်။ အရောင်းအဝယ်သမားအချင်းချင်းတွေမို့ ဖြစ်သလိုနေတတ်စားတတ် သွားတတ် လာတတ်နေကြပေပြီ။

မော်လမြိုင်နှင့် ရေး ရထားက ပုံမှန်အတိုင်း တရွေ့ရွေ့ခုတ်မောင်းလာခဲ့သည်။ လမ်းတစ်နေရာအရောက်မှာတော့ ဝုန်းခနဲ မြည်ဟည်းသည့် အသံကြီးက ကြောက်မက်ဖွယ်ရာ ပေါ်လာကာ ရထားတွဲတချို့ လွှင့်စဉ်တိမ်းမှောက်သွားခဲ့သည်။ မိုင်းနင်းမိပြီလေ။

♦ ♦ ♦

သည်ဖြစ်စဉ်မှာဖြင့် ရင်နှင့်ကြေကွဲဖွယ်ရာပင်။ သားသမီးလေးတွေကို မိတဆိုး ဖတဆိုးလေးတွေအဖြစ် ဘဝမှာချန်ခဲ့,ကျန်ရစ်စေခဲ့ကာ တမလွန်ဘဝသို့ ပြောင်းသွားကြရရှာပြီဖြစ်သော ဇနီးမောင်နှံ နှစ်ယောက်ခမျာမှာတော့ ဘာတစ်ခုမှ သူတို့နှင့်အတူ ပိုင်ပိုင်နိုင်နိုင် ယူဆောင်မသွားနိုင်ကြရှာတော့ပါ။ မသေခင်က လှူနိုင်ကြဖို့အတွက် အခွင့်သာခဲ့ကြသော်ငြား သဒ္ဓါတရားနည်းပါး၊ အသိတရားခေါင်းပါး၊ ကတိသစ္စာများလည်း ပျက်ယွင်းမှားခဲ့ကြပြီမို့ သူတို့ထိုက်နှင့် သူတို့ကံလို့ပင် ဆိုရလိမ့်မည် ထင်ပါ၏။

ဆောင်းဝင်းလတ်

စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ
ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး
ဆရာမထက်ဦးခိုင်သံပုံလက္ခဏာပေးပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက်ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ ဧတေနာ ရွေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ခင်ဗျာ..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ခွန်အားကြွပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိုဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တော်နေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှာ မြို့သစ်ဖြစ်သည့်အလျောက် လူနေကျဲ၍ထင်၏၊ ဆောင်းရာသီနှင့် အတန်ပင် အေးမြသော ယခုလည်း အိပ်နေရာမှ စောင်ကွာသွားသဖြင့် အေး၍ နိုးလာ၏။ ထို့နောက် စောင်ကိုခြုံ၍ ပြန်အိပ်ပါသော်လည်း ရုတ်တရက် အိပ်ချင် မပျော်ဘဲ ဖြစ်နေပြန်သည်။

အေးမောင်မောင်ဆန်း

အကျိုးပေးကောင်းသော ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာနံဘေးမှာ ချထားသော လက်ပတ်နာရီကို ယူ၍ ကြည့်သောအခါ နံနက်(၄)နာရီ (၃၀)မိနစ်သို့ ပြနေ၏။ ထို့ကြောင့် အိပ်မရသည့်အတူတူ အိမ်ရှေ့ခြံဝင်းထဲမှ သစ်ရွက်ခြောက်များကို မီးရှို့ပစ်မည်ဟု စိတ်ကူးထားသဖြင့် ထိုစိတ်ကူးကို ယနေ့နံနက် အကောင်အထည်ဖော်မည်ဟု စဉ်းစားကာ အိပ်ရာမှ ထလိုက်၏။ ထို့နောက် မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်၊ ရေအိမ်ဝင်ကာ ခြံထဲသို့ ဆင်းလာခဲ့၏။

ခြံထဲသို့ရောက်သော် သစ်ရွက်ခြောက်များကို တံမြက်စည်းဖြင့်လှည်း၍ တစ်နေရာ၌ စုပုံထားလိုက်၏။ ထို့နောက် ကျွန်ုပ်ဟောင်းစက္ကူများကို ဖြဲ၍လိပ်ကာ မီးခြစ်ဖြင့်ရှို့ပြီး မီးမွှေးလိုက်သည်။ သို့သော် သစ်ရွက်အချို့မှာ နှင်းရည်စိုနေသဖြင့် တော်တော်နှင့် မီးမတောက်။ ထို့ကြောင့် မီးဆောက်လာရန် သစ်ရွက်များကို အသာဖြိုး၍ ယပ်ခတ်ပေးထိုက်၏။ ထိုစဉ် လေပြည်တစ်ချက် ကျွန်တော့်နောက်ကျော မှ တွေ့လိုက်သဖြင့် ကျောထဲ စိမ့်သွားပြီး နောက်သို့ လှည့်ကြည့်မိရာ အိမ်ရှေ့ခြံအပြင်ဘက် တံခါးဝတွင် လူတစ်ယောက် အိမ်ဘက်သို့ မျက်နှာမူ၍ ရပ်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ကျွန်တော် ခြံဝသို့ လျှောက်သွားပြီး ကြည့်သိုက်ရာ-

'ဟင်..အန်ကယ်ဦးဟန်ထွန်းအောင်ပါလား'

ဒီလူကြီးကို ကျွန်တော်ကောင်းကောင်းသိသည်။ ကျွန်တော်တို့ အိမ်ရှေ့လမ်းတွင်နေပြီး သူသားနှင့် ကျွန်တော်မှာ သူငယ်ချင်းတွေဖြစ်၏။ ထို့ပြင် ဦးဟန်ထွန်းအောင်မှာ လွန်ခဲ့သော(၁)နှစ်ခန့်က လေဖြန်းသွားသဖြင့် အတော်ခံလိုက်ရ၏။ ပြန်ကောင်းလာသော်လည်း လမ်းကို ခပ်ဖြည်းဖြည်းသာ လျှောက်နိုင်၏။ သူအိပ်ရာထဲ လဲနေစဉ်က ကျွန်တော် သတင်းမေးသွားဖူး၏။

သူသည် အိုးရင်ဘောနတစ်ခုမှ အငြိမ်းစား အထွေထွေ အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်၏။ ပင်စင်ယူသွားသော်လည်း သောက်သောက်စားစားနှင့် ပျော်ပျော်ပါးပါး နေတတ်သူတစ်ဦးဖြစ်၏ လူချစ်လူခင် ပေါများ၏။ ပင်စင်ယူသွားသောအခါ ဇနီးဦး ဂေါက်ရိုက်သွားသဖြင့် အပေါင်းအသင်းလည်း ဝင်ဆံ့သူတစ်ဦး ဖြစ်လေသည်။ သို့သော် အိပ်ရာထဲ လဲသွားသောအခါ ဘုရားစကား၊ တရားစကား ပြောလာ၏။ သူ့အိမ်ဖြစ်သူကလည်း သူ့အား ဘာသာရေးလုပ်ရန် မကြာခဏ အားပေးတတ်သူဖြစ်သည်။

ထိုသို့ သတင်းသွားမေးစဉ်က ကျွန်တော်နှင့် ဘာသာရေးအကြောင်းများ ပြောမိစဉ် သူက ဝိပဿနာတရားအားထုတ်ကြည့်ချင်သည်။ ဘယ်လိုစ၍ အားထုတ်ရမှန်း မသိဟုဆိုကာ တရားစခန်းဝင်ဖူးဘာသိသော ကျွန်တော့်ကို အထင်တကြီးနှင့် မေး၏။ ထို့ကြောင့် ကျွန်တော်က အခြားတရားစာအုပ်များနှင့်အတူ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားထားသော တရားများကို ပုံနှိပ်ထားသော စာအုပ်များ၊ တရားခွေများကို သူ့ထံ ယူသွားပေးခဲ့ပါသည်။ သူကလည်း ကျေးဇူးတင်စကားပြောပြီး ယူထားလိုက်၏။

နောက်တစ်လခန့် ကြာသောအခါ သူ၏ တစ်ဦးတည်း သောသားလည်းဖြစ်၊ ကျွန်တော်၏ သူငယ်ချင်းလည်းဖြစ်သော ဝေလင်းအောင်သည် သူ့အဖေ ကျွန်းမာရေးမကောင်းကြောင်း သိရ၍ အမေရိကားမှ ရန်ကုန်သို့ ခေတ္တပြန်လာခဲ့ကြောင်း သိရ၍ ကျွန်တော်လည်း သူငယ်ချင်းနှင့် တွေ့ရန် သူ့အိမ်သို့ သွားခဲ့ရာ သူ့အဖေ ဦးဟန်ထွန်းအောင်နှင့်ပါ ထပ်၍တွေ့ရပါသည်။ ထိုစဉ်က အိပ်ရာထဲ လဲနေရာမှ ထူထူထောင်ထောင်ဖြစ်လာပြီး သူက စ၍ကြိုးစားကာ တရားထိုင်ကြည့်နေပြီဖြစ်ကြောင်း ပြောပါသည်။

ထို့နောက် ကျွန်တော်လည်း နိုင်ငံခြားကုမ္ပဏီတစ်ခု၌ အလုပ်ရ၍ အလုပ်သွားလုပ်နေသဖြင့် သူထံ မရောက်ဖြစ်တော့။ ယခုမှ ခွင့်ဖြင့် ပြန်လာသည်မှာ သုံး,လေးရက်ခန့် သာရှိသေးပြီး ဟိုသွားဒီသွားဖြင့် အလုပ်ရှုပ်နေသဖြင့် သူလည်း သတိမရဖြစ်ပါ။

ယခုမူ ဦးဟန်ထွန်းအောင်မှာ ကျွန်တော် ခြံရှေ့တွင် မတ်တတ်ရပ်နေသဖြင့်-

'အန်ကယ်..နေကောင်းရဲ့လား။ စောစောစီးစီး ဘယ်သွားမလို့လဲ'

သူက ကျွန်တော့်မေးခွန်းများကို ပြန်မဖြေဘဲ-

'တရားခွေတွေ၊ တရားစာအုပ်တွေ ငှားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ နို့မို့ရင် ငါဘဝက ဗလွေးဝံ့စရာဘဲ။ ငါ့ကို အခုလိုအခြေအနေမျိုး မင်း တွေ့ရမှာ မဟုတ်ဘူး။ မင်းဆီက ငှားထားတဲ့ တရားခွေနဲ့ တရားစာအုပ်တွေ မင်းအန်တီ(သူ့ဇနီး) မင်းကို လာပြန်ပေးလိမ့်မယ်။ ကဲ..အချိန်မရှိဘူး၊ သွားပြီကွယ်'

ဦးဟန်ထွန်းအောင်ကို ကြည့်ရသည်မှာ ဝတ်လေးငင်းစားလှတွေနှင့် စောစောစီးစီး မှင်္ကလာပွဲ (သို့မဟုတ်) ဆွေခံပွဲ

www.burmeseclassic.com

တစ်ခုခု သွားမည့်ပုံပေါ်နေ၏။ သူလက်ထဲတွင် ကိုင်ထားသည့် တုတ်ကောက်လိုလို ဘာလိုလို ကိုင်ထားသည့်အရာကလည်း ပြောင်ပြောင်လက်လက်နှင့်၊ မိုးက ကောင်းကောင်းလင်းသေးသည်မဟုတ်။ တော်ကြာ မကောင်းသည့် လူများနှင့် တွေ့၍ အလုအယက်ခံနေရရင် ဒုက္ခရောက်နိုင်သည်ဟု တွေးမိ၍-

'အန်ကယ်..ဘယ်သွားမလို့လဲ။ ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

အဘိုးကြီးက ကျွန်တော် ဘာကြောင့် ဒီလိုပြောမှန်း ရိပ်မိပုံရသည်။ ထို့ကြောင့်-

'ငါ့ကို ဘယ်သူမှ ရန်ပြုလို့မရပါဘူးကွ။ ငါသွားမယ့် နေရာလည်း မင်း လိုက်ပို့လို့ မရပါဘူး။ သွားပြီဟေ့'

ပြောပြောဆိုဆို ကျွန်တော့်ကို နှုတ်ဆက်ပြီး ထွက်သွားသဖြင့်-

'အန်ကယ်..အန်ကယ်၊ ခဏနေဦးလေ။ အန်ကယ်'

'ဟဲ့..စောစောစီးစီး ဘာတွေယောင်နေတာလဲ။ အိမ်ရှေ့က အမှိုက်တွေ မီးရှို့မယ်ဆို၊ ထတော့လေ'

အိပ်ရာဘေး မိခင်ဖြစ်သူ၏ နှိုးသံကြားမှ အိပ်မက်, မက်နေမှန်း သိလိုက်လေသည်။ ညက ခြံထဲမှ အမှိုက်တွေ မီးရှို့မည်ဟု မိခင်ကို ပြောခဲ့သည်။ ထို့ကြောင့် ယခု စိတ်စွဲပြီး အိပ်မက်,မက်တာဖြစ်မည်ဟု တွေးမိ၏။

'ဟုတ်ကဲ့၊ ထမယ် မေမေ'ဟုပြောပြီး နာရီကြည့်လိုက်ရာ နံနက်ငါးနာရီခွဲ၊ စောသေးသည်ဟုတွေးပြီး ဟိုလှိမ့် သည်လှိမ့်နှင့် ပြန်အိပ်ပျော်သွားခဲ့သည်။

မိခင်ဖြစ်သူမှာ ကျွန်တော့်ကိုနှိုးပြီး ဘုရားကျောင်း ဆောင်ရှေ့သွားကာ ဘုရားဝတ်ပြု၏။ ထို့နောက် သူ ဘုရားဝတ်ပြုပြီးသည်အထိ ကျွန်တော် မနိုးသေးသဖြင့် နောက်တစ်ကြိမ် ပြန်လာနှိုးမှ ထလိုက်၏။

ကျွန်တော်က မျက်နှာသစ်၊ သွားတိုက်၊ ရေအိမ်ဝင် နေသလို မိခင်မှာ နံနက်စာအတွက် ထမင်းကြော်၍ ကော်ဖီဖျော်နေ၏။ ထို့နောက် ကျွန်တော် မိခင်စီစဉ်ထားသော ထမင်းကြော်နှင့် ကော်ဖီသောက်ပြီး ခြံထဲဆင်း အမှိုက်များကို မီးရှို့လိုက်၏။ အမှိုက်များကို မီးရှို့ပြီး အိမ်ထဲ ဇင်လာကာ အိပ်မက်ထဲမှ ဦးဟန်ထွန်းအောင်ကို သတိရမိ၍ မိခင်ကို မေးလိုက်၏။

'မေမေ..ရှေ့လမ်းက ဦးဟန်းထွန်းအောင်ရော နေကောင်းသွားပြီမဟုတ်လား'

'ဆုံးသွားပြီ သားရဲ့။ သုံးလလောက်ရှိပြီ။ မင်းကို ပြောဖို့ မေ့နေတာ။ သနားပါတယ်'

မိခင်စကား ကြားရ၍ ကျွန်တော် အံ့သြမိ၏။

'ဘယ်လိုဖြစ်လို့လဲ မေမေ'

'သူက သွေးတိုးရှိတယ်မဟုတ်လား။ နောက်တော့ နှလုံးရောဂါပါ ရှိလာတယ်။ သူ ထူထူထောင်ထောင်အနေ အနေကနေ ရုတ်တရက်ဆုံးသွားတာ နှလုံးရောဂါကြောင့်ပဲ'

သြော်..တစ်လုံးတည်းသာ ကျွန်တော်ပြောနိုင်ပြီး ညက အိပ်မက်အကြောင်းကို ပြန်တွေးနေမိလေသည်။

ထို့နောက် မိခင်က ဆက်၍-

'ဘာပဲပြောပြော သူသေပုံသေနည်းက ကောင်းတယ်။ ဘယ်သူမှ ဒုက္ခမပေးဘူးလို့ သူမိန်းမက ပြောပြတယ်။ သူ ဆုံးမယ့်နေ့က နေ့လယ်ဘက်ကြီး ရေတွေထချိုး၊ အဝတ်အစား သပ်သပ်ရပ်ရပ်လဲပြီး သူမိန်းမကို ပြောထားတယ်။ ငါ့ကို ညနေသုံးနာရီထိုးရင် လာနှိုးတဲ့။ သူမိန်းမ သုံးနာရီထိုးလို့ သွားနှိုးတော့ ဆုံးနေပြီလေ။ သူလည်း မဆုံးခင် ဘာသာရေးအတော်လုပ်တယ်လေ။ သူမိန်းမ ပြောတာတစ်နေ့ကို မနက်(၁)နာရီ၊ နေ့လယ်(၁)နာရီ၊ ညနေ(၁)နာရီ အချိန်ပေး တရားထိုင်တယ်တဲ့။ ကျန်တဲ့အချိန် တရားစာအုပ်တွေ ဖတ်တယ်တဲ့။ ကောင်းရာမွန်ရာရောက်မှာပါ'

ကျွန်တော် ဘာမှ ဝင်မပြောမိ။ ညက အိပ်မက်အကြောင်းကိုသာ စဉ်းစားနေမိ၏။ ထို့နောက် ဘုရားကျောင်းဆောင် ရှေ့သွား၍ ဘုရားဝတ်ပြုလိုက်၏။ ဘုရားဝတ်ပြုပြီးနောက် အိမ်ရှေ့ဧည့်ခန်းထိုင်ကာ ဂျာနယ်တစ်စောင်ကို စိတ်မပါတပါဖြင့် ထိုင်ဖတ်နေရင်း အိမ်ရှေ့ခြံခေါင်းလောင်းတီးသံကြား၍ လှမ်းကြည့်လိုက်ရာ-

'ဟင်..အန်တီ'

ဦးဟန်ထွန်းအောင် ဇနီးကို တွေ့ရ၍ ကျွန်တော် တံခါး သွားဖွင့်ပေးပြီး-

'လာပါ အန်တီ၊ အထဲဝင်ပါဦး'

'မဝင်တော့ပါဘူးကွယ်။ ဈေးသွားရင်းနဲ့ ခဏဝင်လာတာ။ ပြောရဦးမယ်၊ မင်းအန်ကယ် ပြီးခဲ့တဲ့စက်တင်ဘာက ဆုံးသွားပြီကွယ့်'

'ဟုတ်ကဲ့၊ ဒီနေ့မနက်ပဲ မေမေပြောလို့ သိရတာ။ ကျွန်တော်လည်း အန်တီ့ဆီ လာမေးမလို့ပဲ။ မိတ်မထော်

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး အန်တီရယ်'

'ဒါနဲ့ မင်းကို ပြောရဦးမယ်။ ညက အန်တီ သူ့ကို အိပ်မက်,မက်တယ်'

'ဗျာ'

ကျွန်တော့်နှုတ်မှ ရုတ်တရက်ထွက်သွား၏။

'အဲဒါ သူက အိပ်မက်ထဲမှာ မင်း နိုင်ငံခြားက ပြန် ရောက်နေပြီတဲ့။ ဒီတော့ မင်းဆီက ငှားထားတဲ့ တရားစာ အုပ်နဲ့ တရားအခွေတွေ သူ့အိပ်ခန်းထဲက နံရံကပ်ဗီရိုရဲ့ အလွှာထဲမှာ ရှိတယ်တဲ့။ အဲဒါ မင်းကို ကျေးဇူးတင်ကြောင်း ပြောပြီး ပြန်ပေးလိုက်ပါတယ်တဲ့။ အဲဒါ အန်တီ ယူလာ တာယ်၊ ဟုတ်တယ်မဟုတ်လား။ ကြည့်ပါဦး'

အနဝဇ္ဇကြောရင်း သွေးကြောခြင်းထဲတွင် ပလတ်စတစ် အိတ် အနက်ရောင်နှင့် ထည့်ထားသော အထုပ်တစ်ထုပ်ကို ကျွန်တော့်အား လှမ်းပေးလိုက်ပါသည်။

ထို့ကြောင့် ကျွန်တော် စစ်ကြည့်ပြီး စာအုပ်များတွင် ကျွန်တော့်လက်မှတ်နှင့် နာမည်ရေးထိုးထားသည်ကို အန်တီ အား ပြပြီး-

'ဟုတ်ပါတယ် အန်တီ၊ ဒီစာအုပ်တွေမှာ ကျွန်တော့် လက်မှတ်ထိုးပြီး နာမည်နဲ့ လက်မှတ်ထိုးတာလေ။ ဒီမှာ လေ'

'အေးကွယ့်..အန်တီလည်း သူဆုံးသွားပြီး သူ့အခန်း ရှင်းတုန်းကတော့ တွေ့မိပါတယ်။ ဒါပေမဲ့ သူဟာပဲ ထင် ခဲ့တာ၊ မသိလို့ အန်တီ စောစောက ပြန်မပေးမိတာ စိတ်မရှိ ပါနဲ့နော်'

'ထူးတော့ အတော်လေးထူးဆန်းတာပဲ အန်တီ။ ကျွန် တော် နိုင်ငံခြားက ပြန်ရောက်နေတာ သူက သိတယ်တဲ့ လား'

'အေး..အဲဒါပြောတာပေါ့။ အန်တီလည်း အဲဒါကို သိချင်နေတာ။ ပြီးတော့ အိပ်မက်ထဲမှာ သူပြောခဲ့တဲ့အတိုင်း မင်း စာအုပ်တွေ၊ အခွေတွေ ဟုတ်,မဟုတ်လည်း သိချင်နေ တာ။ ဒါကြောင့် အန်တီ မိုးလင်းတာနဲ့ကို လာခဲ့တာပဲကွယ့်။ မင်း..သူကြည့်ရတာ အိပ်မက်ထဲမှာ ဝတ်စားထားတာ အောက်တောက်ပြောင်ပြောင်ပဲကွယ့်။ မျက်နှာကလည်း ကြည်ကြည်လင်လင်ပဲလေ။ မဆုံးခင်က သူပြောသေး တယ်။ မင်းနဲ့ သူ့ရုံးက အငြိမ်းစားမန်နေဂျာ ဦးဝင်းအောင် ကို ကျေးဇူးတင်တယ်တဲ့။ အခွေတွေ၊ စာအုပ်တွေ ငှားပြီး သူတို့ တရားထိုင်ဖို့ တိုက်တွန်းခဲ့လို့တဲ့။

ဦးဝင်းအောင်ဆို အိမ်ကို မကြာခဏလာပြီး သူနဲ့ တရားဆွေးနွေးကြတယ်လေ။ တစ်နေ့ကို သူက မနက်(၁) နာရီ၊ နေ့လယ်(၁)နာရီ၊ ည(၁)နာရီ တရားထိုင်တယ်လေ။ ကျန်တဲ့အချိန် စကြိလျှောက်တယ်။ တရားနာတယ်။ တရား စာအုပ်တွေ ဖတ်တယ်။ သူက တရားထိုင်ရင် သူ့အခန်းထဲ မှာ တံခါးပိတ်ပြီး ထိုင်တာ။ ဧည့်သည်လာလည်း ထွက် မတွေ့ဘူး။ သူ တရားထိုင်ပြီးမှ ထွက်တွေ့တာ။ တချို့က တော့ ကိစ္စရှိလို့၊ အချိန်မရလို့ မစောင့်တော့တဲ့ ပြန်သွား ကြတယ်။ အန်တီ့မှာ ကြားထဲက အားနာလို့ သူ့ဧည့်သည် တွေကို တောင်းပန်လိုက်ရတာလေ မပြောပါနဲ့တော့တယ်။ နောက် သူက တရားထိုင်၊ တရားနာ၊ တရားစာအုပ်ဖတ်ရင်း သူ့အခန်းထဲမှာ နေတယ်။ အဲဒါ အန်တီတို့က အဲဒီအချိန်မှာ သူ့အခန်းထဲ ဝင်ရင် သူနဲ့ သွားစကားပြောရင် မကြိုက်ဘူး။ အာရုံပျက်တယ်တဲ့။

အဲ..သူဆုံးမယ့်နေ့ကတော့ ထူးထူးခြားခြားပဲ အန်တီ က (၁၂)နာရီထိုးတော့မယ်၊ နေမြင့်နေပြီ၊ ထမင်းစားတော့ လေလို့ပြောတော့ သူက အစာအာဟာရ မှီဝဲတယ်ဆိုတာ အသက်ရှင်ဖို့အတွက်၊ ဒီလိုမဟုတ်ရင် အလကားပဲတဲ့။ ပြီး တော့ နေ့လယ်(၁)နာရီခွဲလောက် ရေချိုးတယ်။ ဒါကြောင့် အန်တီက ထမင်းစားပြီးမှ ရေချိုးရလား၊ ပြောင်းပြန်ဖြစ်နေ ပြီလို့ပြောတော့ မင်းမသိပါဘူးကွာလို့ ပြောတယ်။ နောက် အန်တီ့ကို ပြောတယ်။ ငါ ခဏလဲလိုက်ဦးမယ်။ အခန်း တံခါးတော့ အထဲကနေ ချက်ချမထားဘူး။ ဒါပေမဲ့ (၃) နာရီမထိုးခင် ငါ့အခန်းထဲ ဘယ်သူမှ ဝင်မလာနဲ့။ (၃)နာရီ ကျော်ကျော်လောက်ဆို ငါ့လာနှိုးဆိုပြီး အခန်းထဲ ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာ (၃)နာရီ (၁၅)မိနစ်လောက် ရောက်တော့ အန်တီသူ့သွားနှိုးတော့ အသက်မရှိတော့ဘူးလေ။

တစ်ခါ,တစ်ခါ သူပြောတာရှိသေးတယ်။ ငါ ကျန်းမာရေးမကောင်းတာ ခပ်ကောင်းကောင်းတဲ့။ အရင်တုန်းက ကျန်းမာနေတော့ တစ်နေ့,တစ်နေ့ မနက်နဲ့ညနေ ဂေါက်ရိုက်လိုက်၊ အရက်သောက်လိုက်၊ စာအုပ်ဖတ်လိုက်၊ နိုင်ငံရေးအကြောင်းတွေ ပြောလိုက်နဲ့ ကိုယ့်အတွက် ကောင်းအောင် ဘာလုပ်ရမှန်း မသိဘူးတဲ့။ ဒါကြောင့် သေရင် ဒယ်အိုးထဲ သွားမှာတဲ့။ သူကြည့်ရတာ သူသေမှာ ကြိုသိနေသလိုပဲ'

ကျွန်တော်သည် အန်တီဒေါ်ခင်မေဝင်း စကားကို နားထောင်ရင်း ညက အိပ်မက်အကြောင်း ပြောသင့်,မပြောသင့်ကို စဉ်းစားနေ၏။ ထိုသို့စဉ်းစားနေဆဲမှာပင်-

'ကဲ...စကားပြောလို့တော့ ကောင်းတယ် သားရေ၊ ဒါပေမဲ့ ဈေးဝယ်စရာလေးရှိလို့ သွားလိုက်ဦးမယ်နော်။ အားရင် အိမ်လည်း လာခဲ့ဦးပေါ့'

'ဟုတ်..ဟုတ်ကဲ့ပါ အန်တီ'

ပြောပြောဆိုဆို အန်တီဒေါ်ခင်မေဝင်းသည် ကျွန်တော့်အား နှုတ်ဆက်ကာ ခြံဝမှပင် လှည့်ပြန်သွားခဲ့လေသည်။

မနေ့ညက ဦးဟန်ထွန်းအောင်ကို ကျွန်တော် အိပ်မက်မက်သလို သူဇနီးဖြစ်သူကလည်း အိပ်မက်,မက်ခဲ့သည်။ အိပ်မက်ထဲတွင် ဦးဟန်ထွန်းအောင်က ကျွန်တော် သူ့ကို ပေးထားခဲ့ဖူးသော တရားခွေနှင့် တရားစာအုပ်များကို သူဇနီးအား ပြန်ပေးခိုင်းထားသည်ဟု ပြောသွားခဲ့သည်။ ယခု သူဇနီးမှလည်း အိပ်မက်ထဲတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော သူခင်ပွန်း ဦးဟန်ထွန်းအောင်က ကျွန်တော့်တရားခွေနှင့် တရားစာအုပ်များ ပြန်ပေးခိုင်းသည်ဟုဆိုကာ ကျွန်တော့်အား ယခုပြန်လာပေးခဲ့လေပြီ။

ထို့ကြောင့် ကျွန်တော်နှင့် ဦးဟန်ထွန်းအောင်၏ဇနီး ဒေါ်ခင်မေဝင်းတို့ တစ်ညတည်း အတူတူမက်ခဲ့သော အိပ်မက်မှာ သာမန်တိုက်ဆိုင်မှုတစ်ခုပင်လား၊ သို့တည်းမဟုတ် ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဦးဟန်ထွန်းအောင်ကပင် အမှတ်တကယ် အိပ်မက်ပေးခဲ့လား ဆိုသည်ကိုမူ ယနေ့ထက်တိုင် ကွဲကွဲပြားပြား မသိပါဟု ကာယကံရှင် ကိုကျော်မင်းဝင်းက စာရေးသူအား ပြောပြခဲ့ပါသည်။

ဇေးဇေမောင်ဇေမောင်ဆန်း

ပြန်မှုနည်းပညာ၊ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်သာက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီက၊ ငွေကြေးက၊ အလွမ်းကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရာကျိုး နပ်စေရမည်။

ထီက၊ အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ခုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားဖောင်းတန်း၊ ရန်ကုန်မြို့။

နံနက်(၁၁း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)

www.burmeseclassic.com

www.burmeseclassic.com

ကြည်ဝင်း (တာသံတစ်)

သံသပိတ်ကြိုးနှင့် ဝိညာဉ်ဖမ်းသူ



အချိန်အခါကတော့ နှင်းတဖွဖွကျနေတဲ့ ပြာသိုလ အချိန် အခါပဲဖြစ်ပါတယ်။ ဆောင်းနှင်းတွေကျတာမှ ကိုယ့်လက်တစ်ကမ်းအကွာမှာ ရှိသူကိုတောင် ဘယ်သူဘယ်ဝါ ရယ်လို့ သဲသဲကွဲကွဲ မသိနိုင်ပါဘူး။ ကိုဂွတို့ကြီး တစ်ယောက်ကတော့ နံနက်(၄း၀၀)နာရီ အများသူငှာ အိပ်လို့ ကောင်းတုန်းအချိန်မှာ အိပ်ပျက်အင်းသူကြီး ဦးရွှေရက တာဝန်ပေးထားလို့ အင်းထဲ ငါးခိုးဖမ်းတဲ့လူတွေ ရှိ၊ မရှိ လိုက်လံစစ်ဆေးနေရပါတယ်။ သူညာဘက်လက်မှာ ကိုင်းခုတ်ဓားတစ်ချောင်း ကိုင်ထားပြီး ဘယ်ဘက်လက်မှာတော့ လက်နှိပ်ဓာတ်မီး ကိုင်ထားပါတယ်။ အိပ်ပျက်အင်းကြီးက လည်း တစ်မိုင်ခွဲ နှစ်မိုင်လောက်ရှည်တော့ အင်းကို တစ်ပတ်,ပတ်မိဖို့ သုံး,လေးနာရီ အချိန်ယူရပါတယ်။

အင်းသူကြီးဦးရွှေရက တာဝန်ပေးထားလို့သာ အိပ်ရာထဲက ထပြီး လာခဲ့ရတယ်။ အိပ်ရေးက မဝတော့ ကိုဂွတို့ကြီးတစ်ယောက် စိတ်တိုနေပါတယ်။ သူကြီးကိုလည်း မပြောရဲ၊ မသွားလို့ကလည်း မဖြစ်ဆိုတော့ အာဝန်ကျေ

www.burmeseclassic.com

www.burmeseclassic.com

အောင်တော့ အင်းကြီးကို တစ်ပတ်,ပတ်ကြည့်ရတာပေါ့။

ဒီလိုနဲ့လာလိုက်တာ အင်းတစ်ဝက်လောက် ရောက်တော့ ရေစပ်မှာ မီးအိမ်ကလေးတစ်လုံးနှင့် ငါးခိုးဖမ်းနေသူတစ်ဦးကို လှမ်းတွေ့လိုက်ရပါတယ်။ အောင်မယ်..တော်ဟော်သတ္တိကောင်းတဲ့ကောင်ပါလား။ ဒီလောက် ငါးသူခိုးတွေ ဖမ်းနေတဲ့ကြားမှာ သူမို့ လက်ရဲဇက်ရဲ အတော်လာတဲ့ လူပါလား။ တွေ့ကြသေးတာပေါ့လို့ စိတ်ထဲမှာ ကြိုးငါးရင်း ကိုဂွတိုကြီး ဝမ်းသာသွားပါတယ်။

သူဝမ်းသာရတဲ့ အကြောင်းကတော့ ငါးသူခိုးကိုဖမ်းပြီး နားရင်းတစ်ချက်၊ နှစ်ချက် အုပ်လိုက်ရရင် သူဒေါသဆွေ ပြေပျောက်သွားမှာကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် သူကို ကျောပေးပြီး မီးအိမ်တစ်လုံးနဲ့ ရေစပ်မှာ ငါးဖမ်းနေသူနားကို သွားရပ်လိုက်ပြီး-

'ဟေ့လူ..ဝိုင်ရှင်မသိဘဲ ငါးခိုးဖမ်းနေတယ်ပေါ့လေ။ ရဲတန်းက ရပ်လိုက်စမ်း။ မရပ်လို့ကတော့ ကိုင်းခုတ်ဓားက မိသွားမယ်'

ကိုဂွတိုကြီးက ငါးခိုးဖမ်းသူကို ကြိမ်းဝါးလိုက်ပြီး ပြည့်နေအောင် သွေးထားတဲ့ ကိုင်းခုတ်ဓားကို ထောင်ပြတိုက်ပါတယ်။ ဒါပေမဲ့ ဟိုလူကတော့ ကိုဂွတိုကြီးကို ရှိသေတောင် ထင်မထားဘဲ မီးအိမ်ကလေးမြှောက်လိုက်၊ ဆုထဲက ငါးတစ်ကောင်ကို သူလက်နဲ့ စွတ်ခနဲ ဖမ်းပြီး ဆွာပေါ် လွယ်ထားတဲ့ ပလိုင်းထဲ ထည့်လိုက်နဲ့ အလုပ်ရှုပ်နေပါတယ်။

ဒါကို မြင်ရတော့ ကိုဂွတိုကြီးရဲ့ ဒေါသဒီဂရီဟာ အမြင့်ဆုံးအမှတ်ကို ရောက်သွားပြီး-

'ဟေ့လူ..ပြောနေတာ မကြားဘူးလား။ သေချင်ပြီထင်တယ်'

'ပြောပြောဆိုဆိုနှင့် ရေစပ်ကိုဆင်းပြီး ငါးခိုးဖမ်းသူရဲ့ ဆံနှစ်ဖက်ကို သူလက်နဲ့ကိုင် သူဘက်ကို လှည့်လိုက်တဲ့အခါ-

'ဟ..ဟ..မင်း..မင်း..အမယ်လေး'

ငါးခိုးဖမ်းသူရဲ့မျက်နှာကို မြင်လိုက်ရတဲ့အခါ ကိုဂွတိုကြီးဟာ စကားအထစ်ထစ်အငေါ့ငေါ့ ဖြစ်နေရှာပါတယ်။

သူရဲ့အပေါ်သွားနဲ့ အောက်သွားတွေဟာလည်း တခွပ်ခွပ်ခိုက်နေတာ စကားသံတောင် မထွက်နိုင်တော့ပါဘူး။

'မင်း..မင်း'

ခဏအကြာမှာတော့ ကိုဂွတိုကြီးဟာ နလုံးသွေးရပ်ပြီး အိပ်ပျက်အင်းရေစပ်မှာ တုံးခနဲလဲကျ အသက်ပျောက်သွားပါတော့တယ်။ ဒီအခါမှာ ကိုဂွတိုကြီးကို မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ် မရှိဘဲ မျက်နှာသေကြီးနဲ့ စိုက်ကြည့်နေတဲ့ ငါးခိုးဖမ်းသူဟာ အသံနက်ကြီးနဲ့ တဟားဟားအော်ဟစ်ရယ်မောလိုက်ပါတော့တယ်။

'ဟား..ဟား..ဟား..အခုမှ ငါးကလေးတစ်ကောင် စပြီးရတာပဲ။ ဟား..ဟား'

ပြီးတဲ့အခါ သူကျောပေါ်မှာလွယ်ထားတဲ့ ပလိုင်းထဲက ဖန်ပုလင်းတစ်လုံးကို ထုတ်ယူလိုက်ပါတယ်။ ပုလင်းအစို့ကိုဖွင့်ပြီး ကိုဂွတိုကြီး ခန္ဓာကိုယ်အပေါ် အဲဒီလူက လက်နဲ့ အသာတင်ပြီး ဆွဲယူလိုက်တဲ့အခါမှာ အဖြူရောင်လိပ်ပြာကလေးတစ်ကောင်ဟာ ကိုဂွတိုကြီးခန္ဓာကိုယ်ထဲက ထွက်လာပါတယ်။ ငါးခိုးဖမ်းသူဟာ အဖြူရောင်လိပ်ပြာကလေးကို ဖန်ပုလင်းထဲထည့် အစို့ကိုပြန်ပိတ် သူ့ကျောပေါ်က ပလိုင်းထဲကို ဖန်ပုလင်းပြန်ထည့်လိုက်ပါတယ်။

အဲဒီနောက်မှာ ကိုဂွတိုကြီးမျက်နှာကို သေသေချာချာကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေရင်းက သူလုပ်ရပ်ကို ကျေနပ်ဟန်နဲ့ ဦးခေါင်းကို နောက်လှန်ပြီး အားရပါးရအော်ဟစ်ရယ်မောလိုက်ပြန်ပါတယ်။

'ဟား..ဟား..ဟား..ငါးတစ်ကောင်တော့ မိပြီပေ့ဟေ့။ ငါးစာစံကောင်တော့ မိပြီ။ ဟား..ဟား'

တိတ်ဆိတ်နေတဲ့ အချိန်အခါဖြစ်လေတော့ အဲဒီလူရယ်မောလိုက်တဲ့ အသံနက်ကြီးဟာ စမ်းရွှေပြင်ပေါ်ကိုဖြတ်ပြီး အိပ်ပျက်အင်းရဲ့ ကမ်းစပ်မှာ ဆောက်ထားတဲ့ တဲကလေးထဲမှာ ရေနွေးထိုင်သောက်နေကြတဲ့ အင်းသူကြီး ဦးရွှေရနဲ့ အင်းသားတင်အေးတို့ နားထဲကို တန်းတန်းမတ်မတ် ဝင်ရောက်သွားခဲ့ပါတယ်။

အင်းသူကြီး ဦးရွှေရက-

'အသံကြီးကလည်း ကြောက်စရာကြီးပါလား။ ကျောထဲတောင် စိမ့်ခနဲဖြစ်သွားတယ်'

အင်းသား တင်အေးကလည်း-

'ဟုတ်ပါ့ သူကြီး၊ ကျွန်တော့်ဆံပင်တွေတောင် ထောင်နေတယ်။ ကြည့်ပါဦး'

အင်းသူကြီး ဦးရွှေရက-

'မင်းကလည်း တဲပေါ်ထိုင်နေပြီး ကြောက်ချေးပေးနေပြန်ပါပြီ။ ဂွတိုကြီးတစ်ယောက် ပြန်မလာသေးပါလား။

www.burmeseclassic.com

လူစုပြီး လိုက်ကြည့်ကြရအောင်'

'ဟုတ်ကဲ့ သူကြီး၊ ဟုတ်ကဲ့'

သူတို့လူစုရောက်သွားတဲ့ အချိန်မှာတော့ ရေစပ်မှာလဲ ကျသေဆုံးနေတဲ့ ကိုဂွတိုကြီးကိုသာ တွေ့ရှိရပြီး ငါးခိုးဖမ်းတဲ့ မျက်နှာပြောင်ကြီးကိုတော့ မတွေ့ရတော့ပါဘူး။

အင်းသား တစ်ယောက်က-

'သေတာ မကြာသေးဘူးထင်တယ်။ ကိုဂွတိုကြီးခန္ဓာကိုယ်က နွေးနေသေးတယ်'

အင်းသူကြီး ဦးရွှေရကတော့ မျက်နှာမကောင်းလှပါဘူး။

'ဘယ်တတ်နိုင်မလဲ။ အလောင်းကို သယ်ခဲ့ကြဟေ့'

ကိုဂွတိုကြီးဆုံးပြီး (၂)ရက်အကြာမှာ ငှက်ပျောတော ရွာက ဒေါ်ဘုမကြီးတစ်ယောက် ည(၁၀)နာရီလောက် သုတ်သုတ်၊သုတ်သုတ်နဲ့ တာငုတ်ရွာကို သွားနေပါတယ်။ တာငုတ်ရွာအနားမရောက်ခင် အရင်က ထိပ်နီကောင်ကြီး သောင်းကျန်းခဲ့တဲ့ ကုက္ကိုပင်ကြီးနဲ့ တရုတ်မန်ကျည်းပင် တောတန်းကလေးအနားရောက်တော့ ဒေါ်ဘုမကြီး ကျောထဲ စိမ့်ခနဲဖြစ်သွားပါတယ်။

'အမယ်လေး..မလာမဖြစ်လို့သာ လာရတယ်။ ကြောက်လွန်းလို့ သေရပါတော့မယ်တော့'

ဒေါ်ဘုမကြီး ညည်းညူနေတုန်းမှာပဲ တရုတ်မန်ကျည်းပင် တောတန်းထဲက လူတစ်ယောက် ထွက်လာပါတယ်။ အဲဒီလူဟာ တောတန်းကလေးရဲ့အစမှာ ရပ်နေတဲ့အတွက် လရောင်ဟာ သူရဲ့ ကိုယ်ခန္ဓာပခုံးကနေ အောက်ပိုင်းအထိပဲ ကျရောက်နေပါတယ်။ မျက်နှာကိုတော့ သစ်ပင်ရိပ်တွေက ဖုံးထားလို့ ဘယ်သူဘယ်ဝါ မသဲကွဲပါဘူး။ ထူးဆန်းတာကတော့ လရောင်အောက်မှာ မြင်နေရတဲ့ ခန္ဓာကိုယ်က ရေတွေ တစက်စက်ကျနေတာပါပဲ။

ဒေါ်ဘုမကြီးက-

'တော်ပါသေးရဲ့ လူတွေ့ရလို့'

စိတ်အေးသွားဟန်နဲ့ သက်ပြင်းချလိုက်ပါတယ်။

အဲဒီလူက-

'ဒေါ်ဘုမကြီးပါလား၊ အချိန်မတော် ညကြီး ဘုယ်သွားမလို့လဲဗျ'

'အိမ်ကမြေးလေး နေမကောင်းလို့ အဘဆရာကြီးကို သွားပင့်မလို့ပါတော်။ လာသာလာရတယ်၊ ကြောက်လိုက်တာ သေမတတ်ပါပဲ'

'ဘာကြောက်စရာရှိလို့လဲ ဒေါ်ဘုမကြီးရဲ့'

'ကြောက်ရတယ် တော်ရေ၊ ဒီနေရာက ထိပ်နီကောင်ကြီး သောင်းကျန်းခဲ့တဲ့နေရာဆိုတော့ ကြောက်ရတာပေါ့ အလို..ဘယ်သူလဲမှတ်တယ်၊ ကိုဂွတိုကြီးပါလား။ ရှင်ဘာ မကြောက်ဘူးလား'

အမှောင်ရိပ်ထဲကလူက ရှေ့ကို တိုးလာတဲ့အတွက် ဒေါ်ဘုမကြီးက မှတ်မိသွားဟန်နဲ့ နှုတ်ဆက်လိုက်ပါတယ်။

'ပြောလေ၊ ရှင် မကြောက်ဘူးလား'

'ကျုပ်လား'

ကိုဂွတိုကြီးက ပြုံးလိုက်ပြီး-

'ကျုပ်လည်း မသေခင်တုန်းကတော့ ကြောက်တာပေါ့ဗျ။ ဟီး..ဟီး'

ဒေါ်ဘုမကြီးက-

'မသေခင်တုန်းက..မသေခင်တုန်းက။ အောင်မလေး..ရှင်..ရှင် သေခဲ့တာ (၂)ရက်တောင် ရှိခဲ့ပြီပဲ'

တစ်ကိုယ်လုံး ရေတစ်စက်စက်ကျနေတဲ့ ကိုဂွတိုကြီးက-

'ဟုတ်ပါ့ ဒေါ်ဘုမရယ်၊ ကျုပ်သေခဲ့တာ (၂)ရက်တောင် ရှိခဲ့ပြီပဲ။ ခင်ဗျားသတိပေးလို့ တော်ပါသေးရဲ့'

ဒေါ်ဘုမကြီးဟာ ဆောင်းနှင်းကျခါစ ညချမ်းအချိန်မှာ ရေတစ်စက်စက်ကျနေတဲ့ ကိုဂွတိုကြီးကို စိုက်ကြည့်ရင်း သူ့ခန္ဓာကိုယ်ဟာ တဆတ်ဆတ်တုန်လာပြီး တုံးခဲနဲ့ထုသလို အသက်ပျောက်သွားပါတော့တယ်။

ကိုဂွတိုကြီးဟာ လဲကျအသက်ပျောက်သွားတဲ့ ဒေါ်ဘုမကြီးကို သဘောကျတဲ့မျက်နှာနဲ့ စိုက်ကြည့်နေပါတယ်။ ပြီးမှ သူ့ကျောပေါ်ကလွယ်ထားတဲ့ ပလိုင်းထဲက ဖန်ပုလင်းကို ထုတ်ယူလိုက်ပါတယ်။ ဖန်ပုလင်းအဖုံးကိုဖွင့်၊ ဒေါ်ဘုမကြီးခန္ဓာကိုယ်ကို လက်နဲ့ ဆွဲထပ်ယူလိုက်တဲ့အခါမှာ လိပ်ပြာဖြူဖြူကလေးတစ်ကောင် ပါလာပါတယ်။ လိပ်ပြာကလေးကို ဖန်ပုလင်းထဲထည့်၊ ဖန်ပုလင်းကို ပလိုင်းထဲ ပြန်ထည့်ပြီးတဲ့အခါ ကိုဂွတိုကြီးဟာ ဦးခေါင်းကို နောက်လှန်ပြီး အသံနက်ကြီးနဲ့ အော်ဟစ်ရယ်မောလိုက်ပါတော့တယ်။

'ဟား..ဟား..ဟား..ဟား..မိပြန်ပြီကွ။ ငါးတော တစ်ကောင်။ ဟား..ဟား..ဟား..ဟား'

ကိုဂွတိုကြီးရဲ့ ရယ်မောသံဟာ ငှက်ပျောတောရဲ့ တာငုတ်ရွာထဲကို ပျံ့နှံ့ဝင်ရောက်သွားပါတယ်။ ဒီအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

အိပ်ကြသေးတဲ့ ရွာသားအချို့ဟာ ဒီအသံနက်ကြီးကို ကြားကြတဲ့အခါ ကြက်သီးဖြန်းဖြန်းထသွားကြပါတယ်။

တာဝတ်ရွာက အဘဉီးနက်ကြီးနဲ့ သူ့သား ထွန်းဦးတို့ ဟာသံတမြို့ပေါ်ကို ခရမ်းချဉ်းသီးတွေပို့ဖို့ မနက်(၅)နာရီလောက် အိမ်ကလှည်းနဲ့ ထွက်ခဲ့ကြပါတယ်။ တာဝတ်ရွာလှည်းလမ်း အထက်နားက ကုက္ကိုပင်နားကိုရောက်တော့ လူတစ်ယောက် မှောင်ရိပ်ထဲက ထွက်လာပါတယ်။

အဘဉီးနက်ကြီးက-

'ဘယ်သူများလဲလို့၊ သာဒုတ်ကြီးပါလား။ ဘယ်သွားလို့လဲ'

'အဘနက်ကြီး မြို့ကို ခရမ်းချဉ်သီးသွားပို့မယ်ဆိုလို့ လာစောင့်နေတာ။ မြို့ကို လှည်းကြဲလိုက်ချင်လို့ပါ'

'လာလေ မောင်သာဒုတ်ရဲ့။ တို့လည်း အဖော်ရတာပေါ့'

လှည်းလမ်းအတက်ကျ ထွန်းဦးနဲ့ ကိုသာဒုတ်ကြီးတို့ လှည်းပေါ်ကဆင်းပြီး တာထိပ်ရောက်အောင် ဝိုင်းတွန်းပေးကြရပါတယ်။ လှည်းပေါ်မှာလည်း ခရမ်းချဉ်သီးတောင်းက (၁၀)တောင်းတောင်မှပါတော့ မနည်းကို လှည်းဖင်ကနေ တွန်းပြီး တင်ရပါတယ်။ ကုန်းထိပ်ကိုရောက်လို့ ထွန်းဦးက လှည်းပေါ်ကို စွေ့ခနဲခုန်အတက် ဘုတ်ခနဲ အသံကြားရပြီး ဖြူဖြူထုပ်ကြီးတစ်ထုပ် ကုန်းပေါ်ကနေ အောက်ကို တစ်လိမ့်ချင်း လိမ့်ဆင်းသွားပြီး ကုန်းအောက်က ကုက္ကိုပင်နားမှာ ရပ်သွားပါတယ်။

ကိုသာဒုတ်ကြီးက-

'ခဏနေပါဦး အဘနက်ရေ၊ ကျွန်တော့်အထုပ် ကျကျန်ခဲ့လို့ သွားကောက်ပါရစေ'

အဘနက်ကြီးက-

'မင်းလာတုန်းက ငါမြင်တာတော့ မင်းပခုံးမှာ လွယ်အိတ်တစ်လုံးပဲ မြင်ပါတယ် မောင်သာဒုတ်ရယ်။ ထုပ်တွေ ဘာတွေတော့ မတွေ့ပါဘူး'

သာဒုတ်ကြီးက-

'နှင်းတွေကျနေလို့ အဘ မမြင်တာ အဘရဲ့။ ခဏလေးပါ၊ ကျွန်တော် ပြေးကောက်လိုက်ဦးမယ်'

'အေး...အေး...ပါတယ်ဆိုလည်း သွားကောက်ပေါ့ မောင်သာဒုတ်ရယ်'

သာဒုတ်ကြီးဟာ တာကုန်းအောက်ကို အမြေးကလေးဆင်းသွားပါတယ်။ ဖြူဖြူအထုပ်ကြီးနားလည်းရောက်ရော ဟင်ခနဲတစ်ချက်အော်လိုက်ပြီး ပြန်လှည့် ပြေးလာပါတယ်။

အဘဉီးနက်ကြီးက-

'ဘယ်လိုလဲ မောင်သာဒုတ်ရဲ့၊ မင်းအထုပ်ကြီးကို မကောက်တော့ဘူးလား'

'အမယ်လေး...အမယ်လေး...ပြုံးပြုံးကြီး အဘနက်ရဲ့၊ ပြုံးပြုံးကြီး'

'ပြုံးပြုံးကြီး...ဘယ်လိုပြုံးပြုံးကြီးလဲ။ ရှင်းအောင်ပြောပါဦး မောင်သာဒုတ်ရဲ့'

'ဒေါ်ဘုမကြီးခင်ဗျ၊ ဒေါ်ဘုမကြီး။ ကျွန်တော့်ကို ငုတ်တုတ်ထိုင်ပြီး ပြုံးပြုံးကြီးနဲ့ ကြည့်နေတယ်။ အောင်မယ်လေး...ပြုံးပြုံးကြီးဗျ၊ ပြုံးပြုံးကြီး'

သာဒုတ်ကြီးဟာ ဖြူဖြူထုပ်ကြီး လိမ့်ဆင်းသွားတာကို သူ့ပစ္စည်းမဟုတ်ဘဲနဲ့ သူ့ပစ္စည်းအထုပ်ပါဆိုပြီး သွားကောက်ယူပါတယ်။ အဲဒီအခါမှာ သူထင်ထားတဲ့ ပစ္စည်းထုပ်ကြီးက ဒေါ်ဘုမကြီးဖြစ်နေပြီး သူ့ကို ဒေါ်ဘုမကြီး ငုတ်တုတ်ကြီး ထိုင်ပြီး ပြုံးပြုံးကြီးကြည့်နေပါသတဲ့။

အဲဒါကိုမြင်တော့ ကိုသာဒုတ်ကြီးဟာ ပြန်လှည့်ပြေးလာပြီး လှည်းပေါ်အရောက်မှာ လန့်ဖျားလို့ သတိလစ်သွားပါတယ်။ အဘနက်ကြီးတို့လည်း မြို့ကို ခရမ်းချဉ်သီးသွားမပို့နိုင်တော့ဘဲ ကိုသာဒုတ်ကြီးကို သူ့အိမ် အမြန်ပြန်ပို့ရပါတော့တယ်။ ဒါပေမဲ့ ဘယ်လိုမှ ဆေးကုချိန်မမီဘဲ ကိုသာဒုတ်ကြီးတစ်ယောက် အသက်ပျောက်သွားပါတော့တယ်။

လေး၊ငါးရက်အတွင်း လူသုံးဦးသေဆုံးပုံဟာ အလွန်ထူးဆန်းနေသောကြောင့် အိပ်ပျက်၊ ငှက်ပျောတောနဲ့ တာဝတ်ရွာမှာ အထိတ်အလန့် ဖြစ်နေကြပါတယ်။ သေဆုံးသူတွေ ဆွေမျိုးစုံအောင် စောင့်ဆိုင်းနေရလို့ အိပ်ပျက်ကကိုဝတို့၊ ငှက်ပျောတောရွာက ဒေါ်ဘုမ၊ တာဝတ်ရွာက ကိုသာဒုတ်တို့ အလောင်းတွေ မြေမချရသေးပါဘူး။

ဒီနေ့ အိပ်ပျက်ရွာနဲ့ မနီးမဝေးမှာရှိတဲ့ ကိုင်းချောင်းရွာမှာ ဘုရားထီးတင်ပွဲ ပြုလုပ်ကျင်းပပါတယ်။ နံနက်ပိုင်းထီးတော်ကို အောင်မြင်စွာ တင်လှူပူဇော်ပြီးတဲ့အခါ ညပိုင်းကျ ဇာတ်ပွဲတွေ၊ စတီတ်ရှိုးတွေ၊ ရုပ်ရှင် မိုးအလင်းပွဲတွေနဲ့ ဖျော်ဖြေပါတယ်။

ပွဲစျေးတန်းထဲမှာ လူတွေ စည်ကားနေသလောက် ပွဲစျေးတန်းနဲ့ နှည်းနှည်းဝေးသွားတဲ့ နေရာတွေမှာတော့ အကြော်စုံရောင်းတဲ့ဆိုင်၊ ပွဲရောင်းတဲ့ဆိုင်၊ ပွဲနှင်ထုပ်

နဲ့ဆိုင်လေးတွေဟာ တစ်ဆိုင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆိုင် ဝါးတစ်ပြန်စာအကွာလောက်မှာ ကျိုးတိုးကျဲတဲ့ ရောင်းချနေကြပါတယ်။

လူစည်ကားတဲ့ ပွဲစျေးတန်းထဲကနေ အဘိုးအိုတစ်ဦးဟာ တောင်ဝှေးတစ်ချောင်းကို အားပြုလို့ ကုန်းကုန်း၊ ကုန်းကုန်းနဲ့ ထွက်လာနေပါတယ်။

မကြာခင် မုန့်ဖက်ထုပ်ရောင်းတဲ့ဆိုင် ရှေ့ရောက်တော့ အဘိုးအိုဟာ ခဏရပ်လိုက်ပြီး-

'အင်း..အိမ်ကမြေးလေးတွေစားဖို့ မုန့်ဖက်ထုပ် ဝယ်သွားဦးမှပဲ'

အဘိုးအိုဟာ တောင်ဝှေးကို လက်တစ်ဖက်က ကိုင်ထားရင်း တိုက်ပုံအင်္ကျီအိတ်ထဲ လက်နှိုက်ပြီး ပိုက်ဆံအကြွေစေ့လေးတွေကို ဆွဲထုတ်ယူလိုက်ပါတယ်။

'ဒီမှာ ဆရာကြီး၊ မုန့်ဖက်ထုပ်တစ်ထုပ် ဘယ်လောက်လဲကွဲ့'

မုန့်ဖက်ထုပ်သည်က ငုတ်တုတ်ထိုင်နေရာက ခေါင်းကို မော့ကြည့်လိုက်ပြီး-

'ဒီမုန့်ဖက်ထုပ်က ဈေးကြီးတယ်ဗျ။ ခင်ဗျား ဝယ်နိုင်မယ် မထင်ဘူး။ ကျုပ်က လူငယ်တွေကို စောင့်နေတာ'

အဘိုးအိုက မုန့်ဖက်ထုပ်သည်ရဲ့မျက်နှာကို-

'ဟင်..မင်း..မင်း..မောင်သာဒုတ်'

မုန့်ဖက်ထုပ်သည်က တဟားဟားအော်ဟစ်ရယ်မောလိုက်ပြီး-

'ဟုတ်ပါ့ဗျာ။ ခင်ဗျားထိုအိုကြီးအိုမ အဘိုးကြီးတွေရဲ့ အသက်ကို ကျုပ်က မလိုချင်ဘူး။ လူငယ်လူရွယ်တွေရဲ့ အသက်ကို လိုချင်တာ။ အဘိုးကြီး ကျုပ်ပြောသားပဲ၊ ဒီမုန့်ဖက်ထုပ်က ဈေးကြီးပါတယ်လို့။ တစ်ထုပ်ကို အသက်တစ်ချောင်းဗျ၊ သိရဲ့လား။ မုန့်ဖက်ထုပ်တစ်ထုပ်ကို အသက်တစ်ချောင်းပဲ။ ဟား..ဟား..ဟား'

မုန့်ဖက်ထုပ်သည်ရဲ့ စကားမဆုံးခင်မှာပဲ အဘိုးအိုဟာ ခြေကုန်သုတ်ပြီး ထွက်ပြေးသွားပါတော့တယ်။ ဒါနဲ့ပမဲ့ သူဟာ လူစည်ကားတဲ့ ပွဲခင်းထဲကို မပြေးဘဲ လူနဲ့ဝေးတဲ့ အမောင်တောထဲကို ကြောက်လန့်တကြား စွတ်ရွတ်ပြေးမိနေတာကို သိရတဲ့အချိန်မှာ တို့ခနဲ ရပ်လိုက်မိပါတော့ဖဲ့။

ကံအားလျော်စွာ သူရပ်မိတဲ့အနားမှာ မုန့်လေပွေရောင်းနေသူ တစ်ဦးကို တွေ့တာနဲ့ အဘိုးအိုက အားကိုးတကြီးဆိုပြီး-

'မောင်ရင်..မောင်ရင်က ဘယ်နယ်သားလဲကွယ်'

မုန့်လေပွေသည်က-

'ဘာဖြစ်လို့လဲ အဘ'

'တို့နယ်သားဆိုရင်တော့ မောင်ရင်သာဒုတ်ကြီးနဲ့ သိမှာပေါ့'

'သိတာပေါ့ အဘရဲ့။ ဘာဖြစ်လို့လဲ'

'တစ်နေ့က သေခဲ့တဲ့ သာဒုတ်ကြီး..သာဒုတ်ကြီးဟာ မုန့်ထိုင်ရောင်းနေတယ်ကွယ်'

'ဒါများ ဘာဆန်းလို့လဲ အဘရယ်။ ဒါဟာ ထူးလက်ချက်တွေပဲဟာကို'

အဘိုးအိုက မုန့်လေပွေသည်ကို လက်ညှိုးထိုးလိုက်ပြီး-

'မင်း..မင်း'

'ဟား..ဟား..ဟား..ဟား..ဒီမှာ ကြည့်စမ်း'

မုန့်လေပွေသည်က တဟားဟား အော်ဟစ်ရယ်မောလိုက်ပြီး သူမျက်နှာကို မော့ပြလိုက်တဲ့အခါမှာတော့ မျက်နှာ၊ နှာခေါင်း၊ မပါတဲ့ မျက်နှာပြောင်ချောကြီးကို တွေ့လိုက်ရပါတော့တယ်။ အဘိုးအိုဟာ တစ်ချက်သာ အော်ပြီး မြွေပေါက်ကို 'လဲကျသတိလစ်သွားပါတော့တယ်။

'အောင်မယ်လေး.. မျက်နှာပြောင်ချောကြီးပါလား'

မုန့်လေပွေသည်ဟာ ကျေနပ်စွာနဲ့ လေတစ်ချက်ခွေးလိုက်ပြီး ကျောပေါ်မှာလွယ်ထားတဲ့ ပလိုင်းထဲက ဖန်ပုလင်းကို ဆွဲထုတ်ယူလိုက်ပါတယ်။

ပြီး အဘိုးအိုရဲ့ ခန္ဓာကိုယ်ပေါ်ကို လက်နဲ့ တစ်ချက်ဆွဲသပ်ယူလိုက်တဲ့အခါ-

'ဟင်..ဘယ်လိုဖြစ်တာလဲ'

အရင်က လူတွေကလို လဲကျသေဆုံးသွားသူရဲ့ ဝိညာဉ်လိပ်ပြာ ပါမလာလို့ မျက်နှာပြောင်ကြီးရဲ့ မျက်မှောင်နေရာက ကြုံသွားပါတယ်။

'ဘုရား..ဘုရား..ဘုရား'

သူ့နောက်ကျောဘက်က သက်ပြင်းချသံနဲ့အတူ ဘုရား တ,သံကြားရလို့ မျက်နှာပြောင်ကြီးဟာ တွန့်ခနဲဖြစ်သွားပါးစပ်မရှိတဲ့နေရာက အာမေဋိတ်သံတစ်ချက် ပေါ်ထွက်လာပါတော့တယ်။

'ဟင်..အဘဆရာကြီးပါလား'

အဘဆရာကြီးက-

'မျက်နှာတစ်ထောင်သရဲကောင် မင်းမိုက်လက်စနဲ့ ရပ်တန်းက ရပ်မှာလား။ ဒါမှမဟုတ် ငါကိုယ်တိုင် သိမ်းရမှာလား'

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာ မြေပြင်ပေါ် လဲကျသေတိလစ်နေတဲ့ အဘိုးကြီးဟာ ဝုန်းခနဲခုန်ထလာပြီး မျက်နှာပြောင်ကြီးလက်ထဲက အန်ပူလင့်ကို လုယူလိုက်ပါတယ်။

ပြီးတာနဲ့ နောက်ဘက်ကို ခုန်ဆုတ်လိုက်ပြီး-

'အဘ မလုပ်ပါနဲ့၊ အဘနဲ့ မတန်ပါဘူး။ ကျွန်တော်ပဲ ဒီမျက်နှာတစ်ထောင် သရဲဆရာကြီးရဲ့ အမိုက်ဇာတ်ကို သိမ်းပေးလိုက်ပါ့မယ်'

မျက်နှာတစ်ထောင် သရဲဆရာကြီးက-

'ဟင်..သံသပိတ်၊ မင်းကိုး'

သံသပိတ်ကြီးက တဟားဟား အော်ဟစ်ရယ်မောလိုက်ပြီး-

'ဟား..ဟား..ဟား..မင်းမျက်နှာတစ်ထောင် ရှိ,မရှိ ငါကိုယ်တိုင် စမ်းပြလိုက်မယ်'

မျက်နှာတစ်ထောင် သရဲဆရာကြီးရဲ့ မျက်နှာဖုံးကို သံသပိတ်ကြီးက သူလက်ချောင်းတွေနဲ့ ဆွဲဆုပ်ယူလိုက်ပါတယ်။

အဘဆရာကြီးက-

'လူကလေးသံသပိတ်..သတိထားကွယ့်'

မျက်နှာတစ်ထောင် သရဲဆရာကြီးက သူပါးစပ်ထဲက ဖိထားတဲ့အရာနဲ့ သံသပိတ်ကြီးမျက်နှာကို ဖွးခနဲထွေးထုတ်လိုက်ပါတယ်။ အဘဆရာကြီးရဲ့ သတိပေးချက်ကြောင့် သံသပိတ်ကြီးဟာ ဘေးဘက်ကို ခုန်ရှောင်လိုက်လို့ အဆိပ်ရေတန်းမထိဘဲ လွတ်ထွက်သွားပါတော့တယ်။ မျက်နှာတစ်ထောင် သရဲဆရာကြီးက တောက်တစ်ချက်ခေါက်လိုက်ပြီး မြေပြင်ကို ဖနောင့်နဲ့ဆောင့်လိုက်တဲ့အခါ မြေတွင်းကြီးတစ်ခု ဖြစ်ပေါ်လာပါတယ်။

'တောက်..နေနှင့်ဦးပေါ့။ တစ်နေ့ကျ တွေ့ကြဦးမှာပါကွာ'

'အော်ဟစ်ကြုံးဝါးပြီး မြေတွင်းကြီးထဲကို ခုန်ချပျောက်သွယ်သွားပါတော့တယ်။

သံသပိတ်ကြီးက မြေတွင်းကြီးထဲ ခုန်ချလိုက်မယ် အလုပ်မှာ အဘဆရာကြီးက-

'လူကလေး..သွားပါစေကွယ်။ ဟိုလူသုံးယောက်ကို ကယ်ဖို့တာဝန်ရှိသေးတယ်။ သူနဲ့ လူကလေးတို့ မကြာခင် ပြန်ဆုံကြဦးမှာပါကွယ်။ စိတ်မလောနဲ့ကွယ့်။ ဟုတ်လား'

သံသပိတ်ကြီးက-

'ဟုတ်ကဲ့ပါအဘာ၊ ကျွန်တော် စိတ်လောသွားပါတယ်'

သူတို့နှစ်ယောက်သား သေဆုံးသူတွေရဲ့ ရွာတွေကို သွားပြီး တစ်ယောက်စီရဲ့ ဝိညာဉ်လိပ်ပြာကို သံသပိတ်ကြီး လုယူခဲ့တဲ့ ဖန်ပုလင်းထဲကနေ ထုတ်ယူပြီး အဘဆရာကြီးက အဓိန့်ပြန်၊ ပရိတ်ရေး ရေမန်းနဲ့တိုက်ပြီး ပြန်ထည့်ပေးပါတယ်။ သူတို့ ခန္ဓာကိုယ်နဲ့ဝိညာဉ် (၇)ရက်ကျော်သွားရင်တော့ ပြန်ထည်လို့ မရတော့ပါဘူး။ ဒါပေမဲ့ ခန္ဓာကိုယ်ဟာ တစ်စုံတစ်ရာထိခိုက်ပျက်စီးမှု မရှိရင်တော့ တစ်လကြာတဲ့အထိ ပြန်ခေါ်ထည့်သွင်းပေးလို့ရတယ်လို့ အဘဆရာကြီးက ပြောပါတယ်။

သံသပိတ်ကြီးဟာ အဘဆရာကြီးနဲ့တွေ့ပြီး သူရဲ့မူလ ပညာတွေကို ဖျက်သိမ်းလို့ အဘဆရာကြီးရဲ့တပည့် ဖြစ်ခဲ့တာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ သူတော်ကောင်း ဖြစ်ရခဲ့တဲ့ သံသပိတ်ကြီးကြောင့် သူတို့ အသက်ပြန်လည် ရှင်သန်လာတာဖြစ်လို့ အားလုံးက သံသပိတ်ကြီးကို ကျေးဇူးတင်ကြပါတယ်။

ထိုစဉ်အခါက အောက်လမ်းပညာသည်ဖြစ်ခဲ့တဲ့ သံသပိတ်ကြီးဟာ ခေါ်ပြောသူမရှိ၊ လေးစားသူမရှိ ဖြစ်ခဲ့ရာက ယခုအခါမှာ အဘဆရာကြီးရဲ့ ချီးမြှင့်မြှောက်စားမှုကြောင့် လူတကာရဲ့ လေးစားကြည်ညိုမှုကို ရရှိခဲ့လာပြီဖြစ်လို့ သူရဲ့ စိတ်ဓာတ်ဟာလည်း ပြောင်းလဲလာခဲ့ပါပြီ။

-ဟိုတစ်ချိန်က ဘုရားဌာပနာတောင် ဖျက်ဆီးမယ့်သူဟာ ယခုအခါမှာတော့ ရတနာသုံးပါးအတွက် အသက်စွန့်မယ့်သူ ဖြစ်လာခဲ့ပါပြီ။ ဒါဟာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးပဲလို့ အဘဆရာကြီးက မိန့်ကြားပါတယ်။ တရားတော်ဟာ လူမိုက်ကို လူလိမ္မာဖြစ်စေတယ်။ လူယုတ်မာကို သူတော်ကောင်းဖြစ်စေတယ်။ အသိတရားကင်းမဲ့သူကို အသိတရား ရှိစေတယ်လို့လည်း မိန့်ကြားခဲ့ပါတယ်။

မှတ်ချက်-ချားမကြာမီအချိန်ကာလမှာ သံသပိတ်ကြီးနဲ့ အဖော်တစ်စုဟာ အဘဆရာကြီးရဲ့ ညွှန်ကြားချက်အရ ထွက်ရပ်ပေါက်ဘိုးတော်တွေနဲ့ ရသေ့၊ ရဟန်း၊ ဝိဇ္ဇာတွေ နေထိုင်သီတင်းသုံးနေကြတဲ့ မဟာမြိုင်တောနက်ကြီးထဲကို သွားလို့ ဘုရားဖြူကလေးထဲက ဓာတ်တော်,မွေတော်တွေ ပို့ဆောင်မှာဖြစ်ပါတယ်။ ဒီအခါ သံသပိတ်ကြီးနှင့် မျက်နှာတစ်ထောင် သရဲဆရာကြီးတို့ရဲ့ သူနိုင်ကိုယ်နိုင် အပြိုင်ကြကြပုံ၊ အဘဆရာကြီးရဲ့ သီလ၊ သမာဓိတို့ကို စာရှုသူတို့ မျက်ဝါးထင်ထင် ရှုစားရမှာဖြစ်ပါတယ်။

ကြည်ဝင်း(ဟင်္သာတ)

www.burmeseclassic.com

www.burmeseclassic.com

တောရအောင်မြို့ဝန်အလယ်ကအန္တရာယ်

ကျွန်မ ကလေးဘဝ လေးတန်းကျောင်းသူ အရွယ်မှာ ဖုတ်ဝင်နေတယ်လို့ အရပ်ထဲမှာ ပြောနေကြသည့် အသက်ခြောက်ဆယ်အရွယ်ရှိ ဒေါ်ညိမ်းလှ ဆိုသူကို မြင်ဖူးခဲ့သည်။

ဒေါ်ညိမ်းလှသည် အသက်ငယ်စဉ်အခါက သီလရှင်အဝတ်နှင့် အရပ်ထဲသို့ ဆွမ်းဆန်ခံထွက်လေ့ရှိခဲ့သည်။ ထိုအချိန်မှာ သူမည်သည့်နေရာမှာ နေခဲ့သည်ဟု မမှတ်မိသော်လည်း ယခု ဆွမ်းခံလည်း မထွက်နိုင်၊ ကျွန်းမာရေးလည်း မကောင်းတော့လျှင် လူ လုံးဝ မနေသော

ခြံဝင်းကြီး တစ်ခုအတွင်းမှာရှိသည့် တိုက်အိုတိုက်ပျက်ကြီး ထဲတွင် တစ်ယောက်တည်း နေလေသည်။

ထိုတိုက်အိုကြီးသည် ကျွန်မနေသော ကျောင်းနှင့် နီးသည်ဖြစ်၍ ကျွန်မသည် ကျောင်းမှ ကစားချိန် လွတ်ပေး သည်နှင့် အတန်းထဲမှ အဖော် တစ်ယောက်၊ နှစ်ယော ကို ခေါ်ကာ ဒေါ်ညိမ်းလှကြီးကိုသွား၍ စ်ချောင်းကြည့ ဒေါ်ညိမ်းလှမှာ ဆွေမျိုးမရှိပါ။ အနီးအနားမှ

www.burmeseclassic.com

www.burmeseclassic.com

သာရောက်ကျွေးမွေးကြသည့် သံပန်းကန်ပြားတစ်ချပ်တွင် သမင်ဟင်း ပုံပေးထားသည်နှင့် ရေတစ်ခွက်သာ ရှိသည်။ အိမ်နီးချင်းများ၏ စေတနာကြောင့် ဒေါ်ညိမ်းလှသည် ဟိုမှ ဒီမှ ပို့လာကြသော အစားအသောက်များကို စားရပါသော်သည်း ဖောရောင်၍ လမ်းပင် မလျှောက်နိုင်တော့သည့် သူ့ဇနီးအတွက်မူ မည်သူကမျှ ကုသပေးခြင်း မရှိခဲ့ပါ။

ကျွန်မနှင့် သူငယ်ချင်းများသည် ဒေါ်ညိမ်းလှကြီးကို အားသို့ကပ်၍ မကြည့်ရဲသောကြောင့် အနီးကပ်ဆုံး မြင်နိုင်သည့် အပေါက်တစ်ခုမှနေ၍ အသံမကြားလေအောင် တိတ်တိတ်ကလေး ချောင်းကြည့်ကြသောအခါတွင် နေ့လယ်ခြင်း၍ သူ အိပ်ပျော်နေသည်ကို မြင်ရသည်။ သူ့ခြေဖဝါးများသည် ဝါလျက်ရှိသည်။ သူ စားမကုန်၍ ချန်ထားသော သမင်ပန်းကန်ကိုလည်း မြင်ရသည်။

သူသည် ပါးပါးသွယ်သွယ် ကိုယ်ခန္ဓာဖြစ်သော်လည်း သက်ဇက်အိပ်နေသည့် သူ့ဝမ်းဗိုက်ကမူ အတော်လေးပင် ဝဖောင်းလျက်ရှိသည်ကို မြင်ရ၍ သူ့ချက်နှာကိုပင် မမြင်နိုင်တော့ပေ။

ဒေါ်ညိမ်းလှကြီးသည် ဤကဲ့သို့ ဝေဒနာခံစားနေရသည်မှာ ရက်ပေါင်းကြာပါပြီ။ သို့သော် သူ မသေနိုင်သေးပါ။ တချို့က သူ့ကို သုနား၍ သောက်ဆေး၊ လိမ်းဆေးများ လာပြီး ပေးကြပါသည်။ ဤဆေးများကို သူ သောက်သည်၊ လိမ်းသည်ဟုတော့ ပြောသည်။ အစာလည်း စားပါသည်။

ထို့ကြောင့် ကာလရှည်ကြာလာလျှင် 'ဒေါ်ညိမ်းလှကြီးဟာ ရောဂါလည်း မသက်သာဘူး၊ အစာကတော့ ပို့သလောက်ကုန်တယ်၊ ဖုတ်ဝင်နေသလား မသိဘူး' ဟူသော စကားသံများ ထွက်လာရာမှ ဒေါ်ညိမ်းလှကြီး ဖုတ်ဝင်နေသည်ဟု သတင်းထွက်လာခြင်း ဖြစ်သည်။

ဤသို့ ဒေါ်ညိမ်းလှကြီးကို သွားရောက်ကြည့်မိသည့်နေ့ ညဘက်ရောက်လျှင် ထိုအကြောင်း ကျွန်မဘဘကို ပြောပြသည်။

"ထမင်းသိပ်စားလို့ ဖုတ်ဝင်တယ်ဆိုပြီး စွပ်စွဲလို့ မရသေးဘူး။ ဖောရောင်တဲ့ရောဂါဆိုတာ အစာသိပ်စားတယ်။ ဖုတ်ဝင်နေလို့ကတော့ ထွက်အောင်လုပ်ဖို့က အလွယ်လေး။ အသက်မထွက်နိုင်တိုင်း ဖုတ်ဝင်တာ မဟုတ်ဘူး။ ဖုတ်ဝင်တဲ့လူဟာ သားစိမ်းငါးစိမ်းကို မက်တယ်။ ခါတိုင်း စားနေကာထက် အစားအသောက် ပိုကြိုးလာတယ်။ အခု မည်မျှလုပ်ကသူများက လာတွေ့ပေးမှ စားရတာပဲ။ ဘယ်ဖုတ်မှ မဝင်ဘူး။ တစ်ခါတုန်းက ဘဘမြင်ခဲ့ဖူးတဲ့ ဖုတ်သာညှင်းဆိုတဲ့ လူကမှ တကယ့်ဖုတ်"

"ဖုတ်သာညှင်း...ဟုတ်လား ဘဘ။ အဲဒီအကြောင်း သိချင်လိုက်တာ။ ဘဘ ဘယ်မှာမြင်ခဲ့ဖူးတာလဲ။ ပြောပြစမ်း"

"အေး...ပြောပြမယ်၊ နားထောင်"

ဘဘသည် နွေရာသီသို့ ရောက်သည့်အခါတိုင်း ဝင်လယ်စပ်ကျေးရွာများဖြစ်သည့် ခုပ်ကလီ၊ ကျောက်လုံးကြီး၊ သောင်ကြီး စသောရွာများရှိ တပည့်များထံသို့ ကျန်းမာရေးအခြေအနေများ မေးမြန်းရင်း တစ်ပတ်၊ နှစ်ပတ် ကြာသည်အထိ သွားရောက်လေ့ရှိခဲ့၏။

တစ်ခုသော နွေရာသီတွင်လည်း ထိုကဲ့သို့ သွားရောက်ရင်းဖြင့် ကင်းရွာဟူသော ရွာကြီးသို့ ရောက်သွား၏။ ကင်းရွာသည် သစ်ရိပ်ဝါးရိပ်ထူပြောသည့် တောင်ခြေနှင့် ဝင်လယ်ကမ်းစပ် ထိကပ်နေသည့် ကျေးရွာကြီးဖြစ်လေသည်။

ကင်းရွာသို့အဝင် ရွာပြင်ရှိ ဆီးသီးများ ပြွတ်ခဲနေသော ဆီးပင်အုပ်များအနီးရှိ တဲကလေးတစ်ခုသို့ အရောက်တွင် ဘဘသည် ခဏဝင်နားသည်။ ထိုအခါ တဲကလေးထဲမှ အမယ်အိုတစ်ဦး ထွက်လာသည်ကိုမြင်၍ 'ရေသောက်ချင်လို့ ဝင်လာတာ' ဟု ဘဘက ပြောလိုက်သည်။

"ကြော်...ရပါတယ်။ ရေနွေးလည်းရှိတယ်။ နေပူထဲက လာတာဆိုတော့ ရေနွေးသောက်လိုက်ပါလား"

တောသူတောင်သားတို့၏ သဘာဝအတိုင်း အမယ်အိုသည် မြေကရားနှင့် ထည့်ထားသည့် ရေနွေးနှင့် ပန်းကန်တစ်လုံးတို့ကို ယူလာပြီးလျှင် ဘဘရှေ့မှာ ချပေးလေသည်။

ဘဘကလည်း 'ရေနွေးဆိုတော့ ပိုကောင်းတာပေါ့' ဟု ပြောရင်း ငဲ့သောက်သည်။

ထိုအခိုက် ပိန္နဲသီးများထည့်ထားသည့် ခြင်းနှစ်ခုကို ထမ်းပိုးနှင့်ထမ်းလာသည့် လူတစ်ယောက်နှင့် သူ့နောက်မှာ မိန်းမတစ်ယောက်၊ ကလေးတစ်ယောက်တို့ တဲကလေးရှေ့သို့ ရောက်လာသည်။ ဘဘသည် ထိုင်နေရာမှ လှမ်း၍ ထိုလူငယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ လူရွယ်သည် ထမ်းပိုးကို တစ်နေရာတွင် ထောင်ထားပြီးလျှင် တဲဖြင့်သို့ ပြန်ထွက်သွားသည်။

ဘဘသည် ရေနွေးကြမ်းပန်းကန်ကို ကုန်အောင် သောက်ပြီးမှ 'ဘာတော်သလဲ' ဟု အမယ်အိုကို မေးမိ၏။

www.burmeseclassic.com

'သမက်..ဟောဒီသမီးရဲ့ယောကျ်ား'

အမယ်အိုက သူအနားသို့ လာရပ်သည့် သမီးဖြစ်သူကို မေးထိုးပြသည်။

'သြော်..သမက်ရဲ့နာမည်က ဘယ်သူတဲ့လဲ'

'သာညင်းတဲ့၊ ညည်းလို့လည်းခေါ်တယ်။ ဘာဖြစ်လို့လဲ၊ ညည်းကို သိလို့လား'

'မသိပါဘူး။ ကျွန်တော်က ဆေးဆရာဆိုတော့ သူ့ရုပ်ကိုကြည့်ရတာ ရောဂါတစ်စုံတစ်ခု ရှိနေတယ်ထင်လို့။ သူ့မှာ အဖျားဟောင်းရှိသလား။ ငှက်ဖျားလိုမျိုးရောဂါ ဆိုပါတော့'

'ဘာရောဂါမှမရှိဘူး။ သူ နေကောင်းပါတယ်။ ဘာမှမဖြစ်ဘူး'

'ဒါပေမဲ့ အမေ ဟိုတလောက တောထဲသွားရင်း တည်းပင်ပေါ်က ပြုတ်ကျသွားတယ်လေ။ နှစ်ရက်၊ သုံးရက်လောက် မထနိုင်လို့ မြင်းချေးသွားရှာပြီး တိုက်ရသေးတယ် မဟုတ်လား။ အဲဒါတော့ ဖြစ်ဖူးတာပဲ'

'အေး..အေး..ဟုတ်လိမ့်မယ်။ ကလေးမနာမည်က ဘယ်လိုလဲ'

'မယ်ကျွေ'

ဘဘသည် ထိုတဲမှနေ၍ ရွာထဲရှိ အသိအိမ်သို့ ရောက်သည်နှင့် 'ရွာပြင် ဆီးတောကလေးမှာနေသည့် သာညင်းကို သိသလား။ သူမိန်းမနာမည်က မယ်ကျွေလို့ခေါ်တယ်' ဟု အိမ်ရှင်ကို စုံစမ်းကြည့်လျှင် သိပါရကြောင်းကို ပြောကြသည်။

'ဘာဖြစ်လို့လဲ ဆရာ' ဟု အိမ်ရှင်များက ပြန်မေးလိုက်သောအခါ ဘဘက ပြောပြသည်။

'အဲဒီသာညင်းဆိုတဲ့ သူငယ်ရဲ့ကိုယ်မှာ ဖုတ်ဝင်စီးထားတယ်။ သူ့နဂို မဟုတ်ဘူး။ သူမိန်းမက ပြောတော့ တောထဲမှာ တည်းပင်ပေါ်က ပြုတ်ကျဖူးသတဲ့။ အဲဒီမှာ ဝင်တာဖြစ်မယ်။ နာနာဘာဝတွေက ထစ်ခနဲ မြင်တာ၊ ကြားတာနဲ့ ရတနာသုံးပါးနဲ့ ဝေးကွာတဲ့လူတွေဆီကို ဝင်စီးကပ်ဖို့ အလွယ်ကလေးပဲ။ ဒီမှာ အဲဒီမယ်ကျွေကို တစ်ယောက်ယောက်နဲ့ အခေါ်လွှတ်လိုက်စမ်းပါ'

မကြာခင် မယ်ကျွေသည် ဘဘထံသို့ ရောက်လာသည်။ ဘဘက မေးသည်။

'မိန်းကလေး..မင်းယောကျ်ား တည်းပင်ပေါ်က ကျတယ်ဆိုတာ ဘယ်လောက်ကြာသွားပြီလဲကွယ့်'

'ခုဆိုရင် လေးလကျော်ကျော်လောက် ရှိသွားပြီ။ ဘ ဖြစ်လို့လဲ'

'သစ်ပင်ပေါ်ကကျတော့ သတိလစ်သွားသလား'

'ဟုတ်ကဲ့၊ ဝုန်းခနဲ အသံကြီးမြည်ပြီး သစ်ကိုင်းက ကျတာရော သူပါ ရောထွေးပြီး ကျလာတယ်။ ကျွန်မလည် အမယ်လေး သေပါပြီ အော်ရင်း သူ့ဆီရောက်သွားတော သစ်ပင်အောက်မှာ ခွေလဲနေတယ်။ ကိုသာညင်း..ကိုသာညင်းလို့ ခေါ်တော့ မထူးနိုင်တော့ဘူး။ တစ်အောင့်ကြာ မျက်လုံးဖွင့်ကြည့်ပြီး ဟင်လို့ထူးတယ်။ ငါ ဘာမှမဖြစ်ပဘူးပြောပြီး ထထိုင်တယ်။ ဒါပေမဲ့ လမ်းမလျှောက်နိုင် သူ့ကို လူတွဲပြီး ပြန်ခေါ်ရတယ်။ အိမ်ရောက်တော့ ကျွန် တို့က စိတ်ပူပြီး မြင်းချေး(ချိုး) ဖျော်တိုက်ရင် ဒဏ်တော တယ်ဆိုလို့ ဖျော်တိုက်ရတယ်။ ကြပ်ထုပ်လည်း ထိုးတယ်။ နောက်တစ်နေ့ရောက်တော့ အကောင်းပဲ။ တောသွားကြမယ်ပြောလို့ လိုက်ရတယ်။ ဘာမှမဖြစ်တော့ပါဘူး'

'အဲသလို တည်းပင်ပေါ်က ကျပြီးတဲ့နောက်ကစပြီး ဒီကနေ့အထိ ဘာတွေထူးခြားလာသလဲ။ မိန်းကလေး သေသချာချာ စဉ်းစားပြီး ပြောစမ်း။ မင်းယောကျ်ားကို ကြည့်ရတာ သံသယမကင်းဘူး။ ငါက မင်းတို့ကို ကယ်ဆယ်ချင်လို့ မေးနေတာ။ အစားအသောက်၊ အနေအထိုင်ကအစ ခါတိုင်းနဲ့မတူဘဲ တစ်မူကွဲပြားတာမျိုး မရှိဘူးလား'

'ဟုတ်ကဲ့၊ ဆရာကြီးပြောမှ ကျွန်မ သတိရလာတယ်။ သစ်ပင်ပေါ်က ကျပြီးမှ သူ အစားအသောက် ပိုပြီးစားလာနိုင်တယ်။ ထူးဆန်းတာတစ်ခုကလည်း သူ ဘယ်တုန်းကမစားတဲ့ အမဲသားကို စားချင်တယ်ပြောလို့ သုံး,လေးခါရှိချက်ကျွေးရတာ။ ကျွန်မ စိတ်ထဲမှာတော့ ဘယ်လိုစိတ်ပြောင်းသွားပါလိမ့်လို့ အထင်သားပဲ'

'အေး..အေး..ဟုတ်ပြီ။ မိန်းကလေးမှာ သားလေး တစ်ယောက် ရှိတယ်နော်။ အဲဒီသားဇီလေးကိုရော အရင်အတိုင်း ချစ်ချစ်ခင်ခင် ရှိသလား'

'အဲဒါကိုလည်း ကျွန်မ သတိထားမိတယ်။ သားလေး အရင်ကလောက် အရောတဝင်မရှိဘူး။ ဒါပေမဲ့ သူပင်ပန်းနေလို့ထင်ပါရဲ့ဆိုပြီး တွေးမိတယ်။ အလုပ်ကတော့ အရင်အတိုင်း ပင်ပင်ပန်းပန်း လုပ်ပါတယ်။ ကျွန်မကိုလည်း အရင်အတိုင်းပဲ သက်သက်သာသာ ဆက်ဆံနေထိုင်တယ်။ ဆရာကြီး..ရှင်းရှင်းပြောပြပါ။ ကျွန်မတို့က ဘာကိုမှ နားမလည်ပါဘူး။ ကျွန်မယောကျ်ားက တည်းပင်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်က ကျဲကတည်းက အသက်မရှိတော့ဘူးလား။ သူကိုယ်ထဲကို မကောင်းဆိုးဝါး ဝင်ကပ်နေပြီလား။ ကျွန်မ ကြောက်လာပြီ'

'ဟုတ်တယ်၊ ဆရာ သူကိုတွေ့တွေ့ချင်း ဖုတ်ဝင်စီးထားမှန်းသိတယ်။ ဒါပေမဲ့ မင်းပြောတာကို နားထောင်ရတာ မင်းတို့ကို အရင်ကအတိုင်း သူ လုပ်ကိုင်ရှာကျွေးနေတာပဲ။ ဒီအတိုင်း ဆက်နေလို့ မဖြစ်ဘူးလား။ သူ ထွက်သွားချင်တဲ့ အချိန်ရောက်မှပဲ ထွက်ပါစေပေါ့။ မင်းယောကျ်ား မဟုတ်တော့တာ အမှန်ဖြစ်ပေမယ့် မင်းတို့ကို သူက အကူအညီပေးနေတယ် မဟုတ်လား'

'အို..ဖုတ်ဝင်စီးနေမှန်း သိနေမှ အတူမနေရဲပါဘူး။ ခုတောင် ပြောရင်း ကျွန်မ ကြောက်လာပြီ။ အိမ်ပြန်ရောက်ရင် သူမျက်နှာကို ကျွန်မ ကြည့်ရဲမှာ မဟုတ်တော့ဘူး။ သူနဲ့လည်း အတူမအိပ်ရဲတော့ဘူး။ ကျွန်မကို ကယ်ပါဆရာကြီးရယ်။ အဲဒီဖုတ်ဆိုတာကြီးကို အမြန်ဆုံး နှင်ထုတ်ပေးပါ'

မယ်ကျွေးသည် မျက်ရည်များ ကျလာသည်ကို သူ့ခေါင်းပေါင်းလာသည့်ပဝါနှင့် သုတ်နေရင်းမှ တစ်ကိုယ်လုံး တုန်လှုပ်ရှိနေသည်ကို မြင်ရသောအခါ ဘာဘမှာ အလွန်သနားသွားသည်နှင့် -

'ကောင်းပြီလေ၊ ဆေးမှုန့်ကလေး ပေးလိုက်မယ်။ သူ့ခြေမတွေ့ရအောင် သူ့အိပ်ရာအောက်မှာ ဖြူးထားလိုက်။ ဦးတော့ ငါရေးပေးလိုက်မယ့် စာရွက်ကို ယူသွားပြီး သူ့အိပ်ရာခေါင်းရင်းဖြင့်မှာ ဆွဲချိတ်ထား' ဟု မိုင်းကိုင်စကားကို ဝုန်စဖွာပေါသို့ စာများရေးကာ ပေးလိုက်သည်။

မယ်ကျွေးသည် ဘာဘကို ဝတ်ပြုရှိခိုးကာ သူ့တဲလေးရှိရာ ဆီးပင်စုဆီသို့ သုတ်သုတ်လှမ်းကာ ပြန်သွားတော့၏။

'ဘာဘက ဖုတ်ထွက်စေတဲ့အင်းကို ရေးပေးလိုက်တာ ကောင်းပါတယ်'

'မတိုတ်ဘူးကွယ့် သမီး..နာနာဘာဝအုပ်စုဝင်တွေဖြစ်တဲ့ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးတွေ သိပ်ကြောက်တဲ့ အဋ္ဌာနမေတ်ဆိုတဲ့ ဗုဒ္ဓမန္တန်တော်ကြီးဟာ ဘုရားရှင်ယိမ်တော်မြတ်ကြီးရဲ့ မုဂ္ဂပါဠိတော်အစစ်ဖြစ်လို့ အစွမ်းအာနိသင် အင်မတန်ကြီးမားတယ်။ အဲဒါကို ရေးပေးလိုက်တာ။ ဆေးမှုန့်ကတော့ ပယောဂကုထုံးနည်းနဲ့ စီရင်ထားတာ။ ဘယ်ဖုတ်တစ္ဆေမှ မနေနိုင်ဘူး၊ ပြေးရမှာ'

'ဒါဖြင့် ဘာဘပေးလိုက်တဲ့ ဆေးမှုန့်နဲ့ ဗုဒ္ဓမန္တန်တော်ကြီးကို အဲဒီ မယ်ကျွေး ယူသွားပြီးတော့ မှာတဲ့အတိုင်း လုပ်လိုက်တာ ဖုတ်ထွက်သွားသလား ဘာဘ'

'ထွက်ရတာပေါ့၊ မထွက်နေနိုင်မလား။ နောက်တစ်နေ့ မိုးလင်းလို့ သူယောကျ်ားအိပ်တဲ့နေရာကို မယ်ကျွေးကြည့်လိုက်တော့ အရိုးပေါ် အရောင်ပြီး ခြောက်ကပ်နေတဲ့ သူယောကျ်ား မောင်သာညွှန်းအလောင်းကို မြင်လိုက်ရတာပေါ့။ ဒီတော့မှ မယ်ကျွေးလည်း အမယ်လေး..ဖြစ်မှဖြစ်ရလေခြင်း ကိုသာညွှန်းရယ်ဆိုပြီး အော်ဟစ်ငိုယိုလိုက်တာ အဲဒီနားက တဲအုပ်စုလေးမှာ ဆူဆူကိုညံသွားတာပဲတဲ့ဟယ်'

'ဒေါ်ညိမ်းလှကြီးကတော့ လိမ္မာကျတာမှမဟုတ်ဘဲ၊ သူဘာသာသူ ဖျားတာပဲ ထင်ပါရဲ့ နော်ဘာဘ။ ဖုတ်ဝင်တာ မဟုတ်ပါဘူး ထင်ပါရဲ့နော်'

'အေး..မဟုတ်ပါဘူး။ ဝေဒနာကြောင့် ခံစားနေရတာ။ သူက်အလျောက် ခံစားနေရတာ။ သမီးပြောတဲ့အတိုင်း ခြေဖဝါးတွေတောင် ဝါနေပြီဆိုတော့ သိပ်ခံရမှာ မဟုတ်တော့ဘူး။ အလွန်ဆုံးခံရလှ လေး,ငါးရက်ပေါ့'

ကျွန်မ ဘာဘပြောသည့်အတိုင်း သုံးရက်အကြာ တစ်နေ့သော ကျွန်မတို့ ကျောင်းလွတ်ချိန်မှာ ဒေါ်ညိမ်းလှကြီး နေ့လယ်ကဆုံး၍ အရပ်ထဲက ဝိုင်းဝန်းပြီး သုသာန်သို့ ပို့လိုက်ရသည်ဟု သိရလေသည်။

♦ ♦ ♦

ကျွန်မ အရွယ်ရောက်၍ စာဖတ်များလာသောအခါ မဟာဝင်ဝတ္ထုတော်ကြီးတွင် ပါလာသည့် စန္ဒဂုတ်မင်း ဖုတ်ဝင်ခြင်း 'အမည်ရှိ အကြောင်းကို ဖတ်ရသောအခါ ဖုတ်ဟုခေါ်သော ဝေါဟာရကို ပို၍နားလည်လာရသည်။

စန္ဒဂုတ်မင်းသည် မင်းအဖြစ် နှစ်ဆယ့်လေးနှစ် ခံစားပြီးသည့်နောက် နာမကျန်းဖြစ်လာလေလျှင် ဒေဝဂုမ္ဘအမည်ရှိ ဖုတ်ဘီလူးသည် မင်းကြီး ဟန်ဆောင်၍ အသက်ရှည်သကဲ့သို့ ဆက်လက်နေထိုင်နေ၏။ သားစိမ်းငါးစိမ်းများစွာကို စားသောက်နေသောကြောင့် ကိုယ်နံ့လည်း မကောင်း၊ အပြုအမူ,အနေအထိုင်တို့သည်လည်း တစ်နေ့တခြား ကြမ်းကြုတ်လာခြင်းတို့ကြောင့် ပညာရှိသော အမတ်တို့သည် သမားဟူးရားများနှင့် မင်းကြီးကို ဆန်းစစ်လျှင် ဖုတ်ဝင်နေပြီဟုသိ၍ သားတော် ဗိန္ဓသာရမင်းအား လျှောက်ထားကြလေ၏။

သားတော်သည် ဖုတ်ဝင်နေသည်ဟု မှန်သည်၊ မှား

www.burmeseclassic.com

သည်ကို သေချာစွာ စုံစမ်းပြီးသောအခါမှ ဤဖုတ်အား သေအောင် သတ်ရမည်ဟု ဥပါယ်တံမျဉ်ဖြင့် မင်းချင်းနှစ် ယောက်တို့အား ဓားလက်နက်တို့ကို လှုံ့ဆော်ခဲ့ပြစေ၏။ ထိုနှစ်ယောက်သည် သူတစ်ပါးတို့က တားမြစ်သော်လည်း နားမထောင်ဘဲ မင်းကြီးရှိရာသို့ ရောက်သည်အထိ သွားကြ၏။

ထိုအချိန်၌ သားတော်သည် မင်းကြီးအပါးတွင် ရှိနေသည်ဖြစ်၍ လက်နက်လှုံ့ဆော်သူ နှစ်ဦးကို နိုင်အောင် နှိပ်ကွပ် လိုက်လေဟု မင်းကြီးက သားတော်ကို စေခိုင်းသည်။

သားတော်ကလည်း အကြိမ်ကြိမ် တားမြစ်ပါသော်လည်း မရကြောင်းပါဟု ဆိုလျှင် မင်းကြီးက ထိုနှစ်ယောက်ကို ငါ့ရှေ့ရောက်အောင် ခေါ်ခဲ့စေဟု စေပြန်၏။

သားတော်က သူတို့မှာ လက်နက်ရှိနေပါသည်။ ခေါ်ယူရန် မသင့်ကြောင်း ပြောသောအခါ မင်းကြီးက လာမါစေ။ ဒီပြဿနာကို ငြိမ်းအောင် ပြုနိုင်သည်ဆို၍ လက်နက်လှုံ့ဆော်သူနှစ်ဦး မင်းကြီး အပါးသို့ ရောက်လာပြီးလျှင် သူတို့လက်မှာ စွဲထားသည့် သန်လျက်အား မင်းကြီးထံ ဆက်ယောင်ပြ၍ ခုတ်သတ်လျှင် ဖုတ်သေလေ၏။

ထိုအခါမှ စန္ဒဂုတ်မင်းကြီး၏ အလောင်းကို ကောင်မွန်စွာ သင်္ဂြိဟ်လိုက်ကြ၏ဟု မှတ်သားရလေသည်။

♦ ♦ ♦

ကျွန်မဘာဘာ ရေးပေးလိုက်သည့် **အဋ္ဌာနမေတံ ဗျ မန္တန်တော်ကြီး**ကို ဖော်ပြပါမည်။ ဤန္ဒုတ်ကပါဠိတော်တွင် အက္ခရာ(၃၁)လုံး ပါရှိလေသည်။ ရွတ်ဆိုသောအခါ အက္ခရာတစ်လုံးချင်းကို ပီပြင်ပြတ်သားစွာ ရွတ်ဆိုရပါမည်။ အသက်အန္တရာယ်နှင့် နီးကပ်စွာ တာဝန်ထမ်းဆောင်ရသူများသည် နံနက်အိပ်ရာထ မျက်နှာသစ်၊ ခံတွင်းသန့်ရှင်းပြီးသည်နှင့် ဘုရားဆောင်ရှေ့တွင် (၉)ကြိမ် ရွတ်ဆိုပြီး အိပ်ရာဝင်ချိန်တွင်လည်း နံနက်ကအတိုင်း ရွတ်ဆိုပူဇော်ပါ။

ဥပဇ္ဈဓက် မရဏာဘေးမှ ဧကန်လွတ်မြောက်လိမ့်မည်ဟု ရှေးစာမျက်နှာတွင် မှတ်သားဖတ်ရှုရလေသည်။

အဋ္ဌာနမေတံ ဘိက္ခဝေ၊
အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ၊
ဇီဝိတာ ဝေါရောပေယျ။

ဇေတဇေအောင်

နယ်လှည့်သာသနာပြု ဖိုးဓမ္မသီဒို၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြွေးအမြင်)

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည့်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယာဉ်ကားကို အခမဲ့ဆောင်ရွက်ပေးပါသည်၊

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉၄၄၁၃၁၇၂၉၉

www.burmeseclassic.com

www.burmeseclassic.com

ဆီးချို ကြောက်လျှင် လမ်းလျှောက်ပါ

တက္ကသိုလ်တစ်ခုက ကထိကဆရာ တစ်ဦးသည် စာရေးစာဖတ်များ၊ အထိုင်များကာ လမ်းလျှောက်နည်းသူ ဖြစ်သည်။ တစ်နေ့တွင် ဘယ်ဘက်မျက်လုံးအိမ်မှ စာကြည့်တိုင်း အောင့်လာသဖြင့် မျက်စိအထူးကု ဆရာဝန်နှင့် ပြသသောအခါ တိမ်ရှိနေပြီး ခွဲရမည့်အဆင့် ဖြစ်နေသည်။ ထိုတိမ်ကို ခွဲစိတ်ကုသရန် သွေးစစ်သောအခါမှ သူတွင် ဆီးချို၊ သွေးချိုရောဂါ ဝင်နေပြီဖြစ်ကြောင်း သိရသဖြင့် အထွေထွေရောဂါကု သမားတော်နှင့် ပြသရပြန်သည်။ အမှန်တော့ မိမိမှာ မျိုးရိုးလည်း မရှိသဖြင့် အမှတ်မထင်နေနေရာက မျက်စိကုသရန် ဆေးစစ်သောအခါမှ ဆီးချို၊ သွေးချိုကို အရင်ကုသခဲ့ရခြင်း ဖြစ်လေသည်။

ဆီးချိုဟု အများခေါ်နေကြသော ရောဂါမှာ အမှန်စင်စစ် ဆီးတွင် မသိသာ၊ သွေးစစ်ကြည့်သောအခါမှ သွေးတွင်း သကြားဓာတ်မှာ လိုသည်ထက် ပိုနေသည်ကို တွေ့ရခြင်း ဖြစ်သည်။ ဆီးချိုရောဂါ၏ အဆင့်ကို သွေးစစ်ကြည့်ခြင်းဖြင့်သာ ဆုံးဖြတ်နိုင်သည်။ အချို့မှာ ဘိုးဘွားအမွေအနှစ်အဖြစ် မျိုးရိုးမှ ရခဲ့ခြင်းဖြစ်သည်။ အချို့မှာ မိမိကိုယ်တိုင်၏ အနေအထိုင်၊ အစားအသောက်၊ ဓလေ့စရိုက်ကြောင့် ဖြစ်ရသည်။

အချို အစားများ၍ ဆီးချိုဖြစ်သည်ဟု ထင်ကြမည် ဖြစ်သော်လည်း ဆရာဝန်ကြီးများ၏ အတွေ့အကြုံများအရ လမ်းလျှောက်နည်းသူ၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းမလုပ်သူ၊ အဆီအဆိမ့်ကြိုက်သူ၊ အအေးကြိုက်သူ၊ ဓိမ်ခံသူများတွင် ဆီးချိုရောဂါ ပို၍ဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

အာယုဗေဒဆေးပညာနှင့် မြန်မာ့ဆေးပညာ အလိုအရ ပထဝီဓာတ်နှင့် အာပေါဓာတ် နှစ်မျိုးတွဲ၍ လွန်ကဲသူများတွင် မဓုမေဟ (ခေါ်) ဆီးချို၊ သွေးချိုရောဂါ ဖြစ်နိုင်ချေရှိသည်။

မိမိခန္ဓာကိုယ်တွင် အလေးချိန်တိုးလာလျှင် ပထဝီဓာတ် လွန်ကဲလာသည်ဟု သတိပြုမိနိုင်ပြီး ဗိုက်ရွဲခြင်း၊ ကုပ်ပိုးတက်ခြင်း၊ မေးအောက် အသားတွဲပြီး ဖောင်းအိလာခြင်း၊ ဆီးမကြာခဏ သွားလိုခြင်းတို့ ဖြစ်လာပါက ပထဝီနှင့်တွဲပြီး အာပေါဓာတ်ပါ လွန်ကဲလာပြီဟု သိနိုင်လေသည်။ နောက်ဆက်တွဲအဖြစ် သွေးတိုး၊ ဆီးချိုနှင့် နှလုံးသွေးကြောရောဂါများ ဖြစ်လာနိုင်သဖြင့် သတိပြုသင့်သည်။

ခန္ဓာကိုယ် ဝဖြိုးလာသူများ သွေးတိုးနှင့် ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရန် ပထမအဆင့်မှာ ဆေးစားရန် မလိုသေးပါ။ နေ့စဉ် လမ်းမှန်မှန်လျှောက်ရန် ဖြစ်သည်။ နံနက်စောစော အိပ်ရာမှထပြီး နှစ်မိုင်ခန့် လမ်းလျှောက်ပါ။ နံနက်စောစော ထရန် အဆင်မပြေပါက ညနေ အလုပ်နားချိန်တွင် တစ်နာရီခန့် လမ်းလျှောက်ခြင်းကို နေ့စဉ် ပြုလုပ်သင့်သည်။ စက်ဘီးစီးခြင်းနှင့် မြန်မာ့ရိုးရာ ခြင်းခတ်ကစားခြင်းများသည်လည်း ရောဂါကာကွယ်ရေးအတွက် ထိရောက်စွာ အထောက်အကူပြုနိုင်သည်။

[ဆရာကြည်လွင်မြင့်(မုဒြာ)၏ ဆေးဆရာမှတ်စု စာအုပ်မှ ကောက်နုတ်ဖော်ပြသည်။]

www.burmeseclassic.com

www.burmeseclassic.com

သောကြာတစ်ရက်ဖြစ်သည်။ နှစ်တွေ၊ လတွေ၊ ရက်တွေတော့ မမှတ်မိတော့။ ကျွန်တော်သည် ထုံးစံအတိုင်း မဂ္ဂစင်းတိုက်ပေါင်းစုံကို ခြေတိုအောင်လှည့်လည်ပြီး နောက်ဆုံးပိတ် လာဘ်မိုးစွေတိုက်ကို ရောက်လာသည်။ လာဘ်မိုးစွေတိုက်တွင် ရေးဖော်ညီငယ် နန္ဒာမိုးကြယ်ရှိသည်။ နောက် ရေးဖော်သူငယ်ချင်းများဖြစ်ကြသော မောင်မြေသွေး(မြန်မာ့စာ)(ယခု ကွယ်လွန်)၊ မောင်ညီသွေး(ယခု ကွယ်လွန်)တို့ ရှိကြသည်။

ကျွန်တော်သည် နန္ဒာမိုးကြယ်ထိုင်သော စားပွဲ ခုံတစ်လုံးပေါ်တွင် ဝင်ထိုင်ရင်း သူ့ကို လှေလာလိုက် အခါ သူစားပွဲပေါ်တွင် ကွန်ပျူတာစီပြီးသား စာမူ ဒီဇိုင်းလုပ်ရန် ပန်းချီပုံများ၊ ဓာတ်ပုံများ၊ ဖလင်ချပ်များ အလုပ်ရှုပ်နေသည်။ ကျွန်တော် အတန်ကြာအောင် ထိုင် သည်အထိ သူ့အလုပ်များနေဆဲ။ ကျွန်တော့်ကို လှ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်အား။ ခဏနေပြီးမှ အညောင်းဆန့်ဟန်ပြုလိုက်ကာ ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။ ပြီးမှ အံ့သြဟန်ဖြင့်-

'ဟာ..အစ်ကိုကြီး ရောက်နေတာ ကြာပလား'

'ဟေ..ကြာဆို ထမင်းတစ်အိုးချက်လောက်ရှိပေါ့'

'ဆောရီး အစ်ကိုကြီးရာ၊ ဖောင်ပိတ်ခါနီးဆိုတော့ လူပုပ်တွေ များနေလို့။ အတော်ပဲ အစ်ကိုကြီး ရောက်လာတာနဲ့..'

'ဟေ..ဘာတော်တာလဲကွ။ ငါနဲ့ မတော်ဘူး။ ချောင်တာယ်။ သူတို့ဆိုက်က အင်တာနေရှင်နယ်ကွ'

'အစ်ကိုကြီးက ဘာတွေပြောနေတာလဲ'

'မင်းပြောတော့ အတော်ပဲဆို။ မင်းနဲ့တော့ တော်ရင်တာယ်။ ငါနဲ့က မတော်ဘူး။ စာတမ်းဖတ်ပွဲကပေးတဲ့ဆောင်ကိုပြောတာမဟုတ်လား။ မင်းတို့တောင် မရလို့ကာ မင်းကိုတစ်ခု၊ ဒေါင်မြေသွေးကို တစ်ခုတောင် ပြန်လိုက်သေးတယ်လေ။ အဲဒါပြောတာ မဟုတ်လား'

'ဟာ..အစ်ကိုကြီးက ရှုပ်ကုန်ပြီ။ ကျွန်တော်ပြောတာ လာမယ့်တနင်္ဂနွေနေ့မှာ ကျွန်တော့်သား မင်္ဂလာဆောင်တယ်။ အဲဒါ အစ်ကိုကြီး လာဖြစ်အောင်လာပါ။ ရင်းတဲ့တွေပဲ ကျွန်တော် ဖိတ်တာ။ ရော့..အစ်ကိုကြီးအတွက်စာ'

'ဩော်..ဒီလိုလား။ ဒါဆိုရင် လာရမှာပေါ့ကွာ'

'စနေနေ့ ညကို ချစ်ကိုကိုယုတို့၊ ကိုအောင်ဆွင့်တို့လာလိမ့်မယ်။ အစ်ကိုကြီးရော အားရင်လိုက်ခဲ့ပေါ့'

'ညအိပ်တော့မလိုက်နိုင်ပါဘူးကွာ။ အဓိဋ္ဌာန်ပျက်လိမ့်။ တနင်္ဂနွေနေ့ကျတော့ လာခဲ့ပါ့မယ်'

ဤသို့ဖြင့် ကျွန်တော်သည် စနေနေ့ကတည်းက ကြိုဆားသည့် မောင်မြေကြီး(ပန်းတောင်း) စောင့်နေမည့် အန်ကုန်းဟု အန္တတ္ထသညာပြုထားသည့် လက်ဖက်ရည်ဆိုင် နံနက်(၈)နာရီ အရောက်လာခဲ့သည်။ လေအန်ရာန်း မိုးပန်းမွန်(ရာမည)၊ မောင်ဆန္ဒ(လယ်ဝေး)နှင့် မောင်ထွန်းတို့ ရောက်နေကြသည်။

သူတို့က ကျွန်တော်ရောက်သည်နှင့် သွားရန်ပြင်လိုက်ကာ 'ခဏနေကြပါဦး။ ကိုမြေကြီး(ပန်းတောင်း)နဲ့လည်း ချိန်းထားလို့ စောင့်ကြပါဦး' ဟု အတင်းတားထားသည်။ ဒါတောင် '(၈း၁၅)နာရီမှ မလာရင် သွားကြမယ်' ဟု ပူပန်နေကြသေးသည်။

(၈း၁၅)နာရီထိ ကိုမြေကြီး ရောက်မလာသောကြောင့် ကျွန်တော်တို့အဖွဲ့ ဒလဘက်ကမ်းသို့ကူးရန် ပန်းဆိုးတန်းရှိ သင်္ဘောဆိပ်သို့ ဆင်းလာခဲ့ကြသည်။ (၁၅)မိနစ်သာသာ လောက်အကြာတွင် ဒလဘက်သို့ ရောက်သည်။ သွားမည့် နေရာက ဒလဘက်ကနေ လိုင်းကား (သို့မဟုတ်) တွဲတေး၊ ကွမ်းခြံကုန်း ကြိုရောကားနှင့်စီး၍ လမ်းတွင်ရှိသော ပိတ်စွယ်ကျေးရွာတွင် ဆင်းရန်ဖြစ်သည်။ နန္ဒာမိုးကြယ်နေသောရွာက ပိတ်စွယ်ရွာဖြစ်သည်။ မင်္ဂလာဆောင်အိမ်ကလည်း ထိုရွာတွင်ပင် ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ လိုင်းကားတစ်စီးပေါ်တွင် လူမပြည့်သေး၍ ကားမထွက်သေးသောကြောင့် ထိုင်ဆောင့်နေရင်း မောင်မြင့်အောင်ဟု ကလောင်အမည် ယူထားသော စာရေးဆရာအပိန်ကလေးတစ်ယောက် သင်္ဘောဆိုက်သောကြောင့် လူအုပ်ထဲတွင် လိမ်ကျစ်,လိမ်ကျစ်နှင့် ရောပါလာသည်။ မိုးပန်းမွန်(ရာမည) ခေါ်သံကြောင့် မောင်မြင့်အောင်ဟန်ယောက် ကျွန်တော်တို့ ကားနောက်မြီးတွင် တွဲလောင်းခိုပြီး လိုက်ပါလာသည်။ ကားခဏထိုင်စီး (၁၀၀)ကျပ်၊ ရပ်စီး (၅၀)ကျပ်ဟု သိရသည်။

ဂျက်လေယာဉ်စံချိန်အမီ မောင်းလာသော လိုင်းကားသည် တစ်နေရာရောက်လာသောအခါ ကားစပယ်ယာက 'ပိတ်စွယ်ကို မင်္ဂလာဆောင်လာတဲ့ ဧည့်သည်တွေ ရောက်ပါပြီ' ဟု အော်လိုက်သည်။ ကျွန်တော်တို့အားလုံး ကားပေါ်က ဆင်းကြသည်။ ကားစပယ်ယာက-

'မင်္ဂလာဆောင်က ဒီမှာပါ'

လမ်းဘေးက မင်္ဂလာဆောင်မဏ္ဍပ်တစ်ခုကို လက်ညှိုးထိုးပြသည်။ ကျွန်တော်တို့အထဲမှ အသက်အငယ်ဆုံး နုထွားကြီးဖြစ်သော မောင်ဆန္ဒ(လယ်ဝေး)က-

'ဟာ..မဖြစ်နိုင်ဘူး။ ဒီမင်္ဂလာဆောင်က မဏ္ဍပ်တောင် ဖျက်နေပြီ။ ပစ္စည်းတွေလည်း သိမ်းနေပြီ။ တို့လာတဲ့ မင်္ဂလာဆောင်က ဒီမနက် (၇)နာရီက (၁၂)နာရီထိကွ။ အခုမှ (၈)နာရီခွဲပဲ ရှိသေးတာ။ ကဲ..ကဲ..ကားပေါ် ပြန်တက်ကြ။ ရှေ့နားမှာ ဖြစ်နိုင်တယ်'

ကျွန်တော်တို့အဖွဲ့ ဆရာကြီးအမိန့်အတိုင်း ကားပေါ် ပြန်တက်ကြသည်။ ထိုအခါ မင်္ဂလာဆောင်မဏ္ဍပ်ထဲမှ လူငယ်တစ်ယောက် ပြေးထွက်လာသည်။

'ဦးတို့၊ အဒေါ်တို့..မင်္ဂလာဆောင်က ဒီမှာပါ'

နန္ဒာမိုးကြယ်၏ သားတစ်ယောက်ဖြစ်သည်။ မင်္ဂလာဆောင်တာက သူ။ ဒါဆိုရင် သေချာပြီ။ ကျွန်တော်တို့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်က ဆင်းကြပြန်သည်။

'မင်္ဂလာဆောင်က (၇)နာရီက (၁၂)နာရီထိဆို၊ ဘယ်လိုဖြစ်တာလဲ'

'ကျွန်တော်တို့အရပ်က ဒီလိုပဲ။ လူစုံသလောက်ရှိရင် မဏ္ဍပ်ကို ဖျက်လိုက်တယ်။ နောက်ရောက်လာတဲ့လူတွေတော့ အိမ်မှာပဲ စည့်ခံတယ်။ အိမ်ကို သွားကြပါ'

'ဟေ..ဒီခလေ့က တစ်မျိုးပါလား'

ဤသို့ဖြင့် ပိတ်စွယ်ဟူသော ရွာကြီး၏ ရွာလယ်ပိုင်းလောက်တွင်ရှိသော နန္ဒာမိုးကြယ်၏အိမ်သို့ သတို့သား၏အကူအညီဖြင့် ချီတက်ခဲ့ကြပါသည်။ ချစ်ကိုကိုယု၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်မြေသွေး(မြန်မာစာ)တို့လင်မယားနှင့် ကိုမောင်သန်းဝင်းတို့အပါအဝင် အဖွဲ့သားတွေ အတော်များများ ဆုံနေကြသည်။

နောက်ရောက်လာသော ကျွန်တော်တို့အဖွဲ့က မင်္ဂလာလက်ဆောင်များကို သတို့သားအမေ သျှက်ပြုံး(မြန်မာစာ)လက်ထဲသို့ထည့်ကာ ပြင်ဆင်ထားသော နံနက်စာကို သုံးဆောင်ကြသည်။ ဖွယ်ဖွယ်ရာရာဖြစ်သည်။ ထမင်းစားပြီးရေနွေးကြမ်းဝိုင်းတွင် ထွေရာလေးပါးစကားပြောကြကာ မွန်းတည့်(၁၂)နာရီသာသာလောက်တွင် ဒလသင်္ဘောဆိပ်သို့ အပြန် ကားတစ်စီးကြိုသောကြောင့် ထိုကားနှင့် ကျွန်တော်တို့အဖွဲ့ ပြန်လာကြသည်။ မောင်ဆန္ဒ(လယ်ဝေး)တစ်ယောက်သာစည့်ခံသော အကျွေးအမွေးအတွက် မကျေနပ်သေးဟုထင်ပါသည်။ ကျန်နေခဲ့သည်။

အပြန်တွင် ကျွန်တော်တို့အဖွဲ့သည် လေအန်ကုန်းတွင် ခေတ္တထိုင်ကြကာ လေအန်ကြပြန်သည်။ နောက်ဆုံး လေအန်၍မဆုံးနိုင်သော မောင်မြေကြီး(ပန်းတောင်း)နှင့် မောင်သာလင်းကိုထားခဲ့ကာ ကျွန်တော်တို့ လမ်းခွဲလိုက်ကြသည်။

ကျွန်တော်ရေးမည့် ထူးဆန်းသောနေ့တစ်နေ့အကြောင်းက ဤနေရာမှ ဇာတ်လမ်းစရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နန္ဒာမိုးကြယ်၏သား မင်္ဂလာဆောင်ကိစ္စအတွက် တနင်္ဂနွေနေ့တွင် ရန်ကုန်ဘက်သို့ သွားရာမှ ထိုအဖြစ်အပျက်ကို ကြုံတွေ့ရသောကြောင့် ရှေးဦးစွာ မင်္ဂလာဆောင်ကိစ္စကို သိုင်းဝိုင်းနေရခြင်း ဖြစ်ပါသည်။

တနင်္ဂနွေနေ့တိုင်း ကျွန်တော်သည် အိမ်တွင် အနားယူကာ စာရေး၊ စာဖတ်သာ လုပ်လေ့လုပ်ထရှိ၍ ရန်ကုန်ဘက်သို့ သွားလေ့သွားထ မရှိ။ မမျှော်လင့်သော ထိုတစ်ရက်ကျမှ ရန်ကုန်ကတစ်ဆင့် ဒလ၊ ဒလမှ ပိတ်စွယ်ရွာသို့သွားကာ အပြန်တွင် ရန်ကုန်မြို့ထဲမှ လမ်းလျှောက်၍ သန်းကားဂိတ်သို့ အသွားတွင် မောင်ငြိမ်းအောင်(သစ်လုပ်ဆိုသော စာရေးဆရာတစ်ယောက်နှင့်တွေ့ကာ စာတိတစ်ပုဒ် ကြုံတွေ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော် ဆက်ပါမည်။

ကျွန်တော်သည် မဟာဗန္ဓုလလင်္ကာနှင့် (၃၇)လမ်းတွင် ယောင်လည်လည်နှင့် ကားစောင့်နေစဉ် ကျွန်တော်ပခုံးကို တစ်စုံတစ်ယောက်က နောက်ကနေ၍ ပုတ်သောကြောင့် လှည့်ကြည့်လိုက်မိသည်။ ထိုပုဂ္ဂိုလ်ကား တော်နှင့် လွန်စွာခင်မင်ရင်းနှီးသော မောင်ငြိမ်းအောင်(လုပ်ငန်း)အမည်နှင့် စာရေးနေသည့် လူငယ်တစ်ယောက် ဖြစ်သည်။ မောင်ငြိမ်းအောင်က-

'ဆရာ..ဘာလုပ်နေတာလဲ'

'ကားစောင့်နေတာလေ။ သန့်လျင်ပြန်မလို့'

'အတော်ပဲ ဆရာ။ ဆရာ အချိန်ရတယ်မဟုတ်ကျွန်တော်နဲ့ ခဏလောက် လိုက်ခဲ့ပါ'

'ဘယ်ကိုတုန်း မောင်ငြိမ်းအောင်ရဲ့'

'ကျွန်တော် ဆရာနဲ့တွေ့တုန်းက ပြောခဲ့ဖူးတဲ့ မြမောင်ယဉ်ဦးနဲ့ ဆရာ့ကို မိတ်ဆက်ပေးမလို့။ သူကဆရာ့ကို တွေ့ချင်နေတယ်။ စောပါသေးတယ် ဆရာကျွန်တော်နဲ့လိုက်ခဲ့ပါ။ (မြိတ်)မောင်ယဉ်ဦးက တစ်ပတ်ဒီတနင်္ဂနွေတစ်ရက်ပဲ အားတာ။ သူနဲ့ (၃၆)လမ်းတွေ့မယ်။ ဆရာနဲ့တွေ့ရင် သူ ဝမ်းသာမှာ'

'ဒါဆိုလည်း သွားလေ'

ကျွန်တော်နှင့် မောင်ငြိမ်းအောင်တို့နှစ်ယောက် လမ်းထဲက ဧည့်ဝတီဆိုင်ကို ချီတက်ခဲ့ကြသည်။ မောင်ဦးကို မတွေ့။ ဆက်လက်၍ ပန်းဆိုးတန်းက အားမာကို ချီတက်ကြပြန်သည် မတွေ့။ ဆက်လက်၍ ဘူတာရှေ့က ဆိုင်တစ်ဆိုင်ကို ချီတက်ကြပြန်သည် မတွေ့

မောင်ငြိမ်းအောင်က-

'ဒီဆိုင်မှာ ခဏစောင့် ဆရာ။ သူအိမ်ကို ဖုန်းကြည့်မယ်။ သူက တနင်္ဂနွေတစ်ရက်ပဲ အားတာမြို့ထဲကို ရောက်နေတတ်တာ။ အခု သူသွားလေသူတဲ့ ဆိုင်တွေမှာ ရှာမတွေ့ရင် သူ့အိမ် ပြန်ရောက်နေပြီ။ ကဲ..ဆရာ၊ ကြိုက်တာမှာ။ ပြီး ခဏစောင့်။ ဖုန်းသွားဆက်ဦးမယ်'

ကျွန်တော်တစ်ယောက်တည်းထိုင်ကာ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com

ရာမှာ၍ စားသောက်နေရင်း ခဏအကြာတွင် မောင်ငြိမ်းအောင် ပြန်ရောက်လာသည်။

"အိမ်မှာတွေ့တယ် ဆရာ။ ခုပဲ အပြင်က ပြန်ရောက်တယ်တဲ့။ ရေချိုး၊ အဝတ်အစားလဲပြီး ထွက်ခဲ့မယ်တဲ့။ နှာရီဝက်လောက် စောင့်ပါတဲ့"

"အေး...အေး...စားရင်းသောက်ရင်း စောင့်ကြတာပေါ့"

ဂျွန်တော်နှင့် မောင်ငြိမ်းအောင်တို့နှစ်ယောက် ထွေရာလေးပါး စကားပြောကာ စားသောက်နေကြရင်း နာရီဝက်ကျော်ကျော်လောက်တွင် ဆိုင်အတွင်းသို့ ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်နှင့် တရုတ်ကြီးတစ်ယောက် ဂျွန်တော်တို့ရှိရာ စားပွဲသို့ ရောက်လာသည်။ မောင်ငြိမ်းအောင်က ပျာပျာသလဲထကာ နေရာပေးသည်။

"ထိုင်...ကိုယဉ်ဦး၊ ဂျွန်တော်တို့ ရောက်နေတာကြာပြီ။ ဒီဆရာက ကိုယဉ်ဦးကို ဂျွန်တော်ပြောပြောနေတဲ့ဆရာပဲ။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မချိန်းဘဲ တွေ့ကြတာ"

"ဟုတ်ကဲ့ ဆရာ၊ တွေ့ရတာ ဝမ်းသာပါတယ်။ ဆရာအကြောင်း မောင်ငြိမ်းအောင်က တွေ့စိုင်းပြောတယ်။ ဆရာနာမည်ကိုတော့ ရင်းနှီးနေတာကြာပြီ။ ဂျွန်တော်က ကုမ္ပဏီဝန်ထမ်းဆိုတော့ တနင်္ဂနွေတစ်ရက်ပဲအားတော့ တွေ့တုန်းအေးအေးဆေးဆေးပေါ့ ဆရာ"

(မြိတ်)မောင်ယဉ်ဦး ဆိုသည့်အတိုင်း မြိတ်သားဆိုတော့ စကားဝဲသည်။ အတော်နားလေခြင်ယူရသည်။ စကားကြာကြာပြောမှ လေယူလေသိမ်းဖမ်းမိကာ နားလည်လာသည်။ အသားဖြူသည်။ တရုတ်ကြီးနှင့်တူသည်။ လူပျိုကြီးဖြစ်သည်။ ရိုးသားသည်။ ပျော်ပျော်နေတတ်သည်။ အပေါင်းအသင်းကိုလည်း ခင်တတ်ပုံရသည်။

ဂျွန်တော်တို့သုံးယောက် တစ်နာရီလောက် ထိုင်ပြီး စကားကောင်းနေကြရင်း ထိုဆိုင်တွင် ထိုင်ရသည်မှာ ငြီးငွေ့လာသောကြောင့် ဆိုင်တစ်ဆိုင်ပြောင်းရန် ဆုံးဖြတ်လိုက်ကြသည်။ ဤသို့ဖြင့် ဂျွန်တော်တို့သုံးယောက် (၃၅)လမ်းအပေါ်ဘလောက်မှ ထက်(၂)ဟု အမည်ရသော ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။ ထိုဆိုင်တွင် ဂျွန်တော်နှင့် မောင်ငြိမ်းအောင် မကြာခဏ ထိုင်ခဲ့ဖူးသည်။

ထိုဆိုင်တွင် လိုအပ်သော စားစရာ သောက်စရာများမှာရင်း ဂျွန်တော်တို့ စကားကောင်းနေကြပြန်သည်။ မောင်ယဉ်ဦးက သူရေးခဲ့သော ဝတ္ထုရှည်အကြောင်းနှင့် သူလေ့လာထားသော ဆလုံရိုးရာဓလေ့များကို မပျင်းရအောင် သူ ပြောပြသည်။ ဆလုံဓလေ့က စိတ်ဝင်စားဖို့ကောင်းသည်။

စာရေးဆရာများ အရေးနည်းသော လူနည်းစုဖြစ်သော ဆလုံရိုးရာ ဇာတ်လမ်းများကို သူက ဗီဒီယိုအဖြစ် တင်ပြချင်နေသည်။ ဂျွန်တော်ကလည်း အားပေးသည်။ ရှားရှားပါးပါး ဇာတ်လမ်းများမို့ ဂျွန်တော် မသိတာတွေ တော်တော်များများရှိသည်။ သူပြောပြသောကြောင့် ဗဟုသုတတော်တော်ရသည်။

ဂျွန်တော်တို့ ထိုဆိုင်တွင် ထိုင်စဉ်က စားသောက်နေကြသော အခြားဝိုင်းတစ်ဝိုင်းသာရှိသည်။ ဆိုင်က ဖွင့်ခါစဖြစ်၍ အဲယားကွန်းများတပ်ရန် ပြင်ဆင်နေကြသည်။ ထို့ကြောင့် အဲယားကွန်းတပ်ဆင်နေသော **အလုပ်သမား**များက အလုပ်ရှုပ်နေကြသည်။ လေ့ကားထောင်လိုက်၊ အပေါ်တက်လိုက်၊ အောက်ဆင်းလိုက် လုပ်နေကြသည်။

ဂျွန်တော်နှင့် မောင်ငြိမ်းအောင်က ဆိုင်အပြင်ဘက်သို့ မျက်နှာမူ၍ထိုင်ကာ (မြိတ်)မောင်ယဉ်ဦးက ကျောခိုင်းထိုင်နေသည်။ မောင်ယဉ်ဦး၏ကျောဘက် (၁၅)ပေလောက် အကွာတွင် လူငယ်တစ်ယောက်က အလူမိနီယံလေ့ကားကလေးတစ်ခုကို ထောင်ကာ အပေါ်ကို တက်နေသည်။ မောင်ယဉ်ဦးက ကျောခိုင်းထား၍ မမြင်။ ဂျွန်တော်နှင့် မောင်ငြိမ်းအောင်က အလုပ်သမားများ လူပ်ရှားနေပုံကို အားလုံးမြင်နေရသည်။

မျက်နှာကြက်အမြင့်က (၁၅)ပေလောက်မြင့်သည်။ လူငယ်က လေ့ကားကို မျက်နှာကြက်တစ်နေရာရှိ အထစ်တစ်ခုတွင် မှီ၍ တစ်လှမ်းချင်း တက်သွားသည်။ မျက်နှာကြက်နှင့် ခေါင်းနှင့် ထိခါနီးအရောက်တွင် အောက်ခြေလေ့ကားရင်းသည် ချောနေသော ကျောက်ပြားပေါ်တွင်ဖြစ်၍ တဖြည်းဖြည်းလျှောကာ အပေါ်က မှီထားသော အထစ်ကလည်း လွတ်သွား၍ လေ့ကားရော လူပါ ပြုတ်ကျသွားပါတော့သည်။

မောင်ငြိမ်းအောင်တော့ မသိ။ ဂျွန်တော့်မျက်လုံးများ ပြာသွားသည်။ ဝုန်းခနဲအသံနှင့်အတူ စားသောက်နေသော လူများနှင့် ဆိုင်တွင်းမှ အလုပ်သမားများပါ ဆူညံသွားသည်။ မောင်ငြိမ်းအောင် ကြောင်နေသည်။ (မြိတ်)မောင်ယဉ်ဦးက လန့်ဖျပ်ကာ လှည့်ကြည့်လိုက်သည်။ ပြုတ်ကျသွားသော လူငယ်က နေရာတွင် ငြိမ်သက်နေသည်။

ဂျွန်တော့်ဘဝတွင် ထိုကဲ့သို့ မျက်မြင်ကိုယ်တွေ့ ထိတ်

www.burmeseclassic.com

www.burmeseclassic.com

လန့်ဖွယ်အဖြစ်မျိုး တစ်ခါမှ မကြုံခဲ့ဖူးပါ။ မျက်စိအောက်တွင် သွေးသံရဲရဲအဖြစ်မျိုးလည်း မကြုံဖူးပါ။ (မတော်တဆ ဓားရှ၊ ဓားထိမိတာမျိုးမှအပ ဖြစ်သည်။) တစ်ခါကဆိုလျှင် ကျွန်တော် အထက်အညာကို ဘုရားဖူးအဖွဲ့နှင့် ခရီးသွားရင်း တစ်နေရာတွင် ကားရပ်၍ ထမင်းဆိုင်တစ်ခုတွင် ထမင်းစားကြသောအခါ အခြားဘုရားဖူးကားတစ်စီး ဝင်လာသည်။ ထမင်းဆိုင်ရှင်နှင့် ရင်းနှီးပုံရသည်။

သူတို့ပြောစကားအရ ကျွန်တော်တို့ ရှေ့ဆက်သွားမည့် လမ်းတွင် ကားနှစ်စီး ခေါင်းချင်းဆိုင်၍ တိုက်မိကြသောကြောင့် သေကြေကျေကြွနှင့် သွေးသံရဲရဲ အလောင်းများကို မကြည့်ရဲသောကြောင့် သူတို့ကားကို မြန်မြန်မောင်းထွက်လာကြကြောင်း ပြောနေကြခြင်း ဖြစ်သည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့လည်း ထိုအကြောင်းကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ ကျွန်တော်က လည်း ထိုကဲ့သို့ အဖြစ်မျိုးကို မကြားလို မမြင်လိုသောကြောင့် ရွတ်ဆိုနေကြ ဂုဏ်တော်၊ ပရိတ်တော်၊ ဂါထာတော်များကို စိတ်ထဲက ရွတ်ဆိုနေမိသည်။ အားလုံး ထမင်းစားသောက်ပြီးကြ၍ ကားပေါ်တွင် လူစုံ၍ ကားစက်နှိုးသော အခါ ကားက နှိုးမရ။ မိုးမချုပ်မီ မိမိတို့ကားက အချိန်မီတည်းခိုမည့်နေရာသို့ ပြန်မည်ဖြစ်၍ စိတ်ပူနေကြသည်။

နံနက်မိုးလင်းကတည်းက တစ်လမ်းလုံး ကောင်းလာခဲ့ သောကားသည် အခုမှ နှိုးမရဖြစ်နေသည်။ ထိုနေရာတွင် ကားပြင်ရင်း တစ်နာရီလောက် ကြာသွားသည်။ ကားစက်နှိုး၍ မောင်းထွက်လာသောအခါ လမ်းတွင် ခေါင်းချင်းဆိုင် တိုက်မိသောကားဆို၍ တစ်စီးတလေမျှ မတွေ့။ သွေးသံရဲရဲလည်း မဖြစ်။ နောက်မှ တည်းခိုမည့်နေရာရောက်မှ သိရသည်။ သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းသွား၍ သွေးကွက်များပင် ရေဆေးထားသောကြောင့် မတွေ့ရခြင်းဖြစ်သည်။

နောက်မှ ကျွန်တော်တွေးမိသည်။ ထမင်းဆိုင်တွင် ကားပျက်နေ၍ ကားအလာနောက်ကျသောကြောင့် မမြင်ရခြင်း ဖြစ်နိုင်သည်။ ကားသာ မပျက်လျှင် ထိုမြင်ကွင်းကို မိမိတွေ့ရမည်မှာ မုချဖြစ်သည်။

တစ်ခါတုန်းကလည်း ရန်ကုန်ထဲတွင် လိုင်းကားစီးသွားရင်း ကားမှတ်တိုင်တစ်ခုရောက်တော့ မှတ်တိုင်မှာ ကားစောင့်နေသော ခရီးသွားအချင်းချင်း ပြောသံကြားလိုက်သည်။ လူတစ်ယောက်ကို ကားတိုက်သွားသောကြောင့် သွေးများ အိုင်ထွန်း၍ ပိုးလိုးပက်လက် လမ်းပေါ်မှာ သေနေသည်တဲ့။ ဖြစ်ပျက်တဲ့ နေရာကလည်း မိမိသွားမည့်ခရီး၏ ရှေ့တစ်မှတ်တိုင်ကျော်လောက်မှာ။

သို့သော် မိမိတို့ကား ထိုနေရာကိုရောက်တော့ ဟိုတစ်စု သည်တစ်စု စကားပြောနေသောလူများသာ တွေ့ရတော့သည်။ သွေးသံရဲရဲမြင်ကွင်းကို မတွေ့ရ။ သွေးကွက်များတော့ ရေဆေးထားသော ရေကွက်များသာ တွေ့ရသည်။

ကျွန်တော် ထိုကဲ့သို့ အမှတ်တရဖြစ်ပျက်ခဲ့သော မတော်တဆထိခိုက်မှုမျိုးကို နီးနီးကပ်ကပ်သာ ကြားလိုက်ရသည်။ အဖြစ်အပျက်ကို မမြင်လိုက်ရ၊ သွေးသံရဲရဲကိုလည်း မတွေ့လိုက်ရ။ တစ်နည်းမဟုတ်တစ်နည်း လွဲချော်သွားတာမျိုးပဲ ကြုံရသည်။

ကျွန်တော့်တွင် ယုံကြည်ချက်တစ်ခု ရှိသည်။ ထိုယုံကြည်ချက်ကို ခိုင်မြဲအောင်လည်း ကျင့်ကြံသည်။ ကျွန်တော် နိစ္စဓူဝလုပ်လေ့လုပ်ထရှိသည်မှာ အိပ်ရာထ၊ ဘုရားရှိခိုး၊ ဂုဏ်တော်ပရိတ်တော်များ ရွတ်ဖတ်ပြီး ကျွန်တော် အလွတ်ရနေသော အောက်ဖော်ပြပါ အစချီဂါထာများကို တစ်ပုဒ်လျှင် အနည်းဆုံး(၉)ခေါက် ရွတ်သည်။

နံနက်ခင်း အကြောင်းတစ်စုံတစ်ရာကြောင့် ရွတ်ချိန်မရလျှင် နေ့လယ် ရွတ်သည်။ နေ့လယ် မရွတ်မိလျှင် ညကို ရွတ်သည်။

တဏှာင်္ကရော..အစချီဂါထာ၊
ဘဝသောတံ ဟဝေ ဗုဒ္ဓေါ..အစချီဂါထာ၊
ဣဒ္ဓိမံ နွေဘစ ယေ ဒေဝါ..အစချီဂါထာ၊
ပဌမံ သက လက္ခဏ..အစချီဂါထာ၊
အဂ္ဂေါ ဗုဒ္ဓေါ..အစချီဂါထာ၊
အဋ္ဌာန ဗေတံ..အစချီဂါထာ၊
သဗ္ဗေဒေဝါစ ယက္ခာစ..အစချီဂါထာ၊
ဧဝဒါသာကု..အစချီဂါထာ၊
ဇိနံဝန္ဒေ ဂေါတမံ..အစချီဂါထာ၊
ဒီဝါတပတိ အာဒိစ္စော..အစချီဂါထာ၊
ဇိနောဇယံ ကာယံခမ္မံ..အစချီဂါထာ၊
ဣတိပိ ပိဋ္ဌကတ္ထရံ..အစချီဂါထာတို့ ဖြစ်သည်။

ကားမှတ်တိုင်မှာ ကားစောင့်နေလည်း ရွတ်သည်။ ကားစီးရင်းလည်း ရွတ်သည်။ လမ်းသွားရင်းလည်း ရွတ်သည်။ အချိန်အားရတိုင်း သတိရတိုင်း အဆောမနေ၊ ထုံမွမ်းနေအောင် ရွတ်သည်။ ထိုကဲ့သို့ နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သောကြောင့် အန္တရာယ်ဆိုး ဘေး

www.burmeseclassic.com

www.burmeseclassic.com

ဆိုးတစ်စုံတစ်ရာပင် မတွေ့။ မြင်လည်း မမြင်ရ။ သူများ ကြိုတာကိုပင် ကိုယ့်မျက်စိရှေ့မှာ မကြုံဖူးပေ။

ယခုလည်း မောင်ငြိမ်းအောင်နှင့် (မြိတ်)မောင်ယဉ်ဦး တို့ မျက်စိမျက်နှာပျက်နေချိန်တွင် မိမိက ပူပင်သောက မရှိဘဲ ပြုံးရွှင်စွာနှင့် သူတို့နှစ်ယောက်အား-

'မောင်ငြိမ်းအောင် စိတ်မပူပါနဲ့။ ဘာမှမဖြစ်ပါဘူး'

'မြင်တယ် ဆရာ။ တစ်ခုခုတော့ ဖြစ်လိမ့်မယ်ထင်တယ်'

'မဖြစ်ပါဘူး မောင်ငြိမ်းအောင်၊ ငါပြောတာ ယုံပါ။ ငါ့ဘဝမှာ ဒီလိုမျိုး ကိုယ်တွေ့တစ်ခါမှ မကြုံဖူးသေးဘူး။ ဒါပေမဲ့ ငါယုံကြည်တယ်။ ငါ့ရှေ့မှာ ကြုံတွေ့ရတဲ့ လူငယ်လေး ဘာမှမဖြစ်စေရဘူး။ ပွန်းတာပဲတာတောင် မဖြစ်စေရဘူး။ အချိန်အားရတိုင်း၊ သတိရတိုင်း၊ သတ္တဝါတွေ အားထုံးကို မေတ္တာပို့ပြီး ရွတ်နေတဲ့ဂါထာတွေရှိတယ်။ အဲဒီမှ ထွက်လာကတည်းက ရွတ်နေတာ။ အဲဒီအားကိုးတွေကြောင့် စောစောက လိမ့်ကျတဲ့ လူငယ်ကလေး ဘာမှမဖြစ်စေရဘူး ပြောတာ'

မောင်ငြိမ်းအောင်က လူများ ဝိုင်းအုံကာ ပြုစုနေသော စောစောက လိမ့်ကျသွားသည့် လူငယ်ရှိရာသို့ ထသွားသည်။ ခဏကြာတော့ သူပြန်လာသည်။

'ဆရာပြောတာ မှန်တယ် ဆရာ။ စောစောက လိမ့်ကျသွားတုန်းက သတိလစ်သွားတယ်။ ခုတော့ သတိပြန်ရပြီ။ ဘာမှမဖြစ်ဘူး။ ပွန်းတာပဲတာတောင် မရှိဘူး။ ကောင်းသွားပါပြီ။ ကျွန်တော် စောစောက ခြင်လိုက်တုန်းက မျက်နှာနဲ့ ကြမ်းပြင်ပေါ်ကို ကျတာဆိုတော့ အနည်းဆုံးတော့ နဖူးကွဲ ခေါင်းကွဲ ဖြစ်မှာပဲလို့ ထင်လိုက်တာ။ အခုတော့ ဘာမှကိုမဖြစ်ဘူး ဆရာ'

မောင်ငြိမ်းအောင်က ကျွန်တော့်အား အထူးအဆန်း တစ်ယောက်လို ကြည့်သည်။ ကျွန်တော်က ပြုံးရုံသာ ပြုံးပြလိုက်သည်။

ကျွန်တော်တို့သုံးယောက် ရောက်တတ်ရာရာ စကားများ လက်ဆုံပြောကြပြီး ညနေ(၅)နာရီလောက်တွင် ထခွဲခဲ့ကြသည်။ ကျွန်တော်သည် လိုင်းကားပေါ်တွင် နေ့လယ်က အဖြစ်အပျက်များကို စဉ်းစားရင်း ရွတ်နေကျ ဂါထာများကို စိတ်ထဲက ရွတ်နေမိသည်။

မောင်မြင့်မား(ဇိုလ်ကလေး)

ဂမ္ဘီရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

အဆောင်ကောင်းမြ(သာကေတ)

ကြေတိုင်းစောင့် စစေ့စောနှင့် နဝင်းယဉ်ကြောစောင့်နှုံးမှု (၃)နေ့လားလမီးတို့၏ မီးငွားစေး၊ လူမှုစေး၊ စိမ်ခန့်ဘောင်စေး၊ ကျန်းစာစေး၊ အစျစ်စေး၊ ဝညာစေး၊ အကြွေးကိစ္စ၊ အတိုက်အစံ ရန်အနှောက်အယှက် ကိစ္စအဝဝအတွက် အစွမ်းထက် နဝင်းစာတ်ယကြာ၊ ကံပွင့်လာတဲ့ပွင့်၊ အန္တရာယ်တင်း အစီအရင်များ၊ (လက္ခဏာစစ်ဆေး၊ ထီဂဏန်းစွဲ၊ အကျိုးပေးအဆောင်နှင့် အလုပ်၊ ဆိုင်ဝယ်ဝန်း၊ ဘဝလေးအမည်ပေးခြင်း) တစ်နှစ်တာ ဆောင်ရန်၊ စွဲလှစ်ရန် ဖယာစောအမ်းစေးပေးခြင်းတို့ကို အထူး ဆောင်ရွက်ပေးပါသည်။ နယ်မှ ဖောစောအမ်းမှာပါက ညဏ်ပူစော်စ (၁၈၀၀)ကျပ် ကြိုတင်ပေးငွေပါ။

ဖောခန်းလိပ်စာ – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၇

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် - ၃၅၊ ၆၅၊ ၃၂၊ ရွှေည့်သည်(၂)၊ ၄၈၊ ၅၇ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၉၊ တာမွေ-ကျောက်တန်း ကားများစီး ၈ ဂိတ်မှတ်တိုင်ဆင်း၊ ၁၄၊ ၆၂ စီး မမ္ဘာရုံမှတ်တိုင်ဆင်းပါ။

နေ့စဉ် - နံနက်(၈)နာရီမှ (၂)နာရီအထိ (ဗုဒ္ဓဟူးနေ့တိုင်း နားသည်)

www.burmeseclassic.com

www.burmeseclassic.com

မောင်လှယဉ် (ဓမ်လမ်မြို့)

ဂန္ဓိရဆရာရိုက်တဲ့ ပုံစာ

တွဲဖော်သုံးယောက် ရှိလေသည်။

ဘိုးဘိုးအောင်သီချင်းထဲက စာသားအတိုင်းလိုပါပဲ။ ဘိုးဘိုးအောင်သီချင်းမှာ ငယ်သူငယ်ချင်းသုံးယောက် ရှိလေသည်လို့ ဆိုထားသလို ကျွန်ုပ်တို့မြို့မှာလည်း အတွဲဆုံးတွဲဖော်သုံးယောက် ရှိတာပါ။ ကျွန်ုပ်က တောရွာမှာနေပြီး ဟိုနှစ်ယောက်ကတော့ မြို့မှာ နေကြတာပါ။ မြို့မှာ နေကြ-လို့ အနံကြီးကွင်းကျယ် မဟုတ်ကြပါဘူး။ အမြင်ကျယ်ကြတာပါ။ ကျွန်ုပ်ကတော့ အနံကြီးကွင်းကျယ် မဟုတ်သလို အမြင်ကလည်း နံချာလှပါတယ်။ ဒါကြောင့်မို့ မျက်မှန်တပ်ထားရတာ။

ဦးဆုံး ကျွန်ုပ်တို့သုံးယောက်ရဲ့ အကျင့်စရိုက်တွေကို အတင်းပြော၊ အဲ..ပွင့်ပွင့်လင်းလင်းပြောမှ ပြည့်စုံမှာပါ။ ပထမဦးဆုံးပြောရမှာက ကျွန်ုပ်တို့အထဲမှာ အငယ်ဆုံး၊ အလုပ်အများဆုံး၊ မထသလိုင်းပေါင်းစုံတဲ့ ရန်ဟဲဟဲဆိုတဲ့ ငနဲလေးပါပဲ။

မထသဆိုလို့ ဟိုတွေးဒီတွေး မတွေးလိုက်ပါနဲ့။ ဟိုကိစ္စ ဒီကိစ္စ တကယ်ရှင်းတဲ့ ငနဲလေးပါ။ ဆက်ဖတ်ရှုရှင်းသွားမှာပါ။

သည်မောင်က အင်္ဂလိပ်လို အတိုကောက်ဆိုင်းထိုးပြီး ပြုပြင်ရေးကာတွန်းတွေကို ဂျာနယ်တွေမှာ ဆွဲနေတာပါ။ ရန်ဟဲဟဲ ကလောင်အမည်နဲ့လည်း သရော်စာဆောင်းပါး၊ ဝတ္ထုတွေလည်း ရေးပါတယ်။ ကာတွန်းရေးတဲ့ စာမူချည်းပဲ တစ်လကို တစ်ပုံးကျော် ဝင်တာပါ။ ဝတ္ထုဆောင်းပါးရေးတဲ့ စာမူခကတော့ လက်ဖက်ရည်ဖိုးလောက်သာ ရှိတာပါ။

သူကာတွန်းတွေနဲ့ သရော်စာတွေက သည်နေ့ဖြစ်ပျက်

www.burmeseclassic.com

www.burmeseclassic.com

ခေတ့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ကမောက်ကမတွေကို ဒီမောင်းထိုးပြနေတာမို့ စာဖတ်သူတွေ အတော်လေးကြိုက်ကြပါတယ်။

ဒီမောင်က ဒါတင်တော်တာ မဟုတ်ဘူး။ မထသိုင်း ဝင်မို့လည်း ဟိုမှာပါ၊ သည်မှာပါတဲ့ ပဲခူးဆားပါ။ သူ့ကာတွန်း၊ သရော်စာတွေကို ကျွန်ုပ်တို့လို လက်ရေးနဲ့ ရေးပြီး စာတိုက်ကပို့တာ မဟုတ်ပါဘူး။ အီးမေးနဲ့ပို့တာ ဆိုတော့ ကျွန်ုပ်တို့ထက် တစ်ပန်းသာတာပေါ့။

ရန်ဟဲဟဲရဲ့ အားသာချက်တွေက အများသားဗျ။ ကျွန်ုပ်တို့မြို့ စာပေလူပဲ့ရှားမှုတွေ၊ ကျောင်းအဖွဲ့အစည်းတွေက မဂ္ဂဇင်းထုတ်တာတွေ သူခေါင်းပေါ် ကျတာပါ။ ဒီကိစ္စအားလုံးကို ဆိုင်ကယ်တစ်စီးနဲ့ မြို့လုံးပတ် လိုက်လုပ်နေတာ။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊ မြို့နယ်စာပေသမားတွေရဲ့ သာရေးနာရေးကိုလည်း သူပဲ တာဝန်ယူနေတာပါ။ ငွေကြေးတစ်ပြားတစ်ကျပ်မှ မယူဘဲ သူ့အိတ်စိုက်လုပ်တဲ့ လူမှုရေး NGO ပါ။

ရန်ဟဲဟဲဆိုတဲ့ စာရေးဆရာ၊ ကာတွန်းဆရာလေးဟာ စိတ်ကောင်း နှလုံးကောင်းနဲ့ ဘယ်သူအကူအညီတောင်းတောင်း ဟင့်အင်းဆိုတာ မရှိပါဘူး။ ချက်ချင်းပဲ OK ပြီတ်သူပါ။ ကောင်းကွက်တွေက သူ့တစ်ကိုယ်လုံးမှာ စီးဝင်နေသလား ထင်ရတယ်။

ဒါတွေက ကျွန်ုပ်တို့နှစ်ယောက်နဲ့ ယှဉ်လိုက်ရင် ရန်ဟဲဟဲရဲ့ အားသာချက်တွေပါ။ လူတွေမှာ အားသာချက်ရှိသလို အားနည်းချက်လည်း ရှိမှာပါပဲ။ သည်ရန်ဟဲဟဲဆိုတဲ့ နဲ့လေး အများအမြင် ပြောစရာမရှိဘူးဆိုပေမယ့် အသက်လေးဆယ်နားသာ နီးလာပြီဆိုပေမယ့် ချစ်သူဆိုလို့ မူးလို့ရူးစရာတောင် မရှိပါဘူး။ ဒါကြောင့်မို့ ထင်ပါတယ်၊ အာထူရှုဆေးဘူး သွားလေရာ ပါနေတာဖြစ်မယ်။ အိမ်ထောင်ရေးကိစ္စ ဟိုဒင်း သည်ဒင်း စိတ်ကုန်နေတာတော့ ဟုတ်မယ် မထင်ပါဘူး။ မစွန့်တာလို့ဘဲ တွက်ရမလား၊ အတူနေ သူ့အစ်မကြီးရဲ့ဓာတ် ကူးသွားတာလား တစ်ခုခုပေါ့လေ။

အခုတော့ သူမှာ ဘုန်းမောင်တစ်ယောက်တည်း လွတ်လပ်မှုအပြည့်ရနေတာပေါ့။ ဒါလဲညီး ပိုကောင်းတာပဲနော်။ လူမှုရေးအလုပ်တွေ လုပ်နိုင်တာပေါ့။

နောက်တစ်ဦးက ဆရာတင်အောင်ကျမ်းတဲ့ဗျာ။ အသက်ရွယ်မှုတဲ့ တင်အောင်ကျမ်းဆိုတဲ့ မောင်ပါ။ ဘာလို့တင်အောင်ကျမ်းလို့ အမည်တွင်သလဲ သိလား။ သွားမပြောကြနဲ့ဦးနော်။

တိုးတိုးလေး လက်တို့ပြီး ပြောလိုက်မယ်။ FM ရေဒီယိုလိုင်းတွေမှာ ကြော်ငြာလာလာနေတဲ့ မန်းကီးကော်ဖီမစ်က ကိုထူးဆန်းလို လူစားဆိုး မိန်းကို အများကြီးကြောက်ရတာ။ တစ်ခါ သူမဟာသီ အခ်ကျမ်းက ငါးပိမီးဇုတ်ခိုင်းတာ ငါးပိတူးပြီး ကျမ်းကုန်လို့ သူမဟာသီက တင်အောင်ကျမ်းလို့ ပေးလိုက်တာလို့လည်း ပြောဆိုခွင့်ရှိသူက ဖွင့်ချလာတယ်။

ကျွန်ုပ်ကတော့ ဇီလိုမထင်ပါဘူး၊ ပြောရေးဆိုခွင့်ရှိသူက အပုပ်ချတာလို့ပဲထင်ပါတယ်။ ဒီလူကြီးကလည်း အစအရာရာ ကျမ်းကျင်ပြောင်မြောက်လို့ ဒီဘွဲ့ထူးကြီး ရလာတာလို့ ထင်တယ်။ လက်ဖက်ရည်တိုက်သင့်ပြီနော်။

ဆရာတင်အောင်ကျမ်း ဆိုတဲ့အတိုင်း ဘာကျမ်းသလဲ မမေးနဲ့။ ဓာတ်ပုံပညာကျမ်းတယ်ဗျာ။ သူမိခင်ဗိုက်ထဲမှာ ရှိနေကတည်းက ကင်မရာကိုင်နေတာတဲ့။ ဓာတ်ပုံရိုက်ကျမ်းလို့ ဆရာဘေးမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည် (စိုးမိုးကျော် မဟုတ်ဘူးနော်)ဆိုပဲ။

အခု ဆရာရဲ့ချစ်မင်္ဂြိုးတဲ့ မဟာသီဆိုလည်း မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်မှာ ကွင်းပါ။ ဆရာ့ရဲ့ ဓာတ်ပုံစံပြမယ်ဗျ။ အခုခေတ်စကားနဲ့ဆိုရင် မော်ဒယ်မယ်ပေါ့။ အခုအရွယ်ရလာခဲ့ပေမယ့် သည်ခေတ်မော်ဒယ်တွေနဲ့ ပြိုင်နိုင်ပါသေးတယ်။ ဟိုတုန်းက ဆရာ ဓာတ်ပုံရိုက်တဲ့အခါ စံပြမယ်လုပ်ပေးရင်း ဆရာနဲ့ ငြိကြတာတဲ့။ တဖြည်းဖြည်း ဆရာ့ခမျာမှာ ချစ်တာကနေ ကြောက်ရတဲ့ဘဝကို ရောက်သွားရတာပါပဲ။

အခုဆို ဆရာတင်အောင်ကျမ်းဓာစ်ယောက် သူမဟာသီ မဒမ်ကျမ်းကို အလွန်ကြောက်ရတဲ့ မယားကြောက်ကြီး ဖြစ်နေတယ်လို့ သူ့ရဲ့ပြောရေးဆိုခွင့်ရှိသူက ကျွန်ုပ်ကို တိုးတိုးလေး လက်တို့ပြီး ပြောသွားတာဗျ။

ကျွန်ုပ်ကတော့ မယုံချင်ပေမယ့် ယုံရမလိုပါပဲ။ ကြည့်လေ၊ ကျွန်ုပ် သူ့ထံကို တယ်လီဖုန်းဆက်တိုင်း သူ့ဟန်းဖုန်းကို မဟာသီမဒမ်ကျမ်းက ကိုင်နေတာနဲ့ပဲ တိုးတိုးနေတာ။ ဟုတ်လောက်ပါတယ်။ မယားကြောက်ရတဲ့နေရာမှာလဲည်း ကျမ်းပြန်ရောဗျာ။ နောက်ကျမ်းတာ ရှိပါသေးတယ်။ ဆရာရေးတဲ့ စာမူတွေကို ကွန်ပျူတာနဲ့ ရိုက်ပြီး ပို့တာ၊ ဘယ်လောက်ကျမ်းသလဲဆို တစ်မိနစ်ကို စာလုံးရေ ငါးရာ

www.burmeseclassic.com

ကျော် ရိုက်နိုင်တာတဲ့။ စာမူတွေကို စက်နဲ့ လှည့်ထုတ်နေသလား အောက်မေ့ရတယ်။

ကျွန်ုပ်မှာတော့ ကွန်ပျူတာဝေးလို့ ကလေးကစားတဲ့ လက်တော့ပ်တောင် မရှိပါဘူး။ ရိုက်တတ်ဖို့ဆိုတာ ဝေးရော။

ဆရာတင်အောင်ကျွမ်းရဲ့ ဘဝပေးကုသိုလ်လား ဘာလားတော့ မသိပါဘူး။ ဝန်ထမ်းတွေက အသက်(၆၀)ပြည့်မှ ပင်စင်ရတာ လက်လုပ်လက်စားတွေဆို ခုနစ်ဆယ်ကျော်ထိ ကုန်းရုန်းလုပ်ရတဲ့အချိန်မှာ ဆရာတင်အောင်ကျွမ်းက အသက်(၅၀)လောက်နဲ့ ပင်စင်ယူထားပြီး ထိုင်စားနေနိုင်တာ။ သူကုသိုလ်ကံပဲပေါ့။ ကောင်းလေစွ··ကောင်း လေစွ။

အဲ··ကျွန်ုပ်နဲ့ သိကျွမ်းတဲ့ အချိန်ကျတော့ အလုပ်ပြန်လုပ်နေရပြန်ရော။ အလုပ်ကြီးအကိုင်ကြီးပါပဲ။ ဘာအလုပ်လဲ သိချင်လား။ သမီးကမွေးတဲ့မြေးကို ထိန်းကျောင်းနေရတဲ့ အလုပ်လေ။ ဒါလည်း ကောင်းလေစွ၊ ကောင်းလေစွပါပဲနော်။

အဲ··အခုနောက်ဆုံး ကျွန်ုပ်အကြောင်းကို မသူကော်ခုနစ်ပါးအတိုင်း ဖော်ကောင်လုပ်ရဦးမယ်။ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ရဦးမှာပေါ့။ ကျွန်ုပ်အကြောင်းဆိုတော့ ဖော့ဖော့လေးပေါ့ဗျာ။

ကျွန်ုပ်တို့မိတ်ဆွေသုံးဦး စာပေဝဲဂယက်ထဲမှာ ယက်ကန်၊ယက်ကန်နဲ့ တူတာရော မတူတာတွေရော ရှိကြတာပါ။ တူတာက ကျွန်ုပ်တို့သုံးဦးလုံး စာပေကို အရူးအမူးဖြစ်နေကြတာတူပေမယ့် မတူတာကိုတော့ ဘေးဖယ်ထားကြပါတယ်။

ကျွန်ုပ်တို့ သုံးယောက်ထဲမှာ ကျွန်ုပ်က ဘုန်းကြီးကျောင်း ကပ်နေသူဆိုတော့ အသောက်မတတ်၊ ဘာသာရေးကို သူတို့နှစ်ယောက်နဲ့စာရင် ပိုအလေးထားတယ်။

မိန်းမ မရှိ၊မရှု။ အားတိုင်းယားတိုင်း စာပေကိစ္စပဲ တွေးနေတာပါ။ ကျွန်ုပ်အကြောင်း ထွေထွေထူးထူး ပြောစရာ မရှိလှပါဘူး။ နေတာက မော်လမြိုင်တစ်ဖက်ကမ်းတောရွာလေးမှာ။ တောဆိုလို့ အထင်မသေးလိုက်ပါနဲ့။ ကျွန်ုပ်နေတာက ဘီလူးကျွန်းကြီးပေါ်မှာဆိုလို့ မင့်းတို့ ဘီလူးတွေလားလို့ မေးချင်စာယ် မဟုတ်လား။

ဘီလူးကျွန်းသူ ဘီလူးကျွန်းသားတွေက လူချောလူလှ အပျိုချော အပျိုလှတွေပါပဲ။ နောက် ထိတ်ထိတ်ကြဲ နိုင်ငံကျော် စာရေးဆရာတွေဖြစ်ကြတဲ့ ဒေါက်တာခင်မောင်ညို တို့၊ လေသူရဲတစ်ဦး ဦးလှဝင်းတို့ ပေါ်ထွက်ခဲ့တာဗျ။ အခြေသွက်လက်သွက် ဆရာမင်းချမ်းမွန်တို့ ထွက်ခဲ့တာလည်း နောက်ပိုင်း လူငယ်ခြေသွက်လက်သွက်တွေလည်း ရှိပါတယ်။

မိန်းကလေးတွေဆိုလည်း မြို့သူတွေ ရှုံးလောက်အလှပိုင်ရှင်တွေပါ။ ကျွန်ုပ်နာမည်လား၊ တစ်ခါတာအပေါင်းအသင်းရေးဖော်တွေက ဗိုလ်မှန်ကြောင်လို့ ခေါ်တယ်။ ဒီလိုခေါ်ရင် ကျွန်ုပ် အားကြီး အများကြီးမုန်းတယ်။

မျက်နှာထားတည်တည်ထားပြီး ဘော်ကျွတ်တို့ ကျွန်ုပ်ကို ဗိုလ်မှန်ကြောင်လို့ မခေါ်ကြနဲ့။ ဒီလိုခေါ်ရင် ကျွန်ုပ် အားကြီး စိတ်ဆိုးသွားရမယ်။

ကျွန်ုပ်ကိုခေါ်ရင် မောင်မောင်မှန်ကြောင်လို့ ခေါ်ပါ စိတ်မဆိုးပါဘူး။ တချို့ဘော်ကျွတ်တွေကခေါ်တာ ရှင်းတဲ့ဗျ။ ကြိုက်သလိုသာ ခေါ်ပါ။ ကျွန်ုပ် စိတ်မဆိုးပါဘူး။

ပယောဂဆရာ ရန်ဟဲဟဲ

တစ်နေ့ လကုန်ရက် ကျွန်ုပ် မော်လမြိုင်မြို့ တက်ခဲ့တယ်။ ဘော်ကျွတ်နှစ်ယောက်နဲ့တွေ့ပြီး လက်ဖက်ရည်သောက်ထိုင်လေကန်ဖို့ရယ်၊ ဒီလထွက်ရှိလာတဲ့ မဂ္ဂဇင်းတွေ ကြည့်ဖို့ရယ်။

ကျွန်ုပ်တို့ သုံးဦးဖြစ်ကြတဲ့ ကျွန်ုပ်ရယ်၊ ဆရာအောင်ကျွမ်းရယ်၊ ဆရာရန်ဟဲဟဲရယ် လက်ဖက်ရည်သောက်ထိုင်ပြီး စာပေကိစ္စတို့၊ နိုင်ငံတော်သမ္မတကြီးရဲ့ မိဘဩဇာများခင်ဗျာ··တို့၊ နယ်လှည့်ပါးရိုက်တတ်တဲ့ စိန်ကြီးကိန်းလက်သီးနဲ့ထိုးတတ်တဲ့ ဝန်ကြီးတို့၊ ထမင်းတစ်နပ်ပဲ စားပါလို့ပြောတဲ့ ဝန်ကြီးတို့၊ မီးမလာရင် ဖယောင်းတိုင်ထွန်းနေပါလို့ပြောတဲ့ ဝန်ကြီးတို့၊ မီဒီယာသမားတွေကို ကျေးဇူးထည့်တဲ့ ကိစ္စတို့၊ သန္တိသုခကျောင်းတိုက်ကိစ္စတို့၊ ပုဒ်မ(၄၃၆)နဲ့ ၅၉(ခ)၊ PR စနစ်နဲ့ FPTP စနစ် ကျင့်သုံးရေးတို့ ဝေဖန် လေကန်နေတုန်း ဆရာရန်ဟဲဟဲကို လူငယ်တစ်ယောက် လာခေါ်ပါတယ်။

'ဆရာ··ကျွန်တော့်အမေ ဘာဖြစ်နေလဲ မသိဘူး ဆရာ လိုက်ကြည့်ပေးပါဦး'

'ရှင်းအောင်ပြောပါ ကျော်လင်းလေးရာ'

'ဝိုလည်း ဝိုတယ် ဆရာ၊ ရယ်လည်း ရယ်တယ် ဆရာ။ ဒေါသလည်း ကြီးတယ်။ ဟိုင်းဒီင်းနဲ့ ဘာမှန်းမသိနေမှန်း မသိပါဘူး ဆရာ'

'အေး··ဒါဆို တို့လာခဲ့မယ်။ မင်း ပြန်နှင့် စောင့်

www.burmeseclassic.com

www.burmeseclassic.com

ဆင်း'

ဆရာရန်ဟဲဟဲက လာခေါ်တဲ့ စောကျော်လင်းဆိုတဲ့ လူငယ်လေးကို ပြန်လွှတ်လိုက်ပါတယ်။

'ဆရာတို့ပါ လိုက်ခဲ့ကြဗျာ။ လက်ဖက်ရည်သောက်ဦး သွားကြရအောင်'

ကျွန်ုပ်နဲ့ ဆရာတင်အောင်ကျွမ်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပါတယ်။

'သွားတာကတော့ ဟုတ်ပါပြီ ဆရာရယ်။ ဟိုချာတိတ်ဆိမက ငိုငိုရယ်ရယ်ဆိုတော့ တို့က ချိုမိုင်မိုင် သွားကပြရမှာလား'

'မဟုတ်ဘူး ဆရာ။ ကျွန်တော့်ကို ပယောဂဆရာဆင်ပြီး လာခေါ်တာပါ။ ဟိုကျတော့ မီးစင်ကြည့်ကတာဆို့ဗျာ'

ဒီလိုနဲ့ပဲ ကျွန်ုပ်တို့သုံးဦး ဆိုင်ကယ်နှစ်စီးနဲ့ ထွက်ခဲ့ကြတယ်။ ရပ်ကွက်တစ်ခုရဲ့ အိမ်တစ်အိမ်ရှေ့မှာ ဆိုင်ကယ်နှစ်စီးလုံး ရပ်လိုက်တော့ အိမ်ရှေ့မှာ လူတွေ စုစုရုံးရုံးနဲ့ အိမ်ထဲကို ကြည့်နေတာ တွေ့ရတယ်။ ကျွန်ုပ်တို့ အိမ်ပေါ်ကို တက်သွားတော့ လမ်းဖယ်ပေးကြပါတယ်။

ဆရာလေးရန်ဟဲဟဲက ဣန္ဒြေကြီးတစ်ခွဲသားနဲ့ အရှေ့ဦးဆောင်တက်သွားတော့ ကျွန်ုပ်တို့တစ်ရှဉ်း အဲ..နှစ်ဦးသား နောက်က ကုတ်ကုတ်လေးလိုက်ရတာပေါ့။ မျက်ခုံးတော့ ခပ်လှုပ်လှုပ်မို့ အခန့်မသင့်ရင် ပြေးလမ်းလည်း ကြည့်ထားရပါသေးတယ်။

ပယောဂဆရာဖြစ်တဲ့ ဆရာရန်ဟဲဟဲရဲ့ ဟန်ပန်ကိုလည်း ကြည့်ကြပါဦး။ ရှောပင်ဘောင်းဘီစကနဲ့ စပို့ရှပ်အင်္ကျီကို လက်ခေါက်ထားပြီး လျှာထိုးဦးထုပ်ကို သည်းခံလူငယ်တွေလို ဘေးစောင်း ဆောင်းထားပြန်တော့ ကျွန်ုပ်တွေ့ဖူးတဲ့ မြန်မာဗီဇွန်ဆရာတွေ၊ ပယောဂဆရာတွေနဲ့ ကွာနေပါတယ်။

ဟုတ်ပါတယ်။ ဟိုတုန်းက မြန်မာဗီဇွန်ဆရာ၊ ပယောဂဆရာတွေက နှုတ်ခမ်းမွေးကကားကား တိုက်ပုံနဲ့၊ ဆံပုခိုးနဲ့၊ ကြည့်လိုက်ရင် ခံ့ခံ့ကြီးနဲ့ ရှိလည်း ရှိသေ၊ ကြောက်လည်း ကြောက်ကြပါတယ်။ အခု ကျွန်ုပ်တို့ရဲ့ ဆရာရန်ဟဲဟဲ ပယောဂဆရာပုံစံက ခပ်မိုက်မိုက်နဲ့ ခေတ်မီ ပယောဂဆရာပါ။

ဆရာရန်ဟဲဟဲက ဘုရားစင်ရှေ့သွားပြီး စင်ပေါ်က ဆောင်းတိုင် သုံးတိုင်ယူပြီး ဘုရားမီး ပူဇော်ပါတယ်။ ဘုရားရှိခိုးနေတာ ဆယ်မိနစ်ကျော်လောက် ကြာပါတယ်။ ရှေးခေတ်ပယောဂကတဲ့ ဆရာကြီးတွေလုပ်တဲ့ ပုံစံအတိုင်း ဆိုတော့ အဟဲ..ဘယ်တုန်းက တတ်နေပါလိမ့်ပေါ့။

'စောကျော်လင်းရေ..ခင်းအစ်မ ဆရာ့ရှေ့ကို ခေါ်လာပါ'

စောကျော်လင်းဆိုတဲ့ လူငယ်လေးက သူ့အားနားမှာ ထိုင်နေတဲ့ ကရင်မကြီးကိုကပ်ပြီး ပြောလိုက်တော့ ထရင်မကြီးလည်း အိပ်ခန်းထဲ ဝင်သွားပြီး ဆံပင်ဖိုသီဖတ်သီ ထတီစွန်တောင် ဆွဲထားတဲ့ မိန်းကလေးတစ်ဦးကို တွဲခေါ်လာတယ်။ အပြင်ခန်းရောက်မှ သူမ ထတီကို ပြန်ဝတ်ပေး အုန်းဆံကြိုးနဲ့ ခိုင်အောင်ချည်ပေးပြီး ထိုင်ခိုင်းပါတယ်။

မိန်းကလေးက ဆရာရန်ဟဲဟဲနဲ့ ကျွန်ုပ်တို့ နှစ်ဦးကို ထိမထင်သလို မိုက်ကြည့်ကြည့်ပြီး ခပ်ကြမ်းကြမ်း ထိုင်ချကာ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်တော့ ကျွန်ုပ်တို့နှစ်ဦးလည်း လန့်သွားပြီး ထပြေးရမလိုနဲ့ အနောက်နည်းနည်းရွေ့ထိုင်လိုက်ပါတယ်။ အသိစိတ်ပျောက်နေသူဆိုတော့ လုပ်ချင်ရာ လုပ်မှာကိုး။ ဒါမျိုး မကြုံဖူးတော့ လန့်မိတာပေါ့လေ။

'ညီမနော်သန်းလှ၊ ဆရာ့ကို မသိတော့ဘူးလား။ အစ်ကို ရန်ဟဲဟဲလေကွယ်'

'သိတယ်ဟဲ့..သိတယ်၊ သိတာမှ သိသိ,သိသိနဲ့ ဟို ဘက်ဘူတာတောင် လွန်နေသေးတယ်။ ငါ့ဟာငါ နေပါရစေဟာ။ ငါ့ကို လာမနှောင့်ယှက်ပါနဲ့။ နောက် ငါ့အလွန်ဖြစ်ဦးမယ်၊ ဟင်း..ဟင်း..'

နော်သန်းလှဆိုတဲ့ ကလေးမလေးက အံကြိတ်ပြီး ဆရာရန်ဟဲဟဲကို ဟောက်လိုက်တာကြောင့် ကျွန်ုပ်တို့နှစ်ဦး ကုန်းကွကွဖြစ်ကုန်လို့ ဆရာရန်ဟဲဟဲက လက်ပြပြီး ထိုင်ခိုင်းလိုက်တော့ ကျွန်ုပ်တို့ နှစ်ဦးလည်း ကြောက်ကြောက်နဲ့ ပြန်ထိုင်လိုက်ရပါတယ်။

'စောကျော်လင်း..မင်းတို့အမိုးကို ပြောလိုက်ပါ။ မင်းတို့အမေက ဆရာ့ကို အပ်ပါတယ်လို့ပြောမှ ဆရာ ကုနိုင်မယ်ကွယ့်'

စောကျော်လင်းက ဘေးနားမှာရှိတဲ့ သူ့အမိုးဆိုသူကို တိုးတိုးလေး ကပ်ပြောလိုက်တော့ သူ့အမေက ဟုတ်သလိုပါပဲ။

'ကျွန်မ သူ့အမေ နော်ဖော့အွာပါ ဆရာ။ ကျွန်မသမီးကို ဆရာ့လက် အပ်ပါတယ်။ ပျောက်ကင်းအောင် ကုသ

www.burmeseclassic.com

www.burmeseclassic.com

ပေးပါ ဆရာ။ ငိုငို,ရယ်ရယ်နဲ့ ထမင်းလည်း မစားဘူး။ အိပ်လည်း မအိပ်ဘူး ဆရာ။ ဟို..ဟို..သူများ ပြုစားတာများလား ဆရာ"

"တုတ်ပါပြီလေ၊ အထက်ဆရာသခင်တွေနဲ့ ဆရာ့ကို အပ်ပြီဆိုတော့ ဘာမှမပူပါနဲ့တော့ အမိုးရေ။ ကန်တော့ပွဲ နှစ်ပွဲ ပြင်ရမယ်။ တစ်ပွဲက ဘုရားပွဲတစ်ပွဲနဲ့ နောက်တစ်ပွဲက ဝိဇ္ဇာတွေနဲ့ အထက်ဆရာသခင်တွေအတွက်တစ်ပွဲ"

"ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့။ သားစောကျော်လင်းရေ..ဒိုင်းဝန်ကွင်းစျေးထဲမှာ အုန်းသီး၊ ငှက်ပျောသီး၊ ရခိုင်ဝယ်နော်။ အမွေးတိုင်၊ ဖယောင်းတိုင် အမြန်သွားဝယ်ကွယ့်။ ရော့..ပိုက်ဆံယူသွား။ မြန်မြန်လည်း ပြန်လာနော်"

စောကျော်လင်းကို သူ့အမိုးက ခိုင်းလိုက်တော့ စောကျော်လင်း ဆိုင်ကယ်နဲ့ ပြေးဝယ်ပါတယ်။ စျေးနဲ့ သိပ်မဝေးတာမို့ မကြာခင်မှာပဲ စောကျော်လင်း ပစ္စည်းတွေနဲ့ ပြန်ရောက်လာပါတယ်။ ဆရာရန်ဟဲဟဲက ကန်တော့ပွဲနှစ်ပွဲကိုပြင်ပြီး အမွေးတိုင်၊ ဖယောင်းတိုင်တို့ ထွန်းညှိပူဇော်လိုက်တယ်။

"ကဲ..ကလေးမ..ဘုရား၊ တရား၊ သံဃာနဲ့ အထက်ပုဂ္ဂိုလ်ဆရာသခင်တို့ကို ရည်စူးပြီး ကန်တော့လိုက်ကွယ့်"

ဆရာရန်ဟဲဟဲက လေသံမမာမတင်းဘဲ ဆရာဟန်ပန်နဲ့ ပြောလိုက်ပေမယ့် နော်သန်းလှဆိုတဲ့ ရောဂါသည် ကလေးမလေးကတော့ မကန်တော့သွဲ့ဘဲ တင်းတင်းမာမာနဲ့ ဆရာရန်ဟဲဟဲကို ကြည့်နေပါတယ်။ ဆရာရန်ဟဲဟဲက နော်သန်းလှကို ပြုံး၍ကြည့်ပြီး သူမောင် စောကျော်လင်းကို ကြိမ်တုတ်တစ်ချောင်း သွားရှာခိုင်းလိုက်ပါတယ်။

စောကျော်လင်းက သွဉ်းလေး မြင်းလှည်းအမိုးမှာ ထိုးထားတဲ့ ကြိမ်လုံးကို ယူလာပြီး ပေးတယ်။

"ဆရာ..အိမ်မှာ မြင်းလှည်းမောင်းတဲ့ ကြိမ်လုံးပဲရှိလို့ ယူလာတယ် ဆရာ"

"အေး..ရတယ်။ ဆရာကိုင်ရင် ဆေးကြိမ်လုံးဖြစ်တာပဲကွယ်။ ကယ်..အထက်ဝိဇ္ဇာ ဘိုးတော်ဆရာသခင်များရဲ့ အမိန့်၊ ငါဆရာရဲ့အမိန့် ပြုစားထားတဲ့ စုန်းမ၊ ရွာသူ၊ တစ္ဆေ၊ သရဲ၊ မြေဘုတ်ဘီလူး၊ သင်းကွဲပြိတ္တာတွေထဲက ပြုစားထားသူ ဝင်စမ်း။ အထက်ဆရာသခင်များ အမိန့်။ ငါဆရာ အမိန့်"

ပါးစပ်ကလည်းပြော၊ လက်ကလည်း မြင်းရိုတ်ကြိမ်လုံးနဲ့ ကြမ်းပြင်ကို သုံး,လေးချက် ရိုက်လိုက်ပါတယ်။

ကျွန်ုပ်စိတ်ထဲမှာတော့ ဆရာရန်ဟဲဟဲ တယ်ဟုတ်ပါထ ပေါ့။ ဘယ်တုန်းကများ ပယောဂဆရာ ဖြစ်နေတာလဲလေ မိန်းကလေးမှာလည်း မျက်လုံးပြူးပြီး ငိုမဲ့မဲ့ဖြစ်လာပါတယ်

"ကြောက်..ကြောက်ပါပြီ ဆရာရယ်။ နောက် စားရဲတော့ပါဘူး။ ဒီကြိမ်ကြီးနဲ့တော့ မရိုက်ပါနဲ့ ဆရာရယ်"

လူနာရှင်မိန်းကလေး မပြောနဲ့၊ ကျွန်ုပ်တို့ ကြည့်နေသူများတောင် ဆရာရန်ဟဲဟဲ ဟိတ်ဟန်အပြည့် မာန်အပြည့်နဲ့ ဟောက်နေလို့ ပြုစားသူကို ခေါ်နိုင်တာ အထင်ကြီးမိတော့တယ်။

"ဟဲ့..စုန်းမ၊ နင်ပြုစားထားတဲ့ ပညာတွေကို ဒီသ ကိုယ်ထဲက အကုန်ပြန်ယူသွား။ တစ်ခုမှ ချန်မထား ကြားလား စုန်းမ"

လူနာမိန်းကလေးက ဆရာရန်ဟဲဟဲကို ငါးခူပြီး ပြ ကြည့်ပြီး ဝါးလုံးကွဲ တဟားဟားနဲ့ အော်ရယ်လိုက်ပါတယ် ဟာ..ဒုက္ခပဲ။ ဘယ်လိုဖြစ်ကုန်ပြီလဲပေါ့။ မဟန်ရင် နိုင်ဖို့ ပြေးပေါက်ရှာနေရပါပြီ။ ပရိသတ်ကလည်း ပယော ဆရာ ရန်ဟဲဟဲကို ဝိုင်းကြည့်နေကြပြီး ဆရာရန်ဟဲ ခဏကြောင်သွားပြီး တောက်တစ်ချက်ခေါက်ပြီး မြင်းရိုတ် တဲ့ကြိမ်နဲ့ လူနာရှင်ရဲ့ကျောကို ခပ်ဆတ်ဆတ်လေး သုံး လေးချက်လောက် ရိုက်လိုက်ပါတယ်။

"အာလားလား..နာပါတယ် ဆရာရယ်။ မရိုက်ပ

"မရိုက်လို့ မရဘူး။ နင့်ကို နာအောင်ရိုက်မှ မှတ်မ

ပြောလည်းပြော နောက်တစ်ချက်ပြင်းပြင်းလေး ထ ရိုက်လိုက်ပြန်တယ်။

"ဟီး..ဟီး..ကြောက်လှပါပြီ ဆရာရယ်။ ဆရာ့ သမျှ လုပ်ပါတော့မယ်"

လူနာရှင်မိန်းကလေးမှာ နာလွန်းလို့ ငိုလည်းငို လည်းပြောပြီး လက်ကလည်း အရိုက်ခံထားရတဲ့ နေရာ ကို ပွတ်နေပါတယ်။

"နောက်ထပ် မနာစေချင်ရင် နင်ပြုစားထားတဲ့သ တွေ အကုန်နုတ်ယူသွား၊ တစ်ခုမှ မကျန်ခဲ့စေနဲ့။ က မကျန် ဆရာသိတယ်။ လိမ်မယ်လို့ မကြံနဲ့။ နုတ်၊ အ နုတ်၊ ငါဆရာ အမိန့်"

ပယောဂရှင် မိန်းကလေးက သူမရဲ့ကိုယ်ကို လက် ဖက်နဲ့ ဦးခေါင်းကနေ သပ်ချနေတယ်။

"အားလုံးရှင်းသွားပါပြီ ဆရာ။ နောက်လည်း မလု တော့ပါဘူး။ ကျွန်မ သွားပါတော့မယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

'နေဦး'

ဆရာရန်ဟဲဟဲက ဘုရားစင်ဆီသွားပြီး ဘုရားသောက်တော်ရေတစ်ခွက်ကို ယူလိုက်ပြီး ဘုရားကို ဦးတိုက်ကန်တော့ပြီး သောက်တော်ရေခွက်ကို လက်နှစ်ဖက်နဲ့ကိုင်၍ ငါးစပ်က ဆီမန်းသလို ပွစိ၊ပွစိနဲ့ မန်းနေပါတယ်။

'ရွေ့..သောက်လိုက်'

မိန်းကလေးကို သောက်တော်ရေခွက် ကမ်းပေးလိုက်တယ်။ ကလေးမလေးကလည်း လက်နှစ်ဖက်နဲ့ လှမ်းယူပြီး သောက်ချလိုက်ပါတယ်။ ကျန်ရေနည်းနည်းကို ပြန်ယူပြီး ကလေးမလေးရဲ့ ဦးခေါင်းကနေ ခြေဖျားအထိ သပ်ချပေးလိုက်တယ်။

'ဒါဆို ကျွန်မ သွားရတော့မလား ဆရာ'

'အေး..ကောင်းပြီ၊ နောက် ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင် မလုပ်နဲ့တော့။ ကောင်းကောင်းမွန်မွန်နေပါ။ ရတနာသုံးပါးနဲ့ ဆရာသခင်တွေကို ကန်တော့ပြီး သွားတော့'

ကလေးမလေးက ဦးသုံးကြိမ်ချပြီး သမ်းဝေကာလဲကျသွားတော့တယ်။

ပယောဂဆရာမှ ဖူးစာရေးနတ်

နောက်ကာလလောက်ကြာတော့ ပယောဂဆရာလေးရန်ဟဲဟဲတစ်ယောက် ကျွန်ုပ်တို့ အသိုင်းအဝိုင်းကြားမှာ သတင်းပိုကြီးသွားပြီး စက်ရပ်သတင်း ဖြစ်သွားပါတယ်။ ဖူးစာရေးနတ်လုပ်တဲ့ ပယောဂဆရာရန်ဟဲဟဲဆိုပြီး ပိုလို့ကျော်ကြားသွားပါတယ်။

အဖြစ်က သည်လိုဗျ..။

ထုံးစံအတိုင်း တစ်နေ့ ကျွန်ုပ်တို့သုံးယောက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဒီနေ့လွတ်တော်မှာ ပွဲဆူနေတဲ့ PR အချိုးကျ ခွဲဝေယူရေးစနစ်ကို (၂၀၁၅)ခုနှစ် ရွေးကောက်ပွဲမှာ ကျင့်သုံးဖို့ အဆိုတင်သူနဲ့ ကန့်ကွက်သူတို့ရဲ့ ပွဲဆူနေတဲ့ သတင်းကို အာပေါက်အောင် ပြောဆိုနေကြတုန်း-

'ဆရာတို့က ဒီရောက်နေတာကိုးဗျ။ ရှာလိုက်ရတာ။ ဆရာ့အိမ်မှာ အစ်မတို့လင်မယား ရောက်နေကြတယ်။ ဆရာ့ကို ကန်တော့မလို့တဲ့။ သွားလိုက်ပါဦး ဆရာ'

'ဟာ..စောကျော်လင်း၊ မင်းအစ်မ ငါ့ကို ဘာလာစားခိုင်းပြန်ပြီလဲကွ။ သူဘယ်တုန်းက ယောကျ်ားရသွားတာလဲ'

'ဒါတော့မသိဘူး အစ်ကို၊ အစ်မနဲ့တွေ့မှ အစ်မ ရှင်းပြလိမ့်မယ်။ ကျွန်တော် ဒိုးပြီဗျာ'

'ဒုက္ခပဲ ဆရာတို့ရယ်။ ဒီကရှင်တော ဘာလာလုပ်ပြန်ပြီလဲ မသိပါဘူး။ ဆရာတို့ပါ လိုက်ခဲ့ဗျာ'

ကျွန်ုပ်မှာ သူ့အတွက် စိတ်သောစိတ်နည်း ဖြစ်ခဲ့ပါတယ်။ ပယောဂဆရာ ဖြစ်သွားပြီး လက်လည်အောင် ကုနေရလို့ ဝမ်းသာရပေမယ့် ဆရာရန်ဟဲဟဲရဲ့ ဘဝတွေ့ကြုံတွေ၊ သရော်စာတွေ အရေးနည်းသွားမှာကိုလည်း စိုးရိမ်နည်းရတာပါ။ ဆရာရန်မဲဟဲ ခေါ်နေပြီဆိုတော့လည်း သူ့အိမ်ကို လိုက်ခဲ့ရပြန်တယ်။

အိမ်ရှေ့ခန်းမှာ ကန်တော့ပွဲရှေ့ချပြီး စောင့်နေကြတဲ့ နော်သန်းလှတို့လင်မယား ကြမ်းပြင်မှာထိုင်ပြီး စောင့်နေကြပါတယ်။

'ဟေ့..ကရင်မ၊ ငါ့ကို ခေါင်းစားအောင် လာလုပ်တာလား။ လင်မယားကန်တော့တယ်ဆိုတာ နှစ်ဖက်မိဘတွေကို ကန်တော့ရတာမဟုတ်လား။ ငါ့ကို ကန်တော့ရော လိုလို့လားဟဲ့'

'အစ်ကိုက ဖူးစာရေးနတ်မို့လို့ ဦးစားပေးပြီး လာကန်တော့တာပါ အစ်ကို'

'ဘာ..ဘယ်လို၊ ငါက ဖူးစာရေးနတ် ဟုတ်လား။ ရှုပ်ကုန်ပြီ နော်သန်းလှရေ့။ ငါ ဖူးစာရေးနတ်ဖြစ်ပုံကို ရှင်းစမ်းပါဦး ကရင်မရယ်။ ငါက နင့်ကို အမှောင်ပယောဂကုပေးခဲ့တာလေ'

ဆရာရန်ဟဲဟဲ ခေါင်းကုတ်ပြီး နော်သန်းလှကို နားမလည်သလို ကြည့်နေတယ်။ ကျွန်ုပ်နဲ့ ဆရာတင်အောင် ကျွမ်းကလည်း ဘယ်လိုလဲပေါ့။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေပါတယ်။ ဘယ့်နယ်ဗျာ..ပယောဂဆရာက ဖူးစာရေးနတ် ဖြစ်သွားရသလဲပေါ့။ နော်သန်းလှ ရှင်းပြလိုက်မှပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိပါတယ်။

'သည်လိုပါအစ်ကို၊ ကျွန်မမှာ ဘာရောဂါမှ မရှိပါဘူး။ အဲ..နော့်ချစ်သူ စောတင်မောင်နဲ့ အချစ်နယ်ကျွံပြီး ကိုယ်ဝန်ရှိသွားတာပါ။ လူကြီးတွေ သိကုန်ရင် မိုးမီးလောင်မှာမို့ စောတင်မောင်ကို လက်ထပ်ဖို့ပြောတော့ သူက မလေးသွားပြီး အလုပ်လုပ်ဦးမယ်။ ကလေးကို ဖျက်ချထားလိုက်တဲ့။ ငါပြန်လာမှ လက်ထပ်မယ်ဆိုလို့ နော် စိတ်သောကရောက်ပြီး စောတင်မောင်ကိုလည်း စိတ်ဆိုး၊ ကိုယ်ဝန်လည်း ဖျက်ရမှာ သနားလို့ သောကရောက်ပြီး ငိုလည်းငိုမိ၊ ဟုတ်လည်း ရယ်မိနေလို့ အမေတို့ စိုးရိမ်ပြီး အစ်ကို့ကို ခေါ်ထု

www.burmeseclassic.com

www.burmeseclassic.com

တာပါ။ အစ်ကိုက နော့်ကို ပြုစားတာလို့ဆိုပြီး ဝင်ပူးခိုင်းနေလို့ ရယ်လည်း ရယ်ချင် ဒေါသလည်းဖြစ်လို့ အစ်ကို့ကို ထော်လော်ကန့်လန့်လုပ်တော့ အစ်ကို့ရဲ့ ကြိမ်ချက်မိသွားလို့ တစ်အားနာပြီး အစ်ကိုဖြစ်စေချင်တဲ့ ပယောဂရောဂါသည်ယောင်ဆောင်ပြီး အစ်ကိုရေးတဲ့ဇာတ်ကို အစ်ကို့အလိုကျ နော် ကပေးရတာပါ။

အစ်ကိုရိုက်လို့ နော် နာတာကို စောတင်မောင်တွေ့ပြီး သနားလို့ မလေး မသွားဖြစ်ဘော့ဘဲ အမေတို့ကို နားဖောက်ပြီး လက်ထပ်လိုက်ကြတာပေါ့။ ဒါကြောင့်မို့ အစ်ကို ပယောဂဆရာ ရိုက်တဲ့ဖူးစာပေါ့ အစ်ကိုရယ်။ ဟီး...ဟီး...ဟီး'

ကရင်မလို့ မပြောရပါဘူး၊ ပွင့်လင်းလိုက်တာ လွန်ပါရော။ ကျွန်ုပ်နဲ့ ဆရာတင်အောင်ကျွမ်းတို့လည်း နော်သန်းလှ စကားဆုံးသွားလို့ ရယ်လိုက်ရတာ။ ဆရာလေးရန်ဟဲဟဲကတော့ မရယ်နိုင်ရှာပါဘူး။ အီးမှန်ထားတဲ့ မျက်နှာနဲ့ စူပုပ်နေပါတယ်။ နော်သန်းလှက ကန်တော့ပါရစေဆိုမှ ကျွန်ုပ်တို့ ရယ်တာကို ရပ်လိုက်ပါတော့တယ်။

နော်သန်းလှတို့မောင်နှံ ကန်တော့ပြီးပြန်သွားမှ ကျွန်ုပ် သိချင်တာကို မေးကြည့်လိုက်ပါတယ်။

'ဆရာရန်ဟဲဟဲကို မသိလို့ မေးရဦးမယ်။ ဆရာ့ဘယ်တုန်းက ပယောဂကုတဲ့ဆရာ ဖြစ်သွားတာလဲ'

'ရှက်လိုက်တာ ဆရာကြောင်ရယ်။ ကရင်မ နော်သန်းလှ ပါးလို့ ဘေးလူတွေ မသိကြတာ။ နောက်ကုဖို့တော့ ကြောက်သွားပါပြီဗျာ။ ကျွန်တော့်ကို ကုသခိုင်းပြီး သင်ပေးလိုက်တဲ့ ဆရာက ဘားအံမြို့မှာ ပယောဂကုနေတဲ့ ဘိုးတော်တင့်လွင်(မုပ္ပလင်) ဆရာဆီက သင်လာတာပါ။ တစ်ပတ်အခ်ိန်ဘန်ဝင်ပြီး ဘိုးတော်တင့်လွင် လက်ဝါးရိုက်ပြီး ပယောဂကုခိုင်းခဲ့တာပါ။

'ဆရာ အဓိဋ္ဌာန်ဝင်တာ ဘယ်တောင်မှာလဲ'

'တောင်မှာ မဟုတ်ပါဘူး၊ ရွှေရင်မျှော်ဘုရားပေါ်မှာပါ'

'ဩော်...ဒါဆို ဆရာရန်ဟဲဟဲကို ရွှေရင်မျှော်ဂိုဏ်းဆရာလို့ ခေါ်ရမှာပေါ့နော်'

'ဟာ...ဆရာကြောင်ကလည်းဗျာ'

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး **ဟိမဝန္တာ သွေးသန့်ဆေး**

ခရုသင်း သမင်ဖြူ။

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရိုရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိက်၊ ရေယုန်၊ မှက်ခဲရုန၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိုမက် အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အကင်စားသုံးလျှင် အစာအိမ်ရောင်ရောဂါဖြစ်နိုင်

ယခင်က အပြင်စာ စားလေ့မရှိသော်လည်း ယခုအခါ ညဘက်တွင် အိမ်ပြင်ပထွက်ပြီး အပြင်စာ စားသည့် အလေ့ တိုးပွားလာသည်။ ရှေးက အပြင်စာအဖြစ် လက်ဖက်သုပ်၊ ချင်းသုပ်၊ အသုပ်ဆိုင်၊ ရာသီအလိုက်ပေါ်သော ပြောင်းဖူးမီးဖုတ်၊ ထန်းမြစ်ဖုတ် စသော ရိုးရာဆိုင်ကလေးများသာ ရှိသည်။

ယခု ဆယ်စုနှစ်အတွင်း ရိုးရာအသုပ်ဆိုင်ကလေးများ ညဘက်တွင် ပျောက်ကွယ်ပြီး စည်ဘီယာဆိုင်များနှင့် တွဲဖက်ကာ အကင်ဆိုင်များ ပေါ်လာသည်။ သာမန်အသားကင် တစ်ကင်ကိုပင် ငါးရာ၊ တစ်ထောင် ပေးရသော်လည်း စားသုံးသူများမှာ ဆိုင်အပြည့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ မြန်မာ့ရိုးရာ အစားအစာမှာ ပျောက်ကွယ်ပြီး တရုတ်ရိုးရာအစားအစာဖြစ်သော အကင်နှင့် မာလာဟင်းဆိုင်များ တိုးပွားလာနေကြောင်း တွေ့ရသည်။

မြန်မာ့ရိုးရာအစားအစာထက် အကင်များကို လူများ ပိုမိုနှစ်သက်ကြခြင်းမှာ အနံ့၏ ဆွဲဆောင်မှုကြောင့် ဖြစ်သည်။ အကင်ပြုလုပ်ရာတွင် ဟင်းရွက်ဆီ တစ်မျိုးနှင့် ပျားရည်ကို ရောစပ်ပြီး အသားတွင် သုတ်လိမ်းပြီးမှ မီးသွေးမီးဖိုတွင် ကင်ကြသည်။ ဆီနှင့် မီးအပူ တွေ့သောအခါ လောင်ကျွမ်းပြီး ကျက်လွယ်သည်။ ပျားရည်၏ အချိုဓာတ်က အသားနှင့် ငါးများအတွင်းသို့ စိမ့်ဝင်သွားသည်။ အနံ့မှာလည်း သာမန်ချော်နံ့မျိုး မဟုတ်ဘဲ မွှေးသည့်အနံ့ ထွက်လာသည်။ ဇစ်စ်ဘားမှ ဖြတ်သွားသူများပင် စားချင်စိတ် ဖြစ်ပေါ်စေနိုင်သည်။

သို့သော် အကင်ကြိုက်သူများ အထူးသတိထားသင့်သည်မှာ အကင်တွင် ကပ်ငြိပါလာသော မီးခိုးငွေ့နှင့် ကြပ်ခိုးများပင် ဖြစ်သည်။ ဝမ်းထဲရောက်လျှင် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် ဒုက္ခပေးနိုင်သည်။ အစာအိမ်ကို ရောင်စေနိုင်သည်။ မည်းတူးနေသည့် တြပ်ခိုးပါသော အကင်များ စားသုံးခြင်းကြောင့် ကင်ဆာရောဂါ ဖြစ်နိုင်ကြောင်း အနောက်တိုင်းဆေးပညာများနယ်များတွင် ရေးသားကြသည်။

တိုင်းရင်းမြန်မာဆေးပညာ ရှုထောင့်မှ အမြင်တွင် မီးခိုးနံ့ပါသော အစာသည် မန်းစာဖြစ်သည်။ မန်း၏ သဘောမှာ ရောင်ပြီး အနာဝင်စေနိုင်သော သဘောရှိသည်။ မည်းတူး၍ ကျွမ်းအောင်လောင်ထားသော အစာများကို မစားအပ်၊ တဖောဖောတ် ပြင်းစွာလောင်သော အစားအစာသည် အစာအိမ်ကို အပြစ်ပြုသည် (အကျိုးမပြု)။ အာယုဗေဒဆေးပညာတွင်လည်း ဝမ်းမီးငါးမျိုးရှိရာ ဘဿဝမ်းမီးဟု ခေါ်သော ပြာဖြစ်အောင် လောင်သော ဝမ်းမီးသည် လူကို ဒုက္ခအပေးဆုံး ဖြစ်သည်။

အသားစားသူများသည် မီးကင်၊ မီးဖုတ် စားခြင်း၊ ကြော်လှော်စားခြင်း မပြုဘဲ ရေဖြင့် ကျက်အောင် ပြုတ်စားခြင်း၊ ဆီလည်ရေလည် ဟင်းချက်စားခြင်းကဲ့သာ အန္တရာယ်ကင်းသော စားသုံးနည်း ဖြစ်ပါသည်။ မီးခိုးနှင့် ကြပ်ခိုးပါသော အစာများကို စားသုံးလျှင် အစာအိမ်ရောင်ရောဂါ၊ ထိုမှတစ်ဆင့် အစာအိမ်ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း ပညာရှင်များက သတိပေးခြင်း တင်ပြလိုက်ရပါသည်။

[ဆရာကြည်လွင်မြင့်(မုဒြာ)၏ ဆေးဆရာမှတ်စု စာအုပ်မှ ကောက်နုတ်ဖော်ပြသည်။]

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့...အုတ်ခဲတွေကိုပစ်ချတော့ ကျိုးကုန်မှာပေါ့။ အုတ်တစ်လုံးကို နှစ်ပြားနဲ့ဝယ်ရတာ။ အလကားရတာ မဟုတ်ဘူး"

"မူဆာမိ...မြေကြီးခဲတွေကို ရေတွင်းထဲ ပြန်မကျစေနဲ့။ ဒီကောင်တော့ သေတော့မှာပဲ"

ဗမာစကားကို ဘင်္ဂလားသံဝဲဝဲနှင့် အော်ဟစ်ကြိမ်းမောင်းနေသည့်အသံက ဆူညံနေသည်။ ဗောဓိကုန်းမြေတစ်ခုလုံး ရာဗီကားနှင့် အင်ဒရာတို့ မောင်နှမအသံက ဖုံးလွှမ်းနေသယောင် ထင်ရသည်။

ဘာပဲလုပ်လုပ် သူတို့စိတ်တိုင်း မကျ။

သူတို့ကိုယ်တိုင်လည်း အများနည်းတူ အုတ်ခဲသယ်နေကြ၏။ ရာဗီကားက အုတ်ခဲဆယ်လုံးကို ပခုံးပေါ်တင်ထမ်းလာသည်။ အင်ဒရာကတော့ မြေသယ်ကြိမ်ခြင်းထဲတွင် အုတ်ခဲများ စုပြုံထည့်ပြီး ခေါင်းပေါ် ရွက်သယ်သည်။

"အင်ဒရာနဲ့ ရာဗီကားတို့...နင်တို့အသံတွေပဲ ဆူညံနေတာပဲ။ ကုသိုလ်ရေးမှာ အကုသိုလ်မဖြစ်စေနဲ့"

မြေကြီးခဲများ သယ်ယူနေရာချရင်း ဖခင်ဖြစ်သူ ချမ်းဘရောင်းက သားနှင့်သမီးကို ဟန့်တားလိုက်၏။ ပြောရမရပါ။ အစ်ကိုဖြစ်သူ ရာဗီကားက အုတ်ခဲများကို ဒေါသတကြီး ပစ်ချလိုက်သည်။ ညီမလုပ်သူ အင်ဒရာကလည်း သူမအစ်ကိုပုံစံအတိုင်း မြေကြီးပေါ် သွန်ချပြန်သည်။

ရဲနွယ်မောင် (သုံးဆယ်)

မြင့်မြတ်သော ဘုံဘဝမှာ စံစားနိုင်ပါစေ

www.burmeseclassic.com

www.burmeseclassic.com

အုတ်ခဲငါးလုံးလောက် ကျိုးပဲ့သွား၏။

'နင်တို့ သူများကျတော့ ပြောနေတယ်။ ခုကြည့်စမ်း၊ အုတ်ခဲတွေ ကျိုးကုန်ပြီ'

ဖခင်စကားမဆုံးမီမှာပင် မောင်နှမနှစ်ယောက် အုတ်ပုံရှိရာ ခြေဆောင့်ထွက်သွားတော့သည်။ ဗောဓိကုန်းမြေတစ်ခုလုံး ဘင်္ဂလားအလုပ်သမားများ ပြည့်နှက်နေ၏။ ရာမီကားတို့ မိသားစုက ဘင်္ဂလားပြည်နယ်မှ ရောက်လာကြသည့် ဟိန္ဒူဗုဒ္ဓဘာသာ မိသားစုများ ဖြစ်ကြသည်။ ထိုစဉ်က ဗြိတိသျှလက်အောက်ခံအဖြစ် မြန်မာပြည်ကို အိန္ဒိယပြည်နယ်တစ်ခုအဖြစ် အုပ်ချုပ်နေချိန်ဖြစ်၏။ မြန်မာ့လယ်မြေလုပ်ငန်းတွင် လိုအပ်သော အလုပ်သမားကို ဘင်္ဂလားမှ ခေါ်သွင်းလာသည်။ မြန်မာ့မြေတွင် ဘင်္ဂလားသားတို့က ကြိုရာကျပန်း လုပ်ကြ၏။ လယ်လုပ်သားဆိုလည်း သူတို့၊ မြေတူး မြေသယ် အုတ်ဖုတ်ရုံတွင်လည်း သူတို့၊ သင်္ဘောဆိပ်ကမ်း ကုန်တင်ကုန်ချကိုတ်တို့လည်းသူတို့ မြန်မာနိုင်ငံ၏ အောက်ခြေလုပ်ငန်းခွင်မှန်သမျှ ဝင်ရောက်လုပ်ကိုင်လာကြ၏။

အင်ဒရာတို့မိသားစုလည်း အခြားလုပ်သားတို့နှင့်အတူ အလုပ်ရှင် ကန်ထရိုက်တော်မင်းများ အစီအစဉ်ဖြင့် လုပ်ငန်းရှိရာ နယ်တကာ လှည့်လုပ်ကိုင်ကြရသည်။ တစ်နေရာလျှင် အနည်းဆုံး နှစ်နှစ်၊ သုံးနှစ် ကြာတတ်၏။ ခုလည်း ဗောဓိကုန်းမြေတွင် အုတ်ဖုတ်၊ မြေကျင်းတူး၊ အုတ်သယ်၊ အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် မိသားစုလိုက် လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ဗောဓိကုန်းမြေကား သုံးဆယ်မြို့လေး၏ အရှေ့ဘောင် ဘက် နှစ်မိုင်အကွာ၌ရှိ၏။ သစ်ကြီးဝါးကြီးတို့ အုပ်မိုးဝန်းရံနေပြီး အရိပ်အာဝါသကောင်းလှသည့် သာသနာ့နယ်မြေဖြစ်သည်။ ကျယ်ဝန်းသည် မဆိုသာသော်လည်း ခြောက်ဧကမျှ တော့ရှိသည်။ ဤနယ်မြေတွင် ဗောဓိညောင်ပင်ကြီး ထီးတည်းမားမား ရှိနေသဖြင့် ဗောဓိကုန်းမြေဟု ခေါ်လာခြင်းဖြစ်၏။ ယင်းကုန်းမြေနှင့် ရိုးချောင်းငယ်လေးသာခြားလျှင် ထူပါရုံတိုက်ခေါ် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။

ကျောင်းဒကာရင်းများက ဗောဓိကုန်းတွင် သီလရှင် ဓရုပ်များ၊ ရေတွင်း ရေကန်များ ဆောက်လုပ်လှူဒါန်းသော အခါ ဘင်္ဂလားအလုပ်သမားတို့ နှစ်ချီ၍ အလုပ်လုပ်ခွင့်ရကြ၏။ အလုပ်သမား မများလှ။ အင်ဒရာတို့မိသားစုအပါအဝင် အင်အားသုံးဆယ်မျှသာရှိသည်။ သူတို့မိသားစုခုနစ်ယောက် လုံး လုပ်ကိုင်နေကြသည်။

နှစ်ချီလုပ်လာရင်း ငွေကြေးစုဆောင်းမိလာချိန်တွင် မိသားစုကုသိုလ်အဖြစ် ရေတွင်းတူး ဖော်လှူဒါန်းနေချိန်ဖြစ်၏။ မိသားစုကိုယ်တိုင် ရေတွင်းတူး၊ မြေကြီးတင်၊ အုတ်စီပြီးသည်အထိ လုပ်အားဖြင့် ကုသိုလ်ပြုနေကြသည်။

'မနက်ဖြန် အုတ်စီနိုင်အောင် လုပ်ရမယ်။ မြေစာခဲတွေကို အပေါ်က စက်သီးကြိုးနဲ့ ဆွဲတင်ရမယ်။ တို့မိသားစု ပျော်ပျော်ရွှင်ရွှင် လုပ်ကြမယ်ကွာ'

'အပါးကတော့ ပြောလိုက်ရင် စိတ်ချမ်းသာစရာပါပဲ။ အပါးသားနဲ့သမီးကို ဒေါသမကြီးအောင် ပြောထားပါဦး'

သမီးအကြီးဆုံးဖြစ်သူ အာဂျီမာက စကားနာထိုးလိုက်သည်။

'နင် စကားပြောတာ ကြည့်ပြောနော်။ တို့က ဘာလုပ်နေလို့လဲ'

အင်ဒရာက ဆတ်ဆတ်ထိမခံ မကျေမနပ်လေသံနှင့် ပြန်ပြောသည်။ သူမက မိသားစုတွင် အငယ်ဆုံး၊ အစ်ကို ရာမီကားနှင့် စိတ်ချင်းတူသည်။ သာတူညီမျှ လုပ်ချင်သည်။ ခိုတာကပ်တာ မကြိုက်။ သည်တော့ စိတ်တိုတိုဖြင့် ဟစ်အော်ပြောဆိုတတ်ကြသည့် သူတို့နှစ်ဦး စရိုက်က ဖျောက်ဖျက်မရပါ။

'တော်ကြစမ်း၊ နင်တို့ပါးစပ်တွေ ပိတ်ထား'

ဖခင်ဖြစ်သူ ချန်ဘရောင်း ခပ်ထန်ထန်လေး ကြိမ်းလိုက်မှ ငြိမ်သွားကြ၏။ သည်လိုနှင့် ရေတွင်းအုတ်စီအချောကိုင်အဆင့် ရောက်လာသည်။ မြေပေါ်ရှိ ရေတွင်းပေါင်းကို အတွင်း၊အပြင် အင်္ကျီတေအချောကိုင်ထားသည်။ ရေတွင်းမှ ရေခပ်ယူနိုင်ရန် အုတ်တိုင်နှစ်ခုအပေါ် သစ်သားတန်းကြီး ပြေး၍ စက်သီးတပ်ဆင်ထား၏။ ရေဆွဲတင်ရန် ကြိုးနှင့် ရေပုံးက အဆင်သင့်။ မိသားစုအားလုံး သူတို့ကုသိုလ်အတွက် ဝမ်းသာဝမ်းပီတိ ဖြစ်နေကြသည်။

သံဃာတော်များ ပင့်ဖိတ်၍ ရေစက်သွန်းချ အမျှဝေကာ ရေတွင်းလှူဒါန်းသည်။ ရေတွင်းအနီး မဏ္ဍပ်ထိုးပြီး ဗောဓိကုန်းရှိ အလုပ်သမားများအား ဝဲနှင့် ချာပါတီ ကျွေးသည်။ ရေစက်သွန်း ချိန်မှာတော့ သမီးအလတ်မ ယူလာသည့် ရေစက်ခွက် လွတ်ကျ၏။ အင်ဒရာတို့ မောင်နှမ ဒေါသပုန်ထတော့သည်။

'ဟဲ့..ဟဲ့..ဒီလိုမဖြစ်နဲ့လေ။ ကုသိုလ်ယူချိန်မှာ ဒေါသမပါစေနဲ့'

www.burmeseclassic.com

www.burmeseclassic.com

သံဃာတော်အရှင်မြတ်တို့က တားမြစ်တော်မူကြ၏။ လုပ်ငန်းကြီးကြပ်သူ ကပ္ပိယကြီး ဦးလုံထော်ကိုယ်တိုင် မောင်နှမနှစ်ဦးကို အတင်းဆွဲထိုင်ခိုင်းပါသည်ဆို ဖြစ်ခဲ့ကြ၏။

'သားတို့,သမီးတို့..စိတ်လျှော့ကြပါ။ ကုသိုလ်ရေးမှာ စိတ်ကိုထိန်းပြီး ပြုနေတဲ့ကောင်းမှုကို အာရုံပြုနေရမယ် ကွယ့်'

နောက်တစ်နှစ်အကြာ ဗောဓိကုန်းဆောက်လုပ်ရေး လုပ်ငန်းများ ပြီးဆုံးခါနီးမှာတော့ မောင်နှမနှစ်ယောက်လုံး ဝမ်းပျက်ရောဂါဆိုးဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြသည်။

'ရေတွင်းလှူတဲ့ကုသိုလ်ကြောင့် အင်ဒရာတို့မောင်နှမ ကောင်းရာသုဂတိရောက်ပါစေ'

ဗောဓိညောင်ပင်ရင်း သီတင်းသုံးနေတော်မူသည့် ဗုဒ္ဓ ရုပ်ပွားတော်မြတ်ထံပါး ကပ္ပိယကြီးဦးလုံထော် ဆုတောင်း မေတ္တာပို့နေမိပါသည်။

♦ ♦ ♦

'ဘာပြောတယ်၊ ပွဲခင်းကန်ထရိုက် ဦးကျော်အောင် ဆုံးသွားပြီ၊ ဟုတ်လား'

'အေးလေ..မနေ့က နေ့လယ်ပိုင်း ဘုရားပွဲခင်းမှာ ဇာတ်ရုံဆောက်နေတုန်း အောင့်တယ်,အောင့်တယ်ဆိုပြီး နေရာတင် အသက်ဖြတ်သွားတာတဲ့တော့်'

မဟာထူပါရုံဘုရားပွဲတော်ကြီးကျင်းပရန် ရက်အနည်းငယ်သာ လိုတော့သည်။ ဗောဓိကုန်းနှင့် ရိုးဝှောင်းငယ်သာ ခြားနေသည့် ထူပါရုံကျောင်းတောင်ဘက် တောင်ကုန်းမို့မို့တွင် မဟာထူပါရုံစေတီတော်ရှိသည်။ ဗောဓိကုန်းကား အသွင်ပြောင်းခဲ့ပါပြီ။ တန်ဆောင်း၊ ဇရပ်များ မရှိတော့။ နှစ်ပေါင်းရာချီနေပြီမို့ အဆောက်အအုံ၊ ရေတွင်း၊ ရေကန် အပျက်အစီး အစအနများသာ ကျန်တော့သည်။ ဗောဓိကုန်းမြေအရှေ့ဘက်တွင် လူနေရပ်ကွက်လေး ဖြစ်နေပါပြီ။ သာသနိကအဆောက်အအုံများ ပျောက်ကွယ်သွားသော်လည်း ရွာနတ်စင်တစ်ခု ရောက်လာသည်။ နတ်ကနားပွဲတို့ဖြင့်သာ စည်ကားနေပြီဖြစ်သည်။

ဘုရားပွဲတော်အတွက် ဈေးဆိုင်ခန်း၊ ဇာတ်ရုံဇာတ်စင်များ ဆောက်လုပ်နေချိန်ဖြစ်သည်။ ဗောဓိကုန်းမြေအတွင်း ရေတွင်းပျက်ပေါ်ခွ၍ ဇာတ်ခုံတစ်ခုထိုးသည်။ ဘုရားကုန်းတော်ရှေ့ ကွင်းတွင်လည်း ဇာတ်ရုံဆောက်သည်။ နှစ်စဉ် ကျင်းပသည့် ဘုရားပွဲမို့ တစ်နယ်လုံး အားခဲကြသည့်ပွဲကြီး ဖြစ်၏။

ဘုရားပွဲစတင်သည့် ညမှာပင်-

'ဗောဓိကုန်းထဲက ဇာတ်အဖွဲ့တော့ မကဖြစ်တော့ဘူး တဲ့။ ခေါင်းဆောင်မင်းသမီးနဲ့မင်းသား ဝမ်းလျှောပြီး..ဆေး ရုံတင်လိုက်ရတယ်'

နယ်ခံပရိသတ်တို့ စိတ်ပျက်ကုန်ကြပြီ။ ဘုရားကုန်းရှေ့ ဘက်က ဇာတ်ပွဲကိုလည်း ဘာဖြစ်မည်လဲ ဆိုသည့်စိတ်နှင့် ကြည့်နေကြ၏။ သို့ဖြင့် ထိုနှစ်က ဘုရားပွဲမှာ ခြောက်ကပ်ကပ်ဖြင့် ပြီးသွားရတော့သည်။ ဘုရားပွဲပြီးသည့်နောက် မရွေးမနှောင်းပင် ဗောဓိကုန်းမြေမှာ နတ်ဆိုင်းသံများ ဆူညံ လာပြန်သည်။ မြို့တော်ရှင် ရွာတော်ရှင်တို့အား နှစ်စဉ်ပူဇော်ပ,သသည့် နတ်ကနားပွဲကြီးဖြစ်သည်။ နတ်ပွဲကြီးကို ရိုးရာပွဲ၊ ပျော်ပွဲ၊ သို့က်ပွဲဟူ၍ သုံးရက်ပူဇော်ပ,သကြ၏။ နောက်ဆုံးနေ့ သို့က်ပွဲကရာတွင် ဒေသဝန်းကျင်ရှိ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ ကြွရောက်ကြရန် နတ်ကတော်က ပင့်ဖိတ်လိုက်သည်။ နတ်ပင့်သံဆုံးသည်နှင့် နတ်ပွဲကြည့်ပရိသတ်ထဲမှ မိန်းမနှစ်ဦး နတ်ကနားထဲသို့ ခုန်ပေါက်ဝင်လာသည်။ တစ်ဦးက အသံကျယ်ကြီးဖြင့် ကြိမ်းမောင်းသံပေးလာ၏။

'ငါတို့ကို မရိုမသေ လုပ်တဲ့သူတွေကို အသေသတ် မဟေ့'

နှစ်ဦးစလုံး မျက်ထောင့်နီကြီးတို့ဖြင့် မျက်လုံးကြီးများ ပြူးထွက်နေကြသည်။ အံကြိတ်ထားသည့် မေးရိုးများထင်း နှစ်ဖက် ကားထွက်နေ၏။ ဒေါသတကြီး ရန်လိုသည့် ပုံစံဖြင့် လက်သီးလက်မောင်းတန်းကာ ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်နေကြသည်။ နတ်ထိန်းတို့ ပျာပျာသလဲဖြစ်သွားကြပြီး နတ်ဝင်ပူးနေသော မိန်းမနှစ်ဦးကို ခါးစည်းကြိုးများ ချည်နှောင်ပေးကြ၏။

'အခုကြွလာတဲ့ အရှင်ကြီးများ.. အမိန့်ရှိတော်မူပါ အမှားရှိရင်လည်း ခွင့်လွှတ်တော်မူပါ'

'ဟဲ့..နင်တို့ မသိကြဘူး မဟုတ်လား။ ရာမီကားနဲ့ အင်ဒရာတဲ့ဟေ့။ တို့မောင်နှမက ရေတွင်းပျက်မှာ နေကြတာ'

သူတို့နှာမည်တွေကို ထုတ်ဖော်ပြောရင်း ဗောဓိကုန်း အတွင်း ကညင်ပင်ကြီးအောက်ရှိ ရေတွင်းပျက်ရှိရာ ခေါ်သွားကြသည်။ နတ်ကနားပွဲနှင့် ကိုက်တစ်ရာလောက်ထွေး သည့် ရေတွင်းပျက်ပေါင်နှတ်ခမ်းပေါ် တက်လာနေကြပြီ

www.burmeseclassic.com

၏။ နတ်ဆိုင်းတီးသူတို့ကလည်း ရာမီကားနှင့် အင်ဒရာဆိုသည်နှင့် ကုလားဆိုင်း တီးပေးကြတော့သည်။

'ငါတို့နေရာမှာ ဇာတ်စင်လာထိုးတယ်။ ခွင့်မတောင်းဘဲ ထင်ရာလုပ်တဲ့ကောင် သေပြီမဟုတ်လား'

နတ်ဝင်ပူးသူ မိန်းမနှစ်ဦးက ဆိုင်းချက်နှင့် အံဝင်ခွင်မကျ ခုန်ပေါက်ကနေကြရင်း သူတို့ မကျေနပ်ချက်ကို ပြောဆိုနေသည်။ မကြာလိုက်ပါ၊ နှစ်ဦးသား ရေတွင်းပေါင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ခွေလဲကျသွားတော့၏။ အခုမှ အဖြေပေါ်လာပါပြီ။

'ဘုရားပွဲခင်းကန်ထရိုက်တာ သေရတာ ဒီမောင်နမကြောင့်ကိုး'

ဗောဓိကုန်းရပ်ဝန်းနေသူတို့ ကြောက်လန့်သွားကြသည်။ နတ်ကတော်များနှင့် တိုင်ပင်ပြီး ရေတွင်းပျက်ပေါင်ပေါ်တွင် အုန်းငှက်ပျောပွဲနှင့် လက်ဖက်ပွဲတင်ကာ တောင်းမန်ကြသည်။

'အရှင်ကြီးများ..ခွင့်လွှတ်တော်မူပါ။ မသိလို့ မှားခဲ့သည်ကိုလည်း သည်းခံတော်မူပါ'

ထူးခြားသည်ဟု ဆိုရမည်လား၊ လက်ဖက်ပွဲကို ပိတုန်းကောင်အရွယ်ရှိ ယင်မမဲရိုင်းကြီးနှစ်ကောင် လာနားသည်။ ဦးဆောင်တင်မြောက်သူ နတ်ထိန်းကြီးပင် ရင်တုန်မန်းတုန်ဖြစ်သွား၏။

'အမယ်လေး..ကြောက်စရာကြီးပါလား။ အသစ်ထည့်နေကြပါ။ မောင်းမထုတ်လိုက်ပါနဲ့'

တောင်းပန်သူတို့က ကန်တော့ပွဲနှင့် လက်ဖက်ပန်းကန်ကို ချက်ချင်းပြန်မသိမ်းကြ၊ ညပိုင်းအထိ တင်မြောက်ထားခဲ့သည်။ နောက်တစ်နေ့ မနက်လင်းချိန် ပွဲသိမ်းရန်လာတော့ ကန်တော့ပွဲနှင့် လက်ဖက်ပွဲ မရှိတော့ချေ။

'ညက ဧရေတွင်းပျက်နားမှာ အရိပ်မည်းမည်းကြီးတစ်ကောင် တွေ့လိုက်တယ်'

ထိတ်လန့်စရာ စကားသံများ ထွက်လာ၏။ ယုံသူလည်း ရှိသည်။ အချို့ကျတော့ သူခိုး,ခိုးသွားတာပဲ့ ဖွပ်စွပ်ကြသည်။ မကြာခင် အဖြေက ပေါ်လာသည်။ ဤရက်ပိုင်းအတွင်း ဗောဓိကုန်းရပ်ကွက်နေသူ ဒေါ်မြခင် ကွယ်လွန်သည်။ ရပ်ရွာဓလေ့အတိုင်း ဝိုင်းဝန်းကူညီကြရာမှ ပျောက်ဆုံးသွားသည့် ကန်တော့ပွဲဇလုံနှင့် လက်ဖက်ပြင်ပန်းကန်ကို ပြန်တွေ့ရသည်။

'ဒီကန်တော့ပွဲတွေများ ခိုးစားရဲတယ်တဲ့တော်။ ဟို မောင်နမက သူ့ကို သတ်လိုက်တာနေမှာပေါ့'

တီးတိုး,တီးတိုး သဖန်းပိုးသံများ ဆူညံလာပြန်သည်။ သည်ဖြစ်စဉ်များက ဗောဓိကုန်းအနီး ရပ်ကွက်နေသူတို့အတွက် သွေးလန့်စရာဖြစ်ခဲ့၏။ ခါတိုင်း ဗောဓိကုန်းမြေကို နေ့ရောညပါ ဖြတ်သန်းသွားလာကြမြဲ။ ခုတော့ အနားတောင် မသီရဲကြတော့။ ဘေးမှ ကွေ့ရှောင်သွားလာကြတော့သည်။ ကုလားလေးမောင်နမ မကောင်းကြောင်း နှုတ်ကပင် ယောင်ယမ်းမပြောရဲ။ သူတို့ ကြားသွားမှဖြင့် ဒုက္ခပဲဆိုသည့် ကြောက်ရွံ့မှုများ ဝန်းကျင်နယ်မြေတစ်ခုလုံး ရေတွင်းပျက်နှင့် ဗောဓိကုန်းကို ကြောက်ရွံ့ထိတ်လန့်နေခဲ့ကြသည်မှာ ခုဆိုလျှင် နှစ်နှစ်ဆယ်ကျော်ခဲ့ပါလေပြီ။

♦ ♦ ♦

'ဖြစ်စဉ်ကတော့ ဒါပါပဲ မောင်ကျော်မောင်ရေ၊ မင်းတို့ လူငယ်တွေ မယုံကြည်တာကို အဘ အပြစ်မတင်လိုပါဘူး။ ဗောဓိကုန်းမြေက လူတွေကတော့ ခုချိန်ထိ ကြောက်နေကြတုန်းပါပဲ'

အဘဦးထွန်းလင်းက စကားကို အဆုံးသတ်ရင်း သက်ပြင်းရှိက်လိုက်၏။ ကိုကျော်မောင် ဘယ်လိုတုံ့ပြန်ရမှန်းမသိတော့။ သူတို့လူငယ်တွေ စုစည်းပြီး အဘဃသုခကုသိုလ်ဖြစ်ဆေးခန်းလေးတစ်ခု ဗောဓိကုန်းမြေတွင် ဆောက်လိုကြသည်။ မဟာထူပါရုံသာသနာမြေဖြစ်သဖြင့် ကျောင်းထိုင်ဆရာတော်ကြီး၏ ခွင့်ပြုချက်လည်း ရခဲ့ပြီ။ ခက်နေသည်က ဗောဓိကုန်းဝန်းကျင်နေသူတို့က ကန့်ကွက်နေခြင်းပင်ဖြစ်သည်။ ရေတွင်းပျက်ရှိရာ ကုန်းမြေက ကြမ်းတမ်းသည်။ ဖမ်းစားသည်။ အဆောက်အအုံဆောက်လျှင် သူတို့ကို ထိခိုက်လာလိမ့်မည်။ အစဉ်အလာ အစွဲကြီးက ရှိနေကြပါ၏။

ကုလားလေးမောင်နမနတ်ကို ခွင့်တောင်းပြီးမှဆောက်ပါဆိုသည့် တောင်းဆိုချက်များ နောက်ဆုံး အဘဃသုခအမှုဆောင်တို့ မကျေမနပ်ဖြင့် ကန်တော့ပွဲတစ်ပွဲပေးတောင်းခဲ့ရသည်။ ကန်တော့ပွဲဖိုး ကုန်၍မဟုတ်၊ ကုသိုလ်ရေးမှာ ဘာမဟုတ်သည့်နတ်က ဝင်ရှုပ်နေရသလားဆိုသည့် အတွေးက ရှိနေကြသည်လေ။

'သူတို့က သာသနာ့နယ်မြေမှာလည်း နေသေးတယ်၊ သူတို့ပိုင်မြေမဟုတ်ဘဲ ခွင့်တောင်းရတာတော့ သဘာဝမကျဘူးဗျာ'

ကိုကျော်မောင်ကိုယ်တိုင် ဘဝင်မကျ။ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ကြောက်နေကြတာလဲဆိုသည့်အတွေးက ဝင်လာသည်။ သိချင်စိတ်ဖြင့် မေးမြန်းစုံစမ်းရာမှ အဘဦးထွန်းလင်းနှင့် ဆုံခဲ့ရ၏။ အသက်ရှစ်ဆယ်ကျော် ရှေ့မိနောက်မီ အဘထံမှ ရာမီကားနှင့် အင်ဒရာတို့အကြောင်း သိလိုက်ရသည်။

'သူတို့က ဘာတွေလဲ အဘ၊ ပြိတ္တာတွေလား။ ကျွန်တော်တို့ကို ဆက်နှောင့်ယှက်နေရင် ဒုက္ခပဲ'

'ဒီအကြောင်းတွေကို အဘရဲ့ဖခင် ကပ္ပိယကြီး ဦးလုံထော် ပြောပြခဲ့လို့ သိရတာပါ။ အဘပြောပုံအရတော့ သူတို့ဟာ ပြိတ္တာတွေ မဟုတ်ဘူးတဲ့။ ဝိနိပါတိက အသူရနတ်မျိုးတွေလို့ ပြောခဲ့တယ်။ ဝိနိပါတိကဆိုတာက နတ်သေးနတ်မွား အရောင်ဝါမှေးမှိန်တဲ့ နတ်တွေပေါ့ကွယ်'

'နတ်ဖြစ်တာတောင် နတ်အညံ့စားတဲ့လား အဘရယ်။ ဘာဖြစ်လို့ ခုလိုဖြစ်ရတာလဲဟင်'

'အမှန်တော့ ရေတွင်းရေကန် လျှုခဲ့ထဲကုသိုလ်ကြောင့် နတ်ဖြစ်လာရတာပဲ။ ဒါပေမဲ့ အလှူဒါနပြုစဉ်မှာ အမျက်ဒေါသ မထိန်းနိုင်ခဲ့လို့ ခုလို နတ်မျိုးမှာ ဖြစ်နေရတာပေါ့'

ကိုကျော်မောင် စိတ်မကောင်းဖြစ်သွားရသည်။ သင်ခန်းစာလည်း ရလိုက်ပါ၏။

ကုသိုလ်ပြုရင် အမျက်ဒေါသကို ရှောင်ပါ ဆိုသည့် အသိတရားတစ်ခု။ လောဘနှင့်သေလျှင် ပြိတ္တာ၊ ဒေါသနှင့်သေလျှင် ငရဲ၊ မောဟနှင့်သေလျှင် တိရစ္ဆာန်ဘဝ ရောက်သည် ဆိုသည်ကို မှတ်သားဖူးပါ၏။ စုတိစိတ်ကျခါနီးမှာ လောဘ၊ ဒေါသ၊ မောဟတရားတို့ကို ကျော်နိုင်ခဲ့သော်လည်း သူတို့မောင်နှမအဖြစ်က ဉာဏ်မြင်ကန်းခဲ့ခြင်းသာဖြစ်သည်။ စိတ်တိုအလိုမကျမှုကြောင့် ကုသိုလ်အကျိုးအပြည့်အဝ မရခဲ့ဘူးလေ။

'သူတို့အတွက် ကောင်းမှုပြုပြီး အမျှဝေရင် သာဓုခေါ်နိုင်ပါ့မလား အဘ'

'ခေါ်နိုင်တာပေါ့ကွယ်။ သူတို့က နတ်မျိုးနွယ်တွေပဲ။ လုက်ရှိဘဝထက် အခြေမြင့်တဲ့ ဘုံဌာနမှာ ခံစားနိုင်ပါလိမ့်မယ်'

ကိုကျော်မောင် ဝမ်းသာသွား၏။ ကနဦးတုန်းကတော့ ကိုကျော်မောင် မကျေနပ်ခဲ့။ ကုသိုလ်ရေးမှာ ကန်စောင့်ပွဲပေးခဲ့ရသည်မို့ စိတ်ထဲ ခိုးလိုးခုလုပ်ခဲ့သည်။ တကယ်တမ်းဖြစ်စဉ်ကို သိလိုက်ချိန်မှာ ယူကျုံးမရ ဖြစ်ခဲ့ရပါ၏။ နှစ်ပေါင်းရာကျော်လာသည့်တိုင် သူတို့မောင်နှကို အမျှပေးဝေသူမရှိခဲ့။ မေတ္တာဖြင့် ဖေးမ၊ ကူညီရကောင်းမှန်း မသိကြဘဲ အကြောက်တရားသက်သက်ဖြင့် ရှောင်ရှားခြင်းခံနေရသည် မဟုတ်ပါလား။ ကိုကျော်မောင် ဆုံးဖြတ်လိုက်ပါသည်။ အမှုဆောင်အဖွဲ့ဝင်များနှင့် တိုင်ပင်ပြီး ဆေးခန်းလေးဆောက်လုပ်မည့်နေရာတွင် မြေသန့်မင်္ဂလာပွဲလေး ကျင်းပရန် စီစဉ်တော့သည်။

'ရာမီကားနဲ့ အင်ဒရာတို့ မောင်နှမခင်ဗျား...မနက်ဖြန် မြေသန့်မင်္ဂလာပွဲမှာ ဘုရားအမျှပြုပြီး သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ဆေး လှူဒါန်းကုသိုလ်ပြုပေးမယ်။ သင်တို့အား အထူးရည်မှန်း၍ အမျှပေးဝေလိုက်တယ်။ တရားတော်အတူတကွနာယူကြပြီး သာဓုအနုမောဒနာခေါ်ရအောင် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါတယ်'

မြေသန့်မင်္ဂလာပွဲမတိုင်မီ အကြိုနေ့ ညနေပိုင်းတွင် ရေတွင်းပျက်ရှိရာသို့ ကိုကျော်မောင် သွားရောက်ပြီး ရာမီကားတို့ မောင်နှမအား ဖိတ်ကြားသည်။ သူတို့ ကြားသိနိုင်ပါစေရယ်လို့လည်း ဆန္ဒပြုနေမိပါသည်။ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်မှာ ဘုရားအမျှပူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ဆေး သုံးမျိုးသော အာမိသပူဇာဖြင့် လှူဒါန်းပြီး ပရိတ်တရားတော်များ နာယူကြ၏။ ကုသိုလ်ကောင်းမှု အစုစုကိုလည်း အမျှပေးဝေသည်။

'ကျွန်ုပ်တို့ ယနေ့ယခုပြုခဲ့သည့် ကောင်းမှုကုသိုလ်တို့၏ အစို့ဘာဂကို ရာမီကားနှင့် အင်ဒရာတို့အား အထူးပြုအမျှပေးပါ၏။ ဗောဓိကုန်းမြေတွင် မှီတင်းနေထိုင်ကြတော ပုဂ္ဂိုလ်အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ ဗြဟ္မာလည်ကုန်သည့် ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှဝေပါ၏။ ကြားကြားသမျှ အမျှ...အမျှ...ယူတော်ကြပါကုန်လော့'

'သာဓု...သာဓု...သာဓု'

အလှူပွဲကြွလာ ပရိသတ်အပေါင်းတို့၏ သာဓုခေါ်သံကား ဗောဓိကုန်းမြေတွင် ပဲ့တင်ထပ်သွားပေသည်။ အရှင်အဘယသုခအဖွဲ့ဝင်တို့ စိတ်နှလုံးချမ်းမြေ့ကြရပါသည်။

ယင်းအခိုက်မှာပင် -

'ဟေး...ကြည့်စမ်းပါဦး၊ ရေတွင်းပျက်နားက ဝါပင်ကြီး လှုပ်ခါနေတယ်ဟေ့'

ရုတ်တရက် ပရိသတ်ထဲမှ လူတစ်ယောက် အော်ကြောင့် ကိုကင်ငါးဆယ်မျှသာဝေးသည့် ရေတွင်းပျက်ဆီ အခမ်းအနား တက်လာသူအားလုံး မျက်နှာမူကိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com

ထူးထွေသည့် အံ့ရာသော်ဟု ဆိုရမည်လား။ လေမတိုက်မီမိုးမရွာဘဲ နံနက်ခင်းနေရောင်ခြည်အောက်တွင် ဝါးရုံပင်ကြီးတာ ယိမ်းနွဲ့လှုပ်ရှားနေသည်။ ရေတွင်းဘက်ဆီ ညွှတ်ကိုင်းထွေယမ်းနေသည်က ပို၍ထူးခြားနေပေသည်။

"ရာမီကားနဲ့ အင်ဒရာတို့ သာမုခေါ်နိုင်တာကို အသိပေးတာ ထင်ပါရဲ့"

ကိုကျော်မောင်တစ်ယောက် အတွေးတို့ဖြင့် ပိတ်ဖြစ်လိုက်ရပါသည်။ မည်သို့ပင်ဆိုပါစေ သူတို့မောင်နှမကို ကုသိုလ်ပြု အမျှဝေနိုင်ခဲ့ပါပြီ။ နှလုံးစိတ်ဝမ်း ချမ်းမြေ့စွာ ဒေါသတရားတို့မှ ကင်းဝေးစေကြောင်း ဆုတောင်းပေးနေမိခဲ့သည်။

ပြုခဲ့သည့်ကုသိုလ်ကောင်းမှုအတွက် စိတ်ချမ်းမြေ့စွာ ကိုကျော်မောင် အိပ်ရာဝင်ခဲ့သည်။ မျက်ခွံလေးများ တဖြည်းဖြည်း မှေးမှိတ်လာချိန် အိပ်ခန်းအတွင်း အလင်းရောင်တစ်ခုတိုးဝင်လာ၏။ လေးတွဲမှေးမှိတ်စပြုနေသည့် သူ့မျက်လုံးတို့ကို အလင်းတန်းက လှုပ်နှိုးနေပါပြီ။

မြင်လိုက်ရသည့်မြင်ကွင်းက ဆန်းကြယ်လှသည်။ ရွှေရောင်ပြိုးပြက် ကျောက်မျက်စီခြယ်ထားသည့် နတ်ဒေဝတာတန်ဆာတို့ဖြင့် ကိုယ်ရောင်ကိုယ်ဝါ တောက်ပထွန်းလင်းနေသော ပုဂ္ဂိုလ်နှစ်ဦး ကြည်လင်အေးမြသည့် မျက်လုံးအစုံတို့ဖြင့် သူ့ကို စူးစိုက်ကြည့်နေသည်။ ပြုံးယောင်သန်းနေသော မျက်နှာသွင်ပြင်တို့က နှစ်လိုလေးမြတ်ဖွယ်ရာ အသွင်အပြင်။ ကိုကျော်မောင်ရင်ထဲ တဒိတ်ဒိတ်ခုန်လာသည်။ စိုးထိတ်သည်လည်းမဟုတ်၊ ပီတိစိတ်လည်းမပီပြင်၊ ရောထွေးအံ့သြမှုတို့ဖြင့်သာ ကြည့်နေမိသည်။

ကြည့်နေရင်းပင် ပုဂ္ဂိုလ်နှစ်ဦးသည်အနက် မှုန်ဝါးဝါးဖြစ်လာပြီး ပျောက်ကွယ်သွားတော့၏။ အိပ်မက်လေလား တကယ်ပဲလားဆိုသည်ကို မဝေခွဲနိုင်တော့ပါ။ သူတို့မောင်နှမတွေများလားဟူ၍သာ မှတ်ယူလိုက်မိပေသည်။

မေတ္တာပေး၍ အေးချမ်းခဲ့ပါပြီ။ မေတ္တာရောစင်ဖြင့်သာ ငြိမ်းချမ်းရေးပန်းကို ပွင့်လန်းနိုင်စေကြောင်း ခံစားလိုက်ရသည်။ ကိုကျော်မောင် နှုတ်ခမ်းအစုံမှ လေသံခပ်ဖွဖွလေးဖြင့်ဟ်လာသည်။

ရာမီကားနှင့် အင်ဒရာတို့မောင်နှမ မြင့်မြတ်သောဘုံဘဝမှာ ချမ်းမြေ့စွာ စံစားနိုင်ပါစေ။

ရဲနွယ်မောင်(သုံးဆယ်)

ဖောရောင်ခြင်းပျောက်ဆေးအလင်္ကာ

ချင်းစိမ်းကို ထုချေကာ
သတ္တုရည်ကို ညှစ်ယူပါ
ထန်းလျက်နဲ့သာ
ရောလို့သောက်
အဖောအရောင်ပျောက်။

ဖောရောင်ခြင်းဖြစ်လျှင် ချင်းစိမ်းကို ထုချေ၍ အရည်ညှစ်ယူပြီး ထန်းလျက်နှင့် ရောသောက်ပါ။ ပျောက်ကင်းပါသည်။

[မောင်နန္ဒာ(မန္တလေး)၏ သိမှတ်စရာ ဆေးနည်းအဖြာဖြာ စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။]

www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်ရင်

တစ္ဆေမလေး

မလွမ်းပို

ယနေ့မနက် စံတော်ချိန် သတင်းစာဖတ်တော့ ဒီသတင်းကို ဖတ်လိုက်ရသည်။ ဘိုကလေးမြို့ သုသာန်ထဲတွင် ညအချိန်မတော် ၌ ကလေးများငိုသံ၊ အမေရေဟု ခေါ်သံများ ကြားနေရ၍ လာရောက်လေ့လာသူများ ညစဉ် ထောင်ချီရှိကြောင်း၊ ညဘက်တွင် ပွဲတော်ဈာစ်ခုပမာ လာ ရောက်လေ့လာကြ၍ အလွန်စည်ကားနေကြောင်း၊ ကွမ်း ယာ၊ ဆေးလိပ်၊ မုန့်ပဲသရေစာဆိုင်များနှင့် မစည်ကား အပ်သည့် နေရာတွင် စည်ကားနေကြောင်း ရေးသားထား သောသတင်း ဖြစ်သည်။

ဟုတ်သည်၊ မဟုတ်သည်တော့ မသိသော်လည်း မြို့ခံ (၉၀)ရာခိုင်နှုန်းက ထိုအသံများကို ကြားဖူးထားပြီးဖြစ်သည် ဟု ဖတ်လိုက်ရ၍ ကျွန်တော့်အနေနှင့် မယုံ၍ မရတော့ပေ။ ကျွန်တော်ကိုယ်တိုင်ပင် လွန်ခဲ့သောနှစ်(၃၀)ကျော်က

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ ကြုံခဲ့ဖူးပါသည်။ ဝိညာဉ်လောကဆိုသည်မှာ အမှန်တကယ်ပင် ရှိပါသည်။

♦ ♦ ♦

အချိန်ကား (၁၉၇၉)ခုနှစ်ကဖြစ်သည်။ ယခုရက်ပိုင်းတွင် သထုံမြို့လေးဌ ရေပန်းအစားဆုံး သတင်းမှာ သရဲခြောက်သော သတင်းပင် ဖြစ်သည်။ သထုံမြို့ ဘင်လိုင်ရပ်ထွက် အများသုံးရန် လှူဒါန်းထားသော ရေတွင်းဖြူကြီး တစ်တွင်းရှိသည်။ ထိုရေတွင်းဖြူကြီးနားတွင် ခြံတစ်ခြံရှိသည်။ ခြံထဲတွင် ပျဉ်ထောင်အိမ်လေးတစ်လုံး ရှိ၏။ ထိုအိမ်တွင် လူမနေသည်မှာ (၆)လကျော်ပေပြီ။ လွန်ခဲ့သော အပတ်ကစ၍ သော့ပိတ်ထားသော အိမ်အတွင်းမှ အသံမျိုးစုံကြားနေရသည်။ အိုးသံခွက်သံ၊ စားပွဲ၊ ကုလားထိုင်ရွေ့သံများကို ညအချိန်တွင် ပတ်ဝန်းကျင်အိမ်များမှ အတိုင်းသားကြားနေရသည်ဟု တစ်မြို့လုံး သတင်းများ ထွက်နေလေသည်။ ဈေးထဲ၊ ကျောင်းထဲ၊ ကားဂိတ်၊ ဆေးလိပ်ခုံပါမကျန် တစ်ချိန်လုံး ဒီအကြောင်းကိုသာ ပြောနေကြ၏။

စာရေးသူလည်း ထိုသတင်းကိုကြားကြားချင်း စိတ်ဝင်စားခဲ့ပါသည်။ တကယ်ဓာတ်မ် လက်တွေ့လေ့လာရန် စီစဉ်သည့်ရက်မှာ တစ်ပတ်ကျော်ချိန်ရောက်မှဖြစ်သည်။

'ကျော်မင်းရေ..ဒီနေ့ ညတော့ ငါတို့ သွားဖြစ်အောင် သွားကြရအောင်ကွာ'

'သွားကြမယ်လေ။ သိပ်အစောကြီး သွားစရာ မလိုပါဘူး။ ဒီသရဲမက ည(၁၀)နာရီကျော်မှ ခြောက်တာတဲ့'

'သရဲမလို့ ဘယ်သူက ပြောတာလဲကွ'

'ဟာ..ကိုဇော်ကလည်း သရဲမမှ သရဲမအစစ်ဗျာ။ နာမည်တောင် မလွမ်းပိုတဲ့'

ကျော်မင်း ပြောတာကို ကျွန်တော် ရယ်ချင်မိသော်လည်း မရယ်တော့ဘဲ-

'အေးကွာ၊ ဒီနေ့ညတော့ တွေ့ကြပြီပေါ့ကွာ'

♦ ♦ ♦

ကျွန်တော်တို့ ရောက်သည့်အချိန်တွင် ပထမဆုံးစတွေ့ရသည်က ပွဲစျေးတန်းကြီးဖြစ်သည်။ ပွဲစျေးတန်းဟု ခေါ်ရလောက်အောင်ကို ဆိုင်လေးငါးဆယ်ခန့် ရှိနေသည်။ ကွမ်းယာ၊ ဆေးလိပ်ဆိုင်များ၊ မုန့်ပဲသရေစာဆိုင်များ၊ လက်ဖက်ရည်ဆိုင်က (၂)ဆိုင်၊ လက်ဖက်၊ ချင်းသုပ်ဆိုင်က (၄၊ ၅)ဆိုင်ရှိပြီး ဘက်ထရီမီးချောင်းများဖြင့် ထွန်းညှိထား၍ လင်းထိန်နေပေသည်။

'ကျော်မင်းရေ..ဘယ်အိမ်လဲကွ သရဲခြောက်တာ'

'ဟိုးရှေ့မှာ၊ နည်းနည်းလိုသေးတယ်'

ပွဲစျေးတန်းလို လူများ စည်ကားနေ၍ ကျွန်တော်တို့ နှစ်ယောက် စက်ဘီးကို ဆင်းပြီးတွန်းကြရသည်။ အိမ်နှင့် နီးလာလေ လူက ပိုများလာလေဖြစ်၏။ ဟော..တွေ့ပါပြီ။ ဝါးလုံးများဖြင့် ခြံခတ်ထားသော တံခါးပေါက်ဝတွင် (၄)ပေမီးချောင်းကြီးတစ်ချောင်း ထွန်းထားသည်။ မီးရောင်ကြောင့် သရဲခြောက်သည့်အိမ်က လင်းထိန်နေတော့သည်။ ခြံထဲတွင် ကြိုရောက်နေသူများက နေရာယူထားကြသည်။ ကျွန်တော်တို့ နှစ်ယောက်လည်း အိမ်ဘေးမှ သရက်ပင်အောက်တွင် နေရာယူလိုက်ကြသည်။ သရဲခြောက်တာကို လာကြည့်သည်နှင့်မတူဘဲ ဇာတ်ပွဲတစ်ခုကို လာကြည့်သည်နှင့် တူနေ၏။ မည်သူမျှ ကြောက်ရွံ့ထိတ်လန့်နေသည့် မျက်နှာမျိုး မရှိချေ။

'ဘယ်အချိန် ခြောက်မှာလဲဗျ'

'မပြောတတ်ဘူး။ ခြောက်ချင်တဲ့အချိန် ခြောက်တာပဲ'

အနားက လူတစ်ယောက်ကို မေးကြည့်မိသည်။

'ဘယ်လိုခြောက်တာလဲ။ ခင်ဗျားကြုံဖူးလား'

'ခြောက်ခါစရက်က ကြုံဖူးတယ်။ အိမ်ထဲက ပစ္စည်းပစ္စယတွေ ဟိုရွှေ့ဒီရွှေ့သံတွေ၊ အိုးခွက်တွေ ပစ်ချတဲ့အသံတွေ ကြားနေရတာပဲ'

ကျွန်တော် အိမ်ဘက်သို့ ကြည့်လိုက်တော့ အိမ်ရှေ့တံခါးမကြီးကို သော့ခတ်ထားတာ တွေ့ရသည်။ အိမ်အကာမှာ ဝါးယက်ထရံဖြစ်၍ တချို့လူများ ထရံပေါက်မှ ခြောင်းကြည့်နေကြတာကိုလည်း တွေ့ရသည်။

'အထဲမှာ ဘာတွေတွေ့တယ်လို့ ပြောလဲဗျ'

'လူတော့ မတွေ့ဘူးဗျ။ အိုးခွက်တွေ ဟိုလိမ့်ဒီရွှေ့လုပ်တာကိုတော့ တွေ့ရတယ်လို့ ပြောတာပဲ'

ကျွန်တော့်မှာ ယုံရခက် မယုံရခက် ဖြစ်နေသည်။

'ဟော..လာပါပြီဗျာ။ မလွမ်းပိုရဲ့ဘော်ဒါ'

လူတစ်ယောက်ဆီမှ ပြောသံကြား၍ လှည့်ကြည့်လိုက်ရာ ခေါက်ဆွဲကြော်လို အထုပ်မျိုးကို လက်မှာဆွဲပြီး ခပ်ယိုင်ယိုင် လျှောက်ဝင်လာသော လူလတ်ပိုင်းတစ်ယောက်ကို တွေ့လိုက်ရသည်။

'အဲဒီသရဲမက သူနဲ့တော့ လေပေးဖြောင့်တယ်ဗျ။ ကြည့်နေ..ကြည့်နေ၊ အဲဒီလူ ဘာလုပ်မလဲ ဆိုတာကို'

'မလွမ်းပိုရေ..အစ်ကိုလာပြီကွယ်။ ဒီမှာ မင်းစားဖို့

www.burmeseclassic.com

အသားကင်ထုပ်လည်း ပါလာတယ်။ အဲဒါ သဘောကျရင် ကြမ်းပြင်ကို လက်နဲ့ ပုတ်ပြပါကွာ'

ထိုလူစကားလည်းဆုံးရော အိမ်အခင်းကြမ်းပြင်ကို ဗုန်း..ဗုန်း..ဗုန်းဟု ကျယ်လောင်စွာ သုံးချက်ပုတ်သံ ထွက်ပေါ်လာပါတော့သည်။ ကျော်မင်းနှင့် ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကြောက်ရွံ့စိတ်လေး မသိမသာ ဝင်နေကြပါသည်။

'အဲဒီလူက သရဲမဆိုရင် နှစ်ချက်တီး၊ သရဲထီးဆိုရင် တစ်ချက်တီးလို့ခိုင်းတော့ အထဲက ကြမ်းပြင်ကို နှစ်ချက်တီးတယ်တဲ့။ ဒါနဲ့ မလွမ်းပိုလို့ နာမည်ပေးတာကြီက်ရင် (၃)ချက်ပုတ်ပါ ဆိုတော့လည်း အထဲကနေ (၃)ချက်ပုတ်ပြသတဲ့'

'ဒါဆို ဒီလူက သရဲအထာသိနေတဲ့ သဘောပေါ့'

ကျွန်တော်တို့ ဆွေးနွေးနေကြစဉ်မှာပင်-

'ပရိသတ်ကြီးခင်ဗျာ..အားလုံးက ကျေနပ်လက်ခံရင် ဒီညဟာ ကျွန်တော် တံခါးသော့ကိုဖျက်ပြီး အိမ်ထဲ ဝင်ပါမယ်။ နောက်ပြီး မလွမ်းပိုနဲ့အတူတူ ထမင်းစားပါမယ်။ ဘယ်လို သဘောရလဲခင်ဗျာ'

'ဝင်ပါ၊ သော့ဖျက်ပြီး အိမ်ထဲဝင်တာကို တွေ့ချင်ပါတယ်။ ဝင်ပါ..ဝင်ပါ'

ထိုသူနှင့် ပရိသတ်တို့ အပြန်အလှန် အပေးအယူတည့်နေကြစဉ်-

'ဟော့..ဒါကို ငါတို့ ခွင့်မပြုဘူး။ သူများအိမ်ကို အိမ်ရှင်မသိဘဲ ဖျက်ဝင်ခွင့် မပြုနိုင်ဘူး။ ငါတို့ ဒီရပ်ကွက်က ရပ်ကွက်လူကြီးတွေပဲ'

ရပ်ကွက်လူကြီး သုံး၊လေးယောက် လာရောက်တားဆီးသည့်အတွက် ထိုသူလည်း အိမ်ထဲ မဝင်ဖြစ်တော့ပေ။

'ကဲ..အားလုံးကို မေတ္တာရပ်ခံပါတယ်။ ကိုယ့်အိမ်ကိုယ်ပြန်ကြပါ။ မနက်ဖြန်မနက်ကျရင် မြသပိတ်တောင်ခြေရင်းက ဘီလူးမကျောင်းတိုက် ဆရာတော်ကိုယ်တိုင် အခုပြဿနာတွေကို လာရှင်းပေးပါလိမ့်မယ်။ အားလုံးပြန်ကြပါ။ ဒီလို ရပ်ကွက်ထဲမှာ မဖြစ်ကောင်းပါဘူး'

လူကြီးများ ပြောဆိုတောင်းပန်၍ ပရိသတ်များ လူစုခွဲကာ ကိုယ့်အိမ်ကိုယ် ပြန်ကြပါတော့သည်။

♦♦♦

နောက်နေ့တွင် ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်လာပြီး ရပ်ကွက်လူကြီးများနှင့်အတူ အိမ်ကိုဖွင့်၍ ဝင်

ရောက်ကြည့်ရှုရာ အိမ်ခန်းထဲက ကြွက်လျှောက်တန်းတွင် မိန်းမရုပ်တစ်ရုပ် တွေ့ရပြီး လူ၏ ခြေသည်း၊ လက်သည်းများ စိုက်ထားရ၍ ဆံပင်များလည်း စည်းထားပြီး ထား အင်္ကျီပါ ဝတ်ထားပေးသည်။

ဆရာတော်က အနီးရှိ ဒကာမကြီးတစ်ယောက်ကို မူးကပ်စေ၍ မေးမြန်းသည့်အခါ-

'ကျွန်မကို ဒီအိမ်ရှင်အမကြီးက သနှိုင်းက ခေါ်ထားတာဖြစ်ပြီး သူခိုင်းတာ လုပ်ရပါတယ်။ အိမ်ရှင်အမကြီးထားကျွန်မကို (၃)လတစ်ကြိမ် အမဲသားငါး ကျွေးပါ့မယ်ဆိုကတိပေးထားပြီး ခု ခြောက်လာကြာသည်အထိ မကျွေးမမွေး၍ ခုလိုသောင်းကျန်းရကြောင်း' ငိုယိုကာပြောပါတော့သည်။

ဆရာတော်မှ မေတ္တာရပ်ခံ၍ ပရိတ်ရွတ် အမျှဝေလွတ်ရာကျွတ်ရာသို့ သွားခွင့်ပြုလိုက်ပြီး အရပ်ကိုလည်း ဘင်လိုင်သုသာန်ထဲသို့ ပြန်ပို့လိုက်သည်။

နောက်ဆက်တွဲသတင်းအဖြစ် ကြားရသည်မှာ အိမ်ရှင် အဒေါ်ကြီးသည် တစ်ယောက်တည်း နေသူဖြစ်ပြီး လွန်ခဲ့သည့် ခြောက်လကျော်က သူအမျိုးများရှိရာ ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ခေတ္တပြန်သွားခဲ့သည်။ မထင်မှတ်ဘဲ အဲဒီ အရပ်မှာ ဆုံးသွားသဖြင့် သူစီရင်ခဲ့သော အစီအရင်ကို တာဝန်မကျေဘဲ ဖြစ်သွားရခြင်းဖြစ်၏။

မည်သို့ပင်ဆိုစေ ထိုအချိန်မှစ၍ ရေတွင်းဖြူအိမ်ကြီးတွင် မည်သည့်သရဲတစ္ဆေမှ ခြောက်လှန့်သည်ဟု မကြားတော့ပါ။

လေးစားစွာဖြင့်

ထွန်းဇော်ဝင်းရင်

(ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ထွန်းကျော်လှ

ကြားဖူးနားဝ ငပြာရအောင်

'ကိုယ့်ညီ ကြည့်ရတာ ပိုပြီးသန့်ပြန့်နေသလိုပဲ'
ကျွန်တော့်စကားကြောင့် သူက ပြုံးလိုက်သည်။
ဖြူဖွေးနေသော သူ၏သွားများကို မြင်လိုက်ရ၍ ကျွန်တော်၏
အတွေးကို အတည်ပြုနိုင်ရန် -
'ကွမ်းမစားတော့ဘူး ထင်တယ်။ ဟိုတုန်းကများ ကိုယ့်ညီ ပါးစပ်ဟလိုက်ရင်
သွားတွေ ညစ်ပေပေနဲ့ တယ်အကြည့်ရဆိုးသကွာ'
'အကြည့်ရ ဆိုးမှာပေါ့ဗျာ။ တစ်နေ့ကို ကျွန်တော်စား‌တဲ့ ကွမ်းဖိုးက (၃၀၀)ကျပ်နဲ့ (၅၀၀)

www.burmeseclassic.com

ကျပ်ကြားမှာဆိုတော့ သွားတွေ ကွမ်းချိုးစွဲပြီး အဖြူရောင် ပျောက်နေတာ'

ဝမ်းသာမိပါသည်။ ယခင်က ကျွန်တော့်အိမ်လာတိုင်း သူပါးစပ်ထဲမှာ ကွမ်းတမြှုပ်မြှုပ်၊ အတူတူ စကားပြောရင်း ဗျစ်ခနဲ ကွမ်းတံတွေးများကို အမှတ်မထင် ထွေးထုတ်လိုက်တာ မြင်ရတိုင်း စိတ်မသက်မသာဖြစ်ခဲ့ရသည်။ လူချင်း ခင်မင်နေ၍ ပြောမထွက်ရက်သော်လည်း အများအလယ်တွင် ကွမ်းတံတွေး တဗျစ်ဗျစ်ထွေးနေလျှင် လူကြီး လူကောင်း မဆန်ပါလားဟု တွေးမိတတ်ပါသည်။

ကွမ်းစွဲနေသူ ကွမ်းပြတ်သွားတာကို သိချင်၍ မေးကြည့်မိပါသည်။

'ဆိုစမ်းပါဦး။ ဒီလောက်ကြိုက်တဲ့ ကွမ်းကို ဘာကြောင့်ဖြတ်လိုက်တာလဲ'

'ဒီလိုဗျ၊ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းက ထုတ်ဝေတဲ့ ပညာပေးစာရွက်တွေမှာ ဖတ်ရတယ်။ ကွမ်းရွက်ဆိုတာ ဟိုးရှေးတုန်းကတော့ ဆေးဖက်ဝင်ဂမုန်း တစ်မျိုးအဖြစ် သတ်မှတ်လက်ခံခဲ့ကြတာပဲ။ အခုခေတ်မှာ ကွမ်းရွက်ကိုဖျန်းတဲ့ ပိုးသတ်ဆေးကလည်း ကင်ဆာဖြစ်စေနိုင်တယ်။ ထုံးကလည်း ကျောက်ကပ်နဲ့ ဆီးအိမ်မှာ ကျောက်တည်နိုင်သလို ပါးစောင်မှာ ကင်ဆာဖြစ်စေနိုင်သတဲ့ဗျ။

နောက်ပြီးတော့ ကွမ်းသီးကို မှိုမတက်အောင် အသုံးပြုထားတဲ့ မှိုသတ်ဆေးကလည်း ကင်ဆာဖြစ်စေနိုင်သတဲ့၊ ဆေးရွက်ကြီးမှာပါတဲ့ နီကိုတင်းဓာတ်ကလည်း ကင်ဆာဖြစ်စေနိုင်သတဲ့။ ဒီမှာတင်ပဲ ကင်ဆာ(၄)ထပ်ကွမ်း ဖြစ်နေပြီ။ အာခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ လျှာကင်ဆာ၊ သွားဖုံးကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာ၊ လည်ချောင်းကင်ဆာတွေ ဖြစ်နိုင်တယ်လို့ ဆိုထားတာဗျ။

ကျွန်တော်တို့ လမ်းထဲက လူတစ်ယောက် ကင်ဆာနဲ့ သေသွားတာလည်း မကြာသေးဘူး။ ပိန်ချုံးပြီး ပုံပျက်ပန်းပျက်နဲ့ သေရတာဗျာ။ အဲဒါတွေကြောက်လို့ ကျွန်တော် ကွမ်းဖြတ်လိုက်တာပဲ။ တကယ်တော့ ဘယ်လောက်စွဲစွဲ ကိုယ့်စိတ်သာ အဓိက။ တကယ်ဖြတ်ချင် ပြတ်ပါတယ်'

ယခုခေတ် ကွမ်းယာများမှာ ထည့်သွင်းရောင်းချနေကြသော အိန္ဒိယနိုင်ငံမှ ဝင်လာသည့် နိုင်ဘီတူး၊ ဖော်တီအိပ်၊ ဘုရင်မ၊ ဝမ်းစစ်တူး၊ နှပ်ဆေးရည် စသည်များ၏ ကြောက်ခမန်းလိလိ မာတုဗေဒဆိုးကျိုးများအကြောင်းကို ကျွန်းမာရေးပညာပေးဂျာနယ်၊ မဂ္ဂဇင်းများမှာသာ ဖတ်လိုက်ရတော့ပို၍ သူ နောင်တ,ရသွားပေမည်။

စကားပြောနေကြစဉ်မှာ သူ ကွမ်းတံတွေး တဗျစ်ထွေးတာ မမြင်ရတော့မှ ဝမ်းသာနေသော ကျွန်တော်က သူ့ကို-

'ကိုယ့်ညီ ဒီတစ်ခါလာရင် ပြောပြမယ်လို့ ကတိသွားတဲ့ကိစ္စ မှတ်မိလား'

'ဘာများပါလိမ့်။ အော့်..မှတ်မိပြီ၊ ပရလောကဝိညာဉ်သားတွေနဲ့ ကျွန်တော် ကြုံဖူး၊ စကားပြောခဲ့ဖူးတဲ့ကိစ္စလား၊ ပြောပြပါ့မယ်။ စကားပြောလို့ ကောင်းအောင် ရေနွေးကြမ်းနဲ့ အမြည်းကောင်းကောင်းပဲနော်'

'ရမယ်လေ။ မိန်းမရေ..ငါးရံ့ခြောက်ဖုတ်ပြီး ဆီဒဲ့ရွဲဆမ်းခဲ့ကွာ'

ပလောင်လက်ဖက်ခြောက်မွှေးမွှေးနှင့် ရေနွေးကြမ်းတို့ သောက်၊ ငါးရံ့ခြောက်ဖုတ်၏ ချိုဆိမ့်သော အရသာနှင့် အတူ သူပြောသော ဇာတ်လမ်းကို နားထောင်ရသည်။

♦ ♦ ♦

'ကြုံဖူးတာတွေ အများကြီးပဲ။ အများကြီးထဲက တစ်ခုပြောရရင် မော်ဘီမြို့နယ်က ဖူးကြီးရေလှောင်ကန်ဆိုတာ (၁၉၇၅-၁၉၇၆)ခုနှစ်ဝန်းကျင်တုန်းက မရှိသေးဘူး။ သစ်ကြီးဝါးကြီးတွေ ဖုံးလွှမ်းနေတဲ့ တောကြီးချောတွေ၊ ဆတ်တွေ တောဝက်တွေ ပေါရုံသာမကဘဲ တောဆင်ရိုင်းတွေ စားကျက်လှည့်တဲ့ နေရာကြီးပေါ့ဗျာ။

အဲဒီတောကြီးထဲမှာ ဖူးကြီးရွာသား လက်ပံတန်းစုရွာသားတွေ သစ်ခုတ်၊ ဝါးခုတ်၊ တောင်ယာ လုပ်စားကြတဲ့ အချိန်ပဲ။ အခုအချိန်မှာ ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းလို့ ထင်ရှားနေတဲ့ နေရာကလည်း အဲဒီအချိန်တုန်းကတော့ လျှို့တွေမြောင်တွေ ကောင်းလွန်းပြီး သားရဲမျိုးစုံ ခိုအောင်းတဲ့နေရာပဲ။ လူတွေ အသွားအလာ မရှိသေးဘူးလေ။

တောတိရစ္ဆာန်တွေ ပိုပြီးပေါများလာရတဲ့ အကြောင်းရင်းက အဲဒီဝန်းကျင်တောင်ကြောတွေမှာ လူတချို့က တောခုတ်၊ မီးရှို့ရှင်းလင်းပြီး ခရမ်းစိုက်ခင်းတွေ လုပ်လိုက်ကြလို့ပဲဗျ။ ဆတ်တွေ၊ ချေတွေက ခရမ်းသီးလည်းကြိုက်၊ ရွက်ရံလည်း စားရတာဆိုတော့ အရှောဘက်ရိုးမပေါ် ပြန်မတက်တော့ဘဲ စိုက်ခင်းဝန်းကျင်မှာပဲနေပြီး လူလစ်တာနဲ့ဝင်း ပွားချင်တိုင်း ပွားနေတာပေါ့ အစ်ကိုကြီးရာ။

www.burmeseclassic.com

အဲဒီအချိန်က ဖူးကြီးရွာမှာ ကိုခြောက်ပေနဲ့ ကိုပန်းညွှန့်၊ ဒီဘက် လက်ပတန်းစုရွာမှာက ရှမ်းလူမျိုး မုဆိုး ကိုဆာအောင်တို့ဆိုတာ ရွာမုဆိုးကျော်ကြီးတွေပဲ။ မြို့က လာမယ့် မုဆိုးဝါသနာအိုးတွေအဖို့ တောထဲ ဝင်ချင်ရင် သူတို့ကိုပဲ အဖော်ပြုအားကိုးနေကြရတဲ့ အချိန်ဗျ။

ကျွန်တော်က ကျိုးဖြူကန်မကြီးအနီးမှာရှိတဲ့ တိုင်းဗဟို လေ့ကျင့်ရေးစခန်းလို့ခေါ်တဲ့ စစ်ပညာသင်ကြားလေ့ကျင့်ရေးကျောင်းမှာ တပ်ကြပ်ကြီး နည်းပြပေါ့။ သင်တန်းအားရက်တွေမှာ အထက်အရာရှိထံ ခွင့်တောင်းပြီး အပျော်တမ်း ဆောပစ်ထွက်လေ့ရှိတယ်ဗျ။

တပ်ဝန်းကျင် ကျားချောင်း၊ သဖြူ၊ စိန်းကလေး၊ တော်တွေမှာလည်း သားကောင်ပေါလို့ ကျွန်တော်က ဝေးဝေးသွားလေ့ မရှိပေမယ့် ကျွန်တော့်သူငယ်ချင်း တပ်ကြပ်ကြီး မောင်ပုကတော့ ကျိုးဖြူရေဝေနဲ့ ဖူးကြီး၊ ဖောင်ကြီးရေဝေ၊ ကုန်းတန်းကြောကြီးတွေပေါ်အထိ တက်ပြီးပြောင်နဲ့ စိုင်တွေ ခါ ရအောင်ပစ်တယ်။ မုဆိုးနယ်ကျယ်ကတော့ သူမှာ အပေါင်းအသင်းလည်း စုံတယ်လေ။

တစ်နေ့ ညနေစောင်းမှာ မောင်ပုက လာခေါ်တယ်။ လက်ပတန်းစုရွာက ရွာခံမုဆိုး ကိုဆာအောင်က ဒီနေ့ သူ့ကို ချိန်းထားသတဲ့။ ပန်းတစ်ပွင့်တောင်အရှေ့ဘက် ငရုတ်ကောင်းချောင်းတစ်ဝိုက် တောင်လိန်နဲ့ ပျဉ်းကတိုးကွင်းဘက်မှာ ခရမ်းစိုက်ခင်းတွေထဲ ညဘက်ဆိုရင် ဆတ်တွေ ဝင်စားလွန်းလို့ သံပုံးတီးပြီး ခြောက်လှန့်နေရဆိုပဲ။ သူ့လွှားဒယ်၊ အဖော်လိုက်ခဲ့တဲ့ဗျာ။

ဒီအချိန်မှ တပ်ကသွားရင် လက်ပတန်းစုက အဝေးကြီးကွ။ မီးရထားလမ်းပဲရှိတဲ့ရွာ။ ကားလမ်းနဲ့လည်း အဝေးကြီးလို့ ပြန်ပြောတော့ ရတယ်၊ အခုနောက်ဆုံး လိုင်းကားနဲ့ စာပ်ကနေ တိုက်ကြီးကို လိုက်သွားမယ်။ တိုက်ကြီးကနေ ရွှေမြဲယာအထိ ကားကြုံစီးပြီး ရွှေမြဲယာကနေ ဖူးကြီးကို မြင်းလှည်းစီးမယ်။ ဖူးကြီးရောက်တော့ မီးရထားလမ်းအတိုင်း လက်ပတန်းစုကို လမ်းလျှောက်သွားမယ်ကွာတဲ့။

နှစ်ယောက်စလုံးက အသက်(၃၀)ဝန်းကျင်ဝဲ ရှိကြသေးသလို သင်တန်းကျောင်းကို နည်းပြအဖြစ် ပြောင်းမလာခင်က ပထမအမှုထမ်းရတဲ့ ခြေမြန်တပ်ရင်းမှာ တစ်နေ့ မိုင်(၂၀)ခရီးလောက် ကျောပိုးအိတ်နဲ့ လက်နက်ခဲယမ်းရိက္ခာ အပြည့်ထမ်းပြီး ရှမ်းပြည်နယ်က တောင်ပေါ် စစ်ဆင်ရေးဘာဝန်ကို လပေါင်းများစွာ အကြိမ်ကြိမ်ခံခဲ့ရတဲ့ လူတော်တွေဆိုတော့ မောင်ပုအစီအစဉ်အတိုင်း လာခဲ့ကြတာ လက်ပတန်းစုရွာ ရောက်တော့ ည(၈)နာရီ ထိုးခါနီးနေပြီ။

ဖူးကြီးရွာနဲ့ လက်ပတန်းစုရွာက (၅)မိုင်လောက် ဝေးမယ်။ ကာဘိုင်သေနတ်ကိုယ်စီနဲ့ မီးရထားလမ်းအတိုင်း ခပ်သုတ်သုတ်လှမ်းခဲ့ရတာ အမောသားဗျ။ ပိုဆိုးတာက တပ်ဘေးနားမှာ အဘကြူတို့ရဲ့ မြေပဲခင်းကို ဝင်စားနေတဲ့ ဒရယ်ကိုပစ်ဖို့ အရင်ညက တစ်ညလုံး ကျွန်တော် လင့်ထိုင်ပြီး စောင့်ထားခဲ့မိတော့ အိပ်ရေးပျက်ထားတဲ့အတွက် ပို မောလှသဗျာ။

လက်ပတန်းစုရွာရောက်တော့ ရွာခံမုဆိုး ရှမ်းလူမျိုး ကိုဆာအောင်က သူ့ယောက်ဖနဲ့အတူ အသင့်စောင့်လို့ (၁၂) ဗို့ ဘက်ထရီအိုးမှာလည်း အားအပြည့်တဲ့။ လူတွေပါ အားပြည့်သွားအောင် သူတို့ရွာကချက်တဲ့ ဟောအရက်မီးတောက် တစ်လုံးနဲ့ အမောဖြေရသေးသဗျ။

ရွာက ထွက်လာကြတယ်။ တစ်နာရီလောက်လျှောက်မိတော့ တောင်ကြောပေါ်က ဆင်းလာတဲ့ ရှမ်းအဘွားကြီးနဲ့ အပျိုမလေးတစ်ယောက်ကို ဆုံမိသဗျ။ ရှမ်းအဘွားကြီးပြောတာက သူတို့တဲမှာ ရိက္ခာပြတ်သွားလို့ မိုးချုပ်မှ လရောင်နဲ့ ရွာကို ပြန်လာကြတာတဲ့။

ကိုဆာအောင်တို့က တစ်ရွာတည်းသားတွေဆိုတော့ တောင်ပေါ်ကိုရောက်ရင် သူတို့တဲမှာ ဝင်နားကြ၊ စခန်းချချင်လည်း ချကြပါတဲ့။

ကျွန်တော်တို့(၄)ယောက် ဆက်တက်လာခဲ့တယ်။ ည(၁၀)နာရီလောက်မှာ လရောင်ကလည်း မှိန်ဆင်းသွားပြီး လဝင်ချိန်ရောက်မှ မီးထိုးပစ်လို့ကောင်းတာကိုး။ ဒါကြောင့် သူငယ်ချင်းမောင်ပုကို ညှိရတယ်။

ပြီးခဲ့တဲ့ည တစ်ညလုံး ငါ အိပ်ရေးပျက်ထားတယ်။ ဒါကြောင့် ပထမပိုင်းမှာ မင်းနဲ့ မီးသမားတွေ အရင်လည်ကြကွာ။ ငါ့ကို အဘွားကြီးတဲမှာ ထားခဲ့။ သန်းခေါင်ကျော်(၂)နာရီလောက်မှာ မင်းပြန်နား။ ငါနဲ့ မီးအဖွဲ့ ပြန်ထွက်လည်မယ်ဆိုတော့ သူတို့က လက်ခံပြီး အဘွားကြီးတဲ ရှိရာကို လာခဲ့ကြတယ်။ အဘွားကြီးတဲက မြေကြီးပေါ်မှာ မဟုတ်ဘူး။ ဆင်ရိုင်းတွေရန်ရှိလို့ တဲကို သစ်ပင်ကြီးကြီးရဲ့ ကိုင်းခွ(၁၅)ပေ အမြင့်လောက်မှာ လင့်အိမ်ကြီး ထိုးထားတာဗျ။ သစ်ပင်ခြေရင်းကနေ လှေကားနဲ့ တက်ရတယ်။

ကိုဆာအောင် ထိုးပေးထားတဲ့ လက်နှိပ်ဓာတ်မီးရောင်အတိုင်း လှေကားကိုနင်းပြီး တဲပေါ် တက်ရတယ်။ ခြောက်

www.burmeseclassic.com

ပေပတ်လည်လောက်ပဲကျယ်မယ့် တဲအတွင်း တစ်နေရာမှာ ခပ်ဝါးဝါးမီးရောင်အောက် စောင်ထုပ်လေးတစ်ထုပ် မြင်နေရတယ်။ အဲဒါကို လှမ်းဆွဲယူပြီး ခေါင်းအုံးလုပ် အိပ်ချရင်း အောက်ကအဖွဲ့ကို ရပြီဟေ့လို့ အသံပေးလိုက်ရသေးတယ်။

သူတို့အဖွဲ့ ထွက်သွားပြီး ကျွန်တော် ခပ်မှေးမှေးဖြစ်နေတုန်း သစ်ပင်ရဲ့ ပင်စည်က တလှုပ်လှုပ်ဖြစ်လာတယ်။ ဝက်ဝံတက်လာတာဆိုရင် ပစ်ချရအောင် ပြင်ဆင်နေတုန်းမှာပဲ အဟင်း..အဟင်းနဲ့ ချောင်းဆိုးသံပေးပြီး သူငယ်ချင်းမောင်ပု သစ်ပင်ပေါ် တက်လာတာကို သိလိုက်ရလို့ ကျွန်တော် အိပ်ချင်မူးတူးနဲ့ပဲ ဟေ့ကောင်..ဘာဖြစ်လို့ ပြန်လာတာလဲ။ မသွားတော့ဘူးလားဟ ဆိုတော့ ရေနွေးကြမ်းသောက်ပြီးမှ သွားမလို့။ အဲဒါ မင်း ခေါင်းအုံးအိပ်နေတဲ့ အထုပ်ထဲမှာ လက်ဖက်ခြောက်ရှိတယ်။ အဲဒါ လာယူတာတဲ့။

ယူသွားကွာလို့ ခေါင်းကို ကြွပေးလိုက်တော့ ခေါင်းအုံးလုပ်ထားတဲ့အထုပ်ကို ဆွဲယူသွားတာ သိလိုက်ရပြီး ကျွန်တော် အိပ်ပျော်သွားတာပဲ။ ကျွန်တော် ပြန်နိုးလာတယ်။ ကောင်းကောင်းအိပ်လိုက်ရလို့ လူက ဖန်းဆန်းနေပြီ။ သစ်ပင်အောက်မှာ ဧရာမမီးဖိုကြီး။ မီးရောင်က ထိန်လင်းလို့။ မောင်ပုတို့သုံးယောက် ဆတ်ကြီးတစ်ကောင် ဖျက်နေကြတာကို မီးရောင်နဲ့ မြင်လိုက်ရတယ်။

သစ်ပင်ပေါ်က ဆင်းခဲ့တယ်။ တောရဲ့ သိပ်သည်းမှုကြောင့် မိုးလင်းဝိုင်းမှာ အတော်ချမ်းတာပဲ။ ကျွန်တော်က သားကောင်ပစ်ခတ်တာပဲ ကျွမ်းတာ၊ သူတို့လို ခုတ်ထစ်အရေးခွင်ကြတဲ့ အလုပ်ကို ဝါသနာမပါတော့ ဘေးက ထိုင်ကြည့်နေရင်း ရေနွေးအိုးတစ်လုံး တည်ပေးလိုက်ရင် အဆင်ပြေသွားမှာပဲ တွေးမိပြီး မောင်ပုကို-

'မင်း...ညတုန်းက ငါ့ခေါင်းအောက်က ဆွဲယူသွားတဲ့ အထုပ်ထဲမှာ လက်ဖက်ခြောက်ရှိတယ်ဆို။ ဒီမှာ ထင်းမီးပုံကြီး ဒီလောက်ကောင်းနေတာ ရေနွေးအိုးတည်ရင် ခဏပဲကြာမှာ။ ပေး..အဲဒီလက်ဖက်ခြောက်'

မောင်ပုက တစ်ခွန်းဆဲသဗျ။

'မောင်နေရတဲ့အထဲကွာ ဘာတွေလာပြောနေမှန်း မသိဘူး'

ထပ်ပြောရင် ထပ်ဆဲဦးမှာ။ ဒီကောင် မောနေတာလည်း အမှန်ပဲ။ စုတ်တသပ်သပ်နဲ့ သူမျက်နှာမှာလည်း ချွေးစေးတွေရွှဲလို့။ ဒါကြောင့် သူ့ကို ဘာမှထပ်မပြောတော့ဘူး။ မိုးလင်းချိန်မှာတော့ ဆတ်တစ်ကောင်လုံးရဲ့ အသားကို ကျွန်တော်တို့လေးယောက် မျှထမ်းပြီး လာလမ်းအတိုင်း ပြန်ဆင်းလာခဲ့ကြတယ်။

တောင်ကြောတစ်ခုဆင်းနေတုန်းမှာ ညက ဆုံမိခဲ့တဲ့ မြေးအဘွားနဲ့ ပြန်ဆုံသဗျ။ သူတို့စားဖို့ ဆတ်သားလေးလိုးပေးလိုက်တော့ ရှမ်းအဘွားကြီးက ကျေးဇူးတင်စကားတွေပြောရင်း ကျွန်တော်တို့အဖွဲ့သာ သူ့တဲမှာ ညက နားမယ်ဆိုတာ ကြိုသိထားရင် သူတို့ စောင်တွေကို တခြားတဲမှာ မအပ်ခဲ့ပါဘူးတဲ့။ ရွာပြန်တာ တစ်ခါတလေ ရွာမှာ ကြန့်ကြာနေတတ်လို့ စောင်တွေ မပျောက်အောင် မိတ်ကပ်တစ်ယောက်တဲမှာ အပ်ထားခဲ့မိတာကို တောင်းပန်နေတယ်။

ရှပါတယ် အဘွားရယ်။ တဲပေါ်မှာ စောင်ထုပ်လေး တစ်ထုပ်ရှိနေလို့ ညက ကျွန်တော် ခေါင်းအုံးအိပ်ခဲ့သေးတယ်လို့ ကျွန်တော်ကပြောတော့ အဘွားကြီးက သူ့မြေးအပျိုမကို လှမ်းကြည့်ပြီး ရှမ်းစကားနဲ့ မေးလိုက်၊ ဆူလိုက် ဘာတွေဒေါပွနေတယ် မသိဘူးဗျ။

သူတို့ ဆက်တက်၊ ကျွန်တော်တို့က ဆင်းအလာမှာ ရွာခံမုဆိုး ကိုဆာလောင်က ငါတို့ဆရာတော့ ဘုန်းကံတွေ မြင့်ဉီးမှာပါဗျာတဲ့။

ဘာဖြစ်လို့လဲဗျာလို့ ကျွန်တော်ကမေးတော့ ကိုဆာလောင်က ပြောတယ်။

'ဆရာတွေ့တဲ့အထုပ်က စောင်ထုပ်မဟုတ်ဘူး။ မိန်းတွေ တစ်လတစ်ခါ ကိုယ်လက်မသန့်ရှိန်မှာ ဝတ်ဖို့ထားတဲ့ ထဘီစုတ်ထုပ်ဗျ'

ဒီစကားကို သူတို့အားလုံး ဝိုင်းရယ်ကြပေမယ့် ကျွန်တော့်မှာ စဉ်းစားစရာဖြစ်နေပြီ။ ရွာကိုရောက်တော့ အားလုံး ရေမိုးချိုးပြီး ဆတ်ဝမ်းတွင်းသားဟင်း၊ ဆတ်သားကြော်တွေနဲ့ တောအရက်မီးတောက်ပုလင်းထောင်ပြီး မုဆိုးအောင်ပွဲခံဖို့ စထိုင်တာနဲ့ အရက်ပုလင်းကို ကျွန်တော်ကိုထားလိုက်ပြီး မောင်ပု မေးရတယ်။

'ကဲ..သူငယ်ချင်း၊ ဒီဝိုင်းမှာ ဘယ်သူမှ မသောက်ရသေးခင်မှာ ငါသိချင်နေတာ မေးမယ်။ ညတုန်းက ငါ့သစ်ပင်ပေါ်မှာ ထားခဲ့ပြီးမှ မင်းတို့ တစ်ခေါက်ပြန်လာပြီး ရေနွေးကြမ်းတည်သောက်ဖို့ လက်ဖက်ခြောက်ကို ငါ့ လာယူတယ်မဟုတ်လား'

မောင်ပုက ဆဲမလိုလုပ်ပြီးမှ ကျွန်တော် အလေးအထား မေးနေမှန်းသိလို့ ငါတို့ တစ်ခါတည်း ကမန်းကတန်း ထူ

www.burmeseclassic.com

www.burmeseclassic.com

သွားကြတာပါကွာ။ ဘာလက်ဖက်ခြောက်မှ ပြန်လာမယူဘါဘူး။ ငါက မင်းကို ညာပါ့မလားတဲ့။

ရွာခံမုဆိုး ဦးဆာအောင်ကလည်း ဟုတ်တယ်ဆရာရဲ့၊ ကျွန်တော်တို့အားလုံး ဆတ်တစ်ကောင်ရမှ ထမ်းပြီး တဲကို ပြန်လာခဲ့ကြတာပါလို့ဆိုတော့ သူတို့ အမှန်တွေ ပြောနေတယ်ဆိုတာ ယုံကြည်လိုက်ပါပြီ။

ဒါပေမဲ့ ညတွန်းက မောင်ပုလာပြီး ကျွန်တော်နဲ့စကား ပြောသွားတာလည်း အမှန်ပဲ။ မောင်ပုကိုယ်တိုင် ကျွန်တော့် ခေါင်းအောက်က အထုပ်ကို ဆွဲသွားတာဗျ။

ပြောတဲ့အတိုင်းဆိုရင် မောင်ပုကို ပဟောဠိဖြစ်ခဲ့ပေမယ့် ကျွန်တော့်အသက်(၅၀)ကျော်ကာတည်းက ဘာသာရေးစာပေတွေနဲ့အတူ ဂမ္ဘီရစာပေတွေပါ အဖတ်များလာပြီး ဝိညာဉ်လောက၊ ပရလောကသားတွေဟာ ဘဝပဋ္ဌာန်းဆက် ရှိတဲ့လူကို စောင့်ရှောက်ကူညီမှုပေးလေ့ရှိတယ်ဆိုတာ သိနားလည်လာတယ်ဗျာ။

ဥပမာ-ကျွန်စစ်သားဟာ မင်းမဖြစ်မီက ရာဇဝတ်သေားလွတ်အောင် ရောဝတီမြစ်ကို ကူးပြေးတာ၊ ရေလယ်မှာ လက်ပန်းကျလို့ နစ်ခါနီးချိန်တွင်း မင်းမဟာဂီရိနတ်က သူ့ရဲ့ ဘဝတစ်ခုမှာတုန်းက သူငယ်ချင်းခို တံငါသည်အိုးကြီးယောင်ဆောင် လှေတစ်စင်းနဲ့ ကယ်ခဲ့ရတာ၊ ပိဋိယက္ခမင်းရဲ့ မြားချက်ကြောင့် အသက်ထွက်တော့မယ့် သုဝဏ္ဏသာမကို ဘဝဟောင်းက မယ်တော်က သစ္စာဆိုပြီး အသက်ကယ်ခဲ့ရတာ၊ ဝိဒူရဇာတ်တော်မှာ ဟောရေးဟောင်း ကြွေခဲ့ကစားတိုင်း အနိုင်ရအောင် ထီးချုပ်ဆောင့် နတ်သမီးက အကူအညီပေးနေခဲ့တာ စတဲ့ ဗုဒ္ဓကျမ်းကန်လာ အဖြစ်အပျက်တွေသိလာမှ ဒီဟယ်ဠိရဲ့ အဖြေကို တွေးဆလို့ရတော့တယ်။

ညဥ့်သန်းခေါင်အချိန် ဧတာအနက်ကြီးထဲ တစ်ယောက်တည်း ကျန်ခဲ့တဲ့ ကျွန်တော့်ဆီ လာကူညီတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော့်သူငယ်ချင်း မောင်ပုယောင်ဆောင်လာမှ ကျွန်တော် လန့်မသွားမှာလေ အစ်ကိုကြီးရဲ့

"မှန်ပါပေတယ် ကိုယ့်ညီရယ်။ ကျွန်တဲ့အတွေ့အကြုံတွေလည်း ပြောပါဦး"

"ဟုတ်ကဲ့၊ နောက်တစ်ခေါက် လာမှပေါ့ဗျာ"

ထွန်းကျော်လူ

ဖန်ကွဲစူးရှပျောက်ဆေးအလင်္ကာ

ဖန်ကွဲစူးရှ ခံရသောခါ
ဟင်းနုနယ်ရွက် ကြိတ်လျက်ချေကာ
နာပေါ်ကပ်ပြီး ဝတ်စည်းပေးပါ
ဖန်စနက္ခန်က ပျောသွားမှာ။

ဖန်ကွဲစူးရှခြင်း ခံရလျှင် ဟင်းနုနယ်ရွက်ကိုဖြစ်စေ၊ တစ်ပင်လုံးကိုဖြစ်စေ ကြိတ်၍ အဝတ်ဖြင့် စည်းပေးပါ။ အနာထဲမှာ ဖန်အစအနလေးများ ကျွန်ရင်တောင် အရည်ပျော်သွားနိုင်ကြောင်း သိရှိရပါသည်။ တစ်နေ့ တစ်ခါ၊ နှစ်ခါ စသည် စည်းပေးပါ။

[မောင်နန္ဒာ(မန္တလေး)၏ သိမှတ်စရာ ဆေးနည်းအဖြာဖြာ စာအုပ်မှ
ကောက်နုတ်ဖော်ပြပါသည်။]

www.burmeseclassic.com

www.burmeseclassic.com

(၁၉၆၅)ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများ။

ကျွန်တော်တို့ တပ်ရင်း(စ၉) တစ်ရင်းလုံး ဖြူး၊ ကျောက်တခါး၊ ညောင်လေးပင်၊ ခဲ့ကံဦး မြို့နယ်တွေရဲ့ အနောက်ခြမ်း ပဲခူးရိုးမတစ်ခကြော စစ်ဆင်ရေး ဝင်ရပါတယ်။

နွေမကုန်၊ မိုးမကျ ကြားကာလမှာ စစ်ကြောင်းရိက္ခာ ပြတ်လို့ ဗိုလ်ကြီးညီမောင် ဦးစီးတဲ့ ကျွန်တော်အပါအဝင် တပ်ခွဲ(၂)နဲ့ တပ်ခွဲ(၃)ဟာ ပဲခူးရိုးမအလယ်ကြောလောက်ကနေ ညောင်လေးပင်ကို စစ်ကြောင်းရိက္ခာ သွားထုတ်ရပါတယ်။

မနက်ငါးနာရီက စထွက်တာ တောတွေ၊ တောင်တွေ ဖြတ်သန်းပြီးပေမယ့် အမြင့်(၁၄)ပေ၊ (၅)ပေ ကျိုးတို့ကျဲတဲပေါက်နေတဲ့ တောပြုတ်ကို မကျော်၊ ကွင်းပြင်ကို မရောက်ပဲ ဖြစ်နေပါတယ်။

တောပြုတ်ကို ဖြတ်သန်းနေစဉ် လမ်းတစ်လျှောက် ဖွေးဖွေးလှုပ်နေတဲ့ ပဒတ်စာ၊ မာလာဖူးတွေ ဆွတ်ခူးနေရလို့ မောရပန်းရမှန်းတောင် မသိပါဘူး။

'နာရီဝက် အချိန်ပေးမယ် စားချက်'

စစ်ကြောင်းရုံးကနေ ရှေ့နောက်တစ်ဆင့်ချင်း အမိန့်ရောက်လာလို့ တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလေးကို အလျားလိုက် နေရာယူပြီး ရပ်နားလိုက်ပါတယ်။

ရှစ်ခွင်ကျော် (ဇော်တော်သီ)

ပျောက်ကွယ်သွားသော ကမ္ပန်းနက်

www.burmeseclassic.com

www.burmeseclassic.com

အမှန်ကတော့ ချက်စားပဲ ဖြစ်ရမှာပါ။ ချက်ပြီးမှ စားလို့ရမှာကြောင့်ပါ။ ကျွန်တော်တို့ စစ်သားတွေအတွက် ခေနးထိုင်မဟုတ်ဘဲ လှုပ်ရှားစစ်ကြောင်းဆိုရင် မိုးလင်းတာနဲ့ ချက်ပြုတ်ကြော်လော်ပြီး ခရီးထွက်ရတာ အကျင့်ဖြစ်နေလို့ ပါပြီးသား ထမင်းကိုစား၊ စားပြီးတာနဲ့ နောက်တစ်နပ်စာ- ချက်၊ နာရီဝက်နဲ့ အပြီးစားပြီး ဖြစ်ရမယ်။ ညစာ ချက်ပြီး ဖြစ်ရမယ်ဆိုတဲ့ သဘောပါ။

ကျွန်တော်တို့ တပ်စိတ်ကတော့ ချက်ပြီးမှ စားရမှာပါ။ ဘာကြောင့်ဆို မနေ့က ကျွန်တော်တို့ တပ်စိတ်မှူး၊ တပ်ကြပ် ဒါဝီ ကချင်စစ်သားကြီး တောလည်လို့ ရထားတဲ့ တောဝက်တစ်ကောင် အသားတွေကို ဝေ၊ ဝမ်းတွင်းသားတွေ ချက်ပြုတ်ပြီး ဟန်းကောထဲ ထည့်ထားလို့ ဟန်းကော အလွတ် မရှိတာကြောင့် ထမင်းမချက်ခဲ့ရခြင်းပါဘဲ။

ဒီနေ့ ထမင်းချက် အလှည့်ကျတာ ရဲဘော်သက်ဦးပါ။ ကျွန်တော်ကတော့ ကင်းတာဝန်ကျပါတယ်။ သက်ဦးတစ်ယောက်တည်းဆိုရင် နာရီဝက်အချိန်တိုနဲ့ အဆင်ပြေမှာ မဟုတ်လို့ ထင်းရှာ၊ ရေခပ် ဝိုင်းကူရပါတယ်။

ဟန်းကောနဲ့ ထမင်းချက်ရတာ လွယ်ပါတယ်။ ရေအရစ်၊ ဆန်အရစ်အတိုင်းထည့်၊ မီးပြင်းတိုက်၊ ပွက်ပွက်ဆူလို့ ထမင်းရေစီးကျတာ ရပ်သွားပြီဆိုရင် ဟန်းကောအဖုံးကို တုတ်နဲ့ထောက်၊ တဒုတ်ဒုတ်နဲ့တိုးရင် ရေကျန်သေးတယ်။ မတိုးတော့ဘူးဆိုရင် ရေခန်းသွားပြီဖြစ်လို့ မီးကို လျှော့၊ မီးကျီးခဲပဲထား၊ ထမင်းအကျက်ညီအောင် ဟန်းကောတွေ မီးကျီးခဲပေါ် မှောက်ထား၊ ငါးမိနစ်မကြာဘဲ ထမင်းနပ်လို့ စားဖို့အသင့်ပါပဲ။

BURMESE CLASSIC

'ဟေ့ကောင်တွေ..လက်နှိုး၊ လက်နှိုး'

'နင်..အမေလင်၊ လက်နှိုး ဘယ်က ရမှာလဲဟ'

ဝင်းမောင် အပြစ်တင်ရင် တင်ချင်စရာပါ။ တောထဲတောင်ထဲနီးရာ သစ်ရွက်စိမ်းဆွဲယူပြီး ကိုင်တွယ်ရတာကို ရေးကြီးခွင်ကျယ် လုပ်စရာလား။

သက်ဦး ပျာလောင်ခတ်နေတာ မမြင်ရက်တော့လို့ ကျွန်တော်ကပဲ ရေစပ်နားက မစိမခြောက် နန္နင်းပင်လို အပင်ပုတစ်ခု ဆွဲနုတ်ပြီး ပေးလိုက်ပါတယ်။

ကျက်ပြီးသားထမင်း ဟန်းကောချိုင့် ငါးလုံးထဲကနေ အသင့်ခင်းထားတဲ့ ငှက်ပျောဖက်တွေပေါ် သွန်ချဖို့ ဟန်းကောအဖုံးတွေ ဖွင့်လိုက်တဲ့အခါ-

'ဟာ..'

'ဟင်..'

'ဘယ်လိုကြီးလဲဟ'

ကျွန်တော်တို့ တပ်စိတ်က ရဲဘော်တွေရဲ့ အာမေဋိတ်သံတွေပါ၊ အံ့သြလွန်းလို့ပါ။ ဘယ်လိုဓာတ်သဘောကြောင့် ပြောင်းလဲသွားတာလဲတော့မသိ၊ ထမင်းတွေအားလုံး မည်းမှောင်လို့နေပါတယ်။

'သေချင်းဆိုး၊ ဒါလောက်ပဲ ယုတ်မာရလား'

ဆရာဒါဝီဟာ ပါးစပ်က ပြောရင်း လက်ကပါ သက်ဦး ဇက်ပိုးကို သုံး,လေးချက် ဆင့်ရိုက်ပါတယ်။

'စစ်တိုက်လို့ မသေဘဲ အဆိပ်မိပြီး သေအောင် လုပ်တဲ့ကောင်'

ဘာတတ်နိုင်မှာလဲ။ ကျွန်တော်တို့လည်း ဆာလောင်နေတာပါပဲ။ ဒါပေမဲ့ ကိုယ့်ရဲဘော် ရိုက်နှက်ထုထောင်းနေတာ မကြည့်မမြင်ရက်လို့ ဝိုင်းဝန်းတောင်းပန်ပြီး မည်းတူးနေတဲ့ ထမင်းတွေကို စမ်းချောင်းလေးထဲ သွန်းချပြီး ဟန်းကောတွေကို အပြောင်ဆေးကြော်လိုက်ပါတယ်။

ဒီကိစ္စမျိုးက မေ့ပျောက်လို့မရတဲ့ ဖြစ်ရပ်ပါ။ ဘာကြောင့် ဒီလိုဖြစ်ရလဲ ပဟေဠိကိုတော့ ခေါင်းထဲမှာ အဖြေညှိနေပါတယ်။

♦ ♦ ♦

မယ်ဇလီခင်း၊ ကြံဘိုရွာကြီးတွေဖြတ်ပြီး ညောင်လေးပင်မြို့ကို ညနေသုံးနာရီမှ ရောက်ပါတယ်။ အပြင်ထွက်ခွင့် မရလို့ အဆာပြေ ဘာမှဝယ်ခြမ်းစားသောက်လို့ မရပါဘူး။

ကျွန်တော်တို့ တပ်စိတ်မှူး ဆရာဒါဝီကတော့ ဗိုက်ဆာနေဆဲဖြစ်လို့ ဒေါသမပြေသေးတာနဲ့ ဆရာ့အတွက်ရော တပ်စိတ်က ရဲဘော်တွေအတွက်ပါ စားဖို့သောက်ဖို့ တစ်ခုခုတော့ ရတန်ကောင်းရဲ့ဆိုတဲ့ သဘောနဲ့ ကျောင်းမကြီးပေါ်တက်ပြီး ကျောင်းထိုင်ဆရာတော်ကို ဝတ်ဖြည့်လျှောက်ထားပါတယ်။

'ဒကာတို့ရဲဘော်တွေ အကုန်စားဖို့တော့ မတတ်နိုင်ဘူး'

'တင်ပါ့ဘုရား..တပည့်တော်တို့ တပ်စိတ်က ရဲဘော်ရှစ်ယောက်အတွက်ပါဘုရား'

ကျွန်တော်ရဲ့ လျှောက်ထားချက်ကြောင့် ကျောင်းထိုင်ဆရာတော် မျက်မှောင်ကြုတ်နေပါတယ်။

'ဒကာတို့က ဘာမှမစားရသေးဘူးလား။ ကိုရင်ကြီး တစ်ပါး လာစမ်းဟ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကို မေးခွန်းထုတ်ပြီး တစ်ဆက်တည်း ကိုရင်ကြီးတစ်ပါးခေါ်၊ ကျက်သရေခန်းထဲက စားစရာ တစ်ခုခုယူခိုင်းတုန်း အခွင့်သင့်တာနဲ့ ဘာကြောင့် ဘာမှ မစားရသေးလဲဆိုတာ ဆရာတော်ကို အကြောင်းစုံ လျှောက် ထားပါတယ်။

'ကျွတ်..ကျွတ်'

ကျွန်တော့်လျှောက်ထားချက်ကြောင့် ဆရာတော် စုတ် သပ်ပါတယ်။ တစ်ခုခုတော့ ထူးပြီဆိုတာသိလို့ ဆရာတော် ဘာဆက်မိန့်ကြားမယ်ဆိုတာ အာရုံစိုက်ထားပါတယ်။

'အပင်ပုံစံ ပြောပါဦး'

'တင်ပါ့ဘုရား၊ အပင်ကတော့ နန္ဒင်းပင်နဲ့ တစ်ပုံစံ တည်းပါဘုရား။ အရိုးက ကြက်သွေးရောင်ရင့်ရင့်၊ အရွက် က အကြောတွေက အနီရောင်တွေပါဘုရား'

'ခု..မပါဘူးလား'

'ပြတ်ကျန်ခဲ့တယ်ဘုရား။ ဒါပေမဲ့ ခု အညာတော့ ပါတယ်။ အညာလည်း ခပ်မည်းမည်းပါပဲဘုရား'

'ဟုတ်ပြီ..ဟုတ်ပြီ၊ အဲဒါ ဂမုန်းနက်လို့ ခေါ်တယ်' လို့ မှတ်ချက်ပေးပြီး ရှားပါးဂမုန်းဖြစ်ကြောင်း၊ ဝိဇ္ဇာ ဧော်ဂျီတွေ တိုင်းရင်းသမားတော်ကြီးတွေကိုယ်တိုင် မြန်မာ ပြည်ရှိရှိသမျှ တောတောင်တွေမှာ ခြေရာချင်းထပ်အောင် ရှာပေမယ့်လည်း မတွေ့မမြင်ရကြောင်း၊ ကျွန်တော်တို့နဲ့ ထိုက်လို့ မြင်တွေ့ရတာပဲဖြစ်ကြောင်း၊ မည်းမည်းတူးတူး တစ်လုတ်တစ်ဆုပ်လောက် ဝမ်းထဲရောက်သွားရင်ပဲ အာ ဟာရသိဒ္ဓိရမှာဖြစ်ကြောင်း မိန့်ကြားနေချိန်မှာတော့ ရင်ထဲ မှာ နွေ့မြောတ,သ မဆုံးအောင် ခံစားရပါတယ်။

ဆရာတော်ပေးတဲ့ ဖီးကြမ်းငှက်ပျောဖီးကိုယူ၊ ကျွန် တော့်တပ်စိတ်က ရဲဘော်တွေဝေဒနာရင်း ဘယ်နေရာ ထမင်း ချက်၊ ဘယ်သူ ဘယ်အပင်အောက်မှာ အရိပ်ခိုနား၊ ဘယ် နေရာက ဂမုန်းနက်ပင်ကို နုတ်တဲ့ မြင်ကွင်းတွေ စိတ်ထဲ မှတ်သားနေပါတယ်။

♦.♦♦

ကံအားလျော်စွာပါပဲ နောက်နေ့ ရိက္ခာထုတ်ပြီး ကျွန် တော်တို့စစ်ကြောင်း လာရာလမ်းအတိုင်း ပြန်ခဲ့ပါတယ်။

မယ်ဇလီခင်း၊ ကြီဘိုရွာကြီးတွေရဲ့ အနောက်စူးနား ထမင်းချက်စဲ့နေရာ ရောက်ခါနီးလေလေ ကျွန်တော့် ဝမ်း သာကြည်နူးမှုအရှိန်က မြင့်တက်လာလေလေပါပဲ။

'နာရီဝက်အချိန်ပေးမယ် စားချက်'

ကိုင်းရက်တဲ့ ပဏ္ဏလာ၊ မိုးရွာတာနဲ့ အဆင်သင့် ဆို သလိုပါပဲ။ အချိန်ကလည်း ဆယ့်နှစ်နာရီ ထိုးပြီဖြစ်လို့ အလာတုန်းက အနားယူ ထမင်းချက်တဲ့ နေရာလေးကိုပဲ ကျွန်တော်တို့တပ်စိတ် နေရာယူလိုက်ပါတယ်။

'သက်ဦး လာကွာ။ သွားရာရအောင်'

ညောင်လေးပင်ကျောင်းထိုင်ဆရာတော် မိန့်ကြားချက် အားလုံး ရဲဘော်သက်ဦးကို ပြောပြထားပြီးဖြစ်လို့ ကျွန်တော် အဖော်ခေါ်တဲ့အခါ အားတက်သရော လိုက်ပါတယ်။

ကျွန်တော်တို့ သွန်ချထားတဲ့ထမင်း စမ်းချောင်းထဲ မှာ မရှိပါဘူး၊ ရေစီးအတိုင်း အောက်ပိုင်း တော်တော်ဝေး ဝေးရောက်အောင် ရှာပေမယ့် မတွေ့ပါဘူး။

ကျွန်တော်တို့ နောက်ကြောင်းပြန်လှည့်ပြီး ဂမုန်းနက် အပင် နုတ်ယူတဲ့နေရာ ကြည့်ပါတယ်။ ပကတိမြေသား အတိုင်းပါပဲ။ ဘေးကို ကြွတက်နေတဲ့ မြေသားတွေ မရှိ ပါဘူး။ မီးဖိုနေရာ ဆက်ရှာပါတယ်။ မီးဖိုငုတ်တိုင်၊ ဟန်း ကောသီတဲ့ ဝါးစိမ်းသီတံ၊ မီးဖို ကျွန်တော်တို့ ထားခဲ့တဲ့ အတိုင်း နေရာမပျက်ပါဘူး။

ကျွန်တော်တို့ ရဲဘော်တွေ အရိပ်ခိုအနားယူတဲ့ မြရာပင် ကြီးအောက် ကျောမှီလို့ ပိပြားနေတဲ့ မြက်ပင်တွေလည်း ပုံစံမပျက်ပါဘူး။ ဒါပေမဲ့ အရွက်၊ အရိုး ဝါးစားရင်တောင် အာဟာရသိဒ္ဓိမြောက်တယ်ဆိုလို့ မီးဖိုဘေး လက်ခုလုပ်တဲ့ ဂမုန်းနက်အပင်ရလည်း အမြတ်ပဲဆိုပြီး ပြန်ရှာတော့လည်း အစအနတောင် မတွေ့ရတော့ပါဘူး။

ကျွန်တော်တို့နဲ့ မထိုက်လို့ မျှားလား။

ရှစ်ခွင်ဇကျော်(ဇောင်ဇောက်သို)

www.burmeseclassic.com